ကျေးဇူးတော်

ကယ်တင်ခြင်းနှင့်တပယ်တော်ဖြစ်ခြင်း
ခက်ခဲသောကျမ်းချက်အချို့ကို
နားလည်သဘောပေါက်နိုင်သောနည်း။

Charles C. Bing

Grace, Salvation, and Discipleship
Copyright © 2015 by Charles C. Bing

ထုတ်ဝေသူ - Grace Life Ministry
ပထမအကြိမ် - အောက်တိုဘာလ၊ ၂၀၂၂

အုပ်ရေ - ၃၀၀၀

ဤစာအုပ်သည် ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့် သန့်ရှင်းရာသို့ရောက်ခြင်းတို့ကြားခံလည်းကောင်း၊ ကယ်တင်ခြင်းနှင့်တပည့်တော်ဖြစ်ခြင်းတို့ကြားခံလည်းကောင်းရှိနေသည့် အခြေခံကျပြီး၊ သမ္မာကျမ်းစာနှင့်လည်း ညီညွတ်သော ကွဲပြားခြားနားချက်အပေါ်၌အခြေခံထားပါသည်။ ကျွန်ုပ်နည်းတူ၊ လူတိုင်းကလည်း ဤစာအုပ်၌အဆိုပြုတင်ပြထားသောခက်ခဲသည့် သမ္မာကျမ်းပိုဒ်များနှင့်စပ်လျဉ်းသောဖြေရှင်းချက်တိုင်းကို သဘောတူလက်ခံကြမည် မဟုတ်ပါ။ သို့သော်၊ ဤစာအုပ်သည် ခက်ခဲသည့် ကျမ်းပိုဒ်များစွာနှင့် စပ်လျဉ်း၍ အခြားဘာသာပြန်အနက်ဖွင့်ခြင်းများက ဖော်ပြခြင်းမရှိသည့်အလွန်အသုံးဝင်သောနားလည်မှုအလင်းကို ပံ့ပိုးပေးထားပါသည်။ ခက်ခဲသော သမ္မာကျမ်းပိုဒ်များနှင့်စပ်လျဉ်း၍ ကျွန်ုပ်အကြံပြုထောက်ခံထားသည့် စာအုပ်များ၏ ဆန်ခါတင်စာရင်းတွင် ဤစာအုပ်ကိုလည်း ကျွန်ုပ်ထည့်သွင်းထားပါသည်။

Norman G. Geisler, Ph.D.
Co-founder of Veritas Evangelical
Seminary & Southern Evangelical Seminary

မေရှိယဖြစ်တော်မူသောသခင်ယေရှု၏ပင်ကိုသဘောသဘာဝအားဖြင့် လုံးလုံးအခမဲ့ဖြစ်သောသတင်းကောင်းတရားတော်နှင့်စပ်လျဉ်း၍ မြောက်များစွာသောခရစ်ယာန်တို့၌လည်းကောင်း၊ ကျမ်းတတ်ပုဂ္ဂိုလ်အရေအတွက် တော်တော်များများ၌လည်းကောင်း ဇဝေဇဝါနှင့်ရှုပ်ထွေးနေမှုက လွှမ်းမိုးနေပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်ပြသခဲ့သည့် ကားတိုင်ထက်၌ သခင်ယေရှုလုပ်ဆောင်သွားခဲ့သောအမှုတော်ကို ယုံကြည်ခြင်းဖြင့် လက်ခံသိမ်းပိုက်ခြင်းသက်သက်ဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်ကြရသည်။ သို့သော်၊ သန့်ရှင်း သောဝိညာဉ်တော်က သခင်ယေရှု၏သဏ္ဌာန်တော်နှင့်အညီ ကျွန်ုပ်တို့ကိုကြီးထွားရင့်ကျက်လာစေခြင်းတွင် ထိုဝိညာဉ်တော်နှင့်ပူးပေါင်း လုပ်ဆောင်ကြသည်နှင့်အမျှ သန့်ရှင်းစင်ကြယ်ခြင်းသို့ ကျွန်ုပ်တို့ရောက်ရှိကြရပါသည်။ ဘုရားသခင်၏နှုတ်ကပတ် တော်ကို ပို၍ကောင်းမွန်ပီပြင်စွာ နားလည်သဘောပေါက်လာ၍ ထိုသမ္မာတရားများကို အခြားသူများထံတွင်သွန်သင်ပေးရာ၌ ကြိုးစားအားထုတ်ရာတွင် ကျွန်ုပ်၏မိတ်ဆွေလည်းဖြစ်၊ ကျွန်ုပ်၏ခရီးသွားဖော်လည်းဖြစ်သော Charlie Bing က ကျွန်ုပ်တို့အား ခရစ်ယာန်ဖြစ်လာစေခဲ့သော သတင်းကောင်းတရားတော်ကို ကျွန်ုပ်တို့အား သခင်ခရစ်တော်နှင့်ပို၍သဏ္ဌာန်တူလာစေသောတပည့်တော်ဖြစ် ခြင်းနှင့် ခွဲခြားရန်ရိုးရှင်းသောနည်းလမ်းတစ်ခုကို ဖော်ထုတ်ပေးထားပါသည်။ ဤမတူကွဲပြားချက်များနှင့်စပ်လျဉ်း၍ အဓိပ္ပါယ်ရှင်းပြချက်များအတွက် “က”သမ္မာတရား၊ “ခ” သမ္မာတရားစသည့်အမှတ်အသားစာညွှန်းများကို ၄င်းကရွေးချယ်ထားပါ

သည်။ စာဖတ်သူသည်မတူကွဲပြားချက်ကို ကောင်းစွာသိမြင်လာရန်အတွက် Charlies ၏ စာအုပ်ကိုအစမှအဆုံးတိုင်ဖတ်မည်ဆိုလျှင်၊ သူ (သို့) သူမသည် ကျွန်ုပ်တို့အား ရွေးနှုတ်ခံသူများဖြစ်စေခဲ့သော ဘုရားသခင်၏ကျေးဇူးတော်နှင့်စပ်လျဉ်းသော အယူဝါဒ သွန်သင်ချက်ကိုလည်းကောင်း၊ သန့်ရှင်းသောသေဝိညာဉ်တော်အားဖြင့်အသက်ရှင်ရန်အတွက် ကျွန်ုပ်တို့၏အထဲ၌အလုပ်လုပ်နေသော ကျေးဇူးတော်ကိုလည်းကောင်း သဘောပေါက်နားလည်မှုတွင် အခြားလူအများစုထက်ခြေတစ်လှမ်းသာနေပါလိမ့်မည်။

H. Wayne House, Th.D, J.D.
Distinguished Professor of Theology, Law, and Culture
Faith Evangelical College and Seminary, Tacoma, WA

နားလည်ရန်ခက်ခဲသောကျမ်းချက်များသည် အနက်ဖွင့်ဘာသာပြန်ဆိုဖို့ခက်ခဲကြသည်။ အကြောင်းမလှစွာ၊ လူအများကလက်ခံထားသည့် မြောက်များစွာသော အနက်ဖွင့်ဘာသာပြန်ဆိုချက်များသည် အရေးကြီးဆုံးကျမ်းစကားအဆက်အစပ် (context) ကိုလျစ်လျူရှုထားခြင်း၌ အဆုံးသတ်ခဲ့ကြသည်။ ထိုသို့ဖြစ်ခြင်းက ဤစာအုပ်က ခေါင်းစဉ်တပ်ထားသည့်အတိုင်း ကျေးဇူးတော်၊ ကယ်တင်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်းတို့ကိုကျွန်ုပ်တို့နားလည်သဘောပေါက်မှုတွင် အလွန်ကြီးမားသောတန်ပြန်ဂယက်ရိုက်မှုများကို ဖြစ်စေခဲ့သည်။ Dr. Charlies Bing ၏အနက်ဖွင့်ဘာသာပြန်ဆိုချက်များအားလုံးကို လူတိုင်းကသဘောတူကြမည်တော့ မဟုတ်ပါ။ သို့သော်၊ သူသည် ကျမ်းစကားအဆက်အစပ်အပေါ်၌ တိကျသေချာစွာ သစ္စာစောင့်စည်းရန်ကြိုးစားထားပါသည်။ ဤစာအုပ်သည် ထိုနားလည်ရန်ခက်ခဲသောကျမ်း ချက်အများအပြားကို ပို၍လွယ်ကူစွာနားလည်သဘောပေါက်လာစေပါသည်။ ဤစာအုပ်ကိုဖတ်ရန်အရပ်ဒေသအသီးသီးမှ သမ္မာကျမ်းစာလေ့လာလိုက်စားသူများအား အထူးအကြံပြုထောက်ခံပေးပါသည်။

Tony Evans, Th.D.
President, The Urban Alternative
Senior Pastor, Oak Cliff Bible Fellowship, Dallas

Dr. Charles Bing သည် ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့် စစ်မှန်သောတပည့်တော် ဖြစ်ခြင်းအကျိုးရလဒ်ကိုဖြစ်စေသည့် သခင်ခရစ်တော်ထံ၌ဆက်ကပ်အပ်နှံခြင်းတို့၏ကွဲပြားခြားနားမှုကိုမြင်တွေ့နိုင်ရန် ယုံကြည်သူများအားကူညီပေးရာ၌ကြီးမားသောဝန်ဆောင်မှုတစ်ခုကို ပေးခဲ့ပါသည်။ ဤစာအုပ်တွင် ကျမ်း

ချက်များစွာအား အနက်ဖွင့်ဘာသာပြန်ဆိုထားသည့်နည်းစနစ်ကြောင့် စာဖတ်သူများစွာတို့က Dr. Bing ၏အဓိပ္ပါယ်ရှင်းလင်းချက်များအားလုံးကို သဘောတူလက်ခံကြလိမ့်မည် မဟုတ်ပါ။ အမှန်ဆိုရလျှင်၊ ဤအချက်သည် စာရေးသူကိုယ်တိုင်က လိုက်လျောခွင့်ပြုပေးထားသည့် အချက်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ၊ အလွန်အရေးပါသော ဤကွဲပြားခြားနားချက်ကိုယုံကြည်သူများထံ၌ သတိပေးရန်လိုအပ်သည်။

Stanley D. Toussaint, Th.D.
Senior Professor Emeritus, Dallas Theological Seminary

ရည်စူးခဏား

ဤစာအုပ်ကို ဘုရားသခင်အားမိမိ၏နှုတ်ကပတ်တော်အားဖြင့် ကိုယ်တိုင် စကားပြောခွင့်ပေး၍ ဘုရားသခင်ပြောပြသောအရာများကို သဘောပေါက်နားလည်ရန် အတွက် ပုံမှန်ထက်ပိုသောကြိုးစားအားထုတ်မှုများကို ပြုလုပ်ကာ၊ နားမလည်သော အခါ၌ခက်ခဲသောမေးခွန်းများကိုမေးကြသည့် ကမ္ဘာတစ်ဝှမ်းမှကျွန်ုပ်ဆုံတွေ့သိကျွမ်းခဲ့ သောသမ္မာကျမ်းစာဆရာများ၊ သမ္မာကျမ်းစာလေ့လာသင်ယူနေသူများ၊ သင်းအုပ်များ အားလုံးအတွက် ရည်စူးထားပါသည်။

မာတိကာ

ကျေးဇူးတင်လွှာ xiii
စကားချီး xv
နိဒါန်း ၁

အပိုင်း ၁ – က သမ္မာတရား၊ ခ သမ္မာတရား၏ကွဲပြားခြားနားမှုကို သဘောပေါက်ခြင်း ၉
၁။ ဓမ္မသစ်ကျမ်းရှိကွဲပြားခြားနားမှုများကို မြင်တွေ့ခြင်း အဘယ်ကြောင့် အရေးကြီးပုံ ၁၀
၂။ **က** သမ္မာတရားနှင့် **ခ** သမ္မာတရားကွဲပြားခြားနားချက်ကိုရှင်းလင်းခြင်း ၂၄
၃။ သမ္မာကျမ်းစာလေ့လာခြင်း၌ က သမ္မာတရား ခ သမ္မာတရား ၄၇
၄။ က သမ္မာတရား ခ သမ္မာတရားကို အရေးပါသောစကားလုံးများနှင့် စကားစုများ၌ အသုံးပြုခြင်း ၇၀

အပိုင်း ၂ – က သမ္မာတရား၊ ခ သမ္မာတရားအား ကျမ်းချက်များ၌ ကျင့်သုံးခြင်း ၉၄
၅။ ရှင်မဿဲ ၊ ရှင်မာကု၊ ရှင်လုကာတို့၏ခရစ်ဝင်ကျမ်းများ ၉၆
တောင်ပေါ်ဒေသနာမှ ကျမ်းချက်များ ၉၇
မင်္ဂလာတရားတော်များ။ မဿဲ ၅း၃–၁၂ (မာကု ၁း၁၆–၂၀ နှိုင်းယှဉ်) ၉၉
သင့်မျက်စိကို ထုတ်ပစ်လော့။ မဿဲ ၅း၂၉–၃၀ ၁၀၂
အပြစ်လွှတ်ခြင်းကိုခံဖို့ အပြစ်လွှတ်လော့။ (မဿဲ ၆း၁၄–၁၅) (နှိုင်းယှဉ် မာကု ၁၁း၂၅–၂၆) ၁၀၅
အသီးနှင့်မိစ္ဆာပရောဖက်များ။ (မဿဲ ၇း၁၅–၂၀) ၁၀၇
နှုတ်အားဖြင့်အတုယောင်ဝန်ခံသောသူများ။ (မဿဲ ၇း၂၁–၂၃) ၁၁၀
တပည့်တော်ဖြစ်ခြင်းနှင့်သက်ဆိုင်သောကျမ်းချက်များ ၁၁၃
လူကိုမျှားခြင်းနှင့်နောက်တော်သို့လိုက်ခြင်း။ (မဿဲ ၄း၁၈–၂၂) (နှိုင်းယှဉ် – မာကု ၁း၁၆–၂၀၊ လုကာ ၅း၁–၁၁) ၁၁၃
သင့်မိသားစုကို မုန်းခြင်း။ (မဿဲ ၁၀း၃၇၊ လုကာ ၁၄း၂၆) ၁၁၆
ကိုယ်တော်ရှင်၏ထမ်းပိုးကို ထမ်း၍သင်ယူခြင်း။ (မဿဲ ၁၁း၂၈–၃၀) ၁၁၈

သခင်ယေရှု၏နောက်တော်သို့လိုက်လျှောက်ခြင်း။ မဿဲ ၁၀း၃၈၊ ၁၆း၂၄
(နှိုင်းယှဉ် – မာကု ၈း၃၄၊ လုကာ ၉း ၂၃၊ ၁၄း ၂၇) ၁၂၁
သင့်အသက်ကိုတွေ့ခြင်း။ မဿဲ ၁၀း ၃၉၊ ၁၆း ၁၅– ၁၆
(နှိုင်းယှဉ် – မာကု ၈း ၃၅၊ လုကာ ၉း ၂၄– ၂၆၊ ယောဟန် ၁၂း ၂၅) ၁၂၅
ဝန်ခံရန်ရွက်ခြင်း။ မဿဲ ၁၀း၃၂–၃၃၊ မာကု ၈း၃၈
(နှိုင်းယှဉ် – လုကာ ၉း၂၆၊ ၁၂း၈–၉) ၁၂၈
ဥစ္စာရတတ်သော အရာရှိငယ်။ မဿဲ ၁၉း၁၆–၂၂
(နှိုင်းယှဉ် – မာကု ၁၀း၁၇–၂၅၊ လုကာ ၁၈း၁၈–၂၃) ၁၃၁
လေးနက်ပြင်းထန်သည့် အကျိုးဆက်များပါရှိသော အခြားကျမ်းချက်များနှင့်
ပုံဥပမာများ ၁၃၈
ခွင့်မလွှတ်နိုင်သောအပြစ်။ မဿဲ ၁၂း၃၁–၃၂ (နှိုင်းယှဉ် မာကု ၃း၂၈–၃၀) ၁၃၈
အကြင်သူသည် အဆုံးတိုင်အောင် တည်ကြည်၏၊ မဿဲ၂၄း၁၃
(နှိုင်းယှဉ် – မဿဲ ၁၀း၂၂၊ မာကု ၁၃း၁၃၊ လုကာ ၂၁း၁၆) ၁၄၂
မျိုးစေ့ကြဲခြင်းပုံဥပမာ။ လုကာ ၈း၄–၈၊ ၁၁–၁၅
(နှိုင်းယှဉ်–မဿဲ ၁၃း၁–၉၊ မာကု ၄း၂–၂၀) ၁၄၄
ဝှက်ထားသောဘဏ္ဍာနှင့် အလွန်အဖိုးထိုက်သောပုလဲပုံဥပမာ။
(မဿဲ ၁၃း၄၄–၄၆) ၁၄၈
ခွင့်လွှတ်ခြင်းမရှိသောကျွန်ပုံဥပမာ။ (မဿဲ ၁၈း၂၁–၃၅) ၁၅၀
ထိမ်းမြားမင်္ဂလာဆောင်ပွဲပုံဥပမာ။ (မဿဲ ၂၂း၁–၁၄) ၁၅၃
ကျွန်ဆိုးပုံဥပမာ။ မဿဲ ၂၄း၄၅–၅၁ (နှိုင်းယှဉ် – လုကာ ၁၂း၄၂–၄၈) ၁၆၁
သတို့သမီးတစ်ကျိပ်ပုံဥပမာ။ (မဿဲ ၂၅း၁–၁၃) ၁၆၄
ဥစ္စာများကို ပေးခြင်းပုံဥပမာ။ (မဿဲ ၂၅း၁၄–၃၀)
(နှိုင်းယှဉ် – လုကာ ၁၉း၁၁–၂၇) ၁၇၀
သိုးနှင့်ဆိတ်များကို ခွဲခြားစီရင်ခြင်း။ (မဿဲ ၂၅း၃၁–၄၆) ၁၇၅
ပျောက်သောသား ပုံဥပမာ။ (လုကာ ၁၅း၁၁–၃၂) ၁၈၁
ဗတ္တိဇံခံခြင်းနှင့် ဆိုင်သောကျမ်းချက်များ ၁၈၅
နောင်တရခြင်းနှင့်စပ်ဆိုင်သော ယောဟန်၏ဗတ္တိဇံပေးခြင်း။
မဿဲ ၃း၁–၁၂ (နှိုင်းယှဉ် – လုကာ ၃း၃–၁၇) ၁၈၆
ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့။
(မာကု ၁၆း၁၆) ၁၈၈

၆။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၉၁
လူအချို့ကို သခင်ယေရှုမယုံကြည်ပါ။ (ယောဟန် ၂း၂၃–၂၅) ၁၉၃
ရေနှင့်ဝိညာဉ်တော်မွေးသောသူ။ (ယောဟန် ၃း၅) ၁၉၆
ယုံကြည်သည်နှင့်နာခံသည်။ (ယောဟန် ၃း၃၆) ၁၉၈
ရှင်ပြန်ထမြောက်ခြင်းနှစ်ပါး။ (ယောဟန် ၅း၂၈–၂၉) ၂၀၀
ဘုရားသခင်၏အလိုတော်နှင့်ညီသောအကျင့်။ (ယောဟန် ၆း၂၈–၂၉) ၂၀၄
သခင်ယေရှု၏ခန္ဓာကိုစား၍ အသွေးကိုသောက်လော့။
(ယောဟန် ၆း၄၈–၅၈) ၂၀၆
သခင်ခရစ်တော်၏စကားဌ်တည်သောတပည့်တော်များ။
(ယောဟန် ၈း၃၀–၃၂) ၂၀၈
သခင်ယေရှု၏သိုးများသည် ကိုယ်တော်နောက်သို့လိုက်လျှောက်ကြ၏။
(ယောဟန် ၁၀း၂၇–၂၈) ၂၁၂
အချို့ကယုံကြည်သော်လည်း ဝန်ခံခြင်းမရှိကြ။ (ယောဟန် ၁၂း၄၂) ၂၁၅
အသီးမသီးသော အခက်များ။ (ယောဟန် ၁၅း၁–၈) ၂၁၇
ထာဝရအသက်အတွက် ဆက်လက်ယုံကြည်နေခြင်း။
(ယောဟန် ၂၀း၃၀–၃၁) ၂၂၂

၇။ တမန်တော်ဝတ္ထု ၂၂၅
နောင်တရ၍ ဗတ္တိဇံကိုခံကြလော့။ (တမန် ၂း၃၇–၃၉) ၂၂၅
နတ်ဝိဉာဉ်ရှိမှုန် ၂၂၉
သခင်ယေရှုခရစ်ကို ယုံကြည်လော့။ (တမန် ၁၆း၃၀–၃၁) ၂၃၃
အပြစ်ကိုဆေးကြောရန် ဗတ္တိဇံကိုခံလော့။ (တမန် ၂၂း၁၆) ၂၃၆

၈။ ရှင်ပေါလု၏ဩဝါဒစာများ ၂၃၉
ယုံကြည်နားထောင်ခြင်း။ (ရောမ ၁း၅၊ ၁၆း၂၆) ၂၃၉
ထာဝရအသက်အတွက် ကောင်းသောအကျင့်ကိုကျင့်ခြင်း။
(ရောမ ၂း၆–၇၊ ၁၀၊၁၃) ၂၄၂
အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်ရ၏။ (ရောမ ၅း၉–၁၀) ၂၄၄
အပြစ်တရား၏ ကျွန်(သို့) ဖြောင့်မတ်ခြင်းတရား၏ကျွန်။ (ရောမ ၆း၁၇) ၂၄၇
အပြစ်တရား၏ အခကားသေခြင်းပေတည်း။ (ရောမ ၆း၂၃) ၂၄၉
ဇာတိပကတိအားဖြင့် သေခြင်း (သို့) ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်း။
(ရောမ ၈း၁၃) ၂၅၂

ဝိညာဉ်တော်၏ပဲ့ပြင်လမ်းပြတော်မူခြင်း။ (ရောမ ၈း၁၄) ၂၅၅
နှုတ်ဖြင့်ဝန်ခံ၍။ (ရောမ ၁၀း၉–၁၀) ၂၅၉
မီးဖြင့်စစ်ကြော၍ကျွမ်းလောင်သောအလုပ်များ။ (၁ကော ၃း၁၁–၁၅) ၂၆၆
စာတန်လက်သို့ အပ်နှံစေ။ (၁ကော ၅း၁–၅) ၂၇၀
ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရကြ။ ၁ကော ၆း၉–၁၁
(နှိုင်းယှဉ် – ဂလာတိ ၅း၁၉–၂၁၊ ဧဖက် ၅း၃–၅) ၂၇၃
ကိုယ်တိုင်ရှုံးသောသူ မဖြစ်ရမည်အကြောင်း။ (၁ကော ၉း၂၇) ၂၇၇
သင်တို့သည် စိတ်စွဲလန်းလျှင်။ (၁ကော ၁၅း၁–၂) ၂၈၀
သခင်ယေရှုကိုချစ်လော့ (သို့) ကျိန်ခြင်းခံလော့။ (၁ကော ၁၆း၂၂) ၂၈၃
ကိုယ့်ကိုယ်ကို စစ်ကြောကြလော့။ (၂ကော ၁၃း၅) ၂၈၆
ထိုသူသည်ကျိန်တော်မူခြင်းကိုခံစေ။ (ဂလာတိ ၁း၈–၉) ၂၉၀
ကျေးဇူးတရား၌မတည် ရွေ့လျော့ကြပြီ။ (ဂလာတိ ၅း၄) ၂၉၂
မေတ္တာအားဖြင့် ပြုပြင်တတ်သောယုံကြည်ခြင်း။ (ဂလာတိ ၅း၆) ၂၉၅
သင်မျိုးစေ့ကြဲသည့်အတိုင်း ရိတ်သိမ်းရ၏။ (ဂလာတိ ၆း၇–၈) ၂၉၇
ယုံကြည်ခြင်းနှင့် ဘုရားသခင်၏လက်ဆောင်။ (ဧဖက် ၂း၈–၁၀) ၂၉၉
ဘုရားသခင်သည် မိမိ၏အမှုကို ပြီးစီးစေလိမ့်မည်။ (ဖိလိပ္ပိ ၁း၆) ၃၀၃
ကယ်နှုတ်ခြင်းအတွက်ဖြစ်လာခြင်း။ (ဖိလိပ္ပိ ၁း၂၇–၂၈) ၃၀၇
ကိုယ်ကိုကယ်တင်ခြင်းငှါ ကြိုးစားအားထုတ်ကြလော့။ (ဖိလိပ္ပိ ၂း၁၂–၁၃) ၃၁၀
ဆုအတွက်အားသွန်ခွန်စိုက်ပြေး၏။ (ဖိလိပ္ပိ ၃း၁၂–၁၄) ၃၁၃
သင်တို့သည် မြဲမြံကြလျှင်။ (ကောလောသဲ ၁း၂၁–၂၃) ၃၁၆
ယုံကြည်သောစိတ်နှင့် အကျင့်ကိုကျင့်ခြင်း။ (၁သက် ၁း၃) ၃၂၀
ယုံကြည်ခြင်းကို ငြင်းပယ်သောသူများ။ (၁တိ ၁း၁၉–၂၀) ၃၂၂
မှန်သောအသက်ကို ဝင်စားလိုသောငှါ။ (၁တိ ၆း၁၇–၁၉) ၃၂၅
ထိုသင်္ဘောကို ငါတို့သည်ငြင်းပယ်လျှင်။ (၂တိ ၂း၁၀–၁၃) ၃၂၇
ယုံကြည်ခြင်းတရားကို စောင့်ရှောက်ခြင်း။ (၂တိ ၄း၇–၈) ၃၃၁

၉။ ဟေဗြဲဩဝါဒစာ ၃၃၄
စာဖတ်သူတို့၏ ဝိညာဉ်ရေးရအခြေအနေ ၃၃၅
ကျမ်းပြုဆရာ၏ ရည်ရွယ်ချက် ၃၃၇
သတိပေးကြိမ်းဝါးမှုများ၏ သဘောသဘာဝ ၃၃၇
အဘယ်သို့လွတ်ကြလိမ့်မည်နည်း။ (ဟေဗြဲ ၂း၁–၄) ၃၃၉
ကိုယ်တော်၏ချမ်းသာထဲသို့ဝင်ရခြင်း။ (ဟေဗြဲ ၃း၁၈–၁၉) ၃၄၀

ယုံကြည်နားထောင်သောသူအပေါင်းတို့အား ကယ်တင်ခြင်း။ (ဟေဗြဲ ၅း၉) ၃၄၄
ရွှေ့လျော့ဖောက်ပြန်လျှင်။ (ဟေဗြဲ ၆း၁–၁၀) ၃၄၅
ကိုယ်အလိုသို့လိုက်၍ ပြစ်မှားသောအပြစ်။ (ဟေဗြဲ ၁၀း၂၆–၃၁) ၃၄၉
ထာဝရဘုရားကိုဖူးမြင်ရရန် သန့်ရှင်းခြင်းပါရမီ။ (ဟေဗြဲ ၁၂း၁၄) ၃၅၄
လောင်သောမီး။ (ဟေဗြဲ ၁၂း၂၅–၂၉) ၃၅၇

၁၀။ ရှင်ယာကုပ်၊ ရှင်ပေတရု၊ ရှင်ယောဟန်နှင့် ရှင်ယုဒတို့၏ဩဝါဒစာများ ၃၅၉
ဒုစရိုက်သည်သေခြင်းကို ဖွားတတ်၏။ (ယာကုပ် ၁း၁၅) ၃၅၉
ဂရုဏာမရှာဘဲ၊ တရားစီရင်ခြင်းကိုခံရခြင်း။ (ယာကုပ် ၂း၁၂–၁၃) ၃၆၁
အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်၏။ (ယာကုပ် ၂း၁၄–၂၆) ၃၆၃
စစ်ကြောစီရင်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း။ (ယာကုပ် ၅း၉) ၃၇၂
ဝိညာဉ်ကိုသေခြင်းမှကယ်တင်၍။ (ယာကုပ် ၅း၁၉–၂၀) ၃၇၃
စိတ်ဝိညာဉ်ကို ကယ်တင်ခြင်း။ (၁ပေ ၁း၉) ၃၇၆
ဗတ္တိဇံသည် ငါတို့ကိုကယ်တင်တတ်၏။ (၁ပေ ၃း၂၁) ၃၇၉
သင်တို့ ခံရသောခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကိုတည်မြဲစေ။
(၂ပေ ၁း၁၀–၁၁) ၃၈၂
ခွေးသည် မိမိအန်ဖတ်ကိုပြန်၍စား၏။ (၂ပေ ၂း၁–၂၂) ၃၈၆
အဘယ်အပြစ်မျှမပါဘဲ.....ရောက်မည်အကြောင်းကြိုးစားအားထုတ်ကြလော့။
(၂ပေ ၃း၁၄–၁၈) ၃၉၁
ရှင်ယောဟန်ဩဝါဒစာပထမစောင်၏ရည်ရွယ်ချက်။ ၃၉၃
ငါတို့သည် မှောင်မိုက်၌ကျင်လည်လျှင်။ (၁ယော ၁း၆၊ ၈၊ ၁၀) ၃၉၅
ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်။ (၁ယော ၁း၉) ၃၉၇
ထိုသူ၌သစ္စာမရှိ။ (၁ယော ၂း၃–၄၊ ၉၊ ၁၁) ၃၉၈
ဒုစရိုက်ကိုပြုသောသူသည် ကိုယ်တော်ကို မသိ။ (၁ယော ၃း၆၊ ၉–၁၀) ၄၀၁
အပြစ်ဒုစရိုက်ကိုပြုသောသူသည် မာရ်နတ်နှင့်ဆိုင်၏။ (၁ယော ၃း၈၊ ၁၀) ၄၀၄
သေပြစ်သင့်သောဒုစရိုက်။ (၁ယော ၅း၁၆) ၄၀၈
မကောင်းသောအကျင့်ကို ကျင့်သူသည် ဘုရားသခင်ကို မသိမမြင်။ (၃ယော ၁၁) ၄၁၀
ကိုယ်တော်သည် သင်တို့ကိုထိမ်၍လဲခြင်းမှ စောင့်ရှောက်နိုင်၏။ (ယုဒ ၂၄) ၄၁၂

၁၁။ ဗျာဒိတ်ကျမ်း ၄၁၅
အောင်မြင်သောသူများ။ (ဗျာဒိတ် ၂–၃) ၄၁၅
ထိုသူ၏နာမကိုငါအလျင်းမချေ။ (ဗျာဒိတ် ၃း၅) ၄၂၁

ငါ၏ခံတွင်းသည် သင့်ကိုထွေးလုပြီ။ (ဗျာဒိတ် ၃း၁၅–၁၆) ၄၂၄
တံခါးကိုခေါက်လျှက်နေ၏။ (ဗျာဒိတ် ၃း၂၀) ၄၂၅
မဟာပလ္လင်ဖြူတရားစီရင်ခြင်း။ (ဗျာဒိတ် ၂၀း၁၁–၁၅) ၄၂၈
အပြစ်သားများနှင့် ဒုတိယသေခြင်း။ (ဗျာဒိတ် ၂၁း၈) ၄၃၁
မိမိတို့၏အကျင့်အတိုင်း ဆုပေးခြင်း။ (ဗျာဒိတ် ၂၂း၁၂) ၄၃၃
ဘုရားသခင်၏နှုတ်ကပတ်တော်ကိုအသစ်သွင်း(သို့) နှုတ်ပယ်သောမည်သူမဆို၊
(ဗျာဒိတ် ၂၂း၁၈–၁၉) ၄၃၅

အပိုင်း ၃ – က သမ္မာတရား ခ သမ္မာတရားကို အသက်တာနှင့် သာသနာလုပ်ငန်းဌာနသုံးပြုခြင်း ၄၃၇
၁၂။ သမ္မာကျမ်းနှင့်စပ်ဆိုင်သောကွဲပြားခြားနားခြင်းများကို
အကျိုးရှိရှိအသုံးချခြင်း ၄၃၈
ကျွန်ုပ်တို့ကိုယ့်ကိုကိုယ်ရှုမြင်သုံးသပ်ပုံ ၄၃၈
ဧဝံဂလိတရားကို ကျွန်ုပ်တို့ဟောပြောတင်ပြပုံ ၄၄၂
ကယ်တင်ခြင်းအာမခံချက်ကို ကျွန်ုပ်တို့ပေးပုံ ၄၄၆
ဘုရားဝတ်ဌေးလျော်ခြင်းအတွက် ယုံကြည်သူများကို ကျွန်ုပ်တို့
လှုံ့ဆော်အားပေးပုံ ၄၄၉
လွတ်လပ်ခွင့်အားအလွဲသုံးစားပြုခြင်းကို ကျွန်ုပ်တို့ဟန့်တားပုံ ၄၅၇
အသင်းတော်၏ပတ်ဝန်းကျင်ကို ကျွန်ုပ်တို့ဖန်တီးပုံဖော်ပုံ ၄၆၁
အနာဂတ်ကို ကျွန်ုပ်တို့ရှုမြင်ပုံ ၄၆၄
နောက်ဆက်တွဲ ၁ – ထာဝရလုံခြုံစိတ်ချမှု ၄၆၉
နောက်ဆက်တွဲ ၂ – “အခမဲ့ကျေးဇူးတော် ဓမ္မတွေးခေါ်ယူဆချက်” (Free Grace Theology) ဆိုသည်မှာအဘယ်နည်း။ ၄၇၅
ကျမ်းညွှန်း ၄၈၃

ကျေးဇူးတင်လွှာ

ကျွန်ုပ်သည်ဤစာအုပ်အား သဘာဝတရားအတိုင်းလှုပနေသည့်နေရာများတွင်ငါးနှစ်ခန့်အချိန်ယူ၍ ရေးသားခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်အား ဤစာအုပ်ကို ရေးသားရန်မိမိတို့၏ "လျှို့ဝှက်"နေရာလေးများ၌ တစ်ကိုယ်တည်းနေထိုင်၍ ခိုအောင်းခွင့်ကိုပေးခဲ့ကြသောသူများအားလုံးကို နက်နက်နဲနဲကျေးဇူးတင်မိပါသည်။ ကျွန်ုပ်၏မိတ်ဆွေကောင်းများဖြစ်ကြသော John O. နှင့် Lorraine Oliver တို့အား နယူမက္ကစီကိုသဲကန္တာရ၏တိတ်ဆိတ်ငြိမ်သက်မှုအတွက်လည်းကောင်း၊ Jim နှင့် Christy Caddock တို့အား အောရီဂွန်တောင်တန်းကြီးများ၏ စိတ်ကူးကောင်းများ လှုံ့ဆော်ပေးမှုများ အတွက်လည်း ကောင်း၊ Peter နှင့် Carolyn Bennis တို့အား ရှုခင်းမြင်ကွင်းလေးတစ်ခုနှင့်အတူ ပြိုင်ဘက်ကင်းသော တက္ကဆက်အိမ်ခန်းလေးတစ်ခန်းအတွက်လည်းကောင်း၊ Dar နှင့် Chris Highlen တို့အား ဖလော်ရီဒါ၌အချိန်ကြာမြင့်စွာနေထိုင်ခွင့်စာရေးသားချိန်၌ ငါးမျှားရန်အခွင့်အရေးအတွက်လည်းကောင်း၊ အထူးကျေးဇူးတင်ပါသည်။ ဤစာအုပ်၏ အစိတ်အပိုင်းအချို့ကို ဂါနာ (အနောက်အာဖရိက)၊ ဘရွန်ဒီ (အရှေ့အာဖရိက)၊ အိန္ဒိယ၊ ဖိလိပိုင်စသည့်အရပ်ဒေသများ၌ အမှုတော်ထမ်းဆောင်စဉ်တွင်ရေးသားခဲ့ခြင်းဖြစ်သည်။

သမ္မာကျမ်းချက်များစွာကို အသုံးပြု၍ စာအုပ်တစ်အုပ်ကို ရေးသားပြုစုသော သူသည် မိမိ၏ထင်မြင်ယူဆချက်အတွက် တစ်ဦးတည်းနာမည်ကောင်းမခံယူနိုင်ပါ။ ဤစာအုပ်၌ ကျွန်ုပ်တင်ပြထားသမျှသည် ဘုရားသခင်၏နှုတ်ကပတ်တော်အား အနက်ဖွင့်ဘာသာပြန်ဆိုခြင်းလည်းကောင်း၊ လက်တွေ့ရယူကျင့်သုံးခြင်း၌လည်းကောင်း ကျွန်ုပ်အားသြဇာလွှမ်းမိုးခဲ့ကြသည့် ထိုးထွင်းသောအမြင်ရှိကာ ဘုရားကိုကြောက်သော သမ္မာကျမ်းစာဆရာများ၏ အယူအဆနှင့်သဘောပေါက်နားလည်မှုများကိုမျှဝေသုံးစွဲထားခြင်းဖြစ်သည်။ ထိုသူတို့ကို တစ်ဦးချင်းဖော်ပြနိုင်မည် မဟုတ်ပါ။ အကြောင်းမှာ ကျွန်ုပ်ကျေးဇူးတင်စကားပြောဆိုရမည့် သွန်သင်လမ်းညွှန်ပေးသူ၊ အကြံပြုသွန်သင်ဆုံးမပေးသူနှင့်လုပ်ဖော်ကိုင်ဖက်များစွာရှိနေသောကြောင့်ဖြစ်သည်။ သို့သော်၊ သင်တို့အားလုံးကို ကျွန်ုပ်၏စိတ်ရင်းမှ ကျေးဇူးတင်ပါနေသည်။

ဘုရားသခင့်ကျေးဇူးတော်၏ တရားဒေသနာကို ကမ္ဘာတစ်ဝှမ်း၌ ပျံ့နှံ့စေရာ၌ ကျွန်ုပ်နှင့်အတူရပ်တည်ပေးကြသော Grace Life Ministries မှ ဘုတ်အဖွဲ့ဒါရိုက်တာများနှင့် မိတ်ဆွေများထံမှ ခံစားရသော ပံ့ပိုးကူညီမှုနှင့် အားပေးတိုက်တွန်းမှုများကို နက်နက်နဲနဲကျေးဇူးတင်ပါသည်။ ဝန်ထမ်းများနှင့် အယ်ဒီတာများ၏ကျွမ်းကျင်ပိုင်နိုင်မှုရှိလှသောအကူအညီများအတွက် Grace Theology Press ကိုလည်း ကျွန်ုပ်ကျေးဇူး

တင်ပါသည်။ သို့သော်၊ ဤ စာအုပ်ကို သင့်တင့်မျှတ၍ ရှင်းလင်းပြတ်သားကာ သမ္မာကျမ်းစာနှင့်အညီစိတ်ချရသောစာအုပ်ဖြစ်လာဖို့ဖန်တီးရာ၌ ကျွန်ုပ်နှင့်အတူလက်တွဲလုပ်ဆောင်ခဲ့ကြသော David Anderson နှင့် Fred Chay တို့ကို အထူးတလည်ကျေးဇူးတင်ကြောင်းပြောကြားလိုပါသည်။ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုလည်းကောင်း၊ ဘုရားသခင်၏ကျေးဇူးတော်နှင့်ဆိုင်သောဧဝံဂေလိတရားကိုလည်းကောင်း တူညီသောချစ်မြတ်နိုးမှုကိုမျှဝေထားကြပါသည်။

ကျွန်ုပ်အတွက်လှုံ့ဆော်အားပေးမှုမဟာအရင်းအမြစ်ကြီးတစ်ခုဖြစ်သော ကျွန်ုပ်၏မိခင်ဖြစ်သူ Beulah Bing ကို အသိအမှတ်ပြုကျေးဇူးတင်ပါသည်။ သူမကို ဗာကျီးနီး ယားပြည်နေအိမ်၌ အခါအားလျော်စွာ သွားရောက်လည်ပတ်ခဲ့သည့်အချိန်တိုင်းတွင် သူမသည် ကျွန်ုပ်၏ဤရေးသားချက်များစွာကို သည်းခံပေးခဲ့ပါသည်။ အသက် ၉၂ နှစ်ရှိ ပြီဖြစ်သောသူမသည် စာအုပ်များစွာကို ဖတ်ရှုရန်အသုံးပြုသောသူမ၏ကွန်ပျူတာတက်ဘလက်တွင် ကျွန်ုပ်၏စာအုပ်အား ထိုကွန်ပျူတာတက်ဘလက်၌ဖတ်ရှု၍ရနိုင်သောပုံစံကို (ဖန်တီးနိုင်သောအခါတွင်) ထည့်သွင်းကူးယူ၍ ဖတ်ရှုခဲ့မည်ဖြစ်ကြောင်း ကျွန်ုပ်သေချာသိနေပါသည်။

အိမ်မှာသိပ်ရှိမနေဖြစ်တဲ့ကျွန်ုပ်ကို စိတ်ရှည်သည်းခံပေးရင်း ဤအချိန်တစ်လျှောက်လုံး၌ ကျွန်ုပ်ဘက်တွင်ပုံဆောင်သဘောအရလည်းကောင်း၊ ဆုတောင်းခြင်းဖြင့်လည်းကောင်းရပ်တည်ပေးခဲ့သောသူမှာ ကျွန်ုပ်နှင့်နှစ်ပေါင်း ၃၆ နှစ်ကျော်လက်တွဲဖော်ဖြစ်သည့် အသက်နှင့်အမျှ ချစ်မြတ်နိုးရသော ကျွန်ုပ်၏ဇနီး Karen ဖြစ်သည်။

အရေးကြီးဆုံးနှင့် နောက်ဆုံးအနေဖြင့် မိမိ၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်ကို ကယ်တင်၍ စစ်မှန်သော အသက်တာကို ပေးသနားခဲ့သူအာလဖနှင့် ဩမေဃလည်းဖြစ်၊ ကျွန်ုပ်၏အလုံးစုံ၌ အလုံးစုံလည်းဖြစ်တော်မူသော သခင်ယေရှုခရစ်တော်ကို ကျေးဇူးတင်ချီးမွမ်းပါသည်။ ကိုယ်တော်ရှင်ဘုန်းကြီးတော်မူစေသတည်း။

❐

တုပမရရှိခင်သော Howard Hendricks၏ သွန်သင်ခြင်းအမှုတော်အောက်၌ လေ့လာသင်ယူခွင့်ရရှိခဲ့ကြသောကျွန်ုပ်တို့သည် မိမိတို့စိတ်ထဲ၌ စွဲကျန်နေသောငှင်း၏ ပြောဆိုခဲ့ချက်များကို မတောက်တခေါက်သဘောပေါက်ခြင်းနှင့်အတူ ဤလောကကြီးထဲသို့ဝင်ရောက်ခဲ့ကြသည်။ ထိုစကားများထဲမှတစ်ခုမှာ "လူကြီးမင်းတို့၊ စာတန်ဟာ သိပ်ပြီးအရေးမပါတဲ့အသေးအဖွဲအရာတွေမှာ ဘယ်တော့မှရှုပ်ထွေးသွားအောင်မလုပ်ဘူး။ အရေးကြီးတဲ့အပိုင်း ကဏ္ဍာတွေမှာပဲ အမြဲရှုပ်ထွေးစေတာဖြစ်တယ်။ ဒါ့အပြင် ယုံကြည်ခြင်းနှင့်အကျင့်တို့ရဲ့ကြားမှာရှိတဲ့ဆက်စပ်မှုထက်ပိုပြီး အရေးကြီးတဲ့အပိုင်း ကဏ္ဍာမရှိဘူး"ဟူ၍ဖြစ်သည်။ အဘယ်မျှမှန်ကန်ပါသနည်း။ ကယ်တင်ခြင်းနှင့်ပတ်သက်၍ ကိုးကားမှုအများဆုံးဖြစ်သောကျမ်းပိုဒ်များထဲမှတစ်ခု (ဧဖက် ၂း၈–၁၀)ကပင် ကျွန်ုပ်တို့သည် အကျင့်အားဖြင့် ကယ်တင်ခြင်းခံကြရသည်မဟုတ်၊ အကျင့်အတွက်သာ ကယ်တင်ခြင်းခံကြရကြောင်းပြောထားပါသည်။ ယုံကြည်ခြင်းနှင့်အကျင့်တို့သည် ငှင်းတို့အချင်းချင်း၏အရိပ်အာဝါသအောက်မှ ရုန်းမထွက်နိုင်ကြသယောင်ရှိနေကြသည်ဟု ထင်မှတ်ရသည်။ လူသိများသောအခြားကျမ်းချက်တစ်ခု (ယာကုပ် ၂း၁၄–၂၆) ကလည်း ယုံကြည်ခြင်းတစ်ခုတည်းက ကျွန်ုပ်တို့ကိုမကယ်တင်နိုင်၊ ကျွန်ုပ်တို့၌ အကျင့်ကိုလည်းရှိထားရမည်ဟု ပြောနေသယောင်ရှိနေသည်။ ဤကျမ်းချက်သည် Luther ကဲ့သို့သောပရိုတက်စတင့်အချို့ကို ဝိညာဉ်ရေးရာနှင့်ပတ်သက်သော အမျက်ဒေါသထွက်စေခြင်းမျိုးသက်ရောက်စေခဲ့ပါသည်။ အကြောင်းမှာ ရောမ ၄း၁–၅ ကဲ့သို့သောအခြားကျမ်းချက်များကလည်း ကျွန်ုပ်တို့သည် အကျင့်အားဖြင့် ဖြောင့်မတ်ခြင်းသို့မရောက်နိုင်ကြောင်းကိုပြောပြထားသောကြောင့်ဖြစ်သည်။ ယုံကြည်ခြင်းနှင့်အကျင့်ပေါင်းစပ်ခြင်းသည် ကက်သလစ်ဘာသာဝင် (Catholic) များအတွက် ပြဿနာမရှိပါ။ အကြောင်းမှာ Council of Trent က အကျင့်သည် ကောင်းကင်ဘုံဝင်စားရန်အတွက် ထိုက်လျောက်သောအကျိုးကျေးဇူးကို မဖြစ်စေပါဟု ပြောသောသူတို့၌ ကျိန်ခြင်းကျရောက်စေဟု ကြေငြာခဲ့သောကြောင့် ဖြစ်သည်။[၁] ပရိုတက်စတင့် (Protestants) များစွာကလည်းအကျင့်သည်ကယ်တင်ပိုင်သောယုံကြည်ခြင်း၏ အထောက်အထားသက်သက်မျှသာဖြစ်သည် ဟုပြောဆိုခြင်းဖြင့် ကောင်းကင်ဘုံဝင်စားရန်အတွက် ယုံကြည်ခြင်းနှင့် အကျင့်တို့ပေါင်း စပ်ထားခြင်းပဟေဠိကို ဖြေရှင်းခဲ့ကြသည်။ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အတုအယောင်ယုံကြည်ခြင်းသာဖြစ်၍ ကယ်တင်ခြင်းအတွက် လုံးလုံးမလုံလောက်ကြောင်း ငှင်းတို့ကစွဲချက်တင်ကြပါလိမ့်မည်။

သပွတ်အူလိုက်နေ၍ ဖြေရှင်းမရဖြစ်နေသော ဤမေမွအယူဝါဒနှင့်ဆိုင်သည့်

၁ Council of Trent, Canon 24

ဆွေးနွေးငြင်းခုံချက်အချို့ကို ဖြေရှင်းဖို့ကြိုးစားရာတွင် Charlie Bing ရေးသားထားသည့် *ကျေးဇူးတော်၊ ကယ်တင်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်း (Grace, Salvation, and Discipleship)* စာအုပ်က အံ့ဖွယ်အမှုတစ်ခုကို ပြုလုပ်ထားသည်။ ထိုသို့ပြုလုပ်ရာတွင် သူသည် အံ့ဖွယ်ကောင်း၍ ကျွန်ုပ်၏အမြင်၌ ဓမ္မအယူဝါဒများပြောင်းလဲဖွံ့ဖြိုးလာခြင်းကိုလေ့လာခြင်းပညာ(Historical Theology) ကို လေ့လာသောပညာရှင်များက ကနဦး၌အသုံးမပြုခဲ့ကြသော ထူးခြားသည့်ပရိယာယ်တစ်ခုကို အသုံးပြုထားသည်။ ထိုပရိယာယ်မှာ "က" သမ္မာတရား "ခ" သမ္မာတရားဖြစ်ကြသည်။ ကျမ်းချက်အမျိုးမျိုးကို က သမ္မာတရား (သို့) ခ သမ္မာတရားအဖြစ်သို့ အမျိုးအစားခွဲပြခြင်းဖြင့် Dr. Bing သည်ကျွန်ုပ်တို့အား ဖြောင့်မတ်ရာသို့ရောက်ခြင်း သမ္မာတရား (က)နှင့် သန့်ရှင်းရာသို့ရောက်ခြင်း သမ္မာတရား (ခ) တို့ကြားရှိ ကွဲပြားခြားနားချက်ကို လည်းကောင်း၊ ကောင်းကင်အရပ်နေရာရှိ ကျွန်ုပ်တို့၏အရိုက်အရာ(က သမ္မာတရား)နှင့် မြေကြီးပေါ်ရှိ ကျွန်ုပ်တို့၏အခြေအနေ (ခ သမ္မာတရား)ကြားရှိ ကွဲပြားခြားနားချက်ကို လည်းကောင်း၊ ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ ဆက်ဆံရင်းနှီးမှု (က သမ္မာတရား) နှင့် ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ မိတ်သဟာယဖွဲ့ခြင်း (ခ သမ္မာတရား)တို့ကြားရှိ ကွဲပြားခြားနားချက်ကိုလည်းကောင်း၊ ထာဝရတရားစီရင်ခြင်း (က သမ္မာတရား)နှင့် ယခုပစ္စုပ္ပန်တရားစီရင်ခြင်း (ခ သမ္မာ တရား)တို့ကြားရှိ ကွဲပြားခြားနားချက်ကိုလည်းကောင်း၊ ဘုရားသခင်၏ကျေးဇူးလက်ဆောင် (က သမ္မာတရား) နှင့် ဘုရားသခင်၏ ဆုလာဘ် (ခ သမ္မာတရား)တို့ကြားရှိ ကွဲပြားခြားနားချက်ကိုလည်းကောင်းစသည့် ကွဲပြားခြားနားချက်များကိုနားလည်သဘောပေါက်လာဖို့ကူညီပေးပါသည်။

Martin Luther ကလည်း *"simul iustus et peccator"* ဟု ပြောဆိုခဲ့ချိန်တွင် အထက်ပါအတိုင်းအလားတူပြုလုပ်ဖို့ ကြိုးစားခဲ့ပါသည်။ ဆိုလိုသည်မှာ တစ်ချိန်တည်းတွင် *(simul)* ငါသည် ဖြောင့်မတ်ရာသို့ရောက် ၍ (*iustus* – က သမ္မာတရား) အပြစ်သားတစ်ယောက် (*peccator*– ခ သမ္မာတရား) လည်းဖြစ်နေသည်ဟူ၍ဖြစ်သည်။ အထက်ကောင်းကင်ဘုံတွင် သခင်ခရစ်တော်၌ရှိသော ကျွန်ုပ်၏အရိုက်အရာ၌ ကျွန်ုပ်ကိုအကြွင်းမဲ့ဖြောင့်မတ်သောသူ (သို့) ဖြောင့်မတ်ရာသို့ရောက်သောသူအဖြစ်ရှုမြင်ခြင်းခံရ၍ ဤမြေကြီးပေါ်၌ ရှိနေသောကျွန်ုပ်၏အခြေအနေတွင်မူ (ခ သမ္မာတရား) အပြစ်သားတစ်ဦး (သို့) အပြစ်ရှိသောသူတစ်ဦးဖြစ်လျှက်နေပါသည်။ ထိုအရာနှစ်ခုသည် တစ်ချိန်တည်းတွင် ဖြစ်တည်နေကြသည်။ က သမ္မာတရား ခ သမ္မာတရားတစ်ချိန်တည်းတွင် ဖြစ်တည်နေကြပါသည်။ Luther သည်အမျိုးအစားများကို အမျိုးတူစု၍ခွဲခြားရန်ကြိုးစားခဲ့ပါသည်။ မှန်ပါသည်။ အချို့ကျမ်းချက်များသည် *နည်းလမ်း (way)* (က သမ္မာတရား)နှင့်သက်ဆိုင်ကြပြီး အချို့မှာ *ကျင့်လည်လျှောက်လှမ်းခြင်း (walk)* (ခ သမ္မာတရား)နှင့် သက်ဆိုင်ကြသည်။ Dr. Bing သည် ဤကျမ်း

ချက်အမျိုးအစားများကို ကျမ်းချက်တစ်ချက်ပြီးတစ်ချက်ရှင်းပြခြင်းအားဖြင့်သိမြင်နားလည်လာဖို့ ကျွန်ုပ်တို့ကိုကူညီပေးပါသည်။

ဤစာအုပ်၏ အထူးအထောက်အကူဖြစ်စေသော အယူအဆတစ်ခုမှာ ကျမ်းချက်တစ်ချက်စီအား က သမ္မာတရားနှင့် ခ သမ္မာတရားမှန်ဘီလူးများဖြင့် အသီးသီးရှုမြင်သုံးသပ်သည့် သဘောမျိုးရှိသော Dr. Bing ၏ မျှမျှတတပြုမူကိုင်တွယ်ပုံဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သူသည် မဿဲ ၁၆း၂၄–၂၇ ကဲ့သို့သော ကျမ်းချက်တစ်ခုကိုယူ၍ က သမ္မာတရား၏ရှုထောင့်မှလည်းကောင်း၊ ခ သမ္မာတရား၏ရှုထောင့်မှလည်းကောင်းအနက်ဖွင့် ဘာသာပြန်ဆိုထားသည်။ က သမ္မာတရားရှုထောင့်မှကြည့်လျှင် ဤကျမ်းချက်က ကောင်းကင်ဘုံမည်သို့ဝင်ရောက်နိုင်ကြောင်းကို ပြောပြနေခဲ့မည်ဖြစ်ပြီး၊ ခ သမ္မာတရားရှုထောင့်ကမူ ကျွန်ုပ်တို့၏အနာဂတ်ဆုလာဘ်များကို မနက်ဖြန်၌ထိခိုက်ဆုံးရှုံးစေနိုင်သည့် ယနေ့ခရစ်ယာန်အသက်တာနှင့် ဆက်စပ်နေသောကျမ်းချက်ဖြစ်သည်ဟု ပြောနေပါလိမ့်မည်။

အချို့အခြေအနေများတွင် ကျမ်းချက်တစ်ချက်သည် က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်နှစ်ခု (သို့) သုံးခုအထိရှိနေနိုင်ပြီး၊ ၎င်းတို့တစ်ခုစီသည် ကောင်းကင်ဘုံဝင်ရောက်ခြင်း (သို့) ကောင်းကင်ဘုံဝင်ရောင်ခွင့် ဆုံးရှုံးခြင်းနှင့်ပတ်သက်နေသော အလားအလာရှိသည့် ရွေးချယ်စရာများဖြစ်နေကြသည်။ တစ်ခါတစ်ရံတွင် ခ သမ္မာတရား အနက်ဖွင့်ဘာသာပြန်ဆိုချက်တစ်ခုထက်ပို၍လည်း ရှိနိုင်ပါသည်။ Dr. Bing သည် (က သမ္မာတရားနှင့် ခ သမ္မာ တရား) အမျိုးအစားတစ်ခုစီတွင် အထင်ရှားဆုံးရွေးချယ်စရာများကို တင်ပြထားသည်။ ထို့နောက် သူသည် ဤရွေးချယ်စရာများမှ တစ်ခုကိုအဘယ်ကြောင့်ပို၍ နှစ်သက်ရကြောင်းကို ရှင်းပြသည်။ ထိုသို့ပြုလုပ်ရာတွင် မိမိ၏နှစ်သက်သဘောကျသည့်အရာနှင့် မတူကွဲပြားသည့်အခြားရွေးချယ်မှုကို ပြုလုပ်ခဲ့မည့်အခြားသူများကိုလည်း နှိမ့်ချပြောဆိုခြင်း မလုပ်ခဲ့ပါ။ ထို့အပြင်၊ သူသည်နားလည်ရန်ခက်ခဲသောကျမ်းချက်တစ်ခုကိုမျှ မရှောင်တိမ်းချန်လှပ် မထားခဲ့ပါ။ အမှန်ဆိုရလျှင်၊ သူသည်ဓမ္မသစ်ကျမ်းရှိ နားလည်ရန်ခက်ခဲသောကျမ်းချက်များကိုလက်တွေ့ကျကျကိုင်တွယ်ဖြေရှင်းထားပြီး ကျမ်းပိုဒ်များကို က သမ္မာတရား ခ သမ္မာတရားမှန်ဘီလူးဖြင့်အလင်းယိုင်စေခြင်းဖြင့် ပို၍ရှင်းလင်းပြတ်သားသောဆုံချက်ထဲသို့ဆောင်ယူလာပေးသည်။

နောက်ဆုံးအနေဖြင့် Dr. Bing သည် အခြားကျမ်းတတ်ပုဂ္ဂိုလ်များစွာကလုပ်ဆောင်ရန်ပျက်ကွက်ခဲ့သောအရာကိုလုပ်ဆောင်ခဲ့ပါသည်။ သူသည် (Howard Hendricks ၏အခြားအဆိုတစ်ခုနှင့်အဆုံးသတ်ရလျှင်) "ဘီစကွတ်များကို ပို၍နိမ့်သောစင်ပေါ်သို့ယူချလာပေးပါသည်။" သူသည် "က" သမ္မာတရားနှင့် "ခ" သမ္မာတရားတို့ကြားရှိ ရှင်းလင်းပြတ်သားသော ကွဲပြားခြားနားချက်က ကျွန်ုပ်တို့၏သာသနာလုပ်ငန်း၌လည်းကောင်း၊ နေ့စဉ်အသက်တာ၌လည်းကောင်း ကျွန်ုပ်တို့ကိုမည်သို့သောအထောက်

အကူဖြစ်စေနိုင်ကြောင်း ပြောပြထားပါသည်။

ကျေးဇူးတော်၊ ကယ်တင်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်း စာအုပ်သည် စာဖတ်သူအား မိမိ၏သမ္မာကျမ်းစာကို နားလည်သဘောပေါက်လာပြီး၊ ခရစ်ယာန်အသက်တာထဲသို့ မည်သို့ဝင်ရောက်၍ ရှင်သန်ရမည်ကိုလည်း နားလည်သဘောပေါက်လာရန် အလွန်အထောက်အကူဖြစ်စေကြောင်း တွေ့ရှိပါလိမ့်မည်။

David Anderson, Ph.D.
President and Professor of Biblical Languages & Systematic Theology
Grace School of Theology, Woodlands, TX

❐

နိဒါန်း

ကျွန်ုပ်အား အဖြစ်သည်းလွန်းသည် (သို့) အထက်စီးဆန်လွန်းသည်ဟု မြင်ကောင်းမြင်ကြပေလိမ့်မည်။ သို့သော် ဧဝံဂေလိတရားတော်နှင့်လည်းကောင်း၊ သခင်ယေရှုခရစ်တော်၏ တပည့်တော်တစ်ပါးဖြစ်ခြင်း၏ဆိုလိုရင်း နှင့်လည်းကောင်းစပ်လျဉ်း၍ လူအများစုက သဘောထားမတိုက်ဆိုင်ကြသည့်အဖြစ်ကို ကျွန်ုပ်ပြီးပြီးပျောက်ပျောက်အဖြစ်သဘောမထားနိုင်ပါ။ ခရစ်ယာန်မဟုတ်သောသူများက သဘောမတူသည့်အဖြစ်ကို ကျွန်ုပ်တို့မျှော်လင့်ထားနိုင်ပါသော်လည်း ဤအကြောင်းအရာနှင့်ပတ်သက်၍ ခရစ်ယာန်များစွာကပင် တစ်ဦးနှင့်တစ်ဦးသဘောထားခြင်း မတိုက်ဆိုင်မှုမရှိခြင်း(သို့) အခြားကွဲပြားသောအယူအဆများကိုဆွဲကိုင်ထားကြောင်းတွေ့နေရပါသည်။ အချို့သော ခရစ်ယာန်များစွာကမူ ဤအကြောင်းအရာကို ပြဿနာဟု မမှုမြင်ကြပါ (သို့) ဂရုမစိုက်ကြပါ။ ထိုကဲ့သို့သောသူများအတွက် ကျွန်ုပ်သည် အဖြစ်သည်းလွန်း၍ အထက်စီးဆန်လွန်းနေသယောင်ရှိကောင်းရှိနေပါလိမ့်မည်။ ဧဝံဂေလိတရားတော်နှင့် တပည့်တော်ဖြစ်ခြင်းတို့သည် လူတစ်ယောက်က ရှင်းရှင်းလင်းလင်းသဘောပေါက်နားလည်ထားသင့်သည့်အလွန် အရေးကြီးသောအရာနှစ်ခုဖြစ်ကြောင်း ကျွန်ုပ်ရှုမြင်မိပါသည်။ သတင်းကောင်းတရားတော်ကို နားလည်သဘောပေါက်ဖို့ကြိုးစားရာ၌ လူအတော်များများကြုံတွေ့ရသော ဧဝေဧဝါနှင့်ရှုပ်ထွေးနေမှု၏ထင်ရှားသော သရုပ်သကန်ကို Craig ၏အီးမေးလ်စာက ဖေါ်ပြပေးထားပါသည်။

> ဟေး... Dr. Bing ရေ ... ခင်ဗျားရေးတဲ့ ဆောင်းပါးမှတ်စုတွေကို ဖတ်ရတာ ကျွန်တော်အရမ်း သဘောကျပါတယ်။ ခင်ဗျားရေးသားခဲ့တဲ့ Simply by Grace ဆိုတဲ့ စာအုပ်ကိုတောင် ကျွန်တော်ဝယ်ပြီးဖတ်ခဲ့ပါ တယ်။ ဒါပေမယ့်၊ ဘုရားသခင်ရဲ့ကယ်တင်ခြင်းဟာအခမဲ့ဖြစ်တယ်ဆိုတဲ့အချက်နဲ့ အဲဒီကယ်တင်ခြင်းဟာ ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ကျေးဇူးတော်ကြောင့်သာဖြစ်တည်တယ်ဆိုတဲ့အချက်တို့နဲ့ဆန့်ကျင် နေသယောင်ထင်မှတ်ရတဲ့ သမ္မာကျမ်းစာထဲကကျမ်းချက် အချို့ကိုကျွန်တော်အတော်လေး စိတ်ဝင်စားသလို၊ စိတ်လည်းပူမိတယ်။ ဒီအရာက ကျွန်တော့်ကိုတော်တော်လေး ဒုက္ခပေးနေတာကြောင့် ကျွန်တော့်မှာ ကယ်တင်ခြင်းစိတ်ချမှုလည်း လုံးလုံးမရှိတော့သလို၊ ကျွန်တော်ကယ်တင်ခြင်းမရရှိဘူးဆိုတာကို ကျွန်တော် တွေ့ရှိခဲ့ရင်လည်း အဲဒီကယ်တင်ခြင်းကို ကျွန်တော်ဘယ်လို ပြန်ရရှိနိုင်မလဲ ဆိုတာကိုတောင်မသိတော့ပါဘူး။ အပြင်မှာပုံစံအမျိုးမျိုးရှိနေတဲ့ "ကယ်တင်ခြင်းလက်ခံရရှိနည်း" တွေက ကျွန်တော့်လို လူတွေကို ဧဝေဧဝါနဲ့ ရှုပ်ထွေးသွားစေကြပါတယ်။ မည်သို့ပင်ဆိုစေ၊ ဒီအခမဲ့ကျေးဇူးတော်ခမ္မတွေးခေါ်မှုအယူဝါဒ (Free Grace Theol-

ogy) နဲ့ ပတ်သက်ပြီး ကျွန်တော်မရှင်းမလင်းဖြစ်နေတဲ့ ပြဿနာက ရှင်မသဲ၊ ရှင်မာကု၊ ရှင်လုကာ ခရစ်ဝင်ကျမ်းတွေမှာ ဖတ်ရတဲ့ သခင်ယေရှုရဲ့သွန်သင်ချက်နဲ့ ပုံဥပမာတွေအပေါ်မှာမူတည်နေပါတယ် (ရှင်ယောဟန်ရဲ့ကျမ်းတစ်ကျမ်းလုံးက ကယ်တင်ခြင်းဟာ တခြားဘာမှပူးတွဲလုပ်ဆောင်စရာမလိုဘဲ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့်သာဖြစ်တည်တယ်ဆိုတဲ့အခမဲ့ကျေးဇူးတော်အယူအဆရပ်တည်ချက်ကို အခြေခံအားဖြင့်ထောက်ခံအားပေးထားတယ်)။ သို့သော်၊ ပုံစံတူခရစ်ဝင်ကျမ်းသုံးကျမ်း (မဿဲ၊ မာကု၊ လုကာ)မှာ လုံးလုံးကွဲပြားနေတဲ့ အရာကိုကျွန်တော်တို့တွေ့ရတယ်။ သခင်ယေရှုက လူတွေကို ကယ်တင်ခြင်းခံရဖို့ ဘယ်လောက်ခက်ခဲကြောင်း၊ နိုင်ငံတော်ထဲကိုဝင်စားဖို့ဘယ်လောက်ခက်ခဲကြောင်း၊ နိုင်ငံတော်ထဲမှာဆက်ပြီး မရွေ့မလျော့တည်မြဲနိုင်ဖို့ဘယ်လောက်ခက်ခဲကြောင်းစသည်ဖြင့်ပြောပြနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ ဆီမီးခွက်တွေကို မီးမထွန်းညှိထားရင် စားသောက်ပွဲကြီးကိုဝင်ရောက်ဖို့က အကြောင်းမလှဖြစ်သွားနိုင်ကြောင်းကိုပြောပြတဲ့ သတို့သမီးတစ်ကျိပ်ပုံဥပမာလို တခြားပုံဥပမာတွေကိုလည်း တွေ့ရပါတယ်။ သခင်ယေရှုပြောပြခဲ့တဲ့ ပုံဥပမာတွေက "နိုင်ငံတော်ကို ဝင်စားဖို့"ဆိုရင် နာခံမှုရှိခြင်း၊ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းတွေကို ရည်ညွှန်းပြောဆိုနေကြတယ်။ "နိုင်ငံတော်/ ကောင်းကင်ဘုံဝင်စားခြင်း" ကိုစားသောက်ပွဲနှင့် မင်္ဂလာဆောင်ပွဲသို့ဖိတ်ခေါ်ခံရခြင်း၊ ပါဝင်ဆင်နွှဲရခြင်းစတာတွေနဲ့များသောအားဖြင့် ပုံဆောင်ဖော်ပြထားတယ်။ ဓမ္မသစ်ကျမ်းထဲမှာ ကယ်တင်ခြင်းကိုရရှိနိုင်မည့် နည်းလမ်းအမျိုးမျိုးရှိတယ်လို့ တင်ပြထားသယောင်ထင်မှတ်ရတယ်။ ပုံစံတူခရစ်ဝင်ကျမ်းများက ကယ်တင်ခြင်းကိုရရှိပိုင်ဆိုင်ခြင်းနဲ့စပ်လျဉ်းပြီး၊ သခင်ယေရှုရဲ့ပုံဥပမာတွေနဲ့ သွန်သင်ချက်တွေကို အသက်တာရှင်သန်နေထိုင်ပုံမှာအပြောင်းအလဲလုပ်တာရယ်၊ အဲဒီအပြောင်းအလဲတွေကိုကြုံတွေ့ခံစားပြီး၊ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းတွေရယ်၊ ကိုယ်တော်ရှင်၏အရှင်သခင်ဖြစ်ခြင်းကို နာခံတာတွေနဲ့ဖော်ကျူးထားကြတယ်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းမှာတော့ သခင်ယေရှုရဲ့ဘုရားဖြစ်ခြင်းနဲ့ တစ်စုံတစ်ယောက်ဟာကယ် တင်ခြင်းခံရဖို့ရန်အတွက် သခင်ယေရှုဟာ ဘုရားသခင်ဖြစ်တော်မူတယ်ဆိုတာကို ယုံကြည်ရမယ်ဆိုတဲ့အယူအဆတွေကို အဓိကအလေးထားဖော်ပြထားတယ်။ ခရစ်ဝင်ကျမ်းနှစ်မျိုးလုံးနဲ့ကွဲပြားနေတဲ့ ရှင်ပေါလုရဲ့အယူအဆမှာတော့ ကယ်တင်ခြင်းခံရဖို့ရန် အတွက် သင်ဟာရှင်ပြန်ထမြောက်တော်မူတဲ့ သခင်ခရစ်တော်ကို ယုံကြည်ရမှာဖြစ်ပြီး၊ အဲဒီယုံကြည်ခြင်း တစ်ပါးတည်းကသာလျှင် သင့်ကိုကယ်တင်တဲ့အရာဖြစ်ပြီး (အကျင့်၏လုပ်ဆောင်ချက်လုံးလုံးမပါ) အဲဒီအရာဟာ ဘုရားသခင်ရဲ့ကျေး

ဇူးတော်အားဖြင့်ဖြစ်တယ်လို့ပြောထားပြန်တယ်။ ကျွန်တော်အလွန့်အလွန်ဇဝေ ဇဝါနဲ့ ရှုပ်ထွေးနေပါတယ်။ ဒါ့အပြင်၊ ကျွန်တော်တို့ဟာအပြစ်ကို ကျူးလွန်မိရင် ကယ်တင်ခြင်းမခံရဘူး (သို့) ကျွန်တော်တို့ရဲ့ ညီအစ်ကိုကိုမုန်းရင်ကယ်တင်ခြင်းမခံရဘူးစသည်ဖြင့် ပြောနေတဲ့ ကျမ်းချက်တွေကိုလည်း ၁ယော ထဲမှာ ကျွန်တော်တို့ ဖတ်ရှုကြရတယ်။ ကျေးဇူးပြု၍ ကျွန်တော့်ကို ကူညီပေးနိုင်ပါသလားခင်ဗျား။ Craig

ဤစာအုပ်သည် Craig နှင့် Craig ကဲ့သို့သောသူများအား သမ္မာကျမ်းစာ၊ ဧဝံဂေလိတရားတော်နှင့် တပည့်တော်ဖြစ်ခြင်းကို သဘောပေါက်နားလည်လာရန် ကူညီပေးဖို့ကြိုးစားအားထုတ်မှုတစ်ခုဖြစ်သည်။ သို့သော် ဤသို့ပြုလုပ်ရာတွင် ကျွန်ုပ်သည် ခရစ်ယာန်များအားလုံးနှင့် သမ္မာကျမ်းစာကို သဘောပေါက်နားလည်လိုသောအခြားပုဂ္ဂိုလ်များမှ တန်ဖိုးထားတောင့်တသောအရာတစ်ခုကို စစ်မှန်စွာပံ့ပိုးပေးကမ်းနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ကယ်တင်ခြင်း၊ ဧဝံဂေလိတရားတော်တို့နှင့်စပ်လျဉ်း၍ ရှုပ်ထွေးနေကြရခြင်း၏အဓိကအကြောင်းအရင်းမှာ ဓမ္မသစ်ကျမ်းရှိကယ်တင်ခြင်းအကြောင်းကို ပြောပြသောကျမ်းချက်များ (သို့) ကယ်တင်ခြင်းအကြောင်းပြောနေသယောင်ထင်မှတ်ရသောကျမ်းချက်များအား အဓိပ္ပါယ်ကောက်လွဲခြင်းကြောင့်ဖြစ်သည်။ ကယ်တင်ရာသို့ရောက်ခြင်း အတွက်တစ်ခါတစ်ရံကွဲလွဲဆန့်ကျင်နေသောအခြေအနေသတ်မှတ်ချက်များနှင့်ပတ်သက်၍ စိတ်ရှုပ်ဖွယ်အရောရောအ ထွေးထွေးဖြစ်ခြင်းတစ်ခုကိုဖြစ်ပေါ်စေရန် သမ္မာကျမ်းချက်များကို လက်လွတ်စပယ်ရောနှောပေါင်းစပ်ထားသောချဉ်းကပ်ပုံချဉ်းကပ်နည်းတစ်ခုကိုသာ အမြဲလိုလိုအသုံးပြုကြသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်တစ်ပါးထဲ၌ ကျေးဇူးတော်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါးတည်းကြောင့် ကယ်တင်ခြင်းသို့ရောက်ကြရကြောင်း သမ္မာကျမ်းစာ၏ ရှင်းလင်းသောသွန်သင်ချက်ကို ကျွန်ုပ်ကိုယ်တိုင် လက်ခံယုံကြည်ထားသူဖြစ်သည်။ ကျမ်းချက်များစွာကို လွဲမှားစွာအနက်ဖွင့်ဘာသာပြန်ဆိုခြင်းကြောင့်ဖြစ်ပေါ်လာသည့်အလွန်ဝမ်းနည်းဖွယ်ကောင်းသောအချက်မှာ ထိုကျမ်းချက်များမှ ခရစ်ယာန်အသက်တာနှင့်စပ်ဆိုင်သောသမ္မာတရားများကို အနှစ်သာရပြည့်ဝလာစေရန်လုပ်ဆောင်ခြင်းကိုလျစ်လျူရှုထားခြင်းဖြင့် ကျေးဇူးတော်နှင့်ယှဉ်သောသတင်းကောင်းတရားတော်ကို ပျက်ပြားသွေဖယ်သွားစေခြင်းဖြစ်သည်။ နောက်ဆုံးသောကာလနှင့်ပတ်သက်လာပါက ဘုရားသခင်သည် ဖုံးကွယ်ထားသောပုံစံဖြင့် ပြောနေသည်ဟု ဆိုနိုင်ပါသည်သို့သော်၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအကြောင်းကိုမူရှင်းလင်းပြတ်သားစွာ ဖော်ပြပေးထားပါသည်။

ကျွန်ုပ်အနေဖြင့် လူတို့အား ကျမ်းချက်တစ်ချက်၏အဓိပ္ပါယ်ကို မိမိတို့အတွက်ကောင်းစွာချင့်ချိန်သိမြင်လာရန်ပြင်ဆင်မွမ်းမံပေးသည့် အပြောင်းအလဲမရှိတစ်သမတ်တည်းဖြစ်နေသော သမ္မာကျမ်းစာချဉ်းကပ်ပုံချဉ်းကပ်နည်း တစ်ခုကိုသရုပ်ပြလိုပါ

သည်။ ဤအရာကို *နည်းစနစ် (method)* တစ်ခုဟု ကျွန်ုပ် မခေါ်ဆိုချင်ပါ။ အံဝင်ခွင်ကျဖြစ်သော စကားလုံးမရှိသောကြောင့်ငှင်းကို *ချဉ်းကပ်ပုံချဉ်းကပ်နည်း (approach)* တစ်ခုဟုသာ ကျွန်ုပ်ခေါ်ဆိုထားသည်။ သို့သော် ဤချဉ်းကပ်ပုံချဉ်းကပ်နည်းတွင် လျှို့ဝှက်ပုံသေနည်းများ မရှိပါ။ အသင့်တော်ဆုံးအနက်ဖွင့် ဘာသာပြန်ဆိုချက်ဖြစ်ထွန်းပေါ်ထွက်လာဖို့ သမ္မာကျမ်းစာလေ့လာခြင်းနှင့်ဆိုင်သောအခြေခံစည်းမျဉ်းဥပဒေသကောင်းများကိုကျွန်ုပ်ရှေ့နေလိုက်ပြောဆိုပေးနေခြင်းသာဖြစ်သည်။ ကျွန်ုပ်၏အနက်ဖွင့်ဘာသာပြန်ဆိုထားချက်များသည်လည်း ထူးခြားမှုမရှိကြပါ။ ဤအရာအများအားသွန်သင်ပေးခဲ့သူ (သို့) ရေးသားပြုစုခဲ့သူများကို သင်တို့မြင်တွေ့ဖူး ခဲ့ကြပါလိမ့်မည်။ ကျွန်ုပ်တင်ပြဖို့ မျှော်လင့်ထားသောအရာမှာ ဤအနက်ဖွင့်ဘာသာပြန်ဆိုချက်များအား ရှုမြင်သုံးသပ်ရန် (သို့မဟုတ် စမ်းသပ်စစ်ဆေးရန်) သင်တို့အသုံးပြုနိုင်သည့်အပြောင်းအလဲမရှိတစ်သမတ်တည်းဖြစ်သော ချဉ်းကပ်ပုံချဉ်းကပ်နည်းတစ်ခုဖြစ်သည်။

ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ရွေးချယ်ထားသောကျမ်းချက်များ၏ပိုင်းခြားစိတ်ဖြာလေ့လာချက် (exegesis) (သို့) ဖြေရှင်းချက် (explanation) အားပြီးပြည့်စုံစွာပြောဆိုရေးသားရန် မဟုတ်ပါ။ လူအများကလက်ခံထားကြသည့် အနက်ဖွင့်ဘာသာပြန်ဆိုမှုအပြင် အခြားရွေးချယ်ရွေးချယ်စရာအနက်ဖွင့်ဘာသာပြန်ဆိုမှုများရှိနေကြောင်းကို စာဖတ်သူတို့အား သိမ်းသွင်းစည်းရုံးရန် လုံလောက်သောသက်သေအထောက်အထားကို ပြသပေးရန်ဖြစ်သည်။ (ဤကျမ်းချက်များမှ ကျမ်းချက်များစွာအတွက် အသေးစိတ်ရှင်းလင်းတင်ပြချက်များကို အခြားတစ်နေရာတွင် ကျွန်ုပ်ပြုလုပ်ထားပါသည်။[၂]) ကယ်တင်ခြင်းနှင့်လည်ကောင်း၊ ခရစ်ယာန်အသက်တာနှင့်လည်ကောင်းသက်ဆိုင်သည့် နားလည်ရန်ခက်ခဲသော (သို့) "ပြဿနာကျမ်းချက်များ" ဟု ကျွန်ုပ်တို့ခေါ်ဆိုကောင်းခေါ်ဆိုကြမည့်ကျမ်းချက်များ၏အနက်ဖွင့်ဘာသာပြန်ဆိုချက်များ၌ အဓိကသော့ချက်တစ်ခုဖြစ်သော်လည်း၊ လျစ်လျူရှုထားကြသည့် ကွဲပြားခြားနားချက်ကိုပြသပေးရန် မျှော်လင့်ထားပါသည်။ ထို့အပြင်၊ တိကျမှန်ကန်မှုအရှိဆုံးအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ရရှိရန် အသုံးပြုထားသောလုပ်နည်းလုပ်စဉ်ကိုလည်း ကျွန်ုပ်ပြသလိုပါသည်။ ကျွန်ုပ်နေဖြင့်အခြားအနက်ဖွင့်ရှင်းလင်းချက်ရေးသားသူများ (commentators) အားကိုးကားချက်ကို ဖော်ပြသည့် အောက်ခြေမှတ်ချက် (footnote) များဖြင့် သင်တို့ကို ရည်ရွယ်ချက်ရှိရှိဖြင့် အာရုံလွဲထားခြင်း မဟုတ်ပါ။ အကြောင်းမှာ ကျမ်းစကားအဆက်အစပ်(context) ကိုအလေးအနက်ထားလေ့လာပါက သမ္မာကျမ်းစာတို့သည် အချင်းချင်းအနက်ဖွင့်ပေးနေခြင်း

---

၂ Bing, Charles C., "Does First John Tell Us How to Know We are Saved? in *21 Tough Questions about Grace* (Allen, TX: Bold Grace Ministries, 2015), pp. 203-213; *Lordship Salvation: A Biblical Evaluation and Response*, 2nd GraceLife Edition (Burleson, TX: Xulon Press, 2014); and the Articles and GraceNotes at gracelife.org.

ကိုသင်ကိုယ်တိုင်တွေ့မြင်နားလည်သဘောပေါက်စေလိုသောကြောင့်ဖြစ်သည်။

ဓမ္မအတွေးအခေါ်အယူအဆတွင် ကျွန်ုပ်နှင့်အယူအဆချင်းအလွန်နီးစပ်သော သူများပင်လျှင် ကျွန်ုပ်၏အနက်ဖွင့်ဘာသာပြန်ဆိုချက်တိုင်းကို သဘောတူကြလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်ပြုလုပ်ပြသဖို့ကြိုးစားနေသည့် အဓိကကွဲပြားခြားနားချက်ကြီးအား သူတို့မြင်တွေ့နေသမျှ အထက်ပါသဘောထားမတိုက်ဆိုင်မှုသည် ပြဿနာမဟုတ်သကဲ့သို့ ကျွန်ုပ်မျှော်လင့်ထားသောအရာလည်းဖြစ်သည်။ သူတို့၏အနက်ဖွင့်ဘာသာပြန်ဆိုချက်များသည် ကျေးဇူးတော်နှင့်ယှဉ်သော သတင်းကောင်းတရားတော်ကိုအခမဲ့ရရှိသောအရာ၊ ရှင်းလင်းပြတ်သားသောအရာအဖြစ် ဆက်လက်ဖြစ်တည်နေစေရန်ကူညီပေးပါက သူတို့ကိုကျွန်ုပ်လက်ခုပ်သြဘာပေးပါသည်။

ကျွန်ုပ်ကမ်းလှမ်းထားသောအနက်ဖွင့်ပြန်ဆိုချက်များသည် ယခုအထိကျွန်ုပ်၏ခိုင်မာသောခံယူချက်များကို ကိုယ်စားပြုထားပြီး၊ အချို့အနက်ဖွင့်ပြန်ဆိုချက်များကို အခြားအနက်ဖွင့်ပြန်ဆိုချက်များထက် ပို၍အခိုင်အမာစွဲကိုင်ယုံကြည်ထားသော်လည်း ကျွန်ုပ်သည်၄င်းတို့ကို သမ္မာကျမ်းစာ၏သက်သေခံချက်နှင့်ပို၍ ဆီလျော်အပ်စပ်မှုရှိလာဖို့ပြုလုပ်ရာတွင် စိတ်နှလုံးကိုအမြဲဖွင့်ဟထားပါသည်။ ဤအနက်ဖွင့်ပြန်ဆိုချက်များကို ပိုမိုကောင်းမွန်ဆီလျော်လာစေမည့် ပြုပြင်မွမ်းမံမှုများကိုအကြံပြုပေးရန်နေရာအနှံ့အပြားမှ သမ္မာကျမ်းစာကျောင်းသားကောင်းများအနေဖြင့် ဝမ်းမြောက်ဝမ်းသာနေကြမည်မှာ သေချာပါသည်။

ကျွန်ုပ်သည် တပည့်တော်ဖြစ်ခြင်း (discipleship) ဟူသောအသုံးအနှုန်းကို ခရစ်ယာန်အသက်တာရှိ အရေးကြီးအကြောင်းကိစ္စများအား ရည်ညွှန်းရန်အသုံးပြုထားကြောင်းကို စာဖတ်သူသိရှိထားသင့်ပါသည်။ *လေ့လာသင်ယူသူဖြစ်လာခြင်း (matheteuo)*[၃] ဟုအဓိပ္ပါယ်ရှိသောစကားလုံးမှဆင်းသက်လာသည့် တပည့်တော်တစ်ပါး သည် ကယ်တင်ခြင်းခံထားပြီးနောက်သခင်ယေရှုခရစ်တော်နှင့် ဆက်ဆံရင်းနှီးမှုတွင် လေ့လာသင်ယူနေသော (သို့) ကြီးထွားရင့်ကျက်နေသောရပ်တည်မှုတွင်ရှိနေသောသူဖြစ်သည်။ ဤဝေါဟာရအား သမ္မာကျမ်းစာ၌အသုံးပြုထားပုံကိုကြည့်လျှင် ဆက်ကပ်အပ်နှံမှုအတိုင်းအတာပမာဏအမျိုးမျိုးကို လွှမ်းခြုံထားပါသည်။ လူအုပ်ကြီးထဲ၌ သခင်ယေရှုနောက်သို့သာမန်လိုက်လျှောက်သောသူများမှစ၍ တပည့်တော်ဆယ်နှစ်ပါးကဲ့သို့သောကိုယ်တော်နှင့်နေ့စဉ်အတူနေ ထိုင်စားသောက်သောသူများအထိပါဝင်သည်။ ကျွန်ုပ်သည် ဤအသုံးအနှုန်းကို ကယ်တင်ခြင်းရရှိပြီး နောက်၌ရှိထားရမည့် ခရစ်ယာန်အသက်တာနှင့်တာဝန်ဝတ္တရားများကိုဖော်ကျူးရန်အသုံးပြုထားပါသည်။ ၄င်းသည် ခရစ်ယာန်

၃ ဤစာအုပ်တစ်လျှောက်လုံးရှိ ဂရိစကားလုံးများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များအတွက် အဓိကရင်းမြစ်မှာ Arndt, W.; Danker, F. W.; and Bauer, W. A., *A Greek-English Lexicon of the New Testament and Other Early Christian Literature* (Chicago: University of Chicago Press, 2000) ဖြစ်သည်။

များထံ (သို့) ခရစ်ယာန်များအတွက် ရေးသားထားသော သမ္မာတရားပင်ဖြစ်သည်။

တပည့်တော် ဟူသောစကားလုံးသည် *ခရစ်ယာန်* ဟူသောစကားလုံးအတွက် ကြောင်းတူသံကွဲစကားလုံးသာဖြစ်သည်ဟု ထင်မှတ်နေကြသောသူများရှိကြောင်းကို ကျွန်ုပ်သိမြင်လာရသည်။ ဤအချက်ကို ကျွန်ုပ်သဘောမတူကြောင်း ဤစာအုပ်အား အဆုံးထိဖတ်ရှုလျှင် သင်သိရှိလာပါလိမ့်မည်။ ခရစ်ယာန်တစ်ယောက်ဆိုသည်မှာ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်အတွက်အသေခံ၍ တစ်ဖန်ရှင်ပြန်ထမြောက်ကာ ထာဝရကယ်တင်ခြင်းကို အာမခံပေးသော သခင်ယေရှုခရစ်အား ဘုရားသခင်၏သားတော်အဖြစ် ယုံကြည်သောသူဖြစ်သည် (တစ်ခါတစ်ရံတွင် ကယ်တင်ခြင်း သို့မဟုတ် ခရစ်ယာန်များကိုဖော်ညွှန်းပြောဆိုရန် ကျွန်ုပ်၏အသုံးအနှုန်းတွင် "သခင်ခရစ်တော်၌ ယုံကြည်သောသူများ"ဆိုသည့်ဖြတ်လမ်းအရေးအသားမျိုးကိုအသုံးပြုထားသည်။ မည်သို့ပင်ဆိုစေ၊ ကျွန်ုပ်၏ဆိုလိုရင်းကို သင်တို့ယခု သိနားလည်ပြီဟုထင်ပါသည်။)။ တပည့်တော်တစ်ယောက်ဆိုသည်မှာ သခင်ယေရှုခရစ်၏နောက်တော်သို့လိုက်လျှောက်ခြင်း၌လည်းကောင်း၊ ထိုသခင်ထံမှလေ့လာသင်ယူခြင်း၌လည်းကောင်း ဆက်ကပ်အပ်နှံထားသောသူကို ရည်ညွှန်းခြင်းဖြစ်သည်။ ခရစ်ယာန်တိုင်းသည် ဆက်ကပ်အပ်နှံမှုရှိ၍ ကြီးထွားရင့်ကျက်နေသောတပည့်တော်များဖြစ်ကြရမည်ဖြစ်သော်လည်း ထိုသို့လူတိုင်းမဖြစ်နိုင်ကြပါ။ ဤခွဲခြားသိမြင်ခြင်းသည် အလွန်အရေးကြီးသည်။ အကြောင်းမှာ ဤအချက်ကို ကျွန်ုပ်တို့လွဲချော်သွားခဲ့လျှင် ၎င်းသည် သတင်းကောင်းတရားတော်နှင့်စပ် လျဉ်း၍ ဧဝေဧဝါရှုပ်ထွေးနေခြင်း၊ ကယ်တင်ခြင်းစိတ်ချမှုဆုံးရှုံးခြင်း၊ ဧဝံဂေလိပြုလုပ်ခြင်းနှင့် အသင်းတော်၏သာသနာလုပ်ငန်းများ၌ ချွတ်ယွင်းအားနည်းခြင်းများကို ဖြစ်စေတတ်ပါသည်။ ခရစ်ယာန်တစ်ယောက်နှင့် တပည့်တော်တစ်ပါးကြားရှိ ကွဲပြားခြားနားချက်ကို ဖော်ပြပေးသည့် ရိုးရှင်းသော နှိုင်းယှဉ်မှုတစ်ခုကို ဖော်ပြပေးလိုက်ပါသည်။

သမ္မာကျမ်းစာကို သဘောပေါက်နားလည်ရန်အတွက် ဤကွဲပြားခြားနား

ခရစ်ယာန်	တပည့်တော်
ကယ်တင်ခြင်းသို့ရောက်ခြင်း	နောက်တော်သို့လိုက်ခြင်း
ဖြောင့်မတ်ရာသို့ရောက်ရှိပြီး	သန့်ရှင်းစင်ကြယ်ခြင်းသို့ရောက်ပြီး
ဝိညာဉ်ရေးရာဖွားမြင်ခြင်း	ဝိညာဉ်ရေးရာကြီးထွားခြင်း
အဖိုးအခမဲ့	အဖိုးအခကြီးမားသည်
သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်ယုံကြည်	သခင်ခရစ်တော်ကိုသခင်အဖြစ်ဆက်ကပ်အပ်နှံ
က သမ္မာတရား	ခ သမ္မာတရား

ချက်ကို သဘောပေါက်နားလည်ခြင်းသည် အလွန်အရေးကြီးပါသည်။ ဤစာအုပ်ကို သင်ဖတ်ရှုရာတွင် ဤနေရာ၌သင်သိရှိထားရမည့် အရာရှိသည်။ *လက်ဝဲဘက်ကော်လံကို "က" သမ္မာတရားဟူ၍လည်းကောင်း၊ လက်ယာဘက်ကော်လံကို "ခ" သမ္မာတရားဟူ၍လည်းကောင်း ကျွန်ုပ်ရည်ညွှန်းထားသည်။* ဤအရာသည် အလွန်အရေးကြီးသော ကွဲပြားခြားနားချက်ကို အလွန်ရိုးရှင်းသောနည်းလမ်းဖြင့် ဖော်ပြထားခြင်းဖြစ်သည်။ ဤကွဲပြားခြားနားချက်ကို အလားတူနည်းလမ်းအတိုင်းဖော်ပြထားခြင်းကို ကျွန်ုပ်၏ မိတ်ဆွေ Dr. David Anderson ထံမှ ပထမဆုံးအကြိမ်ကြားခဲ့ရပြီး၊ ထိုအချိန်မှစ၍ကမ္ဘာတစ်ဝှမ်း၌ သွန်သင်ပေးခြင်းများတွင် ၄င်းကိုကျွန်ုပ်အသုံးပြုခဲ့ပါသည်။ ဤအရာသည် ကျွန်ုပ်တို့နှစ်သက်သဘောကျစေခဲ့သကဲ့သို့ ကျွန်ုပ်၏ပရိသတ်များထံမှလည်း တက်ကြွထက်သန်မှုရှိလှသောတုန့်ပြန်မှုကို အမြဲရရှိစေပါသည်။ ထို့သို့ဖြစ်သောကြောင့်၊ ဤမျိုးစေ့ကိုကြဲခဲ့သည့် Dave ကိုကျွန်ုပ်ကျေးဇူးတင်ပါသည်။

ကျွန်ုပ်သည် ကယ်တင်ခြင်းနှင့်တပည့်တော်ဖြစ်ခြင်းတို့ကြားရှိ ကွဲပြားခြားနားချက်ကို ပြောပြသောစကားလုံးတိုင်း၊ စကားစုတိုင်း၊ စာပိုဒ်တိုင်းကို ကျွန်ုပ်ဆွေးနွေးတင်ပြနိုင်မည်မဟုတ်သကဲ့သို့ ကျွန်ုပ်ခြုံငုံတင်ပြထားသောကျမ်းချက်တိုင်း၏ ပိုင်းခြားစိတ်ဖြာလေ့လာ ချက်ကို ပြီးပြည့်စုံစွာအကုန်အစင်တင်ပြနိုင်မည် မဟုတ်ပါ။ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ စကားလုံး (သို့) ကျမ်းချက်သည် ကယ်တင်ခြင်းဆိုင်ရာကျမ်းစကားအဆက်အစပ်၌ အသုံးပြုထားခြင်းလား (သို့) တပည့်တော်ဖြစ်ခြင်းဆိုင်ရာကျမ်းစကားအဆက်အစပ်၌အသုံးပြုထားခြင်းလားဆိုသည့်အချက်ကို ကျွန်ုပ်တို့ရှင်းရှင်းလင်းလင်းခွဲခြားသိမြင်သည်အထိသာ ကိုင်တွယ်ဖြေရှင်းရန်ဖြစ်သည်။ ဆိုလိုသည်မှာ ၄င်းသည် က သမ္မာတရားလား၊ ခ သမ္မာတရား လားဟူသောအချက်ကို ခွဲခြားသိမြင်နိုင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့ရှေ့ဆက်မသွားမီတွင် နောက်ထပ်မှတ်သားထားရမည့်အရာတစ်ခုရှိပါသေးသည်။ ဧဝံဂေလိတရားတော်အား ကျွန်ုပ်နားလည်သဘောပေါက်ပုံ၌ အခြေခံ၍လည်းကောင်း၊ သတင်းကောင်းတရားတော်၏ ပဓာနကျသည့် ယုံကြည်ချက်ရေသောက်မြစ်ဖြစ်သောယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ကျေးဇူးတော်တစ်ပါးတည်းကြောင့် ကယ်တင်ခြင်းရရှိရသည်ဟူသော အချက်တွင်အခြေခံ၍လည်းကောင်း၊ သခင်ခရစ်တော်အား ယုံကြည်လက်ခံသော သူတို့သည် အစဉ်ထာဝရလုံခြုံနေကြကြောင်းကို ကျွန်ုပ်ယုံကြည်ပါသည်။ တစ်စုံတစ်ယောက်သည် ကယ်တင်ခြင်းကို ထိုက်ထိုက် တန်တန်ရရှိဖို့မည်သည့်အရာကိုမျှ မလုပ်ဆောင်နိုင်လျှင်၊ ထိုသူသည် ကယ်တင်ခြင်းကို လက်လွတ်ဆုံးရှုံးဖို့ မည်သည့်အရာကိုမျှ မလုပ်ဆောင်နိုင်ပါ။ ဤအချက်သည် ဤမျှလောက်ရိုးရှင်းပါသည်။ ဤအရာသည် ကျေးဇူးတော် သက်သက်ကြောင့်သာဖြစ်သည်။ ဤအရာသည် မည်သည့်အခါတွင်မျှ ထိုက်ထိုက်တန်တန်ရရှိနိုင်သောအရာ (သို့) ရသင့်ရထိုက်သောကြောင့်ရရှိနိုင်သောအရာ မဟုတ်ပါ။ ထို့အပြင်၊ ဤအရာသည် သခင်ခရစ်တော်အား

ယုံကြည်လက်ခံသောသူများအားလုံးထံ၌ ထာဝရအသက်ရစေရမည်ဟူသော ၄င်း၏ ကတိတော်တွင်လည်း အခြေအနေသတ် မှတ်ချက်များကိုတောင်းဆိုပြ ဌာန်းထားခြင်း မရှိပါ။ မှန်ပါသည်။ အခြားတစ်နေရာ၌[၄] ကျွန်ုပ်ပြုလုပ်ခဲ့သည့်အတိုင်း ဤနေရာတွင် ရှည်လျားသည့် သမ္မာကျမ်းစာနှင့် ညီညွတ်သော ငြင်းခုန်ချေပမှုကို ကျွန်ုပ်ပြုလုပ်နိုင်ပါသည်။ ထို့ကြောင့်၊ ဤစာအုပ်တွင်ကယ်တင်ခြင်းသည် စိတ်ချလုံခြုံလျှက်ရှိသည်ဟူသော ရပ်တည်ချက်ကိုယူဆလက်ခံထားမည်ဖြစ်သည်။ သို့သော်၊ ဤအချက်သည် ကျွန်ုပ်နှင့်သဘောထားချင်းမတိုက်ဆိုင်သောသူများအား ဤစာအုပ်ဖတ်ရှုရန်ဟန့်တားခဲ့မည်မဟုတ်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ အမှန်ဆိုရလျှင် က သမ္မာတရား ခ သမ္မာတရား ချဉ်းကပ်ပုံချဉ်းကပ်နည်းသည် ကယ်တင်ခြင်းဆုံးရှုံးနိုင်သည်ဟုပြောနေသယောင်ထင်မှတ်ရသောကျမ်းချက်များကို ကြိမ်ဖန်များစွာတိုက်ရိုက်ကိုင် တွယ်ဖြေရှင်းပေးပါလိမ့်မည်။ အကယ်၍ အစဉ်ထာဝရလုံခြုံစွာရှိခြင်းသည် ယုံကြည်သူများအား အပြစ်ဒုစရိုက်ကို ကျူးလွန်ကြဖို့ အားပေးအား မြှောက်ပြုသည်ဟု သင်ထင်မှတ်လျှင် ဤစာအုပ်ရှိအနက်ဖွင့်ဘာသာပြန်ဆိုချက်အချို့ကို သင်ဖတ်ရှုဖို့ အသေအချာလိုအပ်နေပါသည်။ ကျွန်ုပ်ကိုင်တွယ်ဖြေရှင်းထားသောကျမ်းချက်များသည် နာခံမှုမရှိသော ယုံကြည်သူများအတွက် လေးနက်ပြင်းထန်သော အကျိုးဆက်များပါဝင်ပတ်သက်နေသည့်ကျမ်းချက်များဖြစ်ကြသည်။

❐

---

၄ နောက်ဆက်တွဲ ရှင်းလင်းချက် ၁ – အစဉ်ထာဝရလုံခြုံနေခြင်း (Eternal Security) ကိုကြည့်ရှုပါ။

အပိုင်း

၁

က သမ္မာတရား ခ သမ္မာတရား၏ ကွဲပြားခြားနားမှုကို သဘောပေါက်ခြင်း

အပိုင်း

၁

ဓမ္မသစ်ကျမ်းရှိကွဲပြားခြားနားချက်များကို နားလည်သဘောပေါက်ခြင်းသည် အဘယ့်ကြောင့်အရေးကြီးပုံ

သေးငယ်သောကွဲပြားခြားနားချက်များသည် ကြီးမားသော ထူးခြားပြောင်းလဲမှုတစ်ခုကိုပြုလုပ်ဖန်တီးနိုင်ကြပါသည်။ အက္ခရာစာလုံးတစ်လုံးက ပြုလုပ်ဖန်တီးနိုင်သောထူးခြားပြောင်းလဲမှုကို စဉ်းစားသုံးသပ်ကြည့်ပါ။ "a" ဟူသော အက္ခရာစာလုံးလေးသည် ဘုရားရှိကြောင်းကို ယုံကြည်သူ (theist) တစ်ဦးအား ဘုရားရှိကြောင်းကို မယုံကြည်သူ (atheist) တစ်ဦးအဖြစ်သို့ ပြောင်းလဲနိုင်သကဲ့သို့ကိုယ်ကျင့်သိက္ခာရှိသောသူ (moral) တစ်ဦးကို ကိုယ်ကျင့်သိက္ခာကင်းမဲ့သောသူ (amoral) တစ်ဦးအဖြစ်သို့ပြောင်းလဲနိုင်ပါသည်။ Mark Twain က "သင့်တော် မှန်ကန်သောစကားလုံးနှင့်သင့်တော်မှန်ကန် လုနီးပါးစကား လုံးတို့၏ခြားနားချက်သည်လျှပ်စီးပြက်ခြင်းနှင့် ပိုးစုန်းကြူးတို့ကြားရှိ ခြားနားချက်ပင်ဖြစ်သည်" ဟုပြောခဲ့သည်။[1]

သမ္မာကျမ်းစာကို နားလည်သဘောပေါက်ခြင်းနှင့်စပ်လျဉ်း၍သမ္မာကျမ်းစာရေးသားပြုစုသူအချို့က အလွန်အရေးပါသောကွဲပြားခြားနားချက်များကို မီးမောင်းထိုးအလေးအနက်ထားပြောဆိုခဲ့ကြသည်။ ပရောဖက်ပြုထားသော သခင်ယေရှုခရစ်တော်အားမျှော်လင့်စောင့်စားခြင်းအကြောင်းကို ငြင်းခုံချေပရန်စကားလုံးတစ်လုံး၏အများကိန်းနှင့်အနည်းကိန်းတို့၏ခြားနားချက်ကို ရှင်ပေါလုကသိမြင်နားလည်ထားပါသည်။

> *"ဂတိတော်တို့ကို အာဗြဟံနှင့်သူ၏အမျိုးအနွယ်၌ထားတော်မူ၏။ အမျိုးအနွယ်တို့ဟု အများသောသူတို့ကို ရည်မှတ်၍ မိန့်တော်မူသည်မဟုတ်။ သင်၏အမျိုးအနွယ်ဟု တယောက်သောသူကို ရည်မှတ် ၍မိန့်တော်မူ၏။ ထိုတယောက်သောသူကား ခရစ်တော်ဖြစ်သတည်း။" (ဂလာတိ ၃း၁၆)*

ဟေဗြဲဩဂဒစာပြုစုရေးသားသူကလည်း မောရှေ၏ပဋိညာဉ်တရားကို ပဋိညာဉ်တရားသစ်ဖြင့် အစားထိုးခြင်းအမှုအတွက် မိမိ၏ငြင်းခုန်ချေပချက်ကို စကားလုံးတစ်လုံးအပေါ်တွင်သာအခြေပြုထားပါသည်။

---

၁ Letter to George Bainton, October 15, 1888.

"ပဋိညာဉ်တရားသစ်ဟူ၍ မိန့်တော်မူသည်တွင် ပဌမပဋိညာဉ်တရား ကို ဟောင်းစေတော်မူ၏။ ရွှေ့လျော့၍ ဟောင်းသောအရာမည်သည်ကား၊ ကွယ်ပျောက်ခြင်းသို့ရောက်လုနီးသတည်း။" *(ဟေဗြဲ စး၁၃)*

စကားလုံးတစ်လုံးအဆင့်တွင်ဖြစ်စေ၊ ကျမ်းပိုဒ်ငယ်တစ်ပိုဒ်အဆင့်တွင်ဖြစ်စေ၊ ဆက်စပ်ပတ်သက်နေသော ကျမ်းချက်တစ်ခုလုံး (ကျမ်းပိုဒ်အစုအဖွဲ့တစ်ခု) အဆင့်တွင်ဖြစ်စေကျမ်းတစ်ကျမ်းလုံးအဆင့်တွင်ဖြစ်စေ၊ စကားလုံးတစ်လုံးကပြုလုပ်နိုင်သောကွဲပြားခြားနားချက်ကို မြင်တွေ့ရန်မှာအလွန်အရေးကြီးသည်။

ခွဲခြားခြင်းများကိုမပြုလုပ်ထားသည့် လက်ခံယူဆချက်များမှရောက်ရှိလာသည့် ရှုပ်ထွေးမှု– Confusion from assumption without distionctions

ကျွန်ုပ်တို့အတော်များများသည် ခရစ်ယာန်သွန်သင်ချက်ဩဇာလွှမ်းမိုးမှုအောက်တွင် ကာလအတန်ကြာရှိနေခဲ့ကြပြီး၊ ကျွန်ုပ်တို့သည် စဉ်းစားဆင်ခြင်မှုကင်းမဲ့သော လက်ခံယူဆချက်များကို ပြုလုပ်တတ်ကြသည်။ ဥပမာ၊ ခရစ်ယာန် တစ်ယောက်က "ကျွန်ုပ်တို့ကယ်တင်ခြင်းဘယ်လိုရရှိရမလဲဆိုတာကို ပြောပြဖို့သမ္မာကျမ်းစာကိုစီရင်ရေး သားခဲ့တာဖြစ်တယ်" ဟု ပြောဆိုခြင်းမျိုးကို သင်ကြားကောင်းကြားခဲ့ပေလိမ့်မည်။ အပြင်ပန်းသဘောသဘာဝအားဖြင့်ကြည့်လျှင် ထိုပြောဆိုချက်သည် လက်ခံနိုင်ဖွယ်ဖြစ်သောထုတ်ဖော်ပြောဆိုမှုတစ်ခုဟုထင်မှတ်ရသည်။ သို့သော်၊ ထိုပြောဆိုချက်သည် အမှန်တကယ်တိကျမှန်ကန်မှုရှိပါသလား။ "ကျွန်ုပ်တို့" ဟူသောအသုံးအနှုန်းသည် မည်သူတို့ကိုရည်ညွှန်းထားပါသနည်း။ အကယ်၍ "ကျွန်ုပ်တို့"သည် ခရစ်ယာန်များဖြစ်ကြလျှင် ကျွန်ုပ်တို့မှာ ကယ်တင်ခြင်းသို့ရောက်ရှိခဲ့ကြပြီးဖြစ်နေသည်။ ထို့အပြင် "ကယ်တင်ခြင်းသို့ရောက်ခြင်း" ဟူသောစကားလုံး၏အဓိပ္ပါယ်သည် အပယ်ငရဲမှကယ်တင်ခြင်းခံရခြင်းဟု ယူဆထားသည်။ သို့သော်၊ အမှန်ဆိုရလျှင် သမ္မာကျမ်းစာသည် ခရစ်ယာန်ဖြစ်ကြသောကျွန်ုပ်တို့ကို ထိုထက်ပို သောအရာများပြောပြဖို့ကို စီရင်ရေးသားခဲ့ခြင်းဖြစ်သကဲ့သို့ ကျွန်ုပ်တို့တွေ့မြင်ကြရမည့်အတိုင်း ထိုသမ္မာကျမ်းစာသည် "ကယ်တင်ခြင်းသို့ရောက်ခြင်း" ဟူသော စကားလုံးကို မတူကွဲပြားသောနည်းလမ်းများဖြင့် အသုံးပြုထားပါသည်။

ဓမ္မသစ်ကျမ်းမှ ကျမ်းချက်များစွာကို နောက်ပိုင်းတွင်ကျွန်ုပ်တို့လေ့လာသုံးသပ်သွားကြမည်ဖြစ်သောကြောင့် ဓမ္မဟောင်းကျမ်းတွင်လည်း ဤ(အမျိုးအစား အလိုက်)ခွဲခြားခြင်းများ၏အရေးပါပုံကိုမြင်တွေ့နိုင်ရန် ဓမ္မဟောင်းကျမ်း ဥပမာတစ်ခုကို လေ့လာကြည့်ကြပါစို့။ တစ်စုံတစ်ယောက်က အပြစ်ကျူးလွန်ခြင်း၊ အပယ်ငရဲကျခြင်နှင့်စပ်လျဉ်း၍သတိပေးချက်တစ်ခုအနေဖြင့် "ပြစ်မှားသောဝိညာဉ်သည်အသက်သေရမည်" ဟုပြော

ထားသော ယေဇကျေလ ၁၈း၄ အားကိုးကားခဲ့သည်ကို သင်ကြားကောင်းကြား ခဲ့ပါလိမ့်မည်။ သို့သော်၊ ယေဇကျေလသည် မယုံကြည်သူများထံ၌ ဧဝံဂေလိနှင့်ယှဉ် သောတရားဒေသနာတစ်ခုကို ဟောပြောနေခဲ့ပါသလား (သို့) ယုံကြည်သူများ – အနည်းဆုံးဘုရားသခင်၏ လူများဖြစ်ကြသည့် ယုဒလူများထံ၌ပြောဆိုနေခဲ့ပါသလား။ မယုံကြည်သူများကို လိပ်မူပြောဆိုနေခဲ့လျှင် အပြစ်ရှိသောလုပ်ရပ်များက ၄င်းတို့ကို အပယ်ဂဲလ်သို့ ပို့ဆောင်မည်ဖြစ်သည်ဟု သူပြောနေခြင်းဖြစ်ပါသလား။ ဘုရားသခင်၏ လူများထံ၌ ပြောဆိုနေခြင်းဖြစ်ခဲ့လျှင်ထို့သတိပေးချက်အားဖြင့် မည်သည့်အရာကိုသူဆိုလိုနေပါသနည်း။ ကျမ်းစကားအဆက်အစပ်၌ ယေဇကျေလက "သေသည်" ဟူသောစကားလုံးဖြင့်မောရှေ၏ပညတ်တရားကိုချိုးဖောက်ခြင်း ၏အကျိုးဆက်အနေဖြင့် ထာဝရသခြင်းကို ဖော်ညွှန်းနေပါသလား (သို့) ရုပ်ခန္ဓာသေခြင်းကို ဖော်ညွှန်းနေပါသလား။ ဤကျမ်းချက်အား သင့်တင့်လျောက်ပတ်စွာ အနက်ဖွင့်ဘာသာပြန်ဆိုဖို့ဆိုလျှင် ကျမ်းစကားအသွားအလာတစ်ခုလုံးနှင့် အစပြု၍ စကားလုံးတစ်လုံးချင်း၌ အဆုံးသတ်သည့် ဂရုတစိုက်လေ့လာစူးစမ်းခြင်းများကို လိုအပ်သည်။ ဤဥပမာတွင် ဘုရားသခင်သည် ဣသရေလလူမျိုးတစ်ဦးချင်းအား ၄င်းတို့၏ဘိုးဘေးများအပြစ်ကြောင့် မဟုတ်ဘဲ၊ ၄င်းတို့၏ကိုယ်တိုင်ကျူးလွန်သောအပြစ်များအတွက် တာဝန်ယူတာဝန်ခံရမည်ဖြစ်ကြောင်းကို သတိပေးနေခြင်းဖြစ်ကြောင်း ကျမ်းစကားအဆက်အစပ်က ဖော်ပြသထားသည်။ ပြင်းထန်သောမနာခံမှုနှင့် ရုပ်တုကိုးကွယ်ခြင်းများအတွက် ဤကျမ်း စကားအဆက်အစပ်တွင်ဖော်ပြထားသည့်ပြစ်ဒဏ်မှာ ရုပ်ခန္ဓာသေခြင်းဖြစ်သည်။ ထို့ကြောင့်၊ ဤကျမ်းချက်ကိုယနေ့၌ အပြစ်ကျူးလွန်နေကြသော မယုံကြည်သူများနှင့် ဆက်စပ်၍သော်လည်းကောင်း၊ ယုံကြည်သူများနှင့်ဆက်စပ်၍သော် လည်းကောင်း အသုံးပြုခြင်းသည် အလွန်ရှုပ်ထွေးစေပါသည် (အကြောင်းမှာ လူတိုင်းအပြစ်ကျူးလွန်ကြသောကြောင့် ဖြစ်သည်)။

ဂျာမန်ရောမင်ကက်သလစ်ဘုန်းကြီးတစ်ပါးဖြစ်ခဲ့သူ Martin Luther က ရောမဩဝါဒစာ၌ တရားနည်းဥပဒေနှင့်ဆိုင်သောဖြောင့်မတ်ခြင်း (forensic justification) နှင့် အဆင့်ဆင့်တိုးတက်ပြောင်းလဲနေသော သန့်ရှင်းစင်ကြယ်ခြင်း (progressive sanctification) တို့ကြားရှိ ကွဲပြားခြားနားချက်ကိုတွေ့မြင်ခဲ့ချိန်၌ ပရိုတက်စတင့်ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုကြီးစတင်ခဲ့သည်။ တစ်ဖန်၊ (အတန်းအစားအလိုက်) ခွဲခြားသိမြင်ခြင်းများသည် အလွန်အရေးကြီးပါသည်။

သမ္မာကျမ်းစာ၌ရှိသော ကျိုးကြောင်းခိုင်လုံသည့် ကွဲပြားခြားနားချက်များကို သတိပြုမိရန်ပျက်ကွက်ခြင်းသည် ဧဝံဂေလိတရားတော်အား လိုရာဆွဲ၍မမှန်မကန်ရှုမြင်မှုများ၊ ကယ်တင်ခြင်းစိတ်ချမှုဆုံးရှုံးခြင်း၊ ဥပဒေပညတ်အတိုင်း လိုက်ပါလွန်းသောဝါဒ (legalism) နှင့်ခရစ်ယာန်တို့သည် ၄င်းတို့၏ကယ်တင်ခြင်းကို ဆုံးရှုံးနိုင်သည်ဟူသောအယူအဆများကိုဖြစ်ပေါ်စေသည်မှာ ဝမ်းနည်းဖွယ်ရာအတိဖြစ်သည်။ ရှင်းလင်းတိကျမှု

မရှိသော (သို့) မှန်ကန် မှုမရှိသော ဧဝံဂေလိတရားဒေသနာသည် လူတို့ကိုထာဝရကယ်တင်ခြင်းရရှိခြင်းမှ ဆီးတားနေမည်ဖြစ်သောကြောင့် ဤအချက်သည် အလွန်လေးနက်ပြင်းထန်ပါသည်။ ထို့အပြင်၊ ဤအကြောင်းကိစ္စအချို့၌ ခရစ်ယာန်များစိတ်ဝမ်းကွဲနေကြခြင်းသည်လည်း အလွန်ဝမ်းနည်းဖွယ်ကောင်းပါသည်။ ကာလဗင်အယူဝါဒီများ (Calvinists) နှင့် အာမေးနီးယပ်ဝါဒီများ (Arminians) တို့ကြား၌လည်းကောင်း၊ နှစ်တစ်ထောင်အုပ်စိုးခြင်းမရှိဟူသောဝါဒီများ (Amillemialists) နှင့် နှစ်တစ်ထောင်အုပ်စိုးခြင်းမတိုင်မီ ခရစ်တော်ဒုတိယအကြိမ်ကြွဆင်းမည်ဟူသောဝါဒီများ (Premillennialist) တို့ကြား၌ လည်းကောင်း၊ ပဋိညာဉ်ခမ္ဓအတွေးအခေါ်ဝါဒီများ (Covenant theologians) နှင့် ခေတ်ကာလအပိုင်းအခြားအလိုက်ကွဲပြားသောစည်းမျဉ်းဥပဒေဖြင့် ဘုရားသခင်စီမံခန့်ခွဲသည်ဟူသောဝါဒီများ (Dispensalionalists) များကြား၌လည်းကောင်း၊ သခင်ခရစ်တော်ကိုကယ်တင်ရှင်အဖြစ်ယုံကြည်၍ အရှင်သခင်အဖြစ်ဆက်ကပ်အပ်နှံမှုရှိသောကယ်တင်ခြင်းဝါဒကိုစွဲကိုင်သောသူများ (Lordship Salvationists) နှင့် ယုံကြည်ခြင်းသည်ကယ်တင်ခြင်း သို့ရောက်ရှိရန် အတွက်လိုအပ်သည့် တစ်ခုတည်းသောအရာဖြစ်သည်ဟူသော အခမဲ့ကျေးဇူးတော်အယူအဆကိုထောက်ခံသူများ (Free Grace Adherents) ကြား၌လည်း ကောင်းဆက်လက်၍ဖြစ်ပေါ်နေသည့်သဘောထားကွဲလွဲမှုများကို စဉ်းစားသုံးသပ်ကြည့်ပါ။

သမ္မာကျမ်းစာအနက်ဖွင့်ပြန်ဘာသာဆိုခြင်း၌ "က" သမ္မာတရားနှင့် "ခ" သမ္မာတရားကိုကောင်းစွာသိမြင်ရန်ပျက်ကွက်ခြင်း၏စိတ်မကောင်းဖွယ် အခြားအကျိုးဆက်တစ်ခုမှာ ခရစ်ယာန်အသက်တာနှင့်ဆက်စပ်နေသည့် သမ္မာကျမ်းစာ၏ကြွယ်ဝပြည့်စုံသောသွန် သင်ချက်ကို လျစ်လျူရှုခံရခြင်းဖြစ်သည်။ **က** သမ္မာတရားနှင့် **ခ** သမ္မာတရားတို့အားခွဲခြားသတ်မှတ်ခြင်း မရှိလျှင် ခရစ်ယာန်တာဝန်ယူမှုတာဝန်ခံမှုရှိခြင်းနှင့်လည်းကောင်း၊ ဆုလာဒ်များနှင့်လည်းကောင်း၊ ဘုရားသခင်နှင့်နီးစပ်ကျွမ်းဝင်သောဆက်ဆံရင်းနှီးမှုနှင့်လည်းကောင်း သက်ဆိုင်နေသောကျမ်းချက်များ စွာကိုမသိကျိုးကျွန်ပြုမိရန်မှာ အလွန်လွယ်ကူပါသည်။ ထိုသို့ပြုလုပ်မိခြင်း၏အကျိုးဆက်များသည် ယခုပစ္စုပ္ပန်၌လည်းကောင်း၊ထာဝရကာလ၌လည်းကောင်းခံစားရမည့် သဘောသဘာဝကိုဆောင်ထားကြသည်။

က သမ္မာတရားနှင့် ခ သမ္မာတရားတို့ကြားရှိ ကွဲပြားခြားနားချက်ကို ကျွန်ုပ်၏ကိုယ်တိုင်ဂရုတစိုက်လေ့လာ စူးစမ်းခြင်းက ဧဝံဂေလိတရားတော်နှင့် ခရစ်ယာန်အသက်တာတို့အား အခမဲ့ကျေးဇူးတော်အယူဝါဒ (Free Grace) ရှုထောင့်မှရှုမြင်ရန် ကျွန်ုပ်ကိုပို့ဆောင်လမ်းပြခဲ့သည်။[၆] လူတို့ကကျွန်ုပ်အား အခမဲ့ကျေးဇူတော်ရပ်တည်ချက်သို့မည်

---

၆ နောက်ဆက်တွဲ ရှင်းလင်းချက် ၂ ရှိ "အခမဲ့ကျေးဇူးတော် ခမ္ဓတွေးခေါ်ယူဆချက်မှာ အဘယ်နည်း" ကိုကြည့်ပါ။

သည့်အချိန်၌ "ပြောင်းလဲ"သွားခဲ့ကြောင်းကို မေးခဲ့ကြသည်။ ကျွန်ုပ်ကလည်း ထိုသို့ "ပြောင်းလဲ"ခြင်းမရှိခဲ့ကြောင်း၊ ကျွန်ုပ်၏စိတ်သဘောထားကို အခြေခံကျကျပြောင်းလဲနိုင်ခဲ့သောသူတစ်ယောက်ယောက်၏ဩလွန်းမိုးမှုအောက် တွင်ကျွန်ုပ်နေထိုင်ခဲ့ဖူးခြင်းလဲမရှိပါစသည်ဖြင့်တုန့်ပြန်ခဲ့သည်။ လူငယ်တစ်ဦးအဖြစ်နှင့် ကျွန်ုပ်ခရစ်ယာန်ဖြစ်လာခဲ့သည့်အချိန်မှစ၍ ဘုရားသခင်ကမိမိ၏နှုတ်ကပတ်တော်၌ ပြောပြထားသောအရာများကိုသာ ကျွန်ုပ်သိချင်နေခဲ့ပါသည်။ ထိုပန်းတိုင်ကို အစပထမတွင် ကျွန်ုပ်တစ်ကိုယ်တော်လေ့လာလိုက်စားခဲ့ပြီး၊ နောက်ပိုင်းတွင် ကျမ်းစာကောလိပ်နှင့်တက္ကသိုလ်တို့၌တက်ရောက်ခြင်းအားဖြင့် လေ့လာလိုက်စားခဲ့ပါသည်။ သမ္မာကျမ်းစာအား ၄င်း (သမ္မာကျမ်းစာ) ကိုယ်တိုင်ပြောဆိုစေမည်ဆိုလျှင်၊ ၄င်းသည်သတ်သတ်မှတ်မှတ်ရှိသော သမ္မာတရားများနှင့် ကွဲပြားခြားနားချက်များကို ကိုယ်တိုင်ရွေးထုတ်ဖြေရှင်းပေးပါသည်။

ကျွန်ုပ်၏ရည်ရွယ်ချက်ပန်းတိုင်မှာ ခမ္မတွေးခေါ်ယူဆချက်များနှင့်ဆိုင်သောဖန်တီချက်များ၊ အစဉ်အလာ အတိုင်းယုံကြည်သက်ဝင်မှုများ၊ သမိုင်းနှင့်ဆိုင်သောလက်ခံယူဆချက်၊ အားနည်းချည့်နဲ့သော ငြင်းခုန်ဆွေးနွေးမှုများစသည်တို့၏တစ်ဖက်အလွန်သို့သွားပြီး၊ ဘုရားသခင်၏ရှေ့တော်၌ ရိုးသားမှုနှင့်အတူ သမ္မာကျမ်းစာပြောပြထားသောအရာကိုကြည့်ရှုမြင်တွေ့ရန်ဖြစ်သည်။ ကျွန်ုပ်သည် အခမဲ့ကျေးဇူးတော်အယူအဆကိုလက်ခံထားသူဖြစ်ကြောင်း စာအုပ်အစမှပင် ဖော်ထုတ်ပြောဆိုခဲ့ခြင်းသည် စာဖတ်သူအချို့၌ ဆီလျော်မျှတမှုမရှိသောအမြင်ကိုဖြစ်စေ၍ မမှန်ကန်သောထွက်ဆိုချက်အချို့ကိုပြန်၍အသက်သွင်းကာ အချို့သောသူတို့အား စာအုပ်ကိုချထား၍ လုံးလုံးမဖတ်သည့်အခြေအနေမျိုးကို ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်သဘောပေါက်ပါသည်။ အခမဲ့ကျေးဇူးတော်အယူဝါဒရပ်တည်ချက်ကို ယုံကြည်စွဲကိုင်ထား သောသူများနှင့်စပ်လျဉ်း၍မှားယွင်းသောသဘောထားများစွာရှိနေပါသည်။ ကျွန်ုပ်တို့အား ခရစ်ယာန်များသည် ပညတ်တရားမှလွတ်ငြိမ်းခွင့်ရကြသည်ဟု ယုံကြည်သောသူများ (antinomianism) ဟူ၍လည်းကောင်း၊ ကယ်တင်ခြင်းရရှိရန် သခင်ယေရှုကိုယုံကြည်ခြင်းသက်သက်သာလိုအပ်သည်ဟူသော လွယ်လွယ်ယုံပေါ့ပေါ့ရှင်အယူအဆ (easy-believism) ကိုယုံကြည်သောသူများဟူ၍လည်းကောင်း၊ အပြစ်ကျူးလွန်ဖို့ လုပ်ပိုင်ခွင့်လိုင်စင်ပေးသူများဟူ၍လည်းကောင်း၊ သခင်ခရစ်တော်၏အရှင်သခင်ဖြစ်ခြင်းကို မသိကျိုးကျွန်ပြုသောသူများဟူ၍လည်းကောင်း စွပ်စွဲထားကြပါသည်။ ထိုစွပ်စွဲချက်များနှင့်အတူ အခြားကောလဟာလများသည်လည်း မမှန်ကြပါ။ ၄င်းတို့သည် အခမဲ့ကျေးဇူးတော်အယူအဆရပ်တည်ချက်ကို အသရေဖျက်ဖို့ရန်ရှာကြံသောပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများသာဖြစ်ကြသည်။ သို့ဖြစ်သောကြောင့်၊ ဤစာအုပ်ကို ဆုတောင်းခြင်း၌တည်မှီသောကောင်းစွာသိမြင်နားလည်ခြင်းနှင့်လည်းကောင်း၊ ခမ္မအတွေးအခေါ်ယူဆချက်နှင့်ဆိုင်သောဖွဲ့စည်းမှုစနစ်တစ်ခုအား ထောက်ကူပေးခြင်း မဟုတ်ပဲ၊ သမ္မာကျမ်းစာက ပြောပြ

သောအရာကိုသာ ကျွန်ုပ်သိလိုသောကြောင့်ကျွန်ုပ်အား သံသယအကျိုးခံစားစေပါဟူသော ပွင့်လင်းသည့်စိတ်နှင့်လည်းကောင်း ဖတ်ရှုပါ။ ကျွန်ုပ်၏ချဉ်းကပ်ပုံချဉ်းကပ်နည်းနှင့်အနက်ဖွင့်ဘာသာ ပြန်ဆိုချက်များက သင့်ကို မဆွဲဆောင်နိုင်ခဲ့လျှင်လည်း သင့်အနေဖြင့်အနည်းဆုံးလူတစ်ယောက်ကအခမဲ့ကျေးဇူးတော်ရပ်တည်ချက်ရှုထောင့်မှ နားလည်ရန်ခက်ခဲသောကျမ်းချက်များအား မည်သို့ချဉ်းကပ်ကိုင်တွယ်သည်ကိုသိရှိနိုင်မည့်အသိအမြင်များ၍ ဉာဏ်ရည်ဉာဏ်စွမ်းရှိသောသဘောပေါက်နားလည်မှုတစ်ခုကို သင်ရရှိခဲ့ပါလိမ့်မည်။ အခမဲ့ကျေးဇူးတော်ရှုထောင့်၌ ရပ်တည်သောသူများသည် ကျမ်းပိုဒ်များကို ရိုးသားစွာကိုင်တွယ်ဖြေရှင်းသောသူများဖြစ်ကြောင်း အနည်းဆုံးသင်ယုံကြည်လက်ခံလာ၍ ထိုအရာအတွက် ၄င်းတို့အားထိုက်သင့်သော ချီးကျူးမှုကို လေးစားစွာကမ်းပေးခဲ့လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်မိပါသည်။

အနက်ဖွင့်ဘာသာပြန်ဆိုခြင်းများက ကွဲပြားခြားနားမှုကို ဖြစ်စေသည်
Interpretations make a difference

သမ္မာကျမ်းစာမှ ကျမ်းချက်များ၏အနက်ဖွင့်ပြန်ဆိုခြင်းနှင့် ပတ်သက်၍ကျွန်ုပ်တို့အားလုံးတွင် ထင်မြင်ယူဆချက်များရှိထားကြသည်။ တစ်ဦးတစ်ယောက်၏ထင်မြင်ယူဆချက်ကို မွေးစားရယူခြင်းထက် ကိုယ်တိုင်သုံးသပ်ဆင်ခြင် ထားသည့်ထင်မြင်ယူဆချက်ကို ကျွန်ုပ်ပို၍လေးစားသည်။ မည်သည့်ထင်မြင်ယူဆချက်က ဘုရားသခင်ကို ဂုဏ်အတင့်တယ်ဆုံးဖြစ်စေသနည်း။ တမန်တော် ၁၇း၁၀–၁၁တွင် ဗေရိမြို့သားများသည် ရှင်ပေါလု၏သွန်သင်ချက်ကို ခံယူ၍ ထိုသွန်သင်ချက် မှန်ကန်မှုရှိ၊ မရှိကို သမ္မာကျမ်းစာအား မိမိတို့ကိုယ်တိုင်စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ကြသောကြောင့် ချီးကျူးခံခဲ့ကြရသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်၌ထားရှိသည့် ထိုကဲ့သို့သောစိတ်သဘောထားမျိုးကို ကျွန်ုပ်လေးစားသည်။

သမ္မာကျမ်းစာနှင့် ကိုက်ညီမှုရှိသောအနက်ဖွင့်ဘာသာပြန်ဆိုခြင်းအတွက် သင့်တင့်ကောင်းမွန်သောစမ်းသပ် စစ်ဆေးမှုတစ်ခုမှာ ပေါင်းစည်းညီညွတ်နေမှု (co-hesiveness) ရှိခြင်းဖြစ်သည်။ အခြားကျမ်းပိုဒ်များနှင့် သဟဇာတ ဖြစ်မှုရှိပါသလား။ ကွဲလွဲမှုများ (သို့) ဆန့်ကျင်ဖီလာမှုများနှင့် ကင်းလွတ်ပါသလား။ ကျွန်ုပ်တို့အားလုံးသည်သမ္မာ ကျမ်းစာရှိသွန်သင်ချက်များ၏ သင့်မြတ်လိုက်ဖက်မှုကိုကြိုးစားရှာကြံကြပါသည်။ တစ်စုံတစ်ယောက်က ဓမ္မဟောင်းကျမ်းသည် ဓမ္မသစ်ကျမ်းနှင့်ကွဲလွဲဆန့်ကျင်နေသည်ဟူ၍လည်းကောင်း၊ သခင်ယေရှုသည် ရှင်ပေါလုနှင့် ကွဲလွဲဆန့်ကျင်နေသည်ဟူ၍လည်းကောင်း၊ ရှင်ပေါလုသည် ရှင်ယာကုပ်နှင့်ကွဲလွဲဆန့်ကျင်နေသည်ဟူ၍လည်းကောင်း၊ ပုံစံတူခရစ်ဝင်ကျမ်းများ (မဿဲ၊ မာကု၊ လုကာ) သည် ရှင်ယောဟန်နှင့်ကွဲလွဲဆန့်ကျင်နေသည်ဟူ၍လည်းကောင်း ပြောခဲ့လျှင် ထိုအရာသည်ကျွန်ုပ်တို့ကို

ကောင်ကဲ့သို့တွန့်လိမ်သွားစေရပါမည်။ ထိုစိတ်မသက်သာဖွယ်တင်းမာမှုကြီးနှင့် အတူကျွန်ုပ်တို့ အမှန်တကယ်ရှင်သန်နိုင်ကြပါသလား။ ကျွန်ုပ်မရှင်သန်နိုင်ပါဘူ "က" သည် "က" မဟုတ်သောအရာနှင့်မညီမျှနိုင်ပါ။ အထူးသဖြင့် ဘုရားသခင်၏နှုတ်က ပတ်တော်တွင် "က"သည်"ခ" နှင့်မညီမျှနိုင်ပါဟု ကျွန်ုပ်တို့ပြောရ ပေမည်။

အရေးကြီးဆုံးအချက်မှာ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့ကိုယ်တိုင်၌လည်းကောင်း၊ ကျွန်ုပ်တို့ဩလွမ်းမိုးနိုင်သောသူများ၌လည်းကောင်း အသက်တာပြောင်းလဲခြင်းကိုဖော်ဆောင်ရန်ကြိုးစားရုန်းကန်နေကြပါသည်။ ကျွန်ုပ်တို့ကို ဗဟုသုတအကြားအမြင်များသော (သို့) ကျွမ်းကျင်လိမ္မာသောသူများဖြစ်လာကြဖို့ သမ္မာကျမ်းစာကို စီရင်ရေးသားခဲ့ခြင်း မဟုတ်ပါ။ သခင်ယေရှုခရစ်၏ပုံသဏ္ဌာန်တော်၌ ကျွန်ုပ်တို့ကိုပြုပြင်ပြောင်းလဲရန်အတွက်စီရင် ရေးသားခဲ့ခြင်းဖြစ်သည်။ ဤစာအုပ်၌ ကျွန်ုပ်ဆွေးနွေးတင်ပြထားသောကျမ်းချက်များစွာကြောင့် တစ်ဦးတစ်ယောက်၏အမြင်သည် နေ့စဉ်ခရစ်ယာန်အတွေ့အကြုံတွင် ထူးခြားပြောင်းလဲမှုတစ်ခုကို ပြုလုပ်ဖန်တီးပါလိမ့်မည်။ မိမိတို့၌ထာဝရအသက်ရရှိပိုင်ဆိုင်ထားခြင်း ရှိ၊ မရှိ ကိုနေ့စဉ်စိုးရိမ်ကြောက်လန့်၍ သံသယစိတ်များနှင့် အသက်ရှင်သန်နေကြ သူများစွာနှင့် ကျွန်ုပ်စကားပြောခဲ့ (သို့) ဆက်ဆံခဲ့ဖူးပါသည်။ ထိုသူတို့တွင် မိမိတို့သေဆုံးသောအခါ ကောင်းကင်ဘုံ ဝင်စားရမည်ဟူသောစိတ်ချမှု မရှိခဲ့ကြပါ။

ဤအကြောင်းအရာသည် အခန်း ၁၂ ၌ ကျွန်ုပ်ဆွေးနွေးတင်ပြသွားမည့် တိုက်တွန်းလှုံ့ဆော်မှုအကြောင်း အရာဆီသို့နောက်ဆုံးတွင် ဆိုက်ရောက်စေပါသည်။ ဘုရားတရားကိုင်းရှိုင်းသောအသက်တာတစ်ခုကိုပိုင်ဆိုင်ရန် အတွက် တိုက်တွန်းလှုံ့ဆော်ပေးသောအရာအမျိုးမျိုးရှိသည်။ ကြောက်ရွံ့တုန်လှုပ်ခြင်းသည် ၄င်းတို့အနက်မှတစ်ခု ဖြစ်သော်လည်း၊ ထိုအရာသည် စာရင်း၏ထိပ်ဆုံးနေရာနှင့် မထိုက်တန်ပါ။ ချစ်ခြင်းမေတ္တာနှင့် ကျေးဇူးသိတတ်ခြင်း တို့အားဖြင့် ဘုရားသခင်အတွက် အသက်ရှင်ခြင်းသည် ဘုရားသခင်အား ပို၍စိတ်ကျေနပ်စေ၍ ကျွန်ုပ်တို့၌လည်း ကျေနပ်မှုကိုပို၍ဖြစ်စေပါလိမ့်မည်။ မိဘတိုင်းက ဤအချက်ကိုလက်ခံသဘောတူကြပါလိမ့်မည်။ သင့်ရဲ့သားသမီး တစ်ယောက်က သင့်ကိုချစ်မြတ်နိုး၍ သင့်အပေါ်၌ ကျေးဇူးသိတတ်သောစိတ်မှသင့်ကို နာခံစေလိုပါသလား (သို့) သူ့ကိုခြိမ်းခြောက်နေသောအကျိုးဆက်များကိုကြောက်ရွံ့သောစိတ်မှသင့်ကိုနာခံစေလိုပါသလား။ မည်သည့်သားသမီးက အပျော်ရွှင်ဆုံးဖြစ်၍ စိတ်ချမ်းသာကျေနပ်နေပါမည်နည်း။ ချစ်ခြင်းမေတ္တာ၊ ကျေးဇူးသိတတ်ခြင်းတို့နှင့် ပြည့်နေသောသားသမီးလား (သို့) ကြောက်ရွံ့ခြင်းနှင့်ပြည့်နေသောသားသမီးလား။ အဖြေမှာသိသာထင်ရှားနေပါသည်။ သို့သော်၊ ခရစ်ယာန်များစွာက ဤအချက်ကိုလွဲချော်နေခဲ့ကြပြီး၊ ကြောက်ရွံ့ခြင်း၌ ရှင်သန်နေကြပါသည်။ ခရစ်ယာန်အသက်တာသည် လုပ်ဆောင်ခဲ့သောအရာနှင့် မလုပ်ဆောင်ခဲ့သောအရာများအတွက် မာနထောင်

လွှားခြင်းကိုဖြစ်စေသည့် လူပ်ရှားစွမ်းဆောင်မှု၏ တွန်း ပို့မောင်းနှင်ခြင်းကိုခံရနိုင်သကဲ့သို့ လိုအပ်သလောက်လုပ်ဆောင်ခဲ့ခြင်းရှိ၊ မရှိကို သံသယဖြစ်စေသည့် လူပ်ရှားစွမ်းဆောင်မှု၏ မောင်းနှင်တွန်းပို့ခြင်းကိုလည်းခံရနိုင်သည်။ ကျေးဇူးတော်သည် ကြောက်ရွံ့ခြင်းနှင့် မရေရာမသေချာမှုများကို ပျောက်ကွယ်သွားစေပါသည်။ ကျေးဇူးတော်သည် ထိုတွန်းအား ကိုဘုရား သခင်၏ လူပ်ရှားစွမ်းဆောင်မှုအပေါ်တွင်ထားရှိပါသည်။ ကျွန်ုပ်တို့၏ လူပ်ရှား စွမ်း ဆောင်မှုအပေါ်တွင် မဟုတ်ပါ။ "က" သမ္မာတရား "ခ" သမ္မတရားချဉ်းကပ်ပုံ ချဉ်းကပ်နည်းသည် ဘုရားသခင်၏ အခမဲ့ကျေးဇူးတော်နှင့်လည်းကောင်း၊ အလိုတော်နှင့် ညီသောတိုက်တွန်းလှုံ့ဆော်မှုနှင့်လည်းကောင်း တစ်သမတ်တည်းဖြစ်နေရန်ကျွန်ုပ်တို့ ကိုကူညီပေးဖို့ မရှိမဖြစ်သောအရာတစ်ခုဖြစ်သည်။

လူပ်ရှားစွမ်းဆောင်မှု၌အခြေခံ၍ ဝိညာဉ်ရေးရင့်ကျက်ခြင်းကို တိုင်းတာခြင်း လမ်းသို့သွေဖည်သွားရန်အတွက် ခွန်အားပေးတိုက်တွန်းမှု များများစားစား မလိုအပ်ပါ။ ပညတ်ဥပဒေအကြောင်းအတိုင်း လိုက်လွန်းခြင်းဝါဒ (Legalism) သည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးမျိုးဗီဇ (DNA) ထဲတွင်ရှိနေပါသည်။ ဤအချင်းအရာကို ဓမ္မသစ်ကျမ်းတွင် ရှင်ပေါလုက ကနဦး အသင်းတော်၌ မည်သို့မကြာခဏတိုက်ခိုက်တွန်းလှန်ခဲ့သည်ကို သတိပြုပါ (ဥပမာ– တမန်တော် ၁၅၊ ရောမ၊ ဂလာတိ၊ ဖိလိပ္ပိ၊ ကောလောသဲ)။

အနက်ဖွင့်ပြန်ဆိုခြင်းရှိ မတူကွဲပြားမှုများ – Differences in interpretation

သမ္မာကျမ်းချက်များစွာကို အနက်ဖွင့်ဘာသာပြန်ဆိုဖို့ ခက်ခဲနေမှုကိုကျွန်ုပ်ဝန်ခံပါသည်။ ဓမ္မတွေးခေါ်ယူဆမှုနှင့်ဆိုင်သော ကြိုတင်ကောက်ချက်ချယူဆထားခြင်းများနှင့် သြဇာလွှမ်းမိုးခံရမှုများကြောင့် ကျွန်ုပ်တို့၏ အနက်ဖွင့်ဘာသာပြန်ဆိုမှုများ၌ အတိုင်းအတာတစ်ခုအထိ ကျွန်ုပ်တို့တိမ်းစောင်းလွဲချော်နေကြပါသည်။ သို့သော်၊ အချိန်တော်တော်များများတွင် ကျမ်းချက်တစ်ချက်၏ ဓမ္မတွေးခေါ်ယူဆမှုနှင့်ဆိုင်သော (သို့) အစဉ်အလာနှင့်ဆိုင်သော (သို့) လူကြိုက်များသောအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ကျမ်းစကားအဆက်အစပ်နှင့်သော်လည်းကောင်း၊ သမ္မာကျမ်းစာရှိအခြားသမ္မာတရားများနှင့်သော်လည်းကောင်း ဆီလျော်အပ်စပ်မှုမရှိလျှင်ပင် ခရစ်ယာန်များက ထိုအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ဆက်လက်၍တည်တံ့စေခဲ့ကြသည်။

ကယ်တင်ခြင်း၊ တပည့်တော်ဖြစ်ခြင်းနှင့်ဆက်စပ်နေသော အကြောင်းအရာနှင့် စပ်လျဉ်း၍ သမ္မာကျမ်းစာမှ ဆယ်စုနှစ်များစွာ ကျွန်ုပ်သင်ကြားပို့ချပေးလာရာတွင် ဓမ္မသစ်ကျမ်းမှ ကျမ်းချက်များစွာ၏ မတူကွဲပြားသော အနက်ဖွင့်ဘာသာပြန်ဆိုချက်များစွာနှင့်ထိတွေ့ဆက်ဆံခဲ့ရသည်။ ကျွန်ုပ်သည် ထိုသို့သောမေးခွန်းများအား မျှော်လင့်ထားဖို့ဖြစ်လာခဲ့ပြီး၊ ထိုအရာသည် ကျွန်ုပ်အားအွန်လိုင်းပေါ်၌ *Grace Note* ကိုအရင်းအမြစ်

တစ်ခုအဖြစ်နှင့် စီစဉ်ထုတ်ဝေစေခဲ့သည်။[7] မေးခွန်းများကိုပေါ်ပေါက်လာစေသော ကျမ်းချက်များစွာကို ဤစာအုပ်တွင်ကျွန်ုပ်ရှင်းလင်းထားသည်။ အခက်အခဲပြဿနာဖြစ်စေသောကျမ်းချက်တစ်ချက်အား တစ်စုံတစ်ယောက်က ချဉ်းကပ်ရာ၌တွေ့ရသောအရေးကြီးသည့်မတူကွဲပြားမှုများကို သင်တွေ့မြင်နိုင်စေဖို့ ကျွန်ုပ်နှင့်သဘောထားမတိုက်ဆိုင်သော အခြားအနက်ဖွင့်ဘာသာ ပြန်ဆိုချက်များကိုလည်း ကျွန်ုပ်တင်ပြပေးထားသည်။ အခြားသူများ၏အနက်ဖွင့်ဘာသာ ပြန်ဆိုချက်များကိုရှင်းပြဖို့ ကျွန်ုပ်မကြိုးစားပါ။ သမ္မာကျမ်းချက်များကို သင့်တင့်ကောင်းမွန်သော သမ္မာကျမ်းစာလေ့လာခြင်းနည်းစနစ်များနှင့်အတူရှင်းပြခြင်းကိုသာ စူးစိုက်ဖို့ကြိုးစားထားပါသည်။

အနက်ဖွင့်ဘာသာပြန်ဆိုချက်အချို့နှင့်စပ်လျဉ်း၍ သဘောထားမတိုက်ဆိုင်မှုများစွာရှိနေပါသည်။ တစ်ခါ တစ်ရံတွင် အလွန်လေးနက်ပြင်းထန်သောသဘောထားမတိုက်ဆိုင်မှုများရှိသည်။ သို့သော်၊ ထိုအရာသည် မတရားပြုမူ ဆက်ဆံခြင်း (သို့) ကိုယ်ချင်းစာနာမှုမရှိသော စိတ်ဓါတ်မျိုးတို့ကို မဖြစ်စေသင့်ပါ။ ကျွန်ုပ်တို့နှင့်သဘောထားကွဲလွဲသောသူများကို "မှားယွင်းသောဆရာများ" (သို့) "မိစ္ဆာဒိဋ္ဌိဝါဒီ" များဟုအမြဲလိုလို အလျင်အမြန်အမည်တပ်ခေါ်ဝေါ်တတ် ကြသည်။ ဓမ္မသစ်ကျမ်းရေးသားပြုစုသူများက "မှားယွင်းသောပရောဖက်များ" (သို့) "မှားယွင်းသောဆရာများ" ဟူသောအသုံးအနှုန်းကို အရှက်မရှိပြောင်ကျသော မိစ္ဆာဒိဋ္ဌိသွန်သင်ချက်များနှင့်အတူ ဘုရားသခင်၏သမ္မာတရားအားမလိုတမာစိတ်ဖြင့် ထိခိုက်ပျက်ပြားစေသောသူများအတွက် သီးသန့်ထိန်ချန်ထားကြသည်။ ဓမ္မသစ်ကျမ်းသည် "မှားယွင်းသောဆရာများ" (false teachers - *psuedodidaskaloi* ဟူသောအသုံးအနှုန်းအား တစ်ကြိမ်တည်းသာ အသုံးပြုထားပြီး၊ ထိုနေရာတွင် ၄င်းတို့ကို "မိစ္ဆာဒိဋ္ဌိဝါဒများ" အားသွန်သင်ပေးသောသိသာထင်ရှားစွာကယ်တင်ခြင်းမခံရသည့် "မှားယွင်းသောပရောဖက်များ"နှင့် တန်းတူပြုသတ်မှတ်ထားသည် (၂ပေ ၂း၁)။ သမ္မာကျမ်းစာ၌အသုံးပြု ထားသောအဓိပ္ပါယ်နှင့်အတူ "မှားယွင်းသောဆရာ" (သို့) "မိစ္ဆာဒိဋ္ဌိဝါဒီ" ဟူသောအသုံးအနှုန်းသည် မှားယွင်းသော်လည်း စိတ်ရင်းစေတနာကောင်းဖြင့်ပြုလုပ်ထားသော ကျမ်းချက်တစ်ချက်၏အနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ယုံကြည်စွဲကိုင်ထားသည့် ရိုးသားစစ်မှန်သော မည်သည့်ခရစ်ယာန်နှင့်မျှထိုက်တန်မှုမရှိဟု ကျွန်ုပ်ယုံကြည်သည်။ ထိုသို့သာမဟုတ်ခဲ့လျှင်၊ ကျွန်ုပ်တို့အားလုံးသည် မိစ္ဆာဒိဋ္ဌိအယူကို သွန်သင်ပေးနေကြသည့် မှားယွင်းသောဆရာများဖြစ်ခဲ့ကြလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။ အကြောင်းမှာ၊ ကျွန်ုပ်တို့အားလုံးသည် ကျမ်းချက်များ၏အနက်ဖွင့်ဘာသာပြန်ဆိုချက်များတွင် ကွဲပြားနေကြသောကြောင့်ဖြစ်သည်။ ဟောပြောသွန်သင်ခြင်း၌အလွန်ထူးချွန်သော သမ္မာကျမ်းစာဆရာအာပေါလုသည် တမန်တော်

7 GraceLife.org/GraceNotes.

ရှင်ပေါလု၏ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော အာကုလနှင့်ပြစ်ကိလတို့၏ အမှားပြင်ပေးခြင်းကို လိုအပ်ခဲ့ပါသည်။ သို့သော်၊ ထိုသို့အမှားပြင်ပေးခြင်းမတိုင်မီတွင် သူ့ကိုမှားယွင်းသောဆရာအဖြစ် မမှတ်ယူခဲ့ကြပါ။ သူသည်မှန်ကန်တိကျမှုမရှိစွာသွန်သင်ပေးခဲ့သော်လည်း အမှားပြင်ပေးမှုအတွက် စိတ်နှလုံးတံခါးကိုဖွင့်ထားခဲ့ပါသည် (တမန်တော် ၁၈း၂၆)။ သို့သော်၊ စေတနာအရင်းခံစိတ်ရှိသော ခရစ်ယာန်ဆရာတစ်ယောက်သည် ဆိုးဆိုးဝါးဝါးဒုက္ခပေးလောက်သည်အထိ မမှားယွင်းနိုင်သကဲ့သို့ အခြားခရစ်ယာန်များ၌ ပြင်းထန်သောပျက်စီးဆုံးရှုံးမှုကို မဖြစ်စေနိုင်ဟုမဆိုလိုပါ။ အာကုလနှင့်ပြစ်ကိလတို့၏ စိတ်ဓါတ်မျိုးဖြင့် ကျွန်ုပ်တို့အမှားပြင်ပေးလိုသောအရာမှာ ဤကဲ့သို့သောသွန်သင်ချက်မျိုးဖြစ်သည်။ "*ဘုရားသခင်၏ကျွန်သည်ရန်မတွေ့ရ၊ ခပ်သိမ်းသောသူတို့အား ဖြည်းညှင်းစွာပြုသောသူ၊ ဆုံးမသြဝါဒပေးခြင်းအမှု၌လိမ္မာသောသူ၊ သည်းခံနိုင်သောသူဖြစ်ရမည်။ ဆီးတားငြင်းခုံသောသူတို့ကိုနူးညံ့သိမ်မွေ့စွာဆုံးမရမည်။ သမ္မာတရားကို ဝန်ခံခြင်းအလို၄၊ နောင်တကိုဘုရားသခင်ပေးကောင်းပေးတော်မူ၍-* " *(၂တိ ၂း၂၄-၂၅)*။

ဤစာအုပ်တွင် ကျွန်ုပ်ဆွေးနွေးတင်ပြခဲ့သည့် ကျမ်းချက်များအားလုံးနီးပါး၏ အနက်ဖွင့်ဘာသာပြန်ဆိုချက်ကို လက်ခံသဘောတူသောသူများနှင့် သဘောမတူသော အခြားစာရေးဆရာများ၊ အနက်ဖွင့်ကျမ်းရေးသားပြုစုသူများ (commentators) ကိုကျွန်ုပ်ကိုးကားတင်ပြနိုင်ပါသည်။ သို့သော်လည်း၊ အခြားသူများအားအကိုးအကားပြုခြင်း၏ ငြီးငွေ့ဖွယ်လုပ်ရပ်မှ ကျွန်ုပ်ကိုယ့်ကိုယ်ကိုထိန်းချုပ်ကန့်သတ်ထားခဲ့ပါသည်။ ကျမ်းစကားအဆက်အစပ်နှင့် ကျမ်းပိုဒ် ပါအကြောင်းအရာများအား သင့်တင့်ကောင်းမွန်သောဂရုတစိုက်လေ့လာစူးစမ်းခြင်းနှင့်အတူအခွင့်သာခဲ့လျှင် ဤနှား လည်ရန်ခက်ခဲသော သမ္မာကျမ်းချက်များသည် ယေဘူယျအားဖြင့် ၄င်းတို့ဘာသာအနက်ဖွင့်ပြန်ဆိုကြမည့် အကြောင်းကို စာဖတ်သူအားကျွန်ုပ်မြင်တွေ့စေလိုပါသည်။ သို့သော်၊ ကျွန်ုပ်ဖော်ပြထားသည့်အနက်ဖွင့်ဘာသာပြန်ဆိုချက်များကို လူသိများ၍သြဇာညောင်းသောသမ္မာကျမ်းစာဆရာများကလည်း ယုံကြည်စွဲကိုင်ထားကြကြောင်းသိရှိထားဖို့စာဖတ် သူထိုက်တန်ပါသည်။[၅] ကျွန်ုပ်သည် တစ်ဖက်သားကို တိုက်ခိုက်ဖို့ (သို့) ပွတ်တိုက်၍ဒေါသထွက်စေရန်

[၅] ကျွန်ုပ်၏လေ့လာစူးစမ်းမှုတွင် က သမ္မာတရားနှင့် ခ သမ္မာတရားကို ခွဲခြားရန်တစ်သမတ်တည်းပျက်ကွက်နေကြသည့် လူသိအလွန်များသောစာရေးဆရာများနှင့် ရှင်းလင်းချက်ရေးသားပြုစုသူများသည် မတူကွဲပြားသည့်ခမ္ဘတွေးခေါ်ယူဆချက် နောက်ခံမှဖြစ်ကြပြီး၊ အများစုမှာ အာမေးနီးယပ်ဝါဒီများ (Arminians)နှင့် ပြုပြင်ပြောင်းလဲပြီးကာလဗင်အယူ ဝါဒီများ (Reformed Calvinists) နောက်ခံမှဖြစ်ကြသည်။ ဥပမာ၌ပါဝင်သောသူများမှာ Darrell Bock, James Montgomery Boice, F. F. Bruce, ArdelB. Caneday, D. A. Carson, Michael Deaver, Kenneth L. Gentry, Wayne Grudem, Michael Horton, Tim Keller, Andreas Kostenberger, John MacArthur, Jr., Scott McKnight, I. Howard Marshall, Leon Morris, Peter O'Brien, Grant Osborn, John Piper, Thomas R. Schreiner, Allen P. Stanley, John R. W. Stott, Robert Yarbrough, and Ben Witherington III တို့ဖြစ်ကြသည်။

ကသမ္မာတရားနှင့် ခ သမ္မာတရားကိုတစ်သမတ်တည်းခွဲခြားသယောင်ထင်မှတ်ရ သောသူများတွင် သူတို့ကိုယ်ကိုပြုပြင်ပြောင်းလဲပြီးကာလဗင်အယူဝါဒီများ (Reformed Calvinists) ဟူ၍လည်ကောင်း၊

လှုံ့ဆော်ဖို့ ပြုလုပ်နေခြင်းမဟုတ်ကြောင်း ထင်ထင်ရှားရှားသိစေချင်ပါသည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်ပန်းတိုင်မှာ သမ္မာကျမ်းစာအား ပွင့်လင်း၍ရိုးသားသောစုံစမ်းစစ်ဆေးခြင်းနှင့် ထိုအရာအားမည်သို့ ကိုင်တွယ်ဖြေရှင်းခြင်းသာဖြစ်သည်။

တစ်နည်းတစ်လမ်းအားဖြင့် အတိအကျမသိရှိထားလျှင် သမ္မာကျမ်းစာသွန်ပေးသူအား လုံး၏ ရိုးသားစစ်မှန်သော အရင်းခံစိတ်ကောင်းများကို အမှန်အဖြစ်ကျွန်ုပ်တို့သည် ယူဆထားကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဧဝံဂေလိတရားတော်ကို ရှင်းလင်းပြတ် သားစွာသွန်သင်ပေး၍ သခင်ခရစ်တော်နှင့်သဏ္ဌာန်တူသော ခရစ်ယာန်များကိုမွေးထုတ်လိုကြပါသည်။ ကျွန်ုပ်တို့၏ အသင်းတော်များကို မည်ကဲ့သို့သောအမည်နာမဖြင့် ပင်သတ်မှတ်ခေါ်ဝေါ်သည်ဖြစ်စေ၊ အသင်းတော်များ၏ လောကီဆန်ပြီး ဇာတိဆန်သော ပြဿနာများကို ကျွန်ုပ်တို့လက်ခံအသိအမှတ်ပြုထားကြပါသည်။ ဤပြဿနာများ၏ အဖြေသည် လူစွမ်းဆောင်မှုကိုချမှတ်ဖြစ်ပေါ်စေသည့် ဥပဒေပညတ်အတိုင်းလိုက်ပါလွန်းသောဝါဒဆီသို့ရွေ့လျားတွန်းပို့ခြင်းမဟုတ်သကဲ့သို့လုပ်ဆောင်ဖြည့်ဆည်းဖို့လိုအပ်သည့်အခြေအနေသတ်မှတ်ချက်များကို ဧဝံဂေလိတရားတော်အပေါ်၌တင်ဆောင်ခြင်းလည်း မဟုတ်ပါ။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် ကျေးဇူးတော်ကို ဘုရားတရားကိုင်းရှိုင်းသောအသက်တာ၌ရှင်သန်ရန်အတွက် တိုက်တွန်းစေ့ဆော်ပေးသောအရာအဖြစ်နှင့် ဘုရားသခင်၏ထိုချစ်ခြင်းမေတ္တာနှင့်ကျေးဇူးတော်တို့ဆီသို့ ရွေ့လျားတွန်းပို့ခြင်းဖြစ်သည်။ ထို့အပြင်၊ ထိုပြဿနာ များ၏အဖြေမှာ အပြင်ပန်းစွမ်းဆောင်မှုများကိုပို၍သတ်မှတ်လုပ်ဆောင်စေခြင်းလည်း မဟုတ်ပါ။ အတွင်းသဏ္ဌာန် ၌ပြောင်းလဲခြင်းတစ်ခုကို ပထမဦးဆုံးသက်ရောက် ဖြစ်ပေါ်စေရန် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် ကျေးဇူးတော်ကို ရက်ရက်ရောရောပေးကမ်းခြင်းသည်သာအဖြေဖြစ်သည်။ လူပ်ရှားစွမ်းဆောင်မှုကို အခြေခံသောဘာသာတရားသည် ယုံကြည်သူအချို့အားနှစ်သိမ့်ခြင်းကို ပေးတတ်ပါသည်။ ၄င်းဘာသာတရားသည် ယုံကြည်သူအချို့အား မိမိတို့၏ဝိညာဉ်ရေးနှင့်အခြားသူများ၏ဝိညာဉ်ရေးကို အမြဲလိုလိုနှိုင်းယှဉ်တိုင်းတာ၍ စီရင်ဝေဖန်မှုများပြုလုပ်ဖို့အခွင့်ပေးထားသည်။ ကယ်တင်ခြင်း (သို့) ဝိညာဉ်ရေး အခြေအနေကိုသက်သေပြ

အလယ်အလတ် ကာလ်ဗင်အယူဝါဒီများ (moderate Calvinists) ဟူ၍လည်းကောင်း၊ သမ္မာကျမ်းစာကိုအရှိအတိုင်းတိုက်ရိုက်အနက်ဖွင့်ဘာသာ ပြန်ဆိုသူများ (Biblicists) သက်သက်မျှသာဖြစ်ကြသည်ဟူ၍လည်းကောင်းခေါ်ဆိုသော သူအချို့ပါဝင်ကြသည်။ ဥပမာ၌ပါဝင်သောသူများမှာ David Anderson, Lewis Sperry Chafer, Thomas Constable, Joseph Dillow, Michael A. Eaton, Tony Evans, Zane C. Hodges, R. T. Kendall, G. H. Lang, R. Larry Moyer, Robert P. Lightner, Dwight Pentecost, Earl Radmacher, Charles C. Ryrie, Charles Swindoll, Robert N. Wilkin တို့ဖြစ်ကြသည်။

ယေဘူယျသဘောဖြင့်ကျွန်ုပ်ပြောဆိုနေကြောင်းကို အရှင်းလင်းဆုံးသိစေချင်ပါသည်။ ပထမအုပ်စုရှိ ပုဂ္ဂိုလ်များ၏သမ္မာ ကျမ်းစာအနက်ဖွင့်ဘာသာပြန်ဆိုချက်များအားလုံးကိုကျွန်ုပ်သဘောမတူဟုမဆိုလိုသကဲ့သို့ ဒုတိယအုပ်နှင့်လည်းအမြဲသဘောတူ သည်ဟု မဆိုလိုပါ။ က သမ္မာတရားနှင့် ခ သမ္မာတရား ကိုရောနှောခြင်းပုံစံ (သို့) ခွဲခြားခြင်းပုံစံကိုပြသပေးရန် တစ်ဦးတစ် ယောက်သည်အထက်ပါ စာရေးဆရာများအားမှီခိုအားထားနိုင်ကြောင်း ကျွန်ုပ်ယေဘူယျသဘောဖြင့် ပြောပြနေခြင်းမျှသာဖြစ်သည်။

သည့် သမ္မာကျမ်းစာနှင့်ညီညွတ်သော ကိုယ်ကျင့်တရားစံနှုန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍လူတစ်ဦးစီတိုင်း၏ အယူအဆများမှာမတူကွဲပြားနေနိုင်ပါသည်။ သို့သော်လည်း၊ လူပ်ရှားစွမ်းဆောင်မှုဌအခြေပြုသည့် ဥပဒေပညတ်အတိုင်းလိုက်ပါလွန်း သောသူများသည် စည်းမျဉ်းဥပဒေများကို အမြဲလိုလိုပြင်ဆင်စီစဉ်နေကြသယောင်ထင်မှတ်ရသည်။ ထိုသို့ပြင်ဆင်စီစဉ်ခြင်းအားဖြင့် သူတို့သည် စီရင်ဝေဖန်ခံရသူများထက်တစ်လှမ်းသာ၍ ရှေ့မှထွက်ပေါ်လာနိုင်ကြပါသည်။

သမ္မာကျမ်းစာအားပိုမိုသင့်တင့်ကောင်းမွန်စွာနားလည်သဘောပေါက်ခြင်းဆီသို့ – Toward a better understanding of Scripture

ကယ်တင်ခြင်း (သို့မဟုတ် ကယ်တင်ခြင်းနှင့်ဆက်နွယ်သည်ဟု မှတ်ယူထားသော) နှင့်လည်းကောင်း၊ တပည့်တော်ဖြစ်ခြင်းနှင့်လည်းကောင်း ဆက်စပ်နေသည့် နားလည်ရန်ခက်ခဲသော (သို့) အငြင်းပွားဖွယ်သမ္မာကျမ်းချက်များနှင့် စပ်လျဉ်း၍မေးခွန်းများကို ကျွန်ုပ်နှစ်ပေါင်းများစွာ ဖြေကြားလာရာတွင် နားလည်မှုလွဲခြင်းအများ စုသည် အောက်ဖေါ်ပြပါ အမှားများမှ အဓိကရောက်ရှိလာကြခြင်းဖြစ်သည်။ (၁) သမ္မာကျမ်းစာလေ့လာခြင်း အခြေခံစည်း မျဉ်းဥပဒေများကို လျစ်လျူရှုခြင်း– အထူးသဖြင့်ဘာသာစကား၏ သဘန်အဓိပ္ပါယ်နှင့်လည်းကောင်း၊ ကျမ်းစကားအဆက်အစပ်နှင့်လည်းကောင်းပတ်သက်သောအခြေခံစည်းမျဉ်းဥပဒေများကို လျစ်လျူရှုခြင်းဖြစ်သည်။ (၂) ဓမ္မတွေးခေါ်ယူဆမှုနှင့်ဆိုင်သောအစွဲထားဘက်လိုက်မှုတစ်ခုကိုဆုပ်ကိုင်ထားခြင်း– အရေးကြီးသောစကားလုံး များအတွက် ဆီလျော်အပ်စပ်မှုမရှိသောအနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အမှန်အဖြစ်ယူဆခြင်း (သို့) ကျမ်းပိုဒ်ငယ်တစ်ပိုဒ်ကိုယူ၍ ဂရုတစိုက်လုပ်ဆောင်မှုမရှိသောသက်သေပြခြင်းကိုအားကိုးအားထားပြုခြင်းကဲ့သို့သော (ဆိုလိုသည်မှာ ကျမ်းညွှန်းများကိုခိုင်လုံစွာကိုးကားသော်လည်း အဓိပ္ပါယ်ကိုပေါ့ပေါ့တန်တန်သဘောထားသည့်အလား သင့်တော်လျော်ကန်စွာ မပြုလုပ်ခြင်း)။ (၃)အစဉ်အလာ – ဤအကြောင်းအရာ (သို့) ဤကျမ်းချက်နှင့်စပ်လျဉ်း၍ခရစ်ယာန်များက သမိုင်းအစဉ်အလာတစ်လျှောက်ယုံကြည်ခဲ့ကြသည့် အယူအဆတစ်ခုကိုဆွဲကိုင် ထားခြင်း။ (၄) သမ္မာကျမ်းစာ၏သွန်သင်ချက်ကိုကိုယ်တွေ့တိုက်ရိုက်လေ့လာခြင်းဌ အခြေခံထားသည့် ခိုင်မာသောကိုယ်ပိုင် ထင်မြင်ယူဆချက်မရှိဘဲ၊ မိမိလေးစားကြည်ညိုရသောဆရာတစ်ယောက်အား သံယောင်လိုက်ခြင်းတို့ဖြစ်သည်။

ကျွန်ုပ်တို့၏အနက်ဖွင့်ဘာသာပြန်ဆိုချက်များဌ အစွဲထားဘက်လိုက်မှုများရှိနေကြသည်ကို ကျွန်ုပ်တို့အားလုံး ဝန်ခံကြပါစို့။ သို့သော်၊ နောက်ဆုံးစမ်းသပ်စစ်ဆေးပေးမည့်အရာမှာ သင့်တင့်လျောက်ပတ်စွာ အနက်ဖွင့်ဘာသာပြန်ဆိုပြီးနောက်ထွက်ပေါ်လာသည့် သမ္မာကျမ်းစာပြောပြထားသောအရာဖြစ်ရမည်ဖြစ်သည်။ ကျွန်ုပ်၏

အနက်ဖွင့် ဘာသာပြန်ဆိုထားချက်များကိုပြောင်းလဲပြင်ဆင်ဖို့ ကျွန်ုပ်လိုလိုလားလားရှိနေပါသည်။ သို့သော်၊ သမ္မာတရား အချို့သည်အလွန့်အလွန်ရှင်း လင်းပြတ်သားနေကြသောကြောင့် ၄င်းတို့မှတစ်ပါးအခြားအရာကို ယုံကြည်လက်ခံလာဖို့ ကျွန်ုပ်ကို အလွယ်တကူစည်းရုံးသိမ်းသွင်း၍ရနိုင်မည် မဟုတ်ပါ။ ဥပမာ၊ ကျွန်ုပ်သည် သခင်ယေရှုခရစ်၏ဘုရားဖြစ်ခြင်းနှင့် လူသားဖြစ်ခြင်းအရာတို့ကိုလည်းကောင်း၊ လူသားအားလုံးကိုယ်စား ကိုယ်တော်ရှင်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့၏ပြည့်စုံလုံလောက်မှုရှိခြင်းကိုလည်းကောင်း အခိုင်အမာယုံကြည်လက်ခံထားသည်။ ကျွန်ုပ်သည် ကယ်တင်ခြင်းအမှုဌ ဘုရားသခင်၏ကျေးဇူးတော်မှာ အခမဲ့ဖြစ်ခြင်းကိုလည်း အခိုင်အမာယုံကြည်ပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် လူသားလုပ်ဆောင်ချက်များ၊ စွမ်းဆောင်ချက်များ၊ ကောင်းမှုကုသိုလ်တို့ကို တောင်းဆိုပြဌာန်းထားခြင်း မရှိပါ။ ထို့ကြောင့်၊ ကျွန်ုပ်သည်ထိုကယ်တင်ခြင်းလုံခြုံစိတ်ချစွာရှိနေမှုကိုလည်း အခိုင်အမာ ယုံကြည်ထားသည်။ ဤအရာများသည် အလွန်ရှင်းလင်းသိသာနေသော သမ္မာတရားများဖြစ်ကြသည်။

ကျွန်ုပ်တို့အားလုံးသည် ရည်မှန်းချက်ပန်းတိုင်တစ်ခုကိုရှိထားသင့်သည်။ ၄င်းမှာ ဘုရားသခင်ပြောပြသော အရာကိုနားလည်သဘောပေါက်၍ တိကျမှန်ကန်စွာ အလေးအနက်စဉ်းစားဆင်ခြင်ရန်ဖြစ်သည်။ အခြားသူများတွင် လည်းထိုသို့ဖြစ်လိမ့်မည်ဟုမှတ်ယူပါသည်။ အခြားသူများကလည်းဤအချက်တွင် ကျွန်ုပ်ကိုယုံကြည်ခဲ့ကြလိမ့်မည်ဟုမျှော်လင့်ပါသည်။ တစ်ချိန်တည်းတွင် စာဖတ်သူတို့အား သမ္မာကျမ်းစာကို မိမိတို့ကိုယ်တိုင်လေ့လာခြင်းနှင့်အတူ ကျွန်ုပ်၏အနက်ဖွင့်ပြန်ဆိုချက်များကို တိုက်ဆိုင်စစ်ဆေးပေးကြဖို့ ကျွန်ုပ်တိုက်တွန်းပါသည်။ ဗေရိုမြို့သားများသည် မိမိတို့ကိုယ်တိုင်သမ္မာကျမ်းစာအား စူးစမ်းစစ်ဆေးခြင်းဖြင့် တမန်တော်ရှင်ပေါလု၏သွန်သင်ချက်ကို တိုက်ဆိုင်စစ်ဆေးခဲ့ကြသည့်အတွက် ချီးကျူးခံကြရသကဲ့သို့ (တမန်တော် ၁၇း၁၀–၁၁)၊ ကျွန်ုပ်၏ အနက်ဖွင့်ပြန်ဆိုချက်များအတွက်လည်း အလားတူပြုလုပ်ခြင်းကို အလေးအနက်အကြံပြုလို၏။

ကျွန်ုပ်တို့၏ မျက်စိမှိတ်ဘက်လိုက်ခြင်းများထက် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အထွတ်အထိပ်၌ ထားကြရမည်ဖြစ်သည်။ သမိုင်းအစဉ်အလာသည်ဖျောက်ဖျက်ရခက်ပြီး၊ ရှုမြင်သုံးသပ်ပုံများသည်လည်း ပြောင်းလဲရခက်ကြပါသည်။ ကျွန်ုပ်တို့၏ဆက်ကပ်အပ်နှံမှုအဆင့်သည် ကျွန်ုပ်၏သက်တောင့်သက်သာ ရှိမှုအဆင့်ထက် အလေးသာနေရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ကျွန်ုပ်တို့သည်လုပ်ငန်းစဉ်များ၊ ခမ္မတွေးခေါ်ယူဆချက်များ၊ သမိုင်းအစဉ်အလာများ၊ ဆရာများ၊ သင်းအုပ်များ၊ မိတ်ဆွေများအပေါ်၌ဆက်ကပ်အပ်နှံကြသည်ထက်ဘုရားသခင်နှင့် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်၌ ပို၍ဆက်ကပ်အပ်နှံကြရမည်ဖြစ်သည်။ သန့်ရှင်းမြင့်မြတ်သောန္ဓားများသည်အရသာအရှိဆုံး ဟမ်ဘာဂါကိုဖန်တီးကြသည် (ယုံမှားသံသယဖြစ်ခံရခြင်း၊

ပြစ်တင်ဝေဖန်ခံခြင်းတို့နှင့်ကင်းလွတ် သည်ဟုကျိုးကြောင်း ဆီလျော်မှုမရှိစွာမှတ်ဟူထား သောအယူအဆကို လူတို့ကအမှန်ဆုံးဟုထင်မှတ် နေကြသည်)။

ဤစာအုပ်သည် ကယ်တင်ခြင်း၊ တပည့်တော်ဖြစ်ခြင်းတို့နှင့် ဆက်စပ်နေသော ခမ္မသစ်ကျမ်းစာမှ ကျမ်းချက် များအားချဉ်းကပ်ပုံချဉ်းကပ်နည်းတစ်ခုကို ပံ့ပိုးပေးထားပြီး၊ ၄င်းသည်ကယ်တင်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်းတို့ကို ခွဲခြားသိမြင်နိုင်ရန် ကူညီပေးပါလိမ့်မည်။ ဤအရာကိုကြားသိ၍ ရယူအသုံးချခဲ့သောသူများ၏ စိတ်အားထက်သန်မှုကို ကျွန်ုပ်မြင်တွေ့ခဲ့ရသောကြောင့် ဤအရာကိုရှင်းပြဖို့ ကျွန်ုပ်အလွန်ပြင်းပြနေပါသည်။ *သမ္မာကျမ်းစာထဲ၌ ကယ်တင်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်းတို့၏ကွဲပြားခြားနားချက်ကိုမြင်တွေ့ရန်သင်ယူခြင်းသည် သမ္မာကျမ်းစာကိုသဘောပေါက်နားလည်ရန်လူတို့ကိုအထောက်အကူအပြုဆုံးဖြစ်ပြီး၊ အထူးသဖြင့်၊ ကယ်တင်ခြင်းနှင့်သော်လည်းကောင်း၊ ခရစ်ယာန် အသက်တာရှိ တာဝန်ဝတ္တရားများနှင့်သော်လည်းကောင်းဆက်စပ်၍ ခမ္မသစ်ကျမ်းကပြောဆိုသောအခါ ထိုကျမ်းကို သဘောပေါက်နားလည်ရန် လူတို့ကိုအများဆုံးကူညီပေးသောအရာဖြစ်သည်ဟု ကျွန်ုပ်လေးလေးနက်နက်ဖေါ်ပြလိုသည်။* ဤအရာသည် များစွာသောလူတို့အတွက် အသက်တာပြောင်းလဲခြင်းကိုဖြစ်စေသောရာဖွေတွေ့ရှိမှု တစ်ခုဖြစ်နေခဲ့ပါသည်။

ကယ်တင်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်းတို့ကြားရှိ ကွဲပြားခြားနားချက်ကိုပြောဆိုရာတွင် Charles C. Ryrie က "ခမ္မတွေးခေါ်ယူဆမှုတွင် ကွဲပြားခြားနားချက်ကိုပြုလုပ်ခြင်းလောက် ဘယ်အရာကမှအရေးမကြီးပါ။ ခမ္မသစ်ကျမ်း အားသင့်တင့်မှန်ကန်စွာ သဘောပေါက်နားလည်ခြင်းအတွက်ကွဲပြားခြားနားချက်ပြုလုပ်ခြင်းလောက် ဘယ်အရာကမျှ အခြေခံမကျပါ။ ယုံကြည်သူ၏အသက်တာနှင့် သက်သေဖြစ်ခြင်းတိုင်း၌ ကွဲပြားခြားနားချက်ကိုပြုလုပ်ခြင်းလောက် ဆီလျော်အပ်စပ်မှုရှိသောအရာမရှိပါ" ဟုပြောခဲ့သည်။[၉] ဤထက်ပို၍ ကျွန်ုပ်သဘောမတူနိုင်သကဲ့သို့ ဤထက်ပို၍ ကောင်းမွန်စွာကျွန်ုပ်ပြောနိုင်မည်လည်း မဟုတ်ပါ။

❐

---

၉ Charles C. Ryrie in Zane C. Hodges, *The Hungry Inherit : Winning the Wealth of the World to Come,* 3rd Edition (Dallas, TX : Redención Viva, 1997), P.7.

က သမ္မာတရား၊ ခ သမ္မာတရား ကွဲပြားခြားနားချက်ကို ရှင်းလင်းခြင်း

ဓါတ်ဆီအင်ဂျင်စက်ထဲတွင် ဒီဇယ်ဆီကိုမထည့်ပါနှင့်။ ဓါတ်ဆီနှင့်ဒီဇယ်နှစ်မျိုးလုံးသည် လောင်စာဆီများဖြစ်ကြသော်လည်း ၄င်းတို့သည်ထင်ရှားပြတ်သားစွာကွဲပြားကြပါသည်။ ဤကွဲပြားခြားနားမှုကို မသိကျိုးကျွန်ပြုမိလျှင် ဘေးဒုက္ခရောက်ရပါသည်။ ကြောက်မက်ဖွယ်ကောင်းသောအကျိုးဆက်များနှင့်အတူ မသိကျိုးကျွန်ပြုနိုင်မည့်အလွန်အရေးကြီးသောကွဲပြားခြားနားချက်များ သမ္မာကျမ်းစာတွင်ရှိနေပါသည်။

ယုတ္တိဗေဒ၏အခြေခံကျသောနိယာမတစ်ခုကို ဆန့်ကျင်ဘက်နှစ်ခုတစ်ချိန်တည်းတွင် မမှန်နိုင်ခြင်းနိယာမ (Law of Non-contradiction) ဟုခေါ်သည်။ ဤနိယာမကဆန့်ကျင်ဘက်ဖြစ်နေကြသောထုတ်ဖော်ပြောဆိုချက်နှစ်ခုသည် တူညီသောအနက်အဓိပ္ပါယ်တွင် နှစ်ခုလုံးတစ်ချိန်တည်းမမှန်နိုင်ပါဟုပြောဆိုထားသည်။ ဥပမာ "က" သည် "ခ" ဖြစ်သည်" ဟူသောထုတ်ဖော်ပြောဆိုချက်သည် မှန်ခဲ့လျှင် "က သည် ခ မဟုတ်ပါ"ဟူသော ထုတ်ဖော်ပြောဆိုချက်သည် မမှန်နိုင်ပါ။ ဤထုတ်ဖော်ပြောဆိုချက်နှစ်လုံးသည် အပြန်အလှန်သီးသန့်ဖြစ်နေကြသည်။ အရာနှစ်ခု (သို့) ထုတ်ဖော်ပြောဆိုချက်နှစ်ခုသည် ဆက်စပ်နေကြနိုင်ပါသည်။ သို့သော်လည်း ၄င်းတို့ကို တစ်ခုနှင့်တစ်ခုရောထွေးမှား ယွင်းသွားခြင်းမှကာကွယ်တားဆီးပေး ကာကိုယ်ပိုင်အမှတ်လက္ခဏာကိုလည်းပေးသည့် ကွဲပြားခြားနားချက်များကို ပိုင်ဆိုင်ထားကြသည်။ ဥပမာ၊ ယောကျ်ားတစ်ဦးနှင့်မိန်းခလေးတစ်ဦးသည် လူသားဟူသောဖြစ်တည်မှုတွင် ဆက်စပ်နေကြပါသော်လည်း အဆုံးတွင်မူယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက် မဟုတ်ပါ။ ဤကွဲပြားခြားနားချက် အရေးပါကြောင်းကို ကျွန်ုပ်တို့အားလုံးသဘောတူမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

အလားတူဖြစ်သော်လည်း ပို၍အရေးပါခြင်းနှင့်အတူ သမ္မာကျမ်းစာကို အနက်ဖွင့်ဘာသာပြန်ဆိုသောအခါ သင့်တင့်လျောက်ပတ်မှုရှိသော ကွဲပြားခြားနားချက်များကို ပြုလုပ်ရန်လိုအပ်သည်။ ဤကွဲပြားခြားနားချက်သည် တစ်ခါတစ်ရံတွင် သိသာထင်ရှားစွာရှိနေကြပါသည်။ ဥပမာ၊ ခရစ်ယာန်များသည် ဝတ်ပြုရာကျမ်းရှိ အစားအသောက်နှင့်ဆိုင်သောစည်းမျဉ်းဥပဒေများကို ယေဘူယျအားဖြင့်လိုက်နာခြင်း မရှိကြတော့ပါ။ မောရှေလက်အောက်၌ ရှင်သန်နေထိုင်ခြင်းနှင့် သခင်ယေရှုခရစ်အောက်၌ ရှင်သန်နေထိုင်ခြင်းတို့ကြားရှိခြားနားချက်ကို အများစုကအသိအမှတ်ပြု လက်ခံထားကြသည်။

ထိုသို့ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် မောရှေ၏ပညတ်ချက်အောက်၌တားမြစ်ထားသော ဝက်သား၊ ငါးခူ၊ ပုဇွန်စိပ်တို့ကို လွတ်လပ်စွာစားခွင့်ရှိကြသည်။ ခမ္မာဟောင်းကျမ်းနှင့် ခမ္မာသစ်ကျမ်းတို့ကြားတွင် ကွဲပြားခြားနားချက်တစ်ခုရှိကြောင်းကို ကျွန်ုပ်တို့သိထားကြသည်။

"က" သမ္မာတရား "ခ" သမ္မာတရားအခြေခံစည်းမျဉ်းဥပဒေသဆိုသည်မှာ သမ္မာကျမ်းစာရှိကျမ်းချက်များကို ကယ်တင်ခြင်း မရရှိသေးသောသူ (သို့) မယုံကြည်သူများနှင့်သက်ဆိုင်သောကျမ်းချက်များအဖြစ်လည်းကောင်း၊ ကယ်တင်ခြင်း ခံရသောသူ (သို့) ယုံကြည်သူများနှင့်သက်ဆိုင်သောကျမ်းချက်များအဖြစ်လည်းကောင်း၊ ခွဲခြားစိတ်ဝိုင်းနိုင်သည်ဟူ၍ဖြစ်သည်။ အချို့သောကျမ်းချက်များသည် ဤလူအုပ်စုနှစ်စုလုံးအတွက် ယေဘူယျ လက်တွေ့ရယူကျင့်သုံးစရာများရှိကောင်းရှိနေပါလိမ့်မည်။ သို့သော်၊ ထိုကျမ်းချက်များသည် ဤလူအုပ်စုနှစ်စုမှ တစ်စုကိုသာအမှန်လိပ်မူပြောပြနေခြင်းဖြစ်သည်။ ဥပမာ၊ သုတ္တံကျမ်းတွင် လူအားလုံးအတွက်ပညာရှိဆိုရိုးစကားများပါဝင်သည့်အပြင် ရှေးဟောင်းယဉ်ကျေးမှုထုံးဓံများ၌တွေ့ရသော သုတ္တံစကားများပင်ပါဝင်နေပါသည်။ သို့သော်၊ ဤကျမ်းသည် မူရင်းအားဖြင့် ဘုရားသခင်ရွေးကောက်တော်မူခဲ့သောယုဒလူမျိုးများအတွက်ရည်ရွယ်ထားသည့်ဟေဗြဲသမ္မာကျမ်းစာပေါင်းချုပ်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။

"က"သမ္မာတရား "ခ"သမ္မာတရားချဉ်းကပ်ပုံချဉ်းကပ်နည်းကို သမ္မာကျမ်းစာအား ကျွန်ုပ်တို့အနက်ဖွင့်ဘာသာ ပြန်ဆိုရာတွင်ရယူအသုံးပြုသောအခါ အရေးကြီးသောကွဲပြားခြားနားချက်များကို ကျွန်ုပ်စတင်မြင်တွေ့လာရပါသည်။ အောက်ဖေါ်ပြပါတို့သည်ထိုအရေးကြီးသောကွဲပြားခြားနားချက်များအနက်မှအချို့ဖြစ်ကြသည်။ ဤကွဲပြားခြားနားချက်များသည် ဤစာအုပ်၏ကျန်အပိုင်းတစ်ခုလုံး၌ အဓိကသော့ချက်ကျမ်းပိုဒ်များကိုကျွန်ုပ်တို့ဆွေးနွေး လေ့လာခြင်းမှရောက်လာခဲ့ခြင်းဖြစ်ကြသောကြောင့်ကျမ်းချက်များကို ဤအပိုင်းတွင်အသေးစိတ်တင်ပြဆွေးနွေးသွားမည် မဟုတ်ပါ။

ကယ်တင်ခြင်း(က)သည် တပည့်တော်ဖြစ်ခြင်း (ခ) မဟုတ်ပါ – Salvation (A) is not Discipleship (B)

ဤကွဲပြားခြားနားချက်သည် ဤစာအုပ်၏အခြေခံဖြစ်သည်။ ၄င်းသည် ကျွန်ုပ်တို့မည်သို့ခရစ်ယာန်ဖြစ်လာကြသည်ဟူသောအရာနှင့် ခရစ်ယာန်တစ်ယောက်အနေဖြင့်ကျွန်ုပ်တို့မည်သို့ရှင်သန်နေထိုင်ကြသည်ဟူသောအရာတို့ကြားရှိ ကွဲပြားခြားနားချက်ဖြစ်သည်။ သမ္မာကျမ်းစာက ဤအကြောင်းအရာတစ်ခုစီကို ကွဲကွဲပြားပြားလိပ်မူပြောပြထားသည်။

သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်သောသူတိုင်းသည် ခရစ်ယာန်ဖြစ်ကြသော်လည်း၊ သခင် ယေရှုခရစ်ကို ယုံကြည်သောသူတိုင်းသည် တပည့်တော် မဟုတ်ကြပါ။ ဤစကားလုံးနှစ်လုံးသည် မတူကွဲပြားသောအရာများကိုဆိုလိုနေကြသည်။ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်အားဖြင့်ဆိုလျှင် ခရစ်ယာန် (သို့) ယုံကြည်သူတစ်ယောက်သည် သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ်နှင့်ယုံကြည်သောသူဖြစ်သည်။ တပည့်တော်တစ်ယောက်ကို အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်အားဖြင့်ကြည့်လျှင် သူသည် သခင်ယေရှုခရစ်ကို အရှင်သခင်အဖြစ်နှင့်နာခံသင်ယူသော သူ (သို့) နာခံလိုက်လျှောက်သောသူဖြစ်သည်။ အပြစ်ဒုစရိုက်မှ ကယ်တင်ပေးသူအဖြစ်နှင့် သခင်ယေရှုကိုယုံကြည်ခြင်း သည် "က" သမ္မာတရားဖြစ်သည်။ မိမိအသက်တာ၏အရှင်သခင်အဖြစ်နှင့် သခင်ယေရှုထံမှ လေ့လာသင်ယူ၍ နာခံလိုက်လျှောက်ခြင်းသည် "ခ" သမ္မာတရားဖြစ်သည်။

ဤအချက်နှင့်ပတ်သက်၍ယောဟန် ၈း၃၀–၃၁ ထက်ပိုပြီးသိသာထင်ရှားသောနေရာရှိမည် မဟုတ်ပါ။ ထိုကျမ်းချက်တွင်သခင်ယေရှုက မိမိကိုယုံကြည်နေခဲ့ပြီးဖြစ်သောသူများအား မိမိ၏နှုတ်ကပတ်တော်၌တည်နေခြင်းအားဖြင့် တပည့်တော်မည်သို့ဖြစ်နိုင်ကြောင်းကို ပြောပြခဲ့သည်။

ထိုစကားတော်ကို မိန့်တော်မူစဉ် လူများတို့သည် ယုံကြည်ခြင်း သို့ရောက်ကြ၏။ ထိုအခါ ယေရှုက သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏။

တည်သည် ဟူသောစကားလုံးသည် ***ယုံကြည်သည်*** ဟု မဆိုလိုပါ။ ၄င်းသည် တစ်စုံတစ်ခု၌ *တည်မြဲနေခြင်း၊ ဆက်လက်ရှိနေခြင်း၊ စောင့်ထိန်းခြင်း*ကိုဆိုလိုသည်။ အထူးသဖြင့် ဤနေရာတွင် ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဖြစ်သည်။ တစ်စုံတစ်ယောက်က ဤကျမ်းချက်၌တွေ့ရသော ယုံကြည်ခြင်းသည် ယုံကြည်ခြင်းကို အမှန်တကယ်မဆိုလိုပါဟု မငြင်းခုန်ခဲ့လျှင် (ထိုသို့ငြင်းခုန်ပါကလည်း သက်သေပြခြင်း အလုပ်သည် ထိုသူ၏တာန်အဖြစ်သာရှိနေပါလိမ့်မည်) ထာဝရအသက်ရရှိခြင်းအတွက် ယုံကြည်ခြင်းသည် တပည့်တော်တစ်ပါးအနေဖြင့်ဘုရားသခင်၏နှုတ်ကပတ်တော်၌ တည်ခြင်းနှင့်ကွဲပြားပါသည်။

ကျွန်ုပ်တို့သည်တည်ခြင်းအား ယုံကြည်ခြင်းနှင့်တူသည်ဟုဆိုပါက ထာဝရအသက်ရခြင်းအပေါ်၌သွယ်ဝိုက် သောနည်းဖြင့် သက်ရောက်လာမည့်အရာများကို ဆင်ခြင်ကြည့်ပါ။ လူတစ်ဦးသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ဆက်လက်တည်မြဲနေခြင်းမရှိပါက ကယ်တင်ခြင်းခံရမည် မဟုတ်ဟုဆိုရပေတော့မည်။ ထိုတည်မြဲခြင်းသည် ဆက်လက်၍ တိုးတက်ဖြစ်ပေါ်နေသောနာခံခြင်းကို ညွှန်ပြသည်။ ထိုသို့ဖြစ်သောကြောင့်၊ တစ်စုံတစ်ယောက်က မိမိသည် ကယ်တင်ခြင်းကို အသေအချာရရှိထားပါသည်ဟု မည်သည့်အဆင့် (သို့) အခြေအနေတွင် ကျိန်းသေပြောနိုင်မည်နည်း။ တစ်ဖန်၊ လုပ်ဆောင်ချက်များ (အကျင့်) သည် ဥပဒေပညတ်အတိုင်းလိုက်ပါလွန်းခြင်းနှင့်ဆိုင်

သောမှားယွင်းသည့် ဧဝံဂေလိတရားကိုဖန်တီးကာ ကယ်တင်ခြင်းစိတ်ချမှုကိုခိုးယူခြင်းဖြင့် ဘုရားသခင်၏အခမဲ့ကျေးဇူးတော်ကို ကျူးကျော်ထိပါးနေပါသည်။

ယုံကြည်ခြင်း (က) သည်အကျင့်/လုပ်ဆောင်မှု (ခ) မဟုတ်ပါ။
Faith (A) is not Works (B)

သင့်တင့်လျောက်ပတ်စွာပြောရမည်ဆိုလျှင် ယုံကြည်ခြင်းသည်အဆိုပြုတင်ပြချက် (သို့) လူပုဂ္ဂိုလ်တစ်ဦး အပေါ်၌ပြုလုပ်သည့် တက်ကြွလှုပ်ရှားမှုမပါသောတုန့်ပြန်မှုတစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ယုံကြည်ခြင်း၌ ယုံကြည်သောသူဘက်ကမည်သည့်လုပ်ဆောင်ချက်မျှ မပါဝင်ပါ။ ယုံကြည်ခြင်းဆိုသည်မှာ တစ်စုံတစ်ယောက်သည် မှန်ကန်သည် (သို့) ယုံကြည်စိတ်ချရသည်ဟု ဆွဲဆောင်ဖျောင်းဖျမှု (သို့) အတွင်းဘက်မှ ခိုင်မာသောခံယူချက်ဖြစ်သည်။ တစ်စုံတစ်ခုသည် မှန်ကန်ပါသည်ဟု ကျွန်ုပ်ယုံကြည်ရာတွင် လှုပ်ရှားလုပ်ဆောင်မှုမပါဝင်ခဲ့ပါ။ ဆွဲငင်အားနိယာမကို ကျွန်ုပ်ယုံကြည်ပါသော်လည်း ထိုအရာကိုယုံကြည်ဖို့ မည်သည့်အရာကိုမျှ ကျွန်ုပ်လုပ်ဆောင်ဖို့ မလိုအပ်ပါ။ ခြံစည်းရိုးပေါ်မှခုန်ချဖို့ကြိုးစားခြင်းဖြင့် ကမ္ဘာ့ဆွဲငင်အားကို ကျွန်ုပ်ယုံကြည်ကြောင်း သက်သေပြကောင်းပြပါလိမ့်မည်။ ထိုသို့ခုန်ချဖို့ကျွန်ုပ်မကြိုးစားလျှင်ပင် ကမ္ဘာ့ဆွဲငင်အားကို ကျွန်ုပ်ယုံကြည်လျှက်ရှိပါသည်။ ယုံကြည်ခြင်းနှင့် ခုန်ချခြင်းသည်ထင်ရှားပြတ်သားစွာ ကွဲပြားနေသောအရာများဖြစ်ကြသည်။ ယုံကြည်ခြင်းနှင့် နာခံခြင်းတို့ကြားတွင်အလွန်အရေးပါသောဆက်သွယ်မှုတစ်ခုရှိနေပါသော်လည်း ဓမ္မတွေးခေါ်ယူဆချက်အရ တိတိကျကျပြောရမည်ဆိုလျှင် ၄င်းတို့သည် မတူကွဲပြားသောအရာများဖြစ်ကြသည်။ ထိုသို့ဖြစ်သောကြောင့် ရောမ ၄း၅ တွင် ရှင်ပေါလုက *"အကျင့်မရှိသော သူမည်သည်ကား၊ မတရားသောသူ၏အပြစ်ကို ဖြေသူအားယုံကြည်လျှင် သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်လျှက်ရှိ၏ "* ဟုပြောဆိုထားခြင်းဖြစ်သည်။ အကျင့် (လုပ်ဆောင်မှု)နှင့် ယုံကြည်ခြင်းသည် မတူကွဲပြား၍ ခြားနား သောအရာများဖြစ်ကြောင်း ရှင်ပေါလုက အတတ်နိုင်ဆုံးရှင်းလင်းစွာပြောပြထားသည်။ ရှင်ပေါလုက လူတစ်ဦးတစ်ယောက်သည် ယုံကြည်သောအခါတွင် အကျင့် (လုပ်ဆောင်မှု) ရှိစရာမလိုဟု ပြောနေခြင်းမဟုတ်ပါ။ ယုံကြည်သူများထံမှ ကောင်းသောအကျင့်ကို ရှင်ပေါလုမျှော်လင့်ထားပါသည် (ဧဖက် ၂း၁၀)။

အချို့သောသူများက ကယ်တင်ခြင်းသည် နာခံခြင်းနှင့်အတူတူဖြစ်သည်ဟုအခိုင်အမာပြောဆိုကြသည်။ဤသို့ပြောဆိုရခြင်းမှာ ထိုအယူအဆနှစ်ခုသည် သမ္မာကျမ်းစာတွင်အလွန်နီးစပ်စွာနှီးနှယ်နေကြသောကြောင့်ဖြစ်သည်။ ဥပမာ၊ အချို့သောသူတို့အား ဇဝေဇဝါနှင့်ရှုပ်ထွေးစေသောအရာမှာ ရောမ ၁း၅ နှင့် ၁၆း၂၆ တွင်တွေ့ရသည့် "ယုံကြည်နားထောင်(နာခံ)ခြင်း" (obedience of faith) ဟူသော စကားစုဖြစ်သည်။

ဤစကားစုက ယုံကြည်သောသူများသည် အရာခပ်သိမ်းကိုနာခံကြသည်ဟု ပြောနေခြင်း မဟုတ်ပါ။ နာခံခြင်းလုပ်ရပ်ဖြစ်သည့် ဧဝံဂေလိတရားတော်အား ယုံကြည်ခြင်းဟူသော တစ်ဦးတစ်ယောက်၏ တုန့်ပြန်မှုကိုပြောဆိုထားခြင်းဖြစ်သည်။ ဧဝံဂေလိတရားတော်၌ ကယ်တင်ခြင်းခံရဖို့လုပ်ဆောင်ရမည့်အရာများဟူသော စာရင်းမျိုးတွဲ၍မပါရှိပါ။ ရောမ ဩဝါဒစာတွင် ရှင်ပေါလုက ဤအယူအဆအား ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်းကို အဓိကပြောပြသောအခန်းကြီး ၃ နှင့် ၄ တွင် ပြင်းပြင်းထန်ထန် ဆန့်ကျင်ငြင်းခုံကန့်ကွက်ထားသည်။ ထိုအခန်းကြီးများတွင် နာခံခြင်းအကြောင်းကိုမပြောဘဲ၊ ယုံကြည်ခြင်းအကြောင်းကိုသာပြောပြထားသည်။ သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်ယုံကြည်ခြင်းအမှုသည် ဘုရားသခင်၏အလိုတော်အား နာခံခြင်းကိုဖြစ်ပေါ်စေဖို့ မျှော်လင့်ထားသည်မှာမှန်ပါသည်။ သို့သော်၊ ယုံကြည်ခြင်းမှရောက်ရှိလာသော တုန့်ပြန်ခြင်း (response of faith)သည် နာခံခြင်းမှရောက်ရှိလာသောလုပ်ဆောင်ခြင်း (act of obedience)နှင့် ကွဲပြားခြားနားပါသည်။ ယုံကြည်ခြင်းနှင့် နာခံခြင်းသည် ဟေဗြဲ ၁၁ တွင် နီးစပ်စွာဆက်နွယ်နေကြသည်။ ဤနေရာတွင် "ယုံကြည်ခြင်းအားဖြင့် ...." ဟုဆို၍ ထိုယုံကြည်ချက်ပေါ်၌ အခြေပြုသောလုပ်ဆောင်မှုအချို့ကိုဖော်ပြရင်း ရှည်လျားသော အမည်စာရင်းနှင့်အတူလူပုဂ္ဂိုလ်များကိုဖော်ပြထားသည်။ သို့သော်၊ ဤနေရာရှိ အဓိကသော့ချက်မှာ လုပ်ဆောင်မှု (အကျင့်)သည် ယုံကြည်ခြင်းနှင့် ဆက် နွယ်နေပြီး ယုံကြည်ခြင်းမှပေါက်ဖွားလာသော်လည်း၊ ၎င်းသည် ယုံကြည်ခြင်းကိုယ်တိုင်နှင့် မတူကွဲပြားသောအရာဖြစ်သည်ဟူသောအမြင်ဖြင့် ရှုမြင်ခြင်းဖြစ်သည်။ "က"သမ္မာတရား (ယုံကြည်ခြင်း)သည် "ခ" သမ္မာတရား(အကျင့်/လုပ်ဆောင်မှု)နှင့် ဆက်နွယ်နေပါသော်လည်း "က" သည် "ခ" မဟုတ်ပါ။

ကျေးဇူးတော် (က)သည် ရထိုက်သောကုသိုလ်အကျိုး (ခ) မဟုတ်ပါ– Grace (A) is not Merit (B)

ကျေးဇူးတော်၏ပင်ကိုသဘောသဘာဝမှာ ၎င်းသည်ထိုက်တန်မှုမရှိသော မျက်နှာသာပေးမှုဖြစ်သည်။ ထိုက် တန်မှုမရှိဟူသောအဓိပ္ပါယ်မှာ ကျေးဇူးတော်ကို ထိုက်ထိုက်တန်တန်ရယူရန် (သို့) ကုလိုလ်အကျိုးအဖြစ်ရရှိရန်မည် သည့်အရာကိုမျှ လုပ်ဆောင်၍ မရနိုင်ပါ။ ဤအရာကို အခမဲ့ကျေးဇူးတော် (သို့) ချွင်းချက်မရှိသော ကျေးဇူးတော် (အခြေနေသတ်မှတ်ချက်မရှိသောကျေးဇူးတော်) ဟုကျွန်ုပ်တို့ခေါ်ကြသည်။ ရောမ ၁၁း၆ သည် ဤဆက်ပို၍ရှင်းလင်းပြတ်သားနိုင်မည် မဟုတ်ပါ – "*ကျေးဇူးတော်အားဖြင့်ရှိလျှင်၊ ကိုယ်ကျင့်သောအကျင့်အားဖြင့်မရှိ၊ ရှိလျှင်ကျေးဇူး သည် ကျေးဇူးမဟုတ်။ ကိုယ်ကျင့်သောအကျင့်အားဖြင့်ရှိလျှင်၊ ကျေးဇူးအားဖြင့်မရှိ၊ ရှိလျှင်ကိုယ်ကျင့်သောအကျင့်*

သည် အကျင့်မဟုတ်။" ကျေးဇူးတော်ဟူသော"က" သမ္မာတရားသည် အကျင့် (လုပ်ဆောင်မှု)ဟူသော "ခ"သမ္မာ တရားနှင့် အပြန်အလှန်အားဖြင့်သီးသန့်ဖြစ်နေကြပါသည်။ တစ်ခုတည်ရှိနေခြင်းက အခြားတစ်ခုကိုငြင်းဆိုထားပါသည်။ ကျေးဇူးတော်ကို ထိုက်ထိုက်တန်တန်ရရှိဖို့ တစ်စုံတစ်ယောက်က ကြိုးစားအားထုတ်သောအချိန်အခိုက်တန့်တွင်ကျေးဇူးတော်သည် ကျေးဇူးတော်အဖြစ်မှရပ်စဲသွားပါသည်။

သတင်းကောင်းတရားတော်နှင့်စပ်လျဉ်း၍ *အဖိုးနည်းသောအပေါစားကျေးဇူးတော်* (သို့) *အဖိုးကြီးသောကျေးဇူးတော်*အကြောင်းပြောဆိုသောသူအချို့ရှိသည်။ ကျေးဇူးတော်၏ပင်ကိုသဘောသဘာဝအမှန်ကို ကျွန်ုပ်တို့သဘောပေါက်နားလည်ခဲ့မည်ဆိုလျှင် ထိုပြောဆိုချက်နှစ်ခုလုံးမှားယွင်းကြောင်း သိရှိပြီးဖြစ်ပေမည်။ ကျေးဇူးတော်သည် အဖိုးနည်း၍အပေါစား မဟုတ်သကဲ့သို့ အဖိုးလည်းမကြီးပါ။ ကျွန်ုပ်တို့ကိုကယ်တင်ပေးသောကျေးဇူးတော်သည် လုံးလုံးအခမဲ့ဖြစ်သည်။ ***အဖိုးနည်းသောအပေါစား*** ဟုဆိုခြင်းတွင်ကျေးဇူးတော်ကို ထိုက်ထိုက်တန်တန်ရရှိဖို့ လုံလောက်သော လုပ်ဆောင်ချက်များကို မပြု (သို့) ထိုကျေးဇူးတော်နှင့်ထိုက်တန်ရန် စိုးစဉ်းမျှသောဆက်ကပ်အပ်နှံမှုကိုသာပြသသည်ဟု သွယ်ဝိုက်ညွှန်းဆိုနေပါသည်။ အဖိုးအခကြီးသည်ဟူသောအချက်ကလည်းဆန့်ကျင်ဘက်ကိုသွယ်ဝိုက်ညွှန်းဆိုထားပါသည်။ ဆိုလိုသည်မှာ ကျေးဇူးတော်ကိုရရှိဖို့ပုဂ္ဂလဆက်ကပ်အပ်နှံခြင်းဖြင့်လည်းကောင်း၊ စွန့်လွှတ်အပ်နှံခြင်းဖြင့်လည်းကောင်း၊ နာခံခြင်းဖြင့်လည်းကောင်းကြီးမားသောအဖိုးအခကိုပေးရမည်ဟူ၍ဖြစ်သည်။ သို့သော်၊ ကျေးဇူးတော်၌ အဖိုးအခတစ်ခုခုကို ပူးတွဲပေါင်းဖက်လိုက်သည့်အချိန်အခိုက်တန့်တွင် ကျေးဇူးတော်သည် ကျေးဇူးတော်အဖြစ် မှရပ်စဲသွားပါသည်။ ***အခမဲ့ကျေးဇူးတော်*** ဟူ၍သုံးရန်မလိုအပ်သည့်အသုံးအနှုန်းကို ကျွန်ုပ်တို့အသုံးပြုရခြင်းမှာအလေးအနက်ထားမှုနှင့် ရှင်းလင်းပြတ်သားမှုတို့ အတွက်သာဖြစ်သည်။

ကျေးဇူးတော်ကိုကျွန်ုပ်တို့၏ ထာဝရကယ်တင်ခြင်းနှင့်ဆက်စပ်သောအခါ ကျေးဇူးတော်ကိုပုဂ္ဂလလုပ်ဆောင်ချက်များ (အကျင့်များ) (သို့) ကောင်းမှုကုသိုလ်အားဖြင့် ညစ်ညမ်းစေခြင်းမှ ထိန်းသိမ်းကြရမည်။ လုပ်ဆောင်ချက် (အကျင့်) ကိုထည့်သွင်းမိတ်ဆက်သောအခါ ကျွန်ုပ်တို့၌ဥပဒေပညတ်အတိုင်းလိုက်ပါလွန်းခြင်း ဇဝံဂေလိတရားဖြစ်သည့် မှားယွင်းသောဇဝံဂေလိတရားကို ရရှိလာကြရသည်။ ရုတ်ချည်းဆိုသလို၊ သခင်ယေရှုခရစ်အပေါ်၌ထားရှိသောရိုးရှင်းသည့်ယုံကြည်ခြင်းသည် ယုံကြည်သူ၌ကယ်တင်ခြင်း စိတ်ချမှုကိုလုံးလုံးမပေးနိုင်သည့်လုပ်ဆောင်မှုကို အသားပေးသော ရှုပ်ထွေးပြီး၊ အသိစိတ်တွင်းဖြစ်ပေါ်သောခံစားမှုတွင်အခြေပြုသောစနစ်တစ်ခုဖြစ်လာသည်။

ဖြောင့်မတ်ရာသို့ရောက်ခြင်း (က) သည် သန့်ရှင်းရာသို့ရောက်ခြင်း (ခ) မဟုတ်ပါ – Justification (A) is not Santification (B)

ဖြောင့်မတ်ရာသို့ရောက်ခြင်းဆိုသည်မှာ ဘုရားသခင်၏အမြင်၌ အပြစ်သား တစ်ယောက်ကို ဖြောင့်မတ်သောသူအဖြစ်ကြေငြာသည့် ဘုရားသခင်၏လုပ်ဆောင်ချက်ဖြစ်သည်။ ၄င်းသည်ဘုရားသခင်၏တရားစီရင်ရေးရုံးတော်၌ တစ်ဦးတစ်ယောက်စီ၏မှန်ကန်သောရပ်တည်မှုကိုပြောပြသည့် တရားဥပဒေနှင့်ဆိုင်သောအသုံးအနှုန်းဖြစ်သည်။ အခြားတစ်ဖက်တွင်၊ သန့်ရှင်းရာသို့ရောက်ခြင်း (အမြဲသုံးနှုန်းသည့်အတိုင်း) သည်ကြီးထွားရင့်ကျက်ခြင်း ဖြစ်စဉ်တစ်ခုကိုရည်ညွှန်းသည်။ တစ်စုံတစ်ခုကို သန့်ရှင်းရာသို့ရောက်စေခြင်းဆိုသည်မှာ ထိုအရာအား(ရည်ရွယ်ချက် တစ်ခုအတွက်) သီးသန့်ခွဲထားခြင်းကိုဆိုလိုသည်။ လူတစ်ယောက်သည် ဖြောင့်သောသူအဖြစ်ကြေညာခြင်းခံရသောအခါထိုသူသည် ရပ်တည်ချက်အရ ဘုရားသခင်အတွက် ရှေးဦးစွာသီးသန့်ခွဲထားခြင်းဖြင့် သန့်ရှင်းရာ၌ထားရှိခြင်း ခံရသည်။ ထို့နောက်၊ ယုံကြည်ချက်၌လည်းကောင်း၊ သခင်ခရစ်တော်၌လည်းကောင်း ကြီးထွားရင့်ကျက်လာသည်နှင့်အမျှ သန့်ရှင်းရာသို့တစ်ဆင့်ပြီးတစ်ဆင့်ပို့ဆောင်ခြင်းခံရသည်။ ဒုတိယအဓိပ္ပါယ်သည် သန့်ရှင်းရာသို့ရောက်ခြင်းနှင့်ပတ်သက်၍အများဆုံးသဘောပေါက်နားလည် ထားသောအဓိပ္ပါယ်ဖြစ်ပြီး၊ ဤနေရာတွင်လည်း ထိုအဓိပ္ပါယ်အတိုင်းအသုံးပြုထားပါသည်။

ရောမ ၅း၉–၁၀ ကို စဉ်းစားသုံးသပ်ကြည့်ပါ။

> *"သို့ဖြစ်၍ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီး မှ၊ ထိုသခင်အားဖြင့် အပြစ်ဒဏ်မှ ကယ်ဆယ်တော်မူခြင်းသို့ရောက်မည်ဟုသာ၍ မြော်လင့်စရာရှိ၏။ အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏သားတော်အသေခံတော်မူခြင်း အားဖြင့် ငါတို့သည် ဘုရားသခင်နှင့် မိသဟာယဖွဲ့ခြင်းကျေးဇူးတော်ကို ခံရသည်မှန်လျှင်၊ မိသဟာယဖွဲ့ပြီးမှ၊ အသက်တော်အားဖြင့်ကယ်တင်တော်မူခြင်းသို့ရောက်မည်ဟုသာ၍ မျှော်လင့်စရာရှိ၏။"*

ဖြောင့်မတ်ရာသို့ရောက်စေသောကယ်တင်ခြင်းသည် သန့်ရှင်းရာသို့ရောက်စေသောကယ်တင်ခြင်းနှင့်ကွဲပြားပါသည်။ ပထမအရာသည် အပြစ်ဒုစရိုက်၏ပြစ်ဒဏ်မှတစ်ကြိမ်တည်းဖြင့် ကျွန်ုပ်တို့ကိုအစဉ်ထာဝရကယ်တင်ပေးပါသည်။ ဒုတိယအရာသည် ကျွန်ုပ်တို့အသက်တာမှတဆင့် သခင်ခရစ်တော်အသက်ရှင်သည်နှင့်အမျှ ဘဝသက်တမ်းကာလတစ်လျှောက်လုံးတွင် ကျွန်ုပ်တို့ကိုအပြစ်ဒုစရိုက်၏တန်းခိုးမှကယ်တင်ပေးပါသည်။

ဤကွဲပြားခြားနားချက်ကိုသဘောပေါက်နားလည်ဖို့ ရိုးရှင်းသောဇယားကွက်က ကျွန်ုပ်တို့ကိုကူညီပေးပါလိမ့်မည်။

ဖြောင့်မတ်ရာသို့ရောက်ခြင်း	သန့်ရှင်းရာသို့ရောက်ခြင်း
တစ်ကြိမ်တည်းသာဖြစ်သောအဖြစ်အပျက်	တသက်တာလုံးဖြစ်နေသောဖြစ်စဉ်
ဝိညာဉ်ရေးရာ၌မွေးဖွားခြင်း	ဝိညာဉ်ရေးရာ၌ကြီးထွားခြင်း
သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်ယုံကြည်ခြင်း	သခင်ခရစ်တော်ကိုသခင်အဖြစ်နာခံခြင်း
သခင်ခရစ်တော်အတွင်း၌ ထားရှိခံရခြင်း	ခရစ်တော်၏ပုံသဏ္ဌာန်တော်နှင့်အညီပြုပြုခံရခြင်း
အခြေအနေသတ်မှတ်ချက်တစ်ခုသာရှိ	အခြေအနေသတ်မှတ်ချက်များစွာရှိ
ကျွန်ုပ်အတွက် ဘုရားသခင်လုပ်ပေးခဲ့သောအရာ	ကျွန်ုပ်အားဖြင့် ဘုရားသခင်လုပ်နေသောအရာ
ကျွန်ုပ်အတွက် ခရစ်တော်ကားတိုင်ပေါ်တွင် အသေခံခဲ့	ခရစ်တော်အတွက် ကားတိုင်ကိုကျွန်ုပ်ထမ်းနေခြင်း
အပြစ်၏အဖိုးအခမှကယ်တင်ခံရခြင်း	အပြစ်တန်ခိုးမှ ကယ်တင်ခံရခြင်း

ဖြောင့်မတ်ရာသို့ရောက်ခြင်းသည် အဆင့်နှစ်ဆင့်အားဖြင့်ဖြစ်ပေါ်သည်ဟု ယုံကြည်နေကြသောသူအချို့ရှိသည်။ ထိုအဆင့်နှစ်ဆင့်မှာ ကနဦး (အဆင့်) ဖြောင့်မတ်ရာသို့ရာက်ခြင်း (initial justification) နှင့်နောက်ဆုံး (အဆင့်) ဖြောင့်မတ်ရာသို့ရာက်ခြင်း (final justification) တို့ဖြစ်ကြသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ လူတစ်ယောက်သည်သခင်ယေရှုခရစ်ကိုယုံကြည်၍ အခိုက်အတန့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ရှိနိုင်ပါသော်လည်း၊ နောက်ဆုံးတွင်ဖြောင့်မတ်ရာသို့ အပြီးသတ်ရောက်ရှိဖို့အလို့ငှာ သူတို့သည် မိမိတို့၏ဖြောင့်မတ်ရာသို့ရာက်ခြင်းကို ယုံကြည်ခြင်း၌လည်းကောင်း၊ ကောင်းသောအကျင့်ကိုကျင့်ခြင်း၌လည်းကောင်း အသက်တာဆုံးခန်းတိုင်သည်အထိ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် သက်သေပြကြရမည်ဖြစ်သည်။ အထက်ပါပုဂ္ဂိုလ်များ၏ဖြောင့်မတ်ရာသို့ရာက်ခြင်းနှစ်မျိုးအယူအဆကို ဖော်ကျူးရန် "ပြီးသွားပြီ၊ ဒါပေမယ့် ယခုထိမပြီးသေးဘူး"ဟူသော အသုံးအနှုန်းမျိုးကို တစ်ခါတစ်ရံအသုံးပြုခဲ့ကြသည်။ တစ်ဦးတစ်ယောက်သည် ယုံကြည်သောအချိန်အခိုက်အတန့်တွင် ဖြောင့်မတ်ရာသို့ရောက်ရှိသော်လည်း ထာဝရကာလအတွက်အပြီသတ်ဖြောင့်မတ်ရာသို့ရောက်ရှိခြင်းတော့မဟုတ်သေးပါဟူသော ပုံစံဖြစ်သည်။

ဤအယူအဆကို ထောက်ခံအားပေးသည့်အနေဖြင့် ကျွမ်းကျင်လိမ္မာသောငြင်းခုံဆွေးနွေးချက်များကိုတင်ပြထားသော်လည်း၊ အပြင်ပန်းအရ ဤအယူအဆသည် အဓိပ္ပါယ်မရှိပါ။ တစ်စုံတစ်ခုသည် မည်သို့ဖြစ်လည်းဖြစ်၊ ဖြစ်လဲမဖြစ်ဘဲရှိနေနိုင်သနည်း။ ၄င်းသည် ဆန့်ကျင်ဘက်နှစ်ခုတစ်ချိန်တည်းတွင် မမှန်နိုင်ခြင်းနိယာမ (Law of Non-contradiction) ကိုလည်းကောင်း၊ **က** သမ္မာတရား **ခ** သမ္မာတရားအခြေခံစည်းမျဉ်းဥပဒေကိုလည်းကောင်း ချိုးဖောက်နေပါသည်။ အကယ်၍ လူတစ်ယောက်သည် အဆိုအရဖြောင့်မတ်ရာသို့ ရောက်ရှိသော်လည်း (က သမ္မာတရား) ထိုအရာကို

ယုံကြည်ခြင်း၌လည်းကောင်း၊ ကောင်းသောအကျင့်ကိုကျင့်ခြင်း၌လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ခြင်း (ခ သမ္မာတရား သန့်ရှင်းရာသို့ရောက်ခြင်း)ဖြင့် သက်သေမပြနိုင်လျှင် ထိုပုဂ္ဂိုလ်သည် မည်သည့်အချိန်ကမျှ ဖြောင့်မတ်ခြင်းသို့ လုံးလုံးမရောက်ခဲ့ပါ။ "ပြီးသွားပြီး" သောဖြောင့်မတ်ရာသို့ရောက်ခြင်းမရှိသကဲ့သို့ "နောက်ဆုံးအပြီးသတ်" ဖြောင့်မတ်ရာသို့ရောက်ခြင်းလည်း မရှိပါ။ သမ္မာကျမ်းစာသည် ဖြောင့်မတ်ရာသို့ရောက်ခြင်းကို အဖြစ်အပျက်နှစ်ခုအဖြစ် မည်သည့်အခါကမျှ နှစ်ခွဖြစ်မသွားစေခဲ့ပါ။ သမ္မာကျမ်းစာက ဖြောင့်မတ်ရာသို့ရောက်သောသူအား လုံးသည် ချီးမွှောက်တော်မူခြင်းခံရမည်ဟုပြောထားသည် (ရောမ ၈း၂၉)။

သမ္မာကျမ်းစာသည် ဖြောင့်မတ်ရာသို့ရောက်ခြင်းကို သန့်ရှင်းရာသို့ရောက်ခြင်းမှ လျောက်ပတ်သော အကြောင်းပြချက်နှင့်အတူခွဲခြားထားပါသည်။ ဤအရာနှစ်ခုကို တစ်ခုနှင့်တစ်ခုရောထွေးမှားယွင်းသွားခြင်းသည် သခင်ခရစ်တော်အား ကယ်တင်ရှင်အဖြစ်ယုံကြည်ခြင်းတည်းဟူသော ကယ်တင်ခြင်းအတွက်တစ်ခုတည်းသောသတ်မှတ်ပြဋ္ဌာန်းထားချက်တွင် ခရစ်ယာန်ကြီးထွားရင့်ကျက်ခြင်းအခြေခံစည်းမျဉ်းဥပဒေများကို ဖြည့်စွက်ပေါင်းထည့်ခြင်းသာဖြစ်သည်။ သန့်ရှင်းရာသို့ရောက်ခြင်းသည် တစ်သက်တာလုံးပြုလုပ်သွားရမည့် ဖြစ်စဉ်တစ်ခုဖြစ်နေသောကြောင့် အထက်ပါရောထွေးမှားယွင်းမှုသည် တစ်ဦးတစ်ယောက်ကယ်တင်ခြင်းရရှိခဲ့ကြောင်းကို အမှန်တကယ်သိရှိရန်မဖြစ်နိုင်ပါဟု ပြောဆိုနေခြင်းဖြစ်သည်။ ၄င်းသည် အခြေအနေပေါ်မူတည်ခြင်းမရှိသည့်ကျေးဇူးတော် သိတင်းကောင်းနှင့်ဝိညာဉ် ရေးရာကြီးထွားရင့်ကျက်ခြင်းရှိစေရန်လုပ်ဆောင်ရမည့်အချက်များနှင့်ဆန့်ကျင်ဘက်ဖြစ်နေစေပါသည်။

ဝိညာဉ်ရေးရာဖွားမြင်ခြင်း (က) သည်ဝိညာဉ်ရေးရာကြီးထွားခြင်း (ခ) မဟုတ်ပါ။ Spiritual Birth (A) is not Spiritual Growth (B)

ဝိညာဉ်ရေးရာဖွားမြင်ခြင်းနှင့်ကြီးထွားခြင်းတို့၏လက်တွေ့ဖြစ်တည်မှုအမှန်သည် ဖြောင့်မတ်ရာသို့ရောက် ခြင်းနှင့်သန့်ရှင်းရာသို့ရောက်ခြင်းတို့ကြားရှိအရေးကြီးသောကွဲပြားခြားနားချက်ကိုပြောပြရန်အခြားနည်းလမ်းတစ် ခုဖြစ်သည်။ တရားဥပဒေနှင့်ဆိုင်သောအခေါ်အဝေါ်အသုံးအနှုန်းများထက်၊ ဘဝအတွေ့အကြုံသည် သဘောပေါက်နားလည်ခြင်းအတွက်အခြေခံအစိတ်အပိုင်းကြီးဖြစ်သည်။ လူတစ်ယောက်တွင် ရုပ်ခန္ဓာအားဖြင့်မွေးဖွားရသောအချိန် ကာလတစ်ခုနှင့် ဘဝသက်တမ်းကာလတစ်လျှောက်ကြီးထွားရင့်ကျက်ရခြင်းကိုရှိထားကြသကဲ့သို့ဝိညာဉ်ရေး၌လည်း ထိုအတိုင်းပင်ဖြစ်သည်။ တစ်ဦးတစ်ယောက်သည် ဘုရားသခင်အားဖြင့်အထက်အရပ်မှ ဖွားမြင်ခြင်းကိုခံ၍ ဘုရားသခင်နှင့်ဆက်ဆံရင်းနှီးမှုတွင်လည်းကောင်း၊ ဝိညာဉ်ရေးရာတွင်လည်း

ကောင်းကြီးထွားလာရသည်။ တစ်ခုသည် အခြားတစ်ခုတွင် အကျိုးဆက်ဖြစ်ပေါ်သော်လည်း ထိုအရာနှစ်ခုသည် မတူကွဲပြားသောအဖြစ်အပျက်များဖြစ်သည်။ မွေးကင်းစကလေးတစ်ယောက်၏ မွေးဖွားခြင်းအဖြစ်အပျက်သည် ထိုကလေး၏ နောက်ဆက်တွဲကြီးထွားမှုအဖြစ်အပျက်နှင့်ကွဲပြားသကဲ့သို့ ဝိညာဉ်ရေးရာ၌မွေးဖွားခြင်းနှင့် ဝိညာဉ်ရေးရာ၌ကြီးထွားခြင်းတို့သည်လည်းအလားတူဖြစ်ကြသည်။

သမ္မာကျမ်းစာသည် ဝိညာဉ်ရေးရာ၌ မွေးဖွားခြင်းဟူသော က သမ္မာတရားကို အသစ်သောမွေးဖွားခြင်းဟူ၍ လည်းကောင်း၊ ဒုတိယမွေးဖွားခြင်း (တိုက်ရိုက်အဓိပ္ပါယ်မှာ *အထက်အရပ်မှ* မွေးဖွားခြင်းဖြစ်သည်) ဟူ၍လည်းကောင်း တင်ပြထားသည်။ ယောဟန် ၃း၃ တွင် သခင်ယေရှုက "ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရဟု ငါမှန်အကန်ဆိုသည်" ဟု ပြောထားသည်။ ဤမွေးဖွားခြင်းကို တိတု ၃း၅ က "ဒုတိယမွေးခြင်း နှင့်ဆိုင်သောဆေးကြောခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်း" ဟုခေါ်ဆိုထားပြီး၊ ၄င်းသည် "ငါတို့ကျင့် သောဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း၊ ကရုဏာတော်အားဖြင့်" ဖြစ်သည်ဟုလည်း ပြောထားသည်။ ကျွန်ုပ်တို့၏အကျင့် (လုပ်ဆောင်မှု)သည် ကျွန်ုပ်တို့၏အသစ်သောမွေးဖွားခြင်းတွင် အခန်းကဏ္ဍမရှိပါ။

ဝိညာဉ်ရေးရာမွေးဖွားခြင်းပြီးနောက်တွင် ကြီးထွားရင့်ကျက်လာရမည့် အသစ်သောအသက်တာ၏ ခ သမ္မာတရားကို သမ္မာကျမ်းစာက တင်ပြပြောဆိုထားသည်။ ၄င်းတွင် အကျင့်(လုပ်ဆောင်မှု)နှင့်နာခံခြင်းတို့ပါဝင်သည်။ သမ္မာကျမ်းစာသည် ဝိညာဉ်ရေးရာ၌ကြီးထွားခြင်း (သို့) တိုးတက်မှုအဆင့်ဆင့်ကိုလည်း ပြောပြထားသည်။ "ခရစ်တော်၌ကလေးသူငယ်များ" (၁ကော ၃း၁–၂) ဖြစ်နေကြသောသူများ၊ နက်နဲသော သမ္မာတရားများ၏ "ကြေခဲသောအစာ"ကို လက်ခံစားသုံးနိုင်သည်အထိ ကြီးထွားရင့်ကျက်ခြင်းမရှိသောသူများ (ဟေဗြဲ ၅း၁၁–၁၃)၊ ရင့်ကျက်သောခရစ်ယာန်များ (ဟေဗြဲ ၅း၁၄)လည်း ရှိကြသည်။ ၁ပေ ၁း၂၂–၂၃ တွင်လည်း ၄င်းတို့ကိုရှေ့နောက်ပြောင်းပြန်စီစဉ်၍ဖော်ပြထားပြီး နာခံခြင်းနှင့်ချစ်ခြင်းမေတ္တာသည် ဝိညာဉ်ရေးရာမွေးဖွားခြင်း၏ အကျိုးရလဒ်ဖြစ်သည်။ (ဝိညာဉ်ရေးရာ မွေးဖွားခြင်းကိုဖြစ်စေသော အကြောင်းအရင်းမဟုတ်) ဟုဖော်ပြပေးထားသည်။ "သင်တို့သည် ဖောက်ပြန်ပျက်ဆီးတတ်သော မျိုးစေ့အားဖြင့်ဖြစ်ပါးသည်မဟုတ်၊ မဖောက်ပြန်မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဖြစ်ဘွားသောကြောင့် (က သမ္မာတရား) ညီအစ်ကိုများကို ချစ်ယောင်မဆောင် အမှန်ချစ်ခြင်း အလိုငှါ စိတ်ထဲမှာသမ္မာတရားကို နားထောင်လျက်ကိုယ်စိတ်နှလုံးကို စင်ကြယ်စေသည်နှင့်အညီ စင်ကြယ်သောစိတ်နှင့် အချင်းချင်းအားကြီးသော ချစ်ခြင်းမေတ္တာရှိကြလော့။ (ခ သမ္မာတရား)။" ရှင်ပေတရုက ယုံကြည်သောသူများကို "ကျေးဇူးတော်၌၄င်း၊ ငါတို့ကိုကယ်

တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်းဥဿင်း ကြီးပွားကြလော့" ဟု လည်း ပြောထားသည်(၂ပေ ၃း၁၈)။

လက်ဆောင်(က)သည် ဆုလာဘ်(ခ)မဟုတ်ပါ။

The Gift (A) is not The Prize (B)

လက်ဆောင်တစ်ခုသည် အခမဲ့ဖြစ်၍ ဆုလာဘ်တစ်ခုမှာ စွမ်းဆောင်မှုပေါ်တွင်အခြေခံ၍ ချီးမြှင့်သောအရာ ဖြစ်သည်။ အပယ်ငရဲမှ ထာဝရကယ်တင်ပေးခြင်းသည် ဘုရားသခင်ထံမှလာသောလက်ဆောင်တစ်ပါးဖြစ်သော်လည်း ယခုပစ္စုပ္ပန်၌လည်းကောင်း၊ ထာဝရကာလ၌လည်းကောင်းရရှိမည့်ဆုလာဘ်များကိုမူ ခရစ်ယာန်များအဖြစ်နှင့် ကျွန်ုပ်တို့၏စိတ်နေသဘောထားနှင့်ပြုမူနေထိုင်မှုများအားဖြင့်လည်းကောင်း ကြိုးစားရှာကြံရသည်။ ခရစ်ယာန်တစ်ယောက်ဖြစ် နေခဲ့ပြီးဖြစ်သောရှင်ပေါလုက "ယေရှုခရစ်အားဖြင့် ငါ့ကိုအထက်အရပ်မှဘုရားသခင်ခေါ်တော်မူခြင်းနှင့်ဆိုင်သောဆု" ကိုကြိုးစားရှာကြံရန် ရည်ရွယ်ချက်ပန်းတိုင်နှင့်အတူရှေ့သို့အားသွန်ခွန်စိုက်ပြေးနေသည်ဟု ပြောခဲ့သည် (ဖိလိပ္ပိ ၃း၁၄)။ ဖိလိပ္ပိ ၃း၁၁–၁၄ ၏ကျမ်းစကားအဆက်အစပ်၌ ထိုဆုလာဘ်သည် သခင်ယေရှုခရစ်အားသာ၍သိကျွမ်းခြင်းနှင့် သခင်ယေရှုခရစ်၏ ဆင်းရဲဒုက္ခခံခြင်းနှင့် အသေခံခြင်းတို့၌မျှတူခံစားခြင်း အခွင့်ထူးတို့ဖြစ်ကြသည်။

သမ္မာကျမ်းစာ၏ နောက်ဆုံးအခန်းကြီးဖြစ်သော ဗျာဒိတ် ၂၂ တွင် ကျေးဇူးလက်ဆောင်နှင့်ဆုလာဘ်တို့၏ခြားနားမှုကိုပေါ်လွင်စေရန် ကောင်းမွန်ပီပြင်သော ယှဉ်တွဲခိုင်းနှိုင်းခြင်းတစ်ခုကို ကျွန်ုပ်တို့တွေ့ရသည်။ အခန်းငယ် ၁၂ တွင် သခင်ယေရှုက "ငါသည်အလျင်အမြန်လာမည်။ ငါသည်အကျိုးအပြစ်(ဆုလာဘ်)ကို ဆောင်ခဲ့သည်ဖြစ်၍ လူအသီးသီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်"ဟု ပြောထားသည်။ ဆုချီးမြှင့်ခြင်း၏အခြေခံသည် တစ်ဦးတစ်ယောက်၏စွမ်းဆောင်မှု (ခ သမ္မာတရား) ဖြစ်ကြောင်း ရှင်းလင်းထင်ရှားနေပါသည်။ သို့သော်၊ နောက်ထပ်ကျမ်းပိုဒ် အနည်းငယ်တွင် ရှင်ယောဟန်က "အလိုရှိသောသူသည် အဖိုးကိုမပေးဘဲ အသက်ရေကိုယူပါစေ" ဟု ပြောထားသည် (ငယ် ၁၇ – က သမ္မာတရား)။ ဤနေရာတွင် ရှင်ယောဟန်က ထာဝရအသက်ကိုအခမဲ့လက်ဆောင်ဖြစ်သော အသက်ရေသဖွယ်ပြောဆိုထားသည်။ ရှင်ယောဟန်သည်မိမိစီရင်ရေးစားသောခရစ်ဝင်ကျမ်းတွင်လည်း ကယ်တင်ခြင်းမခံရသေးသော ရေတွင်းမှအမျိုးသမီးထံ၌ပြောခဲ့သည့် သခင်ယေရှု၏နှုတ်ထွက်စကားလုံးများဖြင့် အလားတူပြောထား သည်မှာ "*ယေရှုကလည်း၊ ဘုရားသခင်ကျေးဇူးတော်ကိုငင်း၊ ငါသောက်ဘို့ ရေပေးပါ ဟုဆိုသောသူကား၊ အဘယ်သူဖြစ်သည်ကိုငင်း သင်သည်သိလျှင်ထိုသူကိုတောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကိုပေး လိမ့်မည် ဟုပြန်၍မိန့်တော်မူသော်*" ဟူ၍ဖြစ်သည် (ယောဟန် ၄း၁၀)။ ကိုယ်တော်သည် ဤအမျိုးသမီးထံ၌ ကျေးဇူးလက်ဆောင်ကိုပေးသနားရာတွင် မည်သည့်အခြေအနေသတ်မှတ်

ချက်ကိုမျှပူးတွဲတောင်းဆို မထားပါ။ သို့သော်၊ ထိုအခန်းကြီး၌ပင် ကယ်တင်ခြင်းကို ရရှိထားသော မိမိ၏တပည့်တော်များကိုလိပ်မူပြောဆိုရာတွင် သခင်ယေရှုက ၄င်းတို့ထံ၌ ၄င်းတို့၏ကြိုးစားအားထုတ်မှုသည် အဖိုးအခကိုရရှိခဲ့လိမ့်မည်ဟုပြောခဲ့သည် (ယောဟန် ၄:၃၆–၃၈)။ ကယ်တင်ခြင်းမခံရသေးသော အမျိုးသမီးအားအခမဲ့ကယ်တင်ခြင်း (လက်ဆောင်)ကို ပေးသနားရန်က သမ္မာတရားကိုပေးခဲ့စဉ်တွင် ကယ်တင်ခြင်းရရှိထားသော တပည့်တော်များကိုမူလုပ်အားခ (ဆုလာဘ်)ကို ကြိုးစားရှာကြံကြရန် ခ သမ္မာတရားကိုပေးခဲ့သည်။

ကယ်တင်ခြင်းသည် အခမဲ့လက်ဆောင်ဖြစ်သည်ဟူသော သမ္မာကျမ်းစာ၏သွန်သင်ချက်နှင့် ထာဝရဆုလာဘ်သည်ကြိုးစားရယူရမည့် အရာတစ်ခုဖြစ်သည်ဟူသော သွန်သင်ချက်တို့ကို ကျွန်ုပ်တို့ရောထွေးသွားစေကြလျှင် ကျွန်ုပ်တို့အနေဖြင့်ကျေးဇူးတော်အပေါ်တွင် အကျင့်ကိုထပ်လောင်းထည့်သွင်းပြောဆိုခြင်းအားဖြင့် ဧဝံဂေလိတရားကို ရှုပ်ထွေးသွားစေကာ ထိုသို့သောသွန်သင်ချက်သည်ဖြစ်နိုင်ချေ မရှိသောသွန်သင်ချက်ဖြစ်သည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပြီးဖြစ်သည်။

ပတ်သက်ဆက်နွယ်ခြင်း (က) သည် မိတ်သဟာရဖွဲ့ခြင်း (ခ) မဟုတ်ပါ – Relationship (A) is not Fellowship (B)

ပတ်သက်ဆက်နွယ်ခြင်းဟုဆိုရာတွင် သားတစ်ယောက်ကမိမိ၏ဖခင်ဖြစ်သူနှင့် သွေးသားအရပတ်သက် ဆက်နွယ်ခြင်းကဲ့သို့သောခံစားချက်အရမဟုတ်ဘဲ ဓမ္မဓိဋ္ဌာန်ကျသော (အမှန်တကယ်ဖြစ်သော) ဆက်နွယ်ပတ်သက်မှုမျိုးကို ကျွန်ုပ်ဆိုလိုပါသည်။ မိတ်သဟာယဖွဲ့ခြင်းဟုဆိုရာတွင် ထိုပတ်သက်ဆက်နွယ်မှု၌ လူနှစ်ဦးအကြားအရည် အသွေးကောင်းမွန်သော မျှဝေခံစားခြင်းကို ကျွန်ုပ်ဆိုလိုပါသည်။ သားယောကျ်ားတိုင်းသည် ၄င်းတို့၏ဖခင်များနှင့် ပတ်သက်ဆက်နွယ်နေကြပါသော်လည်း၊ သားယောကျ်ားတိုင်းက ၄င်းတို့၏ဖခင်များနှင့် အရည်အသွေးကောင်းမွန်သောဆက်ဆံရေးမျိုးပိုင်ဆိုင်ထားခြင်းမရှိပေ။ လူတစ်ယောက်သည် အခြားသူတစ်ယောက်နှင့်ပတ်သက်ဆက်နွယ်မှုတစ်ခုကိုရှိထားနိုင်ပါသော်လည်း မိတ်သဟာရဖွဲ့ခြင်းကိုမူ သေချာပေါက်ရှိချင်မှရှိနေပါလိမ့်မည်။ မိတ်သဟာရဖွဲ့ခြင်းသည် ၄င်း၏အရည်အသွေးပြည့်ဝကောင်းမွန်မှုတွင်အမျိုးမျိုးကွဲပြားခြားနားနေနိုင်ပါသည်။ ဤအယူအဆနှစ်ခုကိုကျွန်ုပ်တို့နှိုင်းယှဉ် ကြည့်နိုင်ပါသည်။

ပတ်သက်ဆက်နွယ်ခြင်း (က)	မိတ်သဟာရဖွဲ့ခြင်း (ခ)
ဖြစ်တည်မှုအနေအထားနှင့်သက်ဆိုင်သည်	တွေ့ကြုံခံစားမှုနှင့်ဆိုင်သည်
တစ်ကြိမ်တည်းဖြင့်အမြဲတမ်းတွက်တည်ဆောက်ထားသည်	ထိန်းသိမ်းထားနိုင်သကဲ့သို့ဆုံးလည်းဆုံးရှုံးသွားနိုင်သည်
လုံခြုံစိတ်ချစွာရှိနေသည်	အခြေအနေပေါ်တွင်မူတည်သည်

သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသောသူတိုင်းသည် ဘုရားသခင်၏ မိသားစုထဲ၌ မွေးဖွားခြင်းအား ဘုရားသခင်နှင့် ထာဝရတည်သော ပတ်သက်ဆက်နွယ်မှုတစ်ခုတွင် အခိုင်အမာတည်ရှိသွားပြီဖြစ်သည်။ ဤအရာသည် စိတ်ခံစားချက်အရမဟုတ်ဘဲ၊ ဓမ္မဓိဋ္ဌာန်ကျသည့်ဖြစ်တည်မှုအနေအထားနှင့်ဆိုင်သော သမ္မာတရား (က သမ္မာတရား) ဖြစ်သည်။ သို့သော်၊ ယုံကြည်သူတိုင်းက ထိုပတ်သက်ဆက်နွယ်မှုတွင် အရည်အသွေးတူညီသောမိတ်သဟာရဖွဲ့ခြင်းကို အတူတကွမျှဝေမခံစားရကြပါ။ ဤအရာသည် ခံစားချက်နှင့်ဆိုင်သော သမ္မာတရား (ခ သမ္မာတရား) ဖြစ်သည်။ အချို့သောခရစ်ယာန်များသည် အခြားခရစ်ယာန်များထက် ဘုရားသခင်နှင့် ပို၍နီး စပ်ကျွမ်းဝင်မှုကို ခံစားကြရသည်။ ဤသို့ဖြစ်ရခြင်းတွင် အကြောင်းအရင်းများစွာရှိသည်။ ၄င်းတို့မှာ ယုံကြည်သူ၏အသက်တာရှိ အပြစ်ဒုစရိုက်၊ မရင့်ကျက်မှု၊ သွန်သင်ပေးမှုမရှိခြင်း၊ ဆက်ကပ်အပ်နှံမှုမရှိခြင်း စသည်တို့ဖြစ်ကြသည်။ စောစောပိုင်း၌ ကျွန်ုပ်တို့မြင်တွေ့ကြသည့်အတိုင်း၊ တပည့်တော်ဖြစ်ခြင်းအတွက် တစ်ခုတည်းသောကန့်သတ်ပြဋ္ဌာန်းချက်မှာ ဘုရားသခင်၏နှုတ်ကပတ်တော် (ဒေသနာ) ကိုအနီးကပ်ထိန်းသိမ်းလိုက်နာမှုဖြစ်ကြောင်း ယောဟန် ၈း၃၀–၃၁က ဖော်ပြထားသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနာခံစောင့်ထိန်းသောသူများသည် နောက်လိုက်တပည့် များအဖြစ် ကိုယ်တော်ရှင်နှင့် နီးစပ်သောမိတ်သဟာရဖွဲ့ခြင်းကို ပျော်မွေ့ကြရသည်။ နာခံမှုရှိသောယုံကြည်သူများအတွက်အလျှံပယ်ရရှိနိုင်သော နီးစပ်ကျွမ်းဝင်မှုကို ယောဟန် ၁၄း၂၁ တွင် ဖော်ပြထားသည်။

> *“ငါ့ပညတ်တို့ကိုရ၍ စောင့်ရှောက်သောသူသည် ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကို ငါ့ခမည်းတော်သည် ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကိုချစ်၍ သူ့အားကိုယ်တိုင်ထင်ရှားမည် ဟု မိန့်တော်မူ၏။”*

ကျမ်းချက်မြောက်များစွာတို့၌ ဘုရားသခင်နှင့်မိတ်သဟာရဖွဲ့ခြင်းသည် အဓိကပြောကြားလိုသောအာဘော်ဖြစ်နေကြောင်းကို နောက်ပိုင်းတွင် ကျွန်ုပ်တို့ ကြည့်ရှုသွားကြမည်ဖြစ်သည်။ အထူးသဖြင့် ရှင်ယောဟန်ဩဝါဒစာ ပထမစောင်တွင်ဖြစ်သည်။ ၄င်းသည် ပြဿနာပေးလေ့ရှိသောကျမ်းချက်များကို ကျွန်ုပ်တို့သဘောပေါက်လာရန် ကူညီပေးနေသကဲ့သို့၊ တိကျသေချာသောအခြေအနေကန့်သတ်ချက်များကို ဖြည့်ဆည်းပြည့်စုံစေခြင်းဖြင့် ဖြစ်နိုင်ချေရှိလာသောဘုရားသခင်ကိုကျွန်ုပ်တို့တွေ့ ကြုံခံစားခြင်း၏ ပို၍ကြွယ်ဝပြည့်စုံသောတစ်ဖက်ခြမ်းကိုလည်း မြင်တွေ့နိုင်ရန်ကူညီပေးပါသည်။ ၁ယောဟန်တွင်ရှင်ယောဟန်က ဤစာစောင်ကိုမိမိရေးသားရခြင်း၏ရည်ရွယ်ချက်မှာ စာဖတ်သူများနှင့် တမန်တော်များအကြား၌လည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း မိတ်သဟာရဖွဲ့ခြင်းကို အားပေးမြှင့်တင်ရန်ဖြစ်ကြောင်း အခိုင်အမာပြောကြားထားသည်။

ထိုကျမ်း၏ ရည်ရွယ်ချက်မှာ သာ၍နက်နဲသောမိတ်သဟာရဖွဲ့ခြင်းဖြစ်လျှင်၊ ထိုအချက်သည် ထိုကျမ်းရှိများစွာသော "စစ်ဆေးခြင်းများ"အား ကျွန်ုပ်တို့မည်သို့ အနက်ဖွင့်ဘာသာပြန်ဆိုရမည်ကို သတ်မှတ်တိုင်းတာပေးရပါမည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ ရည်ရွယ်ချက်မှာ ဘုရားသခင်နှင့်ပတ်သက် ဆက်နွယ်မှု (ဆက်ဆံရင်းနှီးမှု) ကိုအခိုင်အမာတည်ဆောက်ရာ၌ လူတို့ကိုကူညီပေးရန်ဖြစ်ကြောင်းကိုလည်းကောင်း (ယောဟန် ၂၀း၃၁)၊ ရှင်ယောဟန်ဩဝါဒစာပထမစောင်၏ ရည်ရွယ်ချက်မှာ လူတို့အား ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းကို မွေ့လျော်ခံစားကြဖို့ ကူညီပေးရန်ဖြစ်ကြောင်းကို လည်းကောင်း (၁ယော ၁း၃–၄) ကျွန်ုပ်တို့ရှာဖွေတွေ့ရှိရပါလိမ့်မည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ခ သမ္မာတရားအနည်းငယ်နှင့်အတူများသောအားဖြင့် က သမ္မာတရားပါရှိသည်။ ရှင်ယောဟန်ဩဝါဒစာ ပထမစောင်သည် က သမ္မာတရားအနည်းငယ်နှင့်အတူများသောအားဖြင့် ခ သမ္မာတရားပါရှိသည်။

သမ္မာကျမ်းစာရှင်းလင်းချက်ရေးသားသူများနှင့် စာဖတ်သူများသည် ဘုရားသခင်နှင့်ပတ်သက်ဆက်နွယ်ခြင်း (ဆက်ဆံရင်းနှီးမှု) နှင့်သက်ဆိုင်သော သမ္မာတရားများကို ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းနှင့်သက်ဆိုင်သော သမ္မာတရားများနှင့် အမြဲလိုလိုမှားယွင်းစွာရောထွေးခဲ့ကြသည်။ ဤအရာသည် လုပ်ဆောင်မှုအခြေပြုဧဝံဂေလိတရားကိုဖြစ်ပေါ်စေပါသည်။ ထိုဧဝံဂေလိတရားတော်သည် ဧဝံဂေလိတရား (သတင်းကောင်းတရား) လုံးလုံးမဟုတ်ပါ။ ပတ်သက်ဆက်နွယ်မှု(ဆက်ဆံရင်းနှီးမှု)ကို ထိုက်တန်စွာရရှိရန် ကြိုးစားရာကြ၍ မရနိုင်ပါသော်လည်း မိတ်သဟာရဖွဲ့ခြင်းကိုမူရရှိနိုင်ပါသည်။ ပတ်သက်ဆက်နွယ်မှုသည် မပျောက်ဆုံးနိုင်ပါသော်လည်း မိတ်သဟာရဖွဲ့ခြင်းမှာ ပျောက်ဆုံးနိုင်ပါသည်။

သခင်ခရစ်တော်ကို ကယ်တင်ခြင်းအတွက်ယုံကြည်ခြင်း (က) သည် သခင်ခရစ်တော်ကို အရှင်သခင်အဖြစ် ဆက်ကပ်အပ်နှံခြင်း (ခ) မဟုတ်ပါ။ Believing in Christ for Salvation (A) is not Committing to Christ as Lord (B)

တမန်တော် ၁ဖိ၂း၁၁တွင် တမန်တော်ပေါလုက ကြောက်လန့်တုန်လှုပ်နေသောရောမထောင်မှူးတစ်ယောက်အား ကယ်တင်ခြင်းသို့မည်သို့ရောက်နိုင်သည်ကို ပြောပြခဲ့သည်။ "သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ထိုသို့ ယုံကြည်လျှင် သင်...ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။" ရှင်ပေါလုသည် ထောင်မှူးအား သခင်ယေရှုခရစ်ကို ၄င်းအား ကယ်တင်ပေးမည့်အရှင်သခင်(ဘုရားသခင်) အဖြစ်နှင့် (ဖျောင်းဖျခံရ၍) ယုံကြည်ရန်လိုအပ်သည်ဟု ပြောခဲ့ပါသလား (သို့) သူသည်သခင်ယေရှုကို မိမိ၏အရှင်နှင့်သခင်အဖြစ်(အညံ့ခံအပ်နှံ၍) ယုံကြည်ရန်လိုအပ်သည်ဟု ပြောခဲ့ပါသလား။ ပထမပြောဆိုချက်သည် ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်ခြင်းကို ထိန်းသိမ်း

ထားပြီး၊ ဒုတိယသည် ကောင်းမှုကုသိုလ်(ကိုယ်တိုင် အညှဉ်းခံအပ်နှံခြင်းသို့ မဟုတ် ဆက်ကပ်အပ်နှံခြင်း၏ ကောင်းမှုကုသိုလ်) အားဖြင့် ကယ်တင်ခြင်းသို့ရောက်ခြင်းကို အားပေးမြှင့်တင်နေပါသည်။ နှစ်ခုစလုံးသည် တစ်ချိန်တည်းတွင် မမှန်နိုင်ပါ။

"အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှါ အဘယ်သို့ပြုရပါမည်နည်း" ဟူသောမေးခွန်း၏ အဓိကသော့ချက်မှာ ကယ်တင်ရှင်အဖြစ်နှင့် သခင်ယေရှုသည် ကယ်တင်တော်မူ၍ အရှင်သခင်အဖြစ်နှင့်အုပ်စိုးတော်မူသည်ဟူသောအချက်ကို သဘောပေါက်နားလည်ရန်ဖြစ်သည်။ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်အားဖြင့်ဆိုလျှင် ကယ်တင်ခြင်းသည် သခင်ယေရှုကို ကယ်တင်ရှင်အဖြစ်နှင့် သိကျွမ်းယုံကြည်ခြင်းဖြစ်သည်။ သခင်ယေရှုသည် အရှင်သခင်ဖြစ်သောကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်နိုင်သည်။ ကိုယ်တော်သည် အရှင်သခင်ဖြစ်သောကြောင့် ကယ်တင်ခြင်းခံရသောသူများသည် ကိုယ်တော်ထံ၌ အစေခံ ခစားကြရမည်ဖြစ်သည်။ သခင်ယေရှုသည် ဘွဲ့နာမများစွာကို ဆုပ်ကိုင်ထားသည်။ ကယ်တင်ရှင်၊ အရှင်သခင်၊ သခင်၊ တရားသူကြီး၊ ဖန်ဆင်းရှင်၊ ယဇ်ပရောဟိတ်မင်းကြီး၊ ရှင်ဘုရင်စသည်တို့ဖြစ်ကြသည်။ သို့သော်၊ ကယ်တင်ခြင်းအတွက် သခင်ခရစ်တော်၏မည်သည့် သွင်ပြင် လက္ခဏာက ကျွန်ုပ်တို့ကို ဆွဲဆောင်ပါသနည်း။ အဖြေမှာ သိသာထင်ရှားနေပါသည်။ ကယ်တင်ရှင်ဟူသော သွင်ပြင်လက္ခဏာက ကျွန်ုပ်တို့ကိုဆွဲဆောင်ပါသည်။ ကယ်တင်ခြင်းမခံရသေးသောသူများသည် ကယ်တင်ရှင်၏ကူညီမစမှုကို လိုအပ်ကြပြီး၊ ကယ်တင်ခြင်းခံရပြီးသောယုံကြည်သူများသည် အရှင်သခင်၏ကူညီမစမှုကိုလိုအပ်ကြသည်။

အရှင်သခင်ဖြစ်ခြင်း၌ဆပ်ကပ်အပ်နှံသောကယ်တင်ခြင်း (Lordship Salvation)ဟု ခေါ်သောအယူ အဆက လူတစ်ယောက်သည် ကယ်တင်ခြင်းခံရဖို့အလို့ငှါ သခင်ယေရှုကို ကယ်တင်ရှင်ဖြစ်နှင့်ယုံကြည်၍ အရှင်သခင်အဖြစ်နှင့်လည်း အစေခံရန် ဆက်ကပ်အပ်နှံဖို့လိုအပ်သည်ဟု ပြဋ္ဌာန်းခြင်းဖြင့် သတင်းကောင်းတရားကို ရှုပ်ထွေးစေပါသည်။ ဤဖြောင့်မတ်ရာသို့ရောက်ခြင်း (က သမ္မာတရား)နှင့် သန့်ရှင်းရာသို့ရောက်ခြင်း (ခ သမ္မာတရား) တို့အကြားရှိ ကွဲပြားခြားနားချက်ကို လျစ်လျူရှုခြင်းဖြင့် ဤအယူအဆသည် လူ့ကောင်းမှုကုသိုလ်ဖြင့် ကျေးဇူးတော်ကို ကြိုတင်အနှစ်သာရမဲ့စေခြင်းဖြင့် အခြေအနေပေါ်မူတည်ခြင်း မရှိသော ထိုကျေးဇူးတော်ကို အချည်းအနှီးဖြစ် စေပါသည်။ ဤအယူအဆတွင် ကျေးဇူးတော်ကို ကတိကဝတ်တစ်ခုပြုလုပ်ခြင်း(သို့) ဆက်ကပ်အပ်နှံမှုတစ်ခုပြု လုပ်ခြင်း (သို့) ဝန်ခံအပ်နှံခြင်းဖြင့် ထိုက်ထိုက်တန်တန်ရှိနိုင်ပါသည်။ သို့သော်၊ ဝမ်းနည်းဖွယ်ကောင်းသောအကျိုး ဆက်မှာ ကျေးဇူးတော်သည်ကျေးဇူးတော်အဖြစ်မှ ရပ်စဲသွားခြင်းဖြစ်သည်။

ယောဟန် ၃း၁၆၊ ၅း၂၄၊ ၆း၄၇ ကဲ့သို့သော ကျမ်းပိုဒ်ငယ်များ၌ ရှင်းလင်းပြတ်သားစွာဖော်ပြထားသော ရိုးရှင်းသည့်ဧဝံဂေလိတရားဖိတ်ခေါ်ချက်မှာ သခင်ယေရှုခရစ်ကို

(ထာဝရတည်သောကယ်တင်ခြင်းအား ပေးသနား၍ အာမခံပေးသော ဘုရားသခင်၏ သား တော်အဖြစ်နှင့်) ယုံကြည်လက်ခံသောသူတိုင်းသည် ထာဝရအသက်ကိုရရှိကြသည်ဟူ၍ဖြစ်သည်။ အာဗြဟံသည် ဘုရားသခင်၏ ကတိတော်အား မည်သို့လက်ခံရရှိခဲ့သည်ကို ပုံဆောင်ပြသရန် ကမ္ဘာဦး ၁၅း၆ ကို ခမ္မသစ်ကျမ်းတွင် သုံးကြိမ်တိုင်တိုင် တိုက်ရိုက် ကိုးကားထားသည်။ "အာဗြဟံ သည် ထာဝရဘုရားကို ယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။" ဤကျမ်းပိုဒ်ကို အကျင့် (လုပ် ဆောင်မှု)နှင့် ပညတ်တရားများအားစောင့်ထိန်းခြင်းက ကယ်တင်ပေးမနိုင်ပါဟု အထူးတလည်ငြင်းခုံထားသောကျမ်းစကားအသွားအလာများတွင် ကိုးကားထားသည်။ အာဗြဟံသည် ဘုရားသခင်ထံတော်၌ မည်သည့် ကတိကဝတ် (သို့) ဆက်ကပ်အပ်နှံမှုကိုမျှ ပြုလုပ်ရန် မလိုအပ်ခဲ့ပါ။ အမှန်ဆိုရလျှင်၊ ဘုရားသခင်သည် အာဗြဟံနှင့် ပဋိညာဉ်ပြုလုပ်ချိန်တွင် အာဗြဟံမှာအိပ်ပျော်နေခဲ့ပါသည် (ကမ္ဘာဦး ၁၅း၈–၁၂)။

ပြစ်တင်စီရင်ခြင်း(က)သည် ထိန်းသိမ်းကြပ်မတ်ခြင်း(ခ) မဟုတ်ပါ
Damnation (A) is not Discipline (B)

ဘုရားသခင်၏ မိသားစုအထဲ၌ မွေးဖွားခြင်းမရှိသောသူများသည် ဘုရားသခင်ကိုင်းတို့အား အပယ်ငရဲ မီးအိုင်ထဲ၌ ထာဝရကာလတစ်လျှောက် ပြစ်ဒဏ်ချမှတ်မည့် တရားသူကြီးအဖြစ်နှင့် ရင်ဆိုင်ကြရပါသည် (၂သက် ၁း၇–၉၊ ဗျာဒိတ် ၂၀း၁၁–၁၅)။ သို့သော်၊ ဘုရားသခင်က မိမိအားမသိကျွမ်းသောသူများအား ကိုင်တွယ်ဖြေရှင်းပုံနှင့် မိမိ၏သားသမီးအရင်းများအား ပြုမူဆက်ဆံပုံတို့တွင် ကြီးမားသောကွဲပြားမှုကြီးတစ်ခု ရှိပါသည်။ ဖခင်ကောင်းတစ်ဦး နည်းတူ၊ ဘုရားသခင်သည် မိမိ၏ပြောမနိုင်ဆိုမရဖြစ်နေသော သားသမီးများကို စည်းကမ်းဖြင့်ထိန်းသိမ်းကြပ်မတ် ပေးပါသည်။ ဤသို့ပြုလုပ်ခြင်းသည် ဘုရားသခင်က ကျွန်ုပ်တို့အား ချစ်မြတ်နိုးကြောင်းကို ကျွန်ုပ်တို့သိရှိရသည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း ဟေဗြဲ ၁၂း၅–၁၁ က ထောက်ခံပြောဆိုထားသည်။ ဖခင်ကောင်းတစ်ယောက်က မိမိ၏ ပြောမနိုင်ဆိုမရဖြစ်နေသောသားကို အမွေပြတ်မစွန့်လွှတ်ပါ။ သမာသမတ်ရှိသော ဘုရားသခင်အားဖြင့် မယုံကြည်သူများအား ပြစ်ဒဏ်ချမှတ်စီရင်ခြင်းသည် က သမ္မာတရားတွင်အကျုံးဝင်ပါသည်။ ကြင်နာတတ်သော ခမည်းတော်အားဖြင့် ယုံကြည်သူတို့အားစည်းကမ်းဖြင့် ထိန်းသိမ်းကြပ်မတ်ခြင်းသည် ခ သမ္မာတရားတွင်အကျုံးဝင်ပါသည်။

အချိန်အတော်များများတွင် ဘုရားသခင်၏ စည်းကမ်းဖြင့် ထိန်းသိမ်းကြပ်မတ်ခြင်း (သို့) ဒဏ်ခတ်ဆုံးမ ခြင်းတို့အကြောင်းကို ပြောပြနေသောကျမ်းချက်များအား ထာဝရပြစ်ဒဏ်ချမှတ်စီရင်ခြင်းကို စိတ်ထဲ၌ရည်မှတ်လျှက် အနက်ဖွင့်ဘာသာပြန်ဆိုကြသည်။ ဟေဗြဲဩဝါဒစာရှိ သတိပေးချက်ပါသောကျမ်းချက်များသည် ဤအချက်၏

ဥပမာကောင်းတစ်ခုဖြစ်သည်။ နောက်ပိုင်းတွင် ဟေဗြဲဩဝါဒစာအတွက် အခန်းတစ်ခန်းကိုမြှုပ်နှံအသုံးပြုသွားမည်ဖြစ် သောကြောင့် ဟေဗြဲဩဝါဒစာ၌ ရေးသားပြုစုသူသည် ယုံကြည်သူများ (ဘုရားသခင်၏သားသမီးများ) ကိုရှင်းရှင်းလင်းလင်းလိပ်မူ ပြောဆိုနေခြင်းဖြစ်သည်ဟုသာ ကျွန်ုပ်ပြောလိုပါသည်။ ထို့ကြောင့်၊ ခရစ်ယာန်များသည် မိမိတို့၏ကယ်တင်ခြင်းကိုဆုံးရှုံးနိုင်သည်ဟုသင်မယုံကြည်လျှင် ထာဝရပြစ်ဒဏ်ချမှတ်စီရင်ခြင်း၏ခြိမ်းခြောက်မှုသည် အဓိပ္ပါယ်မရှိပါ။ ကျွန်ုပ်၏ယူဆချက်တွင်မူ ထိုအချက်သည် ပို၍ကြီးမားသောပြဿနာကိုသာ ဖန်တီးပေးပါသည်။[၁၀] ဤခြိမ်းခြောက်မှုများ၏လေးနက်ပြင်းထန်သော စကားလုံးအသုံးအနှုန်းများသည် မြောက်များစွာသောသူတို့ကို ဟေဗြဲဩဝါဒစာ၏တရားဒေသနာနှင့် အနက်ဖွင့်ဘာသာပြန်ဆိုခြင်းတို့အပေါ်၌ စိတ်သောကရောက်စေပါသည်။ ဤအခြေအနေကိုဖြေရှင်းနိုင်ဖို့ အချို့သောအနက်ဖွင့်ပြန်ဆိုသူများအတွက်တစ်ခုတည်းသောနည်းလမ်းမှာ ဟေဗြဲဩဝါဒစာအချို့ကို ယုံကြည်သူများထံရေးသားခဲ့ပြီး၊ အချို့ကို မယုံကြည်သူများထံရေးသားခဲ့သည်ဟု အခိုင်အမာပြောဆိုခြင်းဖြင့် ဟေဗြဲဩဝါဒစာအား နှစ်ခွဖြစ်သွားစေခြင်းသာဖြစ်သည်။ သို့ပင်ဖြစ်သော်လည်း ဟေဗြဲဩဝါဒစာအား ရေးသားပြုစုခဲ့သူက ထိုကဲ့သို့သောတိကျပြတ်သားသည့် ခွဲခြားမှုများကို မပြုလုပ်ထားပါ။ ဟေဗြဲဩဝါဒစာသည် လေးနက်ပြင်းထန်သော စည်းကမ်းဖြင့် ထိန်းသိမ်းကြပ်မတ်ခြင်းကိုစိတ်ကူးရည်မှတ်ထားသည်ဟု ကျွန်ုပ်တို့သဘောပေါက်နားလည်သောအချိန်၌သာ ထိုကျမ်း၏ငြင်းခုံတင်ပြချက်နှင့် ရည်ရွယ်ချက်တို့၏ညီညွတ်မှုကို ကျွန်ုပ်တို့မြင်တွေ့နိုင်မည်ဖြစ်သည်။

ကျေးဇူးတော်(က)သည် ပညတ်တရား(ခ)မဟုတ်ပါ။ Grace (A) is not Law (B)

ကျွန်ုပ်တို့သည် ဝက်ဆားနယ်ခြောက်ကို ကျွန်ုပ်တို့၏ကြက်ဥများနှင့်အတူတကွစားသုံးနိုင်ပါသည်။ ယုဒလူမျိုး တို့အား ဝက်သားစားခြင်းမှ တားမြစ်ထားသောမောရှေ၏ပညတ်တရားအောက်၌ ကျွန်ုပ်တို့ရှိနေကြလျှင် ထိုသို့စား သုံးနိုင်ကြမည်မဟုတ်ပါ။ (ဝက်စားနယ်ခြောက်ကို နှစ်သက်သောကျွန်ုပ်တို့အတွက်) ဘုရားသခင်က ရှင်ပေတရုထံ၌ အစားအစာအားလုံးသည် အသင်းတော်အတွက် ယခုသန့်ရှင်းကြပြီဖြစ်ကြောင်းကြေငြာခဲ့သည်ကို ကျေးဇူးတင်ရပါမည်(တမန် တော် ၁၀း၉–၁၆)။ နောက်ပိုင်းတွင် ရှင်ပေါလုကရောမဩဝါဒစာ၌ "ယုံကြည်သောသူအပေါင်းတို့သည်ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း၊ ပညတ်တရားသည် ခရစ်တော်အားဖြင့် စုံလင်ခြင်းရှိ၏" ဟုရေးသားခဲ့သည်။ ထို့အပြင်၊ ခရစ်ယာန်များသည် "ပညတ်တရားလက်၌ မရှိ၊ ကျေးဇူးတရားလက်၌ရှိ"

၁၀ နောက်ဆက်တွဲရှင်းလင်းချက် ၁ – အစဉ်ထာဝရလုံခြုံစွာရှိနေခြင်း (Eternal Security)

ကြသည်ဟု ပြောဆိုထား သည်(ရောမ ၆း၁၄)။ ဂလာတိသြဝါဒစာတွင် ရှင်ပေါလုက ပညတ်တရား၏ရည်ရွယ်ချက်မှာကျွန်ုပ်တို့ကိုသခင် ယေရှုခရစ်တော်ထံသို့ဆောင်ယူသွားရန်ဖြစ်ပြီး၊ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည်ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်း အားဖြင့် ကယ်တင်ခြင်းခံကြရမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ပညတ်တရားလက်အောက်တွင် မရှိကြတော့ပါဟု ငြင်းခုံဆွေးနွေးထားသည်(သြဝါဒစာတစ်စောင်လုံး ကို ကြည့်ရှုပါ။ အထူးသဖြင့် ၃း၂၂–၂၅ ကိုကြည့်ပါ)။

ကျွန်ုပ်တို့သည် ပညတ်တရား (မောရှေနှင့်ပြုသော ပဋိညာဉ်တရားဖြစ်စေ၊ ထိုပဋိညာဉ်တရား၏ ကိုယ်ကျင့် တရားနှင့်ဆိုင်သောသတ်မှတ်ပြဋ္ဌာန်းချက်များဖြစ်စေ) အောက်တွင်ဆက်လက်ရှိနေကြဆဲဖြစ်သည်ဟု ထင်မှတ်နေသောသူများသည် ထာဝရကယ်တင်ခြင်းအတွက် ပညတ်တရားအားနာခံခြင်းကို အခြေအနေသတ်မှတ်ချက် တစ်ခုအဖြစ်ဖန်တီးကြရပေလိမ့်မည်။ ထိုသို့ပြုလုပ်ခြင်းသည် ကျေးဇူးတော်အပေါ်၌ မည်သည့်အရာကို ပြုလုပ်လိုက်ပါ သနည်း။ ကျေးဇူးတော်ကို အကျိုးအာနိသင်ပျက်ပြယ်သွားစေပါသည်။ တစ်ဦးတစ်ယောက်သည် ပညတ်တရားကို စောင့်ထိန်းခြင်းဖြင့် ကယ်တင်ခြင်းသို့ရောက်လိုလျှင် ထိုပညတ်တရားကို တိတိကျကျလိုက်နာစောင့်ထိန်းရမည်ဟု သမ္မာကျမ်းစာက သွန်သင်ပေးထားသည် (ဂလာတိ ၃း၁၀၊ ယာကုပ် ၂း၁၀)။ ထိုအရာသည် လုပ်ဆောင်ရန်မဖြစ်နိုင်သောအရာဖြစ်သည်။ ဤအခြေအနေကကျွန်ုပ်တို့ကို ကျေးဇူးတော်ဆီသို့လမ်းပြဆောင်ယူသွားပါသည်။ ကျေးဇူးတော်သည် လုံးဝထိုက်တန်မှုမရှိသောကောင်းကြီးများကိုပေးသနားပါသည် (က သမ္မာတရား)။ မောရှေ၏ပညတ် တရားကမူ နာခံလိုက်လျှောက်ခြင်း ဖြင့်ရယူရသောကောင်းကြီးများကို ပေးကမ်းပါသည် (ခ သမ္မာတရား)။ ပညတ်တရားအား လိုက်နာစောင့်ထိန်းခြင်းဖြင့် ရရှိသောကယ်တင်ခြင်းသည် ဘုရားသခင်၏အခမဲ့ကျေးဇူးတော်အားဖြင့်ရရှိသောကယ်တင်ခြင်းနှင့် ရောနှော မနေပါ။ ဤအချက်သည် ဂလာတိအသင်းသားများထံ၌ပေးပို့ခဲ့သော ရှင်ပေါ လုသြဝါဒစာတစ်စောင်တစ်လုံး၏ အနှစ်ချုပ်ဖြစ်သည်။

သမ္မာကျမ်းစာသည် ပညတ်တရားနှင့်ကျေးဇူးတော်တို့ကြားရှိ ကွဲပြားခြားနားချက်ကို ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားတော်အား ဝမ်းနည်းဖွယ်ကောင်းစွာမှောက်လှန်ခြင်းမပြုဘဲ ဤအရာနှစ်ခုကိုမှားယွင်းရော ထွေးမသွားနိုင်ပါ။ ပညတ်တရားနှင့် ကျေးဇူးတော်တို့ကြားရှိ အငြင်းပွားမှုသည် ကနဦးအသင်းတော်တွင် အလွန်ပြင်းထန်ခဲ့သောကြောင့် ခိုင်မာသောဆုံးဖြတ်ချက်အတွက် ရှင်ပေါလုသည် ဤပြဿနာကိုအသင်းတော်ခေါင်းဆောင် ကြီးများထံသို့ ဆောင်ယူတင်ပြခဲ့ရသည် (တမန်တော် ၁၅)။ ဤပြဿနာတွင် တပါးအမျိုးတို့သည် သခင်ယေရှု ခရစ်တော်အားယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းသို့မရောက်မီတွင် ပညတ်တရားအောက်၌ ရောက်ရှိလာကြဖို့လိုအပ် သည်ဟု အတင်းအကျပ်အလေးအနက်တိုက်တွန်းနေသော ယုံကြည်သူ

အချို့ပါဝင်ခဲ့ကြသည်။ သို့သော်၊ ထိုတိုက် တွန်းငြင်းခုံမှုကို အလျော့ပေးသဘောတူ လိုက်ခြင်းကအကျင့် (လုပ်ဆောင်မှု) ကို ထာဝရကယ်တင်ခြင်းအတွက်အခြေခံ အကြောင်းအရင်းကြီးဖြစ်သွားစေခဲ့မည်ကို အသင်းတော်ခေါင်းဆောင်ကြီးများက သိရှိနားလည်ခဲ့ကြသောကြောင့်၊ သူတို့သည် ထိုတိုက်တွန်း ငြင်းခုံမှုကိုမှန်ကန်စွာငြင်း ပယ်ကန့်ကွက်ခဲ့ကြသည် (တမန်တော် ၁၅း၁၊ ၇–၁၁)။ သမ္မာကျမ်းစာကို လေ့လာ လိုက်စားသောသူများသည် ပညတ်တရားအား လိုက်နာစောင့်ထိန်းခြင်း၏သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကျေးဇူးတော်လက်ဆောင်တို့ကြားရှိ ကွဲပြားခြားနားချက်ကို လက်ခံ အသိအမှတ်ပြုကြရ မည်ဖြစ်သည်။

ထာဝရအမျက်တော်(က)သည် ယခုပစ္စုပ္ပန်အမျက်တော်(ခ) မဟုတ်ပါ
Eternal wrath (A) is not Temporal wrath (B)

အမျက်တော်ဆိုသည်မှာ ဘုရားသခင်၏ဖြောင့်မှန်သောဒေါသကို ရည်ညွှန်း သည်။ အမျက်တော်ကို အပယ် ငရဲ၌ အစဉ်ထာဝရဒဏ်ခတ်စီရင်ခြင်းဟူသော အကျိုး ဆက်တစ်ခုတည်းသို့ လျှော့ချလိုသောသူအမြောက်အများ ရှိကြသည်။ ဘုရားသခင်သည် ခရစ်ယာန်များအပေါ်၌လည်း မတူကွဲပြားသောနည်းလမ်းဖြင့်လည်းကောင်း၊ မတူကွဲပြား သောအကျိုးဆက်နှင့်လည်းကောင်း အမျက်ထွက်နိုင်ပါသည်ဟူသော ဖြစ်နိုင်ချေရှိမှုကို အတွေးနေရာအနည်းငယ်သာပေး (သို့) လုံးလုံးမပေးကြပါ။ ဥပမာ၊ လူတစ်ယောက် သည် မိမိကိုသတ်ဖို့ကြိုးစားသည့် ထောင်ပြေးတစ်ယောက် အပေါ်၌ထားရှိသည့်အမျက် ဒေါ သသည် မိမိ၏နာခံမှုမရှိသောသားအပေါ်၌ ထားရှိကောင်းထားရှိမည့် အမျက်ဒေါသ နှင့်ကွဲပြားပါသည်။ ဤအရာသည် ဟေဗြဲဩဝါဒစာရှိ ခက်ထန်ကြမ်းတမ်းသော သတိ ပေးချက်များနှင့်အတူ ၄င်း၏ မီးကဲ့သို့သော အပြစ်ပေးခြင်းပုံရိပ်သည်– အထူးသဖြင့်၊ မီးကို တိုက်ရိုက်အဓိပ္ပါယ်ဖြင့်အသုံးမပြုဘဲ၊ တင်စားသောအားဖြင့် အသုံးပြုခဲ့လျှင် – ခရစ်ယာန်များနှင့်လည်း အမှန်တကယ်သက်ဆိုင်မှုရှိကောင်းရှိခဲ့လိမ့်မည်ဟူသောအချက် ကို ကျွန်ုပ်တို့သဘောပေါက်နားလည်ရန် အသေအချာကူညီပေးခဲ့ပါလိမ့်မည်။

ရောမ ၁း၁၈ ကဲ့သို့သော ကျမ်းပိုဒ်က လူသားအားလုံးနှင့်ဆိုင်သော သမ္မာ တရားတစ်ခုကို ဖော်ပြထားသည်။ "သမ္မာတရားကို အဓမ္မဖြင့်ဆီးတားနှိပ်စက်သော သူတို့ ပြုတတ်သော ဘုရားမဲ့နေခြင်းအမှု၊ တရားကိုလွန်ကျူးခြင်း အမှုအမျိုးမျိုးတို့၏ တစ်ဖက်၌ ဘုရားသခင်၏အမျက်တော်သည် ကောင်းကင်မှထင်ရှားသွန်းလောင်းလျက် (ပစ္စုပ္ပန် ကာလပြကြိယာဖြစ်ကြောင်းကိုသတိပြုပါ)ရှိ၏။" ကယ်တင်ခြင်းမခံရသော လူသားမျိုးနွယ်အပေါ်၌သာ ဘုရားသခင်၏အမျက်တော်ကိုသွန်းလောင်းရွာချသည်ဟု မပြောထားပါ။ လူတို့၏ဘုရားမဲ့နေခြင်းအမှု၊ တရားကိုလွန်ကျူးခြင်းတို့ အပေါ်၌သွန်း လောင်းရွာချဟုဆိုထားသည်။ ၄င်းသည် ဘုရားမဲ့နေခြင်းအမှုနှင့် တရားကိုလွန်ကျူးသော

အမှုအမျိုးမျိုးတို့ကို အသက်တာ၌ပြသသော လူ*အားလုံး*နှင့်သက်ဆိုင်မှုရှိသည်။ ရိုးရှင်းသော အခြေခံစည်းမျဉ်းဥပဒေသမှာ မယုံကြည် သူတစ်ဦးဦး၌ဖြစ်စေ၊ ယုံကြည်သူတစ်ဦးဦး၌ဖြစ်စေရှိနေသောအပြစ်ဒုစရိုက်သည် ဘုရားသခင်၏ဖြောင့်မတ်သောအမျက် ဒေါသကို ထိုက်လျောက်စွာခံစားရရှိစေသည်ဟူသောအချက်ဖြစ်သည်။ ဘုရားသခင့်အမျက်ဒေါသ၏အတိုင်းအတာ ပမာဏနှင့်ထိုအမျက်ဒေါသအား ကြုံတွေ့ခံစားရပုံသည် မယုံကြည်သူများနှင့် ယုံကြည်သူများကြားတွင်ကွဲပြားပါသည်။ မယုံကြည်သူများအပေါ်၌ထားရှိသောဘုရားသခင်၏ အမျက်ဒေါသသည် ယခုအသက်တာ၌ ၄င်းတို့ဘုရားသခင်နှင့်ကွဲကွာရခြင်း၌လည်းကောင်း၊ အပယ်ငရဲတွင် ဘုရားသခင်နှင့်ထာဝရကင်းကွာရခြင်း၌လည်းကောင်း အကျိုးဆက်ဖြစ်ပေါ်ပါသည်။ ထိုနေရာတွင် ပြစ်ဒဏ်ခတ်ခြင်း၏ပြင်းထန်မှုကို ၄င်းတို့၏ယခင်ပြုမူကျင့်ကြံပုံဖြင့် သတ်မှတ်တိုင်းတာပါသည် (ဗျာဒိတ် ၂၀း၁၂)။ ယုံကြည်သူများအပေါ်၌ရှိနေသော ဘုရားသခင်၏အမျက်ဒေါသသည် ယခုအသက်တာ၌ ယာယီသာဖြစ်သောစည်းကမ်းဖြင့်ထိန်းသိမ်းကြပ်မတ်ခြင်း သဘောမျိုးကိုဆောင်၍ထာဝရကာလတွင်ဆုလာဒ်များနှင့် ကောင်းကြီးမင်္ဂလာများအားငြင်းပယ်ခံရခြင်းသဘောမျိုးကိုဆောင်ပါသည်။ ဤအချက်ကို နားလည်သဘောပေါက်ထားခြင်းမရှိခဲ့လျှင် ယုံကြည်သူများထံသို့ လိပ်မူရေးသားခဲ့သော ဟေဗြဲဩဝါဒစာရှိသတိပေးချက်ကျမ်းပိုဒ်များကို တိကျမှန်ကန်စွာအနက်ဖွင့်ပြန်ဆိုရန် နည်းလမ်းမရှိပါ။ နောက်ပိုင်းတွင် ဆွေးနွေးတင်ပြထားသော ကျမ်းချက်များတွင် ဘုရားသခင် ကယုံကြည်သူများအားစည်းကမ်းဖြင့်ထိန်းသိမ်းကြပ်မတ်ခြင်းအကြောင်းဖော်ပြထားသည်ကို ကျွန်ုပ်တို့မြင်တွေ့ရပါလိမ့်မည်။

က သမ္မာတရား (မယုံကြည်သူများအပေါ်ရှိ ထာဝရတည်သောအမျက်တော်)နှင့် ခ သမ္မာတရား (ယုံကြည်သူ များအပေါ်ရှိ ယခုပစ္စုပ္ပန်အမျက်တော်) တို့ကြားရှိ ကွဲပြားခြားနားချက်သည်အလွန်အရေးကြီးပါသည်။ အကြောင်းမှာ ယုံကြည်သူတစ်ဦးပြုမူကျင့်ကြံပုံ၌မူတည်၍ဘုရားသခင်၏အမျက်တော် (သို့) ဒဏ်ခတ်ဆုံးမခြင်းနှင့်စပ်လျဉ်းသော ကျွန်ုပ်တို့သဘောပေါက်နားလည်မှု၌ထာဝရပျက်စီးခြင်းအကြောင်းကို အမြဲတစေထည့်သွင်းပြောမည်ဆိုပါက လူ့အကျင့်က ကျေးဇူးတော်ကိုသာလွန်သွားပြီး သတင်းကောင်းတရားမှာလည်း တစ်ဖန်မှောက်လှန်ခြင်းကိုခံရပါသည်။ ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းခံခဲ့ရသောထိုယုံကြည်သူသည် မိမိ၏ကယ်တင်ခြင်းကို မိမိ၏အကျင့် (လုပ်ဆောင်မှု) အားဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရတော့မည်ဖြစ်သည်။ ထိုသို့မထိန်းသိမ်းလျှင် သူသည် ဘုရားသခင်၏အစဉ်ထာဝရတည်သော ဒဏ်ခတ်စီရင်ခြင်းကို ထိုက်လျောက်စွာခံရပါမည်။ ဤအရာသည် လွန်ခဲ့သောအတိတ်၌ ကျွန်ုပ်တို့ရရှိခဲ့သည့်ကယ်တင်ခြင်းမှစ၍ လာမည့်အနာဂတ်ရှိ ကျွန်ုပ်တို့ကိုထိန်းသိမ်းစောင့်ရှောက်ပေးထားခြင်းအထိကျယ်ပြန့်သောကျေးဇူးတော်နှင့် ဆန့်ကျင်နေသောအရာဖြစ်သည်။

မဟာပလ္လင်ဖြူတရားစီရင်ခြင်း(က)သည် ခရစ်တော်၏တရားပလ္လင်(ခ)မဟုတ်ပါ – The Great White thone Judgment (A) is not The Judgment Seat of Christ (B)

ကပ်ကမ္ဘာကုန်ဆုံးသောနေ့တွင် ယုံကြည်သူများနှင့်မယုံကြည်သူများကို ခွဲခြားမည့်တရားစီရင်ခြင်းတည်းဟူသော တရားစီရင်ခြင်းတစ်ပါးတည်းသာ ရှိသည်ဟု လက်ခံယူဆထားခြင်းသည် သမ္မာကျမ်းစာနက်ဖွင့်ဘာသာပြန်ဆို သူများစွာ၏မဟာကျရှုံးမှုတစ်ခုဖြစ်သည်။ ဤအရာသည် သမ္မာကျမ်းစာအချို့ကို လိုက်လျောညီထွေမှုရှိရန်ပြုလုပ် ရာ၌ အဓိကပြဿနာကြီးများကို ဖြစ်စေပါသည်။ ဥပမာ၊ ယောဟန် ၅း၂၄ တွင် သခင်ယေရှုက မိမိကိုယုံကြည် သူတိုင်းသည် "အပြစ်စီရင်ခြင်းကိုမခံရ"ဟု ပြောထားသော်လည်း၊ ၂ကော ၅း၁၀ တွင်မူ "ရှင်ပေါလုက ယုံကြည်သူများ နှင့်စပ်လျဉ်း၍ "ငါတို့ရှိသမျှသည် ...ခရစ်တော်၏တရားပလ္လင်ရှေ့၌ ပေါ်လာရကြမည်"ဟု ပြောထားသည်။ ဤနေရာတွင် ကွဲလွဲဆန့်ကျင်မှုရှိနေပါသလား။

ကျွန်ုပ်တို့၏ က သမ္မာတရား ခ သမ္မာတရားအားလက်တွေ့ရယူကျင့်သုံးခြင်းက ဤပြဿနာကို ဖြေရှင်းပေးနေပါသည်။ ယောဟန် ၅း၂၄ သည် သခင်ခရစ်တော်ကိုယုံကြည်၍ ထာဝရအသက်ကိုရရှိထားသော မယုံကြည်သူများ နှင့်စပ်ဆိုင်သည့် က သမ္မာတရားဖြစ်သည်။ သူတို့သည် ဗျာဒိတ် ၂၀း၁၁–၁၅ ရှိနောက်ဆုံးတရားစီရင်ခြင်းကို ရင်ဆိုင်ရန် မလိုအပ်ကြပါ။ ဤတရားစီရင်ခြင်းသည် ရှင်ဘုရင်အဖြစ်နှင့် ဤကမ္ဘာမြေသို့ သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာပြီးနောက်၌ မယုံကြည်သူများအား စီရင်မည့် တရားစီရင်ခြင်းဖြစ်သည်။ သို့သော် ၂ကော ၅း၁၀ သည် ယုံကြည် သူများထံ၌ ၄င်းတို့၏အသက်တာများအား မည်သို့အသုံးပြုခဲ့ကြသည်ကို ရှင်းလင်းချက်ပေးရမည့်အကြောင်းနှင့်စပ်လျဉ်း၍ပြောပြထားသည့် ခ သမ္မာတရားဖြစ်သည်။ ဤအဖြစ်အပျက်ကို ခရစ်တော်၏တရားပလ္လင် (သို့) *bema* (ဂရိဘာသာစကားတွင်)ဟုခေါ်သည်။ ယုံကြည်သူများသည် သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်နှင့် ယုံကြည်လက်ခံခြင်း (က သမ္မာတရား) ကြောင့် သူတို့၏ယုံကြည်ချက်ကို တရားစီရင်ခံရမည် မဟုတ်သော်လည်း သခင်ခရစ်တော်အား အရှင်သခင်အဖြစ်နှင့် နာခံလိုက်လျောက်ခြင်း (ခ သမ္မာတရား) အပေါ်၌ ၄င်းတို့၏သစ္စာရှိမှု၊ မရှိမှုအတွက်မူတရားစီရင်ခံရမည်ဖြစ်သည်။

က သမ္မာတရားနှင့် ခ သမ္မာတရားတို့ကြားရှိ ကျွန်ုပ်တို့ဆွေးနွေးခဲ့ကြသော ကွဲပြားခြားနားချက်များကို အောက်ဖော်ပြပါအနှစ်ချုပ်ဇယားကွက်က ရှင်းလင်းဖော်ပြပေးထားမည်ဖြစ်သည်။

က သမ္မာတရား	ခ သမ္မာတရား
ကယ်တင်ခြင်း	တပည့်တော်ဖြစ်ခြင်း
သခင်ယေရှုခရစ်၌ ယုံကြည်သည်	သခင်ယေရှုခရစ်အတွက်အလုပ်လုပ်သည်
ထာဝရကယ်တင်ခြင်းအတွက် ကျေးဇူးတော်	ထာဝရတည်သော်ဆုလာဘ်အတွက်
ဖြောင့်မတ်ရာသို့ရောက်ခြင်း	သန့်ရှင်းရာသို့ရောက်ခြင်း
ဝိညာဉ်ရေးရာ၌မွေးဖွားခြင်း	ဝိညာဉ်ရေးရာ၌ကြီးထွားခြင်း
စွမ်းရည်ဆုကျေးဇူးပေးအပ်ခြင်းခံရ	ဆုလာဘ်ကို ထိုက်တန်စွာကြိုးစားရယူသည်
ပတ်သက်ဆက်နွယ်မှု အခိုင်အမာတည်ဆောက်	မိတ်သဟာယဖွဲ့ခြင်းကို ပျော်မွေ့ရ

က သမ္မာတရား	ခ သမ္မာတရား
ကယ်တင်ခြင်းအတွက် ခရစ်တော်ကို ယုံကြည်	သခင်ခရစ်တော်အား
မယုံကြည်မှုအတွက် ဒဏ်ခတ်စီရင်ခြင်း	မနာခံခြင်းအတွက် စည်းကမ်းဖြင့်ကြပ်မတ်ခြင်း
ကယ်တင်ခြင်းအတွက်ထိုက်တန်မှုမရှိသောကျေးဇူး	ပညတ်တရားမှ ကင်းလွတ်ခြင်း
ထာဝရတည်သောအမျက်တော်	ယခုပစ္စုပ္ပန်အအမျက်တော်
မဟာပလွင်ဖြူတရားစီရင်ခြင်း	ခရစ်တော်၏တရားပလွင်

“က” သမ္မာတရား “ခ” သမ္မာတရားသည်သမ္မာကျမ်းချက်များစွာနှင့် အယူအဆများစွာအား မည်သို့အဓိပ္ပါယ်ရှိလာစေသည်ကိုမြင်တွေ့ရပြီးနောက်တွင် ဤအရာကို သိရှိထားခြင်းသည် သမ္မာကျမ်းစာလေ့လာခြင်းအတွက် အဘယ်ကြောင့် အရေးပါသည်ကို သင်နားလည်သဘောပေါက်နေပြီဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ၄င်းသည် ကျေးဇူးတော်ကြောင့် ကယ်တင်ရာသို့ရောက်ခြင်းနှင့် ခရစ်ယာန်အသက်တာတို့အကြောင်း သမ္မာကျမ်းစာ၏ရှင်းလင်းပြတ်သားသော သွန်သင်ထားချက်များနှင့် သင့်မြတ်ကိုက်ညီမှုမရှိဟု ထင်မှတ်ရသောသမ္မာကျမ်းချက်များစွာ၌ရယူအသုံးပြုရန်ကျစ် လစ်သိပ်သည်းသောစံနမူနာတစ်ခုကိုပေးပါသည်။

ကနဦး၌ ကျွန်ုပ်ပြောခဲ့သည့်အတိုင်း၊ ဤခွဲခြားသိမြင်ခြင်းသည် လေးနက်သော သမ္မာကျမ်းစာလေ့လာလိုက် စားသူများအနေဖြင့် ဘုရားသခင့်နှုတ်ကပတ်တော်၏ သင့်လျော်မှန်ကန်သောအနက်ဖွင့်ဘာသာပြန်ဆိုချက်ကိုမိမိတို့ရှာကြံရာ၌ရယူအသုံး ပြုနိုင်သည့် တစ်ခုတည်းသောအရေးကြီးအယူအဆဖြစ်သည်။ ထိုမျှသာမဟုတ်၊ ဤချဉ်းကပ်ပုံချဉ်းကပ်နည်းသည် ခရစ်ယာန်အသက်တာနှင့်ပတ်သက်သောတစ်ဦးတစ်ယောက်

၏ ရှုမြင်သုံးသပ်ပုံကိုလည်း အခြေခံကျကျပြောင်းလဲပေးပါလိမ့်မည်။ က သမ္မာတရား အား ခ သမ္မာတရားမှ မည်သို့ခွဲခြားရမည်ကို သင့်တင့်လျောက် ပတ်စွာသဘောပေါက်နား လည်ခြင်းနှင့်အတူ ယုံကြည်သူတစ်ယောက်သည် အနာဂတ်တွင်ရှိလာမည့်ချင့်တွက်သုံး သပ်ခြင်းနှင့် ဆုလာဘ်အတွက်တာဝန်ခံမှု တာဝန်ယူမှုရှိစွာနေထိုင်ရင်း ကယ်တင်ခြင်းစိတ် ချမှုအတွက် ဘုရားသခင်၏ ကျေးဇူးတော်၌ ငြိမ်သက်စွာခိုနားနေနိုင်ပါသည်။ ကျေးဇူး တော်သည် ဆက်လက်၍အခမဲ့ဖြစ်နေပါသော်လည်း ဆုလာဘ်များမှာမူအဖိုးအခကြီး ပါသည်။

❐

၇

သမ္မာကျမ်းစာလေ့လာခြင်းနှင့် က သမ္မာတရားနှင့် ခ သမ္မာတရား

မည်သည့်ကျမ်းချက်၏ အဓိပ္ပါယ်ကိုမဆို ဆုံးဖြတ်သတ်မှတ်သောအခါတွင် အကောင်းဆုံးအနက်ဖွင့်ဘာသာပြန်ဆိုချက်ဆီသို့ဆောင်ယူသွားပေးသော သမ္မာကျမ်းစာလေ့လာခြင်း အခြေခံစည်းမျဉ်းဥပဒေသများရှိပါသည်။ ဤအခန်းသည် ထိုသမ္မာကျမ်းစာလေ့လာခြင်းနှင့် အနက်ဖွင့်ဘာသာပြန်ဆိုခြင်းတို့၏ အခြေခံစည်းမျဉ်းဥပဒေသများအားလုံးကိုပြန်လည်သုံးသပ်သွားမည် မဟုတ်ပါ။ ဤအခြေခံစည်းမျဉ်းဥပဒေသအားလုံးကို မည်သည့်ကျမ်းချက်တွင် မဆို အသုံးပြုရမည်ဖြစ်သော်လည်း၊ ဤအခန်းသည် ကျွန်ုပ်တို့အား **က** သမ္မာတရားနှင့် **ခ** သမ္မာတရားတို့ကြားရှိကွဲပြားခြားနားချက်ကို ကောင်းစွာသိမြင်နိုင်ရန်အတွက် ပဓာနကျသောအခြေခံအချို့ကိုသာ ပြန်လည်အသိပေးသွားမည်ဖြစ်သည်။

သမ္မာကျမ်းစာလေ့လာခြင်းအားလုံးသည် စေ့စပ်သေချာစွာလေ့လာအကဲခတ်ခြင်း(observation)နှင့်အတူ အစပြုကြပါသည်။ သို့သော်၊ ကျွန်ုပ်တို့ကြည့်ရှုရာဖွေနေသောအရာကိုကျွန်ုပ်တို့သိပါသလား။ မကြာသေးခင်က အောရီဂွန်ပြည်မှ မိတ်ဆွေတစ်ယောက်က ကျွန်ုပ်ကိုငါးမျှားဖို့ခေါ်သွားခဲ့ပါသည်။ North Umpqua မြစ်၏မြင့်မားသောကမ်းပါးတစ်ခုတွင် ကျွန်ုပ်တို့ထိုင်နေစဉ်တွင် Evan က ဝဲကဲ့သို့လှည့်လည်စီးဆင်းနေသောရေပြင်ဆီသို့ လက်ညှိုး ညွှန်ပြရင်း "ဟိုမှာ steelhead ငါး၊ ဟောဟိုမှာလည်းတစ်ကောင်၊ ပြီးတော့ဟိုမှာ chinook ဆာလမွန်ငါးတွေ၊ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်၊ လေးကောင်....အကောင်နှစ်ဆယ်လောက်ကိုတွေ့ရတယ်"ဟု ပြောခဲ့သည်။ စိတ်အနှောက်အယှက်လည်းဖြစ် ရှက်ကိုးရှက်ကန်းလည်းဖြစ်ဖြစ်နှင့် "*ငါကတော့တစ်ကောင်မှမတွေ့ဘူး*" ဟု ကျွန်ုပ်အော်ပြောလိုက်သည်။ ထို့နောက်တွင် Evan ကကျွန်ုပ်အား ထိုငါးများအားမည်သို့ "ကြည့်ရှု" ရသည်ကို သင်ပေးခဲ့သည်။ ငါးများကိုအရိပ် (သို့) အစင်းအကြားကဲ့သို့မြင်ရသော်လည်း ထိုကဲ့သို့သောသဏ္ဌာန်အမြောက်အများရှိနေကြပါသည်။ အဓိကအချက်မှာ ထိုအရိပ်သဏ္ဌာန် လှုပ်ရှားလာသည် (သို့) လှုပ်ခတ်လာသည်အထိ စိုက်ကြည့်နေခြင်းဖြစ်သည်။ ထိုသို့ဖြစ်လာလျှင် ၄င်းသည်ငါးဖြစ်ကြောင်းကို သင်သိနိုင်ပါသည်။ Chinook ငါးများသည် Steelhead ငါးများ ထက်ပို၍ နက်မှောင်သောအစင်းကြောင်းရှိထားကြသည်။ ကျွန်ုပ်သည်ငါးများကို စတင်မြင်တွေ့လာနိုင်ခဲ့ပါ

သည်။ သို့သော်၊ ငါးများကို စေ့စပ်သေချာစွာလေ့လာအကဲခတ်ခြင်းအစွမ်းအဆတွင် ကျွန်ုပ်များစွာသင်ယူလေ့လာဖို့လိုအပ်လျက်ရှိကြောင်း ကျွန်ုပ်ဝန်ခံပါသည်။

အချို့နေတော်တော်များများ၌ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုကြည့်ရှုကြသော်လည်း စေ့စပ်သေချာစွာလေ့လာ အကဲခတ်ခြင်းကို မလုပ်ကြပါ။ ကျွန်ုပ်တို့မြင်တွေ့နေသော အရာကို ကျွန်ုပ်တို့သိနားလည်ကြသည်ဟု မှတ်ယူနေကြသည်။ သို့သော်၊ အကောင်းဆုံးအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် စေ့စပ်သေချာစွာလေ့လာအကဲခတ်ခြင်းကိုထပ်တလဲလဲပြုလုပ်ပြီးနောက်တွင်သာပေါ်ထွက်လာပါသည်။ ထိုစေ့စပ်သေချာစွာလေ့လာ အကဲခတ်ခြင်းသည် ကျမ်းစကားအဆက်အစပ် (context) နှင့်အစပြုသည်။ စေ့စပ်သေချာစွာလေ့လာအကဲခတ်သောအခါတွင် သမ္မာကျမ်းစာကိုယ်၌က သမ္မာကျမ်းစာ၏အကောင်းဆုံးအနက်ဖွင့်ဘာသာပြန်ဆိုပေးသူဖြစ်လာသည်။ ကျမ်းစကားအဆက်အစပ်ကိုစေ့စပ်သေချာစွာလေ့လာအကဲခတ်ခြင်းနှင့်အတူအစပြု၍ အခြားကျမ်းစောင်များနှင့် နှိုင်းယှဉ်ကြည့်ရှုခြင်းများ၌အဆုံးသတ်သော ရိုးရှင်းသည့်သမ္မာကျမ်းစာလေ့လာခြင်းနည်းလမ်းကိုကျွန်ုပ်တို့အသုံးပြုလျှင် တိကျမှန်ကန်စွာအနက်ဖွင့်ဘာသာပြန်ဆိုရန်ကျွန်ုပ်တို့၏အစွမ်းအစတွင်အများထက်ရှေ့ရောက်နေပါလိမ့်မည်။

သမ္မာကျမ်းစာလေ့လာခြင်း၏အရေးကြီးဆုံးစည်းမျဉ်းဥပဒေသသုံးခုမှာ “ကျမ်းစကားအဆက်အစပ်၊ ကျမ်းစကားအဆက်အစပ်၊ ကျမ်းစကားအဆက်အစပ်” ဖြစ်သည်ဟု ငြင်းခုံနိုင်ပါသည်။ သမ္မာကျမ်းစာအနက်ဖွင့် ဘာသာပြန်ဆိုခြင်းအတွက် အဓိကသော့ချက်အဖြစ်နှင့် ကျမ်းစကားအဆက်အစပ်ကို (အထူးသဖြင့်နားလည်ရန်ခက်ခဲသော (သို့) ပြဿနာကျမ်းချက်တို့အတွက်) ကျွန်ုပ်တို့အလေးမထား၍ မရပါ။ ကျမ်းစကားအဆက်အစပ်တွင် အဆင့်တစ်ဆင့်ထက်ပို၍ရှိနေပါသည်။ မာတင်လူသာ၏ပြောဆိုချက်ဟုမှတ်ယူထားသော မှတ်ချက်ချမှုတစ်ခုက သမ္မာကျမ်း စာလေ့လာခြင်းအား ၄င်း၏ချဉ်းကပ်ပုံကို ဤသို့ပြောထားသည်။

> ကျွန်ုပ်သည် သမ္မာကျမ်းစာကိုလေ့လာရာတွင်ပန်းသီးများကိုခူးယူသကဲ့သို့ လေ့လာပါသည်။ ပထမဆုံးအနေဖြင့် ကျွန်ုပ်သည်အမှည့်ဆုံးအသီးများခွေခြဖို့ အပင်တစ်ပင်လုံးကိုလှုပ်ခါပါသည်။ ထို့နောက်ကျွန်ုပ်သည် ပင်စည်မှဖြာထွက်လာသည့် ကိုင်းမကြီး တစ်ခုစီကိုလှုပ်ခါသည်။ ကိုင်းမကြီးတစ်ခုစီကို လှုပ်ခါပြီး နောက်တွင်ကျွန်ုပ်သည်ကိုင်းလတ် (အခက်)များနှင့် ကိုင်းငယ် (အလက်)များတစ်ခုစီကို လှုပ်ခါသည်။ ထို့နောက်အရွက် တစ်ရွက်ချင်း၏အောက်ကိုကြည့်သည်။ ကျွန်ုပ်သည်အပင်တစ်ပင်လုံးကိုလှုပ်ခါသကဲ့သို့ သမ္မာကျမ်းစာတစ်အုပ်လုံးကို လှုပ်ခါပါသည်။ ထို့နောက်၊ ကိုင်းမကြီးတစ်ခုစီကိုလှုပ်ခါသကဲ့သို့ ကျမ်းစာစောင်များကို တစ်စောင် ပြီးတစ်စောင် လေ့လာပါသည်။ ထို့နောက်၊ အဓိပ္ပါယ်စီးဆင်းမှုပြတ်တောက်ခြင်းမရှိသော အခန်းကြီး များကိုအာရုံစူးစိုက်ခြင်းဖြင့် ကိုင်းလတ်များတစ်ခု

ချင်းစီကို လှုပ်ခါပါသည်။ ထို့နောက်၊ ကျွန်ုပ်သည် ကိုင်းငယ်တစ်ခုချင်းစီကို ကိုင်လှုပ်ပါသည် (သို့) ကျမ်းစာပိုဒ်များ၊ စာကြောင်းများ၊ စကားလုံးများနှင့် ၄င်းတို့၏ အဓိပ္ပါယ်များကို ဂရုတစိုက်လေ့လာပါသည်။[၁၁]

ဤအဆင့်များကို *ကျမ်းစကားအဆက်အစပ်စက်ဝိုင်းများ* ဟုခေါ်ဆိုပါမည်။ ပြဿနာကျမ်းချက်တစ်ချက်ကိုအနက်ဖွင့်ပြန်ဆိုရာတွင် မည်သည့်ကျမ်းစကားအဆက်အစပ်စက်ဝိုင်းများက အထောက်အကူအပြုဆုံးဖြစ်သနည်း။

ကျမ်းစကားအဆက်အစပ်ကိုစစ်ဆေးပါ။



ပထမအနေဖြင့် ကျွန်ုပ်တို့သည် အကျယ်ပြန့်ဆုံးကျမ်းစကားအဆက်အစပ်ကို စေ့စပ်သေချာစွာလေ့လာအကဲခတ်ပါသည်။ First we observe the largerst context

အကျယ်ပြန့်ဆုံး ကျမ်းစကားအဆက်အစပ်စက်ဝိုင်းသည် ယဉ်ကျေးမှုထုံးဓံနှင့် ဆိုင်သောနောက်ခံအကြောင်းအရာများ၊ သမိုင်းနှင့်ဆိုင်သောနောက်ခံအကြောင်းအရာတို့ ဖြစ်ခဲ့ကြမည်ဖြစ်သော်လည်း၊ သမ္မာကျမ်းစာကိုယ်တိုင်နှင့် စတင်ကြပါစို့။ ထိုသို့ပြုလုပ်ရာတွင် ကျမ်းချက်သည်ဓမ္မဟောင်းကျမ်းတွင်ရှိသလား (သို့) ဓမ္မသစ်ကျမ်းတွင်ရှိသလားဟူသောအချက်ကို ကျွန်ုပ်တို့စေ့စပ်သေချာစွာလေ့လာ ကြည့်ရှုပါသည်။ (ပညတ်တရား သို့မဟုတ် ပဋိညာဉ်ဟောင်းဟု လည်းခေါ်သည့်) ဓမ္မဟောင်းကျမ်းသည် မောရှေနှင့်ပြုသောပဋိညာဉ်အောက်ရှိလူမျိုးတစ်မျိုးအဖြစ်နှင့် ဣသရေလလူမျိုးတို့ထံ အခြေခံအားဖြင့်ရေးသားထားခြင်းဖြစ်သည် (သို့) ဣသရေလလူမျိုးတို့အကြောင်းကို အခြေခံအားဖြင့်ပြောပြထားခြင်းဖြစ်သည်။ ဓမ္မသစ်ကျမ်းသည် သခင်ယေရှုခရစ်လူလောကၠ၌ရှိစဉ်ကာလ ဣသရေလလူမျိုးတို့နှင့်ဆက်စပ်နေသောပြဿနာများကိုလည်း

၁၁ http://www.bibleexposition.net/2010/07/martin-luther-on-bible-study.html

ကောင်း၊ အသင်းတော်နှင့်ဖြစ်စေ၊ ခရစ်ယာန်တစ်ဦးချင်းနှင့်ဖြစ်စေဆက်စပ်နေသော ပြဿနာများကိုလည်းကောင်း လိပ်မူပြောဆိုထားသည်။ ဣသရေလလူမျိုးတို့သည် ၄င်းတို့၏ပြည်တော်တွင်ဘုရား သခင်လက်တော်၌ ပြန်လည်သွတ်သွင်းပေးအပ်ခြင်းမခံရသည့်အချိန်အထိ ပဋိညာဉ်သစ်မှာပြည့်စုံခြင်းရှိခဲ့မည် မဟုတ်သော်လည်း အသင်းတော်နှင့်ခရစ်ယာန်တို့သည် ထိုပဋိညာဉ်သစ်၏ ဝိညာဉ်ရေးကောင်းကြီးမင်္ဂလာအချို့ကို မွေ့လျော်ခံစားနိုင်ကြပါသည်။ ပဋိညာဉ်ဟောင်းသည် နာခံခြင်းဖြင့် ကောင်းကြီးမင်္ဂလာများအားထိုက်တန်စွာရယူခြင်းကို အလေးပေးထားပြီး၊ ပဋိညာဉ်သစ်သည် နာခံခြင်းကိုလှုံ့ဆော်ပေးမည့် ကောင်းကြီးမင်္ဂလာများကို အလေးပေးထားသည်။ ဓမ္မဟောင်းကျမ်းရှိ နာခံမှုမရှိခြင်းအတွက် ရရှိလာသောအကျိုးဆက်များသည် ဣသရေလပြည်ကြီးနှင့်သာသက်ဆိုင်သည် (တစ်ခါတစ်ရံတွင် အခြားသောတိုင်းနိုင်ငံများသည်လည်း ၄င်းတို့၏အပြစ်ဒုစရိုက်ကြောင့် တရားစီရင်ခြင်းကိုခံကြရပါသည်)။ လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့်မသက်ဆိုင်ပါ။ ဓမ္မသစ်ကျမ်းတွင်မူ နာခံမှုမရှိခြင်းကြောင့် ရရှိလာသောအကျိုးဆက်များသည် များသောအားဖြင့်ယုံကြည်သူတစ်ဦးချင်းနှင့်သာသက်ဆိုင်ကြသည်။

ဤအချင်းအရာသည် က သမ္မာတရား ခ သမ္မာတရားချဉ်းကပ်ပုံချဉ်းကပ်နည်းအား လက်တွေ့ရယူကျင့်သုံး ခြင်းအပေါ်၌ မည်သို့အကျိုးသက်ရောက်မှုရှိပါသနည်း။ ဘုရားသခင်သည် ဣသရေလလူမျိုးများနှင့် မည်သည့် အခါတွင်မျှ ပြန်လည်ရုတ်သိမ်းခြင်းမရှိမည့် အစဉ်ထာဝရတည်သောပတ်သက် ဆက်နွယ်မှုတစ်ခုရှိထားကြောင်းကို သဘောပေါက်ထားရန်မှာအရေးကြီးသည်။ ဣသရေလလူမျိုးများ၌ နာခံမှုမရှိသောချိန်တွင်ပင်ထိုပတ်သက်ဆက်နွယ် မှုကိုပြန်လည်ရုတ်သိမ်းခဲ့မည် မဟုတ်ပါ။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဣသရေလလူမျိုးများသည် ယခုပစ္စုပ္ပန်တွင်နာခံမှု မရှိကြသော်လည်း ၄င်းတို့သည်လာမည့်အနာဂတ်တွင် ကယ်တင်ခြင်းခံရ၍မူလအရိုက်အရာ၌ ပြန်လည်သွတ်သွင်း ထားရှိခြင်း ခံကြရပါလိမ့်မည် (ရောမ ၁၁း၂၆)။ ဓမ္မဟောင်းခေတ်ကာလတွင် ဣသရေလလူမျိုးများထဲ၌ ကယ်တင်ခြင်း ခံရသော (သို့) ကယ်တင်ခြင်းမခံရသော *ပုဂ္ဂိုလ်များ*ရှိခဲ့ကြပါသည်။ ဣသရေလလူမျိုးများအဲဂုတ္တုပြည်မှထွက် ပြေးလာခဲ့ကြချိန်တွင် ပဿခါသိုးသူငယ်၏သွေးအားသုတ်လိမ်းခဲ့ကြသောသူအားလုံးကို ဘုရားသခင်က အထင်အရှား ကယ်တင်ခဲ့သော်လည်း (ထွက်မြောက်ရာ ၁၂)၊ နောက်ပိုင်းတွင် ဣသရေလလူမျိုးများထဲ၌ ကယ်တင်ခြင်းမခံရသော သူများပေါ်ထွက်လာခဲ့ကြသည် (၃ပမာ၊ ၃ရာ ၁၆ ရှိ ဆိုးညစ်သော ရှင်ဘုရင်များ)။ ထို့ကြောင့်၊ ဓမ္မဟောင်းကျမ်းရှိ ကတိတော်များနှင့် တရားစီရင်ခြင်းများသည် ဣသရေလလူမျိုးတစ်မျိုးလုံးကို လိပ်မူထားသည်လား (သို့) ဣသရေလလူမျိုးများထဲမှ လူပုဂ္ဂိုလ်တစ်ဦးချင်းကိုလိပ်မူထားသည်လားဆိုသည့် အချက်ကိုလည်း ကျွန်ုပ်တို့တိုင်းတာဆုံးဖြတ်ရမည်ဖြစ်သည်။

သို့သော်၊ ဓမ္မသစ်ကျမ်းတွင်မူ ဘုရားသခင်၏ကယ်တင်ခြင်းကတိတော်များ

သည် ခရစ်ယာန်တစ်ဦးချင်းစီနှင့် သာသက်ဆိုင်ကြသည်။ *ခရစ်ယာန်တစ်ဦးချင်း၏ ကယ်တင်ခြင်းအတွေ့အကြုံနှင့် ဣသရေလလူမျိုးတစ်မျိုးလုံး၏ကယ်တင်ခြင်းအတွေ့အကြုံကို နှိုင်းယှဉ်ခြင်းသည် ပို၍တိကျမှန်ကန်ပါလိမ့်မည်။* အကြောင်းမှာ ဣသရေလလူမျိုး များထံ၌ပြုခဲ့သောဘုရားသခင်၏ထာဝရတည်သောကတိတော်များကို ခမ္မသစ်ခေတ်ကာလတွင်သခင်ယေရှုခရစ်၌ ယုံကြည်ခြင်းအားဖြင့် လူတစ်ဦးချင်းကအမွေဆက်ခံနေကြရသောကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ခမ္မဟောင်းကျမ်းတွင်ဘုရားသခင်က ဣသရေလလူမျိုးများကိုအစဉ်ထာဝရကယ်တင်ခြင်းခံရမည့်ဖြစ်ကြောင်းကတိပြုခဲ့သော်လည်း ဣသရေလလူမျိုးတစ်ယောက်သည် အစဉ်ထာရရပျောက်ဆုံးသွားနိုင်ပါသည်။ သို့သော်၊ ခမ္မသစ်ကျမ်းတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းသည် ဘုရားသခင်၏အစဉ်ထာဝရတည်သောကတိတော်ကို သခင်ယေရှုခရစ်အားဖြင့် တိုက်ရိုက်လက်ခံရရှိနိုင်ပါသည်။ ဣသရေလလူမျိုးများအားဖြင့်လက်ခံရှိခြင်း မဟုတ်သကဲ့သို့ အသင်းတော်အားဖြင့်လည်းလက်ခံရှိခြင်းလည်း မဟုတ်ပါ။

တစ်ဦးတစ်ယောက်သည် ခမ္မဟောင်းကျမ်းမှအဖြစ်အပျက်တစ်ခုဖြစ်သော ဧလိ၏ဆိုးညစ်သောသားများ ဖြစ်ကြသည့် ဟောဖနိနှင့်ဖိနဟတ်ကဲ့သို့ နာခံမှုမရှိသည့် ဣသရေလလူမျိုးများအကြောင်းကိုဖတ်ရှုပြီး ၄င်းတို့သည် မိမိတို့၏ယဇ်ပရောဟိတ်နှင့်ဆိုင်သည့်တာဝန်ဝတ္တရားများကို တလွဲအသုံးချခဲ့၍ ဝတ်ပြုခြင်း၌ပါဝင်သောအမျိုးသမီးများနှင့်ပြစ်မှားခဲ့ကြသောကြောင့် ကယ်တင်ခြင်းမခံရ (သို့) ကယ်တင်ခြင်းကိုဆုံးရှုံးခဲ့ကြရသည်ဟု ကောက်ချက်ချ ကောင်းချခဲ့ပါလိမ့်မည် (၁ရာ ၂)။ ဧလိ၏သားများသည် ဣသရေလလူမျိုးလည်းဖြစ်၊ ယဇ်ပရောဟိတ်လည်းဖြစ်ခဲ့ကြသော်လည်း ၁ရာ ၂း၁၂ က သူတို့သည် "ထာဝရဘုရားကိုမသိ၊ အခမ္မလူ (တိုက်ရိုက် အဓိပ္ပါယ်မှာ ဗေလျာလ၏သားများ) ဖြစ်ကြ၏" ဟုပြောထားပြီး ဘုရားသခင်ကသူတို့ကို အဆုံးစီရင်ခဲ့ပါသည် (ငယ် ၃၄၊ ၄း၁၁)။ ဤအဖြစ် အပျက်ကိုဖတ်ရှုပြီး တစ်ဦးတစ်ယောက်က ခရစ်ယာန်တစ်ယောက်သည် မိမိ၏ကယ်တင်ခြင်းကိုဆုံးရှုံးနိုင်သည်ဟု ကောက်ချက်ချခဲ့နိုင်သည်။ အမြဲလိုလိုပြုလုပ်မိကြသည့် အမှားမှာ ခမ္မဟောင်းနှင့်ခမ္မသစ်ကျမ်းတို့ကြား ၌လည်းကောင်း၊ ဣသရေလလူမျိုးများကို ဘုရားသခင်ကိုင်တွယ်ဆက်ဆံပုံနှင့် ခရစ်ယာန်တစ်ဦးချင်းအားကိုင်တွယ်ဆက်ဆံပုံတို့ကြား၌ လည်းကောင်းရှိနေသည့်ကွဲပြားခြားနားချက်များကို ပြုလုပ်ရန်ပျက်ကွက်ခြင်းဖြစ်သည်။ ခရစ်ယာန်တစ်ဦးချင်းသည် မိမိတို့၏ကယ်တင်ခြင်းကိုမဆုံးရှုံးနိုင်ပါဟူသောအချက်သည် ခမ္မသစ်ကျမ်းတွင်အထူးရှင်းလင်းထင်ရှားနေပါသည်။ ထို့ကြောင့်၊ ဧလိ၏သားများနှင့်နှိုင်းယှဉ်မှုသည် အထင်အမြင်မှားစေပါသည်။ ထိုနှိုင်းယှဉ်မှုသည် မိမိ၏ကယ်တင်ခြင်းကို လုံးလုံးမဆုံးရှုံးနိုင်သည့် ဣသရေလအမျိုးနှင့်လည်းကောင်း၊ ၄င်း၏အထူးတလယ်ရှိလှသော ဘုရားသခင်နှင့်ပတ်သက် ဆက်နွယ်မှုနှင့်လည်း

ကောင်းဖြစ်ရမည်ဖြစ်သည်။[၁၂]

ဓမ္မသစ်နှင့်ဓမ္မဟောင်းကျမ်းတို့၏ ပို၍ကြီးမားကျယ်ပြန့်သောကျမ်းစကား အဆက်အစပ်များကိုလည်းကောင်း၊ စီမံခန့်ခွဲမှုများ (ခေတ်ကာလအပိုင်းအခြားတစ်ခုစီနှင့် ဆီလျော်အပ်စပ်သောထူးခြားသည့် နည်းလမ်းတစ်ခုဖြင့် ဘုရား သခင်စီမံခန့်ခွဲမှုများ) အပြောင်းအလဲကိုလည်းကောင်း စေ့စပ်သေချာစွာလေ့လာအကဲခတ်ခြင်းသည် သတ်သတ်မှတ် မှတ်ရှိနေသောကျမ်းချက်များကို အနက်ဖွင့်ပြန်ဆိုရန်အတွက် မရှိမဖြစ်နောက်ခံအကြောင်းအရာတစ်ခုဖြစ်သည်။

ဒုတိယအနေဖြင့်၊ ကျွန်ုပ်တို့သည် ကျမ်းစာစောင်ကို စေ့စပ်သေချာစွာလေ့လာ အကဲခတ်ကြသည်။ Second, we observe the book

ကျမ်းစကားအဆက်အစပ်စက်ဝိုင်းမှ နောက်တစ်ခုဖြစ်သည့် (လေ့လာနေသည့်) ကျမ်းချက်ကိုတွေ့ရသောကျမ်းစာစောင်ကို ထည့်သွင်းစဉ်းစားသုံးသပ်ခြင်းကလည်း အကူအညီဖြစ်သောအချက်အလက်များစွာကိုတိုင်းတာ သတ်မှတ်ပေးပါသည်။ ကျမ်းစာစောင်နှင့်စပ်လျဉ်း၍ ယေဘုယျလေ့လာအကဲခတ်မှုများတွင် အောက်ပါအချက်များပါဝင်ရမည်။

- စာပေအမျိုးအစား
- နောက်ခံအခြေအနေ (အချိန်၊ ယဉ်ကျေးမှု၊ အဖြစ်အပျက်၊ နေရာ)
- ရည်ရွယ်ချက်နှင့်စာဖတ်ပရိသတ်
- ကျမ်းစာစောင်၏ဆွေးနွေးငြင်းခုံချက် (သို့) အဓိကရေးသားလိုသော အကြောင်းအရာ

ဤစေ့စပ်သေချာစွာလေ့လာအကဲခတ်ခြင်းတစ်ခုစီ၏အရေးပါပုံကို စဉ်းစားသုံးသပ်ကြည့်ကြပါစို့။

စာပေအမျိုးအစား သည်အလွန်အရေးပါသည်။ အကြောင်းမှာ ၄င်းသည်ကျမ်းစာစောင်အား စေ့စပ်သေချာသောသမိုင်းဓာတ်ကြောင်းပြန်ပြောဖော်ပြချက်အဖြစ် နှင့်ချဉ်းကပ်ရမည်လား (သို့) စကားအလင်္ကာများ (တင်စားမှုများ) ကိုအထူးအမှီပြုထားသောပရောဖက်ပြုချက်များ (သို့) ကဗျာစာပေများအဖြစ်နှင့် အနက်ဖွင့်ဘာသာပြန်ဆိုရမည်

---

၁၂ အရေအတွက်တိုးပွားလျက်ရှိသော ကျမ်းစာရှင်းလင်းချက်ရေးသားသူများက ကျသရေလလူမျိုးသည် နာခံမှုမရှိခြင်းကြောင့်ပဋိညာဉ်တရားအရ ၄င်းနှင့်ဘုရားသခင်တို့ကြားရှိ ပတ်သက်ဆက်ဆံရေးကိုအမှန်ဆုံးရှုံးခဲ့ရပြီး၊ ၄င်း၏နေရာကို အသင်းတော်ကဘုရားသခင်၏ ရွေးကောက်ခံလူမျိုးအဖြစ်နှင့် အစားထိုးခဲ့သည်ဟုယုံကြည်နေကြသည်။ ဤအယူအဆသည် ကျသရေလလူမျိုးများထံပြုခဲ့သော ဘုရားသခင်ကတိတော်များ၏ ရိုးရှင်း၍တိုက်ရိုက်ဆန်သောအနက်ဖွင့်ပြန်ဆိုခြင်းမှသွေဖည်နေပြီး၊ ထိုကတိတော်များကိုဝိညာဉ်ရေးအသွင်အနက်ဖွင့်ဆို၍ အသင်းတော်နှင့်ဆက်စပ်ထားသောကြောင့် ၄င်းကိုကျွန်ုပ်ငြင်းပယ်သည်။

လားဆိုသည့်အချက်ကိုပြောပြပေးသောကြောင့်ဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်က သောဒုံမြို့နှင့် ဂေါမောရမြို့တို့ကို မီးဖြင့်ဖျက်ဆီးခဲ့သည့်အကြောင်းကို ကမ္ဘာဦး ၁၉ ၌ကျွန်ုပ်တို့ဖတ်ရှုသောအခါ သမိုင်းဝင်ဖြစ်စဉ်၏သဘောသဘာဝအရ ထိုမီးသည် မီးအစစ်ဖြစ်ကြောင်း ကျွန်ုပ်တို့ယူဆထားကြပါသည်။ သို့သော်၊ အခြားတစ်ဖက်တွင်မူ ဘုရားသခင်သည် အနာဂတ္တိကျမ်းတစ်စောင်၌ ကဗျာလင်္ကာဆန်သောအသုံးအနှုန်းကိုအသုံးပြု၍ ကွသရေလလူတို့အားမီးဖြင့် အပြစ်ပေးမည်ဟု ခြိမ်းခြောက်သောအချိန်တွင် ထိုမီးသည် မီးအစစ်ဖြစ်ခဲ့နိုင်ပါသော်လည်း (မြည်တမ်း ၄:၁၁၊ အာမုတ် ၂:၅)၊ တစ်ခါတစ်ရံတွင် ထိုမီးသည် ဘုရားသခင်၏ရက်စက်ပြင်းထန်သော အမျက်တော်ကိုထင်ရှားပြတ်သားစွာတင်စားထား မှုဖြစ်နေနိုင်ပါသည် (မြည်တမ်း ၂:၃–၄)။ မီးဟုဆိုသောအခါ ၄င်းသည်အပယ်ငရဲမီးကိုသာအတိအကျပြောနေခြင်း မဟုတ်ပါ။ ဘုရားသခင်၏အမျက်တော်မီးအား အခြားသောတိုက်ရိုက်နည်းလမ်းအချို့ဖြင့်သွန်းလောင်းခြင်းကိုလည်းပြောနေခြင်းဖြစ်သည်။ ထို့အပြင်၊ ဘုရားသခင်သည် ကွသရေလလူတို့အား လူမျိုးတစ်မျိုးအဖြစ်နှင့်ပြောဆိုနေခြင်းဖြစ်ပြီး၊ ပုဂ္ဂိုလ်တစ်ဦးချင်းကို ရည်ညွှန်းပြောဆိုနေခြင်းမဟုတ်သကဲ့သို့ ဓမ္မသစ်ခရစ်ယာန်တစ်ဦးချင်းကိုလည်း ရည်ညွှန်းပြောဆိုနေခြင်းလုံးလုံးမဟုတ်ကြောင်းကိုလည်း စကားမစပ်သတိပြုစေလိုပါသည်။ မီးအကြောင်းကို ယောဟန် ၁၅:၆ နှင့် ဟေဗြဲ ၆:၈ တို့ရှိပုံဆောင်ဖော်ပြခြင်းတို့၌ ကျွန်ုပ်တို့ကြည့်ရှု စစ်ဆေးသောအခါတွင် မီးကိုဂရုတစိုက်အနက်ဖွင့်ဘာသာပြန်ဆိုခြင်းသည် မည်မျှအရေးကြီးကြောင်းကို နောက်ပိုင်းတွင်ကျွန်ုပ်တို့မြင်တွေ့ကြရပါလိမ့်မည်။

နောက်ခံအခြေအနေ သည်လည်းအရေးကြီးသည်။ အကြောင်းမှာ ကျမ်းချက်တစ်ချက်ကိုသဘောပေါက်နားလည်ရန်အတွက် ထိုကျမ်းစာစောင်ကို မွေးဖွားပေးခဲ့သည့် သမိုင်းရာဇဝင်၊ ယဉ်ကျေးမှု၊ အဖြစ်အပျက်များနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့လေ့လာသင်ယူနိုင်သည့် အခြားအချက်အလက်များအပြင် ထိုကျမ်းစာစောင်ကို မည်သည့်အချိန်၊ မည်သည့်နေရာ၌ရေးသားခဲ့ကြောင်းကို ကျွန်ုပ်တို့သိရှိထားရမည်ဖြစ်သောကြောင့်ဖြစ်သည်။ ကျမ်းစာစောင်ကိုအသင်း တော်မပေါ်ထွန်းမီအချိန်၌ရေးသားခဲ့ပါသလား (သို့) အသင်းတော်၏အစောပိုင်းသမိုင်းကာလတွင်ရေးသားခဲ့ပါသလား (သို့) အသင်းတော်ပေါ်ထွန်းပြီးနောက်ပိုင်းတွင် ရေးသားခဲ့ပါသလား။ တမန်တော်ပေါလုသည် အချုပ်အနှောင်ကင်းသောသူတစ်ယောက်အဖြစ်နှင့် စာစောင်ကိုရေးသားခဲ့ပါသလား (သို့) အကျဉ်းထောင်၏အခန်းငယ်တစ်ခုမှရေးသား ခဲ့ပါသလား။ ဥပမာ၊ ရှင်ပေါလုသည် အကျဉ်းထောင်ထဲမှ ရေးသားခဲ့ကြောင်းကို ကျွန်ုပ်တို့သိရှိထားလျှင် ထိုအချက်သည် ဖိလိပ္ပိ ၁:၁၃ ၌ "ရွှေးနှုတ်ခြင်း" (အချို့ကျမ်းစာတွင် "ကယ်တင်ခြင်း") ဟူသောစကားလုံးအား ရှင်ပေါလုအသုံးပြုထားပုံကိုကျွန်ုပ်တို့သဘောပေါက်နားလည်မှု၌ သက်ရောက်မှုဖြစ်စေပါလိမ့်မည်။ ရှင်ပေါလုသည် ရွှေးနှုတ်ခြင်း (သို့) ကယ်တင်ခြင်းကို ထာဝရကယ်တင်ခြင်း (

က သမ္မာတရား) ကဲ့သို့ ပြောဆိုနေပါသလား (သို့) အကျဉ်းချုံးရခြင်းမှကယ်တင်ခံရခြင်း (သို့) ရွေးနှုတ်ခံရခြင်းအကြောင်းကိုပြောဆိုနေပါသလား (သို့) ဤအသက်တာမှသခင်ဘုရား၏ မျက်မှောက်တော်ဆီသို့ရွေးနှုတ်ခံရခြင်း (ခ သမ္မာတရား) ကိုပြောဆိုနေပါသလား (သို့) အခြားအရာတစ်ခုခုကိုပြော ဆိုနေပါသလား။ ကျမ်းစာစောင်၏ ကျမ်းစကားအဆက်အစပ်က ထိုအရာကိုဆုံးဖြတ်နိုင်ဖို့ ကူညီပေးပါလိမ့်မည်။

ဟေဗြဲဩဂဒစာအား အနက်ဖွင့်ဘာသာပြန်ဆိုသောအခါတွင် ထိုကျမ်းစာစောင်၏နောက်ခံအခြေအနေနှင့် စပ်လျဉ်းသောဗဟုသုတသည် အလွန်အရေးကြီးသည်။ နောက်ခံအခြေအနေနှင့်စပ်ဆိုင်သော သဲလွန်စများအားလွဲ ချော်သွားခြင်းသည် နားလည်ရန်ခက်ခဲသောကျမ်းချက်များစွာ၏ မှန်ကန်မှုမရှိသောအနက်ဖွင့်ဘာသာပြန်ဆိုခြင်းတစ်ခုကို အာမခံပေးခြင်းသာဖြစ်သည်။ ဟေဗြဲဩဂဒစာတွင် ရေးသားပြုစုသူသည် ယုံကြည်သူများထံသို့ လိပ်မူ၍ရေးသားခဲ့ခြင်းလား (သို့) မယုံကြည်သူများထံသို့ လိပ်မူ၍ ရေးသားခဲ့ခြင်းလား (သို့) ထိုအုပ်စုနှစ်စုလုံးထံသို့လိပ်မူ၍ ရေးသားခဲ့ခြင်းလားဟူသော အချက်ကိုသိရှိထားခြင်းသည် အလွန်အရေးကြီးသည်။ အခြားဥပမာတစ်ခုမှာ မဿဲ၊ မာကု၊ လုကာခရစ်ဝင်ကျမ်းများတွင် သခင်ယေရှုက မိမိ၏ပုံဥပမာများကိုပြောပြသောအချိန်တွင် ကိုယ်တော်သည် ဣသရေလ လူမျိုးတို့အား ပြောဆိုနေခြင်းဖြစ်ကြောင်းကို သိရှိထားခြင်းသည် ထိုပုံဥပမာများအား အနက်ဖွင့်ဘာသာပြန်ဆိုနိုင်ရန်ကူညီပေးပါသည်။ ပုံဥပမာအချို့၏ အနုတ်သဘောဆောင်သောအကျိုးဆက်များသည် ခရစ်ယာန်များထက် ဣသရေလလူမျိုးများနှင့်ပို၍သက်ဆိုင်ကောင်း သက်ဆိုင်နေခဲ့ကြပါလိမ့်မည်။

*ရွယ်ရွယ်ချက်နှင့်စာဖတ်ပရိသတ်*တို့မှာ ဆက်စပ်နေကြပါသည်။ အကြောင်းမှာမူရင်းကျမ်းပြုဆရာသည် စစ်မှန်၍ ဆက်စပ်မှုရှိနေသောပြဿနာအကြောင်းအရာများကို ထိုခေတ်ကာလ၌အမှန်တကယ်ရှိနေသောသူများထံသို့ ရေးသားခဲ့သောကြောင့်ဖြစ်သည်။ စာဖတ်သူများသည် ယုံကြည်သူများဖြစ်နေခဲ့ကြပြီလား။ ထိုသူတို့သည် ကျမ်းစာစောင်ကိုရေးသားဖို့ဖြစ်လာစေခဲ့သည့် မည်သည့်အခြေအနေများ (သို့) ပြဿနာများကို ရင်ဆိုင်နေခဲ့ကြပါသနည်း။ ထိုသူတို့၏ ဝိညာဉ်ရေးအခြေအနေမည်သို့ရှိခဲ့သနည်း။ ကယ်တင်ခြင်းမခံရသေးသာသူများလား (သို့) ကယ်တင်ခြင်းခံ ရသော်လည်း ရင့်ကျက်မှုမရှိသောသူများလား (သို့) ကယ်တင်ခြင်းခံရပြီး ကြီးထွားရင့်ကျက်နေသောသူများလား။ ဤနေရာတွင် စာစောင်ကိုလက်ခံရရှိသောသူများ၏ ဝိညာဉ်ရေးအခြေအနေနှင့်ဆက်စပ်နေသောကျမ်း ပြုဆရာ၏ရည်ရွယ်ချက်ကို ကျွန်ုပ်တို့ကြည့်ရှုရာဖွေရမည်ဖြစ်ပြီး၊ တစ်ခါတစ်ရံတွင် ထိုရည်ရွယ်ချက်ကိုဖော်ပြထားပါသည်။ ယောဟန် ၂၀း၃၁ တွင်ရှင်ယောဟန်က မိမိသည်လူများကို သခင်ယေရှုခရစ်၌ယုံကြည်လာကြရန်ဆောင်ကျဉ်း ပေးဖို့စာစောင်ကိုရေးသားခဲ့ကြောင်း ပြောပြထားသည်။ ထိုကြောင့်၊ ရှင်ယောဟန်က အသုံးပြုဖို့ရွေးချယ်ထားသောအဖြစ်အပျက်ဇာတ်လမ်းများ၊ သွန်သင်ချက်များနှင့်စကားလုံးများသည်

ထိုရည်ရွယ်ချက်အတွက်ဖြစ်ကြောင်းကို ထည့် သွင်းစဉ်းစားရန် အရေးကြီးသည်။ ရောမ ဩဝါဒစာအတွက်ရွယ်ရည်ချက်ကို ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်းမရှိသော်လည်း ရှင်ပေါလုကစာဖတ်သူတို့အား ဧဝံဂေလိတရားတော်နှင့် ခရစ်ယာန်အသက်တာအတွက် ထိုဧဝံဂေလိတရားတော်၏ လက်တွေ့ရယူကျင့်သုံးစရာများကိုလည်းကောင်း၊ ယုဒလူမျိုးများဘုရားသခင်၏ အကြံအစည်တော်၌ မည်သို့ပါဝင်ထည့်သွင်းခံရသည်ကိုလည်းကောင်း ရှင်းပြနေသည်မှာ ထင်ရှားနေပါသည်။ ကောရိန္သုဩဝါဒစာရှိနားလည်ရန် ခက်ခဲသောကျမ်းချက်များကို အနက်ဖွင့်ဘာသာပြန်ဆိုသောအချိန်တွင် ဤစာစောင်သည် သင့်တင့် မှန်ကန်စွာကျင့်ကြံနေထိုင်ခြင်းမရှိသော ခရစ်ယာန်များကြောင့်ပေါ်ထွက်လာသည့် အသင်းတော်မှအမျိုးမျိုးသော ပြဿနာများကိုရင်ဆိုင် ဖြေရှင်းရန်ရေးသားခဲ့ခြင်းဖြစ်ကြောင်းကို သိရှိထားရန်အလွန်အရေးကြီးသည်။

ကျမ်းစာစောင်၏ *ငြင်းခုံဆွေးနွေးချက်*သည်လည်း အလွန်အရေးကြီးသည်။ ငြင်းခုံဆွေးနွေးခြင်းဟု ကျွန်ုပ် ဆိုရာတွင် ကျမ်းပြုဆရာသည် အငြင်းအခုံသန်သောသူဖြစ်သည်ဟု ကျွန်ုပ် မဆိုလိုပါ။ ကျွန်ုပ်ဆိုလိုသောအရာမှာ ကျမ်းပြုဆရာသည် သတ်သတ်မှတ်မှတ်ရှိသောကောက်ချက်ချမှုတစ်ခုစီသို့ စာဖတ်သူအားဖျောင်းဖျသိမ်းသွင်းရန် မိမိစုဆောင်းထားသော အကြောင်းအရာအချက်အလက်များကို စနစ်တကျစီစဉ်ဖွဲ့စည်းထားသည်ဟူသော အချက်ဖြစ်သည်။ ရောမဩဝါဒစာသည် ဤအချက်၏ဥပမာကောင်းတစ်ခုဖြစ်သည်။ အကြောင်းမှာ ရှင်ပေါလုသည် စာဖတ်သူ ကိုအပြစ်ဒုစရိုက် (sin) (၁း၁၈–၃း၂၀) မှကယ်တင်ခြင်း (salvation) (၃း၂၁–၄း၂၅) ဆီသို့လည်းကောင်း၊ ထိုမှသန့်ရှင်းရာသို့ရောက်ခြင်း (sanctification) (၅း၁–၈း၂၇)ဆီသို့လည်းကောင်း၊ ထိုမှအစဉ်အမြဲလုံခြုံစွာရှိနေခြင်း (security) (၈း၂၈–၃၉)ဆီသို့လည်းကောင်း၊ ထိုမှ အရာခပ်သိမ်းကိုပိုင်သခိုးစိုး၍အချုပ်အခြာအာဏာရှိခြင်း (sovereignty) (၉း၁–၁၁း၃၆)ဆီသို့လည်းကောင်း၊ ထိုမှအစေခံအမှုတော်ဆောင်ခြင်း(service) (၁၂း၁–၁၅း၁၃) ဆီသို့လည်းကောင်း ဆောင်ယူဟောပြောခဲ့သည့်နည်းတူ၊ စဉ်းစားဆင်ခြင်မှု၌လည်း အလွန်သေချာစွာချိန်ဆချင့်တွက် ထားသည့် အချိတ်အဆက်မိမိစီးဆင်းမှုတစ်ခုကို ကျွန်ုပ်တို့မြင်တွေ့ရသောကြောင့်ဖြစ်သည်။ ထိုအချိတ်အဆက်မိမိ စီးဆင်းမှုသည် က သမ္မာတရားမှ ခ သမ္မာတရား ဆီသို့ပြောင်းရွှေ့သွားပါသည်။ ရောမဩဝါဒစာတွင် ဓမ္မတွေးခေါ်ယူဆချက် (theology) သည်လက်တွေ့ရယူကျင့်သုံးခြင်းအတွက် စေ့ဆော်တိုက်တွန်းချက်များ (practical exhortations) ထက်အလျင်ကျနေပါသည်။ ဤအချက်သည် ဂလာတိဩဝါဒစာ၊ ဧဖက်ဩဝါဒစာနှင့်ကောလော သဲဩဝါဒစာတို့တွင်လည်း ထင်ရှားပေါ်လွင်နေပါသည်။ ဤဩဝါဒစာများ၏အနှောင်းပိုင်းတွင်စေ့ဆော်တိုက်တွန်းမှုများကိုဖော်ပြထားခြင်းက စာဖတ်သူများသည်ကယ်တင်ခြင်းရရှိထားသောသူများဖြစ်ကြသည်ဟုယူဆစေပါသည်။ ဤအချက်သည် သင့်တင့်လျော်ပတ်မှု

ရှိသော အနက်ဖွင့်ဘာသာပြန်ဆိုခြင်းအတွက် အလွန်အရေးကြီးသည့် စေ့စပ်သေချာစွာ လေ့လာအကဲခတ်ခြင်းတစ်ခုဖြစ်သည်။ ရှင်ပေါလုရေးသားပြုစုခဲ့သော အောက်ပါဩဝါဒစာများ၌တွေ့ရသည့် ယေဘူယျဆန်သောရေးသားဟန်ကိုသတိပြုပါ။

ဓမ္မတွေးခေါ်ယူဆချက် – ကျွန်ုပ်တို့အတွက်ဘုရားသခင်လုပ်ဆောင်ပေးခဲ့သောအရာ	လက်တွေ့ကျင့်ကြံခြင်း – ဘုရားသခင်အတွက်ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအရာ
ရောမ ၁–၁၁	ရောမ ၁၂–၁၆
ဂလာတိ ၁–၄	ဂလာတိ ၅–၆
ဧဖက် ၁–၃	ဧဖက် ၄–၆
ကောလောသဲ ၁–၂	ကောလောသဲ ၃–၄

ခရစ်ဝင်ကျမ်းများသည် ၄င်းတို့၏ ရည်ရွယ်ချက်နှင့်လည်ကောင်း၊ ငြင်းခုံဆွေးနွေးချက်များနှင့်လည်းကောင်းစပ်ဆိုင်သောသဲလွန်စများကို ပိုင်ဆိုင်ထားကြသည်။ ရှင်မသဲသည် ယုဒလူမျိုးများထံ၌သခင်ယေရှုသည် ၄င်းတို့၏ မေရှိယဖြစ်ကြောင်းကို သက်သေပြရန်ရေးသားခဲ့သည်မှာ ထင်ရှားသည်။ ရှင်လုကာသည် တပါးအမျိုးအရာရှိတစ်ယောက်ထံ၌ သခင်ခရစ်တော်၏အသက်တာအကြောင်းကို စာရေးမှတ်တမ်းတင်ရန် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ရှင်းလင်းချက်ရေးသားသူများစွာက ရှင်မာကုသည် သခင်ယေရှု၏လှုပ်ရှားမှုပြည့်ဘဝဖြစ်စဉ်အတိုချုပ်တစ်ခုကို ရေးသားတင်ဆက်ခဲ့သည်ဟု ယုံကြည်ထားကြသည်။ အကြောင်းမှာ ထိုသို့ရေးသားတင်ဆက်မှုသည် လက်တွေ့ဆန်မှုကိုနှစ်သက်သဘောကျသော ရောမလူမျိုးစာဖတ်ပရိသတ်တို့အား ဆွဲဆောင်သောကြောင့်ဖြစ်သည်။ ရှင်ယောဟန် ကလည်း သခင်ယေရှု သည်မိမိအားယုံကြည်သောသူတိုင်း၌ထာဝရအသက်ကိုပေးသနားတော်မူသောမေရှိယဖြစ်ကြောင်းကိုပြသရန် ၄င်းရေးသားစီရင်သောခရစ်ဝင်ကျမ်းကို ဓမ္မတွေးခေါ်ယူဆမှုဆန်စွာဖြင့် ငြင်းခုံဆွေးနွေးခဲ့သည်။ ရှင်မသဲ၏ရည်ရွယ်ချက်သည် ရှင်မာကု၏ရည်ရွယ်ချက်နှင့်လည်းကောင်း၊ ရှင်ယောဟန်၏ရည်ရွယ်ချက်နှင့်လည်း ကောင်းမတူကွဲပြားကြောင်းကို သိရှိထားခြင်းသည် ၄င်းတို့တစ်ဦးချင်းစီက သီးခြားတရားဒေသနာများ၊ အဖြစ်အပျက် ဇာတ်လမ်းများနှင့်စကားလုံးများအား အဘယ်ကြောင့်ရွေးချယ်ခဲ့ကြကြောင်းကို သဘောပေါက်နားလည်လာရန် ကူညီပေးပါသည်။

တတိယအနေဖြင့်၊ ကျွန်ုပ်တို့သည်ကျမ်းချက်ကို စေ့စပ်သေချာစွာလေ့လာအကဲခတ်ကြပါသည်။ Third, we observe the passage

ဤအဆင့်တွင် စပ်သေချာစွာလေ့လာအကဲခတ်ခြင်း၌ ကူညီပေး၍၊ အနက်ဖွင့်ဘာသာပြန်ဆိုချက်တစ်ခုကိုဖြစ်ပေါ်စေရာ၌ ကူညီပေးမည့်မေးခွန်းများစွာကို ကျွန်ုပ်တို့

မေးလိုကြသည်။ ထိုမေးခွန်းများမှာ ဤကဲ့သို့သောမေးခွန်းများ ဖြစ်ကြသည်။

- ဤကျမ်းချက်သည် အရှေ့ဘက်ပိုင်းမှအတွေးအခေါ်နှင့် မည်သို့ဆက်စပ်နေပါသနည်း။ "နှင့်၊ သို့သော်လည်း၊ ထို့ကြောင့်" စသည့် ဆက်စပ်ပေးသောစကားလုံးများရှိပါသလား။
- စကားလုံးများ (သို့) စကားလုံးအသွားအလာအစီအစဉ်က အလေးအနက်ထားမှုတစ်ခုခုကို ညွှန်ပြပေးနေပါသလား။
- ဤစကားလုံးများထဲမှ စကာလုံးတစ်လုံးလုံးကို အနီးတဝိုက်မှ ကျမ်းစကားအဆက်အစပ်၌ အသုံးပြုထားပါသလား။
- လေသံသဘောသွား (tone) ကားအဘယ်နည်း။ ငြင်းခုံဆွေးနွေးမှုလား၊ ခြင်ဆင်တွေးခေါ်မှုလား၊ စိတ်ခံ စားမှုလား၊ ထွေ့ငေါ့ပြောဆိုမှုလား၊ ပြက်ရယ်ပြုပြောဆိုခြင်းလား၊ သတိပေးချက်လား၊ နှိုင်းယှဉ်ပြောဆိုမှုလား။
- ကျွန်ုပ်တို့သည် ကတ္တားနှင့်ကြိယာပုဒ်များကိုလည်းကောင်း၊ ၄င်းတို့၏ဝါကျဖွဲ့ဆိုမှုနည်းစနစ်အရဆက်နွယ်မှုများကို သဘောပေါက်နားလည်ထားပါသလား။
- မည်သည့်အထူးပြုစကားလုံးများကို အသုံးပြုထားပါသနည်း။ အဘယ့်ကြောင့်ထိုသို့အသုံးပြုထားပါသနည်း။
- မည်သည့်စကားလုံးများကို ရွေးချယ်အသုံးပြုထား၍ အခြားစကားလုံးများကို အဘယ်ကြောင့်အသုံးပြုမထားပါသနည်း။

ကျွန်ုပ်၏ထင်မြင်ယူဆချက်တွင် မသဲ ၂၄း၁၃ သည် အလွန်အမင်းအဓိပ္ပါယ်ကောက်မှားနေကြသော ကျမ်းချက်ဖြစ်သည်။ ဤကျမ်းချက်၌အထက်ပါမေးခွန်းအချို့ကို ကျွန်ုပ်တို့အသုံးပြုလျှင် အောက်ပါအတိုင်းဖြစ်လာပါ လိမ့်မည်။

- သခင်ယေရှုသည် မည်သူ့ကိုစကားပြောနေပါသနည်း။ အဘယ်ကြောင့်ပြောဆိုနေပါသနည်း။
- "အကြင်သူ" ဟူသော ကတ္တားပုဒ်သည် မည်သူနည်း။
- "တည်ကြည်သည်" ဟူသော ကြိယာပုဒ်က မည်သည့်အရာကို ဆိုလိုပါသနည်း။
- "ကယ်တင်ခြင်းသို့ရောက်သည်" ဟူသောစကားလုံးကို မည်သို့အသုံးပြု ထားသနည်း။
- "အဆုံးတိုင်" သည် မည်သည့်အရာကိုရည်ညွှန်းပါသနည်း။
- ကျမ်းချက်၏ လေသံသဘောသွား (tone) မှာအဘယ်နည်း။

ဤမေးခွန်းများကိုမေးပြီးနောက်အဖြေပေးသောအခါတွင် ဤကျမ်းချက်သည် သန့်ရှင်းသူတို့၏အဆုံးတိုင် စွဲမြဲတည်ရှိနေခြင်း (Perseverance of the saints)

အယူဝါဒဖြစ်သည့် က သမ္မာတရား (တစ်ဦးတစ်ယောက်သည် ကယ်တင်ခြင်းသို့ရောက်ရန်အလို၄၊ အသက်တာအဆုံးတိုင် ယုံကြည်ခြင်း၌လည်းကောင်း၊ သစ္စာရှိခြင်း၌လည်းကောင်းစွဲမြဲတည်ရှိနေရမည်) ကိုရည်ညွှန်းသည်ဟု မှတ်ယူထားကြသောသူများနှင့်သဘောထားတိုက်ဆိုင်ရန် သင်အခက်တွေ့ ကောင်းတွေ့ရပါလိမ့်မည်။ တပည့်တော်များက ကိုယ်တော်တစ်ဖန်ပြန်လည်ကြွဆင်းလာခြင်းနှင့် ကပ်ကမ္ဘာကုန်ဆုံးချိန်အကြောင်းမေးလျှောက်ခြင်းကိုသခင်ယေရှုဖြေကြားပေးနေခြင်းဖြစ်ကြောင်းကိုလည်းကောင်း၊ ကိုယ်တော်သည် ဘေးဒဏ်ကြီးကာလတွင်ရှိခဲ့မည့်ယုဒလူမျိုးများ၏အခြေအနေနှင့် ၄င်းတို့၏ကံကြမ္မာအကြောင်းပြောပြနေခြင်းဖြစ်ကြောင်းကိုလည်းကောင်းကျွန်ုပ်တို့လေ့လာအကဲခတ်မိပါသည်။ ဤကျမ်းချက်ကိုနောက်ပိုင်းတွင်ပို၍အသေးစိတ် ဆွေးနွေးသွားမည်ဖြစ်သည်။

စတုတ္ထအနေဖြင့်၊ ကျွန်ုပ်တို့သည်စကားလုံးများနှင့်စကားစုများကို စေ့စပ်သေချာစွာလေ့လာအကဲခတ်ကြသည်။ Fourth, we observe words and phrases

ဤအကြောင်းကို သင်ကြားဖူးပါသလား။ ဝက်ဝံတစ်ကောင်သည် ဘားဆိုင်တစ်ခုထဲသို့ဝင်ရောက်သွား၍ ညစာကိုမှာယူပြီး၊ သေနတ်ကိုဆွဲထုတ်ကာ ထိုနေရာကို ပစ်ခတ် (shoots) ပြီးနောက်ထွက်ခွာသွားသည် (leaves)။ သူသည်ဤအပြုအမူကို နေ့စဉ်ပြုလုပ်နေသောကြောင့် ဖောက်သည်တစ်ယောက်က ဤသတင်းအကြောင်းအရာကို ရောင်းချသူထံ၌မေးမြန်းဖို့ဖြစ်လာစေခဲ့သည်။ ရောင်းချသူက "အို၊ အဲဒီကောင်ကပန်ဒါဝက်ဝံတစ်ကောင်ပါ။ He eats shoots and leaves (သူကဝါးမျစ်နဲ့အရွက်တွေကိုစားတယ်)" ဟု ပြောလိုက်သည်။ ဤဟာသပုံပြင်သည် "shoots (ဝါးမျစ် သို့မဟုတ် ပစ်ခတ်သည်) နှင့် leaves (အရွက်များ သို့မဟုတ် ထွက်သွားသည်)"ဟူသောစကားလုံးများသည် ကြိယာပုဒ်များဖြစ်နိုင်သကဲ့သို့ နာမ်ပုဒ်များလည်းဖြစ်နိုင်ကြောင်းကိုဖော်ပြသည့် ပါးနပ်သောစကားလှည့်စားမှုဖြစ် ကြောင်းမှာထင်ရှားနေပါသည်။ "eats, shoots, and leaves" (သူကစားတယ်၊ ပစ်ခတ်တယ်၊ ပြီးတော့ထွက်သွားတယ်) စသည်ဖြင့် ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတ (comma) များကိုထည့်သွင်းလိုက်လျှင် ထိုစကားလုံးများသည် ကြိယာပုဒ်များအဖြစ်ရည်ရွယ်ထားသည်ကို ကျွန်ုပ်တို့မြင်တွေ့ကြပါလိမ့်မည်။ ဤဟာသပုံပြင်က (ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတများ ပါသော၊ မပါသော)စကားလုံးများကို နည်းလမ်းမျိုးစုံဖြင့် အသုံးပြုနိုင်ကြောင်းကို သရုပ်ဖော်ပြပေးနေပါသည်။ အထူးသဖြင့်အင်္ဂလိပ်ဘာသာစကားတွင်ထိုသို့အသုံးပြုနိုင်ပါသည်။ ဤအချက်သည် ဤစာအုပ်၏ခြေခံယူဆချက်အဆိုဖြစ်သည်။

စကားလုံးများသည် မတူကွဲပြားသော ကျမ်းစကားအဆက်အစပ်တွင်မတူ

ကွဲပြားသောအဓိပ္ပါယ်ကိုဆောင် နိုင်ကြသည်။ “Sit at the dinning room table” (ထမင်းစားခန်းစားပွဲမှာထိုင်ပါ) ဟူသောစာကြောင်းရှိ စားပွဲ (table) ဟူသောစကားလုံး သည် ‘Study the table comparing per capita income of world nations’ (ကမ္ဘာနိုင်ငံများ၏ တစ်ဦးချင်း ဝင်ငွေနှိုင်းယှဉ်မှုပြဇယားကို လေ့လာပါ) ဟူသောစာ ကြောင်းတွင် ကွဲပြားခြားနားစွာ အသုံးပြုထားသည်။ သမ္မာကျမ်းစာကို လေ့လာလိုက်စား နေသောသူသည် မတူကွဲပြားသောအဓိပ္ပါယ် (သို့) အနည်းဆုံးမသိမသာကွဲပြားသော အဓိပ္ပါယ်များရှိကောင်းရှိနေနိုင်သည့်စကားလုံးတစ်လုံးတွင် အဓိပ္ပါယ်တစ်မျိုးသာကို သဝေမတိမ်းတင်းတင်းကျပ်ကျပ်အသုံးပြုသောအခါတွင် ပြဿနာတက်ရပါသည်။ တစ်ဖန်ပြောရမည်ဆိုလျှင်၊ ကျမ်းစကားအဆက်အစပ်သည် စကားလုံးတစ်လုံးကို မည်သို့ အသုံးပြုထားသည်ကိုလည်းကောင်း၊ ထိုစကားလုံး၏အဓိပ္ပါယ်ကိုလည်းကောင်းသတ် မှတ်ဆုံးဖြတ်ရန် အဓိကသော့ချက်ဖြစ်သည်။

ကျွန်ုပ်သည် *သန့်ရှင်းရာသို့ရောက်ခြင်း (sanctification)* ဟူသောစကားလုံး ကို အသုံးပြုခဲ့ပြီး၊ ထိုစကား လုံးသည် အဆင့်ဆင့်တိုးတက်လာသော ခရစ်ယာန်ကြီးထွား ခြင်းအား အမြဲလိုလိုရည်ညွှန်းသည်ဟုပြောခဲ့ပါသည်။ သို့သော်၊ အချို့ကျမ်းပိုဒ်များကို ကျွန်ုပ်တို့ဂရုတစိုက်ကြည့်ရှုလေ့လာလျှင်၊ သန့်ရှင်းရာသို့ရောက်ခြင်းဟူသောစကားလုံး သည် မိမိဖြောင့်မတ်ရာသို့ရောက်ခြင်း (justification) အားဖြင့် ရရှိလာသောခရစ် ယာန်တစ်ယောက်၏ဖြစ်တည်မှုအနေအထားအတွက်လည်း အသုံးပြုထားကြောင်းကို တွေ့ရှိရပါမည် (၁ကော ၆း၁၁၊ ဟေဗြဲ ၁၀း၁၀)။ ထိုသို့ဖြစ်သောကြောင့် ခရစ်ယာန် များကို “သန့်ရှင်းသူများ” (သို့) “သူတော်စင်များ” ဟုခေါ်ဆိုထားသည်။ တိုက်ရိုက် အနက်အဓိပ္ပါယ် အားဖြင့်ဆိုရလျှင် “သီးသန့်ခွဲထားသောသူများ” ဟူ၍ဖြစ်သည်။ သို့သော်၊ သန့်ရှင်းရာသို့ရောက်ခြင်း (sanctification) ဟူသောစကားလုံးကို ခရစ်ယာန် တစ်ယောက်သည် သေဆုံးခြင်း၌သော်လည်းကောင်း၊ ရှင်ပြန် ထမြောက်ခြင်း၌ သော် လည်းကောင်းပကတိပြည့်စုံခြင်း (သို့) ဘုန်းအသရေနှင့်ပြည့်စုံခြင်းသို့ရောက် သောအခါ၌အပြစ်ဒုစရိုက်ထဲမှဘုရားသခင်ထံသို့နောက်ဆုံးနှင့် အပြည့်အဝသီးသန့်ခွဲ ထားခံရခြင်း အဓိပ္ပါယ်မျိုးအတွက်လည်း အသုံးပြုထားပါသည် (၁သက် ၅း၂၃)။ ထိုကြောင့်၊ ပဓာနကျသောအဓိပ္ပါယ်မှာ “သီးသန့်ခွဲထားခံရခြင်း” ဟူ၍ဖြစ်သည်။ ဤအဓိ ပ္ပါယ်သည် ဖြစ်တည်မှုအနေအထား(အတိတ်)နှင့်စပ်ဆိုင်သောအဓိပ္ပါယ်ဖြင့်သော်လည်း ကောင်း၊ အဆင့်ဆင့် တိုးတက်ဖြစ်ပေါ်နေခြင်း (ပစ္စုပ္ပန်)နှင့်စပ်ဆိုင်သော အဓိပ္ပါယ်ဖြင့် သော်လည်းကောင်း၊ ပကတိပြည့်စုံခြင်း (အနာဂတ်)နှင့် စပ်ဆိုင်သောအဓိပ္ပါယ်ဖြင့်သော် လည်းကောင်းအသုံးပြုထားသည်ကို ကျမ်းစကားအဆက်အစပ်မှ သတ်မှတ်ဆုံးဖြတ်ပေး မည်ဖြစ်သည်။

စကားလုံးများနှင့်စကားစုများ၏ ကျမ်းစကားအဆက်အစပ်ရှိ ၄င်းတို့၏ဆိုလို

ရင်းအဓိပ္ပါယ်အား သင့်တင့်လျောက်ပတ်သော စဉ်းစားသုံးသပ်ခြင်းမပြုလုပ်ကြသော ကြောင့် သတင်းကောင်းတရားကို အမြဲလိုလိုရှုပ်ထွေးမှားယွင်းစေခဲ့ကြပါသည်။ ကယ်တင်ခြင်း၊ နောင်တရခြင်း၊ ယုံကြည်ခြင်း၊ တပည့်တော်၊ ထာဝရအသက်၊ စိတ်ဝိညာဉ်အား ကယ်တင်ခြင်းစသည် စကားလုံးများ (သို့) စကားစုများသည် သတင်းကောင်းတရားနှင့် ခရစ်ယာန်အသက်တာတို့အား သင့်တင့်လျောက်ပတ်စွာသဘော ပေါက်နားလည်ခြင်းအတွက် အလွန်အရေးပါကြသည်။ အချိန်တော်တော်များများတွင် ၄င်းတို့ကို က သမ္မာတရားအတွက်သာ သတ်မှတ်ခဲ့ကြသည်။ နောက်လာမည့်အခန်းတွင် ဤသီးသန့်စကားလုံးများကို သမ္မာကျမ်းစာ၌ မည်သို့အသုံးပြုထားသည်ကို ကျွန်ုပ်တို့မြင်တွေ့ကြရပါလိမ့်မည်။

ဥပမာအဖြစ်နှင့် ကျွန်ုပ်တို့အသုံးပြုနိုင်သော စကားစုတစ်ခုမှာ **"စာတန်၏လက်သို့အပ်လိုက်ခဲ့ပြီ"** (၁တိ ၁း၂၀ တွင်အာလေဇန္ဒြုအတွက် အသုံးပြုထားသည်) (သို့) **"သူ့ကိုစာတန်လက်သို့အပ်နှံကြစေ"** (မတရားသောမေထုန် မှိုဝဲခြင်းအတွက် ၁ကော ၅း၅ တွင် အသုံးပြုထားသည်) တို့ဖြစ်ကြသည်။ ရှင်ပေါလုသည် ခရစ်ယာန်များအား အပယ်ငရဲဆီသို့လွှဲအပ်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့သက်သက်ယူဆမိလျှင် မိမိ၏ခရစ်ယာန် စာဖတ်ပရိတ်သတ်များအစဉ် ထာဝရလုံခြုံစွာရှိနေခြင်းအကြောင်းကိုယူဆထားသည့် ရှင်ပေါလု၏အခြားထုတ်ဖော်ပြောကြားချက်များနှင့် ကျွန်ုပ်တို့ ပြဿနာရှိလာပါလိမ့်မည်။ အာလေဇန္ဒြုနှင့်မတရားသောမေထုန်ကိုမှိုဝဲသူသည် ယခင်ကတည်းကကယ်တင်ခြင်းလုံးလုံးမခံခဲ့ကြပါဟု တစ်စုံတစ်ယောက်ကပြောခဲ့နိုင်ပါသော်လည်း ကျမ်းစာအဆက်အစပ်များ၌ ဤအယူအဆသည် ပြဿနာရှိနေပါသည်။ အာလေဇန္ဒြုသည် ရှင်ပေါလု၏ရဲဘော်ရဲဘက်တစ်ယောက်ဖြစ်ခဲ့သောကြောင့် သူသည် ကယ်တင်ခြင်းမခံခဲ့ရဟု မှတ်ယူရန်မှာခက်ခဲပါသည်။ ထို့အပြင်၊ ကယ်တင်ခြင်းမခံရသောသူတစ်ယောက်သည် အပယ်ငရဲသို့ သွားရန် ခွဲခန့်သတ်မှတ်ခြင်းခံရပြီးဖြစ်သောကြောင့် ရှင်ပေါလုသည်ထိုကဲ့သို့သောသူကို အပယ်ငရဲ၌မည်သို့ ပေးအပ်နိုင်ခဲ့ပါမည်နည်း။ အလားတူပင်၊ ၁ကော ၅ တွင် မတရားသောမေထုန်မှိုဝဲသူသည် ကောရိန္သုအသင်းတော်၏အသင်းဝင်တစ်ဦးဖြစ်သည်။ ထိုသူကို **"ညီအစ်ကို"** ဟုခေါ်ဆိုခဲ့သည် (၁ကော ၅း၁၁)။ ထို့အပြင်၊ ထိုသူသည် နောက်ပိုင်းတွင် မိမိ၏အပြစ်ဒုစရိုက်ကို နောင်တရ၍ မူလအရိုက်အရာ၌ပြန်လည်ပြုပြင်ထားရှိခြင်းကိုခံခဲ့ရသည် (၂ကော ၂း၁–၁၁)။ ထိုသူ၏နောင်တရခြင်းအကြောင်းကို ရှင်ပေါလုပြောဆိုချိန်တွင် ထိုအရာကိုမူလအရိုက်အရာ၌ပြန်လည်ပြုပြင်ထားရှိခြင်းအဖြစ်ရည်ညွှန်းထားသည်။ ကယ်တင်ခြင်းအဖြစ် မရည်ညွှန်းခဲ့ပါ။

ကျမ်းစကားအသွားအလာများအား ကျွန်ုပ်တို့စဉ်းစားသုံးသပ်မှုတွင်အခြေခံ၍ လူတစ်ယောက်ကို စာတန်လက်သို့အပ်နှံခြင်းသည် ခ သမ္မာတရားအဖြစ် ခရစ်ယာန်များနှင့်သက်ဆိုင်မှုအရှိဆုံးဖြစ်နေပါသည်။ ဤနေရာတွင် ခ သမ္မာတရားနှင့်စပ်ဆိုင်သော

ဖြစ်နိုင်ရှိမှုများစွာရှိနေပြီး၊ ၄င်းတို့အား ရှင်းပြခြင်းကိုများများစားစားမပြုလုပ်ဘဲ အချက်အလက်အတိုချုပ်ကိုသာကျွန်ုပ်ပြုစုပေးသွားပါမည်။

၁။ ဤ (စာတန်လက်သို့အပ်နှံခြင်း) အသုံးအနှုန်းသည် အသင်းတော်မှ အသင်းဝင်အဖြစ်ပယ်ကြဉ်ခြင်းကို ရည်ညွှန်းပြောဆိုနိုင်ပါသည်။

၂။ ၄င်းသည်အပြစ်ကျူးလွန်သူအား အသင်းတော်၏အမှုတော်နှင့်ဆုတောင်းချက်များ၏ကွယ်ကာစောင့် ရှောက်မှုအောက်မှထုတ်ပယ်၍ ၄င်းကိုစာတန်၏အန္တရာယ်ပြုခြင်း၌ အကာအကွယ်မဲ့ထားရှိခြင်း ကိုလည်း ရည်ညွှန်းနိုင်ပါသည် (စာတန်သည် ပေတရုအား ဂျုံဆန်ကိုဆန်ခါနှင့်ချသကဲ့သို့ပြုလုပ် လိုသော်လည်း ထိခိုက်ပျက်စီးမှုကိုကန့်သတ်ရန်အလို့ငှါ သခင်ယေရှုသည် သူ့အတွက် ဆုတောင်းပေးခဲ့သည် – လုကာ ၂၂း၃၁–၃၂)။

၃။ "ကိုယ်ခန္ဓာပျက်စီးဖို့ရာ" ဟူသော အသုံးအနှုန်းသည် ပစ္စုပ္ပန်ဘဝ (ရုပ်ခန္ဓာအရ) စည်းကမ်းဖြင့် ကြပ်မတ်ခြင်းအတွက် အပြစ်သားကို စာတန်လက်သို့ပေးအပ်ခြင်းကို ရည်ညွှန်းနိုင်ပါသည်။

၄။ "ကိုယ်ခန္ဓာ"ဟူသော အသုံးအနှုန်းသည် မတရားသောမေထုန်မှီဝဲသူအား အချို့သောနည်းလမ်းဖြင့်ကျိုးနွံအောင်ဆုံးမရန် စာတန်ကိုခွင့်ပြုခြင်းအားဖြင့်ဖျက်ဆီးဖယ်ရှားခြင်းခံရမည့် အပြစ်ကျူးလွန်တတ် သောစိတ်ကိုရည်ညွှန်းပြောဆိုနိုင်သည်။

ဤအနက်ဖွင့်ပြန်ဆိုချက်များမှ မည်သည့်အနက်ဖွင့်ပြန်ဆိုချက်က ကိုက်ညီမှုအရှိဆုံးဖြစ်သနည်း။ ကျွန်ုပ်သည် ဒုတိယအနက်ဖွင့်ပြန်ဆိုချက်ကို ထောက်ခံလေ့ရှိသည်။ သို့သော်၊ အရေးကြီးသောအချက်မှာအနက်ဖွင့်ပြန်ဆိုချက် လေးခုလုံးသည် ကျမ်းစကားအဆက်အစပ်နှင့် အမှန်စင်စစ်သက်ဆိုင်ကြပါသည်။ ထိုကျမ်းစကားအဆက်အစပ်သည် အောက်ပါတို့ကို ရှင်းလင်းပြတ်သားစွာပြောပြထားသည်။

၁။ ရှင်ပေါလုသည် အသင်းတော်ထဲမှ အရာတိုင်းတွင်ခရစ်ယာန်တစ်ဦးကဲ့သို့သောလူတစ်ယောက်အကြောင်းကို အခြားခရစ်ယာန်များအားရေးသားပြောပြနေပါသည်။

၂။ အပြစ်ကျူးလွန်သောခရစ်ယာန်များသည် အသင်းတော်၏စည်းကမ်းဖြင့်ကြပ်မတ်ခြင်းကို ခံကြရမည်ဖြစ်သည်။

၃။ ဤအသက်တာ၌ အပြစ်ကျူးလွန်သော ခရစ်ယာန်များရင်ဆိုင်ရသည့်ကြီးလေးသောအကျိုးဆက် များရှိပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ရှင်ပေါလုသည် တစ်စုံတစ်ယောက်ကို အပယ်ငရဲသို့ စေလွှတ်နေသည်ဟုအလိုအလျောက်မှတ်ယူရန် အကြောင်းပြချက် မရှိပါ။ ဤအသုံး

အနှုန်းကို က သမ္မာတရားအဖြစ်မှတ်ယူပြီး၊ ခ သမ္မာတရားလည်းဖြစ်နိုင်ချေရှိမှုကိုမူ လျစ်လျူရှုထားရန်မှာ အဓိပ္ပါယ် မရှိပါ။

စကားလုံးများနှင့်စကားစုများ၏ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်သည် အခမ္မတွေးခေါ်ယူဆချက်နှင့် အစဉ်အလာတို့၏လွှမ်းမိုးခြင်းကို ကျွန်ုပ်တို့စိတ်နှလုံးမှဝန် ခံလိုသည်ထက်ပို၍ လွှမ်းမိုးခံနေရပါသည်။ သင့်တင့်လျောက်ပတ်မှုအရှိဆုံး အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကျမ်းစကားအဆက်အစပ်နှင့် အသုံးပြုပုံတို့မှ ရရှိရန်ရှာကြံခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အား လေ့လာလိုက်စားသူတစ်ယောက်၏တာဝန်ဖြစ်သည်။

ပဉ္စမအနေဖြင့်၊ ကျွန်ုပ်တို့သည် စကားအလင်္ကာများကို စေ့စပ်သေချာစွာလေ့လာအကဲခတ်ကြသည်။ Fifth, we observe figures of speech

စကားအလင်္ကာများသည်လည်း စကားလုံးများနည်းတူစေ့စပ်သေချာစွာလေ့လာအကဲခတ်ခြင်းနှင့် အနက်ဖွင့်ပြန်ဆိုခြင်းတို့ကိုလိုအပ်သည်။ စကားအလင်္ကာဆိုသည်မှာ ခိုင်းနှိုင်းခြင်း (သို့) ထပ်တူပြုခြင်း (သို့) ဆက်စပ်ပေးခြင်း တစ်မျိုးမျိုးအားဖြင့် လိုရင်းအဓိပ္ပါယ်ကိုအသိပေးရန်အသုံးပြုသောစကားလုံးတစ်လုံး (သို့) စကားစုတစ်စု (သို့) ဝါကျပုဒ်စုတစ်ခုဖြစ်သည်။ "သူမရဲ့စကားလုံးတွေက ခါးနဲ့လှီးဖြတ်ခံရသလို ခံစားရတယ်" ဟုကျွန်ုပ်တို့ပြောဆိုသောအခါတွင် ကျွန်ုပ်တို့သည်အမျိုးသမီးတစ်ဦးပြောသောစကားလုံးများ၏ဘေးဥပါဒ်ဖြစ်စေတတ်သော (သို့) ထိခိုက်နာကျင်စေတတ်သော သဘောသဘာဝကို ခါးအားဖြင့်ရရှိခံစားနိုင်သည့် နာကျင်မှုနှင့် စာပန်းချီခြယ်ထားကြခြင်းဖြစ်သည်။ ဤကဲ့သို့သောတင်စားမှုများသည် နေ့စဉ်ပြောဆိုနေကျစကားများတွင်လည်းကောင်း၊ သမ္မာကျမ်းစာလေ့လာခြင်းတွင် လည်းကောင်းအမြဲလိုလိုထင်ရှားသိသာနေတတ်ပါသည်။ ဤဥပမာတွင် စကားလုံးများကိုယ်၌က လှီးဖြတ်၍သွေးထွက်သံယိုမဖြစ်စေကြကြောင်းကို ကျွန်ုပ်တို့သိထားကြသည်။ တူညီနေသောအချက်မှာ စိတ်နှလုံး၌ခံစားရသော စိတ်ပိုင်းဆိုင်ရာနာကျင်မှုနှင့် ကိုယ်ခန္ဓာအသား၌ခံစားရသော ရုပ်ပိုင်းဆိုင်ရာနာကျင်မှုတို့ဖြစ်ကြသည်။

အဓိပ္ပါယ်ကောက်မှားခံရသော စကားအလင်္ကာတစ်ခု၏ဥပမာတစ်ခုမှာ "သေခြင်း" (death) (သို့) "သေသော" (dead) ဟူသောစကားလုံးဖြစ်ပြီး၊ ၄င်းကို "ဒုစရိုက်အပြစ်၌သေလျက်ရှိနေသော" ဟူသောစကားစုမျိုးတွင် အသုံးပြုထားသည်။ လူအချို့သည် "သေခြင်း" (သို့) "သေသော" ဟူသောစကားလုံးကို ထိုထိုသောကျမ်းချက်များ၌ တွေ့မြင်သောအခါတွင် စကားလုံး၏အဓိပ္ပါယ်ကို "ဒုတိယသေခြင်း" (ဗျာဒိတ် ၂၀း၁၄) ဟုသိရှိထားကြသည့် *အစဉ်ထာဝရသေခြင်း (eternal death)* အဖြစ်မှတ်ယူကြသည်။ ရောမ ၆း၂၃ တွင်ရှင်ပေါလုက "အပြစ်တရား၏အခကားသေခြင်းပေ

တည်း"ဟုပြောခဲ့သည်။ ရှင်ပေါလုသည် ခရစ်ယာန်များထံသို့ လိပ်မူရေးသားနေခြင်း ဖြစ်သည်။ ထိုသို့ဆိုလျှင်သူသည် ၄င်းတို့ကို အစဉ်ထာဝရသေခြင်းအကြောင်းသတိပေး နေခဲ့ပါသလား။ ခရစ်ယာန်များသည် မိမိတို့၏ကယ်တင်ခြင်းကိုဆုံးရှုံး၍ အပယ်ငရဲ၌ ပစ်ချခံရခြင်းမျိုး မရှိနိုင်လျှင်အထက်ပါအချက်သည် အဓိပ္ပါယ် မရှိပါ။

အခြားအမှားတစ်ခုမှာ သေခြင်းဟူသောစကားလုံးသည် လုံးလုံးမတည်ရှိခဲ့သော (never existed) အရာကို ဆိုလိုသည်ဟုယူဆခြင်းဖြစ်သည် (သို့) မတည်ရှိခြင်း အရည်အသွေးများ (the qualities of non-existence) ကို ပိုင်ဆိုင်သောအရာကို ဆိုလိုသည်ဟု ယူဆခြင်းဖြစ်သည်။ "အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်၏"ဟုပြောဆိုထားသော ယာကုပ် ၂း၂၆ ကိုအများအားဖြင့် အဓိပ္ပါယ်ကောက် မှားခံရသည်။ လူအမြောက်အများက ဤအရာသည်လုံးလုံးမတည်ရှိခဲ့သောယုံကြည်ခြင်းကို ရည်ညွှန်းသည်ဟုယူဆကြသည်။ သို့သော်၊ ထိုသို့မှတ်ယူခြင်းသည် မတည်ရှိခြင်း အရာကို ဖေါ်ပြသည့်အူကြောင်ကြောင်နိုင်သောနည်းလမ်းတစ်ခုသာ ဖြစ်ခဲ့လိမ့်မည်။ ကျမ်းချက်က အမှန်တကယ်ပြောဆိုနေသောအရာမှာ ယုံကြည်ခြင်းသည် တည်ရှိနေသော်လည်း ထိုယုံကြည်ခြင်းသည် "အသေဖြစ်"နေသဖွယ်ဖော်ကျူးခြင်းသာ ဖြစ်သည်။ ယခုတွင်သေဆုံးနေသောအရာတစ်ခုသည် ယခင်တွင်ထိုသို့မသေခဲ့သော (အသက်ရှင်ခဲ့သော) အရာတစ်ခုဖြစ်သည်။ ရှင်ယာကုပ်၏အသုံးပြုပုံတွင် ထိုယုံကြည်ခြင်းသည် လှုပ်ရှားသက်ဝင်မှု ကင်းမဲ့နေပါသည် (သို့) အသုံးမဝင်ဖြစ်နေပါသည်။ "ကားဘက်ထရီသေသွားတယ်"ဟုကျွန်ုပ်တို့ပြောသောအချိန်တွင် ဘက်ထရီမှာ ဆက်လက်တည်ရှိနေပါသော်လည်း ၄င်း၌လျှပ်စစ်အားများ မရှိတော့သောကြောင့် အသုံးမဝင်တော့ဟု ဆိုလိုကြခြင်းဖြစ်သည်။ သေခြင်းသည် သက်ဝင်တက်ကြွမှုမရှိတော့သောကြောင့် အသုံးမဝင်ဖြစ်နေသောအရာတစ်ခုအတွက် စကားအလင်္ကာ (တင်စားခြင်း) တစ်ခုဖြစ်နိုင်ပါသည်။

သေခြင်းကို အဓိပ္ပါယ်ကောက်မှားနိုင်သော အခြားနည်းလမ်းတစ်ခုမှာ စကားအလင်္ကာ (တင်စားခြင်း)ကို ၄င်းရည်ရွယ်ထားသောဆိုလိုရင်း၏တစ်ဖက်အလွန်အထိ ဆွဲဆန့်ခြင်းဖြစ်သည်။ ဥပမာ၊ ဧဖက် ၂း၂ တွင်ရှင်ပေါလုက ကယ်တင်ခြင်းမ ခံရသော သူတစ်ယောက်၏အခြေအနေကို "ဒုစရိုက်ပြစ်၌ သေလျက်ရှိသော"သူကဲ့သို့ ဖော်ကျူးထားသည်။ ရှင်ပေါလုက ဘုရားသခင်ထံမှ ဝိညာဉ်ရေးအရသီးခြားခွဲခြားခံထားရခြင်းကိုပြောနေပြီး၊ ထိုအခြေအနေတွင် ကယ်တင်ခြင်းမခံရသောသူများသည် မိမိတို့ကိုယ်ကို ကယ်တင်ဖို့ မျှော်လင့်ချက်မဲ့၍ အကူအညီလည်းမဲ့နေကြပါသည်။ သို့သော်၊ လူအချို့က မိမိတို့၏ ဓမ္မတွေးခေါ်ယူဆချက်ကို ဤစကားစုတွင် တင်စီးသွတ်သွင်းကာ ဝိညာဉ်ရေးရာသမ္မာတရားတစ်ခုကိုမျှ တုန့်ပြန်ရန်လုံးလုံးမတတ်စွမ်းနိုင်ခြင်းကို ဆိုလိုစေကြသည်။ သို့သော်လည်း၊ အာဒံသည်အပြစ်ကို ကျူးလွန်၍*သေဆုံး*ခဲ့သောအချိန်တွင် (ကမ္ဘာဦး ၂း၁၇၊ ၃း၉–၁၀)ဘုရားသခင်၏ခေါ်သံကို ဧဒင်ဥယျာဉ်ကြီးထဲ၌တုန့် ပြန်နိုင်ခဲ့ပါသည်။

ဤဥပမာများတွင်၊ သခြင်းကိုဝိညာဉ်ရေးအရ ဘုရားသခင်နှင့်သီးခြားခွဲထားခံရခြင်းနှင့်အကူအညီကင်းမဲ့ခြင်းတို့ကို သရုပ်ဖော်ပေးသောစကားအလင်္ကာ (တင်စားခြင်း) တစ်ခုအဖြစ်သဘောပေါက် နားလည်ခြင်းက အလွန်ကိုက်ညီမှုရှိပါသည်။ သခြင်းကိုမတည်ရှိခြင်း (သို့) ဝိညာဉ်ရေးရာသမ္မာတရားကို တုန့်ပြန်ရန်လုံးလုံးမတတ် စွမ်းနိုင်ခြင်းအဖြစ် အနက်ဖွင့်ပြန်ဆိုခြင်းသည် အသာစီးရအောင်လှည့်စားခြင်းသာဖြစ်ပေမည်။

ဂရတစိုက်လေ့လာအကဲခတ်ခြင်းမရှိဘဲ က သမ္မာတရား (သို့) ခ သမ္မာတရားအဖြစ် ကြိုတင်ယူဆထားချက် တစ်ခုနှင့်အတူအစပြုခြင်းသည် သမ္မာကျမ်းပိုဒ်များမှ *သေခြင်း*ဟူသောအသုံးအနှုန်းအား ကျွန်ုပ်တို့အနက်ဖွင့်ပြန်ဆိုပုံကို သက်ရောက်မှုရှိစေပါသည်။ အနက်ဖွင့်ပြန်ဆိုချက်ကို ကယ်တင်ခြင်းနှင့်ဆက်စပ်နေသောက သမ္မာတရားအဖြစ်နှင့် စမ်းသပ်စစ်ဆေးခြင်းသည် မမှားပါ။ သို့သော်လည်း ကျွန်ုပ်တို့၏ဓမ္မတွေးခေါ်ယူဆမှုနှင့်ဆိုင်သည့် ယုံကြည်မှုအစဉ်အလာက ခ သမ္မာတရားအနက်ဖွင့်ပြန်ဆိုခြင်း၏ဖြစ်နိုင်ချေရှိမှုကို မဆီးတားသင့်ပါ။ နောက်ဆုံးတွင်ကျမ်းပိုဒ်ကို ၄င်း၏ကျမ်းစကားအဆက်စအပ်၌ ၄င်း၏ဆိုလိုရင်းအဓိပ္ပါယ်ကိုသတ်မှတ်ဆုံးဖြတ်ရန် ခွင့်ပြုပေးရမည်။ ဤဆိုလိုရင်း အဓိပ္ပါယ်သည် အခြားကျမ်းချက်များနှင့်ညီညွတ်ရမည်ဖြစ်သကဲ့သို့ ဓမ္မတွေးခေါ်ယူဆအရလည်း စမ်းသပ်စစ်ဆေးခြင်းကိုခံယူရမည်ဖြစ်သည်။

နောက်ပိုင်းတွင် ကျွန်ုပ်တို့မြင်တွေ့ကြရမည့် ယောဟန် ၁၅း၆ (အသီးမသီးသောအခက်များသည်စုသိမ်း၍ မီးရှို့ခြင်းကိုခံကြရခြင်း) နှင့် ဟေဗြဲ ၆း၈ (ဆူးပင်အမျိုးမျိုးကိုဖြစ်စေတတ်သောမြေသည် မီးရှို့ခြင်းကိုခံရခြင်း) တို့နှင့် ဆက်စပ်၍ကျွန်ုပ်တို့၏ဆွေးနွေးတင်ပြချက်တွင် မီးရှို့ခြင်းသရုပ်ဖော်မှုသည် မြောက်များစွာသောလူတို့အား ဤကျမ်းချက်များကို ကယ်တင်ခြင်းနှင့်စပ်ဆိုင်သော က သမ္မာတရားအဖြစ် အနက်ဖွင့်ပြန်ဆိုရန်ဖြစ်စေခဲ့ပြီး၊ မူရင်းစာဖတ် ပရိသတ်များသည် မိမိတို့၏ကယ်တင်ခြင်းကို ဆုံးရှုံးခဲ့ကြသည် (သို့) ကနဦးကတည်းက ကယ်တင်ခြင်း မခံခဲ့ကြဟု ကောက်ချက်ချရန်တွန်းအားပေးခဲ့ပါသည်။ သို့သော်၊ မီးရှို့ခြင်းသည် အပယ်ငရဲမီးအတွက် စကားအလင်္ကာ (တင်စားမှု) တစ်ခုလား (သို့) ယုံကြည်သူများအတွက် ဆိုးဝါးပြင်းထန်သောအခြားအကျိုးဆက်အချို့လား (သို့) အသုံးဝင်မှုမရှိခြင်း ကို ပုံဖော်ရှင်းပြမှုတစ်ခုအတွက် အသုံးပြုထားခြင်းလား (ဤအချက်သည် ကျွန်ုပ်အနှစ်သက်ဆုံးဖြစ်သည်)။ တစ်ဖန်ဆို ရလျှင် ကျမ်းစကားအဆက်အစပ်ကို ဂရတစိုက်လေ့လာအကဲခတ်ခြင်းသည် အဓိကသော့ချက်ဖြစ်ကြောင်းကိုကျွန်ုပ်တို့မြင်တွေ့ကြရပါလိမ့်မည်။

ဆဋ္ဌမအနေဖြင့်၊ ကျွန်ုပ်တို့သည်အခြားကျမ်းချက်များကို နှိုင်းယှဉ်ကြည့်ရှုကြသည်။
Sixth, we compare other Scriptures.

သမ္မာကျမ်းစာလေ့လာခြင်း၏အခြေခံစည်းမျဉ်းဥပဒေတစ်ခုမှာ ကျမ်းချက်တစ်

ချက်၏ အနက်ဖွင့်ပြန်ဆိုချက်ကို သမ္မာကျမ်းစာမှအခြားကျမ်းချက်များ၏ သွန်သင်ထား ချက်များနှင့်ကျိုးကြောင်းညီညွတ်မှုရှိကြောင်းအထောက်အထားပြခြင်းဖြစ်သည်။ ကျွန်ုပ် တို့သည် သမ္မာကျမ်းစာက သမ္မာကျမ်းစာကို အနက်ဖွင့်ပြန်ဆိုစေရမည်။

ရှင်ယာကုပ်၏ အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်သည်ဟူ သောပြောဆိုချက်နှင့်လူသည် ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်သည် မဟုတ်ဟူသောပြောဆိုချက် (ယာကုပ် ၂း၁၇၊ ၂၄) တို့ကို ဥပမာတစ်ခုအဖြစ်ကျွန်ုပ် တို့နောက်ထပ်အသုံးပြုသွားမည်ဖြစ်သည်။ သမိုင်းအရ၊ ဤကျမ်းချက်သည် ယုံကြည်ခြင်း တစ်ပါးတည်းအားဖြင့်သာဖြောင့်မတ်ရာသို့ရောက်ရသည်ဟူသော ရှင်ပေါလု၏ သွန်သင် ချက်နှင့်မည်သို့ဆန့်ကျင်နေသယောင်ရှိနေမှုကို ရှင်းလင်းချက်ရေးသားသူများက အသိအ မှတ်ပြုဝန်ခံခဲ့ကြသည် (ရောမ ၃း၂၈၊ ၄း၅၊ ဂလာတိ ၂း၁၆)။ ရှင်ယာကုပ်သည် ကျေးဇူး တော်နှင့်ယှဉ်သောဧဝံဂေလိတရားကို အကျင့်နှင့်ယှဉ်သောဧဝံဂေလိတရားဖြင့် ဆန့် ကျင်ပြန်လှန်ပြောဆိုနေပါသလား။ ပထမဦးစားပေးအဖြစ်စဉ်းစားသုံးသပ်ရမည့် ပို၍ရှင်း လင်းပြတ်သားသောကျမ်းချက်မှာမည်သည့် ကျမ်းချက်ဖြစ်သနည်း။ ရှင်ယာကုပ်နှင့် ရှင်ပေါလုတို့သည် မတူကွဲပြားသောရှုထောင့်များမှ ရေးသားခဲ့ကြသောကြောင့် သူတို့ သည်မတူကွဲပြားသောသမ္မာတရားများကို သွန်သင်ပေးနေကြခြင်းဖြစ်သည်ဟု ပြောဆိုရန် သင့်တော်ပါသလား။ သမ္မာကျမ်းစာသည် ၄င်းကိုယ်ကိုဆန့်ကျင်၍ မပြောဆိုနိုင်ကြောင်း မှာ ထင်ရှားသိသာနေပါသည်။ သာမန်အသိဉာဏ်ကလည်း ရှင်ယာကုပ်၏ ဤထုတ်ဖော် ပြောဆိုချက်များသည် ရောမ ၃း၂၁–၄း၂၅၊ ဂလာတိ အခန်းကြီး ၂၊ ၃ နှင့်အခြားနေရာ များရှိ ရှင်ပေါလု၏ရှင်းလင်းပြတ်သားသော ငြင်းခုံဆွေးနွေးချက်များနှင့်ခြားနား ချက်ရှိ ရမည်ဟုပြောပြနေပါသည်။ ဤကျမ်းချက်များကိုနောက်ပိုင်းတွင် ရှင်ယာကုပ်ဩဝါဒစာ၌ ကျွန်ုပ်တို့ဆွေးနွေးသွားကြမည်ဖြစ်သည်။

ပို၍နားလည်ရန်ခက်ခဲသော ကျမ်းချက်တစ်ချက်၏ အနက်ဖွင့်ပြန်ဆိုချက်သည် ပို၍ရှင်းလင်းပြတ်သားသော ကျမ်းချက်များ၏ သွန်သင်ချက်ကို ဦးစားပေးလိုက်လျောရ မည်ဖြစ်သည်။ ကယ်တင်ခြင်းအတွက်အခြေအနေသတ်မှတ်ချက်ကိုပြောပြနေသည်ဟု ထင်မှတ်ရသည့် ကျမ်းချက်များကို ကျွန်ုပ်တို့ အနက်ဖွင့်ပြန်ဆိုသောအခါတွင် ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် အရေးပါသည်။ ရှင်ယောဟန်က မိမိစီရင်ရေးသားထား သောသတင်းကောင်း တရား၏ရည်ရွယ်ချက်မှာလူတို့အား ထာဝရအသက်မည်သို့ရရှိ မည့် အကြောင်းနှင့် ထိုနည်းလမ်းမှာ သခင်ယေရှုခရစ်၌ ယုံကြည်ခြင်းအားဖြင့်ဖြစ် ကြောင်းကို ပြောပြရန်ဖြစ်သည်ဟု အလေးအနက်ပြောဆိုထားသည် (ယောဟန် ၂၀း၃၁)။ ထို့ကြောင့်၊ ရှင်ယောဟန်သည် ဤအကြောင်းအရာကို ရှင်းရှင်းလင်းလင်းသိရှိထားသည် ဟု ကျွန်ုပ်တို့မှတ်ယူနိုင်ပြီး၊ စင်စစ်သူသည် *ယုံကြည်သည် (believe)* ဟူသောစကား လုံးကိုအကြိမ်တစ်ရာနီးပါးအသုံးပြုခဲ့ပြီး၊ ထိုသို့အသုံးပြု ရာတွင်များသောအားဖြင့်

ထာဝရကယ်တင်ခြင်းအတွက် သတ်မှတ်ချက်အနေဖြင့်အသုံးပြုခဲ့ပါသည်။ ကောင်းသော အကျင့်၌ကြွယ်ဝပြည့်စုံခြင်းနှင့်စွန့်ကြဲချင်သောစေတနာစိတ်ရှိခြင်းတို့သည် ထာဝရအသက်ကိုရစေနိုင်သည်ဟု ပြောဆို ထားသော ၁တိ ၆း၁၈–၁၉ ကဲ့သို့သောကျမ်းချက်ကို ကျွန်ုပ်တို့ဖတ်ရှုသောအခါတွင် ရှင်ပေါလုသည် ရှင်ယောဟန်ကို ဆန့်ကျင်၍ပြောဆိုနေသည်ဟု ကျွန်ုပ်တို့သံသယဝင်သင့်ပါသည်။ ထာဝရအသက်ကိုရရှိနိုင်မည့်တစ်ခုတည်းသောသတ်မှတ်ချက်မှာ ယုံကြည်ခြင်းဖြစ်သည်ဟူသော ရှင်ယောဟန်၏ရှင်းလင်းပြတ်သားသည့် သွန်သင်ချက်အရကျွန်ုပ်တို့သည် ရှင်ပေါလု၏ပြောဆိုချက်ကို မှန်မှန်ကန်ကန်သဘောပေါက်နားလည်ခဲ့ကြပါသလားဟု သိချင်မိကြပါသည်။ ရှင်ပေါလုသည် မည်သူတို့ကိုလိပ်မူပြောဆိုနေပါသနည်း။ ယုံကြည်သူများကိုလား။ မယုံကြည်သူများကိုလား။ “နောင်ဘဝ၌ကောင်းသောဘဏ္ဍာကို မိမိတို့အဖို့ဆည်းပူးခြင်းတို့ကိုပြုခြင်း” သည်မည်သည့်အရာကိုဆိုလိုပါသနည်း။ ထို့အပြင်၊ “မှန်သောအသက် (ထာဝရအသက်) ကိုဝင်စားလိုသောငှါ” ဟုပြောဆိုရာတွင် မည်သည့် အရာကိုရှင်ပေါ လုဆိုလိုပါသနည်း။ ထာဝရအသက်အားမည်သို့ရရှိနိုင်သည်ကို ရှင်ယောဟန်ပြောကြားချိန်တွင် အထက်ပါပြောဆိုချက်သည် ရှင်ယောဟန်၏စကားလုံးအသုံးအနှုန်း မဟုတ်သည်မှာသေချာသည်။ ကျွန်ုပ်တို့သည် ၁တိ ၆း၁၈–၁၉ ၏အနက်ဖွင့်ပြန်ဆိုချက်ကို နောက်ပိုင်းတွင်ဆွေးနွေးသွားကြမည်ဖြစ်သော်လည်း ဤနေရာ၌ပြောကြားလိုသောအချက်မှာ ဤကျမ်းချက်အား ကျွန်ုပ်တို့အနက်ဖွင့်ပြန်ဆိုချက်ကို ရှင်ယောဟန်၏ရှင်းလင်းပြတ်သားသောသွန်သင်ချက်က အလေးအနက်စဉ်းစားစေ၍အချက်အလက်ပေးပို့စေရမည်ဟူသောအချက်ဖြစ်သည်။

ဗတ္တိဇံခံခြင်းသည် ကယ်တင်ခြင်းအတွက်လိုအပ်သောအရာဖြစ်သည်ဟု ငြင်းခုံဆွေးနွေးရန်လူတို့အသုံးပြုကြသောကျမ်းချက်များကို ဖြေရှင်းရန်အတွက်လည်း ရှင်ယောဟန်၏အထက်ပါ ငြင်းခုံဆွေးနွေးချက်ကို အသုံးပြုနိုင်ပါသည်။ တမန်တော် ၂း၃၈ နှင့် ၁ပေ ၃း၂၁ တို့ကဲ့သို့သော နားလည်ရန်ခက်ခဲသည့် ကျမ်းချက်များက ဗတ္တိဇံခံခြင်းသည် ကျွန်ုပ်တို့ကိုကယ်တင်ပေးသယောင်ပြောပြနေကြသည်။ သို့သော်၊ ကျွန်ုပ်တို့၏အနက်ဖွင့်ပြန်ဆိုချက်ကို ရှင်ယောဟန်ခရစ်ဝင်ကျမ်းနှင့် အခြားကျမ်းစာများ၏ရှင်းရှင်းလင်းလင်းဖော်ပြထားသောရည်ရွယ်ချက်၊ အရေးကြီး သောအဓိကတရားဒေသနာ၊ စကားလုံးရွေးချယ်သုံးစွဲမှုတို့နှင့် တိုက်ဆိုင်၍စစ်ဆေးသင့်သည် မဟုတ်ပါလား။ ရှင်ယောဟန်က မိမိ၏ခရစ်ဝင်ကျမ်းတွင် လူတို့အားထာဝရအသက်မည်သို့ ရနိုင်ကြောင်းကိုပြောပြထားသော်လည်း (ယောဟန် ၂၀း၃၁) ဗတ္တိဇံခံခြင်းသည်ကယ်တင်ခြင်းကို ဖြစ်စေသည်ဟုမည်သည့်နေရာတွင်မျှ မပြောထားပါ။ ထို့အပြင် ဘုရား သခင်၏ဖြောင့်မတ်ခြင်းသည် ကျေးဇူးတော်သက်သက်ကြောင့် သခင်ယေရှုခရစ်၌ ယုံကြည်ခြင်းအားဖြင့်ရောက်လာကြောင်းကို ထောက်ခံပြောဆိုသော ရောမဩဝါဒစာနှင့် ဂလာတိဩဝါဒစာတို့ကိုလည်း

ကျွန်ုပ်တို့ရှိထားကြသည်။ ဗတ္တိဇံခံခြင်းနှင့်စပ်ဆိုင်သော ဤကျမ်းချက်များနှင့်အခြားကျမ်းချက်များအကြောင်း မှန်ကန်သောသဘောပေါက် နားလည်မှုသည် ရှင်းရှင်းလင်းလင်းမရှိသောကျမ်းချက်များကို ပို၍ရှင်းလင်းပြတ်သားသော ကျမ်းချက်များအရအနက်ဖွင့်ပြန်ဆိုခြင်းမှ ရောက်ရှိလာကြပါသည်။ ထိုသို့အားဖြင့် သမ္မာကျမ်းစာသည်ကိုယ့်ကိုယ်ကိုအနက်ဖွင့်ပြန်ဆို ပေးမည်ဖြစ်သည်။

သတ္တမအနေဖြင့်၊ ကျွန်ုပ်တို့၏အနက်ဖွင့်ပြန်ဆိုချက်ကို ဓမ္မတေးခေါ်ယူဆချက်နှင့်အညီတိုက်ဆိုင်စစ်ဆေးသည်။ Seventh, we test our interpretation theologically

ဓမ္မတေးခေါ်ယူဆချက် (theology) သည် သမ္မာကျမ်းစာ၏သွန်သင်ချက်များကို အဆက်အစပ်မိ၍ရှေ့နောက်ညီညွတ်သောအယူဝါဒသွန်သင်ချက်များအဖြစ် ပေါင်းစပ်ကာစနစ်တကျစုစည်းပေးပါသည်။ ဥပမာ၊ *သုံးပါးတစ်ဆူ (Trinity)* ဟူသော စကားလုံးကို သမ္မာကျမ်းစာတွင် လုံးလုံးအသုံးပြုထားခြင်း မရှိသော်လည်း သမ္မာကျမ်းစာမှအထောက်အထားအရ ဘုရားသခင်သည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသောသုံးပါးတစ်ဆူဘုရားဖြစ်သည်ဟု ကျွန်ုပ်တို့ကောက်ချက်ချကြပါသည်။ "ဘုရားသခင်ထာဝရဘုရားသည် တစ်ဆူတည်း သော ထာဝရဘုရားဖြစ်တော်မူ၏" (တရားဟော ၆:၆) (သို့) "ငါသည် ငါ့ခမည်းတော်နှင့် တလုံးတဝတည်းဖြစ်သည်" (ယောဟန် ၁၀:၃၀) ဟုပြောဆိုထားသောကျမ်းချက်များကို ကျွန်ုပ်တို့တွေ့မြင်ဖတ်ရှုသောအခါတွင်သုံးပါးတစ်ဆူအယူဝါဒသွန်သင်ချက်သည် အလွန်ရှင်းလင်းထင်ရှားနေပြီး၊ ကျွန်ုပ်တို့သည် ထိုသုံးပါးကို တစ်ပါးနှင့် တစ်ပါးမတူကွဲပြားကြသော်လည်းတန်းတူရည် တူဖြစ်ကြသည့် သုံးပါးတစ်ဆူဖြစ်သည်ဟူသော အယူအဆနှင့်အတူလိုက်ဖက်သင့်မြတ်စေသောနည်းဖြင့်ချင့်တွက်သတ်မှတ်နိုင်ကြပါသည်။

ကျမ်းချက်များစွာသည် ကယ်တင်ခြင်းသို့ရောက်ရန် နာခံခြင်း၊ ကျင့်ဆောင်ခြင်း၊ ဆက်ကပ်အပ်နှံခြင်းတို့လိုအပ်သည်ဟု ပြောဆိုနေကြသယောင်အနက်အဓိပ္ပါယ်ကောက်ယူခံကြရသည်။ ထို့အပြင်၊ ခရစ်ယာန်များသည် မိမိတို့၏ကယ်တင်ခြင်းကို ဆုံးရှုံးနိုင်သည်ဟု ပြောဆိုနေသယောင်ဖြင့်ကျမ်းချက်များစွာမှာလည်းအနက်အဓိပ္ပါယ်ကောက်ယူခြင်းခံကြရသည်။ သို့သော်၊ သမ္မာကျမ်းစာ၏သွန်သင်ချက်များသည် အလွန်ရှင်းလင်းထင်ရှားနေကြသောကြောင့် ဤကျမ်းချက်များသည် ကျေးဇူးတော်ကြောင့် သခင်ယေရှုခရစ်၌ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းနှင့် ယုံကြည်သူ၏အစဉ်ထာဝရလုံခြုံစွာရှိနေခြင်း (eternal security) ဟူသော ရှင်းလင်း ထင်ရှားသည့် အယူဝါဒသွန်သင်ချက်များနှင့် မဆန့်ကျင်နိုင်ပါ။ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းသို့ရောက် ရသည်ဟူသော ရှင်းလင်းပြတ်သားသည့် သွန်သင်

ချက်၌လုပ်ဆောင်မှုကိုပေါင်းထည့်နေသယောင်ထင်မှတ်ရသော နားလည်ရန်ခက်ခဲသည့် ကျမ်းချက်တစ်ချက်ကို ကျွန်ုပ်တို့ရင်ဆိုင်တွေ့မြင်သောအခါတွင် ကျွန်ုပ်တို့သည် အထက်ပါအယူဝါဒသွန်သင်ချက်နှင့်ရှေ့နောက်ညီညွတ်မှုရှိသော အနက်ဖွင့်ပြန်ဆိုချက်ကိုရှာကြံရမည်ဖြစ်သည်။ အလားတူပင်၊ ကျမ်းချက်တစ်ချက်သည် အစဉ်ထာဝရလုံခြုံစွာရှိနေခြင်းနှင့် စပ်လျဉ်းသည့်ရှင်းလင်းပြတ်သားသော သွန်သင်ချက်နှင့် ဆန့်ကျင်နေသယောင်ထင်မှတ်ရလျှင် ကျွန်ုပ်တို့သည် အလွန်အလွန်ရှင်းလင်းပြတ်သားနေသော အစဉ်ထာဝရလုံခြုံစွာ ရှိနေခြင်း အယူဝါဒသွန်သင်ချက်ကို လိုက်နာစောင့်ထိန်းသော အနက်ဖွင့်ပြန်ဆိုချက်တစ်ခုကို စဉ်းစားရမည်ဖြစ်သည်။ လေ့လာနေသောကျမ်းချက်သည် ကျေးဇူးတော်နှင့်လည်းကောင်း၊ အစဉ်ထာဝရလုံခြုံစွာရှိနေခြင်းနှင့်လည်းကောင်း သက်ဆိုင်သောကျွန်ုပ်တို့၏ခမ္မာတွေးခေါ်ယူဆချက်နှင့် တစ်သမတ်တည်းဖြစ်နေသော စိတ်ချသေချာမှုကို ထိခိုက်အားနည်းစေပါသလား။ ထိုသို့ဖြစ်နေလျှင်၊ ပို၍ရှင်းလင်းပြတ်သားသောအယူဝါဒသွန်သင်ချက်များကို စိတ်၌ရည်မှတ်လျက် ထိုကျမ်းချက်အားအနက်ဖွင့်ပြန်ဆိုရပါမည်။

ကျွန်ုပ်တို့၏ ခမ္မာတွေးခေါ်ယူဆချက်ဖြင့် အစမပြုမိဖို့ ကျွန်ုပ်တို့သတိထားရပါမည်။ ခမ္မာတွေးခေါ်ယူဆချက်သည် သမ္မာကျမ်းစာကို ကျွန်ုပ်တို့လေ့လာခြင်းမှရောက်ရှိလာရပါမည်။ ထိုသို့ဖြစ်လျှင်ပင် ကျွန်ုပ်တို့၏ခမ္မာတွေးခေါ် ယူဆချက်က သမ္မာကျမ်းစာအား ကျွန်ုပ်တို့သဘောပေါက်နားလည်ပုံကို သက်ရောက်မှုမရှိစေရန်မှာ အလွန်ခက်ခဲသောအရာဖြစ်သည်။ အများအားဖြင့်ဆိုရလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အနက်ဖွင့်ပြန်ဆိုချက်ကို သံသရာလည်နေသောဖြစ်စဉ်တစ်ခုအားဖြင့် တည်ဆောက်ဖွဲ့စည်းကြရပါသည်။ ထိုသံသရာလည်နေသောဖြစ်စဉ်မှာ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုလေ့လာပြီး၊ ကျွန်ုပ်တို့၏ခမ္မာတွေးခေါ်ယူဆချက်ကို တည်ဆောက်ဖွဲ့စည်းကာ၊ ကျွန်ုပ်တို့၏ခမ္မာတွေး ခေါ်ယူဆချက်ကို သမ္မာကျမ်းစာဖြင့် တိုက်ဆိုင်စစ်ဆေးပါသည်။ စသည်ဖြင့်အဆက်၍လုပ်ဆောင်ကြသည်။

အဋ္ဌမအနေဖြင့်၊ ကျွန်ုပ်တို့၏အနက်ဖွင့်ပြန်ဆိုချက်သည် က သမ္မာတရား (သို့) ခ သမ္မာတရားဖြစ်သည်ကို သတ်မှတ်ဆုံးဖြတ်သည်။ Eighth, we determine if our interpretation is A Truth or B Truth.

ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုကို အကြံပြုထားသယောင်ထင်မှတ်ရပြီး၊ ယုံကြည် ခြင်းတစ်ပါးတည်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်ရသည်ဟူသောအချက်နှင့်ကိုက်ညီမှုမရှိသော နားလည်ရန်ခက်ခဲသည့်ကျမ်းချက်များအနက်မှ ကျမ်းချက်တစ်ချက်နှင့် ရင်ဆိုင်ကြုံတွေ့ရသောအခါ ထိုကျမ်းချက်သည် ခ

သမ္မာတရားတစ်ခုအရ သဘောပေါက်နားလည်ရန်ဖြစ်နိုင်ချေ ရှိမရှိကိုတိုက်ဆိုင်စစ်ဆေးခြင်းသည် အထောက်အကူဖြစ်စေသည်။ ဂရုတစိုက်လေ့လာအကဲခတ်ခြင်းအလုပ်ကို ကျွန်ုပ်တို့ပြုလုပ်ပြီးနောက်တွင် အောက်ပါအမျိုးအစားများကို အနက်ဖွင့်ဘာသာပြန်ဆိုခြင်း၌ ဖြစ်နိုင်ချေရှိသော အကူအညီတစ်ခုအဖြစ် စိတ်ထဲတွင်ရည်မှတ်ထားပါ။ "က" သမ္မာတရားအဖြစ် တလွဲထင်မှတ်ခြင်းခံထားရသော ကျမ်းချက်များစွာသည် အောက်ဖေါ်ပြပါ "ခ" သမ္မာတရားများအနက်မှတစ်ခုအဖြစ် သဘောပေါက်နားလည်ခြင်းကပို၍ သင့်တော်ကောင်းမွန်ခဲ့ကြောင်း ကျွန်ုပ်တွေ့ရှိခဲ့သည်။

- ကျမ်းချက်သည်ဆုလာဒ်ကို ထိုက်ထိုက်တန်တန်ရရှိခြင်း (သို့) ဆုံးရှုံးခြင်းအကြောင်းကို ပြောပြနေသည်။
- ကျမ်းချက်သည် ဘုရားသခင့်နိုင်ငံတော်အား အပြည့်အဝကြုံတွေ့ခံစားရခြင်းကို ပျော်ပိုက်ရခြင်း (သို့) ထိုအရာမှ ငြင်းပယ်ခံရခြင်းအကြောင်းကို ပြောပြနေသည်။
- ကျမ်းချက်သည် သခင်ယေရှုခရစ်၏ နှုတ်ထွက်ကောင်းကြီးမင်္ဂလာကို ရရှိခံစားရခြင်း (သို့) ဆုံးရှုံးရခြင်းကို ပြောပြနေသည်။
- ကျမ်းချက်သည် ဘုရားသခင်၏ ဆုံးမကြပ်မတ်ခြင်းကို ရှောင်ရှားခြင်း (သို့) နှင့်ထိုက်တန်ခြင်းအကြောင်းကို ပြောပြနေသည်။
- ကျမ်းချက်သည် တစ်ဦးတစ်ယောက်၏ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းပို၍နက်ရှိုင်းလာစေခြင်း (သို့) ထိခိုက်စေခြင်းကို ပြောပြနေသည်။
- ကျမ်းချက်သည် သခင်ခရစ်တော်၏ တရားပလ္လင်တော်ရှေ့၌ စိတ်ချယုံကြည်မှုအပြည့်ရှိနေခြင်း (သို့) နောင်တရနေခြင်းအကြောင်းကို ပြောပြနေသည်။
- ကျမ်းချက်သည် တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုအား ဖြည့်ဆည်းခြင်းကိုပြောပြနေသည်။

နားလည်ရန်ခက်ခဲသောကျမ်းချက်များကိုကျွန်ုပ်တို့ဆွေးနွေးကြသည်နှင့်အမျှ အထက်ပါတို့သည် ဤကျမ်းချက်များအကျုံးဝင်နေကြသည့် အဓိကအမျိုးအစားများဖြစ်ကြကြောင်းကို သင်သတိပြုမိပါလိမ့်မည်။ ထို့အပြင်၊ သက် ဆိုင်ရာကျမ်းချက်တစ်ချက်၌ က သမ္မတရားတစ်ခုကို အတင်းအကျပ်တင်စီးသွတ်သွင်းသောအခါ၌ ပျောက်ဆုံးသွား သည့် တပည့်တော်ဖြစ်ခြင်းနှင့် ခရစ်ယာန်အသက်တာတို့နှင့်သက်ဆိုင်သည့် ပို၍နက်နဲသော လက္ခဏာသွင်ပြင်တစ်ခုကို အထက်ပါအချက်တစ်ချက်စီက ထင်ဟပ်ဖေါ်ပြနေကြသည်ကိုလည်း သတိပြုပါ။

❐

၆

က သမ္မာတရား၊ ခ သမ္မာတရားအား အရေးပါသော စကားလုံးများနှင့် စကားစုများ၌ အသုံးပြုခြင်း

စကားလုံးတိုင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်လျှင် အရေးကြီးကြသည်။ အသေးအဖွဲစကားလုံးများသည် ကြီးမားသောအကျိုးဆက်များကို ဖြစ်စေနိုင်ပါသည်။ ရှေးဆိုရိုးစကားတစ်ခုက ဤသို့ဆိုထားသည်။ "သံချောင်းမရှိသောကြောင့် သံခွါဆုံးရှုံးရ၏၊ သံခွါမရှိသောကြောင့် မြင်းကိုဆုံးရှုံးရ၏၊ မြင်းမရှိသောကြောင့် မြင်းစီးသူရဲကိုဆုံးရှုံးရ၏၊ မြင်းစီးသူရဲမရှိသောကြောင့် သတင်းစကားကိုဆုံးရှုံးရ၏၊ သတင်းစကားမရှိသောကြောင့်တိုက်ပွဲကို ဆုံးရှုံးရ၏၊ တိုက်ပွဲတစ်ပွဲမရှိသောကြောင့် နိုင်ငံတော်ကို ဆုံးရှုံးရ၏။ ဤအရာအားလုံးသည် မြင်းသံခွါမှ သံတစ်ချောင်း မရှိသောကြောင့်ဖြစ်၏။" စကားလုံးများသည် အဓိပ္ပါယ်တစ်ခုခုကို ဆိုလိုထားကြပြီး၊ ၄င်းတို့သည် စာကြောင်းများနှင့်အယူအဆများအတွက် အခြေခံအုတ်ချပ်များဖြစ်ကြသည်။ အခြားသာသာစကားများကဲ့သို့ပင် သမ္မာကျမ်းစာရှိစကားလုံးများသည်လည်း အဓိပ္ပါယ်အမျိုးမျိုးကို ဆောင်နိုင်ကြသည်။ စကားလုံးတိုင်း၏ သင့်တော်မှုအရှိဆုံးအဓိပ္ပါယ်ကို ရှာဖွေတွေ့ရှိခြင်းသည် ကျွန်ုပ်တို့၏နောက်ဆုံးအနက်ဖွင့်ပြန်ဆိုခြင်း တစ်ခုလုံး၏အရည်အသွေးကို တိုင်းတာသတ်မှတ်ပေးပါလိမ့်မည်။ ကယ်တင်ခြင်း၊ တပည့်တော်ဖြစ်ခြင်းနှင့်ဆိုင်သော ကျမ်းချက်များ၌အသုံးပြုထားသည့် စကားလုံးများနှင့် စကားစုအချို့ရှိကြပြီး၊ ထိုစကားလုံးများနှင့်စကားစုများအား သဘောပေါက်နားလည်ထားပုံတွင်မူတည်၍ ၄င်းတို့သည် ကျမ်းချက်တစ်ခုလုံး၏ အနက်အဓိပ္ပါယ်ကို ပြောင်းလဲနိုင်ကြပါသည်။ အောက်ဖော်ပြပါတို့သည် အမြဲလိုလိုတလွဲအသုံးပြုခံရသော (သို့) အဓိပ္ပါယ်ကောက်လွဲခြင်းခံရသော အလွန်အရေးပါသည့်အသုံးအနှုန်းအချို့ဖြစ်သည်။

ဧဝံဂေလိတရား (Gospel) ။ ကျွန်ုပ်တို့၏အင်္ဂလိပ်စကားလုံးဖြစ်သည့် *gospel* (ဧဝံဂေလိတရား) ဟူသောစကားလုံး၏နောက်တွင်ရှိသော ဂရိစကားလုံးမှာ *euangelion* ဖြစ်သည်။ ထိုစကားလုံးသည် "ကောင်းသော" (good) ဟူသောစကားလုံးနှင့် "သတင်းစကား" (message) သို့မဟုတ် "သတင်းကောင်း" (good news) ဟူသောစကားလုံးမှ ရောက်ရှိလာခြင်းဖြစ်သည်။ များသောအားဖြင့် သတင်းကောင်းတရား ၏အဓိပ္ပါယ်ကို အပယ်ငရဲမှမည်သို့လွတ်မြောက်၍ ကောင်းကင်ဘုံကို မည်သို့ဝင်စားရမည်ဟူသော အဓိပ္ပါယ်တစ်ခုနှင့်သာမှတ်ယူထားလိုကြပြီး၊ ၄င်းသည် က သမ္မာတရားဖြစ်ခဲ့ပါလိမ့်မည်။ သတင်းကောင်းအဖြစ်နှင့်ကျယ် ကျယ်ပြန့်ပြန့် အနက်အဓိပ္ပါယ်ဖွင့်ဆိုလျှင် ဧဝံဂေလိတရားသည် သတင်းကောင်း၏သွင်ပြင်လက္ခဏာအမျိုးမျိုးကို ရည်

ညွှန်းနေပါသည်။ ဥပမာ လုကာ ၁း၂၉ တွင် မေရှိယကြွေ ဆင်းလာခြင်းအတွက် လူတို့ကို ကြိုတင်ပြင်ဆင်ပေးမည့် ဗတ္တိဇံဆရာယောဟန်၏ဖွားမြင်ခြင်းကို ကြေငြာခြင်းသည် သတင်းကောင်းဖြစ်သည်။ "နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရား" ဟူသောအသုံးအနှုန်း (မဿဲ ၄း၂၃၊ ၂၄း၁၄၊ မာကု ၁း၁၄)သည် နိုင်ငံတော် တည်လုနီးပြီဟူသော သတင်းကောင်းဖြစ်သည်။ ၁ကော ၁၅း၁–၂၊ ဂလာတိ ၁း၈–၁၁၊ ကောလောသဲ ၁း၅–၆ ကဲ့သို့သောကျမ်းချက်များတွင် ဧဝံဂေလိတရားသည် သခင်ယေရှုခရစ်၏လူပုဂ္ဂိုလ်ကိုလည်းကောင်း၊ အမှုတော်ကိုလည်းကောင်း၊ ထာဝရကယ်တင်ခြင်းကတိတော် (ကျွန်ုပ်တို့ဖြောင့်မတ်ရာသို့ရောက်ခြင်း)ကိုလည်းကောင်း ရှင်းရှင်းလင်းလင်းရည်ညွှန်းနေပါသည်။ သို့သော်၊ အချို့သောကျမ်းချက်များတွင် ၄င်း၏အဓိပ္ပါယ်တွင် ဖြောင့်မတ်ရာသို့ရောက်ခြင်းမှအစပြု၍ သန့်ရှင်းရာသို့ရောက်ခြင်းနှင့် ထိုမှဂုဏ်အသရေနှင့် ပြည့်စုံခြင်းသို့ရောက်ခြင်းတည်းဟူသော ဘုရားသခင်၏ပကတိပြည့်စုံတော်မူသည့် ရွေးနှုတ်ခြင်းသတင်းကောင်းပါဝင်သည်။ ရောမ ၁း၁၆သည် ထိုကဲ့သို့သောအသုံးပြုမှု တစ်ခုဖြစ်သည်ဟုထင်မှတ်ရပါသည်။ ရှင်ပေါလုက ရောမ ဩဝါဒစာ၏အဓိကရေးသားလိုသောအာဘော်သည် ဧဝံဂေလိတရားဖြစ်သည်ဟု ကြေငြာထားသည်။ ထိုဧဝံဂေလိ တရားမှာ "ယုံကြည်သမျှသော သူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ဘုန်း တန်ခိုးတော်ဖြစ်၏။" သို့သော်၊ ရောမဩဝါဒစာရှိ သတင်းကောင်းတရားသည် ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်းကိုပြောပြသည့် သတင်းကောင်းသက်သက်ထက်ပိုပါသည်။ ဤသတင်းကောင်းတွင် သန့်ရှင်းရာသို့ရောက်ခြင်းနှင့် ဘုန်းအသရေနှင့် ပြည့်စုံခြင်းသို့ရောက်ခြင်းလည်းပါဝင်သည်။ အခန်းငယ် ၁၆ ရှိ "ကယ်တင်ခြင်း" ဟူသော စကားလုံးသည် ဖြောင့်မတ်ရာသို့ရောက်ခြင်းကိုသာရည်ညွှန်းထားသည် မဟုတ်ဘဲ သိသာထင်ရှားသည့် ခ သမ္မာတရားလည်းရှိနေသည်ဟုသွယ် ဝိုက်ညွှန်းဆိုနေသယောင်ထင်မှတ်ရသည်။ (ကယ်တင်ခြင်းအကြောင်း ဆွေးနွေးထားချက်ကို အောက်တွင်ကြည့်ပါ)

ဧဝံဂေလိတရား ဟူသောအသုံးအနှုန်းကို အသုံးပြုသောအခါ၊ ကျွန်ုပ်တို့သည် သတင်းကောင်းတရား၏ ယေဘူယျအနက်အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အတူ အစပြုနိုင်ပါသော်လည်း၊ ကျွန်ုပ်တို့သည် "ဘယ်အရာရဲ့ သတင်းကောင်းလဲ" ဟုမေးရပါမည်။ ကျမ်းစကားအဆက်အစပ်က ဤမေးခွန်းကိုဖြေကြားပေးမည်ဖြစ်ပြီး၊ *ဧဝံဂေလိတရား*၏ မည်သည့်အဓိပ္ပါယ်အား ထိုနေရာ၌အသုံးပြုထားကြောင်းကိုလည်း ပြသပေးပါလိမ့်မည်။ **ကယ်တင်ခြင်း (Salvation)** ။ အထက်၌ကျွန်ုပ်တို့ဖေါ်ပြခဲ့သည်နည်းတူ (*sôteria* ဟူသောနာမ်ပုဒ်နှင့် *sôzô* ဟူသောကြိယာပုဒ်မှရောက်ရှိလာသည့်)*ကယ်တင်ခြင်း*ဟူသော အသုံးအနှုန်းကို ရွေးနှုတ်ခြင်း *(deliverance)* (သို့) ထိန်းသိမ်းစောင့်ရောက်ထားခြင်း *(preservation)* ဟု ယေဘူယျအားဖြင့် အနက်အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ *ဧဝံဂေလိတရား*ဟူသော အသုံးအနှုန်းကဲ့သို့ပင် မည်သည့်အရာမှ ရွေးနှုတ်သနည်း (သို့) မည်သည့်

အရာမှထိန်းသိမ်းစောင့်ရှောက်ပေးသနည်းဟု ကျွန်ုပ်တို့မေးရပါလိမ့်မည်။ အင်္ဂလိပ် ဘာသာစကားတွင် ကယ်တင်ခြင်း *(salvation)* (သို့) ကယ်တင်ခံရသော/သည် *(saved)* ဟူသော စကားလုံးအတွက် အမျိုးမျိုးသောအသုံးပြုပုံများရှိပါသည်။ သမ္မာကျမ်းစာ၏ဘာသာစကားအသုံးအနှုန်းတွင်လည်း အလားတူပင်ဖြစ်သည်။ ထိုအသုံးအနှုန်းသည် အောက်ပါတို့မှ ကယ်တင်ခြင်းကိုရည်ညွှန်းနိုင်သည်။

- ရုပ်ခန္ဓာသေခြင်း (မဿဲ ၈း၂၅၊ ၁၄း၃၀)
- ကျမ်းစကားအဆက်အစပ်၌ လိပ်မူပြောဆိုထားသော ဒုက္ခပြဿနာ(သို့) အကြောင်းမလှသော ပတ်ဝန်းကျင်အခြေအနေများ (ဖိလိပ္ပိ ၁း၁၉၊ ၁တိ ၄း၁၆)
- ရုပ်ခန္ဓာဖျားနာခြင်း (မဿဲ ၉း၂၁)
- ရန်သူများ (ဆာလံ ၇း၁၊ ၁၈း၃)
- ယခုကာလ၌လည်းကောင်း၊ ထာဝရကာလ၌လည်းကောင်း ကြွယ်ဝပြည့်စုံတော်မူသောဘုရားသခင်၏ အသက်တာကို ဆုံးရှုံးရခြင်း (မဿဲ ၁၆း၂၅–၂၇)
- ထာဝရအပြစ်စီရင်ခြင်း (ယောဟန် ၃း၁၇၊ ဧဖက် ၂း၅၊ ၈)

ဧဖက်၂း၈–၉ က ပြောထားသည့်အတိုင်း မည်သည့်ကုသိုလ်ကောင်းမှုမှမပါဘဲ၊ ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် *ကယ်တင်ခြင်းသို့ရောက်ရသည်* ဟုကျွန်ုပ်တို့ပြောဆိုသောအချိန်တွင် ကျွန်ုပ်တို့သည် အစကနဦးဖြောင့်မတ်ခြင်းသို့ရောက်ခြင်း (initial justification) အကြောင်းကို ပြောနေကြခြင်းဖြစ်သည် (က သမ္မာတရား)။ သို့သော် ကယ်တင်ခြင်းကို ဤနည်းလမ်းအတိုင်းသာ အနက်အဓိပ္ပါယ်ဖွင့်ဆိုမည်ဆိုလျှင် အခြားသောကျမ်းချက်များတွင် ကျွန်ုပ်တို့သည် အထက်ပါရှင်းလင်းပြတ်သားသော သွန်သင်ချက်နှင့်ကွဲလွဲဆန့်ကျင်နေခဲ့ကြပါလိမ့်မည်။ ယာကုပ် ၂း၁၄ ဥပမာတစ်ခုဖြစ်သည်။

"ငါညီအစ်ကိုတို့၊ တစုံတယောက်သောသူက၊ ငါသည်ယုံကြည်ခြင်းရှိ၏ဟုပြောလျက်၊ အကျင့်ကိုမကျင့်ဘဲနေလျှင်အဘယ်အကျိုးရှိသနည်း။ ထိုယုံကြည်ခြင်းသည် ထိုသူကိုကယ်တင်နိုင်သလော။"

မည်သည့်အရာမှ ကျွန်ုပ်တို့ကယ်တင်ခံရသည်ဟု ရှင်ယာကုပ်ပြောနေပါသနည်း။ သမိုင်းအစဉ်အလာတွင် အပယ်ငရဲမှဟု ယူဆခဲ့ကြပါသည်။ သို့သော်၊ အပယ်ငရဲမှ ကယ်တင်ခံရခြင်း မဟုတ်ပါ။ နောက်ပိုင်းတွင်ဤအချက် မှန်ကန်ကြောင်းကို ကျမ်းစကားအဆက်အစပ်မှ ကျွန်ုပ်တို့မြင်တွေ့ကြရပါလိမ့်မည်။

ဧဝံဂေလိတရားဟူသော စကားလုံးကို ရောမဩဝါဒစာ၌ ကယ်တင်ခြင်းသတင်းကောင်း(ရောမ ၁း၁၆)ဟု မည်သို့အသုံးပြုခဲ့သည်ကို အထက်၌ကျွန်ုပ်တို့ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့သော် ထိုကယ်တင်ခြင်းသည် ထာဝရအပြစ်စီရင်ခံရခြင်း (ဖြောင့်မတ်ခြင်းသို့

ရောက်ခြင်း)မှသာ ကယ်တင်ခြင်း မဟုတ်ပါ။ ၄င်းတွင် ယုံကြည်သူဖြစ်လျက်ပင် ကျွန်ုပ်တို့အထဲ၌ရှိနေသောအပြစ်ဒုစရိုက်၏ တန်ခိုးမှလည်းကောင်း၊ အပြစ်ဒုစရိုက်၏ အကျိုးဆက်တစ်ခုဖြစ်သောဘုရား သခင်၏ အမျက်တော်ရှခြင်းမှလည်းကောင်းကယ်တင်ခြင်းလည်းပါဝင်သည် (ရောမ ၁း၁၈)။ ရောမ ၅ း ၉–၁၀ က ဤသို့ပြောဆိုထားသည်။ "သို့ဖြစ်၍ယခုတွင်အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှကယ်ချွတ်တော်မူခြင်းသို့ရောက် မည်ဟုသာ၍မြော်လင့်စရာရှိ၏။ အကြောင်းမူကား၊ ရန်သူဖြစ် လျက်ပင် ဘုရားသခင်၏ သားတော်အသေခံတော်မူခြင်း*အားဖြင့်၊ ငါတို့သည် ဘုရားသခင်နှင့် မိသဟာယဖွဲ့ပြီးမှ၊ အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်မည်ဟုသာ၍မြော်လင့်စရာရှိ၏။*" (ရောမ ၅ း ၉–၁၀)

ဤအဓိပ္ပါယ်တွင် ကယ်တင်ခြင်းသည် ခ သမ္မာတရား ကယ်တင်ခြင်းဖြစ်သည်။ ("ငါတို့သည်" ဟူသော စကားလုံးဖြင့် ညွှန်ပြထားသော) ယုံကြည်သူများသည် သခင်ခရစ်တော်၏အသက်တာကို ၄င်းတို့မှတဆင့် ရှင်သန်ရန်ခွင့်ပြုပေးခြင်းအားဖြင့် အပြစ်ဒုစရိုက်၏ပစ္စုပ္ပန်ကာလရှိအကျိုးဆက်များ (ဘုရားသခင်၏အမျက်တော်လက္ခဏာသွင်ပြင်တစ်ခု) မှရွေးနှုတ် (ကယ်ချွတ်) ခံကြရပါသည်။ ဤအချက်သည် ရောမ ဩဝါဒစာ အခန်းကြီး ၆–၈ တွင် ဆက်လက်၍ ရှင်းပြထားသည့်အချက်ဖြစ်သည်။

က သမ္မာတရားအမျိုးအစာတွင်ဖြစ်စေ၊ ခ သမ္မာတရားအမျိုးအစားတွင် ရှင်းလင်းပြတ်သားစွာဖြင့်ဖြစ်စေ အကျုံးဝင်ခြင်းမရှိသည့် ကယ်တင်ခြင်း (သို့) ကယ်တင်ခံရသော/သည်ဟူသောစကားလုံး၏ အသုံးပြုပုံအမျိုးမျိုး ရှိနေပါသည်။ ဥပမာအများအပြားကို နောက်ပိုင်းတွင်ကျွန်ုပ်တို့ကြည့်ရှုသွားကြပါမည်။

က – ထာဝရကယ်တင်ခြင်း	ခ – ယခုပစ္စုပ္ပန်ကယ်တင်ခြင်း
ဖြောင့်မတ်ရာသို့ရောက်ခြင်းတွင်တစ်ကြိမ်သာရရှိခဲ့	အကြိမ်ပေါင်းများစွာကြုံတွေ့ခံစားရ
မယုံကြည်သူများအစဉ်ထာဝရရွေးနှုတ်ခြင်းခံရာ	ယုံကြည်သူများယခုမျက်မှောက်ရွေးနှုတ်ခြင်း
တွင်အသုံးပြုသည်	ခံရာတွင်အသုံးပြုသည်
ထာဝရအပယ်ငရဲမှရွေးနှုတ်ခြင်း	မလိုလားအပ်သောအရာမှရွေးနှုတ်ခြင်း

ထာဝရအသက် (Eternal life)။ ဤအသုံးအနှုန်းကို ဘုရားသခင်၏မျက်မှောက်တော်၌ အစဉ်အမြဲရှင်သန်ရန်အလို့ငှါ ထာဝရသခြင်းနှင့် အပယ်ငရဲတို့မှ ကယ်တင်ခံရခြင်းဟူသော အနက်အဓိပ္ပါယ်နှင့်အတူ က သမ္မာတရားအဖြစ်ကျွန်ုပ်တို့အတော်များများက အနက်အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြသည်။ ထိုအနက်အဓိပ္ပါယ်ဖြင့် ရှင်းလင်းစွာအမြဲလိုလိုအသုံးပြုထားပါသည်။ (ဥပမာ–ယောဟန် ၅း၂၄၊ ယောဟန် ၆း၄၇)။

သို့သော်၊ အချို့သောကျမ်းချက်များတွင် အပယ်ငရဲမှ ကယ်တင်ခြင်းဟူသောအဓိပ္ပါယ်ဖွင့်ဆိုချက်သည် ဆီလျော်အပ်စပ်မှုမရှိဟု ထင်မှတ်ရသည်။ ၁တိ ၆း၁၂ နှင့် ၁၉ တွင် အကျင့်(အလုပ်) (သို့) စွမ်းဆောင်မှုနှင့် ပူးတွဲထားသောအခြေအနေသတ်မှတ်ချက်များနှင့် အတူအသုံးပြုထားသည်။ အခန်းငယ် ၁၂ တွင် တိမောသေအား "ထာဝရအသက်ကိုကိုင်ယူ"ရန်အတွက် အခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ်နှင့်ကောင်းစွာသောတိုက်လှန်ခြင်းကိုပြုရန်ပြောဆိုထားပြီး၊ အခန်းငယ် ၁၉ တွင် ငွေရတတ်သောသူတို့သည်ကောင်းသောအကျင့်၌ကြွယ်ဝပြည့်စုံခြင်းဖြင့်လည်းကောင်း၊ စွန့်ကြဲချင်သောစေတနာစိတ်ရှိခြင်းဖြင့်လည်းကောင်း "မှန်သောအသက်ကိုဝင်စား" နိုင်ကြသည် (ငယ် ၁၈)။ (NKJV[၁၃]တွင် "ထာဝရ" ဟူသောစကားလုံးကို ထည့်သွင်းသုံးစွဲထားသော်လည်း ထိုစကားလုံးသည် မူရင်းဂရိဘာသာ၌ မပါရှိပါ)။ ဤအရာသည် ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ဘုရားသခင်၏အခြေအနေကန့်သတ်ချက်မထားသောကျေးဇူးတော်ကြောင့် ထာဝရကယ်တင်ခြင်းသို့ရောက်ရသည်ဟူသော ရှင်းလင်းပြတ်သားသည့် သွန်သင်ချက်ကို ထိခိုက်စေခဲ့ပါလိမ့်မည်။

ထာဝရအသက်ရရှိခြင်းကို အပယ်ငရဲမှ ကယ်တင်ခံရခြင်းအဖြစ်သာကန့်သတ်မထားလျှင် ပြဿနာကို ဖြေရှင်းပြီးဖြစ်နေသည်။ သမ္မာကျမ်းစာသည် ထာဝရအသက်ကို ဘုရားသခင်၏အသက်တာကိုရရှိခြင်းအဓိပ္ပါယ်မျိုးနှင့်လည်း အသုံးပြုထားသည်။ ဤသို့အသုံးပြုပုံတွင် အစဉ်ထာဝရတည်သော အချိန်ကာလကိုသာပြောဆိုသည် မဟုတ်၊ ဘုရားသခင်နှင့်နီးနွယ်နေသောအနှစ်သာရပြည့်ဝသည့်အသက်တာကိုလည်းပြောဆိုထားသည်။ "ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသောကိုယ်တော်ကိုငင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုငင်း၊ သိကျွမ်းခြင်းတည်း" ဟူသော ယောဟန် ၁၇း၃၏ သွန်သင်ထားချက်ကို စဉ်းစားသုံးသပ်ကြည့်ပါ။ ဤနေရာ၌ ပြောဆိုထားသောထာဝရအသက်သည် ဘုရားသခင်၏အသက် (သို့) ဘုရားသခင်နှင့် ကျွန်ုပ်တို့ကြား၌ရရှိနိုင်သည့် ပတ်သက်ဆက်နွယ်မှုတစ်ခုဖြစ်ကြောင်းမှာ ထင်ရှားနေပါသည်။ ဤအချက်သည် အသစ်သောဖွားမြင်ခြင်းနှင့် စပ်လျဉ်း၍ ယောဟန် ၃ ရှိ သခင်ယေရှု၏သွန်သင်ချက်ကို ထောက်ခံအတည်ပြုပေးပါသည်။ အသစ်သောဖွားမြင်ခြင်း တစ်ခုသည် အသစ်သောအသက်တာ တစ်ခုကိုပေးပါသည်။ တိုက်ရိုက်အားဖြင့်ဆိုရလျှင် "ဒုတိယမွေးခြင်း" (တစ်ဖန် မွေးဖွားခြင်း) ဆိုသည်မှာ "အထက်အရပ်မှ မွေးဖွားခြင်း" ဟူ၍ဖြစ်ပြီး၊ ၄င်းသည် ဘုရားသခင်၏အသက်တာကို လက်ခံရယူခြင်းအားဆိုလိုသည်။ ထာဝရအသက်ကို အဆုံးမဲ့သောသက်တမ်းကာလနှင့်စပ်ဆိုင်သောအသက်တာအဖြစ်သာမရှု

၁၃ ကျမ်းစာမူကွဲများကို အောက်ပါအတိုင်း အတိုချုံးဖော်ပြပါမည်။ NKJV, Newking James Version; ESV, English Standard Version; KCSB, Holman Christian Standard Version, NASB, New American Standard Version; NET Bible (ဤအတိုင်း); NIV, New International Version.

မြင်သင့်ပါ။ ဘုရားသခင်နှင့်နီးနွယ်နေသော အနှစ်သာရပြည့်ဝသည့်အသက်တာအဖြစ်လည်းရှုမြင်သင့်ပါသည်။

က – ထာဝရအသက်လက်ခံရရှိ	ခ – ထာဝရအသက်မွေ့လျော်ခံစားရ
အသစ်သောဖွားမြင်ခြင်း	ကြီးထွားခြင်း
ချက်ချင်းလက်ငင်းရရှိ	ယခုဘဝနှင့်ထာဝရအတွက်မွေ့လျော်ရ
အရေအတွက်ကိုအလေးထား	အရေအသွေးကိုအလေးထား
ယုံကြည်ခြင်းအားဖြင့်ရရှိ	သစ္စာရှိခြင်းအားဖြင့်မွေ့လျော်ခံစားရ

ဤအချက်ကို သက်သာလွယ်ကူစွာ ရှင်းလင်းထင်ရှားစေသောကျမ်းချက်မှာ ယောဟန် ၁၀း၁၀ကဖြစ်သည်။

> *"သခင်ယေရှုက သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာလာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့်အသက်နှင့်ပြည့်စုံစေခြင်းငှါလာသတည်း။"*

သခင်ယေရှုပေးသော အသက်လက်ဆောင်ကို ရရှိခြင်းသည် ကောင်းကင်ဘုံ(သို့) ဘုရားသခင်၏နိုင်ငံ တော်၌အစဉ်ထာဝရရှင်သန်ခြင်းဖြစ်သည် (က သမ္မာတရား)။ သို့သော်၊ ၄င်းသည် ဤမျက်မှောက်လောကၦ်ကျွန်ုပ်တို့ ကြုံတွေ့ရသောအတွေ့အကြုံများတွင် ကိုယ်တော်၏အသက်တာကို အလျှံပယ်မွေ့လျော်ခံစားခြင်းလည်းဖြစ်သည် (ခ သမ္မာတရား)။

သေခြင်း (Death)။ ***သေခြင်း***ဟူသောစကားလုံးကို သမ္မာကျမ်းစာက အသုံးပြုထားပုံနှင့်စပ်လျဉ်း၍ သဘောပေါက်နားလည်ထားရမည့် အရာအချို့ရှိသည်။ ပထမအနေဖြင့်၊ ၄င်းသည် လူအများကလက်ခံထားသည့်အတိုင်း **ရပ်စဲခြင်း** (cessation) ကိုမဆိုလိုပါ။ တစ်စုံတစ်ယောက် သေဆုံးသွားသောအခါတွင် ၄င်းသည်တည်ရှိနေခြင်းမှရပ်စဲမသွားပါ။ အသက်ရှင်ခြင်းကို ၄င်းထံမှ ဖယ်ရှားခံရခြင်းသာဖြစ်သည်။ သေခြင်းကို ခွဲခွာခြင်းအဓိပ္ပါယ်မျိုးဖြင့် မှတ်ယူထားခြင်းက ပို၍သင့်လျော်ပါသည်။ သမ္မာကျမ်းတွင် သေခြင်းကိုနည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုထားပါသည်။ (အောက်တွင်ဖော်ပြထားသောပုဒ်ဖယားကိုကြည့်ပါ)။ ဥပမာ၊ ကမ္ဘာ ၂း၁၇ က သေခြင်းကို ဘုရားသခင်နှင့်ခွဲကွာရခြင်းဟုပြသထားသည်။ ဘုရားသခင်သည် အာဒံနှင့် ဧဝအား တားမြစ်ထားသောအပင်မှအသီးကိုမစားဖို့ ပြောသောအချိန်က **"စားသောနေ့တွင် ဧကန်အမှန်သေရမည်"** ဟုပြောခဲ့သည်။ အာဒံနှင့်ဧဝသည် ထိုအသီးကို စားခဲ့ကြသည်။ သို့သော် သူတို့သည်လဲကျ၍

ရုပ်ခန္ဓာအားဖြင့် မသေခဲ့ကြပါ။ သို့သော်သူတို့သည် ဝိညာဉ်ရေး၌သေဆုံးခဲ့ကြပြီး၊ ထို အချိန်တွင် ၄င်းတို့၏အပြစ်ကြောင့် ဘုရားသခင်ထံမှ ခွဲခွါထားခြင်းကိုခံခဲ့ကြရသည်။ တစ်နေ့တစ်ချိန်တွင် သူတို့သည် ရုပ်ခန္ဓာအရသေဆုံးခဲ့ကြမည်ဖြစ်ပြီး၊ ကယ်တင်ခြင်း မခံရလျှင် ဒုတိယသေခြင်း၌ ဘုရားသခင်ထံမှ အစဉ်ထာဝရ ခွဲခွါသွားကြရမည်ဖြစ်သည်။

သေခြင်းနှင့်ပတ်သက်၍ အမြဲလိုလို အဓိပ္ပါယ်ကောက်မှားခံရသော အခြားအသုံး ပြုပုံတစ်ခုရှိသေးသည်။ ထိုအသုံးပြုပုံသည် ယုံကြည်သူ၏ဘုရားသခင်နှင့် မိသဟာယဖွဲ့ ခြင်း၌ ဘုရားသခင်နှင့်ကင်းကွာနေရသည့် တွေ့ကြုံခံ စားမှုကိုရည်ညွှန်းသည်။ ဤအဓိ ပ္ပါယ်မျိုးတွင် သေခြင်းသည် သက်ဝင်လှုပ်ရှားမှုကင်းမဲ့နေသောမိသဟာယဖွဲ့ခြင်းကို ဖော်ညွှန်းသည်။ မိတ်သဟာယဖွဲ့ခြင်းဟုပြောဆိုရာတွင် ကျွန်ုပ်သည်ယုံကြည်သူတစ်ဦးက သမ္မာတရားလမ်း၌လည်းကောင်း၊ ဖြောင့်မတ်ခြင်းလမ်း၌လည်းကောင်း လျှောက်လှမ်း နေသောအချိန်တွင် ဘုရားသခင်နှင့်အတူမွေ့လျော်ခံစားနိုင်သည့် နီးစပ်ကျွမ်းဝင်ခြင်း ကိုဆိုလိုသည်။ ယုံကြည်သူသည် နာခံခြင်းဖြင့် အသက်ရှင်သောအချိန်တွင်ပို၍နက်နဲ သော ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကို ကြုံတွေ့ခံစားရသည်။ သို့သော်၊ ယုံကြည်သူသည် နာခံခြင်းမရှိသော အသက်တာဖြင့်ရှင်သန်သောအချိန်တွင် ဤအတွေ့ အကြုံသည် အသက်ဝင်မှုကင်းမဲ့သွားပါသည်။ သူသည် မယုံကြည်သူတစ်ဦးဖြစ်ခဲ့ချိန်၌ ရှိခဲ့သော ဘုရားသခင်နှင့်ခွဲခွာနေရသည့်ခံစားချက်မျိုးဆီသို့ ပြန်လည်ရောက်ရှိသွားရ သည်။ ဤအချက်သည် ရောမ ၆း၁၆ ရှိ သေခြင်း၏အနက်အဓိပ္ပါယ်မျိုးဖြစ်မည်။ ဤကျမ်းချက်တွင်သန့်ရှင်းရာသို့ရောက်ခြင်းနှင့်ဆိုင်သော ကျမ်းစကားအဆက်အစပ်တစ် ခု၌ခရစ်ယာန်များကိုလိပ်မူပြောဆိုထားသည်– "အကြင်သူ၏ အထံ၌အစေခံကျွန်ဖြစ်ခြင်း ၌ သင်တို့ဝင်၍အစေခံ၏၊ ထိုသူသည် သေခြင်းနှင့်ယှဉ်သောအပြစ်တရားဖြစ်စေ၊ ဖြောင့် မတ်ရာသို့ရောက်ခြင်းနှင့်ယှဉ်သော နားထောင်ခြင်းတရာဖြစ်စေ၊ သင်တို့၏သခင်ဖြစ် သည်ကိုမသိကြသလော။" ဤကျမ်းချက်သည် ဘုရားသခင်ကိုနာခံဖို့အတွက် စေ့ဆော် တိုက်တွန်းမှုတစ်ခုအဖြစ် ခရစ်ယာန်များထံရေးသားထားသောကျမ်းချက်ဖြစ်သည်။ အခြေခံစည်းမျဉ်း ဥပဒေသကို ရောမ ၆း၂၃ တွင်ရှင်းရှင်းလင်းလင်းဖော်ပြထားသည်မှာ "အပြစ်တရား၏အခကား သေခြင်းပေတည်း" ဟူ၍ဖြစ်သည်။ ယုံကြည်သူသည် ဘုရား သခင်ပေးသနားထားသော ဘုရားပေးအသက်တာဖြင့်မရှင်သန်လျှင် အပြစ်ဒုစရိုက်သည် ထိုယုံကြည်သူ၏ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်း အမှုတွင်အသက်ဝင်လှုပ်ရှားမှု ကင်းမဲ့သော အတွေ့အကြုံတစ်ခုကို ဖြစ်စေပါသည်။

သေခြင်းကို သမ္မာကျမ်းစာတွင်ခွဲထားခြင်း (separation) ပုံစံမျိုးဖြင့် အကောင်းဆုံး သဘောပေါက်နားလည်ထားကြသည်။ ဤပုံဇယားသည် သေခြင်းအမျိုး မျိုးရှိခွဲခွါပိုင်းခြားခြင်းကိုရှင်းပြထားသည်။

သခြင်းအမျိုးအစား	ခွဲထားခြင်း	ဥပမာများ
ရုပ်ခန္ဓာ၌	ကိုယ်ခန္ဓာကိုဝိညာဉ်မှ	ယောဟန် ၁၉း၃၃၊ တမန်၁၂း၂၃
ဝိညာဉ်ရေး၌	ဝိညာဉ်ရေးအရမယုံကြည်သူကို ဘုရားသခင်ထံမှ	ကမ္ဘာဦး ၂း၁၇၊ ရောမ ၅း၁၂ ဧဖက် ၂း၂
တွေ့ကြုံခံစားရာ၌	မိတ်သဟာယဖွဲ့ခြင်း၌ယုံကြည်သူကို ဘုရားသခင်ထံမှ	ရောမ ၆း၁၆၊ ၂၁၊ ၂၃
ဒုတိယ	မယုံကြည်သူကိုဘုရားသခင်ထံမှ အစဉ်ထာဝရ	ဗျာဒိတ် ၂၀း၁၄–၁၅
အသုံးမဝင်ဖြစ်ခြင်း	တစ်စုံတစ်ခုကို ၄င်း၏သက်ဝင်တက်ကြွနေမှုမှ	ဟေဗြဲ ၁၁း၁၂၊ ယာကုပ် ၂း၂၀၊ ၂၆
ဖြစ်တည်မှုအနေအထားအရ	ယုံကြည်သူ၏လူသစ်ကို အပြစ်ဒုစရိုက်နှင့်ပညတ်တရားမှ	ရောမ ၆း၁၁

သခြင်းအမျိုးအစား	ခွဲခွါပိုင်းခြားခြင်း	ဥပမာများ
တန်ခိုးအစွမ်းကင်းမဲ့ခြင်း	ယုံကြည်သူကို သခင်ခရစ်တော်၏ အောင်နိုင်သော အသက်တာနှင့် ဝိညာဉ်တော်ထံမှ	ရောမ ၇း၉–၁၁၊ ၂၄ ၈း၂၊ ၆၊ ၁၃

သခြင်းဟူသောစကားလုံး၏ အနက်အဓိပ္ပါယ်နှင့်ကွဲပြားသောအသုံးပြုပုံများကို သတိပြုမိရန်ပျက်ကွက်ခြင်းက လူအချို့တို့အား သခြင်းဟူသောစကားလုံးကို အမျိုးမျိုးသောကျမ်းချက်များ၌ ခရစ်ယာန်များနှင့်ဆက်စပ်နေသော ခ သမ္မာတရားအဖြစ် အနက်ဖွင့်ပြန်ဆိုရမည့်အစား ကယ်တင်ခြင်းနှင့်ဆက်စပ်နေသော က မှာတရားအဖြစ် အနက်ဖွင့်ပြန်ဆိုရန်ဖြစ်စေခဲ့သည်။

စိတ်ဝိညာဉ်ကို ကယ်တင်ခြင်း (Salvation of the soul)။ ကျမ်းချက်အတော်များများတွင် ဤအသုံးအနှုန်းအား အသုံးပြုထားသည်ကို တွေ့ရှိရပြီး ၄င်းတို့မှအချို့ကိုနောက်ပိုင်းတွင် အသေးစိတ်လေ့လာသွားကြမည်ဖြစ်သည်။ သို့သော်ဤအသုံးအနှုန်းသည် က

သမ္မာတရားကိုထုတ်ဖော်ပြသမှုတစ်ခုအဖြစ် လူသူအများကအသုံးပြုခဲ့ကြသော်လည်းလေးနက်သော ခ သမ္မာတရားအဓိပ္ပါယ်မျိုးကိုရှိထားပြီး၊ အမြင်အားဖြင့်ဆိုရလျှင် ခ သမ္မာတရား အဓိပ္ပါယ် *ကိုသာ*ရှိထားကြပါသည်။ တိုက်ရိုက်အားဖြင့်ဆိုရလျှင် ဤစကားစုကို "အသက်ကိုထိန်းသိမ်းစောင့်ရှောက်ထားခြင်း" (preservation of life) ဟုဘာသာပြန်ဆိုနိုင်ပါသည်။ ကယ်တင်ခြင်းဟူ သောစကားလုံးသည် *ရွေးနှုတ်ခြင်း* (သို့) *ထိန်းသိမ်းစောင့်ရှောက်ထားခြင်း* ဟူသောအဓိပ္ပါယ်ဖြင့် အသုံးပြုနိုင်ကြောင်းကို ကျွန်ုပ်တို့တွေ့ရှိခဲ့ပြီးဖြစ်သည်။ ယခုတွင် ကျွန်ုပ်တို့သတိပြုရမည့်အရာမှာ စိတ်ဝိညာဉ် ဟူသောစကားလုံးသည် ဂရိစကားလုံး psychē ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပြီး အဓိပ္ပါယ်မှာလူတစ်ယောက်၏ ပဓာနကျသောဘဝအသက်တာ ဟူ၍ဖြစ်ပြီး၊ တစ်ခါတစ်ရံတွင် ရုပ်ခန္ဓာနှင့်ဆိုင်သောအသက်ကိုလည်းဆိုလိုသည်။ ယနေ့တွင် ကျွန်ုပ်တို့သည် အသက်တာဟူသောစကားလုံးကို ဤအဓိပ္ပါယ်မျိုးဖြင့်အသုံးပြုနေကြပါသည်။ လူတစ်ဦးတစ်ယောက်က အဓိပ္ပါယ်ပြည့်ဝလေးနက်သောအသက်တာဖြင့် ရှင်သန်နေခြင်း (သို့) အဓိပ္ပါယ်မဲ့ဖြုန်းတီးခဲ့သောအသက်တာဖြင့်ရှင်သန်နေခြင်း (သို့) သေခြင်းအားဖြင့် အသက်ကိုဆုံးရှုံးရခြင်းအကြောင်းကို ကျွန်ုပ်တို့ပြောဆိုနေကြပါသည်။ "ဘာလုံးအားစကားသည်ဘဝ (သို့) "တင်းနစ်အားကစား သည်ဘဝ" ဟုပြောနေသော တီရှပ်အင်္ကျီများကို ကျွန်ုပ်တို့မြင်တွေ့ဖူးကြပါသည် (ထိုအရေးအသားများကို အမြဲတမ်း "ကျန်တာတွေက တော့အသေးအဖွဲ" ဟူသောစကားစုဖြင့် နောက်မှဆက်ရေးတတ်ကြသည်)။

ကျွန်ုပ်သိကျွမ်းခဲ့သောသူတစ်ဦးက ၄င်း၏ခရစ်ယာန်ဘာသာဝင် သမီးဖြစ်သူ၏ကိုယ့်ကိုယ်ကိုအဆုံးစီရင်သွားခြင်းကို ကယ်တင်ခြင်းခံရသောဝိညာဉ်တစ်ခုဖြစ်သော်လည်း ဆုံးရှုံးသွားသောအသက်တစ်ချောင်း၏ (*အဓိပ္ပါယ်မဲ့ ဖြုန်းတီးလိုက်သော*အသက်ဟုဆိုလို၏) သာဓကတစ်ခုအဖြစ် ရည်ညွှန်းခဲ့ပါသည်။ သူမသည် ခရစ်ယာန်တစ်ဦးဖြစ်ခဲ့သော်လည်း၊ သူမ၏အသက်တာအတွက်ထားရှိသောဘုရားသခင်၏ ရည်ရွယ်ချက်ကို အပြည့်အဝလုံးလုံးမရှင်သန်ခဲ့ကြောင်း (သို့) ဘုရားသခင်၏အသက်ကိုအပြည့်အဝလုံးလုံးတွေ့ကြုံခံစားခြင်းမရှိခဲ့ကြောင်းကို ပြောပြရန်လူအသုံးများသော ဤဝေါဟာရအသုံးအနှုန်းကိုအသုံးပြုခဲ့သည်မှာ ထင်ရှားသည်။ ဤအချက်သည် မဿဲ ၁၀း၃၉၊ ၁၆း၂၅–၂၆၊ မာကု ၈း၃၅–၃၇၊ လုကာ ၉း၂၄–၂၅ တို့၌အသုံးပြုထားသည့် အသက်ဝိညာဉ်ဆုံးရှုံးခြင်း၏အဓိပ္ပါယ်ဖြစ်မည်ဟု ထင်မှတ်ရသည်။

"စိတ်ဝိညာဉ်ကို ကယ်တင်သည်" ဟူသော စကားစုသည် က သမ္မာတရားအဓိပ္ပါယ်ကိုလုံးလုံးဆောင်ထားနိုင်ချေမရှိကြောင်းကို သင်အံ့အားသင့်ကောင်းသင့်နေပါလိမ့်မည်။ ဤအချက်သည် အထက်၌ဖော်ပြခဲ့သော ကျမ်းချက်များတွင်သာတွေ့မြင်ရသည်မဟုတ်၊ ၁ပေ ၁း၉၊ ယာကုပ် ၁း၂၁၊ ၅း၂၀ တို့တွင်လည်းတွေ့မြင်ရပါသည်။ ဤစာအုပ်၏နောက်ပိုင်းတွင် ကျွန်ုပ်တို့မြင်တွေ့ကြရမည့်အတိုင်း ဤကျမ်းချက်တစ်ချက်စီတွင်

ခ သမ္မာတရားကျမ်းစကားအဆက်အစပ်ကို အလွယ်တကူသက်သေထူနိုင်ပါသည်။

ယုံကြည်ခြင်း (Faith)။ *ယုံကြည်ခြင်း*ဟူသော စကားလုံးသည် တစ်စုံတစ်ခုမှန်ကန်ကြောင်း ဖျောင်းဖျခံရခြင်း (သို့) သိမ်းသွင်းစည်းရုံးခံရခြင်းကို ဆိုလိုသည်။ ဤစကားလုံး onf *ယုံကြည်သည် (believe)* ဟူသော ကြိယာပုဒ်၏ နာမ်ပုဒ်ပုံစံဖြစ်သည် (၄င်းစကားလုံးနှစ်လုံးစလုံးသည် တူညီသောဂရိစကားလုံးဖြစ်သည့် နာမ်ပုဒ် *pistos* နှင့် ကြိယာပုဒ် *pisteuō* မှရောက်လာကြသည်)။ တစ်ဦးတစ်ယောက်သည် ဧဝံဂေလိတရားကိုအခိုင်အမာယုံကြည်သောအခါ ဤအရာသည် ထာဝရကယ်တင်ခြင်းကိုဆောင်ယူလာပေးပါသည် (က သမ္မာတရား – ဧဖက် ၂း၈–၉)။ သို့သော်၊ ယုံကြည်ခြင်းကို ခ သမ္မာတရားအဓိပ္ပါယ်မျိုးဖြင့်လည်း မကြာခဏအသုံးပြုကြပါသည်။ က နှင့် ခ အသုံးပြုပုံနှစ်ခုလုံးကို ရောမ ၁း၁၇ တွင် ရောမဩဝါဒစာအတွက် အဓိကရေးသားလိုသောအာဘော်အကြောင်း ရှင်ပေါလု ထုတ်ဖော်ပြောကြားချက်တွင်တွေ့ရသည် – "အဘယ်သို့ဖြစ်သနည်းဟူမူကား၊ ...ယုံကြည်ခြင်း၌တည်သောဘုရားသခင်၏ဖြောင့်မတ်ခြင်းသည် ယုံကြည်ခြင်းအဖို့အလို့ငှါ၊ ဧဝံဂေလိတရားဖြင့် ထင်ရှားလျှက်ရှိ၏။" ဤကျမ်းချက်သည် ဖြောင့်မတ်ရာသို့ရောက်စေသောအစကနဦးယုံကြည်ခြင်းမှ အောင်နိုင်သောအသက်တာကိုပေးသောယုံကြည်ခြင်းထိတိုင် ရောမဩဝါဒစာ၌ ရှင်ပေါလုခြုံငုံရေးသားထားသည့် ကယ်တင်ခြင်း၏ကျယ်ပြန့်သောအကျိုးသက်ရောက်မှုကို ပြောပြနေသည်မှာထင်ရှားနေပါသည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြရသည်ဟူသော ရှင်ပေါလု၏သွန်သင်ချက်ထက်ပို၍ ရှင်းလင်းပြတ်သားသောသွန်သင်ခြင်းရှိနိုင်မည်မဟုတ်ပါ။ ရှင်ပေါလုက "ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍သူ၏ ယုံကြည်ခြင်းကိုဖြောင့်မတ်ခြင်းကဲ့သို့မှတ်ယူတော်မူ..." ခြင်းခံရသောအာဗြဟံ၏ဓမ္မဟောင်းပုံသာဓကကို သုံးကြိမ်တိုင်တိုင် ကိုးကားထားသည် (ရောမ ၄း၃၊ ဂလာတိ ၃း၆၊ ယာကုပ် ၂း၂၃)။

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြရသည်မှာထင်ရှားသိသာနေပါသော်လည်း ထိုသို့ဖြောင့်မတ်ခြင်းသို့ ရောက်ရှိပြီးနောက်တွင် ကျွန်ုပ်တို့သည် ခရစ်ယာန်အသက်တာရှင်သန်ခြင်းအတွက် ဘုရားသခင်၏ကျေးဇူးတော်ကို ယုံကြည်ခြင်းအားဖြင့် တိုးဝင်ခံစားကြရသည် (ရောမ ၅း၂)။ ရှင်ပေါလုက ဤအချက်ကို ရောမ ၁း၁၇ ရှိမိမိ၏ထုတ်ဖော်ပြောကြားချက်တွင် သွယ်ဝိုက်၍ရည်ညွှန်းပြောဆိုထားသည်။ ထိုနေရာတွင် "ဖြောင့်မတ်ရာ၌တည်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်" ဟုပြောဆိုထားသော ဟဗက္ကုတ် ၂း၄ မှကိုးကားချက်တစ်ခုကို ထည့်သွင်းရေးသားခဲ့သည်။ ဟဗက္ကုတ်သည် ယုဒပြည်၌ကြွင်းကျန်ရစ်သည့် သစ္စာရှိသောသူများကိုလိပ်မူထားပြီး၊ ထိုလိပ်မူချက်တွင် ရုတ်တရက်ထွက်ပေါ်လာမည့်ကျူးကျော်စစ်၌ လည်းကောင်း၊ ထိုကျူးကျော်စစ်အားဖြင့်လည်းကောင်း ဘုရားသခင်အလုပ်လုပ်နေပါသည်ဟူသောယုံကြည်ခြင်းကိုရှိထားခြင်းဖြင့် ထိုအဖြစ်အပျက်အားမည်သို့ရင်ဆိုင်ကြ

ရမည်ကို ပြောပြနေပါသည်။

က – ထာဝရကယ်တင်ခြင်းအတွက်	ခ – ခရစ်ယာန်ရှင်သန်ခြင်းအတွက်
တစ်ကြိမ်တစ်ခါသာဖြစ်သော	အဆက်မပြတ်ဖြစ်သော
သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် (ယုံကြည်)	သခင်ယေရှုခရစ်ကို တန်ခိုးအစွမ်း၊ ပုံပိုးထောက်ပံ့ခြင်း အဖြစ် (ယုံကြည်)
ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့် ဆိုင်သောအမှုကိစ္စ	သန့်ရှင်းခြင်းသို့ရောက်ခြင်းနှင့်ဆိုင်သောအမှုကိစ္စ
ဖြစ်တည်မှုအနေအထား၌ ဖြောင့်မတ်သူအဖြစ် ကြေငြာခြင်းကို ခံရဖို့အလို့ငှါ	ခံစားတွေ့ကြုံမှု၌ ဖြောင့်မတ်သောသူဖြစ်လာ ဖို့အလို့ငှါ

ရှင်ပေါလုက “ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သော အသက်သည် ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အတို့ ကိုယ်ကိုကိုယ်စွန့်တော်မူ၏” (ဂလာတိ ၂း၂၀) ဟုပြောဆိုချိန်တွင် ဤအသုံးအနှုန်းကို ခ သမ္မာတရား အဓိပ္ပါယ်ဖြင့်လည်းအသုံးပြုထားပါသည်။ ရှင်ပေါလုသည် ဂလာတိအသင်းသားများအား ၄င်းတို့သည် ယုံကြည်ခြင်းနှင့်ယှဉ်သောအသက်တာဖြင့် ရှင်သန်ကြ၍ ပညတ်တရားအောက်၌ ရှင်သန်ခြင်းဟူသော ဥပဒေပညတ်အတိုင်းလိုက်ပါလွန်းခြင်း ဝါဒ (legalism) ဆီသို့ ပြန်ရောက်မသွားကြရန်ပြောနေပါသည်။ သို့သော်လည်း၊ ထိုအသင်းသားများဖြောင့်မတ်ခြင်းသို့မည်သို့ရောက်ခဲ့ကြကြောင်းကို ရှင်ပေါလုဆွေးနွေးတင်ပြသောအချိန်တွင် *ယုံကြည်ခြင်း/သည်* ကိုင်း၏ က သမ္မာတရားအဓိပ္ပါယ်ဖြင့် ရှင်းရှင်းလင်းလင်းအသုံးပြုထားပါသည်။ ဂလာတိ ၂း၁၆ တွင် ရှင်ပေါလုက “ပညတ်တရား၏အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ မရောက်၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ၊ ငါတို့ပင် သခင်ယေရှုကိုယုံကြည်ကြပြီ။ အကြောင်းမူကား၊ ပညတ်တရား၏အကျင့်အားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့မရောက်နိုင်ရာ” ဟုပြောထားပါသည်။

ယုံကြည်ခြင်းသည် ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ကျေးဇူးတော်ကို လက်ခံရရှိရာ၌ဖြစ်စေ၊ ခရစ်ယာန် အသက်တာရှင်သန်ခြင်းအတွက်ဘုရားသခင်၏ကျေးဇူးတော်ကို လက်ခံရရှိရာ၌ဖြစ်စေ၊ ဘုရားသခင်ကိုကျွန်ုပ်တို့ နှီးနွယ်ရာ၌အဓိကအခြေခံစည်းမျဉ်းဥပဒေသဖြစ်သည်။ အကြောင်းမှာ “ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်”သောကြောင့်ဖြစ်သည် (ဟေဗြဲ ၁၁း၆)။

နောင်တရခြင်း (Repentance)။ ဤစကားလုံးသည် ၄င်းကိုအသုံးပြုထားသောနေရာရှိကျမ်းစကားအဆက်အစပ်အပေါ်၌ တသွေမတိမ်းသစ္စာရှိရန် ကြိုးစားအားထုတ်နေကြ

သောသမ္မာကျမ်းစာအနက်ဖွင့်ပြန်ဆိုသူများအတွက် ဒုက္ခအပေးဆုံးသောစကားလုံး အဖြစ်ဆက်၍ရှိနေပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသော ဂရတစိုက် လေ့လာအကဲခတ်မှုအချို့ ကိုပြုလုပ်နိုင်ပါသည်။ ပထမအနေဖြင့်၊ ဤစကားလုံးသည် *ပြီးနောက် (after)* ဟုအဓိပ္ပါယ်ရသည့် *meta* ဟူသောစကားလုံးနှင့် *စဉ်းစားရန်/သည် (to think)* ဟုအဓိပ္ပါယ်ရသည့် *noeô* ဟူသောဂရိစကားလုံးနှစ်လုံးမှ ရောက်ရှိလာခြင်းဖြစ်သည်။ ထိုသို့ဖြစ်သည်ဆိုပလျှင် ကျွန်ုပ်တို့သည် *စဉ်းစားတွေးတောပြီးနောက်* (သို့) *စိတ်ပြောင်းလဲခြင်း*ဟူသောပဓာနကျသည့်အဓိပ္ပါယ်တစ်ခုကိုရရှိကြသည်။ ဓမ္မသစ်ကျမ်းတွင် စိတ် (mind) ဟူသော စကားလုံးကို အတွင်းလူအတွက်အသုံးပြုထားပြီး၊ တစ်ခါတစ်ရံတွင် စိတ်နှလုံး (heart) ဟူသောစကားလုံးနှင့်နေရာ ချင်းဖလှယ်၍အပြန်အလှန်အသုံးပြုထားသည် (နှိုင်းယှဉ် – ရောမ ၁း၂၈၊ ၇း၂၃၊ ၂၃၊ ဧဖက် ၄း၁၇၊ ၂၃၊ ကောလောသဲ ၂း၁၈)။ ၄င်းသည် ကျွန်ုပ်တို့ မည်သူမည်ဝါဖြစ်သည်ကိုဖန်တီးပေးသည့် ကျွန်ုပ်တို့အထဲမှ မျက်မြင်မရသောအစိတ်အပိုင်းဖြစ်သည့် ဆုံးဖြတ်ချက်များကိုပြုလုပ်ဖန်တီးရာ အချက်အချာနေရာဖြစ်သည်။ ထို့ကြောင့်၊ နောင်တရခြင်းဟူသောစကားလုံးကို *စိတ်နှလုံးပြောင်းလဲခြင်း* ဟုအနက်ဖွင့်ပြန်ဆိုခြင်းသည်လည်း မှန်ကန်ပါသည်။

ဝမ်းနည်းဖွယ်ရာမှာ *metanoia* ကို *နောင်တရခြင်း* ဟုအနက်ဖွင့်ပြန်ဆိုခြင်းမှလွဲ၍အခြားစကားလုံးကျွန်ုပ်တို့၌ မရှိခြင်းဖြစ်သည်။ ဘာသာဗေဒပညာရှင်အချို့က ဤအဖြစ်အပျက်ကို ကျွန်ုပ်တို့သာသာစကား၏ဆိုးဝါးသော အခြေအနေတစ်ခုဟုခေါ်ဝေါ်ကြသည်။ ဤသို့ဖြစ်ရခြင်း၏ အစိတ်အပိုင်းတစ်ခုမှာ နောင်တရခြင်းဟူသော အင်္ဂလိပ်စကားလုံးသည် လက်တင်စကားလုံး *poenatentia* (သို့) ယူကြုံးမရဖြစ်ခြင်း (သို့) ဝမ်းနည်းနောင်တရခြင်း၏ လက်တွေ့လုပ်ဆောင်ချက်လုပ်ရပ်ဟူသောအဓိပ္ပါယ်မှ ရောက်ရှိလာခြင်းဖြစ်သည်။ ဤအယူအဆသည် ရိုမန်ကက်သလစ်ဘာသာ၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထိုသို့ဖြစ်သောကြောင့် လူအမြောက်အများက နောင်တရခြင်းကို ဝမ်းနည်းပူဆွေးစိတ်ဖြင့်ကျောခိုင်းပစ်ပယ်ခြင်းနှင့် အပြစ်ဒုစရိုက်ကို စွန့်လွှတ်ခြင်းအဖြစ် ရှုမြင်ကြသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အပြင်ပန်းအားဖြင့် လုပ်ဆောင်မှုတစ်ခုအဖြစ် ရှုမြင်ကြသည်။ အပြင်ပန်းအားဖြင့် လုပ်ဆောင်ခြင်းလုပ်ရပ်သည် အတွင်းဘက်စိတ်နှလုံးပြောင်းလဲခြင်းတစ်ခုမှဖြစ်ပေါ်လာသောအရာဖြစ်ကောင်းဖြစ်မည် (အမြဲလိုလိုဖြစ်တတ်သည်) ဖြစ်သော်လည်း၊ ထိုသို့ဖြစ်ချိန်တွင် သိသာထင်ရှားချင်မှ ထင်ရှားပါလိမ့်မည်။ နောင်တရခြင်း ၏အတွင်းသဏ္ဌာန်ဆန်သောလက္ခဏာသွင်ပြင်ကို လုပ်ဆောင်မှု၏အပြင်ပန်းသဏ္ဌာန်ဆန်သောခင်ကျင်းပြသမှုမှ ခြားနားထားရမည်။ နောင်တရခြင်းသည် ပင်းရင်းအမြစ်ဖြစ်နေလင့်ကစားလုပ်ဆောင်မှုသည်အသီး အပွင့်အဖြစ်ရှိချင်မှရှိနေပါလိမ့်မည်။ အတွင်းသဏ္ဌာန်၌ပြောင်းလဲခြင်းသည် အပြင်ပန်းသဏ္ဌာန်ပြောင်းလဲခြင်း၌အကျိုးဆက်ဖြစ်ပေါ်ရမည်ဖြစ်ပြီး၊ ၄င်းသည် ပင်ကိုသဘာဝအရဖြစ်ရမည်ဖြစ်သကဲ့သို့မျှော်

လင့်ထားသည့်အရာလည်းဖြစ်ရမည်မှာ သိသာထင်ရှားနေပါသည်။ သို့သော် ၄င်းသည် အလိုအလျောက်ဖြစ်လာသောအရာ မဟုတ်ပါ။ ထိုသို့သာမဟုတ်ခဲ့လျှင်၊ ဗတ္တိဇံဆရာ ယောဟန်သည် ဖာရိရှဲတို့အား "နောင်တရခြင်းနှင့်ထိုက်တန်သောအကျင့်" ကိုကျင့်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့မည် မဟုတ်ပါ (မဿဲ ၃၈၊ လုကာ ၃း၈)။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ၄င်းတို့နောင် တရလျှင် နောင်တရခြင်းအရာကိုတစ်သမတ်တည်းပြသရမည် (ဖြစ်သော်လည်း အလိုအလျောက်ဖြစ်လာမည်တော့ မဟုတ်ပါ)။

နောင်တရသည် (သို့) *နောင်တရခြင်း* ဟူသောစကားလုံးသည် အလွန်ပြောင်းလွယ်ပြင်လွယ်ရှိသော စကားလုံးဖြစ်သည်။ ထိုစကားလုံးကို မယုံကြည်သူများအတွက်သော်လည်းကောင်း၊ ယုံကြည်သူများအတွက်သော်လည်းကောင်း အသုံးပြုနိုင်သည်။ နောင်တရခြင်းကို ၄င်း၏သီးသန့်ကျမ်းစကားအသွားအလာအား နားလည်သဘောပေါက်ခြင်းမရှိဘဲပြောဆိုခြင်းသည် အမျှော်အမြင်ကင်းမဲ့သောလုပ်ရပ်ဖြစ်သည်။ ထို့အပြင်၊ နောင်တရခြင်းက ဦးတည်ရည်မှန်း သောအရာရှိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်မည်သည့်အရာကို/မှနောင်တရရမည်နည်းဟူသော အချက်ဖြစ်သည်။ သမ္မာကျမ်းစာက နောင်တရခြင်းကို တစ်ဦးတစ်ယောက်၏အပြစ်ဒုစရိုက်နှင့်စပ်လျဉ်း၍ စိတ်နှလုံးပြောင်းလဲခြင်းအဖြစ်လည်းကောင်း (၂ကော ၁၂း၁၁၊ သခင်ယေရှုခရစ်၏ဖြစ်တည်မှု အမှန်နှင့်စပ်လျဉ်း၍ စိတ်နှလုံးပြောင်းလဲခြင်းအဖြစ်လည်းကောင်း (တမန်တော် ၂း၃၈)၊ မယုံကြည်သူတို့၏ရုပ်တုများအား ယုံကြည်ကိုးစားခြင်းနှင့်စပ်လျဉ်း၍ စိတ်နှလုံးပြောင်းလဲခြင်းအဖြစ်လည်းကောင်း (တမန်တော် ၁၇း၃၀)၊ ဘုရားသခင်နှင့်စပ်လျဉ်း၍ စိတ်နှလုံးပြောင်းလဲခြင်းအဖြစ်လည်းကောင်း (တမန်တော် ၂၀း၂၁) မှားယွင်းသော သွန်သင်ချက်ဝါဒနှင့်စပ်လျဉ်း၍ စိတ်နှလုံးပြောင်းလဲခြင်းအဖြစ်လည်းကောင်း (၂တိ ၂း၂၅)၊ သေခြင်းနှင့်စပ်ဆိုင်သောအကျင့်နှင့်စပ်လျဉ်း၍ စိတ်နှလုံးပြောင်းလဲခြင်းအဖြစ်လည်းကောင်း(ဟေဗြဲ ၆း၁) စသည်ဖြင့်ပြောဆိုထားသည်။ တစ်ခါတစ်ရံတွင် နောင်တရခြင်းသည် ကယ်တင်ခြင်းကိုဆောင်ယူပေးသော စိတ်နှလုံးပြောင်းလဲခြင်းဖြစ်ပြီး (က သမ္မာတရား – မဿဲ ၉း၁၃၊ လုကာ ၂၄း၄၇၊ တမန်တော် ၁၁း၁၈)၊ တစ်ခါတစ်ရံတွင်ပို၍နက်နဲသောသန့်ရှင်းရာသို့ရောက်ခြင်းကို ဆောင်ယူပေးသည့် စိတ်နှလုံးပြောင်းလဲခြင်းဖြစ်သည် (ခ သမ္မာတရား– ၂ကော ၁၂း၁၁၊ ၂တိ ၂း၂၅)။

၀မ်းနည်းဖွယ်ရာမှာ နောင်တရခြင်းကို ကယ်တင်ခြင်းနှင့်ဆက်နွယ်လျက် က သမ္မာတရားအဖြစ် လက်လွတ်စပယ်မကြာခဏအသုံးပြုတတ်ကြခြင်းဖြစ်သည်။ ခမ္မသစ်ကျမ်းတွင် နောင်တရခြင်းဟူသောစကားလုံးကို ကယ် တင်ခြင်းကိုပေးပိုင်သော ယုံကြည်ခြင်းအားဖြင့် ညွှန်ပြသောစိတ်နှလုံးပြောင်းလဲခြင်းကိုပုံဖော်ပြသရန်အသုံးပြုကြောင်းကျွန်ုပ်ယုံကြည်သည်။ အကြောင်းမှာ တစ်စုံတစ်ယောက်သည် သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံ သောအချိန်တိုင်းတွင် ၄င်းသည် တစ်စုံတစ်

ရာအတွက် မိမိ၏စိတ် (သို့) စိတ်နှလုံးကိုပြောင်းလဲခဲ့သောကြောင့်ဖြစ်သည် (ဥပမာ လုကာ ၅း၃၂၊ ၂၄း၄၇၊ တမန်တော် ၁၁း၁၈၊ ၁၇း၃၀၊ ၃၄၊ ၂၀ း၃၉)။ သို့သော် အကြိမ်များစွာတွင် နောင်တရခြင်းကို ခ သမ္မာတရားအဖြစ်နှင့်မောရှေနှင့်ပြုသော ပဋိညာဉ်တရားအောက်၌ နာခံမှုမရှိသော ကွသရေလလူမျိုးများစပ်လျဉ်း၍လည်းကောင်း (မဿဲ ၄း၁၇၊ ၁၁း၂၀–၂၁၊ ၁၂း၄၁၊ လုကာ ၁၀း၁၃၊ ၁၁း၃၂၊ ၁၃း၃၊ ၅၊ မာကု ၁း၁၅)၊ ယုံကြည်သူများအား ၄င်းတို့၏သန့်ရှင်းရာသို့ရောက်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း (၂ကော ၁၂း၂၁၊ ၂တိ ၂း၂၅၊ ဗျာဒိတ် ၂း၅၊ ၁၆၊ ၂၁၊ ၂၂၊ ၃း၃၊ ၁၉) အသုံးပြုထားသည်။

တပည့်တော် (Disciple)။ ဤစကားလုံးသည် ၄င်း၏ကျမ်းစကားအဆက်အစပ်၌သာ အကောင်းဆုံးသဘောပေါက်နားလည်နိုင်သည့် နောက်ထပ်စကားလုံးဖြစ်သည်။ တပည့်တစ်ယောက်ဆိုသည်မှာ လေ့လာသင်ယူနေသောသူတစ်ဦးဖြစ်၍ မိမိ၏ဆရာကဲ့သို့ဖြစ်လာရန်သင်ယူနေသောသူတစ်ဦးဖြစ်သည်။ ခမ္မသစ်ကျမ်းတွင် မောရှေ၏တပည့်များ၊ ဖာရိရှဲတို့၏တပည့်များဟူ၍လည်းကောင်း၊ အများအားဖြင့်သခင်ယေရှုခရစ်၏တပည့်တော်များဟူ၍လည်းကောင်း ရည်ညွှန်းပြောဆိုထားချက်များရှိသည်။ ထို့ကြောင့်၊ *တပည့်တော်*ဟူသောစကားလုံးသည်အစဉ်ထာဝရကယ်တင်ခြင်းခံရသောသူတစ်ယောက်ကိုအလိုအလျောက် မရည်ညွှန်းပါ။ ယောဟန် ၆း၆၆ တွင် သခင်ယေရှုနောက်သို့စပ်စုလိုသောစိတ်ဖြင့် လိုက်ခဲ့သောသူအချို့ကို တပည့်တော်များဟုခေါ်ဆိုခဲ့သော်လည်း ၄င်းတို့သည်သခင်ယေရှုကို ထိုထက် ပို၍လိုက်လျောက်ဖို့ ငြင်းဆန်ခဲ့ကြသည်။ သခင်ယေရှုက ၄င်းတို့ထဲမှအချို့ က ယုံကြည်ခြင်းမရှိခဲ့ကြဟု ပြောခဲ့သည် (ယောဟန် ၆း၆၄)။

လူအချို့က သခင်ယေရှုကိုယုံကြည်လက်ခံသောသူများ (က သမ္မာတရား)နှင့် ဆက်ကပ်အပ်နှံမှုရှိသော သခင်ယေရှုခရစ်၏တပည့်တော်များ (ခ သမ္မာတရား) ကြားရှိခြားနားချက်ကို ခွဲခြားသိမြင်ရန် ပျက်ကွက်ခဲ့ကြသည်။ ထိုသူတို့က ခရစ်ယာန်တိုင်းသည် တပည့်တော်များဖြစ်ကြ၍ တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်မှာ အစဉ်ထာဝရကယ်တင်ခံရခြင်းအတွက်ထားရှိသောအခြေအနေသတ်မှတ်ချက်များသာဖြစ်ကြသည်ဟု အခိုင်အမာပြောဆိုနေကြသည်။ သို့သော်၊ ယောဟန် ၈း၃၀–၃၁ ကဲ့သို့သော ကျမ်းချက်တစ်ချက်ကို ကျွန်ုပ်တို့မြင်တွေ့သောအခါတွင် ထိုပြောဆိုချက်များသည်မည်သို့မျှဖြစ်နိုင်ချေ မရှိပါ။ ဤကျမ်းချက်တွင် သခင်ယေရှုက ထာဝရအသက်အတွက် မိမိကိုယုံကြည်လက်ခံထားသောသူများထံ လိပ်မူပြောဆိုနေသော်လည်း (ငယ် ၃၀)၊ ကိုယ်တော်သည် ၄င်းတို့ကို ဆက်ကပ်အပ်နှံမှုရှိသောတပည့်တော်တစ်ပါးဖြစ်ရန်အတွက် အခြေအနေကန့်သတ်ချက်တစ်ခုကို ပေးထားသည်။ **"**ထိုအခါယေရှုက၊ သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏**"** ဟုမိန့်တော်မူသည် (ငယ် ၃၁)။ *တည်သည်* ဆိုသည်မှာ*၌ဆက်လက်လုပ်ဆောင်သည်* ဟူ၍ဖြစ်ပြီး၊ *၌ယုံကြည်သည်*

ဟူ၍မဟုတ်ပါ။ ယုံကြည်သူတစ်ယောက်သည် ကိုယ်တော်၏နောက်သို့လိုက်လျှောက်၍ နှုတ်ကပတ်တော်ကို လိုက်နာစောင့်ထိန်းလျှင် ဆက်ကပ်အပ်နှံမှုရှိသောတပည့်တော် တစ်ပါးဖြစ်လာသည်။ ထိုအရာကို ခရစ်ယာန်တိုင်းက မလုပ်ဆောင်ကြပါ။

အမှန်အတိုင်းဝန်ခံရလျှင် တမန်တော်ဝတ္တုတွင် *တပည့်တော်များ*ဟူသောအသုံး အနှုန်းသည် ခရစ်ယာန်အားလုံးကို ခွဲခြားခြင်းမရှိဘဲတပေါင်းတစည်းတည်းဖြင့် ရည်ညွှန်းထားသယောင်ထင်မှတ်ရသည် (တမန်တော် ၆း၁–၂၊ ၇၊ ၁၄း၂၀၊ ၂၂၊ ၂၈၊ ၁၅း၁၀၊ ၁၉း၁၀)။ သို့သော်၊ ဤရည်ညွှန်းချက်သည် အံ့အားသင့်စရာ မဟုတ်ပါ။ အကြောင်းမှာ တမန်တော်ဝတ္တုရှိ ကနဦးအသင်းတော်တွင် ခရစ်ယာန်များကို စိတ်အားထက်သန်စွာဖြင့် ကြီးထွားလျှက်ရှိ၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံလိုက်လျှောက်နေကြသော သူများအဖြစ်ယေဘူယျအားဖြင့် ပုံဖော်ထားသောကြောင့် ဖြစ်သည်။ ထိုသို့မဟုတ်သော သူများမှာ ခြွင်းချက်ဖြစ်ကြ၍ ၄င်းတို့ကိုသတိပြုမိရန်ရွေးထုတ်ဖော်ပြခဲ့သည် (အခန်းကြီး ၅ ရှိ အာနနိနှင့် ရှဖိရ၊ အခန်းကြီး ၈ ရှိ နတ်ဝိဇ္ဇာရှိမုန်တို့ကဲ့သို့သောသူများ)။ ဩဝါဒစာစောင်များတွင် *တပည့်တော်* ဟူသောစကားလုံးကိုမတွေ့ရပါ။ ထိုအစား၊ တမန်တော်ရှင်ပေါလုက မိမိသည်သခင်ယေရှုခရစ်ကို နာခံလိုက်လျှောက်သကဲ့သို့မိမိကို "အတုယူ" (သို့) "နာခံလိုက်လျှောက်" ရန်နှိုးဆော်တိုက်တွန်းချက်ရှိ တပည့်တော်ဖြစ်ခြင်းအယူအဆကိုသာ ကျွန်ုပ်တို့တွေ့ရသည် (၁ကော ၄း၁၆၊ ၁၁း၁၊ ဖိလိပ္ပိ ၃း၁၇၊ ၁သက် ၁း၆၊ ၂သက် ၃း၇၊၉)။

ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက် (ယုံကြည်ခြင်း) က သမ္မာတရားနှင့် တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်များ ခ သမ္မာတရားတို့ကြားကွဲပြားခြားနားချက်သည် အလွန်အရေးကြီး သည်။ တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်များကို ကယ်တင်ခြင်းအတွက်အခြေအနေသတ်မှတ်ချက်များသဖွယ် မှားယွင်းစွာကျွန်ုပ်တို့အနက်ဖွင့်ပြန်ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏အခမဲ့ပေးတော်သော ကျေးဇူးတော်၌တစ်စုံတစ်ခုကိုပေါင်းထည့်၍ ထိုကျေးဇူးတော်ကို ဖျောက်ဖျက်ပစ်ရာရောက်ပါသည်။ တပည့်တော်ဖြစ်ခြင်းအတွက် ဤအခြေအနေသတ်မှတ်ချက်များကိုကယ်တင်ခြင်းအတွက်အခြေ အနေသတ်မှတ်ချက်များအဖြစ်ပြုလုပ်ဖန်တီးသောအခါ ရိုးရှင်းပြီးအခြေအနေသတ်မှတ်ချက်မရှိသည့် ကျေးဇူးတော်၏ဝမ်းနည်းဖွယ်ကောင်းသော အကျိုးဆက်များကိုစဉ်းစားသုံးသပ်ကြည့်ပါ။

- ကိုယ့်ကိုယ်ကို ငြင်းပယ်ရမည် (ဘုရားသခင်၏အလိုတော်ကိုပြုလုပ်ဖို့ အလိုငှါ သင့်ရဲ့စိတ်ဆန္ဒများကို ငြင်းပယ်ပါ)။ လုကာ ၉း၂၃
- ကိုယ့်လက်ဝါးကပ်တိုင်ကိုနေ့တိုင်းထမ်း၍ (သခင်ခရစ်တော်အတွက် ဆင်းရဲဒုက္ခခံရန် လိုလိုလားလား ရှိပါ)။ လုကာ ၉း၂၃
- သခင်ခရစ်တော်အား နာခံလိုက်လျှောက်ပါ (သင့်အသက်တာအတွက်

ထားရှိသော ကိုယ်တော်ရှင်၏ ရည်ရွယ်ချက်ကိုခံယူပါ)။ လုကာ ၉း၂၃

- သင်၏ဖခင်၊ မိခင်၊ ဇနီး၊ သားသမီးများကိုမုန်းပါ (ထိုသူတို့ထက်ဘုရားသခင်ကို ပို၍ချစ်မြတ်နိုးပါဟု ဆိုလိုသည်)။ လုကာ ၁၄း၂၆
- ဘုရားသခင်၏နှုတ်ကပတ်တော် (ဒေသနာ) ၌တည်ပါ (ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆက်လက်စောင့်ထိန်း၍ နာခံလိုက်လျှောက်ပါ)။ ယောဟန် ၈း၃၁
- အချင်းချင်းချစ်ကြပါ။ ယောဟန် ၁၃း၃၅
- အသီးကိုသီးပါ။ ယောဟန် ၁၅း၈

က – ကယ်တင်ခြင်း	ခ – တပည့်တော်ဖြစ်ခြင်း
သခင်ခရစ်တော်ကို ကင်တင်ရှင်အဖြစ်ယုံကြည်ခြင်းဟူသောအခြေအနေသတ်မှတ်ချက်တစ်ခု	သခင်ခရစ်တော်ကို အရှင်သခင်အဖြစ် ဆက်ကပ်အပ်နှံခြင်းရှိအခြေအနေသတ်မှတ်ချက်များ
သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်	သခင်ယေရှုခရစ်ကို အရှင်သခင်အဖြစ်
ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်းကိစ္စတစ်ခု	သန့်ရှင်းရာသို့ရောက်ခြင်းအကြောင်းကိစ္စတစ်ခု
လုံးလုံးအခမဲ့ဖြစ်သည်	အလွန်အဖိုးအခကြီးလှသည်
ချက်ချင်းဖြစ်သောအဖြစ်အပျက်တစ်ခု	ဘဝသက်တမ်းတစ်လျှောက်ဖြစ်သောဖြစ်စဉ်တစ်ခု

တပည့်တော်ဖြစ်ခြင်းနှင့်စပ်ဆိုင်သော ခ သမ္မာတရားကို ကယ်တင်ခြင်းစပ်ဆိုင်သော က သမ္မာတရားအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုခြင်း၏အဖြစ်ဆိုးသည် လုပ်ဆောင်မှုကိုအခြေပြုသော (သို့) တစ်နည်းအားဖြင့်ဆိုရလျှင် အကျင့်ကိုအခြေပြုသောမှားယွင်းသည့် ဧဝံဂေလိတရားကို အကျိုးဆက်အဖြစ်ရရှိစေပါသည်။ ၄င်းသည်ကျေးဇူးတော်ကိုပယ်ဖျက်လိုက်ပါသည်။ ထို့ကြောင့်၊ ၄င်းသည် ဖြစ်နိုင်ချေရှိသောကယ်တင်ခြင်းစိတ်ချမှုတိုင်းကိုလည်းငြင်းပယ်ရာရောက်ပါသည်။ အကြောင်းမှာ ကယ်တင်ခြင်းသည် ဘုရားသခင်၏ကတိတော်တွင် မဟုတ်ဘဲ၊ တစ်ဦးတစ်ယောက်၏ဆက်ကပ်အပ်နှံမှု (သို့) သစ္စာရှိမှုတို့တွင်မူတည်နေရန် ဖန်တီးထားသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ဆက်ကပ်အပ်နှံမှုသည် အမြဲတမ်းပြောင်းလဲနေတတ်ပါသည်။ ဘုရားသခင်၏ကတိတော်မူကားမည်သည့်အခါတွင်မျှ မပြောင်းလဲပါ။

တရားစီရင်ခြင်း (Judgment)။ အသက်တာ၏အဆုံး (သို့) ကပ်ကမ္ဘာအဆုံးတွင် တရားစီရင်ခြင်းတစ်ခုသာရှိသည်ဟူသောအရာသည် သာမန်ကြားနေကြဖြစ်သည်။ မြောက်များစွာသောလူတို့က မိမိတို့၏အကျင့် (လုပ်ဆောင်မှု) များကမိမိတို့ကိုကောင်း

ကင် (သို့) အပယ်ငရဲနှင့်ထိုက်တန်စေခဲ့မည့်အဖြစ်ကိုမြင်တွေ့ရရန် ဤတရားစီရင်ခြင်းကို ရင်ဆိုင်ကြရမည်ဟု ယုံကြည်နေကြသည်။ သို့သော်၊ ဤအယူအဆသည် သမ္မာကျမ်းစာ၏ အဓိကသွန်သင်ချက်များ၊ အထူးသဖြင့်ခမ္မာသစ်ကျမ်း၏ အဓိကသွန်သင်ချက်များကို လျစ်လျူရှုရာရောက်နေပါသည်။ လူတိုင်းတရားစီရင်ခြင်းကို ရင်ဆိုင်ကြရမည်ဖြစ်သော်လည်း၊ တရားစီရင်ခြင်းမှာအမျိုးမျိုးရှိနေပါသည်။ တစ်ခုသည် မယုံကြည်သူများအတွက်ဖြစ်၍ အခြားတစ်ခုမှာ ယုံကြည်သူများအတွက်ဖြစ်သည်။ ဤမတူကွဲပြားသောတရားစီရင်ခြင်းများကို ခွဲခြားရန် ကျွန်ုပ်တို့ပျက်ကွက်လျှင် ဧဝံဂေလိတရားကို ရှင်းလင်းပြတ်သားစေရာတွင် ပြဿနာရှိလာပါလိမ့်မည်။ က သမ္မာတရား တရားစီရင်ခြင်းနှင့် ခ သမ္မာတရားစီရင်ခြင်းဟူ၍ရှိသည်။

မြောက်များစွာသောခရစ်ယာန်များက အကြောင်းမလှစွာပင် မဟာပလ္လင်ဖြူတရားစီရင်ခြင်း(the Great White Throne Judgment) ဟုခေါ်သောနှစ်တစ်ထောင်အုပ်စိုးခြင်းနိုင်ငံတော်(the Millennial Kingdom) ၏အဆုံးတွင်ဖြစ်ပျက်မည့် တရားစီရင်ခြင်းကို တစ်ခုတည်းသောတရားစီရင်ခြင်းအဖြစ် ယူဆထားကြသည် (ဗျာဒိတ် ၂၀း၁၁–၁၅)။ ဤတရားစီရင်ခြင်းသည် သခင်ယေရှုခရစ်ကို မိမိတို့၏ကယ်တင်ရှင်အဖြစ် မယုံကြည်သောသူများအားလုံးကိုတရားစီရင်ခြင်းဖြစ်ပြီး၊ မယုံကြည်သူတို့၏အကျင့် (လုပ်ဆောင်မှု) ကိုတိုင်းတာစစ်ဆေး၍ ၎င်းတို့၏အမည်များသည် အသက်စာစောင်၌ မရှိကြောင်းကို အတည်ပြုရန်ထိုအသက်စာစောင်ကို စစ်ဆေးကြည့်ရှုပါမည်။ မဟာပလ္လင်ဖြူတရားစီရင်ခြင်းတွင် ယုံကြည်သူများကို တရားမစီရင်ပါ။ ရောက်ရှိလာမည့်တရားစီရင်ခြင်းတစ်ခုအကြောင်းကို ဖော်ပြထားသောကျမ်းချက်များစွာတွင် ဖော်ပြထားသော တရားစီရင်ခြင်းသည် တစ်ခါတစ်ရံယုံကြည်သူ များဖြစ်နေပြီးသောသူများကို တရားစီရင်ရန် ရည်ညွှန်းနေပါသော်လည်း မယုံကြည်သူများနှင့်သာသက်ဆိုင်သည့် အထက်ပါတရားစီရင်ခြင်းအဖြစ်နှင့်မကြာခဏအနက်ဖွင့်ပြန်ဆိုကြပါသည်။

လူအများက နားလည်သဘောပေါက်ခြင်းမရှိသည့်အရာမှာ ခမ္မာသစ်ကျမ်းက သခင်ခရစ်တော်၏တရားပလ္လင် (the Judgment Seat of Christ) ဟုခေါ်သော အခြားတရားစီရင်ခြင်းတစ်ခုအကြောင်းကိုလည်း ပြောပြနေပါသည်ဟူသောအချက်ဖြစ်သည်။ ဤတရားစီရင်ခြင်းသည် ယုံကြည်သူများအတွက်သာဖြစ်သည်။ ဤတရားစီရင်ခြင်း၏ရည်ရွယ်ချက်မှာ တစ်စုံတစ်ယောက်ကယ်တင်ခြင်းခံရသည်၊ မခံရသည်ကို တိုင်းတာစစ်ဆေးရန် မဟုတ်ပါ။ ကယ်တင်ခြင်းခံထားရသောသူသည် ဆုလာဒ်နှင့်ထိုက်တန်မှုရှိ၊ မရှိကို တိုင်းတာစစ်ဆေးရန်ဖြစ်သည်။ ရှင်ပေါလုက "ငါတို့ရှိ သမျှသည် ခရစ်တော်၏တရားပလ္လင်ရှေ့တော်သို့ရောက်ကြရမည်" ဟူ၍လည်းကောင်း၊ "သို့ဖြစ်၍ ငါတို့ရှိသမျှသည် ဘုရားသခင်စစ်ကြောတော်မူခြင်းကိုခံရကြမည်" ဟူ၍လည်းကောင်းရေးသားခဲ့ရိန်တွင် ဤတရားစီရင်ခြင်းသည် ခရစ်ယာန်များအတွက်သာဖြစ်ကြောင်းမှာ ထင်ရှား

နေပါသည် (ရောမ ၁၄:၁၀၊ ၁၂)။ ပထမအနေဖြင့်၊ ရှင်ပေါလုသည် ခရစ်ယာန်များ ထံသို့ရေးသားထားပြီး၊ မိမိကိုယ်ကိုလည်း ဤတရားစီရင်ခြင်းအားရင်ဆိုင်ရမည့်သူများ ထဲတွင်ထည့်သွင်းထားသည်။ ဒုတိယအနေဖြင့်၊ ရှင်ပေါလုက ဤတရားစီရင်ခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အသက်တာနှင့်စပ်လျဉ်း ၍ဘုရားသခင်ထံ၌ရှင်းလင်းချက်ပေး ရန်ဖြစ်သည်ဟုဖော်ပြထားသည်။ ကျွန်ုပ်တို့ကယ်တင်ခြင်းခံရသည်၊ မခံရသည်ကို သိမြင်ရန်မဟုတ်ပါ။ ထို့နောက်၊ ၁ကော ၃း၁၁–၁၅ တွင်ရှင်ပေါလုက ထိုတရားစီရင်ခြင်း ၌အချို့သောသူများမှာ ဆုလာဒ်များခံုးမြှင့်ခံရစဉ်တွင် အချို့သောသူတို့မှာ ၄င်းတို့၏ အချည်းနှီးဖြစ်သောအလုပ်များ မီးရှို့ခြင်းကိုခံကြရမည် (သို့) တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဆုလာဒ်ခံုးမြှင့်ခြင်းမခံရကြဟု ဖော်ပြထားသည်။ ဤနေရာတွင် ရှင်ပေါလုက ဆုလာဒ် ဆုံးရှုံးခြင်း (ကယ်တင်ခြင်းဆုံးရှုံးခြင်းမဟုတ်) ကိုသာပြောပြနေကြောင်းမှာ အခန်းငယ် ၁၅ အားဖြင့်ထင်ရှား နေပါသည် "အကြင်သူ၏အလုပ်သည် လောင်ကျွမ်း၏။ ထိုသူသည် အရှုံးခံရလိမ့်မည်။ သို့သော်လည်း မီးနှင့်လွတ် သကဲ့သို့ သူသည် ကယ်တင်ခြင်း သို့ရောက်လိမ့်မည်။" မီးသည် ဘုရားသခင်၏ခွဲခြားသိမြင်နိုင်စွမ်းသောတရား စီရင်ခြင်း ကိုပြောပြနေသည်။ အပယ်ငရဲမီးကို မဟုတ်ပါ။ ခရစ်ယာန်တစ်ယောက်သည် အပယ် ငရဲမှ ကယ်တင်ခြင်းခံရနိုင်ပါသော်လည်း ဆုလာဒ်မရရှိဘဲကောင်းကင်ဘုံဝင်စားရမည် ဖြစ်သည်။

ယုံကြည်သူများသည် ၄င်းတို့၏ကယ်တင်ခြင်းစီရင်ချက်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချခံရပြီးဖြစ်သည်။ ယောဟန် ၅း၂၄ တွင် သခင်ယေရှုက "ငါအမှန်အကန် ဆိုသည်ကား ငါ့စကားကိုနားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည် သောသူသည် ထာဝရအသက်ကိုရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင် ခြင်းသို့ကူးမြောက်သောသူဖြစ်၏" ဟုပြောထားသည်။ ရောမ ၈း၃၃–၃၄ တွင်လည်း ခရစ်ယာန်များသည် သခင်ခရစ်တော်ကြောင့် ဒဏ်ခတ်စီရင်ခြင်းခံရမည် မဟုတ်ကြောင်း တမန်တော်ရှင်ပေါလုက အကျိုးသင့်အကြောင်းသင့် ရှင်းပြထားသည်။

> *"ဘုရားသခင်ရွေးကောက်တော်မူသောသူတို့ကို အဘယ်သူသည် အပြစ်တင်မည်နည်း။ ဖြောင့်မတ်ရာ၌တည်စေသောသူကား ဘုရား သခင်ပေတည်း။ အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေ ခံ၍သံသည်သာမက၊ သေခြင်းမှထမြောက်၍ ဘုရားသခင်၏ လက်ျာ တော်ဘက်၌နေလျက်၊ ငါတို့အတွက်ဆုတောင်းသောသူကား ခရစ်တော် ပေတည်း။"*

ခရစ်ယာန်တစ်ယောက်သည် ကယ်တင်ခြင်းနှင့်စပ်လျဉ်း၍ တရားစီရင်ခြင်းကို ရင်ဆိုင်ရမည် မဟုတ်ကြောင်း ထင်ရှားနေပါသည်။ အကြောင်းမှာ သူသည်ကားတိုင် ထက်၌အပြစ်အတွက်အဖိုးအခကိုပေးဆပ်၍ထိုယဇ်ပူဇော်ခြင်းအား ဘုရားသခင်ကလက်

ခံကြောင်းကိုပြသရန်သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သောသခင်ယေရှုခရစ်ကိုယုံကြည်လက်ခံသောအချိန်၌ တရားစီရင်ခြင်းမှာအဆုံးသတ်သွားခဲ့ပြီဖြစ်သောကြောင့်ဖြစ်သည်။ ပြစ်ဒဏ်ချမှတ်ရန်တွက်စွပ်စွဲပြောဆိုမှု (သို့) ကြိုးစားအားထုတ်မှုတိုင်းတွင် ကျွန်ုပ်တို့အတွက်ကြားဝင်တောင်းလျှောက်ပေးရန်အတွက် သခင်ယေရှုသည်ဘုရားသခင်၏လက်ယာတော်ဘက်၌ ယခုရှိနေပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် အပြီးအပြတ်ဖြေရှင်းပြီးဖြစ်၍ လုံခြုံစွာရှိနေပါသည်။

က – မဟာပလ္လင်ဖြူတရားစီရင်ခြင်း	ခ – သခင်ခရစ်တော်၏တရားပလ္လင်
မယုံကြည်သူများအတွက်	ယုံကြည်သူများအတွက်
နှစ်တစ်ထောင်အုပ်စိုးခြင်းအဆုံး၌	နှစ်တစ်ထောင်အုပ်စိုးခြင်းမတိုင်မီ (သို့) အတွင်း၌
သခင်ခရစ်တော်၌ ယုံကြည်ခြင်းမရှိခြင်းတွင် အခြေခံ၍	သခင်ခရစ်တော်ထံ၌ သစ္စာရှိခြင်းတွင် အခြေခံ၍
အပယ်ငရဲမီးအိုင်၌ အစဉ်ထာဝရရှိခြင်းကို အကျိုးဆက်အဖြစ်ခံစား	ထာဝရတည်သောဆုလာဒ်ကို ရရှိခြင်း (သို့) ငြင်းပယ်ခံရခြင်းကိုအကျိုးဆက်အဖြစ်ခံစား

မကြာခဏလျစ်လျူရှုခံရသည့် ခ သမ္မာတရားမှာ ခရစ်ယာန်များသည် ၄င်းတို့၏လုပ်ဆောင်မှုများ (အကျင့်) နှင့် သစ္စာရှိခြင်းအတွက် သခင်ခရစ်တော်၏တရားပလ္လင်၌ တရားစီရင်ခံရသည်ဟူသောအချက်ဖြစ်သည်။ ဤတရားစီရင်ခြင်းကို မယုံကြည်သူများ၏လုပ်ဆောင်မှု (အကျင့်) ကိုတရားစီရင်မည့် မဟာပလ္လင်ဖြူတရားစီရင်ခြင်းဟူသော က သမ္မာတရားနှင့် ရောထွေးသွားလျှင်လုပ်ဆောင်မှု (အကျင့်) သည်ကျေးဇူးတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို ကျူးကျော်ထိပါးသွားပါလိမ့်မည်။ ဤတရားစီရင်ခြင်းနှစ်ခုကို ရှင်းရှင်းလင်းလင်းသိရှိထားရန် အရေးကြီးသည်။

မီး (သို့) လောင်ကျွမ်းခြင်း (Fire or burning)။ သမ္မာကျမ်းစာကို ဖတ်ရှုသူများထဲတွင် မီး (သို့) လောင်ကျွမ်းခြင်း ဟူသောဖော်ပြချက်ကို မယုံကြည်သူများအား မီးအိုင်ထဲ၌လောင်ကျွမ်းစေမည့် ထာဝရအပယ်ငရဲမီးနှင့်နှိုးနွှယ်ဆက်စပ်လေ့ရှိသောသူများရှိကြသည်။ ဘုရားသခင်၏တရားစီရင်ခြင်းထာဝရငရဲမီးကို သခင်ယေရှုပြောပြသော သူ့ဌေးကြီးနှင့်လာဇရုတို့၏အကြောင်း (လုကာ ၁၆း၁၉–၃၁) တွင်လည်းကောင်း၊ မဟာပလ္လင်ဖြူတရားစီရင်ခြင်းကို ဖော်ပြထားသောကျမ်းချက် (ဗျာဒိတ် ၂၀း၁၁–၁၅) တွင်လည်းကောင်းဖော်ပြထားသည်။

သို့သော်လည်း၊ ယုံကြည်သူများကိုရည်မှတ်၍ အသုံးပြုထားသောမီးနှင့်လောင်ကျွမ်းခြင်းပုံရိပ်ဖော်ထားမှုလည်းရှိသည်။ ဤအရာသည် ယုံကြည်သူတစ်ယောက်က

ကယ်တင်ခြင်းကို ဆုံးရှုံး၍မီးအားဖြင့် အစဉ်ထာဝရအပြစ်ပေးခံရနိုင်သည်ဟု မဆိုလိုပါ။ ဤအရာသည် ဘုရားသခင်၏ စည်းကမ်းဖြင့်ကြပ်မတ်ခြင်းနှင့်ဆိုင်သောမီးသာဖြစ်သည်။ ၄င်းသည် ဘုရားသခင်ကမိမိ၏ သားသမီးများ လမ်းမှားသို့သွေဖည်သွားသောအချိန်တွင် စည်းကမ်းဖြင့်ကြပ်မတ်သည်ဟူသော သမ္မာကျမ်းစာနှင့်ညီညွတ်သည့် အခြေခံစည်းမျဉ်း ဥပဒေသတစ်ခုဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်သည် မိမိ၏ သားသမီးများကိုချစ်မြတ်နိုးသောကြောင့်ဖြစ်သည်။

> *"ထိုမှတပါး၊ ငါ့သား၊ ထာဝရဘုရားဆုံးမတော်မူခြင်းကိုမမှတ်ဘဲမနေနှင့်။ သင်၏အပြစ်ကိုစစ်ဆေးတော်မူသောအခါစိတ်မပျက်နှင့်။ ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူတတ်၏။ လက်ခံတော်မူသမျှသောသားတို့ကိုဒဏ်ခတ်တော်မူတတ်၏ဟုသူငယ်တို့ကိုဆိုသကဲ့သို့၊ သင်တို့ကိုပြောဆိုသောဩဝါဒစကားကိုမေ့လျော့ကြသလော။ သင်တို့သည်ဆုံးမတော်မူခြင်းကိုခံလျှင်၊ သားတို့ကိုပြုသကဲ့သို့၊ ဘုရားသခင်သည် သင်တို့ကိုပြုတော်မူ၏။ အကြောင်းမူကား၊ အဘမဆုံးမသောသားတစုံတယောက်ရှိသလော။" (ဟေဗြဲ ၁၂း၅–၇)*

ယုံကြည်သူ၏အချည်းနှီးဖြစ်သောလုပ်ဆောင်မှု (အကျင့်) များအားဘုရားသခင်၏ စည်းကမ်းဖြင့်ကြပ်မတ်ခြင်းနှင့်ဆိုင်သောစစ်ကြောလောင်ကျွမ်းခြင်းကို ဖော်ပြရန်မီးကိုအသုံးပြုခဲ့သည် (၁ကော ၃း၁၄–၁၅)။ ထို့အပြင်၊ အသီးမသီးသောယုံကြည်သူများသည်သစ်ကိုင်းခြောက်များ၊ ဆူးများကဲ့သို့သာဖြစ်ကြပြီး ၄င်းတို့သည် အသုံးမဝင်သောကြောင့် မီးဖြင့်ရှို့ခံရခြင်းကိုပြသသောနှိုင်းယှဉ်ချက်တွင်လည်း မီးကိုအသုံးပြုထားသည် (ယောဟန် ၁၅း၆)။ ဟေဗြဲဩဝါဒစာကလည်း ယုဒဘာသာသို့လှည့်ပြန်သွားနေကြသည့် ယုံကြည်သူများဖြစ်ကြသော စာဖတ်ပရိသတ်များအပေါ်၌ ဘုရားသခင်၏ စည်းကမ်းဖြင့်ကြပ်မတ်ခြင်းကိုမီးသဖွယ်ကိုအသုံးပြုထားပါသည်။ အကယ်စင်စစ်၊ ၄င်းတို့သည် မီးဖြင့်လောင်မြိုက်ခြင်းကို ခံကြရမည်ဟု မပြောထားသော်လည်းမီးအားဖြင့် သရုပ်ဖော်ထားမှုကိုနေရာများစွာတွင် အသုံးပြုထားပါသည်။ ဟေဗြဲ ၆း၇–၈ တွင်မီးကိုအသုံးပြုထားသည့်နှိုင်းယှဉ်ဆင်ခြင်ချက်သည် ၁ကော ၃ နှင့် ယောဟန် ၁၅တို့၌အသုံးပြုထားသောနှိုင်းယှဉ်ဆင်ခြင်ချက်နှင့် အလွန်တူသည်။ ၄င်းသည် အသုံးမဝင်သော (သို့) သစ္စာမရှိသော ယုံကြည်သူများအပေါ်၌ပြုလုပ်သောစည်းကမ်းဖြင့်ကြပ်မတ်ခြင်းလုပ်ရပ်ကို ရည်ညွှန်းသယောင်ထင်မှတ်ရသည်။ ဟေဗြဲ ၁၀း၂၇ တွင် "အမျက်တော်မီးလောင်ခြင်း"အကြောင်းကိုပြောထားပြီး ၄င်းသည် "ပူလောင်သောအမျက်ဒေါသ"

ကိုပြောနေပုံရသည်။ သို့သော်၊ ကျမ်းစကားအဆက်အစပ်တွင် ထိုအမျက်ဒေါသသည် ဘုရားသခင်၏လူမျိုးများ အပေါ်တွင်ဖြစ်နေသည် (ဟေဗြဲ ၁၀း၃၀)။ ဟေဗြဲ ၁၂း၂၉ ရှိနောက်ဆုံးရည်ညွှန်းပြာဆိုချက်က "ငါတို့ဘုရားသခင်သည် လောင်သောမီးဖြစ်တော်မူ၏"ဟု အလေးအနက်ဖော်ပြထားသည်။ သို့သော်၊ ဟေဗြဲကျမ်းပြုဆရာသည် ဘုရားသခင်၏ကြန်အင်လက္ခဏာအကြောင်းကို ယုံကြည်သူတစ်ဦးအဖြစ်နှင့် ရေးသားထားခြင်းဖြစ်သည်။ ဘုရားသခင်သည် နာခံမှုမရှိသောယုံကြည်သူများအပေါ်၌ မီးကဲ့သို့သောတရားသူကြီးတစ်ပါးဖြစ်နိုင်ပါသည်။ ထိုမီးကိုမည်သို့ထင်ရှားပြသသည်ကိုမူအသေးစိတ်ပြောပြမထား (သို့) ထုတ်ဖော်ပြောဆိုမထားသော်လည်း ၄င်းသည်အပယ်ငရဲရှိထာဝရတောက်လောင်နေသောမီးဖြစ်ကြောင်းကိုမူ မည်သည့်နေရာတွင်မျှ မရည်ညွှန်းထားပါ။

က– အပယ်ငရဲမီး	ခ – စည်းကမ်းဖြင့်ကြပ်မတ်ခြင်းမီး
အစဉ်ထာဝရ	ယခုပစ္စုပ္ပန်
မယုံကြည်သူများအတွက်သာ	ယုံကြည်သူများ (သို့) မယုံကြည်သူများအတွက်
မယုံကြည်သူကို လောင်မြိုက်သည်	ယုံကြည်သူ၏အချည်းနှီးသောအလုပ်ကို လောင်မြိုက်သည်

ကျွန်ုပ်တို့သည် မီးနှင့်လောင်ကျွမ်းခြင်တို့ကိုအသုံးပြုထားသည့်ရည်ညွှန်းပြောပြောဆိုချက်များအားလုံးကို အစဉ်ထာဝရဒဏ်ခတ်စီရင်ခံရခြင်းဟူသော က သမ္မာတရားအဖြစ်မှတ်ယူနေကြလျှင် ခရစ်ယာန်များသည် မိမိတို့၏ကယ်တင်ခြင်းကို ဆုံးရှုံးနိုင်သည်ဟုကောက်ချက်ချရပေမည်။ အကြောင်းမှာ မီးနှင့်လောင်ကျွမ်းခြင်း (သို့) ရှို့ခြင်းတို့ကိုဖော်ပြထားသောဓမ္မသစ်ကျမ်းရှိကျမ်းချက်အချို့သည် ခရစ်ယာန်များကိုလိပ်မူထားသောကြောင့်ဖြစ်သည်။ ထို့အပြင်၊ လုပ်ဆောင်ချက် (အကျင့်) သည်ကယ်တင်ခြင်းသို့ရောက်ခြင်း (သို့) ကယ်တင်ခြင်းကိုဆုံးရခြင်းအတွက် အခြေခံအကြောင်းအရင်းဖြစ်သည်ဟုကျွန်ုပ်တို့ကောက်ချက်ချရပါလိမ့်မည်။ ထိုအရာသည် ကျေးဇူးတော်နှင့်ယှဉ်သောဧဝံဂေလိတရားနှင့်ဆန့်ကျင်ဘက်ဖြစ်နေသည်။ ထိုသို့ဖြစ်သောကြောင့်၊ ယုံကြည်သူများအား ဘုရားသခင်၏စည်းကမ်းဖြင့်ကြပ်မတ်ခြင်းဟူသော သမ္မာကျမ်းစာနှင့်ညီညွတ်သည့် ခ သမ္မာတရားလည်းရှိနေကြောင်းကို သဘောပေါက်နားလည်ထားခြင်းသည် အလွန်အရေးကြီးသည်။ ယုံကြည်သူများသည် မီးဖြင့်ရှို့ခြင်းကို လုံးလုံးခံကြရမည်မဟုတ်သော်လည်း ၄င်းတို့၏လုပ်ဆောင်မှုများ (အကျင့်) မှာမီးဖြင့်စစ်ကြောခြင်းကိုခံရပါသည် (သို့) ၄င်းတို့သည် မီးကဲ့သို့ ရဲရဲတောက်ဒေါသထွက်နေသော ဘုရားသခင်၏ရိုက်နှက်ဆုံးမခြင်းကို ခံရနိုင်ပါသည်။

ကျိန်ဆဲခံရခြင်း (သို့)အရည်အချင်းမပြည့်မီခြင်း (Accursed or disqualified)

သမ္မာကျမ်းစာကို ဖတ်ရှု လေ့လာသူများစွာက အလျင်အမြန်ပြုလုပ်လေ့ရှိကြသောအခြားယူဆချက်တစ်ခုမှာ ကျိန်ဆဲခြင်း (သို့) အရည်အချင်းမပြည့်မီခြင်းနှင့်စပ်လျဉ်းသောဖော်ပြထားချက်ကို အပယ်ငရဲဆီသို့ ပြစ်ဒဏ်ချမှတ်ချက်တစ် ခုအဖြစ်ယူဆခြင်းဖြစ်သည်။ တစ်ဖန်၊ ဤအယူအဆက တင်ပြထားသောပြဿနာမှာ ဤအသုံးအနှုန်းများသည် ခရစ်ယာန်များနှင့်လည်း ဆက်စပ်၍အသုံးပြုထားသောကြောင့် ကယ်တင်ခြင်းဆုံးရှုံးနိုင်သည်ဟု ကျွန်ုပ်တို့ကောက်ချက်ချဖို့လိုအပ်လာခြင်းဖြစ်သည်။ သို့သော်၊ ဤအသုံးအနှုန်းများသည် က သမ္မာတရားသေချာပေါက်မဟုတ်ကြကြောင်းနှင့် ၎င်းသည် ထာဝရဒဏ်ခတ်စီရင်ခြင်းကိုလည်း မပြဋ္ဌာန်းကြောင်းကျွန်ုပ်တို့မြင်တွေ့ကြရပါ လိမ့်မည်။

ကျိန်ဆဲခံရခြင်းဟူသော စကားလုံးသည် *anathema* ဟူသောစကားလုံး၏ ဘာသာပြန်ဆိုချက်ဖြစ်ပြီး၊ ၎င်းသည် "ဘုရားသခင်၏ကျိန်ဆဲခြင်းအောက်၌" ဟု အဓိပ္ပါယ်ရသည်။ ဤစကားလုံးကို တမန်တော်ရှင်ပေါလုက မှားယွင်းသော ဧဝံဂေလိတရားကို ဟောပြောကြသောသူများအတွက် ဂလာတိ ၁း၈–၉တွင် အသုံးပြုထားပါသည်။ NIV ကျမ်းစာက ဤစကားစုကို အပယ်ငရဲအားဖြင့် ခြိမ်းခြောက်မှုအဖြစ် "သူသည် အစဉ်ထာဝရကျိန်တော်မူခြင်းခံစေ" ဟုအနက်ဖွင့်ဘာသာပြန်ဆိုထားသည်။ ရှင်ပေါလုသည် ခရစ်ယာန်များထံ လိပ်မူရေးသားထားသော်လည်း သူ သည်ဂလာတိမြို့(ပြည်)ရှိ မယုံကြည်သူမှားယွင်းသောဆရာများကို လိပ်မူပြောဆိုခြင်းဖြစ်နိုင်သကဲ့သို့၎င်းမှားယွင်း သောဆရာများ၏သွန်သင်ချက်ကို လက်ခံကျင့်သုံး၍ ဝါဒဖြန့်နေကြသောယုံကြည်သူများကိုလည်းလိပ်မူပြောဆိုခြင်း ပြုလုပ်နိုင်ပါသည်။ အစဉ်ထာဝရလုံခြုံစွာရှိနေခြင်း (eternal security) ကို လက်ခံယူဆထားပြီး အထက်ပါအသုံးအနှုန်းသည် ခရစ်ယာန်များအတွက်အသုံးပြုထားလျှင် ၎င်းအသုံးအနှုန်းသည် ထိုယုံကြည်သူများ မိမိတို့၏ကယ်တင်ခြင်းကိုဆုံးရှုံးခဲ့ကြရသည်ဟု မဆိုလိုနိုင်ပါ။ မှားယွင်းသောဧဝံဂေလိတရားကို ဟောပြောခဲ့နိုင်သောသူများ နှင့်စပ်လျဉ်း၍ ဖြစ်နိုင်ဖွယ်ရာမှန်းဆချက် ဥပမာတွင်ရှင်ပေါလုက မိမိနှင့်ကောင်းကင်တမန်များကိုပင်ထည့်သွင်းထားသည်။ ဤကျိန်ဆဲခြင်းကို ၁ကော ၁၆း၂၂တွင် သခင်ယေရှုကို ချစ်မြတ်နိုးခြင်းမရှိကြသော ခရစ်ယာန်များနှင့်ဆက်စပ်၍ လည်းအသုံးပြုထားသည်။ ဘုရားသခင်၏ကျိန်ဆဲခြင်းကို မည်သို့ကြုံတွေ့ခံစားရသည့် အကြောင်းကိုမူ ဤကျမ်းချက်များတွင် အသေးစိတ်ရှင်းပြထားခြင်းမရှိသော်လည်း ၎င်းသည် အလွန်နှစ်လိုဖွယ်မရှိသောအကျိုးဆက်တစ်ခုဖြစ်ကြောင်းကိုအသေအချာညွှန်ပြနေပါသည်။

ထို့အတူ၊ အရည်အချင်းမပြည့်မီသော *(adokimos)* ဟူသောစကားလုံးသည် တစ်စုံတစ်ယောက်ကို အပယ် ငရဲဆီသို့ ပြစ်ဒဏ်ချမှတ်ခြင်းဟု သေချာပေါက်မဆိုလိုပါ။ ဤစကားလုံးသည် သဘောမတူခြင်းဟူသော ဆုပေးခြင်းအမှုနှင့်ပတ်သက်၍ မနှစ်သက်

ခြင်းအပူအဆာကို ဖော်ပြခြင်းသက်သက်သာဖြစ်သည်။ ရှင်ပေါလုက မိမိ၏ ကိုယ်ခန္ဓာကို စည်းကမ်းဖြင့်ကြပ်မတ်ခြင်းမရှိလျှင် မိမိအတွက်ဖြစ်လာနိုင်ချေရှိသောကြမ္မာတစ်ခုကို ရည်ညွှန်းရန် ဤစကားလုံးကို ၁ကော ၉း၂၇ တွင်အသုံးပြုထားသည်။ ရှင်ပေါလုက မိမိသည်ကယ်တင်ခြင်းကို ဆုံးရှုံးရမည်ဟု မပြောပါ။ ထိုအစား၊ ဆုလာဒ်တစ်ခုအတွက် အရည်အချင်းပြည့်မီခဲ့ခြင်း မရှိမည့်အဖြစ်ကိုသာပြောနေခြင်းဖြစ်သည်။ ကျမ်းစကားအဆက်အစပ်က မိမိတို့၏ကိုယ်ခန္ဓာကို စည်းကမ်းဖြင့်ကြပ်ရကာ ထိုသို့ကြပ်မတ်ခြင်းမရှိလျှင်အနိုင်ဆုကိုဆုံးရှုံးရမည့်အပြေးသမားတစ်ဦးနှင့် တိုက်ခိုက်ရေးသမားတစ်ဦးတို့၏ အားကစားနှင့်ဆိုင်သော ဥပမာတင်စားမှုတစ်ခု ကိုအသုံးပြုထားသည်။

ခရစ်ယာန်များသည် အစဉ်ထာဝရတည်သည့် ကျိန်ခြင်းကိုခံရမည့်အန္တရာယ် မရှိပါ။ အကြောင်းမှာ သခင် ယေရှုက ထိုကျိန်ခြင်းကို ကားတိုင်ထက်၌မိမိအပေါ်တွင် တင်ဆောင်သွားခဲ့ပြီးဖြစ်သည် (ရောမ ၈း၃၄၊ ဂလာတိ ၃း၁၃၊ ကောလောသဲ ၂း၁၄)။ ထို့အပြင်၊ ခရစ်ယာန်များသည် ထာဝရအသက်တွက်အရည်အချင်းမပြည့်မီခြင်းလည်း ရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့်၊ *ကျိန်ဆဲခံရခြင်း* (သို့) *အရည်အချင်းမပြည့်မီခြင်း* ဟူသောစကားလုံးများအား ခ သမ္မာတရားဖြင့် သဘောပေါက်နားလည်ထားခြင်း က ဘုရားသခင်၏ကောင်းကြီးမင်္ဂလာ (သို့) ဘုရားသခင်၏ ဆုလာဒ်ကိုဆုံးရှုံးခြင်းနှင့်သက်ဆိုင်သောသမ္မာတရားများဆုပ်ကိုင်ထားပါသည်။

ဘုရားသခင်ကို သိကျွမ်းခြင်း (Knowing God)။ *သိသည် (know)* ဟူသောစကားလုံးကို က သမ္မာတရား (သို့) ခ သမ္မာတရားအဖြစ် အသုံးပြုနိုင်သည်။ သခင်ယေရှုက ဤစကားလုံးကို မိမိနှင့်သက်ဆိုင်သောသူများ (သို့) မသက်ဆိုင်သောသူများကိုသိသည်ဟူသော အဓိပ္ပါယ်မျိုးဖြင့် က သမ္မာတရားအဖြစ်အသုံးပြုထားသည် (မဿဲ ၇း၂၃၊ ယောဟန် ၁၀း၂၇ ကို ကြည့်ပါ)။

သို့သော်၊ ဤစကားလုံးကို ဘုရားသခင်နှင့် ဆက်ဆံရင်းနှီးမှုတစ်ခုထဲသို့ဝင်ရောက်လာပြီး၊ ဘုရားသခင်ကို အတွင်းကျကျသိကျွမ်းရင်းနှီးရသော အခွင့်အရေးကို ရရှိထားသည့်သူအတွက် မကြာခဏအသုံးပြုသည်။ ယောဟန် ၁၇း၃ က ထာဝရအသက်ရရှိထားခြင်းကို ဘုရားသခင်နှင့် သခင်ယေရှုခရစ်ကို သိကျွမ်းခြင်းအဖြစ်ဖော်ပြထားသည်။ ကယ်တင်ခြင်းသည် အတွင်းကျကျသိကျွမ်းရင်းနှီးရခြင်းကိုပေးသော ဘုရားသခင်နှင့်ဆက်ဆံရင်းနှီးရခြင်းကို စတင်တည်ဆောက်ပေးပါသည်။ ဘုရားသခင်အား အတွင်းကျကျသိကျွမ်းရင်းနှီးရခြင်းသည် မယုံကြည်သူများရရှိနိုင်သော အရာမဟုတ်ပါ။ ဤအရာသည် သခင်ယေရှုက မိမိ၏ခမည်းတော်နှင့်မွေ့လျော်ခဲ့ရသောအရာဖြစ်သည် (ယောဟန် ၁၇း၂၅)။ တမန်တော်ရှင်ပေါလုသည် ကယ်တင်ခြင်းခံရပြီးသားဖြစ်သော်လည်း ဘုရားသခင်နှင့်သာ၍ ကြီးမားနက်ရှိုင်းသောအတွင်းကျကျသိကျွမ်းရင်းနှီးရခြင်းကိုတောင့်တခဲ့သောကြောင့် "ခရစ်တော်ကိုသိကျွမ်းခြင်း"မှာ သူ၏စိတ်ဆန္ဒဖြစ်ခဲ့သည် (ဖိလိပ္ပိ

၃း၁၀)။

ဘုရားသခင်ကိုသိကျွမ်းခြင်းအား ခ သမ္မာတရားအသုံးပြုပုံဖြင့် အသုံးပြုထား သော အခြားနေရာမှာ ၁ ယောဟန်ဖြစ်သည်။ ဤစကားလုံးအသုံးအနှုန်းကို ဘုရားသခင် နှင့်အတွင်းကျကျသိကျွမ်းရင်းနှီးသောမိဿသဟာယဖွဲ့ခြင်းကိုဖော်ပြရန်အသုံးပြုထားပြီး၊ ၄င်းသည်ထိုဩဝါဒစာ၏ အဓိကရေးသားလိုသောအာဘော်ဖြစ်သည် (၁ယော ၁း၃–၄)။ ဘုရားသခင်အား သိကျွမ်းခြင်းကို အတွင်းကျကျရင်းနှီးသောနည်းလမ်းဖြင့်လက် တွေ့ပြသကြသောသူများသည် ဘုရားသခင်၏ပညတ်ချက်များကို လိုက်နာစောင့်ထိန်း သောသူများဖြစ်ကြသည် (၁ယော ၂း၃–၅)။

ဘုရားသခင်ကို သိကျွမ်းခြင်းအား က သမ္မာတရားအဖြစ်သာခွဲခြားသတ် မှတ်ထားလျှင် ဤဥပမာများက ရှင်ပေါလုသည် ကယ်တင်ခြင်းခံရဖို့ရှာကြံနေသည် ဟူ၍လည်းကောင်း၊ ဘုရားသခင်၏ပညတ်ချက်များကို လိုက်နာစောင့်ထိန်းခြင်းမရှိသော သူများသည် ခရစ်ယာန်မဖြစ်ကြပါဟူ၍လည်းကောင်း သွန်သင်ပေးရာရောက်နေကြပါ သည်။ *သို့သည်* ဟူသောစကားလုံးအသုံးပြုပုံအချို့ကို ခ သမ္မာတရားအဖြစ်အနက် ဖွင့်ပြန်ဆိုနိုင်ကြောင်းကိုသိရှိထားခြင်းသည်ဘုရားသခင်၏အခမဲ့ကျေးဇူးတော်နှင့်ယှဉ် သောဇဝံဂေလိတရားကို ပျက်ဆီးစေသည့်မထင်မှတ်ဘဲကျရောက်နိုင်သော အန္တရာယ်များ ကိုရှောင်ရှားစေပါသည်။

❐

အပိုင်း

၂

က သမ္မာတရား၊ ခ သမ္မာတရားအား ကျမ်းချက်များ၌ ကျင့်သုံးခြင်း

ဤအပိုင်း၏ ရည်ရွယ်ချက်မှာ က သမ္မာတရား ခ သမ္မာတရားချဉ်းကပ်ပုံ၊ချဉ်းကပ်နည်းက မကြာခဏတလွဲအနက်ဖွင့်ဘာသာပြန်ဆိုခံရ၍ မှားယွင်းစွာသဘောပေါက်နားလည်ခံရသည့်သမ္မာကျမ်းချက်များကို အနက်ဖွင့်ဘာသာပြန်ဆိုရာ၌ ကျွန်ုပ်တို့ အားမည်သို့ကူညီပေးသည်ကို ပြသရန်ဖြစ်သည်။ ထိုကျမ်းချက်များမှ ကျမ်းချက်များစွာသည် သင်ကိုယ်တိုင်နားလည်ဖို့လုံးပန်းခဲ့ရသော (သို့) အခြားသူများအား သဘောပေါက်နားလည်ဖို့ ကူညီပေးခဲ့ရသောကျမ်းချက်များဖြစ်ကြကြောင်းကို သင်အသိအမှတ်ပြုလာမည့်အကြောင်း သံသယမွားစရာ မရှိပါ။ အမှန်ဆိုရလျှင်၊ ဤအရာများသည် ကယ်တင်ခြင်းနှင့်လည်းကောင်း၊ ခရစ်ယာန်အသက်တာနှင့်လည်းကောင်းပတ်သက်သောကျွန်ုပ် (သို့) အခြားသူများ၏သဘောပေါက်နားလည်ထားမှုများနှင့်ဆီလျော်ကိုက်ညီမှုမရှိဟု ထင်မှတ်ရသည့်ကျမ်းချက်များအား ကျွန်ုပ်ကိုယ်တိုင်မေးသောမေးခွန်းနှင့် အခြားသူများမေးသောမေးခွန်းများကိုဖြေကြားလာရင်း ကျွန်ုပ်၏ ရှည်လျားကြာမြင့်သည့်အတွေ့အကြုံများမှရောက်ရှိလာကြခြင်းဖြစ်သည်။

ကျမ်းချက်များ၏စာရင်းသည် ပြည့်စုံစေ့စပ်မည် မဟုတ်ပါ။ မေးခွန်းများကိုဖြစ်ပေါ်စေသောအခြားကျမ်းချက်များအမြဲရှိလာပါလိမ့်မည်။ သို့သော်၊ ဤကျမ်းချက်များသည် ကယ်တင်ခြင်း၏သဘောသဘာဝနှင့်ပတ်သက်၍လည်းကောင်း၊ ခရစ်ယာန်အသက်တာနှင့်စပ်ဆိုင်သည့်အရေးပါသောကိစ္စရပ်များနှင့်ကယ်တင်ခြင်းတို့၏ကွဲပြားခြားနားချက်နှင့်ပတ်သက်၍လည်းကောင်း လူတို့ကိုအများဆုံးအထင်အမြင်မှားစေသည့် ကျမ်းချက်များဖြစ်ကြသည်။ ဤအပိုင်းတွင်အကြောင်းအရာနှစ်ခုကို အောင်မြင်ပြီးမြောက်ခဲ့ကြလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ပထမအရာမှာ က သမ္မာတရား၊ ခ သမ္မာတရားချဉ်းကပ်ပုံ ချဉ်းကပ်နည်းကိုအသုံးပြုခြင်းသည် သင့်တင့်ကောင်းမွန်၍ သမ္မာကျမ်းစာနှင့်တစ်သမတ်တည်းဖြစ်နေသော အနက်ဖွင့်ဘာသာပြန်ဆိုခြင်းကို ဖြစ်ထွန်းစေကြောင်း သင်မြင်တွေ့ရမည်ဖြစ်သည်။ ဒုတိယအရာမှာ၊ သမ္မာကျမ်းစာကို သင်လေ့လာရာ၌လည်းကောင်း၊ သွန်သင်ပေးရာ၌လည်းကောင်း သင်ကြုံတွေ့ရမည့် "ကိုင်တွယ်ဖြေရှင်းရန်ခက်ခဲသော" အခြားကျမ်းချက်များတွင် က သမ္မာတရား ခ သမ္မာတရားချဉ်းကပ်ပုံချဉ်းကပ်နည်းကို သင်မည်သို့ ကျင့်သုံးရမည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ကျွန်ုပ်သည် ဓမ္မသစ်ကျမ်းကို အလေးပေးစူးစိုက်ထားသည်။ အကြောင်းမှာ ဓမ္မသစ်ကျမ်းသည် မရေမရာနှင့် ရောထွေးမှုများစွာရှိနေသော နေရာဖြစ်ပြီး၊ ထာဝရကယ်တင်ခြင်းနှင့်လည်းကောင်း၊ ခရစ်ယာန်အသက်တာနှင့်လည်းကောင်းစပ်လျဉ်း၍ ဆွေးနွေးထားချက်များကို အလွန်ရှင်းလင်းပြတ်သားစွာ ကျွန်ုပ်တို့မြင်တွေ့ရသည့်နေရာလည်းဖြစ်သောကြောင့်ဖြစ်သည်။ ထို့အပြင်၊ ဓမ္မဟောင်းကျမ်းသည် အသင်းတော်ထံသတ်သတ်မှတ်မှတ်ဖြင့် အတိအကျရေးသားခဲ့ခြင်း မဟုတ်ပါ။ ဣသရေလလူမျိုးများထံ သာရေးသားခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်သည် ဣသရေလလူမျိုးနှင့်အသင်းတော်တို့ကြားရှိမတူကွဲပြားမှုကို မြင်တွေ့ရပါသည်။ အသင်းတော်သည် တမန်တော် ၂း၁–၄ တွင် အစပြုခဲ့ကြောင်း ကျွန်ုပ်သဘောပေါက်နားလည်ထားသည် (နှိုင်းယှဉ် တမန်တော် ၁၁း၁၅ နှင့် ၁ကော ၁၂း၁၃)။

ကျမ်းချက်များကို ဓမ္မသစ်ကျမ်းရှိ အကြောင်းအရာတူသောကျမ်းစာစောင်များကို အုပ်စုဖွဲ့ထားခြင်းများဖြင့် လည်းကောင်း၊ သက်ဆိုင်ရာကျမ်းစာစောင်၌ ၄င်းတို့၏အစီအစဉ်ကျသော စီစဉ်သတ်မှတ်ထားမှုအားဖြင့်လည်းကောင်းများသောအားဖြင့် စနစ်တကျဖွဲ့စည်းထားသည်။ ကျွန်ုပ်သည်ကျမ်းချက်များကို အကြောင်းအရာခေါင်းစဉ် (ကျွန်ုပ်တို့သည်ကယ်တင်ခြင်းကို ဆုံးရှုံးနိုင်သည်ဟု သွန်သင်ပေးနေသယောင်ထင်မှတ်ရသောကျမ်းချက်များ၊ ဆုလာဘ်များ အကြောင်းကိုပြောပြသောကျမ်းချက်များ၊ တရားစီရင်ခြင်းကိုပြောပြသောကျမ်းချက်များစသည်ဖြင့်) စနစ်တကျဖွဲ့စည်းလိုလျှင်ဖွဲ့စည်းနိုင်ခဲ့သကဲ့သို့၊ ထိုသို့ပြုလုပ်ခြင်းတွင် သက်ဆိုင်ရာအကျိုးကျေးဇူးများရှိသော်လည်း ထိုသို့ပြုလုပ်ခဲ့လျှင် ကျမ်းချက်တစ်ချက်၏ကျမ်းဘောင်အသွားအလာကို ထပ်ကာထပ်ကာပြန်လည်သက်သေထူခဲ့ရမည်ဖြစ်ကြောင်း (သို့) စကားလုံးအသုံးအနှုန်းများကို ထပ်ကာထပ်ကာပြန်လည်ရှင်းပြနေခဲ့ရမည်ဖြစ်ကြောင်းကို ကျွန်ုပ်သိရှိလာခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းသည်မလိုအပ်သောပို့လွှဲအလုပ်များကိုဖြစ်စေခဲ့ပါလိမ့်မည်။ နေရာအစီအစဉ်တကျဖြင့်ပြုစုလေ့လာခြင်း၏အကျိုးကျေးဇူးတစ်ခုမှာ ကျမ်းစကားအဆက်အစပ်တစ်ခုလုံးနှင့်အတူ တစ်ခုပြီးတစ်ခုလေ့လာကြည့်ရှုနိုင်ခြင်းအချို့ကို ရရှိမည်ဟူသော အချက်ဖြစ်သည်။ အခြားအကျိုးကျေးဇူးတစ်ခုမှာ သက်ဆိုင်ရာကျမ်းချက်တစ်ချက်၏ ဆွေးနွေးချက်ကို ရှာဖွေရန်လွယ်ကူစေ၍ ဤစာအုပ်ကို မှီငြမ်းကိုးကားပြုစာအုပ်အဖြစ်ပို၍အသုံးဝင်လာစေခြင်းဖြစ်သည်။

❐

ရှင်မဿဲ၊ ရှင်မာကုန့်ှင့် ရှင်လုကာ တို့၏ခရစ်ဝင်ကျမ်းများ

၅

မမ္မသစ်ကျမ်း၏ပထမကျမ်းစောင်သုံးစောင်ကို Synoptic Gospels ဟုခေါ်သည်။ *Synoptic* ဟူသော စကားလုံးသည် *အရာများကိုအတူတကွကြည့်ရှုသည် (to see things together)* ဟူ၍အဓိပ္ပါယ်ရပြီး၊ ၄င်းစကား လုံးကို မဿဲ၊ မာကု၊ လုကာတို့အတွက်အသုံးပြုထားသည်။ အကြောင်းမှာ၊ ၄င်းတို့သည် သခင်ယေရှုခရစ်၏အသက်တာနှင့်ပတ်သက်သောတူညီသည့်အကြောင်းအရာအချက်အလက်များကို မျှဝေထားကြသောကြောင့်ဖြစ်သည်။ အဖြစ်အပျက်အကြောင်းအရာများ၊ ပြောဆိုသွန်သင်ချက်များ၊ ပုံဥပမာများစသည့်အရာများတစ်ခုနှင့်တစ်ခုထပ်နေခြင်း (သို့) ထပ်မံပြောဆိုမှုများရှိနေခြင်းတို့ကြောင့် ခရစ်ဝင်ကျမ်းများ၌တွေ့ရသော အကြောင်းအရာတူကျမ်းချက်များကို တစ်ခါတစ်ရံတွင်အကြောင်း အရာခေါင်းစဉ်ဖြင့်သတ်မှတ်၍ စနစ်တကျဖွဲ့စည်းခြင်းကာ တစ်ကြိမ်တစ်ခါတည်း ဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။

ခရစ်ဝင်ကျမ်းများသည် မောရှေနှင့်ပြုသောပဋိညာဉ်ဟောင်းအောက်ရှိ၊ ယုဒလူမျိုးများနှင့်စပ်ဆိုင်သည့် အကြောင်းအရာကိစ္စရပ်များကို ယုဒလူမျိုးများ (သို့) လူအုပ်ကြီးများထံ အမြဲလိုလိုဟောပြောသွန်သင်ပေးခဲ့သော သခင်ယေရှုခရစ်၏အသက်တာမှ အဖြစ်အပျက်များနှင့် တရားဒေသနာများကို အသိပေးထားခြင်းဖြစ်ကြောင်းသတိပြုမိနေရန်မုချလိုအပ်သည်။ သခင်ယေရှုနှင့်ဗတ္တိဇံဆရာယောဟန်တို့၏သွန်သင်ချက်အချို့သည် ထိုခေတ်ထိုကာလနှင့်သာသက်ဆိုင်ကြပြီး၊ ယခုခေတ်ကာလနှင့်သက်ဆိုင်မှုမရှိကြတော့ပါ။ အကြောင်းမှာ ကျွန်ုပ်တို့သည် မောရှေစီရင်သောပညတ်တရားအောက်တွင်မရှိကြတော့သောကြောင့်ဖြစ်သည်။ သမိုင်းရာဇဝင်နှင့်လည်းကောင်း၊ ယဉ်ကျေးမှုအစဉ်အလာနှင့်လည်းကောင်း၊ ဓမ္မတွေးခေါ်ယူဆချက်နှင့်လည်းကောင်းသက်ဆိုင်သောကျမ်းစကားအဆက်အစပ်ကို သိရှိထားခြင်းက အနက်ဖွင့်ဘာသာပြန်ဆိုခြင်းတွင် ကျွန်ုပ်တို့ကို ကူညီပေးပါလိမ့်မည်။ ထိုမူရင်းနောက်ခံအခြေ အနေများအပြင် ခရစ်ဝင်ကျမ်းသုံးကျမ်းကို ရေးသားပြုစုခဲ့သောသူများသည် ထိုကျမ်းများကိုရေးသားပြုစုချိန်တွင် မတူကွဲပြားသောစာဖတ်ပရိသတ်များအား စိတ်တွင်ရည်မှတ်လျှက် စီရင်ရေးသားခဲ့ကြပါသည်။ ထိုအရာသည် အဖြစ်အပျက်များ၏ဖြစ်ပျက်ပုံများကို ကွဲပြားခြားနားစွာဖော်ပြ (သို့) အသိပေးခဲ့ရခြင်း၏အကြောင်းအရင်းတစ်ခုဖြစ်သည်။

တောင်ပေါ်ဒေသနာမှကျမ်းချက်များ
(Passages from the Sermon on the Mount)

က သမ္မာတရား ခ သမ္မာတရားချဉ်းကပ်ပုံချဉ်းကပ်နည်းကို မသိကျိုးကျွန်ပြုသောအချိန်တွင်တောင်ပေါ်ဒေသနာမှ ကျမ်းချက်များစွာသည် အဓိပ္ပါယ်ကောက်မှားခြင်းကိုခံကြရသည်။ ထိုဒေသနာကို ကျွန်ုပ်တို့ဂရုတစိုက် ကြည့်ရှုလေ့လာသောအခါတွင် ထိုဒေသနာသည် သခင်ယေရှုက ကိုယ့်ကိုယ်ကိုကျသရေလလူတို့၏ဘုရင်အဖြစ် တရားဝင်နည်းလမ်းတကျမတင်ပြမီအချိန်တွင် ရောက်ရှိလာခဲ့ကြောင်းကို ကျွန်ုပ်တို့လေ့လာသတိပြုမိခဲ့ကြသည်။ ထို့ကြောင့် ကျသရေလလူများသည် ကိုယ်တော်ကို မငြင်းပယ်ခဲ့ကြသေးပေ။ ကိုယ်တော်သည် လူမျိုးများထံ၌ ဘုရားသခင်နိုင်ငံတော်၏သဘောသဘာဝအကြောင်းကို သွန်သင်ဟောပြောရန်ရောက်ရှိလာခဲ့သည်။ ဤဒေသနာကို သဘောပေါက်နားလည်ရန်အဓိကသော့ချက်မှာ နောက်ကွယ်၌ဖြစ်ပျက်နေသောကျမ်းပြုဆရာများ၊ ဖာရိရှဲများ (ကျသရေလ ခေါင်းဆောင်များ) နှင့်ငြင်းပွားမှုကိုလည်းကောင်း၊ ဘုရားသခင်နှင့် မည်သို့သင့်တင့်နိုင်သည်ဟူသော ၄င်းတို့၏မှားယွင်းသောအယူအဆများကိုလည်းကောင်း၊ သိရှိထားခြင်းဖြစ်သည်။ မိမိ၏သာသနာလုပ်ငန်းတစ်လျှောက်လုံးတွင် သခင်ယေရှုကဤယုဒခေါင်းဆောင်များအား ၄င်းတို့၏သူတော်ကောင်းဟန်ဆောင်ခြင်းဘာသာရေးကြောင့်ပြစ်တင်ဝေဖန်ခဲ့သည်။ ၄င်းတို့၏အပြုအမူများသည် စေ့စပ်သော်လည်း၊ ၄င်းတို့၏စိတ်နှလုံးသည် ဆိုးညစ်လှသည် (မဿဲ ၂၃း၁–၂၈၊ မာကု ၇း၁–၉)။ သခင်ယေရှု၏တရားဒေသနာမှာ ဘုရားသခင်၏နိုင်ငံတော်အတွက်ဖြောင့်မတ်ခြင်းစံချိန်စံညွှန်းသည် ကျမ်းပြုဆရာများနှင့် ဖာရိရှဲများကပေးနိုင်သည်ထက်ပိုပါသည်ဟူ၍ဖြစ်သည်။ "ထိုသူသည် ကောင်းကင်နိုင်ငံတော်၌ ကြီးသောသူဖြစ်လိမ့်မည်။ သင်တို့ကျင့်သောအကျင့်သည် ဖာရိရှဲတို့နှင့် ကျမ်းပြုဆရာတို့ကျင့်သောအကျင့်ထက်မလွန်မသာလျှင်၊ သင်တို့သည် ကောင်းကင်နိုင်ငံတော်သို့မဝင်ရကြဟု ငါအမှန်ဆို၏" (မဿဲ ၅း၂၀)။ တောင်ပေါ်ဒေသနာသည် နိုင်ငံတော်နှင့်ယှဉ်သောဖြောင့်မတ်ခြင်းတရားကို ကျသရေလလူမျိုးများအားရည်စူး၍ ယခုပစ္စုပ္ပန်ပြုမူနေထိုင်မှုအတွက် လမ်းညွှန်ချက်တစ်ခုအဖြစ်နှင့် အသေးစိတ်ရှင်းပြထားသည်။ ထို့အပြင်၊ တောင်ပေါ်ဒေသနာသည် ထိုကဲ့သို့သောစံချိန်စံညွှန်းကို ထိန်းသိမ်းနိုင်မည့်တစ်ပါးတည်းသောသူဖြစ်သည့် သခင်ယေရှုခရစ်နှင့်ဆက်စပ်၍ ၄င်းတို့၏အသက်တာများကို ကြိုတင်ပြင်ဆင်ပေးပါသည်။

ဤဒေသနာသည် ကယ်တင်ခြင်းကိုဖြစ်စေသောဧဝံဂေလိတရားကို ဟောပြောတင်ပြမှုတစ်ခုမဟုတ်ကြောင်း ထင်ရှားမြင်သာသည့်အကြောင်းပြချက်များရှိသည်။ ပထမအနေဖြင့်၊ မူရင်းတရားနာပရိသတ်များကို ယုံကြည်သူ များအဖြစ်လိပ်မူပြောဆိုထားသည်။ ၄င်းတို့သည် "ဖြောင့်မတ်ခြင်းတရားကြောင့် နှောက်ယှက်ညှင်းဆဲခြင်းကိုခံရသောသူများ၊ "ဤလောက၏ဆား" နှင့် "ဤလောက၏အလင်း" ဖြစ်ကြသည် (မဿဲ ၅း၁၀–

၁၂၊ ၁၃–၁၄)။ သခင်ယေရှုက ၄င်းတို့ကိုမည်သို့ဆုတောင်းရမည်၊ မည်သို့ပေးကမ်းစွန့်ကြဲရမည်၊ မည်သို့အစာရှောင်ရမည်ကိုသွန်သင်ဆုံးမပေးခဲ့သည် (မဿဲ ၆း၁၆–၁၈)။ ၄င်းတို့တွင်ကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော်တစ်ပါးရှိသည် (မဿဲ ၆း၉၊ ၇–၁၁)။ ကိုယ်တော်သည် ၄င်းတို့ထံ၌ဧဝံဂေလိတရားကိုရှင်း မပြခဲ့ပါ။ ဒုတိယအနေဖြင့်၊ ဤဒေသနာသည် ဧဝံဂေလိပြုလုပ်ခြင်းနှင့်ဆိုင်သော တရားဒေသနာတစ်ခုဖြစ်ခဲ့လျှင် ၄င်းသည်အကျင့်နှင့်ယှဉ်သော ဧဝံဂေလိတရားဖြစ်ခဲ့ပါလိမ့်မည်။ အကယ်စင်စစ်၊ ယုဒဓေါင်းဆောင်များ၏ကိုယ်ကျင့်တရားဖြောင့်မတ်ခြင်းထက်သာလွန်သောဖြောင့်မတ်ခြင်းကို ပြဋ္ဌာန်းသည့် အကျင့်နှင့်ယှဉ်သောဧဝံဂေလိတရားသာဖြစ်ခဲ့ပါလိမ့်မည် (မဿဲ ၅း၂၀)။ ထို့အပြင်၊ ခမည်းတော်ဘုရား၏ပကတိပြည့်စုံခြင်းကိုတုမီရန်ပြဋ္ဌာန်းသည့် အကျင့်နှင့်ယှဉ်သော ဧဝံဂေလိတရားသာဖြစ်ခဲ့ပါလိမ့်မည် (မဿဲ ၅း၄၈)။ တတိယအနေဖြင့်၊ ဧဝံဂေလိပြုလုပ်ခြင်းရည်ရွယ်ချက်တစ်ခုနှင့်အတူ *ရှေးသားပြုစုခဲ့သော* ရှင်ယောဟန်၏ခရစ်ဝင် ကျမ်းနှင့်အလွန်ကွဲပြားခြားနားကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ရသည် (ယောဟန် ၂၀း၃၁)။ သခင်ယေရှုသည် ဗတ္တိဇံဆရာယောဟန်ထောင်ချမခံရမီအချိန် (ယောဟန် ၃း၂၃–၂၄၊ ၄း၁)၊ မိမိ၏သာသနာပြုခြင်းအစောပိုင်းကာလတွင် ဧဝံဂေလိတရားကိုအခမဲ့လက်ဆောင်တစ်ခုအဖြစ်နှင့် ဟောပြောတင်ပြနေကြောင်းကို ရှင်ယောဟန်ကဖော်ပြထားသည် (ယောဟန် ၃း၁–၂၁၊ ၄း၁–၂၆)။ သခင်ယေရှု လူထုအလယ်၌ သာသနာပြုချိန်တွင် ဗတ္တိဇံဆရာယောဟန်သည် အကျဉ်းထောင်ထဲတွင်ရှိနေခဲ့ပြီး (မဿဲ ၄း၁၂–၁၇၊ မာကု ၁း၁၄–၁၅၊ လုကာ ၃း၂၀)၊ တပည့်တော်များက ဧဝံဂေလိတရားကို အခမဲ့လက်ဆောင်အဖြစ် သခင်ယေရှုဟောပြောတင်ပြခဲ့ကြောင်းကို ကြားနာခဲ့ကြရသည်။ ထို့ကြောင့်၊ တောင်ပေါ်ဒေသနာကို ကယ်တင်ခြင်းအားထိုက်ထိုက်တန်တန်ရရှိစေနိုင်သည့် ကိုယ်ကျင့်တရားစည်းစနစ်တစ်ခုအဖြစ် ၄င်းတို့သဘောပေါက်နားလည်ခဲ့ကြမည့်အဖြစ်မှာ စိတ်ကူး၍ပင် မရနိုင်သောအရာဖြစ်သည်။

တရားနာပရိတ်သတ်ကြီး၏ရှေ့ဆုံး၌ တပည့်တော်များရှိခဲ့ကြကြောင်းကို ကျွန်ုပ်တို့သတိပြုမှတ်သားရသည့် အပြင် လူအများအပြားလည်းရှိနေသည်ဟုပြောပြထားသည်(မဿဲ ၅း၁)။ ဤဒေသနာသည် ကယ်တင်ခြင်းမခံရသေး သောသူများထံ၌ ဧဝံဂေလိတရားကိုဟောပြောခြင်းမဟုတ်သော်လည်း၊ ၄င်းတွင်ဧဝံဂေလိတရားအတွက် ကြိုတင်လမ်းခင်းပေးခြင်းနှင့်ဆိုင်သော (pre-evangelistic) အယူအဆတစ်ခုရှိနေပါသည်။ ရောက်လာမည့်ဘုရားသခင်၏နိုင်ငံတော်ကိုမျှော်လင့်စောင့်စားနေကြသော ထိုတပည့်တော်များအတွက် သင့်တင့်လျော်ကန်သည့်ဖြောင့်မတ်သောပြုမူကျင့်ကြံမှုကို ရှင်းပြနေစဉ်တွင် ကယ်တင်ခြင်းမခံရသေးသောသူများနှင့် တပည့်တော်မဖြစ်ကြသေးသူများကို ၄င်းတို့၏ချို့ယွင်းအားနည်းချက်များအား ရင်ဆိုင်ဖြေရှင်းစေမည့်ကြီးလေးသောစံချိန်စံညွှန်းကို မြင်တွေ့ခဲ့ရကာ၊ ဘုရားသခင့်နိုင်ငံတော်နှင့်ယှဉ်သောဖြောင့်မတ်ခြင်းကိုစာ

လောင်မွတ်သိပ်စေခဲ့ပါလိမ့်မည်။ ဤဒေသနာ၏အဆုံးပိုင်းတွင်သခင် ယေရှုကတရား နာသူများကို အသက်ရှင်ခြင်းသို့ရောက်သောလမ်းကျဉ်းနှင့်ပျက်စီးခြင်းသို့ရောက်သော လမ်းကျယ်တို့ကြား၌ ရွေးချယ်မှုတစ်ခုကိုပြုလုပ်စေခြင်းဖြင့် ထိပ်တိုက်တွေ့ခဲ့သည် (မဿဲ ၇း၁၃–၁၄)။ ထို့အပြင်၊ ကိုယ်တော်သည်တရားနာပရိသတ်များအား ၎င်းတို့၏အသက် တာများကိုခိုင်ခန့်မှုမရှိသောသဲပေါ်တွင်မဆောက်ဘဲ၊ မိမိသွန်သင်ပေးချက်များ၏ ခိုင်ခံ့သောအခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောက်ကြရန် စိန်ခေါ်ခဲ့သည် (မဿဲ ၇း၂၄–၂၇)။ ထိုရွေးချယ်မှုများသည် တပည့်တော်များကိုဖြောင့်မတ်သောအသက်တာဖြင့် ရှင်သန်ရန် ဆွဲဆောင်သကဲ့သို့ ကယ်တင်ခြင်းမခံရသေးသောသူများကိုလည်း တည်ငြိမ်ခိုင်ခံ့ သောအသက်တာဆီသို့ ပို့ဆောင်ပေးမည့်လမ်းကျဉ်းကို မြင်တွေ့စေ၍ ထိုလမ်းကျဉ်း၌ အသက်တာကိုရှင်သန်ရန်ဆွဲဆောင်ပါလိမ့်မည်။

ဤကျမ်းစကားအဆက်အစပ်ကို စိတ်ထဲ၌ရည်မှတ်ရင်း၊ က သမ္မာတရားနှင့် ခ သမ္မာတရားကို မကြာခဏရောထွေးသွားကြသည့် ဤဒေသနာ၏အစိတ်အပိုင်းအချို့ကို ကျွန်ုပ်တို့လေ့လာစစ်ဆေးသွားနိုင်ကြပြီဖြစ်သည်။

မင်္ဂလာတရားတော်များ (The Beatitudes)။ မဿဲ ၅း၃–၁၂ (နှိုင်းယှဉ်၊ မာကု ၁း၁၆–၂၀)

၃ "စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။

၄ စိတ်မသာညည်းတွားသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သက်သာခြင်းသို့ရောက်ကြလတံ့၊

၅ စိတ်နှးညှံ့သိမ်မွေ့သော သူတို့သည် မင်္ဂလာရှိ ကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်ကို အမွေခံရကြလတံ့။

၆ ဖြောင့်မတ်ခြင်းပါရမီ ကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ရောက်ကြလတံ့။

၇ သနားစုံမက်တတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သနားစုံမက်ခြင်းကို ခံရကြလတံ့။

၈ စိတ်နှလုံးဖြူစင်သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကို မြင်ရကြလတံ့။

၉ သူတပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်ခြင်းကိုခံရကြလတံ့။

၁၀ ဖြောင့်မတ်ခြင်းတရားကြောင့် နှောက်ယှက်ညှင်းဆဲခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။
၁၁ ငါ့ကြောင့်သင်တို့ကို ကဲ့ရဲ့ညှင်းဆဲ၍ မမှန်ဘဲလျက်အပြစ်တကာ တင်ကြသောအခါ၊သင်တို့သည်မင်္ဂလာရှိကြ၏။
၁၂ ဝမ်းမြောက် ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည် ကြီးလှပေ၏။ သင်တို့ ရှေ့ကပေါ်ထွန်းသောပရောဖက်တို့ကို ထိုနည်းတူညှင်းဆဲကြပြီ။"

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဤကောင်းမြတ်ခြင်း ပါရမီများ (သူတော်ကောင်း တရားများ) သည်ခရစ်ယာန်တစ်ယောက် ဖြစ်ဖို့ တစ်ဦးတစ်ယောက်၌ရှိရမည့်ထင်ရှားသောအမူအကျင့်များကို ပုံဖော်ထားသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဤကောင်းမြတ်ခြင်း ပါရမီများ (သူတောင်ကောင်းတရားများ) သည် နိုင်ငံတော်နှင့်ယှဉ်သော ဖြောင့်မတ်ခြင်း၏ထူးခြားသောလက္ခဏာများဖြစ်သည့် ထင်ရှားသောအမူအကျင့်များကို ပုံဖော်ထားသည်။

တောင်ပေါ်ဒေသနာ၏ပထမအပိုင်းကို (ပျော်ရွှင်ခြင်း၊ မင်္ဂလာရှိခြင်း၊ ကံကောင်းခြင်းတို့၏အယူအဆမှလာသော) မင်္ဂလာတရားတော်များဟု လူအများကခေါ်ဆိုကြသည်။ ၄င်းသည်ထုတ်ဖော်ပြောဆိုချက်တစ်ခုစီ၌ ထုတ်ပြန်ထားသည့် အကြီးမြတ်ဆုံးသောကောင်းကြီးမင်္ဂလာများကိုရည်ညွှန်း၍ မှည့်ခေါ်ထားခြင်းဖြစ်သည်။ ဤကောင်းမြတ်ခြင်းပါရမီ (သူတော်ကောင်းတရား) ရှစ်ပါးမှတစ်ပါးစီတွင် အလားတူလိုက်လျောညီထွေသောအကျိုး ဆက်တစ်ခုစီရှိနေသည်။ လူအချို့က ဤမင်္ဂလာတရားတော်များကို အကျိုးဆက်တစ်ခုစီမှ ကယ်တင်ခြင်းလက္ခဏာသွင်ပြင်အချို့ကို ပုံဖော်ခြင်းနှင့်အတူ ကယ်တင်ခြင်းအတွက်တောင်းဆိုပြဋ္ဌာန်းထားသောကောင်းမြတ်ခြင်းပါရမီ စာရင်းတစ်ခုအဖြစ် မှတ်ယူထားကြသည် (က သမ္မာတရား)။

ကျမ်းစကားအဆက်အစပ်ကို သဘောပေါက်နားလည်ထားခြင်းက ဤအရာသည် က သမ္မာတရားဖြစ်သည် (သို့) ခ သမ္မာတရားဖြစ်သည်ကို ကောင်းစွာသိမြင်ရန် ကျွန်ုပ်တို့ကိုကူညီပေးပါသည်။ သခင်ယေရှုသည် ပထမအနေဖြင့်မိမိ၏တပည့်တော်များကို ပြောဆိုနေပါသည် (အခန်းငယ် ၂ ရှိ "သူတို့ – them" ဟူသောစကားလုံးသည်

လူအပေါင်းတို့နှင့် တပည့်တော်တို့ကို မရည်ညွှန်းထားလျှင် "သူတို့ – them" ဟူသော စကားလုံးနှင့်အနီးစပ်ဆုံး၌ ရှိနေသောရှေ့ပြေးပုဒ်သည် အခန်းငယ် ၁ ရှိ "တပည့်တော်များ" ဟူသောစကားလုံးဖြစ်သည်)။ *(ယုဒသန်ကျမ်းစာတွင် "တပည့်တော်များ" ဟုဘာသာပြန်ဆိုထားသည်)*။ သခင်ယေရှုသည် လာရောက်နားထောင်ခဲ့ကြသောသူများအားလုံးကို လိပ်မူပြောဆိုခဲ့သည်ဟု ကျွန်ုပ်တို့ပြောကောင်းပြောခဲ့ကြမည်ဖြစ်သော်လည်း သခင်ယေရှု၏တပည့်တော်များသည် ရှေ့ဆုံးတန်းတွင်ရှိနေခဲ့ကြပါသည် (မဿဲ ၄း၂၅–၅း၂)။ ကိုယ်တော်သည် နိုင်ငံတော်နှင့်ယှဉ်သောဤကောင်းမြတ်ခြင်းပါရမီ (သူတော်ကောင်းတရား)များကို ယုဒဘာသာရေးခေါင်းဆောင်များ၏သူတောင်ကောင်းဟန်ဆောင်သောဖြောင့်မတ်ယောင်ဆောင်မှုနှင့် ယှဉ်ကြည့်နေခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့နားလည်သဘောပေါက်ထားကြလျှင် မင်္ဂလာတရားတော်များသည် ခ သမ္မာတရားဖြစ်သည်ဟု နားလည်သဘောပေါက်ခြင်းဖြစ်သည်။ အကြောင်းမှာ မင်္ဂလာတရားတော်များသည် ဘုရားသခင်၏နိုင်ငံတော်နှင့်ကိုက်ညီသော အသက်တာရှင်သန်ပုံတစ်ခုကိုပုံဖော်ထားသောကြောင့်ဖြစ်သည်။ မင်္ဂလာတရားတော်များသည် ဧဝံဂေလိတရားဟောပြောခြင်းတစ်ခုမဟုတ်ပါ။ အမှန်ဆိုရလျှင်၊ ရောက်ရှိလာမည့် ဘုရားသခင်၏နိုင်ငံတော်အရ မင်္ဂလာတရားတော်များသည် အစဉ်ထာဝရကယ်တင်ခြင်းခံရ၍ ဘုရားသခင်၏နိုင်ငံတော်ကို မျှော်လင့်စောင့်စားရင်းအသက်ရှင်လိုသောသူတစ်ယောက်၏ဖြစ်တည်မှုအခြေအနေကို အသွင်ဆောင်ထားပါသည်။

"မင်္ဂလာရှိသည်" ဟူသောစကားလုံးသည် (*makarios* ဟူသောစကားလုံးမှဖြစ်ပြီး) *ကယ်တင်ခြင်းခံရသည်* ဟုမဆိုလိုပါ။ ၄င်းစကားလုံးသည် ဖော်ပြပါကောင်းမြတ်ခြင်းပါရမီ (သူတော်ကောင်းတရား) များကို လက်တွေ့ အကောင်အထည်ဖော်သောသူများ၏ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ခြင်းအခြေအနေကို ရည်ညွှန်းဖော်ပြပါသည်။ အနာဂတ် နိုင်ငံတော်သည် ထိုသူတို့အတွက် အလွန်ထူးခြားကောင်းမွန်သောကောင်းကြီးမင်္ဂလာများကို ဆုပ်ကိုင်ထားသောကြောင့် ၄င်းတို့သည်မင်္ဂလာရှိသောသူများဖြစ်ကြသည်။ ပထမနှင့်နောက်ဆုံးအကျိုးဆက်မှလွဲ၍ ကျန်သောအကျိုးဆက်များသည် အနာဂတ်ကာလတွင်ဖြစ်ကြသည်ကို သတိပြုပါ (မဿဲ ၅း၃၊ ၁၀)။ ဤမင်္ဂလာတရားတော်များသည် ဧဝံဂေလိပြုလုပ်ခြင်းနှင့်ဆိုင်သောဆွဲဆောင်စည်းရုံးမှုတစ်ခုသာဖြစ်ခဲ့လျှင် ကောင်းကြီးမင်္ဂလာများ*အားလုံး*ကို ပစ္စုပ္ပန်ကာလပြ (သို့) ပြည့်စုံခြင်းကာလပြ (ပစ္စုပ္ပန်ကာလအထိ အကျိုးဆက်များဆက်လက်ရှိနေသော အတိတ်ကာလမှလုပ်ဆောင်မှု) ကြိယာပုံစံကို အသုံးပြု၍ဖော်ပြခဲ့မည်ဖြစ်သည်။ အခန်းငယ် ၃ နှင့် ၁၀ တွင်အသုံးပြုထားသော ပစ္စုပ္ပန်ကာလပြကြိယာပုံစံသည် "စိတ်နှလုံးနှိမ့်ချသောသူတို့" နှင့် "ဖြောင့်မတ်ခြင်းတရားကြောင့် နှောက်ယှက်ညှင်းဆဲခြင်းကို ခံရသောသူတို့" ထံ၌ "ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်သည်" ကိုအာမခံထားသည်။ အခန်း

ငယ် ၁၁–၁၂ နှင့်အတူ ဤစကားစုသည် ညှင်းပန်းနှိပ်စက်ခြင်းက စိတ်နှလုံးနှိမ့်ချသော ယုံကြည်သူများနှင့် အပတ်တကုတ်သည်းခံကြိုးစားသောယုံကြည်သူများအား နိုင်ငံတော်ဝင်စားရခြင်းကြမ္မာနှင့်စပ်လျဉ်းသော လုံခြုံစိတ်ချမှုကိုလက်လွှတ်အဆုံးခံရန်ဖန်တီးနိုင်မည်မဟုတ်ကြောင်း အာမခံချက်တစ်ခုဖြစ်သည် ဟုထင်မှတ်ရသည်။ ၄င်းတို့သည် နိုင်ငံတော်ဝင်စားခြင်းကြမ္မာတစ်ခုကိုယခုပစ္စုပ္ပန်၌ပင် ပိုင်ဆိုင်ထားကြပြီး၊ ထိုနိုင်ငံတော်တွင်လည်းညှင်းပန်းနှိပ်စက်ခြင်းကို ကြုံကြံ့ခံခြင်းကြောင့်ရရှိမည့် အနာဂတ်ဆုလာဒ်များကိုလည်းပေးအပ်ခံရမည်ဖြစ်သည်။

နိုင်ငံတော်ကို ကျွန်ုပ်မျှော်လင့်စောင့်စားနေကြသည်နှင့်အမျှကျွန်ုပ်တို့သည် မင်္ဂလာတရားတော်များမှ ကောင်းမြတ်ခြင်းပါရမီ (သူတောင်ကောင်းတရား) များကို ကျွန်ုပ်တို့၏ကိုယ်ပိုင်သဖွယ် အပိုင်စီးထားရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ကြသည်နှင့်အမျှ ကျွန်ုပ်တို့၏နိုင်ငံတော်ဝင်စားရခြင်းကြမ္မာပန်းတိုင်နှင့်ဆိုင်သော ပစ္စုပ္ပန်အာမခံကောင်းကြီး မင်္ဂလာကိုလည်းကောင်း၊ ကျွန်ုပ်တို့၏အနာဂတ်နိုင်ငံတော်ဆုလာဒ်နှင့်ဆိုင်သော ကတိတော်ကိုလည်းကောင်း မွေ့လျော်ခံစားနိုင်ကြပါသည်။

သင့်မျက်စိကို ထုတ်ပစ်လော့ (Pluck out your eye)။ မဿဲ ၅း၂၉–၃၀

၂၉ *"ထိုကြောင့် လက်ျာမျက်စိဖြစ်သော်လည်း၊ သင့်ကိုမှားယွင်းစေလျှင် ထိုမျက်စိဖြစ်သော်လည်း သင့်ကိုမှားယွင်းစေလျှင် ထိုမျက်စိကို ထုတ်ပစ်လော့။ တကိုယ်လုံးငရဲသို့ချခြင်းကို ခံရသည်ထက်အင်္ဂါတခုပျက်သော်သာ၍ကောင်း၏။ ၃၀ ထိုနည်းတူလက်ျာလက်ဖြစ်သော်လည်း သင့်ကိုမှားယွင်းစေလျှင်၊ ထိုလက်ကိုဖြတ်ပစ်လော့။ တကိုယ်လုံးငရဲသို့ချခြင်းကို ခံရသည်ထက် အင်္ဂါတခုသာပျက်သော်သာ၍ကောင်း၏။"*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အပြစ်ဒုစရိုက်ကျူးလွန်နေခြင်းကိုရပ်တန့်ရန်လုပ် ဆောင်ဖို့လိုအပ်သောအရာကိုမလုပ်ဆောင်သောသူသည် အပယ်ငရဲ၌ပစ်ချခြင်းကိုခံရမည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အပြစ်ဒုစရိုက်ကျူးလွန်နေခြင်းကိုရပ်တန့်ရန်ကြိုးစားရာ၌ဆုံးရှုံးမှုကို ကြုံတွေ့ခံစားရသောယုံကြည် သူတစ်ယောက်ဖြစ်ခြင်းသည် အပယ်ငရဲသို့ပစ်ချခံရသည့်ပြည့်စုံသောမယုံကြည်သူဖြစ်ခြင်းထက် ပို၍ကောင်းသည်။

သခင်ယေရှုသည် လာရောက်နားထောင်နေကြသော လူအုပ်ကြီးနှင့်အတူရှိသော မိမိ၏တပည့်တော်များအား လိပ်မူပြောဆိုနေကြောင်း ကျွန်ုပ်တို့အမှတ်ရနေကြပါသည်။ ကိုယ်တော်က မိမိ၏တပည့်တော်များအား ၄င်းတို့သည် အပြစ်ဒုစရိုက်ကိုဆက်လက်၍ ကျူးလွန်နေကြလျှင်၄င်းတို့၏ကယ်တင်ခြင်းကို ဆုံးရှုံးကြရလိမ့်မည်ဟု မပြောပါ။ ကိုယ်တော်သည် လူတို့ကအပြစ်ဒုစရိုက်ကျူးလွန်ခြင်းကိုရပ်တန့်ကြလျှင် ၄င်းတို့သည် အပယ်ငရဲကို ရှောင်ရှားနိုင်ခဲ့ကြလိမ့်မည်ဖြစ်သည်ဟုလည်း အကြံပြုနေခြင်း မဟုတ်သည်မှာ သေချာနေပါသည်။ ကိုယ်တော်သည် မိမိ၏တပည့်တော်များအား နိုင်ငံတော်နှင့်စပ်ဆိုင်သောပြုမူနေထိုင်ပုံသည် ကိုယ်တော်ဖော်ပြထားသည့် သူ့မယားကိုပြစ်မှားသော အပြစ် (ငယ် ၂၇–၂၈) ကဲ့သို့သောလေးနက်ပြင်းထန်သည့်အပြစ်ကိုရှောင်ကျဉ်ရန် အခြေခံကျကျကြိုးစားအားထုတ်မှုတစ်ခုကိုလိုအပ်ကြောင်းပြောပြနေပါသည်။ မျက်စိကိုထုတ်ခြင်းနှင့် လက်ကိုဖြတ်ခြင်းတို့သည် အပြစ်မပြုမိရန်အခြေခံကျကျ ဆက်ကပ်အပ်နှံမှုကိုပြသောတင်စားမှုများဖြစ်ကြသည်မှာ မှန်ပါသည်။ တပည့်တော်တစ်ပါးသည် အပြစ်ကိုကျူးလွန်တတ်သောမိမိ၏စိတ်ဆန္ဒများကို ငြင်းပယ်ရန်အလို့ငှါ ပြင်းပြင်းထန်ထန်ဆင်းရဲဒုက္ခခံစားရမည်ဖြစ်သော်လည်း ၄င်းသည် အပြစ်ဒုစရိုက်ကိုရှောင်ကျဉ်ဖို့ ကြိုးစားအားထုတ်မှုမရှိဘဲ၊ စိတ်လွတ်ကိုယ်လွတ် အပြစ်ကျူးလွန်နေပြီး၊ ပြီးပြည့်စုံသော်လည်း (ကိုယ်လက်အင်္ဂါအားလုံးပြည့်စုံလျက်ရှိသော်လည်း) အပယ်ငရဲသို့ပစ်ခံခဲ့ရသောကယ် တင်ခြင်းမခံရသည့်လူတစ်ယောက်ထက်ပို၍ကောင်းပါသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းများအားဖြတ်တောက်ခြင်းသည် ကိုယ်စားပြုဖော်ပြမှုသက်တဖြစ်သော်လည်း၊ ထိုတင်စားမှု၏နောက်တွင်ရှိသော လက်တွေ့ဘဝတွင်မူ အပြစ်ကိုရှောင်ကျဉ်ရန်အတွက် ငွေကြေးဆုံးရှုံးမှုများကို ကြုံတွေ့ခံစားရခြင်း (သို့) အလွန်တရာဆိုးဝါးစွာပြုမူဆက်ဆံရေးခံရခြင်း (သို့) စုံစမ်းနှောက်ယှက်ခြင်းကိုရှောင်ကျဉ်ခြင်းအတွက်နေရာသစ်သို့ရွှေ့ပြောင်းခံရခြင်းတစ်ခုကို ကြုံတွေ့ခံစားရခြင်း စသည်တို့ ပါဝင်နိုင်ပါသည်။ ဆုံးရှုံးမှုသည် အစစ်အမှန်ဖြစ်၍ နာကျင်ကောင်းနာကျင်ရပါလိမ့်မည်။ သို့သော်၊ မိမိတို့၏အပြစ်ကိုကိုင်တွယ်ဖြေရှင်းရန်ငြင်းဆန်၍ အပယ်ငရဲ၌နိဂုံးချုပ်ရသောသူများနှင့်နှိုင်းယှဉ်လျှင် ထိုဆင်းရဲဒုက္ခသည် နတ္တိသာဖြစ်သည်။

မာကု ၉း၄၃–၄၈ တွင်အလားတူတင်စားမှုများ (ခြေထောက်ကိုဖြတ်ခြင်းလည်းပါသည်) ကိုတူညီသောအကျိုးဆက်များနှင့်အတူအသုံးပြုထားသည်။ ဤကျမ်းစကားအဆက်အစပ်တွင် သခင်ယေရှုကမိမိ၏တပည့်တော်များအား မျှော်လင့်စောင့်စားနေသောနိုင်ငံတော်၌အကြီးအမြတ်ဖြစ်ခြင်းနှင့်ပတ်သက်၍ သင်ခန်းစာတစ်ခုကို သွန်သင်ပေးနေပါသည် (မာကု ၉း၃၃–၃၅)။ ဤအကြီးအမြတ်ဖြစ်ခြင်းကို မိမိထက်ပို၍ငယ်ရွယ်ကာ၊ အားနည်းပြီး၊ သခင်ခရစ် တော်၌ဆက်ကပ်အပ်နှံမှုအားနည်းသောသူများ (မာကု ၉း၃၆–၃၇ ရှိသူငယ်နှင့် အခန်းငယ် ၃၈–၄၁ ရှိဆက်ကပ် အပ်နှံမှုရှိသောတပည့်တော်တစ်ပါး

အဖြစ်နှင့် သခင်ခရစ်တော်နောက်သို့လိုက်လျှောက်ခြင်းမရှိသောသူ) ကိုတန်ဖိုးထား၍၊ အသိအမှတ်ပြုလက်ခံကာ၊ အလုပ်အကျွေးပြုသော တပည့်တော်များတွင် တွေ့ရှိရသည်။ ဤသူတို့သည် အခန်းငယ် ၄၂ ရှိ "သူငယ်တစ်စုံတစ်ယောက်" (သို့) ငယ်ရွယ်၍မရင့်ကျက်သေးသောယုံကြည်သူများဖြစ်ကြသည်။ ၄င်းတို့အနက်မှတစ်ဦးတစ်ယောက်ကို အပြစ်ကျူးလွန်စေခြင်းဖြင့် ၄င်းတို့၏ကျိုးလွယ်ကြေလွယ်သောနုနယ်သည့်ယုံကြည်ခြင်းကိုပျက်စီးစေခြင်းသည် ထိုသို့မှားယွင်းစေသောသူ၏လည်ပင်း၌ ကြိတ်ဆုံကျောက်ကိုစွဲ၍ ပင်လယ်ထဲသို့ပစ်ချခံရခြင်းဟူသော ရည်ညွှန်းချက်အားဖြင့်ဖော်ပြထားသည့်အတိုင်းထိုလုပ်ရပ်သည် သခင်ဘုရားအတွက် အလွန်ပြင်းထန်သောပြစ်မှုတစ်ခုဖြစ်သည်။

အခန်းငယ် ၄၃ တွင် သူငယ်တစ်ယောက်ကို အပြစ်ကျူးလွန်စေသောသူအကြောင်းကို ပြောဆိုခြင်းမှ အပြစ်ကိုကျူးလွန်ရန် တပည့်တော်များ၌ အလားအလာရှိမှုအားလိပ်မူပြောဆိုခြင်းသို့ သိသာထင်ရှားသောအရေးအသားပြောင်းလဲမှုကို တွေ့ရသည်။ ဤသို့အရေးအသားဦးတည်ချက်ကို ထိုသို့ပြောင်းရွှေ့ရခြင်းမှာ အပြစ်ကျူးလွန်သောတပည့်တော်တစ်ပါးသည် ရင့်ကျက်ခြင်း၌ပို၍အားနည်းသောအခြားယုံကြည်သူတစ်ယောက်ကိုအပြစ်ကျူးလွန်စေနိုင်သောကြောင့်ဖြစ်ကောင်းဖြစ်မည်။ တပည့်တော်များအဖြစ်နှင့် ခေတ္တယာယီသာဖြစ်သော ဆုံးရှုံးမှုတစ်ခုကြုံတွေ့ခံစားရင်း (ဥပမာတင်စားမှုနှင့်ဆက်၍ ပြောဆိုရလျှင်၊ ထာဝရကာလတွင် ကိုယ်ခန္ဓာအစိတ်အပိုင်းအားလုံးကို မူလအတိုင်းပြန်လည်ရရှိခဲ့ကြပါလိမ့်မည်) အသက်တာကို ရှင်သန်လျှောက်လှမ်းခြင်းသည် အပြစ်ဒုစရိုက်၌မွေ့လျော်နေသော်လည်း ဆုံးရှုံးမှုကို ကြုံတွေ့ခံစားရခြင်းမရှိလျှက်ကိုယ်လက်အင်္ဂါအားလုံးနှင့်အတူအင်္ဂါပြည့်စုံသောသူအဖြစ်နှင့် အပယ်ငရဲသို့သွားသောမယုံကြည်သူတစ်ယောက်ထက်ပို၍ ကောင်းမွန်သောကံကြမ္မာဖြစ်သည် (ငယ် ၄၃–၄၈)။ တပည့်တော်များသည် အခြားသူများအတွက်အလို့ငှါ မိမိတို့၏စိတ်ဆန္ဒများကို စွန့်လွှတ်အနစ်နာခံသောအခါတွင် ဤဘဝ၌ကြုံတွေ့ခံစားရသောဆုံးရှုံးမှုများအတွက် ဝမ်းနည်းကြေကွဲမနေသင့်ပါ။ အကြောင်းမှာ၊ ထိုကဲ့သို့သောတိုတောင်းသည့် ဆုံးရှုံးမှုတစ်ခုကို သည်းခံဖြတ်သန်းရခြင်းသည် မယုံကြည်သူတစ်ဦး၏ကြမ္မာပန်းတိုင်နှင့် နှိုင်းယှဉ်လျှင် နှိုင်းယှဉ်မှုမရှိသောကြောင့်ဖြစ်သည်။ ပိုဆိုးသောအချက်မှာ စိတ်ကိုအလိုလိုက်သောမယုံကြည် သူတစ်ယောက်၏အပြစ်ဒုစရိုက်သည် သူငယ်တစ်ယောက်ကိုအပြစ်ကျူးလွန်စေလျှင် ၄င်းသည်ကြိတ်ဆုံကျောက်နှင့်ရေတို့ဖြင့် စီရင်ထားသောကြမ္မာပန်းတိုင်အားဖြင့် ကိုယ်စားပြုဖော်ပြထားသော ပြင်းထန်သည့်ဒဏ်ခတ်စီရင်ခြင်းကို ဆောင်ယူလာမည်ဟူသောအချက်ဖြစ်သည်။

သခင်ခရစ်တော်၏ နောက်လိုက်ငယ်သားများဖြစ်ကြသည်နှင့်အမျှ ကျွန်ုပ်တို့တွင် အပြစ်ဒုစရိုက်ကို ရှောင်ကျဉ်ရန်အတွက် ထိရောက်ပြင်းထန်သောအတိုင်းအတာပမာဏကိုရယူလုပ်ဆောင်ရန် နိုင်ငံတော်နှင့်ယှဉ်သောတာဝန် တစ်ရပ်ရှိထားကြသည်။

အပြစ်ဒုစရိုက်သည် သခင်ဘုရားကိုမှားယွင်းစွာကိုယ်စားပြုဖော်ပြ၍ ကိုယ်တော်ရှင်၏ ကျေးဇူးတော်ကိုအထင်အမြင်သေးကာ၊ ရင့်ကျက်ခြင်းခ်ဲအားနည်းသော ယုံကြည်သူများကိုအပြစ်ကျူးလွန်ကြရန်ဖန်တီးနိုင်ပြီး၊ သခင်ဘုရားနှင့်ငှင်းတို့ အတူရှင်သန်လျှောက်လှမ်းခြင်းကိုအနာတရဖြစ်စေနိုင်ပါသည်။ သခင်ဘုရားသည် အပြစ်ဒုစရိုက်ကိုအလေးအနက်ထားသကဲ့သို့ ကျွန်ုပ်တို့သည်လည်းထိုအတိုင်းပြုကြရမည်ဖြစ်သည်။

အပြစ်လွှတ်ခြင်းကိုခံဖို့ အပြစ်လွှတ်လော့ (Forgive to be forgiven)။ မဿဲ ၆း၁၄–၁၅ (နှိုင်းယှဉ်၊ မာကု ၁၁း၂၅–၂၆)

> ၁၄ *"သင်တို့သည် သူတပါးတို့၏အပြစ်ကိုလွှတ်လျှင်၊ ကောင်းကင်ဘုံခ်ဥ်ရှိတော်မူသော သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မူမည်။* ၁၅ *သင်တို့သည် သူတပါးတို့၏အပြစ်ကိုမလွှတ်လျှင်၊ သင်တို့အဘသည် သင်တို့၏အပြစ်ကိုလွှတ်တော်မမူ။"*

 က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် ငှင်းကိုပြစ်မှားသောသူများ၏ အပြစ်ကိုခွင့်မလွှတ်လျှင် ကယ်တင်ခြင်းသို့မရောက်ရှိနိုင် (သို့) ကယ်တင်ခြင်းကို ဆုံးရှုံးရမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်သူတစ်ယောက်သည် ငှင်းကိုပြစ်မှားသောသူများကို ခွင့်မလွှတ်လျှင်ထိုသူသည်ဘုရားသခင်နှင့် အရည်အသွေးကောင်းမွန်သောမိတ်သဟာယဖွဲ့ခြင်းတွင် ထိခိုက်နစ်နာမှုကိုကြုံတွေ့ခံစားရပါလိမ့်မည်။

ရှင်မဿဲခရစ်ဝင်ကျမ်းရှိ ထုတ်ဖော်ပြောဆိုချက်သည် ငှင်း၏သွန်သင်ချက်တွင် ရှင်းလင်းနေပါသည် – တစ်ဦး တစ်ယောက်သည် အခြားသူများကိုခွင့်မလွှတ်လျှင် ဘုရားသခင်ကလည်းသူ့ကိုခွင့်လွှတ်ပေးမည်မဟုတ်ပါ။ ဘုရားသခင်ထံမှလာသော ဤခွင့်လွှတ်ခြင်းသည် ကယ်တင်ခြင်းရရှိရှိန်ခ်ဳ ကျွန်ုပ်တို့လက်ခံရရှိသော အပြစ်ခွင့်လွှတ်ခြင်း (ဧဖက် ၁း၇၊ ကောလောသဲ ၂း၁၃–၁၄) ကိုရည်ညွှန်းနေလျှင် ငှင်းသည်ကယ်တင်ခြင်းသို့ရောက်ခြင်းကိုအခြားသူများအားခွင့်လွှတ်ရန် ကျွန်ုပ်တို့၏လိုလားမှုဆန္ဒပေါ် တွင်မူတည်စေပါသည်။ က သမ္မာတရားထုတ်ဖော်ပြောဆိုချက် အနေဖြင့်ဆိုရလျှင်၊ ငှင်းသည်ကျွန်ုပ်တို့ ကယ်တင်ခြင်း၏ဖြစ်တည်မှု အနေအထားနှင့်ဆိုင်သောအယူအဆကို ပြောနေခဲ့ပါလိမ့်မည်။ ထိုအယူအဆမှာ လက်ဝါးကားတိုင်ခ်ဳ သခင်ယေရှုခရစ်အသေခံခြင်း

အားဖြင့်ပြုလုပ်သွားခဲ့သော ကျွန်ုပ်တို့၏အပြစ်အတွက် အဖိုးအခပေးချေမှုအပေါ်တွင် အခြေခံ၍ ဘုရားသခင်၏အမြင်တွင်ကျွန်ုပ်တို့သည် တစ်ကြိမ်တစ်ခါတည်းဖြင့်အရာအားလုံးနှင့်အမြဲတမ်းအတွက် အပြစ်ခွင့်လွှတ်ခြင်းကိုခံခဲ့ကြသည်ဟူ၍ဖြစ်သည်။

သို့သော်လည်း၊ အပြစ်ခွင့်လွှတ်ခြင်းအခြားအမျိုးအစားတစ်ခုရှိသေးသည်။ အမှန်ဆိုရလျှင် ဤကဲ့သို့သော အပြစ်ခွင့်လွှတ်ခြင်းမျိုးကို ကျမ်းစကားအဆက်အစပ်ကတောင်း ဆိုနေပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ဤနေရာတွင် သခင်ယေရှုသည် မိမိ၏နောက်လိုက်တပည့်တော်များအား မည်သို့ဆုတောင်းရမည်ကို သွန်သင်ပေးနေသောကြောင့်ဖြစ်သည် (မဿဲ ၆း၅–၁၃)။ ဤအပြစ်ခွင့်လွှတ်ခြင်းသည် ဖြစ်တည်မှုအနေအထားနှင့်ဆိုင်သော အပြစ်ခွင့်လွှတ်ခြင်း မဟုတ်ပါ။ မိတ်သဟာယဖွဲ့ခြင်းနှင့်ဆိုင်သော အပြစ်ခွင့်လွှတ်ခြင်းဖြစ်သည်။ အကြောင်းမှာ၊ ၎င်းသည် ဘုရားသခင်ကို သိကျွမ်းနေပြီးသောသူများထံ၌ ဘုရားသခင်နှင့်နီးကပ်စွာရှင်သန်လျှောက်လှမ်းခြင်းအား မည်သို့စောင့်ထိန်းရမည်ကိုပြောပြနေသောကြောင့်ဖြစ်သည်။ သခင်ယေရှုက ဤသမ္မာတရားကို ရှင်ပေတရုထံ၌လည်းကောင်း၊ တပည့်တော်များ ထံ၌လည်းကောင်း အိမ်အထက်ခန်းတွင် သွန်သင်ပေးခဲ့သည်။ ကိုယ်တော်သည် ရှင်ပေတရု၏ခြေကိုဆေးကြောရန် ကြိုးစားသော အချိန်တွင် ရှင်ပေတရုက ငြင်းဆန်ခဲ့သည်။ ထိုအခါ သခင်ယေရှုက "ရေချိုးပြီးသောသူမည်သည်ကား၊ ခြေဆေးခြင်းမှတစ်ပါး ဆေးရသောအကြောင်းမရှိ။ တစ်ကိုယ်လုံးစင်ကြယ်၏။ သင်တို့သည် စင်ကြယ်သော်လည်း အချို့မစင်ကြယ်" ဟုရှင်းပြခဲ့သည်။ ထို့ကြောင့်၊ ကယ်တင်ခြင်းခံရသောသူများအတွက် သခင်ယေရှုကလွန်ခဲ့သော အတိတ်၌ပြုလုပ်ခဲ့သည့်ပေးကမ်းထောက်ပံ့ခြင်း (ကားတိုင်ထက်၌ ကိုယ်တော်အသေခံခြင်း)၌လည်းကောင်း၊ ကျွန်ုပ်တို့ယခုပစ္စုပ္ပန်ဖြစ်တည်မှုအနေအထား (ဘုရားသခင်၏သားသမီးဖြစ်ခြင်း) ၌လည်းကောင်း အခြေခံ၍အပြစ်ဝန်ခံခြင်းကိုနေ့စဉ်ပြုလုပ်ခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်းနှင့်ဆိုင်သော အပြစ်ခွင့်လွှတ်ခြင်းအတွေ့အကြုံအသစ်တစ်ခုကို နေ့စဉ်တောင်းဆိုရန်လိုအပ်သည်။ ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁း၉က အပြစ်ကိုဝန်ခံခြင်းနှင့် ဘုရားသခင်ထံမှ အပြစ်ခွင့်လွှတ်ခြင်းကိုလက်ခံရရှိခြင်းသည် အလင်း၌ကျင်လည်ခြင်းအတွက်လည်းကောင်း၊ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက်လည်းကောင်း လိုအပ်ကြသည်ဟုဖော်ပြထားသည်။ (၁ယော ၁း၃–၈)

ခ သမ္မာတရားနယ်ပယ်တွင် အပြစ်ခွင့်လွှတ်ခြင်းသည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းကို ဆက်လက်ထိန်းသိမ်းရန်အတွက်သာအရေးပါသည် မဟုတ်၊ အခြားသူများနှင့်သဟဇာတဖြစ်ရန်အတွက်လည်း အရေးပါသည်။ ထို့ကြောင့်၊ သခင်ယေရှုခရစ်က ကျွန်ုပ်တို့ကိုခွင့်လွှတ်ပေးခဲ့သကဲ့သို့ အခြားသူများကိုလည်း ခွင့်လွှတ်ကြရန် ကျွန်ုပ်တို့ကို တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည် (ဧဖက် ၄း၃၂၊ ကောလောသဲ ၃း၁၃)။ ကျွန်ုပ်တို့သည် အခြားသူများအား ခွင့်မလွှတ်နိုင်ခြင်းကို အငြိုးသိုထားလျှင်၊ ဘုရား

သခင်ကကျွန်ုပ်တို့နှင့်အတူရှိလိုနေသောအတွင်းကျကျရင်းနှီးမှုကို ကျွန်ုပ်တို့ပျော်မွေ့ခံစားကြရမည် မဟုတ်ပါ။ အခြားသူများအား ခွင့်မလွှတ်နိုင်ခြင်းကို အငြိုးသိုထားလျှင် အပြစ်ကိုခွင့်လွှတ်ပေးကြရန် မိန့်မှာထားသည့် ဘုရားသခင်၏ပညတ်ချက်ကို မနာခံခြင်းသာမဟုတ်၊ မာကျောသောကျွန်ုပ်တို့၏ စိတ်နှလုံးအဆီးအတားသည် ဘုရားသခင်၏ပြည့်ဝသောမိတ်သဟာယဖွဲ့ခြင်းကို ပျော်မွေ့ခံစားရခြင်းမှလည်း ကျွန်ုပ်တို့ကိုတားဆီးနေပါသည်။

မိတ်သဟာယဖွဲ့ခြင်းနှင့်ဆိုင်သော ဤအပြစ်ခွင့်လွှတ်ခြင်းကို သဘောပေါက်နားလည်ထားခြင်းက ဧဝံဂေလိတရားအပေါ်၌ ယုံကြည်ခြင်းတစ်ပါးမှလွဲ၍ အခြားအခြေအနေကန့်သတ်ချက်တစ်ခုကို သွတ်သွင်းတင်စီးခြင်းမှ ကျွန်ုပ်တို့ကိုထိန်းသိမ်းတားဆီးပေးပါသည်။ ဧဝံဂေလိတရား၏ ဖိတ်ခေါ်ချက်မှာ "ယုံကြည်၍၊ အခြားသူများကို ခွင့်လွှတ် ပေးလော့"ဟူ၍ မဟုတ်၊ "ယုံကြည်လော့" ဟူ၍သာဖြစ်သည်။

အသီးနှင့် မိစ္ဆာပရောဖက်များ (Fruit and false prophets)။ မဿဲ ၇း၁၅–၂၀

> ၁၅ *"အတွင်း၌ကြမ်းတမ်းသောတောခွေးဖြစ်လျက် သိုးရေကိုခြုံ၍သင်တို့ရှိရာသို့လာသော မိစ္ဆာပရောဖက်တို့ကိုသတိနှင့်ရှောင်ကြလော့။* ၁၆ *ထိုသူတို့၏အကျင့်ကိုထောက်၍ သူတို့၏သဘောကိုသိကြလိမ့်မည်။ ဆူးပင်၌စပျစ်သီးကို ဆွတ်တတ်သလော။ ဆူးလေပင်၌ သင်္ဘောသဖန်းသီးကို ဆွတ်တတ်သလော။* ၁၇ *ကောင်းသောအပင်သည်ကောင်းသောအသီး၊ မကောင်းသောအပင်သည် မကောင်းသောအသီးကိုသီးတတ်၏။* ၁၈ *ကောင်းသောအပင်သည် မကောင်းသောအသီး၊ မကောင်းသောအပင်သည် ကောင်းသောအသီးကိုမသီးနိုင်။* ၁၉ *ကောင်းသောအသီး မသီးသောအပင်ရှိသမျှတို့ကိုခုတ်လှဲ၍မီးထဲသို့ချလိုက်တတ်၏။* ၂၀ *သို့ဖြစ်လျှင် ထိုပရောဖက်တို့၏အကျင့်ကိုထောက်သော် သူတို့၏သဘောကိုသိရကြလိမ့်မည်။*

ကသမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် မိမိကယ်တင်ခြင်းမခံရကြောင်းကို မိမိ၏အပြုအမူအနေအထိုင်အားရည်ညွှန်းဖော်ပြနေသည့် ဆိုးဝါးသောအသီးကိုသီးခြင်းဖြင့်လည်းကောင်း၊ ကောင်းသောအသီးမသီးခြင်းဖြင့်လည်းကောင်းသက်သေပြသည်။

> ခ သမ္မာတရားအနက်ဖွင့်ပြန်ဆိုချက် – မိစ္ဆာပရောဖက်တစ်ယောက်သည် မိမိအစစ်အမှန်မဟုတ်ကြောင်းကိုဆိုးဝါးသောအသီးသီးခြင်းဖြင့်လည်းကောင်း၊ ကောင်းသောအသီးကို မသီးခြင်းဖြင့်လည်း ကောင်းထင်ရှားစေပါသည်။ အသီးသည် ထိုပုဂ္ဂိုလ်၏သွန်သင်ချက်ကိုရည်ညွှန်းကောင်းရည်ညွှန်းပါလိမ့်မည်။

ဤကျမ်းချက်ကို က သမ္မာတရားအဖြစ်အနက်ဖွင့်ပြန်ဆိုထားကြသည်မှာ တွေ့နေကျအရာဖြစ်သည် – လူတစ်ယောက်သည် ကောင်းသောအသီးကိုမသီးလျှင် ထိုသူသည်ကယ်တင်ခြင်းမခံရပါ။ ကယ်တင်ခြင်းစစ်မှန်ကြောင်းကို သက်သေပြရန် အတွက်မျက်စိဖြင့်မြင်နိုင်သောအသီးမြင်ရဖို့လိုအပ်သည်ဟုဆိုကြသည်။

ဤရပ်တည်ချက်သည် အစဉ်ပင်ပြဿနာများစွာရှိနေပါသည်။ ကောင်းသောအသီးအဆိုသည်မှာ အဘယ်နည်း။ ထိုအသီးကိုမည်သို့သတ်မှတ်တိုင်းတာသနည်း။ ထိုအသီးကို မည်သူကသတ်မှတ်တိုင်းတာသနည်း။ ကယ်တင်ခြင်းကိုသက်သေပြရန် အသီးပမာဏမည်မျှ လိုအပ်သနည်း။ ဤမေးခွန်းများကို လွယ်ကူစွာဖြင့်လည်းကောင်း၊ ဓမ္မဓိဋ္ဌာန်ကျစွာဖြင့်လည်းကောင်း မဖြေကြားနိုင်ကြောင်းကို သင်မြင်တွေ့ပါသည်။ ကောင်းသောအသီးဟု ထင်မှတ်ရ သောအရာသည် တစ်ကိုယ်ကောင်းဆန်သော (သို့) ဆိုးညစ်သောစေ့ဆော်မှုမှရောက်လာနိုင်ပါသည်။ မည်သူကအတိအကျသိနိုင်ပါမည်နည်း။ ကောင်းသောအသီးကို ပါဝင်ဖွဲ့စည်းထားသောအရာနှင့် စပ်လျဉ်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်စပ်လျဉ်း၍လည်းကောင်း၊ တစ်စုံတစ်ယောက်၏ကယ်တင်ခြင်းကို သက်သေပြရန်အတွက်လိုအပ်သောအသီး ပမာဏနှင့်စပ်လျဉ်း၍လည်းကောင်း လူပုဂ္ဂိုလ်နှစ်ဦးကြားအမြင်ချင်းတူသဘောထားတိုက်ဆိုင်နိုင်ချေမှာ အလွန်နည်း ပါလိမ့်မည်။

ဂရုတစိုက်လေ့လာအကဲခတ်ခြင်းက ဤကျမ်းချက်ကိုသဘောပေါက်နားလည်ရန် ကျွန်ုပ်တို့ကိုကူညီပေးပါသည်။ ဤကျမ်းချက်သည် မိစ္ဆာပရောဖက်များအား မည်သို့ခွဲခြားသိမြင်ရမည်ကို ရှင်းပြနေခြင်းဖြစ်သည်။ ယုံကြည်ခြင်းကို ဝန်ခံထားသောခရစ်ယာန်များကိုအကြမ်းဖျင်းအားဖြင့်ပြောဆိုထားခြင်းမဟုတ်ပါ။ ဤနေရာ၌သိမြင်လိုသောအရာမှာ ၄င်းတို့၏ကယ်တင်ခြင်းကို မဟုတ်ပါ။ ၄င်းတို့သည်စစ်မှန်သောပရောဖက်အဖြစ်နှင့် ဘုရားသခင်ကို ကိုယ်စားပြုနေကြပါသလားဟူသောအချက်ဖြစ်သည်။ ကြည့်ရှုစစ်ဆေးရမည့်အရာမှာ ၄င်းတို့တွင် အသီးတစ်စုံတစ်ရာရှိမရှိကို မဟုတ်ပါ။ မကောင်းသောအသီးရှိမရှိကိုဖြစ်သည် (ငယ် ၁၇)။ မိစ္ဆာပရောဖက်များသည် ကြည့်ကောင်းသောအသီးများကို ပိုင်ဆိုင်ထားကြသည်မှာ ထင်ရှားသိသာနေပါသည်။ အကြောင်းမှာ ၄င်းတို့သည် အပြင်ပန်းအားဖြင့် မိမိတို့ကိုယ်ကိုသိုးသဖွယ်ခင်းကျင်းပြသနိုင်ကြသောကြောင့်ဖြစ်သည် (ငယ် ၁၅)။ သို့သော်လည်း၊ ၄င်းတို့၌ရှိသောအသီး၏မကောင်းသောသဘောသဘာဝက နောက်ဆုံးတွင်၄င်းတို့ကို သစ္စာဖောက်ကြပါသည် (ငယ် ၁၆)။ အသီးများ

သည် နှုတ်ထွက်စကားလုံးများကို ရည်ညွှန်းနိုင်သကဲ့သို့ (မဿဲ ၁၂း၃၃–၃၇)၊ အကျင့် (သို့) အလုပ်ကိုလည်းရည်ညွှန်းနိုင်ပါသည် (မဿဲ ၃း၈၊ ၁၃း၂၃၊ ယောဟန် ၁၅း၂–၈)။ ဤနေရာတွင် အဓိကအားဖြင့် နှုတ်ထွက်စကားလုံးများကိုရည်ညွှန်းသည်ဟု ရှုမြင်ခြင်းသည်အသင့်တော်ဆုံးဖြစ်သည်။ ပရောဖက်တစ်ပါးအားအကောင်းဆုံးတိုင်းတာစစ်ဆေးမှုမှာ ၄င်းမည်သို့ပြုမူလှုပ်ရှားသည်ကို မဟုတ်၊ မည်သည့်အရာသွန်သင်ပေးသည်ကိုဖြစ်သည်။ ဤတိုင်းတာစစ်ဆေးမှုသည် ယုဒလူမျိုးများနှင့်ရင်းနှီးနေသော ဓမ္မဟောင်းကျမ်းရှိတိုင်းတာစစ်ဆေးမှုဖြစ်သည် (တရားဟော ၁၃း၁–၆၊ ၁၈း၂၀–၂၂)။ ဓမ္မသစ်ကျမ်းရှိ အခြားကျမ်းချက်များတွင် မိစ္ဆာပရောဖက်များကိုခွဲခြားသိမြင်ရန် နှုတ်ထွက်စကားလုံးများနှင့် အကျင့် (သို့) အလုပ်နှစ်မျိုးလုံးကိုပေါင်းစပ်ထားသည် (၂ပေ ၂း၁–၃၊ ၁၀၊ ၁၂–၁၅၊ ယုဒ ၄း၈–၁၁၊ ၁၆)။

ကောင်းသောအကျင့် (သို့) ကောင်းသောအလုပ်ကို ကယ်တင်ခြင်းအားတိုင်းတာစစ်ဆေးသောအရာအဖြစ် ဖန်တီးခြင်းသည် ကျေးဇူးတော်နှင့်ယှဉ်သောဧဝံဂေလိတရားနှင့် ဆန့်ကျင်နေပါသည်။ ကယ်တင်ခြင်းသည် ကောင်း သောအကျင့်များ (သို့) ကောင်းသောအလုပ်များတွင်ရလာဒ်ထွက်ပေါ်ရမည်ဖြစ်ပြီး၊ ၄င်းတို့သည်ဘုရားသခင်ဖြစ်စေ လိုသောအရာများဖြစ်ကြသကဲ့သို့ ပညတ်ထားသောအရာများလည်းဖြစ်ကြသည်။ သို့သော်လည်း၊ ၄င်းတို့သည် ကယ်တင်ခြင်းကို အကောင်းဆုံးတိုင်းတာစစ်ဆေးပေးသော အရာများမဟုတ်ပါ။ အကြောင်းမှာ ကောင်းသောအကျင့် (သို့) အလုပ်ကိုပါဝင်ဖွဲ့စည်းထားသောအရာ၊ ၄င်းတို့ကိုစေ့ဆော်ပေးသောအရာ၊ လိုအပ်သောအရေအတွက် ပမာဏစသည်တို့အတွက် ဓမ္မမိဋ္ဌာန်ကျသော စံချိန်စံညွှန်း မရှိပါ။ အကျင့် (သို့) အလုပ်သည်လူတစ်ယောက်၏စစ်မှန်သောပင်ကို သဘာဝကိုထင်ဟပ်ဖော်ကျူးနိုင်ပါသော်လည်း၊ ၄င်းသည် ထိုပုဂ္ဂိုလ်ကယ်တင်ခြင်းရမရကိုမူ အကောင်းဆုံးအဆုံး အဖြတ်မပေးနိုင်ပါ။ ဤကျမ်းချက်တွင် နှုတ်ထွက်စကားနှင့်အလုပ် (သို့) အကျင့်သည် မိစ္ဆာပရောဖက်များအားတိုင်းတာစစ်ဆေးသောအရာတစ်ခုအဖြစ်အ ကောင်းဆုံးသဘောပေါက်နားလည်ထားသည်။ အလုပ် (သို့) အကျင့် သည်ယေဘူယျအားဖြင့် ခ သမ္မာတရားနယ်ပယ်တွင်ရှိနေပြီး၊ ၄င်းသည်ယုံကြည်သူများနှင့် ပတ်သက်နေပါသည်။ အကြောင်းမှာ ဘုရားသခင်၏ရည်ရွယ်ချက်သည် ယုံကြည်သူများအားလုံးကောင်းသောအကျင့်ကိုကျင့်ကြံကြရန် (သို့) ကောင်းသောအလုပ်ကိုလုပ်ဆောင်ကြရန်ဖြစ်သည် (ဧဖက် ၂း၁၀)(သို့သော် ထိုရည်ရွယ်ချက်ကိုအာမခံထားခြင်း မရှိပါ)။ ခရစ်ယာန်များဖြစ်ကြသည့်အားလျော်စွာ ကျွန်ုပ်တို့သည်ကောင်းသော အကျင့်ကိုကျင့်ကြံကြရမည် (သို့) ကောင်းသောအမှုကိုလုပ်ဆောင်ကြရမည်ဖြစ်သော်လည်း ၄င်းတို့သည် သင့်တင့်မှန်ကန်သောစေ့ဆော်မှုနှင့် သင့်တင့် မှန်ကန်သောသွန်သင်ချက်တို့မှ ရောက်ရှိလာကြကြောင်းကို သေချာစေကြရမည်ဖြစ်သည်။

နှုတ်အားဖြင့် အတုယောင်ဝန်ခံသောသူများ (False professors)။ မဿဲ ၇း၂၁–၂၃

၂၁ *"သခင်၊ သခင်ဟုငါ့ကို လျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသောငါခမည်းတော်၏အလိုကိုဆောင်သောသူသာလျှင်ဝင်ရ လိမ့်မည်။* ၂၂ *ထိုနေ့၌ကား၊ သခင်၊ သခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့်ဆုံးမသြဝါဒပေးပါဖြို့ မဟုတ်လော။ ကိုယ်တော်အခွင့်နှင့်နတ်ဆိုးတို့ကို နှင်ထုတ်ပါဖြို့မဟုတ်လော။ ကိုယ်တော်အခွင့်နှင့်များစွာသောတန်ခိုးတို့ကိုပြပါဖြို့ မဟုတ်လောဟု အများသော သူတို့သည် လျှောက်ကြလိမ့်မည်။* ၂၃ *ထိုသို့လျှောက်ကြသောအခါ သင်တို့ကိုငါအလျှင်းမသိ။ အဓမ္မအမှုကိုပြုသောသူတို့၊ ငါထံမှဖယ်ကြဟုထိုသူတို့အား အတည့်အလင်းငါပြောမည်။"*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ခရစ်ယာန်ဖြစ်ကြောင်းနှုတ်ဖြင့်ထုတ်ဖော်ဝန်ခံ နေသောသူများစွာသည် ကယ်တင်ခြင်းသို့ အမှန်မရောက်ကြပါ။ အကြောင်းမှာ သူတို့သည် အပြစ် ဒုစရိုက်ကိုလက်တွေ့ကျင့်ကြံနေကြသောကြောင့်ဖြစ်သည်။

ဒုတိယ က သမ္မာတရားအနက်ဖွင့်ပြန်ဆိုချက် – ခရစ်ယာန်ဖြစ်ကြောင်းနှုတ်ဖြင့်ထုတ်ဖော်ဝန်ခံနေသောသူများစွာသည် ကယ်တင်ခြင်းသို့အမှန်မရောက်ကြပါ။ အကြောင်းမှာ သူတို့သည်သခင်ယေရှုကို ကယ်တင်ရှင်အဖြစ်သိကျွမ်းလက်ခံခြင်းမရှိကြသောကြောင့်ဖြစ်သည်။

သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် သိကျွမ်းလက်ခံကြောင်း နှုတ်ဖြင့်ထုတ်ဖော်ဝန်ခံသောသူတိုင်း စစ်မှန် စွာကယ်တင်ခြင်းမခံရကြဟု ငြင်းခုံရန်ဤကျမ်းချက်ကို မကြာခဏအသုံးပြုကြသည်။ အကြောင်းမှာ ထိုသူတို့၌ ထိုကယ်တင်ခြင်းကို အတည်ပြုထောက်ခံပေးသည့် ကောင်းသောအကျင့် (သို့) ကောင်းသောအလုပ်များမရှိကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့်၊ အကျင့်များ (သို့) အလုပ်များသည် ကယ်တင်ခြင်းအတွက်သက်သေအထောက်အထားဖြစ်လာကြသည်။ ကယ်တင်ခြင်းကို နှုတ်ဖြင့်ထုတ်ဖော်ဝန်ခံသောသူတိုင်းသည် ထိုကယ်တင်ခြင်းကို ရရှိပိုင်ဆိုင်သောသူများမဟုတ်ကြကြောင်းမှာ ဧကန်အမှန်ဖြစ်နေပါသော်လည်း အကျင့် (သို့) အလုပ်သည် တိကျသောအဆုံးအဖြတ်ကိုပေးနိုင်သည့် တိုင်းတာစစ်ဆေးမှုဖြစ်ကြကြောင်း ဤကျမ်းချက်အားဖြင့် ဆက်စပ်ကြည့်၍ မရပါ။ အမှန်ဆိုရလျှင် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ဤကျမ်းချက်၌တွေ့ရသော

အကျင့် (သို့) အလုပ်သည်ဆန့်ကျင်ဘက်ကိုပြနေပါသည်။ ထိုအချက်မှာ အကျင့် (သို့) အလုပ်သည်တစ်ဦးတစ်ယောက်၏ကယ်တင်ခြင်းကို သက်သေမပြနိုင်ကြပါဟူသော အချက်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကျမ်းစကားအသွားအလာကို သတိထားမိမည်ဆိုလျှင် ဤကျမ်းချက်သည် ၇း၁၅–၂၀ရှိ မိစ္ဆာပရောဖက်များအကြောင်း ဆွေးနွေးထားချက်နှင့်ဆက်စပ်နေသည်ကို ကျွန်ုပ်တို့မြင်တွေ့ကြပါလိမ့်မည် (၎ယ် ၂၂ – သူတို့သည် "ဆုံးမသြဝါဒပေး" ကြသည်)။ ၇း၂၁–၂၃ တွင် မိစ္ဆာပရောဖက်များအသေအချာပါဝင်ကြမည်ဖြစ်သော်လည်း သခင်ယေရှုသည် ဝိညာဉ်ရေးနှင့်ဆိုင်သောဝန်ခံချက်များကို ပြုလုပ်နေကြသော "သူတိုင်း" (၎ယ် ၂၂) အထိလက်တွေ့ရယူကျင့်သုံးချက်ကို ချဲ့ထွင်ကျယ်ပြန့်စေခဲ့သည်။ ကိုယ်တော်သည် နှုတ်အားဖြင့်ဝန်ခံသော ယုံကြည်သူများဖြစ်ကြသည့် *မိစ္ဆာပရောဖက်များ*ကိုရှေးဦးစွာစူးစိုက်ခဲ့ပြီးနောက်တွင် မယုံကြည်သူများဖြစ်ကြသည့် *နှုတ်အားဖြင့် အတုယောင်ဝန်ခံသောသူများ*ကို စူးစိုက်ပြောဆိုခဲ့သည်။ ဤပုဂ္ဂိုလ်များသည် မိစ္ဆာပရောဖက်များနည်းတူအပြင်ပန်း၌ စစ်မှန်သောသိုးများ၏ဟန်ပန်ကိုဆောင်ထားကြသည်။ သို့သော်၊ ဤပုဂ္ဂိုလ်များတွင် အံ့ဖွယ်စွမ်းဆောင်ချက်များနှင့် သခင်ယေရှုသည် အရှင်သခင်ဖြစ်သည်ဟူသောမှန်ကန်သည့်ခမ္မတွေးခေါ်ယူဆချက်ကိုလည်း ပိုင်ဆိုင်ထားကြသည်။ သို့ပင်ဖြစ်သော်လည်း၊ နောက်ဆုံးတွင် သခင်ယေရှုသည် ၎င်းတို့ကို*အလျင်း*မသိဟူသောစီရင်ချက်နှင့်အတူငြင်းပယ်ခဲ့သည်။ ၎င်းတို့သည်စစ်မှန်သော ယုံကြည်သူများ မဟုတ်ခဲ့ကြပါ။

ကယ်တင်ခြင်းကို နှုတ်ဖြင့်ဝန်ခံသော ဤပုဂ္ဂိုလ်များအား ငြင်းပယ်ရခြင်းအတွက် သခင်ယေရှု၏စံသတ်မှတ်ချက်မှာ ၎င်းတို့သည် "ကောင်းကင်ဘုံ၌ရှိတော်မူသောငါ့ခမည်းတော်၏အလိုကို" မဆောင်ခဲ့ကြဟူသောအချက်ဖြစ်သည်။ ခမည်းတော်၏အလိုတော်သည် ကောင်းသောအကျင့် (သို့) ကောင်းသောအလုပ်ကို ရှိထားရုံသက်သက်မဖြစ်နိုင်ပါ။ အကြောင်းမှာ၊ ထိုအရာများကိုအထက်ပါပုဂ္ဂိုလ်များကပိုင်ဆိုင်ခဲ့ကြသောကြောင့်ဖြစ်သည်။ ၎င်းတို့သည် ကောင်းသောအကျင့် (သို့)ကောင်းသောအလုပ်များအားဖြင့်နိုင်ငံတော်နှင့်ယှဉ်သောဖြောင့်မတ်ခြင်းကို စွမ်းဆောင်ရရှိနိုင်ခဲ့ကြလျှင် ထိုအရာသည် ကျေးဇူးတော်ကြောင့် မဟုတ်သောကယ်တင်ခြင်းသာဖြစ်ခဲ့ပါလိမ့်မည်။ အကျင့် (သို့) အလုပ်သည် ကောင်းကင်ဘုံ (သို့) နိုင်ငံတော်ကို ဝင်စားရန်အတွက် စံချိန်စံညွှန်းဖြစ်ခဲ့လျှင်၊ ၎င်းတို့ကို ပကတိပြည့်စုံတော်မူသော ဘုရားသခင်၏စံချိန်စံညွှန်းနှင့်အညီကျင့်ကြံ လုပ်ဆောင်ရမည်ဖြစ်သည် (မဿဲ ၅း၄၈)။ သို့သော်၊ ဤစံချိန်စံညွှန်းသည် ကျင့်ကြံလုပ်ဆောင်ရန် မဖြစ်နိုင်သောအရာဖြစ်သည်။ ထိုစံချိန်စံညွှန်းကို အလွန်စေ့စပ်သေချာသောကျမ်းပြုဆရာများနှင့် ဖာရိရှဲများကပင် မဖြည့်ဆည်း၊ မလျှောက်လှမ်းနိုင်ခဲ့ကြပါ (မဿဲ ၅း၂၀)။ ထိုသို့ဆိုလျှင် ခမည်းတော်၏အလိုတော်မှာ မည်သည့်အရာဖြစ်သနည်း။ ခမည်းတော်၏အလိုတော်မှာ ကျွန်ုပ်တို့ကိုယ်စားပညတ်ချက်များအား

လုံးကို ပကတိပြည့်စုံစွာဖြည့်ဆည်းနိုင်ခဲ့သည့် တစ်ပါးတည်းသောသူဖြစ်သည့်သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းဖြစ်သည် (ယောဟန် ၆း၂၈–၂၉)။

ကျမ်းစကားအဆက်အစပ်က ကျွန်ုပ်တို့ကိုသခင်ယေရှုခရစ်၏ပကတိပြည့်စုံသောဖြောင့်မတ်ခြင်းကို ယုံကြည်ကိုးစားခြင်းသည် ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟူသော ကောက်ချက်ချခြင်းဆီသို့ ဆောင်ယူသွားပါသည်။ ၇း၁၃–၁၅ တွင်သခင်ယေရှုကအသက်ရှင်ခြင်းသို့ရောက်သောအလွန်ကျဉ်းမြောင်းသည့်တံခါးအကြောင်းကို ပြောပြထားသည် (နှိုင်းယှဉ် – ယောဟန် ၁၀း၉)။ လုကာ ၁၃း၂၄–၃၀ ကလည်း ပုဉ်ပမာတစ်ခုတွင် အလားတူစကားအသုံးအနှုန်းနှင့်အတူ ကျဉ်းမြောင်းသောတံခါးကို ကယ်တင်ခြင်းသို့သွားရာလမ်းအဖြစ်နှင့် ဖော်ပြထားသည်။ ထိုနေရာတွင် အမည်မသိတရားနာသူတစ်ဦး၏ “သခင်၊ ကယ်တင်ခြင်းသို့ရောက်သောသူတို့သည် များသလော၊ နည်းသလော” ဟူသောမေးခွန်းကို သခင်ယေရှုက ပြန်လည်ဖြေကြားပေးခဲ့သည်။ သခင်ယေရှုသည် ကျဉ်းမြောင်းသောတံခါးဝကို ဝင်ရောက်ခြင်းနှင့်ပိတ်ထားသော တံခါးကြောင့် အပြင်၌ရှိနေကြသောသူများအကြောင်းကို ပြောပြခဲ့သည်။ ကိုယ်တော်ကန္တာတ်ဖြင့်အတုအယောင်ဝန်ခံသောသူများသည် ကယ်တင်ခြင်းလမ်းမှဖယ်ထုတ်ခံရ၍ ၄င်းတို့ကို ဘုရားသခင်၏နိုင်ငံတော်မှ ထိုသို့ဖယ်ထုတ်ခံရခြင်းကို အသိတရားရလာကြသောအခါ ပြင်းပြင်းထန်ထန် ငိုကြွေးခဲ့ကြမည့်အကြောင်းရှင်းပြခဲ့သည် (လုကာ ၁၃း၂၈)။

မဿဲ ၇း၂၁–၂၃ ၏ က သမ္မာတရားမှာ သခင်ယေရှုခရစ်ကိုယုံကြည်ခြင်းသည် ထာဝရအသက်အတွက် ကျွန်ုပ်တို့၏တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်ရမည်ဟူ၍ဖြစ်သည်။ အကျင့်ကောင်းကို ကျင့်ကြံခြင်း (သို့) ကုသိုလ် ကောင်းမှုကိုပြုခြင်းသည် ကယ်တင်ခြင်းနှင့်ဆိုင်သော ထိုတရားဒေသနာ၏အစိတ်အပိုင်းတစ်ခု မဟုတ်ပါ။ သင့်တော်ကောင်းမွန်သော ဓမ္မတွေးခေါ်ယူဆချက်၊ အထင်ကြီးလောက်သောပြုမူဆောင်ရွက်ချက်များ၊ သခင်ခရစ်တော်ကို အရှင်သခင်အဖြစ်ဝန်ခံအပ်နှံခြင်းတို့သည် ကျွန်ုပ်တို့ကိုမကယ်တင်နိုင်ပါ။ နှုတ်ဖြင့်ဝန်ခံသူများဖြစ်ကြသည့် ဤအုပ်စုတွင် အထက်ပါအရာများအားလုံးကို ရှိထားကြသည်။ သို့သော်၊ ၄င်းတို့သည်ကယ်တင်ခြင်း မခံခဲ့ကြပါ။ ၄င်းတို့၌ ရှိသမျှသောအရာသည် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းမဟုတ်၊ ကိုယ့်ကိုယ်ကိုပေးသောဖြောင့်မတ်ခြင်း (ကိုယ်ကိုယ်ကိုသူတစ်ပါးထက်ဖြောင့်မတ်မှန်ကန်သည်ဟူသောစိတ်) သာဖြစ်သည်။

သခင်ခရစ်တော်ကို ကိုယ်တော်၏ဖြောင့်မတ်ခြင်းအတွက် ယုံကြည်ကိုးစားခြင်းမရှိဘဲ၊ ဓမ္မတွေးခေါ်ယူဆချက်၊ ကောင်းသောအကျင့် (သို့) အလုပ်၊ သခင်ခရစ်တော်၏အရှင်သခင်ဖြစ်ခြင်း၌ဝန်ခံအပ်နှံခြင်းကိုသာယုံကြည်ကိုးစား နေခြင်း၏ဝမ်းနည်းဖွယ်ရလာဒ် မှာ ကိုယ့်ကိုယ်ကိုကယ်တင်ခြင်းရရှိခဲ့သည်ဟု ထင်မှတ်နေကြသောသူလူအမြောက်

အများက ကယ်တင်ခြင်းကိုဘယ်သောအခါကမျှ အစစ်အမှန်မရခဲ့ကြခြင်းဖြစ်သည်။ ဤအရာသည် ထိုခေတ်ကာလ၌ စစ်မှန်ခဲ့သလိုယနေ့တွင်လည်း စစ်မှန်လျှက်ရှိနေပါသည်။

တပည့်တော်ဖြစ်ခြင်းနှင့်သက်ဆိုင်သောကျမ်းချက်များ (Passages on Discipleship)

တပည့်တော်များသည် မွေးရာပါပါရမီအားဖြင့် ဖြစ်လာကြသလား (သို့) ဖန်တီးရယူခြင်းဖြင့်ဖြစ်လာကြပါ သလား။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ခရစ်ယာန်တိုင်းသည် တပည့်တော်များဖြစ်ကြပါသလား (သို့) တိကျသေချာ သောအခြေအနေသတ်မှတ်ချက်များကို ဖြည့်ဆည်းနိုင်သောသူများသာ တပည့်တော်ဖြစ်ကြပါသလား။ တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်များကို က သမ္မာတရားအဖြစ်ရှုမြင်ခြင်း (သို့) ခ သမ္မာတရားအဖြစ် ကျွန်ုပ်တို့ရှုမြင်ခြင်းသည် ဧဝံဂေလိတရားနှင့် ခရစ်ယာန်အသက်တာတို့အားကျွန်ုပ်တို့နားလည်သဘောပေါက်ခြင်း၌ ပြုလုပ်နိုင်သည့်အရေးကြီးဆုံးသောအမျိုးအစားခွဲခြားခြင်းဖြစ်သည်။

လူကိုမျှားခြင်းနှင့် နောက်တော်သို့လိုက်ခြင်း (Fishing and following)။ မဿဲ ၄:၁၈–၂၂ (နှိုင်းယှဉ်– မာကု ၁:၁၆–၂၀၊ လုကာ ၅:၁–၁၁)။

> ၁၈ *ဂါလိလဲအိုင်နားမှာ ကြွတော်မူစဉ်၊ ပေတရုဟူ၍ခေါ်ဝေါ်သော ရှိမုန်နှင့်အန္ဒြေ၊ ညီအစ်ကို နှစ်ယောက်တို့သည် တံငါဖြစ်၍၊ အိုင်တွင်ပိုက်ကွန် ဖြန့်ချသည်ကို မြင်တော်မူလျှင်၊* ၁၉ *ထိုသူတို့အား ငါ နောက်သို့လိုက်ကြလော့။ သင်တို့သည် လူကိုမျှားသောတံငါဖြစ်စေခြင်းငှါ ငါပြုမည်ဟု အမိန့်တော်ရှိလေသော်၊* ၂၀ *ထိုသူတို့သည် ချက်ခြင်းပိုက်ကွန်ကိုစွန့်ပစ်၍ နောက်တော်သို့လိုက်ကြ၏။*
>
> ၂၁ *ထိုမှလွန်ပြန်လျှင် အခြားသောညီအစ်ကိုနှစ်ယောက်၊ ဇေဗေဒဲ၏သား ယာကုပ်နှင့် ယောဟန်တို့သည် သူတို့အဘနှင့်အတူလှေပေါ်မှာ ပိုက်ကွန်ပြင်နေသည်ကိုမြင်၍ ခေါ်တော်မူ၏။* ၂၂ *ထိုသူတို့သည်လည်း ချက်ခြင်းအဘနှင့်လှေကို စွန့်ပစ်၍နောက်တော်သို့လိုက်ကြ၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – မိမိ၏နောက်တော်သို့လိုက်လျှောက်ရန်သခင်ယေရှု၏ဆင့်ခေါ်ခြင်း သည်ကယ်တင်ခြင်းဆီသို့ဆင့်ခေါ်ခြင်းဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – မိမိ၏နောက်တော်သို့လိုက်လျှောက်ရန်သခင်ယေရှု၏ဆင့်ခေါ်ခြင်းသည် တပည့်တော်တစ်ပါးဖြစ်လာရန် ဆင့်ခေါ်ခြင်းဖြစ်သည်။

ယှဉ်တွဲကြည့်ရှုပုံစံတူခရစ်ဝင်ကျမ်းများ (Synoptic Gospels) တွင်ဂါလိလဲရေအိုင်၌ ပထမဆုံးတပည့်တော်များနှင့်ဤတွေ့ဆုံခြင်းကို ရှေးဦးစွာမှတ်တမ်းတင်ထားသောကြောင့် သခင်ယေရှုသည် အန္ဒြေ၊ ပေတရု၊ ယာကုပ်၊ ယောဟန်တို့ကို ကယ်တင်ခြင်းဆီသို့ဖိတ်ခေါ်ခဲ့သည်ဟု တစ်ခါတစ်ရံယူဆကြသည်။ ထိုအယူအဆရှိယူဆထားချက်မှာ သခင်ယေရှု၏နောက်တော်သို့ လိုက်လျှောက်ခြင်းအားဖြင့် ကယ်တင်ခြင်းကိုရရှိနိုင်သည်ဟူသောအချက်ဖြစ်သည်။ အကြောင်းမှာ၊ ထိုဆင့်ခေါ်ခြင်းသည် ရှင်မဿဲနှင့် ရှင်လုကာတို့၏ရေးသားချက်ရှိ ကိုယ်တော်ရှင်၏ဖိတ်ခေါ်ခြင်းဖြစ်သောကြောင့်ဖြစ်သည်။ နောက်တော်သို့လိုက်လျှောက်ရန် သခင်ယေရှု၏ဆင့်ခေါ်ခြင်းသည် က သမ္မာတရားဖိတ်ခေါ်ခြင်းလား (သို့) ခ သမ္မာတရား ဖိတ်ခေါ်ခြင်းလား။

အပြင်ပန်းအားဖြင့်၊ ကယ်တင်ခြင်းသည် ဖိတ်ခေါ်ခြင်းဖြစ်သည်ဟူသောအချက်ကို ကျွန်ုပ်တို့အလွယ်တကူငြင်းဆိုနိုင်ပါသည်။ အကြောင်းမှာ သခင်ယေရှုက ထိုဖိတ်ခေါ်ခြင်းကို "သင်တို့သည်လူကို မျှားသောတံငါဖြစ်စေခြင်းငှါ ငါပြုမည်" ဟုပြောဆိုခြင်းဖြင့် ရှင်းလင်းထားသောကြောင့်ဖြစ်သည်။ ဤပြောဆိုချက်သည် အခြားသူများကို သခင်ယေရှုခရစ်ထံလမ်းပြပို့ဆောင်ပေးခြင်းဖြစ်သော ဧဝံဂေလိပြုလုပ်ခြင်းအကြောင်းကို ထင်ထင်ရှားရှားပြောပြနေခြင်းဖြစ်သည်။ ဤအရာသည် က သမ္မာတရားဖြစ်ခဲ့လျှင် အခြေခံဆင်ခြင်တွေးခေါ်မှုက ကျွန်ုပ်တို့ကိုဆောင်ယူသွားမည့် အချက်မှာ ကျွန်ုပ်တို့သည် အခြားသူများကိုသခင်ခရစ်တော်ထံသို့ လမ်းပြပို့ဆောင်ပေးခြင်းအမှုတော်ကို ဆောင်ရွက်၍သခင်ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ခြင်းဖြင့်ကယ်တင်ခြင်းသို့ ရောက်ကြရသည်ဟူသောအချက်ဆီသို့ ဖြစ်သည်။။ ဤအရာသည် ကယ်တင်ခြင်းကိုရရှိရန်အတွက် ထူးခြားသောအခြေအနေသတ်မှတ်ချက်တစ်ခုဖြစ်နေခဲ့ပါလိမ့်မည်။ အကြောင်းမှာ ဝိညာဉ်ဖမ်း/အောင်နိုင်သူများ (soul-winners)သာလျှင် ကယ်တင်ခြင်းသို့ရောက်ခဲ့ကြမည်ဖြစ်သောကြောင့်ဖြစ်သည်။ ထို့အပြင်၊ ဤအရာသည် သခင်ခရစ်တော်ထံသို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လမ်းပြပို့ဆောင်ပေးနိုင်ခဲ့ခြင်းမရှိသော ခရစ်ယာန်များအား ၄င်းတို့၏ကယ်တင်ခြင်းကို သံသယဖြစ်နေစေခဲ့ပါလိမ့်မည်။

သို့သော်၊ ဤတွေ့ဆုံခြင်းသည် တပည့်တော်များနှင့် သခင်ယေရှုပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်သည်ဟု ယူဆရန်အကြောင်းပြချက် မရှိပါ။ အကယ်စင်စစ်၊ ယောဟန် ၁း၃၅–၄၂ သည် အန္ဒြေနှင့်ပေတရုတို့ သခင်ယေရှုနှင့် ဤမတိုင်မီ၌ အနည်းဆုံးတွေ့ဆုံခဲ့ကြကြောင်းကို ပြသပေးသည့်ကောင်းမွန်သောသက်သေအထောက်အထားတစ်ခုဖြစ်သည်။ အကြောင်းမှာ၊ ၄င်းကျမ်းချက်သည် သခင်ဘုရားထံ၌ပေတရုပထမဆုံး

အကြိမ် မိတ်ဆက်ခဲ့သောနေရာ ဖြစ်သောကြောင့်ဖြစ်သည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် အန္ဒြေနှင့်ပေတရုတို့သည် သခင်ယေရှုကို ဗတ္တိဇံဆရာ ယောဟန်ဗတ္တိဇံပေးနေသောနေရာဖြစ်သည့် "ယောဒန်မြစ်တစ်ဖက်" တွင်တွေ့ဆုံခဲ့ကြသည်။ ဂါလိလဲရေအိုင်တွင် မဟုတ်ပါ (ယောဟန် ၁း၂၈၊ ၄၃)။ ဧဝံဂလမ်းဧဝံကွက်နှင့် ပတ်ဝန်းကျင်အခြေအနေများကို ကျွန်ုပ်တို့နှိုင်းယှဉ်ကြည့်လျှင်မတူကွဲပြားသောအဖြစ်အပျက်နှစ်ခုကိုမြင်တွေ့ကြရပါသည်။ အလားတူသတ်မှတ်တိုင်းတာမှုအရ လုကာ ၅း၁–၁၁ သည်ရှင်မသဲနှင့် ရှင်မာကုတို့၏ပြောဆိုရေးသားချက်ရှိအဖြစ်အပျက်နှင့်ကွဲပြားနေသောအဖြစ်အပျက်ဖြစ်သည်။ ပင်လယ်ကမ်းခြေ (ရေအိုင်ကမ်းစပ်) ရှိဧဝံဂလမ်းဧဝံကွက်မှာဆင်တူနေကြသော်လည်း လူအုပ်ကြီးက သခင်ယေရှုကိုတိုးဝှေ့နေခဲ့ကြခြင်းကိုကျွန်ုပ်တို့မတွေ့ရပါ။ ကိုယ်တော်သည် တစ်ပါးတည်းရှိနေခဲ့ပါသည်။ ရှင်မဿဲနှင့်ရှင်မာကုတို့၏ပြောဆိုရေးသားချက်တွင် သခင်ယေရှုလမ်းလျှောက်နေခဲ့ပါသည်။ ရပ်မနေခဲ့ပါ။ ထို့အပြင်၊ တံငါသည်များသည် လှေပေါ်တွင်ရှိနေခဲ့ကြပြီး၊ ရေအိုင်ကမ်းစပ်၌မိမိတို့၏ပိုက်ကွန်ကိုဆေးကြောနေသောသူ မရှိပါ။ ထို့အပြင်၊ ရှင်လုကာတစ်ဦးတည်းကသာ ငါးများစွာကိုအံ့ဖွယ်ဖမ်းမိခြင်းအကြောင်းဖော်ပြထားပါသည်။ ဤပုဂ္ဂိုလ်များအားလုံးသည် ဂါလိလဲနယ်မှတံငါသည်များဖြစ်ကြသောကြောင့် ၄င်းတို့သည်သခင်ယေရှုနှင့်လည်းကောင်း၊ သခင်ယေရှု၏ သွန်သင်ချက်များနှင့်လည်းကောင်း တစ်ကြိမ်ထက်ပို၍ဧကန်မုချတွေ့ဆုံကြုံကြိုက်ခဲ့ကြပေလိမ့်မည်။

ဤအသေးစိတ်အချက်အလက်များကို လေ့လာစူးစမ်းခြင်းဖြင့် သခင်ယေရှု၏နောက်တော်သို့လိုက်လျှောက် ရန်ဤဆင့်ခေါ်ခြင်းသည် ခ သမ္မာတရားဖြစ်ကြောင်းကျွန်ုပ်တို့မြင်တွေ့ရသည်။ သခင်ယေရှုသည် မိမိနှင့်တွေ့ဆုံခဲ့ဖူး၍ မိမိကိုအထင်အရှားယုံကြည်နေခဲ့ပြီးသော ဤပုဂ္ဂိုလ်များကို (ယောဟန် ၂း၁၁ ကိုကြည့်ပါ) မိမိ၏တပည့်တော် များဖြစ်လာကြဖို့ ဖိတ်ခေါ်ခဲ့ပါသည်။ ဆိုလိုသည်မှာ၊ ၄င်းတို့သည်မိမိတို့၏အလုပ်၊ မိမိတို့၏ငွေဝင်ပေါက်များကို စွန့်လွှတ်သည်အထိဆက်ကပ်အပ်နှံရန် လိုအပ်သည့်အပြင် မိမိတို့၏မိသားစုများကိုပါ စွန့်လွှတ်ရန်လိုအပ်ခဲ့ပါသည်။ ထိုအရာများကို ၄င်းတို့လုပ်ခဲ့ကြပါသည်။ ကယ်တင်ခြင်းသည်အဖိုးအခမဲ့ဖြစ်သော်လည်း တပည့်တော်ဖြစ်ခြင်းသည် အဖိုးအခကြီးလှပါသည်။

တပည့်တော်ဖြစ်ခြင်းအတွက် ဤဖိတ်ခေါ်မှုကိုလက်ခံခြင်းသည် ဤလောက၌ခရစ်ယာန်များကို ရည်ရွယ်ချက်တစ်ခုပေးပါသည်။ သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံလာရန်အတွက် အခြားသူများကို ကျွန်ုပ်တို့ကူညီပေးကြရမည်ဖြစ်သည်။ မိမိတို့၏ယုံကြည်ချက်ကိုအခြားသူများထံ၌ပြောကြားဝေငှရန်ကြောက်ရွံ့နေသောသူများအတွက် သခင်ယေရှုကကျွန်ုပ်တို့အား လူကိုမျှားသောတံငါများဖြစ်စေမည်ဟူသော ကတိတော်ရှိနေပါသည်။ ဤအရာသည် ကိုယ်တော်ရှင်၏ကတိ

တော်ဖြစ်ပြီး၊ ကျွန်ုပ်တို့လုပ်ဆောင်ဖို့ လိုအပ်သည့်တစ်ခုတည်းသောအရာမှာ နောက်တော်သို့နာခံလိုက်လျောက်ခြင်းဖြစ်သည်။

သင့်မိသားစုကို မုန်းခြင်း (Hating your family)။ မဿဲ ၁၀း၃၇၊ လုကာ ၁၄း၂၆

'အကြင်သူသည် ငါ့ကိုချစ်သည်ထက် မိဘကိုသာ၍ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်မတန် အကြင်သူသည် ငါ့ကိုချစ်သည်ထက် သားသမီးကို သာ၍ချစ်၏၊ ထိုသူသည် ငါနှင့်မထိုက်မတန်။" (မဿဲ ၁၀း ၃၇)

"အကြင်သူသည် ငါ့ထံသို့လာ၍ မိဘ၊ သားမယား၊ ညီအစ်ကို၊ နှမတို့ကိုငင်း၊ ထို့မျှမက မိမိအသက်ကိုငင်းမမုန်း၊ ထိုသူသည် ငါတပည့်မဖြစ်နိုင်ရာ။" (လုကာ ၁၄း၂၆)

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – တစ်ဦးတစ်ယောက်သည် သခင်ယေရှုထက်အခြား သူတစ်ယောက်ယောက်ကိုချစ်မြတ်နိုးရန်မဆိုထား၊ မိမိ၏မိသားစုဝင်တစ်ယောက်ယောက်ကိုပင်ပို၍ချစ်မြတ်နိုးလျှင် ထိုသူသည် ကယ်တင်ခြင်းနှင့်မထိုက်တန်သောကြောင့် ကယ်တင်ခြင်းခံရမည် မဟုတ်ပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်သူတစ်ယောက်သည် သခင်ယေရှုထက် အခြားသူတစ်ယောက်ယောက်ကို ချစ်မြတ်နိုးရန်မဆိုထား၊ မိမိ၏မိသားစုဝင်တစ်ယောက်ယောက်ကို ပင်ပို၍ချစ်မြတ်နိုးလျှင် ထိုသူသည်တပည့်တော်အဖြစ် သခင်ယေရှု၏ မျက်နှာသာပေးအသိအမှတ်ပြုလက်ခံခြင်းနှင့် မထိုက်တန်ပါ။

ရှင်လုကာ၏ စကားလုံးရွေးချယ်သုံးနှုန်းထားပုံက ညွှန်ပြနေနိုင်သည့်အတိုင်း ကျွန်ုပ်တို့၏မိသားစုဝင်များအား မုန်းတီးခြင်းကို သခင်ယေရှုလုံးလုံးထောက်ခံအားပေးခဲ့လိမ့်မည်မဟုတ်ပါ။ ရှင်လုကာ၏ဆိုပုံကို ရှင်မဿဲက အထောက်အကူဖြစ်စွာရှင်းလင်းစေခဲ့သည်။ "မုန်းသည်" ဟူသောစကားကို ပထမရာစုကာလတွင် လူအများနှင့်ရင်းနှီးမှုရှိသော စကားအလင်္ကာ (တင်စားမှု)တစ်ခုအဖြစ်နှင့်အသုံးပြုခဲ့ပြီး အဓိပ္ပါယ်မှာ "ထက်လျော့၍ချစ်သည်"ဟူ၍ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ သခင်ယေရှုကမိမိ၏တပည့်တော်ဖြစ်လာရန်တစ်ဦးတစ်ယောက်သည် အခြားမည်သူထက်မဆိုမိမိကိုချစ်မြတ်နိုးရမည်ဟု ပြောနေခြင်းဖြစ်သည်။ ရေးသားပြောဆိုချက်နှစ်ခုကို ကျွန်ုပ်တို့နှိုင်းယှဉ်ကြည့်သောအခါ ရှင်မဿဲရှိ သခင်ခရစ်တော်နှင့်ထိုက်တန်ခြင်းသည် ရှင်လုကာ

၏ စကားလုံးအသုံးအနှုန်းရှိ တပည့်တော်တစ်ပါးဖြစ်ခြင်း (သို့) သခင်ခရစ်တော်၏ တပည့်တော်တစ်ပါးအဖြစ်ခေါ်ဆိုရန် ထိုက်တန်ခြင်းနှင့် ညီမျှသည်။ ဤနေရာ၌ပြောဆိုထားသော ထိုက်တန်မှုရှိခြင်းသည် သခင်ခရစ်တော်၏ ဖြောင့်မတ်ခြင်းနှင့်ပတ်သက်၍ ပြောဆိုထားခြင်းမဟုတ်ပါ။ ၄င်းသည်မိမိ၏ တပည့်တော်တစ်ပါးအတွက် ကိုယ်တော်ရှင်၏ နှစ်သက်ထောက်ခံမှုပြသောအသိအမှတ်ပြုခြင်းကို ရည်ညွှန်းသည်။ အသိအမှတ်ပြုထိုက်သောတပည့်တော်တစ်ပါးဖြစ်လာရန်အတွက် အခြေအနေသတ်မှတ်ချက်မှာ တစ်ဦးတစ်ယောက်သည်လူအချင်းချင်းနှင့်ဆိုင်သော အခြားဆက်ဆံရေးများအပြင်မိသားစုဝင်များနှင့်ဆက်ဆံရေးထက် သခင်ယေရှုခရစ်ထံ၌ လုံးလုံးလျားလျားပေးအပ်မြှုပ်နှံထားရမည်ဟူ၍ဖြစ်သည်။

ရှင်မဿဲ၏ ပြောဆိုရေးသားချက်တွင် ကျမ်းစကားအဆက်အစပ်က ကျွန်ုပ်တို့ကို ကူညီပံ့ပိုးပေးပါသည်။ အကြောင်းမှာ၊ သခင်ယေရှုသည် မိမိ၏ တပည့်တော်များကို တရားဒေသနာဟောပြောရန်စေလွှတ်ရာ၌ ၄င်းတို့ဟောပြောသောတရားဒေသနာနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာမည့်တုန့်ပြန်ချက်အမျိုးမျိုးအတွက် မိမိ၏ တပည့်တော်များကို ကြိုတင်ပြင်ဆင်နေသောကြောင့်ဖြစ်သည် (မဿဲ ၁၀း၅–၇)။ လူအချို့က ဧဝံဂေလိတရားတော်ကို ကောင်းမွန်စွာတုန့်ပြန်ကြသည်နှင့်အမျှ ထိုအရာသည်၄င်းတို့ကို မိသားစုဝင်များနှင့်ပင် သဘောထားကွဲလွဲစေခဲ့ပါလိမ့်မည်။ သခင်ယေရှုဘက်၌နေရန် ရွေးချယ်ခြင်းသည် မိသားစုပဋိပက္ခများကို ဖိတ်ခေါ်နေပါသည် (မဿဲ ၁၀း၃၄–၃၆)။

ဤအရာကို တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ် ကျွန်ုပ်တို့သဘောပေါက် နားလည်ထားလျှင် ၄င်းသည် ခ သမ္မာတရားဖြစ်သည်။ ဤအရာ က သမ္မာတရားဖြစ်ဖို့ဆိုလျှင် မယုံကြည်သူတစ်ယောက်သည် သခင်ယေရှုခရစ်ကို အခြားသူများအားလုံးထက် လိုလိုလားလားချစ်မြတ်နိုးရန်အတွက် ကိုယ်တော်ရှင်၏ အကြောင်းကို အတော်အတန်သိရှိထားဖို့ လိုအပ်ခဲ့ပါလိမ့်မည်။ ထို့နောက်မှသာ ထိုသူသည်ကယ်တင်ခြင်းသို့ရောက်ရှိ နိုင်ခဲ့ပါလိမ့်မည်။ သို့သော်၊ ထိုအချက်သည် သမ္မာကျမ်းစာရှိ စီစဉ်သွားလာပုံဖြစ်သည့် “ဘုရားသခင်သည် ငါတို့ကို ရှေးဦးစွာချစ်တော်မူသောကြောင့်၊ ငါတို့သည်ဘုရားသခင်ကို ချစ်ကြ၏” (၁ယော ၄း၁၉) ဟူသောအချက်ကို ပြောင်းပြန်ဖြစ်စေပါသည်။ ကယ်တင်ခြင်းကြုံတွေ့ခံစားခြင်းတွင် မယုံကြည်သူတစ်ယောက်သည် သခင်ယေရှုခရစ်၏ ချစ်ခြင်း မေတ္တာကိုရှေးဦးစွာကြုံတွေ့ခံစားရခြင်းမရှိဘဲ ကိုယ်တော်ကို လုံးလုံးလျားလျားပေးအပ်မြှုပ်နှံခြင်းနှင့်ချစ်ခြင်းတို့ဖြင့်တုန့်ပြန်ရန် ကျွန်ုပ်တို့မည်သို့မျှော်လင့်နိုင်မည်နည်း။

အမေရိကန်နိုင်ငံတွင် များများစားစားမရှိသော်လည်း အခြားနိုင်ငံများတွင်မိသားစုဝင်များ၏ ကြဉ်ထားခြင်း (သို့) စွန့်လွှတ်ခြင်းခံရမည်ကို သိနေခဲ့ကြသော်လည်း သခင်ယေရှုခရစ်နှင့် တသားတစ်ကိုယ်တည်းဖြစ်သည်ဟုခံယူထားသူများ၏ အံ့ဖွယ်

ဥပမာများကို ကျွန်ုပ်မြင်တွေ့ခဲ့ရပါသည်။ တစ်ကြိမ်တွင် ကျွန်ုပ်သည်ခရစ်ယာန်မိတ်ဆွေလည်းဖြစ်၊ အသင်းတော်မှအသင်းဝင်တစ်ယောက်လည်းဖြစ်သောသူ၏အများတကာရှေ့၌မသိကျိုးကျွန်ပြုခြင်းကို ခံခဲ့ရသည်။ အကြောင်းမှာ သူမသည်ထိုအချိန်တွင် သခင်ခရစ်တော်၌ သူမယုံကြည်သက်ဝင်လာခြင်းကို သဘောမတူသော မိခင်ဖြစ်သူနှင့် အတူရှိနေခဲ့သောကြောင့်ဖြစ်သည်။ သူမသည်သခင်ခရစ်တော်နှင့် သူမ၏ဆက်ဆံရင်းနှီးမှုကို သူမ၏မိခင်ဖြစ်သူနှင့်သူမ၏ဆက်ဆံရင်းနှီးမှု၏အထက်တွင်မထားရှိခဲ့ပါ။ ဤအရာသည် သူမကယ်တင်ခြင်းသို့မရောက်ခဲ့ဟု ဆိုလိုပါသလား။ မဆိုလိုပါ။ ကျွန်ုပ်သိနိုင်ခဲ့သ၍ပြောရလျှင် သူမသည်ကယ်တင်ခြင်းခံခဲ့ရသော်လည်း သူမသည် တပည့်တော်တစ်ပါးသိပ်မဖြစ်ခဲ့သေးခြင်းသာဖြစ်သည်။

သခင်ယေရှုကို ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ်လည်းကောင်း၊ အရှင်သခင်အဖြစ်လည်းကောင်းသိကျွမ်းလက်ခံထားကြသောကျွန်ုပ်တို့သည် ဤကမ္ဘာပေါ်ရှိအခြားအရာများအားလုံးထက် ကိုယ်တော်ရှင်ထံ၌လုံးလုံးလျားလျားပေးအပ်မြှုပ်နှံထားကြရပါမည်။ ကိုယ်တော်သည် မိမိ၏အသက်ကိုပင်ကျွန်ုပ်တို့အတွက်ပေးဆပ်ခဲ့ချိန်တွင် ကျွန်ုပ်တို့ အနေဖြင့် ထိုထက်လျှော့၍မည်သို့ပြုမူနိုင်ကြပါသနည်း။ အံ့အားသင့်ဖွယ်သမ္မာတရားမှာ သခင်ယေရှုခရစ်ကို ကျွန်ုပ် တို့ပို၍ချစ်မြတ်နိုးလေလေကျွန်ုပ်တို့၏မိသားစုဝင်များနှင့် အခြားသူများကို ကျွန်ုပ်တို့ပို၍ချစ်လာလေလေဖြစ်ကြ ပါလိမ့်မည်။ အမှန်ဆိုရလျှင်သခင်ယေရှုသည် ၄င်းတို့ကိုလည်းချစ်မြတ်နိုး၍ ၄င်းတို့အတွက်လည်းအသေခံခဲ့ပါသည်။

ကိုယ်တော်ရှင်၏ ထမ်းပိုးကိုထမ်း၍သင်ယူခြင်း (Taking His yoke and learning)။ မဿဲ ၁၁း၂၈–၃၀

> *"ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်။ ငါ့ထမ်းဘိုးကိုတင်၍ ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည်နှုးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းဘိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏ဟုမိန့်တော်မူ၏။"*
>
> က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုထံသို့လာ၍၊ ကိုယ်တော်ရှင်၏ထမ်းပိုးကိုထမ်းကာ၊ ကိုယ်တော်ရှင်ထံ၌သင်ယူနည်းခံရန်ဖိတ်ခေါ်ခြင်းသည် ခရစ်ယာန်တစ်ယောက်ဖြစ်လာရန်ဖိတ်ခေါ်ခြင်းဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှု ထံသို့လာရန် ဖိတ်ခေါ်ခြင်းသည် ကယ်တင်ခြင်းဆီသို့ ဖိတ်ခေါ်ခြင်းဖြစ်သော်လည်း၊ ကိုယ်တော်ရှင်၏ထမ်းပိုးကိုထမ်း၍၊ ကိုယ်တော်ရှင်ထံမှသင်ယူနည်းခံရန်ဖိတ်ခေါ်ခြင်းသည် တပည့်တော်ဖြစ်ခြင်းဆီသို့ဖိတ်ခေါ်ခြင်းဖြစ်သည်။

ဤကျမ်းချက်သည် သခင်ခရစ်တော်၏ထမ်းပိုးကိုထမ်း၍ အထံတော်မှသင်ယူနည်းခံရန်ဟူသော ၄င်း၏ဖိတ်ခေါ်မှုတွင် တပည့်တော်ဖြစ်ခြင်းနှင့်ဆိုင်သောသမ္မာတရားကိုတိကျပြတ်သားစွာသွန်သင်ပေးနေပါသည်။ အမှန်စင်စစ် *တပည့်တော်*ဆိုသည်မှာ *သင်ယူနည်းခံသူ*ဟုအခြေခံအားဖြင့်ဆိုလိုပါသည်။ သို့သော်လည်း၊ ဤဖိတ်ခေါ်မှုတွင် အဆင့်တစ်ခုမှ အခြားအဆင့်တစ်ခုသို့တက်လှမ်းရွေ့လျားမှုတစ်ခုကို ကျွန်ုပ်တို့သတိပြုမိပါသည်။ ထိုအရာမှာ လာပါ...ထမ်းပါ...သင်ယူနည်းခံပါ ဟူ၍ဖြစ်သည်။ တစ်ဦးတစ်ယောက်သည် "ထမ်း၍" "သင်ယူနည်းခံခြင်း" မပြုလုပ်နိုင်မီတွင် "လာ" ရမည်ဖြစ်သည်။ သခင်ယေရှု "ထံသို့လာလော့" (come to) ဟူသောဖိတ်ခေါ်ခြင်းသည် ကယ်တင်ရှင်အဖြစ်နှင့် ကိုယ်တော်ရှင်ထံသို့ရောက်လာရန်ဖိတ်ခေါ်မှုတစ်ခုအဖြစ်အခြားနေရာများတွင် အသုံးပြုထား သည်။ တနည်းအားဖြင့်ဆိုရလျှင်၊ ၄င်းသည် က သမ္မာတရားဖိတ်ခေါ်ခြင်းဖြစ်ပြီး (ယောဟန် ၅း၄၀၊ ၆း၃၅၊ ၃၇၊ ၄၄၊ ၆၅၊ ၇း၃၇)၊ ခ သမ္မာတရားဖိတ်ခေါ်မှုဖြစ်သည့် "နောက်သို့လိုက်လော့" (come after) နှင့်ကွဲပြားခြားနားသည် ("နောက်သို့လိုက်လော့"ကိုနောက်လာမည့်အပိုဒ်တွင်ကျွန်ုပ်တို့ဆွေးနွေးသွားကြမည်ဖြစ်သည်)။

သခင်ယေရှုသည် ကွသရေလမြို့များက မိမိအားငြင်းပယ်ခဲ့ကြသည်ကို အသိအမှတ်ပြုပြီးနောက်တွင် ဤစကားလုံးများကိုပြောခဲ့သည် (မဿဲ ၁၁း၂၀–၂၄)။ ယေဘုယျအားဖြင့်ဆိုလျှင်၊ ကွသရေလလူမျိုးတို့သည် ဖာရိရှဲတို့၏စိုးမိုးခြယ်လှယ်မှုအောက်၌လည်းကောင်း၊ မောရှေ၏ပညတ်တရားကို ၄င်းတို့၏တင်းကျပ်သောအနက်ဖွင့်ပြန်ဆိုချက်အောက်၌လည်းကောင်းရှိနေခဲ့ကြပါသည်။ ဤအရာသည် လုပ်ဆောင်မှုကိုအခြေပြုသော အခြားစနစ်များနည်း တူကယ်တင်ခြင်းကို ရယူရန်မဖြစ်နိုင်သောအရာအဖြစ် ဖန်တီးခဲ့ပါသည်။ ပညတ်တရားကို ကျင့်ကြံစောင့်ထိန်းရမည်ဟု ပြောသောသူများကို ဆန့်ကျင်၍ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်ခြင်းကို ရှင်ပေတရုခုခံကာကွယ်ခဲ့ရာတွင် ဤအချက်ကိုအတည်ပြုခဲ့သည်။

> *"သို့ဖြစ်လျှင်၊ ငါတို့နှင့်ငါတို့ဘိုးဘေးများမထမ်းနိုင်သောထမ်းပိုးကို တပည့်တော်တို့၏လည်ပင်းပေါ်၌တင်စေခြင်းငှါအဘယ်ကြောင့်ဘုရားသခင်ကို စုံစမ်းကြသနည်း။ သခင်ယေရှု၏ကျေးဇူးတော်အားဖြင့်သာထိုသူတို့သည်ကယ်တင်တော်မူခြင်းသို့ ရောက်သည်နည်းတူ၊ ငါတို့သည်*

လည်းရောက်ရမည်ကိုငါတို့သည်ယုံကြ၏ဟုပေတရုပြောဆို၏။"
(တမန်တော် ၁၅း၁၀–၁၁)

သခင်ယေရှု၏ ဖိတ်ခေါ်ခြင်းသည် လူမျိုးတို့၏ငြင်းပယ်ခြင်းကို အသိအမှတ်ပြုထားသော်လည်း၊ ထိုသို့ခေါ်ဖိတ်ခြင်းသည် လူမျိုးများထဲမှ ယုဒလူတစ်ဦးချင်းကို ကယ်တင်ခြင်းအတွက်ကိုယ်တော်ထံသို့လာကြရန်ဖိတ်ခေါ်ခဲ့ပါသည်။ ကိုယ်တော်ရှင်၏ကျေးဇူးတော်အားဖြင့်ဖြစ်တည်သော ကယ်တင်ခြင်း၌သာ သူတို့သည် မိမိတို့၏ဝိညာဉ်အတွက်ဖာရိရှဲများပြုလုပ်ထားသော ပညတ်တရား၏အောက်၌ လုံးလုံးမရရှိနိုင်မည့်သက်သာခြင်းကိုရှာတွေ့နိုင်ကြပါလိမ့်မည်။

ကယ်တင်ခြင်းအတွက် သခင်ခရစ်တော်ထံရောက်ရှိလာပြီးနောက်တွင် တစ်ဦးချင်းစီသည် သခင်ယေရှု၏ ထမ်းပိုးကိုတင်ထမ်းရန် ဖိတ်ခေါ်ခံရပါသည်။ ထိုအရာသည် လယ်ထွန်ရန်အတွက်နွားပေါ်၌ ချည်နှောင်ထားသောထမ်းပိုးတစ်ခု၏ပုံရိပ်ကို အမှတ်ရစေပါသည်။ ဤအချက်သည် တင်ထမ်းရန်မဖြစ်နိုင်သောမောရှေ၏ပညတ်တရားနှင့်လည်းကောင်း၊ ကျမ်းပြုဆရာများနှင့် ဖာရိရှဲများက မိမိတို့၏နောက်လိုက်များအပေါ်၌တင်စီးပြဋ္ဌာန်းထားသည့် ယုဒဘာသာရေးဆရာများက ဖန်တီးထားသော မောရှေပညတ်တရားအနက်ဖွင့်ပြန်ဆိုချက်များနှင့်လည်းကောင်း ဆန့်ကျင်ကွဲလွဲနေမှုကိုပြရန် ရည်ရွယ်ခဲ့ကြောင်းမှာ ထင်ရှားသည်။ တစ်ဦးတစ်ယောက်သည် ကယ်တင်ခြင်းအတွက် သခင်ခရစ်တော်ထံလာရောက်ပြီးနောက်တွင်သူ(သို့) သူမသည် သခင်ယေရှုခရစ်၏ချစ်ခြင်းမေတ္တာနှင့်ကျေးဇူးတော်၌ မည်သို့ကျင်လည်လျှောက်လှမ်းရမည်ကို သင်ယူနိုင်မည်ဖြစ်သည်။ တပည့်တော်ဖြစ်ခြင်းအတွက်ပြဋ္ဌာန်းချက်များသည်တင်းကြပ်သော်လည်း၊ ၄င်းတို့သည်တစ်ချိန်တည်းတွင် "လွယ်ကူ" ၍ "ပေါ့ပါး" ကြသည်။ အကြောင်းမှာ သခင်ယေရှုခရစ်၌တည်သောအသက်တာသည် ပညတ်တရားကိုဖာရိရှဲတို့၏အနက်ဖွင့်ပြန်ဆိုချက်အောက်၌ရှိနေသော အသက်တာထက်ပို၍ရိုးရှင်းသောကြောင့်ဖြစ်သည်။ ထို့အပြင်၊ ကယ်တင်ခြင်းကိုပေးသနားသောကျေးဇူးတော်သည် သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူခြင်းအားဖြင့် ဖြောင့်မတ်စွာရှင်သန်ရန်အတွက်တန်ခိုးအစွမ်းကိုလည်း ပေးပါသည် (နှိုင်းယှဉ်၊ ရောမ ၈း၃–၄)။ သခင်ယေရှုနှင့်အတူ ထမ်းပိုးကိုထမ်းလိုက်ပါ။ ဝန်ထုပ်ပေါ့သွားပါလိမ့်မည်။

ဧဝံဂေလိတရား ရှင်းလင်းပြတ်သားနေဖို့အလို့ငှါ ကယ်တင်ခြင်းနှင့်တပည့်တော်ဖြစ်ခြင်းတို့ကို ကျွန်ုပ်တို့ခွဲခြားသိမြင်ဖို့လိုအပ်သကဲ့သို့ သခင်ယေရှုသည် ၄င်းတို့နှစ်ရပ်လုံးအားအလိုရှိကြောင်းကိုလည်းကောင်း၊ တစ်ခါတစ်ရံထိုနှစ်ရပ်လုံးဆီသို့လူတို့ကိုဖိတ်ခေါ်သော်လည်း ဤကျမ်းချက်၌ဖော်ပြထားသည့်အတိုင်း သင့်တင့်လျောက်ပတ်သည့်အစဉ်အတိုင်းသာ အမြဲဖိတ်ခေါ်ကြောင်းကိုလည်းကောင်း အသိအမှတ်ပြုကြရမည်ဖြစ်သည်။

ဧဝံဂေလိတရားကို လူများထံ၌ကျွန်ုပ်တို့ဟောပြောဝေငှသောအခါ ထိုသူတို့ထံ၌သခင်ယေရှုသည် အသစ် သောမွေးဖွားခြင်းကိုသာပေးသည်မဟုတ်၊ အသစ်သော အသက်တာကိုလည်းပေးကြောင်းကို ဖော်ပြခြင်းသည် သင့်တင့်သောအရာဖြစ်သည်။ ကျွန်ုပ်တို့ကယ်တင်ခြင်းသို့ရောက်ပြီးနောက်တွင်လည်း ကိုယ်တော်ထံ၌မြောက်များစွာသင်ယူ နည်းခံဖို့ရှိနေပါသည်။

သခင်ယေရှု၏နောက်တော်သို့ လိုက်လျှောက်ခြင်း (Following Jesus)။ မဿဲ ၁၀း၃၈၊ ၁၆း၂၄ (နှိုင်းယှဉ်၊ မာကု ၈း၃၄၊ လုကာ ၉း၂၃၊ ၁၄း၂၇)

> *"အကြင်သူသည်မိမိလက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့မလိုက်၊ ထိုသူသည် ငါနှင့်မထိုက်မတန်။" (မဿဲ ၁၀း၃၈)*

> *"ထိုအခါယေရှုက၊ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင်ကိုယ်ကို ကိုယ်ငြင်း ပယ်ရမည်။ ကိုယ်လက်ဝါး ကပ်တိုင်ကိုထမ်း၍ ငါ့နောက် သို့လိုက်ရမည်။" (မဿဲ ၁၆း၂၄)*

 က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှု၏ "နောက်သို့လိုက်သည်" (သို့) "ဆည်းကပ်သည်" ဟူသောစကားသည် ခရစ်ယာန်တစ်ဦးဖြစ်လာခြင်းကို ရည်ညွှန်းသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှု၏ "နောက်သို့လိုက်သည်" (သို့) "ဆည်းကပ်သည်" ဟူသောစကားသည် တပည့်တော်တစ်ပါးဖြစ်လာခြင်းကိုရည်ညွှန်းသည်။

တပည့်တော်တစ်ပါးဖြစ်လာခြင်းနှင့်သက်ဆိုင်သော သခင်ယေရှု၏ဤထုတ်ဖော်ပြောဆိုချက်များသည်တူနေကြသောကြောင့် ၄င်းတို့ကိုကျွန်ုပ်တို့အတူတကွကြည့်ရှုလေ့လာသွားမည်ဖြစ်သည်။ သခင်ယေရှုသည် လူအပေါင်းတို့ကို (လူအုပ်ကြီးကို) လိပ်မူပြောဆိုနေခဲ့ချိန်တွင် တပည့်တော်များလည်းအမြဲရှိနေခဲ့ကြောင်းကို ကျွန်ုပ်တို့သတိပြု မိခဲ့ကြပြီးဖြစ်သည် (မဿဲ ၁၀း၁–၁၁း၁ တွင်တပည့်တော်များသာ သီးသန့်ရှိနေကြသည်)။ ဤအချိန်အခါတွင်တပည့်တော်များသည် ယုံကြည်သူများဖြစ်နေခဲ့ပြီးဖြစ်သကဲ့သို့ (ယောဟန် ၂း၁၁)၊ လူအုပ်ကြီးထဲမှလည်း လူအမြောက်အများသည် ယုံကြည်သူများသေချာသလောက်ဖြစ်နေနိုင်ခဲ့ကြသောကြောင့် ဤအခြေအနေသတ်

မှတ်ချက်များသည် ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်များကို လိပ်မူပြောဆိုနေခြင်းမဟုတ်ဘဲ၊ တပည့်တော်တစ်ပါး၏ဆက်ကက်အပ်နှံမှုကိုလိပ်မူပြောဆိုနေခြင်းဖြစ်သည်ဟု သံသယရှိသင့်သည်။

သခင်ယေရှု၏ဖိတ်ခေါ်ခြင်းသည် "ငါ့နောက်သို့လိုက်လော့" ဟူ၍ဖြစ်သည်။ မဿဲ ၁၁း၂၈ ရှိ "ငါ့ထံသို့ လာလော့" ဟူ၍ မဟုတ်ပါ (ကနဦးဆွေးနွေးချက်ကိုကြည့်ပါ)။ သခင်ယေရှု၏ *နောက်သို့လိုက်ခြင်း* (သို့) *ဆည်းကပ်ခြင်း* သည်တပည့်တော်ဖြစ်ခြင်းနှင့်သက်ဆိုင်သော စကားအသုံးအနှုန်းဖြစ်သည်။ ၄င်းသည်ကိုယ်တော်ရှင်ထံ၌ဆက်ကပ်အပ်နှံထားသောအသက်တာတစ်ခုအကြောင်းကိုပြောနေပြနေပြီး၊ ၄င်းသည် ကယ်တင်ခြင်းအတွက် ကိုယ်တော်ရှင်ထံသို့လာရောက်ခြင်းနှင့်ကွဲပြားပါသည်။ ဤအခြေအနေသတ်မှတ်ချက်တစ်ခုစီ၏သွယ်ဝိုက်ပြောဆိုချက်များကို ကျွန်ုပ်တို့သဘောပေါက်နားလည်သောအချိန်တွင် ၄င်းတို့သည် ခ သမ္မာတရားအုပ်စု၌ ရှိနေကြကြောင်းပို၍ ထင်ရှားသိသာလာသည်။

မဿဲ ၁၆း၂၄ ၌ ပထမဖော်ပြထားသောအခြေအနေသတ်မှတ်ချက်မှာ (မာကု ၈း၃၄ နှင့် လုကာ ၉း၂၃တွင် လည်းရှိသည်) လူတစ်ဦးတစ်ယောက်က "ကိုယ်ကိုယ်ကို ငြင်းပယ်ရမည်"ဟူ၍ဖြစ်သည်။ ခါတိုင်းလိုပင်၊ ကျမ်းစကားအဆက်အစပ်က ကျွန်ုပ်တို့အားဤအရာ၏ဆိုလိုရင်းကို ထိုးထွင်းသိမြင်စေပါသည်။ မဿဲ နှင့် မာကုတို့တွင် သခင်ယေရှုကမိမိသည်ဆင်ရဲခြင်းဒုက္ခကိုခံ၍အသေခံရမည့်အကြောင်းကို ကြိုတင်ပြောပြနေခဲ့ပါသည်။ မည်သူမျှ အသေမခံချင်ပါ။ သခင်ယေရှုကိုယ်တိုင်ကလည်း အသေမခံချင်ပါ (လုကာ ၂၂း၄၂)။ သို့သော်၊ ကိုယ်တော်သည် အသေခံခြင်းဆီသို့ကျိုးကျိုးနှဲနှဲဖြင့်သွားခဲ့ပါသည်။ အကြောင်းမှာ၊ ထိုအရာသည်ကိုယ်တော်ရှင်အတွက် ထားရှိသောခမည်းတော်ဘုရား၏အလိုတော်ဖြစ်သောကြောင့်ဖြစ်သည်။ ကိုယ့်ကိုယ်ကိုငြင်းပယ်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့အတွက်ထားရှိသော ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ဖို့ရန်အတွက် ကျွန်ုပ်တို့၏စိတ်ဆန္ဒများ (အကောင်းနှင့်အဆိုး)ကိုငြင်းပယ်ခြင်းဖြစ်သည်။ ထိုအရာသည် ဘုရားသခင်၏အလိုတော်မှာမည်သည့်အရာဖြစ်ကြောင်းကို ကျွန်ုပ်တို့သဘောပေါက်နားလည်လာသည်နှင့်အမျှ ကျွန်ုပ်တို့ပြုလုပ်သောဆုံးဖြတ်ချက်တစ်ခုဖြစ်သည်။ ဘုရားသခင်၏အလိုတော်သည် မည်သည့်အရာဖြစ်သည်ကို ကယ်တင်ခြင်းမခံရသောသူကအမှန်မသိရှိပါ။ ထို့ကြောင့် ဤအရာသည်ခရစ်ယာန်အသက်တာနှင့်စပ်ဆိုင်သော ခ သမ္မာတရားဖြစ်သည်မှာ ရှင်းလင်းထင်ရှားနေပါသည်။

ဤကျမ်းချက်နှစ်ချက်အပြင်၊ မာကု ၁၀း၃၈ နှင့် လုကာ ၁၄း၂၇ ၌ဖော်ပြထားသည့်ဒုတိယအခြေအနေသတ်မှတ်ချက်မှာ တစ်ဦးတစ်ယောက်သည် "ကိုယ့်လက်ဝါးကပ်တိုင်ကိုထမ်း" ရမည်ဖြစ်သည်။ ဤအခြေအနေ သတ်မှတ်ချက်ကို သခင်ယေရှုပေးထားသည့် ကျမ်းစကားအဆက်အစပ်၌ သခင်ယေရှုကိုယ်တိုင်၏ ဆင်းရဲဒုက္ခခံခြင်း

နှင့် အသေခံခြင်းတို့က နောက်ခံအခြေအနေအဖြစ်နှင့်ရှိနေကြပါသည်။ ဤအချင်းအရာ၏အဓိပ္ပါယ်ဆိုလိုရင်းကို တပည့်တော်များနှင့် လူအုပ်ကြီးကနားမလည်ဘဲရှိခဲ့ကြမည်မဟုတ်သည်မှာ သေချာသည်။ သခင်ယေရှုသည် ဆင်းရဲဒုက္ခခံခြင်းနှင့်အသေခံခြင်းကိုလိုလိုလားလားရှိနေခြင်းအကြောင်းကို ပြောပြနေပြီး၊ အခြားသူများကိုလည်း မိမိ၏တပည့်တော်များဖြစ်လာကြဖို့ အလားတူပြုလုပ်ကြရန် ဖိတ်ခေါ်နေပါသည်။ ကိုယ်တော်ရှင်ထုတ်ဖော်ပြောဆိုချက်၏ စိတ်လှုပ်ရှားခံစားမှုနှင့်ဆိုင်သောသက်ရောက်မှုကို ကျွန်ုပ်တို့၏ခေတ်သစ်ရသခံစားနိုင်စွမ်းကမခံစားနိုင်ပါ။ လူအုပ်ကြီးက "လက်ဝါးကားတိုင်" ဟူသောစကားလုံးကိုကြားရချိန်တွင် သစ်သားဖြင့်ပြုလုပ်ထားပြီး လူမြင်ကွင်းရှေ့၌နေ၊ လေ၊ မိုးတို့မှ အကွယ်အကာမဲ့လျက် အကန့်လန့်တန်းများပေါ်တွင် ကျူးကျော်သိမ်းပိုက်သူရောမများ၏ကားစင်တင်၍ ကွပ်မျက်ခြင်း(သို့) လက်ဘေးဝဲယာ၌ အပြစ်ကျူးလွန်သူများနှင့်အတူစီတန်းထားပြီး၊ အရှက်တကွဲအကျိုးနည်းဖွယ်သေခြင်းဖြင့် ဖြည်းဖြည်းခြင်းသေဆုံးရခြင်းဟူသောအတွေးဦးပင် အလွန်ထိတ်လန့်တုန်လှုပ်သွားခဲ့ကြမည်မှာ သေချာသည်။ ထိုခေတ်ကာလတွင် ကားစင်တင်ကွပ်မျက်ခြင်းသည် အရက်စက်ဆုံးသေခြင်းမျိုးဖြစ်ပြီး၊ ၄င်းတွင် လူမှုရေး၊ ဘာသာရေးနှင့်ဆိုင်သည့် ဆိုးဝါးမှုကိုဖော်ပြသောအမှတ်အသားလည်းပါဝင်ခဲ့သည် (ဘုရားသခင်၏ကျိန်ခြင်းစသည်ဖြင့် – တရားဟောရာ ၂၁း၂၃)။

မိမိ၏ကားတိုင်ကို သယ်ယူခြင်းသည် တပည့်တော်ဖြစ်ခြင်းအတွက်အခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ် အလွန်တင်းကျပ်နေပြီဖြစ်သော်လည်း လုကာ ၉း၂၁က ထိုသယ်ယူခြင်းကို "နေ့စဉ်" ပြုလုပ်ရမည်ဟု ထပ်လောင်းပြောဆိုထားသည်။ ဆိုလိုသည်မှာ သခင်ယေရှုသည် တစ်ဦးတစ်ယောက်၏ ရုပ်ခန္ဓာနှင့်ဆိုင်သော သေခြင်းကိုသာပြောကြားနေသည် မဟုတ်၊ သခင်ယေရှုခရစ်နှင့် တစ်လုံးတဝတည်းဖြစ်ခြင်းအတွက် ဆင်းရဲဒုက္ခခံရန် နေ့စဉ်လိုလိုလားလားရှိနေခြင်းကိုလည်း ပြောပြနေပါသည်။ ဤအရာသည် က သမ္မာတရားအဘယ်ကြောင့် မဖြစ်နိုင်သည်ကို ယခုကျွန်ုပ်တို့ ရှင်းရှင်းလင်းလင်းမြင်တွေ့ကြရပါသည်။ သခင်ယေရှုခရစ်အတွက် ဆင်းရဲဒုက္ခခံရန်လည်းကောင်း၊ အသေခံရန်လည်းကောင်း နေ့စဉ်ဆက်ကပ်အပ်နှံမှုကိုတောင်းဆိုပြဋ္ဌာန်းထားလျှင် တစ်ဦးတစ်ယောက်သည် ကယ်တင်ခြင်းသို့မည်သို့ရောက်နိုင်မည်နည်း။ ထို့အပြင်၊ ကယ်တင်ခြင်းမခံရသေးသောသူတစ်ယောက်သည် သခင်ခရစ်တော်အတွက်ဆင်းရဲဒုက္ခခံခြင်းကိုဖြစ်စေသောအရာအား မည်သို့သဘောပေါက်နားလည်ပါမည်နည်း။ ထို့အပြင်၊ သခင်ယေရှုက ကျွန်ုပ်တို့အတွက်အသေခံခဲ့သောကြောင့်သာ ကယ်တင်ခြင်းမှာဖြစ်နိုင်ချေရှိနေရခြင်းဖြစ်သည်။ ကျွန်ုပ်တို့က သခင်ခရစ်တော်အတွက်အသေခံခြင်းကြောင့်မဟုတ်ပါ။

ဤကျမ်းချက်များရှိ တတိယမြောက်အခြေအနေသတ်မှတ်ချက်မှာ "ငါ့နောက်သို့လိုက်လော့" ဟူ၍ဖြစ်သည်။ တစ်ဖန်၊ ဂါလိလဲရေအိုင်၌ ပေတရု၊ အန္ဒြေ၊ ယာကုပ်၊

ယောဟန် တို့ငါးဖမ်းနေစဉ်တွင် သခင်ယေရှုက ၄င်းတို့ကို ဆင့်ခေါ်ခဲ့သည့်နည်းတူ၊ သခင်ယေရှုသည်လူများကို တပည့်တော်များ (သို့) သင်ယူနည်းခံသူများအဖြစ် မိမိ၏နောက် တော်သို့လိုက်ကြရန် ဖိတ်ခေါ်နေခြင်းဖြစ်သည်။ သာမန်အားဖြင့်၊ ပထမရာစုနှစ်ရှိယုဒတပည့်တစ်ယောက်သည် ၄င်း၏ဆရာဖြစ်သူ၏နောက်သို့အမှန်တကယ်လိုက်လျောက်၍အတူနေ၊ အတူစား၊ အတူသင်ယူလေ့လာကြပါသည်။ ဆိုလိုသည်မှာ သခင် (သို့) ဆရာဖြစ်သူ၏အကြံအစည်နှင့် ရည်မှန်းချက်ပန်းတိုင်များအတွက် မိမိ၏အကြံအစည်နှင့် ရည်မှန်းချက်ပန်းတိုင်များကို စွန့်လွှတ်ခြင်းဖြစ်သည်။ ဤအချင်းအရာသည် တစ်ကြိမ်တစ်ခါသာဖြစ်သောအဖြစ်အပျက်မဟုတ်၊ ဆက်လက်ဖြစ် ပျက်နေသောဖြစ်စဉ်တစ်ခုဖြစ်သောကြောင့် ၄င်းသည် က သမ္မာတရား မဖြစ်နိုင်ပါ။

ကျွန်ုပ်တို့သည်လူတို့အား ခရစ်ယာန်တစ်ဦးဖြစ်နေခြင်းအတွက် ၄င်းတို့၏ဆန္ဒတောင့်တမှုများအားလုံးကိုငြင်းပယ်၍ ဘုရားသခင်၏ဆန္ဒလိုလားမှုကိုခံယူကာ နေ့စဉ်ဆင်းရဲဒုက္ခခံရန် (သို့) သေဆုံးရန်လိုလိုလားလားရှိနေပြီး၊ ၄င်းတို့အတွက်ထားရှိသောဘုရားသခင်၏အကြံအစည်များကို နာခံလိုက်လျောက်မှသာလျှင် ကယ်တင်ခြင်းသို့ရောက်နိုင်မည်ဟုပြောပြလျှင် ၄င်းတို့မည်မျှဇဝေဇဝါနှင့်ရှုပ်ထွေးသွားကြမည်ကို သင်တွေ့မြင်နိုင်ပါသည်။ တစ်ဆက်တည်းမှာပင်၊ ခရစ်ယာန်ဖြစ်ကြသောကျွန်ုပ်တို့အနေဖြင့် ဤဆက်ကပ်အပ်နှံမှုများကိုအပြည့်အဝစောင့်ထိန်းကြသည်မှာ အလွန်ရှားပါးပါဖြစ်သည်။ ကျွန်ုပ်တို့အတွက်မှာမူ အထက်ပါပြဋ္ဌာန်းချက်တို့သည် ၄င်းတို့ကိုပကတိပြည့်စုံစွာဖြည့်ဆည်းရန် ကျွန်ုပ်တို့ကြိုးစားရှာကြံရာ၌ ကျွန်ုပ်တို့၏စိတ်နှလုံးများကိုလမ်းပြပေးသည့် ရည်ရွယ်ချက်ပန်းတိုင်များဖြစ်ကြသည်။ သို့သော်၊ ထိုစံမှတ်ကျောက်ကိုကယ်တင်ခြင်းမခံရသေးသောသူများအတွက် ကယ်တင်ခြင်းကိုရရှိဖို့ အခြေအနေသတ်မှတ်ချက်များအဖြစ် ဖန်တီးခြင်းသည် တစ်ဖက်တွင်စံမှတ်ကျောက်ကို မပြည့်မီသောကြောင့် သံသယစိတ်များနှင့် လုံခြုံစိတ်ချမှုမရှိခြင်းများကိုဖြစ်စေနိုင်သကဲ့သို့၊ အခြားတစ်ဖက်တွင်လည်း ထိုအရာများကို ၄င်းတို့၌ရှိထားသည်ဟုထင်မှတ်နေခြင်းမှဖြစ်ပေါ်လာသောမာနထောင်လွှားခြင်းကိုလည်း ဖြစ်စေပါလိမ့်မည်။ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏ဆက်ကပ်အပ်နှံမှု၊ သခင်ယေရှုခရစ်အတွက် ကျွန်ုပ်တို့ ဆင်းရဲဒုက္ခခံမှုတို့နှင့် မသက်ဆိုင်ပါ။ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့အတွက် ကိုယ်တော်ဆင်းရဲဒုက္ခခံမှု၊ ဆက်ကပ်အပ်နှံမှုတို့နှင့်သာသက်ဆိုင်ပါ။

တပည့်တော်ဟုခေါ်ဝေါ်သမုတ်ထားသောသူများထံ၌ တပည့်တော်ဖြစ်ခြင်းအတွက်အခြေအနေသတ်မှတ်ချက်များကို အဘယ့်ကြောင့်ပေးထားရသည်ကို သင်အံ့အားသင့်နေခဲ့ပါလိမ့်မည်။ ဤအရာအတွက်အဖြေမှာ တပည့် တော်ဖြစ်ခြင်းသည် ဖြစ်စဉ်တစ်ခုဖြစ်ပြီး၊ အောင်မြင်ပြီးမြောက်မှုတစ်ခုမဟုတ်သကဲ့သို့၊ တပည့်တော်ဖြစ်ခြင်းသည် ခရီးတစ်ခုဖြစ်ပြီး၊ လမ်းဆုံးပန်းတိုင်တစ်ခုမဟုတ်ပါဟူသောအချက်ဖြစ်သည်။ နောက်ဆုံး

ရည်မှန်းချက်ပန်းတိုင်မှာ သခင်ခရစ်တော်နှင့်သဏ္ဌာန်တူခြင်းဖြစ်ပြီး (မဿဲ ၁၀း၂၅)၊ ၄င်းသည် ဤဘဝဤအသက်တာ၌ အပြည့်အဝစွမ်းဆောင် ရရှိနိုင်မည့်အရာမဟုတ်ပါ။ တပည့်တော်တိုင်းကို တပည့်တော်ပို၍ဖြစ်လာရန် စိန်ခေါ်သည့်အဓိပ္ပါယ်မျိုးလည်း ရှိသည်။ ရှင်ပေတရုသည် ဂါလိလဲရေအိုင်၌ သခင်ယေရှုနောက်သို့လိုက်လျှောက်ရန် ကနဦးဆုံးဖြတ်ချက်ကိုချပြီးနောက်တွင် ကိုယ်တော်ရှင်၏နောက်သို့လိုက်လျှောက်ရန် အကြိမ်ကြိမ်စိန်ခေါ်ခံခဲ့ရသည်။ ထိုစိန်ခေါ်မှုတစ်ခုတိုင်းတွင် ပို၍ ဆက်ကပ်အပ်နှံမှုရှိရန် တောင်းဆိုခြင်းခံရသည်။ ဥပမာ၊ နောက်ဆုံးစိန်ခေါ်ချက်များအနက်မှ သခင်ယေရှုကမိမိ ရှင်ပြန်ထမြောက်ခြင်းနောက်၌ပေးသော စိန်ခေါ်ချက်မှာ ရှင်ပေတရုအားဂင်းသေဆုံးရ မည့်ပုံစံကိုပြောပြပြီးနောက် သခင်ခရစ်တော်၏ *နောက်တော်သို့လိုက်လျှောက်ရန်*ဖြစ်သည် (ယောဟန် ၂၁း၁၉)။ ရှင်ပေတရုအတွက် ထိုစိန်ခေါ်ချက်တွင် ယခုအချိန်အထိ ဂင်းအနေဖြင့်နဖူးတွေ့ဒူးတွေ့မကြုံတွေ့ရသေးသည့် သတ်သတ်မှတ်မှတ်ရှိသော ဆက်ကပ်အပ်နှံမှုတစ်ခုပါဝင်ခဲ့ပါလိမ့်မည်။ ခရစ်ယာန်များဖြစ်ကြသည့် ကျွန်ုပ်တို့တစ်ဦးချင်းစီအတွက် သခင်ယေရှုခရစ်က ယခုကျွန်ုပ်တို့လက်ရှိရောက်ရှိနေသောနေရာနှင့်ဆက်နွယ်နေသည့်နောက်တစ်ဆင့်ကိုတက်လှန်းရန် ကျွန်ုပ်တို့ကိုစိန်ခေါ်နေပါသည်။ ကျွန်ုပ်တို့သည် အမြဲတမ်းတပည့်တော်တစ်ပါးပို၍ဖြစ်နိုင်ကြပါသည်။

သင့်အသက်ကိုတွေ့ခြင်း (Finding your life)။ မဿဲ ၁၀း၃၉၊ ၁၆း၂၅–၂၆ (နှိုင်းယှဉ် – မာကု ၈း၃၅–၃၈၊ လုကာ ၉း၂၄–၂၆၊ ယောဟန် ၁၂း၂၅)။

> *"မိမိအသက်ကိုတွေ့သောသူသည် အသက်ရှုံးလိမ့်မည်။ ငါ့ကြောင့် မိမိအသက်ရှုံးသောသူမူကား အသက်ကိုတွေ့လိမ့်မည်။"(မဿဲ ၁၀း၃၉)*

> *"အကြင်သူသည် မိမိအသက်ကိုကယ်ဆယ်ခြင်းငှါ အလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည်ငါ့ကြောင့် အသက်ရှုံး၏။ ထိုသူသည်အသက်ကိုတွေ့လိမ့်မည်။ လူသည် ဤစကြဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင်သနည်း။"(မဿဲ ၁၆း၂၅–၂၆)*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် မိမိအဖို့သာအသက်ရှင်လျှင် ထိုသူသည် ကယ်တင်ခြင်းကိုမရ (သို့) ထိုသူသည် ကယ်တင်ခြင်းကို ဆုံးရှုံးလိမ့်မည်။ သို့သော် လူတစ်ယောက်သည် မိမိ၏တစ်ကိုယ်ကောင်းဆန်သောဆန္ဒတောင့်တမှုများကို စွန့်ပစ်ကျော်ခိုင်းလျှင် ထိုသူသည်ထာဝရအသက်ကိုရရှိလိမ့်မည်။

၉ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်သူတစ်ယောက်သည် မိမိအဖို့သာရှင်သန်လျှင်ထိုသူသည်၄င်းအတွက် ဘုရားသခင်ကထားရှိထားသည့် ကြွယ်ဝသောအသက်တာကိုလွဲချော်လိမ့်မည်။ သို့သော်၊ ထိုသူသည် မိမိ၏တစ်ကိုယ်ကောင်းဆန်သောဆန္ဒတောင့်တမှုများကို စွန့်ပစ်ကျောခိုင်းလျှင် ကြွယ်ဝသောအသက်တာကိုတွေ့လိမ့်မည်။

ဤထုတ်ဖော်ပြောချက်များက အထက်၌ကျွန်ုပ်တို့ဆွေးနွေးခဲ့ကြသည့် တပည့်တော်ဖြစ်ခြင်းဆီသို့ ဖိတ်ခေါ်ခြင်းဟူသောယူဆချက်အားအဘယ်ကြောင့် လက်ခံသင့်သည်ကို ရှင်းပြပေးပါသည်။ ထိုသို့ပြုသောသူတိုင်းသည် မိမိ၏ *အသက်* (သို့) မိမိ၏ *အသက်ဝိညာဉ်* ကိုကယ်တင်ပါသည်။ လူအချို့သည် တစ်ဦးတစ်ယောက်၏အသက်ဝိညာဉ်ကိုကယ်တင်ခြင်း (သို့မဟုတ် ဆုံးရှုံးခြင်း) နှင့်ပတ်သက်သောစကားအသုံးအနှုန်းကိုကြားရသောအချိန်တွင် ၄င်းကို တစ်ဦးတစ်ယောက်၏အသက်ဝိညာဉ်အားအပယ်ငရဲမှကယ်တင်ခြင်းကို ရည်ညွှန်းချက်တစ်ခုအဖြစ်နှင့်ယူ၍ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ချက်ချင်းယူဆကြသည်။ ဤအရာသည် အင်္ဂလိပ်ကျမ်းစာများကဖန်တီးသောပြဿနာဖြစ်သည်။ အသက်ဝိညာဉ် (soul - *psyche*) ဟူသောစကားလုံးသည် ဤကျမ်းချက်များ၌ အသက်ဟု အနက်ဖွင့်ဘာသာပြန်ဆိုထားသည့် စကားလုံးနှင့်အတူတူဖြစ်သည် (ဤအရာသည် အခြားမူကွဲကျမ်းစာများ၌လည်းဘာသာပြန်ဆိုပုံဖြစ်သည်)။ ထိုစကားလုံးသည် တစ်ဦးတစ်ယောက်၏ကိုယ်ပိုင်ဖြစ်တည်မှု လက္ခဏာကိုဖွဲ့စည်းပုံဖော်ပေးသော စိတ်၊ စိတ်စွမ်းအား၊ စိတ်ခံစားမှုတို့ဖြင့်ပါဝင်ဖွဲ့စည်းထားသည့် လူတစ်ယောက်၏ရုပ်ခြံပမရှိသောအပိုင်းဖြစ်သည့် အသက်တာ၏အနှစ်သာရကိုရည်ညွှန်းသည်။ သင့်အသက်တာသည် သင့်ဖြစ်တည်မှုအမှန်ဖြစ်သည်။ ရှင်လုကာ၏ ဤထုတ်ဖော်ပြောဆိုချက် မူကွဲပုံစံသည်အလွန် အထောက်အကူဖြစ်စေပါသည်။ အကြောင်းမှာ "အသက်" ဟူသောစကားလုံးအတွက် "မိမိကိုယ်ကို" ဟူသောစကားလုံးကို အသုံးပြုထားသောကြောင့် ဖြစ်သည်။ "ဤစကြာဝဠာကိုအကြွင်းမဲ့အစိုးရ၍ မိမိကိုယ်ကိုဆုံးရှုံးသောသူသည် အဘယ်ကျေးဇူးရှိသနည်း" (လုကာ ၉း၂၅)။

*"ကယ်ဆယ်သည်" (save - sôzô)*ဟူသောစကားလုံးအား မည်သို့အသုံးပြုထားသည်ကိုလည်းသဘောပေါက်နားလည်ရန်အရေးကြီးသည်။ အစောပိုင်း၌ဆွေးနွေးခဲ့ကြသည့်အတိုင်း ဤစကားလုံးသည် အစဉ်ထာဝရ ကယ်တင်ခြင်းကိုအမြဲမရည်ညွှန်းပါ။ ၄င်းသည် အန္တရာယ် (သို့) ပျက်စီးဆုံးရှုံးခြင်းအချို့မှ *ကယ်နှုတ်ခြင်း* (သို့) *ကာကွယ်စောင့်ရှောက်ခြင်း* ကိုလည်းရည်ညွှန်းသည်။ ဤစကားလုံး၏အဓိပ္ပါယ်ဆိုလိုရင်းကို ကျမ်းစကားအဆက်အစပ်အားဖြင့် ကျွန်ုပ်တို့အမြဲလိုလိုတိုင်းတာဆုံးဖြတ်

ကြသည်။ ဤနေရာတွင်၊ သခင်ယေရှုက ကျွန်ုပ်တို့၏ဆန္ဒတောင့်တမှုများအား ဆုံးရှုံးခံ၍ ၄င်းတို့ကို ကျွန်ုပ်တို့အတွက်ထားရှိသော ကိုယ်တော်၏ဆန္ဒတောင့်တမှုများအောက်၌ ထည့်သွင်းခြင်းအကြောင်းကို ပြောနေပါသည်။ တစ်ဦးတစ်ယောက်သည် ဤလောက၌ မိမိ၏ဆန္ဒတောင့်တမှုများနှင့် အကြံအစည်များကိုသာ မြဲမြဲဆုပ်ကိုင်ထားလျှင် (“မိမိအသက်ကိုကယ်ဆယ်ခြင်း”) ထိုသူသည် အသက်တာ၏အနှစ်သာရကိုဆုံးရှုံးရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏အလိုတော်နှင့်ဘုရား သခင်၏ကြွယ်ဝသော အသက်၏ပြည့်စုံမှုအား ကြုံတွေ့ခံစားခြင်းကို ဆုံးရှုံးရမည်ဖြစ်သည်။ ထိုသူသည် ဤလောကကြီးကပေးကမ်းနိုင်သမျှသောအရာများကိုရရှိကောင်းရရှိခဲ့မည်ဖြစ်သော်လည်း ယခုပစ္စုပ္ပန်၌ဘုရားသခင်၏အသက်တာအား ပို၍ကြီးမားစွာကြုံတွေ့ခံစားရခြင်းနှင့်အနာဂတ်၌ ဆုလာဒ်အဖြစ်ပို၍ကြီးမားစွာကြုံတွေ့ခံရခြင်းတို့ကို လွဲချော်ရပါလိမ့်မည် (ငယ် ၂၇)။

ဤသို့ဆိုကြပါစို့။ *ဆုံးရှုံးသည် (lose - apollumi)* ဟူသောစကားလုံးသည် *ကယ်တင်သည် (save)* ဟူသောစကားလုံး၏ဆန့်ကျင်ဘက်ဖြစ်ကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ကြရပါသည်။ ဆုံးရှုံးသည်ဟူသောစကားလုံးသည် အပယ်ခံရခဲ့ကာလအစဉ်အဆက်ပျောက်ဆုံးခြင်းကို မဆိုလိုပါ။ ၄င်းစကားလုံးသည် *ပျက်စီးဆုံးရှုံးစေသည် (ruin)* (သို့) *အဆုံးခံလက်လွှတ်ရသည် (forfeit)* ဟူသောအယူအဆကိုရှိထားသည်။ သင်အသက်ကိုဆုံးရှုံးခြင်းဆိုသည်မှာ သင့်အသက်ကိုပျက်စီးဆုံးရှုံးစေခြင်း (သို့) ဘုရားသခင်ဖြစ်လိုသောအသက်ကို အဆုံးခံလက်လွှတ်ရခြင်းဖြစ်သည်။ တစ်စုံတစ်ယောက်သည်ကယ်တင်ခြင်းကိုရရှိထားနိုင်ပါသော်လည်း ယခုပစ္စုပ္ပန်၌ ဘုရားသခင်အတွက်ရှင်သန်ခြင်းအားဖြင့် အသက်တာ၏ပြည့်စုံကြွယ်ဝမှုကို မွေ့လျော်ရသောအခွင့်အရေးကို ဖြုန်းတီးပစ်နိုင်ပါသည်။

သခင်ယေရှု၏ ဤထုတ်ဖော်ပြောဆိုချက်ကို က သမ္မာတရားအဖြစ်ကျွန်ုပ်တို့အနက်ဖွင့်ပြန်ဆိုကြလျှင် ခရစ်ယာန်အသက်တာနှင့်သက်ဆိုင်သည့် အလွန်နက်နဲသိမ်မွေ့သောအခြေခံစည်းမျဉ်းဥပဒေသကို ကျွန်ုပ်တို့လွဲချော်သွားကြပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဤလောကကြီးကပေးနိုင်သမျှသောအရာများကို ကြိုးစားရှာကြံ၍ သခင်ယေရှုခရစ်အားသိကျွမ်းရင်းနှီးရခြင်းနှင့်အတူပါလာနိုင်သည့်အခက်အခဲများကို ရှောင်ရှားနေကြလျှင် ကျွန်ုပ်တို့အမှန် တကယ်တောင့်တနေသော အသက်တာ၏အရည်အသွေးကောင်းစစ်စစ်ကို ဆုံးရှုံးကြပါလိမ့်မည်။ ကျွန်ုပ်တို့၏အသက်တာကို ဘုရားသခင်ထံ၌ဆုံးရှုံးရခြင်းအားဖြင့် ထိုအသက်တာကိုယခင်ထက်ပို၍ ပြည့်ဝလျှက်ပို၍ကြွယ်ဝစွာပြန်လည်ရရှိကြရပါသည်။ *အသက်တာသည် အရေးကြီးအကြောင်းကိစ္စတစ်ခုဖြစ်ခြင်းမှ ရပ်စဲသွားသောအခါအသက်တာသည် လက်တွေ့စစ်မှန်သောအရာဖြစ်လာရသည်။*

ကျွန်ုပ်တို့၏ အသည်းစွဲအကျင့်စရိုက်တစ်ခု (သို့) အဆိပ်ဖြစ်စေသောဆက်

ဆံရင်းနှီးမှုတစ်ခု (သို့) ပြင်းပြသော ရည်မှန်းချက်တစ်ခု (သို့) အကြံအစည်များကို စွန့်လွှတ်ရခြင်းသည် အလွန်နာကျင်ဖွယ်ဖြစ်သည်ဟု ကျွန်ုပ်တို့ထင်မှတ်ကြသည်။ သို့သော်၊ ကျွန်ုပ်တို့ရှာဖွေတွေ့ရှိရမည့်အရာမှာ ကျွန်ုပ်တို့၏အသက်ကိုဆုံးရှုံးရခြင်းအားဖြင့်ကျွန်ုပ်တို့သည် ယခုပစ္စုပ္ပန်မှစ၍ ကာလအစဉ်အဆက်ဘုရားသခင်ကြွယ်ဝတော်မူခြင်း၏ပြည့်စုံတော်မူခြင်းရှိသမျှတည်းဟူသော စစ်မှန်သည့်အသက်တာကိုတွေ့ရကြပါလိမ့်မည်။

ဝန်ခံရန်ရှက်ခြင်း (Ashamed to confess)။ မဿဲ ၁၀း၃၂–၃၃၊ မာကု ၈း၃၈ (နှိုင်းယှဉ်၊ လုကာ ၉း၂၆၊ ၁၂း၈–၉)

> *"အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့။ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်။ အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကို ငြင်းပယ်အံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကိုငါငြင်းပယ်မည်။" (မဿဲ ၁၀း၃၂–၃၃)*

> *"မျောက်မထားသော ဤလူမျိုးဆိုးတွင် အကြင်သူသည် ငါ့ကိုငှင်း၊ ငါ့စကားကိုငှင်းရှက်၏။ လူသားသည် မိမိအဘခမည်းတော်၏ ဘုန်းအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်းသောကောင်းကင်တမန်အခြံအရံတို့နှင့် ကြွလာသောအခါ ထိုသူကိုရှက်တော်မူလတံ့။" (မာကု ၈း၃၈)*

ကသမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် သခင်ယေရှုကိုလူသိရှင် ကြားဝန်ခံခြင်းမရှိလျှင် ထိုသူသည်ကယ်တင်ခံရခြင်းမှငြင်းပယ်ခံရမည်။ ထိုအရာသည် ထိုသူကယ်တင်ခြင်းသို့ လုံးလုံးမရောက်ခဲ့ကြောင်းကို သက်သေပြပါလိမ့်မည်။ ထိုသို့မဟုတ်၊ ထိုသူသည် ကယ်တင်ခြင်းခံရခဲ့လျှင် ထိုကယ်တင်ခြင်းကို ဆုံးရှုံးရလိမ့်မည်။

ခသမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ခရစ်ယာန်တစ်ယောက်သည် သခင်ယေရှုကို လူသိ ရှင်ကြားဝန်ခံခြင်းမရှိ (သို့) သခင်ယေရှုအားဝန်ခံရမည်ကိုရှက်လျှင် ထိုသူသည် ခမည်းတော်ဘုရားမျက်မှောက်တော်၌ သခင်ယေရှု၏ချီးကျူးဂုဏ်ပြုခံရခြင်းဟူသောဆုလာဒ်အားငြင်းပယ်ခံရမည်။

ဤကျမ်းချက်များတွင် တူညီသောအဓိကပြောကြားလိုသည့် အာဘော်တစ်ခုရှိသည်။ ၄င်းမှာ တစ်စုံတစ်ယောက်သည် သခင်ယေရှုကိုငြင်းပယ်လျှင် (သို့) သခင်

ယေရှုအားဝန်ခံရမည်ကိုရှက်လျှင် ထိုသူသည် ခမည်းတော်ဘုရားရှေ့မှောက်တွင် ငြင်းပယ်ခြင်းကိုခံရ၍ သခင်ယေရှုကလည်းထိုသူအား ဝန်ခံရမည်ကိုရှက်နေခဲ့ပါလိမ့်မည်ဟူသောအချက်ဖြစ်သည်။ ဤစကားလုံးများသည် ရင့်သီးကြမ်းတမ်းသောစကားလုံးများဖြစ်ကြသည်။ ထိုသို့ အလွန်ရင့်သီးကြမ်းတမ်းသောကြောင့် လူအများက ထိုကျမ်းချက်များကို က သမ္မာတရားအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုကြသည်မှာ ထိုပုဂ္ဂိုလ်သည် ကောင်းကင်နှင့်မထိုက်တန်သောပုံစံမျိုးဖြင့်သခင်ယေရှုကကောင်းကင်ဘုံဝင်စားခွင့်ကိုငြင်းပယ်၍ ထိုပုဂ္ဂိုလ်ကိုလည်းရှက်လိမ့်မည်ဟူ၍ဖြစ်သည်။

တစ်ဖန်၊ ကျမ်းစကားအဆက်အစပ်သည် အဓိကသော့ချက်ဖြစ်သည်။ မဿဲ ၁၀ တွင် သခင်ယေရှုသည် မိမိ၏တပည့်တော်များအား လမ်းညွှန်ချက်များနှင့်အတူ လူတို့ကငှင်းတို့ကိုမည်သို့လက်ခံခဲ့ကြမည်ကိုလည်းကောင်း ငှင်းတို့အားဆန့်ကျင်သူများကို မည်သို့မကြောက်ရွံ့ရမည်ကိုလည်းကောင်းသတိပေးရင်း ငှင်းတို့ကိုစေလွှတ်ခဲ့ပါသည်။ အခန်းငယ် ၃၂–၃၃ ရှိ သခင်ယေရှုခရစ်အားဝန်ခံခြင်း (အသိအမှတ်ပြုခြင်း) နှင့်ဆိုင်သောသတိပေးချက်သည် တပည့်တော်များ၏တရားဒေသနာကို ကြားနာကြသောသူများနှင့် သက်ဆိုင်နိုင်ခဲ့သကဲ့သို့ တပည့်တော်များကိုယ်တိုင်နှင့်လည်းသက်ဆိုင်နိုင်ပြီး ငှင်းသည်နှစ်ဖွဲ့လုံးနှင့်သက်ဆိုင်သည့်အခြေခံစည်းမျဉ်းဥပဒေသတစ်ခုလည်းဖြစ်နိုင်ပါသည်။ မဿဲရှိသခင်ယေရှု၏ထုတ်ဖော်ပြောဆိုချက်နှင့် လုကာ ၁၂း၈–၉ရှိ ကိုယ်တော်ရှင်၏ထုတ်ဖော်ပြောဆိုချက်တို့ကို နှိုင်းယှဉ်ရာတွင် ငှင်းထုတ်ဖော်ပြောဆိုချက်နှစ်ခုလုံး၌ သခင်ခရစ်တော်အကြောင်း အခြားသူများထံပြောဆိုခြင်းကို ရှက်ကြောက်ခြင်းမရှိရမည့်အကြောင်း ဘုံကျမ်းစကားအဆက်အစပ်တစ်ခုရှိသည်။ ဤအရာသည်အများနှင့်ဆိုင်သောအခြေခံစည်းမျဉ်းဥပဒေသတစ်ခု ဖြစ်ခဲ့နိုင်သော်လည်း သတိပေးချက်နှင့် တိုက်တွန်းအားပေးချက်တို့အဖြစ်တပည့်တော်များထံ၌ ရှေးဦးစွာလိပ်မူပြောဆိုထားကြောင်းမှာ သေချာသည်။

မာကု ၈း၃၈ နှင့် လုကာ ၉း၂၆ တို့တွင် ဤထုတ်ဖော်ပြောဆိုချက်သည် အလားတူလိုက်လျောညီထွေသောတိုက်တွန်းအားပေးချက်မပါသည့် သတိပေးချက်တစ်ခုဖြစ်သည်။ သို့သော်၊ ဤထုတ်ဖော်ပြောဆိုချက်သည်လည်း သခင်ယေရှုကမိမိ၏တပည့်တော်များအား ငှင်းတို့ကိုယ့်ကိုယ်ကိုငြင်းပယ်၍၊ ငှင်းတို့၏ကားတိုင်ကိုထမ်းကာ၊ ငှင်းတို့၏အသက်ကို “ကယ်ဆယ်” ရန်နောက်တော်သို့လိုက်လျောက်ကြဖို့ပြောဆိုပြီးနောက်တွင် ငှင်းတို့ထံ၌လိပ်မူပြောဆိုထားချက်ဖြစ်သည်။ ကနဦး၌ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြသည့်အတိုင်း ဤအရာများသည် ခ သမ္မာတရား များဖြစ်ကြ သည်။ သခင်ယေရှုက ယုံကြည်သူများတွင် ရွေးချယ်စရာများရှိ၍ ထိုရွေးချယ်မှုများတွင် သက်ဆိုင်ရာအကျိုးဆက်များရှိကြောင်းကို ရှင်းပြထားခြင်းဖြစ်သည်။ တစ်စုံတစ်ယောက်သည် ကိုယ့်ကိုယ်ကိုဤလောကနှင့်တစ်ထပ်တည်းရပ်တည်၍ မိမိ၏အသက်ကိုဆုံးရှုံးကာ သခင်ခရစ်တော်၏

အရှက်ကို ထိုက်ထိုက်တန်တန်ရရှိနိုင်သည် (သို့) တစ်စုံတစ်ယောက်သည် သခင်ခရစ်တော်နှင့် တစ်ထပ်တည်းရပ်တည်နိုင်သည်။ ရှင်မာကုနှင့် ရှင်လုကာတို့၏ပြောဆိုရေးသားချက်တွင် တစ်ဦးတစ်ယောက်၏အသက်ကယ်ဆယ်ခြင်းခံရမည့် အကြောင်းမှတစ်ပါး၊ ဆုလာဒ်အကြောင်းကိုဖော်ပြထားခြင်း မရှိသော်လည်း ရှင်မဿဲ၏ပြောဆိုရေးသားချက်တွင် ၂၀း၄၁–၄၂၌ ဆုလာဒ်များ အကြောင်းကိုဆက်လက်၍ပြောဆိုထားသည်။ မဿဲ ၁၆း၂၄–၂၇ ရှိ တူညီသောအပြိုင်ပြောဆိုရေးသားချက်သည် သခင်ယေရှုခရစ်ပြန်လည်ကြွဆင်းလာချိန်တွင် "လူအသီးအသီးကျင့်သောအကျင့်နှင့်အလျောက်အကျိုးအပြစ်ကို ဆပ်ပေးတော်မူလတံ့" ဟူသောကတိတော်နှင့် အဆုံးသတ်ထားသည်။ သခင်ယေရှု၏ဝန်ခံခြင်းသည်လည်းကောင်း၊ ဝန်ခံရန်ငြင်းဆိုခြင်းသည်လည်းကောင်း၊ ရှက်ခြင်းသည်လည်းကောင်း ယုံကြည်သူများရရှိခဲ့ကြမည့် ဆုလာဒ်များ နှင့်သက်ဆိုင်သည့် အရေးကိစ္စဖြစ်သည်။

သခင်ခရစ်တော်နှင့် မိမိတို့တစ်ထပ်တည်းရပ်တည်ခြင်းကို ငြင်းပယ်ကြသော သူများ (သို့) သခင်ခရစ် တော်ကို ရှက်သောသူများအတွက် အပျက်သဘောဆောင်သော "ဆုလာဘ်" (*misthos* ဟူသောစကားလုံးမှ ရောက်ရှိလာပြီး၊ နစ်နာကြေး သို့မဟုတ် ပေးချေငွေကြေး ဟုလည်းဆိုလိုနိုင်သည်) မှာသခင်ယေရှုက ထိုသူတို့ကို ခမည်းတော် ရှေ့တွင်ဝန်ခံ (အသိအမှတ်ပြု)မည်မဟုတ်ခြင်း (သို့) ထိုသူတို့ပြုခဲ့သည့်နည်းတူ သခင်ယေရှုကလည်း ခမည်းတော် ရှေ့တွင် ထိုသူတို့ကိုရှက်ခြင်းဖြစ်သည်။ ဤအချက်သည် ခ သမ္မာတရား၏ကျမ်းစကားအဆက်အစပ်၌ရှိနေသောကြောင့် မည်သည့်အဓိပ္ပါယ်ကိုဆိုလိုပါမည်နည်း။ တစ်စုံတစ်ယောက်ကို ခမည်းတော်ရှေ့၌ သခင်ယေရှု၏ဝန်ခံခြင်းသည်ကိုယ်တော်ရှင်နှင့်တစ်ထပ်တည်းရပ်တည်ခြင်း၌ ထိုသူသစ္စာရှိခဲ့မှုကို အသိအမှတ်ပြုခြင်းဖြစ်သောကြောင့်၊ ထိုအရာ၏ဆန့်ကျင်ဘက်မှာ သခင်ယေရှုသည် ထိုသူအားအသိအမှတ်ပြုခြင်းကို ရပ်သိမ်းထိမ်ချန်လိမ့်မည်ဟူသောအချက်ဖြစ်သည်။ ခမည်းတော်ရှေ့၌ ချီးကျူးဂုဏ်ပြုခြင်းနှင့်အတူ ထိုသူကိုအသိအမှတ်ပြုရန်ငြင်းဆိုခြင်း အဓိပ္ပါယ်မျိုးဖြင့် ကိုယ်တော်သည် ထိုသူကိုရှက်ခဲ့မည်ဖြစ်သည်။

ဤအရာသည် ခရစ်ယာန်များကသာ ကြုံတွေ့ခံစားရမည့်အကျိုးဆက်ဖြစ်မည်ဆိုခြင်းက အဓိပ္ပါယ်ရှိသည်။ ခမည်းတော်ရှေ့၌ဝန်ခံမခံရခြင်း (သို့) သခင်ခရစ်တော်၏ရှက်ခြင်းကိုခံရခြင်းတို့သည် သခင်ခရစ်တော်ကို ငြင်းပယ်နေသောမယုံကြည်သူတစ်ယောက်အတွက် တိုက်တွန်းလှုံ့ဆော်ချက်မဟုတ်ပါ။ သခင်ယေရှုခရစ်နှင့်မည်သည့် ပတ်သက်မှုမျှမရှိဖို့ ဆုံးဖြတ်ထားခြင်းအရ ထိုသူသည်မည်သည့်အရာကို စိုးရိမ်ကြောင့်ကြနေမည်နည်း။

သို့သော်၊ သခင်ယေရှုခရစ်နှင့် ဆက်ဆံရင်းနှီးမှုတစ်ခုကို ရှိထားသောသူများအတွက်မူ ထောက်ခံအတည်ပြုခြင်း စကားလုံးကို ထိုက်ထိုက်တန်တန်ရရှိခြင်း (သို့)

သဘောကျနှစ်သက်မှု မရှိခြင်းစကားလုံးကို ထိုက်ထိုက်တန်တန်ရရှိခြင်း (သို့) သခင်ခရစ်တော်အား ရှက်စေခြင်းတို့သည် စေ့ဆော်တွန်းအားပေးခြင်းနှင့်ဆိုင်သောကြီးမားသည့် သက်ရောက်မှုတစ်ခုကို ဖြစ်စေပါလိမ့်မည်။ ယုံကြည်သူသည် ဘုရားသခင်၏ချစ်ခြင်းနှင့် ကားတိုင်ထက်၌အသေခံခြင်းအားဖြင့် သခင်ယေရှုပြုလုပ်ခဲ့သည့် စွန့်လွှတ်အနစ်နာခံမှုတို့ကို သိရှိနားလည်ထားပါသည်။ သဘောကျနှစ်သက်မှုမရှိခြင်းနှင့် ရှက်ခြင်းတို့သည် ဆက်ဆံရင်းနှီးမှုတစ်ခု၏ လေးနက်မှုအဆင့်ကို အသွင်ဆောင်သည်။ ဥပမာ၊ ရှော့ပင်း မောလ်ကြီးတစ်ခုအတွင်း၌ ဆိုးသွမ်းစွာပြုမူနေသောကလေးတစ်ယောက်ကို စိတ်ကူးကြည့်ပါ။ အခြားသူများက ဘာမှန်းမသိဖြစ်လျှက်ဘေးမှဖြတ်လျှောက်သွားကြသော်လည်း လူကြီးတစ်ဦး၏ မျက်နှာသည် စိတ်ကသိကအောက်ဖြင့်နီမြန်းနေပြီး၊ အရှက်ရခြင်းနှင့်အတူခေါင်းကိုငုံ့ထားသည်။ ထိုသူသည် ကလေးငယ်၏ဖခင်ဖြစ်သည်။ သားဖြစ်သူသည် ဖခင်ဖြစ်သူ၏မျှော်မှန်းထားချက်များကို စိတ်ပျက်လက်ပျက်ဖြစ်သွားစေခဲ့ပါသည်။

ကျွန်ုပ်တို့၏ပြုမူနေထိုင်မှု၊ ရွေးချယ်မှုများနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ကိုကယ်တင်တော်မူသောအရှင်၏သဘောကျနှစ်သက်ခြင်း (သို့) မနှစ်သက်ခြင်းသည် ကောင်းကင်ဘုံ၌ ရှိတော်မူသောခမည်းတော်၏သားသမီးများဖြစ်ကြသော ကျွန်ုပ်တို့အတွက် တိုက်တွန်းစေ့ဆော်မှုတစ်ခုဖြစ်သင့်ပါသည်။ အဆုံးတွင်၊ အရေးကြီး ဆုံးသောအရာမှာ သဘောကျနှစ်သက်ခြင်းသာဖြစ်သည်။ သခင်ယေရှုခရစ်နှင့် လူသိရှင်ကြားတစ်ထပ်တည်းရပ်တည်ခြင်းသည် ဤ လောကၻ အခြားသူများ၏သဘောကျနှစ်သက်မှုကို ရရှိကောင်းရရှိနိုင်သကဲ့သို့မရှိသည်လည်း ဖြစ်နိုင်ပါသည်။ လူတို့၏သဘောကျနှစ်သက်မှုကိုရရှိ သည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အကျိုးရလာဒ်သည် ယာယီသာဖြစ်သည်။ ဘုရားသခင်၏သဘောကျနှစ်သက်မှုကသာလျှင် အစဉ်တည်မြဲပါသည်။

ဥစ္စာရတတ်သောအရာရှိငယ် (The rich young ruler)။ မဿဲ ၁၉း၁၆–၂၂ (နှိုင်းယှဉ်၊ မာကု ၁၀း၁၇–၂၇၊ လုကာ ၁၈း၁၈–၂၃)။

၁၆ *"ထိုနောက် လူတယောက်သည်ချဉ်းကပ်၍၊ ကောင်းမြတ်သောဆရာ၊ ထာဝရအသက်ကိုရအံ့ သောငှါ အကျွန်ုပ်သည်အဘယ်ကောင်းမှုကိုပြုရပါမည်နည်းဟု မေးလျှောက်သော်၊ ၁၇ငါ့ကိုကောင်းမြတ်သည်ဟု အဘယ်ကြောင့်ခေါ်သနည်း။ ဘုရားသခင်တပါးတည်းသာ ကောင်းမြတ်တော်မူ၏။ အသက်ရှင်ခြင်းသို့ ဝင်စားလိုလျှင် ပညတ်တော်တို့ကိုစောင့်ရှောက်လော့ဟု မိန့်တော်မူ၏။ ၁၈အဘယ်ပညတ်တို့ကိုစောင့်ရှောက်ရမည်နည်းဟု လျှောက်ပြန်သော်၊ လူအသက်ကို မသတ်နှင့်။ သူ့မယားကို အပြစ်မှားနှင့်။ သူဥစ္စာကိုမခိုးနှင့်။ ၁၉မမှန်သော သက်သေကို မခံနှင့်။ မိဘကိုရိုသေစွာပြုလော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို*

ကိုယ်နှင့်အမျှ ချစ်လေ့ဟုမိန့်တော်မူ၏။ [၂၀] *ထိုလုလင်ကလည်း၊ ထိုပညတ်ရှိသမျှတို့ကို အကျွန်ုပ်သည်ငယ်သော အရွယ်မှစ၍ စောင့်ရှောက်ပါပြီ။ အဘယ်အကျင့်လိုသေးသနည်းဟု လျှောက်ပြန်လေ၏။* [၂၁] *ယေရှုကလည်း၊ သင်သည် စုံလင်ခြင်းသို့ရောက်လိုလျှင်သွားလော့။ ကိုယ်ဥစ္စာများကိုရောင်း၍ဆင်းရဲသော သူတို့အားပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ဘဏ္ဍာကို ရလိမ့်မည်။ သို့ပြီးမှ ငါ့နောက်သို့လိုက်လော့ဟု မိန့်တော်မူ၏။* [၂၂] *ထိုလုလင်သည် များစွာသော ဥစ္စာကိုရတတ်သော သူဖြစ်၍ ထိုစကားကိုကြားလျှင် စိတ်မသာသည်နှင့်သွားလေ၏။"*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် အရာခပ်သိမ်းကိုစွန့်လွှတ် ကျောခိုင်း၍ သခင်ယေရှု၏နောက်တော်သို့မလိုက်လျှောက်လျှင် ထိုသူသည်ကယ်တင်ခြင်းသို့မရောက်နိုင်ပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် အရာခပ်သိမ်းကိုစွန့်လွှတ်ကျောခိုင်း၍ သခင်ယေရှု၏နောက်တော်သို့ မလိုက်လျှောက်လျှင်၊ ထိုသူသည် တပည့်တော်ဖြစ်ခြင်း အတွက် ဤအရည်အချင်းမပြည့်မီမှုသည် ကယ်တင်ခြင်းအတွက်လိုအပ်သည့် ပကတိပြည့်စုံသောဖြောင့်မတ်ခြင်းကိုဖြည့်ဆည်းရန် မိမိပျက်ကွက်နေကြောင်းကို သိရှိသင့်သည်။ ထို့ကြောင့် မိမိသည် ကယ်တင်ရှင်အားလိုအပ်နေကြောင်းကို သိရှိသင့်ပါသည်။

ဘုရားသခင်ထံ၌ အရာခပ်သိမ်းကို ဆက်ကပ်အပ်နှံရန်လိုလိုလားလားရှိနေသော သူများထံ၌သာ ကယ်တင်ခြင်းရောက်ရှိရသည်ဟူ၍ သွန်သင်ပေးရန်ဤအဖြစ်အပျက်ကို မကြာခဏအသုံးပြုကြသည်။ အပေါ်ယံအားဖြင့် ဆိုလျှင် ထိုသို့ထင်မှတ်ရပေလိမ့်မည်။ သို့သော်လည်း၊ ကျွန်ုပ်တို့သည် ထိုအနက်ဖွင့်ဘာသာ ပြန်ဆိုချက်ကို လက်ခံပါက ၄င်းနှင့်ဆက်စပ်နေသော မေးခွန်းများပေါ်ထွက်လာပါသည်။

ပထမဆုံးအနေဖြင့်၊ သခင်ယေရှုသည် ဥစ္စာရတတ်သောလူငယ်အား ကယ်တင်ခြင်းသို့ရောက်နိုင်ကြောင်းကို ပြောပြနေလျှင် သခင်ယေရှုသည်မေရှိယဖြစ်ကြောင်းကိုလည်းကောင်း၊ သခင်ယေရှု၏ကယ်တင်တော်မူခြင်းအမှု အကြောင်းကိုလည်းကောင်း၊ သခင်ယေရှုကိုကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းအကြောင်းကိုလည်းကောင်း အဘယ့်ကြောင့် ဆွေးနွေးထားခြင်းမရှိရပါသနည်း။ ဒုတိယအနေဖြင့်၊ သခင်ယေရှုသည် ထိုသူကိုကယ်တင်ခြင်းလမ်းအား ပေးကမ်းညွှန်ပြနေခဲ့လျှင်၊ ထိုသူသည် ပညတ်တရားကိုပကတိပြည့်စုံစွာစောင့်ထိန်းရမည်သာမဟုတ်၊ ၄င်း၏ပိုင်ဆိုင်သမျှကိုမရှိဆင်းရဲ

သားများအား ပေးကမ်းစွန့်ကြဲခြင်းကဲ့သို့သော ပညတ်တရား၏ သွယ်ဝိုက်ညွှန်းဆိုထား ချက်များကိုလည်းဖြည့်ဆည်းရန် သခင်ယေရှုကအတင်းအကျပ်တိုက်တွန်းနေသည် မဟုတ်ပါလား။ တတိယအနေဖြင့်၊ ဤအနက်ဖွင့်ဘာသာပြန်ဆိုချက်တွင် ထာဝရ ကယ်တင်ခြင်းကို "ကောင်းကင်ဘုံ၌ဘဏ္ဍာကိုရရှိခြင်း" သဖွယ် သခင်ယေရှု၏ ရည်ညွှန်း ပြောဆိုထားချက်သည် ပုံမှန်ပြောနေကျမဟုတ်သကဲ့သို့ကယ်တင်ခြင်းကိုရည်ညွှန်း ပြောဆိုချက်တစ်ခုအဖြစ်နှင့်ပင် ထူးခြားနေသည် မဟုတ်ပါလား။ စတုတ္ထအနေဖြင့်၊ သခင်ယေရှုက ကယ်တင်ခြင်းသည် ခက်ခဲသောအရာဖြစ်သည်ဟု သွန်သင်ပေးနေလျှင် ကိုယ်တော်သည်တပည့်တော်များနှင့် နောက်ဆက်တွဲဆွေးနွေးခြင်း၌ ဘုရားသခင်၏ ကြားဝင်ဆောင်ရွက်ပေးခြင်းမပါဘဲ ကယ်တင်ခြင်းသည် "မဖြစ်နိုင်သောအရာ" ဖြစ်သည်ဟုပြော ဆိုချိန်တွင် ကိုယ့်ကိုယ်ကိုဆန့်ကျင်ပြောဆိုနေသည် မဟုတ်ပါလား။ ပဉ္စမအနေဖြင့်၊ ဤအနက်ဖွင့် ဘာသာပြန်ဆိုချက်သည် သမ္မာကျမ်းစာ၏ ရှင်းလင်းပြတ် သားသောသွန်သင်ချက်ဖြစ်သည့် ကယ်တင်ခြင်းသည် ပညတ်တရားကိုစောင့်ထိန်း ခြင်းအားဖြင့် (သို့) ကောင်းမှုကုသိုလ်ကိုပြုခြင်းအားဖြင့်မဟုတ် ဟူသောအချက်နှင့် တိုက်ရိုက်ဆန့်ကျင်နေသည်မဟုတ်ပါလား (ရောမ ၃း၂၀–၄း၅၊ ဂလာတိ ၂း၁၆၊ ဧဖက် ၂း၈–၉၊ တိတု ၃း၅)။

အခြားမည်သည့်ပုဂ္ဂိုလ်ချင်းဆုံတွေ့မှုတွင်မျှ သခင်ယေရှုကတစ်စုံတစ်ယောက် အား ကယ်တင်ခြင်းသို့ရောက်ရန်အလို့ငှါ ပိုင်ဆိုင်သမျှကိုရောင်းချ၍ ထိုအရာအားလုံးကို မရှိဆင်းရဲသားများအားပေးကမ်းစွန့်ကြဲဖို့ မပြောခဲ့ပါ။ တပည့်တော်တစ်ပါးသည် အရာခပ်သိမ်းအပြင်၊ မိမိ၏အသက်ကိုပါ စွန့်လွှတ်ကျောခိုင်းရန် လိုလိုလားလားရှိရမည် ဟူသောအချက်ကို ကိုယ်တော်ဖော်ပြခဲ့သော်လည်း (လုကာ ၁၄း၂၆၊ ၃၃) ကျွန်ုပ်တို့ မြင်တွေ့ခဲ့ကြသည့်အတိုင်း ၄င်းသည် တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ် မှတ်ချက်တစ်ခုသာဖြစ်သည်။ ကယ်တင်ခြင်းအတွက် မဟုတ်ပါ။

ကျမ်းစကားအဆက်အစပ်က ကယ်မပေးပါသည်။ အတူယှဉ်တွဲကြည့်ရှုရမည့် ခရစ်ဝင်ကျမ်းသုံးကျမ်းတွင် ဤအဖြစ်အပျက်ကို သခင်ယေရှုထံကလေးသူငယ်များကို ဆောင်ယူလာခဲ့ကြသည့်အဖြစ်အပျက်နှင့် ကိုယ်တော်ရှင်၏ သွန်သင်ပေးချက်ဖြစ်သည့် "ကောင်းကင်နိုင်ငံသည် ထိုသို့သောသူတို့၏ နိုင်ငံဖြစ်သည်" (မဿဲ ၁၉း၁၄၊ နှိုင်းယှဉ်၊ ၁၈း၁–၅)ဟူသောအချက်တို့ကလည်းကောင်း၊ ပို၍ခန့်မှန်းရလျှင်၊ မာကုနှင့်လုကာတို့ ၏ပြောဆိုရေးသားချက်တို့မှ "အကြင်သူသည် ဘုရားသခင်၏နိုင်ငံတော်ကို သူငယ်ကဲ့သို့ မခံယူ၊ ထိုသူသည် နိုင်ငံတော်သို့မဝင်ရ" ဟူသောအချက်တို့က အလျှင်းကြနေကြပါ သည် (မာကု ၁၀း၁၅၊ လုကာ ၁၈း၁၇)။ တစ်ဦးတစ်ယောက်သည် ကလေးသူငယ်ကဲ့သို့ စိတ်နှလုံးနှိမ့်ချခြင်းမှပေါက်ဖွားလာသော ရိုးသားဖြူစင်သည့်ယုံကြည်ခြင်းအားဖြင့်သာ (ထိုက်ထိုက်တန်တန်ကြိုးစားရယူ၍မဟုတ်) ဘုရားသခင်၏နိုင်ငံတော်ကိုလက်ခံရရှိနိုင်

သည်ဟု သခင်ယေရှုသွန်သင်ပေးနေပါသည်။

ဥစ္စာရတတ်သောအရာရှိငယ်သည် အထက်စီးဆန်၍ မောက်မာသောပုံမပေါ်ပါ။ ရိုးသားပုံပေါ်ပါသော်လည်း သူသည် ရိုးရိုးသားသားလှည့်ဖြားခံနေရပါသည်။ သူသည် ပညတ်တရား*အားလုံး*ကို စောင့်ထိန်းခဲ့သည်ဟု နံအရိုးစင်းစွာထင်မှတ်ခဲ့သည်။ သိမ်မွေ့နက်နဲသောမာနတရားနှင့် ပညတ်တရားအားမှားယွင်းစွာ အနက်ဖွင့်ဘာသာ ပြန်ဆိုချက်တို့က သူ့အသက်တာ၌တွေ့နေရပါသည်။ ပညတ်တရားအား သခင်ယေရှု၏အနက်ဖွင့်ဘာသာပြန်ဆိုထားချက်သည် တစ်ဦးတစ်ယောက်၏ပြုမူနေထိုင်ပုံကိုသာအကဲဖြတ်သုံးသပ်သည်မဟုတ်၊ တစ်ဦးတစ်ယောက်၏အတွင်းစိတ်များနှင့် ရည်ရွယ်ချက်များကိုလည်း အကဲဖြတ်သုံးသပ်ပါသည် (မဿဲ ၅း၂၁–၂၂၊ ၂၇–၂၈ ကိုကြည့်ပါ)။ ယခုတွင် သခင်ယေရှုက ဤနေရာ၌ဖော်ပြမထားသည့် "တပ်မက်လိုချင်သောစိတ်မရှိစေနှင့်" ဟူသောပညတ်ချက်ကိုအသုံးပြု၍ ထိုအရာရှိ၏ စိတ်ရင်းကို စမ်းသပ်စစ်ဆေးနေပါသည်။ အခြားပညတ်ချက်များစွာ၏နောက်ကွယ်ရှိ စိတ်ရင်းကိုလည်း စမ်းသပ်ခဲ့နိုင်ချေရှိသည်။ ထိုသူက ဤပညတ်ချက်ကိုလည်း မိမိစောင့်ထိန်းခဲ့သည်ဟု မှတ်ယူနေသော်လည်း ပိုင်ဆိုင်သမျှကိုရောင်းချ၍ ၄င်းတို့အားလုံးကို မရှိဆင်းရဲသားများအား ပေးကမ်းစွန့်ကြဲရန်ငြင်းဆိုခဲ့ခြင်းက သူသည်လိုချင်တပ်မက်သော စိတ်ရှိနေမြဲဖြစ်ကြောင်းကိုပြသနေပါသည်။ "အကြောင်းမှာ ထိုသူသည်များစွာသော ဥစ္စာကိုရတတ်သူဖြစ်၍" ဖြစ်သည်။ ဥစ္စာရတတ်သောသူများ (ချမ်းသာသောသူများ) သည်ဘုရားသခင်၏မျက်နှာပေးခြင်း (သို့) ကောင်းကြီးပေးခြင်းကို အထူးခံစားကြရသောသူများဖြစ်သည်ဟူသော ထိုခေတ်ကာလရှိ ယုဒလူမျိုးတို့၏အယူအဆကို ထိုသူခံယူခဲ့ဟန်ရှိသည်။

ဤပုဂ္ဂိုလ်၏လှည့်ဖြားခံရမှုသည် သုံးမျိုးစာရှိနေပါသည်။ ပထမမှာ၊ သူသည် မိမိ၏ကိုယ့်ကိုယ်ကို ဖြောင့်မတ်မှန်ကန်သည်ဟုထင်မှတ်ခြင်းကို ယုံကြည်ကိုးစားနေပါသည် ("ထိုပညတ်ရှိသမျှတို့ကို အကျွန်ုပ်သည်ငယ်သောအရွယ်မှစ၍ စောင့်ရောက်ပါပြီ")။ ဒုတိယမှာ၊ သူသည်မိမိ၏ချမ်းသာကြွယ်ဝမှုကို ဘုရားသခင်လက်ခံအသိအမှတ်ပြုခြင်း၏သက်သေအထောက်အထားအဖြစ် ယုံကြည်ကိုးစားခဲ့ဟန်အလွန်ရှိနေသည်။ တတိယမှာ၊ ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့် စပ်လျဉ်းသော အလွန်ချို့တဲ့သည့်အယူအဆသူ့တွင်ရှိနေသည်။ သခင်ယေရှုကို "ကောင်းမြတ်သောဆရာ" ဟု အမည်တပ်ခေါ်ဆိုချိန်တွင် သခင်ယေရှုက "ငါ့ကိုကောင်းမြတ်သည်ဟု အဘယ်ကြောင့် ခေါ်သနည်း။ ဘုရားသခင် တစ်ပါးတည်းသာကောင်းမြတ်တော်မူသည်" ဟုတုန့်ပြန်လိုက်ခြင်းဖြင့် ပကတိပြည့်စုံသောဖြောင့်မတ်ခြင်းကို ဘုရား သခင်လက်ခံနိုင်သည့် စံချိန်စံညွှန်းအဖြစ် သတ်မှတ်လိုက်ပါသည်။ ဤစိန်ခေါ်မှုတွင် သခင်ယေရှုက "ငါ့ကို ကောင်းမြတ်သည်ဟုခေါ်လျှင် ငါ့ကိုဘုရားသခင်ဟု သင်ခေါ်ဆိုပါသလား" ဟုလည်းပြောခဲ့ခြင်းဖြစ်နိုင်သည်။ ထို့အပြင်၊ ကိုယ်တော်သည်အရာရှိငယ်အား ၄င်းသည် ကောင်းမြတ်

သူမဟုတ်ဟုလည်းပြောခဲ့ခြင်းဖြစ်နိုင်သည်။ မည်သို့ပင်ပြောသည်ဖြစ်စေ၊ သခင်ယေရှုသည် ထိုသူကိုဌင်း၏ပညတ်တရားစောင့်ထိန်းခြင်းကိုအမှီပြုသောလုပ်ဆောင်ချက်နှင့်အတူစိန်ခေါ်ထားပြီး၊ ထိုသို့ပြုလုပ်ခြင်းဖြင့် ထိုသူသည် ပြည့်စုံသူမဟုတ်ကြောင်းကို ကိုယ်တော်ရှင်ပြသပေးခဲ့သည်။

သခင်ယေရှုက ထိုသူကိုဌင်း၏မပြည့်စုံခြင်းအားနောက်ဆုံး၌ အသိဝင်လာစေသောနည်းလမ်းမှာ တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုနှင့် အတူကောင်းကင်ဘဏ္ဍာဆုလာဘ်တို့ဖြင့် ထိုသူကိုစိန်ခေါ်ခဲ့ခြင်းဖြစ်သည်။ သခင်ယေရှုက ထိုသူသည်ပညတ်တရားကို မစောင့်ထိန်းခဲ့ပါဟု မငြင်းခုန်ခဲ့ပါ။ သို့သော်၊ ကိုယ်တော်သည် မိမိ၏ပုံဆောင်ရှင်းလင်းချက်အဖို့အလို့ငှါ "ကောင်း၏။ သင်သည်ပညတ်တရားကိုပြည့်စုံစွာစောင့်ထိန်းခဲ့လျှင် သင်ပိုင်ဆိုင်သမျှသောအရာကို ဆင်းရဲသားတို့အားပေးကမ်းစွန့်ကြဲခြင်းဖြင့် ငါ၏တပည့်တော်အဖြစ်ကို ခံယူလော့" ဟု ပြောနေသယောင်မှတ်ယူရသည် (ရှင်မာကုက တပည့်တော်ဖြစ်ခြင်းနှင့် စပ်လျဉ်းသော "သို့ဖြီးမှလာ၍ လက်ဝါးကပ်တိုင်ကို ထမ်းလျှက်ငါ့နောက်သို့လိုက်လော့" ဟူသည့်ရှင်းလင်းပြတ်သားသည့် စကားလုံးအသုံးအနှုန်းကို ပေါင်းထည့်ထားသည့် မာကု ၁၀း၂၁၊ လုကာ ၁၈း၂၂ ကိုလည်းကြည့်ပါ)။ ထိုသူသည် ဤအရာကို မလုပ်ဆောင်ခဲ့ခြင်းက ဌင်းသည် မပြည့်စုံသောသူဖြစ်ကြောင်းကို ပြသနေပါသည်။ ထိုသူသည်တပည့်တော်တစ်ပါးအဖြစ်နှင့် သခင်ယေရှု၏ နောက်သို့လိုက်လျှောက်ခြင်းကိုဖြစ်စေမည့် ပညတ်တရား၏သွယ်ဝိုက်ညွှန်းဆိုချက်များအားလုံးကို မစောင့်ထိန်းနိုင်ခဲ့လျှင် အမှန်တွင်သူသည်ကောင်းကင်ဘုံဝင်စားဖို့အတွက်လိုသလောက်မကောင်းမြတ်ခဲ့ပါ။ ကောင်းကင်ဆုလာဒ်မှာပို၍ ပင်ဝေးပါသည် (မာကုနှင့် ရှင်လုကာတို့၏ ပြောဆိုရေးသားချက်တွင် ထိုသူက "ထာဝရအသက်ကိုအမွေခံအံ့သောငှါ" မည်သို့လုပ်ဆောင်ရမည့်အကြောင်းအား မေးလျှောက်ထားပုံသည် စိတ်နှလုံးထဲ၌ကောင်းကင်ဘုံသို့ ဝင်စားရုံသာမဟုတ်၊ ဌင်းနှင့်စပ်ဆိုင်သောဆုလာဘ်များအား ပိုင်ဆိုင်ရခြင်းကိုလည်း စိတ်တွင် မှတ်ယူထားကြောင်းဖေါ်ပြနေပါသည်၊ မာကု ၁၀း၁၇၊ လုကာ ၁၈း၁၈)။ ထိုသူသည် နောက်ဆုံးတွင် ဤအကြောင်း အရာကို သဘောပေါက် လာသောအခါ ဝမ်းနည်းလျှက်တွားသွားခဲ့သည်။ ထိုသို့ဝမ်းနည်းရခြင်းမှာ ဥစ္စာများစွာကို ပိုင်ဆိုင်ထားသောကြောင့် မဟုတ် (ဥစ္စာများစွာကိုပိုင်ဆိုင်ခြင်းသည် ဝမ်းနည်းစရာကိစ္စမဟုတ်ပါ)၊ ဌင်း၏ ကိုယ့်ကိုယ်ကိုဖြောင့်မတ်မှန်ကန်သည်ဟူသောစိတ်ဓါတ်သည် ကောင်းကင်ဘုံဝင်စားရန်အတွက် လုံလောက်မှုမရှိသောအရာဖြစ်ကြောင်းကို ဖော်ထုတ်ပြသခံရသောကြောင့်ဖြစ်သည်။

သခင်ယေရှုသည် ထိုသူ၏ကိုယ့်ကိုယ်ကို လှည့်ဖြားမှုသုံးခုလုံးကို ထိပ်တိုက်ဖြေရှင်းခဲ့ပြီး၊ ဌင်းတို့သည် ပြည့်ဝ လုံလောက်မှုမရှိကြောင်းကို တွေ့ခဲ့ရသည်။

ဥစ္စာရတတ်သောလူငယ်နှင့် သခင်ယေရှု၏စကားအပြန်အလှန်ပြောဆိုခြင်း

သည် ဧဝံဂေလိပြုလုပ်ခြင်းမတိုင်မီ ပြောဆိုသောစကားဖြစ်သည်ဟု ကျွန်ုပ်တို့ပြော ကောင်းပြောခဲ့ကြပေမည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ထိုသူသည် ကောင်းကင်ဘုံဝင် စားနိုင်လောက်အောင်ကိုယ့်ကိုယ်ကိုကောင်းမြတ်သည်ဟု ထင်မှတ်ခဲ့သောကြောင့် သူသည် မိမိ၏ပြင်ပမှဖြောင့်မတ်ခြင်းအားလိုအပ်နေမှုကို ပိတ်ဆို့ထားပါသည်။ သခင် ယေရှုခရစ်၏ဖြောင့်မတ်ခြင်းတစ်ပါးတည်းကသာ ကောင်းကင်ဘုံဝင်စားရခြင်းကို ပေးကမ်းနိုင်သည်ဟူသော ဧဝံဂေလိသမ္မာတရားအတွက်လည်းကောင်း၊ ဤဖြောင့် မတ်ခြင်းကို တစ်ဦးတစ်ယောက်၏ပြုမူကျင့်ကြံမှုအားဖြင့် ထိုက်တန်စွာမရရှိနိုင်ကြောင်း၊ ယုံကြည်ခြင်းအားဖြင့်သာလက်ခံရရှိရကြောင်းဟူသော ဧဝံဂေလိသမ္မာတရားအတွက် လည်းကောင်း စိတ်နှလုံးကိုဖွင့်ဟ မထားခဲ့ပါ။ ထို့ကြောင့် သခင်ယေရှုကထိုသူအား ၄င်း၏ကိုယ့်ကိုယ်ကိုဖြောင့်မတ်မှန်ကန်သည်ဟု ထင်မှတ်နေမှုကိုစဉ်းစားသုံးသပ်စေမည့် တပည့်တော်ဖြစ်ခြင်းနှင့်ဆိုင်သောဆွေးနွေးမှု (ပိုင်ဆိုင်မှုများကိုရောင်းချ၍ မရှိဆင်းရဲသား များအားပေးကမ်းစွန့်ကြဲခြင်း) တစ်ခုဆီသို့ ရုတ်တရက်ကူးပြောင်းခဲ့သည်။ ထိုလုပ် ဆောင်မှုသည် အောင်မြင်ခဲ့သည်။ သခင်ယေရှုသည် ရှေးဦးစွာ ခ သမ္မာတရား ဆီသို့ ဖျောင်းဖျပြောဆိုခြင်းဖြင့် က သမ္မာတရားကိုသွန်သင်ပေးခဲ့ပါသည်။ အကြောင်းမှာ၊ အရာရှိငယ်သည် ခ သမ္မာ တရားမေးခွန်းတစ်ခုကို မေးခဲ့သောကြောင့်ဖြစ်သည်။

ဤအဖြစ်အပျက်ကို သင့်တင့်လျောက်ပတ်စွာသဘောပေါက်နားလည်သော အခါတွင် ၄င်းသည်ထာဝရ အသက်ကို ထိုက်ထိုက်တန်တန်ရရှိရန်ကျွန်ုပ်တို့လုပ် ဆောင်နိုင်သည့် *အရာလုံးလုံးမရှိ*ဟူသော က သမ္မာတရားကို ထင်ရှားစေပါသည်။ ထို့အပြင်၊ ကျွန်ုပ်တို့၏ကိုယ့်ကိုယ်ကို ဖြောင့်မတ်မှန်ကန်သည်ဟု ထင်မှတ်ခြင်းသည် အထူးသဖြင့် ဘုရားသခင်၏ပကတိပြည့်စုံသောဖြောင့်မတ်ခြင်း စံချိန်စံညွှန်းနှင့်နှိုင်း ယှဉ်သောအခါတွင် ပုံပန်းအားဖြင့်လှည့်စားလျှက် ချဲ့ကားထားမှုတစ်ခုသာဖြစ်ကြောင်း ကိုလည်း ပြသပေးပါသည်။ သမ္မာကျမ်းစာက "ကောင်းသောအကျင့်ကို ကျင့်သော သူမရှိ၊ တစ်ယောက်မျှမရှိ" ဟုပြောထားသည် (ရောမ ၃း၁၂)။ သခင်ယေရှုက "ဘုရား သခင်တစ်ပါးတည်းသာကောင်းမြတ်တော်မူ၏ "ဟုပြောခဲ့သည်။ ကောင်းကင်ဘုံ ဝင်စားရန်အတွက် ဘုရားသခင်တမျှကောင်းမြတ်ဖို့လိုအပ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်တမျှမကောင်းမြတ်နိုင်ကြသောကြောင့် သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် ကောင်းမြတ်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဘုရားသခင်၏ဖြောင့်မတ်တော်မူသော တောင်းဆိုပြဋ္ဌာန်းချက်များကို ဖြည့်ဆည်းခဲ့သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ကျွန်ုပ် တို့၏ကယ်တင်ရှင်အဖြစ် ယုံကြည်လျှင်ကျွန်ုပ်တို့၏ ကောင်းမှုကုသိုလ်အား ဖြင့်မဟုတ်၊ ကိုယ်တော်၏ကောင်းမှုကုသိုလ်အားဖြင့် ယခုကောင်းကင်ဘုံဝင်စားနိုင်ပြီဖြစ်သည်။

အရာရှိငယ်နှင့် တွေ့ဆုံခြင်းပြီးနောက် တပည့်တော်များ၏ "သို့ဖြစ်လျှင် အဘယ်သူသည် ကယ်တင်တော်မူခြင်းသို့ရောက်နိုင်မည်နည်း" ဟူသောမေးခွန်းကို

ဤသို့ဖြေကြားထားသည်။ အဖြေကိုရှင်းရှင်းလင်းလင်းပြောဆိုရလျှင် ဤသို့ဖြစ်သည်။ သခင်ယေရှုခရစ်၌ စီစဉ်ပေးကမ်းထားသော ဘုရားသခင်၏ဖြောင့်မတ်ခြင်းမှတပါး မည်သူမျှ မရောက်နိုင်ပါ (သို့) သခင်ယေရှု၏စကားလုံးများအားဖြင့်ဆိုရလျှင် "ဤအမှုကို လူမတတ်နိုင်သို့သော်လည်း ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်" (မဿဲ ၁၉း၂၆၊ မာကု ၁၀း၂၇၊ လုကာ ၁၈း၂၇)။

ရှင်ပေတရုက ဆက်လက်၍မေးခဲ့သောမေးခွန်းသည် အရာအားလုံးကို စွန့်လွှတ်ကျောခိုင်း၍ မိမိနောက်တော် သို့ လိုက်လျှောက်ရန်ဟူသော သခင်ယေရှု၏စိန်ခေါ်ချက်ကို သက်သေပြနေပါသည် (မဿဲ ၁၉း၂၇၊ မာကု ၁၀း၂၈၊ လုကာ ၁၈း၂၈)။ အခြေခံအားဖြင့်ဆိုရလျှင် ဤသို့ဖြစ်သည်။ "ကောင်းကင်နိုင်ငံသို့ဝင်စားခြင်းသည် သခင်ယေရှု၏နောက်တော်သို့ လိုက်လျှောက်ရန်အရာအားလုံးကို စွန့်လွှတ်ကျောခိုင်းခဲ့သည့် ကျွန်ုပ်တို့၏လုပ်ဆောင်မှုကြောင့်မဟုတ်၊ ဘုရားသခင်၏လုပ်ဆောင်မှု (ဘုရားသခင်၏ကျေးဇူးတော်) ကြောင့်သာဖြစ်နိုင်လျှင်အရာရှိငယ်အား ကိုယ်တော်ရှင်ပြည်ွန်းခဲ့သည့် ကျွန်ုပ်တို့၏ "ကောင်းကင်ဘဏ္ဍာ" သည် တပည့်တော်တစ်ပါးအဖြစ်ကိုယ်တော်ရှင်နောက်လိုက်လျှောက်ခြင်း၏ဆုလာဘ်ဟုတ်ပါသလား" (မဿဲ ၁၉း၂၁၊ မာကု ၁၀း၂၁၊ လုကာ ၁၈း၂၂)။ ပေတရု၏ ခ သမ္မာတရား မေးခွန်းကို သခင်ယေရှုက ခ သမ္မာတရားဖြင့် ပြန်လည်ဖြေကြားခဲ့သည်မှာ ကိုယ်တော်ရှင်၏နောက်တော်သို့လိုက် လျှောက်ရန်အတွက် ဤလောကသို့စွန့်လွှတ်ကျောခိုင်းသောသူများသည် ယခုအသက်တာ၌လည်းကောင်း၊ အနာဂတ်၌လည်းကောင်း ဘုရားသခင်၏ ထာဝရအသက်ကိုမွေ့လျော်ရမည်ဖြစ်သည်ဟူ၍ဖြစ်သည်။ သူတို့သည် "ထာဝရ အသက်" ကိုကြွယ်ဝသောအသက်တာတစ်ခုအဖြစ်နှင့် ယခုပစ္စုပ္ပန်တွင်လည်းကောင်း၊ အနာဂတ်၌မွေ့လျော်ရန် ပိုင်ဆိုင်မှုတစ်ခုအဖြစ်နှင့်လည်းကောင်း ရရှိကြပါလိမ့်မည် (မာကု ၁၀း၃၀ နှင့် လုကာ ၁၈း၃၀ ၌တွေ့ရသကဲ့သို့)။ ရှင်မဿဲ၏ "ထာဝရအသက်ကို အမွေခံသည်" ဟူသောစကားလုံးရွေးချယ်သုံးနှုန်းမှုသည် ထာဝရအသက် ပိုင်ဆိုင်ခြင်းနှင့်သခင်ယေရှုနှင့်အတူစိုး စံရခြင်းတို့ပါဝင်သည့် နိုင်ငံတော်၌ရရှိမည့်တပည့်တော်များ၏အနာဂတ် ဆုလာဘ်များကိုအသားပေးထားသည် (မဿဲ ၁၉း၂၈–၃၀)။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ပကတိကောင်းမြတ်တော်မူခြင်း စံချိန်စံညွှန်းကိုမပြည့်မီကြသည့် အပြစ်သားများဖြစ်ကြကြောင်းကို အသိအမှတ်ပြုဝန်ခံ၍ ထိုဖြောင့်မတ်ခြင်းအတွက် သခင်ယေရှုထံသို့မလာမချင်း သခင်ယေရှုခရစ်၏စစ်မှန်သောတပည့်တော်များမဖြစ်နိုင်ကြောင်းကို ဥစ္စာရတတ်သောအရာရှိငယ်၏အဖြစ်အပျက်ကကျွန်ုပ်တို့ကို ပြသပေးထားသည်။ ကျွန်ုပ်တို့သည် ခ သမ္မာတရားကို မတွေ့ကြုံမီတွင်က သမ္မာတရားကိုတွေ့ကြုံခံစားကြရမည် ဖြစ်သည်။ ထိုသို့တွေ့ကြုံခံစားပြီးနောက်၌သာဤအသက်တာ၌လည်းကောင်း၊ လာမည့်အသက်တာ၌လည်းကောင်း ကျွန်ုပ်တို့ကိုဆု

လာဘ်များ အားထိုက်ထိုက်တန်တန်ရရှိစေမည့် တပည့်တော်တစ်ပါး၏ စွန့်လွှတ်အနစ်နာခံခြင်းများကို ပြုလုပ်နိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ စွန့်လွှတ်အနစ်နာခံမှုများနှင့် ကျွန်ုပ်တို့၏ ဆန္ဒတောင့်တမှုများကို စွန့်လွှတ်ကျောခိုင်းခြင်းတို့က ဘုရားသခင်၏ ကြွယ်ဝသောဆုလာဘ်များအား ဆောင်ယူလာပေးမည့်အကြောင်းကို သိရှိထား ခြင်းသည် အလွန်ကြီးမားသောအားပေးတိုက်တွန်းမှုတစ်ခုဖြစ်သည်။ ပေတရုအတွက်လုပ်ရကျိုးနပ်ခဲ့သည့်နည်းတူ ကျွန်ုပ်တို့အတွက်လည်း အမှန်တကယ်လုပ်ရကျိုးနပ်ပါလိမ့်မည်။

လေးနက်ပြင်းထန်သည့် အကျိုးဆက်များပါရှိသောအခြားကျမ်းချက်များနှင့် ပုံဥပမာများ
Other Passages and Parables with Serious Consequences

တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်များကို ဖော်ပြထားသော ကျမ်းပိုဒ်များအပြင်၊ တစ်ခါတစ်ရံတွင် နားလည်ရန်ခက်ခဲသောပုံဥပမာများအပါအဝင်အခြားကျမ်းချက်များစွာရှိသည်။ အကြောင်းမှာ ၄င်းတို့တွင် လေးနက်ပြင်းထန်သော အကျိုးဆက်များပါဝင်ပတ်သက်နေကြသောကြောင့်ဖြစ်သည်။ သမ္မာကျမ်းစာကို အနက်ဖွင့်ဘာသာပြန်ဆိုသူများအနေဖြင့် ဤအကျိုးဆက်များသည် မယုံကြည်သူအတွက်လား (သို့) ယုံကြည်သူအတွက်လား – က သမ္မာတရားလား (သို့) ခ သမ္မာတရားလားဟူသောအချက်ကိုတိုင်းတာဆုံးဖြတ်ရပါမည်။

အချို့သောသူများက ဤပုံဥပမာများကို ဣသရေလလူမျိုးများနှင့်ဆက်စပ်၍ အထူးသီးသန့်အနက်ဖွင့် ဘာသာပြန်ဆိုခဲ့ကြသည်။ အကြောင်းမှာ၊ အသင်းတော်မစတင်ရသေးသောကြောင့်ဖြစ်သည်။ သို့သော်၊ သခင်ယေရှုသည် အသင်းတော်အကြောင်းကို ကြိုတင်ပြောကြားခဲ့ပြီးဖြစ်သကဲ့သို့ (မဿဲ ၁၆း၁၈)၊ အသင်းတော်အတွက် လမ်းညွှန်ချက်များကိုလည်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း (မဿဲ ၁၈း၁၇) ကျွန်ုပ်တို့သိရှိထားကြပါသည်။ ဤပုံဥပမာများသည် အနာဂတ်အကြောင်းအရာများဖြစ်သောကြောင့် ၄င်းတို့တွင် (ထိုအချိန်၏အနာဂတ်တွင်ဖြစ်လာမည့်) အသင်းတော်အတွက်လည်းကောင်း၊ ဣသရေလလူမျိုးများအတွက်လည်းကောင်း သမ္မာတရားများပါဝင်ကြသောကြောင့် ထိုအရာကိုကျွန်ုပ်တို့အုံ့ဩမှင်သက်၍ မနေသင့်ပါ။

ခွင့်မလွှတ်နိုင်သောအပြစ် (The Unforgiveable sin)။ မဿဲ ၁၂း၃၁–၃၂ (နှိုင်းယှဉ်မာကု ၃း၂၈–၃၀)

> ၃၁ *"ထိုကြောင့် ငါဆိုသည်ကား၊ ပြစ်မှားသောအပြစ်၊ ဘုရားကိုကဲ့ရဲ့သောအပြစ်အမျိုးမျိုးတို့နှင့်လွှတ်စေခြင်းအခွင့်ကိုလူတို့သည်ရနိုင်ကြ၏။ ဝိညာဉ်တော်ကိုကဲ့ရဲ့သောအပြစ်နှင့် လွှတ်စေခြင်း အခွင့်ကို*

လူတို့သည်မရနိုင်ကြ။ [၃၂] လူသားကိုနှုတ်ဖြင့်ပြစ်မှားသော သူ၏အပြစ်ကို လည်းလွှတ်နိုင်၏။ သန့်ရှင်းသောဝိညာဉ်တော်ကိုနှုတ်ဖြင့်ပြစ်မှား သောသူ၏ အပြစ်ကို ယခုဘဝ နောင်ဘဝ၌ မလွှတ်နိုင်။"

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဤအပြစ်ကိုကျူးလွန်သောသူသည် ကယ်တင်ခြင်း ကိုဖြစ်နိုင်ချေမရှိသောအရာအဖြစ်ဖန်တီးသည် (သို့) ထိုသူသည်ကယ်တင်ခြင်းခံထားရသောသူဖြစ်လျှင်ထိုကျူးလွန်မှုသည် ၄င်း၏ ကယ်တင်ခြင်းကိုဆုံးရှုံးစေပါလိမ့်မည်။

ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် ဤအပြစ်ကို ကျူးလွန်နိုင်ပြီး၊ ထိုကျူးလွန်မှုသည် လူတစ်ယောက်ကို ကယ်တင်ခြင်းဆီသို့ဆောင်ယူလာပေးသည့် သန့်ရှင်းသောဝိညာဉ်တော်၏ အပြစ်ဖော်ပြခြင်းအမှုတော်အပေါ်၌ မိမိ၏စိတ်နှလုံးအားမာကျောနေစေခြင်းကိုပြသခြင်းဖြစ်သည်။

မယုံကြည်သူများဖြစ်စေ၊ ယုံကြည်သူများဖြစ်စေ၄င်းတို့သည် ဤအပြစ်အားကျူးလွန်မိသည့်အဖြစ်ကိုစိုးရိမ်ကြောက်လန့်နေကြပြီး ၄င်းတို့သည်ကယ်တင်ခြင်းအတွက် အရည်အချင်းမပြည့်မီဖြစ်ခဲ့ကြသည်ဟု ထင်မှတ်နေကြခြင်းသည် ဝမ်းနည်းဖွယ်ရာဖြစ်သည်။ သခင်ယေရှုလိပ်မူပြောဆိုနေသောသူများကိုကြည့်ခြင်းဖြင့် ဤအရာသည် က သမ္မာတရားဖြစ်ကြောင်းမှာ ထင်ရှားသည်။ သခင်ယေရှုလိပ်မူပြောဆိုနေသောပရိတ်သတ်များမှာ သခင်ယေရှုကိုစာတန်ထံ၌ သစ္စာခံသည်ဟု စွပ်စွဲပြောဆိုနေကြသော ယုံကြည်ခြင်းမရှိသည့် ဖာရိရှဲများနှင့် ကျမ်းပြုဆရာများဖြစ်ကြသည် (မဿဲ ၁၂း၂၄–၃၀၊ မာကု ၃း၂၂–၂၇)။ ၄င်းတို့၏နှုတ်အားဖြင့်စွပ်စွဲခဲ့ခြင်းက ခွင့်မလွှတ်နိုင်သောအပြစ်နှင့်စပ်လျဉ်း၍ သခင်ယေရှု၏တုန့်ပြန်မှုကို ဖြစ်စေခဲ့ပါသည်။ အစဉ်ထာဝရကယ်တင်ခံရခြင်းသည် အဓိကအကြောင်းအရာဖြစ်နေသည်။ အကြောင်းမှာ၊ ဤအပြစ်သည် မည်သည့်အခါတွင်မျှ ခွင့်လွှတ်ခြင်းကိုခံရမည်မဟုတ်သကဲ့သို့ ၄င်းသည်အစဉ် ထာဝရဒဏ်ခတ်စီရင်ခံရခြင်းကိုလည်းဆောင်ယူလာမည်ဖြစ်သောကြောင့်ဖြစ်သည် (မဿဲ ၁၂း၃၂၊ မာကု ၃း၂၉)။

သခင်ယေရှုသည် မိမိအား ကွသရေလလူမျိုးများက ငြင်းပယ်ခြင်းကိုပြောကြားနေခြင်း မဟုတ်ပါ။ အကြောင်းမှာ ကိုယ်တော်ရှင်က "မည်သူမဆို" (anyone) ဟုပြောထားပြီး ၄င်းသည်လူတစ်ဦးချင်းကို ရည်ညွှန်းသည်။ ထို့အပြင်၊ ဤသတိပေးချက်သည် သခင်ယေရှုကို ကယ်တင်ရှင်အဖြစ်မယုံကြည်ခြင်းထက် အပြစ်ဒုစရိုက်နှင့်ပို၍ သက်ဆိုင်

သည်။ သခင်ယေရှုကို စာတန်ထံ၌သစ္စာခံသည်ဟု စွပ်စွဲခြင်းအပြစ်သည် အလွန်ဆိုးဝါးသောအပြစ်ဖြစ်သော်လည်း ဤနေရာ၌ပြောထားသောအပြစ်မဟုတ်ပါ။ သခင်ယေရှုကဘုရားသခင်အား ဤစော်ကားပြောဆိုခြင်းများသည် ခွင့်လွှတ်ပေးနိုင်သောအပြစ်များဖြစ်သည်ဟု ပြောထားသည် (မဿဲ ၁၂း၃၁၊ မာကု ၃း၂၈)။ ခွင့်လွှတ်မပေးနိုင်သောကဲ့ရဲ့စော်ကားခြင်းတစ်မျိုးသာရှိပြီး၊ ၄င်းသည် အတိအကျအားဖြင့် သခင်ခရစ်တော်အားကဲ့ရဲ့စော်ကားခြင်းမဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်အား ကဲ့ရဲ့စော်ကားခြင်းဖြစ်သည်။ လူအချို့က ဤအပြစ်သည်သခင်ခရစ်တော် လောကၠအသက်ရှင်စဉ်တွင်လည်းကောင်း၊ အနာဂတ်နိုင်ငံတော်၌လည်းကောင်းသခင်ခရစ်တော်ကိုယ်တိုင်ရှိနေ၍ အံ့ဖွယ်နိမိတ်လက္ခဏာများကို ပြုလုပ်နေသောအချိန်တွင် မယုံကြည်သူများကသာ ကျူးလွန်နိုင်သောအပြစ်အဖြစ် အနက်ဖွင့်ပြန်ဆိုကြသည်။ သို့သော်၊ အဓိကအရေးကြီးသောအချက်မှာ အချိန်ကာလအပိုင်းအခြားထက်စိတ်နေစိတ်ထားနှင့်ပို၍သက်ဆိုင်သည်ဟု ထင်မှတ်ရသည်။

နားလည်ရန်ခက်ခဲသော ဤပြောဆိုချက်အား သဘောပေါက်နားလည်စေသောအချက်မှာ သခင်ခရစ်တော်၏အကြောင်းသန့်ရှင်းသောဝိညာဉ်တော်၏သက်သေခံချက်ကိုစိတ်လိုက်မာန်ပါဖြင့် အသရေဖျက်သည့်သဘောဖြင့် ငြင်းပယ်ခြင်းအကြောင်းကိုပြောပြနေခြင်းဖြစ်သည်ဟူသော အချက်ဖြစ်သည်။ ဤအပြစ်ကို သခင်ယေရှုသည် မာရ်နတ်နှင့်လျှို့ဝှက်သဘောတူထားသည်ဟူသော စဉ်းလဲသောနှုတ်ဖြင့်ပြောဆိုစွပ်စွဲခြင်းတွင် ထင်ရှားစွာမြင်တွေ့နေရပါသည်။ ခမည်းတော်သည် ပရောဖက်ပြုချက်များအားဖြင့်လည်းကောင်း၊ သခင်ခရစ်တော်၏ဗတ္တိဇံခံခြင်း၌ နှုတ်ထွက်စကားဖြင့်အတည်ပြုထောက်ခံပေးခဲ့ခြင်းအားဖြင့်လည်းကောင်းသားတော်ကိုသက်သေခံနေခဲ့ပါသည်။ ဤသက်သေခံချက်များသည် ပြင်ပသက်သေခံခြင်းများဖြစ်ကြသည်။ သို့သော်၊ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိ၏အတွင်းဘက်စီရင်ဖော်ပြခြင်းအမှုတော်အားဖြင့် သက်သေခံနေပါသည် (ယောဟန် ၁၆း၇–၁၁)။ ဝိညာဉ်တော်သည်မယုံကြည်သူတစ်ဦးထံ၌ သခင်ယေရှုခရစ်မည်သူမည်ဝါဖြစ်ကြောင်းကို သိမ်းသွင်းပြောဆို၍လက်ခံယုံကြည်စေသောအချိန်၌ ထိုပုဂ္ဂိုလ်က ဝိညာဉ်တော်ကို စာတန်နှင့်သက်ဆိုင်သောသူအဖြစ်စွပ်စွဲပြောဆိုသောအခါတွင် ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်အားစော်ကားပြောဆိုခြင်းအပြစ်ကို ကျူးလွန်ပါသည်။ ဤသတိပေးချက်နောက်၌ ဆက်တိုက်ပါလာသော ရှင်မဿဲ၏ဆွေးနွေးချက်တွင် တစ်ဦးတစ်ယောက်၏ နှုတ်ထွက်စကားသည် ထိုသူ၏စိတ်နှလုံးအား မည်သို့ထုတ်ဖော်ပြသသည်ကို အလေးအနက်ပြောဆိုထားပြီး၊ ထိုသို့အားဖြင့် *“သင့်စကားများ အားဖြင့် အပြစ်စီရင်ခြင်းကို ခံရလိမ့်မည်”* (မဿဲ ၁၂း၃၇–၃၇)။ သခင်ယေရှုကို မာရ်နတ်နှင့်စပ်ဆိုင်သောသူဟု စွပ်စွဲပြောဆိုမှုသည် အလင်းကိုအမှောင်ဟုခေါ်ဆိုခဲ့မည့် ထိုပုဂ္ဂိုလ်၏ကိုယ်ကျင့်တရားအရာ၌ မျက်စိကန်း

နေမှုကို ထုတ်ဖော်ပြသနေပါသည်။ ၄င်းသည် ခွင့်လွှတ်ခြင်း၏ တစ်ဖက်ကမ်းတွင် ရောက်နေသောမာကျောသည့် စိတ်နလုံး တစ်ခုကို ခင်းကျင်းပြသနေပါသည်။ အကြောင်းမှာ၊ သန့်ရှင်းသောဝိညာဉ်တော်၏ သက်သေခံချက်ကို ငြင်းပယ်ပြီးအသရေဖျက်သောအချိန်တွင် ဩတပ္ပစိတ်ကိုဆွဲဆောင်နိုင်သော အရာမရှိတော့သည့်အတွက်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်အားပြစ်မှားစော်ကားသော မယုံကြည်သူတိုင်းသည် ဧဝံဂေလိတရားကို လက်ခံစဉ်းစားရန်ဝန်မလေးသောစိတ်သဘောထားကိုဟန့်တား ပိတ်ပင်ထားသည့်ဝိညာဉ်ရေးအခြေအနေတစ်ခုကို လက်တွေ့ပြသနေကြပါသည်။

ဤအနက်ဖွင့်ဘာသာပြန်ဆိုချက်အရဆိုလျှင် သခင်ခရစ်တော်၏ဖြစ်တည်မှုနှင့်စပ်လျဉ်း၍ သန့်ရှင်းသော ဝိညာဉ်တော်၏ စီရင်ဖော်ပြခြင်းအမှုတော်ကို သိသိနှင့်ဖျက်လိုဖျက်ဆီးငြင်းပယ်၍ အသရေဖျက်သူသည် ဤအပြစ်ကို ယနေ့ဥကျူးလွန်နိုင်ပါသည်။ တစ်စုံတစ်ယောက်သည် သန့်ရှင်းသောဝိညာဉ်တော်၏ သက်သေခံချက်ကိုသိသိနှင့် ငြင်းပယ်ကြောင်းကိုလည်းကောင်း၊ မသိနားမလည်မှုမှပြုလုပ်ခြင်းမဟုတ်ကြောင်းကို လည်းကောင်း ရှင်းရှင်းလင်းလင်း သိရှိရန်မှာ ခက်ခဲခဲ့ပါလိမ့်မည်။ ထိုအရာကို ဘုရားသခင်သိပါသည်။

ဤသတိပေးချက်တွင် ခ သမ္မာတရားတစ်ခုရှိနေလျှင် ၄င်းသည်သွယ်ဝိုက်ညွှန်းဆိုမှုအားဖြင့်သာဖြစ်ပါလိမ့်မည်။ သင်သည် ယုံကြည်သူတစ်ဦးဖြစ်လျှင် သင်သည် သခင်ခရစ်တော်အကြောင်း သန့်ရှင်းသောဝိညာဉ်တော်၏ သက်သေခံချက်ကိုအပြုသဘောဆောင်လျက် ခိုင်ခိုင်မာမာတုန့်ပြန်ခဲ့ပါသည်။ ဤအချက်က သန့်ရှင်းသောဝိညာဉ်တော်အားစော်ကားပြောဆိုခြင်းအပြစ်ကို သင်မကျူးလွန်နိုင်ကြောင်းအာမခံချက်ကို လည်းကောင်း၊ သင်ရရှိထားသော ကယ်တင်ခြင်းသည် ပျက်စီးဆုံးရှုံး၍ဘေး ဥပါဒ်ဖြစ်နိုင်သောအခြေအနေတွင်မရှိကြောင်း အာမခံချက်ကိုလည်းကောင်း ဆောင်ယူလာပေးသင့်သည်။ ယုံကြည်သူတစ်ဦးသည် ဤအပြစ်ကျူးလွန်မိမည့်အဖြစ်ကိုစိုးရိမ်ကြောက်ရွံ့နေလျှင် ထိုအရာသည် သန့်ရှင်းသောဝိညာဉ်တော်၏သက်သေထွက်ဆိုချက်ကို အပြုသဘောဆောင်လျက် ခိုင်ခိုင်မာမာတုန့်ပြန်လျက်ရှိသည်ဟူသော သက်သေခံချက်တစ်ခုပင်ဖြစ်သည်။ ထို့အပြင်၊ ယုံကြည်သူများအနေဖြင့် ဘုရားသခင်၏ ကျေးဇူးတော်သည် ခပ်သိမ်းသောအပြစ်ဒုစရိုက်ကို လွှမ်းခြုံဖုံးအုပ်ပေးသည်ဟူသော အာမခံချက်ကို ကျွန်ုပ်တို့ရှိထားကြသည် (ရောမ ၅း၂၀၊ ကောလောသဲ ၂း၁၃)။ မယုံကြည်သူတစ်ဦးအနေဖြင့် ၄င်းသည်ဤအပြစ်အားကျူး လွန်မိ သည့်အဖြစ်ကိုစိုးရိမ်နေလျှင်၊ ထိုအရာသည်လည်း သခင်ခရစ်တော်အကြောင်း သန့်ရှင်းသောဝိညာဉ်တော်၏သက်သေခံချက်ကိုအပြုသဘောဆောင်လျက် ခိုင်ခိုင်မာမာတုန့်ပြန် ရန်အလားအလာရှိနေပါသည်။ သခင်ယေရှု ခရစ်ကိုကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံသောသူများသည် ကယ်တင်ခြင်းသို့ရောက်၍ ၄င်းတို့၏ *ခပ်သိမ်းသော*အပြစ်များမှာ ခွင့်

လွှတ်ခြင်း ခံထားရပါသည်ဟူသောအချက်ကို ကျွန်ုပ်တို့အလေးအနက်ပြောဆိုနိုင်သည်။

အကြင်သူသည် အဆုံးတိုင်အောင်တည်ကြည်၏ (He who endures to the end)။ မဿဲ ၂၄း၁၃ (နှိုင်းယှဉ်– မဿဲ ၁၀း၂၂၊ မာကု ၁၃း၁၃၊ လုကာ၂၁း၁၉)

> "အကြင်သူသည် အဆုံးတိုင်အောင်တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။"
> က သမ္မာတရား အနက်ဖွင့်ဘာသာပြန်ဆိုချက် – မိမိ၏အသက်တာအဆုံးတိုင် ကောင်းသောအကျင့်ကိုကျင့်ကြံ၍ ယုံကြည်ခြင်း၌ ဆက်လက်တည်နေသောသူသာ ကယ်တင်ခြင်းသို့ရောက်လိမ့်မည် (သို့) မိမိကယ်တင်ခြင်းသို့ရောက်ကြောင်းကို သက်သေပြနေသည်။
>
> ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာချိန်အထိ ညှင်းပန်းနှိပ်စက်ခြင်းကိုသည်းခံကျော်လွှားနိုင်သော ဘေးဒဏ်ကြီးကာလရှိ ဣသရေလလူမျိုးသာလျှင်ရန် သူတိုင်းပြည်များ၏ရန်မှ ကယ်နှုတ်ခြင်းကိုခံရလိမ့်မည်။

ယုံကြည်ခြင်းကို အတိအလင်းကြေငြာဝန်ခံထားသော ခရစ်ယာန်များသည် မိမိတို့၏ကယ်တင်ခြင်းမှာ စစ်မှန်သောကယ်တင်ခြင်းဖြစ်ကြောင်းကို သက်သေပြရန်အတွက် ယုံကြည်ခြင်း၌လည်းကောင်း၊ ကောင်းသောအကျင့်ကိုကျင့်ခြင်း၌လည်းကောင်း အပတ်တကုတ်ကြိုးစားအားထုတ်ရမည်ဖြစ်သည်ဟု သွန်သင်ပေးရန် အချို့က မဿဲနှင့်မာကုမှ ဤပြောဆိုချက်ကို အသုံးပြုကြသည်။ ၄င်းသည် က သမ္မာတရားအနက်ဖွင့်ပြန်ဆိုချက်ဖြစ်သည်။

ယုံကြည်ခြင်းကို အတိအလင်းကြေငြာဝန်ခံထားသော ခရစ်ယာန်များသည် မိမိတို့စစ်မှန်စွာကယ်တင်ခြင်းသို့ရောက်ကြောင်းကို သက်သေပြရန်အတွက် အပတ်တကုတ်ကြိုးစားအားထုတ်ရမည်ဟု ပြောဆိုသောသူများက ထိုအပတ်တကုတ်ကြိုးစားအားထုတ်ခြင်းသည် ကယ်တင်ခြင်းကို ထိုက်ထိုက်တန်တန်ရရှိစေသော လုပ်ဆောင်မှုတစ်ခုအဖြစ်ဝန်ခံခဲ့ကြမည် မဟုတ်ပါ။ ဤအရာသည် ချို့ယွင်းချက်ရှိနေသောစဉ်းစားတွေးခေါ်မှုဖြစ်သည်။ အကြောင်းမှာ၊ အပတ်တကုတ်ကြိုးစားအားထုတ်မှုသည် ကယ်တင်ခြင်းကိုသက်သေပြရန်အတွက်လိုအပ်ခဲ့လျှင် ထိုအပတ်တကုတ် ကြိုးစားအားထုတ်မှုသည် ကယ်တင်ခြင်းအတွက် လိုအပ်နေသောအရာနေသောကြောင့်ဖြစ်သည်။ ဤအရာသည် သခင်ယေရှုခရစ်ကိုကယ်တင်ရှင်အဖြစ်တစ်ဦးတစ်ယောက်၏ကနဦးယုံကြည်

ချက်တွင် ထပ်လောင်းပေါင်းထည့်မှုတစ်ခုဖြစ်သည်။ ကယ်တင်ခြင်းသည် ယုံကြည်ခြင်း အပြင်တစ်ဦးတစ်ယောက်၏ စွမ်းဆောင်မှုအားဖြင့်ဖြစ်တည်ခဲ့မည်ဆိုလျှင် ၄င်းသည် ဘုရားသခင့်ကျေးဇူးတော်၏ အဖိုးအခမဲ့ခြင်းသဘောသဘာဝကို ဆန့်ကျင်နေပါသည်။ လူအချို့က ကယ်တင်ခြင်းကိုပေးပိုင်သော စစ်မှန်သည့်ယုံကြည်ခြင်းသည် *အလုပ်လုပ်သောယုံကြည်ခြင်း*ဖြစ်သည်ဟု ပြောဆို၍မိမိတို့၏အယူအဆကို မွမ်းမံခြင်းဖြင့်အထက်ပါစွပ်စွဲချက်ကို ရှောင်တိမ်းရန်ကြိုးစားကောင်း ကြိုးစားခဲ့ကြပေလိမ့်မည်။ သို့သော်၊ ဤလုပ်ဆောင်ချက်သည် ကယ်တင်ခြင်းအတွက် စွမ်းဆောင်ချက်လိုအပ်သည်ဟူသော အမှားပြုလုပ်ခြင်းကို မရှောင်တိမ်းနိုင်ပါ။

က သမ္မာတရားအနက်ဖွင့်ပြန်ဆိုချက်က "အဆုံး" ဟူသော စကားလုံးသည် တစ်ဦးတစ်ယောက်၏ရုပ်ခန္ဓာနှင့်ဆိုင်သော အသက်တာ၏အဆုံးသတ်ကိုဆိုလို သည်ဟု သဘောပေါက်နားလည်ထားသည်။ သို့သော်၊ ထိုနားလည်သဘောပေါက်မှုသည် ဤနေရာ၌သခင်ယေရှုပြောပြနေသည့်နောက်ဆုံးသောကာလ၏ထူးခြားသောစီစဉ်ဖွဲ့စည်းပုံနှင့်အဖြစ်အပျက်များကို မသိကျိုးကျွန်ပြုထားပါသည်။ "အဆုံး" ဟူသောအရာသည် မည်သည့်အရာအား ရည်ညွှန်းထားသည်ကို ကျမ်းစကားအသွားအလာက ညွှန်ပြနေပါသည်။ ရှင်မသဲ (နှင့် ရှင်မာကု) ကဣသရေလ လူမျိုးတို့၏ မဟာဘေးဒဏ်ကြီးကာလ၌ရှိလာမည့် အခြေအနေများကိုပြောပြနေကြသည်မှာ ထင်ရှားနေပါသည် (၄င်းသည် မဿဲ ၁၀း၂၂ ရှိအလားတူပြောဆိုချက်၏ ကျမ်းစကားအဆက်အစပ်လည်းဖြစ်ဟန်တူသည်)။ သခင်ယေရှု ကမိမိပြန်လည်ကြွဆင်းလာခြင်းနှင့်ပတ်သက်၍တပည့်တော်များ ၏ မေးခွန်းကိုဖြေဆိုရာတွင် နောက်ဆုံးသောကာလ နှင့်သက်ဆိုင်သည့် နောက်ဆုံးမေးခွန်းကို အရင်ဦးဆုံးဖြေကြားထားသည်။ သခင်ယေရှုက အခန်းငယ် ၆၊ ၁၃ နှင့် ၁၄ တို့တွင် "အဆုံး" ဟူသောအရာကို ရည်ညွှန်းပြောဆိုရာတွင် ၄င်းတို့သည်အဓိပ္ပါယ်ဆိုလိုရင်းတူကြပြီး ဘေးဒဏ်ကြီးကာလဖြင့်အဆုံးသတ်မည့်နောက်ဆုံးသောကာလကို ရည်ညွှန်းပါသည်။ ပူပန်သောက စိတ်ဒုက္ခရောက်ရသော ဤအချိန်ကာလတွင် ယုဒလူမျိုးသည် လူမျိုးတကာတို့၏မုန်းတီးခြင်းနှင့်အသေသတ်ခြင်းကို လည်းကောင်း(၂၄း၉)၊ ၄င်းတို့ပြည်သူပြည်သားအချင်းချင်း၏ သစ္စာဖောက်ခြင်းကို လည်းကောင်း (၂၄း၁၀)၊ မိစ္ဆာပရောဖက်များ၏လှည့်ဖြားခြင်းကိုလည်းကောင်း (၂၄း၁၁) ခံရ၍ တရားဥပဒေကိုလေးစားလိုက်နာမှု မရှိခြင်းနှင့် မေတ္တာတရားခေါင်းပါးခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့ကြရပါလိမ့်မည် (၂၄း၁၂)။ အခန်းငယ် ၁၃ နောက်ပိုင်းတွင် သခင်ယေရှု၏ပရောဖက်ပြုချက်က မိမိပြန်လည်ကြွဆင်းလာခြင်းကို အမှန်ဖော်ကျူးထားသည့် အသေးစိတ်အကြောင်းအရာများကို ဖော်ထုတ်ပြောဆိုထားပါသည် (၂၄း၁၄ နှင့် နောက်ကျမ်းပိုဒ်များ)။ ဣသရေလလူမျိုးများစွာ အသတ်ခံရမည် ဖြစ်သော်လည်း ဤဘေးရန်များကို *ဘေးဒဏ်ကြီးကာလအဆုံးတိုင်* (မိမိ၏ရုပ်ခန္ဓာနှင့်ဆိုင်သော

အသက်အဆုံးတိုင်မဟုတ်ပါ၊ ၄င်းသည် က သမ္မာတရားအနက်ဖွင့်ပြန်ဆိုချက်ဖြစ်သည်) တည်ကြည်သောသူများသည် ၄င်းတို့ကိုမုန်းတီးနေကြသောလူမျိုးများဖြစ်သည့် ရန်သူများထံမှ ကယ်နှုတ်ခြင်း (ကယ်တင်ခြင်း) ခံရမည်ဖြစ်သည်။ ဣသရေလလူမျိုးတို့အား သခင်ယေရှုခရစ်က "ဤနောက်ဆုံးမိနစ်ပိုင်း၌ ကယ်တင်ခြင်း" သည်သမ္မာကျမ်းစာရှိ ထင်ရှားသောပရောဖက်ပြုချက်တစ်ခုဖြစ်သည် (ဇာခရိ ၁၂း၂–၉၊ ရောမ ၁၁း၂၆)။ ဤအရာသည် *ကယ်တင်သည်* ဟူသောစကားလုံးက အပယ်ငရဲမှရွေးနှုတ်ခြင်း မဟုတ်၊ ဘေးအန္တရာယ်တစ်ခုမှရွေးနှုတ်ခြင်းကို ရည်ညွှန်းသည့် ဥပမာတစ်ခုဖြစ်သည်။ ဤအရာသည် ခ သမ္မာတရားဖြစ်ကြောင်းမှာထင်ရှားနေပါသည်။ အကြောင်းမှာ၊ အဆုံးတိုင်တည်ကြည်ခြင်းသည် ထာဝရကယ်တင်ခြင်းနှင့်ဆက်စပ်မှုမရှိဘဲ၊ ဘုရားသခင်၏လူမျိုးများအား ယခုပစ္စုပ္ပန်၌ ရွေးနှုတ်ခြင်းနှင့်သာ ဆက်စပ်နေသောကြောင့်ဖြစ်သည်။ အခန်း ၄ယ် ၂၂ တွင် သခင်ယေရှုက "ထိုကာလတာရှည်လျှင် အဘယ်သူမျှမလွတ်နိုင်ရာ" ဟုပြောထားသည်။ "အဘယ်သူမျှ" ဟူသောအသုံးအနှုန်းတွင်ရွေးနှုတ်ခြင်းခံရသောတပါးအမျိုးတို့လည်းပါဝင်သည်ဟု ယူဆရသည်။ မဿဲ ၂၅း၃၁–၄၆ ရှိ သိုးနှင့်ဆိတ်ပုံဥပမာကတပါးအမျိုး (လူမျိုးတကာ)တို့သည် ဘေးဒဏ်ကြီးကာလ၏အဆုံးတွင်ရှိနေကြမည့်အကြောင်းကို ပြသထားသည်။

ဣသရေလလူမျိုးတို့၏ သမိုင်းရာဇဝင်သည် ဘုရားသခင်၏ကျေးဇူးတော်ကိုပြောပြသောသမိုင်းရာဇဝင်ဖြစ် သည်။ ၄င်းတို့သည် အထူးသီးသန့်ရည်ရွယ်ထားသောလူမျိုးဖြစ်လာစေရန် ဘုရားသခင်၏ရွေးချယ်ခြင်းကို ခံခဲ့ကြရသည်။ အပြစ်ဒုစရိုက်ထပ်ကာထပ်ကာ ကျူးလွန်ခဲ့ကြသော်လည်း ဘုရားသခင်သည် ၄င်းတို့ကိုသမိုင်းတလျှောက်လုံးကာကွယ်စောင့်ရှောက်ခဲ့သည်။ အနာဂတ်တွင်လည်း ဘုရားသခင်သည်၄င်းတို့ကိုကာကွယ်စောင့်ရှောက်ပါလိမ့်မည်။ ဤသို့ပြုလုပ်ရခြင်းမှာ ၄င်းတို့နှင့်ထိုက်တန်သောကြောင့်မဟုတ်၊ ထိုသို့ပြုလုပ်ရန်ပြောဆိုထားသည့် မိမိ၏ကတိတော်ကို ဘုရားသခင်စောင့်ထိန်းခြင်းကြောင့်သာဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းခံထားရသောကျွန်ုပ်တို့သည် ကျေးဇူးတော်အားဖြင့် ဆက်လက်ကယ်တင်ခြင်းခံကြရပြီးနောက်ဆုံးတွင်အမြင့်ဆုံး၌ ထိုကျေးဇူးတော်အားဖြင့် ဘုန်းကြီးခြင်း၌ချီးမြှောက်ခံကြရမည်ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့နှင့်ထိုက်တန်သောကြောင့်မဟုတ်၊ ယုံကြည်သောသူတိုင်းအပေါ်၌ ပေးထားသောဘုရားသခင်၏ကတိတော်ဖြစ်သောကြောင့်ဖြစ်သည် (ယောဟန် ၃း၁၆၊ ၅း၂၄၊ ရောမ ၈း၂၉)။

မျိုးစေ့ကြဲခြင်းပုံဥပမာ။ လုကာ ၈း၄–၈၊ ၁၁–၁၅ (နှိုင်းယှဉ် မဿဲ ၁၃း၁–၉၊ မာကု ၄း၂–၂၀)

၄ *"များစွာသောလူအပေါင်းတို့သည် မြို့ရွာအရပ်ရပ်တို့မှအထံတော်*

သို့လာ၍ စုဝေးလျက် ရှိကြသောအခါ၊ ဥပမာစကားအားဖြင့် မြွက်ဆို တော်မူသည်မှာ၊ [၅] မျိုးစေ့ကြဲသောသူသည် မျိုးစေ့ကိုကြဲခြင်းငှါထွက် သွား၏။ အစေ့ကိုကြဲသည်တွင် အချို့သောအစေ့တို့သည် လမ်းခဲ့ကျ သဖြင့်ကျောက်နင်းခြင်းကိုခံရ၍ မိုဃ်းကောင်းကင်ငှက်တို့သည် ကောက်စား ကြ၏။ [၆] အချို့သောအစေ့တို့သည် ကျောက်ပေါ်၌ကျသဖြင့်အပင် ပေါက်သောအခါ မြေဩဇာမရှိသောကြောင့် ညှိုးနွမ်းပျက်စီးခြင်းသို့ ရောက်ကြ၏။ [၇] အချို့သောအစေ့တို့သည် ဆူးပင်တို့တွင်ကျသဖြင့် ဆူးပင်တို့သည် အတူပေါက်၍ ညှင်းဆဲကြ၏။ [၈] အချို့သောအစေ့တို့ သည် ကောင်းသောမြေ၌ကျသဖြင့် အပင်ပေါက်၍အဆ တရာပွားများ၍ အသီးသီးကြ၏ဟု မိန့်တော်မူပြီးမှ၊ ကြားစရာနားရှိသောသူမည်သည် ကား ကြားပါစေဟု ကြွေးကြော်တော်မူ၏။"

၁၀ *"ထိုဥပမာအနက်အဓိပ္ပါယ်ကား၊ မျိုးစေ့သည်ဘုရားသခင်၏ တရားစကားဖြစ်၏။ [၁၂] လမ်းခဲ့ ရှိသောသူကား၊ တရားစကားကိုကြား သည်ရှိသော်၊ ယုံကြည်ခြင်း၊ ကယ်တင်ခြင်းသို့မရောက်စေခြင်းငှါ၊ မာရ်နတ် သည်လာ၍တရားစကားကိုနှလုံးထဲမှနှုတ်ယူသောသူကို ဆိုလိုသတည်း။ [၁၃] ကျောက်ပေါ်၌ရှိသောသူကား၊ တရားစကားကိုကြား၍ဝမ်းမြောက် သောစိတ်နှင့်ခံယူသော်လည်းစိတ်နှလုံး၌အမြစ်မစွဲ၊ ခဏသာယုံကြည် သဖြင့် စုံစမ်းနှောက်ယှက်ခြင်းကို ခံရသောအခါဖောက်ပြန် သောသူကို ဆိုလိုသတည်း။ [၁၄] ဆူးပင်တို့တွင်ရှိသောသူကား၊ တရားစကားကို ကြားသည်ရှိသော်၊ လောကီစိုးရိမ်ခြင်း၊ စည်းစိမ်ကြွယ်ဝခြင်း၊ ကာမဂုဏ်ခံ စားခြင်းတို့သည် နှိပ်စက်၍ အသီးမသီးသော သူကိုဆိုလိုသတည်း။ [၁၅] ကောင်းသောမြေ၌ရှိသောသူကား၊ ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံးနှင့် တရားစကားကိုကြားလျှင်၊ စွဲလမ်းသောအားဖြင့်မြဲမြံစွာအသီးသီးသော သူကိုဆိုလိုသတည်း။"*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဤပုံဥပမာက သခင်ခရစ်တော်အားအတိအလင်းဝန်ခံသောသူ အချို့သည် ကယ် တင်ခြင်းသို့စစ်မှန်စွာမရောက်ကြ (သို့) ၄င်းတို့သည် ကယ်တင်ခြင်း သို့ရောက်ကြပါသော်လည်း အသီးသီးခြင်းသို့မရောက်ရှိကြသော ကြောင့် ကယ်တင်ခြင်းကို ဆုံးရှုံးကြရသည်ဟု သွန်သင်ပေးပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဤပုံဥပမာက ယုံကြည်ပြီးအသီးမသီးသော သူအချို့ရှိသကဲ့သို့၊ ယုံကြည်ပြီး အသီး သီးသောသူအချို့လည်း ရှိသည်ဟုသွန်သင်ပေးပါသည်။

ဤပုံပမာသည် သခင်ခရစ်တော်၏ပုံဥပမာများအနက်မှ ပထမဆုံးပုံဥပမာဖြစ် ပြီး၊ ပုံဥပမာများအားလုံး၏ ရည်ရွယ်ချက်ကို ရှင်းပြရန်အတွက်လည်းကောင်း၊ ဘုရား

သခင်၏သမ္မာတရားကိုလူတို့က မည်သို့တုန့်ပြန်ကြသည်ကို ပြသရန်အတွက်လည်းကောင်းရည်ရွယ်ထားသည်။ သခင်ယေရှုသည် သမ္မာတရားကိုလက်ခံရန် အသင့်ဖြစ်နေသောသူများကိုဉာဏ်အလင်းပွင့်စေရန်အတွက်လည်းကောင်း၊ လက်ခံရန်အသင့်မဖြစ်သောသူများထံမှ ထိုသမ္မာတရားကို ကာကွယ်ပိတ်ပင်ထားရန်အတွက် ပုံဥပမာများကို အသုံးပြုခဲ့သည်။ သခင်ခရစ်တော်သည် ဤပုံဥပမာကို တပည့်တော်များထံ၌ အနက်ဖွင့်ဘာသာပြန်ဆိုခြင်းမပြုမီတွင် ဤရည်ရွယ်ချက်ကို ရှင်းပြခဲ့သည် (မဿဲ ၁၃း၁၀–၁၇၊ မာကု ၄း၁၀–၁၂၊ လုကာ ၈း၉–၁၀)။ ရှေ့မှအခန်းကြီး ၁၁ နှင့် ၁၂ တို့၏ပို၍ကျယ်ပြန့်သော ကျမ်းစကားအဆက်အစပ်တွင် ဣသရေလခေါင်းဆောင်များက သခင်ခရစ်တော်၏သွန်သင်ချက်ကို ငြင်းပယ်ခဲ့ကြရာကိုယ်တော်ရှင်က ၄င်းတို့ကိုဝေဖန်ပြစ်တင်ခဲ့သည်။ ယခုတွင် ကိုယ်တော်သည် ၄င်းတို့နားမလည်နိုင်မည့် သမ္မာတရားကိုပြောပြနေပြီး၊ တပည့်တော်များကမူ နားလည်ကြပါလိမ့်မည်။ မျိုးကြဲသူနှင့်သခင်ယေရှုကို ခိုင်းနှိုင်းထားလျှင် ကြဲချသောမျိုးစေ့သည် ကိုယ်တော်ရှင်က ကိုယ့်ကိုယ်ကို ဣသရေလလူမျိုးတို့၏မေရှိယအဖြစ် အခိုင်အမာထွက်ဆိုခြင်းနှင့်ပတ်သက်သောသမ္မာတရားဖြစ်ပြီး ၄င်းသည် ဤကျမ်းစကားအဆက်အစပ်ရှိ အဓိကအချက်ဖြစ်သည်။

မာရ်နတ်ကို ကိုယ်စားပြုသောဒုက်များမှ မျိုးစေ့များကိုကောက်စားချီဆောင်သွားခြင်းခံရသည့် ပထမမြေသည် ကယ်တင်ခြင်းသို့လုံးလုံးမရောက်ခဲ့သောသူများကိုကိုယ်စားပြုသည်ဟူသောအချက်တွင် ဘုံသဘောတူညီမှု မရှိကြပါ။ ရှင်လုကာက ဤပုဂ္ဂိုလ်များသည် “တရားစကားကို ကြားသည်ရှိသော်၊ ယုံကြည်ခြင်း၊ ကယ်တင်ခြင်းသို့ မရောက်စေခြင်းငှါ” မာရ်နတ်က သမ္မာတရားကိုတားဆီးထိန်ချန်ခြင်းခံရသောသူများဖြစ်သည်ဟု ဖြည့်စွက်ပြောဆိုထားခြင်းဖြင့် ဤအနက်ဖွင့်ဘာသာပြန်ဆိုမှု၌ကျွန်ုပ်တို့ကိုကူညီပေးထားသည် (လုကာ ၈း၁၂)။ ထို့အပြင်၊ သမ္မာတရားကို ယုံကြည်လက်ခံ၍ အသီးသီးသည်အထိ ထိုသမ္မာတရားတွင် ကျင်လည်သောသူများကိုကိုယ်စားပြုသည့် စတုတ္ထမြေအမျိုးအစားအပေါ်၌လည်း သဘောတူညီမှုမရှိလှပါ (လူအချို့က ထိုပုဂ္ဂိုလ်များသည် ၄င်းတို့ အသက်တာကုန်ဆုံးသည့်အချိန်အထိ အသီးမသီးကြလျှင် ၄င်းတို့ကယ်တင်ခြင်းသို့ရောက်မရောက်ကိုကျွန်ုပ်တို့ မသိနိုင်ဟု ပြောဆိုခဲ့ကြပေမည်)။

ပထမမြေအမျိုးအစားနှင့် ပတ်သက်၍ပြောဆိုရာတွင် သခင်ယေရှုကကယ်တင်ခြင်းသည် ယုံကြည်ခြင်း၌ အခြေခံကြောင်းကို ထင်ရှားစေခဲ့သည်။ ဤပထမမြေအမျိုးစား၌သာ မျိုးစေ့များအညှောက်ပေါက်ခြင်း မရှိခဲ့သည်ကိုတွေ့ရသည်။ အကြောင်းမှာ၊ ထိုအရပ်၌ယုံကြည်ခြင်းမရှိသောကြောင့်ဖြစ်သည်။ အနက်ဖွင့်ဘာသာပြန်ဆိုချက်များ ကွဲပြားခြားနားသွားသောနေရာသည် ဒုတိယနှင့်တတိယမြေအမျိုးအစားတို့တွင်ဖြစ်သည်။ အကြောင်းမှာ၊ ဤမြေအမျိုးအစားနှစ်မျိုးလုံးတွင် အသက်ရှိနေသောကြောင့် ထိုနေရာတွင်ယုံကြည်ခြင်းရှိသည်ဟု ဆောင်းပါးရိုပ်ခြေပြောနေပါ

သည်။ ဒုတိယမြေအမျိုးအစားသည် အသက်ရှင်ခြင်းကိုဖန်တီးဖော်ဆောင်ပေးသော်လည်း မြေကြီးသည် ကျောက်ထူထပ်၍ စိုထိုင်းမှုကင်းမဲ့သောကြောင့် ထိုအသက်မှာ အလျင်အမြန်ခြောက်သွေ့သွားရသည်။ တတိယမြေအမျိုးအစားသည်လည်း အသက်ရှင်ခြင်းကိုဖန်တီးဖော်ဆောင်ပေးပါသည်။ သို့သော်၊ ဤအသက်တာရှိစိုးရိမ်မှုသောကများနှင့် သာယာမှုများကိုကိုယ်စားပြုသည့် ဆူးပင်များ၏ချုပ်နှောင်ခြင်းကို ခံကြရသည်။ ရှင်မဿဲ ၁၃း၂၂ နှင့် ရှင်မာကု ၄း၁၉ တို့အဆိုအရ ၄င်းသည် "အသီးမသီးနိုင်ခြင်း" ဖြစ်သော်လည်း၊ ရှင်လုကာကမူ ထိုကိုယ်စားပြုထားသောသူများသည် "အသီးများကိုရင့်ကျက်ခြင်းဆီသို့ မဆောင်ကျဉ်းနိုင်သော" (အင်္ဂလိပ်ကျမ်းစာတွင်) (လုကာ ၈း၁၄)ဟုပြောဆိုခြင်းဖြင့် ပို၍မရေမရာဖြစ်စေပါသည်။ ဖြစ်နိုင်ချေရှိသောအရာမှာ ၄င်းတို့သည် အသီးသီးသော်လည်း ထိုအသီးများသည် ရင့်ကျက်ခြင်းသို့လုံးလုံးမရောက်ခဲ့ကြဟူသောအချက်ဖြစ်သည်။ ဒုတိယနှင့်တတိယမြေအမျိုးအစားသည် သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် နှုတ်အားဖြင့်ဝန်ခံခြင်းသက်သက်ကိုသာပြုထားသောသူများကို ကိုယ်စားပြုထားပါသလား (သို့) ၄င်းတို့ကယ်တင်ခြင်းသို့ အစစ်အမှန်ရောက်ခဲ့ကြပါသလား။

ကျွန်ုပ်တို့၏အနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ကူညီထောက်ပံ့ပေးသည့်အရာအချို့ကို ကျွန်ုပ်တို့သတိပြုအကဲခတ်မိပါသည်။ ပထမအရာမှာ၊ ဤမြေအမျိုးအစားနှစ်ခုလုံးသည် အသက်ရှိခြင်းကို သက်သေပြသနေပြီး၊ ၄င်းတို့သည်နတ်ဆိုးက စိတ်နှလုံးထဲသို့ သမ္မာတရားဝင်ရောက်ရန်ခွင့်မပြုသောကြောင့်အသက်ရှိခြင်းကို လုံးလုံးသက်သေမပြခဲ့သည့် ပထမမြေအမျိုးအစားနှင့် ဆန့်ကျင်ဘက်ဖြစ်နေကြသည်။ ဤအချက်ကသမ္မာတရားသည် ဒုတိယနှင့်တတိယအုပ်စုတို့မှ လူတို့၏စိတ်နှလုံးထဲသို့ရောက်ရှိခဲ့ပြီး၊ ဘုရားပေးသောအသက်ကို ဖြစ်ပေါ်စေခဲ့ပါသည်။ ရှင်လုကာက ဒုတိယအုပ်စုသည် "တရားစကားကိုကြား၍ ဝမ်းမြောက်သောစိတ်နှင့်ခံယူ ...ခဏသာယုံကြည်သဖြင့်..." ဟုပြောထားသည် (လုကာ ၈း၁၃)။ အရေးကြီးသောအချက်မှာ ၄င်းတို့ယုံကြည်ခြင်း၏ရိုးသားစစ်မှန်မှုရှိ မရှိမဟုတ်၊ ထိုယုံကြည်ခြင်း တည်တံ့ကြာမြင့်ချိန်ဖြစ်သည်။ တတိယအုပ်စုသည်လည်း အသက်ရှိခြင်းကိုပြသနေပါသည်။ သို့သော်၊ ထိုအသက်ရှိခြင်းသည် တည်ရှိနေမှုမှရပ်တန့်ပျောက်ပျက်သွားရန် ချုပ်နှောင်ခံရခြင်း မဟုတ်ပါ။ အသီးမသီးနိုင်ရန်သာချုပ်နှောင်ခံရပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ပို၍အဓိပ္ပါယ်ရှိပါသည်။ အကြောင်းမှာ၊ ဤပုံဥပမာက ပုံဆောင်ဖေါ်ပြထားသော အရေးကြီးသည့်အကြောင်းအရာမှာ ကယ်တင်ခြင်းသို့ရောက်ဖို့ အပတ်တကုတ်ကြိုးစားအားထုတ်ခြင်းမဟုတ်၊ အသီးသီးခြင်းသို့ရောက်ဖို့ အပတ်တကုတ်ကြိုးစားအား ထုတ်ခြင်းဖြစ်သောကြောင့်ဖြစ်သည်။ သခင်ခရစ်တော်ကို ယုံကြည်သောသူအချို့သည် အသီးများစွာသီးခြင်းဆီသို့ မရောက်ရှိနိုင်ကြပါ။ ထိုသို့ဖြစ်ရခြင်းမှာ ၄င်းတို့စိတ်နှလုံး၏သဘောသဘာဝကြောင့်

ဖြစ်သည်။ အသီးသီးခြင်းဆီသို့ရောက်ရှိသွားသောသူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုစိတ်ဝင်တစားတုန့်ပြန်ခြင်း၌ ဆက်လက်တည်နေသောစိတ်နှလုံးကိုရှိထားကြသည်။ ၄င်းတို့သည် စိတ်ဝင်တစားတုန့်ပြန်လိုစိတ်အလွန်ရှိကြသောကြောင့် စိန်ခေါ်မှုများနှင့်စိတ်အာရုံပြောင်းလွဲစေမှုများသည် ၄င်းတို့၏ယုံကြည်ခြင်းကို အသီးသီးသောရင့်ကျက်ခြင်းဆီသို့ ကြီးထွားရန် မဟန့်တားနိုင်ပါ။

ဤပုံဥပမာသည် ယုံကြည်သူများအား အရေးကြီးသောသမ္မာတရားအချို့ကို ထုတ်ဖော်ပြသနေပါသည်။ လူတိုင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို တုန့်ပြန်ရန်အခွင့်အရေးရှိထားကြပြီး၊ ဘုရားသခင်ကလည်း မိမိ၏သမ္မာတရားအားတုန့်ပြန်သော သူများအားလုံးကိုအသီးသီးသောအသက်တာအတွက်ယုံကြည်ခြင်း၌ အပတ်တကုတ်ကြိုးစားအားထုတ်ရန်အလိုရှိသည်။ သို့သော်၊ အမှန်တကယ်ဖြစ်နေသော အရာမှာမြောက်များစွာသောသူတို့သည် ၄င်းတို့၏ယုံကြည်ခြင်းကို စိန်ခေါ်ခံရသောစစ်ကြောခြင်းများ၏အာရုံလွဲပြောင်းနှောက်ယှက်ခြင်းကိုခံကြရသည် (သို့) ကြံ့ခိုင်သန်စွမ်းသောကြီးထွားခြင်းကိုချုပ်နှောင်ထားသည့် လောကီသာယာမှုများ၏အာရုံပြောင်းလွဲနှောက်ယှက်ခြင်းကိုခံကြရသည်။ ဤအရာသည် ကျွန်ုပ်တို့အတွက် ဘုရားသခင့်နှုတ်ကပတ်တော်၏သမ္မာတရား၌ဆက်လက် တည်မြဲနေကြကာ ကျွန်ုပ်တို့၏စိတ်နှလုံးများ ကိုစောင့်ကြည့်စစ်ဆေးရန်အတွက် သင်ခန်းစာတစ်ခုဖြစ်သည်။ ထိုသို့အားဖြင့်၊ ဘုရားသခင်ပြောဆိုသောအရာများကို အမြဲတမ်းစိတ်ဝင်တစားတုန့်ပြန်လို စိတ်ရှိကြမည်ဖြစ်သည်။

ဝှက်ထားသောဘဏ္ဍာနှင့်အလွန်အဖိုးထိုက်သော ပုလဲပုံဥပမာ (Parables of the hidden treasure and pearl of great price)။ မဿဲ ၁၃း၄၄–၄၆

> ၄၄ *"တစ်နည်းကား၊ ကောင်းကင်နိုင်ငံတော်သည် လယ်၌ဝှက်ထားသောဘဏ္ဍာနှင့်တူ၏။ ထိုဘဏ္ဍာကိုတွေ့သောသူသည် တဖန်ဖုံးအုပ်၍ ဝမ်းမြောက်သောစိတ်နှင့်သွားပြီးလျှင်၊ ရတတ်သမျှကိုရောင်း၍ထိုလယ်ကိုဝယ်တတ်၏။*[၅၁] *၄၅ တစ်နည်းကား၊ ကောင်းကင်နိုင်ငံတော်သည် မြတ်သောပုလဲတို့ကိုရှာ သောကုန်သည်နှင့်တူ၏။* ၄၆ *ထိုကုန်သည်သည် အလွန်အဘိုးထိုက်သော ပုလဲကို တွေ့သောအခါ၊ သွား၍မိမိရတတ်သမျှကိုရောင်းပြီးလျှင် ထိုပုလဲကိုဝယ်လေ၏။"*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဤပုံဥပမာနှစ်ခုက ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရောက်ရန် လူတစ်ယောက်သည်

ခပ်သိမ်းသောအရာတို့ကို စွန့်လွှတ်၍အလွန်အဖိုးကြီးသောအဖိုး အခတစ်ခုကိုပေးရမည်ဖြစ်သည်ဟု သွန်သင်ပေးထားသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဤပုံဥပမာနှစ်ခုက ဘုရားသခင့်နိုင်ငံတော်၏ လျှို့ဝှက်ဆန်းကြယ်မှုတစ်ခုမှာ ထိုနိုင်ငံတော်တွင် ဘုရားသခင်တန်ဖိုးထားသောသူများဖြစ်ကြသည့် ကျသရေလူမျိုးများနှင့် အလွန်အဖိုးထိုက်သောအဖိုးအခဖြင့်ဝယ်ယူထားသောတပါးအမျိုးများပါဝင်ကြမည်ဖြစ်သည်ဟုသွန်သင်ပေးထားသည်။

ပထမအနက်ဖွင့်ပြန်ဆိုခြင်းသည် ဤပုံဥပမာများကို နိုင်ငံတော်၏ အလွန်အဖိုးတန်မှုနှင့် ထိုနိုင်ငံတော်ထဲသို့ ဝင်ရောက်ရန် ကြီးမားသောအဖိုးအခပေးရခြင်း၊ ဧဝံဂေလိပြုလုပ်ခြင်းနှင့်ဆိုင်သော ရည်ရွယ်ချက်တစ်ခုအကြောင်းကို သွန်သင်ပေးသည်ဟုရှုမြင်ထားသည်။ သို့သော်၊ ဤအယူအဆကိုကျမ်းစကားအဆက်အစပ်ကအား မပေးပါ။ ဤပုံဥပမာများ၏ရည်ရွယ်ချက်မှာ သမ္မာတရားကို မယုံကြည်သူများထံမှ ဖုံးကွယ်ထား၍ ယုံကြည်သူများထံတွင် ထုတ်ဖော်ပြသရန်ဖြစ်သည် (မဿဲ ၁၃း၁၀–၁၇၊ မာကု ၄း၁၀–၁၂၊ လုကာ ၈း၉–၁၀)။ ၄င်းသည် “ကောင်းကင် နိုင်ငံတော်၏ နက်နဲသောအရာတို့ကို” သွန်သင်ပေးရန်ဖြစ်ပြီး၊ ၄င်းသည်ဘုရားသခင်၏နိုင်ငံတော်နှင့်စပ်ဆိုင်သည့်အသစ်သောသမ္မာတရားဖြစ်သည်။ သခင်ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်နှင့်စပ်ဆိုင်သည့် အသစ်သောအရာများကို ထိုထုတ်ဖော်ပြသပေးသည့် ထိုဘုရားသခင့်နိုင်ငံတော်၏ သဘောသဘာဝအကြောင်းကို သွန်သင်ပေးနေခြင်းဖြစ်သည်။ ကိုယ်တော်ရှင်သည် တပည့်တော်ဖြစ်ခြင်းဟူသော အဖိုးအခကိုပေးခြင်းဖြင့် နိုင်ငံတော်သို့ဝင်ရောက်ရခြင်းကိုသွန်သင်ပေးနေလျှင် ထိုသွန်သင်ချက်သည် တပည့်တော်များအတွက် အသစ်အဆန်းဖြစ်ခဲ့မည် မဟုတ်ပါ။ အကြောင်းမှာ သခင်ယေရှုသည်ဤမတိုင်မီတွင် တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်များအကြောင်းကိုပြောထားခဲ့ပြီးဖြစ်သောကြောင့်ဖြစ်သည် (မဿဲ ၁၀း၃၂–၃၃၊ ၃၇–၃၉၊ ၁၁း၂၈–၃၀)။ ထို့အပြင်၊ ဘုရားသခင်သည်ဧဝံဂေလိတရား၏သမ္မာတရားကိုမယုံကြည်သူများထံမှ ဖုံးကွယ်မထားပါ။

အသစ်သော “နက်နဲသောအရာ” သွန်သင်ချက်ဆိုသည်မှာ ယုဒလူမျိုးဖြစ်သောသူများနှင့် တပါးအမျိုးဖြစ်သောသူများသည် ဘုရားသခင်၏နိုင်ငံတော်တွင် အတူတကွရှိခဲ့ကြလိမ့်မည်ဟူ၍ဖြစ်သည်။ ပထမပုံဥပမာတွင် လယ်၌ဝှက်ထားသောဘဏ္ဍာသည် ဤကမ္ဘာမြေရှိ ကျသရေလလူမျိုးများကို ကိုယ်စားပြုသည်။ ၄င်းတို့သည် တိုင်းနိုင်ငံအသီးသီးသို့ပျံ့နှံ့နေကြသောကြောင့် အချိန်ကာလတစ်ခုအထိ ခဏတာကွယ်ဝှက်နေခဲ့ကြမည်ဖြစ်သော်လည်း ၄င်းတို့အတွက် အလွန်အဖိုးကြီးသောအခကိုပေးခဲ့

သူဖြစ်သည့် သခင်ယေရှုခရစ်၏ပြန်လည်စုစည်းခြင်းကိုခံရကာ မူလအရိုက်အရာ၌ပြန်လည်ထားရှိခြင်းကိုခံကြရမည်ဖြစ်သည်။ ဒုတိယပုံဥပမာတွင် အလွန်အဖိုးထိုက်သောပုလဲသည် မည်သည့်အချိန်ကမျှ ဖုံးကွယ်ထားခြင်းမရှိခဲ့သည့် အသင်းတော်အကြောင်းကို ပြောနေပါသည်။ သို့သော်၊ ထိုအသင်းတော်သည်လည်း သခင်ယေရှုခရစ်အသေခံခြင်းဟူသော အမြင့်ဆုံးအဖိုးအခဖြင့် ဝယ်ယူခဲ့သောအရာပင်ဖြစ်သည်။

သခင်ယေရှုသည် "ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ" ကြွဆင်းလာခဲ့ခြင်းဖြစ်သည် (လုကာ ၁၉း၁၀)။ ကိုယ်တော်သည် ကားတိုင်ထက်၌ အသေခံခဲ့ခြင်းဖြင့် ကျသရေလလူမျိုးတို့ကိုလည်းကောင်း၊ အသင်းတော်ကိုလည်းကောင်းဝယ်ယူခဲ့သည်။ မယုံကြည်သူတစ်ဦးသည် ဘုရားသခင်၏နိုင်ငံတော်ကို ဝယ်ယူနိုင်သည့် ဘုရားသခင် တန်ဖိုးထားသောအရာကို လုံးလုံးမပိုင်ဆိုင်ထားပါ (စကားမစပ်၊ ပထမပုံဥပမာတွင် ဘဏ္ဍာကိုသာဝယ်ယူခဲ့သည် မဟုတ်၊ လယ်ကိုလည်းဝယ်ယူခဲ့ပါသည်။ ထို့ကြောင့်၊ ဤအရာသည် က သမ္မာတရားဖြစ်လျှင် ထိုလယ်ဝယ်ယူခြင်းကို ရှင်းပြဖို့ လိုအပ်ခဲ့ပါလိမ့်မည်)။

ကနဦး၌ ထုတ်ဖော်ပြသခြင်းမရှိခဲ့သော်လည်း ယုံကြည်သူများသိထားရန်လိုအပ်သည့် အလွန်တန်ဖိုးရှိသော အရာကို ခ သမ္မာတရားကသွန်သင်ပေးပါသည်။ ၄င်းမှာ ဘုရားသခင်၏လူမျိုးဖြစ်သော ကျသရေလလူမျိုးများနှင့် ဘုရားသခင်၏လူမျိုးဖြစ်သောအသင်းတော်တို့သည် နိုင်ငံတော်တွင်အတူတကွယှဉ်တွဲနေထိုင်ကြမည်ဟူသော အချက်ဖြစ်သည်။ ဘုရားသခင်သည် ထိုလူအုပ်စုနှစ်စုလုံးကို တန်ဖိုးထားခဲ့ပြီး ၄င်းတို့အတွက်အမြင့်ဆုံးအဖိုးအခဖြစ်သည့် မိမိ၏သားတော်ကိုပေးခဲ့ပါသည်။ ခရစ်ယာန်များအဖြစ်နှင့် ကျွန်ုပ်တို့သည်ကျသရေလလူမျိုးများကို ရွေးနှုတ်တော်မူသည့်အပြင် နိုင်ငံတစ်နိုင်ငံထဲ၌ ယှဉ်တွဲနေထိုင်ရန် တပါးအမျိုးတို့အလယ် မှအသင်းတော်ကိုလည်းချီးမြှောက်တော်မူသည့် ဘုရားသခင်၏အချုပ်အခြာတန်ခိုးအာဏာရှိခြင်းကိုလည်းကောင်း၊ ဘုရားသခင်၏ဉာဏ်ပညာကို လည်းကောင်း၊ ဘုရားသခင်၏ကျေးဇူးတော်ကိုလည်းကောင်း အံ့ဩချီးမွမ်းနိုင်ကြပြီဖြစ်သည်။

ခွင့်လွှတ်ခြင်းမရှိသောကျွန်ပုံဥပမာ (Parable of the unforgiving servant)။ မဿဲ ၁၈း၂၁–၃၅

> ၂၁ *"ထိုအခါ ပေတရုသည်ချဉ်းကပ်၍၊ သခင်၊ ညီအစ်ကိုသည် အကျွန်ုပ်ကိုပြစ်မှား၍ အကျွန်ုပ် သည်သူ၏အပြစ်ကို ဘယ်နှစ်ကြိမ်လွှတ်ရပါအံ့နည်း။ ခုနစ်ကြိမ်မြောက်အောင်လွှတ်ရပါအံ့လော ဟုမေးလျှောက်သော်၊ ယေရှုက၊ ခုနစ်ကြိမ်မြောက်အောင်လွှတ်ရမည် ငါမဆို။* ၂၂ *အကြိမ်ခုနစ်ဆယ်ခုနစ်လီမြောက်အောင် လွှတ်ရမည် ငါဆို၏။* ၂၃ *ထိုကြောင့်ကောင်း*

ကင်နိုင်ငံတော်သည်၊ မိမိကျွန်များတို့ကို စာရင်းယူခြင်းငှါ အလိုရှိသော မင်းကြီးတဦးနှင့်တူ၏။ [17] *စာရင်းယူစဉ်တွင်၊ ငွေအခွန်တစ်သိန်း ကြွေးတင်သောသူတယောက်ကို ရှေ့တော်သို့ဆောင်ခဲ့ကြ၏။* [18] *ထိုသူသည် ကြွေးဆပ်ရန်မရှိသောကြောင့်၊ ကိုယ်မှစ၍ သားမယား ဥစ္စာရှိသမျှတို့ကိုရောင်း၍ ကြွေးကိုဆပ်စေ ဟူ၏သခင်စီရင်၏။* [19] *ထိုကျွန်သည် ညွှတ်ပြပ်ဝပ်တွားလျက်၊ သခင်၊ ကျွန်တော်ကို သည်းခံတော်မူပါ၊ ကြွေးရှိသမျှကိုဆပ်ပါမည်ဟု လျှောက်လျှင်၊* [20] *သူ၏သခင်သည်သနားခြင်းရှိသဖြင့် ကြွေးရှိသမျှကို လွှတ်၍ချမ်းသာပေးလေ၏။* [21] *ထိုကျွန်သည်ထွက်သွားရာတွင် မိမိငွေဒေနာရှိတစ်ရာကြွေးတင်သောကျွန်ချင်းတယောက်ကိုတွေ့လျှင်၊ လည်ပင်းကိုကိုင်ညစ်၍၊ ငါ့ငွေကိုဆပ်ပေး လေ့ဟုဆို၏။* [22] *ထိုကျွန်ချင်းသည် ကြွေးရှင်၏ခြေရင်းဦးပြပ်ဝပ်လျက်၊ ကျွန်တော်ကိုသည်းခံ တော်မူပါ။ ကြွေးရှိသမျှကို ဆပ်ပါမည်ဟု တောင်းပန်သော်လည်း၊* [23] *ငွေရှင်သည် နားမထောင် ဘဲသွား၍ကြွေးကို မဆပ်မီတိုင်အောင် သူ့ကိုထောင်ထဲမှာ လှောင်ထား၏။* [24] *ထိုအမှုအရာကို အခြားသော ကျွန်ချင်းတို့သည်မြင်လျှင်၊ အလွန်နာကြည်းသောစိတ်နှင့်သွား၍ ပြုလေသမျှတို့ကို မိမိတို့သခင်ခံကြားလျှောက်ကြ၏။* [25] *ထိုအခါသခင်သည် ထိုကျွန်ကိုခေါ်၍၊ ဟယ်ဆိုးညစ်သော ကျွန်၊ သင်သည်ငါ့ကိုတောင်း ပန်သောကြောင့် သင်၌တင်သမျှသောကြွေးကို ငါရှင်းလင်းစေ၏။* [26] *ငါသည်သင့်ကိုသနားသကဲ့သို့ သင်သည်လည်း ကျွန်ချင်းကို မသနားအပ် သလောဟုဆိုလျက်၊* [27] *အမျက်ထွက်၍ ကြွေးရှိသမျှကိုမဆပ်မီတိုင် အောင် အာဏာသားတို့လက်ကိုအပ်လေ၏။* [28] *သင်တို့သည်လည်း ညီအစ်ကိုအချင်းချင်းတို့ကို စိတ်နှလုံးပါလျက်အပြစ်မလွတ်လျှင်။ ကောင်း ကင်ဘုံ၌ရှိတော်မူသောငါ၏အဘသည် ထိုနည်းတူသင်တို့ကိုစီရင်တော်မူလတ့ံဟုမိန့်တော်မူ၏။*"

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အလွန်များသော အကြွေးမှလွှတ်၍ချမ်းသာပေးခြင်းခံရသော်လည်း မိမိကိုအကြွေးတင်နေသော သူများအားချမ်းသာပေးရန်ငြင်းဆန်သောအစေခံကျွန်သည် ကယ်တင်ခြင်းကို အမှန်တကယ်လုံးလုံး မရရှိခဲ့သောသူ (သို့) ကယ်တင်ခြင်းကို ရရှိခဲ့သော်လည်း ထိုကယ်တင်ခြင်းကို ဆုံးရှုံး၍ အပယ်ငရဲ၌ ညှင်းပန်းနှိပ်စက်ခံရမည်သူကို ကိုယ် စားပြုသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အလွန်များသော အကြွေးမှလွှတ်၍ချမ်းသာပေးခြင်းခံရသော်လည်း မိမိကိုအကြွေးတင်နေသောသူများအားချမ်းသာပေးရန်ငြင်းဆန် သောအစေခံကျွန်သည် ကယ်တင်ခြင်းခံရသော်လည်း နိုင်ငံတော်၌ ကောင်းကင်ဘုံရှိ အဖထံ

မှအနည်း ငယ်သောသနားခြင်းဂရုဏာ ကိုသာရရှိမည့်သူကိုကိုယ်စားပြုသည်။

လူတို့အားဤကျမ်းပိုဒ်၌အပယ်ငရဲကိုထင်မြင်စေသည့် ဖြစ်နိုင်ချေရှိသောအရာမှ အခန်းငယ် ၃၄ ဖြစ်ပြီး၊ ၄င်းကျမ်းပိုဒ်သည် သနားမှုကင်းသောကျွန်ုပ်ကို "အာဏာသား" (ညှင်းပန်းနှိပ်စက်သူ) တို့လက်သို့ အပ်လိုက်သည့်အကြောင်းကိုပြောထားသည်။ ပြင်းထန်သောအကျိုးဆက်တစ်ခုဖြစ်ကြောင်းမှာ ငြင်းပယ်၍မရပါ။ သို့သော်၊ ကျွန်ုပ်တို့အထူးသတိပြုမိသောအချက်မှာ ဤကျမ်းပိုဒ်က သနားမှုကင်းသောကျွန်ကိုအမှန်တကယ်ညှင်းပန်းနှိပ်စက်ခံရသည်ဟု ပြောမထားခြင်းဖြစ်သည်။ ညှင်းပန်းနှိပ်စက်ခြင်းသည် သွယ်ဝိုက်နည်းဖြင့်ပါဝင်ကောင်းပါဝင်နိုင်ပါသော်လည်း၊ ထိုသို့ဖြစ်လျှင်ပင် ထိုကျွန်၏ပြစ်ဒဏ်မှာ သခင်ဖြစ်သူအပေါ်၌ တင်ကျန်နေသောငှင်း၏အကြွေး ဆပ်ပြီးသည့်အချိန်အထိသာဖြစ်ကြောင်း ကျွန်ုပ်တို့လေ့လာအကဲခတ်မိပါသည်။ ထိုအရာသည် အပယ်ငရဲအား ညွှန်းဆိုမှုတစ်ခုနှင့် တခြားစီဖြစ်ကြောင်းကိုပြသထားပါသည်။ ဤနေရာ၌တွေ့ရသည့်အခြေခံစည်းမျဉ်းဥပဒေသကို ညီအစ်ကိုအချင်းချင်းတို့အား ခွင့်မလွှတ်သောသူများသည် ဘုရားသခင်၏ခွင့်လွှတ်ခြင်းကိုလည်းခံရမည်မဟုတ်ဟုဖော်ပြခြင်းဖြင့် အခန်းငယ် ၃၅ တွင်ပေါင်းရုံးဖော်ပြထားသည်။ ဤအရာသည် မဿဲ ၆း၁၄–၁၅ (မာကု ၁၁း၂၅–၂၆ တွင်လည်း) ၌ ယခင်က ဆွေးနွေးခဲ့ကြသောအခြေခံစည်းမျဉ်းဥပဒေသနှင့်အတူတူဖြစ်သောကြောင့် ထပ်၍အကျယ်တဝင့်ရှင်းပြဖို့လိုအပ်မည်မဟုတ်ပါ။ သို့သော်၊ ခြွင်းချက်အနေဖြင့် ဤခွင့်လွှတ်ခြင်းသည် ဘုရားသခင်နှင့်ယုံကြည်သူကြားရှိ မိတ်သဟာယဖွဲ့ခြင်း နှင့်ဆိုင်သောခွင့်လွှတ်ခြင်း (fellowship forgiveness) ဖြစ်ကြောင်း (ခ သမ္မာတရား)၊ ဖြောင့်မတ်ရာသို့ရောက်စေခြင်း၌ဖြစ်တည်ခဲ့သောအခြေအနေရပ်တည်မှုနှင့်ဆိုင်သည့်ခွင့်လွှတ်ခြင်း (positional forgiveness) (ခ သမ္မာတရား) မဟုတ်ကြောင်းကိုမူ အသိပေးချင်ပါသည်။ အမှန်ဆိုရလျှင်၊ သခင်ယေရှု၏ဤပုံဥပမာကိုပြောဆိုဖို့ အကြောင်းဖန်လာပေးသောအရာမှာ "ညီအစ်ကို"တစ်ယောက်အား ကျွန်ုပ်တို့အကြိမ်မည်၍ မည်မျှခွင့်လွှတ်သင့်ကြောင်းနှင့်သက်ဆိုင်သောရှင်ပေတရု၏မေးခွန်းဖြစ်သည် (မဿဲ ၁၈း၂၁)။

ခါတိုင်းလိုပင်၊ ပုံဥပမာတစ်ခုကို အနက်ဖွင့်ပြန်ဆိုသောအခါ အဓိကပြောကြားလိုသောအချက်ကိုသဘောပေါက်နားလည်ခြင်းနှင့် ထိုအချက်ကို ပြောပြရန်အသုံးပြုထားသောစကားအလင်္ကာများ (သို့) နှိုင်းယှဉ်ဆင်ခြင်မှု များကို စဉ်းစားသုံးသပ်ခြင်းတို့သည် အရေးကြီးသည်။ အသေးစိတ်အချက်အလက်များကို အရှိတိုင်းတိုက်ရိုက်သဘောပေါက်နားလည်ခြင်းတို့ဖြင့် တန်ဆာဆင်ပေးခြင်းကို ကျွန်ုပ်တို့အထူးဂရုစိုက်ရမည်ဖြစ်သည်။ ဤပုံဥပမာတွင် အာဏာသား (ညှင်းပန်းနှိပ်စက်သူ) များသည် ပြင်းထန်သောအ

ကျိုးဆက်တစ်ခုကို ဧကန်မုချကိုယ်စားပြုထားကြပါသော်လည်း အဓိကပြောပြလိုသော အချက်မှာ သနားမှုကင်းသောအစေခံကျွန်သည် ပြင်းထန်သောအကျိုးဆက်များကို ရင်ဆိုင်ရလိမ့်မည်ဟူသောအချက်ဖြစ်သည်ဟု ထင်မှတ်ရသည်။ ထိုသနားမှုကင်းသော အစေခံကျွန်သည် အမှန်တကယ်လက်တွေ့ညှင်းပန်းနှိပ်စက်ခံရလိမ့်မည်ဟူသော အချက်မဟုတ်ပါ။

ဤနေရာတွင် ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ပို၍နှစ်သက်ရုံသာမဟုတ်၊ ဤကောက်ချက် ချခြင်းကို "ညီအစ်ကိုတို့" (ယာကုပ် ၂း၁) ထံရေးသားထားသော ယာကုပ် ၂း၁၃မှ အခိုင်အမာအတည်ပြုပေးထားသည်။ လွှတ်ခြင်းတရားဖြင့် တရားစီရင်ခံမည့်သူများဖြစ်ကြသည့် ကျွန်ုပ်တို့ခရစ်ယာန်များသည် အခြားသူများအပေါ်၌ သနားခြင်းဂရုဏာတရားကို မပြသလျှင်သနားခြင်းဂရုဏာနှင့်ကင်းသော တရားစီရင်ခြင်းကိုခံကြရမည်ဖြစ်သည် (ယာကုပ် ၂း၁၂–၁၃)။ ယုံကြည်သူများရင်ဆိုင်ရမည့် တစ်ခုတည်းသောတရားစီရင်ခြင်းမှာ သခင်ခရစ်တော်၏တရားပလ္လင်ဖြစ်သည် (ရှိုင်းယှဉ် – ယာကုပ် ၃း၁– ဘုရားသခင်၏နှုတ်ကပတ်တော်အား သွန်သင်ပေးသော သူများအတွက် အသုံးပြုထားသည်)။

ခရစ်ယာန်များဖြစ်ကြသည်နှင့်အညီ ကျွန်ုပ်တို့၏အပြစ်အားလုံးသည် သခင်ခရစ်တော်၌ ခွင့်လွှတ်ခြင်းကို ခံကြရပါသည်။ ကျွန်ုပ်တို့အား ပြစ်မှားစော်ကားသောသူများအား ခွင့်မလွှတ်လျှင် ထိုလုပ်ရပ်သည် ခရစ်ယာန်များနှင့် လိုက်ဖက်ကိုက်ညီသောလုပ်ရပ်မဟုတ်သကဲ့သို့ ကျေးဇူးမသိတတ်ခြင်းကို ပြသရာလည်းရောက်ပါသည်။ နိုင်ငံတော်၌ ဘုရားသခင်သည် ဤလုပ်ရပ်ကိုထည့်တွက်၍သနားမှုကင်းသော (ခွင့်မလွှတ်တတ်သော) သူများကို ပြင်းပြင်းထန်ထန်ကိုင်တွယ်သွားပါလိမ့်မည်။

ထိမ်းမြားမင်္ဂလာဆောင်ပွဲပုံဥပမာ (Parable of the wedding feast)။ မဿဲ ၂၂း၁–၁၄

> *"တဖန်ယေရှုသည် ဥပမာကိုဆောင်၍ ပရိသတ်တို့အားမိန့်ဖြွက်တော်မူသည်ကား။ [2] ကောင်းကင်နိုင်ငံတော်သည် မိမိသား အတွက်ထိမ်းမြားမင်္ဂလာဆောင်ပွဲကို စီရင်သောမင်းကြီးနှင့်တူ၏။ [3] ထိုမင်းကြီးသည် ဘိတ်ဖြီးသောသူတို့ကိုခေါ်စေခြင်းငှါ လုလင်တို့ကိုစေလွှတ်သောအခါ ထိုသူတို့သည်မလာဘဲ နေကြ၏။ [4] တဖန်အခြားသော လုလင်တို့ကိုစေလွှတ်၍ ငါ့ပွဲကိုငါပြင်ဆင်ပြီ။ နွားမှစသောဆူဖြိုးသော တိရစ္ဆာန်များကိုသတ်၍ပြီးပြီ။ အလုံးစုံတို့သည်အသင့်ရှိပြီ။ မင်္ဂလာ ဆောင်ပွဲသို့လာကြပါဟု ဘိတ်ဖြီးသောသူတို့အားပြောကြကုန် မှာလိုက်ပြန်၏။ [5] သို့သော်လည်း ထိုသူတို့သည်နားမထောင်ဘဲ အချို့တို့သည် မိမိလယ်သို့သွားကြ၏။ အချို့တို့သည်ကုန်သွယ်ရာသို့သွားကြ၏။ [6] ကြွင်းသောသူတို့သည် လည်းလုလင်တို့ကိုဘမ်းဆီး၍ ညှင်းဆဲခြင်း၊ အသေသတ်ခြင်းကိုပြု*

ကြ၏။ [7] ထိုမင်းကြီးသည်ကြားလျှင် အမျက်ထွက်၍စစ်ချီစေသဖြင့် လူအသက်ကိုသတ်သောထိုသူတို့ကိုအပြီးလုပ်ကြံ၍ သူတို့၏မြို့ကို မီးရှို့လေ၏။ [8] ထိုနောက်မှ မင်းကြီးသည် လုလင်တို့ကိုခေါ်၍ ငါ၏မင်္ဂလာဆောင်ပွဲသည်အသင့်ရှိ၏။ ခေါ်ဘိတ်သောသူတို့သည်မထိုက်မတန်သောကြောင့်၊ [9] လမ်းမလမ်းကြားသို့သွား၍တွေ့သမျှသောသူ တို့ကိုပွဲသို့ခေါ်ဘိတ်ကြဟုအမိန့်တော်ရှိသည်အတိုင်း။ [10] လုလင်တို့သည် လမ်းများသို့ထွက်သွား၍ ကောင်းမကောင်းတွေ့သမျှသော လူအပေါင်းတို့ကိုစုဝေးစေ၍ ပွဲတော်၌အပြည့်ရှိလေ၏။ [11] မင်းကြီးသည် ပွဲခံလျှောင်းသောသူတို့ကိုကြည့်ခြင်းငှါ ဝင်တော်မူသောအခါ မင်္ဂလာဆောင်ပွဲ၏အဝတ်ကိုမ ဝတ်သောသူတယောက်ကိုမြင်လျှင်၊ [12] အဆွေ၊ မင်္ဂလာဆောင်ပွဲ၏အဝတ်မရှိဘဲ အဘယ့်ကြောင့်ဝင်သနည်းဟုမေးတော်မူသည်ကို ထိုသူသည်မပြောနိုင်ဘဲနေ၏။ [13] ထိုအခါ မင်းကြီးသည် အခြံအရံတို့အားထိုသူ၏လက်ခြေကိုတုပ်နှောင်လော့။ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ၊ အပြင်အရပ်မှောင်မိုက်ထဲသို့ယူသွားချ လိုက်ကြဟုအမိန့်တော်ရှိ၏။ [14] ထိုသို့ခေါ်တော်မူသောသူအများရှိသော်လည်း၊ ရွေးကောက်တော်မူသောသူနည်းသည်ဟုမိန့်တော်မူ၏။"

က သမ္မာတရားအနက်ဖွင့် ဘာသာပြန်ဆိုချက် – မင်္ဂလာပွဲနှင့်သင့်တင့်ကိုက်ညီသောအဝတ်ကို ဝတ်ဆင်မထားသည့် ထိမ်းမြှားမင်္ဂလာဆောင်ပွဲမှပုဂ္ဂိုလ်သည်ကယ်တင်ခြင်းမခံရသောသူဖြစ်သောကြောင့် အပြင်ရပ်မှောင်မိုက်ဟုရည်ညွှန်းခေါ်ဆိုထားသည့်အပယ်ငရဲသို့ပစ်ချခြင်းခံရသည်။

ခ သမ္မာတရားအနက်ဖွင့် ဘာသာပြန်ဆိုချက် – မင်္ဂလာဆောင်ပွဲနှင့်သင့်တင့်ကိုက်ညီသောအဝတ်ကိုဝတ်ဆင်မထားသည့်ထိမ်းမြှားမင်္ဂလာဆောင်ပွဲမှပုဂ္ဂိုလ်သည် ကယ်တင်ခြင်းခံရသော်လည်း နိုင်ငံတော်၌အထူးအခွင့်အရေးများနှင့် မထိုက်တန်သောသူဖြစ်သည်။

ဤပုံဥပမာသည် ကျွန်ုပ်တို့၏လေ့လာအကဲခတ်နိုင်ခြင်းစွမ်းရည်နှင့်ကျွန်ုပ်တို့၏ခမ္မတွေးခေါ်ယူဆချက်နှင့်ဆိုင်သော အစဉ်အလာများကို စိန်ခေါ်နေပါသည်။ ထို့အပြင်၊ ပုံဥပမာများအား သင့်တင့်လျောက်ပတ်စွာ အနက်ဖွင့် ဘာသာပြန်ဆိုရန်အတွက်လည်း ကျွန်ုပ်တို့ကိုစိန်ခေါ်နေပါသည်။

ပုံဥပမာတစ်ခုကို ကျွန်ုပ်တို့အနက်ဖွင့် ဘာသာပြန်ဆိုသောအခါ ထိုပုံဥပမာရှိအချက်အလက်အသေးစိတ် တိုင်းကို အဓိပ္ပါယ်ဖော်လိုသည့် စုံစမ်းနောက်ယှက်ခြင်းကို ကျွန်ုပ်တို့ခုခံတွန်းလှန်ရပါမည်။ ပုံဥပမာတစ်ခုသည် ၄င်း၏အသေးစိတ်အချက်အလက်

များက စုပေါင်း၍ပုံပိုးဖော်ဆောင်လိုသည့် အဓိကအချက်တစ်ချက် (သို့) နှစ်ချက်ကို သာအမြဲလိုလိုရှိထားသည်။ ဤပုံဥပမာတွင် ကျွန်ုပ်တို့သိရှိရန်လိုအပ်သည့်အရာသည် ရိုးစင်း၍ထင်ရှားပြတ်သားနေပါသည်။ ရှင်ဘုရင်တစ်ပါးရှိ၍ ထိုရှင်ဘုရင်သည် မိမိ၏ သားတော်မင်္ဂလာဆောင်ပွဲသို့ လူများကိုဖိတ်ခေါ်ခဲ့သော်လည်း ၎င်းတို့ကတက်ရောက်ရန် ငြင်းပယ်ခဲ့ကြသည်။ ထို့ကြောင့်၊ ရှင်ဘုရင်သည် ထိုအုပ်စု၏ပြင်ပရှိ အခြားသူများကို ဖိတ်ခေါ်ခဲ့ရာ အမြောက်အများက လက်ခံတုန့်ပြန်ခဲ့ကြသည်။ လူအမြောက်အများသည် မင်္ဂလာဆောင်ပွဲသို့တက်ရောက်လာကြပြီး၊ လူတစ်ယောက်ကမူ မင်္ဂလာဆောင်ပွဲနှင့် သင့်တင့်ကိုက်ညီသော အဝတ်ကိုဝတ်ဆင်ခြင်းမရှိဘဲ တက်ရောက်ခဲ့သည်။ ထိုသူသည် စားသောက်ပွဲဖြင့် တည်ခင်းဧည့်ခံခြင်းမှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။

ပုံဥပမာအဆုံးပိုင်း၌ အငြင်းပွားဖွယ်ထုတ်ဖော်ပြောဆိုချက်ဆီသို့တိုတိုနှင့် မြန်မြန်ရောက်ရှိဖို့အလို့ငှါ ထင်ရှားသိသာနေသောအရာများကိုဖော်ထုတ်ပြောဆိုကြပါစို့။ ဖာရိရှဲများနှင့် ယုဒခေါင်းဆောင်များသည် နိုင်ငံတော်ဆီသို့ ဖိတ်ခေါ်ခြင်းကိုခံကြရသော်လည်း ၎င်းတို့သည်ထိုဖိတ်ခေါ်မှုကို ငြင်းပယ်ရုံသာမက ရှင်ဘုရင်၏အစေခံများကို သတ်ဖြတ်ခဲ့ကြကြောင်းကို ဤပုံဥပမာက ပြသနေပါသည် (၂၂း၁–၆)။ ဤမတိုင်မီတွင် သခင်ယေရှုက နိုင်ငံတော်ကို ယုဒခေါင်းဆောင်များထံမှယူ၍ အခြားသူများအားပေးအပ်မည်ဖြစ်ကြောင်းပြောခဲ့ပါသည် (မဿဲ ၂၁း၄၃)။ ထို့ကြောင့် ထိုသဘောထားသည် ဤပုံဥပမာ၏ဇာတ်အိမ်ကိုတည်ဆောက်ထားသည်။ ရှင်ဘုရင်သည် လူ့အသက်ကို သတ်သောထိုသူတို့ကိုသတ်ဖြတ်၍သူတို့၏မြို့များကို မီးရှို့ဖျက်ဆီးခြင်းဖြင့်တုန့်ပြန်ခဲ့သည် (၂၂း၇)။ ဤအရာသည် ရောမတို့က ယေရုရှလင်မြို့အား အေဒီ ၇၀ ၌ တိုက်ခိုက်ဖျက်ဆီးခဲ့ခြင်းကို ရည်ညွှန်းသည် ပရောဖက်ပြုခြင်းနှင့်ဆိုင်သော ရည်ညွှန်းချက်ဖြစ်နိုင်သည် (မဿဲ ၂၄း၂ ကိုကြည့်ပါ)။ ရှင်ဘုရင်၏ဖိတ်ခေါ်မှုသည် အကျင့်စာရိတ္တပျက်ပြားနေကြသော ဣသရေလခေါင်းဆောင်များကို ကျော်လွန်၍လူတိုင်းလူတိုင်း (ကောင်းမကောင်းတွေ့သမျှသောလူအပေါင်း) ထံရောက်ရှိသွားခဲ့သည်။ လူတို့ကလည်းအကြီးအကျယ်တုန့်ပြန်ခဲ့ကြပြီး၊ မင်္ဂလာခန်းမသည် ထိုဧည့်သည်များနှင့် ပြည့်နေခဲ့သည် (၂၂း၈–၁၀)။ ဤအရာသည် အသင်းတော်ကာလ၌ သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသောသူအားလုံးကို ပုံဖော်ပြထားသည်။ ဤအသင်းတော်ကာလသည် မဿဲ ၁၆း၁၈ ၌သခင်ယေရှုကြိုတင်ပြောဆိုခဲ့သောအချိန်ကာလဖြစ်သည်။ ဤပုဂ္ဂိုလ်များသည် နိုင်ငံတော်ထဲသို့ ဝင်ရောက်ကြရသည်။

ထိုသို့ဖြစ်စဉ်တွင် အာရုံထားစူးစိုက်မှုသည် တက်ရောက်လာသောဧည့်သည်များအနက်မှ ဧည့်သည်တစ်ဦး အပေါ်တွင် ပြောင်းသွားသည်။ ဤပုံဥပမာတွင် ဤပုဂ္ဂိုလ်သည်နိုင်ငံတော်၌ ဝင်ရောက်ခွင့်ရသည့် အမျိုးမျိုးသော ယုံကြည်သူများမှတစ် မျိုးမျိုးကို ကိုယ်စားပြုထားသည်မှာ သေချာသည်။ ရှင်ဘုရင်သည် ထိုသူကိုသတိပြုမိခဲ့ပြီး၊ မင်္ဂလာ

ဆောင်ပွဲအတွက် သင့်တင့်လျောက်ပတ်စွာဝတ်ဆင်မလာခဲ့ခြင်းအတွက် ဖြေရှင်းချက်တောင်းခဲ့သည်။ ဤအရာသည်ယုံကြည်သူများ၏အလုပ် (အကျင့်) ကိုစေ့စေ့စပ်စပ်ကြည့်ရှုစစ်ဆေး၍ ၄င်းတို့၏ကြိုတင်ပြင်ဆင်မှုရှိမှု၊ မရှိမှုအတွက်ဖြေရှင်းချက်တောင်းခံရမည့် ခရစ်တော်၏တရားပလွင် (the Judgement seat of Christ) ကိုအသိပေးနေပါသည်။ ထိုသို့မေးမြန်းပြီးနောက်တွင် ထိုသူကိုတုပ်နှောင်၍ "အပြင်ရပ်မှောင်မိုက်" ထဲသို့ပစ်ချခဲ့ကြသည်။

ဤပုံဥပမာ၏အဓိကပြောကြားလိုသောအချက်ကို ကောင်းကင်ဘုံဝင်စားရသောသူ၊ မဝင်စားရသောသူနှင့်ဆက်စပ်၍အနက်ဖွင့်ဘာသာပြန်ဆိုနေကြသောသူအချို့ရှိကြသည်။ ဤ က သမ္မာတရားရှုထောင့်မှနေ၍ ထိုသူတို့က မတော်မလျော်ဝတ်ဆင်ထားသောသူသည် သခင်ခရစ်တော်၏သွတ်သွင်းခြင်းခံဖြောင့်မတ်ခြင်းကိုမရရှိထားသောကြောင့်အပယ်ငရဲသို့ပစ်ချခြင်းခံခဲ့ရသည်ဟု အခိုင်အမာဆိုထားကြသည်။ လူအချို့ကလည်းကယ်တင်ခြင်းဆိုသည်မှာ ဧဝံဂေလိတရား၏ဖိတ်ခေါ်မှုကိုတုန့်ပြန်ခြင်းသက်သက်သာမဟုတ်၊ စစ်မှန်သောကယ်တင်ခြင်းကိုကောင်းသောအကျင့် (အလုပ်) ကဝန်းရံတွဲဖက်ပေးရမည်ဖြစ်သည်ဟု ငြင်းခုန်ခဲ့ကြပါလိမ့်မည်။ သို့သော်၊ ထိုအယူအဆများသည် ဤပုံဥပမာတွင် အလွန်ကြီးမားသောပြဿနာကြီးတစ်ခုကို ဖြစ်ပေါ်စေပါသည်။ နိုင်ငံတော်ကို ကိုယ်စားပြုထား သောထိမ်းမြားမင်္ဂလာပွဲတွင် ကယ်တင်ခြင်းမခံရသောသူတစ်ယောက်က မည်သို့တက်ရောက်နိုင်ခဲ့ပါသနည်း။ ထို့အပြင်၊ ထိုသူသည် ကယ်တင်ခြင်းခံရသောသူဖြစ်ခဲ့လျှင် အပြင်ရပ်မှောင်မိုက်၌ လွှင့်ပစ်ခံရခြင်းသည် ထိုသူ၌ ကယ်တင်ခြင်းဆုံးရှုံးရခြင်းကို ဆိုလိုခဲ့ပါလိမ့်မည်။ ထိုရွေးချယ်စရာနှစ်ခုလုံးသည် လက်ခံနိုင်စရာမရှိကြပါ။

အချို့သောအသေးစိတ်အချက်အလက်များက အထက်ပါအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ခုခံကာကွယ်ခြင်းငှါ မစွမ်းနိုင်အောင်ပြုလုပ်ထားကြသည်။ ပထမအနေဖြင့်၊ ထိုသူသည် ဖိတ်ခေါ်မှုကို ငြင်းဆန်ခဲ့ကြသော အခြားသူများကဲ့သို့မဟုတ်၊ ထိုဖိတ်ခေါ်မှုကို လက်ခံတုန့်ပြန်ခဲ့ပါသည်။ ဒုတိယအနေဖြင့်၊ ထိမ်းမြားမင်္ဂလာဆောင်ပွဲအတွင်း၌စားသောက်ဧည့်ခံပွဲတစ်ခုရှိခဲ့ပါသည် (၂၂း၄)။ ထိုသူသည် ထိုစားသောက်ဧည့်ခံပွဲမှ ဖယ်ထုတ်ခြင်း ခံခဲ့ရသည်။ တတိယအနေဖြင့်၊ ရှင်ဘုရင်က ထိုသူကို "အဆွေ" ဟုခေါ်ဆိုခဲ့ပြီး၊ ထိုအသုံးအနှုန်းသည် ချစ်ခင်ကြင်နာမှုကိုဖော်ပြသောအသုံးအနှုန်းဖြစ်သည်။ ဤအသေးစိတ်အချက်အလက်များကိုထောက်ရှု၍ ကျွန်ုပ်တို့ ကောက်ချက်ချနိုင်သည့်အချက်မှာ ထိုသူသည် ကယ်တင်ခြင်းခံရ၍ နိုင်ငံတော်၌ဝင်ရောက်ခွင့်ရသော်လည်း ရှင်ဘုရင်နှင့်၄င်း၏သားတော်သခင်ယေရှုခရစ်တို့နှင့်အတူပြည်စုံသောမင်္ဂလာပွဲကို ပါဝင်ဆင်နွှဲခွင့်မရခဲ့ပါဟူ၍ဖြစ်သည်။ မင်္ဂလာဝတ်စုံကို သခင်ခရစ်တော်၏သွတ်သွင်းခြင်းခံဖြောင့်မတ်ခြင်းအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုမည့်အစား၊ ၄င်းကို

ဗျာဒိတ် ၁၉း၇–၈ ၌ဖော်ပြထားသည့် သန့်ရှင်းသူတို့၏ဖြောင့်မတ်သောလုပ်ရပ်များတည်းဟူသော ဝတ်စုံအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုခြင်းက ပို၍သင့်တော်ပါလိမ့်မည်။ မင်္ဂလာဆောင်ပွဲစီစဉ်ကျင်းပသူကတက်ရောက်လာသူများကို မင်္ဂလာပွဲ၌ဝတ်ဆင်ရမည့် ဝတ်စုံအားမပေးဝေခဲ့ကြောင်းကို သတိပြုပါ။ ထို့ကြောင့်၊ မင်္ဂလာပွဲဝတ်စုံသည် ဧည့်သည်တစ်ဦးချင်း၏တာဝန်သာဖြစ်သည်။ သို့သော်၊ နမော်နမဲ့နှင့်နေတတ်သည့် ဤပုဂ္ဂိုလ်သည်အလွန် အရေးကြီး သောဤပွဲလမ်းအတွက်ကြိုတင်ပြင်ဆင်ထားရမည့်အရေးကို လစ်လျူရှုခဲ့ပါသည်။ ရှင်ဘုရင်က မေးခွန်းထုတ်သော အချိန်တွင် ဤပုဂ္ဂိုလ်၌ထုချေခုခံဖို့စကားပြောစရာမရှိခဲ့ကြောင်းကိုလည်း သတိပြုပါ (၂၂း၁၂)။ သူသည် ဤအချင်းအရာကို ကောင်းကောင်းသိနေခဲ့ပါသည်။ သို့သော် ကြိုတင်ပြင်ဆင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့်၊ အပြစ်ရှိပါသည်။

ဤအချက်သည် သခင်ခရစ်တော်၏တရားပလ္လင်၌ မျှော်လင့်ထားသောအရာနှင့်ပကတိညီညွတ်နေပါသည်။ ယုံကြည်သူများအားလုံးသည် နိုင်ငံတော်၌ဝင်ရောက်ကြရမည်ဖြစ်သော်လည်း အချို့သောယုံကြည်သူများက ကောင်းမွန်သောအကျင့်ကို ကျင့်ကြံခြင်းဖြင့် မိမိတို့၏အသက်တာများကို ကြိုတင်ပြင်ဆင်ခဲ့ကြသော်လည်း၊ အချို့သော ယုံကြည်သူများမှာ ကြိုတင်ပြင်ဆင်မှုမရှိဘဲနေခဲ့ကြပါလိမ့်မည်။ ၁ကော ၃း၁၁–၁၅ ရှိတရားပလ္လင်စာပန်းချီပုံရိပ်ကို အသုံးပြုလျှင်၊ အချို့သောသူများသည် ထိုတရားပလ္လင်ရှေ့တွင် ရွှေ၊ ငွေ၊ ကျောက်ကောင်းတို့ဖြင့် စီရင်ထားသော အဝတ်တန်ဆာနှင့်အတူထင်ရှား၍ အချို့မှာ သစ်သား၊ မြက်ပင်၊ ကောက်ရိုးတို့ဖြင့် စီရင်ထားသောအဝတ်တန်ဆာ နှင့်အတူထင်ရှားခဲ့ကြပါလိမ့်မည်။ ယုံကြည်သူများသည် ကြိုတင်သတိပေးခြင်းကို ခံထားကြရပြီး (ရောမ ၁၄း၁၀–၁၂၊ ၂ကော ၅း၁၀)၊ ထိုသို့ ကြိုတင်ပြင်ဆင်ထားခြင်းမရှိလျှင် ခွင့်လွှတ်ခြင်းခံရမည် မဟုတ်ပါ။

လူအမြောက်အများကို က သမ္မာတရားအနက်ဖွင့်ပြန်ခြင်းဆီသို့တွန်းပို့နေသောအရာမှာ ကြိုးဖြင့်တုတ်နှောင်၍ "ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ၊ အပြင်ရပ်မှောင်မိုက်သို့ ယူသွားချထားခံရသည့်" ကြိုတင်ပြင်ဆင်မှုမရှိသော ဤဧည့်သည်၏စာပန်းချီပုံရိပ်ဖြစ်သည်။ ဤအချင်းအရာကို အပယ်ငရဲအဖြစ် အမြဲလိုလိုအနက်ဖွင့်ဘာသာပြန်ဆိုထားကြသည်။ သို့သော်၊ ဤပုံဥပမာမှ အဖြစ်အပျက်သည် တိုက်ရိုက်အနက်ဖွင့်ဘာသာပြန်ဆိုရန် မလိုအပ်သောသင်္ကေတအမှတ်သညာဖြင့်သရုပ်ဖော်မှုများနှင့်ပြည့်ကြောင်းကိုကျွန်ုပ်တို့ဝန်ခံကြရပါမည်။ အစားအသောက်များ၊ ရှင်ဘုရင်၏ရန်သူများ၊ အစေခံလုလင်များ၊ လမ်းမကြီးများ၊ လမ်းကြားများ၊ မင်္ဂလာပွဲဝတ်စုံ၊ မင်္ဂလာဆောင်ပွဲစာပန်းချီခြယ်သမူတို့နှင့် တုတ်နှောင်ခြင်းတို့သည် ဝိညာဉ်ရေးနှင့်သက်ဆိုင်သာသမ္မာတရားများကို တင်စားဖော်ပြချက်များသာဖြစ်ပြီး၊ ရုပ်ခန္ဓာနှင့်သက်ဆိုင်သောအရာများမဟုတ်ကြောင်းမှာ သေချာသည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် တစ်ဦးတစ်ယောက်၏ ဓမ္မတွေးခေါ်ယူဆချက်ကို ပုံဥပမာရှိ အဖြစ်အပျက်ပေါ်၌ တင်စီးသွတ်သွင်း၍ စကားလုံး အသုံးအနှုန်းများ၏ တစ်ဖက်အလွန်အထိသွားရောက်ခြင်းမှ ရောက်ရှိလာပါသည်။ ဥပမာ၊ ယူသွားချလိုက်ကြသည် (cast - *ekballô*) ဟူသော ၂၂း၁၃ ရှိ ကြိယာပုဒ်သည် ရက်စက်ကြမ်းကြုတ်သော ငြင်းပယ်ခြင်းကို တိတိကျကျမဆိုလိုပါ။ *ပို့ဆောင်သည် (သို့) လမ်းပြဆောင်ယူသည် (send or lead)* ဟုလည်းဆိုလိုနိုင်ပါသည် (မာကု ၁း၁၂၊ ၄၃၊ ၉း၃၈ ကိုကြည့်ပါ)။ ထို့အပြင်၊ အနက်ဖွင့် ဘာသာပြန်ဆိုသူ၏ ဓမ္မတွေးခေါ်ယူဆချက်တွင် ခရစ်တော်၏တရားပလွင်၌ ယုံကြည်သူများ၏အကျင့် (အလုပ်များ) အားတရားစီရင်ခြင်းနှင့်ဆိုင်သောယူဆထားချက်များမရှိလျှင်၊ အပယ်ငရဲသည် တစ်ခုတည်းသောရွေးချယ်စရာဖြစ် လာသည်။ ထိုသို့ဖြစ်လျှင်၊ အပြင်ရပ်မှောင်မိုက်သည် အပယ်ငရဲဖြစ်လာပြီး၊ ငိုကြွေးခြင်းနှင့် အံသွားခဲကြိတ်ခြင်းတို့သည် အပယ်ငရဲ၌ရှိနေသောသူတို့၏ ညှင်းဆဲခံရခြင်းဖြစ်လာသည်။ သို့သော်၊ ဤမိတ်ဆွေသည် ပြင်းထန်စွာနောင်တရရှိခဲ့ပြီး၊ ၄င်း၏နောက်ဆုံးကံကြမ္မာတွင် အပယ်ငရဲ၌ညှင်းဆဲခြင်း၊ အပယ်ငရဲမီး၊ အပယ်ငရဲမှပိုးကောင်များစသည်တို့ကိုထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

ခရစ်တော်၏တရားပလွင်နှင့်စပ်ဆိုင်သည့် သမ္မာကျမ်းစာနှင့်ညီညွတ်သော သွန်သင်ချက်ကို ကျွန်ုပ်တို့ခွင့်ပြု မည်ဆိုလျှင် ယုံကြည်သူအားလုံးသည် နိုင်ငံတော်ထဲ၌ ဝင်ရောက်ကြရမည်ဖြစ်သော်လည်း၊ လူတိုင်းကတူညီသော အခွင့်အရေးကို မွေ့လျော်ကြရမည်မဟုတ်ကြောင်း ကျွန်ုပ်တို့သိနားလည်ကြပါသည်။ ယုံကြည်သူများ၏ကောင်းသော အကျင့်နှင့်အတူ မကောင်းသောအကျင့်များကို တရားစီရင်ခံရမည်ဖြစ်သောကြောင့် (၂ကော ၅း၁၀)၊ ထိုအရပ်တွင် နောင်တရခြင်းကိုခံစားရခြင်းနှင့် နောင်တရခြင်းကို ထုတ်ဖော်ပြသခြင်းတို့ရှိခဲ့ကြမည်ကိုလည်းကောင်း (၁ ယော ၂း၂၈)၊ ဆုလာဒ်များကိုဆုံးရှုံးရခြင်းများလည်းရှိခဲ့မည်ကိုလည်းကောင်း (၁ကော ၃း၁၅) ကျွန်ုပ်တို့သိထားကြသည်။ ထိုနောင်တရဝမ်းနည်းခြင်းသည် အချိန်ကာလမည်မျှကြာမြင့်မည်ကို ကျွန်ုပ်တို့အား ပြောပြမထားသော်လည်းအလွန်တို တောင်းသောအချိန်ကာလတစ်ခု ဖြစ်နိုင်ဖွယ်ရှိသည်။

ဤထိမ်းမြားမင်္ဂလာဆောင်ပွဲပုံဥပမာ၏စာပန်းချီခြယ်သမှုသည် ခရစ်တော်၏တရားပလွင်၌ပြုလုပ်ကြရ မည့်ယုံကြည်သူများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်သက်ဆိုင်သော ခ သမ္မာတရားနှင့်လိုက်ဖက်ညီညွတ်နေသည်။ တုတ်နှောင်ခြင်းသည် သခင်ယေရှုခရစ်တည်းဟူသော ရှင်ဘုရင်၏ပြုဖွယ်ဆောင်တာများတွင်ပါဝင်ဆင်နွှဲရန် မတတ်နိုင်ခြင်းကို ပြောပြနေဟန်ရှိသည်။ အပြင်ရပ်မှောင်မိုက်သည် မင်္ဂလာဆောင်ပွဲရှိပျော်ရွှင်မြူးတူးရသော စားသောက် ဧည့်ခံကျွေးမွေးခြင်းမှ ဖယ်ထုတ်ခံရခြင်းကို ပြောပြသည်။ ဟေဗြဲမင်္ဂလာဆောင်ပွဲများသည် ညအချိန်အထိ ရှည်ကြာကြသောကြောင့်အဓိကအပိုင်းဖြစ်သောအစားအသောက်ဖြင့်တည်ခင်းဧည့်ခံကျွေးမွေးခြင်းသည် မီးများဖြင့်အလွန်

လင်းထိန်နေခဲ့ပါလိမ့်မည်။ ထိုမီးအလင်းရောင်၏အပြင်ရပ်မှောင်မိုက်၌ရှိခြင်းက ယုံကြည်သူကိုထိုမင်္ဂလာဆောင်ပွဲ (နိုင်ငံတော်) မှဖယ်ထုတ်မထားပါ။ သို့သော်၊ အဓိကပျော်ပွဲသဘင်အစီအစဉ်များမှသာ ဖယ်ထုတ်ထားပါသည်။ *အပြင်ရပ် (outer)* မှောင်မိုက်သည် *အပြင်ရပ်အကျဆုံး (outermost)* မှောင်မိုက်ကိုမဆိုလိုပါ။ ထို့အပြင်၊ ဤတွေ့ကြုံခံစားမှုကို ဟင်းလင်းပြင်အကွာအဝေးအနေအထားနှင့်ဆိုင်သောအသုံးအနှုန်းမျိုးဖြင့်သဘောပေါက်နားလည်မည့်အစား၊ သခင်ခရစ်တော်၏အုပ်စိုးခြင်း၌ရှိလာမည့် အချို့သောအကျိုးကျေးဇူးများကိုဝင်နွဲ့ရခြင်းအား ဆုံးရှုံးရခြင်းဟူသော ဝိညာဉ်ရေးအသုံးအနှုန်းဖြင့် အကောင်းဆုံးသဘောပေါက်နားလည်ခြင်းမှာ ဖြစ်သင့်သောအရာဖြစ်သည်။ ရှင်မဿဲသည် "အပြင်ရပ်မှောင်မိုက်" (outer darkness) ဟူသောစကားစုကို အခြားနေရာတွင် နှစ်ကြိမ်အသုံးပြုထားသည်။ ထိုဖြစ်ရပ်နှစ်ခုလုံးသည် ယုံကြည်သူများ (သို့) အနည်းဆုံးနိုင်ငံတော်ကို တရားဝင်နည်းလမ်းကျကျ အမွေခံရမည့်သူများနှင့် သက်ဆိုင်နေသည်ဟုအငြင်းခုံပြုနိုင်သည် (မဿဲ ၈း၁၂ တွင် "နိုင်ငံတော်သားတို့" ဟု ခေါ်ဆိုထားသည်။ ရှိုင်းယှဉ် ၁၃း၃၈၊ မဿဲ ၂၅း၃၀ တွင် "ငယ်သား" ဟုခေါ်ဆိုထားသည်)။ ယုံကြည်သူများအားလုံးသည်နိုင်ငံတော်ကိုဝင်စားကြရမည်ဖြစ်သော်လည်း၊ သစ္စာရှိသောသူများသာလျှင် သခင်ယေရှုခရစ်နှင့်အတူအုပ်စိုးရခြင်းကဲ့သို့သော အဓိကအခန်းကဏ္ဍများကို ရရှိခဲ့ကြပါလိမ့်မည်။

ထို့အတူ၊ ငိုကြွေးခြင်းနှင့် အံသွားခဲကြိတ်ခြင်းတို့သည် နက်နက်ရှိုင်းရှိုင်းနောင်တရပူဆွေးဝမ်းနည်းခြင်းကို ဆိုလိုသောစကားအလင်္ကာတစ်ခုဖြစ်နေစဉ်တွင် အပယ်ငရဲရှိ ညှင်းဆဲခြင်းအဖြစ် ခရစ်ယာန်အစဉ်အလာတွင် လွန်ကဲစွာအနက်ဖွင့်ဘာသာပြန်ဆိုခဲ့ကြသည်။ အနောက်နိုင်ငံများကဲ့သို့မဟုတ်၊ အရှေ့အလယ်ပိုင်းနိုင်ငံများမှလူများ အတွက် (ယခင်နှင့်ယခုတွင်) ဝမ်းနည်းကြေကွဲသောကရောက်သောအချိန်တွင် ကြီးမားသောစိတ်ထိခိုက်ခံစားမှုနှင့်ငိုကြွေးခြင်းကိုပြသကြသည်မှာ ဖြစ်ရိုးဖြစ်စဉ်သာဖြစ်သည်။ ဤအချင်းအရာကို ယေရမိမြည်တမ်းစကားကျမ်းတစ်လျှောက်လုံး၌ ကျွန်ုပ်တို့မြင်တွေ့ရသည်။ အပယ်ငရဲ၌ရောက်ရှိသွားသောသူများသည် ဒုက္ခဝေဒနာကိုကြုံတွေ့ခံစားရသော်လည်း ထိုဖြစ်ရပ်သည် မီးနှင့်လည်းကောင်း၊ ပျက်စီးခြင်းနှင့်လည်းကောင်း ယှဉ်တွဲထားသည် (ဥပမာ၊ လုကာ ၁၆း၂၂–၂၄၊ ၂သက် ၁း၉၊ ဗျာဒိတ် ၂၀း၁၄)။ ငိုကြွေးခြင်းနှင့် အံသွားခဲကြိတ်ခြင်းတို့ကို နောင်တရခြင်း၊ ပြင်းထန်သောစိတ်ခံစားမှုတို့နှင့်ယှဉ်တွဲထားခြင်းသည် ဤစကားစုကို ထာဝရညှင်းဆဲခြင်းအတွက် အသုံးပြုသောအသုံးအနှုန်းမဖြစ်စေပါ။ ဤတုန့်ပြန်မှုကိုဖြစ်စေသည့်အကြောင်းအရင်းကို ကျမ်းစကားအဆက်အစပ်ကတိုင်းတာ ဆုံးဖြတ်ပေးပါသည်။

ဤပုံဥပမာ၏ အဓိကကျသောသင်ခန်းစာကို အဆုံးပိုင်းတွင်ဖော်ပြထားသည်။ "ထိုသို့ခေါ်တော်မူသော သူအများရှိသော်လည်း၊ ရွေးကောက်တော်မူသောသူ နည်းသည်"

(၂၂း ၁၄)။ ဘုရားသခင်၏နိုင်ငံတော်ဆီသို့ "ဖိတ်ခေါ်ခြင်းခံရသော" သူအများက အများမှအချို့သည် ထိုဖိတ်ခေါ်မှုကို လက်ခံ၍သခင်ခရစ်တော်ကို ကယ်တင်ရှင် အဖြစ် ယုံကြည်ကြမည်ဖြစ်သော်လည်း၊ ၄င်းတို့အနက်မှအနည်းငယ်ကသာ နိုင်ငံတော်၌သခင် ခရစ်တော်နှင့်အတူအုပ်စိုးရခြင်းအခွင့်အရေးများကို ဆုလာဒ်အဖြစ်ချီးမြှင့်ခံရလောက် သည်အထိ သစ္စာရှိမှုကိုပြသကြပါလိမ့်မည်။ ဤသွန်သင်ချက်သည် မဿဲ ၂၀း၁၆ ရှိဆုလာဘ်ချီးမြှင့်ခြင်းနှင့်ဆိုင်သော သခင်ယေရှု၏သွန်သင်ချက်နှင့် တူနေပါ သည် (NKJV \ Majority Text အရ)။ ဤသွန်သင်ချက်ကို ၂ပေ ၁း၁–၁၁တွင်လည်း ပြန်လည်ထင်ဟပ်ပြသထားသည်။ ထိုကျမ်းချက်တွင် စာဖတ်သူများသည် ၄င်းတို့ကို ကယ်တင်ပေးသော ၄င်းတို့၏ယုံကြည်ခြင်း၌ (၁း၁–၄) အမျိုးမျိုးသောကောင်းမြတ်ခြင်း ပါရမီများကို ထပ်လောင်းပေါင်းကြရန် တိုက်တွန်းခံခဲ့ကြရသည် (၁း၅–၁၀)။ ထိုသို့အား ဖြင့် ၄င်းတို့သည် နိုင်ငံတော်ကိုဝင်စားရုံသက်သက်သာဝင်စားခဲ့ကြရမည်မဟုတ်၊ ကြွယ် ဝသောဝင်စားခြင်း အခွင့်ကိုလည်းရရှိခဲ့ကြမည်ဖြစ်သည် (၁း၁၁)။ ရှင်ပေတရုသည် သခင်ယေရှုပြုခဲ့သည့်နည်းတူ "ဆင့်ခေါ်ခြင်း" (ခေါ်တော်မူခြင်း) ကို "ရွေးကောက် ခြင်း"ရှေ့တွင်ရည်ညွှန်းပြောဆိုထားသည်။ ဤနေရာတွင် ကယ်တင်ခြင်းအတွက် ရွေး ချယ်ခြင်း (ရွေးကောက်ခြင်း) မဟုတ်၊ ဆုလာဘ်ချီးမြှင့်ရန်အတွက် ရွေးချယ်ခြင်း (ရွေးကောက်ခြင်း) ဖြစ်သည် ဟူသောအယူအဆကိုကြိုးစားပြောဆိုနေပါသည် (၁း၁၀–၁၁)။ ကျွန်ုပ်တို့သည် ဆုလာဘ်များနှင့်စပ်လျဉ်း၍ သခင်ယေရှုနှင့်ရှင်ပေတရုတို့၏ သွန်သင်ချက်များကို ကယ်တင်ခြင်းအတွက်ဆင့်ခေါ်ခြင်းမတိုင်မီရှိ ကြိုတင်ခွဲခန့်သတ် မှတ်ခြင်းနှင့်စပ်လျဉ်းသောရှင်ပေါလု၏သွန်သင်ခြင်းနှင့်တူညီသည်ဟု မသတ်မှတ်သင့် ပါ (ရောမ ၈း၃၀)။

သင်သည် သခင်ခရစ်တော်ကိုယုံကြည်ထားပါသည် – ဘုရားသခင်၏အနာ ဂတ်နိုင်ငံတော်ရှိမင်္ဂလာဆောင်ပွဲမှကြိုဆိုပါ၏။ သို့သော်၊ သင်သည် နိုင်ငံတော်ရှိစား သောက်တည်ခင်းဧည့်ခံကျွေးမွေးပွဲတွင် သခင်ခရစ်တော်နှင့် အတူထိုင်၍ ပါဝင်ဆင်နွှဲနိုင် ဖို့အလို့ငှါ ဖြောင့်မတ်ခြင်းအသက်တာတည်းဟူသော ဝတ်ရုံကိုဝတ်ဆင်ထားပါသလား။ နိုင်ငံတော်ဝင်စားရခြင်းသည် အခမဲ့လက်ဆောင်တစ်ပါးဖြစ်သော်လည်း၊ နီးစပ်ရင်းနှီး သောအပေါင်းအဖော်တစ်ဦးအဖြစ်နှင့် နိုင်ငံတော်၌သခင်ခရစ်တော်နှင့် အတူအုပ်စိုး ရခြင်းအခွင့်မှာမူ သစ္စာရှိခြင်းနှင့်ဖြောင့်မှန်သောလုပ်ရပ်များအားဖြင့်ရယူရသောအခွင့် ထူးတစ်ရပ်ဖြစ်သည်။ ဤ ခ သမ္မာတရားသည် ယုံကြည်သူများအတွက် အံ့ဖွယ်မျှော်လင့် ချက်တစ်ပါးဖြစ်သည်။

ကျွန်ဆိုးပုံဥပမာ (Parable of the evil servant) ။ မဿဲ ၂၄း၄၅–၅၁ (နှိုင်းယှဉ်၊ လုကာ ၁၂း၄၂–၄၈)။

> ၄၅ *"အရှင်သည် မိမိအိမ်သူအိမ်သားအပေါင်းတို့အား အချိန်တန်လျှင် အစားအသောက်တို့ကို ခွဲဝေစေခြင်းငှါအာဏာပေးအပ်ခန့်ထား၍ သစ္စာနှင့်ငင်း၊ သတိပညာနှင့်ငင်းပြည့်စုံသော ကျွန်ကား အဘယ်သူနည်း။* ၄၆ *အကြင်ကျွန်သည် ဤသို့ပြုလျက်နေသည်ကိုအရှင်သည်ပြန်လာ၍တွေ့၏။ ထိုကျွန်သည်မင်္ဂလာရှိ၏။* ၄၇ *ငါအမှန်ဆိုသည်ကား၊ အရှင်သည် မိမိဥစ္စာရှိသမျှတို့ကို ထိုကျွန်၌ အပ်လိမ့်မည်။* ၄၈ *သို့မဟုတ်မူကား။ အကြင်ကျွန်ဆိုးက အငါ့အရှင်လာခဲလိမ့်မည်ဟု စိတ်ထဲ၌အောက်မေ့သည်နှင့်၊* ၄၉ *ကျွန်ချင်းတို့ကိုရိုက်ပုတ်လျက် သေသောက်ကြူးသောသူတို့နှင့်တကွ စားသောက်လျက်နေ၏။* ၅၀ *ထိုကျွန် မကြည့်မမျှော်သော နေ့ရက်၊ မကြားမသိသော အချိန်နာရီ၌ သခင်သည်ရောက်လာလျှင်၊* ၅၁ *ထိုကျွန်ကို ပြင်းပြစွာကွပ်မျက်ဆုံးမ၍၊ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာအရပ်၌ လျှို့ဝှက်သောသူတို့နှင့်တကွ နေရာချလတံ့။"*
>
> **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုခရစ်ပြန်လည်ကြွဆင်းလာမည့်အမှုအတွက်ကြိုတင်ပြင်ဆင်ထားခြင်းမရှိသောသူများသည် ကောင်းကင်နိုင်ငံတော်၌ ဝင်ရောက်ကြရမည်မဟုတ်ပါ။
>
> **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုခရစ်ပြန်လည်ကြွဆင်းလာမည့်အမှုအတွက်ကြိုတင်ပြင်ဆင်ထားခြင်းမရှိသောယုံကြည်သူများသည်ခရစ်တော်၏တရားပလ္လင်၌ပြင်းထန်စွာတရားစီရင်ခြင်းခံရမည်ဖြစ်သည်။

ဤပုံဥပမာ၏ နောက်ခံအခြေအနေမှာ သခင်ယေရှု၏ ကျရောက်အံ့ဆဲဆဲပြန်လည်ကြွဆင်းလာခြင်းဖြစ်သည်။ သခင်ယေရှုက မိမိပြန်လည်ကြွဆင်းလာ မည့်အချိန်ကို မည်သူမျှမသိကြောင်း တပည့်တော်များထံ၌ ယခုတင် ပြောပြထားသည်။ ထိုအဖြစ်အပျက်အတွက် သူတို့သည်အမြဲတမ်းအဆင်သင့် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်သည် (မဿဲ ၂၄း၄၂–၄၄)။ ဤဖြစ်ရပ်သည် ဘေးဒဏ်ကြီးကာလ ခုနစ်နှစ်မတိုင်မီတွင် ချက်ချင်းဖြစ်ပျက်မည့် အသင်းတော် ချီဆောင်ခြင်းကိုသာ ရည်ညွှန်းပြောဆိုနိုင်ပါသည်။ အကြောင်းမှာ၊ ဒုတိယအကြိမ်ပြန်လည်ကြွဆင်းလာခြင်းကို ဘေးဒဏ်ကြီးကာလစတင်ချိန်နှင့်ဘေးဒဏ်ကြီးကာလအလယ်မှ ဖျက်ဆီးတတ်သောရွံ့ရှာဖွယ်အရာ တို့မှခန့်မှန်းတွက်ချက်နိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့်ဒုတိယအကြိမ်ကြွဆင်းလာခြင်းကို သိရှိနိုင်ပါသည် (ဒံယေလ ၉း၂၇၊ မဿဲ ၂၄း၁၅၊ ဗျာဒိတ် ၁၂း၄–၆)။

သခင်ယေရှုသည် မိမိ၏အသင်းတော်အတွက် ရောက်ရှိလာတော့မည့်ကာလ တစ်ခုကို ကြိုတင်ပြောကြားနေခြင်းဖြစ်သည်။ သို့သော်၊ အသင်းတော်ကာလ၏အဆုံးနှင့်အသင်း တော်အားချို ဆောင်ခြင်းအချိန်ကိုမူ မသိရပါ (မဿဲ ၁၆း၁၈၊ ၁သက် ၄း၁၃–၅း၆)။

ဤပုံဥပမာရှိ အဓိကအကြောင်းအရာမှာ "သစ္စာနှင့်လည်းကောင်း၊ သတိပညာ နှင့်လည်းကောင်း ပြည့်စုံသောကျွန်ကားအဘယ်သူနည်း" ဟူ၍ဖြစ်သည်။ ဤကောင်း မြတ်ခြင်းပါရမီနှစ်ပါးလုံးသည်လည်းကောင်း၊ "ကျွန်" ဟူသောသတ်မှတ်ခေါ်တွင် မှုသည်လည်းကောင်းပင်ကိုအားဖြင့် သခင်ခရစ်တော်ကိုယုံကြည်သောသူများနှင့် အများ ဆုံး သက်ဆိုင်ကြသောကြောင့်၊ ၄င်းတို့သည် ဤပုံဥပမာကို ခ သမ္မာတရားဖြစ်စေပါ သည်။ အမှန်ဆိုရလျှင်၊ ကျွန်ဖြစ်သူသည် မိမိ၏သခင်ပြန်လာမည့်အကြောင်းကို ယုံကြည်နေပါသည်။ ထိုသခင်သည် ဤပုံဥပမာတွင် သခင်ယေရှုကို ကိုယ်စားပြုထား သည်။ ထို့အပြင်၊ ကျွန်ဖြစ်သူသည် သခင်၏အိမ်၌တာဝန်တစ်ရပ်ကိုလည်း ခွဲခန့်ပေး ကမ်းခံထားရသည်။ ဤနေရာတွင်ဖြစ်နိုင်ဖွယ်ရာဟု မှန်းဆရသောရွေးချယ်မှုနှစ်ခုနှင့် အတူ ကျွန်တစ်ယောက်သာရှိနေကြပါသည် (အခန်းငယ် ၄၆ နှင့် ၄၈ တို့ရှိ "ထိုကျွန်" သည်အခန်းငယ် ၄၅ ရှိ ကျွန်နှင့်အတူတူဖြစ်ကြောင်း ဖော်ညွှန်းနေပါသည်)။ ထိုကျွန်သည် မိမိ၏သခင်ပြန်ရောက်လာမည့်အချိန်ကို မျှော်လင့်စောင့်စားရင်းကောင်းသော အမှုတို့ကိုလုပ်ဆောင်နေလျှင် ထိုကျွန်သည် သာ၍များသောတာဝန်ကိုပေးအပ်ခံရခြင်း ဖြင့်ကောင်းကြီးပေးခံရမည်ဖြစ်သော်လည်း၊ ထိုကျွန် သည်မိမိ၏သခင်ကြန့်ကြာနှောင့် နှေးခဲ့လိမ့်မည်ဟုထင်မှတ်ရင်း ယုတ်ညံ့သောအရာများကိုပြုလုပ်လျှင် အပြစ်ပေးခံရမည် ဖြစ်သည်။ ထိုကျွန်အား "ကျွန်ဆိုး" ဟုဖော်ပြထားချက်သည် ခရစ်ယာန်တစ်ယောက်နှင့် မအပ်စပ်သော ဖော်ပြချက်တစ်ခုဟုထင်မှတ်ရသော်လည်း သမ္မာကျမ်းစာ၌လည်း ကောင်း၊ လက်တွေ့ဘဝကြုံတွေ့မှုများ၌လည်းကောင်း ယုတ်ညံ့သောအမှုများကိုပြုလုပ် ရန် ရွေးချယ်ကြသောယုံကြည်သူများနှင့် ပြည့်နေပါသည်။

ဤကျွန်ဆိုးအား သခင်ခရစ်တော်ကို ယုံကြည်သောသူတစ်ဦးအဖြစ်နှင့် ရှုမြင် ရန်အတွက်အခြား အခက် အခဲတစ်ခုမှာ ထိုသူ၏ကံကြမ္မာဖြစ်သည်။ ထိုသူသည် နှစ်ပိုင်းပိုင်းဖြတ်ခံရ၍ (ပြင်းပြစွာကွပ်မျက်ဆုံးမ၍) ငိုကြွေးခြင်းနှင့်အံသွားခဲကြိတ်ခြင်း တို့ ရှိရာအရပ်၌ ဟန်ဆောင်တတ်သောသူတို့နှင့်တကွ နေရာချခြင်းခံရသည် (မဿဲ ၂၄း၅၁)။ တစ်ဖန်၊ ကျွန်ပ်တို့သည် သင်္ကေတအမှတ်သညာဖြင့် သရုပ်ဖော်ကျူးမှုနှင့် ကြုံဆုံရပြန်သည်။ အကြောင်းမှာ၊ မယုံကြည်သောသူများကိုပင်ကိုယ်နှစ်ပိုင်းပိုင်းဖြတ် ခြင်းမျိုး အမှန်မရှိသောကြောင့်ဖြစ်သည်။ ဤတင်စားဖော်ပြမှုသည် ပြင်းထန် ၍လေးနက်သော တရားစီရင်ခြင်းကို ပြောဆိုနေခြင်းဖြစ်သည်။ ဤကျွန်အားဟန်ဆောင် တတ်သောသူအဖြစ်ခေါ်တွင်ရသည့်အခြေခံအကြောင်းအရင်းမှာ မယုံကြည်သောအချိန် ၌ ယုံကြည်သူတစ်ယောက်အဖြစ် ပြောဆိုနေခြင်းကြောင့် မဟုတ်ပါ။ သခင်ဖြစ်သူ၏

ကျွန်ဖြစ်မနေသောအချိန်တွင် ကိုယ့်ကိုယ်ကို ထိုသခင်၏ကျွန်အဖြစ် ပြောဆိုနေခြင်းကြောင့်ဖြစ်သည်။ ထိုကျွန်သည် မိမိ၏ရည်ရွယ်ချက်များနှင့်လိုချင်တောင့်တမှုများကိုသာ ဖြည့်ဆည်းပေးနေပါသည်။ "ဟန်ဆောင်သောသူများ" ဟုအသုံးပြုမည့်အစား "မယုံကြည်သူများ" *(apistos)* ဟု ရှင်လုကာက အသုံးပြုထားသည်။ သို့သော်၊ ထိုစကားလုံးကို "သစ္စာနှင့်မပြည့်စုံသော" ဟူ၍လည်း ဘာသာပြန်ဆိုနိုင်ပါသည်။ ၄င်းသည် ကိုယ်တော်၏အဖွင့်မေးခွန်းအားဖြင့်တည်ဆောက်ထားသော ကျမ်းစကားအဆက်အစပ်နှင့် ကိုက်ညီနေပါသည် (မဿဲ ၂၄း၄၅၊ လုကာ ၁၂း၄၂)။ "ငိုကြွေးခြင်းနှင့် အံသွားခဲကြိတ်ခြင်း"သည်နက်နဲပြင်းထန်သော နောင်တရခြင်းကို တင်စားဖော်ပြမှုတစ်ခုဖြစ်ကြောင်း မဿဲ ၂၂း၁–၁၄ ရှိကျွန်ုပ်တို့၏ဆွေးနွေးမှုတွင် မြင်တွေ့ခဲ့ကြပြီးဖြစ်သည်။ ထို "ငိုကြွေးခြင်းနှင့် အံသွားခဲကြိတ်ခြင်း" သည်တိုတောင်းသောအချိန်ကာလဖြစ်နိုင်သည်။ ရှင်လုကာက စိတ်ဝင်စားဖွယ်အချက်အလက်များကို ထပ်လောင်းပေါင်းထည့်ထားသည်မှာ ကျွန်ဆိုးသည် "များစွာသော(ကြိမ်)ဒဏ်ကို ခံရ" စဉ်တွင် သခင်၏အလိုအဆန္ဒကိုပြည့်စုံစွာ သဘောပေါက်နားလည်ခြင်းမရှိခဲ့သောကျွန်မှာ "အနည်းငယ်သော(ကြိမ်)ဒဏ်ကိုခံရ၏" ဟူ၍ဖြစ်သည်(လုကာ ၁၂း၄၇–၄၈)။ ဤအရာသည် မယုံကြည်သူများကို အပယ်ငရဲ၌ ပြစ်ဒဏ်ပေးခြင်းဖြစ်သည်ဟုပြောဆိုခြင်းသည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သောပြောဆိုမှုသာဖြစ်ခဲ့လိမ့်မည်။ သို့သော်လည်း၊ ဤအချင်းအရာသည် ခရစ်တော်၏တရားပလ္လင်နှင့်ဆက်စပ်နေသော ကြုံတွေ့ခံရမည့်အရာများနှင့် လွတ်လွတ်ကျွတ်ကျွတ်အံဝင်ခွင်ကျဖြစ်နေပါသည်။

ခ သမ္မာတရားဖြစ်သော ဤပုံဥပမာမှအရေးကြီးသော လက်တွေ့ရယူကျင့်သုံးစရာအချက်မှာ ခရစ်တော်၏ တရားပလ္လင်၌ ကြုံတွေ့ခံစားရမည့် သစ္စာနှင့်မပြည့်စုံခြင်းကို တင်ပြင်ဆင်မှုမရှိသော ယုံကြည်သူများ၏အပျက်သဘောဆောင်သောအကျိုးဆက်များကို လျော့မတွက်သင့်ပါဟူသောအချက်ဖြစ်သည်။ ထိုအရပ်တွင် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ၄င်းတို့၏အနက်နဲဆုံးသော စိတ်နလုံးအကြံအစည်များကို နာကျင်စွာပိုင်းဖြတ်သော သန်လျက် ဓါးကဲ့သို့ဖြစ်ခဲ့လိမ့်မည် (ဟေဗြဲ ၄း၁၂)။ ထို့အပြင်၊ ၄င်းတို့သည်ရှက်ကြောက်ခြင်း (အရှက်ရခြင်း)ကို ကြုံတွေ့ခံစားကြရမည်ဖြစ်ပြီး (၁ယော ၂း၂၈)။ ၄င်းတို့၏အချည်းနှီးသောအလုပ်များကို မီးဖြင့်စစ်ကြောခြင်းခံရသည် နှင့်အမျှ အလွန်ပူပြင်းသောတွေ့ကြုံခံစားမှုကိုလည်း ကြုံတွေ့ခံကြပါလိမ့်မည် (၁ကော ၃း၁၁–၁၅)။ သစ္စာမရှိသောကျွန်သည် သခင်ဘုရားပြန်လည်ကြွဆင်းမည့်အချိန်အတွက်ကြိုတင်ပြင်ဆင်ထားခြင်းမရှိသည့် အခြားဟန်ဆောင်တတ်သောသူများ၏ကံကြမ္မာကိုဝေမျှခံစားရသည်နှင့်အမျှ နိုင်ငံတော်၌ထို ကျွန်၏အနာဂတ်တွေ့ကြုံခံစားမှုတွင် တိကျသေချာသောဆုံးရှုံးမှုတစ်ခုအမှန်ရှိနေပါသည်။

သခင်ဘုရားသည် မည်သည့်အချိန်တွင်မဆို ပြန်လည်ကြွဆင်းလာနိုင်ပါ

သည်။ ကျွန်ုပ်တို့သည် ကောင်း သောအလုပ်၌ ဆက်လက်၍ကျင်လည်ရှင်သန်ခြင်းဖြင့် ထိုသခင်၏ပြန်လည်ကြွဆင်းလာခြင်းအတွက်အဆင်သင့်ပြင်ဆင်ထားကြရမည်ဖြစ်သည်။ ကိုယ်တော်သည် ပြန်လည်ကြွဆင်းလာရန် ကြန့်ကြာနှောင့်နှေးနေပါသော်လည်း၊ ကျွန်ုပ်တို့အနေဖြင့် ပေါ့ပေါ့လျော့လျော့မနေသင့်ပါ။ ထိုသို့နေထိုင်ပါက ခရစ်တော်၏ တရားပလွင်တွင်ပြင်းထန်သောတရားစီရင်ခြင်းကို ကျွန်ုပ်တို့ရင်ဆိုင်ကြရပါမည်။

သတို့သမီးတစ်ကျိပ်ပုံဥပမာ (Parable of the ten virgins)။ မဿဲ ၂၅း၁–၁၃

၁ "ထိုအခါကောင်းကင်နိုင်ငံတော်သည်ကား။ မင်္ဂလာဆောင်လုလင်ကို ခရီးဦးကြိုပြုအံ့သောငါးမီးခွက်ကိုကိုင်ယူ၍ထွက်သွားသောသတို့သမီးတကျိပ်နှင့်တူ၏။ ၂ ထိုသတို့သမီးတို့တွင် ငါးယောက်သည်ပညာသတိရှိကြ၏။ ငါးယောက်မူကားအမိုက်ဖြစ်ကြ၏။ ၃ မိုက်သောသူတို့သည် မီးခွက်တို့ကိုသာယူ၍ ဆီကိုမယူကြ၊ ၄ ပညာသတိရှိသောသူတို့မူကား။ မီးခွက်နှင့်တကွဘူးဌ်ပါသောဆီကို လည်းယူကြ၏။ ၅ မင်္ဂလာဆောင်လုလင်သည် မလာဘဲနေစဉ်။ ထိုသတို့သမီး အပေါင်းတို့သည် ငိုက်၍အိပ်ပျော်ကြ၏။ ၆ သန်းခေါင်ယံ၌ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်သည်လာပြီ။ ခရီးဦးကြိုပြု၊ ခြင်းငါထွက်သွား ကြကုန်ဟု ကြွေးကြော်လျှင်၊ ၇ ထိုသတို့သမီးအပေါင်းတို့သည်ထ၍ မီးခွက်များကို ပြင်ဆင်ကြပြီး၏။ ၈ မိုက်သောသူတို့က ငါတို့ဆီမီးသေပါပြီ။ သင်တို့ဆီကို အနည်းငယ်ပေးပါဟု ပညာရှိသောသူတို့အားတောင်းကြ၏။ ၉ ပညာရှိသော သူတို့က လည်း၊ သင်တို့အဘို့နှင့်ငါတို့အဘို့ဆီမလောက်။ ထိုကြောင့်၊ ဆီရောင်းသောသူရှိရာသို့သွား၍ ကိုယ်သုံးဘို့ဝယ်လျှင်သာ၍ကောင်းသည်ဟုပြန်ပြောကြ၏။ ၁၀ ထိုသူတို့သည်ဆီဝယ်သွားသည်အခိုက်တွင် မင်္ဂလာဆောင်လုလင်သည်လာ၍၊ အသင့်ရှိသောသတို့သမီးတို့သည် လုလင်နှင့်အတူပွဲသို့ဝင်ကြပြီးလျှင် တံခါးကိုပိတ်ထား၏။ ၁၁ ထိုနောက်၊ ကြွင်းသောသတို့သမီးတို့သည်လာ၍ အရှင်၊ အရှင်၊ ကျွန်မတို့အား တံခါးကိုဖွင့်ပါဟုတောင်းလျှောက်ကြသော်၊ ၁၂ အရှင်ကလည်း၊ ငါအမှန်ဆိုသည်ကား၊ သင်တို့ ကိုငါမသိဟုပြန်ပြောလေ၏။ ၁၃ သို့ဖြစ်၍ လူသားသည်ကြလာအံ့သောနေ့ရက်အချိန်နာရီကို သင်တို့သည် မသိသောကြောင့်စောင့်နေကြလော့။"

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ခရစ်တော်ကိုယုံကြည်သော်လည်း) ကိုယ်တော်ရှင် ပြန်လည်ကြွဆင်းလာခြင်းအတွက်ကြိုတင်ပြင်ဆင်ခြင်းမရှိသောသူများသည် ထာဝရအသက်ရရှိခြင်းမှပိတ်ပင်ခံကြရမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့် ဘာသာပြန်ဆိုချက် – (သခင်ခရစ်တော်ခံ၌ သစ္စာစောင့်သိခြင်းအားဖြင့်) ကိုယ်တော်ရှင်ပြန်လည်ကြွဆင်းလာခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်းမရှိသောယုံကြည်သူများသည် ကိုယ်တော်ရှင်ပြန်လည်ကြွဆင်းလာချိန်၌ဂုဏ်ပြုချီးမွှောက်ခံခြင်း အမှုမှပိတ်ပင်ခံကြရမည်ဖြစ်သည်။

ဤပုံဥပမာသည် အနက်ဖွင့်ဘာသာပြန်ဆိုသူများအား စိန်ခေါ်မှုတစ်ခုကို ပြုလုပ်ထားသည်။ ပုံဥပမာများအား အနက်ဖွင့်ဘာသာပြန်ဆိုရာတွင် အဓိကပြောပြလိုသောအချက်ကိုရှာကြံ၍အခြားအသေးစိတ်အချက်အလက်များကို ထိုအဓိကအချက်ကြီးအရအနက်ဖွင့်ဘာသာပြန်ဆိုရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ကိုယ်ကိုယ်ကို ဤနေရာတွင် ပြန်လည်အသိပေးရပါမည်။ ဤပုံဥပမာ၏အသေးစိတ်အချက်အလက်များသည် ရှင်းလင်းပြတ်သားမှုအားနည်းနေပါသော်လည်း အဓိကပြောပြလိုသောအချက်ကို ၄င်းတို့မည်သို့ပံ့ပိုးပေးနေကြသည်ဟူသောအချက်အရ ၄င်းတို့ကို ကျွန်ုပ်တို့ကောင်းမွန်စွာသဘောပေါက်နားလည်နိုင်ပါသည်။ ထိုအရာသည် (မဿဲ ၂၅း၁၃ ၌ ရှင်းလင်းစွာပြသထားသည့်) ကိုယ်တော်ရှင်ပြန်လည်ကြွဆင်းလာခြင်းအတွက် ကြိုတင်ပြင်ဆင်ထားခြင်းဟူသောအချက်ကို အဓိကပြောပြလိုသည့် ကနဦးမှ ဆိုးသောကျွန်ုပုံဥပမာနှင့်အခြေခံအားဖြင့်အတူတူဖြစ်သည်။

သို့သော်၊ အနက်ဖွင့်ဘာသာပြန်ဆိုခြင်း၌ ပြုလုပ်ရမည့်အရေးကြီးသောခွဲခြားစိတ်ပိုင်းမှုမှာ ၄င်းသည် က သမ္မာတရား (သို့) ခ သမ္မာတရားကို ဖော်ပြည့်နှဲးဆိုနေပါသလားဟူသော အချက်ဖြစ်သည်။ သတို့သမီးတစ်ကျိပ်မှ ကြိုတင်ပြင်ဆင်မှုမရှိသောသတို့သမီးငါးယောက်သည် ကယ်တင်ခြင်းမခံရသောသူများလား (သို့) ကယ်တင်ခြင်းခံရသောသူများလား။ ဤပုံဥပမာသည် မယုံကြည်သူများထံ ပြောဆိုထားသောသတိပေးချက်တစ်ခုလား (သို့) တပည့်တော်များထံပြောဆိုထားသောသတိပေးချက်တစ်ခုလား။

သခင်ယေရှုသည် ဤနေရာတွင် ယုဒရှကာရုတ်မှတစ်ပါးကယ်တင်ခြင်းရရှိထားသည့် မိမိ၏တပည့်တော်များအားသီးသန့်စကားပြောနေခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့သတိရနေရမည် (မဿဲ ၂၄း၃)။ သို့သော်၊ သခင်ယေရှုသည် ဤသင်ခန်းစာကို ကယ်တင်ခြင်းရရှိရန် သတိပေးချက်တစ်ခုအဖြစ်နှင့် ကယ်တင်ခြင်းလိုအပ်နေသောယုဒတစ်ဦးတည်းကိုသာလိုအပ်ချက်နှင့်အံဝင်ခွင်ကျစီမံ၍ပြောဆိုနေခြင်းမဟုတ်သည်မှာသေချာသည်။ ဤချဉ်းကပ်ပုံချဉ်းကပ်နည်းကို သခင်ခရစ်တော်၏သွန်သင်ချက်များအားလုံးတွင် အသုံးပြုရမည်ဖြစ်သည် (ယုဒထွက်ခွါသွားပြီးနောက် ယောဟန် ၁၃း၃၀ နောက်ပိုင်း၌သွန်သင်ပေးသော အိမ်အထက်ခန်းဟောပြောသွန်သင်ချက်ရှိအစိတ်

အပိုင်းများမှလွဲ၍)။ ထိုသို့ဆိုလျှင် ဤအရာသည် အထက်ပါပုံဥပမာကို တပည့်တော်များထံပြောပြသော ခ သမ္မာတရားအဖြစ် ကျွန်ုပ်တို့ကိုသဘောပေါက်နားလည်စေပါသည်။

နောက်ဆုံးသောကာလဆိုင်ရာသွန်သင်ချက် (Eschatology) (သို့) နောက်ဆုံးသောကာလအကြောင်း တစ်ဦးတစ်ယောက်၏နားလည်သဘောပေါက်ထားမှုကလည်း အနက်ဖွင့်ဘာသာပြန်ဆိုခြင်းကို သြဇာသက်ရောက်မှုရှိနေပါသည်။ သတို့သမီးများသည် ဒုတိယအကြိမ်ပြန်လည်ကြွဆင်းလာခြင်း၌ သခင်ဘုရားကို တွေ့ဆုံကြမည့်ဘေးဒဏ်ကြီးကာလရှိ ယုဒယုံကြည်သူများဖြစ်ကြပြီး၊ မိုက်မဲသောသတို့သမီးများမှာ နိုင်ငံတော်၌ သခင်ခရစ်တော်နှင့်အတူအုပ်စိုးရခြင်းမှ ဖယ်ထုတ်ခြင်းခံကြရသူများဖြစ်ကြသည်ဟု အချို့ကအနက်ဖွင့်ဘာသာပြန်ဆိုထားကြသည်။ သို့သော်၊ သခင်ခရစ်တော်ရောက်ရှိလာမည့်အချိန်ကို မသိရှိရခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့်ဆိုင်သော သင်ခန်းစာတို့က ဘေးဒဏ်ကြီးကာလကိုဖွင့်လှစ်အစပြုခဲ့သည့်ချီဆောင်ခြင်း ဟူသောကနဦးမှ ကျွန်ုပ်တို့အဖြစ်အပျက်နှင့်အတူတူဖြစ်ကြောင်း ညွှန်ပြနေသ ယောင်ထင်မှတ်ရသည်။ ဤဖြစ်ရပ်သည် ချီဆောင်ခြင်းဖြစ်ရပ်ဖြစ်သည်ဟု ယုံကြည်ထားသူများက မိုက်မဲသောသတို့သမီးများကို သခင်ခရစ်တော်အား အမှန်တကယ်သိကျွမ်းခြင်းမရှိသည့် နှုတ်ဖြင့်သာဝန်ခံသောခရစ်ယာန်များအဖြစ်အနက်ဖွင့်ဘာသာပြန်ဆိုထားကြသည်။ ချီဆောင်ခြင်းတွင် ၄င်းတို့သည်ကောင်းကင်ဘုံမှလည်းကောင်း၊ နိုင်ငံတော်မှလည်းပိတ်ပင်ခြင်းကို ခံကြရမည်။ ဤပုံဥပမာရှိ ပထမဆုံးစကားလုံးဖြစ်သည့် "ထိုအခါ" *(tote)* ဟူသောစကားလုံးသည်၊ ပုံဥပမာလေးခုအား ပြောဆိုမှုဖြစ်စဉ်တွင် ဤနေရာ၌သာတွေ့သောကြောင့် ထူးခြားမှုရှိကောင်းရှိနိုင်သကဲ့သို့၊ ၄င်းသည် ချီဆောင်ခြင်းနောက်၌ဖြစ်ပျက်မည့် အဖြစ်အပျက်များကို ရည်ညွှန်းကောင်း ရည်ညွှန်းပေမည်။ ချီဆောင်ခြင်းသည် ကနဦးပုံဥပမာ၏ အဓိကစူးစိုက်ထားသောအရာဖြစ်သည်။

သတို့သမီးများသည် မည်သူတို့ဖြစ်ကြသနည်း။ ထိုခေတ်ကာလမှ မင်္ဂလာဆောင်ပွဲများတွင် မင်္ဂလာဆောင် သတို့သမီးတစ်ယောက်သည် မိန်းမပျိုများပါဝင်သော မင်္ဂလာဆောင်သတို့သမီးအဖွဲ့တစ်ခုကို ရှိထားရသည်။ ထိုမင်္ဂလာဆောင်သတို့သမီးနှင့် မိန်းမပျိုများသည် မိမိအိမ်သို့မိမိ၏သတို့သမီးကို ခေါ်ဆောင်သွားရန်ရောက်ရှိလာသော သတို့သားကို ဆုံတွေ့ကြရသည်။ ဤအရာသည် ထုံးစံအတိုင်းညတွင်ပြုလုပ်ရသောကြောင့် မီးအိမ်မီးခွက်များလိုအပ်သည်။ သတို့သားချင်းနင်းဝင်ရောက်လာခြင်းကို ကျယ်လောင်သောအသံတစ်ခုဖြင့်ကြေညာပြီး၊ ပွဲလမ်းခမ်းနားဖြင့်ကြိုဆိုပြီးနောက်တွင် သမာရိုးကျဆန်သော မင်္ဂလာဆောင်ပွဲကို အစပြုကြပါသည်။ ဓမ္မသစ်ကျမ်းတွင် အသင်းတော်ကို သခင်ခရစ်တော်၏ သတို့သမီးအဖြစ်နှင့်ခိုင်းနှိုင်းထားပါသည် (၂ကော ၁၁း၂၊ ဧဖက် ၅း၂၅-၂၇)။ စိတ်ဝင်စားဖွယ်ကောင်းသောအချက်မှာ မင်္ဂလာဆောင်သတို့သမီးကိုယ်တိုင်ကို ဖော်ပြမထားခြင်းဖြစ်သည်။ သို့သော်၊ အသင်းတော်ကို သတို့သမီးတစ်

ကျိပ်ဖြင့် ပုံဖော်ထားခြင်းသည် အဓိပ္ပါယ်ရှိပါသည်။ ထိုသို့အားဖြင့် အသင်းတော်၌ ဖွဲ့စည်းပါဝင်နေသူများအကြား၌ ခြားနားခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်၊ သတို့သမီးများသည် အသင်းတော်ကို ပုံဖော်ထားကြသည်ဟူသောအချက်သည် အသင့်လျော်ဆုံးဖြစ်သည်ဟု မှတ်ယူရသည်။ ဤသတို့သမီးများသည် စစ်မှန်သော ယုံကြည်သူများဖြစ်ကြကြောင်းကို ဂရုတစိုက်လေ့လာအကဲခတ်မှုများက ထောက်ခံထားပါသည်။ ပထမအနေဖြင့်၊ ၄င်းတို့သည်သတို့သမီး၏ တစ်စိတ်တစ်ဒေသဖြစ်ကြပြီး၊ မင်္ဂလာဆောင်ပွဲ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ခဲ့ကြသည် (နှိုင်းယှဉ် ၁ကော ၁၁း၂)။ ဒုတိယအနေဖြင့်၊ ၄င်းတို့ကို "အပျိုကညာများ (သို့) အပျိုစင်များ" (virgins) ဟုခေါ်ဆိုထားသည်။ ထိုအခေါ်အဝေါ်က ၄င်းတို့သည် သန့်စင်ဆေးကြောခြင်းကို ခံထားကြပြီး၊ သခင်ခရစ်တော်အတွက် သီးသန့်ဖယ်ထားခြင်းခံရသည်ဟူသောအဓိပ္ပါယ်မျိုး၌ သန့်ရှင်းစင်ကြယ်သောသူများဖြစ်ကြသည်ဟု အနည်းဆုံးအကြုံးပြုရည်ညွှန်းနေပါသည်။ တတိယအနေဖြင့်၊ ၄င်းတို့သည် သတို့သားအလာကို မျှော်လင့်စောင့်စားနေကြပါသည်။ စတုတ္ထအနေဖြင့်၊ ၄င်းတို့အား ဆီကို "ဝယ်ယူ" ရန်ပြောထားသည်။ ထိုအရာသည် အဖိုးအခတစ်ခုကို ပေးဆပ်ခြင်းအားရည်ညွှန်းနေပြီး၊ ၄င်းသည် တပည့်တော်ဖြစ်ခြင်း၏ထူးခြားသောလက္ခဏာတစ်ခုဖြစ်ပြီး၊ အခမဲ့လက်ဆောင်ဖြစ်သောကယ်တင်ခြင်း၏ထူးခြားသောလက္ခဏာ မဟုတ်ပါ။

ဆီယူလာသောသတို့သမီးငါးယောက်နှင့် ဆီယူမလာသောသတို့သမီးငါးယောက်တို့ကို ပိုင်းခြားသိမြင်စေသောအချက်မှာ ပုံဥပမာ၏အဓိက ပြောကြားလိုသောအချက်ဖြစ်သည့် ကြိုတင်ပြင်ဆင်မှုရှိခြင်းပင်ဖြစ်သည်။ ကြိုတင်ပြင်ဆင်မှုမရှိသောသတို့သမီးငါးယောက်၌ ဆီများကုန်ခန်းသွားကြသည်ဟု အများအားဖြင့်သဘောပေါက်နားလည်ခဲ့ကြသော်လည်း သခင်ယေရှုက ၄င်းတို့သည် မီးခွက်ကိုသာယူ၍ "ဆီကိုမယူကြ" ဟုပြောထားသည် (မဿဲ ၂၅း၃)။ ထိုသို့ဖြစ်လျှင် နေ့အချိန်ခရီးလမ်း၌မီးခွက်များကိုအသုံးမပြုကြသော်လည်း၊ ညအချိန်ကျရောက်၍ သတို့သားရောက်လာသောအချိန်တွင် မိမိတို့၏မီးစာကို မီးထွန်းညှိကြသောအခါ၌သာ ၄င်းတို့၏မီးခွက်များက မီးတောက်ကိုဖြစ်စေလောက်သည်အထိ ဆီရှိမနေကြကြောင်းကို ၄င်းတို့သဘောပေါက်လာခဲ့ကြခြင်းဖြစ်နိုင်သည်။ ၄င်းတို့၏ခရီးသည် ညအချိန်၌သွားရသောခရီးဖြစ်ခဲ့လျှင် ၄င်းတို့၏မီးခွက်များ၌ဆီအချို့ရှိကောင်းရှိနေနိုင်သော်လည်း ထိုဆီသည်မလောက်သည့်အပြင်၊ ဆီအပိုကိုယူဆောင်မလာကြခြင်းလည်းဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ အဓိကအချက်မှာ ၄င်းတို့သည် လုံလုံလောက်လောက်ကြိုတင်ပြင်ဆင်မှုမရှိကြခြင်းဖြစ်သည်။ အခြားသတို့သမီးငါးဦးမှာမူ ကောင်းမွန်စွာပြင်ဆင်ထားခဲ့ကြသည် (နှိုင်းယှဉ် ဗျာဒိတ် ၁၉း၇–၈၊ ဤကျမ်းချက်တွင် သတို့သမီး၏ကြိုတင်ပြင်ဆင်မှုရှိခြင်းသည် သန့်ရှင်းသူတို့၏ဖြောင့်မတ်သောလုပ်ရပ်များနှင့်ဆက်စပ်နေပါသည်)။ ဆီ၏အမှတ်သညာ

သင်္ကေတနှင့်အဓိပ္ပါယ်ကို ကျွန်ုပ်တို့အမျိုးမျိုးထင်မြင်မှန်းဆနိုင်ကြပါသော်လည်း၊ ဆီနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အသေအချာပြောနိုင်သောအချက်မှာ ၄င်းသည်အဆင်သင့်ဖြစ်ခြင်းကို ပုံဖော်ပြသနေခြင်းဖြစ်သည်ဟူသောအချက်ဖြစ်သည်။ ကနဦးပုံဥပမာနှင့်နောက်လာ မည့်ပုံဥပမာတို့ရှိ အဆင်သင့်ဖြစ်ခြင်းသည် သစ္စာရှိခြင်း၊ ဘဏ္ဍာစိုးဖြစ်ခြင်းတို့နှင့်အ တူတူဖြစ်သည်။

သတို့သားရောက်ရှိလာခြင်းသည် အသင်းတော်ချီဆောင်ခြင်းကို ညွှန်ပြသော လက္ခဏာသွင်ပြင်အမျိုးမျိုးကို ဆောင်ထားသည်။ ပထမအနေဖြင့်၊ ၄င်းသည်မျှော်လင့် မထားသောအချိန်တွင်ဖြစ်ပျက်သည် (၄င်းသည် သခင်ခရစ်တော် ဒုတိယအကြိမ်ပြန် လည်ကြွဆင်းလာခြင်းကဲ့သို့ မဟုတ်ပါ။ ကိုယ်တော်ပြန်လည်ကြွဆင်းလာခြင်းကို ဘေးဒဏ်ကြီးကာလစတင်သည်နှင့် ပရောဖက်ပြုချက်မှ ကျွန်ုပ်တို့သိရှိနိုင်ပါသည်)။ ဒုတိယအနေဖြင့်၊ ၄င်းကိုကျယ်သောအသံဖြင့်ကြေငြာထားသည်။ ထိုကျယ်သောအသံ သည် ချီဆောင်ခြင်းနှင့်လည်း တွဲဖက်ထားပါသည် (၁သက် ၄း၁၇)။ တတိယအနေဖြင့်၊ ၄င်းသည်အသင်းတော်ကာလအဆုံးတွင် သတို့သားနှင့်သတို့သမီးတို့ကိုပေါင်းစည်း စေပါသည်။ စတုတ္ထအနေဖြင့်၊ ချီဆောင်ခြင်းတွင် (ဆီကိုဝယ်ယူခြင်းဖြင့်) သစ္စာရှိခြင်း ကိုပြသရန်မှာ အလွန်နောက်ကျနေပြီဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းသော လေ့လာ အကဲခတ်မှုတစ်ခုမှာ ချီဆောင်ခြင်းသည် အလွန်လျင်မြန်စွာဖြစ်ပျက်ခဲ့မည်ဖြစ်သော ကြောင့် ယုံကြည်၍ကယ်တင်ခြင်းသို့ရောက်ရန် မည်သူမျှအချိန်ရှိခဲ့မည်မဟုတ်ပါ (၁ကော ၁၅း၅၂။ သို့သော်၊ သခင်ခရစ်တော် ဒုတိယအကြိမ်ပြန်လည်ကြွဆင်းလာချိန်တွင် ကိုယ်တော်ကိုမြင်တွေ့၍ ယုံကြည်သောယုဒလူမျိုးများရှိခဲ့ကြပါလိမ့်မည် (ဇာခရိ ၁၂း၁၀)။

အနက်ဖွင့်ဘာသာပြန်ဆိုခြင်းနှင့်ဆိုင်သော အရေးကြီးသည့်မေးခွန်းသည် အခန်းငယ် ၁၀ရှိ တံခါးကိုပိတ်ခြင်း နှင့်အခန်းငယ် ၁၂ ရှိ "သင်တို့ကိုငါမသိ" ဟူသော သတို့သား၏ ထုတ်ပြန်ကြေညာချက်တို့နှင့် သက်ဆိုင်နေသည်။ ဤဖြစ်ရပ်နှစ်ခုလုံးသည် သတို့သားပေါ်ထွက်လာပြီးနောက်တွင်ဖြစ်ပျက်ခဲ့သောကြောင့် ၄င်းတို့သည်ကြိုတင် ပြင်ဆင်မှုမရှိသောသတို့သမီးငါးယောက်ကို ချီဆောင်ခြင်းမှချန်လှပ်ထားခြင်းကိုဖော်ပြ သည့်အရာဖြစ်သည်ဟု မထင်မှတ်ရပါ။ ပို၍ခက်ခဲသောအရာမှာ "သင်တို့ကိုငါမသိ" ဟူသောစကားစု၏အနက်အဓိပ္ပါယ်ဖြစ်သည်။ ဤအဓိပ္ပါယ်ကိုသိရှိခြင်းက ပထမအ ချက်ကိုနားလည်ရန် ကူညီကောင်းကူညီပေးပါလိမ့်မည်။ ဤစကားလုံးများသည် မဿဲ ၇း၂၃ ရှိယုံကြည်ခြင်းမရှိဘဲ နှုတ်ဖြင့်သာဝန်ခံသောသူများထံ၌ပြောခဲ့သော ကိုယ်တော်ရှင် ၏စကားကိုပြန်လည်အသိပေးနေပါသည်။ သို့သော်၊ အလွန်အရေးပါသောကွဲပြား ခြားနားမှုတစ်ခုရှိနေပါသည်။ မဿဲ ၇း၂၃ တွင်သခင်ယေရှုက "သင်တို့ကိုငါ အလျှင်း မသိ။ ငါ့ထံမှဖယ်ကြ" ဟုပြောထားသည်။ ဤကျမ်းချက်တွင်မူ ကိုယ်တော်ရှင်သည် သတို့သမီးတို့အား အဝေးသို့မနှင်ထုတ်ခဲ့သည့်အပြင် "အလျှင်း" (never) ဟူသောစကား

လုံးကိုလည်းအသုံးမပြုထားပါ။ ထို့အပြင်၊ မဿဲ ၇း၂၃ တွင်သခင်ယေရှုက *သိသည် (know)* ဟူသောစကားလုံးအတွက် *ginôskô* ဟူသောစကားလုံးကိုသုံးထားပြီး၊ ဤနေရာတွင်မူ *oida* ဟူသောစကားလုံးကိုသုံးထားသည်။ ပထမအသုံးအနှုန်းသည် တစ်စုံတစ်ယောက်အားအတွင်းကျကျသိကျွမ်းခြင်းကိုရည်ညွှန်းနိုင်ပြီး၊ ဒုတိယအသုံးအနှုန်းသည် စဉ်းစားသိမြင်ခြင်းအသိနှင့် ပို၍သက်ဆိုင်သည်။ အမှန်ဆိုရလျှင် *oida* ဟူသောစကားလုံးသည် *ဝန်ခံအသိအမှတ်ပြုသည်၊ လေးစားသည် (သို့) ဂုဏ်ပြုသည်* ဟူသောအဓိပ္ပါယ်ကိုလည်းဆောင်နိုင်ပါသည်။ ဤအဓိပ္ပါယ်သည် အလွန်လိုက်လျောညီထွေမှုရှိပါသည်။ အကြောင်းမှာ၊ သခင်ယေရှုက မိမိကိုဝန်ခံသောသူတို့အား ခမည်းတော်၏ရှေ့တွင်သူတို့ကိုလည်းဝန်ခံအသိအမှတ်ပြုမည်ဟုတစ်သမတ်တည်းသွန်သင်ပေးနေသောကြောင့်ဖြစ်သည် (မဿဲ ၁၀း၃၂–၃၃)။

ဤလေ့လာအကဲခတ်၍တွေ့ရှိချက်များကို အတူတကွပေါင်းစပ်လိုက်လျှင် သခင်ယေရှုသည် ကြိုတင်ပြင်ဆင်မှုမရှိသောသတို့သမီးများကို မင်္ဂလာပွဲရှိပျော်ပွဲရွှင်ပွဲနွဲ့ရခြင်းမှဖယ်ထုတ်ခဲ့ဟန်ရှိသည်။ **"ထို့နောက်"** (၎ဃ ၁၀) ဟူသော စကားလုံးသည် မင်္ဂလာဆောင်ပွဲပြီးနောက် (သို့) တံခါးကိုပိတ်ပြီးနောက်ဟု ဆိုလိုနိုင်သည်။ သမာရိုးကျဆန်သော မင်္ဂလာဆောင်ခြင်းအစီအစဉ်ပြီးနောက်၌စားပွဲသောက်ပွဲနှင့်အတူ ပျော်ပွဲရွှင်ပွဲများကိုပြုလုပ်စီရင်ခြင်းသည် ထိုခေတ်ကာလရှိ ယုဒထိမ်းမြားမင်္ဂလာဆောင်ပွဲ၏လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်ခဲ့သည်။ ဤအထူးအခွင့်အရေးကို ကြိုတင်ပြင်ဆင်မှုမရှိသောသတို့သမီးများအားရရှိစေခဲ့မည်မဟုတ်ပါ (မဿဲ ၂၂း၁၁–၁၃ ရှိကြိုတင်ပြင်ဆင်မှုမရှိသောဧည့်သည်ထံမှ ဤအထူးအခွင့်အရေးကို ပိတ်ပင်ထားသကဲ့သို့ဖြစ်သည်)။

အချုပ်အားဖြင့်ဆိုရလျှင် ဤပုံဥပမာသည် ခ သမ္မာတရားဖြစ်ပြီး၊ အသင်းတော်ကာလရှိ ယုံကြည်သူများ၏သစ္စာရှိမှုနှင့်သက်ဆိုင်သည်။ ယုံကြည်သူအားလုံးသည် ချီဆောင်ခြင်းတွင်ပါဝင်၍ နိုင်ငံတော်ထဲသို့ဝင်ရောက်ကြရမည်ဖြစ်သော်လည်း ထိုနိုင်ငံတော်ရှိ အထူးအခွင့်အရေးများကိုမူ ယုံကြည်သူအားလုံးပါဝင်ဆင်နွှဲရမည်မဟုတ်ပါ။ အကြောင်းမှာ၊ ထိုသူတို့သည် ကိုယ်တော်ရှင်ပြန်လည်ကြွဆင်းလာခြင်းအတွက် ကြိုတင်ပြင်ဆင်ရာ၌ သစ္စာမရှိကြသောကြောင့်ဖြစ်သည်။ ဤအလေးထားပြောဆိုချက်သည် အနီးရှိအခြားပုံဥပမာနှစ်ခုနှင့်လည်း ညီညွတ်နေပါသည်။

ယုံကြည်သူများဖြစ်ကြသည့်အလျောက်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်ပြန်လည်ကြွဆင်းလာခြင်းအတွက် နိုးနိုးကြားကြားရှိနေ၍အမြဲတမ်းအဆင်သင့်ဖြစ်နေကြရန် တိုက်တွန်းနှိုးဆော်ခံကြရပါသည် (၁သက် ၅း၁–၁၁)။ ဤရပ်တည်ချက်က ကျွန်ုပ်တို့ကိုကောင်းသောအမှုကိုလုပ်ဆောင်၍ ဘုရားဝတ်ကိုပြုသောအသက်တာ၌ ကျင်လည် ရှင်သန်ရာ၌သစ္စာရှိ၍တက်ကြွနေဖို့ ကူညီပေးပါသည် (၁ယော ၃း၃)။ ကြိုတင်ပြင်ဆင်မှုမရှိချိန်တွင် အငိုက်မိခံရသော သူများက ဆင်နွှဲပျော်မွေ့ခွင့်မရှိဘဲ၊ သစ္စာရှိသော

နောက်လိုက်ငယ်သားများအဖြစ် သက်သေထူကြသောသူများသာ ဆင်နွှဲပျော်မွေ့ရသည့် အခွင့်ထူးများကိုယ်တော်ထံ၌ ရှိနေကြပါသည်။

ဥစ္စာများကိုပေးခြင်းပုံဥပမာ (Parable of the talents)။ မဿဲ ၂၅း၁၄–၃၀ (နှိုင်းယှဉ် – လုကာ ၁၉း၁၁–၂၇)

၁၄ ဥပမာကား၊ လူတဦးသည်အခြားသောပြည်သို့သွားမည်ဟု အကြံရှိလျက်၊ မိမိငယ်သားတို့ကိုခေါ်၍ မိမိဥစ္စာများကိုအပ်ပေး၏။ သူတို့သည်အသီးအသီးအစွမ်းသတ္တိရှိသည်အတိုင်း၊ တစ်ဦး၌ ငွေအခွက် ငါးဆယ်၊ ၁၅ တစ်ဦး၌ အခွက်နှစ်ဆယ်၊ တစ်ဦး၌အခွက်တစ်ဆယ်ကို အပ်ပေးပြီးမှချက်ခြင်းသွားလေ၏။ ၁၆ အခွက်ငါးဆယ်ကိုခံသောသူသည် သွား၍ ကုန်သွယ်ခြင်းကိုပြုသဖြင့် အခြားသောအခွက်ငါးဆယ်ကို အမြတ်ရလေ၏။ ၁၇ ထိုနည်းတူ၊ အခွက်နှစ်ဆယ်ကိုခံသော သူသည်လည်း၊ အခြားသောအခွက်နှစ်ဆယ်ကိုအမြတ်ရလေ၏။ ၁၈ အခွက်တစ်ဆယ်ကို ခံသောသူမူကား၊ သွား၍မြေတွင်းတူးပြီးလျှင် အရှင်၏ငွေကိုဝှက်ထားလေ၏။ ၁၉ ကာလကြာမြင့်ပြီးမှ ထိုငယ်သားတို့၌အရှင်သည်လာ၍ သူတို့ကိုစာရင်းယူလေ၏။ ၂၀ အခွက်ငါးဆယ်ကိုခံသော သူသည်ချဉ်းကပ်၍ အခြားသောအခွက်ငါးဆယ်ကိုဆက်လျက်၊ သခင်၊ ကိုယ်တော်သည် အကျွန်ုပ်၌အခွက်ငါးဆယ်ကို အပ်ပေးတော်မူ၏။ အခြားသောအခွက်ငါး ဆယ်ကို အကျွန်ုပ်အမြတ်ရပါပြီဟု လျှောက်လေ၏။ ၂၁ အရှင်ကလည်း၊ သာဓု၊ သစ္စာရှိသောငယ်သားကောင်း၊ သင်သည်အမှုငယ်၌ သစ္စာစောင့် လေပြီ၊များစွာသောအမှုအခွင့်ကို သင်၌ငါအပ်ပေးမည်၊ သင်၏သခင်နှင့် အတူ စည်းစိမ်ကို ဝင်စားလော့ဟု မိန့်တော်မူ၏။ ၂၂ အခွက်နှစ်ဆယ် ကိုခံသောသူသည်လည်းချဉ်းကပ်၍ သခင်၊ ကိုယ်တော်သည် အကျွန်ုပ်၌ အခွက်နှစ်ဆယ်ကိုအပ်ပေးတော်မူ၏။ အခြားသောအခွက် နှစ်ဆယ်ကို အကျွန်ုပ်အမြတ်ရပါပြီဟု လျှောက်လေသော်၊ ၂၃ အရှင်က၊ သာဓုသစ္စာ ရှိသော ငယ်သားကောင်း၊ သင်သည် အမှုငယ်၌သစ္စာစောင့်လေပြီ၊ များစွာသောအမှုအခွင့်ကိုသင်၌ငါအပ်ပေးမည်၊ သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့ဟု မိန့်တော်မူ၏။ ၂၄ အခွက် တစ်ဆယ်ကိုခံသော သူသည်လည်းချဉ်းကပ်၍ သခင်၊ ကိုယ်တော်သည်ခဲယဉ်းသောသူဖြစ် သည်နှင့် ကိုယ်မစိုက်မပျိုးသောအရပ်၌ရိတ်၍၊ ကိုယ်မဖြန့်မကြဲသော အရပ်၌စုသိမ်းတတ်သည်ကို အကျွန်ုပ်သိ၍၊ ၂၅ ကြောက်သောကြောင့်၊ အခြားသို့သွား၍ကိုယ်တော်၏ငွေအခွက်တစ်ဆယ် ကိုမြေ၌ဝှက်ထားပါပြီ။ ယခု ကိုယ်တော်၏ဥစ္စာရှိပါသည်ဟုလျှောက်၏။ ၂၆ အရှင်ကလည်း၊ ဆိုးညစ်ပျင်းရိသောငယ်သား၊ ငါသည်ကိုယ်မစိုက်မပျိုးသောအရပ်၌ ရိတ်၍၊ ကိုယ်မဖြန့်မကြဲသောအရပ်၌စုသိမ်းသည်ကို သင်သိသည် မှန်လျှင်၊ ၂၇ ငါ့ငွေကိုပွဲစားလက်သို့အပ်ရမည်၊ ထိုသို့အပ်လျှင်၊ ငါပြန်လာ

သောအခါ ငွေရင်းနှင့်အတိုးကိုရနိုင်၏။ ၂၈ ထိုကြောင့်၊ အခွက်တစ်ဆယ်ကိုထိုသူ၏ လက်မှနုတ်ကြ။ အခွက်တရာရှိ သော သူကိုပေးကြ။ ၂၉ အကြောင်းမူကား၊ အကြင်သူသည် ရတတ်၏။ ထိုသူ၌ကြွယ်ဝပြည့်စုံစေခြင်းငါပေးဦးမည်။ အကြင်သူသည်ဆင်းရဲ၏။ ထိုသူ၌ရှိ သမျှကိုပင်နုတ်လိမ့်မည်။ ၃၀ အသုံးမရသောထိုငယ်သားကို ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ၊ ပြင်အရပ်မှောင်မိုက်ထဲသို့ နှင်ထုတ်ချလိုက်ကြဟုစီရင်တော်မူ၏။"

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာသော အချိန်တွင် သစ္စာမရှိသောဘဏ္ဍာစိုးတို့က ၄င်းတို့သည်ကယ်တင်ခြင်းမခံရသောသူများဖြစ် ကြသည်သက်သေပြကြ၍ နိုင်ငံတော်ကိုဝင်စားကြရမည် မဟုတ်ပါ။ သို့သော်၊ သစ္စာရှိသော ဘဏ္ဍာစိုးများက ၄င်းတို့သည် ကယ်တင်ခြင်းခံကြရသည်ကို သက်သေပြကြ၍ နိုင်ငံတော်၌ ဆုလာဘ်ချီးမြှင့်ခံရမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာသောအချိန်တွင် သစ္စာမရှိသောဘဏ္ဍာစိုးများဖြစ်ကြသည့် ယုံကြည်သူများသည် နိုင်ငံတော်နှင့်ယှဉ်သောဆုလာဒ်များမှခြွင်းချန်ခံကြရမည်ဖြစ်သော်လည်း၊ သစ္စာရှိသောဘဏ္ဍာစိုးများမှာမူနိုင်ငံတော်၌ ဆုချီးမြှင့်ခံရမည်ဖြစ်သည်။

ဤပုံဥပမာသည် မဿဲ ၂၄း၃ ရှိတပည့်တော်များ၏ မေးခွန်းကိုဖြေကြားသည့် အနေဖြင့်ကိုယ်တော်ရှင်ပြန်လည်ကြွဆင်းလာခြင်းကို မျှော်လင့်စောင့်စားခြင်း အကြောင်းအရာကိုဆက်လက်၍ပြောဆိုထားသည်။ ဤပုံဥပမာသည် သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာခြင်းကိုထောက်ရှု၍သစ္စာရှိသောဘဏ္ဍာစိုးဖြစ်ခြင်း၏ ကောင်းမြတ်ခြင်းကို အလေးအနက်ပြုထားသည်။

အခြားသောပြည်သို့ထွက်သွား၍ ပြန်လည်ရောက်ရှိလာသည့် အရှင်သခင်သည်သခင်ယေရှုခရစ်ကို ပုံဖော်ထားသည်မှာထင်ရှားသည်။ အစေခံကျွန်များပါဝင်ထားသော ကနဦးမှပုံဥပမာများ၌ ကျွန်ပ်တို့ယူဆထားကြသည့်အတိုင်း၊ ဤပုံဥပမာရှိအစေခံကျွန်များကိုလည်း ယုံကြည်သူများအဖြစ်ရှုမြင်ရန် အကြောင်းပြချက်ကောင်းများရှိနေပါသည်။ သူတို့သည်အရှင်သခင်နှင့်သက်ဆိုင်ဆက်နွယ်နေကြပြီး၊ "အသီးသီးအစွမ်းသတ္တိရှိ သည်အတိုင်း" သူတို့၌ ငွေကြေးကိုယုံကြည်အပ်နှံထားကာ၊ သစ္စာရှိခြင်းအတွက် သူတို့၌တာဝန်ယူမှုတာဝန်ခံမှုကို ရှိစေခဲ့သည်။ ဤပုံဥပမာရှိ အဓိကအချက်မှာ သခင်

မည်သူမည်ဝါဖြစ်သည်ဟူသောအချက်၌ ၄င်းတို့၏ယုံကြည်ခြင်း *မဟုတ်ပါ*။ သခင်ယေရှုသည် ခရစ်ယာန်ရှင်သန်ခြင်း၌ အရေးကြီးသောကိစ္စရပ်များဖြစ်ကြသည့် သစ္စာရှိခြင်းနှင့် ဘဏ္ဍာစိုးဖြစ်ခြင်းတည်းဟူသော ခ သမ္မာတရားကို မိမိ၏တပည့်တော်များထံ၌ သီးသန့်ပြောပြနေခြင်းဖြစ်သည်။

ငွေခွက်ငါးဆယ်နှင့်ငွေခွက်နှစ်ဆယ်ကို ပေးအပ်ခံရသောကျွန်များက ထိုငွေများကိုအမျှော်အမြင်ကြီးစွာ ရင်းနှီးမြှုပ်နှံခဲ့ပြီး၊ ၄င်းတို့သည် "သာခု၊ သစ္စာရှိသောငယ်သားကောင်းများ" အဖြစ်ချီးမွမ်းခံရသည်သာမဟုတ်၊ နိုင်ငံတော်အုပ်စိုးခြင်းတွင်လည်း ဝေစုတစ်ခုကိုကတိပေးခြင်းခံကြရသည် (ငယ် ၂၁၊ ၂၃)။ ဆုလာဘ်သည် နိုင်ငံတော်ထဲသို့ဝင်ရောက်ရခြင်းမဟုတ်ပါ။ ထိုအရာသည် နိုင်ငံတော်၌ဝင်ရောက်ရခြင်းကို လုပ်ဆောင်မှု၌ မူတည်သွားစေမည်ဖြစ်ပြီး၊ ၄င်းသည်အခြေအနေကန့်သတ်ချက်မရှိသောကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းသို့ရောက်ခြင်းဟူသော အချက်နှင့်ဆန့်ကျင်နေပါလိမ့်မည်။ ဆုလာဘ်မှာ သခင်ခရစ်တော်နှင့်အတူ ပူးတွဲအုပ်စိုးရခြင်းနှင့်အတူတစ်ပါးတည်းပါလာသောဝမ်းမြောက်ခြင်းတို့ဖြစ်ကြသည်။ သစ္စာရှိသောယုံကြည်သူများအတွက် ထားရှိသော ဤဆုလာဘ်သည် သမ္မာကျမ်းစာလေ့လာလိုက်စားသောသူများနှင့် ရင်းနှီးမှုမရှိသောအရာ မဟုတ်ပါ (ရောမ ၈း၁၇၊ ၂တိ ၂း၁၂၊ ဗျာဒိတ် ၂း၂၆–၂၇ တို့ကိုကြည့်ပါ)။ ငယ်သားနှစ်ယောက်သည် ရင်းနှီးမြှုပ်နှံဖို့ပမာဏကွဲပြားသောငွေကြေးကိုရှိထားကြသော်လည်း၊ ရရှိသောဆုလာဒ်မှာ အတူတူဖြစ်နေကြသည်မှာ မှတ်သားဖွယ်ဖြစ်သည်။ တစ်ဦးစီသည် မိမိတို့လက်ခံရရှိခဲ့သောအရာတွက် ရှင်းလင်းချက်ပေးရန် တာဝန်ယူမှုတာဝန်ခံမှုရှိခဲ့ကြရသည်။

မြောက်များစွာသောသူများအတွက် အနက်ဖွင့်ဘာသာပြန်ဆိုခြင်းအပေါ်၌ သြဇာသက်ရောက်နေသောအရာမှာ သစ္စာမရှိသောငယ်သားအား "ဆိုးညစ်ပျင်းရိသောငယ်သား" ဟုခေါ်ဆိုခဲ့သည့် သခင်ဖြစ်သူ၏စကားလုံးများ (ငယ် ၂၆) နှင့် ၄င်းကို "ငိုကြွေးခြင်းနှင့်အံသွားခဲကြိတ်ခြင်း"တို့ရှိရာ "အပြင်အရပ်မှောက်မိုက်"၌စွန့်ပစ်ခြင်းတို့ဖြစ်သည် (ငယ် ၃၀)။ ခရစ်ယာန်တစ်ယောက်ကို ရည်ရွယ်ပြောဆိုရန် ဤစကားလုံးများသည် ရက်စက်ပြင်းထန်သော စကားလုံးများဖြစ်ကြပါသော်လည်း၊ ဤစကားလုံးသုံးခြင်းသည် အစဉ်အလာမရှိသော သုံးနှုန်းခြင်းတော့ မဟုတ်ပါ။ ဤအသုံးအနှုန်းမျိုးကို သနားမှုကင်းသောကျွန်နှင့်စပ်လျဉ်း၍လည်းကောင်း (မဿဲ ၁၈း၂၁–၃၅)၊ သင့်တင့်လျောက်ပတ်စွာဝတ်စားဆင်ယင်မထားသော မင်္ဂလာဆောင်ပွဲမှဧည့်သည်တစ်ဦးနှင့်စပ်လျဉ်း၍လည်းကောင်း (မဿဲ ၂၂း၁–၁၄)၊ ကျွန်ဆိုးနှင့်စပ်လျဉ်း၍လည်းကောင်း (မဿဲ ၂၄း၄၅–၅၁)၊ ကြိုတင်ပြင်ဆင်မှုမရှိသော သတို့သမီးငါးယောက်နှင့် စပ်လျဉ်း၍လည်းကောင်း (မဿဲ ၂၅း၁–၁၃) အသုံးပြုထားသည်ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြရပါသည်။ ထိုဆွေးနွေးမှုများတွင် ခရစ်ယာန်များသည် သနားမှုကင်းမဲ့နိုင်ကြကြောင်း၊

သစ္စာမဲ့နိုင်ကြကြောင်း၊ ဆိုးညစ်သောအရာ ကိုပြုလုပ်နိုင်ကြကြောင်း၊ ကိုယ်တော်ရှင်ပြန်လည်ကြွဆင်းလာခြင်းအတွက် မပြင်မဆင်နှင့်ရှိနေနိုင်ကြကြောင်းတို့ကို ကျွန်ုပ်တို့ငြင်းခုံဆွေးနွေးခဲ့ကြပါသည်။ ထို့အတူ၊ "အပြင်ရပ်မှောင်မိုက်" သည် နိုင်ငံတော်နှင့်ယှဉ်သောကောင်းကြီးမင်္ဂလာများမှ ခြွင်းချန်ခံရခြင်းဖြစ်ကြောင်းကိုလည်းကောင်း၊ "ငိုကြွေးခြင်းနှင့် အံသွားခဲကြိတ်ခြင်း" တို့သည် ခရစ်တော်၏တရားပလ္လင်ရှေ့၌ ကြုံတွေ့ခံစားရရှိမည့် အလွန်လေးနက်ပြင်းထန်သော နောင်တရခြင်းကို တင်စားထားမှုတစ်ခုဖြစ်ကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြရပါသည်။

အလေးအနက်စဉ်းစားတွေးတောမှုအချို့ကိုဖြစ်စေခဲ့မည့် ထပ်လောင်းထုတ်ဖော်ပြောဆိုထားချက်များမှာ အခန်းငယ် ၂၈–၂၉ တွင်ရှိကြသည်။ သစ္စာမရှိသောငယ်သားထံမှပြန်လည်သိမ်းယူသွားသောအရာမှာ မည်သည့် အရာဖြစ်သနည်း။ ကယ်တင်ခြင်းဟုဆိုလျှင် ထိုအရာသည် ကျမ်းစကားအဆက်အစပ်နှင့်လုံးလုံးကိုက်ညီမှုမရှိပါ။ သခင်ယေရှုသည် ယုံကြည်သူတစ်ဦးထံမှ ကယ်တင်ခြင်းကိုပြန်လည်သိမ်းယူခဲ့ပါမည်လား (သို့) မယုံကြည်သူတစ်ဦးထံ၌ တစ်စုံတစ်ရာကိုယုံကြည်အပ်နှံခဲ့ပါမည်လား။ ပြန်လည်သိမ်းယူခဲ့သည့်အရာမှာ သခင်အတွက်မည်သည့်အကျိုး အမြတ်ကိုမျှမဖော်ဆောင်နိုင်ခဲ့သည့် ပျင်းရိသောငယ်သားထံ၌ ယုံကြည်အပ်နှံထားသည့်ငွေဖြစ်သည်။ သခင်ဖြစ်သူသည် ထိုငွေကိုပြန်လည်သိမ်းယူ၍ မိမိ၏ငွေခွက်ငါးဆယ်ဖြင့်အကျိုးအမြတ်ကို ပြုလုပ်ခဲ့သောငယ်သားအားပေးအပ်ခဲ့သည်။ အမှန်တွင် သခင်ကိုယ်တိုင်က ဘဏ္ဍာစိုးကောင်းတစ်ဦးဖြစ်ခဲ့သည်။ ယုံကြည်သူတစ်ဦး၏သခင်ယေရှု ခရစ်နှင့်ပတ်သက်ဆက်နွယ်မှုကိုပြောဆိုရေးဖွဲ့ထားသည့်ပုံလွှာအားဖြင့်ကြည့်လျှင် သခင်ကိုယ်တော်သည် မိမိမရှိချိန်တွင် ယုံကြည်သူတစ်ဦးချင်းထံ၌ အသစ်သောအသက်တာ၊ ဝိညာဉ်စွမ်းရည်ဆုကျေးဇူးများ၊ အစွမ်းအစများ၊ သာသနာလုပ်ငန်းများ၊ အခွင့်အရေးများ၊ အရင်းအမြစ်များစသည့် မြောက်မြားစွာသောအရာတို့ကို ယုံကြည်အပ်နှံထားသည်။ သခင်ယေရှုပြန်လည်ကြွဆင်းလာချိန်တွင် ယုံကြည်သူတစ်ဦးချင်းစီက ကိုယ်တော်ရှင်အား စောင့်စားနေခဲ့ချိန်တွင် "အသီးသီးအစွမ်းသတ္တိရှိသည်အတိုင်း" (ငယ် ၁၅) ဤအရာများအားမည်သို့အသုံးပြုခဲ့ကြသည်ကို ရှင်းလင်းချက်ပေးရန်တာဝန်ယူမှုတာဝန်ခံမှုရှိကြရပါမည်။ ထိုအရာများကို သစ္စာရှိရှိအသုံးပြုခဲ့သောသူများအတွက် နိုင်ငံတော်၌ ဆုလာဘ်များရှိနေပြီး၊ ထိုအရာများကို အသုံးမပြုခဲ့သောသူများမှာ ဆုလာဘ်များမှခြွင်းချန်ခြင်းကို ခံကြရမည်ဖြစ်သည်။

လုကာ ၁၉း၁၁–၂၇ ရှိ ငွေပိဿာများကိုပေးခြင်း ပုံဥပမာနှင့်ဤပုံဥပမာတို့ကြားရှိ တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို ကျွန်ုပ်တို့သတိပြုသင့်သည်။ ဤပုံဥပမာနှစ်ခုလုံးသည် ရောက်လာမည့်နိုင်ငံတော်တည်ထောင်ခြင်းအချိန်နာရီနှင့်စပ်လျဉ်း၍ မေးခွန်း (သို့) စဉ်းစားဆင်ခြင်မှုတစ်ခုကို လိပ်မူထားကြသည်။ အခြားတူညီ

ချက်များတွင် အဝေးတစ်နေရာသို့ထွက်သွားသောသခင်တစ်ပါး၊ မိမိ၏စည်းစိမ်ဥစ္စာများကို မိမိ၏ငယ်သား သုံးယောက်ထံ၌ ယုံကြည်အပ်နှံခြင်း၊ ပြန်လည်ရောက်လာသော အချိန်၌ ထိုငွေများကိုမည်သို့အသုံးပြုခဲ့ကြပုံနှင့်စပ် လျဉ်း၍ရှင်းလင်းချက်ပေးရန် တာဝန်ယူမှုတာဝန်ခံမှုရှိစေခြင်းစသည့်အချက်များပါဝင်သည်။ ထို့အပြင်၊ ဤပုံဥပမာနှစ်ခုလုံးတွင် သစ္စာရှိသော ငယ်သားနှစ်ယောက်အတွက် နိုင်ငံတော်၌ ဆုချီးမြှင့်ခြင်းကိုလည်းကောင်း၊ သစ္စာမရှိသော တတိယငယ်သားအတွက် နိုင်ငံတော်၌ ဆုလာဘ်ဆုံးရှုံးရခြင်းကိုလည်းကောင်းပြသထားကြသည်။ ဤပုံဥပမာနှစ်ခုမှ သစ္စာမရှိသောငယ်သားနှစ်ယောက်စလုံးသည် သခင်ဖြစ်သူထံ၌ တူညီသောအကြောင်းပြချက်များကို ပေးခဲ့ကြပြီး၊ နှစ်ယောက်စလုံးကို "ဆိုးညစ်သောငယ်သား" များဟုခေါ်ဆိုခဲ့ကာ၊ နှစ်ယောက်စလုံးထံမှ ငွေများကိုပြန်လည်သိမ်းယူ၍ သစ္စာရှိသောငယ်သားတစ်ဦးထံ၌ပေးခဲ့သည်။ ဤနေရာတွင် သခင်သည်သခင်ယေရှုခရစ်ကိုကိုယ်စားပြု၍ငယ်သားများသည် ယုံကြည်သူများကို ကိုယ်စားပြုထားကြသည်ဟု တူညီသောကောက်ချက်ကိုချနိုင်ပါသည်။

ဤပုံဥပမာနှစ်ခုရှိ ကွဲပြားခြားနားချက်များတွင် သခင်ဖြစ်သူက ငယ်သားတစ်ဦးချင်းထံ၌ပေးအပ်သောငွေပမာဏပါဝင်သည်။ ငွေတစ်ပိဿာသည် ငွေတစ်ခွက်ထက် အနှစ်သာရအားဖြင့် ပိုများသောပမာဏဖြစ်သည်။ ဥစ္စာများကိုပေးခြင်းပုံဥပမာတွင် ငယ်သားများထံ၌မတူကွဲပြားသောငွေပမာဏများကိုပေးအပ်ခဲ့ပြီး၊ ငွေပိဿာများကိုပေးခြင်းပုံဥပမာတွင် ငယ်သားများသည် တူညီသောငွေပမာဏကိုရရှိခဲ့ကြသည်။ သို့သော်၊ မတူကွဲပြားသောငွေခွက် ပမာဏများနှင့်အတူ သစ္စာရှိရှိလုပ်ဆောင်ခဲ့ကြသော ငယ်သားနှစ်ယောက်သည် တူညီသောဆုလာဒ်ကို လက်ခံရရှိခဲ့ပြီး၊ တူညီသောငွေပိဿာပမာဏ (ငွေတစ်ပိဿာ)များနှင့်အတူ သစ္စာရှိရှိလုပ်ဆောင်ခဲ့ကြသော ငယ်သားနှစ်ယောက်မာမူ၄င်းတို့ပြုလုပ်ခဲ့သောအကျိုးအမြတ်နှင့်အချိုးညီစွာမတူကွဲပြားသောဆုလာဒ်များ (မြို့ဆယ်မြို့၊ မြို့ငါးမြို့ –လုကာ ၁၉း၁၆–၁၉) ကိုရရှိခဲ့ကြသည်။ သစ္စာမရှိသောငယ်သား၏ ကံကြမ္မာမည်သို့ရှိခဲ့သည်ကို ဖော်ပြရာတွင် အနည်းငယ်ထူးခြားမှုရှိသည်။ အကြောင်းမှာ၊ ရှင်လုကာ၏ငွေပိဿာများကိုပေးခြင်း ပုံဥပမာတွင်သစ္စာမရှိသောငယ်သားကို "အပြင်ရပ်မှောင်မိုက်" ဖြင့်ကြိမ်းဝါးခြင်းမရှိခြင်းဖြစ်သည်။ ငွေပိဿာများကိုပေးခြင်းပုံဥပမာရှိ နောက်ထပ် ထူးခြားချက်တစ်ခုမှာ ငယ်သားသုံးယောက်နှင့် သခင်၏ "ရန်သူများ" ဟုခေါ်ဆိုထားသောသူများကြားရှိ မြင်သာသောခြားနားချက်ဖြစ်သည်။ သခင်ဖြစ်သူသည် ထိုရန်သူများကို အဆုံးစီရင်ဖို့အမိန့်ပေးခဲ့သည် (လုကာ ၁၉း၂၇)။ ဤကွဲပြားခြားနားချက်သည် ယုံကြည်သူများ (ငယ်သားသုံးယောက်)နှင့် မယုံကြည်သူတို့ကြားရှိ ခြားနားချက်ကိုပြသထားသည်။

ဤပုံဥပမာနှစ်ခု၏ ခ သမ္မာတရားဒေသနာမှာအတူတူဖြစ်သည်။ ယုံကြည်သူများသည် ကိုယ်တော်ရှင်မရှိခိုက်တွင် မိမိတို့၏အသက်တာကို အသုံးပြုရှင်သန်ရာတွင်

သစ္စာရှိကြရမည်။ အကြောင်းမှာ၊ သခင်ဘုရား၏ပြန်လည် ရောက်ရှိလာချိန်တွင် နိုင်ငံတော်၌အကောင်းအဆိုးဟူသော အကျိုးဆက်များရှိလာမည်ဖြစ်သောကြောင့်ဖြစ်သည်။ သို့သော်၊ ပုံဥပမာတစ်ခုစီတွင် အလေးအနက်ပြောဆိုချက်ကိုယ်စီရှိထားကြသည်။ ဥစ္စာများကိုပေးခြင်း ပုံဥပမာမှ ကျွန်ုပ်တို့အား သွန်သင်ပေးထားသောအချက်မှာ ယုံကြည်သူများသည်၄င်းတို့တစ်ဦးချင်းစီ၌ ပေးအပ်ထားသောမတူကွဲပြားသည့် အရင်းအမြစ်များကို အသုံးပြုရာတွင်သစ္စာရှိကြရမည်ဟူ၍ဖြစ်ပြီး၊ ငွေပိသာများကိုပေးခြင်းပုံဥပမာမှ ကျွန်ုပ်တို့အားသွန်သင်ပေးထားသောအချက်မှာ ယုံကြည်သူများသည် ၄င်းတို့တစ်ဦး ချင်းစီ၌ ပေးအပ်ထားသောတူညီသည့်အခွင့်အရေးကို အသုံးချရာတွင်သစ္စာရှိကြရမည်ဟူ၍ ဖြစ်သည်။

တမန်တော်ပေါလုသည် ဆီလျော်အပ်စပ်မှုရှိသော ဤ ခ သမ္မာတရားကို ကောရိန္သုအသင်းတော်ထံသို့ ရေးသားပေးပို့ခဲ့သည်။

> *ခရစ်တော်၏ အစေအပါကဲ့သို့၄င်း၊ ဘုရာသခင်၏နက်နဲသောအရာတို့ကိုစောင့်သော ဘဏ္ဍာစိုး ကဲ့သို့၄င်း။ သူတပါးသည် ငါတို့ကိုမှတ်ပါစေ။ ထိုမှတပါး၊ ဘဏ္ဍာစိုးမည်သည်ကား၊ သစ္စာရှိရမည်။ (၁ကော ၄း၁–၂)*

သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာခြင်းကို မျှော်လင့်စောင့်စားနေကြသော ယုံကြည်သူများဖြစ်ကြသည့်အားလျော်စွာ ကိုယ်တော်ရှင်အတွက်အကျိုးအမြတ်ဖြစ်စေရန်အတွက် ကျွန်ုပ်တို့၏အသက်တာများကို ရင်းနှီးမြှုပ်နှံရန်အစေခံငယ်သားများအဖြစ်နှင့်လည်းကောင်း၊ ဘဏ္ဍာစိုးများအဖြစ်နှင့်လည်းကောင်း သစ္စာရှိကြရမည်ဖြစ်သည်။ ဤအချက်သည် ယုံကြည်သူတိုင်း၏အသက်တာတွင်ရည်ရွယ်ချက်တစ်ခုကိုပေးပါသည်။ ကိုယ်တော်ရှင်သည် မိမိ၏ဘုန်းတော်အတွက် ကျွန်ုပ်တို့၏အသက်တာများကို ရင်းနှီးမြှုပ်နှံမှုမရှိခြင်းအတွက် မည်သည့်အကြောင်းပြချက်ကိုမျှ လက်ခံလိမ့်မည် မဟုတ်ပါ။ ခရစ်ယာန်တစ်ဦးချင်းသည် ၄င်းတို့အပေါ်၌ဘုရား သခင်ယုံကြည်အပ်နှံထားသောအရာအတွက် ရှင်းလင်းချက်ပေးရန် တာဝန်ယူမှုတာဝန်ခံမှုရှိကြရမည်ဖြစ်သည်။

သိုးနှင့်ဆိတ်များကို ခွဲခြားစီရင်ခြင်း (Judgement of the sheep and goats)။ မဿဲ ၂၅း၃၁–၄၆

> ၃၁ *"လူသားသည်မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်းသောကောင်းကင်တမန်များအခြံအရံတို့နှင့်တကွကြွ လာတော်မူသောအခါ ဘုန်းရှိသောပလ္လင်တော်ပေါ်မှာထိုင်၍၊ ၃၂ ရှေ့တော် ၌လူမျိုးအပေါင်းတို့ကို စုဝေးစေသဖြင့်၊ သိုးထိန်းသည် သိုးနှင့်ဆိတ်တို့ကိုတခြားစီခွဲထား*

သက့ဲသို့၊ ၇၇ လူပေါင်းတို့ကို အသီးအခြားခွဲ၍၊ သိုးတို့ကိုလက်ျာတော်ဘက်၊ ဆိတ်တို့ကို လက်ဝဲတော်ဘက်၌ ထားတော်မူလတံ့။ ၃၄ ထိုအခါ၊ လက်ျာတော်ဘက်၌ရှိသောသူတို့အား မင်းကြီးက၊ ငါ့ခမည်းတော်ထံကောင်းကြီးမင်္ဂလာကို ခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အတွက် ပြင်ဆင်သောနိုင်ငံကိုလာ၍ အမွေခံကြလော့။ ၃၅ အကြောင်းမူကား၊ ငါသည် မွတ်သိပ်သောအခါ သင်တို့သည် ကျွေးကြ၏။ ငါသည် ရေငတ်သောအခါ သင်တို့သည်သောက်ဘို့ပေးကြ၏။ ငါသည် ဧည့်သည်ဖြစ်သောအခါ သင်တို့သည်ဧည့်သည်ဝတ်ကိုပြုကြ၏။ ၃၆ ငါသည် အဝတ်အချည်းစည်းရှိသောအခါ သင်တို့သည်အဝတ်နှင့်ဖုံးလွှမ်းကြ၏။ ငါသည်အနာရောဂါစွဲသောအခါ သင်တို့ သည်ကြည့်ရှုပြုစုကြ၏။ ငါသည် ထောင်ထဲမှာ နေရသောအခါ သင်တို့သည် ငှဲထံသို့လာကြ၏ဟု မိန့်တော်မူလျှင်၊"

က သမ္မာတရားအနက်ဖွင့်ပြန်ဆိုချက် – ဆင်းရဲချို့တဲ့သောသူများကို ကူညီမစသောသူများသည် နိုင်ငံတော်ကိုဝင်စားကြရမည်ဖြစ်ပြီး၊ ဆင်းရဲချို့တဲ့သောသူများကို ကူညီမစခြင်းမရှိသောသူများမှာ အပယ်ငရဲသို့သွားရမည်ဖြစ်သည်။

ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ပြန်ဆိုချက် – ဘေးဒဏ်ကြီးကာလ၌ ယုဒလူမျိုးများကို ကူညီထောက်ပံ့ပေးသောတပါးအမျိုးများသည် နိုင်ငံတော်ကိုဝင်စားကြရမည့် သစ္စာရှိသောယုံကြည်သူများဖြစ်ကြပြီး၊ ဘေးဒဏ်ကြီးကာလ၌ ယုဒလူမျိုးများကို ကူညီထောက်ပံ့မပေးသော တပါးအမျိုးများသည် အပယ်ငရဲသို့သွားရမည့်မယုံကြည်သူများဖြစ်ကြသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – တပါးအမျိုးတို့သည် ကယ်တင်ခြင်းခံရန် (သို့) ကယ်တင်ခြင်းမခံရန်တရားစီရင်ခြင်းခံရမည်ဖြစ်ပြီး၊ ထိုအုပ်စုတစ်စုစီသည် ဘေးဒဏ်ကြီးကာလ၌ ယုဒလူမျိုးအပေါ်၌ပြုလုပ်သောမိမိတို့၏အပြုအမူအတိုင်း အသီးသီးဆုလာဘ်ချီးမြှင့်ခံရမည် (သို့) ဒဏ်ပေးခံရမည်ဖြစ်သည်။

လုပ်ဆောင်မှုများ (အကျင့်)သည် တစ်ဦးတစ်ယောက်၏ ထာဝရကယ်တင်ခံရခြင်း (သို့) ဒဏ်ခတ်စီရင်ခံရခြင်းကို တိုင်းတာသတ်မှတ်ပေးသည့် လိုအပ်သောသက်သေအထောက်အထားဖြစ်သည်ဟုတင်ပြရန် ဤပုံဥပမာကို ကိုးကားထားကြသည်မှာ ပုံမှန်ကြားနေကြအရာဖြစ်သည်။ ပို၍သတ်သတ်မှတ်မှတ်ပြောရလျှင်၊ စိတ်ကောင်းစေ

တနာ ကောင်းရှိ၍ မရှိဆင်းရဲသားများကို ရှေ့နေလိုက်ထောက်ခံအားပေးသောသူများ စွာက ဆင်းရဲချို့တဲ့သူများအား ကူညီမစပေးခြင်းနှင့်စပ်လျဉ်းသောသခင်ယေရှု၏ ဤထုတ်ဖော်ပြောဆိုချက်ကို စစ်မှန်သောခရစ်ယာန်များနှင့် မှန်ကန်သောခရစ်ယာန်ဘာသာကို ခွဲခြားသိမြင်စေသောအမှတ်အသားအဖြစ်နှင့်အသုံးပြုကြသည်။

ကျမ်းစကားအဆက်အစပ်နှင့် ဤအဖြစ်အပျက်ဖြစ်ပျက်သည့်အချိန်အခါကို ဂရတစိုက်လေ့လာအကဲခတ်ရန်အလွန်အရေးကြီးသည်။ သခင်ယေရှုသည် အချိန်နှစ်ကာလလိုက်စီစဉ်ထားသော အဖြစ်အပျက်များကို စိတ်ထဲ၌ ရည်မှတ်လျက် မဿဲ ၂၄ – ၂၅ မှပုံဥပမာလေးခုကို သွန်သင်ပေးခဲ့နိုင်ဖွယ်အလွန်ရှိသောကြောင့် ဤတရားစီရင်ခြင်းသည် ကနဦးပုံဥပမာများ၌တွေ့မြင်ခဲ့ကြသည့်အတိုင်း ခရစ်တော်၏တရားပလွင်(တရားစီရင်ခြင်း)နှင့် ဘေးဒဏ်ကြီးကာလအစပိုင်း (သို့) ဘေးဒဏ်ကြီးကာလအတောအတွင်း၌ ရှိခဲ့မည့်နိုင်ငံတော်နှင့်ယှဉ်သော ဆုလာဒ်များပေးအပ်ခြင်းနောက်တွင် ဖြစ်ပျက်ခဲ့ပါလိမ့်မည်။ မဿဲ ၂၅း၃၁–၄၆ ရှိတရားစီရင်ခြင်းသည် ဘေးဒဏ်ကြီးကာလ၏အဆုံးတွင် ဖြစ်ပျက်ခဲ့သည်မှာ ထင်ရှားနေသည်။ အကြောင်းမှာ ၄င်းသည်မဿဲ ၂၄း၅–၃၁ ရှိ သခင်ယေရှုသွန်သင်ပေးထားသည့် အဖြစ်အပျက်များနှင့် အစဉ်လိုက်စီစဉ်ထားမှုတို့ကို ပြန်လည်ထင်ဟပ်နေသောကြောင့်ဖြစ်သည်။ ထိုကျမ်းချက်တွင် ယုဒလူမျိုးများသည် အန္တိခရစ်၏ပြင်းထန်သောညှင်းပမ်းနှိပ်စက်မှုကို ခံကြရမည့်အကြောင်း ကျွန်ုပ်တို့သင်ယူရသည်။ ဗျာဒိတ် ၁၂–၁၃ က ယုဒလူမျိုးများနှင့် ယုံကြည်သူများ၏ဆိုးဝါးထိတ်လန့်ဖွယ်အခြေအနေနှင့်ပတ်သက်၍ အချက်အလက်များကိုထပ်၍ပေါင်းထည့်ပေးထားသည်။ ဤကာလအတောအတွင်း၌ သားရဲသည်မိမိအားနာခံလိုက်လျောက်ခြင်းမရှိသောသူများအား ဈေးဝယ်ခြင်း (သို့) ဈေးရောင်းခြင်းတို့မှ တားမြစ်ခဲ့ပါလိမ့်မည် (ဗျာဒိတ် ၁၃း၁၆–၁၈)။ ညှင်းပန်းနှိပ်စက်ခြင်းကို ဘေးဒဏ်ကြီးကာလအဆုံးတိုင်သည်းခံကျော်လွှားခဲ့သော ယုဒလူမျိုးများသည် ၄င်းတို့၏ရန်သူများထံမှ ကယ်နှုတ်ခြင်းကိုခံရမည့်အကြောင်း သခင်ယေရှုကပြောဆိုထားသည် (ယုဒလူမျိုးအချို့နှင့်တပါးအမျိုးအချို့သည် ညှင်းပမ်းနှိပ်စက်ခြင်းကြောင့် သေဆုံးခဲ့ကြမည်ကို ကျွန်ုပ်တို့အသိအမှတ်ပြုသည်။ ဗျာဒိတ် ၂၀း၄–၅ နှင့် မဿဲ၂၄း၁၃ ရှိ ကနဦးဆွေးနွေးချက်ကိုကြည့်ပါ)။ ဤအချိန်ကာလသည် အလွန်ဆိုးဝါးထိတ်လန့်ဖွယ်အချိန်ကာလဖြစ်သည်။ ဤအချိန်ကာလကို မတိုတောင်းစေခဲ့လျှင် "အဘယ်သူမျှ" အသက်ရှင်လိမ့်မည်မဟုတ်ပါ (ဤအရာတွင် အသက်ရှင်ကျန်ရစ်သော တပါးအမျိုးများလည်းပါဝင်ကြသည်– မဿဲ ၂၄း၂၂)။ ဤတရားစီရင်ခြင်းသည် ဗျာဒိတ် ၂၀း၁၁–၁၅ ရှိမဟာပလွင်ဖြူတရားစီရင်ခြင်းနှင့် သိသာစွာကွဲပြားနေပါသည်။ အကြောင်းမှာ၊ မဟာပလွင်ဖြူတရားစီရင်ခြင်းသည် လွန်ခဲ့သောအတိတ်ကာလတစ်လျှောက်မှ မယုံကြည်သူများနှင့်နှစ်တစ်ထောင် အုပ်စိုးခြင်းမှ မယုံကြည်သူများအတွက်သာဖြစ်သည်။ ဤတရားစီရင်ခြင်းသည် တပါးအမျိုး

တို့အတွက် အထူးတရား စီရင်ခြင်းဖြစ်ပြီး၊ ဤကမ္ဘာမြေသို့ သခင်ယေရှုဒုတိယအကြိမ် ပြန်လည်ကြွဆင်းလာချိန်ဖြစ်သည့် ဘေးဒဏ်ကြီးကာလအဆုံးတွင်ဖြစ်ပျက်မည်ဖြစ်သည်။

ဤပုံဥပမာတွင် လူအုပ်စုသုံးစုကိုကျွန်ုပ်တို့လေ့လာအကဲခတ်မိသည်။ "လူမျိုးအပေါင်း" *(ethne)* ဟူသော အသုံးအနှုန်းသည် တပါးအမျိုးတစ်စုလုံးကို ရည်ညွှန်းထားသောကြောင့် ၄င်းတို့သည်သိုးနှင့်ဆိတ်များအဖြစ်သို့အုပ်စုခွဲခံရသောသူများဖြစ်ကြသည်။ သခင်ယေရှုက နောက်အုပ်စုတစ်စုကို "ငါ့ညီတို့" ဟု ခေါ်ဝေါ်ထားပြီး၊ ၄င်းသည် ယုဒလူမျိုးကို ထင်ရှားစွာရည်ညွှန်းထားမှုတစ်ခုဖြစ်သည်။ ထိုသူတို့သည် ဧဝံဂေလိတရားကို တက်တက်ကြွကြွဟောပြောပြန့်နှံ့စေကြသည့် ၁၄၄၀၀၀ သောယုဒလူမျိုးများဖြစ်ကောင်းဖြစ်နိုင်သည် (မဿဲ ၂၄း၁၄၊ ဗျာဒိတ် ၇း၃–၈၊ ၁၂း၁၇၊ ၁၄း၁–၇)။ တပါးအမျိုးတို့အားတရားစီရင်ခြင်းသည် ဘေးဒဏ်ကြီးကာလအတောအတွင်း၌ ယုဒလူမျိုးများအား ၄င်းတို့၏ပြုမူဆက်ဆံပုံဖြင့် တိုင်းတာသတ်မှတ်ပါလိမ့်မည်။ ဤအချင်းအရာက ၄င်းတို့၏ကယ်တင်ခြင်းကို ၄င်းတို့၏လုပ်ဆောင်မှု (အကျင့်)များက တိုင်းတာသတ်မှတ်ပေးသည်ဟု ဆိုလိုနေပါသလား။

ဤတရားစီရင်ခြင်းကို အနက်ဖွင့်ဘာသာပြန်ဆိုခြင်းအတွက် အဓိကကျသောသော့ချက်တစ်ခုကို ဤသွန်သင်ချက်မတိုင်မီ၌ သခင်ယေရှု၏ပြောကြားခဲ့သော ဗျာဒိတ်ပြုချက်တွင်တွေ့ရသည်။ ယုဒလူမျိုးအချို့နှင့် တပါးအမျိုးအချို့တို့သည် ဘေးဒဏ်ကြီးကာလအဆုံးတိုင်အသက်ရှင်ကြ၍ ၄င်းတို့သည် ရန်သူများထံမှ ကယ်နှုတ်ခြင်းကို ခံကြရ မည်ဖြစ်သည် (မဿဲ ၂၄း၁၃၊ ၂၂)။ ကယ်တင်ခြင်းခံရသောတပါးအမျိုးတို့ (သိုးများ) ပြုလုပ်သောဖေါ်ပြပါကောင်းမှုများသည် ဘေးဒဏ်ကြီးကာလရှိညှင်းပန်းနှိပ်စက်ခြင်းကို ယုဒလူမျိုးများကသည်းခံကျော်လွှားရာ၌ ၄င်းတို့၏ကူညီမစပေးမှုများကို ရည်ညွှန်းသည်။ တပါးအမျိုးတို့သည် အိမ်ပစ်ရာပစ်နှင့်အစားအသောက်၊ အဝတ်အစား၊ ဆေးဝါးကုသမှု၊ ထောင်၌လာရောက်လည်ပတ်ခြင်းတို့ကို အကြီးအကျယ်လိုအပ်နေကြသည့် ယုဒဒုက္ခသည်များကို ကူညီမစပေးခြင်းဖြင့် မိမိတို့၏ယုံကြည်ခြင်းကို သက်သေပြခဲ့ကြသည် (အခန်းငယ် ၃၅–၃၆)။ သခင်ယေရှုသည် ယုံကြည်သူတပါးအမျိုးတို့၏အနာဂတ်ကို "ထာဝရအသက်ရှင်ရာသို့" သွားရောက်ခြင်း (ငယ် ၄၆) ဟူ၍လည်းကောင်း၊ ၄င်းတို့အတွက် သီးသန့်ပြင်ဆင်ထားသောနိုင်ငံတော်ကို အမွေခံခြင်းဟူ၍လည်းကောင်းဖော်ပြထားသောကြောင့် ကိုယ်တော်သည် တပါးအမျိုးတို့၏ပြုမူဆောင်ရွက်ချက်များကို အလေးထားပြောဆိုနေခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ သွားရောက်ခြင်းနှင့် အမွေခံခြင်းဟူသောအယူအဆသည် သေနိုင်သောသူအဖြစ်မှ မသေနိုင်သောသူအဖြစ်သို့ ၄င်းတို့ပြောင်းလဲသွားခြင်းကို အလေးထားပြောဆိုခြင်းဖြစ်နိုင်ပေသည်။ ထိုသို့အားဖြင့် ၄င်းတို့သည် ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ဝင်ရောက်၍မိမိတို့၏ဝမ်းမြောက်

ခြင်းကိုရယူပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည် (မဿဲ ၂၄း၂၁၊ ၂၃၊ ၁ကော ၁၅း၅၀)။

ကျမ်းစကားအဆက်အစပ်ကို ကျွန်ုပ်တို့ဂရုတစိုက်လေ့လာအကဲခတ်သောအခါ ဤကျမ်းချက်သည် ပထမ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က ရှုမြင်ထားသည့်အတိုင်း ဆင်းရဲချို့တဲ့သောသူတို့ကိုပြုမူဆက်ဆံပုံအားဖြင့်တိုင်းတာသတ်မှတ်သောလူတို့၏ကယ်တင်ခြင်းအပေါ်၌ တရားစီရင်ခြင်းတစ်ခုကို ဖော်ပြခြင်းသက်သက်မဟုတ်ကြောင်းကျွန်ုပ်တို့တွေ့မြင်သင့်သည်။ ကယ်တင်ခြင်းသည် လုပ်ဆောင်ချက် (အကျင့်) အားဖြင့် လုံးလုံးမရရှိနိုင်သကဲ့သို့ လုပ်ဆောင်ချက် (အကျင့်)သည်လည်း တစ်ဦးတစ်ယောက်၏ကယ်တင်ခြင်းကိုအတိအကျ သက်သေမပြနိုင်ပါ (မဿဲ ၇း၁၅–၂၃ အကြောင်းဆွေးနွေးချက်ကိုကြည့်ရှုပါ)။ ဒုတိယ က သမ္မာတရားအနက် ဖွင့်ဘာသာပြန်ဆိုချက်က တပါးအမျိုးတို့ကယ်တင်ခြင်းခံရသည် (သို့) မခံရသည်ကို လုပ်ဆောင်မှု (အကျင့်)က အဆုံးအဖြတ်မပေး (သို့) သက်သေမပြသော်လည်း လုပ်ဆောင်မှု (အကျင့်)သည် ၄င်းတို့ဖြစ်တည်မှုအခြေအနေ၏သက်သေအထောက်အထားများသာဖြစ်ကြသည်ဟုပြောဆိုခဲ့ပေမည်။ ဤယူဆချက်သည် ကယ်တင်ခြင်းညီမျှခြင်း ပုစ္ဆာထဲမှ လုပ်ဆောင်မှု (အကျင့်)ကို ဖယ်ရှားထားသယောင်အခိုင်အမာပြောဆိုထားသော်လည်း ဘဝင်ကျသွားစေလောက်သည်အထိမရှင်းပြနိုင်ပါ။ ဤနေရာတွင် သိုးများအတွက်တရားစီရင်ခြင်းနှင့်ဆိတ်များအတွက် တရားစီရင်ခြင်းဟူသောတရားစီရင်ခြင်းနှစ်ခုတည်းသာရှိ၍ ထိုသိုးနှင့်ဆိတ်အုပ်စုတို့ကို ကွဲပြားစေခဲ့မည့်တစ်ခုတည်းသော မှတ်ကျောက်မှာ ထိုအုပ်စုတစ်စုစီက ယုဒလူမျိုးတို့အား ပြုမူဆက်ဆံပုံသာဖြစ်ခဲ့လျှင်လုပ်ဆောင်မှု (အကျင့်)သည် ကယ်တင်ခြင်းကို တိုင်းတာဆုံးဖြတ်ပေးသည်ဟု ယူဆ၍ရပေမည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က ဤတရားစီရင်ခြင်းကိုတမူထူးခြားစွာရှင်းပြပေးပါလိမ့်မည်။ ဤအယူအဆက ဤနေရာတွင်တရားစီရင်ခြင်းသုံးခုရှိသည်ဟု အဆိုပြုခဲ့ပါလိမ့်မည်။ ပထမတရားစီရင်ခြင်းသည် တပါးအမျိုးတို့ကိုမည်သည့်ပြုမူဆောင်ရွက်ချက်ကိုမျှ မဖော်ပြမီတွင် သိုး (ယုံကြည်သူများ) နှင့် ဆိတ် (မယုံကြည်သူများ) အဖြစ်သို့ခွဲခြားခြင်းဖြစ်သည်။ ကနဦး၌ ကျွန်ုပ်တို့ငြင်းခုံဆွေးနွေးခဲ့ကြသည့်အတိုင်း ယုံကြည်သူများနှင့်မယုံကြည်သူများကို ခွဲခြားသိမြင်စေမည့်တစ်ခုတည်းသောအခြေခံအကြောင်းအရင်းမှာ သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံခြင်းဖြစ်သည်။ ဤခွဲခြားခြင်းသည် အုပ်စုတစ်စုစီက ထာဝရကာလကိုမည်သည့်အရပ်၌ရှင်သန် အသုံးပြုကြရမည်ကို အဆုံးအဖြတ်ပေးမည့် ခွဲခြားခြင်းဖြစ်သည်။ သို့သော်၊ ပြုမူဆောင်ရွက်ချက်များကို ဖော်ပြပြောဆိုသောအခါ အလေးအနက်ထားသောအရာမှာ ယုဒလူမျိုးများအပေါ်၌ပြုလုပ်ခဲ့ကြသော ထိုအုပ်စုတစ်စုစီ၏အပြုအမူကြောင့်ရရှိလာသော အကျိုးဆက်များအပေါ်တွင်ဖြစ်သည်။ ဒုတိယမြောက်တရားစီရင်ခြင်းသည် သခင်ယေရှုက “ငါ့ခမည်းတော်ထံ ကောင်းကြီးမင်္ဂလာကို ခံယူသောသူတို့”

ဟုခေါ်ဝေါ်ခဲ့သည့် သိုးများ (ယုံကြည်သူများ) အတွက် ဖြစ်သည်။ သူတို့သည် "နိုင်ငံကို အမွေခံ" ရန်ဖိတ်ခေါ်ခြင်းခံရသူများဖြစ်ကြသည် (ငယ် ၃၄)။ "နိုင်ငံတော်" ဟူသော စကားလုံး၌ "ဘုရားသခင်၏" (သို့) "ကောင်းကင်" စသည်တို့ကဲ့သို့သော အထူးပြုပုဒ်များမပါရှိသောကြောင့် ၄င်းသည်သခင်ခရစ်တော်၏အုပ်စိုးခြင်း (သို့) ရှင်ဘုရင်အဖြစ်အုပ်စိုး၏ ပို၍ယေဘူယျဆန်သောသွင်ပြင်လက္ခဏာကို ရည်ညွှန်းကောင်းရည်ညွှန်းပေမည်။ ထိုသို့ဖြစ်လျှင် ဖိတ်ခေါ်မှုသည် သခင်ခရစ်တော်၏နိုင်ငံတော်အုပ်စိုးခြင်း၌ပါဝင်ဆင်နွှဲရခြင်းဟူသော ဆုလာဘ်ကိုပျော်မွေ့စံစားရန်ဖြစ်သည်။ ၄င်းသည် ကနဦးပုံဥပမာ၏အဓိကပြောကြားလိုသောအာဘော်လည်းဖြစ်သည် (နိုင်းယှဉ်– မဿဲ ၂၄း၂၁၊ ၂၃)။ ထို့အပြင်၊ ၄င်းသည်အခြားကျမ်းချက်များ၌ တွေ့ရသောသွန်သင်ချက်လည်းဖြစ်သည် (ဥပမာ–လုကာ ၂၂း၂၇–၃၀၊ ရောမ ၈း၁၇၊ ၂တိ ၂း၁၀–၁၃၊ ၄င်းကိုနောက်ပိုင်းတွင်ဆွေးနွေးတင်ပြထားသည်)။ ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည့် အတိုင်း "ထာဝရအသက်" (ငယ် ၄၆ ၌ဖြောင့်မတ်သောသူတို့၏ကံကြမ္မာအတွက်အသုံးပြုထားသည်) အား အချိန်ကာ လပမာဏကိုဖော်ညွှန်းသည့် အဓိပ္ပါယ်မျိုးဖြင့်သာမှတ်ယူမထားဘဲ၊ အနှစ်သာရပြည့်ဝသောကြုံတွေ့ခံစားမှုကိုဖော်ညွှန်းသည့် အဓိပ္ပါယ်မျိုးဖြင့်လည်း မှတ်ယူထားသင့်သည် (၈လာတိ ၆း၇–၈ နှင့် ၁တိ ၆း၁၇–၁၉ တို့အား ဆွေးနွေးထားချက်ကိုကြည့်ပါ)။ တတိယတရားစီရင်ခြင်းသည် ယုဒလူမျိုးများကို လျစ်လျူရှုပစ်ပယ်ထားခဲ့ကြသော မယုံကြည်သူတပါးအမျိုးတို့ (ဆိတ်များ)နှင့် သက်ဆိုင်သည်။ သူတို့သည် "ထာဝရမီး" (ငယ် ၄၁)နှင့် "ထာဝရပြစ်ဒဏ်" (ငယ် ၄၆)တို့ကို ခံစားကြရမည်ဖြစ်သည်။ ငရဲမီးအိုင်သည် မယုံကြည်သူများအားလုံး၏နောက်ဆုံးနေထိုင်ရာအရပ်ဖြစ်သော်လည်း၊ "ပြစ်ဒဏ်" ဟူသောစကားလုံးကို ထပ်လောင်းပေါင်းထည့်၍ ဖော်ပြထားခြင်းက ၄င်းသည်နောက်ဆုံးနေထိုင်ရာအရပ်ဖြစ်ခြင်းထက်ပိုသောအရပ်အဖြစ် သွယ်ဝိုက်ညွှန်းဆိုနေပါသည်။ ၄င်းသည် ယခင်၌ပြုခဲ့သောအပြုအမူများအားဖြင့်တိုင်းတာသတ်မှတ်သည့် ဘုရားသခင်၏ပြစ်ဒဏ်စီရင်ခြင်း (သို့) ပြစ်ဒဏ်၏ပြင်းထန်မှုအတိုင်းအတာ ပမာဏကို သွယ်ဝိုက်ညွှန်းဆိုနေပါသည်။ နောက်တွင်ဖြစ်လာမည့် မဟာပလ္လင်ဖြူတရားစီရင်ခြင်းတွင်လည်း ဤအတိုင်း ဖြစ်ခဲ့ပါလိမ့်မည် (ဗျာဒိတ် ၂၀း၁၂–၁၃၊ ထို့အပြင် မဿဲ ၂၃း၁၄၊ မာကု ၁၂း၃၈–၄၀၊ လုကာ ၂၀း၄၆–၄၇ ကိုလည်းကြည့်ပါ)။

ဤ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ၄င်းကိုနှစ်သက်လက်ခံဖို့ အကြောင်းအရင်းများစွာရှိထားပြီး၊ ၄င်းသည် ကယ်တင်ခြင်းခံရသောသူများ (သိုးများ) နှင့် ကယ်တင်ခြင်းမခံရသောသူများ(ဆိတ်များ)ကို တိုင်းတာသတ်မှတ်ရာတွင်လုပ်ဆောင်မှု(အကျင့်)ကို ကင်းကင်းရှင်းရှင်းဘေးဖယ်ထားပါသည်။ ဤအယူအဆအပေါ်၌ပြုလုပ်နိုင်ခဲ့မည့် ကန့်ကွက်ချက်တစ်ချက်မှာ ဤကျမ်းချက်သည် သိုးများ၏သစ္စာရှိမှုအတိုင်းအတာပမာဏကိုသော်လည်းကောင်း၊ ဆိတ်များ၏ဆိုးညစ်မှုအတိုင်းအတာ

ပမာဏကိုသော်လည်းကောင်း အတိအလင်းကွဲကွဲပြားပြား ပြောဆိုထားခြင်း မရှိ။ ၄င်းတို့ကိုသွယ်ဝိုက်၍သာပြောဆိုနိုင်ပါသည်ဟူသောအချက်ဖြစ်ပေလိမ့်မည်။ ထိုကန့်ကွက်ချက်ကိုဖြေဆိုရာတွင် သခင်ယေရှုသည် အုပ်စုတစ်စုစီကိုခြုံ၍ ၄င်းတို့၏ဝိသေသစရိုက်လက္ခဏာကို ယေဘူယျသဘောဖြင့် ပြောဆိုခြင်းဖြစ်သည်ဟု ငြင်းခုံချေပနိုင်ပါသည်။ ခရစ်တော်၏တရားပလ္လင်၌ယုံကြည်သူများ၊ အထူးသဖြင့် ညှင်းပန်းနှိပ်စက်ခြင်းကိုသည်းခံကျော်လွှားခဲ့သူများ (မဿဲ ၅း၁၀) အားတရားစီရင်သောအခါတွင် သစ္စာရှိမှုမှာအတိုင်းအတာပမာဏအမျိုးမျိုးရှိခဲ့မည်ဖြစ်ကြောင်း ကျွန်ုပ်တို့သိထားပါသည် (မဿဲ ၂၅း၂၀–၂၃)။ ဤတရားစီရင်ခြင်းသည်လည်း အလားတူပင်ဖြစ်ခဲ့ပါလိမ့်မည်။ ကနဦးစာပိုဒ်၌ ညွှန်ပြထားသည့်အတိုင်း၊ မယုံကြည်သူများအတွက် ဒဏ်ခတ်စီရင်ခြင်းသည်လည်းကွဲပြားခြားနားသောအတိုင်းအတာပမာဏများရှိခဲ့ပါလိမ့်မည်။

ဒုတိယ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က ဖော်ပြပါပြုမူဆောင်ရွက်ချက်များကိုတပါးအမျိုးတို့၏ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်အဖြစ်မရှုမြင်ဘဲ၊ ၄င်းတို့၌ ကယ်တင်ခြင်းကိုဖြစ်စေခဲ့သည့် ယုံကြည်ခြင်းကို သက်သေပြမှုတစ်ခုအဖြစ်ရှုမြင်ထားသည်။ ခ သမ္မာတရားသည် ကယ်တင်ခြင်းကိုတိုင်းတာဆုံးဖြတ်ရာ၌လုပ်ဆောင်မှု (အကျင့်)၏အခန်းကဏ္ဍအားလုံးကို ဖယ်ရှားထားသော်လည်း လုပ်ဆောင်မှု (အကျင့်)သည် ယုံကြည်သူတို့ရရှိမည့် ဆုလာဘ်အတိုင်းအတာပမာဏကိုလည်းကောင်း၊ မယုံကြည်သူများရရှိမည့်ပြစ်ဒဏ်ခတ်ခြင်း၏ အတိုင်းအတာပမာဏကိုလည်းကောင်းတိုင်းတာဆုံးဖြတ်ပေးသည်ဟု တင်ပြထားသည်။ အထက်ပါအယူအဆနှစ်ခုမှ မည်သည့်အယူဆဖြင့်ပင်ကြည့်ကြည့်၊ ယနေ့၌ယုံကြည်သူများဖြစ်နေကြသော ကျွန်ုပ်တို့အတွက်အရေးကြီးသော လက်တွေ့ရယူကျင့်သုံးရမည့် အချက်တစ်ချက်ရှိနေပါသည်။ ဘုရားသခင်၏လူမျိုးဖြစ်သော ယုဒလူမျိုးများကို ကျွန်ုပ်တို့မည်သို့ပြုမူဆက်ဆံကြသည်ကို ဘုရားသခင်အလွန်အလေးထားပါသည်။ ၄င်းတို့သည် ဤလောကအတွက်ထားရှိသောဘုရားသခင်၏အကြံစည်တော်၌အရေးပါအရာရောက်သောသူများဖြစ်ကြသောကြောင့် "သင့်ကိုကောင်း ကြီးပေးသောသူကို ငါကောင်းကြီးပေးမည်။ သင့်ကိုကျိန်ဆဲသောသူကိုငါကျိန်ဆဲမည်" (ကမ္ဘာဦး ၁၂း၃)ဟူသော အာဗြဟံနှင့်၄င်း၏မျိုးဆက်များထံ၌ ပြုခဲ့သောကတိတော်သည်တည်လျက်ရှိသည်။

ပျောက်သောသားပုံဥပမာ (Parable of the Prodigal Son)။ လုကာ ၁၅း၁၁–၃၂

> ၁၁ *"တဖန်မိန့်တော်မူသည်ကား၊ တစုံတယောက်သောသူ၌သားနှစ်ယောက်ရှိ၏။* ၁၂ *သားအငယ်သည်အဘထံသို့သွား၍၊ အဘ၊ အကျွန်ုပ်ရထိုက်သောအမွေဥစ္စာကိုဝေ၍ပေးပါဟု တောင်းပန်လျှင်၊ အဘသည်ဥစ္စာများ*

ကိုဝေ၍ သားတို့အားပေးလေ၏။ ၁၃ ထိုနောက်များမကြာ၊ သားအငယ်သည်မိမိဥစ္စာများကိုသိမ်းယူ၍ဝေးစွာသောပြည်သို့သွားဖြီးလျှင်၊ ထိုပြည်မှာကာမဂုဏ်၌ လွန်ကျူးသောအားဖြင့် ဥစ္စာပြုန်းတီး၍၊ ၁၄ ရှိသမျှကုန်သောအခါ၊ ထိုပြည်၌ကြီးစွာသော အစာ ခေါင်းပါးခြင်းဖြစ်၍၊ သူသည်အလွန်ဆင်းရဲခြင်းသို့ ရောက်၏။ ၁၅ ထိုအခါပြည်သားတယောက် ထံသို့သွား၍ အစေခံလျှင်၊ ဝက်တို့ကိုကျောင်းစေခြင်းငှါ သူ့သခင်သည် တောသို့စေလွှတ်သဖြင့်၊ ၁၆ သူသည်ဝက်စားတတ်သောပဲတောင့်ကိုပင်စားချင်မတတ် ငတ်မွတ်လျက်နေရ၏။ အဘယ်သူမျှအစာကိုမကျွေး။ ၁၇ ထိုအခါသတိရလျှင်၊ ငါ့အဘ၏အိမ်၌ အခစားသောသူများတို့သည် ဝစွာစားရကြ၏။ ငါမူကား ဤပြည်၌သေအောင်အငတ်ခံရ၏။ ၁၈ ငါထ၍အဘထံသို့သွားမည်။ အဘ၊ အကျွန်ုပ်သည် ဘုရားသခင်ကိုငှင်း၊ ကိုယ်တော်ကိုငှင်း ပြစ်မှားပါပြီ။ ၁၉ ယခုမှစ၍ ကိုယ်တော်၏သားဟူ၍ ခေါ်ခြင်းကိုမခံထိုက်ပါ၊ သူငါးအရာ၌ အကျွန်ုပ်ကိုထားတော်မူပါဟု ငါပြောမည်ဟူ၍ အကြံရှိသည်နှင့်၊ ၂၀ ထ၍အဘထံသို့သွားလေ၏။ သွား၍ဝေးသေးသောအခါ အဘသည်သူ့ကိုမြင်လျှင်၊ သနားသောစိတ်ရှိသည်နှင့်ပြေးသွား၍ သား၏လည်ပင်းကို ပိုက်ဘက်လျက်နမ်းရှုပ်လေ၏။ ၂၁ သားကလည်း၊ အဘ၊ အကျွန်ုပ်သည် ဘုရားသခင်ကိုငှင်း၊ ကိုယ်တော်ကိုငှင်း ပြစ်မှားပါပြီ။ ယခုမှစ၍ ကိုယ်တော်၏သားဟူ၍ခေါ်ခြင်းကိုမခံထိုက်ပါဟု ဆိုလျှင်၊ ၂၂ အဘက၊ မြတ်သောဝတ်လုံကိုယူခဲ့၍ သူ့ကိုခြုံကြ။ ၂၃ သူ၏လက်၌ လက်စွပ်တန်ဆာကိုဆင်ကြ။ ခြေနင်းကိုလည်း စီးစေကြ။ ဆူအောင်ကျွေးသော နွားကလေးကိုယူ၍သတ်ကြ။ သို့ပြီးမှ၊ ငါတို့သည်စားကြကုန်အံ့၊ ပျော်မွေ့ခြင်းကိုပြုကြကုန်အံ့။ ၂၄ ငါ့သားသည် အထက်ကသေ၏။ ယခုရှင်ပြန်၏။ အထက်က ပျောက်၏။ ယခုတွေ့ပြန်၏ဟု အစေအပါတို့ကိုဆိုပြီးမှ၊ ထိုသူအပေါင်းတို့သည် ပျော်မွေ့ခြင်းကို ပြုကြ၏။ ၂၅ သားအကြီးသည်တောင်ယာကလာ၍ အိမ်အနီး သို့ရောက်သောအခါ၊ ကခြင်း၊ တီးမှုတ်ခြင်းအသံကိုကြားလျှင်၊ ၂၆ ငယ်သားတယောက်ကိုခေါ်၍ အဘယ်သို့သောအခြင်းအရာနည်းဟုမေး၏။ ၂၇ ငယ်သားက၊ သခင်၏ ညီသည်ရောက်လာပါပြီ၊ ဘေးနှင့်ကင်းလွတ်လျက်ရှိသည်ကို အဘတွေ့သောကြောင့်၊ ဆူအောင် ကျွေးသောနွားကလေးကို သတ်ပါပြီဟု ပြောဆို၏။ သားအကြီးသည်အမျက်ထွက်၍ အိမ်သို့မဝင်ဘဲနေ၏။ ၂၈ အဘသည်သူ့ဆီသို့သွား၍ချော့မော့ရ၏။ ၂၉ သားအကြီးကလည်း၊ အကျွန်ုပ်သည်ကာလတာရှည်စွာ အဘ၏အစေကိုခံပါပြီ။ အဘ၏အလိုကိုတခါမျှမလွန်ကျူးပါ။ သို့သော်လည်း အကျွန်ုပ်သည် အဆွေတို့နှင့်အတူပျော်မွေ့ခြင်းကို ပြုစေခြင်းငှါ၊ အဘသည် ဆိတ်ကလေး တစ်ကောင်ကို တခါမျှမပေး။ ၃၀ ပြည့်တန်ဆာမိန်းမတို့နှင့်ပေါင်းဘော်၍ မိမိဥစ္စာ ကိုဖြုန်းသော ဤသားငယ်ရောက်လာသော အခါမူကား၊ အဘသည်ဆူအောင်ကျွေးသောနွားကလေးကို သတ် လေပြီတကားဟုဆို၏။ ၃၁ အဘကလည်း၊ ငါသား၊ သင်သည် ငှါထံမှာအစဉ်နေ၏။ ငါ၏ဥစ္စာရှိ သမျှသည်

သင်၏ဥစ္စာ ဖြစ်၏။ ၃၂ သင်၏ညီမူကား အထက်ကသေ၏၊ ယခုရှင်ပြန်၏။အထက်ကပျောက်၏။ ယခုတွေ့ပြန်၏။ ထိုကြောင့်၊ ပျော်မွေ့ဝမ်းမြောက်စရာအကြောင်းရှိ၏။ အဘဆိုသည်ဟု မိန့်တော်မူ၏။"

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သားသည် ဖခင်ရှိရာအိမ်သို့ပြန်လာခြင်းဖြင့် မိမိ၏အပြစ်ဒုစရိုက်ကို နောင်တရသောအချိန်တွင် ကယ်တင်ခြင်းခံရသည်။

ခ သမ္မာတရားအနက်ဖွင့် ဘာသာပြန်ဆိုချက် – သားသည်ကယ်တင်ခြင်းခံရသောသူ (သို့) ကယ်တင်ခြင်းမခံရသောသူတစ်ယောက်ယောက်ကို ကိုယ်စားပြုကောင်းပြုမည်ဖြစ်သော်လည်း၊ အဓိကအလေး အနက်ထားသောအချက်မှာ ဖခင်တစ်ယောက်၏ကျေးဇူးဂရုဏာသည် နောင်တရသောအပြစ်သားများကို ခွင့်လွှတ်၍လက်ခံကြိုဆိုနေသည်ဟူသောအချက်ဖြစ်သည်။

ပျောက်သောသားသည် ယုံကြည်သူတစ်ယောက်ကို ကိုယ်စားပြုပါသလား (သို့) မယုံကြည်သူတစ်ယောက်ကို ကိုယ်စားပြုပါသလားဟူသောဤဇာတ်လမ်း၏သွင်ပြင်လက္ခဏာတစ်ခုကို ငြင်းခုံကောင်း ငြင်းခုံကြပေမည်။ တစ်ဦးတစ်ယောက်ကပျောက်သောသားသည် မည်သို့ပင်ဖြစ်နေပါစေ၊ သားတစ်ယောက်ဖြစ်နေသောကြောင့် ယုံကြည်သူတစ်ယောက်ကို ကိုယ်စားပြုသည်ဟု ငြင်းခုံခဲ့ပေမည်။ အခြားတစ်ယောက်ကလည်း ပျောက်သောသား သည် အစပိုင်း တွင်ကယ်တင်ခြင်းခံရသောသူတစ်ယောက်မဖြစ်နိုင်ပါ။ အကြောင်းမှာသူသည် အပြစ်ဒုစရိုက်၌ ကျင်လည်နေခဲ့ပြီး၊ ကယ်တင်ခြင်းခံရဖို့အလို့ငှါ မိမိ၏အပြစ်ဒုစရိုက်ကို နောင်တရဖို့လိုအပ်ခဲ့သောကြောင့်ဖြစ်သည်ဟု ငြင်းခုံခဲ့ပေမည်။

က အနက်ဖွင့်ဘာသာပြန်ဆိုချက်က သားသည်ကယ်တင်ခြင်းခံရသောသူမဟုတ်ခဲ့သော်လည်းကယ်တင်ခြင်းကိုပြန်လည်ရရှိခဲ့သည်ဟု အခိုင်အမာပြောဆိုခဲ့ပေလိမ့်မည်။ သူသည်မိမိ၏အပြစ်ကို နောင်တရ၍မိမိ၏ဖခင်ထံပြန်လာခဲ့သည်။ ဤအချက်က သွန်သင်ပေးသောအရာမှာ အပြစ်သားတစ်ယောက်သည် ကယ်တင်ခြင်းအတွက် ဘုရားသခင်ထံသို့လာရောက်သောအချိန်တွင် မိမိ၏အပြစ်ဒုစရိုက်ကို နောင်တရရမည်ဟူ၍ဖြစ်သည်။ မကြာခဏအလေးနက်ထားပြောဆိုကြသောအချက်မှာ တစ်ဦးတစ်ယောက်သည် မိမိ၏အပြစ်ဒုစရိုက်မှ ပြန်လှည့်လာသောအချိန်တွင်သာ ကယ်တင်ခြင်းရရှိနိုင်သည်ဟူ၍ဖြစ်သည်။ အကြောင်းမှာ၊ ဤအယူအဆတွင် နောင်တရခြင်းသည် စိတ်နှလုံးပြောင်းလဲခြင်း သက်သက်သာမဟုတ်၊ အပြုအမူအနေအထိုင်၌ ဦးတည်ချက်

ပြောင်းလဲခြင်းလည်းဖြစ်သောကြောင့်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကလည်း သားသည်မိသားစုထဲ၌ ရှိနေခဲ့သောသူဖြစ်သော်လည်း အပြစ်ကိုကျူးလွန်၍ဖခင်ဖြစ်သူနှင့် မိတ်သဟာဖွဲ့ခြင်းကိုချိုးဖျက်ခဲ့သည်ဟု ငြင်းခုံခဲ့ပေလိမ့်မည်။ သူ၏နောင်တရခြင်းသည် "သတိရ" သောအချိန်တွင် ဖြစ်ပျက်ခဲ့ပြီး (လုကာ ၁၅း၁၇)၊ သားတစ်ယောက်အဖြစ်ခေါ်ဆိုရန် မိမိထိုက်တန်မှုရှိပါသည်ဟူသော စိတ်နလုံးလည်းပြောင်းလဲခဲ့သည်။ ဖခင်ဖြစ်သူထံသို့ ပြန်လာခဲ့ခြင်းသည် နောင်တရခြင်း၏ရလဒ်ဖြစ်သည်။ ကနဦး၌ဆွေးနွေးခဲ့ကြသည့် အတိုင်း ဤအရာသည် နောင်တရခြင်း၏အတွင်းဘက် သွင်ပြင်လက္ခဏာနှင့်အပြင်ဘက်ပြုမူကျင့်ကြံမှုတို့ကို ခွဲခြားထားပြီး၊ လုပ်ဆောင်မှုများ (အကျင့်)ကို ဧဝံဂေလိတရား၏အခြေအနေသတ်မှတ်ချက်တစ်ခုမဖြစ်စေဘဲ၊ အကျိုးဆက်တစ်ခုအဖြစ်ဖန်တီးထားသည်။ ဤအချက်သည် အခြေခံအားဖြင့် ခ သမ္မာတရား ဟုထင်မှတ်ရသော်လည်း၊ မယုံကြည်သူများအတွက် လက်တွေ့ရယူကျင့်သုံးစရာအချက်လည်းရှိနေပါသည်။

ဤဇာတ်လမ်း၏ အဓိကအလေးထားသောအချက်မှာ ဘုရားသခင်ကိုကိုယ်စားပြုထားသော ဤဖခင်သည် မိမိထံပြန်လာသောသားကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံသည်ဟူသောအချက်ဖြစ်သည်။ သားဖြစ်သူသည် ကယ်တင်ခြင်းခံထားရသော သူ ဖြစ်ခဲ့သည် မဖြစ်ခဲ့သည်ဟူသောအချက်သည် ဤနေရာတွင် အရေးမကြီးပါ။ သားသည် တစ်ချိန် တစ်ခါ၌ ပျောက်ဆုံးခဲ့သော်လည်း ယခုပြန်တွေ့ရသည်။ အရှေ့ပိုင်းမှအဖြစ်အပျက်များရှိ၊ ပျောက်သောသိုးနှင့် ပျောက်သောငွေဒင်္ဂါးတို့ကို ပြန်တွေ့သကဲ့သို့ဖြစ်သည် (လုကာ ၁၅း၄–၁၀)။ မေရှိယအား ကွယ်သရေလလူမျိုးတို့ကငြင်းပယ်ခြင်းဟူသော ကျမ်းစကားအဆက်အစပ်၌ ဤပုံဥပမာကိုဖာရိရှဲနှင့် ကျမ်းတတ်ပုဂ္ဂိုလ်များထံ၌ လိပ်မူပြောထားခြင်းဖြစ်သည်။ ထိုသူတို့အတွက် အမှာစကားမှာဘုရားသခင်သည် ဆန့်ကျင်ပုန်ကန် တတ်သောလူမျိုးတို့နှင့် ဆန့်ကျင်ပုန်ကန်တတ်သော သူတစ်ဦးချင်းကိုပြန်လည်ကြိုဆိုပါသည်ဟူသောအချက်ဖြစ်သည်။ ထို့အပြင်၊ ဤပုံဥပမာကို တပါးအမျိုးသားတို့အများဆုံးပါဝင်သော စာဖတ်ပရိသတ်ထံသို့ လိပ်မူရေးသားခဲ့သည်ဟု ထင်မှတ်ရသည့် ရှင်လုကာခရစ်ဝင်ကျမ်း၌သာ မှတ်တမ်းတင်ရေးသားထားကြောင်းကိုလည်း ကျွန်ုပ်တို့မှတ်သားရသည်။ တပါးအမျိုးအသီးသီးကလည်း မိမိတို့အပေါ်၌ထားရှိသော ဘုရားသခင်၏စိတ်နေသဘောထားမှာ မည်သို့ဖြစ်သည်ကိုသိရှိနိုင်ခဲ့ကြပေမည်။ အပြစ်ဒုစရိုက်၌ ကျင်လည်နေသောသူတိုင်းက ၄င်းသည်ဘုရားသခင်နှင့် သက်ဆိုင်နေခဲ့ပြီးသောသူဖြစ်စေဘုရားသခင်နှင့်မသက်ဆိုင်သေးသောသူဖြစ်စေ၊ ဘုရားသခင်သည် ၄င်းတို့ကိုချစ်မြတ်နိုး၍ ကြိုဆိုလက်ခံနေပါသည်ဟူသော အချက်ကိုသိထားရန်လိုအပ်သည်။

အဓိကသင်ခန်းစာမှာ ခမည်းတော်ဘုရားသည် အပြစ်သားများကိုချစ်မြတ်နိုး၍

၄င်းတို့ကိုခွင့်လွှတ်ပေးကာ၊ ၄င်းတို့နောင်တရ၍ မိမိထံပြန်လာကြသောအချိန်တွင် အလွန်ဝမ်းမြောက်လျှက်ရှိနေပြီး၊ ၄င်းတို့ကိုမူလအရိုက်အရာ၌ ပြန်လည်သွတ်သွင်းထားရှိသည်ဟူသော အချက်ဖြစ်သည်။ လုကာ ၅း၃၂ တွင် သခင်ယေရှုက "ဖြောင့်မတ်သော သူတို့ကိုနောင်တသို့ခေါ်ခြင်းငှါ ငါလာသည် မဟုတ်။ ဆိုးသောသူတို့ကိုခေါ်ခြင်းငှါ ငါလာသတည်း" ဟုပြောထားသည်။ ဤပုံဥပမာသည် သခင်ယေရှုက မိမိအားအပြစ်သားများနှင့်အတူ စားသောက်ခဲ့မှုအတွက် ဝေဖန်ပြစ်တင်ခဲ့ကြသော ဖာရိရှဲများနှင့် ကျမ်းပြုဆရာများကိုတုန့်ပြန်ပြောဆိုမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည် (လုကာ ၁၅း၁–၃)။ လုကာ ၁၅ ၌သခင်ယေရှုပြောပြထားသော ဧာတ်လမ်းသုံးပုဒ်က ဘုရားသခင်အတွက် အပြစ်သားတိုင်းက တန်ဖိုးရှိကိုပုံပြသပေးထားသည်။ ဤဧာတ်လမ်းတွင် သားကြီး၏ထင်ရှားသောအခန်းကဏ္ဍကိုလည်းမေ့မျောက်မထားသင့်ပါ။ အပြစ်သား များအပေါ်၌ထားရှိသောသခင်ယေရှု၏ စိတ်နေသဘောထားကို ကျမ်းပြုဆရာများနှင့်၊ ဖာရိရှဲများက ဝေဖန်ပြစ်တင်ခဲ့ကြသကဲ့သို့သားကြီးသည်လည်း မိမိ၏ပျောက်သောညီအပေါ်၌ထားရှိခဲ့သော ဖခင်ဖြစ်သူ၏ကျေးဇူးဂရုဏာတရားကို ဝေဖန်ပြစ်တင်ခဲ့ပါသည်။

ဤပုံဥပမာ၏ အနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ကယ်တင်ခြင်းမခံရသောသူအတွက်သာ (သို့) ကယ်တင်ခြင်းခံရသောသူအတွက်သာသီးခြားခွဲခြားထားရန်မှာ ခက်ခဲပါသည်။ က သမ္မာတရားနှင့် ခ သမ္မာတရားနှစ်ခုလုံး၏အရိပ်လက္ခဏာများရှိနေသည်ဟု ထင်မှတ်ရသည်။ အရေးကြီးသောအချက်မှာ အပြစ်သားတစ်ယောက်ကယ်တင်ခြင်းသို့ရောက်ချိန် (သို့) သားတစ်ယောက် မူလအရိုက်အရာ၌ ပြန်လည်သွတ်သွင်းထားရှိခံရချိန်တွင် ဘုရားသခင်ဝမ်းမြောက်တော်မူသည်ဟူသောအချက်ဖြစ်သည်။

ကျွန်ုပ်တို့အစကနဦး၌ ကယ်တင်ခြင်းရရှိခဲ့ချိန်တွင် ဘုရားသခင်မည်မျှဝမ်းမြောက်ခဲ့မည်ကို သတိပြုချင်မှ ပြုခဲ့ကြမည်ဖြစ်သော်လည်း၊ ယခုတွင်မူလမ်းလွဲ၍ ပျက်စီးနေသောသားသမီးများအဖြစ်မှ ကျွန်ုပ်တို့၏အပြစ်ရှိခြင်းကို နောင်တရကာ အထံတော်သို့ပြန်လာသည့်သူများအဖြစ်ပြုမူကြသောအချိန်တွင် ဘုရားသခင်မည်မျှဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့မည်ကို ကျွန်ုပ်တို့နားလည်သဘောပေါက်နိုင်ကြပြီဖြစ်သည်။

ဗတ္တိဇံခံခြင်းနှင့်ဆိုင်သော ကျမ်းချက်များ (Passages on Baptism)

သမ္မာကျမ်းစာ၌ ဗတ္တိဇံခံခြင်း၏အရေးပါမှုသည် အငြင်းပွားစရာတစ်ခုအဖြစ်နှင့်ဆက်လက်ရှိနေပါသည်။ အထူးသဖြင့် ယှဉ်တွဲကြည့်ရှုပုံစံတူခရစ်ဝင်ကျမ်းများမှတိကျသော ကျမ်းချက်အချို့ကိုအနက်ဖွင့်ဘာသာပြန်ဆိုရာတွင်ဖြစ်သည်။ ဗတ္တိဇံခံခြင်းသည် ကယ်တင်ခြင်းအတွက် လိုအပ်သောအခြေအနေသတ်မှတ်ချက်တစ်ခုဖြစ်သည် ဟူ၍လည်းကောင်း၊ ဗတ္တိဇံခံခြင်းသည် ကယ်တင်ခြင်း၏လိုအပ်သောအသီးအပွင့်တစ်ခုဖြစ်သည်ဟူ၍လည်းကောင်း အခိုင်အမာပြောဆိုထားသူများစွာရှိသည်။ ထိုယူဆမှု

နှစ်ခုအနက်မှ မည်သည့်ယူဆချက်တွင်မဆို ဗတ္တိဇံခံခြင်းသည် က သမ္မာတရားအဓိပ္ပါယ်ကိုဆောင်ထားသည်ဟု ၄င်းတို့ကယုံကြည်ထားကြသည်။ ပထမခရစ်ဝင်ကျမ်းသုံးကျမ်းရှိဗတ္တိဇံနှင့်သက်ဆိုင်သောအဓိကကျမ်းချက်အချို့ကို အောက်တွင်ကျွန်ုပ်တို့လေ့လာဆန်းစစ်ထားသည်။

နောင်တရခြင်းနှင့်စပ်ဆိုင်သော ယောဟန်၏ဗတ္တိဇံပေးခြင်း: (John's baptism of repentance) မဿဲ ၃း၁–၁၂ (နိဿဲယျဉ် – လုကာ ၃း၃–၁၇)

၁ “ထိုကာလအခါ ဗတ္တိဇံဆရာယောဟန်သည် ပေါ်ထွန်းလျှင်၊ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ။ ၂ ထိုကြောင့်နောင်တရကြလော့ဟု ယုဒတောဌ်ဟောလေ၏။ ၃ ပရောဖက် ဟေရှာယဟောဘူးသည်ကား၊ တောဌ်ဟစ်ကျော်သောသူ၏အသံမှာ၊ ထာဝရဘုရားကြွတော်မူရာလမ်းကို ပြင်ကြလော့။ လမ်းခရီးတော်ကို ဖြောင့်စေကြလော့ဟူသောအချက်၌ ထိုယောဟန်ကိုဆိုလိုသတည်း။ ၄ ယောဟန်သည် ကုလားအုပ်အမွေးနှင့်ရက်သော အဝတ်ကိုဝတ်လျက်၊ ခါးဌ် သားရေခါးပန်းကိုစည်းလျက်၊ ကျိုင်းကောင်နှင့်တောဌ်ဖြစ်သော ပျားရည်ကိုစားလျက်နေ၏။ ၅ ထိုအခါ ယေရုရှလင်မြို့မှစ၍ယုဒပြည်သူပြည်သား၊ ယော်ဒန်မြစ်နားမှာ နေသောသူအပေါင်း တို့သည် ယောဟန်ထံသို့ထွက် သွား၍၊ မိမိတို့အပြစ်များကို ဘော်ပြလျက်ယော်ဒန်မြစ်၌ဗတ္တိဇံကိုခံကြ၏။ ၇ ဖာရိရှဲနှင့်ဒဿုကဲအများတို့သည် ဗတ္တိဇံကိုခံအံ့သောငှါ လာကြသည်ကို ယောဟန်သည်မြင်လျှင်၊ အချင်းမြွေဆိုးအမျိုးတို့၊ ရောက်လုသောဘေးဒဏ်မှပြေးသွားစိမ့်သောငှါ၊ အဘယ်သူသည် သင်တို့ကို သတိပေးဘိသနည်း။ နောင်တရခြင်းနှင့်ထိုက်တန်သောအကျင့်ကိုကျင့်ကြလော့။ အာဗြဟံသည် ငါတို့အဘဖြစ်သည်ဟူ၍ စိတ်ထဲ၌မအောက်မေ့ကြနှင့်။ ဘုရားသခင်သည် ဤကျောက်ခဲတို့မှ အာဗြဟံသားတို့ကို ထုတ်ဘော်ဖန်ဆင်းနိုင်တော်မူသည်ဟုငါအမှန်ဆို၏။ ၁၀ သစ်ပင်အမြစ်နားမှာ ပုဆိန်ထားလျက်ရှိသည်ဖြစ်၍ ကောင်းသောအသီး မသီးသော အပင်ရှိသမျှတို့ကိုခုတ်လှဲ၍မီးထဲသို့ချလိုက်ရ၏။ ၁၁ ငါသည်နောင်တအတွက်အလိုငှါ သင်တို့ကိုရေနှင့်ဗတ္တိဇံပေး၏။ ငါ့နောက်ကြွလာသောသူသည် ငါ့ထက်တတ်စွမ်းနိုင်၏။ ထိုသူ၏ခြေနင်းတော်ကိုမျှ ဆောင်ခြင်းငှါငါမထိုက်။ ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ငှင်း၊ မီးနှင့်ငှင်းသင်တို့ကို ဗတ္တိဇံပေးမည်။ ၁၂ လက်တော် တွင် စံကောဝါလျက်၊ မိမိကောက်နယ်တလင်းကိုရှင်းလင်းစေသဖြင့်၊ မိမိဂျုံစပါးကိုကျီဌ် စုသိမ်းသွင်းထား၍၊ အဖျင်းကိုကားမငြိမ်းနိုင်သောမီးနှင့်ရှို့တော်မူလတံ့ဟု ယောဟန်ဟောပြော၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဗတ္တိဇံဆရာယော

ဟန်သည် အပြစ်ဒုစရိုက်များကို နောင်တရ၍ မိမိတို့၏ပြုမူနေထိုင်မှုများကိုပြောင်းလဲခဲ့ကြသည့် မယုံကြည်သူများကို ဗတ္တိဇံပေးခဲ့သည်။ ထိုသို့အားဖြင့် ၄င်းတို့မှာ ကယ်တင်ခြင်းသို့ရောက်ကြမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဗတ္တိဇံဆရာယောဟန်သည် မောရှေနှင့်ပြုသော ပဋိညာဉ်အောက်၌ မိမိတို့၏နောင်တတရားကို ပြသ၍၊ အပြစ်လုပ်တတ်သောဣသရေလလူများနှင့်သီးခြားခွဲခြားကာ၊ရောက်လာမည့်မေရှိယအတွက် ကြိုတင်ပြင်ဆင်လိုခဲ့ကြသော ယုဒလူမျိုးများကို ဗတ္တိဇံပေးခဲ့သည်။

ဇာတ်ကွက်နောက်ခံအခြေအနေနှင့် ကျမ်းစကားအဆက်အစပ်ကို သဘောပေါက်နားလည်ရန် အရေးကြီးသောကျမ်းချက်သည် ဤကျမ်းချက်ဖြစ်သည်။ ဗတ္တိဇံဆရာယောဟန်သည် ဣသရေလလူမျိုးတို့အတွက် နောင်တရခြင်းနှင့် ဗတ္တိဇံခံခြင်းတို့နှင့်စပ်ဆိုင်သောတရားဒေသနာတစ်ခုကိုဟောပြောနေပါသည်။ သို့သော်၊ သူသည် ထိုနေရာ၌ရှိနေသောသူများနှင့်ယနေ့ခေတ်ကာလမှလူများထံ၌မည်သို့ကယ်တင်ခြင်းရရှိရမည်ကိုပြောပြနေပါသလား။

ယောဟန်တရားဟောပြောခဲ့ချိန်တွင် ဣသရေလလူမျိုးတို့သည် မောရှေနှင့်ပြုသောပဋိညာဉ်တရားအောက်၌ဆက်လက်၍ရှိနေခဲ့ကြသည်။ ဘုရားသခင်၏ပဋိညာဉ်နှင့်စပ်ဆိုင်သောသူများအတွက် ဘုရားသခင်ထံမှ လမ်းလွဲသွေဖယ်သွားခြင်းမှ မူလအခြေအနေ၌ပြန်လည်သွတ်သွင်းထားရှိခြင်းခံရန်နည်းလမ်းမှာ နောင်တရခြင်းဖြစ်သည်။ ၄င်းသည်မိမိတို့၏အပြစ်ဒုစရိုက်နှင့်စပ်လျဉ်း၍ မိမိတို့၏စိတ်နလုံး (သို့) စိတ်နေသဘောထားကို ပြောင်းလဲခြင်းဖြစ်သည် (တရားဟော ၃၀း၂၊ ၁၀၊ ဖရာ ၇း၁၄)။ ဤအချိန်ဤနေရာတွင် ယုဒလူမျိုးများသည် ယောဟန်က စတင်မိတ်ဆက်ပေးခဲ့မည့်မေရှိယကိုကြိုဆိုလက်ခံရန်ပြင်ဆင်ခြင်းခံနေကြရသည်။ ယောဟန်၏ဗတ္တိဇံပေးခြင်းသည် ၄င်းတို့၏နောင်တရခြင်းနှင့် မေရှိယအားမျှော်လင့်စောင့်စားခြင်းတို့၏သက်သေတစ်ခုဖြစ်သည်။ ယောဟန်က ဖာရိရှဲများ၊ ဇဒ္ဒုကဲများနှင့်အခြားသူများထံ၌ ပြုလုပ်ရန်ပြောခဲ့သည့်အကျင့် (မဿဲ ၃း၇–၉၊ လုကာ ၃း၇–၁၄) မှာ ၄င်းတို့ကိုကယ်တင်ပေးမည့်အကျင့်မဟုတ်ပါ။ စစ်မှန်သော နောင်တရခြင်းနှင့်ညီညွတ်အပ်စပ်သောအကျင့်ဖြစ်သည်။ နောင်တရခြင်းဟူသော အတွင်းစိတ်သဘောထားနှင့် အပြင်ပိုင်းပြုမူလုပ်ဆောင်မှုဖြစ်သော “နောင်တရခြင်းနှင့် ထိုက်တန်သော အကျင့် (အသီးများ)” ကို ဤကျမ်းချက်ကရှင်းရှင်းလင်းလင်းခွဲခြားပြသထားပါသည် (၈ယ် ၈)။

၄င်းသည် ဗတ္တိဇံယောဟန်နှင့်ပတ်သက်၍ တမန်တော် ၁၉း၄ ၌တမန်တော်ပေါလုပြောပြထားသောအရာကို နားလည်ရန်ကူညီပေးသည်။ ယောဟန်၏ဗတ္တိဇံပေးခြင်းကို ခံယူခဲ့ကြသော်လည်း၊ သခင်ယေရှုခရစ်ကို မယုံကြည်ကြသေးသည့်ဧဖက်မြို့သားများကို ပြောကြားရာတွင် "ယောဟန်က ငါ့နောက်ကြွလာသောသူကို ယုံကြည်ရမည်ဟု လူမျိုးတို့အားပြောဆိုလျက် နောင်တနှင့်စပ်ဆိုင်သောဗတ္တိဇံကိုပေး၏။ ထိုသို့ဆိုရာတွင် ယေရှုခရစ်ကိုဆိုလိုသည်" ဟုရှင်ပေါလုပြောခဲ့သည်။ ယောဟန်၏ဗတ္တိဇံပေးခြင်းကိုခံယူခဲ့ကြသောသူများသည် သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းဖြင့် ခရစ်ယာန်ဖြစ်လာရန်လိုအပ်နေကြသည့် ယုဒယုံကြည်သူများဖြစ်ကြသည်။ ၄င်းတို့သည် ပညတ်တော်ကာလမှ ကျေးဇူးတော်ကာလသို့ အကူးအပြောင်းကာလတွင်ရှိနေခဲ့ကြသည်။

တမန်တော် ၁၃း၂၄ ၌မှတ်တမ်းတင်ရေးသားထားသည့်အတိုင်း၊ ပိသိဒိပြည်၊ အန္တိအုတ်မြို့၌ ရှင်ပေါလုက သခင်ခရစ်တော်မိမိကိုယ်ကို မေရှိယအဖြစ်တရားဝင်မတင်ပြမီတွင် ယောဟန်က "ဣသရေလလူအပေါင်းတို့အား နောင်တနှင့်စပ်ဆိုင်သော ဗတ္တိဇံတရားကို ဟောပြောနှင့်လေ၏" ဟုပြောထားသည်။ နောင်တတရားနှင့်စပ်ဆိုင်သော ဗတ္တိဇံတရားတော်အား ယောဟန်ဟောပြောခြင်းအတွက် ယုဒတရားနာပရိသတ်နှင့် ပဋိညာဉ်တရားနှင့်စပ်ဆိုင်သည့် နောက်ခံအခြေအနေကို ကျွန်ုပ်တို့သဘောပေါက်နားလည်ထားလျှင် ဤဟောပြောမှုမျိုးကို အသင်းတော်ကာလ ဧဝံဂေလိတရားဟောပြောခြင်းအတွက် ပုံတူနည်းလမ်းတစ်ခုအဖြစ်မဖန်တီးသင့်ပါ။ ပထမအနေဖြင့်၊ ဤဟောပြောချက်သည် ခရစ်ယာန်ဗတ္တိဇံတရား အကြောင်းပြောလိုခြင်းလုံးလုံး မဟုတ်ပါ။ ဒုတိယအနေဖြင့်၊ နောင်တရခြင်းကိုယ်တိုင်က မည်သူ့ကိုမျှမကယ်တင်ပေးပါ။ သို့သော်၊ နောင်တရခြင်းက ထင်ဟပ်ပြသနေသော စိတ်နလုံးပြောင်းလဲခြင်းက ကယ်တင်ရှင်ကို ယုံကြည်ရန်ကောင်းမွန်စွာပြင်ဆင်ပေးပါသည်။ ဤဟောပြောချက်သည် ပဋိညာဉ်တရား အောက်ရှိဘုရားသခင်၏လူမျိုးတို့ကို လိပ်မူထားသော်လည်း ဘုရားသခင်ထံသို့ပြန်သွားရန် နည်းလမ်းမှာ စိတ်နလုံးပြောင်းလဲခြင်းနှင့်အစပြုသည်ဟုသွန်သင်ပေးသည့် ယေဘူယျ ခ သမ္မာတရားကို ကျွန်ုပ်တို့သင်ယူနိုင်ပါသည်။

ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့ (He who is baptized will be saved)။ မာကု ၁၆း၁၆

"ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့
ရောက်လတံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတံ့"

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကယ်တင်ခြင်းသို့ရောက်ရန် သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းအပြင်ရေဗတ္တိဇံခံခြင်းလည်းလိုအပ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကယ်တင်ခြင်းသို့ရောက်ရန် သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းနှင့်အတူထိုယုံကြည်ခြင်းကိုသက်သေပြခြင်းအဖြစ်နှင့် ရေဗတ္တိဇံခံရန်လိုအပ်သည်။

(မာကု ၁၆း၉–၂၀ သည် ဓမ္မသစ်ကျမ်း၏ အစောပိုင်းလက်ရေးစာမူအချို့တွင်ထည့်သွင်းမထားသော်လည်း ရှင်မာကုခရစ်ဝင်ကျမ်း၏အခြားလက်ရေးစာမူများအားလုံးနီးပါးတွင်တွေ့ရသောကြောင့် ဤနေရာတွင် ကျွန်ုပ်တင်ပြ ဆွေးနွေးသွားပါမည်)

"ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတံ့" ဟူသောထုတ်ဖော်ပြောဆိုချက်သည် ၄င်း၏ပြောဆိုမှုတွင် ပွင့်ပွင့်လင်းလင်းနှင့်လွယ်ကူရိုးစင်းနေသယောင်ထင်မှတ်ရသည်။ သို့သော် "မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတံ့" ဟုနောက်ထပ်ထုတ်ဖော်ပြောဆိုချက်တွင်လည်း ပို၍ပွင့်လင်းရိုးစင်းနေပြန်သည်။ တစ်ဦးတစ်ယောက်က ပထမထုတ်ဖော်ပြောဆိုချက်တွင် ဗတ္တိဇံခံခြင်းသည် ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုဖြစ်၍ ဗတ္တိဇံခံခြင်းမရှိခြင်းသည် အပြစ်စီရင်ခြင်းအတွက် အကြောင်းအရင်းတစ်ခုဖြစ်ခဲ့လိမ့်မည်ဟု မျှော်လင့်ခဲ့ပေမည်။ သို့သော်၊ ဗတ္တိဇံခံခြင်း၊ မခံခြင်းသည် အပြစ်စီရင်ခြင်းနှင့်ဆက်စပ်နေကြောင်းဖေါ်ပြထားခြင်း မရှိပါ။

ထို့ကြောင့်၊ ဤကျမ်းချက်က ဗတ္တိဇံခံခြင်းမှာကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခု မဟုတ်ကြောင်းကို ပြသသည့်ခိုင်မာသောညွှန်ပြမှုတစ်ခုဖြစ်သည်။ ယုံကြည်ခြင်းနှင့် ဗတ္တိဇံခံခြင်းတို့ နီးစပ်စွာဆက်နွယ်နေရခြင်းမှာကနဦးကာလမှအသက်တာပြောင်းလဲခဲ့သောသူများ၏အသက်တာ၌ ဤအရာနှစ်ခုနီးစပ်စွာရှိနေခဲ့သောကြောင့်ဖြစ်သည်။ တစ်ဦးတစ်ယောက်သည် ယုံကြည်သောအချိန်တွင် ထိုသူသည်ဗတ္တိဇံကိုခံယူရသည်။ ဤပုံစံသည် တမန်တော်ဝတ္တု၌ ထင်ထင်ရှားရှားတွေ့မြင်ရသောအရာဖြစ်သည် (တမန်တော် ၂း၄၁၊ ၈း၃၅၊ ၃၇၊ ၁၀း၄၄–၄၈၊ ၁၆း၁၄–၁၅)။

သို့သော်၊ ဤကဲ့သို့သောအခြေအနေသည် ရှင်းလင်းပြတ်သားမှုရှိသော သမ္မာကျမ်းချက်နှင့် ရှင်းလင်းပြတ် သားမှုမရှိလှသော သမ္မာကျမ်းချက်များကို နှိုင်းယှဉ်ကြည့်ရှုရမည့်နေရာလည်းဖြစ်သည်။ ဗတ္တိဇံခံခြင်းအား ကယ်တင်ခြင်းကိုပေးသောလုပ်ရပ်တစ်ခုအဖြစ်ဖန်တီးနေသယောင်ထင်မှတ်ရသည့် ဤထုတ်ဖော်ပြောဆိုချက်သည် သခင်ယေရှုခရစ်၌ ယုံကြည်ခြင်းအားဖြင့်သာကယ်တင်ခြင်းသို့ရောက်ရသည် ဟူသော

ခမ္မသစ်ကျမ်း၏အလွန်ထင်ရှား သည့်သွန်သင်ချက်နှင့် ဆန့်ကျင်နေပါသည်။ မယုံကြည်သူများအား ကယ်တင်ခြင်းသို့မည်သို့ရောက်ရမည်ကို ပြောကြားရန်ရေးသားခဲ့သော ရှင်ယောဟန်ခရစ်ဝင်ကျမ်း (ယောဟန် ၂၀း၃၁)က ယုံကြည်ခြင်းကို ကယ်တင်ခြင်းအတွက် တစ်ခုတည်းသောအခြေအနေသတ်မှတ်ချက်အဖြစ် ဖန်တီးပြသထားသည်။ ဗတ္တိဇံခံခြင်းကို လုံးလုံးထပ်လောင်းပေါင်းထည့်မထားပါ။ ထို့အပြင်၊ တမန်တော်ရှင်ပေါလုသည်လည်း ကျွန်ုပ်တို့သည် အကျင့်အားဖြင့် မဟုတ်၊ ယုံကြည်ခြင်းအားဖြင့်သာဖြောင့်မတ်ရာသို့ရောက်ရသည်ဟု ရောမ ၃း၂၄–၄း၅ ၌ပြောကြားချက်ထက်ပို၍ ရှင်းလင်းပြတ်သားနိုင်ခဲ့မည်မဟုတ်ပါ။ ထို့အပြင်၊ ရှင်ပေါလုက ဗတ္တိဇံတရားသည် မိမိဧဝံဂေလိတရားဟောပြောခြင်း၏အစိတ်အပိုင်းတစ်ခု မဟုတ်ကြောင်းပြောခဲ့သည် (၁ကော ၁း၁၄–၁၇)။

မာကု ၁၆း၁၆ ရှိသင့်တော်မှန်ကန်သော က သမ္မာတရားမှာ ယုံကြည်သောသူသည်ကယ်တင်ရာသို့ရောက်၍ မယုံကြည်သောသူသည် အပြစ်စီရင်ခြင်းခံရမည်ဟူ၍ဖြစ်သည်။ ခ သမ္မာတရားမှာမူ ယုံကြည်၍ကယ်တင်ခြင်းခံရသောသူများသည် ထိုယုံကြည်ခြင်းကို ရေဗတ္တိဇံခံခြင်းအားဖြင့် အလိုအလျောက်သက်သေထင်ရှားစေရမည်ဟူ၍ဖြစ်သည်။ ဗတ္တိဇံခံခြင်းသည် ကယ်တင်ခြင်းကိုမပေးပိုင်ကြောင်း ကျွန်ုပ်တို့ယုံကြည်ထားသော်လည်း၊ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကိုသက်သေထင်ရှားစေသော ဗတ္တိဇံခံခြင်း၏အရေးပါမှုကို ကျွန်ုပ်တို့မဆုတ်ယုတ်စေသင့်ပါ။

❐

အခန်း

ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၆

ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ၄င်း၏ ထူးခြားသောပါဝင်အကြောင်းအရာများနှင့် ရည်ရွယ်ချက်တို့တွင် ယှဉ်တွဲကြည့်ရှုပုံစံတူ ခရစ်ဝင်ကျမ်းများ (Synoptic Gospels) နှင့်ကွဲပြားသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ပါဝင်အကြောင်းအရာများသည် အခြားခရစ်ဝင်ကျမ်းများနှင့် ရှားရှားဝေ့ထားသည်ကိုတွေ့ရသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းမှပါဝင်အကြောင်းအရာများ၏ဆယ်ရာခိုင်နှုန်းကိုသာ အခြားခရစ်ဝင်ကျမ်းများတွင် ပြန်လည်ဖော်ပြထားသည်။ ထို့အပြင်၊ ဤခရစ်ဝင်ကျမ်း၏ရည်ရွယ်ချက်ကိုလည်း ယောဟန် ၂၀း၃၀–၃၁ တွင် ကျွန်ုပ်တို့အတွက် ရှင်းလင်းစွာဖော်ပြပေးထားသည်။

> ၃၀ *“ဤကျမ်းစာ၌ရေး၍မထားသော အခြားနိမိတ်လက္ခဏာအများတို့ကိုလည်း ယေရှုသည်တပည့်တော်တို့ မျက်မှောက်၌ပြတော်မူ၏။*
> ၃၁ *ယေရှုသည်ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့်အသက်ကိုရမည်အကြောင်း၊ ဤသို့လောက်ရေးထားလျက်ရှိသတည်း။”*

ရှင်ယောဟန်သည် လူတို့ကိုသခင်ယေရှုခရစ်အား ယုံကြည်လက်ခံခြင်းဆီသို့ ဆောင်ယူလာရန်ရေးသားခဲ့ခြင်းဖြစ်သည်။ ဤအချက်သည် ယှဉ်တွဲကြည့်ရှုပုံစံတူ ခရစ်ဝင်ကျမ်းများက သွယ်ဝိုက်အားဖြင့်လည်ကောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့်လည်းကောင်း ရည်ရွယ်ထားသောအချက်ဖြစ်ခဲ့နိုင်ပါသော်လည်း၊ ရှင်ယောဟန်ကမူထိုအချက်ကို ထူးခြားစွာဖြင့် အလေးအနက်ဖော်ပြထားသည်။ အဖြစ်အပျက်များကိုရွေးချယ်အသုံးပြုထားပုံ၊ သခင်ယေရှုခရစ် အသုံးပြုထားသောတင်စားမှုများ၊ သခင်ခရစ်တော်၏ဘုရားဖြစ်ခြင်း၌ အလေးအနက်ပြုဖော်ပြထားပုံးများ၊ ရှင်ယောဟန်က “ယုံကြည်သည်” (believe) ဟူသောစကားလုံးကို အကြိမ်တစ်ရာနီးပါးကို (နာမ်ပုဒ်အဖြစ်နှင့်လုံးလုံး

အသုံးမပြု၊ ကြိယာပုဒ်အဖြစ်နှင့်သာအမြဲ) အသုံးပြုထားပြီး၊ ထိုသို့အသုံးပြုရာတွင် ထာဝရအသက်အတွက်အခြေ အနေသတ်မှတ်ချက်အဖြစ်နှင့် အမြဲလိုလိုအသုံးပြုထားပုံတို့သည် အထက်ပါရည်ရွယ်ချက်ကိုပြသနေကြပါသည်။ ထို့အပြင်၊ ထာဝရအသက်တည်းဟူသော အခမဲ့လက်ဆောင်အား မည်သို့သိမ်းပိုက်ရယူရသည်ကို အလေးထားပြောဆိုရန်အတွက်ရှင်ယောဟန်သည်ယုံကြည်ခြင်းနှင့်စပ်ဆိုင်သောနှိုင်းယှဉ်ဆင်ခြင်မှုများကိုလည်းအသုံးပြု ထားသည်။ သူသည်ယုံကြည်ခြင်းကို ကြည့်ရှုခြင်း(ယောဟန် ၃း၁၅)၊ တောင်းခြင်း (ယောဟန် ၄း၁၀)၊ စားခြင်း၊ သောက်ခြင်း (ယောဟန် ၆း၄၇–၅၈)၊ ဝင်ရောက်ခြင်း (၁၀း၉) တို့နှင့်နှိုင်းယှဉ်ထားသည်။ ၄င်းတို့အားလုံးသည် ကောင်းမှုကုသိုလ် (သို့) လုပ်ဆောင်မှုတို့၏ပုံပန်းနှင့်ကင်းလွတ်သည့် ရိုးရှင်းသောလုပ်ရှားလုပ်ဆောင်မှုများဖြစ်ကြသည်။

ထာဝရအသက်အကြောင်းကို အလေးအနက်ပြောဆိုထားသောကြောင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် က သမ္မာတရားကျမ်းစောင်ဖြစ်သည်ဟု ပြောဆိုရန်ကျွန်ုပ်တို့စုံစမ်းခြင်းခံကောင်းခံရမည်ဖြစ်သော်လည်း၊ ဤကျမ်းတွင် ခရစ်ယာန်ရှင်သန်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်းတို့အတွက် သမ္မာတရားတည်းဟူသောအလွန်ရှင်းလင်းထင်ရှားသည့် ခ သမ္မာတရားအချို့လည်းပါဝင်နေပါသည်။ အပေါ်ထပ်အခန်းဟောပြောသွန်သင်ချက် (Upper Room Discourse) ဟုသိရှိထားကြသည့်အခန်းကြီး ၁၃–၁၇ သည် သခင်ယေရှုနှင့်တပည့်တော်တို့ကြား၌ အချင်းချင်းအလွန်ရင်းနှီးသော အပြန်အလှန်စကားပြောဆိုမှုဖြစ်ပြီး၊ အဓိကအားဖြင့်ခရစ်ယာန်အသက်တာအကြောင်းဖြစ်သည်။ ထို့အပြင်၊ ၄င်းသည် "ထိုသို့ယုံကြည်၍နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း" ဟူသောရေးသားချက်နှင့် အဆုံးသတ်ထားသည့် ယောဟန် ၂၀း၃၁ ရှိရည်ရွယ်ချက်ထုတ်ပြန်ပြောဆိုချက်နှင့်လည်း ကိုက်ညီနေပါသည်။ "ယုံကြည်သည်" ဟူသောစကားလုံး၏ ပစ္စုပ္ပန်ကာလပြသောပုံစံကလက်ခံရရှိခဲ့သည့် အသစ်သောအသက်တာကို *ကြုံတွေ့ခံစား*ရန်အတွက် အစကနဦး၌ဖြောင့်မတ်ရာသို့ရောက်စေခဲ့သောယုံကြည်ခြင်း (initial justifying faith) နောက်တွင်လည်း သန့်ရှင်းရာသို့ရောက်စေနေသောယုံကြည်ခြင်း (sanctifying faith) သည် ဆက်လက်တည်တံ့နေရမည့်အကြောင်းကိုပြသထားသည်။ အဓိကရေးသားလိုသောအာဘော်နှင့်ဆိုင်သည့် ရည်ရွယ်ချက်ကိုလည်း ကျမ်း၏အစပိုင်းရှိ ယောဟန် ၁း၄ တွင်တွေ့ရသည် – "ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏။" ရရှိပိုင်ဆိုင်ထားသည့်အသက်သည် ယုံကြည်သူတို့ရှင်သန်ရာ၌လိုအပ်သည့် အလင်းကိုပေးသည့်အသက်ဖြစ်လာသည်။ ထာဝရအသက်သည်ရရှိပိုင်ဆိုင်ထားရမည့်အရာသက်သာမဟုတ်၊ လက်တွေ့ကြုံတွေ့ခံစားရမည့်အရာလည်း ဖြစ်သည်။ အကြောင်းမှာ၊ ၄င်းသည်ဘုရားသခင်၏အသက်ဖြစ်သောကြောင့်ဖြစ်သည်။

လူအချို့ကိုသခင်ယေရှုမယုံကြည်ပါ (Jesus does not trust some people)။
ယောဟန် ၂း၂၃-၂၅

၂၃ ပသခါပွဲအတွင်းတွင် ယေရှုသည်ယေရုရှလင်မြို့၌ရှိ၍၊ ပြုတော်မူသော နိမိတ်လက္ခဏာတို့ကိုများစွာသောသူတို့သည် မြင်ရသဖြင့် ကိုယ်တော် ကိုယုံကြည်ခြင်းသို့ ရောက်ကြ၏။ ၂၄ သို့သော်လည်း ယေရှုသည် ထိုသူတို့၌ ကိုယ်ကိုအပ်တော်မမူ။ အကြောင်းမူကား၊ ခပ်သိမ်းသောသူ တို့ကို သိတော်မူ၏။ ၂၅ လူ၏အထဲ၌ရှိသမျှကို သိတော်မူသောကြောင့်၊ လူ၏အကြောင်းကို သက်သေခံစေခြင်းငှါ အဘယ်သူကိုမျှအလိုတော် မရှိ။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုသည် မိမိကိုယ်ကို ယုဒလူအချို့ထံ၌ မအပ်နှံခဲ့သကဲ့သို့ ထိုသူတို့ကိုလည်း ထာဝရအသက်မပေးခဲ့ပါ။ အကြောင်းမှာ၊ ကိုယ်တော်သည် မိမိအား အမှန်တကယ် မယုံကြည်သူများကိုသိရှိခဲ့သောကြောင့်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုသည် မိမိကိုယ်ကို ထာဝရအသက်ရရှိထားသည့် ယုဒလူအချို့ထံ၌ မအပ်နှံ သကဲ့သို့ ထိုသူတို့နှင့်လည်း၊ နက်နဲသောမိတ်သဟာယဖွဲ့ခြင်းကို လည်းမပြုခဲ့ပါ။ အကြောင်းမှာ၊ ကိုယ်တော်သည် ၄င်းတို့၏စိတ်နလုံး များအဆင်သင့် မဖြစ်သေး ကြောင်းကို သိရှိခဲ့သောကြောင့်ဖြစ်သည်။

ရှင်းလင်းချက်ရေးသားပြုစုသူ (commentator) အားလုံးနီးပါးက က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို အားပေးထောက်ခံကြသည်။ ဤယုဒလူများသည် သခင်ခရစ်တော်ကိုယုံကြည်ခဲ့ကြသည်ဟုပြောဆိုထားသော်လည်း၊ အထက်ပါ ရှင်းလင်းချက်ရေးသားပြုစုသူများက ထိုယုဒလူများသည်ကယ်တင်ခြင်းခံကြရသည်ဟု မယုံကြည်ကြပါ။ သူတို့က ထိုယုဒလူတို့၏ယုံကြည်ခြင်းသည် မှားယွင်းသော ယုံကြည် ခြင်းဖြစ်သည်ဟု အခိုင်အမာပြောထားကြသည်။ အကြောင်းမှာ (၁) ၄င်းတို့သည် သခင်ယေရှု၏နာမတော်ကိုသာယုံကြည်ကြပြီး၊ သခင်ယေရှု၏လူပုဂ္ဂိုလ်ကို မယုံကြည် ကြပါ။ (၂) ၄င်းတို့သည် သခင်ယေရှုပြုလုပ်ခဲ့သောနိမိတ်လက္ခဏာများကြောင့်သာ ယုံကြည်ခဲ့ကြခြင်းဖြစ်သည်။ (၃) သခင်ယေရှုသည် မိမိကိုယ်ကို၄င်းတို့ထံ၌ အပ်နှံဖို့ငြင်း ဆန်ခဲ့သောကြောင့်ဖြစ်သည်။

အခြားကျမ်းချက်များနှင့် ကျွန်ုပ်တို့နှိုင်းယှဉ်လေ့လာမှုကို မလုပ်ခင်အထိ ၄င်းတို့၏ငြင်းခုံချက်များမှာ ယုံကြည်လောက်ပါပေသည်။ ဥပမာ၊ ယုဒလူများသည် သခင်ယေရှု၏နာမတော်ကိုသာ ယုံကြည်ခဲ့သည်ဟူသော ပထမငြင်းခုံချက်နှင့်စပ်လျဉ်း

၍ ပြောရလျှင်၊ ထိုစကားလုံးအသုံးအနှုန်းကိုပင် နိဒါန်းပျိုးခြင်း၌ ဘုရားသခင်၏သား သမီးတစ်ယောက်ဖြစ်လာခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ်နှင့် ကယ်တင်ခြင်းအတွက်အသုံးပြုထားပါသည် (ယောဟန် ၁း၁၂)။ အလားတူပင်၊ ရည်ရွယ်ချက်ထုတ်ပြန်ပြောဆိုချက်တွင်လည်း "နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း" (ယောဟန် ၂၀း၃၁) ဟုပြောထားသည်။ နာမတော်ကိုမယုံကြည်ခြင်းသည် အပြစ်စီရင်ခံရခြင်း၏ အဓိကအကြောင်းဖြစ်သည် (ယောဟန် ၃း၁၈)။ အံ့ဖွယ်ရာကောင်းသည်မှာ သခင်ယေရှု၏နာမတော်ကိုသာ ယုံကြည်ခြင်းသည် ကယ်တင်ခြင်းခံရဖို့လုံလောက်မှုမရှိဟုပြောဆိုကြသော အထက်ပါရှင်းလင်းချက်ရေးသားပြုစုသူများက လူတစ်ယောက်သည် ကယ်တင်ခြင်းခံရဖို့ "ကိုယ်တော်ရှင်၌ယုံကြည်ရမည်" ဟု အမြဲလိုလိုအခိုင်အမာပြောဆိုခြင်းဖြင့် ယောဟန် ၂း၂၃ ၌တွေ့ရသည့် အဓိပ္ပါယ်ကိုငြင်းပယ်နေကြပါသည်။ ၄င်းတို့အနေဖြင့် သဘော ပေါက်နားလည်ရန်ပျက်ကွက်နေခဲ့ကြသည့်အချက်မှာ သခင်ယေရှု၏ *နာမတော်*ကိုယုံကြည်ခြင်းသည် သခင်ယေရှု၏ ဖြစ်တည်မှုအားလုံးနှင့် သခင်ယေရှုကိုယ်စားပြုသောအရာအားလုံးကိုယုံကြည်ခြင်းဖြစ်သည်ဟူသောအချက်ဖြစ်သည်။ သမ္မာကျမ်းစာတွင် *အမည်နာမ*၌ထူးခြားသောထူးခြားသောအဓိပ္ပါယ်ကိုအမြဲတွဲဖက်ထားသည်။

ဒုတိယငြင်းခုံချက် – နိမိတ်လက္ခဏာအားဖြင့် တိုက်တွန်းဆွဲဆောင်ခံရခြင်းမှဖြစ်လာသောယုံကြည်ခြင်းသည် ကယ်တင်ခြင်းအတွက် လုံလောက်မှုမရှိပါဟူသောငြင်းခုံချက်သည်လည်းသက်သေအထောက်အထားလုံလောက်မှုမရှိပါ။ နိမိတ်လက္ခဏာများသည် ယုံကြည်ခြင်းကယုံကြည်သောအရာ မဟုတ်ပါ။ သခင်ယေရှုခရစ်သာလျှင် ယုံကြည်ခြင်း၏ဦးတည်ရည်မှန်းယုံကြည်ရာဖြစ်သည်။ နိမိတ်လက္ခဏာများသည် လူတို့ကိုသခင်ယေရှုအား ပြည့်ဆန်းပေးသည်။ ထို့အပြင်၊ နိမိတ်လက္ခဏာများ၏စေ့ဆော်ပေးခြင်းအားဖြင့်ဖြစ်တည်လာသောယုံကြည်ခြင်းကို ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏အခြားနေရာများတွင်လည်းတွေ့ရပြီး (ယောဟန် ၁း၄၇–၄၉၊ ၂း၁၁၊ ၄း၅၂–၅၃၊ ၁၁း၄၂၊ ၄၅၊ ၂၀း၂၆–၂၉)၊ သခင်ယေရှုကိုယ်တိုင်ကလည်း နိမိတ်လက္ခဏာတို့၌အခြေတည်ထားသောယုံကြည် ခြင်းကို အားပေးထားသည် (ယောဟန် ၁း၅၀–၅၁၊ ၁၀း၃၇–၃၈၊ ၁၄း၁၁)။ တမန်တော်ယောဟန်က နိမိတ်လက္ခဏာတို့သည် ယုံကြည်ခြင်းကိုစေ့ဆော်ပေးကြမည့်အကြောင်းကို မျှော်လင့်ထားပြီး (၁၂း၃၇)၊ ဤခရစ်ဝင်ကျမ်းကိုရေးသားရသည့် မိမိ၏ရည်ရွယ်ချက်ထုတ်ဖော်ပြောကြားချက်တွင်လည်း ထိုအချက်ကိုပြောထားပါသည် (၂၀း၃၀–၃၁)။

ယုဒလူတို့၏ယုံကြည်ခြင်းသည် မှားယွင်းသောယုံကြည်ခြင်းဖြစ်သည်ဟု လူတို့ကအနက်ဖွင့်ဘာသာပြန်ဆိုရသည့် တစ်ခုတည်းသောအကြောင်းအရင်းမှာသခင်ယေရှုကမိမိကိုယ်ကို ၄င်တို့ထံ၌အပ်နှံမှုမရှိခဲ့ခြင်းကြောင့်ဟု ထင်မှတ်ရသည်။ ထိုသို့

ဆိုလိုလျှင်၊ သခင်ယေရှုသည် ဤယုံကြည်သူလူသစ်များကို အဘယ်ကြောင့် မယုံကြည်ပါ သနည်း။

ပထမအနေဖြင့် ဤနေရာတွင် စကားလုံးလှည့်စားမှုတစ်ခုရှိကြောင်းကို ကျွန်ုပ်တို့အသိအမှတ်ပြုသင့်ပါသည်။ အကြောင်းမှာ၊ *အပ်နှံသည်* ***(commit)*** ဟု ဘာသာပြန်ဆိုထားသော စကားလုံးသည်ယုဒလူတို့ နှင့်ဆက်စပ်၍ အသုံးပြုထားသည့် *ယုံကြည် သည်* ***(believe - pisteuo)*** ဟု ဘာသာပြန်ဆိုထားသည့် စကားလုံးနှင့် အတူတူဖြစ်သည်။ သို့သော်၊ ဤနေရာ၌သခင်ယေရှုနှင့်ဆက်စပ်၍အသုံးပြုရာတွင် ကယ်တင်ခြင်းနှင့်စပ်ဆိုင်သော အဓိပ္ပါယ်မျိုး ဖြင့်အသုံးမပြုထားပါ။ ယုဒလူတို့သည် သခင်ယေရှုကိုယုံကြည်ခဲ့ကြသော်လည်း ကိုယ်တော်သည် ၄င်းတို့၏စိတ်နှလုံး၌ရှိနေသောအရာကိုသိမြင်နေခဲ့သောကြောင့် ၄င်းတို့ကို မယုံကြည်သေးခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ပြောဆိုနိုင်ပါသည်။ ၄င်းတို့သည် သခင်ယေရှုတစ်ပါးတည်းကသာသိထားသည့် အကြောင်းအရင်းအချို့ကြောင့် အသိအမှတ်ပြုခြင်းမခံရသေးသည့် ယုံကြည်သူလူသစ်များဖြစ်ကြပြီး၊ သခင်ယေရှုအနေဖြင့် မိမိအကြောင်းကိုပို၍ဝေ၄ပြောဆိုခြင်းကို လက်ခံရန်အဆင်သင့်မဖြစ်ကြသေးသောသူများဖြစ်ကြသည်။ ဤအရာသည် သမ္မာတရားကိုပို၍ကောင်းမွန်စွာတုန့်ပြန်သောသူများထံ၌သာ၍များသော သမ္မာတရားကိုပေးအပ်မည်ဟူသော ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ နောက်ပိုင်းတွင်သွန်သင်ထားသည့် အခြေခံစည်းမျဉ်းဥပဒေသဖြစ်ကြောင်းကျွန်ုပ်တို့တွေ့ရှိရသည် (ယောဟန် ၁၄း၂၁၊ ၁၅း၁၄–၁၅)။ သခင်ယေရှု၏မိမိကိုယ်ကိုအပ်နှံရန်ငြင်းဆိုရခြင်းအကြောင်းကယုဒလူတို့၏ယုံကြည်ခြင်းစစ်မှန်မှု၊ မစစ်မှန်မှုကိုလည်ကောင်း၊ ယုဒလူတို့၏ကယ်တင်ခြင်းစစ်မှန်မှု၊ မစစ်မှန်မှုကိုလည်းကောင်း အတိအကျလုံးလုံးပြောဆို မထားပါ။ ထင်ရှားသိသာနေသောထုတ်ဖော်ပြောဆိုချက်မှာ ၄င်းတို့ယုံကြည်ခဲ့ကြသည်ဟူ၍ဖြစ်ပြီး၊ ထိုယုံကြည်ခြင်းသည် ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ထာဝရအသက်ရရှိခြင်း၌ အမြဲတမ်းဖြစ်ပေါ်စေသောအရာဖြစ်သည်။

ဤကျမ်းချက်ကို က သမ္မာတရားအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုကြသောကြောင့်လူမြောက်များစွာသည် ခရစ်ယာန်အသက်တာနှင့်လည်းကောင်း၊ တပည့်တော်ဖြစ်ခြင်းနှင့်လည်းကောင်း ဆက်စပ်နေသည့် အံ့ဖွယ် ခ သမ္မာတရားကို လွဲချော်ခဲ့ကြရသည်။ ထို ခ သမ္မာတရားမှာ နာခံခြင်းသည်ကျွန်ုပ်တို့ကို သခင်ယေရှုခရစ်နှင့်ပို၍နက်နဲသောနီးစပ်ကျွမ်းဝင်မှုရှိသည့် ဆက်ဆံရင်းနှီးမှုဆီသို့ ဆောင်ယူသွားပြီး၊ ထိုဆက်ဆံရင်းနှီးမှုတွင် သခင်ယေရှုကမိမိကိုယ်ကို ပို၍ပို၍ဖော်ပြအသိပေးသည်ဟူသော သမ္မာတရားဖြစ်သည်။ သို့သော်၊ ဤသိကျွမ်းခြင်းအတွက် ကျွန်ုပ်တို့အဆင်သင့်ဖြစ်နေကြောင်းကို ကျွန်ုပ်တို့သက်သေထူနိုင်သောအချိန်၌သာ သခင်ခရစ်တော်ကထိုအရာကို ကျွန်ုပ်တို့အားပေးသနားပါလိမ့်မည်။

ရေနှင့်ဝိညာဉ်တော်မွေးသောသူ (Born of water and the Spirit) ယောဟန် ၃း၅

ယေရှုကလည်း ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန်အကန်ဆို၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရန်အတွက်လည်းကောင်း၊ ဒုတိယမွေးခြင်းကိုခံရန်အတွက်လည်းကောင်း ဗတ္တိဇံခံရမည်ဖြစ်သည်။

ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဝိညာဉ်တော်နှင့်ယှဉ်သောကတိတော်ကို လက်ခံရရှိသူသည် ဒုတိယမွေးခြင်းကိုခံရသူဖြစ်သည်။

ကျမ်းစကားအဆက်အစပ်က တစ်ခုခုကိုသာဆိုလိုနေမည်ဆိုလျှင် (ကျမ်းစကားအဆက်အစပ်သည် အရာ အားလုံးကိုဆိုလိုသည်) ယောဟန် ၃း၁–၁၆ ၌တွေ့ရသည့် အသစ်သောမွေးဖွားခြင်းသည် သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ်ယုံကြည်ခြင်းအားဖြင့်ရောက်ရှိလာပါသည်။ ဗတ္တိဇံခံခြင်းအားဖြင့် မဟုတ်ပါ။ ယောဟန် ၃း၁၆ တွင်ယုံကြည်ခြင်းသည် ကယ်တင်ခြင်းအတွက်အခြေအနေသတ်မှတ်ချက်ဖြစ်ကြောင်း လူအမြောက်အများက အလွန်ရင်းရင်းနှီးနှီးသိရှိထားကြပါသည်။ သို့သော်၊ ယုံကြည်ခြင်းမရှိမဖြစ်လိုအပ်မှုကို ၁း၁၂ ၌ပင်အစောဆုံးဖော်ပြထားပြီးဖြစ်သည်။ ထို့အပြင်၊ ဤအရာကို မောရှေ၏ဦးဆောင်မှုအောက်၌ဖြစ်ပျက်ခဲ့သော တောလည်ရာ ၂၁ ရှိ ကြေးဝါမြွေရုပ်ကို ကိုးကား၍ ၃း၁၅ တွင်လည်းချဲ့ထွင်ရှင်းပြထားသည်။ ယနေ့၌ထာဝရကယ်တင်ခြင်းတွင် သခင်ယေရှုကို ဘုရားသခင်၏ ထောက်ပံ့ပြင်ဆင်ပေးမှုအဖြစ်နှင့် မျှော်ကြည့်သောအရာမှာ ရိုးရှင်းသောယုံကြည်ခြင်းဖြစ်သကဲ့သို့ ဣသရေလလူတို့ကိုသေခြင်းမှကယ်တင်ပေးခဲ့သောအရာမှာ ဘုရားသခင်၏ထောက်ပံ့ပြင်ဆင်ပေးမှုကိုမျှော်ကြည့်ခဲ့သောရိုးရှင်းသည့်အကြည့်သာဖြစ်သည်။ အခြားမည်သည့်အရာမျှမပါဝင်သည့်အပြင်၊ ဗတ္တိဇံခံခြင်းအကြောင်းကိုလည်းဖော်ပြပြောဆိုမထားပါ။

ထိုသို့ဆိုလျှင် အခန်း၃း၅ ၌ "ရေနှင့်ဝိညာဉ်တော်မွေးခြင်း" ဟူသောကိုးကားချက်၏ အနက်အဓိပ္ပါယ်မှာ အဘယ်နည်း။ ရှင်းလင်းချက်ရေးသားပြုစုသူများကပေးကမ်းထားသည့်အနက်ဖွင့်ဘာသာပြန်ဆိုချက်အမျိုးမျိုးရှိနေပါသည်။ အချို့ကရေ

သည် ဗတ္တိဇံဆရာယောဟန်၏ဗတ္တိဇံပေးခြင်းကိုရည်ညွှန်းပြီး၊ ထိုဗတ္တိဇံခံခြင်းသည် လူတို့ကို သခင်ခရစ်တော်အား ယုံကြည်လာရန်ပြင်ဆင်ပေး၍၊ ထိုသို့ယုံကြည်လာခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိကြရသည်ဟုပြောဆိုကြသည်။ သို့သော်၊ ဤကျမ်းချက်တွင် ယောဟန်ကိုသော်လည်းကောင်း၊ ဗတ္တိဇံခံခြင်းကိုသော် လည်းကောင်း ဖော်ပြထားခြင်း မရှိပါ။ အခြားသူများက ဤအရာသည်ခရစ်ယာန်ဗတ္တိဇံခံခြင်းကို ရည်ညွှန်းထားချက် တစ်ခုဖြစ်သည်ဟု မှတ်ယူထားကြသော်လည်း၊ ခရစ်ယာန်ဗတ္တိဇံခံခြင်းကိုပြောရန်မှာ အချိန်စောလွန်းနေပါသည်။ အကြောင်းမှာ၊ တမန်တော်ဝတ္တုမတိုင်မီအထိ သခင်ယေရှု၏နာမတော်၌ဗတ္တိဇံခံခြင်းကို ကျွန်ုပ်တို့မတွေ့ရှိရသောကြောင့်ဖြစ်သည်။ အချို့ကလည်း ရေသည်ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရည်ညွှန်းသည်ဟု ယုံကြည်ထားကြသည်။ အကြောင်းမှာ "နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့်" ဟုဧဖက် ၅း၂၆ ၌ဖော်ပြထားသောကြောင့် ဖြစ်သည်။ သို့သော်လည်း၊ ဤအရာသည် ယခုကျမ်းစကားအဆက်အစပ်နှင့် အလွန်အလှမ်းဝေးနေပါသည်။ ကျမ်းစကားအဆက်အစပ်နှင့် ပို၍ညီညွတ်သောအနက်ဖွင့်ဘာသာပြန်ဆိုချက်မှာ ရေသည်ရုပ်ခန္ဓာအားဖြင့် မွေးဖွားခြင်းကိုရည်ညွှန်းသည်ဟူ၍ဖြစ်သည်။ အကြောင်းမှာ၊ သခင်ယေရှုက "ဧာတိပကတိမွေးသောအရာ" အကြောင်းကိုရည်ညွှန်း ပြောဆိုထားပြီး၊ နိကောဒင်ကလည်း ဒုတိယအကြိမ်မွေးဖွားလာဖို့ မိခင်၏ဝမ်းထဲသို့လူတစ်ယောက်ပြန်လည်ဝင်ရောက်ခြင်းရန်မှာဖြစ်နိုင်ချေမရှိခြင်းအကြောင်းနှင့်စပ်လျဉ်း၍ လွဲမှားသောမေးခွန်းကို မေးခဲ့သောကြောင့်ဖြစ်သည်။ ထိုကြောင့်၊ ဤအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ကျမ်းစကားအဆက်စပ်မှ ရောက်ရှိလာသည်ဟု ယုတ်စွအဆုံးပြောရပေမည်။

သို့သော်၊ ကျမ်းစကားအဆက်အစပ်က ထောက်ခံအားပေးနေသောအခြားအနက်ဖွင့်ဘာသာပြန်ဆိုချက်မှာ ရေသည်သန့်ရှင်းသောဝိညာဉ်တော်ကို ရည်ညွှန်းမှုတစ်ခုဖြစ်သည်ဟူ၍ဖြစ်သည်။ အမှန်တွင်၊ ဤနေရာ၌အလေးထား ပြောဆိုနေသောအရာမှာ ဝိညာဉ်ရေးနှင့်ဆိုင်သောမွေးဖွားခြင်းဖြစ်သည်။ နိကောဒင်သည် ဣသရေလလူတို့၏ ဓမ္မဆရာဖြစ်သောကြောင့် ၄င်းသည်အသစ်သောမွေးဖွားခြင်းနှင့်စပ်ဆိုင်သောသမ္မာတရားကို သိရှိသင့်ကြောင်းသခင် ယေရှုက နိကောဒင်ကိုအခြေခံအားဖြင့်အပြစ်ဆိုဝေဖန်ခဲ့သည်။ နိကောဒင်သည် အသစ်သောမွေးဖွားခြင်းအကြောင်းကို မည်သို့သိရှိခဲ့ပါမည်နည်း။ နိကောဒင်သည် ဤအရာကိုဓမ္မဟောင်းကျမ်းမှ သိရှိနိုင်ခဲ့ပြီး၊ ဖြစ်နိုင်ခြေအရှိဆုံးကျမ်းချက်မှာ ယေဇကျေလ ၃၆း၂၅–၂၇ ရှိ အလွန်ရင်းနှီးသောပဋိညာဉ်သစ်နှင့်ဆိုင်သည့် ကတိတော်များဖြစ်သည်။

> ၂၅ *သင်တို့အပေါ်မှာ သန့်ရှင်းသောရေကိုဖျန်းသဖြင့် ၊ သင်တို့ကို*
> *ခပ်သိမ်းသောအညစ်အကြေး မှစ၍ ခပ်သိမ်းသောရုပ်တုတို့နှင့် ကင်းစင်*

စေမည်။ ၂၆ စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနှုတ်၍ အသား နှလုံးကိုပေးမည်။ ၂၇ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့သွင်းပေးသဖြင့်၊ သင်တို့သည်ငါ၏တရားလမ်းသို့လိုက်၍၊ ငါစီရင်တော်မူချက်တို့ကိုစောင့်ရှောက်ကြလိမ့်မည်။

ထို့ကြောင့်၊ နိုင်ငံတော်သို့ဝင်ရောက်ခြင်းသည် အပြစ်လွှတ်ခံရခြင်းနှင့်မရှိဃကို ယုံကြည်သောသူတစ်ဦးစီ၌ သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်သောအမှုတော်ကို လိုအပ်ခဲ့သည်။ ပုဒ်ဆက်စကားလုံး "နှင့်" *(kai)* ကို အင်္ဂလိပ်ဘာသာစကား၌ တစ်ခါတစ်ရံဘာသာပြန်ဆိုကြသည့်အတိုင်း ယောဟန် ၃း၅ ကို "ရေ၊ ဝိညာဉ်တော်နှင့်ပင်လျှင်" ဟူ၍လည်းကောင်း၊ "ရေတည်းဟူသောဝိညာဉ်တော်" ဟူ၍လည်းကောင်း ဘာသာပြန်နိုင်ပါသည်။ သန့်ရှင်း သောဝိညာဉ်တော်၏အမှုတော်နှင့်အလားတူသောကသရေလူတို့အားပေးထားသည့် ပဋိညာဉ်သစ်၏ဝိညာဉ်ရေး လက္ခဏာသွင်ပြင်များကို သခင်ယေရှုခရစ်အား ယုံကြည်သောတပါးအမျိုးတို့ကလည်း မျှဝေခံစားကြရသည်။

ဤထက်မကပြောဆိုရန်ရှိနေသော်လည်း ရေဗတ္တိဇံခံခြင်းသည် ဤကျမ်းစကားအဆက်စအပ်နှင့် ကိုက်ညီဆီလျော်မှုမရှိကြောင်းကိုသာ ကျွန်ုပ်တို့ပြောကြားလိုသည်။ ဤကျမ်းချက်၏နောက်၌ ဆက်တိုက်တွေ့ရှိရသည့်အဖြစ်အပျက်များနှင့် ရှင်းလင်းပြောဆိုချက် (ယောဟန် ၃း၁–၁၈) များက အသစ်သောမွေးဖွားခြင်း၊ နိုင်ငံတော်သို့ဝင်ရောက်ခြင်း၊ ထာဝရအသက်ရရှိခြင်းတို့သည် သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းတွင် အားလုံးအခြေခံထားကြပြီး၊ အခြားမည်သည့်အရာတွင်မျှ အခြေမခံကြကြောင်းကို အလွန်ရှင်းလင်းစွာပြသထားကြသည်။

ယုံကြည်သည်နှင့် နာခံသည် (Believe and obey)။ ယောဟန် ၃း၃၆

"သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကို ပယ်သောသူမူကား အသက်ကိုမတွေ့ရ။ ထိုသူ၏အပေါ်၌ ဘုရားသခင်၏ အမျက်တော်တည်နေသည်။"

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် သခင်ခရစ်တော်ကို ယုံကြည်၍ နာခံခြင်းရှိလျှင် ကယ်တင်ခြင်းသို့ရောက်သည်။

ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်

ယောက်သည် သခင်ခရစ်တော်ကို ယုံကြည်ရန်ပညတ်ထားချက်ကို နာခံလျှင် ကယ်တင်ခြင်းသို့ရောက်သည်။

အထက်တွင်ကိုးကားမှီငြမ်းထားသည့် NKJV ကျမ်းစာသည် ပြဿနာတစ်ခုကို တင်ပြနေသယောင်မထင်ရပါ။ အကြောင်းမှာ ထိုကျမ်းစာကို ဘာသာပြန်ဆိုခဲ့သူများက "သားတော်ကိုမယုံကြည်သောသူ" ("does not believe the Son") ဟူသော စကားစုမှ ဂရိစကားလုံး *peithô* သည် ယုံကြည်သည်(believe) ဟူသောစကားလုံးနှင့် ညီမျှသောအဓိပ္ပါယ်ဆောင်ထားကြောင်းကို သဘောပေါက်ထားကြသည်။ သို့သော်၊ NASB နှင့် ESV ကျမ်းစာများတွင် *peithô* ဟူသောစကားလုံးကို နာခံသည် (obey) (သားတော်ကိုနာခံခြင်းမရှိသောသူမူကား အသက်ကို မတွေ့ရ) ဟုဘာသာပြန်ဆိုထားပြီး၊ ထိုဘာသာပြန်ဆိုမှုသည် ပထမ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကိုဖြစ်ပေါ်စေပါသည်။ ယုံကြည်သည်နှင့် နာခံသည်ဟူသောစကားလုံးတို့နှင့်နီးနွယ်နေသည့် အခန်းငယ် ၃၆ ၏ ဘာသာစကားအသုံးအနှုန်းကြောင့်၊ အချို့ကကယ်တင်ခြင်းကိုဖြစ်စေသည့် တစ်ခုတည်းသောယုံကြည်ခြင်းမှာ ဘုရားသခင်ကိုနာခံသည့် ယုံကြည်ခြင်းဖြစ်သည်ဟု အတင်းအကျပ်တိုက်တွန်းထားကြသည်။ ဆိုလိုသည်မှာ နာခံခြင်းကို အာမခံသည့် ယုံကြည်ခြင်းဖြစ်သည်။

ဤကျမ်းစကားအဆက်အစပ်၌တွေ့မြင်ရသည့် အလားတူကျမ်းချက်တစ်ခုဖြစ်သည့် အခန်းငယ် ၁၈ ကိုကြည့် ရှုလေ့လာခြင်းက အထောက်အကူဖြစ်စေပါသည်။ ထိုကျမ်းချက်တွင် မယုံကြည်ခြင်းသည် ယခုအပြစ်စီရင်ခံရခြင်း အတွက် အကြောင်းအရင်းဖြစ်ကြောင်းကို "မယုံကြည်သောကြောင့် ယခုပင်အပြစ်စီရင်ခြင်းကိုခံရ၏။" ဟူ၍ တွေ့ရသည်။ ဤအရာကို အခန်းငယ် ၃၆ ရှိထုတ်ဖော်ပြောဆိုချက်ဖြစ်သည့် "ထိုသူပေါ်၌ ဘုရားသခင်၏အမျက်တော်တည်နေသည်" နှင့်နှိုင်းယှဉ်ကြည့်နိုင်သည်။ ဤအချက်ကိုလည်းကောင်း၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏တင်ပြပြောဆိုထားချက်သည် ယုံကြည်ခြင်းအတွက်ထာဝရအသက်နှင့် မယုံကြည်ခြင်းအတွက်အပြစ်စီရင်ခံရခြင်း ဟူသောထူးထူးကဲကဲတင်ပြပြောဆိုထားချက်ကိုလည်းကောင်း ကျွန်ုပ်တို့စဉ်းစားသုံးသပ်သောအခါ NKJV ၏ ဘာသာပြန်ဆိုချက်သည် အလွန်အဓိပ္ပါယ်ရှိလှသည်။ ဤကျမ်းစကားအဆက်အစပ်၌ ရှင်ယောဟန်လုပ်ဆောင်နေသောအရာမှာ သခင်ယေရှုခရစ်သည် ခမည်းတော်ဘုရား၏အချုပ်အခြာအာဏာကို ပေးအပ်ခြင်းခံထားရသောသူဖြစ်သောကြောင့် နာခံရမည်ဟု တင်ပြပြောဆိုခြင်းဖြစ်သည်။ ဘုရားသခင်တောင်းဆိုပြဋ္ဌာန်းထားသည့် ပထမဦးဆုံး သောနာခံခြင်းမှာ မိမိစေလွှတ်တော်မူထားသော သခင်ယေရှုခရစ်ကိုယုံကြည်ရန်ဖြစ်သည်။

ယုံကြည်ခြင်းနှင့်နာခံခြင်းတို့သည် တူညီကြသည်ဟု သတ်မှတ်ယူဆထား

သောသူများ (သို့) ယုံကြည်ခြင်း သည်နာခံခြင်းကိုအာမခံပေးသည်ဟု ပြောဆိုနေသော သူများသည် ယုံကြည်ခြင်းခွံလုပ်ဆောင်မှု (အကျင့်) ကိုမုချလိုအပ်စေခြင်းဖြင့် နာခံခြင်း ဟူသောလုပ်ဆောင်မှု (အကျင့်) ကိုကယ်တင်ခြင်းအတွက် ပဓါနကျသောအခြေအနေ သတ်မှတ်ချက်တစ်ခုအဖြစ် ဖန်တီးနေကြပါသည်။ ဤအရာသည် ဓမ္မသစ်သွန်သင်ပေး ချက် တစ်ခုးလုံးဖြစ်သည့် ကယ်တင်ခြင်းသည်လုပ်ဆောင်မှု (အကျင့်) အားဖြင့်မဟုတ်၊ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ရရှိရသည်ဟူသောအချက်ကိုဆန့်ကျင် နေသည့်အပြင်၊ ထာဝရအသက်ရရှိရန်အတွက် အခြေအနေသတ်မှတ်ချက်အဖြစ်နှင့် ယုံကြည်ခြင်းတစ်ပါးတည်း၏ပြည့်စုံလုံလောက်မှုရှိခြင်းအပေါ်၌ ရှင်ယောဟန်ခရစ်ဝင် ကျမ်း၏ ရှင်းလင်းပြတ်သားသောအလေးအနက်ပြောဆိုထားချက်နှင့်ဆိုလျှင်ပြောစ ရာပင် မလိုတော့ပါ။

ရှင်ပြန်ထမြောက်ခြင်းနှစ်ပါး: (Two resurrections) ။ ယောဟန် ၅း၂၈–၂၉

> ၂၈ *"ဤအမှုအရာကို အံ့သြခြင်းမရှိကြနှင့်၊ သချိုင်းများမှာရှိသော သူအပေါင်းတို့သည် သားတော်၏ စကားသံကိုကြား၍၊* ၂၉ *ထွက်ရမည့် အချိန်ကာလရောက်လတ့ံ။ ကောင်းသောအကျင့်ကို ကျင့်သောသူတို့သည် အသက်ရှင်ရာထမြောက်ခြင်းသို့ငင်း၊ ဆိုးယုတ်သောအကျင့်ကို ကျင့်သော သူတို့သည် အပြစ်စီရင်ရာထမြောက်ခြင်းသို့ငင်း ထွက်ရကြလတ့ံ။"*

ပထမ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကောင်းသော အကျင့်ကိုကျင့်သောသူတို့သည် အသက်ရှင်ရာရှင်ပြန်ထမြောက်ခြင်း ကိုကြုံတွေ့ခံစားရစဉ်တွင် ဆိုးယုတ်သောအကျင့်ကိုကျင့်သောသူ တို့မူကား အပြစ်စီရင်ခံရမည်ဖြစ်သည်။

ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – မိမိတို့ ယုံကြည်ခြင်း၏သက်သေအထောက်အထားအဖြစ်နှင့် ကောင်းသော အကျင့်ကိုကျင့်သောသူများသည်အသက်ရှင်ရာရှင်ပြန်ထမြောက် ခြင်းကိုကြုံတွေ့ခံစားရစဉ်တွင်၊ မိမိတို့မယုံကြည်ခြင်း၏သက်သေ အထောက်အထားအဖြစ်နှင့်ဆိုးယုတ်သောအကျင့်ကိုကျင့်သော သူများသည် အပြစ်စီရင်ခြင်းကိုခံရမည်ဖြစ်သည်။

တတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်

> ယေရှုခရစ်ကိုယုံကြည်ခြင်းတည်းဟူသောကောင်းသောအကျင့်ကို ကျင့်သောသူများသည် မိမိတို့၏ရှင်ပြန်ထမြောက်ခြင်းတွင် ထာဝရအသက်ကိုကြုံတွေ့ခံစားရမည်ဖြစ်ပြီး၊ သခင်ယေရှုခရစ်ကိုငြင်းပယ်ခြင်းတည်းဟူသော ဆိုးယုတ်သောအကျင့်ကိုကျင့်သောသူများသည် မိမိတို့၏ရှင်ပြန်ထမြောက်ခြင်းတွင်အပြစ်စီရင်ခြင်းကိုကြုံတွေ့ခံစားကြရမည်ဖြစ်သည်။

အပေါ်ယံအားဖြင့်ကြည့်လျှင် ဤကျမ်းချက်က ခပ်သိမ်းသောလူတို့၏ ရှင်ပြန်ထမြောက်ခြင်းတွင် တရားစီရင်ခြင်းတစ်ခုရှိမည်ဖြစ်ပြီး၊ ထိုတရားစီရင်ခြင်းတွင် ၄င်းတို့သည် အသက်ရှင်ရာရှင်ပြန်ထမြောက်ခြင်းကိုသော်လည်းကောင်း၊ အပြစ်စီရင်ရာရှင်ပြန်ထမြောက်ခြင်းကိုသော်လည်းကောင်းရရှိကြမည်ကို အဆုံးအဖြတ်ပေးရန်တစ်ဦးချင်း၏အကျင့် (လုပ်ဆောင်မှု) ကိုစစ်ဆေးကြည့်ရှုမည်ဖြစ်သည်ဟု ညွှန်ပြနေသယောင်ထင်မှတ်ရသည်။ ပထမ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကတစ်ဦးတစ်ယောက်၏ကယ်တင်ခြင်းသည် ဤအသက်တာ၌ပြုလုပ်ခဲ့သောလုပ်ဆောင်မှုအပေါ် တွင် အခြေခံသည်ဟုမှတ်ယူထားသည်။ သို့သော်၊ ဤအချက်သည်ရှင်ယောဟန်ခရစ်ဝင်ကျမ်းရှိယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်ရသည်ဟူသောအလေးအနက်ပြောဆိုထားချက်နှင့် ဆန့်ကျင်နေကြောင်းကို ကျွန်ုပ်တို့အလျင်အမြန်သိရှိနားလည်လာရသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ပြောဆိုထားသောအချက်မှာ ယုံကြည်ခြင်းသည် ထာဝရအသက်ရရှိခြင်းကိုဖြစ်စေ၍၊ မယုံကြည်ခြင်းသည် အပြစ်စီရင်ခြင်းကိုဖြစ်စေသည် ဟူ၍ဖြစ်သည် (ယောဟန် ၃း၁၈၊ ၃၆)။ ဤအမှုကိစ္စသည် ရှင်းလင်းထင်ရှားမှုမရှိသော ကျမ်းပိုဒ်များကို ရှင်းလင်းထင်ရှားမှုရှိသောကျမ်းပိုဒ်များအရ အနက်ဖွင့်ဘာသာပြန်ဆိုရမည့်နေရာဖြစ်သည်။

ဒုတိယ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ဆုပ်ကိုင်ထားသောသူများက အကျင့် (လုပ်ဆောင် မှုများ) သည်ကယ်တင်ခြင်းသို့ရောက်ခြင်းအတွက် အခြေခံအကြောင်းရင်းမဟုတ်၊ ၄င်းတို့သည်တရားစီရင်ခြင်း အတွက်အခြေခံအကြောင်းရင်းများသာဖြစ်ကြသည်ဟု ပြောခဲ့ကြပေမည်။ တစ်ဦးတစ်ယောက်၏အကျင့် (လုပ်ဆောင်မှုများ) အားကြည့်ရှုစစ်ဆေးခြင်းက ထိုသူသည်သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ်အမှန်တကယ်ယုံကြည်ခဲ့ကြောင်းကို အတည်ပြုပေးမည် (သို့) ငြင်းပယ်မည်ဖြစ်သည်။ တရားရုံး၌ပြုလုပ်ကြသည့်အတိုင်းသက်သေ အထောက်အထားသည်အပြစ်မရှိကြောင်းစီရင်ချက်ကိုချစေမည် (သို့) အပြစ်ရှိကြောင်းစီရင်ချက်ကို ချစေမည်ဖြစ်သည်။ ဤအရာသည် အကျင့် (လုပ်ဆောင်မှုများ)ကို ကယ်တင်ခြင်းမှ လုံလုံလောက်လောက်ခွဲမထားနိုင်ကြောင်း ကနဦးပိုင်း၌ ကျွန်ုပ်တို့ငြင်းခုံဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ အဆုံးတွင်၊

ဤအနက်ဖွင့်ဘာသာပြန်ဆိုချက်နှင့်ဆိုလျှင် တစ်ဦးတစ်ယောက်၏ကံကြမ္မာကိုအဆုံးအဖြတ်ပေးသောအရာမှာ အကျင့် (လုပ်ဆောင်မှုများ) သာဖြစ်နေပါသည်။ သို့သော်၊ ဤအရာသည်ဤကျမ်းချက်၏သွန်သင်ပေးထားချက်နှင့် စပ်လျဉ်း၍ကျမ်းစကားအဆက်အစပ်က ပို့ဆောင်ဆိုက်ရောက် သွားစေသောအရာဟုတ်ပါသလား။

အခန်းငယ် ၂၈–၂၉ ရှေ့ရှိ ကျမ်းစကားအဆက်အစပ်တွင် သခင်ယေရှုက မိမိကိုသတ်ရန်ကြိုးစားနေသော ယုဒလူများထံ၌ (၅း၁၆–၁၈) မိမိသည် တရားစီရင်ခြင်းအခွင့်နှင့်အသက်ရှင်ခြင်းကိုပေးခြင်းအခွင့်တို့အတွက် ခမည်းတော်၏အချုပ်အခြာအာဏာကိုရရှိထားကြောင်းရှင်းပြထားသည် (၅း၁၉–၂၂)။ ကိုယ်တော်သည် လူအုပ်စုနှစ်စုကို နှိုင်းယှဉ်ပြောဆိုထားသည်။ ၄င်းတို့မှာ သားတော်နှင့်ခမည်းတော်တို့ကို ရိုသေဂုဏ်ပြုသောသူများနှင့် ရိုသေဂုဏ်ပြုခြင်းမရှိသောသူများဖြစ်ကြသည် (၅း၂၃)။ ထို့နောက်၊ သခင်ယေရှုက လေးနက်ပြတ်သားသောအဟန်(*amen amen* မှရောက်ရှိလာသည့် “ငါအမှန်အကန်ဆိုသည်ကား”) ဖြင့်မိမိနှင့်ခမည်းတော်တို့ကို ရိုသေဂုဏ်ပြုသောအုပ်စုအား ၄င်းတို့သည် “ငါ့စကားကိုနားထောင်၍၊ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူ”များဖြစ်သည် ဟုထုတ်ဖော်ပြောဆိုခဲ့သည်။ ဤလူအုပ်စုသည် “ထာဝရအသက်ကိုရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှအသက်ရှင်ခြင်းသို့ကူးမြောက်သောသူ”များဖြစ်ကြသည် (၅း၂၄)။ ဤအရာသည် သခင်ယေရှုခရစ်ကိုယုံကြည်သောသူတို့၌ ထာဝရအသက်ကိုယခုပစ္စုပ္ပန်တွင် ပိုင်ဆိုင်ထားကြပြီး၊ အနာဂတ်တွင်တရားစီရင်ခြင်းခံရမည်မဟုတ်ဟူသော ရှင်းလင်းပြတ်သားသည့်ထုတ်ဖော်ပြောဆိုချက်တစ်ခုဖြစ်ပါသည်။

ထို့နောက်၊ သခင်ယေရှုက လူသားများကိုစောင့်စားနေသည့် အနာဂတ်ရှင်ပြန်ထမြောက်ခြင်းနှစ်ပါး အကြောင်းကိုလိပ်မူပြောဆိုထားသည်။ သခင်ယေရှုသည် ဤရှင်ပြန်ထမြောက်ခြင်းနှစ်ပါးကို အချိန်ကာလအားဖြင့်ခွဲခြားဖော်ပြခြင်းမပြခဲ့သော်လည်း၊ ဤရှင်ပြန်ထမြောက်ခြင်းများသည် နှစ်ပေါင်းတစ်ထောင်ဖြင့်ခွဲထားခြင်းခံရမည်ဖြစ်ကြောင်းကို ဗျာဒိတ် ၂၀း၄–၁၅ တွင်ကျွန်ုပ်တို့မြင်တွေ့ရသည်။ ဤအချက်တစ်ခုတည်းကပင် ဤရှင်ပြန် ထမြောက်ခြင်းများသည် တစ်ဦးတစ်ယောက်၏ကယ်တင်ခြင်းကိုအဆုံးအဖြတ်မည့် အချိန်များမဟုတ်၊ တစ်ဦးချင်း၏ကံကြမ္မာကိုပေးအပ်သည့် အချိန်များသာဖြစ်ကြကြောင်း ကျွန်ုပ်တို့ကိုပြောပြပါသည်။ ဤရှင်ပြန်ထမြောက်ခြင်းများကိုပြောဆိုခြင်းမတိုင်မီရှိ သခင်ယေရှု၏နိဒါန်းပျိုးစကားမှာ “မိမိ၌အသက်ရှင်ရသောအခွင့်”ရှိသည်ဟူ၍ဖြစ်ပြီး၊ ထိုပြောဆိုချက်ဖြင့် သခင်ယေရှုက ထာဝရအသက်ကိုရရှိထားသောသူများသည် အသက်ဖြစ်တော်မူသော မိမိ၌လုံခြုံစွာရှိနေကြသည်ဟုသွယ်ဝိုက်ပြောဆိုနေပါသည် (၅း၂၅–၂၆)။ ဤရှင်ပြန်ထမြောက်ခြင်းများသည် ၅း၂၄ ရှိယုံကြည်ခြင်းနှင့်မယုံကြည်ခြင်းတို့၏အကျိုးဆက်များနှင့်အပြိုင်ဖြစ်နေကြသည်။

အသက်ရှင်ရာရှင်ပြန်ထမြောက် ခြင်းသည် ယုံကြည်သောသူတိုင်းခံစေးသနားထားသည့် ထာဝရအသက်နှင့်အပြိုင်ဖြစ်နေပြီး၊ အပြစ်စီရင်ရာရှင်ပြန် ထမြောက်ခြင်းသည် ယုံကြည်သူများလွတ်ငြိမ်းကြမည့် ၅း၂၄ (အပြစ်စီရင်ခြင်းမခံရ) ၌ဖေါ်ပြထားသော တရားစီရင်ခြင်းနှင့်အပြိုင်ဖြစ်နေသည်။

သခင်ယေရှုက "ကောင်းသောအကျင့်ကိုကျင့်သောသူတို့" (တိုက်ရိုက်အားဖြင့်ဆိုရလျှင် "ကောင်းသောအရာ" *ta agatha* ဟူ၍ဖြစ်သည်) ကို ရည်ညွှန်းပြောဆိုချိန်တွင် ထိုပြောဆိုချက်ကိုကျမ်းအဆက်အစပ်က အခန်းငယ် ၂၃–၂၄ အရသဘောပေါက်နားလည်ဖို့ ကျွန်ုပ်တို့ကိုဆောင်ယူသွားပါသည်။ ဤအုပ်စုသည်သားတော်ကို ရိုသေဂုဏ်ပြု၍ သားတော်၏စကားကိုနားထောင်ပြီး၊ သားတော်ကိုယုံကြည်ခဲ့ကြသည်။ အပြန်အလှန်အားဖြင့် "ဆိုး ယုတ်သောအကျင့်ကိုကျင့်သောသူတို့" (တိုက်ရိုက်အားဖြင့် ဆိုလျှင် "ဆိုးယုတ်သောအရာ" *ta phaula* ဟူ၍ ဖြစ်သည်) သည်သားတော်ကို ရိုသေဂုဏ်ပြုခြင်းမရှိ၊ သားတော်၏စကားကိုနားမထောင်၊ သားတော်ကိုမယုံကြည်သောအုပ်စုဖြစ်သည်။ အုပ်စုတစ်စုချင်း၏ ကံကြမ္မာသည် ၄င်းတို့၏လွန်ခဲ့သောအချိန်မှပြုလုပ်ခဲ့သောတုန့်ပြန်မှုများအားဖြင့် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ၄င်းတို့၏ရှင်ပြန်ထမြောက်ခြင်းတွင် ၄င်းတို့၏ကံကြမ္မာကို *မဆုံးဖြတ်ပါ*။ ၄င်းတို့၏ ရှင်ပြန်ထမြောက်ခြင်းတွင် ၄င်းတို့၏ကံကြမ္မာကို *ယွဲ့အပ်ပါသည်*။ ရှင်ယောဟန်သည် ဤလူအုပ်စုနှစ်စုကိုနှိုင်းယှဉ်ခြင်းဖြင့်အကြောင်းအရာများကိုလုံးလုံးကွဲပြားခြား နားသောအရာများအဖြစ်ဖေါ်ပြရသည်ကိုနှစ်သက်ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ တူညီသောစကားအသုံးအနှုန်းနှင့် အတူအလားတူနှိုင်းယှဉ်မှုကို ယောဟန် ၃း၁၈–၂၁ တွင်လည်း ကျွန်ုပ်တို့တွေ့ရသည်။ ထိုကျမ်းချက်တွင် လူတစ်ယောက်၏ကံကြမ္မာသည် ၄င်းတို့၏တုန့်ပြန်မှုအတိုင်းတံဆိပ်ခတ်ထားပြီဖြစ်သည်။ "သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းမခံရ။ မယုံကြည်သောသူမူကား ...ယခုပင်အပြစ်စီရင်ခြင်းကိုခံရ၏" (၎ယ ၁၈)။

ကျမ်းစကားအဆက်အစပ်အရ၊ ကောင်းသောအကျင့်ကျင့်ခြင်း (သို့) ဆိုးယုတ်သောအကျင့်ကျင့်ခြင်းကို ယုံကြည်ခြင်း (သို့) မယုံကြည်ခြင်း၏သက်သေအထောက်အထားသဖွယ်ယူဆထားသည့် ဒုတိယ က သမ္မာတရားထက်တတိယ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ပို၍ထောက်ခံမှုရရှိထားသည်။ ယောဟန် ၃း၂၁တွင်၊ အပြစ်စီရင်ခြင်းမှ လွတ်ငြိမ်းသောသူသည် "သမ္မာတရားကို ကျင့်သောသူ" ဖြစ်သည်ဟု ထုတ်ဖော်ပြောဆို ထားပြီး၊ ၆း၂၉ တွင်သခင်ယေရှုခရစ်အားယုံကြည်ခြင်းကို ကောင်းသောအကျင့်ကိုကျင့်ခြင်း (သို့) "အလိုတော် နှင့်ညီသောအကျင့်" ကိုကျင့်ခြင်းဟုပြောဆိုထားသည် (မဿဲ ၇း၂၁–၂၃ ရှိဆွေးနွေးချက်နှင့် နောက်လာမည့် ဆွေးနွေးချက်ကိုကြည့်ပါ)။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းသည် သင့်တင့်မှန်ကန်သောအရာဖြစ်ပြီး၊ ၄င်းသည် ယခုပစ္စုပ္ပန်၌ ထာဝရအသက်ရရှိခြင်း

ကိုလည်းကောင်း၊ အနာဂတ်၌အသက်ရှင်ရာ ရှင်ပြန် ထမြောက်ခြင်းကိုလည်းကောင်း ကြုံတွေ့ခံစားရခြင်းတွင် အဖြေထွက်ပါသည်။ အခြားတစ်ဖက်တွင်၊ ဆိုးယုတ်သော အကျင့်ကိုကျင့်ခြင်းသည် သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် ငြင်းပယ်ခြင်းဖြစ်လိမ့်မည် (ယောဟန် ၃း၂၀)။ သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ်ယုံကြည်ခြင်းထက်ပို၍ ကောင်းသောအရာကိုမည်သူမျှ မလုပ်ဆောင်နိုင်ပါ။

ဘုရားသခင်၏ အလိုတော်နှင့်ညီသောအကျင့် (The work of God)။ ယောဟန် ၆း၂၈–၂၉

> ၂၈ *ထိုသူတို့ကလည်း၊ ဘုရားသခင်၏အလိုတော်နှင့်ညီသောအကျင့်ကိုကျင့်ခြင်းငှါ၊ အဘယ်သို့ပြုရပါမည်နည်း ဟုမေးလျှောက် ကြ၏။*
> ၂၉ *ယေရှုကလည်း၊ ဘုရားသခင်စေလွှတ်တော်မူသောသူကို ယုံကြည်ခြင်းအကျင့်ကား၊ အလိုတော်နှင့်ညီသောအကျင့်တည်းဟုမိန့်တော်မူ၏။*

> **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကယ်တင်ခြင်းအတွက် သခင်ယေရှုခရစ်ကိုယုံကြည်ရာတွင် အလုပ်လုပ်နေသော ယုံကြည်ခြင်းလိုအပ်သည်။

> ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကယ်တင်ခြင်းအတွက်သခင်ယေရှုခရစ်ကို ယုံကြည်ရာတွင်ရိုးရှင်းသော ယုံကြည်ခြင်းလိုအပ်သည်။

ယုံကြည်ခြင်းသည် နာခံခြင်း (သို့) အကျင့် (လုပ်ဆောင်မှုများ) ဖြစ်သည်ဟု ငြင်းခုံရန်ဤကျမ်းချက်ကို အသုံးပြုကြသည်။ အကြောင်းမှာ၊ ယုဒလူများက သခင်ယေရှုထံ၌ "ဘုရားသခင်၏အလိုတော်နှင့်ညီသောအကျင့် ကိုကျင့်ခြင်းငှါအဘယ်သို့ပြုရပါမည်နည်း" ဟုမေးခဲ့ကြသောအချိန်တွင်၊ သခင်ယေရှုကလည်း "ဘုရားသခင်စေလွှတ်တော်မူသောသူကိုယုံကြည်ခြင်းအကျင့်ကား၊ အလိုတော်နှင့်ညီသောအကျင့်တည်း" ဟုဖြေဆိုခဲ့သောကြောင့်ဖြစ်သည်။

အထက်ပါမေးခွန်းသည် ကယ်တင်ခြင်းကို ထိုက်ထိုက်တန်တန် ရရှိနိုင်ဖို့ အလို့ငှါ တစ်စုံတစ်ခုကိုလုပ်ဆောင်ရမည်ဟူသောထိုခေတ်ကာလမှယုဒလူတို့၏စိတ်နေစိတ်ထားကိုရောင်ပြန်ဟပ်နေပါသည်။ ယုဒလူတို့သည် မောရှေ၏ပညတ်တရားကို မိမိ

တို့အကိုးအကားပြုရာအဖြစ်ရှိထားကြသော်လည်း၊ ထိုပညတ်တရားတွင် ပညတ်ချက်များစွာ (၆၁၃) ရှိနေသောကြောင့် ၄င်းတို့၏ဆွေးနွေးမှုများသည် ဘုရားသခင်၏ရှေ့တော်၌ဖြောင့်မတ်သောသူဖြစ်ဖို့အလိုငှါ မည်သည့်ပညတ်ချက်သည် အရေးကြီးဆုံးဖြစ်သနည်းဟူသောအချက်တွင်ဗဟိုပြုထားကြသည် (မဿဲ ၂၂း၃၄–၃၆)။ ဘုရားသခင်၏တောင်းဆိုပြဋ္ဌန်းချက်နှင့်စပ်လျဉ်း၍ ထိုခေတ်မှကျမ်းတတ်ပုဂ္ဂိုလ် (rabbi) တစ်ဦးစီတွင် ကွဲပြားသောအဖြေတစ်ခုစီရှိထားကြသည်။ အခြားကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးအဖြစ်ရှုမြင်ခံရသော သခင်ယေရှုကိုလည်း "ဟုတ်ပြီ၊ ဆရာယေရှု၊ ဘုရားသခင်ရှေ့မှာဖြောင့်မတ်တဲ့သူဖြစ်ဖို့အတွက် လုပ်ဆောင်ရမယ့်အရာတွေရဲ့စာရင်းကို ကျွန်တော်တို့သိထားတယ်။ ဆရာ့ရဲ့စာရင်းကကောဘယ်လိုလဲ" ဟု စမ်းသပ်ခဲ့ကြသည်။

သခင်ယေရှု၏ရိုးရှင်းလှသောအဖြေမှာ "ဘုရားသခင်၏အလိုတော်နှင့်ညီသောအကျင့်မှာ ...." ဟူ၍ ဖြစ်သည်။ သခင်ယေရှုသည် ၄င်းတို့၏လုပ်ဆောင်ရမည့်အရာများစာရင်းတောင်းဆိုမှုတွင်အညံ့မခံခဲ့ပါ။ ၄င်းတို့ တောင်းဆိုထားသည့် "အကျင့်များ" (လုပ်ဆောင်ရမည့်အရာများ) အပေါ်၌တစ်ဖက်လှည့်၍ "အကျင့်" (လုပ်ဆောင်ရမည့်အရာ) ဟုအနည်းကိန်းပြစကားလုံးကိုအသုံးပြု၍ လုပ်ဆောင်ရမည့်အရာတစ်ခုကိုဖော်ပြခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ကိုယ်တော်က "ဘုရားသခင်ကလက်ခံတဲ့သူဖြစ်လာဖို့ ခင်ဗျားတို့လုပ်ရမဲ့အလုပ်က ဘုရားသခင်စေလွှတ်ထားတဲ့ငါ့ကိုယုံကြည်လိုက်ဖို့ပဲဖြစ်တယ်" ဟုဖြေကြားခဲ့သည်။ သခင်ယေရှုက ယုံကြည်ခြင်းမှတစ်ပါးအခြားမည့်သည့်အရာကိုမျှ "လုပ်ဆောင်" ရန်မပြောခဲ့ပါ။ ထိုယုံကြည်ခြင်းသည် ဘုရားသခင်မိန့်မှာသမျှနှင့် ဘုရားသခင်တောင်းဆို ပြဋ္ဌာန်းသမျှသောအရာဖြစ်သည် (နှိုင်းယှဉ်၊ ၁ယော ၃း၂၃)။

ဘုရားသခင်ကို သိကျွမ်းရန်အတွက်လည်းကောင်း၊ ကောင်းကင်ဘုံဝင်ရောက်ဖို့အတွက်လည်းကောင်း၊ ကယ်တင်ခြင်းကိုရှာတွေ့ရန်အတွက်လည်းကောင်း လုပ်ဆောင်ရမည်အရာများစာရင်းအမျိုးမျိုးကိုရှိထားကြသည့် ကိုးကွယ်ယုံကြည်မှုများနှင့်ပြည့်နေသည့် ဤလောကကြီးတွင် သခင်ယေရှုကသူသည်ကျွန်ုပ်တို့ကို အပြစ်ဒုစရိုက်မှ ကယ်တင်ပေးသည့်ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ်ဘုရားသခင်ကစေလွှတ်ခဲ့ကြောင်းကိုသာရိုးရိုးရှင်းရှင်းကျွန်ုပ်တို့ ယုံကြည်ရမည်ဖြစ်ကြောင်း သွန်သင်ပေးချက်သည် အဘယ်မျှတစ်မူထူးခြားခြင်းအားရစဖွယ်ဖြစ်ပါသနည်း။ သမ္မာကျမ်းစာနှင့်ညီညွတ်သော ခရစ်ယာန်ဘာသာသည် ရှင်းလင်းပြတ်သားလှသော ဤသွန်သင်ချက်ကို လက်လွှတ်ဆုံးရှုံးလျှင်ကျွန်ုပ်တို့သည် ထာဝရကယ်တင်ခြင်းကိုထိုက်ထိုက်တန်တန်ရရှိဖို့ အလုပ်လုပ်ရမည် (ကောင်းသောအကျင့်ကိုကျင့်ကိုကျင့်ရမည်) ဟုသွန်သင်ပေးသည့် ကမ္ဘာပေါ်မှအခြားကိုးကွယ်ယုံကြည်မှုများနှင့် အတူတူပင်ဖြစ်သွားပါလိမ့်မည်။

သခင်ယေရှု၏ ခန္ဓာကိုစား၍ အသွေးကိုသောက်လော့။(Eat Jesus' body and drink His blood)။ ယောဟန် ၆း၄၈–၅၈

၄၈ "ငါသည် အသက်မုန့်ဖြစ်၏။ ၄၉ သင်တို့ဘိုးဘေးများသည် တောခ်ိမန္နကိုစားလျက်သေရကြ၏။ ၅၀ ကောင်းကင်မှဆင်းသက် သောမုန့်ကိုစားသောသူသည် သေခြင်းနှင့်ကင်းလွတ်၏။ ၅၁ ငါသည် ကောင်းကင်မှဆင်းသက်သော အသက်မုန့်ဖြစ်၏။ ဤမုန့်ကိုစားသော သူမည်သည်ကား၊ အစဉ်မပြတ်အသက်ရှင်လိမ့်မည်။ ငါပေးသောမုန့်ကား၊ လောကီသားတို့၏အသက်အတို့အလို့ငှါစွန့်သော ငါ၏အသားပေတည်း ဟု မိန့်တော်မူ၏။ ၅၂ ထိုအခါယုဒလူတို့က၊ ဤသူ သည်မိမိအသား ကိုငါတို့စားစရာဘို့အဘယ်သို့ပေးနိုင်သနည်းဟု အချင်းချင်းငြင်း ခုံကြ၏။ ၅၃ ယေရှုကလည်း၊ ငါအမှန်အကန်ဆိုသည်ကား၊ လူသား၏အသား ကိုမစား၊ အသွေးကိုမသောက် လျှင်သင်တို့၌အသက်မရှိ။ ၅၄ ငါ၏အသားကိုစား၍ ငါ၏အသွေးကိုလည်း သောက်သောသူသည် ထာဝရအသက်ကိုရ၏။ ထိုသူကိုနောက်ဆုံးသောနေ့၌ ငါထမြောက်စေ မည်။ ၅၅ ငါ၏ အသားသည် စားစရာကောင်း၏။ ငါ၏အသွေးလည်း သောက်စရာကောင်း၏။ ၅၆ ငါ၏အသား အသွေးကိုသောက်စားသော သူသည် ငါ၌တည်၏။ ထိုသူ၌လည်းငါတည်၏။ ၅၇ အသက်ရှင် တော်မူသောခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍၊ ငါသည် ခမည်းတော်အားဖြင့် အသက် ရှင်သည်နည်းတူ၊ ငါ့ကိုစားသောသူသည် ငါ့အားဖြင့်အသက်ရှင်လိမ့်မည်။ ၅၈ ဤမုန့်ကား၊ ကောင်းကင်မှဆင်း သက်သောမုန့်ဖြစ်၏။ သင်တို့ဘိုးဘေးများသည် မန္နကိုစားလျက် သေရ သကဲ့သို့မဟုတ်၏ ဤမုန့်ကိုစားသောသူသည် အစဉ်မပြတ်၊ အသက်ရှင် လိမ့်မည်။"

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် သခင်ခရစ်တော်၏ကိုယ်ခန္ဓာနှင့် အသွေးတည်းဟူသော ပွဲတော်ကိုလက်ခံသုံးဆောင်လျှင် ကယ်တင်ခြင်းသို့ရောက်သည်။

ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ချက် – လူတစ်ယောက်သည် သခင်ခရစ်တော်ကို ယုံကြည်သောအချိန်တွင် ကယ်တင်ခြင်းသို့ရောက်ပြီး၊ ၄င်းကိုသခင်ခရစ်တော်၏အသားကိုစားခြင်းနှင့်အသွေးကိုသောက်ခြင်းဖြင့် ပုံဆောင်ထားပါသည်။

သခင်ယေရှု၏ အသက်မုန့်ဟောပြောသွန်သင်ချက်မှ ဤကျမ်းချက်သည်

ရောမင်ကက်သလစ်ဘာသာ၏ သွန်သင်ချက်ဖြစ်သော ဘုန်းတော်တစ်ပါးမှကောင်းကြီးပေးထားသည့် ပေါင်မုန့်နှင့်ဝိုင်အားမျိုချခြင်းဘာသာရေးအစဉ်အလာဖြစ်သည့် သန့်ရှင်းသော မင်္ဂလာပွဲတော် (Eucharist) သည်သခင်ယေရှုခရစ်၏ ကိုယ်ခန္ဓာနှင့်အသွေးစင်စစ်ဖြစ်လာသည်ဟူသောသွန်သင်ချက်၏အဆိုဖြစ်သည်။ ထိုအရာများကိုစားသုံးသောသူများသည် (သို့) သခင်ယေရှုကို လက်ခံသောသူတို့သည် ထာဝရအသက်ကို ရရှိကြသည်။ ဤအယူအဆတွင် ကျမ်းချက်ကိုယ်၌ကလိပ်မူမထားသည့်အခြား ပြဿနာများစွာရှိနေသည်။ ၄င်းတို့အနက်မှတစ်ခုမှာ ဤသွန်သင်ချက်သည် ရိုမန်ကက်သလစ်ဘာသာ၏ ဓမ္မမင်္ဂလာအမှုခုနစ်ပါးမှ တစ်ပါးသာဖြစ်သည်။ ထိုဓမ္မမင်္ဂလာအမှုခုနစ်ပါးသည် အဆိုအရ ဘုရားသခင်၏ကယ်တင်ခြင်းကျေးဇူးတော်ကို ဆောင်ယူလာပေးပြီး၊ ၄င်းတို့၏ဖွဲ့စည်းမှုစနစ်တွင် ကယ်တင်ခြင်းသည် ဤဓမ္မမင်္ဂလာအမှုတစ်ခုတည်းအား စောင့်ထိန်းကျင့်ကြံခြင်းတွင်သာမူတည်သည်မဟုတ် အခြားဓမ္မမင်္ဂလာအမှုများကိုစောင့်ထိန်းကျင့်ကြံခြင်းတွင်လည်းမူတည်နေသည်။ ကက်သလစ်ဘာသာဝင်များက (၄င်းတို့၏အယူ အဆတွင်) လူတစ်ယောက်သည် မင်္ဂလာပွဲတော်အားဖြင့် ထာဝရအသက်ကိုရရှိရသည်ဟု ဤကျမ်းချက်ကသွန်သင်ပေးသည်ဟု ဆိုထားကြသော်လည်း၊ မရှိမဖြစ်လုပ်ဆောင်ရမည့်အခြား ဓမ္မမင်္ဂလာအမှုများလည်းရှိနေသေးသောကြောင့် အကျဉ်းအကျပ်နှင့် ရင်ဆိုင်ကြရပါမည်။ ဤအယူအဆကို ဒုက္ခပေးနေသောအခြားပြဿနာတစ်ခုမှာ ဘုန်းတော် တစ်ပါးမှ ပေါင်မုန့်နှင့်ဝိုင်ကိုကောင်းကြီးပေးသောအချိန်တွင် ၄င်းတို့သည်သခင်ယေရှုခရစ်၏ ကိုယ်ခန္ဓာနှင့်အသွေး အဖြစ်အမှန်တကယ်ပြောင်းလဲသွားသည်ဟူသောအချက်ဖြစ်သည် (*transubstantiation - ဝတ္ထုပစ္စည်းများတိုက်ရိုက်ပြောင်းလဲသွားခြင်း*ဟုခေါ်သည်)။ ဤအယူအဆအတွက် သမ္မာကျမ်းစာနှင့်ညီညွတ်သောမည်သည့် သက်သေအထောက်အထားမျှ မရှိပါ။

ဤကျမ်းချက်မတိုင်မီ၌ ရှိနေသောကျမ်းစကားအဆက်အစပ်တွင် သခင်ယေရှုက မိမိကိုယုံကြည်ခြင်းအားဖြင့် ထာဝရအသက်ရရှိရသည့်အကြောင်းကို ရှင်းလင်းစွာပြောဆိုထားသည် (ယောဟန် ၆း၂၉၊ ၃၅၊ ၄၀၊ ၄၇)။ ဤ အခိုင်အမာပြောဆိုထားချက်များကို ဓမ္မဟောင်းကျမ်းမှ ကန္တရတောအရပ်၌ဖြစ်ပျက်ခဲ့သည့် မန္နမုန့်အဖြစ်အပျက်နှင့် မိမိကိုယ်၌က အသက်မုန့်ဖြစ်ကြောင်း နှိုင်းယှဉ်တင်စားခြင်းတို့ကို အသုံးပြုခြင်းအတွင်း၌ ပြောဆိုထားခြင်းဖြစ်သည်။ ကြည့်ခြင်းနှင့်ယုံကြည်ခြင်းကို နှိုင်းယှဉ်တင်စားရန်အတွက် တောလည်ရာ ၂၁ ရှိ ကြေးဝါမြွေရုပ်ကို ကနဉီး၌ ကိုယ်တော်ရှင်အသုံးပြုခဲ့သည့်နည်းတူ (ယောဟန် ၃း၁၅) ပေါင်မုန့်နှင့် နှိုင်းယှဉ်ခြင်းကလည်း စားသုံးခြင်းနှင့် ယုံကြည်ခြင်းတို့၏ကြားရှိနှိုင်းယှဉ်တင်စားမှုကို ဖိတ်ခေါ်ကမ်းလှမ်းနေပါသည်။ စားသုံးခြင်းနှင့်သောက်သုံးခြင်းတို့၏ နှိုင်းယှဉ်တင်စားမှုသည် သခင်ခရစ်တော်က မိမိအကြောင်းသွန်သင်ချက် သမ္မာတရားကို ကြိုဆိုလက်ခံခြင်း (သို့) နလုံးသွင်းခြင်းကို

အလေးအနက်ပြုထားသည်။

ရှင်ယောဟန်အမြဲလုပ်နေကြအတိုင်း၊ ယုံကြည်ခြင်းနှင့်စပ်လျဉ်းသော ၄င်း၏ နှိုင်းယှဉ်တင်စားချက်များသည် ရိုးရှင်းသောလုပ်ဆောင်မှုများသာဖြစ်ပြီး၊ ၄င်းတို့သည် ဘုရားသခင်၏ ရှေ့တော်၌အကျင့် (သို့) ကောင်းမှုကုသိုလ်တို့၏ မည်သည့်အရိပ်အယောင်ကိုမျှမဆောင်ထားကြပါ။ စားသုံးခြင်းနှင့်သောက်သုံးခြင်း (သို့မဟုတ် ရှင်ယောဟန် ခရစ်ဝင်ကျမ်း၌တွေ့ရသည့် ကြိုဆိုလက်ခံခြင်း၊ ကြည့်ရှုခြင်း၊ ကြားနာခြင်း၊ ဝင်ရောက်ခြင်း)တို့သည် သမ္မာတရားအား လက်ခံရယူခြင်းတို့၏ ရိုးရှင်းသောပုံဆောင်ပြသမှုများထက် ပိုသောအရာများဖြစ်ကြသည်ဟု ပြောဆိုခြင်းသည် ဤနှိုင်းယှဉ်တင်စားမှုကိုလိုသည်ထက်ဆွဲဆန့်သကဲ့သို့ ဖြစ်နေပါသည်။ စားသုံးခြင်းနှင့်သောက်သုံးခြင်းကို မည်သူကမျှ အလုပ်ဟုမယူဆပါ။ ၄င်းတို့သည် အာဟာရကိုရယူသုံးစွဲခြင်းသက်သက်သာ ဖြစ်ကြသည်။ တစ်ကြိမ်တွင် ကျွန်ုပ်သည် အာဖရိကတိုက်မှ ဂါနာနိုင်ငံတွင်ဘာသာပြန်တစ်ဦးအားဖြင့် *ယုံကြည်သည်* ဆိုသည်မှာ သမ္မာတရားတစ်ခုကို ယုံကြည်လက်ခံလာရန် စည်းရုံးသိမ်းသွင်းခံရခြင်း (သို့) နားချခံရခြင်းဖြစ်ပြီး၊ ထိုသို့ဖြင့် တစ်ဦးတစ်ယောက်က ထိုသမ္မာတရားကို လက်ခံရယူခြင်း (သို့) မှီခိုအားထားခြင်းဖြစ်ကြောင်း ရှင်းပြနေရာတွင် ထိုဘာသာပြန်က ကျွန်ုပ်ကိုကြားဖြတ်၍ "အို၊ ကျွန်တော်တို့ စကားမှ *ယုံကြည်သည်* ဆိုတဲ့စကားလုံးအတွက် အဓိပ္ပါယ်ပြည့်ဝကောင်းမွန်တဲ့ စကားလုံးရှိတယ်" ဟုပြောခဲ့သည်။ ထိုစကားလုံး၏ အဓိပ္ပါယ်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို *ယူ၍စားသုံးခြင်းဖြစ်သည်*။ လူတစ်ယောက်သည် သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်သောအခါ ထိုသူသည်သခင်ယေရှု၏ထာဝရအသက်ကိုပေးမည်ဟူသော ဂတိတော်ကိုရယူသုံးစွဲနေခြင်းဖြစ်သည် (သို့) မှီခိုအားထားနေခြင်းဖြစ်သည်။

သခင်ခရစ်တော်၏စကား၌ တည်သောတပည့်တော်များ (Disciples abide in Christ's word)။ ယောဟန် ၈း၃၀–၃၂

> *၃၀ ထိုစကားတော်ကိုမိန့်တော်မူစဉ်၊ လူများတို့သည်ယုံကြည်ခြင်းသို့ရောက်ကြ၏။ ၃၁ ထိုအခါ ယေရှုက၊ သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင်ငါတပည့်အမှန်ဖြစ်ကြ၏။ ၃၂ သမ္မာတရားကိုလည်းသိကြသဖြင့်၊ ထိုတရားသည် သင်တို့ကိုလွတ်လိမ့်မည်ဟု၊ ယုံကြည်သောယုဒလူတို့အားမိန့်တော်မူ၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ခရစ်တော်၏စကား (ဒေသနာ) ကိုဆက်လက်၍ နာခံလိုက်လျှောက်သောသူများသာလျှင် စစ်မှန်စွာကယ်တင်ခြင်းခံရသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ခရစ်တော်၏စကား (ဒေသနာ) ကိုဆက်လက်၍ နာခံလိုက်လျှောက်သောယုံကြည်သူများသာလျှင် ကိုယ်တော်ရှင်၏စစ်မှန်သောတပည့်တော်များဖြစ်ကြသည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ဤကျမ်းချက်တွင်ကယ်တင်ခြင်းကို ကျော်လွန်၍မည်သည့်အရာကိုမျှမမြင်ပါ။ ယုံကြည်ခြင်းကိုအတည့်အလင်းဝန်ခံထားသူများသည် ၄င်းတို့စစ်မှန်စွာ ကယ်တင်ခြင်းခံရကြောင်းကို သက်သေထူရန် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အမှန်တကယ်နာခံလိုက်လျှောက်ကြရမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ယုံကြည်သူယုဒလူများစွာသည် အပေါ်ယံယုံကြည်ခြင်းကိုသာရှိထားကြသောကြောင့် ထိုယုံကြည်ခြင်းကို ဘုရားသခင်၏နှုတ်ကပတ်တော်အားနာခံလိုက်လျှောက်ခြင်းဖြင့်သက်သေ ပြရပါမည်။ စစ်မှန်သောယုံကြည်သူများသာလျှင်တပည့်တော်များဖြစ်ကြ၍၊ စစ်မှန်သောယုံကြည်သူများသာလျှင် ၄င်းတို့၏အပြစ်ဒုစရိုက်အတွက်ခံယူရမည့်ထာဝရအပြစ်စီရင်ခြင်းမှ "လွတ်" ကြရသည်။

ရှင်းလင်းချက်ရေးသားပြုစုသူများစွာက က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို လက်ခံကြရသည့် အကြောင်းအရင်းများစွာရှိနေပါသည်။ ၄င်းတို့၏ငြင်းခုံချက်မှာ ဤသို့ဖြစ်သည်။ သခင်ယေရှုက ဤယုဒလူတို့အား နောက်ပိုင်းတွင် "သင်တို့သည် သင်တို့၏အဘတည်းဟူသော မာရ်နတ်မှဆင်းသက်ကြ၏" (ငယ် ၄၄) ဟုပြောခဲ့သောကြောင့် ၄င်းတို့သည် ကယ်တင်ခြင်းကိုရရှိခဲ့ကြမည် မဟုတ်ပါ။ ထို့အပြင်၊ အခန်းငယ် ၃၁ ကလည်း ၄င်းတို့သည် "ကိုယ်တော်ကိုယုံကြည်ကြ၏" (believe Him) ဟုသာပြောထားသည်။ "ကိုယ်တော်*၌*ယုံကြည်ကြ၏"(believe *in* Him)ဟုမပြောထားပါ။ ထိုမျှမက၊ ရှင်းလင်းချက်ရေးသားပြုစုသူများက စစ်မှန်သောယုံကြည်သူဖြစ်လာခြင်းနှင့် တပည့်တော်ဖြစ်လာခြင်းသည် တူညီသောအရာကို နည်းလမ်းနှစ်ခုဖြင့်ပြောဆိုခြင်းသာဖြစ်သည်ဟု ပြောဆိုထားကြသည်။

ဤကျမ်းချက်ကို ဝန်းရံထားသောကျမ်းစကားအဆက်အစပ်ကို ကျွန်ုပ်ကြည့်ရှုစစ်ဆေးသောအခါတွင် အထက်ပါအနက်ဖွင့် ဘာသာပြန်ဆိုချက်နှင့်ကျွန်ုပ်တို့အခက်တွေ့ရပါသည်။ ဤအပြန်အလှန်စကားပြောဆိုမှုသည် အခန်းငယ် ၃၃တွင် ရုန်လိုပြင်းထန်သောအသွင်သို့ချက်ချင်းပြောင်းလဲသွားပြီး၊ ယုဒလူများက သခင်ယေရှုကိုသတ်

ရန်ကြိုးစားကြသည့် အခန်းကြီးအဆုံးအထိ ဤရန်လိုပြင်းထန်မှုမှာ ဆက်လက်၍ရှိနေသည်မှာ မှန်ပါသည်။ ယုဒလူအချို့က ကိုယ်တော်ကိုယုံကြည်ခဲ့ကြသော်လည်း ဤတရားနာပရိသတ်ထဲမှအများစုမှာ ရန်လိုမှုရှိနေခဲ့ကြသည်မှာ ထင်ရှားနေပါသည်။ အခန်းငယ် ၃၁–၃၂ သည် သခင်ယေရှုက လူအုပ်ကြီးထဲမှ မိမိကိုယုံကြည်ခဲ့ကြသော အုပ်စုကို အကျဉ်းချုပ်လိပ်မူပြောဆိုထားချက်ဖြစ်ပြီး၊ ၄င်းသည်ကိုယ်တော်၏ရန်သူများနှင့် အပြန်အလှန်စကားပြောဆိုခြင်းကိုအကျိုးပြုသည့် အရေးပါသောအသိအမှတ်ပြုမှုတစ်ခုဖြစ်သည်။ အကြောင်းမှာ၊ သခင်ယေရှုက ဖြစ်နိုင်ချေရှိနေသော လွတ်မြောက်ခြင်းကို မိတ်ဆက်ပြောဆိုထားသောကြောင့်ဖြစ်သည်။

အခန်းငယ် ၃၀ ကို အခန်းငယ် ၃၁–၃၂ ၌ဆက်တိုက်တွေ့ရသော သခင်ယေရှုမှတ်ချက်ပေးထားမှုများ၏ကျမ်းစကားအဆက်အစပ်ကို စာဖတ်သူကသဘောပေါက်နားလည်ရန်ကူညီပေးဖို့ ပုံဖော်ဖန်တီးထားသည့် ရှင်ယောဟန်၏တည်းဖြတ်မှုနှင့်ဆိုင်သော မှတ်ချက်ပေးကြားဖြတ်ပြောဆိုမှု (အာမေဋိတ်စကား) အဖြစ်ကျွန်ုပ်တို့ရှုမြင် သင့်သည် (အလားတူပုံစံကို အခန်းငယ် ၂၇–၂၉ တွင်လည်း ရှင်ယောဟန်က အသုံးပြုထားသည်ကို ကျွန်ုပ်တို့မြင်တွေ့ရသည်)။ ရန်လိုနေသောယုဒလူများနှင့် စကားအပြန်အလှန်ပြောဆိုခြင်းကို ၄င်းတို့အားမည်သူမည်ဝါဖြစ်ကြောင်း စကားပလွင့်ခံခြင်းမရှိဘဲပြန်လည်အစပြုထားသည်။ အကြောင်းမှာ၊ ထိုယုဒလူတို့၏ဆန့်ကျင်အတိုက်အခံပြုခြင်း သည် စကားအပြန်အလှန်ပြောဆိုခြင်းကို အခန်းငယ် ၁၃ မှစ၍ အခန်းကြီးအဆုံးတိုင်တွန်းပို့သယ်ဆောင်သွားသောကြောင့်စကားပလွင့်ခံစရ မလိုတော့ပါ။

ဤကျမ်းချက်သည် က သမ္မာတရားဖြစ်သည်ဟု လူမြောက်များစွာအား ပြောဆိုစေသော ဒုတိယမြောက် အကြောင်းအရင်းမှာ ဤယုဒလူများသည် "ကိုယ်တော်ကိုယုံကြည်ကြ၏"ဟုဆိုထားသော်လည်း၊ ၄င်းယုံကြည်ခြင်းသည် ပြည့်စုံလုံလောက်မှုမရှိသောယုံကြည်ခြင်းဖြစ်သည်။ အကြောင်းမှာ၊ ယုဒလူများက "ကိုယ်တော်၌ယုံကြည်ခြင်း" မရှိခဲ့ကြသောကြောင့်ဖြစ်သည်ဟု အခိုင်မာပြောဆိုထားကြသောကြောင့်ဖြစ်သည်။ သို့သော်၊ အစောပိုင်းတွင် သခင်ယေရှုက"ငါသည် ဤမည်သောသူဖြစ်သည်ကို သင်တို့သည်မယုံလျှင်" မိမိတို့၏အပြစ်၌သေကြလိမ့်မည်ဟု ပျက်ဆီးခြင်းသို့ရောက်မည့်အကြောင်းကို သွယ်ဝိုက်ပြောဆိုရာတွင် ဝိဘတ် "တွင်/၌" ကို အသုံးမပြုခဲ့ပါ။ ထို့အပြင်၊ ကယ်တင်ခြင်းနှင့်ဆက်စပ်နေသည့် အလွန်ထင်ရှားပြတ်သားသော ကျမ်းချက်ဖြစ် သည့် ယောဟန် ၅း၂၄ တွင်လည်း ဝိဘတ်ကိုအသုံးမပြုထားပါ။ "ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကိုနားထောင်၍ ငါ့ကိုစေလွှတ်တော်မူသော သူကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ။ သေခြင်းမှအသက်ရှင်ခြင်းသို့ကူးမြောက်သောသူဖြစ်၏။" (၈ရိ ဘာသာစကားတွင် "တွင်/၌" မပါရှိသော်လည်း NKJV ကျမ်းစာက ထည့်သွင်းအသုံးပြုထားသည်)။ ယောဟန် ၈း၂၄ တွင်လည်း

ဝိဘတ်ကိုအသုံးမပြုထားပါ – "ငါသည်ဤမည်သောသူဖြစ်သည်ကို သင်တို့သည် မယုံလျှင် ကိုယ်အပြစ်၌သေကြလိမ့်မည်။" ပို၍အရေးကြီးသောအချက်မှာ ၂၀း၃၁ တွင် တွေ့ရသည် ရှင်ယောဟန်၏ ရည်ရွယ်ချက်ထုတ်ဖော်ပြောဆိုချက်ရှိ ကယ်တင်ခြင်းအား ရှင်းလင်းစွာပေးကမ်းမှုတွင်လည်း ဝိဘတ်ကိုအသုံးမပြုထားပါ။ ထို့ကြောင့်၊ *၌ယုံကြည်သည် (believe in)* နှင့် *ကိုယုံကြည်သည် (believe that)* တို့တွင် ကွဲပြားခြားနားမှုမရှိပါ။ ၄င်းသည် ဓမ္မသစ်ကျမ်း၏အခြားကျမ်းချက်များ၌ ကယ်တင်ခြင်းနှင့်စပ်လျဉ်း၍ အသုံးပြုထားသော စကားလုံးအသုံးအနှုန်းများနှင့် ကိုက်ညီဆီလျော်နေပါသည် (တမန်တော် ၁၆း၃၄၊ ၁၈း၈၊ ရောမ ၄း၃၊ ဂလာတိ ၃း၆၊ ၂တိ ၁း၁၂၊ တိတု ၃း၈၊ ယာကုပ် ၂း၂၃ တို့၏မူရင်းဘာသာစကားတွင် ဝိဘတ်ကိုမတွေ့ရပါ။ ထို့အပြင်၊ မဿဲ ၉း၂၈၊ ရောမ ၁၀း၉၊ ၁သက် ၄း၁၄ တို့တွင် "ကိုယုံကြည်သည်" "believe that" ကိုအသုံးပြုထားသည်။)

တတိယနှင့်နောက်ဆုံးငြင်းခုံချက်ကိုဖြေကြားရာတွင်၊ သမ္မာကျမ်းစာရှိကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်နှင့် တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်များကြားတွင် ထင်ရှားသောကွဲပြားခြားနားချက်တစ်ခုရှိသည်ဟူသောအချက်မှာ ယခုတွင်ထင်ရှားမြင်သာသင့်နေပြီဟု ပြောဆိုရပေမည်။ အခန်းငယ် ၃၁–၃၂ သည် ယုံကြည်သူများကို လိပ်မူပြောဆိုထားခြင်းဖြစ်ပြီး၊ ၄င်းသည်ထိုယုံကြည်သူများအတွက် အခြေအနေပေါ်တွင်မူတည်သောအရာ("သင်တို့သည် ....လျှင်") ဖြစ်ကြောင်းမှာထင်ရှားသည်။ ထို့အပြင်၊ ၄င်းသည် ကိုယ်တော်၏ဒေသနာ (စကားကို) ထည့်သွင်းရယူရန်ဖိတ်ခေါ်မှုတစ်ခုမဟုတ်၊ ကိုယ်တော်၏ဒေသနာ (စကား) ၌ တည်နေရန်ဖိတ်ခေါ်မှုတစ်ခုဖြစ်ကြောင်းမှာထင်ရှားသည်။ ဤယုံကြည်သူများသည် သခင်ယေရှုကိုယုံကြည်သောအချိန်၌ နှုတ်ကပတ်တော်၏သမ္မာတရားကို ထည့်သွင်းရယူကြသော်လည်း၊ စစ်မှန်သောတပည့်တော်များဖြစ်လာဖို့ ထည့်သွင်းရယူထားသောထိုနှုတ်ကပတ်တော်၏သမ္မာတရားတွင်တည်နေကြရမည်ဖြစ်သည်။ ဤနေရာ၌ သခင်ယေရှု၏ထုတ်ဖော်ပြောဆိုချက်သည် ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုဖြစ်နေလျှင်အကျိုးဆက်ကို စဉ်းစားသုံးသပ်ကြည့်ပါ – ကယ်တင်ခြင်းသည် အကျင့် (လုပ်ဆောင်မှု) အားဖြင့်ဖြစ်တည်မည်သွားမည် ဖြစ်သည်။ အကြောင်းမှာ၊ "တည်သည်" *(abide; menô)* ဟူသောစကားလုံးသည် လိုက်နာစောင့်ထိန်းသည်၊ ဆက်လက်လုပ်ဆောင်သည်၊ ဆက်လက်တည်သည်ဟုအဓိပ္ပါယ်ရပြီး၊ ၄င်းသည် နာခံခြင်းကိုသွယ်ဝိုက်ညွှန်းဆိုနေသောကြောင့်ဖြစ်သည်။ ထို့အပြင်၊ အသက်တာအဆုံးတိုင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သစ္စာရှိစွာမိမိနာခံခဲ့ မှုရှိ၊ မရှိကိုသိရှိနိုင်ခဲ့ကြမည်မဟုတ်သောကြောင့် သေဆုံးချိန်အထိမည်သူကမျှ မိမိကယ်တင်ခြင်းရရှိ ကြောင်းကို သေချာနိုင်ကြမည် မဟုတ်ပါ။

ဤကျမ်းချက်၏ ခ သမ္မာတရားအသွင်သဏ္ဌာန်ကို တည်နေခြင်း၏ရလဒ်နှင့် စစ်မှန်သောတပည့်တော်များဖြစ်လာခြင်းဟူသော နှုတ်ကပတ်တော်ကိုသိကျွမ်းခြင်းနှင့် နှုတ်ကပတ်တော်အားဖြင့် လွတ်မြောက်ခြင်းတို့အားဖြင့်ချဲ့ထွင်ရှင်းပြထားသည်။ စစ်မှန်သောတပည့်တော်များသည် သမ္မာတရားကိုပိုမိုသိကျွမ်း၍ ထိုသမ္မာတရား၌ လွတ်မြောက်မှုကိုရှာကြံရမည့်အခြေအနေတစ်ခုခု၌ရှိနေကြပါသည်။ သခင်ယေရှုခရစ်နှင့် ခမည်းတော်ဘုရားကို အတွင်းကျကျသိကျွမ်းရခြင်းသည် သမ္မာတရားကိုနာခံလိုက်လျောက်သောသူများ၏အခွင့်ထူးတစ်ရပ်ဖြစ်သည် (ယောဟန် ၁၄:၁၅၊ ၂၁၊ ၂၃၊ ၁၅:၄၊ ၇၊ ၁၀၊ ၁၄)။ သမ္မာတရား၌တည်ခြင်းသည် တပည့်တော်များကို အပြစ်ဒုစရိုက်၏အရှက်နှင့် လိပ်ပြာမလုံဖြစ်ခြင်းမှလည်းကောင်း၊ ပညတ်ဥပဒေအတိုင်းလိုက်ပါလွန်းခြင်း၀ါဒ၏ကျွန်ပြုခြင်းနှင့် မှားယွင်းသောအယူ၀ါဒ၏မှားယွင်းမှုများမှလည်းကောင်းလွတ်ငြိမ်းစေသည်သာမဟုတ်၊ ချစ်ခြင်း၊ ၀မ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းတို့နှင့်တကူ၀ိညာဉ်ရေးအသက်တာ၏အခြားကောင်းကြီးမင်္ဂလာများကို ကြုံတွေ့ခံစား*ရန်အတွက်*လည်း လွတ်မြောက်ခြင်းကိုရရှိစေပါသည်။

ကယ်တင်ခြင်းအတွက် သခင်ယေရှုခရစ်ကိုယုံကြည်ကြသောကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ် တော်၌တည်နေကြ (နာခံခြင်း၌ရှင်သန်ကြ) သောအခါတွင်သာ၍ပြည့်၀ပြီး၊ သာ၍ကြွယ်၀သောအသက်တာတစ်ခုက ကျွန်ုပ်တို့ကိုစောင့်စားနေပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပို၍ အတွင်းကျကျဆက်ဆံရင်းနှီးမှုတစ်ခုကို ရရှိကြမည်ဖြစ်ပြီး၊ ထိုဆက်ဆံရင်းနှီးမှုတွင် ကိုယ်တော်သည် မိမိကိုယ်ကိုပို၍ပို၍ထင်ရှားပြသပါလိမ့်မည်။ ထို့အပြင်၊ ကျွန်ုပ်တို့သည် ကျေးဇူးတော်အောက်၌လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်၌လည်းကောင်းရှင်သန်ရခြင်း၏ လွတ်လပ်မှုကိုပျော်မွေ့ခံစားကြရမည်ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၌တည်ခြင်းဆိုသည်မှာထိုနှုတ်ကပတ်တော်ကိုကြားနာပြီး၊ ဖတ်ရှုကာလေ့လာ၍ အလွတ်ကျက်မှတ်ခြင်းတို့ဖြစ်ကြောင်း သေချာပါသော်လည်း၊ အရေးကြီးဆုံးအချက်မှာ ထိုနှုတ်ကပတ်တော်ကိုနာခံလိုက်လျောက်ခြင်းဖြစ်သည်။

သခင်ယေရှု၏သိုးများသည် ကိုယ်တော်နောက်သို့လိုက်လျောက်ကြ၏ (Jesus' Sheep follow Him)။ ယောဟန် ၁၀း၂၇–၂၈

> ၂၇ *"ငါ့သိုးတို့သည်ငါ့စကားသံကို နားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။*
> *၂၈ ထိုသိုးတို့ကို ငါသိ၏။ ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှထိုသိုးတို့ကို ငါ့လက်မှ မနှုတ်မယူရာ။"*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုခရစ်၏နောက်တော်သို့လိုက်လျှောက်သောသူများသည် ထာဝရအသက်ကိုပေးသနားခြင်းခံရမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုခရစ်ကိုနားထောင်သောသူများသည် ကိုယ်တော်ကိုယုံကြည်သောသူများဖြစ်ကြပြီး၊ ထိုသူတို့သည် ကိုယ်တော်နောက်သို့လိုက်လျှောက်ကြကာ ထာဝရအသက်ကိုပေးသနားခြင်းခံကြရသည်။

နာခံခြင်းကို ကယ်တင်ခြင်းအတွက်အခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ် ရှုမြင်သောသူများက ဤကျမ်းချက်ကို သက်သေခံအဖြစ်အသုံးပြုကြသည်။ သိုးများသည် ယုံကြည်သူများကို ကိုယ်စားပြုထားကြလျှင်၊ ၄င်းတို့သည် သခင်ခရစ်တော်ကိုနာခံခြင်းဖြင့် နောက်တော်သို့လိုက်လျှောက်နေကြသည့် ထာဝရအသက်ရရှိထားသူများသာဖြစ်ကြ မည်ဖြစ်သည်။

ဤနေရာတွင် ဂရုတစိုက်လေ့လာအကဲခတ်ခြင်းအချို့ကိုပြုလုပ်ဖို့လိုအပ်သည်။ ပထမအနေဖြင့်၊ ဤကျမ်း ချက်သည် သိုးများနှင့်သိုးထိန်းတစ်ယောက်တို့၏တင်စားမှုကိုအသုံးပြုထားသည့် သာ၍ကျယ်ပြန့်သောကျမ်းစကားအဆက်အစပ်တစ်ခုအတွင်း၌ရှိနေပါသည်။ ဒုတိယအနေဖြင့်၊ လူပ်ရှားလုပ်ဆောင်မှုနှစ်ခုကို ဖော်ပြပြောဆိုထားသည် – နားထောင်ခြင်းနှင့် လိုက်လျှောက်ခြင်း။ တတိယအနေဖြင့်၊ ဤလူပ်ရှားလုပ်ဆောင်မှုနှစ်ခုသည် သိုးများအပေါ်၌ တင်စီးပြဋ္ဌာန်းထားသောအမိန့် (သို့) အခြေအနေသတ်မှတ်ချက်များ မဟုတ်ကြပါ။ ဤလူပ်ရှားလုပ်ဆောင်မှုနှစ်ခုသည် သိုးများ၏ဖြစ်တည်မှုသရုပ်ကိုဖော်ပြချက်များသာဖြစ်ကြသည်။

သိုးထိန်းဖြစ်သော သခင်ယေရှုခရစ်နှင့် သိုးများအားတင်စားဖော်ပြမှုသည် သင့်တင့်မှန်ကန်သောအသံအား ယုံကြည်ကိုးစားခြင်းကို ပုံဖော်ပြသပေးပြီး၊ ၄င်းသည် အစောပိုင်းရှိ တင်စားမှု၌အခိုင်အမာဖော်ပြထားသောအရာဖြစ်သည် (၁၀း၃–၅)။ သိုးတို့သည် သင့်တင့်မှန်ကန်သောအသံကိုကြားလျှင် ထိုအသံနောက်သို့လိုက်ကြသည်။ အထက်၌ဖော်ပြပြောဆိုထားသည့် လူပ်ရှားလုပ်ဆောင်မှုနှစ်ခုဖြစ်သောကြားနာခြင်းနှင့်နောက်သို့လိုက်လျှောက်ခြင်းမှ ကြားနာခြင်းသည် ယုံကြည်ခြင်းကိုပုံဖော်ထားပြီ (၁၀း၃၊၅) နောက်သို့လိုက်လျှောက်ခြင်းသည် ယုံကြည်ခြင်း၏ နောက်ဆက်တွဲ တုန့်ပြန်မှုတစ်ခုဖြစ်သည် – "သိုးများသည်သူ၏စကားသံကို ကျွမ်းသောကြောင့်လိုက်တတကြ၏" (၁၀း၄)။ သိုးများသည် မှန်ကန်သောသိုးထိန်းအပေါ်၌ ထားရှိသောမိမိတို့၏ယုံကြည်ကိုးစားမှုကို နောက်သို့လိုက်ခြင်း မှတပါး အခြားမည်သည့်နည်းလမ်းဖြင့်ပြသ

နိုင်ခဲ့ကြလိမ့်မည်နည်း။ အခန်းငယ် ၁၆ နှင့် အခန်းငယ် ၂၆ ကိုကျွန်ုပ်တို့ နှိုင်းယှဉ်သော အခါ ကြားနာခြင်းသည် ယုံကြည်ခြင်းကို ပုံဖော်ထားသည်မှာ ထင်ရှားနေပါသည်။

> ၁၆ *ဤသိုးခြံသို့မဝင်သောအခြားသိုးတို့ကိုလည်း ငါပိုင်သေး၏။ ထိုသိုးတို့ကို ငါဆောင်ခဲ့ရမည်။ သူတို့သည်လည်း ငါ့စကားသံကိုနား ထောင်သဖြင့်၊ သိုးခြံတခုသိုးထိန်းတပါးတည်းရှိရလိမ့်မည်။”*
>
> ၂၆ *သို့သော်လည်း သင်တို့သည်မယုံကြ။ အဘယ်ကြောင့် မယုံကြသ နည်းဟူမူကား၊ သင်တို့သည် ငါ့သိုးတို့အဝင်မဟုတ်။ အထက်က ငါပြောသည်အတိုင်း၊ ၂၇ “ငါ့သိုးတို့သည်ငါ့စကားသံကို နားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကိုငါသိ၏။*

စစ်မှန်သော သိုးထိန်းတစ်ပါး၏ သိုးအုပ်ထဲ၌ရှိနေရန်အတွက် အခြေအနေသတ်မှတ်ချက်မှာ ထိုသိုးထိန်း၏အသံကိုနားထောင်ခြင်းဖြစ်ပြီး၊ ၄င်းသည် က သမ္မာတရားတစ်ခုဖြစ်သည်။ ကြားနာခြင်း၏သဘာဝရလဒ်မှာ နောက်သို့လိုက်လျှောက်ခြင်းဖြစ်ပြီး၊ ၄င်းသည် ခ သမ္မာတရားတစ်ခုဖြစ်သည်။ ကျမ်းချက်၌ ဤကွဲပြားခြားနားချက်ကို ပြုလုပ်ခြင်းသည်လည်းကောင်း၊ ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ရသည်ဟူသော ဧဝံဂေလိ တရားမှပြုမူလုပ်ဆောင်မှုကို ကင်းကင်းရှင်းရှင်းထား ရှိခြင်းသည်လည်းကောင်း အလွန်အရေးကြီးသည်။ နောက်သို့လိုက်လျှောက်ခြင်း (သို့) နာခံခြင်းသည် တစ်စုံတစ်ယောက်ကို ယုံကြည်ကိုးစားခြင်း၏ သဘာဝရလဒ်ဖြစ်သော်လည်း၊ ၄င်းသည် ကနဦးဆက်ဆံရင်းနှီးမှုကိုအဆုံးအဖြတ်ပေးသောအရာမဟုတ ပါ။ ဧဝံဂေလိတရားကို ကြားနာခြင်း (ယုံကြည်ခြင်း) သည်တစ်စုံတစ်ယောက်ကို သိုးအုပ်အထဲ၌ သွတ်သွင်းထားရှိပေးစဉ်တွင် နောက်သို့လိုက်လျှောက်ခြင်း (နာခံခြင်း) သည် မျှော်လင့်ထားသည့် လက်တွေ့ရလဒ်ဖြစ်သည် (နှိုင်းယှဉ်၊ လုကာ ၆း၄၇၊ ၈း၂၁)။ ထာဝရအသက်အတွက် သခင်ယေရှုခရစ်ကိုယုံကြည်ခြင်းအား ပုံဖော်ပြသရန်အတွက် ကြားနာခြင်းကို သမ္မာကျမ်းစာ၏အခြားနေရာများတွင်လည်း အသုံးပြုထားသည်။ အကြောင်းမှာ၊ ကြားနာခြင်းကို နားလည်သဘောပေါက်ခြင်းနှင့်လက်ခံသဘောတူခြင်း အဓိပ္ပါယ်မျိုးဖြင့် မကြာခဏအသုံးပြုထားပြီး၊ ၄င်းတို့သည် ယုံကြည်ခြင်းအတွက် ပဓာနကျသောအရာများ ဖြစ်ကြသောကြောင့်ဖြစ်သည် (မဿဲ ၁၀း၁၄၊ ၁၁း၁၅၊ ၁၃း၂၃၊ လုကာ ၁၀း၁၆၊ ယောဟန် ၅း၂၄၊ တမန်တော် ၂၈း၂၇–၂၈၊ ရောမ ၁၀း၁၄–၁၇၊ ဂလာတိ ၃း၂၊ ၅၊ ၁ယော ၄း၆)။ အခန်းငယ် ၂၆ တွင် သခင်ခရစ်တော်အားနားထောင်ခြင်း (ကိုယ်တော်ကိုယုံကြည်ခြင်း)၏ရလဒ်မှာ ကိုယ်တော်ကထိုသူတို့ကို သိကျွမ်းခြင်း

ဖြစ်သည်။ ဤအရာသည် ထိုသူတို့၏ကယ်တင်ခြင်းကို သွယ်ဝိုက်ညွှန်းဆိုထားပြီး၊ ကိုယ်တော်ရှင်၏နောက်သို့လိုက်လျှောက်ရန် ထိုသူတို့၏နောက်ဆက်တွဲရွေးချယ်မှုကို လည်းရှင်းပြထားသည်။ တစ်ဖန်၊ ကြားနာခြင်းနှင့်နောက်သို့လိုက်လျှောက်ခြင်းသည် သိုးများလုပ်ဆောင်နေသောအရာကို ဖော်ပြခြင်းသက်သက်သာဖြစ်ကြောင်းကို ဂရုပြုရန် အရေးကြီးသည်။ ထိုကြားနာခြင်းနှင့်နောက်သို့လိုက်လျှောက်ခြင်းကို ထာဝရအသက်ရရှိရန်အတွက် အခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ်အမိန့်ပေးစေခိုင်းမှုမျိုးဖြင့်ဘယ်သောအခါတွင်မျှဖေါ်ပြခြင်း မရှိပါ။

ကျွန်ုပ်တို့၏သိုးထိန်းကောင်းတည်းဟူသော သခင်ယေရှုခရစ်ကိုကျွန်ုပ်တို့ သိကျွမ်း၍ ကိုယ်တော်၏အသံကို ကျွန်ုပ်တို့နာထောင်ချိန် (သို့) ကိုယ်တော်ကိုယုံကြည်ချိန်တွင်ကိုယ်တော်ကလည်း ကျွန်ုပ်တို့ကိုသိပါသည်။ ကျွန်ုပ်တို့ကို ဂရုစိုက်စောင့်ရှောက်ပေးသည့် သိုးထိန်းကောင်းအမှန်ဖြစ်တော်မူသောသူတစ်ပါးအပေါ်၌ ကျွန်ုပ်တို့ထာဝရကံကြမ္မာကိုပုံအပ်၍ အဘယ်ကြောင့်နောက်တော်သို့ မလိုက်လျှောက်ပဲနေခဲ့ကြမည်နည်း။ ဝမ်းနည်းစရာကောင်းသည်မှာ ကျွန်ုပ်တို့အားလုံးက ကောင်းသောသိုးများအမြဲမဟုတ်ကြခြင်းဖြစ်သည်။ သို့သော်၊ ကျွန်ုပ်တို့၏ထာဝရကံကြမ္မာသည် ကျွန်ုပ်တို့၏နာခံမှုရှိသောနောက်တော်သို့ လိုက်လျှောက်ခြင်း၌ မမူတည်သောကြောင့် ဘုရားသခင်ကိုကျေးဇူးတင်ပါသည်။

အချို့ကယုံကြည်သော်လည်း ဝန်ခံခြင်းမရှိကြ (Some believe but do not confess)။ ယောဟန် ၁၂း၄၂

> *သို့သော်လည်းအရာရှိအများတို့သည် ကိုယ်တော်ကိုယုံကြည်ကြ၏။ တရားစရပ်မှ ဖာရိရှဲတို့ နှင်ထုတ်မည်ကိုစိုးရိမ်သောကြောင့် ထင်ရှားစွာဝန်မခံကြ။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုခရစ်ကိုဝန်ခံခြင်းမရှိသောသူများသည် စစ်မှန်သောယုံကြည်သူများမဟုတ်ကြပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – စစ်မှန်သောယုံကြည်သူများသည် စိုးရိမ်ကြောက်ရွံ့စိတ်ကြောင့်သခင်ယေရှုကိုဝန်ခံချင်မှဝန်ခံကြပါလိမ့်မည်။

လူတို့သည် မိမိတို့၏အသက်နှင့်အနာဂတ်အတွက် စိုးရိမ်ကြောက်ရွံ့ခြင်းကြောင့်လည်းကောင်း၊ ဘုရားသခင် ၏ချီးမွမ်းခံရခြင်းထက် လူတို့၏ချီးမွမ်းခံရခြင်းကို ပို၍နှစ်သက်မြတ်နိုးသောကြောင့်လည်းကောင်း၊ သခင်ယေရှုခရစ်ကို လူအများရှေ့၌ ဝန်ခံခြင်းမရှိကြသော်လည်း ကယ်တင်ခြင်းသို့ရောက်နိုင်ကြပါသလား။ ဤအရာသည် ဤကျမ်းချက်၌တွေ့ရသောဃုဒအရာရှိများ၏ပြုမူပုံဖြစ်သော်လည်း၊ ၄င်းတို့သည် သခင်ယေရှုခရစ်ကို ယုံကြည်ခဲ့ကြကြောင်း ကျွန်ုပ်တို့ကိုပြောပြထားသည်။ ကျွန်ုပ်တို့သည် က သမ္မာတရားအကြောင်းကိစ္စများမှ ခ သမ္မာတရားအကြောင်း ကိစ္စများကို ခွဲခြားရွေးထုတ်ကြရန်လိုအပ်သည်။

က သမ္မာတရားသည် သခင်ယေရှုခရစ်ကို ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းအားဖြင့်သာရောက်ရှိလာသည့် အစကနဦးကယ်တင်ခြင်းနှင့် စပ်ဆိုင်သည်။ ရှင်ယောဟန်က ဤယုဒအရာရှိများသည် သခင်ခရစ်တော်ကို ယုံကြည်ခဲ့ကြကြောင်း ကျွန်ုပ်တို့ကိုပြောပြထားသည်။ သခင်ယေရှုခရစ်၌ ယုံကြည်ခြင်းနှင့်စပ်ဆိုင်သည့် ရည်ညွှန်းပြောဆိုထားချက်များအားလုံးသည် ကယ်တင်ခြင်းအားအစစ်အမှန်ပေးကမ်းခြင်း (သို့) လက်ခံရရှိခြင်းအဖြစ်နှင့် သဘောပေါက်နားလည်ရန် အကြောင်းပြချက်ကောင်းကောင်းရှိနေကြောင်း ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ ယခုရောက်ရှိနေသောနေရာအထိကျွန်ုပ်တို့မြင်တွေ့ခဲ့ကြပါသည်။ ဤကျမ်းချက်သည်လည်းတစ်မူထူးမနေပါ။

ခ သမ္မာတရားသည် သခင်ခရစ်တော်အား နာခံလိုက်လျောက်ခြင်းအားဖြင့် ရောက်ရှိလာသော တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်များနှင့်စပ်ဆိုင်သည်။ ဤယုဒအရာရှိများ၏အပြုအမူသည် ခရစ်ဝင်ကျမ်းများ၏အခြားနေရာများ၌ ဖော်ပြထားသည့်တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်များကိုမဖြည့်ဆည်းခဲ့ကြပါ။ သူတို့သည် သခင်ခရစ်တော်ကို လူသိရှင်ကြားမဝန်ခံကြပါ (မဿဲ ၁၀း၃၂–၃၃)။ သူတို့သည်မိမိတို့၏ကားတိုင်ကို ထမ်းရွက်ရန်လိုလားမှုမရှိကြ (သို့) သခင်ခရစ်တော်နှင့်တစ်သားတည်းရှိနေခြင်းအားဖြင့် ဆင်းရဲဒုက္ခခံရန်လိုလားမှု မရှိကြပါ (လုကာ ၉း၂၃)။ သူတို့သည် လူတို့၏ချီးမွမ်းခံရခြင်းမှ ကိုယ့်ကိုယ်ကိုငြင်းပယ်ရန်လိုလားမှုမရှိကြပါ (လုကာ ၉း၂၃)။

ဤအရာရှိများသည် ကယ်တင်ခြင်းခံကြရသော်လည်း ၄င်းတို့၏အသစ်သောရင့်ကျက်မှုမရှိသေးသည့်အခြေအနေတွင်သခင်ယေရှုခရစ်၏ တပည့်တော်များဖြစ်လာရန် လိုအပ်သောဆက်ကပ်အပ်နှံမှုများဆီသို့တက်လှမ်း ရန်အဆင်သင့်မဖြစ်ကြသေးခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ကောက်ချက်ချရပါမည်။ မယုံကြည်ထိုက်သော ယုံကြည်သူများ၏ရင့်ကျက်မှုမရှိသောယုံကြည်ခြင်းသည် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏ သိမ်မွေ့နက်နဲသောဆိုလိုရင်းတစ်ခုဖြစ်ပြီး၊ ၄င်းကို ၂း၂၃–၂၅ ၌ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြရပါသည်။ နိကောဒင်၏အဖြစ်အပျက်သည် အခြားသာဓကတစ်ခုဖြစ်သည်။ သူသည်

တိတ်တဆိတ်စုံစမ်းမေးမြန်းသူ (ယောဟန် ၃း၁–၄) အဖြစ်မှ သခင်ခရစ်တော်၏အား နည်းချည့်နဲ့သောခုခံကာကွယ်သူ (ယောဟန် ၇း၄၇–၅၂) အဖြစ်သို့လည်းကောင်း၊ ထိုမှ သခင်ခရစ်တော်နှင့်တစ်သားတည်းရှိနေကြောင်းကို လူသိရှင်ကြားအပြည့်အဝဝန်ခံသူ (ယောဟန် ၁၉း၃၉–၄၂)အဖြစ်သို့လည်းကောင်းတက် လှမ်းရောက်ရှိခဲ့ပါသည်။ မျက်စိ ကန်းသောသူ၏မိဘများနှင့် အရိမသဲမြို့သားယောသပ်တို့သည်လည်း မိမိတို့၏ ယုံကြည်ခြင်းကို သိုသိုသိပ်သိပ်ကျင့်ကြံခဲ့ကြပါသည် (ယောဟန် ၉း၂၂၊ ၁၉း၃၈)။

သခင်ခရစ်တော်ကို မိမိတို့၏မိသားစုများထံ၌လည်းကောင်း၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းထံ၌လည်းကောင်း ဝန်ခံခြင်းမှရောက်ရှိလာမည့် စိုးရိမ်ကြောက်ရွံ့ခြင်းကိုခံ စားနေရသည့် ကမ္ဘာတစ်ဝှမ်းမှခရစ်ယာန်များစွာက ဤ ခ သမ္မာတရားကိုသဘောပေါက် နားလည်ထားကြရမည်ဖြစ်သည်။ အခြေအနေများစွာတွင် ၄င်းတို့၏အသက်သည် အန္တရာယ်ရှိနေပါသည်။ ကျွန်ုပ်တို့သည် အနောက်တိုင်း ယုဒ–ခရစ်ယာန်လူ့ အသိုင်းအဝိုင်း၏ အနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ဤကျမ်းချက်အပေါ်၌လည်း ကောင်း၊ ခရစ်ယာန်များကို ရန်လိုဆန့်ကျင်ကြသောဒေသများ၌နေထိုင်ကြသည့်အခြား ယုံကြည်သူများ၏ ပြုမူလုပ်ရှားမှုများအပေါ်၌လည်းကောင်း တင်စီးပြဋ္ဌာန်းခြင်းကို မပြုမိရန်သတိထားကြဖို့လိုအပ်သည်။ ဘုရားသခင်သည် အားနည်း၍စိုးရိမ်ကြောက်ရွံ့ နေကြသော ခရစ်ယာန်များကို ကယ်တင်ပေးပါသည်။ သတ္တိရှိခြင်းသည် ကယ်တင်ခြင်း အတွက်အခြေအနေသတ်မှတ်ချက်တစ်ခု မဟုတ်ပါ။ တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုသာဖြစ်သည်။ စစ်မှန်သောတပည့်တော်ဖြစ်လိုသူ များက ညှင်းပန်းနှိပ်စက်ခြင်း၊ အသက်အန္တရာယ်ကို ခြိမ်းခြောက်မှုကြား၌ပင် သခင် ယေရှုကိုနာခံလိုက်လျောက်ကြပါလိမ့်မည်။

အသီးမသီးသောအခက်များ (Branches that do not bear fruit)။ ယောဟန် ၁၅း၁–၈

> ၁ *“ငါသည်မှန်သော စပျစ်နွယ်ပင်ဖြစ်၏။ ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့်ဖြစ်တော်မူ၏။* ၂ *ငါ၌အသီးမသီး သော အခက်ရှိသမျှတို့ကို ခုတ်ပစ်တော်မူ၏။ အသီးသီးသောအခက်ရှိသမျှတို့ကို သာ၍သီး စေခြင်းငှါ သုတ်သင်ရှင်းလင်းတော်မူ၏။* ၃ *သင်တို့သည် ငါဟောပြော သောစကားအားဖြင့် ယခုပင်ရှင်းလင်းလျက်ရှိကြ၏။* ၄ *ငါ၌တည်နေ ကြလော့။ ငါသည်လည်း သင်တို့၌တည်နေ မည်။ စပျစ်ခက်သည် အပင်၌မတည်လျှင်၊ ကိုယ်အလိုအလျောက် အသီးမသီးနိုင်သကဲ့သို့၊ သင်တို့သည် ငါ၌မတည်လျှင် အသီးမသီးနိုင်ကြ။* ၅ *ငါသည် စပျစ် နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ငါသည်လည်းသူ၌တည်၏။ ထိုသူ သည်များစွာသော အသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ*

မတတ်နိုင်ကြ။ [၆] *ငါ၌မတည်သောသူသည် သွေ့ခြောက်သောအခက်ကဲ့သို့ ပြင်သို့ပစ်လိုက်ခြင်းကိုခံရ၏။ ထိုသို့သောအခက်များကို လူတို့သည်စုသိမ်း၍မီးထဲသို့ချလိုက်ကြသဖြင့် မီးလောင်ခြင်းသို့ရောက်ကြ၏။* [၇] *သင်တို့သည် ငါ၌တည်၍ငါ့စကားသည် သင်တို့၌တည်လျှင်၊ သင်တို့သည်တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်။* [၈] *သင်တို့သည်များစွာသော အသီးကိုသီးသောအားဖြင့်၊ ငါ့ခမည်းတော်သည်ဘုန်းထင်ရှားတော်မူ၍၊သင်တို့သည်လည်း ငါ၏တပည့်မှန်ကြလိမ့်မည်။*"

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အသီးမသီးသော အခက်များအဖြစ်ဖော်ကျူးခြင်းခံရသောသူများသည် ယုံကြည်သူများမဟုတ်ကြသောကြောင့်၊ အပယ်ငရဲ၌ ပစ်ချခြင်းကိုခံကြရပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အသီးမသီးသော ယုံကြည်သူများသည် ကယ်တင်ရှင်အတွက် အသုံးမဝင်ကြပါ။

တိကျပြတ်သားသော အနက်ဖွင့်ဘာသာပြန်ဆိုမှုနှင့်ဆိုင်သည့်မေးခွန်းမှာ မီးထဲသို့ပစ်ချခြင်းခံရသည့်အသီးမသီးသောအခက်များနှင့်စပ်လျဉ်းသောရှင်ယောဟန်၏ ရည်ညွှန်းပြောဆိုမှုသည် ယုံကြည်သူများနှင့်ဆက်စပ်နေပါသလား (သို့) မယုံကြည်သူများနှင့်ဆက်စပ်နေပါသလားဟူ၍ဖြစ်သည်။ အသီးမသီးသောအခက်များသည် မယုံကြည်သူများကို ရည်ညွှန်းလျှင်၄င်းတို့၏ယုံကြည်ခြင်းသည် အပေါ်ယံမျှသာဖြစ်ပြီး၊ အသီးမသီးသောကြောင့် (သို့) စစ်မှန်သောယုံကြည်ခြင်းကထုတ်လုပ်ဖန်တီးပေးခဲ့လိမ့်မည့် ကောင်းသောအကျင့်တို့မရှိခဲ့သောကြောင့် အပယ်ငရဲ၌ပစ်ချခြင်းခံရခြင်းဖြစ်သည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ကြိုတင်ယူဆချက်အချို့ပေါ်၌ အခြေခံထားသည်။ ပထမအနေဖြင့်၊ "တည်သည်" ဟူသောစကားလုံးသည် *ယုံကြည်သည်* ဟုဆိုလိုသည်။ ဒုတိယအနေဖြင့်၊ အခန်းငယ် ၂ မှ *ခုတ်ပစ်တော်မူ၏ (taking away)* ဟူသောအသုံးအနှုန်းသည် မယုံကြည်သူများအား အပယ်ငရဲမီးနှင့်ဆိုင်သော တရားစီရင်ခြင်းသို့ဆောင်ယူသွားခြင်းကို ရည်ညွှန်းသည်။ ဤအရာကိုအခန်းငယ် ၆ တွင်ဖော်ပြပြောဆိုထားပါသည် ဟုယုံကြည်ရသည်။ တတိယအနေဖြင့်၊ "အသီး" သည် မျက်စိဖြင့်မြင်နိုင်၍၊ တိုင်းတွာ၍ရနိုင်သည့် အကျင့်ကောင်း များကိုရည်ညွှန်းသည်။ ထို့ကြောင့်၊ ဤအယူအဆတွင် တစ်ဦးတစ်ယောက် ကယ်တင်ခြင်းသို့ရောက်မရောက်ကို အကျင့် (လုပ်ဆောင်မှု) မှ မလွဲဧကန်တိုင်းတာဆုံးဖြတ်ပေးနေပါသည်။

ကျွန်ုပ်တို့မျော်လင့်ခဲ့ကြမည့်အတိုင်း၊ သခင်ယေရှုသည် ယုံကြည်သူများကိုလိပ်ပြူပြောဆိုနေပါသလား (သို့) မယုံကြည်သူများကို လိပ်ပြူပြောဆိုနေပါသလားဟူသော အချက်ကိုသိရှိခြင်းသည် သင့်တော်မှန်ကန်သောအနက်ဖွင့် ဘာသာပြန်ဆိုခြင်းအတွက် အလွန်အရေးကြီးသည်။ အချို့က သခင်ယေရှုသည် "ဖိနပ်ကတော်တယ်ဆိုရင် စီးလိုက်" ဟူသောနည်းလမ်းမျိုးဖြင့်နှစ်ဖွဲ့လုံးကိုလိပ်ပြူပြောဆိုခဲ့သည်ဟု ငြင်းခုံကောင်းငြင်းခုံခဲ့ကြပေမည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းအခန်းကြီး ၁၃–၁၇ သည် အပေါ်ထပ်အခန်းဟောပြောသွန်သင်ချက် (Upper Room Discourse) ဟုအမြဲခေါ်ဆိုထားသည့် ထူးခြားသောအပိုင်းကိုဖွဲ့စည်းထားကြောင်းလူတိုင်းက အသိအမှတ်ပြုထားကြသည်။ အကြောင်းမှာ၊ သခင်ယေရှုသည် မိမိ၏တပည့်တော်များနှင့်အတူ ပဿခါပွဲကို ဆင်နွှဲရန်အပေါ်ထပ်အခန်း၌ သီးသန့်ရှိနေခဲ့ကြသောကြောင့်ဖြစ်သည်။ တစ်ဦးတည်းသော မယုံကြည်သူဖြစ်သည့် ယုဒရှကာရုတ်သည် ညစာစားပြီးချင်းထွက်သွားခဲ့ (ယောဟန် ၁၃း၃၀) သောကြောင့် ယုံကြည်သောတပည့်တော်များသာ ကျန်ရစ်ခဲ့ကြသည်။ မိမိမကြာခင် ထွက်ခွါသွားရတော့မည့်အခြေအနေအရ၊ သခင်ယေရှုသည် တပည့်တော်များကို မိမိမိန့်မှာခဲ့သော ပညတ်ချက်များကို စောင့်ထိန်းလိုက်နာကြ၍ ချစ်ခြင်းမေတ္တာအသီးကိုသီးကြရန် အားပေးတိုက်တွန်းနေခဲ့ပါသည်။

သခင်ယေရှုက သူတို့ကိုကယ်တင်ခြင်းခံရသူများအဖြစ်နှင့် စကားပြောဆိုခဲ့သည်။ အကြောင်းမှာ ကိုယ်တော်ရှင်ကသူတို့ကို မှန်သောစပျစ်နွယ်ပင်မှ အခက်များဟုခေါ်ဆိုထားပြီး (၎ယ် ၂)၊ သူတို့သည် "ယခုပင်ရှင်းလင်း လျှက်ရှိကြ၏" ဟုအတည်တကျပြောဆိုထားသည် (၎ယ် ၃)။ ဤအသုံးအနှုန်းများသည် တပည့်တော်များ၏ သခင်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကိုလည်းကောင်း၊ ၄င်းတို့၏ ဖြောင့်မတ်ရာသို့ရောက်ခြင်း (သို့) အပြစ်လွှတ်ခြင်းနှင့်အပြစ်ဒုစရိုက်မှ သန့်စင်ဆေးကြောခံရခြင်းတို့ကို ပြောပြနေပါသည်။ ဤလေးနက်ပြင်းထန်သော အာမခံချက်များက ၄င်းတို့သည်အတုအယောင်ယုံကြည်သူများဖြစ်ကြသည်ဟူသောအယူအဆကိုဟန့်တားပိတ်ပင်နေပါသည်။

ယောဟန် ၈း၃၁ ၌ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည့်အတိုင်း *တည်သည်* ဟူသောစကားလုံးသည် *ယုံကြည်သည်* ဟူသောစကားလုံးနှင့် ကြောင်းတူသံကွဲစကားလုံးမဟုတ်ပါ။ သခင်ယေရှုသည် ထာဝရအသက်ကို ပေးသနားတော်မူရာတွင် ယုံကြည်သည် (believe) ဟူသောစကားလုံးကိုအသုံးပြုရန် တွန့်ဆုတ် မနေခဲ့ပါ။ ထို့ကြောင့်၊ ဤနေရာ၌ ကယ်တင်ခြင်းအကြောင်းကို ပြောကြားနေလျှင် ကိုယ်တော်သည်ထိုစကားလုံးကို အဘယ်ကြောင့်အသုံးမပြုပါသနည်း။ ထို့အပြင်၊ *တည်သည်*ဟူသောစကားလုံးက ယုံကြည်သည် ဟုဆိုလိုခဲ့လျှင် သခင်ယေရှုသည် မိမိ၏ကယ်တင်ခြင်းခံပြီးသောတပည့်တော်များကို မိမိအားယုံကြည်ရန်လိုအပ်သည်ဟု အဘယ့်ကြောင့်

ပြောဆိုခဲ့လိမ့်မည်နည်း။ သခင်ယေရှုနှင့် သခင်ယေရှု၏ဒေသနာ (စကား)သည် တပည့်တော်များ၌တည်နေကြောင်းကိုလည်းကောင်း (ငယ် ၄၊ ၅၊ ၇) သခင်ယေရှုသည် ခမည်းတော်၏ချစ်ခြင်း၌ တည်နေကြောင်းကိုလည်းကောင်း (ငယ် ၁၀) ကျွန်ုပ်တို့သတိပြုသင့်သည်။ ထို့ကြောင့်၊ *တည်သည်* ဟူသောစကားလုံးသည် *ယုံကြည်သည်* ဟုမဆိုလိုနိုင်ကြောင်းမှာ ထင်ရှားနေပြီး၊ ၄င်းသည် *လိုက်နာစောင့်ထိန်းသည်၊ အတူကိန်းဝပ်နေထိုင်သည်၊ နှီးစပ်သောဆက်ဆံရေး၌ ဆက်လက်ရှိသည်*ဟု အဓိပ္ပါယ်ရသည်။ ၄င်းသည် ဆုတောင်းပြည့်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုဖြစ်ပြီး (ငယ် ၇)၊ အခြေ အနေသတ်မှတ်ချက် (“လျှင်/အကယ်၍” ငယ် ၆၊၇) တစ်ခုဖြစ်သည့်အားလျော်စွာ ၄င်းကိုယုံကြည်သူတစ်ယောက်က လိုက်နာမှုရှိချင်မှရှိခဲ့မည့်အကြောင်းဖြစ်နိုင်ချေရှိမှုကိုလည်း ဖော်ပြထားသည်။

ထိုသို့ဆိုလျှင်၊ အခန်းငယ် ၂ ရှိ ဘုရားသခင်တည်းဟူသော ဥယျာဉ်စောင့်က “ခုတ်ပစ်”တော်မူသော အသီးမသီးသည့်အခက်များ၏ကံကြမ္မာကို ကျွန်ုပ်တို့မည်သို့နားလည်သဘောပေါက်ရမည်နည်း။ ဤခုတ်ပစ်ခြင်းသည် ကယ်တင်ခြင်းကို ဆုံးရှုံးခြင်းနှင့် အပယ်ငရဲမီး၌ပစ်ချခံရခြင်းတို့ကို မရည်ညွှန်းနိုင်ပါ။ အကြောင်းမှာ၊ သခင်ယေရှုက ဤအခက်များသည် “ငါ၌” ရှိကြသည်ဟုဆိုထားသည်။ ဤအခန်းငယ်၏နောက်ပိုင်းတွင်“ခုတ်ပစ်သည်”ဟူသော စကားလုံးအတွက် ကွဲပြားခြားနားသောအဓိပ္ပါယ်တစ်ခုကို အရိပ်အမြွက်ပြထားသည်။ ဤအခန်းငယ်၏နောက်ပိုင်းတွင် အသီးသီးသောအခက်များအား ပို၍အသီးသီးကြရန်အကိုင်းအခက်များကိုချိုင်နေသည့် ဥယျာဉ်စောင့်၏ကြင်နာသနားတတ်သောပြုစုစောင့်ရှောက်မှုကို ပုံဖော်ပြသထားသည်။ ဥယျာဉ်စောင့်ဖြစ်သောဘုရားသခင်သည် အသီးမသီးသောအခက်များကို အသီးသီးလာရန်မည်သို့လုပ်ဆောင်ပါမည်နည်း။ ဥယျာဉ်စောင့်သည် အခက်များကိုခုတ်ပစ် ခြင်းမပြုဘဲ၊ ၄င်းတို့ကိုအပေါ်သို့ “ပင့်မမြှင့်တင်ထားပါသည်” (lift up)။ ဤ “ပင့်မမြှင့်တင်သည်” ဟူသော အဓိပ္ပါယ် သည် ဂရိစကားလုံး *(airô)* ၏ပို၍သင့်တော်သော ဘာသာပြန်ဆိုမှုဖြစ်ပြီး၊ ဤအဓိပ္ပါယ်ဖြင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏အခြားနေရာများတွင်လည်းအသုံးပြုထားသည်။ ၄င်းသည် စပျစ်ခြံစိုက်ပျိုးရေးလုပ်ငန်းများ၏လုပ်နေကျအရာဖြစ်သည့်စပျစ်ခက်များကို ပျက်စီးထိခိုက်မှုမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ နေရောင်ခြည်ပိုရရန်အတွက်လည်းကောင်း မြေကြီးထက်သို့ပင့်မမြှင့်တင်ထားခြင်းကိုပုံဖော်ပြသပေးပါသည်။ အခန်းငယ် ၂ တွင်ဖော်ပြထားသည့် အတိုင်းအခက်၌အသီးကိုစတင်မြင်တွေ့ရသည်နှင့် အသီးများ ပိုသီးရန်အတွက် အကိုင်းအခက်များကို စတင်ချိုင်နိုင်ပြီဖြစ်သည်။ ဤအရာသည် မိမိ၏လူများက တည်နေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျှင် (ငယ် ၄–၈)၊ ၄င်းတို့၌ အသီးသီးစေခြင်းကို တိုက်တွန်းဖော်ဆောင်ပေးနေသည့် ဘုရားသခင်၏စပ်ကြောင်းမရှိသော ပုံလွှာကိုတင်ပြထားသည် (ငယ် ၁–၃)။

သို့သော်၊ အခန်းငယ် ၆ ၌တွေ့ရသည့် မီးမှာအဘယ်နည်း။ လူအများက အလျှင်အမြန်ကောက်ချက်ချကြသည့်အတိုင်း ဤမီးကိုအပယ်ငရဲမီးဟု မှတ်ယူရန် မလိုအပ်ပါ။ သခင်ယေရှုသည် မိမိ၏တပည့်တော်များကို အပယ်ငရဲနှင့်ခြိမ်းခြောက်သတိပေးနေခြင်း မဟုတ်ပါ။ သမ္မာကျမ်းစာတွင် ဘုရားသခင်၏စည်းကမ်းဖြင့်ကြပ်မတ်ခြင်း၊ ဘုရားသခင်၏အမျက်တော်၊ မိမိ၏လူတို့အပေါ်၌ထားရှိသော ဘုရားသခင်၏သဝန်တိုတတ်ခြင်းတို့ကို ကိုယ်စားပြုဖော်ပြရန် မီးကိုမကြာခဏအသုံးပြုသည်။ အကျိုးမဲ့သောအလုပ်များကို မီးဖြင့်စစ်ကြောလောင်ကျွမ်းစေမည့် တရားစီရင်ခြင်းဖြစ်သော ခရစ်ယာန်များအားလုံးရင်ဆိုင်ရမည့် ခရစ်တော်၏တရားပလ္လင်ကို ရည်ညွှန်းပြောဆိုရာ၌လည်း မီးကိုအသုံးပြု ထားသည်(၁ကော ၃း၁၂–၁၅၊ ၂ကော ၅း၁၀)။ ဤကျမ်းချက်တွင် စပျစ်နွယ်နှင့်အခက်များသည် တင်စားမှုများဖြစ်သည့်နည်းတူ မီးသည်လည်းတင်စားမှုတစ်ခုသာဖြစ်သည်။ အသုံးမဝင်သည့်အခက်များကို မီးရှို့ခြင်းသည် စိုက်ပျိုးရေးလုပ်ငန်းများ၏ လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်သည်။ မြေပြင်မှပင့်မမြင့်တင်ထားပြီးနောက် တွင်ပင် အသီးမသီးသောအခက်များသည် လက်တွေ့၌အသုံးဝင်မှုလုံးဝမရှိတော့သောကြောင့် ၄င်းတို့ကိုမီးရှို့ရသည် (သို့) လွှင့်ပစ်ရသည်။ ဤအရာသည် ခရစ်တော်၏တရားပလ္လင်၌မီးဖြင့် စစ်ကြောခြင်းခံရမည့်အသုံးမဝင်သောအလုပ်များနှင့် သဏ္ဌာန်တူသည် (၁ကော ၃း၁၅)။

အသီးသီးခြင်းသည် ကယ်တင်ခြင်းကို တိုင်းတာသတ်မှတ်ပေးလျှင် ကျွန်ုပ်တို့တွင်ပြဿနာရှိလာပြီဖြစ်သည်။ ထိုပြဿနာများမှာ အသီး၏ပုံပန်းသွင်ပြင်သည် မည်သည့်အရာနှင့်အတိအကျကိုက်ညီသင့်တော်ပါသနည်း။ အသီးများကိုမျက်စိဖြင့် အမြဲတမ်းမြင်တွေ့နိုင်ပါသလား (သို့) အမြဲတမ်းတိုင်းတာ၍ရပါသလား။ အသီးပမာဏမည်မျှလိုအပ်သနည်း စသည်တို့ဖြစ်ကြသည်။ အကြီးမားဆုံးပြဿနာမှာ ကျေးဇူးတော်၌တည်မှီသော ဧဝံဂေလိတရားထဲသို့ အကျင့်(လုပ်ဆောင်မှုများ) ကျူးကျော်ဝင်ရောက်လာခြင်းဖြစ်သည်။ အထူးသဖြင့်၊ ယုံကြည်ခြင်းသည် ကယ်တင်ခြင်းအတွက်တစ်ခုတည်းသော အခြေအနေသတ်မှတ်ချက်ဖြစ်ကြောင်းကို ပြသရန်ရည်ရွယ်ထားသည့် ရှင်ယောဟန် ခရစ်ကျမ်းတွင်ဖြစ်သည်။ ဤကျမ်းချက်နှင့်လည်းကောင်း၊ သမ္မာကျမ်းစာ၏သွန်သင်ချက်နှင့်လည်းကောင်းကိုကိုက်ညီသင့်တော်သည့် တစ်ခုတည်းသော အနက်ဖွင့်ဘာသာပြန်ဆိုချက်မှာ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် ဖြစ်သည်။ ခ သမ္မာတရားတွင် အသီးသီးခြင်းသည် အသုံးဝင်သောသူဖြစ်လာရန်အတွက်လည်းကောင်း၊ ဘုရားသခင်ကို ဘုန်းတော်ထင်ရှားစေရန်အတွက်လည်းကောင်းအရေးကြီးသောနည်းလမ်းတစ်ခုဖြစ်သည်။

ဘုရားသခင်နှင့်မိမိတို့အတူ ရှင်သန်လျှောက်လှမ်းခြင်းတွင် ပျင်းရိပေါ့ဆ၍အသီးမသီးသောယုံကြည်သူများသည် အပယ်ငရဲကိုကြောက်ရွံ့နေဖို့ မလိုအပ်ပါသော်

လည်း၊ ဘုရားသခင်၏အမှုတော်မြတ်၌အသုံးမဝင်ဖြစ်နေရခြင်းကိုမူကြောက်ရွံ့ကြရမည်ဖြစ်သကဲ့သို့၊ မိမိတို့၏အသက်တာအား မည်သို့အသုံးပြုရှင်သန်ခဲ့ကြသည်ကိုဖြေရှင်းရမည့် အချိန်ဖြစ်သည့် တရားစီရင်ခြင်းနေ့ရက်တွင်သခင်ယေရှုခရစ်ကိုမျက်နှာချင်းဆိုင်ရန် စိုးရိမ်ကြောက်ရွံ့သင့်သည်။ အခြားတစ်ဖက်တွင် သခင်ယေရှုခရစ်နှင့်အတွင်းကျကျဆက်ဆံရင်းနှီးမှုတစ်ခုခု၌ တည်နေသောယုံကြည်သူများသည် အသီးသီးပြီး၊ ဆုတောင်းပြည့်ကာ မိမိတို့ကိုယ်ကိုတပည့်တော်များဖြစ်ရန် သက်သေထူလျှက်ဘုရားသခင်ကိုဘုန်းတော်ထင်ရှားစေကြပါလိမ့်မည် (၎ယ် ၇–၁၀)။

ထာဝရအသက်အတွက် ဆက်လက်ယုံကြည်နေခြင်း (Keep on believing for eternal life)။ ယောဟန် ၂၀း၃၀–၃၁

> *၃၀ ဤကျမ်းစာ၌ရေး၍ မထားသောအခြားနိမိတ်လက္ခဏာအများတို့ကိုလည်း ယေရှုသည် တပည့်တော်တို့ မျက်မှောက်၌ပြတော်မူ၏။ ၃၁ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့်အသက်ကိုရမည်အကြောင်း၊ ဤမျှလောက်ရေးထားလျက်ရှိသတည်း။”*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် ထာဝရအသက်ကို ရရှိရန် အတွက် သခင်ယေရှုခရစ်ကို ဆက်လက်ယုံကြည်နေရမည်။ ထိုသို့ဆက်လက်မယုံကြည်ပါက ထိုသူသည်ကယ်တင်ခြင်းကို အမှန်တကယ်လုံးလုံးမရခဲ့သောသူဖြစ်သည် (သို့) ထိုသူသည် ကယ်တင်ခြင်းကို ဆုံးရှုံးရပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် –ူတစ်ယောက်သည် သခင်ယေရှုကိုကယ်တင်ရှင် အဖြစ်ယုံကြည်ခဲ့ချိန်၌ရရှိခဲ့သော ထာဝရအသက်ကိုကြုံတွေ့ခံစားရန်အလို့ငှါ ဆက်လက်၍ ယုံကြည်နေရမည်ဖြစ်သည်။

ကနဦး၌ သတိပြုမှတ်သားခဲ့ကြသည့်အတိုင်း ယောဟန် ၂၀း၃၀–၃၁ သည် ရှင်ယောဟန်ခရစ်ဝင်ကျမ်းအတွက် ရည်ရွယ်ချက်ထုတ်ဖော်ပြောဆိုချက်ကို ဖော်ဆောင်ပေးထားသည်ဟု အမြဲလိုလိုအသိအမှတ်ပြုထားကြသည်။ အချို့က ရှင်ယောဟန်၏ရည်ရွယ်ချက်ကို ပဏာမစကားရှိ ၁း၄ တွင် ပို၍မြင်တွေ့လိုကြသည် – “ထိုနှုတ်ကပတ်

တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏။" ၄င်းတို့နှစ်ခုကို ကျွန်ုပ်တို့အတူတကွ စဉ်းစားသုံးသပ်လျှင် ကျွန်ုပ်တို့သည် ရှင်ယောဟန်၏အချက်အလက်ကုန်ကြမ်းများအတွက်လဲကျခြင်း၊ ထွက်ကျခြင်းမရှိစေရန် ထိပ်နှစ်ဖက်ကိုညှပ်ပိတ်ပေးသည့်သပ်ရပ်သောညှပ်ပိတ်များကို ပေးပါသည်။ ၄င်းညှပ်ပိတ်နှစ်ခုက ပိုလွန်၍ အရည်အသွေးကောင်းလွန်းသော ရှင်ယောဟန်အသုံးပြုထားသည့်အချက်အလက်ကုန်ကြမ်းများသည် သခင်ယေရှု ခရစ်အား ကယ်တင်ရှင်အဖြစ် လူတို့ယုံကြည်လာကြဖို့ ဖန်တီးထားကြောင်းကိုလည်းကောင်း (၄င်းသည် "အသက်ရှင်ခြင်း" တွင်အဖြေထွက်ကာ)၊ ထူးခြားသောအစိတ်အပိုင်းဖြစ်သည့် အခန်းကြီး ၁၃–၁၇ သည် ခ သမ္ဘာတရားအကြောင်းကိစ္စများနှင့်စပ်လျဉ်း၍ တပည့်တော်များနှင့်အတွင်းကျကျဆွေးနွေးမှုတစ်ခု (၄င်းသည် အသက်ရှင်ခြင်းအတွက် "အလင်းဖြစ်ခြင်း" တွင် အဖြေထွက်သည်) ဖြစ်ကြောင်းကိုလည်းကောင်းတွေ့မြင်နိုင်ရန်ကျွန်ုပ်တို့ကို ခွင့်ပြုပေးပါသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၏မည်သည့်ရည်ရွယ်ချက်ထုတ်ဖော်ပြောဆိုချက်ကမဆို ပဓာနကျသောက သမ္ဘာတရား ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောဆိုရမည်ဖြစ်သကဲ့သို့ ဒုတိယ ဦးစားပေး ခ သမ္ဘာတရားရည်ရွယ်ချက်ကိုလည်း ခွင့်ပြုပေးရမည်ဖြစ်ကြောင်းမှာ အဓိပ္ပါယ်ရှိပါသည်။

က သမ္ဘာတရားရည်ရွယ်ချက်သည် ၂၀း၃၁ တွင် ထင်ရှားနေပါသည်။ ထိုရည်ရွယ်ချက်မှာ တစ်ဦးတစ်ယောက်သည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသော သခင်ယေရှုခရစ်ကိုယုံကြည်လျှင် ထိုသူသည် ထာဝရအသက်ကိုရရှိသည်ဟူ၍ ဖြစ်သည်။ သို့သော်၊ ခ သမ္ဘာတရားကလည်း နောက်စကားစုတွင် တဆက်တည်းလိုက်လာပါသည်။ "ထိုသို့ ယုံ၍နာမတော်အားဖြင့် အသက်ကိုရမည်။" လူအချို့က "ယုံ၍" (believing) ဟူသော ဖြစ်ဆဲပြ ကြိယာသဏ္ဌာန်သည် ဆက်လက်ဖြစ်ပျက်နေသော ယုံကြည်ခြင်းကိုညွှန်ပြသည်ဟု ငြင်းခုံကြသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ တစ်ဦးတစ်ယောက်သည် ထာဝရအသက်ကို ရရှိဖို့အလို့ငှါ *ဆက်လက်၍ယုံကြည်နေရမည်*ဖြစ်သည်။ ထိုသို့မဟုတ်လျှင်၊ ထိုသူသည်ကယ်တင်ခြင်းကို ဆုံးရှုံးရမည် (သို့) ကယ်တင်ခြင်းကို အမှန်တကယ်လုံးလုံးမရရှိခဲ့ကြောင်း သက်သေပြနေပါသည်ဟုဆိုထားကြသည်။ သို့သော်လည်း၊ ဤအရာသည် ပစ္စုပ္ပန်ဖြစ်ဆဲကာလပြကြိယာ ပုံသဏ္ဌာန်ကညွှန်ပြနေသောအရာ ဟုတ်ပါသလား။ မဟုတ်ပါ။ ထာဝရအသက်၏သဘောသဘာဝနှင့် ခ သမ္ဘာတရားရည်ရွယ်ချက်ကို ရှင်ယောဟန်ခရစ်ဝင်ကျမ်းအတွင်း၌ ကျွန်ုပ်တို့နားလည်သဘောပေါက်ထားလျှင် ထိုသို့မညွှန်ပြပါ။

ထာဝရအသက်သည် ဘုရားသခင်၏အသက်ဖြစ်ပြီး၊ အစဉ်ထာဝရပိုင်ဆိုင်မှုတစ်ခုအဖြစ်နှင့် ပေးသနားထားသောအရာဖြစ်သည့်အပြင်၊ မွေ့လျော်ခံစားရန်အတွက် ပေးသနားထားသော ဘုရားသခင်၏အသက်လည်းဖြစ်သည်။ ဤအရာသည် အသက်

တာ၏ အရေအတွက်ပမာဏဖြစ်သကဲ့သို့အသက်တာ၏ အရည်အသွေးလည်းဖြစ်သည်။ သခင်ယေရှုက "ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့်အသက်နှင့်ပြည့်စုံစေခြင်းငှါလာသတည်း" ဟုပြောထားသည် (ယောဟန် ၁၀း၁၀ ခ)။ ထို့အပြင်၊ သခင်ယေရှုသည် မိမိအားယုံကြည်သောသူများအတွက်လည်း "ထာဝရအသက်ဟူမူကား မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသောကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်းတည်း"ဟု ဆုတောင်းပေးခဲ့သည် (ယောဟန် ၁၇း၃)။ ထို့အပြင်၊ ဘုရားသခင်နှင့် ဆက်နွယ်ပတ်သက်ရခြင်းကိုဆောင်ယူလာပေးသည့် ကနဦးပိုင်ဆိုင်မှုဖြစ်သော ထာဝရအသက်သည် ကြွယ်ဝလှုံပယ်သောအသက်တာဖြစ်ပြီး၊ ဘုရားသခင်ကိုသိကျွမ်းခြင်းအသက်တာလည်းဖြစ်သည်။ ၄င်းသည် ထိုအသက်တာ၌ ကြုံတွေ့ခံစားရသည့် မိတ်သဟာယဖွဲ့ခြင်း (သို့) မွေ့လျော်ခံစားရခြင်းတို့ကို ညွှန်ပြပေးပါသည်။ ဘုရားသခင်၏ ထာဝရအသက်ကို အဆက်မပြတ်မွေ့လျော်ခံစားရခြင်းအတွက် အခြေအနေသတ်မှတ်ချက်မှာ ယုံကြည်ခြင်းပင်ဖြစ်သည်။ ယုံကြည်ခြင်းကို ရယူသုံးစွဲခြင်းသည် ကနဦးကယ်တင်ခြင်း၌သာ အဓိကကျသောအခြေခံစည်းမျဉ်းဥပဒေသမဟုတ်၊ ခရစ်ယာန်အသက်တာရှင်သန်ခြင်းတွင်လည်း အဓိကကျသောအခြေခံစည်းမျဉ်း ဥပဒေသဖြစ်သည် (ရောမ ၁း၁၇၊ ၅း၂၊ ဂလာတိ ၂း၂၀)။ ထို့ကြောင့်၊ ယောဟန် ၂၀း၃၁သည် က သမ္မာတရားနှင့် ခ သမ္မာတရားနှစ်ခုလုံးကို ကိုယ်စားပြုနေပါသည်။

၂၀း၃၁ ရှိရှင်ယောဟန်၏ ထုတ်ဖော်ပြောကြားချက်က ယုံကြည်ခြင်းသည် ဘုရားသခင်၏ထာဝရအသက်ကိုရရှိစေခဲ့သောအရာသာမဟုတ်၊ ယခုပစ္စုပ္ပန်၌ဘုရားသခင်၏အသက်တာကို ကြုံတွေ့ခံစားစေသောအရာလည်းဖြစ်သည်ဟု အတိအလင်းပြောဆိုထားပါသည်။ သခင်ယေရှုခရစ်ကို ယုံကြည်သောသူများသည် ထာဝရအသက်ကို အနာဂတ်တစ်ချိန်တွင်အသုံးပြုရမည့် ကောင်းကင်ဘုံဝင်ဝင်ရောက်ခွင့်လက်မှတ်တစ်စောင်သက်သက်အဖြစ်နှင့် လုံးလုံးသဘောမထားသင့်ပါ။ ယုံကြည်သူများသည် ဘုရားသခင်ကို မိမိတို့၏အဖအဖြစ်နှင့် အသစ်သောဆက်ဆံရင်းနှီးရခြင်းတွင်ရှိနေကြကြောင်းကိုသိနားလည်ကြရပါမည်။ သူတို့သည် ယုံကြည်ခြင်းဖြင့် အသက်ရှင်ကြသည်နှင့်အမျှ ထိုဆက်ဆံရင်းနှီးမှုသည်လည်း ပိုမိုတိုးတက်ကောင်းမွန်လာပြီး၊ ပို၍လည်းမွေ့လျော်ရပါသည်။

❐

အခန်း

တမန်တော်ဝတ္ထု ၇

တမန်တော်ဝတ္ထုနှင့်စပ်လျဉ်း၍ အမှတ်ရနေရမည့်အရေးကြီးသောအချက်မှာ ဤကျမ်းသည်ဘုရားသခင်က အသင်းတော်ကိုစတင်မိတ်ဆက်သည့် သမိုင်းစာမျက်နှာရှိ ခေတ်ကာလအပြောင်းအလဲတစ်ခုအကြောင်းကို ဇာတ်ကြောင်း ပြန်ပြောရေးသားချက်ဖြစ်သည်ဟူသောအချက်ဖြစ်သည်။ ထိုသို့ဖြစ်သောကြောင့်၊ အဖြစ်အပျက်များအားပြန်ပြောရေးသားထားချက်များကို ယနေ့ခေတ်ကာလပြုမူနေထိုင်ပုံများအတွက် ညွှန်ကြားပြဋ္ဌာန်းချက်များသဖွယ်အသုံးပြုခြင်းကို သတိထားဖို့လိုအပ်သည်။ ထို့အပြင်၊ ဖေါ်ပြပါတရားဒေသနာများကို မည်သူတို့ထံသို့လိပ်မူထားသည်ကိုလည်း ဂရုစိုက်လေ့လာအကဲခတ်ရမည်ဖြစ်သည်။ အကြောင်းမှာ၊ ဤကျမ်းတွင် ကယ်တင်ခြင်းမခံရသောယုဒလူများ၊ ကယ်တင်ခြင်းမခံရသောတပါးအမျိုးများ၊ ဗတ္တိဇံဆရာယောဟန်၏တပည့်တော်များ၊ ခရစ်ယာန်များစသည့် လူအုပ်စုအမျိုးမျိုးကိုတွေ့ရသောကြောင့်ဖြစ်သည်။ ထိုမျှမက ၊ အဖြစ်အပျက်များအားပြန်ပြောရေးသားချက်များမှ ဓမ္မတွေးခေါ်ယူချက်ကို အကြောင်းကျိုးဆင်ခြင်၍ ကောက်ချက်ချသောအခါတွင် ဖြစ်ပျက်သမျှအရာများ (သို့) ပြောဆိုထားသမျှသောအရာများအားလုံးသည် ကျွန်ုပ်တို့အတွက်သေချာပေါက်အသိပေးအစီရင်ခံထားခြင်းများ မဟုတ်ကြောင်းကို သတိချပ်ထားရမည်ဖြစ်သည်။ တမန်တော်ဝတ္ထုမှဓမ္မတွေးခေါ်ယူဆချက်နှင့်စပ်ဆိုင်သောကြောင်းကျိုးဆင်ခြင်၍ကောက်ချက်ချမှုများကိုပြုလုပ်သောအခါတွင် ဓမ္မသစ်ကျမ်းရှိဩဝါဒစာစောင်များ၏အလင်းအောက်တွင် စေ့စေ့စပ်စပ်ကြည့်ရှုစစ်ဆေးရမည်ဖြစ်သည်။

နောင်တရ၍ ဗတ္တိဇံကိုခံကြလော့ (Repent and be baptized)။ တမန်တော် ၂:၃၇-၃၉

> ၃၇ *ထိုသူတို့သည်ကြားရလျှင် စိတ်နှလုံးပူပန်ခြင်းရှိ၍၊ ညီအစ်ကိုတို့၊ အဘယ်သို့ပြုရပါမည်နည်းဟု ပေတရုမှစ၍ အခြားသောတမန်တော်တို့ အားမေးမြန်းကြ၏။* ၃၈ ပေတရုကလည်း၊ သင်တို့၏အပြစ်ကိုလွတ်စေ

ခြင်းငှါ နောင်တရ၍တယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကိုခံရကြလိမ့်မည်။ ၃၉ အကြောင်းမူကား ၊ ဂတိတော်သည် သင်တို့နှင့်ငှင်း၊ သင်တို့၏သားသမီးတို့နှင့်ငှင်း၊ ဝေးသောသူတို့တွင် ငါတို့ဘုရားသခင်ထာဝရဘုရားကိုခေါ်တော်မူသမျှသောသတို့နှင့်ငှင်းဆိုင်သည်ဟုဟောဏ်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတို့သည် ကယ်တင်ခြင်းသို့ရောက်ရန်အတွက် အပြစ်ဒုစရိုက်မှ လှည့်ပြန်၍ ဗတ္တိဇံခံယူကြရမည်။

ပထမ **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတို့သည် သခင်ယေရှုခရစ်ကို မိမိတို့၏ကယ်တင်ရှင်အဖြစ် စိတ်နလုံးများကို ပြောင်းလဲ (ယုံကြည်) ၍ မိမိတို့၏အပြစ်များမှ လွှတ်ခြင်းခံရကြောင်း ပြသရန် ဗတ္တိဇံခံကြရမည်။

ဒုတိယ **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – မိမိတို့၏မေရှိယကို ကားတိုင်တင်သတ်မိကြောင်းအသိတရားရလာသည့် ယုဒလူများသည် ကိုယ်တော်ကို ယုံကြည်လာကြပြီးဘုရားသခင်နှင့် မိတ်ဆွတ်ဖွဲ့ရန် ရည်ရွယ်ချက်အတွက် အပြစ်ကိုခွင့်လွှတ်ခံရဖို့ ထိုကျူးလွန်ခဲ့သောအပြစ်မှ ယခုနောင်တရကြမည်ဖြစ်ပြီး ၊ အပြစ်လွှတ်ခြင်းနှင့် ကယ်တင်ခြင်းခံရသောသူများနှင့် တစ်သားတည်းဖြစ်ကြောင်းကိုပြန်ရန် ဗတ္တိဇံခံရမည်။

တတိယ **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – မိမိတို့၏မေရှိယကို ကားတိုင်တင်သတ်မိကြောင်း အသိတရားရလာသည့် ယုဒလူများသည် ကိုယ်တော်ကို မိမိတို့၏ကယ်တင်ရှင်အဖြစ် ယခုယုံကြည်ရမည်ဖြစ်ပြီး ၊ အပြစ်ရှိသောမိမိတို့၏မျိုးဆက်အပေါ်၌ ကျရောက်လာမည့်တရားစီရင်ခြင်းမှလွတ်ငြိမ်းရန် ဗတ္တိဇံခံခြင်းအားဖြင့်မိမိတို့၏ယုံကြည်ခြင်းကို အတိအလင်းကြေညာကာ၊ အသစ်သောခရစ်ယာန်အသိုင်းအဝိုင်းနှင့်တစ်သားတည်းဖြစ်ကြောင်း သဘောထားရမည်ဖြစ်သည်။

ဗတ္တိဇံခံခြင်းသည် ကယ်တင်ခြင်းအတွက် လိုအပ်သောအရာဖြစ်သည်ဟု ငြင်းခုံကြသောသူများအတွက် ဤကျမ်းချက်သည် "အားကိုးအားထားပြုရသော" ကျမ်းချက်ဖြစ်သည်။ သို့သော်၊ ထိုအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ဗတ္တိဇံခံခြင်းမှာလုပ်ဆောင်မှုတစ်ခုဖြစ်ပြီး၊ ၎င်းသည်ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းသို့ရောက်ရသည်ဟူသော အချက်ကိုဆန့်ကျင်နေသည်ဟုပြောဆိုသောသူများထံမှ အတိုက်အခံပြုခြင်းကို ချက်ချင်းခံရသည်။ ဒုတိယအယူအဆသည် တမန်တော် ၁၀း၄၃–၄၄ နှင့် ၁၅း၇–၉ တို့ကအားပေးထောက်ခံထားပြီး၊ ထိုကျမ်းချက်များ၌ လူတို့က ဗတ္တိဇံမခံမီတွင်ယုံကြည်၍ သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိခဲ့ကြသည်။ ထို့အပြင်၊ ဧာတ်ကြောင်းပြန်ပြောရေးသားချက်များ (သို့) ဧဝံဂလိတရားဟောပြောချက်များတွင် ဗတ္တိဇံခံခြင်းကိုအခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ် ဖော်ပြထားခြင်း မရှိဘဲ၊ လူတို့မှာကယ်တင်ခြင်းခံကြရသည့် အဖြစ်အပျက်များစွာရှိနေပါသည် (တမန်တော် ၄း၄၊ ၁၃း၃၈–၄၉ ၊ ၁၅း၁–၁၁ ၊ ၁၇း ၂–၄ ၊ ၁၀–၁၂၊ ၁၈း၂၇–၂၈ ၊ ၂၀း ၁၈–၂၁)။

ယေဘူယျအားဖြင့်ဆိုရလျှင်၊ တမန်တော်ဝတ္ထုကိုခေတ်ကာလအကူးအပြောင်းနှင့်စပ်ဆိုင်သောကျမ်းအဖြစ်ရှုမြင်ရန်အရေးကြီးသည်။ ယခုအချိန်ကာလတွင် ဧဝံဂေလိတရားဒေသနာ၌လက်ဝါးကပ်တိုင်နှင့် ရှင်ပြန်ထမြောက်ခြင်းတို့ပါဝင်လာသကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်ကိုပေးမည့် ကတိတော်လည်းပါဝင်လာသည်။ ခရစ်ဝင်ကျမ်းများ၌ သခင်ယေရှုခရစ်ကိုယုံကြည်ခဲ့သောသူများသည် သခင်ယေရှုခရစ်ကကားတိုင်ထက်၌ပြုခဲ့သောအမှုတော်ကိုလည်ကောင်း၊ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းကိုလည်းကောင်းသေချာပေါက်သိခဲ့ကြမည် မဟုတ်ပါ။ အကြောင်းမှာ ထိုအရာများမဖြစ်ပွါးခဲ့သေးသောကြောင့်ဖြစ်သည်။ ခရစ်ဝင်ကျမ်းများတွင် သခင်ယေရှုကသန့်ရှင်းသောဝိညာဉ်တော်အားပေးမည်ဟူသောကတိတော်ကို အနာဂတ်တစ်ချိန်၌ဖြစ်ပျက်မည့်အရာအဖြစ်ပြောခဲ့ပါသည်။ တမန်တော်ဝတ္ထု တွင်တပါးအမျိုးတို့သည် ဝိညာဉ်တော်ကိုချက်ချင်းလက်ခံရရှိခဲ့ကြစဉ်တွင် (တမန်တော် ၁၀း၄၄–၄၈)၊ သခင်ခရစ်တော်ကိုယုံကြည်ခဲ့ကြသည့် ရှမာရိအမျိုးများ (ယုဒကပြားများ)နှင့်ယုဒအမျိုးများမှာမူ ဝိညာဉ်တော်ကိုနောက်ပိုင်းဖြစ်ရပ်တွင်သာရရှိခဲ့ကြရသည် (တမန်တော် ၈း၁၄–၁၈၊ ၉း၁၇၊ ၁၉း၅)။

ဤကျမ်းချက်သည် အနက်ဖွင့်ဘာသာပြန်ဆိုရန်ခက်ခဲမှုတွင် နာမည်ဆိုးဖြင့်ကျော်ကြားသောကျမ်းပိုဒ်တစ်ပိုဒ်ဖြစ်သော်လည်း ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းသို့ရောက်သည်ဟူသော ဧဝံဂလိတရားကိုဆက်လက်ထိန်းသိမ်းထားသောအနက်ဖွင့်ဘာသာပြန်ဆိုချက်များလည်းရှိနေပါသည်။ ပထမ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်တွင် "အပြစ်လွှတ်စေခြင်းငှါ" ဗတ္တိဇံခံခြင်းသည်ကယ်တင်ခြင်းအတွက်ခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ်ရှုမြင် မထားပါ။ အကြောင်းမှာ

"ငှါ" (for; *eis*) သည်တစ်ဦးတစ်ယောက်၏အပြစ်လွှတ်ခံရခြင်း "တွင်အခြေခံ၍" (on the basis of) သို့မဟုတ် တစ်ဦးတစ်ယောက်သည်ခွင့်လွှတ်ခြင်းကိုခံခဲ့ရ*သောကြောင့်* ဟူသောအဓိပ္ပါယ်ကိုဆောင်ထားသောကြောင့်ဖြစ်သည်။ သို့သော်၊ ဓမ္မသစ်ကျမ်း၌ *eis* ဟူသောစကားလုံး၏သာမန်အသုံးပြုပုံမှာ ငြင်းခုံဖွယ်ဖြစ်နေပါသည်။

ဒုတိယ ခ သမ္မတရားအနက်ဖွင့်ဘာသာပြန်ဆိုက်ချက်တွင် ဤဇာတ်ကြောင်းပြန်ပြောရေးသားချက်၏သမိုင်းအခြေအနေနှင့်ခေတ်ကာလအပြောင်းအလဲအခြေအနေတို့ကို ထည့်သွင်းသုံးသပ်ထားသည်။ ရှင်ပေတရုသည် မေရှိယကိုမကြာသေးမီကမှကားတိုင်တင်သတ်ခဲ့ကြသည့် ယုဒလူမျိုးများကိုလိပ်မူပြောဆိုနေပါသည်။ ယုဒလူမျိုးများသည် မိမိတို့လုပ်ခဲ့သောလုပ်ရပ်ကို သဘောပေါက်နားလည်လာသောခါသူတို့သည် "စိတ်နှလုံးပူပန်ခြင်းရှိ၍" ဟုညွှန်ပြထားသည့်အတိုင်း သခင်ယေရှုခရစ်ကို ယုံကြည်လက်ခံခဲ့ကြပြီး၊ အဘယ်သို့ပြုရပါနည်းဟုမေးခဲ့ကြသည်။ နောင်တရ၍ဗတ္တိဇံခံကြရန် ရှင်ပေတရု၏မိန့်ဆိုချက်သည် သခင်ခရစ်တော်ကိုကားတိုင်တင်သတ်ခဲ့ကြသည့် ၄င်းတို့၏အလွန် ဆိုးဝါးသောအပြစ်အတွက်ရရှိမည့်တရားစီရင်ခြင်းမှလွတ်ငြိမ်းရန်အတွက် ၄င်းတို့လုပ်ဆောင်ဖို့လိုအပ်သောအရာဖြစ် သည်။ ထိုသို့အားဖြင့် ၄င်းတို့သည် အပြစ်လွှတ်ခြင်းကိုခံရ၍ ကတိပြုထားသော သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရရှိခဲ့ကြမည်ဖြစ်သည်။ လူအချို့က သင်အပြစ်ကျူးလွန်မိခဲ့ကြောင်းကိုသိရှိနားလည်လာခြင်းသည်အပြစ်လွှတ်ခံရခြင်းနှင့် ထာဝရအသက်အတွက် သခင်ခရစ်တော်ကို ယုံကြည်ခြင်းနှင့်မတူသောကြောင့် "စိတ်နှလုံးပူပန်ခြင်းရှိ၍"သည် ထာဝရအသက်အတွက် သခင်ယေရှုခရစ်ကိုယုံကြည်ခြင်းနှင့် အတူတူဖြစ်သည်ဟုမှတ်ယူထားခြင်းသည်ဆွဲဆန့်၍ခဲ့ကားမှုတစ်ခုဖြစ်သည်ဟု ထင်မှတ်ကောင်းထင်မှတ်ကြပေမည်။

ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့်ကယ်တင်ခြင်းသို့ရောက်ရသည်ဟူသောချက်ကို ထိန်းသိမ်းထားသည့် တတိယမြောက်အနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ယုဒလူမျိုးတို့အားရှင်ပေတရုလိပ်မူပြောဆိုခြင်းရှိ ခေတ်အပြောင်းအလဲကာလ၏လက္ခဏာသွင်ပြင်ကိုလည်း ထည့်သွင်းသုံးသပ်ထားပါသည်။ ယုဒလူမျိုးများသည် "စိတ်နှလုံးပူပန်ခြင်း"သို့ရောက်ချိန်တွင် မေရှိယကိုသတ်ခဲ့သည့် မိမိတို့၏အပြစ်ကို ပြန်လည်သိရှိနားလည်လာကြသော်လည်း ၄င်းတို့၏အပြစ်ကိုခွင့်လွှတ်ပေး၍ ၄င်းတို့ကိုသန့်ရှင်းသောဝိညာဉ်တော်အားပေးသနားမည့် သခင်ယေရှုခရစ်ကို၄င်းတို့၏ကယ်တင်ပိုင်ရှင်အဖြစ်နှင့် စိတ်နှလုံးများကိုပြောင်းလဲရန် (၄င်းသည် "ယုံကြည်ပါ" ဟုအတိအကျပြောနေခြင်းဖြစ်သည်) သို့မဟုတ် နောင်တရကြရန်လိုအပ်လျက်ရှိနေကြပါသည်။ ဗတ္တိဇံခံခြင်းသည်အပြစ်နှင့်ပြည့်သောလူမျိုးများနှင့်အတူရှိ နေခဲ့ခြင်းကိုနောင်တရကြောင်း၊ ၄င်းတို့ထံမှ ခွဲထွက်လာပြီဖြစ်ကြောင်းနှင့် မိမိတို့၏ယုံကြည်ခြင်းအားဖြင့် ယုံကြည်သူလူ

သစ်များနှင့်တစ်လုံးတဝတည်းဖြစ်သွားကြောင်းကို ပြသသောနည်းလမ်းတစ်ခုဖြစ်သည်။ ဗတ္တိဇံခံခြင်းသည် ၄င်းတို့၏ယုံကြည်ခြင်းကို မျက်မြင်ထင်ရှားခင်းကျင်းပြသခြင်းသာဖြစ်ကာ ကယ်တင်ခြင်းရရှိရန်အတွက်ပြုလုပ်ရမည့်အခြေ အနေတစ်ခု မဟုတ်ပါ။ ထောက်ခံ၍ပြောဆိုရလျှင် "နောင်တရ" ရန်မိန့်ဆိုချက်သည် အများကိန်းဖြစ်ပြီး၊ ၄င်းသည် "သန့်ရှင်းသောဝိညာဉ်တော်နှင့်ဆုကျေးဇူးတော်ကိုခံကြရလိမ့်မည်"ရှိအများကိန်းနှင့်အပေးအယူမျှနေပါသော်လည်း ဗတ္တိဇံခံရန်မိန့်မူချက်တွင်မူ အနည်းကိန်းဖြစ်နေသောကြောင့် စကားချပ်သဖွယ်ထည့်ထားခြင်းသာဖြစ်သည်။

ဤ ခ သမ္ဘာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်တစ်ခုစီသည် ၄င်းတို့၏ကိုယ်စီအားသာချက်များနှင့် အားနည်းချက်များရှိထားကြသော်လည်း၊ ထင်ရှားပြတ်သားသောသမ္ဘာကျမ်းစာနှင့် ညီညွတ်သည့်သွန်းသင်ပေးချက်များအရ ၄င်းတို့သည် ဗတ္တိဇံခံခြင်းကိုထာဝရအသက်တွက် အခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ် ဖန်တီးထားသည့် အနက်ဖွင့်ဘာသာပြန်ဆိုချက်ထက်မူ သာ၍ခိုင်လုံမှုရှိကြပါသည်။

တမန်တော်ဝတ္ထုက နောက်ပိုင်းတွင်ပြသထားသည့်အတိုင်း၊ ယုံကြည်သောတစ်ပါးအမျိုးတို့သည် ဗတ္တိဇံခံခြင်းမပါရှိဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရရှိခဲ့ကြပါသည် (တမန်တော် ၁၀း၄၀–၄၄) ။ ဤသည်မှာ ယနေ့၌လည်း ဘုရားသခင်လုပ်ဆောင်နေသောနည်းလမ်းဖြစ်သည်။ သခင်ယေရှုခရစ်ကိုယုံကြည်သော သူတိုင်းသည် ကယ်တင်ခြင်းသို့ချက်ချင်းရောက်ကြပါသည် (က သမ္ဘာတရား)။ သို့သော် ၄င်းတို့သည် ထိုယုံကြည်ခြင်းကို တရားဝင်ကြေညာ၍ ၊ ခရစ်ယာန်အသိုင်းအဝိုင်းနှင့် တသားတစ်ကိုယ်တည်းဖြစ်ကြောင်းလူသိရှင်ကြားပြသရန် တက်နိုင်သရွေ့ အမြန်ဆုံးဗတ္တိဇံခံကြရပါမည် (ခ သမ္ဘာတရား) ။ ဗတ္တိဇံခံခြင်းသည် ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုမဟုတ်သော်လည်း၊ ၄င်း၏အရေးပါမှုကို မချိုးနှိမ်သင့်ပါ။ ဗတ္တိဇံခံခြင်းသည် သခင်ယေရှုခရစ်၏ နောက်တော်သို့ လိုက်လျှောက်ခြင်းရှိ နာခံခြင်း၏ပထမခြေတစ်လှမ်းဖြစ်သည်။

နတ်ဝိဇ္ဇာရှိမုန် (Simon the sorcerer)။ တမန်တော် ၈း ၁၇–၂၄

> *၁၇ ထိုသူတို့အပေါ်၌ လက်ကိုတင်သောအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကိုခံရကြ၏။ ၁၈ တမန် တော်တို့လက်ကိုတင်သောအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်သည်ကို ရှိမုန်မြင်လျှင်၊ ငွေကိုယူဆောင်ခဲ့၍၊ ၁၉ အကျွန်ုပ်၏လက်တင်ခြင်းကိုခံစေမည် အကြောင်းအကျွန်ုပ်အားအခွင့်ပေးပါဟုတောင်းသော်၊ ၂၀ ပေတရုက ဘုရားသခင်၏ကျေးဇူးတော်ကို ငွေနှင့်ဝယ်ယူမည်ဟု အကြံရှိသော ကြောင့်၊ သင်နှင့်တကွသင်၏ငွေသည်ပျက်စီးခြင်းသို့ရောက်ပါစေ။ ၂၁ သင်သည် ဤအမှုအရာ*

နှင့် မဆက်ဆံသောသူဖြစ်၏၊ အကြောင်းမူကား၊ သင်၏စိတ်နှလုံးသည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းမရှိ။ ၂၂ *ထိုကြောင့် သင်၌ ယခုဆိုးညစ်သောအမှုကို နောင်တရလော့။ သင်၏စိတ်နှလုံး၌ကြံစည်ခြင်းအပြစ်ကိုလွှတ်ကောင်းလွှတ်လိမ့်မည်ဖြစ်၍ ဘုရားသခင်ကို တောင်းပန်လော့။* ၂၃ *သင်သည် ခါးစွာသောသည်းခြေစွဲသည်ဖြစ်၍ ဒုစရိုက်အနှောင်အဖွဲ့ နှင့်အလွတ်ကြောင်းကိုငါသိမြင်သည်ဟုဆို၏။* ၂၄ *ရှိမုန်ကလည်း၊ မိန့်တော်မူသောအရာ တစုံတခုမျှအကျွန်ုပ်ပေါ်သို့ မရောက်ပါမည်အကြောင်း၊ ထာဝရဘုရားကို အကျွန်ုပ်ဘို့အလိုငှါ ဆုတောင်းတော်မူကြပါဟု ပြန်ပြော၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ရှိမုန်သည်အပြစ်ကို ကြီးမားစွာကျူးလွန်ခဲ့ပြီး၊ ရှင်ပေတရုက အစဉ်တည်သောကျိန်ခြင်း ဖြင့်ကျိန်ခဲ့သောကြောင့် ၄င်း၏ယုံကြည်ခြင်းသည် မှားယွင်းသော ယုံကြည်ခြင်းဖြစ်သည်။ ထို့ကြောင့်သူသည်ကယ်တင်ခြင်းကိုခံရဖို့ လိုအပ်နေခဲ့သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ရှိမုန်၏ယုံကြည် ခြင်းသည် ၄င်းကိုကယ်တင်ခဲ့ပါသော်လည်း ၄င်း၏ကြီးမားသော အပြစ်က ယာယီကျိန်ခြင်းကို ဆောင်ယူလာလုဆဲဖြစ်သောကြောင့် သူသည် နောင်တရဖို့လိုအပ်ခဲ့သည်။

တစ်ဖန်၊ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုခြင်းက "ရှိမုန်သည်လည်း ကိုယ်တိုင်ယုံကြည်သည်ဖြစ်၍" ဗတ္တိဇံခံခဲ့သည် (တမန်တော် ၈း၁၃) ဟူသော သမ္မာကျမ်းစာ၏ရှင်းလင်းပြတ်သားသောထုတ်ဖော်ပြောဆိုချက်အား ငြင်းပယ်ရန်ကျွန်ုပ်တို့ကိုတောင်းဆိုထားပါသည်။ သို့သော် ရှိမုန်၏ကယ်တင်ခြင်းကို ငြင်းပယ်ထားသောသူများသည်အရှေ့မှ "ဖိလိပ္ပုသည် ဘုရားသခင်၏နိုင်ငံတော်နှင့်၄င်း၊ ယေရှုခရစ်၏ နာမတော်နှင့် ၄င်းစပ်ဆိုင်သောဧဝံဂလိတရားကိုဟောပြော၍ ထိုသူတို့သည် ယုံကြည် သောအခါ ယောကျ်ားမိန်းမတို့သည် ဗတ္တိဇံကိုခံကြ၏" (တမန်တော် ၈း၁၂) ဟူသော ရှမာရိအမျိုးတို့နှင့်ဆက်စပ်၍ထုတ်ဖော်ပြောဆိုချက်ကိုမူ မေးခွန်ထုတ်ခဲ့ကြဟန်မရှိပါ။ ဤထုတ်ဖော် ပြောဆိုချက်ကိုမူအရှိအတိုင်းဟုတ်မှန်ကြောင်း ယုံကြည်ထားကြသော်လည်း ရှိမုန်အကြောင်း ထုတ်ဖော် ပြောဆိုချက်ကို အရှိအတိုင်းဟုတ်မှန်ကြောင်းမယုံကြည်ကြပါ။ နောက်လာမည့်ဖြစ်စဉ်တွင်လည်း ဤဖိလိပ္ပုကပင် အဲသယောပိအမတ်ထံ၌ဧဝံဂလိတရားကိုဟောပြောခဲ့ရာ (၈း၂၆း၃၆) ထိုအမတ်ကလည်းယုံကြည်ခဲ့ သည် (၈း၃၈–၃၉)။ ထိုအသက် တာပြောင်းလဲခြင်းကိုမူမည်သူကမျှမေးခွန်းမထုတ်ခဲ့ကြပါ။ ထို့ကြောင့်၊ ကျွန်ုပ်တို့တွင်ပြဿနာရှိနေပါသည်။ ရှမာရိလူအုပ်စုနှင့် အဲသယောပိအမတ်တို့၏

ကယ်တင်ခြင်းသည်စစ်မှန်၍ ရှိမုန်၏ကယ်တင်ခြင်းမှာမှားယွင်းသည်ဟု အဘယ်ကြောင့် ယူဆကြသနည်း။ ရှိမုန်၏ကယ်တင်ခြင်းကို နောက်၌တစ်ဆက်တည်းပါလာသည့်ကျမ်းချက်တွင် ရှမာရိအမျိုးတို့၏ကယ်တင်ခြင်းနှင့်တစ်ပုံစံတည်းရေးသားဖော်ပြထားပါသည်။ ပြောရမည်ဆိုလျှင်၊ ရှိမုန်အကြောင်းကိုသာကွက်၍ ရွေးချယ်ဖော်ပြခြင်းသည် ရှိမုန်၏ကယ်တင်ခြင်းကိုငြင်းပယ်ခြင်းထက် ရှိမုန်ကယ်တင်ခြင်းရရှိကြောင်းကို အလေးထားနေခြင်းဖြစ်သည်။ တမန်တော်ဝတ္ထု၏ဤအပိုင်းတွင် ယုတ်ညံ့သောစိတ်နှလုံးရှိသည့်သူများ (နတ်ဝိဇ္ဇာအတတ်ကိုဆည်းပူးသောရှိမုန်) နှင့်စိတ်နှလုံးကောင်းရှိသောသူများ (သမ္မာကျမ်းစာကိုမြုပ်နှံဆည်းပူးသော အဲသယောပိအမတ်) တို့ကိုဧဝံဂလိတရားက ကယ်တင်ပေးပါသည်ဟူသောအချက်ကို ကျွန်ုပ်တို့အားပြသရန်စီစဉ်ရေးသားထားသည့်ဆန့်ကျင်ဘက်နှစ်ခုနှိုင်းယှဉ်ဖော်ပြမှုတစ်ခုကို တွေ့ရပါသည်။

"သင်နှင့်တကွ သင်၏ငွေသည် ပျက်စီးခြင်းသို့ရောက်ပါစေ" ဟူသောရှင်ပေတရု၏စကားသာမရှိခဲ့လျှင် ရှိမုန်၏ကယ်တင်ခြင်းစစ်မှန်မှုကို မေးခွန်းထုတ်ချင်မှထုတ်ခဲ့ကြပါလိမ့်မည်။ ရှင်ပေတရုအားထိုသို့ပြောဆိုစေသောအရာမှာ ရှိမုန်ကသခင်ယေရှုခရစ်ကို ငြင်းပယ်ခြင်းကြောင့် မဟုတ်ပါ။ ဤအချက်ကိုကျမ်းချက် တွင်လုံးလုံးညွှန်ပြထားခြင်း မရှိပါ။ ယုံကြည်သူလူသစ်များအပေါ်၌ သန့်ရှင်းသောဝိညာဉ်တော်ကိုပေးပိုင်သောတမန်တော်များ၏ထူးခြားသည့်တန်ခိုးကိုလိုချင်တပ်မက်သည့် ရှိမုန်၏လောဘစိတ်ကြောင့်သာ ရှင်ပေတရုထိုသို့ပြောခဲ့ရခြင်းဖြစ်သည်။ ရှိမုန်သည် မိမိ၌လည်းသန့်ရှင်းသောဝိညာဉ်တော်လက်ခံရရှိကြောင်းကို အခြားသောရှမာရိအမျိုးများနှင့်အတူအသေအချာကြုံတွေ့ခံစားခဲ့ရပါသည် (၈း၁၄–၁၇)။ ဤအတွေ့အကြုံကြောင့် သူသည်ဝိညာဉ်တော်၏ဤအံ့ဖွယ်စွမ်းရည် ဆုကျေးဇူးကို အခြားသူများအပေါ်၌လည်းပေးအပ်လိုခဲ့ခြင်းဖြစ်နိုင်သည်။ သို့သော်၊ သူသည် တမန်တော်တို့နှင့်သာသက်ဆိုင်သည်ဤထူးခြားသော တန်ခိုးကို ငွေကြေးဖြင့်ဝယ်ယူရန်ကြိုးစားရှာကြံခဲ့သည် (၈ယ်၂၀)။ ထို့ကြောင့် ရှင်ပေတရုက *"သင်သည် ဤအမှုအရာနှင့် မဆက်ဆံသောသူဖြစ်၏"* ဟုပြောဆိုချိန်တွင် ရှင်ပေတရုသည် သန့်ရှင်းသောဝိညာဉ်တော်ကိုပေးပိုင်သော တမန်တော်များ၏အထူးအခွင့်အရေးကိုပြောဆိုခဲ့ခြင်းဖြစ်သည်။ ကယ်တင်ခြင်းကိုပြောဆိုနေခြင်း မဟုတ်ပါ။ ထို့အပြင်၊ ရှင်ပေတရုက ရှိမုန်၏စိတ်နှလုံးသည်ဘုရား သခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းမရှိဟုလည်းပြောခဲ့ပြီး (တမန်တော် ၈း၂၁)၊ ၄င်းသည် ယုံကြည်သူမဟုတ်သောသူတစ်ယောက်ကို ပုံဖော်ပြောဆိုရန်အတွက်ဖြစ်ရိုးဖြစ်စဉ် မဟုတ်သောနည်းလမ်းတစ်ခုဖြစ်နေခဲ့ပါလိမ့်မည်။ ရှင်ပေတရုက ရှိမုန်ကို တိကျသေချာသောအပြစ်တစ်ခုဖြစ်သည့် "ယခုဆိုးညစ်သောအမှု" ကိုနောင်တရရန်ပြောဆိုခဲ့သည်။ တစ်ဖန်၊ ဤအရာသည်လည်း ယုံကြည်သူမဟုတ်သောသူတစ်ယောက်ကို လိပ်မူပြောဆိုရန်ဖြစ်ရိုးဖြစ်စဉ်မဟုတ်သောနည်းလမ်း တစ်ခုဖြစ်နေပြန်သည်။ ယုံကြည်သူမဟုတ်သော

သူတစ်ယောက်သည် အပြစ်ဒုစရိုက်တစ်ခုကြောင့် မဟုတ်၊ အပြစ်ဒုစရိုက်အားလုံးကြောင့်ပြစ်ဒဏ်ချမှတ်ခံရပါသည်။ ရှိမုန်၏ပြဿနာကို သူသည်အပြစ်ဒုစရိုက်၌သေလျှက်ရှိသည်ဟူ၍လည်ကောင်း၊ ဘုရားသခင်ထံမှခွဲထားခံရသည်ဟူ၍လည်ကောင်း မပြောထားပါ။ "ခါးစွာသောသည်းခြေစွဲသည်ဖြစ်၍၊ အပြစ်ဒုစရိုက်အနှောင်အဖွဲ့နှင့်မလွတ်"ဟုသာဖော်ပြပြောဆိုထားသည်။ ဤရည်ညွှန်းချက်နှစ်ခုသည် ရှိမုန်၏မနာလိုခြင်းနှင့် ဝိသမလောဘစိတ်တို့ကို ထင်ရှားစွာရည်ညွှန်းထားချက်များဖြစ်သည် (တမန်တော် ၈း၂၃)။ ယုံကြည်သူများသည် လည်း ခါးသည်းခြင်းနှင့်အပြစ်ဒုစရိုက်တို့ကို မလွန်ဆန်နိုင်ဘဲရှိနိုင်ကြပါသည် (၈ဖက် ၄း၃၂ ၊ ဟေဗြဲ ၁၂း၁၅)။

ထိုသို့ဆိုလျှင် အခန်းငယ် ၂၀ရှိ "သင်နှင့်တကွသင်၏ဌေးသည်ပျက်စီးခြင်းသို့ရောက်ပါစေ"ဟူသော ရှင်ပေတရု၏ကြိမ်းဝါးပြောဆိုမှုကို ကျွန်ုပ်တို့မည်သို့ နားလည်ကြရမည်နည်း။ "ပျက်စီးသည်" (perish ဟူသော စကားလုံးသည် *apoleia* မှရောက်ရှိလာ၍) တစ်ခါတစ်ရံတွင် အပယ်ငရဲ၌အစဉ်ထာဝရပျက်စီးခြင်းကို သီးသန့်ရည်ညွှန်းပါသည်။ ဤစကားလုံးသည် *ပျက်စီးယိုယွင်းသည် (ruin)* သို့မဟုတ် *အလဟဿဖြစ်စေသည် (waste)* ဟူသောယေဘုယျအဓိပ္ပါယ်ကိုကိုဆောင်သည် (မာကု ၁၄း၄ ၊ မဿဲ ၂၆း၈၊ တမန်တော် ၂၅း၁၆ ၊ ၂ပေ ၃း၁၆ တို့ကို ကြည့်ပါ)။ ထို့အပြင်၊ ဤစကားလုံးကို ၁ကော ၈း၁၁၌တွေ့ရသည့်အတိုင်း ကယ်တင်ခြင်းခံရသောသူတစ်ယောက်ကိုလည်းရည်ညွှန်းအသုံးပြုထားပါသည်။ သေချာသည်မှာ၊ ရှိမုန်၏လွဲမှားသောတောင်းဆိုမှုက တမန်တော်တို့၏ အရိုက်အရာနှင့်စပ်လျဉ်း၍လည်ကောင်း၊ ဝိညာဉ်တော်၏ဆုကျေးဇူးတော်နှင့်စပ်လျဉ်း၍လည်းကောင်းထားရှိသည့် ၄င်း၏ဖောက်ပြန်သောအယူအဆကို ထင်ဟပ်ပြသနေပြီး၊ ထိုအယူအဆသည် အသက်တာ၌ပျက်စီးယိုယွင်းခြင်း (သို့) အလဟဿဖြစ်စေခြင်းကိုဖြစ်စေခဲ့ပါလိမ့်မည်။ လေ့လာအကဲခတ်မှုနှစ်ခုကယာယီကျိန်ခြင်းနှင့်စပ်ဆိုင်သော အနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ထောက်ခံအားပေးထားသည်။ ပထမတစ်ခုမှာ ဌေကြေးကို ရှိမုန်နှင်အတူအပယ်ငရဲ၌ အစဉ်ထာဝရအပြစ်စီရင်ရန် အပ်နှံခြင်းသည်ဖြစ်ရိုးဖြစ်စဉ်မဟုတ်သောအရာဖြစ်ခဲ့လိမ့်မည်။ ဒုတိယမှာ တမန်တော်များ၏ဆုတောင်းပေးခြင်းကိုခံရန် ရှိမုန်၏တောင်းဆိုမှုက နောင်တရခြင်းတမျိုးမျိုးကိုပြသနေပြီး၊ ၄င်းသည် အသစ်ပြုပြင် ခံရခြင်းနှင့်ကိုက်ညီသောစိတ် သဘောထားတစ်ခုဖြစ်သည်။ ခ သမ္မာတရားအနက်ဖွင့်ဘာသာ ပြန်ဆိုးချက်က ဤဇာတ်ကြောင်းပြန်ပြောရေးသားချက်နှင့်ကိုက်ညီမှုအရှိဆုံးဖြစ်သည်။

တမန်တော်များနှင့် သက်ဆိုင်သည့်စွမ်းရည်ဆုကျေးဇူးများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုမည်သို့ ပေးကမ်းမည်၊ မည်သည့်အချိန်တွင်ပေးကမ်းမည်ဟူသော ဘုရားသခင်၏ကိုယ်ပိုင်အခွင့်အာဏာနှင့်စပ်လျဉ်း၍လည်းကောင်း ရှိမုန်၏နားလည်မှုလွဲနေခြင်းသည် ယနေ့၌ တမန်တော်များနှင့်သာသက်ဆိုင်သော

စွမ်းရည်ဆုကျေးဇူးကိုရရှိထားသည်ဟုအခိုင်အမာဆို၍ လူတို့အပေါ်၌သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးကမ်းအပ်နှင်းပိုင်သောတန်ခိုးရှိသည်ဟု အခိုင်အမာဆိုနေကြသော သူများအတွက် သတိပေးချက်တစ်ခုဖြစ်သည်။ တမန်တော်ဝတ္ထုသည် ပညတ်တော်ကာလနှင့်အသင်းတော်ကာလကြားရှိ ခေတ်ကာလအကူးပြောင်းမှအဖြစ်အပျက်များကိုရေးသားဖော်ပြထားသည့် ကျမ်းတစ်ကျမ်းဖြစ်သည်။ ဤခေတ်ကာလမှာ အဖြစ်အပျက်များကို ယနေ့ခေတ်ကာလအတွက်စံသတ်မှတ်ချက်များအဖြစ် ကျွန်ုပ်တို့အနက်ဖွင့်ဘာသာပြန်ဆိုခြင်းမပြုလုပ်နိုင်ပါ။ ရှင်ပေါလု၏ဩဝါဒစာများ၌ ရှင်းလင်းပြတ်သားစွာဖော်ပြထားသည့်အတိုင်း၊ သခင်ယေရှုခရစ်ကိုယုံကြည်သူအားလုံးသည် တမန်တော်တို့၏ကြားဝင်လုပ်ဆောင်ပေးခြင်းမလိုဘဲ သန့်ရှင်းသောဝိညာဉ်တော်ကို ချက်ချင်းလက်ခံရရှိကြပါသည် (ရောမ ၈း၉၊ ၁ကော ၁၂း၁၃၊ ဂလာတိ ၃း၂ ၊ ဧဖက် ၁း၁၃)။

သခင်ယေရှုခရစ်ကိုယုံကြည်လော့ (Belive in the Lord Jesus Christ)။ တမန်တော် ၁၆း၃၀–၃၁

> *၃၀ သူတို့ကိုအပြင်သို့ ထုတ်ပြီးလျှင်လည်း၊ သခင်တို့၊ အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှါ အဘယ်သို့ပြုရပါမည်နည်းဟု မေးလျှောက်လေ၏။ ၃၁ ထိုသူတို့ကလည်း၊ သခင်ယေရှု ခရစ်ကိုယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့် သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်ဟုပြောဆိုလျက်။*

က သမ္မာတရား အနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုခရစ်အားမိမိအသက်တာ၏အရှင်သခင်အဖြစ် ဆက်ကပ်အပ်နှံခြင်းကဌင်းကိုကယ်တင်ခဲ့လိမ့်ဟု ထောင်မှူးကိုပြောဆိုထားသည်။

ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အရှင်သခင်ဖြစ်တော်မူသော သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းက ဌင်းကိုကယ်တင်ခဲ့လိမ့်မည်ဟု ထောင်မှူးကိုပြောဆိုထားသည်။

ပထမအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် မိမိ၏အသိစိတ်တွင်းမှဖြစ်ပေါ်သောခံစားချက်တွင်အခြေခံထား သည် – ကယ်တင်ခြင်းအတွက် *သခင်(Lord)*ယေရှုခရစ်ကိုယုံကြည်ခြင်းဆိုသည်မှာ ကိုယ်တော်ကို အသက်တာ၏ *အရှင်သခင် (Master)* အဖြစ်နှင့် ဆက်ကပ်အပ်နှံခြင်းဖြစ်သည်။ ဤအယူအဆကို အရှင်သခင်ဖြစ်ခြင်း၌ ဆက်ကပ်

အပ်နှံသည့်ကယ်တင်ခြင်း (Lordship Salvation) ဟုခေါ်သည်။ အကြောင်းမှာ ဤအယူအဆကိုစွဲကိုင်ထားသော သူများက *ယုံကြည်သည် (belive)* ဟူသောစကားလုံးကို သခင်ယေရှုအား အရှင်သခင်အဖြစ်နှင့်ဝန်ခံအပ်နှံခြင်း၊ ဆက်ကပ်အပ်နှံခြင်း၊ အည့်ခံအပ်နှံခြင်း ဟူသောအဓိပ္ပါယ်မျိုးဖြင့် အနက်အဓိပ္ပါယ်ဖွင့်ဆိုကြသောကြောင့် ဖြစ်သည်။ ဒုတိယအနက်ဖွင့်ဘာသာပြန်ဆိုချက်၏အလေးအနက်ထားမှုမှာ ဓမ္မဓိဋ္ဌာန်ကျမှုအပေါ်တွင်အခြေခံထားသည်။ သင့်ကို ကယ်တင်ပေးနိုင်သော သူသည် အရှင်သခင်ယေရှုခရစ်ဖြစ်တော်မူသောကြောင့် ထိုသူကိုယုံကြည်ပါ။

ပထမအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် " အရှင်သခင်" (Lord) ဟူသောစကားလုံး၏ လက္ခဏာသွင်ပြင် တစ်ခုအပေါ်၌သာ စူးစိုက်ထားသည်။ ဤစကားလုံးကို တစ်ဦးတစ်ယောက်၏ အသက်တာအပေါ်၌ သခင်ခရစ်တော်၏အစိုးရခြင်းမျိုးဖြင့် အနက်ဖွင့်ဘာသာပြန်ဆိုထားကြသည်။ သို့သော်၊ *"အရှင်သခင်" (Lord; Kyrios)* ဟူသောစကားလုံး၏ အဓိကကျသောဆိုလိုရင်းမှာ ဘုရားဖြစ်ခြင်းဖြစ်သည် (ငယ် ၃၄ ကိုကြည့်ပါ)။ ဘုရားဖြစ်ခြင်းတွင် ရှင်ဘုရင်၊ ယဇ်ပုရောဟိတ်၊ မေရှိယစသည့်လက္ခဏာသွင်ပြင်များပါဝင်နေသောကြောင့် ဤကျမ်းချက်တွင် *အရှင်သခင် (Lord)* ဟူသောစကားလုံးသည် တစ်ဦးတစ်ယောက်၏အသက်တာအပေါ်၌အစိုးရခြင်းဟူသောပုဂ္ဂလိကခံစားယူဆချက်နှင့်ဆိုင်သည့် အဓိပ္ပါယ်မျိုးသာရှိထားသည်ဟုယူဆထားခြင်းသည် အနည်းငယ်တစ်ဖက်သက်ဆန်နေပါသည်။ သို့မဟုတ် ဓမ္မတွေးခေါ်ယူဆချက်အရဘက်လိုက်နေခြင်းသာဖြစ်သည်။ ဤစကားလုံးကို သခင်ယေရှုခရစ်၏ဘွဲ့နာမအတွက် ဓမ္မဓိဋ္ဌာန်ကျသောရည်ညွှန်းချက်တစ်ခုအဖြစ်နှင့်ရှုမြင်လျှင်ပို၍သင့်တော်ပါသည်။ ဤစကားလုံးကို အခန်းငယ် ၃၀ ၌ရှင်ပေါလုနှင့် သီလတို့အားလေးစားမှုဖြင့်ခေါ်ဆိုသောဘွဲ့နာမအဖြစ်အသုံးပြုထားသည်။ ထိုကျမ်းချက်တွင် ထောင်မှူးက "သခင်တို့ *(kyrios)* အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှါ အဘယ်သို့ပြုရမည်နည်း" ဟုမေးခဲ့ပါသည်။

မယုံကြည်သူရောမလူမျိုး ထောင်မှူးတစ်ယောက်က သခင်ယေရှုကိုသခင်အဖြစ်နှင့်မိမိ၏အသက်တာအား ဝန်ခံအပ်နှံခြင်းအကြောင်းကို မည်သို့သိခဲ့လိမ့်မည်နည်းဟု ကျွန်ုပ်တို့မေးရပေမည်။ မယုံကြည်သူများအနေဖြင့် ဘုရားသခင်၏သားတော်သည် သူတို့၏အပြစ်ဒုစရိုက်အတွက်အသေခံခဲ့ရပြီး၊ သေခြင်းမှပြန်လည်ထမြောက်ကာထာဝရအသက်ကိုပေးသနားတော်မူခြင်း၏ဆိုလိုရင်းကိုသာ သဘောပေါက်နားလည်ဖို့လိုအပ်သည်။ သခင်ယေရှုကို အရှင်သခင်အဖြစ်နှင့်နာခံလိုက်လျောက်ခြင်းအတွက် ပညတ်ချက်တစ်သီတစ်သန်းနှင့်အခြေအနေသတ်မှတ်ချက်များကို သိဖို့မလိုအပ်ပါ။ ၄င်းတို့သည် တပည့်တော်ဖြစ်ခြင်း၏အနှစ်သာရများသာဖြစ်ကြပေသည်။

ဒုတိယအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ယုံကြည်စွဲကိုင်ထားသောသူများအား

လူတစ်ယောက်သည် သခင်ယေရှုခရစ်၏ အရှင်သခင်ဖြစ်ခြင်းကို ငြင်းပယ်နိုင်ပြီး၊ ကိုယ်တော်ကိုကယ်တင်ခြင်းအတွက်သာ ယုံကြည်နိုင်ကြောင်းသင်ကြားပေးနေကြသည်ဟု စွပ်စွဲခြင်းခံကြရသည်။ ဤအရာသည် လိုရာဆွဲ၍မမှန်မကန်ပြောဆိုငြင်းခုံမှုသာဖြစ်သည်။ သခင်ယေရှုခရစ်၏အရှင်သခင်ဖြစ်ခြင်းသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် မည်သည့်နည်းလမ်းနှင့်မဆို ပဓာနကျသောအရာဖြစ်သည်။ ဘုရားဖြစ်တော်မူခြင်းနှင့်အတူ အရှင်သခင်ဖြစ်တော်မူသော သခင်ယေရှုတစ်ပါးတည်းကသာလျှင်ပကတိပြည့်စုံသောအသက်တာကို ရှင်သန်နိုင်ခဲ့ပြီး၊ လူသားအားလုံးအတွက်အသေခံကာ၊ ထာဝရအသက်ကိုပေးသနားနိုင်ခဲ့ပါသည်။ သို့သော် ၊ သခင်ယေရှု၏အရှင်သခင်ဖြစ်ခြင်း၌ပုဂ္ဂလိကခံစားယူဆချက်အရ ဝန်ခံအပ်နှံခြင်းအမှုကိုအခြေအနေသတ်မှတ်တစ်ခုအဖြစ်ရှင်ပေါလု၏ဖြေကြားချက်တွင်တင်ပြ မထားပါ။ အခြေ အနေသတ်မှတ်ချက်အဖြစ်တင်ပြထားသောအရာမှာ “ ယုံကြည်ပါ ” (believe) ဟူ၍သာဖြစ်သည်။ ယုံကြည်သူတိုင်းသည် သခင်ယေရှုခရစ်ကို အရှင်သခင်အဖြစ်နှင့်ဝန်ခံအပ်နှံကြရမည်ဖြစ်သော်လည်း ပထမဆုံးအနေဖြင့်ငှင်းတို့သည် သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ်သိကျွမ်းကြရမည်ဖြစ်သည်။

အခန်းငယ် ၃၁ အားလွဲမှားစွာ အနက်ဖွင့်ဘာသာပြန်ဆိုချက်တစ်ခုမှာ ထိုကျမ်းချက်ကိုကတိပေးချက်တစ်ခုအဖြစ်နှင့် နားလည်ထားသောသူများထဲမှဖြစ်ပြီး၊ ၎င်းတို့ကတစ်ဦးတစ်ယောက်သည်ကယ်တင်ခြင်းအတွက် သခင်ယေရှုခရစ်ကိုယုံကြည်လျှင်၎င်း၏မိသားစုများအားလုံးသည်လည်း ကယ်တင်ခြင်းခံရမည်ဖြစ်သည်။ အကြောင်းမှာရှင်ပေါလုက “သင်နှင့်သင့်အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်” ဟုပြောဆိုခဲ့သောကြောင့်ဖြစ် သည်ဟုဆိုထားကြသည်။ သို့သော်၊ သမ္မာကျမ်းစာထဲ၌ကိုယ်စားပြုလုပ်ဆောင်သူအားဖြင့် ကယ်တင်ခံရခြင်း၊ အခြားသူတစ်ယောက်၏ယုံကြည်ခြင်းအားဖြင့်ကယ်တင်ရာသို့ရောက်ခြင်းမျိုးကိုမရှိတွေ့ရှိရ (သို့) သွန်သင်ထားခြင်းမရှိသောကြောင့် ဤအယူအဆကိုငြင်းပယ်နိုင်ပါသည်။ ထို့အပြင်၊ ထိုခေတ်ကာလရှိအိမ်ထောင်မိသားစုတွင် အစေခံကျွန်များလည်းပါဝင်ခဲ့ကြခဲ့ကြခြင်းက ဤအယူအဆကို ပို၍ပြဿနာဖြစ်စေပါသည် (ယောက္ခမတွေ ၊ ယောက်ဖတွေ၊ ခယ်မတွေရောမပါဘူးလားခင်ဗျ ဟုတစ်စုံတစ်ယောက်ကနောက်ပြောင်ပြီးမေးနေသည်ကို ကျွန်ုပ်ကြားနေမိပါသည်)။ သခင် ယေရှုခရစ်ကိုကယ်တင်ရှင်အဖြစ်နှင့် ကိုယ်တိုင်ကိုယ်ကျယုံကြည်ရပါမည်။ ကယ်တင်ခြင်းသည် မျိုးဆက်တစ်ခုမှ နောက်မျိုးဆက်တစ်ခုဆီသို့အလိုအလျောက်ကူးပြောင်းရောက်ရှိ မသွားပါ။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ဧဝံဂလိတရားဒေသနာကို အားလုံးထံ၌၊ အထူးသဖြင့် ကျွန်ုပ်တို့၏မိသားစုများထံ၌ဝေငှဟောပြောရန်တာဝန်တစ်ရပ်ကို ကျွန်ုပ်တို့ရှိထားကြပါသည်။

အပြစ်များကိုဆေးကြောရန် ဗတ္တိဇံကိုခံလော့ (Be baptized to wash away sins)။ တမန်တော် ၂၂း၁၆

ယခုလည်းသင်သည် အဘယ်ကြောင့်ဆိုင်းလင့်၍နေသနည်း။ ထလော့။ သခင်ဘုရားကို ပဌာနပြု လျက်ဗတ္တိဇံကိုခံ၍၊ သင်၏အပြစ်များကို ဆေးကြောလော့ဟုဆိုပါ၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကယ်တင်ခြင်းသို့ ရောက်နိုင်မည့်အကြောင်း ၄င်း၏အပြစ်များကိုဆေးကြောခြင်းခံရန် ဗတ္တိဇံခံယူဖို့လိုအပ်ခဲ့သည်ဟု ရှင်ပေါလုကိုပြောဆိုထားသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ခရစ်တော်၌ ရှိသောင်း၏အသစ်သောဖြစ်တည်မှုကိုယ်ပိုင်လက္ခဏာကိုပြသရန် အတွက် ဗတ္တိဇံခံယူဖို့လိုအပ်ခဲ့ကြောင်း၊ ၄င်း၏ကနဦးမှအပြစ်များ အားခွင့်လွှတ်ခြင်းခံရဖို့လိုအပ်ကြောင်း ရှင်ပေါလုကိုပြောဆိုထား သည်။

ဤကျမ်းချက်တွင် တမန်တော်ရှင်ပေါလုက ဒမသက်မြို့သွားရာလမ်းပေါ်၌ မိမိ၏အသက်တာပြောင်းလဲခဲ့ ပုံကိုယေရှုရှင်လင်မြို့မှ လူများရှေ့၌ ပြန်လည်ပြောပြနေပါ သည်။ ရှင်ပေါလုကြုံတွေ့ခဲ့ရသောအဖြစ်အပျက်၏ရလဒ်မှာ အခန်းကြီး ၉ ရှိမူရင်း ဇာတ်ကြောင်းပြန်ပြောရေးသားချက်နှင့် အတူတူပင်ဖြစ်သည်။ ရှင်ပေါလု ကယ်တင်ခြင်း ခံခဲ့ရပါသည်။ သို့သော်၊ ကွဲပြားခြားနားချက်မှာ ဤကျမ်းချက်က ဗတ္တိဇံခံခြင်းနှင့် အပြစ် များကိုဆေးကြောခြင်းခံရန်အတွက် ဘုရားသခင်ကိုပဌနာပြုခြင်းကို ဖော်ပြထားခြင်း ဖြစ်သည်။

တမန်တော် ၉ ရှိရှင်ပေါလု၏ဖြစ်စဉ်ပြောပြချက်နှင့် တမန်တော် ၂၂ နှင့် ၂၆ ရှိရှင်ပေါလု၏ဖြစ်စဉ်ပြောပြချက်တို့အရ ရှင်ပေါလုသည် ဒမသက်မြို့သို့သွားရာလမ်း ပေါ်၌ ထိုအတွေ့အကြုံတွေ့ရချိန်တွင် ကယ်တင်ခြင်းသို့ရောက်ခဲ့ကြောင်းမှာ ထင်ရှားနေ ပါသည်။ ကြုံတွေ့မှုနောက်ပိုင်းတွင် မဟုတ်ပါ။ ဂလာတိ ၁း၁၁–၁၂ ရှိရှင်ပေါလု၏ ကိုယ်တိုင်သက်သေခံချက်မှာ ၄င်းသည်ဧဝံဂလိတရားကို သခင်ယေရှုခရစ်ထံမှာတိုက် ရိုက်ရရှိခဲ့သည်ဟူ၍ဖြစ်သည်။ အာနနိထံမှမဟုတ်ပါ။ ထို့အပြင်၊ အဖြစ်အပျက်ဖြစ်ချိန်နှင့် ၄င်းအဖြစ်အပျက်အားပြန်လည်ပြောပြချိန်တို့ကို ကြည့်ရှုသုံးသပ်ခြင်းသည်လည်းအရေး ကြီးသည်။ ထိုလမ်းပေါ်၌ဗျာဒိတ်တော်ကိုရရှိပြီးနောက်တွင် ရှင်ပေါလုသည် သခင်ယေရှု

ကို "သခင်"ဟုခေါ်ဆိုခဲ့သည်။ ရှင်ပေါလုက "သခင်၊ အကျွန်ုပ်သည် အဘယ်သို့ပြုရမည်နည်း" ဟု ပြောခဲ့ပြီး၊ ၄င်းသည် သခင်ခရစ်တော်၏အလိုတော်၌ ဝန်ခံအပ်နှံခြင်းကိုညွှန်ပြနေပါသည်။ ထိုအတွေ့အကြုံပြီး နောက်တွင် ကိုယ်တော်ရှင်က ရှင်ပေါလုကို ပေးခဲ့သည့် တစ်ခုတည်းသောလမ်းညွှန် သွန်သင်ပေးချက်သည် ရှင်ပေါလု ယခု "လုပ်ဆောင်" ရမည့်အရာနှင့် သက်ဆိုင်နေသည် (တမန်တော် ၂၂း၁၀) ။ အခန်းကြီး ၂၂ ရှိပြန်ပြောချက်တွင် ရှင်ပေါလုက အာနနိုလုပ်ဆောင်ခဲ့သောအရာအချို့ကိုဖော်ပြထားပြီး ၄င်းတို့က ရှင်ပေါလုသည် ဗတ္တိဇံမခံယူမီတွင် ကယ်တင်ခြင်းရရှိခဲ့ကြောင်းကို ညွှန်ပြကြပါသည်။ အာနနိုက ရှင်ပေါလုကို "ညီ"ဟုခေါ်ဆိုခဲ့ပြီး၊ ရှင်ပေါလုအား မျက်စိမြင်ခြင်းသို့ပြန်လည်ရောက်ရှိစေပြီး၊ တပါးအမျိုးတို့ထံ၌သွားရောက်ရန် ဘုရားသခင်၏ စေခိုင်းချက်ကို လက်ဆင့် ကမ်းပေးခဲ့သည် (တမန်တော်၂၂း၁၃–၁၅)။ ထို့ကြောင့် "ထလော့၊ ဗတ္တိဇံကိုခံလော့"ဟူသော အာနနိ၏မိန့်ကြားချက် သည် ကယ်တင်ခြင်းခံထားသောပေါလုထံ၌ပြောဆိုခဲ့သောအရာဖြစ်ပြီး၊ ၄င်းသည် သခင်ယေရှုက ရှင်ပေါလုအားလုပ်ဆောင်ရမည့်အရာများကို လမ်းညွှန်ပေးမည်ဟု ကြိုတင်ပြောကြားခဲ့သည့် အတိုင်းပင်ဖြစ်သည် (တမန်တော်၉း၆)။

ထိုသို့ဆိုလျှင် ဤနေရာ၌ ဗတ္တိဇံခံရန်မိန့်ကြားချက်သည် ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုမဟုတ်ပါ။ ကျမ်းချက်က ညွှန်ပြနေသည့် အတိုင်း ၄င်းသည်အပြစ်များကိုဆေးကြောခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုသာဖြစ်သည်။ ဤအရာအတွက်အကောင်းဆုံးဖြေရှင်းချက်မှာ တမန်တော် ၂း၃၈နှင့် စပ်လျဉ်းသောကျွန်ုပ်တို့၏ဆွေးနွေးချက်ကို ပြန်လည်အမှတ်ရခြင်းဖြစ်သည်။ ထိုဆွေးနွေးချက်တွင် ဗတ္တိဇံခံခြင်းသည် ယုဒလူများအတွက် ၄င်းတို့သည်ခရစ်ယာန်အသိုင်းအဝိုင်းနှင့်တစ်သားတည်းဖြစ်ခြင်းကိုပြသရန်လည်းကောင်း၊ မေရှိယကို ကားတိုင်တင်သက်ခဲ့ကြသည့် ယုဒမျိုးဆက်ကိုစွန့်ပယ်ကျောခိုင်းခြင်းကိုလည်းကောင်းပြသရန်နည်းလမ်းတစ်ခုဖြစ်ခဲ့သည်ဟုဆိုခဲ့ကြသည်။ ရှင်ပေါလုသည် မေရှိယအား ကားတိုင်တင်သတ်ခြင်းအမှုကို အားပေးထောက်ခံခဲ့ခြင်းအတွက် နောင်တရကြောင်းကိုပြန်သရန်အတွက်လည်းကောင်း၊ အပြစ်လွှတ်ခြင်းကိုခံရန်အတွက်လည်းကောင်း၊ (ခရစ်ယာန်များနှင့် ခရစ်တော်ကိုညှင်းပန်းနှိပ်စက်ခဲ့သည်အပြစ်လည်းပါဝင်နိုင်ပေသည် – တမန်တော် ၉း၁၊ ၅) ဗတ္တိဇံခံဖို့ လိုအပ်ခဲ့သည်။ "သခင်ဘုရားကို ပဋာနပြုခြင်း" (သခင်ဘုရားနာတော်ကိုဟစ်ခေါ်ခြင်း) သည် ကယ်တင်ခြင်းအတွက် မဟုတ်ပါ။ ဘုရားသခင်၏ကူညီမစခြင်းအတွက် အသနားခံခြင်းကိုပြသခြင်းဖြစ်သည်။ ဘုရားသခင်၏ထိုကူညီမစခြင်းသည်အသစ်ရရှိထားသော အမှုတော်ကိုဖြည့်ဆည်းရန်ရှင်ပေါလုလိုအပ်ခဲ့သည့်အရာဖြစ်သည်။

တစ်ဖန်၊ ကျွန်ုပ်တို့သည် တမန်တော်ဝတ္ထုတွင် အခြေအနေတစ်ခုကိုတွေ့ရှိကြ

ရပါသည်။ ၄င်းမှာ ခေတ်ကာလ အပြောင်းအလဲနှင့်ဆိုင်သောအခြေအနေတစ်ခုဖြစ်သည်။ သခင်ယေရှုနှင့်ခေတ်ပြိုင်မျိုးဆက်များသည် ကိုယ်တော်ရှင်ကိုကားတိုင်တင်သတ်သည်အပြစ်ကို အတူတကွကျခံထားကြပြီး၊ ထိုအပြစ်ကိုဝန်ချ၍ ဗတ္တိဇံခံခြင်း၌ စွန့်ပစ်ကျောခိုင်းမှသာလျှင် အပြစ်လွှတ်ခြင်းကို ရရှိကြရပါသည်။ ယုဒလူများသည် ရှင်ပေါလုဒ္ဓဖြစ်ပျက်ခဲ့သည့်အတိုင်းသန့်ရှင်းသောဝိညာဉ်တော်ကို ကယ်တင်ခြင်းခံပြီးနောက်တွင် ပေးအပ်ခြင်းခံကြရပါသည်။ သို့သော်၊ တစ်ပါးအမျိုးတို့မှာမူ သခင်ခရစ်တော်ကိုယုံကြည်လျှင်ယုံကြည်ချင်း၊ ဗတ္တိဇံမခံယူမီ၌ သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရှိခဲ့ကြသည် (တမန်တော် ၁၀း၄၃–၄၄၊ ၁၅း၇–၉)။

တမန်တော်ဝတ္ထု၏ ခေတ်ကာလအပြောင်းအလဲသဘောသဘာဝဆောင်ထားမှုကို မြင်တွေ့ခြင်းသည် အရေးကြီးပြီး၊ ၄င်း၌တွေ့ရသောအဖြစ်အပျက်များကို မျက်မှောက်ခေတ်အသင်းတော်အတွက်စံချိန်စံညွှန်းများအဖြစ်နှင့် မရှုမြင်သင့်ပါ။ တမန်တော်ဝတ္ထုကိုစံချိန်စံညွှန်းအဖြစ်ကျွန်ုပ်တို့ရယူပါက ကျွန်ုပ်တို့အားလုံးအခြားသောဘာသာစကားများကိုပြောကြပြီး (တမန်တော် ၂း၁–၁၃း၁–၆)၊ ကျွန်ုပ်တို့၌ရှိသမျှကိုရောင်း၍ဆင်းရဲချို့တဲ့သူများကိုပေးကမ်းဝေမျှကာ (တမန်တော် ၂း၄၅)၊ ဗိမာန်တော်များနှင့် အိမ်များ၌စုရုံးကြ၍ (နေ့တိုင်း၊ တမန်တော် ၂း၄၆)၊ အသင်းတော်၌မုသားစကားကိုပြောဆိုခြင်းကြောင့် အသက်သေဆုံးသွားသူများအတွက် အလောင်းသိမ်းခန်းကို အသင်းတော်၏မြေအောက်ခန်းတွင်စီစဉ်ထားကြရမည်ဖြစ်သည် (တမန်တော် ၅း၁–၁၀)။ ထို့အပြင်၊ သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ကယ်တင်ခြင်းခံပြီးနောက်တွင်သာ ရရှိခဲ့ကြပါလိမ့်မည်။ ကျမ်းစကားအဆက်အစပ်ကို ကျွန်ုပ်တို့သိကျွမ်းနားလည်ထားခြင်းက ကျွန်ုပ်တို့ကို ဤကဲ့သို့သောကောက်ချက်ချမှုများမှ ကယ်တင်ပေးပါသည်။

❐

ရှင်ပေါလု၏သြဝါဒအများ ၈

တမန်တော်ရှင်ပေါလုသည် ဧဝံဂလိတရားကိုလည်းကောင်း၊ ကယ်တင်ခြင်းနှင့် ခရစ်ယာန်ရှင်သန်ကျင်လည်ခြင်းအတွက် ထိုဧဝံဂလိတရား၏လက်တွေ့ရယူကျင့်သုံးစရာများကိုအဓိကအသေးစိတ်ရှင်းလင်းတင်ပြသူဖြစ်သည်။ ပြဿနာအကြောင်းအရာများကို ရှင်ပေါလု၏ကျိုးကြောင်းဆီလျော်၍ ဓမ္မတွေးခေါ်ယူဆမှုဆန်သောချဉ်းကပ်ပုံများက အောက်တွင်ဖော်ပြထားသည့်အငြင်းပွားဖွယ်ကျမ်းချက်အမျိုးမျိုးကို က သမ္မာတရား (သို့) ခ သမ္မာတရားအဖြစ်အနက်ဖွင့်ဘာသာပြန်ဆိုရာ၌ ကျွန်ုပ်တို့ကိုကူညီပေးပါသည်။

ယုံကြည်နားထောင်ခြင်း (Obediene of faith)။ ရောမ ၁း၅၊ ၁၆း၂၆

သခင်ယေရှုခရစ်၏နာမတော်ကိုအမှီပြု၍လူမျိုးအပေါင်းတို့သည် ယုံကြည်နားထောင်စေခြင်းငှါ၊ ထိုသခင်ထံ၌ကျေးဇူးတော်နှင့်တမန်တော်အရာကို ငါတို့သည်ခံရကြပြီ။ (ရောမ ၁း၅)

> *လူမျိုးအပေါင်းတို့သည် ယုံကြည်နားထောင်ကြမည်အကြောင်း၊ ပရောဖက်တို့၏ကျမ်းစာများလာသည်နှင့်အညီ၊ ထာဝရဘုရားသခင်၏ပညတ်တော်အတိုင်း ...သိစေပြီ။ (ရောမ ၁၆း၂၆)*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ခရစ်တော်ကိုယုံကြည်ခြင်းသည် သခင်ခရစ်တော်ကိုနာခံခြင်းဖြစ်သည်။

ဒုတိယ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ခရစ်တော်ကို ယုံကြည်ခြင်းသည် သခင်ခရစ်တော်ကိုယုံကြည်ရန်ပညတ်ထားချက်ကိုနာခံခြင်းဖြစ်သည်။

"ယုံကြည်နားထောင်ခြင်း" (obedience of faith) ဟူသောစကားစုကို အထက်ပါကျမ်းချက်နှစ်ခုလုံးတွင် တွေ့ရှိရပြီး၊ ဤကျမ်းချက်နှစ်ခုလုံး၌တွေ့ရသည့်အခြားအကြောင်းအရာတစ်ခုမှာ သခင်ခရစ်တော်နှင့်ကင်းကွာနေကြသောလူမျိုးအပေါင်းတို့အတွက်ထားရှိသော ရှင်ပေါလုစိုးရိမ်ပေးမှုဖြစ်သည်။

လူမျိုးအပေါင်းတို့အလယ်၌ရှိနေကြသော မယုံကြည်သူများသည် နာခံမှုရှိသော ယုံကြည်ခြင်းတစ်ပါးအားဖြင့် ကယ်တင်ခြင်းခံကြဖို့လိုအပ်သည်ဟု ရှင်ပေါလုပြောဆိုနေလျှင်၊ ကျွန်ုပ်တို့နှင့် ထိပ်တိုက်တွေ့ရမည့် ပြဿနာများကို စဉ်းစားသုံးသပ်ကြည့်ပါ။ ပထမအနေဖြင့်၊ ဤအယူအဆသည် ယုံကြည်ခြင်းနှင့်နာခံခြင်းတို့၏အဓိပ္ပါယ်များကို တစ်ထပ်တည်းကျအောင်မှားယွင်းစွာပေါင်းစပ်နေပါသည်။ ဤစကားလုံးနှစ်လုံးသည် ခံစားတွေ့ကြုံမှုအရဆက်စပ်နေကြပြီး၊ ထိုခံစားတွေ့ကြုံမှုတွင် ဘုရားသခင်၏ပညတ်ချက်များအား နာခံခြင်းကိုဖြစ်ပေါ်စေသောအရာမှာ ယုံကြည်ခြင်းဖြစ်နေပါသည်။ သို့သော်လည်း၊ ၄င်းတို့သည်ဘာသာစကားတစ်ခု၏ဝေါဟာရအရကွဲပြားနေကြပါသည်။ ဒုတိယအနေဖြင့်၊ ကယ်တင်ခြင်းမခံရသောတပါးအမျိုးတို့ ("လူမျိုးအပေါင်းတို့"ဟူသော စကာစုအတွက်အသုံးပြုနေကျ အဓိပ္ပါယ်ဖြစ်သည်) အားဂင်းတို့အနေဖြင့် သခင်ခရစ်တော်ကိုယုံကြည်ရန် မိန့်မှာချက်မှတစ်ပါးအခြားမည်သည့် ပညတ်ချက်ကိုမျှ မျှော်လင့်မထားခဲ့ကြသည့်အချိန်တွင် ဘုရားသခင်၏ပညတ်ချက်များကို နာခံကြရမည်ဟု ရှင်ပေါလုကပြောနေသည့်သဘောမျိုးနေရောက်နေသည်။ တတိယအနေဖြင့်၊ ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်းကို ပြောပြ သည့်အပိုင်း (ရောမ ၃း၂၁--၄း၂၅) တွင်ရှင်ပေါလုကနာခံသည် (သို့) နာခံခြင်း ဟူသောစကားလုံးကိုလုံးလုံးအသုံး မပြုထားပါ။ အထူးသဖြင့်၊ ကယ်တင်ခြင်း (ဖြောင့်မတ်ရာသို့ရောက်ခြင်း) အတွက် အခြေအနေသတ်မှတ်ချက်တစ်ခုအနေဖြင့်လည်ကောင်း၊ ယုံကြည်ခြင်း၏အနက်အဓိပ္ပါယ်ကိုခြယ်မှုန်းဖော်ပြရာတွင် လည်းကောင်းလုံးလုံးအသုံးမပြုထားပါ။ ရှင်ပေါလု အလေးအနက်ထားသောအရာမှာ ဧဝံဂလိတရား၏အခမဲ့ဖြစ်ခြင်းတွင်ဖြစ်သည် (ရောမ၃း၂၄)။ အမှန်ဆိုလျှင်၊ ရှင်ပေါလုသည် ယုံကြည်ခြင်းနှင့်အကျင့် (လုပ်ဆောင်မှု) တို့၏ဆန့်ကျင်ကွဲလွဲချက်ကို ပြတ်ပြတ်သားသားပြောသောသူဖြစ်သည် (ရောမ ၄း၄–၅)။ ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြသည့်အတိုင်း နာခံခြင်းနှင့်အကျင့် (လုပ်ဆောင်မှု) အားဖြင့်ကယ်တင်ရာသို့ရောက်ခြင်းသည် ကျေးဇူးတော်ကြောင့်ယုံကြည်ခြင်းအားဖြင့် ကယ်တင်ရာသို့ရောက်ခြင်း နှင့်ဆီလျော်ကိုက်ညီမှုမရှိပါ။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့၌ပေးသနားခံရခြင်းမှာ ကျွန်ုပ်တို့၏နာခံမှုရှိခြင်းကြောင့်မဟုတ်၊ သခင်ယေရှုခရစ်၏ နာခံမှုရှိခြင်းကြောင့်သာ ဖြစ်ကြောင်း ရှင်ပေါလုကရှင်းလင်းစွာပြောဆိုထားပါသည် (ရောမ ၅း၁၉)။

"ယုံကြည်နားထောင်ခြင်း" (obedience to the faith ကိုတစ်ခါတစ်ရံတွင် obedience of the faith ဟုအခြားဘာသာပြန်ကျမ်းများတွင်ရေးသားထားသည်)

ဟူသောစကားစုတွင် နားထောင် (သို့) နာခံခြင်းနှင့် ယုံကြည်ခြင်းဟူသောစကားလုံး နှစ်လုံးကိုနီးစပ်စွာဆက်စပ်ထားပါသည် (အင်္ဂလိပ်ကျမ်းစာများ၌ ကျွန်ုပ်တို့တွေ့ရသကဲ့သို့ ဤစကားလုံးနှစ်လုံးကြားတွင် မည်သည့်စကားလုံးမျှ မရှိပါ)။ သို့သော်၊ ၄င်းစကားစုသည် ခရစ်ယာန်သမ္မာတရား (သို့) ဓမ္မအယူဝါဒကို နာခံခြင်းဟူသောအဓိပ္ပါယ်ကိုဆောင်သည့် ယုံကြည်နားထောင်ခြင်း (နာခံခြင်း)ကို မဆိုလိုပါ။ အကြောင်းမှာ၊ မူရင်းဘာသာစကားတွင် တမန်တော် ၆း၇ ၌ တွေ့ရသကဲ့သို့ "ယုံကြည်ခြင်း" ဟူသောစကားလုံး၏ရှေ့တွင် *the* ဟုဘာသာပြန်ထားသည့် တိကျအညွှန်းစကားလုံး "*te*" ကိုကျွန်ုပ်တို့မျှော်လင့်ခဲ့ရပေမည်။ တမန်တော် ၆း၇သည် တပည့်တော်များဖြစ်လာကြ၍ အသစ်သောခရစ်ယာန်ဘာသာသွန်သင်ချက်များကို ဆက်လက်၍နာခံလိုက်လျောက်ကြသည့် ယဇ်ပုရောဟိတ်များအကြောင်းကို ပြောပြထားသည်။ လူမျိုးအပေါင်းတို့က ပြုလုပ်နိုင်ခဲ့သည့် မတူကွဲပြားသော တုန့်ပြန်မှုနှစ်မျိုးဖြစ်သည့် ယုံကြည်ခြင်းမှရောက်ရှိလာသောနာခံခြင်းကိုရည်ညွှန်းခြင်းဖြစ်နိုင်သည်။ (ရောမ ၆း၁၇ တွင်ထိုတုန့်ပြန်မှုနှစ်မျိုးကိုကျွန်ုပ်တို့မြင်တွေ့ရသော်လည်း၊ ထိုကျမ်းချက်တွင် ဤစကားစုကိုအသုံးမပြု ထားသကဲ့သို့ထိုကျမ်းချက်၏ကျမ်းစကားအဆက်အစပ်တွင် ယုံကြည်ခြင်းရှိခဲ့ကြပြီးဖြစ်သော စာဖတ်သူများ၏သန့်ရှင်းရာသို့ရောက်ခြင်းကိုရည်ညွှန်းပြောဆိုထားပါသည်။ ဤဆွေးနွေးချက်ကိုနောက်ပိုင်းတွင်ကြည့်ပါ)။ ဤစကားစု၏ သေချာသလောက်ရှိသော အကောင်းဆုံးအနက်ဖွင့်ဘာသာပြန်ဆိုချက်မှာ "ယုံကြည်ခြင်းတည်းဟူသောနာခံခြင်း" (*ယုံကြည်သည်*) ဟူ၍ဖြစ်ပြီး၊ ၄င်းသည်တုန့်ပြန်မှုနှစ်ခုမဟုတ်၊ တစ်ခုတည်းသာဖြစ်သည်။ ဤအရာကိုအနက်တူပုဒ်နှစ်ခုတစ်ဆက်တည်းဖွဲ့ဆိုမှုဟုခေါ်သည်။ လုပ်ဆောင်မှုတစ်ခုကိုရည်ညွှန်းပြောဆိုရန်အတွက် "သနားကျင်နာမှုရှိသော လုပ်ရပ်" (the act of kindness) ဟုပြောခြင်းနှင့်တူသည်။

ကယ်တင်ခြင်းအတွက် ဧဝံဂလိတရားအပေါ်၌တုန့်ပြန်မှုတစ်ခုတည်းသာပြုလုပ်ဖို့လိုအပ်ပြီး၊ ၄င်းမှာ ဧဝံဂေလိတရားကိုယုံကြည်ရန်ဖြစ်သည်။ ဧဝံဂေလိတရားကိုယုံကြည်ခြင်းသည် ဘုရားသခင်၏ပညတ်ချက်ကိုနာခံခြင်းဖြစ်ပြီး၊ ၄င်းသည် လူသားအကျပ်အတည်းပြဿနာ၏သဘောသဘာဝနှင့် ကယ်တင်ခြင်းအားပေး သနားတော်မူခြင်းတို့တွင် အကြွင်းမဲ့လိုအပ်သကဲ့သို့၊ ဘုရားသခင်၏အလိုတော်အဖြစ်နှင့်လည်းအတိအလင်းဖော်ပြထားသောအရာဖြစ်သည် (မာကု ၁း၁၅ ၊ တမန်တော် ၁၆း၃၁၊ ၁ယော ၃း၂၃)။ လူမျိုးတကာတို့သည် ကယ်တင်ခြင်းသို့ရောက်ရန်အလိုငှါ၊ ၄င်းတို့သည် ဧဝံဂလိတရားကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ကိုနာခံကြရမည်ဖြစ်သည်။ ဧဝံဂလိတရားကိုဟောပြောခြင်းသည် သတင်းကောင်းကိုသာကြေညာခြင်း မဟုတ်ပါ။ ၄င်းသည် သားတော်ကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ကိုနာခံရန်မယုံကြည် သူတို့အားဆင့်ခေါ်ခြင်းလည်းဖြစ်သည်။

ထာဝရအသက်အတွက် ကောင်းသောအကျင့်ကိုကျင့်ခြင်း (Doing good for elernal life)။ ရောမ ၂း၆–၇၊ ၁၀၊ ၁၃

၆ ဘုရားသခင်သည်လူအသီးသီးတို့အား မိမိတို့အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူလတံ့။ ၇ ကောင်းသောအကျင့်ကို အမြဲကျင့်၍ ဘုန်အသရေကိုငှင်း၊ မဖေါက်ပြန်သောဇာတိကိုငှင်း၊ ရှာသောသူတို့အား ထာဝရအသက်ကိုပေးတော်မူလတံ့။

၁၀ ရှေဦးစွာဥယူဒလူ၊ နောက်၌ဟေလသလူ၊ ကောင်းသောအကျင့်ကို ကျင့်သောသူရှိသမျှတို့သည် ဘုန်းအသရေချမ်းသာကို ခံစားရကြလတံ့။

၁၃ အကြောင်းမူကား၊ တရားနာသောသူသည် ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သည်မဟုတ်။ တရားကိုကျင့်သောသူသာလျှင်၊ ဖြောင့်မတ်ရာသို့ရောက်လိမ့်မည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ပညတ်တရားကိုဆက်လက်၍ကျင့်ကြံအားထုတ်သူများသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည် (သို့) မိမိတို့ကယ်တင်ခြင်းခံကြရကြောင်းကို သက်သေပြကြသည်။

ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကယ်တင်ခြင်းအတွက် ဘုရားသခင်၏အကောင်းဆုံးစံချိန်စံညွှန်မှာပကတိပြည့်စုံသောနာခံခြင်းဖြစ်သည်။

ဤကျမ်းချက်က ထာဝရအသက်ကိုကောင်းသောအကျင့်ကျင့်ခြင်းအားဖြင့် (သို့) ပညတ်တရားကိုကျင့်ကြံစောင့်ထိန်းခြင်းအားဖြင့်ရရှိနိုင်သည် (သို့) သက်သေပြနိုင်သည်ဟု ပြောနေသယောင်ထင်မှတ်ရသည်။ သို့သော်၊ ထိုအယူအဆသည် ရောမ ၃း၁၂ ၌တွေ့ရသည့် "ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ" ဟူသောရှင်ပေါလု၏အခိုင်အမာအဆိုတင်ပြထားချက်နှင့်လည်းကောင်း၊ ပညတ်တရားကို မည်သူကမျှ မစောင့်ထိန်းနိုင်သောကြောင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းသည် ပညတ်တရားကိုစောင့်ထိန်းခြင်းအားဖြင့်မဟုတ်၊ ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ဖြစ်သည်ဟူသောနောက်ဆက်တွဲငြင်းခုံချက်နှင့်လည်းကောင်း ပြတ်ပြတ်သားသားဆန့်ကျင်နေပါသည် (ရောမ၃း၂၀–၄း၂၅)။ ရှင်ပေါလုသည် ဤအရာနှင့်ပတ်သက်၍ အလွန်နမော်နမဲ့နိုင်ခဲ့မည် မဟုတ်ပါ။

ဤကျမ်းပိုဒ်ငယ်များသည် ဘုရားသခင်၏တရားမျှတမှုရှိခြင်းနှင့်လည်ကောင်း၊ တရားစီရင်ခြင်းနှင့်လည်းကောင်းစပ်ဆိုင်သောအခြေခံစည်းမျဉ်းဥပဒေသများ အကြောင်းဆွေးနွေးမှုတွင်တွေ့ရသည် (ရောမ ၂း၂–၃၊၅)။ ရှင်ပေါလုက ကိုယ့်ကိုယ်ကိုဖြောင့်မတ်မှန်ကန်သည်ဟု ထင်မှတ်နေသောသူများအား သူတစ်ပါးအပေါ်၌လည်းကောင်း၊ မိမိတို့ပေါ်၌လည်းကောင်း ၄င်းတို့၏တိုင်းတာစီရင်မှုမှာ ပြည့်စုံမှန်ကန်မှုမရှိ၊ ဘုရားသခင်၏တရားစီရင်ခြင်းကသာပကတိပြည့်စုံ၍ “သမ္မတရား”နှင့် ညီညွတ်သည်ဟုပြောနေပါသည် (ရောမ ၂း၂)။ ဘုရားသခင်၏အကြွင်းမဲ့၍ ပကတိပြည့်စုံတော်မူသောတရားမျှတမှုရှိခြင်း၏အခြေခံစည်းမျဉ်းဥပဒေသအရ၊ ဘုရားသခင်သည် ထာဝရအသက်ကိုကောင်းသောအကျင့်ကျင့်ခြင်းအားဖြင့်လည်းကောင်း၊ ပညတ်တရားကို ပကတိပြည့်စုံစွာကျင့်ကြံစောင့်ထိန်းခြင်းအားဖြင့်လည်းကောင်း ထိုက်ထိုက်တန်တန် ကြိုးစားရယူသောသူများ၌ပေးအပ်ခဲ့မည်ဖြစ်သည်။ ပြဿနာမှာ ရှင်ပေါလုက ဆက်လက်ဖော်ပြထားသည့် အတိုင်း *တစ်ဦးတစ်ယောက်မျှမလုပ်ဆောင်နိုင်ခြင်းဖြစ်သည်*။ (ရှင်ပေါလု၏ငြင်းခုံချက်ကို ရောမ ၂း၁၇ မှစ၍ ရောမ ၃း၂၃ ရှိ “လူအပေါင်းတို့ သည်ဒုစရိုက်ကိုပြုကြ၏” ဟူသော အားလုံးကိုခြုံငုံမိ သည့်ထုတ်ဖော်ပြောဆိုချက်အထိ တည်ဆောက်ထားသည်)။

ဤကျမ်းပိုဒ်ငယ်များသည် ကယ်တင်ခြင်းကို ကောင်းသောအကျင့်ကျင့်ခြင်းအားဖြင့်ရရှိသည်ဟု သွန်သင်မပေးပါသော်လည်း၊ “ဖြောင့်မတ်သောသူမရှိ။ တစ်ယောက်မျှမရှိ” ၍ “ကောင်းသောအကျင့်ကျင့်သောသူမရှိ၊ တစ်ယောက်မျှမရှိ” (ရောမ ၃း၁၀၊၁၂) သောကြောင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းသည် သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်သာဖြစ်ကြောင်းကိုပြသရန်အတွက် ရှင်ပေါလုပြုလုပ်ထားသောငြင်းခုံချက်၏အစိတ်အပိုင်းတစ်ခုဖြစ်နေကြရပါသည် (ရောမ ၃း၂၂–၂၄)။

မိမိတို့၏ကိုယ်တိုင်ကြိုးစားအားထုတ်ခြင်းဖြင့် ထာဝရအသက်ကိုရရှိရန်ကြိုးစားအားထုတ်မှုသည် လူတို့အတွက် အဘယ်မျှအချည်းနှီးဖြစ်ရပါသနည်း။ ဘုရားသခင်သတ်မှတ်ထားသောစံချိန်စံညွှန်းသည် ၅၁% နားခံခြင်း (သို့) ၉၉% နာခံခြင်းမဟုတ် ၁၀၀% နားခံခြင်းဖြစ်ကြောင်းကို လူတို့ကနားမလည်ကြပါ။ တစ်ဦးတစ်ယောက်သည် အပြစ်ဒုစရိုက်ကိုမည်သည့်အခါကမျှကျူးလွန်ခဲ့ခြင်းမရှိ၍ မှန်ကန်သောအရာကို အမြဲလုပ်ဆောင်နေခဲ့လျှင်၊ ဘုရားသခင်သည် သင့်တင့်မျှတစွာပြုမူ၍ ၄င်းတို့ကို ထာဝရအသက်ပေးခဲ့ရပါလိမ့်မည်။ သို့သော်၊ ထိုပုံပန်းသွင်ပြင်နှင့်ကိုက်ညီသောသူ ဤကမ္ဘာပေါ်တွင်မရှိကြောင်းကို ကျွန်ုပ်တို့အားလုံးသိနေကြပါသည်။ ထို့ကြောင့်၊ အခမဲ့လက်ဆောင်တစ်ပါးနှင့်အတူဘုရားသခင်ကသာဖြေရှင်းပေးနိုင်သည့် ပြဿနာကြီးတစ်ခုကျွန်ုပ်တို့တွင် ရှိနေပါသည်။ ထိုသို့ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် “ယေရှုခရစ်၌ရွေးနှုတ်တော်မူသောအားဖြင့် အဖိုးမပေးရဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ကြရသည်” (ရောမ ၃း၂၄)။ ကျွန်ုပ်တို့အနေဖြင့် ပကတိမပြည့်

စုံနိုင်ခဲ့ချိန်တွင် သခင်ယေရှုခရစ်သည် ကားတိုင်ထက်၌ အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့၏အပြစ်များအတွက် ပေးဆပ်နေရင်းပကတိပြည့်စုံစွာရှင်သန်ခဲ့၍ပညတ်ချက်များအားလုံးကိုလည်းဖြည့်ဆည်းပြည့်စုံစေခဲ့သည်။ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သမျှသောအရာမှာ သခင်ယေရှုခရစ်ကိုလည်ကောင်း၊ သခင်ယေရှုမှပြုလုပ်ပံ့ပိုးပေးထားမှုကိုလည်းကောင်း၊ ထာဝရအသက်ပေးမည်ဟူသောကတိတော်ကိုလည်းကောင်းယုံကြည်ခြင်းသာဖြစ်သည်။

အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်ရ၏ (Saved by His life)။ ရောမ ၅း၉–၁၀

> *၉ သို့ဖြစ်၍ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီးမှ၊ ထိုသခင်အားဖြင့်အပြစ်ဒဏ်မှကယ်ချွတ်တော်မူခြင်းသို့ရောက်မည်ဟုသာ၍မျှော်လင့်စရာရှိ၏။ ၁၀ အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏သားတော်အသေခံတော်မူခြင်းအားဖြင့်၊ ငါတို့သည် ဘုရားသခင်နှင့် မိတ်ဆွတဖွဲ့ခြင်းကျေး ဇူးတော်ကိုခံရသည်မှန်လျှင်၊ မိဿဟာယဖွဲ့ပြီးမှ၊ အသက်တော်အားဖြင့်ကယ်တင်တော်မူခြင်းသို့ရောက်မည်ဟုသာ၍မျှော်လင့်စရာရှိ၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် သခင်ခရစ်တော်၏အသေခံခြင်းနှင့်သခင်ခရစ်တော်၏အသက်တာအားဖြင့် အစဉ်ထာဝရကယ်တင်တော်မူခြင်းသို့ရောက်ရပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် သခင်ခရစ်တော်၏အသေခံခြင်းအားဖြင့် ဖြောင့်မတ်ရာသို့အစဉ်ထာဝရရောက်၍ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းအသက် တာ၏တန်ခိုးတော်ကိုဤအသက်တာတွင်ရှင်သန်ခြင်းအားဖြင့်အပြစ်ဒုစရိုက်၏တန်ခိုးမှလည်းကောင်း၊ အပြစ်ဒုစရိုက်၏အကျိုးဆက်များမှလည်းကောင်းကယ်တင်ခြင်းကိုခံရသည်။

ဤကျမ်းချက်သည် "ကယ်တင်တော်မူခြင်းသို့ရောက်သည်" (saved) ဟူသောစကားလုံးကို ၄င်း၏ကျမ်းစကားအဆက်အစပ်၌ မည်သို့အနက်ဖွင့်ဘာသာပြန်ဆိုရမည်ဟူသောအချက်အတွက် သာဓကကောင်းတစ်ခုဖြစ်သည်။ လူအများက ဤစ

ကားလုံးကိုဖြောင့်မတ်ရာသို့ရောက်သော ကယ်တင်ခြင်းဟူသောအဓိပ္ပါယ်ကိုဆောင်သည့် အပါယ်ငရဲမှကယ်တင်ခြင်းအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုခဲ့ကြပေလိမ့်မည်။ အကယ်၍သာ ရှင်ပေါလုက "ငါတို့သည် ကယ်တင်တော်မူခြင်းသို့ *ရောက်ခဲ့ကြ၏*" (we *were* saved) ဟုသာပြောခဲ့လျှင် ၄င်းသည် ဖြောင့်မတ်ရာသို့ရောက်သောကယ်တင်ခြင်းနှင့်စပ်ဆိုင်သည့် သမ္မာတရားအတွက် ရှင်းလင်းပြတ်သားသောသာဓကတစ်ခုဖြစ်ခဲ့ပါလိမ့်မည်။ သို့သော်လည်း၊ ရှင်ပေါလုက "ငါတို့သည် ကယ်တင်တော်မူခြင်းသို့ *ရောက်မည်*" (we *shall be* saved) ဟုသာပြောခဲ့ပြီး၊ ၄င်းသည် အနာဂတ်အသွင်သဏ္ဌာန်ဆောင်သည့် ကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့်စပ်ဆိုင်သောတွေ့ကြုံခံစားမှုကို အလေးအနက်ပြုထားပါသည်။ သို့သော်၊ ရှင်ပေါလုသည် ခရစ်ယာန်တစ်ယောက်သေဆုံးခြင်းနောက်ရှိ အစဉ်ထာဝရတည်သောအနာဂတ်တစ်ခုကို ရည်ညွှန်းနေပါသလား (သို့) ဖြောင့်မတ်ရာသို့ရောက်ပြီးနောက်ရှိ ခရစ်ယာန်တစ်ယောက်၏အနာဂတ်ကြုံတွေ့ခံစားမှုကို ရည်ညွှန်းနေပါသလား။

ဤကျမ်းချက်ကို အနာဂတ်၌အပယ်ငရဲမှကယ်နှုတ်ခြင်း (သို့) က သမ္မာတရားအဖြစ်နှင့်အနက်ဖွင့် ဘာသာပြန်ဆိုခြင်းမပြုရန် အကြောင်းပြချက်ကောင်းများရှိနေပါသည်။ အနီးဆုံးကျမ်းစကားအဆက်အစပ်၌ ရှင်ပေါလုက ကျွန်ုပ်တို့၏ထာဝရကယ်တင်ရာသို့ရောက်ခြင်း အပြီးသတ်ကိုပြည့်စုံပြီးမြောက်သွားပြီးဖြစ်သောအဖြစ်အပျက်တစ်ခု အဖြစ်နှင့် အတိတ်ကာလကြိယာပုံစံဖြင့်ဖော်ပြထားသည် – ယုံကြည်သူများသည် ဖြောင့်မတ်ရာသို့ရောက်ခဲ့ကြပြီးဖြစ် ၍ (ရောမ ၅း၁)၊ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းသို့ရောက်ခဲ့ကြပြီးဖြစ်သည် (ရောမ ၅း၁၀)။ သာ၍ကျယ်ပြန့်သောကျမ်းစကားအဆက်အစပ်ကိုလည်း ကျွန်ုပ်တို့ဂရုစိုက်လေ့လာအကဲခတ်ကြရမည်ဖြစ်သည်။ ရောမဩဝါဒစာ၌ "အမျက်တော်" ဟူသောစကားလုံးကို ပထမအကြိမ်အသုံးပြုခြင်းကို နိဒါန်းပျိုးခြင်းနောက်ပိုင်း၊ ဩဝါဒစာ၏စာကိုယ်အစပိုင်းတွင် တွေ့ရသည်။ ထိုနေရာတွင် "သမ္မာတရားကိုအဓမ္မဖြင့်ဆီးတားနှိပ်စက်သောသူတို့ပြုတတ်သောဘုရားမဲ့နေခြင်းအမှု၊ တရားကိုလွန်ကျူးခြင်းအမှုအမျိုးမျိုးတို့တစ်ဖက်၌ ဘုရားသခင်၏အမျက်တော်သည် ကောင်းကင်မှထင်ရှားလျှက်ရှိ၏" (ရောမ ၁း၁၈) ဟုယခုမျက်မှောက်၌အမှန် တကယ်ဖြစ်နေသောအရာကို ဖော်ပြပြောဆိုထားသည်။ "အမျက်တော်" ဟူသောစကားလုံးသည် ဒေါသဟုသာဆိုလိုပြီး၊ မယုံကြည်သူများအပေါ်၌ထားရှိသည့် ဘုရားသခင်၏ထာဝရတည်သောဒဏ်ခတ်စီရင်တတ်သည့် ဒေါသကိုအတိအကျ မဆိုလိုပါ (သို့) ထိုဒေါသကိုသာ မရည်ညွှန်းပါ (ထိုစကားလုံး၏အသုံးပြုပုံကို ရောမ ၉း၂၂၊ ၁၂း၁၉၊ ၁၃း၄–၅တို့တွင်ကြည့်ပါ။) အမျက်တော်ကို နောင်တမရ၊ ခေါင်းမာသောသူများအတွက် ထားရှိသည့် ထာဝရတည်သောအနာဂတ်အကျိုးဆက်တစ်ခုအဖြစ်ပြောဆို ကောင်းပြောဆိုကြမည်ဖြစ်သော်လည်း (ရောမ ၂း၅၊၈)၊ ၁း၁၈ ၏သွယ်ဝိုက်ညွှန်းဆိုထားချက်မှာ

ဘုရားမဲ့နေခြင်းအမှုအမျိုးမျိုးကို ကျင့်သောသူများအားလုံးအပေါ်၌ ဘုရားသခင့်အမျက်တော်၏ သွင်ပြင်လက္ခဏာတစ်ပါးပါးကို ဤဘဝဤအသက်တာ၌ကြုံတွေ့ခံစားနိုင်သည်ဟူသောအချက်ဖြစ်သည်။ ယုံကြည်သူတို့၏ သန့်ရှင်းရာသို့ရောက်ခြင်းအကြောင်းကို ဆွေးနွေးပြောဆိုချက် (ရောမအခန်းကြီး ၆–၈) တွင် ရှင်ပေါလုသည် "အမျက်တော်" ဟူသောစကားလုံးကိုအသုံးပြုခြင်းမရှိသော်လည်း၊ အပြစ်ကျူးလွန်သောယုံကြည်သူများအတွက် အပျက်သဘောဆောင်သောအကျိုးဆက်များရှိနေသည့် အကြောင်းကိုမူရှင်းပြထားသည်။ ထိုအပျက်သဘောဆောင်သောအကျိုးဆက်များသည် အပြစ်ဒုစရိုက်အပေါ်၌ထားရှိသောဘုရားသခင်၏ အမျက်တော်အားထုတ်ဖော်ပြသမှုများပင်ဖြစ်ကြသည် (ရောမ ၆း၂၁၊ ၂၃၊ ၇း၁၃၊ ၈း၆)။

ထို့ကြောင့်၊ ဘုရားသခင်၏အမျက်တော်သည် ဖြောင့်မတ်ရာသို့ရောက်ပြီးနောက်၌ ခရစ်ယာန်အသက်တာ၏အနာဂတ်ကြုံတွေ့ခံစားမှုတွင် ကြုံတွေ့ခံစားရနိုင်ချေရှိသောအရာတစ်ခုဖြစ်လျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏အမျက်တော်မှမည်သို့ကယ်တင်ခြင်းခံရနိုင်ပါမည်နည်း။ ထို့အပြင်၊ (သခင်ယေရှုခရစ်၏) အသက်တော်အားဖြင့် ကယ်တင် တော်မူခြင်းသို့ရောက်ခြင်း" သည်မည်သည့်အရာကိုဆိုလိုပါသနည်း။ ပထမအနေဖြင့်၊ *ကယ်တင်ခြင်းခံရသည် (Saved)* ဟူသောစကားလုံးသည် *ကယ်နှုတ်ခြင်းခံရသည် (delievered)*ဟုရှင်းရှင်းဆိုလိုကြောင်း ကျွန်ုပ်တို့ပြန်လည် အမှတ်ရကြရမည်ဖြစ်ပြီး၊ မည်သည့်အရာမှကယ်နှုတ်သည်ကိုမူကျမ်းစကားအဆက်အစပ်ကဆုံးဖြတ်ပေးရပါမည်။ ဒုတိယအနေဖြင့်၊ ရှင်ပေါလုငြင်းခုံဆွေးနွေးချက်၏ ကျမ်းစကားအဆက်အစပ်နှင့် ထိုငြင်းခုံဆွေးနွေးချက်အဆင့်ဆင့်စီးဆင်းပုံတို့ကိုကျွန်ုပ်တို့လေ့လာအကဲခတ်ကြသောအခါ ရှင်ပေါလုသည်ဖြောင့်မတ်ရာသို့ရောက်ပြီးသောသူများကို ပြောဆိုနေကြောင်းကိုလည်းကောင်း (ရောမ ၅း၁၊၉)၊ ထိုမှသန့်ရှင်းရာသို့ရောက်ခြင်းအကြောင်းဆွေးနွေးမှုဆီသို့ရွေ့လျားကူးပြောင်းသွားကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့တွေ့ရှိရသည်။ ရောမ ၅း၉–၁၀ သည်ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်းဆွေးနွေးမှုမှယုံကြည်သူများ၏ဆက်လက်ဖြစ်ပျက်နေသောသန့်ရှင်းရာသို့ရောက်ခြင်းအကြောင်းဆီသို့ကူးပြောင်းသွားသောအမှတ်ဖြစ်သည်။ ထိုသန့်ရှင်းရာသို့ရောက်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ခြင်းအားဖြင့် ကျွန်ုပ်တို့မှတစ်ဆင့် ရှင်သန်သောသခင်ယေရှုခရစ်၏အသက်တာပေါ်တွင် တည်မှီနေပါသည် (ရောမ ၅း၁၈–၂၁၊ဖိး၅–၁၁၊၇း၄၊ ၆၊၂၄–၂၅၊၈း၁–၁၁)။ ကျွန်ုပ်တို့၏အသက်တာကိုစိုးမိုးချုပ်ကိုင်ရန် သခင်ခရစ်တော်၏အသက်တာကိုခွင့်ပြုသည်နှင့်အမျှ ကျွန်ုပ်တို့သည်ဘုရားသခင်၏အမျက်တော်နှင့်ငြင်း၏အကျိုးဆက်များမှ ဤဘဝဤအသက်တာတွင် ကယ်ချွတ်တော်မူခြင်းကိုခံကြရမည်ဖြစ်သည်။

ဤအရာသည် ခရစ်ယာန်များကသိရှိထား၍ လက်တွေ့ရယူကျင့်သုံးရမည့် အရေးကြီးသော ခ သမ္မာတရားဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်ကိုရှောင်ရှား၍ပြု မိသောအပြစ်များကိုဝန်ခံကာ ကျွန်ုပ်တို့၌သခင်ခရစ်တော်၏အသက်တာကိုထင်ရှားစေ သောဘုရားသခင့်ဝိညာဉ်တော်၏ထောက်ကူမစပေးခြင်းနှင့်အတူဖြောင့်မတ်စွာရှင်သန် ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်ယာန်များအဖြစ်နှင့် "ငါကတော့ကယ်တင်ခြင်း ခံရပြီးပြီ" ဟုပြောလေ့ရှိကြသော်လည်း၊ ကျွန်ုပ်တို့မှတဆင့်သခင်ခရစ်တော်ကိုရှင် သန်ရန်ခွင့်ပြု၍ အပြစ်ဒုစရိုက်အပေါ်၌ ဘုရားသခင်၏အမျက်တော်အားဖော်ထုတ်ပြ သမှုများမှ ကယ်နှုတ်ပေးရန်ခွင့်ပြုကြသည်နှင့်အမျှ "ငါကယ်တင်ခြင်းခံနေရတယ်" (သို့) "ငါကယ်တင်ခြင်းခံရမယ်" ဟုလည်း ပြောဆိုနိုင်ကြပါသည်။

အပြစ်တရား၏ကျွန် (သို့) ဖြောင့်မတ်ခြင်းတရား၏ကျွန် (Slaves of sin or righteousness)။ ရောမ ၆း၁၇

သင်တို့သည်အပြစ်တရား၏ကျွန်ဖြစ်ဘူးသော်လည်း၊ ယခုတွင်ခံခဲ့ပြီး သောသြဝါဒနည်းဥပဒေသစကားကိုစေတနာစိတ်နှင့်နားထောင်ကြသည် ဖြစ်၍၊ ဘုရားသခင်၏ကျေးဇူးကြီးလှပေ၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတို့သည် ကယ် တင်ခြင်းသို့ရောက်ဖို့အလို့ငှါ ဘုရားသခင်ကိုနာခံ၍ အထံတော်၌ ကျေးကျွန်များအဖြစ်နှင့်ဝန်ခံအပ်နှံကြရမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်သူတို့သည် ဘုရားသခင်၏သန့်ရှင်းစင်ကြယ်ခြင်းနှင့်ဘုရားသခင်၏အသက် တာကို ကြုံတွေ့ခံစားရတို့အလို့ငှါအထံတော်၌ကျေးကျွန်များအဖြစ် နှင့်ဝန်ခံအပ်နှံကြရမည်ဖြစ်သည်။

ဤကျမ်းပိုဒ်သည် ကယ်တင်ခြင်းကိုရည်ညွှန်းပြောဆိုထားသည့် က သမ္မာတရားဖြစ်လျှင်၊ ရှင်ပေါလုသည် စာဖတ်သူတို့အား ၄င်းတို့သည် ခရစ်ယာန်သမ္မာ တရားများကို နာခံစောင့်ထိန်းခြင်းအားဖြင့်လည်းကောင်း၊ ဘုရားသခင်ထံ၌ မိမိကိုယ် ကိုကျေးကျွန်များအဖြစ်နှင့်ဝန်ခံအပ်နှံခြင်းအားဖြင့်လည်းကောင်း၊ ကယ်တင်ခြင်းသို့ ရောက်ခဲ့ကြသည်ဟုပြန်လည်အသိပေးရာရောက်နေပါလိမ့်မည်။ သို့သော်၊ ဤအပိုင်း အတွက် ကျွန်ုပ်တို့အခိုင်အမာသက်သေပြထားသော ကျမ်းစကားအဆက်အစပ်တွင်မူ

ရှင်ပေါလုသည် ယုံကြည်သူစာဖတ်ပရိတ်သတ်များအား ၄င်းတို့၏ သန့်ရှင်းရာသို့ရောက်ခြင်းအကြောင်းကိုလိပ်မူပြောဆိုနေပါသည်။ ၄င်းတို့သည် "ကျေးဇူးတရားလက်၌ရှိသောကြောင့်" (ရောမ ၆း၁၅) ထိုအခြေအနေက ၄င်းတို့ကိုဖြစ်နိုင်ချေနှစ်ခုပေးထားပါသည်။ ၄င်းတို့သည် နာခံခြင်းတရား၌ဝန်ခံအပ်နှံနိုင်သကဲ့သို့အပြစ်တရား၌လည်း ဝန်ခံအပ်နှံနိုင်ပါသည် (ရောမ ၆း၁၆)။ ထို့နောက်၊ ရှင်ပေါလုက စာဖတ်သူတို့၏အတိတ်မှအတွေ့အကြုံများကိုပြန်လည်စဉ်စားဆင်ခြင်ပြီး ၄င်းတို့က အသစ်သောခရစ်ယာန်သွန်သင်ချက်ကိုနာခံရန် ရွေးချယ်ခဲ့ကြခြင်းအပေါ်၌ ကျေးဇူးတော်ကိုချီးမွမ်းထားပါသည် (၎ယ ၁၇)။ သို့သော်၊ ဤနာခံခြင်းသည် ၄င်းတို့၏ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုဖြစ်ခဲ့ပါသလား (သို့) ၄င်းတို့ကယ်တင်ခြင်းသို့ရောက်ခြင်း၏အဖြေရလဒ်တစ်ခုလေလား။

စာဖတ်သူတို့၏နာခံခြင်းသည် ခရစ်ယာန်သမ္မာတရားဆီသို့ ၄င်းတို့အားရွေးနှုတ်ခြင်းပြီးနောက်၌ဖြစ်ပျက်ခဲ့သည်။ ထို့ကြောင့်၊ ဤအရာသည် ခ သမ္မာတရားဖြစ်ရပေမည်။ "ခံခဲ့ပြီးသော" (were delivered) ဟူသည့်ပြုလုပ်ခြင်းခံပြကြိယာပုံစံ (passive voice) က ၄င်းတို့ကိုကယ်တင်တော်မူ၍ ခရစ်ယာန်သွန်သင်ခြင်းထဲ၌ ၄င်းတို့ကိုအပ်နှံတော်မူခဲ့သည့်ဘုရားသခင်ကိုညွှန်ပြနေပါသည်။ ထိုအချိန်သည် အပြစ်တရား၏ကျွန်ပြုခြင်းမှ၄င်းတို့လွတ်မြောက်ခဲ့သည့် အချိန်လည်းဖြစ်သည်။ ၄င်းတို့၏အသစ်သောရပ်တည်ချက်၏ရလဒ်အဖြစ်စာဖတ်သူတို့ကခံခဲ့ပြီးသော (၄င်းတို့အပ်နှံခြင်းခံရသည့်) သမ္မာတရားကိုနာခံရန်ရွေးချယ်ခဲ့ကြသည်။ "ဖြောင့်မတ်ခြင်းတရား၏ကျေးကျွန်များ" ဖြစ်လာကြရန်ရွေးချယ်ရခြင်းမှာ ၄င်းတို့သည် "အပြစ်တရား၏လက်မှလွတ်ခဲ့ကြ"သောကြောင့်ဖြစ်သည်ဟု အခန်းငယ် ၁၈ ကအခိုင်အမာအတည်ပြုထားသည်။ ထို့နောက်၊ အခန်းငယ် ၁၉ ကစာဖတ်သူတို့အား ဖြောင့်မတ်ခြင်းတရား၏ကျေးကျွန်အဖြစ်ကိုယ့်ကိုယ်ကိုဆက်လက်၍ဆက်သကြရန် တိုက်တွန်းထားသည်။ ဤအရာသည် ၄င်းတို့ကယ်တင်ခြင်းသို့ရောက်ဖို့တိုက်တွန်းချက်မဟုတ်သည်မှာသေချာသည်။ ရှင်ပေါလု၏စိတ်ဆန္ဒမှာ၄င်းတို့သည် သန့်ရှင်းစင်ကြယ်ခြင်း နှင့်ဘုရားသခင်၏အသက်တာကို သာ၍ကြီးစွာကြုံတွေ့ခံစားကြဖို့အလို့ငှါ ဘုရားသခင်ထံ၌ဆက်လက်၍ ဝန်ခံအပ်နှံကြရန်ဖြစ်သည် (ရောမ ၆း၂၂)။

ကျေးဇူးတော်သည်ယုံကြည်သူများ၌ လွတ်မြောက်ခြင်းကိုပေးသောကြောင့် ၄င်းသည် အမြဲတမ်းစွန့်စားမှု များနှင့်ပြည့်နေပါသည်။ ယုံကြည်သူတိုင်းသည် သန့်ရှင်းစင်ကြယ်ခြင်းနှင့် ဘုရားသခင်၏အလျှံအပယ်ကြွယ်ဝသောအသက်တာကိုကြုံတွေ့ ခံစားရန်အတွက် ဘုရားသခင်ထံ၌ဝန်ခံအပ်နှံကြရမည်ဖြစ်သော်လည်း၊ ယုံကြည်သူတိုင်းက ထိုသို့အပ်နှံခြင်း မရှိကြပါ။ ဘုရားသခင်ထံ၌ဝန်ခံအပ်နှံခြင်းသည် ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက် တစ်ခုမဟုတ်သကဲ့သို့၊ တစ်ကြိမ်တစ်ခါသာပြုရသောဆက်

ကပ်အပ်နှံမှုလည်းမဟုတ်ပါ။ ၄င်းသည် အစဉ်တစိုက် ကြိုးစားလုပ်ဆောင်ရမည့်အရာ ဖြစ်သည်။

အပြစ်တရား၏အခကားသေခြင်းပေတည်း (The wages of sin is death)။ ရောမ ၆း၂၃

အပြစ်တရား၏အခကားသေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေ တည်း။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အပြစ်တရားသည် မယုံကြည်သူတို့၌ထာဝရသေခြင်းကိုဖြစ်စေပြီး၊ ယုံကြည်သူတို့၌၄င်း တို့၏ကယ်တင်ခြင်းကိုဆုံးရှုံးစေပါသည်။ သို့သော်၊ ထာဝရအသက် သည်သခင်ယေရှုခရစ်တော်၌ရှိတော်မူသော ကယ်တင်ခြင်းအားဖြင့် ရောက်ရှိလာရပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အပြစ်တရားသည် ယုံကြည်သူတို့၏ဝိညာဉ်ရေးရာ၌ခံစားတုန့်ပြန်နိုင်မှုကင်းခြင်းကိုဖြစ် စေသော်လည်း၊ ၄င်းတို့သည် သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့် အသက်တာ၏ပြည်စုံတော်မူခြင်းရှိသမျှကို ကြုံတွေ့ခံစားနိုင်ကြပါ သည်။

ဤကျမ်းပိုဒ်ငယ်ကိုအစဉ်အလာအရ က သမ္မာတရားအဖြစ်အနက်ဖွင့်ဘာသာ ပြန်ဆိုထားကြသောကြောင့်၊ ဤကျမ်းပိုဒ်ငယ်ကို ဧဝံဂေလိပြုလုပ်ခြင်းနှင့်စပ်ဆိုင်သော ဟောပြောတင်ပြမှုများ၌အများဆုံးတွေ့ရသည်။ ဤကျမ်းပိုဒ်ငယ်တွင် က သမ္မာတရား နှင့်ဆိုင်သော လက်တွေ့ရယူကျင့်သုံးစရာအချက်ရှိ ကောင်းရှိနေနိုင်ပါသော်လည်း၊ ၄င်းကို အခြေခံအားဖြင့် ခ သမ္မာတရားအဖြစ်အနက်ဖွင့်ဘာသာပြန်ဆိုရန်အတွက် အကြောင်းပြ ချက်ကောင်းများရှိနေခြင်းသည် များစွာသောလူတို့ကို အံ့သြကောင်းအံ့သြသွားစေပါ လိမ့်မည်။

ရောမဩဝါဒစာ၏ငြင်းခုံဆွေးနွေးချက်သည် အခန်းကြီး ၃–၄ ရှိဖြောင့်မတ် ရာသို့ရောက်စေသောကယ်တင်ခြင်းမှ အခန်းကြီး ၅–၈ ရှိသန့်ရှင်းရာသို့ရောက်စေသော ကယ်တင်ခြင်းဆီသို့ပြောင်းလဲတိုးတက်သွားကြောင်းကို ကျွန်ုပ်တို့အခိုင်အမာသက်သေ

ထူထားခဲ့ကြပြီးဖြစ်သည်။ အခန်းကြီး ၆ သည်သခင်ခရစ်တော်၌ဗတ္တိဇံကိုခံသောသူများ (သို့) သခင်ခရစ်တော်နှင့်တလုံးတဝတည်းပေါင်းစည်းခြင်းခံရပြီး (၆း၃–၅)၊ သခင်ခရစ်တော်နှင့်အတူသေ၍ ယခုတွင်သခင်ခရစ်တော်နှင့်အတူ အသက်ရှင်နေကြသောယုံကြည်သူများ (၆း၆–၁၁) ထံသို့ရေးသားခဲ့သည်မှာထင်ရှားနေပါသည်။ ဤယုံကြည်သူများထံ၌သတိပေးဆုံးမထားချက်မှာ အပြစ်တရားထံ၌အစေမခံဘဲ၊ ဘုရားသခင်ထံ၌သာအစေခံရန်ဖြစ်သည်။ အကြောင်းမှာ ၄င်းတို့သည် အပြစ်တရား၏အမိန့်အာဏာအောက် ၌ မရှိကြ၊ ကျေးဇူးတော်အောက်၌ရှိ နေကြပြီဖြစ်သောကြောင့်ဖြစ်သည် (၆း၁၂–၁၄)။ အခန်းငယ် ၁၅ တွင်ကျေးဇူးတော်အောက်၌ရှိနေခြင်းက ယုံကြည်သူတို့ကို အပြစ်ကျူးလွန်ရန် အားပေးအားမြှောက်ပြုခြင်းရှိ မရှိနှင့်စပ်လျဉ်း၍ စိတ်ကူးသက်သက်သာဖြစ်သောကန့်ကွက်မှုတစ်ခုကို တင်ပြထားသည်။ ယုံကြည်သူများကအပြစ်ဒုစရိုက်ကိုပြုလုပ်ရန် ရွေးချယ်နိုင်ချေရှိမှုကို ၆း၁၆–၂၃ ကခွင့်ပြုထားစဉ်တွင်၊ ယုံကြည်သူများအနေဖြင့်အပြစ်ဒုစရိုက်ကို အဘယ်ကြောင့်အစေမခံသင့်ကြောင်းနှင့်စပ်လျဉ်းသောအကြောင်းပြချက်များကိုလည်းဖော်ပြပေးထားသည်။ အရိုးရှင်းဆုံးဆိုရလျှင်၊ အပြစ်တရားသည် သေခြင်းကိုဖြစ်စေသော်လည်း(၆း၁၆၊၂၁)၊ ဘုရားသခင်ကိုအစေခံခြင်းသည် “ဖြောင့်မတ်ခြင်း” ကိုဖြစ်စေ၍ (၆း၁၆)၊ ၄င်းသည် “သန့်ရှင်း စင်ကြယ်ခြင်း”ကိုဖြစ်စေကာ (၆း၁၉)၊ “ထာဝရအသက်” ကိုလည်းရရှိစေပါသည် (၆၊၂၂)။ ဘုရားသခင်ကို အစေခံခြင်းမှစ၍ နောက်ပိုင်းအရာများသည် ရောမယုံကြည်သူများကရွေးချယ်ခဲ့ကြသည့်အရာဖြစ်သည်။ ၄င်းကို အခန်းငယ် ၁၇ အားကျွန်ုပ်တို့ဆွေးနွေးမှုတွင်မြင်တွေ့ခဲ့ကြရပါသည်။ နာခံမှုရှိသောယုံကြည်သူများသည် သခင်ခရစ်တော်ကိုပို၍ နီးစပ်စွာတွေ့ကြုံခံစားခြင်းအတွက်လည်းကောင်း၊ လက်ဆောင်တစ်ပါးအဖြစ်နှင့်၄င်းတို့ရရှိထားပြီးဖြစ်သော သခင်ခရစ်တော်၏အသက်တာကိုပို၍ပြည့်ဝစွာကြုံတွေ့ခံရခြင်းအတွက်လည်းကောင်းသီးသန့်ဖယ်ထားခြင်းကိုခံကြရပါသည်။ အခန်းငယ် ၂၃ ကိုယုံကြည်သူများထံပြောပြသည့် အနှစ်ချုပ်စကားတစ်ခုအဖြစ် အမှုမဲ့အမှတ်မဲ့ပစ်ထားရန်မှာခက်ခဲပါလိမ့်မည်။

ဤကျမ်းပိုဒ်ငယ်ကို ယုံကြည်သူများထံလိပ်မူရေးသားထားလျှင်၊ အပြစ်တရားသည်သေခြင်းကိုဖြစ်စေသည် (သို့) ပို၍ပီပြင်စွာပြောရလျှင်အပြစ်တရားသည် သေခြင်းဖြင့်အဖိုးအခပေးရသည်ဟု၄င်းတို့အား အဘယ်ကြောင့်ပြောထားပါသနည်း။ ရောမဩဝါဒစာတွင် ယုံကြည်သူတို့၏ (ကယ်တင်ခြင်း) ထာဝရလုံခြုံစိတ်ချစွာ ရှိနေခြင်းအကြောင်း နှင့်စပ်လျဉ်းသောအခြားအတည်ပြုချက်များအရ ဤကျမ်းချက်ကအပြစ်ဒုစရိုက်ကိုကျူးလွန်သော ယုံကြည်သူများသည် ကယ်တင်ခြင်းကိုဆုံးရှုံး၍ အပယ်ငရဲ၌ဘုရားသခင်နှင့်အစဉ်ထာဝရကင်းကွာနေရမည်ဟု မဆိုလိုနိုင်ပါ (နှိုင်းယှဉ် ရောမ ၄း၁၆၊ ၈း၁၈–၃၉)။ ကနဦး၌ ကျွန်ုပ်တို့ဆွေးနွေးခဲ့သည့်အတိုင်း ဤနေရာ၌သေခြင်းကို ရပ်ဆဲခြင်းဟူသောအဓိပ္ပါယ်အစား၊ ခွဲခွါခြင်းဟုသဘောပေါက်နားလည်ခြင်းသည် သမ္မာကျမ်းစာ

နှင့်ညီညွတ်သကဲ့သို့ အရေးကြီးသော အရာလည်းဖြစ်သည်။ ဝိညာဉ်ရေးရာအဆင့်အတန်းတွင်မယုံကြည်သူများအတွက်သေခြင်းဆိုသည်မှာ ၄င်းတို့ကို ဘုရားသခင်၏အသက်တာထံမှ ယခုပစ္စုပ္ပန်တွင်ခွဲထားခံကြရသကဲ့သို့၊ အစဉ်ထာဝရလည်းခွဲထားခံရနိုင်ခြေလည်းရှိသည်ဟုဆိုလိုပါသည်။ ယုံကြည်သူတို့အတွက် သေခြင်းဆိုသည်မှာ ၄င်းတို့၏ယခုပစ္စုပ္ပန်အတွေ့အကြုံ၌ ဘုရားသခင်အားဖြင့်ရရှိလာမည့်အကျိုးကျေးဇူးများထံမှခွဲထားခံရခြင်းကိုဆိုလိုသည်။ ယုံကြည်သူတို့သည် ထာဝရအသက်ကို ယခုပစ္စုပ္ပန်ပိုင်ဆိုင်မှုအဖြစ်နှင့်လည်းကောင်း၊ အနာဂါတ်ဂတိတော်တစ်ပါးအဖြစ်နှင့်လည်းကောင်းရရှိထားကြသည်။ ယုံကြည်သူတို့ကို ထာဝရအသက်*ပိုင်ဆိုင်ရခြင်း*မှ ယခုပစ္စုပ္ပန်တွင်လည်းကောင်း၊ အနာဂတ်တွင်လည်းကောင်းခွဲထား၍ မရနိုင်ပါ။ သို့သော်၊ ၄င်းတို့သည် ထာဝရအသက်နှင့်သက်ဆိုင်သည့် *တွေ့ကြုံခံစားမှုဥစ္စာအခြေခံသောအကျိုးကျေးဇူးများ* (ဥပမာ – ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ အပြစ်ဒုစရိုက်အပေါ်၌တန်ခိုးရှိခြင်းစသည်တို့) မှခွဲထားခြင်းခံရနိုင်ပါသည်။ ယုံကြည်သူများအပြစ်ကျူးလွန်မိသောအခါတွင် ၄င်းတို့ကယ်တင်ခြင်းမခံရမီအချိန်က အပြစ်ဒုစရိုက်ကြောင့်ခံစားခဲ့ရသည့် ရုက်ကြောက်ခြင်းနှင့် ဝိညာဉ်ရေးရာ၌ခံစားတုန့်ပြန်နိုင်စွမ်းကင်းခြင်းစသည့် တူညီသောအကျိုးသက်ရောက်မှုများကို ကြုံတွေ့ခံစာရပါသည်။

ထာဝရအသက်အား အစကနဦး၌ပိုင်ဆိုင်ခြင်းသည် သခင်ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည့်အချိန်အခိုက်အတန့်တွင်ရောက်ရှိလာသော်လည်း (ရောမ ၃း၂၄၊၅း၁၈)၊ ထိုအသက်တာအားပျော်မွေ့ခံစားရခြင်း (သို့) ဆက်လက်၍ကြုံတွေ့ခံစားရခြင်းတို့မှာမူ ဘုရားဝတ်၌မွေ့လျော်သောအသက်တာဖြင့်ရှင်သန်ခြင်းအတွက် ဆုလာဘ်ဖြစ်သည်။ စောစော၌ပြောခဲ့သည့်အတိုင်း ထာဝရအသက်ကိုဘုရားသခင်နှင့် ဆက်ဆံရင်းနှီးရခြင်း အဖြစ်နှင့် တစ်ခါတစ်ရံဖော်ပြပြောဆိုထားပြီး (ယောဟန် ၁၇း၃)၊ ထိုအသက်တာကိုအလျှံအပယ်ကြုံတွေ့ခံစားနိုင်ပါသည် (ယောဟန် ၁၀း၁၀)။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်နှင့်အတူထမြောက်ခဲ့ကြပြီး၊ ထိုသခင်သည်သူ့ကိုယုံကြည်သောကျွန်ုပ်တို့အား မိမိ၏အသက်ကိုအခမဲ့လက်ဆောင်အဖြစ်နှင့်ပေးသနားခဲ့ပြီး၊ ကိုယ်တော်အတွက် ကျွန်ုပ်တို့ရှင်သန်ကြသည်နှင့်အမျှ ထိုအသက်တာကို ကျွန်ုပ်တို့၌ ထင်ရှားပေါ်လွင်လာစေပါသည်။

ယုံကြည်သူများထံ၌ ခ သမ္မာတရားအဖြစ်နှင့်ရေးသားခဲ့လျှင် ဤကျမ်းပိုဒ်ငယ်သည် ဧဝံဂေလိပြုလုပ်ခြင်းနှင့်ဆိုင်သောဟောပြောတင်ပြမှုများတွင် က သမ္မာတရားအဖြစ်မယုံကြည်သူများထံ၌ အသုံးပြုနိုင်ပါသလား။ အသုံးပြုနိုင်သည်ဟုထင် မှတ်ရသည်။ အကြောင်းမှာ၊ ဤကျမ်းပိုဒ်ငယ်သည် ကယ်တင်ခြင်းခံရသူဖြစ်စေ၊ မခံရသူဖြစ်စေ လူအားလုံးအတွက် စစ်မှန်သောယေဘုယျအခြေခံစည်းမျဉ်းဥပဒေသတစ်ခုအဖြစ်နှင့် ဖော်ပြထားသောကြောင့်ဖြစ်သည်။

မယုံကြည်သူတို့သည် ၄င်းတို့၏အပြစ်ဒုစရိုက်တွင် ဘုရားသခင်ထံ၌အသေ ဖြစ်နေကြသည်ဟူသောအဓိပ္ပါယ်မျိုးဖြင့်ဆိုရလျှင် ဤကျမ်းပိုဒ်ငယ်သည် မယုံကြည်သူများနှင့်သက်ဆိုင်ပါသည်။ ဘုရားသခင်နှင့်ကွဲကွာနေရသော ၄င်းတို့ပြဿနာ၏အဖြေမှာ သခင်ယေရှုခရစ်ကိုယုံကြည်ခြင်းအား ဖြင့်ရောက်ရှိလာသောအခမဲ့လက်ဆောင်ထာဝရအသက်ဖြစ်သည် (နှိုင်းယှဉ် ရောမ ၃း၂၂–၂၆)။ ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူဖြစ်စေသေခြင်းတရားကိုမတူကွဲပြားသောနည်းလမ်းဖြင့်ကြုံတွေ့ကြရပြီး၊ ထိုသေခြင်းတရားအတွက်တစ်ခုတည်းသောအဖြေမှာ သခင်ယေရှုခရစ်အား ဖြင့်ရရှိသောအခမဲ့လက်ဆောင်ဖြစ်သည့် ဘုရားသခင်၏အသက်ဖြစ်သည်။

မယုံကြည်သူများအတွက် လက်တွေ့ရယူကျင့်သုံးစရာအချက်တစ်ချက်ကို ကျွန်ုပ်တို့အသိအမှတ်ပြုလက်ခံထားစဉ်တွင် ယုံကြည်သူများသည် အခန်းငယ် ၂၃ ၏အဓိကရည်ရွယ်ချက်ကို လျစ်လျူရှုမထားသင့်ပါ။ ထိုရည်ရွယ်ချက်မှာအပြစ်တရားထဲ၍အစေမခံဘဲ ဘုရားသခင်ထံ၌အစေခံရန် ၄င်းတို့ကိုတွန်းပို့ပေးရန်ဖြစ်သည်။ ယုံကြည်သူတို့သည် ဘုရားသခင်၏အသက်တာတည်းဟူသော အံ့ဖွယ်အခမဲ့လက်ဆောင်တစ်ပါးကိုပေးအပ်ခြင်းခံထားရပါသော်လည်း ဘုရားသခင်အတွက်ရှင်သန်မှုသာထိုအသက်တာကိုပျော်မွေ့ခံစားရပါလိမ့်မည်။

ဇာတိပကတိအားဖြင့်သေခြင်း (သို့) ဝိညာဉ်တော်အားဖြင့်အသက်ရှင်ခြင်း (Die by the flesh or live by the Spirit) ရောမ ၈း၁၃

သင်တို့သည် ဇာတိပကတိအတိုင်း အသက်ရှင်လျှင်သေရကြမည်။ ဝိညာဉ်တော်အားဖြင့် ကိုယ်ကာယ၏အကျင့်တို့ကို သေစေလျှင်အသက်ရှင်ကြလိမ့်မည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဇာတိပကတိအတိုင်းအသက်ရှင်သောသူများသည် အပယ်ငရဲသို့သွားရလိမ့်မည်။ အကြောင်းမှာ၊ ၄င်းတို့သည်မိမိတို့၏ကယ်တင်ခြင်းကို ဆုံးရှုံးရသောကြောင့် (သို့) ကယ်တင်ခြင်းလုံးလုံးမရရှိခဲ့ကြသောကြောင့်ဖြစ်သည်။ သို့သော်၊ ဝိညာဉ်တော်သည် ၄င်းတို့၏အထဲ၌ရှိလျှင်ကယ်တင်ရာသို့ရောက်ကြမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဇာတိပကတိအတိုင်းအသက်ရှင်သောယုံကြည်သူများသည် ဘုရားသခင်နှင့် မိမိတို့မိတ်

သဟာယဖွဲ့ခြင်းတွင် ခံစားတုန့်ပြန်နိုင်စွမ်းကင်းခြင်းကိုခံစားကြရသော်လည်း၊ ၄င်းတို့သည် ဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် အသက်ရှင်လျှင်၊ ဘုရားသခင်၏ပြည့်စုံတော်မူသောအသက်တာကို ကြုံတွေ့ခံစားကြရပါလိမ့်မည်။

ရောမ ၈ သည် သန့်ရှင်းရာသို့ရောက်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ အပြစ်ဒုစရိုက်ကိုယုံကြည်သူများ မည်သို့အောင်နိုင်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရှင်ပေါလု၏ဆွေးနွေးချက်ကို ဆက်လက်ပြောဆိုထားသည်။ အခန်း ငယ် ၁ က "ဘုရားသခင်ကယ်လွှတ်တော်မူသောအကြောင့် ယေရှုခရစ်၌တည်၍ဇာတိ ပကတိအတိုင်းမကျင့်၊ ဝိညာဉ် ပကတိအတိုင်းကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏" ဟုဖေါ်ပြထားသည်။ "အပြစ်စီရင်ခြင်း" ဟူသော စကားလုံးသည် ထာဝရအပယ်ငရဲကိုရည်ညွှန်းချက်ဖြစ်သည်ဟု သာမန်အားဖြင့်သဘောပေါက်နားလည်ထားကြသော်လည်း၊ သန့်ရှင်းရာသို့ရောက်ခြင်းအကြောင်းပြောပြနေသည့် ကျမ်းစကားအဆက်အစပ်တွင် (ရောမ ၅း၁၆ နှင့် ၁၈ တွင်လည်းအသုံးပြုထားသည့်အတိုင်း) ဤစကားလုံးသည် သခင်ခရစ်တော်၌တည်ရှိသောယုံကြည်သူတို့၏အသက်တာအပေါ်၌ အပြစ်ဒုစရိုက်၏ဝမ်းနည်းဖွယ်အကျိုးသက်ရောက်မှုအကြောင်းကိုပြောပြနေခြင်းသာဖြစ်သည်။ အခန်း ၁ ရှိဇာတိပကတိအတိုင်းမကျင့် ဝိညာဉ်ပကတိအတိုင်းကျင့်သောသူတို့ ဟူသောဝါကျကဏ္ဍသည် ခေတ်သစ် ဘာသာပြန်ကျမ်းစာများတွင်မတွေ့ရသော်လည်း၊ ၄င်းသည် ခိုင်မာသောလက်ရေးစာမူ အထောက်အထားများကို ရှိထားပြီး၊ အခန်းငယ် ၄ မှာကဲ့သို့ တစ်ပုံစံတည်းပြောဆိုထားသည်။ ဤအပိုင်း၌အလေးပေးထားသောအချက်မှာ ဇာတိပကတိအတိုင်းအသက်ရှင်ခြင်းနှင့်ထိုအသက်ရှင်ခြင်းတစ်ခုစီ၏အကျိုးဆက်များကြဖြစ်သည်။

ရောမ ၈ တွင်ရှင်ပေါလုသည် ခရစ်ယာန်များကိုလိပ်မူပြောဆိုနေပြီး (ရှင်ပေါလုသည် ၄င်းတို့ကို ငယ် ၁၂ တွင် "ညီအစ်ကိုတို့" ဟုခေါ်တွင်ထားပြီး၊ ငယ် ၁၅ တွင်၄င်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိခဲ့ကြပြီးဖြစ်သည်ဟုလည်းပြောထားသည်) ၄င်းတို့ကိုအပြစ်ဒုစရိုက်မှလည်းကောင်း၊ အပြစ်ဒုစရိုက်၏အကျိုးဆက်များမှလည်းကောင်း ကယ်နှုတ်ပေးသည့် ၄င်းတို့၏သန့်ရှင်းရာသို့ရောက်ခြင်းအတွေ့အကြုံအကြောင်းကိုပြောပြနေပါသည်။ ထို့ကြောင့်၊ ဤနေရာတွင် မည်သည့်အနက်ဖွင့်ဘာသာပြန်ဆိုချက်ကကိုက်ညီမှုအရှိဆုံးဖြစ်သည်ကို ကျွန်ုပ်တို့အလွယ်တကူမြင်တွေ့နိုင်ပါသည်။ ဇာတိပကတိအတိုင်းအသက်ရှင်ခြင်းသည် ခရစ်ယာန်တစ်ယောက်က အပြစ်ကိုကျူးလွန်သော ၄င်း၏ဇာတိဟောင်းဘက်သို့လိုက်သောအချိန်၌ ပြုလုပ်သောရွေးချယ်မှုဖြစ်သည်။ ("အကယ်၍၊ လျှင်" ဟူသော စကားလုံးအားဖြင့် ဖော်ပြထားသည်။) "သေရကြမည်" ဟူသောအသုံးအနှုန်းသည် အပြစ်ဒုစရိုက်အပေါ်၌ထားရှိသောဘုရားသခင်၏အမျက်

ဒေါသနှင့်ပတ်သက်သည့်အကျိုးဆက်တစ်ခုကိုဖော်ပြပေးထားသည်။ ဤနေရာရှိ သေခြင်း၏အဓိပ္ပါယ်သည် ရောမ ၆း၂၃ ကဲ့သို့ဖြစ်သည် (ကနဦးဆွေးနွေးချက်ကိုကြည့်ပါ)။ ခရစ်ယာန်အသက်တာနှင့်ဆိုင်သော အတွေ့အကြုံများ၌သေနေခြင်းနှင့် ဘုရားသခင်နှင့်ဆိုင်သောအရာတို့၌ တက်ကြွမှုကင်းနေခြင်းတို့ကိုတွေ့ကြုံရမည်ဖြစ်သည်။ အခြားတစ်ဖက်တွင် ယုံကြည်သူသည် အတွင်း၌ကိန်းဝပ်တော်မူသည့်သန့်ရှင်းသော ဝိညာဉ်တော်ကို ဝန်ခံအပ်နှံလျှင် ထိုသူသည် "အသက်ရှင်" လိမ့်မည် (သို့) ဘုရားသခင်ထံမှလာသော တက်ကြွလန်းဆန်းကြွယ်ဝသည့် အသက်တာကို ပိုင်ဆိုင်ရမည်ဖြစ်သည်။

ရောမ ၈း၉ အရ၊ ကယ်တင်ခြင်းကိုစမ်းသပ်စစ်ဆေးပေးသောအရာမှာ တစ်စုံတစ်ယောက်သည်ဝိညာဉ်တော်၌အသက်ရှင်သည်၊ မရှင်သည်ဟူသောအချက်မဟုတ်၊ ထိုသူအထဲ၌ ဝိညာဉ်တော်အသက်ရှင်သည်၊ မရှင်သည် ဟူသောအချက်ဖြစ်သည်။ "ခရစ်တော်၏ဝိညာဉ်ကို မရသောသူမူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။" မူရင်းစာဖတ်သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုအမှန်ရရှိထားကြသောကြောင့် ၄င်းတို့သည် အပြစ်ဒုစရိုက်ကို အောင်နိုင်သည့် တန်ခိုးတော်ကိုရရှိထားကြပါသည် ဟူသောအာမခံချက်အဖြစ်နှင့်အခန်း ၎ယ် ၉–၁၁ ကိုဖော်ပြထားခြင်းဖြစ်သည်။ အခန်း၎ယ် ၁၂–၁၃ ကစာဖတ်သူတို့၌ ဖြစ်နိုင်ချေနှစ်ခုကိုပေးထားသည်။ ဧာတိပကတိအတိုင်းအသက်ရှင်ခြင်းသည် ဧာတိဆန်သောတွေးခေါ်မှု အလေ့အထရှိခြင်းဖြစ်ပြီး၊ ဝိညာဉ်ပကတိအတိုင်းအသက်ရှင်ခြင်းသည် ဝိညာဉ်သဘောဆောင်သောတွေးခေါ်မှုအလေ့အထရှိခြင်းဖြစ်သည်။ ဧာတိဆန်သောတွေးခေါ်မှုအလေ့အထကိုပိုင်ဆိုင်ခြင်းသည် ဝိညာဉ်ရေး၌ခံစားတုန့်ပြန်နိုင်စွမ်းကင်းမဲ့ခြင်းကိုဖြစ်စေပြီး ဝိညာဉ်ဆန်သောတွေးခေါ်မှုအလေ့အထပိုင်ဆိုင်ခြင်းသည် ဖြောင့်မတ်ခြင်း၏အောင်နိုင်ခြင်းအသက်တာကိုဖြစ်စေပါသည်။

စာဖတ်သူတို့သည် ယုံကြည်သူများဖြစ်ကြသည်ဟူသောခိုင်မာသည့် ယူဆချက်နှင့်သတ်မှတ်ချက်တို့သည် ထိုသူတို့၌ကယ်တင်ခြင်းဆုံးရှုံးနိုင်သည် (သို့) ကယ်တင်ခြင်းလုံးလုံးမခဲ့ကြပါဟူသောအနက်ဖွင့်ဘာသာပြန်ဆိုချက်နှင့်ဆန့်ကျင်နေပါသည်။ သေခြင်းသည် ထာဝရသေခြင်းကိုအလိုအလျောက်မရည်ညွှန်းပါ။ သို့သော်၊ ၄င်း၏အနှစ်သာရအားဖြင့်ဆိုရလျှင်ခွဲထားခံရခြင်းကိုပြောပြခြင်းသာဖြစ်ကြောင်း အစောပိုင်းတွင်ကျွန်ုပ်တို့ပြသခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်၊ ဤနေရာတွင် သေခြင်းသည် အသက်ကိုပေးပိုင်သော ဘုရားသခင်၏တန်ခိုးတော်ထံမှ ယုံကြည်သူခွဲထားခံရခြင်းကို ရည်ညွှန်းနေကြောင်း ကျမ်းစကားအဆက်အစပ်ကပြသထားသောကြောင့်၊ ၄င်းသည် ခ သမ္မာတရားဖြစ်သည်။ က သမ္မာတရား မဟုတ်ပါ။

ယုံကြည်သူများဖြစ်ကြပါသော်လည်း၊ ကျွန်ုပ်တို့သည် ဧာတိဆန်စွာနေထိုင်ရန် (သို့) အပြစ်ကျူးလွန်သော အသက်တာဖြင့်နေထိုင်ရန် ရွေးချယ်နိုင်ကြပါသည်။ သို့သော်၊ ထိုရွေးချယ်မှုသည် ဘုရားသခင်ကကျွန်ုပ်တို့အတွက် အလိုရှိတော်တော်မူသောအတွေ့အ

ကြုံကိုခံစားတုန့်ပြန်နိုင်စွမ်း ကင်းမဲ့သွားစေပါလိမ့်မည်။ သခင်ယေရှုခရစ်အား ၄င်း၏အသက်တာကိုကျွန်ုပ်တို့အားဖြင့်ရှင်သန်စေ၍ ကိုယ်တော်ရှင်၏ရှင်ပြန်ထမြောက်ခြင်းအသက်တာ၏တန်ခိုးတော်ကိုတွေ့ကြုံခံစားရန်ရွေးချယ်ခြင်းကပို၍ ကောင်းမြတ်ပါသည်။

ဝိညာဉ်တော်၏ပဲ့ပြင်လမ်းပြတော်မူခြင်း (Led by the Spirit)။ ရောမ ၈း၁၄

ဘုရားသခင်၏ဝိညာဉ်တော်ဆုံးမပဲ့ပြင်တော်မူသမျှသောသူတို့သည် ဘုရားသခင်၏သား ဖြစ်ကြ၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဝိညာဉ်တော်၏ပဲ့ပြင်လမ်းပြခြင်းကိုခံရသောသူများသာလျှင် ကယ်တင်ခြင်းသို့ရောက်ကြသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဖြောင့်မတ်သောအသက်တာဆီသို့ ဝိညာဉ်တော်၏ပဲ့ပြင်လမ်းပြခြင်းကိုခံရသောသူများသည် ဘုရားသခင်၏သားများအဖြစ်မိမိတို့၏ဖြစ်တည်မှုအနေအထားကို စံနမူနာပြသကြသည်။

ဤကျမ်းပိုဒ်အတွက် က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို လက်ခံထားကြသောသူများက ကယ်တင်ခြင်းသို့ရောက်ခြင်း၏သက်သေအထောက်အထားများမှတစ်ခုမှာ လူတစ်ယောက်သန့်ရှင်းသောဝိညာဉ်တော်၏ပဲ့ပြင်လမ်းပြခံရခြင်းဖြစ်သည်ဟု ဆိုကြသည်။ ဤအယူအဆတွင် ဘုရားသခင်၏သားတစ်ယောက်ဖြစ်ခြင်းဆိုသည်မှာ ကယ်တင်ခြင်းခံရသူတစ်ဦးဖြစ်ခြင်းဖြစ်ပြီး၊ ဝိညာဉ်တော်လမ်းပြဦးဆောင်ခံရခြင်းဆိုသည်မှာ အပြစ်ဒုစရိုက်ထဲမှလမ်းပြ၍အလိုတော်နှင့်ညီသောအလေ့အကျင့်များဆီသို့သာမက၊ အသက်တာရှိကိုယ်ကျင့်တရားနှင့်မသက်ဆိုင်သောဆုံးဖြတ်ချက်များ၌ပင်လမ်းပြဦးဆောင်ခြင်းဖြစ်သည်ဟု အနက်ဖွင့်ဘာသာပြန်ဆိုထားသည်။

က သမ္မတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ဆန့်ကျင်ပြောဆိုထားသည့်ထင်ရှားမြင်သာသောငြင်းခုန်မှုအချို့ရှိပါသည်။ အခန်းငယ် ၁၄ ကို ထိုသို့ရှုမြင်သုံးသပ်ခြင်းသည် ကယ်တင်ခြင်းနှင့်ကယ်တင်ခြင်းစိတ်ချမှုကို သခင်ယေရှုခရစ်အားယုံကြည်ခြင်း၌ မတည်မှီစေဘဲ ၊ အခြားအရာများပေါ်တွင် တည်မှီနေစေပါသည်။ သို့သော်၊ ယုံကြည်ခြင်းသာလျှင် ကယ်တင်ခြင်းနှင့် ကယ်တင်ခြင်းစိတ်ချမှုတို့အတွက် ပြည့်စုံလုံလောက်သောအဓိကအကြောင်း ပြချက်ဖြစ်သည် (ဥပမာ ၊ ယောဟန် ၅း၂၄၊

၈ဖက် ၂း၈၊ ၁ယော ၅း၁၁–၁၃)။ ထိုအပြင်၊ ထိုအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ကယ်တင်ခြင်းအားစမ်းသပ်စစ်ဆေးခြင်းကို မိမိ၏အသိစိတ်တွင်းမှဖြစ်ပေါ်သောစိတ်ခံစားချက်တွင်အခြေခံသွားစေသည်။ အသက်တာ၏ဆုံးဖြတ်ချက်များအားလုံး၌ ဝိညာဉ်တော်၏ပဲ့ပြင်လမ်းပြခြင်းရှိ၊ မရှိကိုမည်သူက အတိအကျသိနိုင်ခဲ့မည်နည်း။ အသက်တာ၌ကျရှုံးမှုများနှင့်အပြစ်ဒုစရိုက်များရှိနေချိန်တွင်လည်း ဝိညာဉ်တော်ကပဲ့ပြင်လမ်းပြပေးနေပါသလား။

ထင်ရှားမြင်သာမှုအရှိဆုံးငြင်းခုံချက်မှာ ကျမ်းစကားအဆက်အစပ်မဖြစ်သည်။ ခ သမ္မာတရားအနက်ဖွင့် ဘာသာပြန်ဆိုချက်ကိုလက်ခံထားသောသူများက ရောမ ၆း၈ သည် ခရစ်ယာန်များအားငှင်းတို့၏သန့်ရှင်းရာသို့ရောက်ခြင်းအကြောင်းကိုလိပ်မူပြောဆိုနေခြင်းဖြစ်ကြောင်း သတိပြုမိကြသည်။ ရောမ ၈ သည် ဘုရားဝတ်၌မွေ့လျော်သောအသက်တာကို ဧာတိပကတိအားဖြင့် (သို့) မိမိတို့ကိုယ်ပိုင်စွမ်းပကားဖြင့်မရှင်သန်နိုင်ကြောင်းနှင့်စပ်လျဉ်း၍ ရောမ ၇ ၌ဖော်ပြထားသည့် စိတ်ပျက်ဖွယ်အမှုကိုဖြေကြားပေးထားသည်။ ဧာတိပကတိအပေါ်၌လည်းကောင်း၊ ပညတ်တရားအပေါ်၌လည်းကောင်း အောင်နိုင်ခြင်းကိုရရှိထားသောသူတို့သည် စိတ်နလုံးနှင့် အသက်တာတို့၌ဘုရားသခင်၏ဝိညာဉ်တော်ထိန်းချုပ်ခြင်းကိုခံရသောသူများဖြစ်ကြပြီး (၈း၁–၆)၊ ၄င်းတို့သည် ဝိညာဉ်တော်ကိုရှိထားကြသောကြောင့် ယုံကြည်သူများဖြစ်ကြသည် (၈း၉–၁၁)။ အခန်းငယ် ၁၂ တွင်ရှင်ပေါလုက စာဖတ်သူတို့အား ဧာတိပကတိအတိုင်းအသက်ရှင်ရန်ကျေးဇူးကြွေးတင်နေသောသူများမဟုတ်ကြသည့် "ညီအစ်ကိုတို့" ဟုခေါ်ဝေါ်လိပ်မူထားသည်။ ယင်းသို့အသက်ရှင်မည့်အစား၊ သူတို့သည် ဧာတိပကတိစိတ်အပေါ်၌အောင်နိုင်ခြင်းကိုလည်းကောင်း၊ ပြည့်ဝပြည့်စုံသောအသက်တာကိုလည်းကောင်းပေးနိုင်သည့် ဝိညာဉ်တော်ကိုလည်း ပိုင်ဆိုင်ထားကြသည်ဟု ပြောဆိုထားပါသည် (၎ယ် ၁၃)။ ထို့ကြောင့်၊ ရှင်ပေါလုက "ဘုရားသခင်၏ဝိညာဉ်တော်ဆုံးမပဲ့ပြင်သမျှသောသူတို့" ဟုရည်ညွှန်း ပြောဆိုချိန်တွင် သူသည် အောင်နိုင်ခြင်း၊ သန့်ရှင်စင်ကြယ်ခြင်း၊ အသက်ရှင်ခြင်းထဲသို့ပဲ့ပြင်လမ်းပြတော်မူသော ဝိညာဉ်တော်အားဖြင့် ရှင်သန်ကြသည့် ယုံကြည်သူများကို ရည်ညွှန်းပြောဆိုနေခြင်းဖြစ်သည်။

ထိုသို့ဆိုလျှင် "ဘုရားသခင်၏ဝိညာဉ်တော်ဆုံးမပဲ့ပြင်သမျှသောသူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏" ဟုဆိုထားသည့် အခန်း၎ယ် ၁၄ ၏နောက်ဆုံးအပိုင်းကို မည်သို့ပြုလုပ်ကြမည်နည်း။ *ဘုရားသခင်၏သား (Son of God)* ဟူသော အသုံးအနှုန်းသည် ကယ်တင်ခြင်းခံရသောသူကိုသာသီးသန့်ရည်ညွှန်းခြင်း မဟုတ်ပါ။ အခန်း၎ယ် ၁၆ တွင်ကယ်တင်ခြင်းခံရသောသူများကို "ဘုရားသခင်၏သား သမီးများ" (Children of God) ဟု ရည်ညွှန်းသုံးစွဲထားပြီး၊ ၄င်းသည် ခရစ်ယာန်များအတွက် ထင်ထင်ရှားရှားအသုံးပြုသောကွဲပြားသည့် အသုံးအနှုန်းတစ်ခုဖြစ်ကြောင်းကို ကျွန်ုပ်

တို့တွေ့ရသည်။ တစ်စုံတစ်ယောက်၏သားဖြစ်ခြင်းဆိုသည်မှာ ထိုတစ်စုံတစ်ယောက်နှင့် တူညီသောဝိသေသ လက္ခဏာများကိုခင်ကျင်းပြသခြင်း (သို့) ထိုတစ်စုံတစ်ယောက်ကဲ့သို့ဖြစ်ခြင်းဖြစ်သည်။ ရှင်ပေါလုက ဝိညာဉ်တော်ကို ပိုင်ထားသောသူများသည် ထိုဝိညာဉ်တော်ကို ၄င်းတို့အား သန့်ရှင်းစင်ကြယ်ခြင်းအသက်တာဆီသို့ပဲ့ပြင်လမ်းပြပေးရန်ခွင့်ပြုနေသရွေ့ ၄င်းတို့သည်ကောင်းကင်ဘုံ၌ရှိ တော်မူသောခမည်းတော်၏ဝိသေသလက္ခဏာများကိုခင်းကျင်းပြသနေကြလိမ့်မည်ဟု ပြောနေပါသည်။ အမှန်ဆိုရလျှင် အခန်းငယ် ၁၅ ကစာဖတ်သူတို့အား ၄င်းတို့သည်မွေးစားခံခြင်းအားဖြင့် ခမည်းတော်ကိုသားသမီးများအဖြစ်နှင့်သက်ဆိုင်ကြရကြောင်းကို အာမခံထားသည်။ ထိုအရာက သွယ်ဝိုက်၍ ပြောဆိုနေသောအချက်မှာ ၄င်းတို့အနေဖြင့် ဘုရားသခင်၏သားများသဖွယ်ပြုမူနေထိုင်ရမည်ဟူသောအချက်ဖြစ်သည်။ အရေးကြီးသောအခြားလေ့လာအကဲခတ်မှုမှာ "သားများ"ဟူသော ရွေးချယ်သတ်မှတ်ချက်တွင် မွေးစားခံရခြင်း၏ရသင့်ရထိုက်သောအခွင့်အရေးအပြည့်အဝကို ပျော်မွေ့ခံစားရသောသူများပါဝင်သည် ဟူသောအချက်ကို သွယ်ဝိုက်ညွှန်းဆိုထားခြင်းဖြစ်သည်။ ထိုအခွင့်ထူးများတွင် ဘုရားသခင်၏ (သားသမီးဖြစ်ရခြင်းသက်သက် မဟုတ်) အမွေစားအမွေခံတစ်ဦးဖြစ်ရခြင်းနှင့် သခင်ယေရှုခရစ်နှင့်အတူ ကျွန်ုပ်တို့ဆင်းရဲခြင်းဒုက္ခခံကြသောအခါကိုယ်တော်ရှင်နှင့်အမွေခံဖက်များဖြစ်ရခြင်းတို့ပါဝင်သည် (ငယ် ၁၇)။

ရောမ ၈း၁၇ သည် အမြဲလိုလိုအဓိပ္ပါယ်ကောက်မှားခံရသောကြောင့် အထူးဂရုစိုက်ဖို့ထိုက်တန်သည်။ ဤကျမ်းပိုဒ်ကိုရိုးရှင်းသောနိပါတ်ပုဒ် (particle; *ei*) တစ်ခုနှင့်အစပြုထားပြီး၊ မှန်ကန်ချက်အပေါ်၌အခြေခံထားသောအခြေအနေကိုဆိုလိုထားသည် – ကျွန်ုပ်တို့သည် သားသမီးများဖြစ်ကြ*လျှင်* ကျွန်ုပ်တို့သည် ဘုရားသခင်၏အမွေစားအမွေခံများဖြစ်ကြသည်။ ဘုရားသခင်၏သားသမီးတစ်ဦးချင်းက ဘုရားသခင်၏မိသားစုအတွင်းရှိ မွေးစားခံခြင်းနှင့် စပ်ဆိုင်သောအခွင့်ထူးများကို ပျော်မွေ့ခံစားကြရသည်။ ဒုတိယထုတ်ဖော်ပြောဆိုချက်သည် ဆန့်ကျင်ဘက်ချင်းယှဉ် ကြည့်ခြင်းနှင့်ဆိုင်သောနိပါတ်ပုဒ် (contrastive particle; *men ... de*) ကိုအသုံးပြုထားပြီး၊ သခင်ခရစ်တော်၏အမွေခံဖက်များဖြစ်လာရန်အတွက်အခြားသောအခြေအနေသတ်မှတ်ချက်ကို အလေးအနက်ပြုထားသည် (လေးနက် သောနိပါတ်ပုဒ် *eiper*, "if indeed" အားဖြင့် ရည်ညွှန်းထားသည်)။ ထိုအခြေအနေသတ်မှတ်ချက်မှာ ယုံကြည်သူမှ ဒုက္ခခံဖက်ဖြစ်ပေးခြင်းဖြစ်သည် – ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်အတူဆင်းရဲဒုက္ခကို *အမှန်ခံလျှင်* ထိုသခင်နှင့် အတူ အမွေခံဖက်လည်းဖြစ်ကြသည်။ ဤအချက်ကိုအကောင်းဆုံးသဘောပေါက်နားလည်ခြင်းသည် ပုဒ်ရပ်သကေ်တ (comma) ကို "သခင်ခရစ်တော်" နောက်တွင် မဟုတ်ဘဲ၊ "ဘုရားသခင်" နောက်တွင် ထားရှိခြင်းမှ ရောက်လာပါသည်။ "ဘုရားသခင်၏အမွေခံဖြစ်ကြ၍၊ သခင်ခရစ်တော်နှင့် အတူဆင်းရဲဒုက္ခကို

အမှန်ခံလျှင် ထိုသခင်နှင့်ဆက်ဆံသော အမွေခံလည်းဖြစ်ကြ၏။" သခင်ခရစ်တော်နှင့် အမွေခံဖက်ဖြစ်ခြင်းသည် ထိုသခင်၏နိုင်ငံတော်၌ထိုသခင်နှင့် အုပ်စိုးဖက်ဖြစ်ရခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်ကသွန်သင်ပေးထားသည့်အချက်မှာ ဘုရားသခင်၏သားသမီးများအားလုံးသည် ဘုရားသခင်၏အမွေခံများဖြစ်ကြသော်လည်း၊ သခင်ခရစ်တော်အတွက် ဆင်းရဲခြင်းဒုက္ခကိုရင်ဆိုင်သောသူများသည် ထိုသခင်နှင့်အတူနိုင်ငံတော်ကိုအုပ်စိုးရမည်ဟူသောအချက်ဖြစ်သည် (၂တိ ၂း၁၀–၁၃ အားဆွေးနွေးထားချက်ကိုကြည့်ပါ)။

ဘုရားသခင်နှင့်စပ်ဆိုင်၍သားဖြစ်ရခြင်းအယူအဆသည် စောင့်ရှောက်နည်းပြပေးသူမလိုအပ်တော့သည့် (သို့ မဟုတ် ပညတ်တရားကိုမလိုတော့သည့်– ဘုရားသခင်၏သားသမီးများနှင့် ဘုရားသခင်၏သားများကြားရှိခြားနားမှု ကို တည်ဆောက်ပေးထားသည့် ဂလာတိ၃း၂၂–၄း၁–၇ကိုကြည့်ပါ) အရွယ်ရောက်ရင့်ကျက်သောအခြေအနေကို သွယ်ဝိုက်ညွှန်းဆိုထားသည်။ ထို့ကြောင့်၊ "ဘုရားသခင်၏သားများ" သည်ကယ်တင်ခြင်းသို့ရောက်ခြင်းသက်သက်နှင့်သာသက်ဆိုင်သည် မဟုတ်၊ ရင့်ကျက်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းတို့နှင့်လည်းသက်ဆိုင်ပါသည်။ ယုံကြည်သူများသည် သန့်ရှင်းသောဝိညာဉ်တော်၏ပဲ့ပြင်လမ်းပြခြင်းကို အခွင့်ပေးမှသာလျှင် ရင့်ကျက်ခြင်းသို့ရောက်ကြရပါသည်။ ရောမ ၈း၁၄ သည် တစ်ဦးတစ်ယောက်၏ကယ်တင်ခြင်းကို အဆုံးအဖြတ်ပေးသောကျမ်းပိုဒ် မဟုတ်ပါ။

ရောမ ၆–၈ ရှိနားလည်ရန်ခက်ခဲသောကျမ်းချက်များကို အနက်ဖွင့်ဘာသာပြန်ဆိုရာတွင် ကျမ်းစကားအဆက်အစပ်ကို ကျွန်ုပ်တို့လုံးဝမေ့လျော့ မထားသင့်ပါ။ ရှင်ပေါလုသည် ရောမ ၃–၄ တွင်ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်းကို ဆွေးနွေးထားသည်။ အခန်းကြီး ၅ သည်သန့်ရှင်းရာသို့ရောက်ခြင်းအကြောင်းကိုပြောပြသည့်အပိုင်းသစ်ဆီသို့ကူးပြောင်းရာနေရာဖြစ်သည်(ရောမ ၅း၉–၁၀ အားဆွေးနွေးထားချက်ကို ကြည့်ပါ) ထို့ကြောင့်၊ ရောမ ၆–၈သည် ယုံကြည်သူများနှင့်သက်ဆိုင်သည့် ခ သမ္မာတရားတွင်စူးစိုက်လိမ့်မည်ဟုကျွန်ုပ်တို့မျှော်လင့်ရသည်။

ကျွန်ုပ်တို့၏အဖဘုရားသခင်ကဲ့သို့ဖြစ်လာရန် ကျွန်ုပ်တို့သည် ကိုယ်တော်၏ဝိညာဉ်တော်အားကျွန်ုပ်တို့ကို ဖြောင့်မတ်ခြင်းတရားထဲသို့လည်းကောင်း၊ ကျွန်ုပ်တို့အထဲ၌ရှိတော်မူသော သခင်ခရစ်တော်၏အသက်တာကိုသာ၍ကြံ့တွေ့ခံစားရခြင်းထဲသို့လည်းကောင်းလမ်းပြဦးဆောင်စေရပါမည်။ ယုံကြည်သူများဖြစ်သည့်အားလျော်စွာ၊ ကျွန်ုပ် တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြပြီး အဖ၏ရင့်ကျက်သောသားများ(နှင့်သမီးများ)ကဲ့သို့ပြုမူနေထိုင်ကြရပါမည်။

နှုတ်ဖြင့်ဝန်ခံ၍ (Confess with your mouth)။ ရောမ ၁၀း၉–၁၀

၉ *အဘယ်သို့နည်းဟူမူကား၊ သင်သည်သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။* ၁၀ *ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ၊ စိတ်နှလုံးဖြင့်ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ ရောက်ခြင်းငှါနှုတ်ဖြင့်ဝန်ခံရ၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အစဉ်ထာဝရကယ်တင်ခြင်းသို့ရောက်ရန်အတွက် လူတစ်ယောက်သည် သခင်ယေရှုခရစ်၏အရှင်သခင်ဖြစ်ခြင်းခဲ့ဝန်ခံအပ်နှံ၍ ထိုသခင်ကိုနှုတ်ဖြင့် သို့မဟုတ် အပြုအမူဖြင့် ဝန်ခံရမည်။

ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အစဉ်ထာဝရကယ်တင်ခြင်းသို့ရောက်ရန်အတွက် လူတစ်ယောက်သည် သခင်ယေရှုခရစ်ကိုယုံကြည်၍ ကိုယ်တော်သည် ကယ်တင်ရှင်ဘုရားသခင်ဖြစ်ကြောင်းကို သဘောတူရမည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယခုပစ္စုပ္ပန်၌ ဘုရားသခင်၏အမျက်တော်ရှခြင်းမှ ကယ်တင်ခြင်းခံရန်အတွက်သခင်ယေရှုခရစ်တော်ကို ယုံကြည်နေသောသူများသည် ကိုယ်တော်၏ကူညီမစပေးခြင်းအတွက် ကိုယ်တော်ကိုဆင့်ခေါ်ကြရမည်။

အလွန်လူသိများ၍ထင်ရှားသော ဤကျမ်းချက်သည် အလွန်အဓိပ္ပါယ်ကောက်မှားခံရသောကျမ်းချက်လည်း ဖြစ်သည်။ ထိုအဓိပ္ပါယ်ကောက်မှားခြင်းသည် ကျမ်းချက်ရှိ "ဝန်ခံသည်" နှင့် "သခင်"ဟူသောအဓိကစကားလုံးနှစ်လုံးတွင် ဗဟိုပြုထားသည်။ ဥပမာ၊ ဝန်ခံခြင်း၏အဓိပ္ပါယ်နှင့်စပ်လျဉ်းသောမှားယွင်းသည့် အယူအဆတွင်အခြေပြု၍ တရားဟောဆရာများစွာက လူတို့ကို သခင်ခရစ်တော်၌ရှိသော ၄င်းတို့၏ယုံကြည်ချက်ကို နှုတ်ဖြင့်လူသိရှင်ကြားကြေညာခြင်းအားဖြင့် ကယ်တင်ခြင်းရရှိရန်အတွက်ရှေ့သို့ထွက်လာကြဖို့ဖိတ်ခေါ်တတ်ကြသည်။ အခြားသူများကလည်း လူတစ်ယောက်သည် ဗတ္တိဇံခံခြင်းအားဖြင့် မိမိ၏ယုံကြည်ခြင်းကို လူသိရှင်ကြားဝန်ခံခြင်းမရှိသရွေ့ကယ်တင်ခြင်းမခံရဟုပြောဆိုကြသည်။ အချို့ကလည်း ဝန်ခံခြင်းဟုဆိုရာတွင် စကားလုံးများဖြင့် ဝန်ခံခြင်းထက်အပြုအမူအားဖြင့် ဝန်ခံခြင်းကိုပို၍ ရည်ညွှန်းသည်ဟုဆိုကြပြန်သည်။ လူတစ်ယောက်သည် ကိုယ့်ကိုယ်ကိုခရစ်ယာန်သွန်သင်ချက်များနှင့်အညီပြုမူကျင့်ကြံခြင်းမရှိလျှင် ကယ်တင်ခြင်းသို့မရောက်ဟုဆိုကြသည်။

အရှင်သခင်ဖြစ်ခြင်းခွဲဝန်ခံအပ်နှံခြင်း ကယ်တင်ခြင်း (Lordship Salvation) ဟုခေါ်သောအယူအဆက *ဝန်ခံသည် (confess)* ဟူသောစကားလုံးကိုအထက်ပါဖော်ပြချက်များထဲမှ တစ်နည်းနည်းဖြင့်သဘောပေါက်နားလည်ထားသည့်အပြင်၊ "သခင်ယေရှု" (the Lord Jesus) ဟုဝန်ခံခြင်းဆိုသည်မှာသခင်ယေရှုကို အသက်တာ၏အရှင် သခင်အဖြစ်ဝန်ခံအပ်နှံခြင်းဖြစ်သည်ဟုမှတ်ယူထားကြသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဝန်ခံခြင်းဆိုသည်မှာ ယေရှုသည် သခင်ဖြစ်သည် (Jesus is *the* Lord) ဟုဝန်ခံခြင်းသက်သက်မဟုတ်၊ ယေရှုသည် *ငါ၏*အရှင်သခင်ဖြစ်သည် (Jesus is *my* Lord) ဟုဝန်ခံခြင်းဖြစ်သည်။

*ဝန်ခံခြင်း*နှင့်ပတ်သက်၍ ဤအနက်ဖွင့်ဘာသာပြန်ဆိုချက်များ၌ရှိနေသောပြဿနာမှာ ၄င်းတို့သည် ယုံကြည်ခြင်းအပြင် အခြားအရာတစ်ခုကိုကယ်တင်ခြင်းအတွက်မရှိမဖြစ်လိုအပ်သောအခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ်ဖန်တီးထားခြင်းဖြစ်သည်။ လူသိရှင်ကြားဝန်ခံခြင်းအမျိုးမျိုးနှင့် သခင်ယေရှုခရစ်၏အရှင်သခင်ဖြစ်ခြင်းခွဲကိုယ့်ကိုယ်ကိုဝန်ခံအပ်နှံခြင်းတို့အားလုံးသည် လုပ်ဆောင်မှုများဖြင့်ကယ်တင်ရာသို့ရောက်ခြင်းမျိုးနှင့်အံဝင်ခွင်ကျဖြစ်နေပါသည် (သို့) ကယ်တင်ခြင်းကိုထိုက်ထိုက်တန်တန်ရရှိရန် တစ်စုံတစ်ခုကိုပြုလုပ်ခြင်းမျိုးနှင့်အံဝင်ခွင်ကျဖြစ်နေ ပါသည်။ ဤအရာသည် အခန်းကြီး ၃–၄တွင် လူတစ်ယောက်သည်အကျင့် (လုပ်ဆောင်မှုများ) အားဖြင့်မဟုတ်၊ ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ရသည်ဟုပြောဆိုခဲ့သောရှင်ပေါလုအား ၄င်း၏ငြင်းခုံချက်ကို ကိုယ်တိုင်ဆန့်ကျင်နေသည့်အလွန်အချိုးမပြေသောအခြေအနေသို့ရောက်ရှိသွားစေပါသည်။

ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်ရသည်ဟူသောအချက်နှင့်ဆီလျော်ကိုက်ညီမှုရှိသည့်ပို၍သင့်တင်ကောင်းမွန်သောအနက်ဖွင့်ဘာသာပြန်ဆိုချက် (ဒုတိယ က သမ္မာတရားအနက်ဖွင့် ဘာသာပြန်ဆိုချက်) သည် သခင်ယေရှုအားဝန်ခံခြင်း၏အဓိပ္ပါယ်ကို သင့်တင့်လျောက်ပတ်စွာသဘောပေါက်နားလည်ခြင်းမှရောက်ရှိလာပါသည်။ ဆိုလိုသည်မှာ၊ သခင်ယေရှုသည် ဘုရားသခင်ထာဝရဘုရား (the Lord God) ဖြစ်တော်မူသည်ဟု ဝန်ခံအသိအမှတ်ပြုခြင်း (ယုံကြည်ခြင်း) ဖြစ်သည်။ အခန်းကြီး ၁၀ မှရှင်ပေါလုငြင်းခုံချက်၏ကျမ်းစကားအဆက်အစပ်၌တွေ့ရှိရသည့် ယုဒလူများအတွက်မူ အထက်ပါပြောဆိုချက်သည် သခင်ယေရှုကို ဘုရားသခင်မေရှိယအဖြစ်ဝန်ခံအသိအမှတ်ပြုခြင်းကိုဆိုလိုပေမည်။

"ဝန်ခံသည်" (confess, *homologeô*) ဟူသောစကားလုံးသည် "သဘောတူသည်၊ ဝန်ခံအသိအမှတ်ပြုသည်" ဟုဆိုလိုသည်။ ဤစကားလုံးကိုယ်၌က လူသိရှင်ကြားဝန်ခံခြင်း (သို့) နှုတ်ဖြင့်ဝန်ခံခြင်းတို့ကို မပြဋ္ဌာန်းထားပါ။ ပို၍အကျိုးသင့်အကြောင်းသင့်ပြောရလျှင်၊ ဤဝန်ခံခြင်းသည် လူထံ၌ပြုသောဝန်ခံခြင်းမဟုတ်၊ ဘုရားသခင်ထံ၌ပြု

သောဝန်ခံခြင်းဖြစ်သည် (ရောမ ၁၄:၁၁ နှင့် ၁၅:၉ ကို ကြည့်၍ ၁ယော ၁:၉ ရှိ ၄င်း၏ အသုံးပြုပုံနှင့်နှိုင်းယှဉ်ကြည့်ပါ)။ ထိုသို့ဆိုလျှင်ဝန်ခံခြင်းသည် ယုံကြည်ခြင်းကိုထုတ်ဖော်ပြသခြင်းဖြစ်ပြီး၊ ၄င်းသည်ကျမ်းစကားအဆက်အစပ်တွင် ထင်ရှားပေါ်လွင်နေပါသည် (နှိုင်းယှဉ် ရောမ ၁၀:၄၊ ၆၊ ၁၁၊ ၁၄၊၁၇)။ အခန်းငယ် ၉ တွင်ရှင်ပေါလုက *ဝန်ခံ၍ ... ယုံကြည်လျင်ဟုအသုံးပြုထားပြီး၊* အခန်းငယ် ၁၀ တွင် *ယုံကြည်ရ၏ ... ဝန်ခံရ၏*ဟု စကားလုံးအစီအစဉ်ကို ရှေ့နောက်ပြောင်းပြန်လှန်၍ရေးသားထားချက်က ၄င်းစကားလုံးနှစ်လုံးသည်တူညီသောအရာကို ရည်ညွှန်းနေကြောင်း အကြံပြုထားသည်။ အခန်းငယ် ၁၁၊ ၁၂၊ ၁၃ တို့ကိုကျွန်ုပ်တို့ဆက်လက်၍ဖတ်ရှုရာတွင်လည်း ယုံကြည်ခြင်းနှင့်ဝန်ခံခြင်းတို့၏အယူအဆကိုပေါင်းစပ်ထားပါသည်။

ထိုသို့ဆိုလျှင်၊ ရှင်ပေါလုသည် ယုံကြည်ခြင်းနှင့်ဝန်ခံခြင်းတို့ကို တန်းတူသဘောထားရန် အဘယ်ကြောင့် ရွေးချယ်ခဲ့ပါသနည်း။ ပထမအနေဖြင့် တစ်စုံတစ်ခုသည် မှန်ကန်သည်ဟုဖျောင်းဖျသွေးဆောင်ခံရခြင်း (ယုံကြည်ခြင်း) သည် တစ်စုံတစ်ခုသည် မှန်ကန်သည်ဟုသဘောတူခြင်း (ဝန်ခံခြင်း) နှင့်အခြေခံအားဖြင့်အတူတူ ဖြစ်သည်။ ထိုအပြင်၊ ဝန်ခံခြင်းသည် ရှင်ပေါလု၏ငြင်းခုံချက်နှင့်လည်းကောင်း၊ စိတ်နှင့်နှုတ်တို့ကိုယုံကြည်ခြင်းနှင့်ဆက်စပ်ပေးသည့်အခန်း ငယ် ၆–၈ ၌တရားဟောရာ ၃၀:၁၂–၁၄ ကိုရှင်ပေါလုအသုံးပြုထားပုံနှင့်လည်းကောင်းအံဝင်ခွင်ကျဖြစ်နေပါသည်။

> ၆ ***ယုံကြည်ခြင်း****နှင့်စပ်ဆိုင်သောဖြောင့်မတ်ခြင်းတရား****ဆိုသည်ကား****၊ ၇ ကောင်းကင်သို့အဘယ်သူ တက်လိမ့်မည်နည်း၊ နက်နဲရာထဲသို့အဘယ်သူဆင်းလိမ့်မည်နည်းဟု* ***စိတ်ထဲမှာ****မအောက်မေ့နှင့် ဟု****ဆို၏*** *(ထိုသို့ဆိုသော်၊ ခရစ်တော်ကိုဆောင်ခဲ့ခြင်းငှါ ကောင်းကင်သို့အဘယ်သူတက်လိမ့်မည် နည်း။ ခရစ်တော်ကိုသေခြင်းမှထမြောက်စေခြင်းငှါ နက်နဲရာထဲသို့အဘယ်သူဆင်းလိမ့်မည်နည်း ဟုဆိုလိုသတည်း)။* ၈ *တဖန်ဆိုသည်ကား၊ တရားတော်သည်သင်နှင့်နီး၏။* ***သင်၏နှုတ်၌၄င်း၊ သင်၏နှလုံး၌၄င်း****ရှိသည်ဟု****ဆို၏*** *(ထိုသို့ဆိုသော်၊* ***ငါတို့ဟောပြောသော ယုံကြည်ခြင်းတရား*** *ကိုဆိုလိုသတည်း)။* (စာလုံးမည်းဖြင့် *အဓိပ္ပါယ်* ထင်ရှားစေရန်ကျွန်ုပ်ပြုလုပ်ထားသည်)

တရားဟောရာကျမ်းမှကျမ်းချက်သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းမှာ အဆင်သင့်ရနိုင်သောအရာဖြစ်၍ အနီးတွင်နေကြောင်း၊ ၄င်းတို့၏နှုတ်နှင့်လည်းကောင်း၊ စိတ်နှလုံးနှင့်လည်းကောင်း အနီးဆုံးတွင်ရှိနေကြောင်း ဣသရေလလူတို့ထံ၌ပြောပြထားသည့် တရားတော်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ တရားဟောရာကျမ်းရှိကျမ်းချက်က ယုဒလူတို့သည်ကယ်တင်ခြင်းအတွက် အင်တိုက်အားတိုက်ဖြင့် "ကောင်းကင်ဘုံနှင့်အပါယ်ငရဲဘုံ၌ရှာဖွေရန်" မလိုအပ်ကြောင်း၊ ၄င်းတို့အားသွန်သင်ပေးခဲ့ပြီးဖြစ်၍၊

ငှင်းတို့အလွတ်ပင်ရွတ်ဖတ်နေသောအရာကို အလွယ်တကူသဘောတူလိုက်ရန်သာဖြစ်သည်ဟု ပြောဆိုခြင်းနှင့်အတူတူဖြစ်သည်။ အခန်းငယ် ၉ ကကယ်တင်ခြင်းသည် ရိုးရှင်း၍အဆင် သင့်ရနိုင်သောအရာဖြစ်သည်ဟူသော တရားဟောရာ ၃၀း၁၂–၁၄ ၏ ရည်ရွယ်ချက်ကို ရှင်းပြထားပါသည်။ လုပ်ဆောင်ရမည့်တစ်ခုတည်းသောအရာမှာ ပေါ်ထွန်းတော်မူမည့် မေရှိယနှင့်ပတ်သက်၍ ဘုရားသခင်က ငှင်းတို့ထံပြောပြထားသည့် အရာများကို သဘောတူရန်သာဖြစ်သည်။ "ပါးစပ်ဖျားလေးမှာတင်မေ့နေတယ်" ဟူသော အသုံးအနှုန်းကို ကျွန်ုပ်တို့အသုံးပြုရပေလိမ့်မည်။

"သခင်ယေရှု" ကိုဝန်ခံခြင်းဆိုသည်မှာ ဘုရားသခင်ကသခင်ယေရှုမှာမည်သူမည်ဝါဖြစ်ကြောင်းပြောပြထားချက် – မေရှိယနှင့် ကယ်တင်ရှင်– ကိုလက်ခံခြင်းဖြစ်သည်။ "အရှင်သခင်" (Lord) ဟူသောအသုံးအနှုန်း၏အဓိကအဓိပ္ပါယ်မှာ ဘုရား (deity)ဟူ၍ဖြစ်သည်။ ထိုအသုံးအနှုန်းသည်အရာခပ်သိမ်းပေါ်၌ ဘုရားသခင်ဖြစ်တော်မူသည့် သခင်ခရစ်တော်၏အရိုက်အရာကိုပြောပြထားပါသည်။ "ယေရှုသည်သခင်ဖြစ်တော်မူ၏" (Jesus is Lord) သည် ကနဦးအသင်းတော်၏ ခရစ်ယာန်ဓမ္မဩဝါဒနှင့် ဆိုင်သောထုတ်ဖော်ဝန်ခံချက်ဖြစ်ပြီး (တမန်တော်၂း၃၆၊ ၁ကောဝ၂း၃)၊ ငှင်းသည် သခင်ယေရှုကို ကယ်တင်ရှင်မေရှိယဘုရားသခင်အဖြစ်နှင့်ဝန်ခံအသိအမှတ်ပြုခဲ့သည်။ အခန်းငယ် ၁၃ တွင်ယောလ ၂း၃၂ မှကိုးကားထားသည့်ဘုရားနာမတော် "YHWH" ကို "ထာဝရဘုရား" (Lord) ဟု ဘာသာပြန်ဆိုထားပြီး၊ ငှင်းသည်ဘုရားဖြစ်ခြင်း၏ အဓိကအဓိပ္ပါယ်ကိုပြသထားသည်။ ရှင်ပေါလုကသခင်ယေရှုကို အရှင်သခင် (သို့မဟုတ် ဘုရားသခင်) အဖြစ်သတ်မှတ်ခေါ်တွင်ထားခြင်းသည် ငှင်း၏ယုဒအမျိုးစာဖတ်သူတို့အတွက် အဓိကရည်ရွယ်ထားပါသော်လည်း (ရောမ ၁၀း၁–၃)၊ လူသားအားလုံးနှင့် သက်ဆိုင်နေပါသည် (ရောမ ၁၀း၄၊၁၁–၁၃)။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုရရှိခြင်းမှ ယုဒလူမျိုးတို့ကိုဆီးတားနေသောအရာမှာ သခင်ယေရှုကိုမေရှိယ (ငှင်းတို့၏ဘုရားလည်းဖြစ်၊ ရှင်ဘုရင်လည်းဖြစ်ခဲ့မည့်သူ) အဖြစ်လက်ခံလိုစိတ်မရှိကြခြင်း ဖြစ်သည်။

"အရှင်သခင်" (Lord) ဟူသောဘွဲ့နာမသည် သခင်ယေရှု၏ဘုရားဖြစ်ခြင်းကိုအဓိကရည်ညွှန်းသည်။ သခင်ယေရှု၏အရှင်သခင်ဖြစ်ခြင်းကို မဟုတ်ပါ။ အုပ်ချုပ်မင်းလုပ်ခြင်းအမှုသည် ဘုရားဖြစ်ခြင်း၏ကဏ္ဍတစ်ခုဖြစ်သည်မှာ သေချာပါသော်လည်း၊ အခြားကဏ္ဍများဖြစ်ကြသည့် ထာဝရယဇ်ပုရောဟိတ်ဖြစ်ခြင်း၊ ကြားဝင်တောင်းလျှောက်ပေးသူဖြစ်ခြင်း၊ ရှေ့နေလိုက်ထောက်ခံပေးသူဖြစ်ခြင်းတို့သည်လည်း ဘုရားဖြစ်ခြင်း၏လုပ်ငန်းကဏ္ဍများဖြစ်ကြသည်။ ထို့ကြောင့်၊ ဤလုပ်ငန်းကဏ္ဍများအနက်မှ သခင်ယေရှု၏အုပ်ချုပ်မင်းလုပ်ခြင်းအမှုကိုသာ တစ်ဦးတစ်ယောက်က အသိအမှတ်ပြု၍ ဝန်ခံအပ်နှံရမည့်အရာအဖြစ်ရွေးချယ်ခြင်းသည် အတိုင်းအတာတစ်ခုအထိ တစ်ဖက်သတ်ဆန်နေပါသည်။ အရှင်သခင်ဖြစ်ခြင်း၌ဝန်ခံသည့်ကယ်တင်ခြင်း (Lordship Salva-

tion) နှင့်ဆန့်ကျင်ဖီလာ၍ပြောရလျှင် ကယ်တင်ခြင်းကိုပေးသောအရာမှာ သခင်ယေရှုကို အရှင်သခင်အဖြစ်နှင့်ဝန်ခံအပ်နှံခြင်း မဟုတ်ပါ။ ကိုယ်တော်သည် ကယ်တင်ရှင်ဘုရားသခင်ဖြစ်ကြောင်းကိုလက်ခံသဘောတူခြင်းကသာ ကယ်တင်ခြင်းကိုရရှိစေပါသည်။

အရှင်သခင်ဖြစ်ခြင်း၌ဝန်ခံသည့် ကယ်တင်ခြင်း (Lordship Salvation)၏အနက်ဖွင့်ဘာသာပြန်ဆိုချက်ရှိ ပြဿနာများကိုစဉ်းစားသုံးသပ်ကြည့်ပါ။ *ဝန်ခံခြင်း* ဆိုသည်မှာ သခင်ယေရှုကိုအရှင်သခင် (Master) အဖြစ် ကျွန်ုပ်တို့ ယုံကြည်ချက်ကိုလက်တွေ့အကောင်အထည်ဖော်ရှင်သန်ခြင်းဖြစ်သည်ဟုဆိုလိုလျှင်၊ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းအတွက်မိမိ၏အသိစိတ်တွင်းမှဖြစ်ပေါ်ခံစားမှုတွင်မူတည်သောအခြေအနေသတ်မှတ်ချက်နှင့်လည်းကောင်း၊ မပြတ်မသားမရေမရာနှင့်မေးခွန်းထုတ်ဖွယ်အခြေအနေသတ်မှတ်ချက်နှင့်လည်းကောင်းရှိနေကြလိမ့်မည်။ မည်သူက ကယ်တင်ခြင်းခံရဖို့မည်သည့်အချိန်၌လုံလုံလောက်လောက်ဝန်ခံအပ်နှံခဲ့သည်ကို မည်သို့သိရှိနိုင်မည်နည်း။ ကျွန်ုပ်တို့၏ ဆက်ကပ်အပ်နှံမှုကိုကျွန်ုပ်တို့သံသယရှိဖို့ (သို့) ပြန်လည်ဆန်းစစ်ဖို့ဖြစ်လာသည်။ ကျွန်ုပ်တို့၏အာရုံထားမှုကို ကယ်တင်ရှင်ထံမှဖယ်ခွာ၍ ကျွန်ုပ်တို့၏ယုံကြည်ခြင်း (သို့) လုပ်ဆောင်မှုအပေါ်၌စူးစိုက်ထားသောအချိန်တိုင်းတွင် ကျွန်ုပ်တို့သည် မိမိ၏အသိစိတ်တွင်းမှဖြစ်ပေါ်ခံစားမှုတွင်အခြေခံခြင်းနွံအိုင်ထဲတွင် နှံနစ်ကြရပါတော့သည်။ သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်ကျွန်ုပ်တို့ယုံကြည်ခဲ့သောအချိန်ကို ကျွန်ုပ်တို့သိနိုင်ကြပါသော်လည်း၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို ထိုက်ထိုက်တန်တန်ရယူ ရန်မည်သည့်အချိန်၌လုံလုံလောက်လောက်လုပ်ဆောင်ခဲ့ကြသည်ကိုမူလုံးလုံးသိနိုင်ကြမည် မဟုတ်ပါ။

ဝမ်းနည်းဖွယ်ရာမှာ အရှင်သခင်ဖြစ်ခြင်း၌ဝန်ခံအပ်နှံသည့်ကယ်တင်ခြင်း (Lordship Salvation) မှ ဤကျမ်းချက်အား အနက်ဖွင့်ဘာသာပြန်ဆိုထားချက်သည် ကျမ်းချက်၏မူလရည်ရွယ်ချက်နှင့်ဆန့်ကျင်နေခြင်းဖြစ် သည်။ ခရစ်တော်၏အရှင်သခင်ဖြစ်ခြင်းကိုဝန်ခံ၍ အသက်တာရှိအရာအားလုံးထက်ကိုယ်တော်ရှင်၏သခင်ဖြစ်ခြင်းကိုဝန်ခံအပ်နှံခြင်းအားဖြင့် ကယ်တင်ခြင်းရရှိသည်ဟူသောအရှင်သခင်ဖြစ်ခြင်း၌ဝန်ခံသည့် ကယ်တင်ခြင်း အယူအဆက ကယ်တင်ခြင်းကိုပို ၍ခက်ခဲသွားစေပါသည် (သို့မဟုတ် မဖြစ်နိုင်သောအရာဖြစ်စေပါသည်။) သို့သော်၊ ရှင်ပေါလု၏ ရည်ရွယ်ချက်မှာ ယုဒလူများအတွက် ကယ်တင်ခြင်းသို့ရောက်ခြင်းသည် ၄င်းတို့အားဘုရားသခင် ကသွန်သင်ပေးထားသောအရာအပေါ်၌ ဘုရားသခင်နှင့်သဘောတူရုံသာဖြစ်ကြောင်းကို ပြသပေးရန်ဖြစ်သည်။

ဒုတိယ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ကျွန်ုပ်ပို၍နှစ်သက်သော်လည်း ဤကျမ်းချက်နှင့် စပ်လျဉ်း၍ဧဝံဂေလိတရား၏အခြေအနေပေါ်မူတည်သောကျေးဇူးတော်နှင့် ဆီလျော်ကိုက်ညီသည့်အခြားအယူအဆရှိနေပါသေးသည်။ ဤ

ခ သမ္မာ တရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က *ဝန်ခံသည်* ဟူသောအသုံးအနှုန်းနှင့် *ထာဝရဘုရားကိုပဋ္ဌာနာပြု*သော ဟူသည့်အသုံးအနှုန်းတို့သည် ယုံကြည်ခြင်းနှင့်အဓိပ္ပါယ် တူသောစကားလုံးများ မဟုတ်ကြပါ။ ၄င်းအသုံးအနှုန်းများသည် ယုဒလူမျိုးများ (နှင့်တပါးအမျိုးများ) ကအပြစ်ဒုစရိုက်မှရွှေးနှုတ်ကယ်တင်ခြင်းခံရဖို့ ဘုရားသခင်ထံ၌ မည်သို့အသနားခံနိုင်ကြောင်းကို ရည်ညွှန်းဖော်ပြထားခြင်းသာဖြစ်သည်ဟုဆိုထား ပါသည်။ ဤအယူအဆကို စွဲကိုင်ထားသောသူများက ဘေးဒဏ်ကြီးကာလ၌ သစ္စာခံ ကွသရေလလူမျိုးကြွင်းကျန်ရစ်သူများကို ၄င်းတို့၏ရန်သူများထံမှ ဘုရားသခင်၏ကယ် နှုတ်ခြင်းအကြောင်းကိုပြောပြထားသည့်ကျမ်းချက်တွင်ရှိသော ယောလ ၂း၃၂ ကို ကောက်နှုတ်ကိုးကားထားသည့်အခန်းငယ် ၁၃ ရှိ ထာဝရဘုရားကို ပဋ္ဌာနာပြုခြင်းသည် ထာဝရကယ်တင်ခြင်းကို မဟုတ်၊ ယခုပစ္စုပ္ပန်ကယ်နှုတ်ခြင်းကို သာစိတ်ကူးရည်ရွယ် ထားပါသည်ဟုငြင်းခုံခဲ့ကြပေမည်။ သို့သော်၊ ယောလ ၂း၃၂ သည်ဘုရားသခင်၏ ကူညီမစပေးခြင်းအတွက် ဘုရားသခင်ကို ပဋ္ဌာနာပြုသောသူ အားလုံးအား ဘုရားသ ခင်ကယ်နှုတ် (ကယ်တင်) တော်မူမည်ဟူသော ယေဘုယျအခြေခံစည်းမျဉ်း ဥပဒေသ တစ်ခုအဖြစ်နှင့်သာကိုးကားထားဟန်ရှိသည်။ ၄င်းကို ရှင်ပေါလုကလည်းထာဝရကယ် တင်ခြင်းအတွက် ဘုရားသခင်ကို ပဋ္ဌာနာပြုခြင်းအဖြစ်သေချာစွာအသုံးပြုခဲ့နိုင်ပါသည်။

မိမိတို့၏အယူအဆကိုထပ်လောင်း၍အားဖြည့်ရန်အတွက် ခ သတမ္မာတရား အနက်ဖွင့်ဘာသာပြန်ဆိုချက်ကိုပို၍နှစ်သက်သောသူများက ယုံကြည်ခြင်းနှင့်ထာဝရ ဘုရားကိုပဋ္ဌာနပြုခြင်းတို့သည် မတူကွဲပြားသောဖြစ်ရပ်များဖြစ်သည်ဟု အခန်းငယ် ၁၄ ရှိစကားလုံးအသွားအလာအစီအစဉ်မှငြင်းခုံထားကြသည်။ အခန်းငယ် ၁၄ ၌ အသုံးပြု ထားသည် စကားလုံးပြောင်းပြန်အစီအစဉ်က *ပဋ္ဌာနပြုခြင်း၊ ယုံကြည်ခြင်း၊ ကြားခြင်း၊ ဟောပြောခြင်း* ဟူ၍ဖော်ပြထားပြီး၊ ဖြစ်စဉ်တစ်ခုကဂ်င်း၏ရှေ့မှအချိန်ကာလအလိုက် ဖြစ်စဉ်ကိုမှီခိုနေသည့်သဖွယ်စီစဉ်ရေးသားထားသည်။ ဤစကားလုံးအသွားအလာအစီ အစဉ်တွင် ကျိုးကြောင်းဆီလျော်မှုရှိ၍ အချိန်အစီအစဉ်အတိုင်းစီစဉ်ထားမှုနှင့်ဆိုင် သည့်လက္ခဏာသွင်ပြင်များရှိနေသည်မှာ သေချာသည်။ သို့သော်၊ ဤဖြစ်စဉ်များ ကိုအချိန်ကာလတစ်ခုစီ၌ တင်းတင်းကြပ်ကြပ်ခွဲခြားသတ်မှတ်ထားလျှင်မူကျမ်းချက်၌ အချိန်အစီအစဉ်အတိုင်းစီစဉ်ထားမှုနှင့်ဆိုင်သည့် အဓိပ္ပါယ်ကိုလွန်ကဲစွာတင်စီးရာ ရောက်နိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ၊ တစ်စုံတစ်ယောက်ဟော ပြောနေသောအချိန်တွင် အခြားသူတစ်ယောက်ကတစ်ပြိုင်နက်တည်းကြားနေရပြီး၊ ထိုသို့ကြားနေရစဉ်တွင် တစ်ပြိုင်နက်တည်း ယုံကြည်လာနိုင်၍၊ ထိုသို့ယုံကြည်သောအချိန်တွင် ထိုသူသည် ထာဝရကယ်တင်ခြင်းအတွက် ဘုရားသခင်ကို တပြိုင်နက်တောင်းပန် တိုးလျှိုနိုင်ပါ သည်။ လုပ်ဆောင်မှုများတစ်ခုနှင့်တစ်ခုထပ်နေမှုလည်းရှိပါသည်။ ဥပမာ၊ ယောဟန် ၄း၁၀ တွင် သခင်ယေရှုက ရှမရိအမျိုးသမီးကို "ဘုရားသခင်ကျေးဇူးတော်ကို၄င်း၊

ငါသောက်ဖို့ရေပေးပါဟုဆိုသောသူကား အဘယ်သူဖြစ်သည်ကိုငင်း၊ သင်သည်သိလျှင် ထိုသူကိုတောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကိုပေးလိမ့်မည်" ဟု ပြောခဲ့သည်။ တောင်းခြင်းသည် ယုံကြည်ခြင်းအတွက် နှိုင်းယှဉ်တင်စားမှုတစ်ခုအဖြစ် ရည်ရွယ်ထားသည်မှာ သေချာပြီး၊ ၄င်းသည် အမျိုးသမီးက ဘုရားသခင်၏ကျေးဇူးတော် (လက်ဆောင်)နှင့် သခင်ခရစ်တော်၏ဖြစ်တည်မှုအမှန်ကို ဝန်ခံအသိအမှတ်ပြုသောအချိန်၌ သာဖြစ်ပျက်ခဲ့ပါလိမ့်မည်။ ထို့ကြောင့်၊ ဤအရာများသည် အချိန်ကာလအလိုက် တစ်ချိန်ပြီး တစ်ချိန်ဖြစ်ပျက်သောအဖြစ်အပျက်များသဖွယ် စီစဉ်ထားခြင်းထက်ကျိုးကြောင်းဆီလျော်မှုတွင် အခြေခံသောဖြစ်စဉ်များအဖြစ်စီစဉ်ရေးသားထားခြင်းပို၍ဖြစ်နိုင်သည် (လုပ်ဆောင်မှုများတစ်ခုနှင့်တစ်ခု ထပ်နေသည့် ပုံဥပမာများအတွက် တမန်တော် ၂၀း၂၁၊၂ဖိ:၁၈၊ ရောမ ၁း၂၄–၂၅၊ ၄း၅၊ ၅း၁–၂ တို့ကိုကြည့်ပါ)။

ထို့အပြင်၊ ရောမ အခန်းကြီး ၅ တွင်ရှင်ပေါလုက မိမိဆွေးနွေးတင်ပြမှုကိုဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့် သန့်ရှင်းရာသို့ရောက်ခြင်းဆီသို့ဆက်လက်ကူးပြောင်းထားသောကြောင့် *ကယ်တင်ခြင်းခံရသည်* ဟူသောစကားလုံးကို *ဖြောင့်မတ်ရာသို့ရောက်သည်*ဟူသောစကားလုံးအတွက် အဓိပ္ပါယ်တူစကားလုံးအဖြစ်အသုံးမပြုနိုင်ပါဟုငြင်းခုံထားကြသေးသည်။ ရှင်ပေါလုသည် ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်းမှ သန့်ရှင်းရာသို့ရောက်ခြင်းအကြောင်းဆီသို့ အဆင့်တက်ဆွေးနွေးသွားသော်လည်း၊ ထိုသို့တစ်ဆင့်တက်ဆွေးနွေးခြင်းက ရှင်ပေါလုအားဂင်းတင်ပြဆွေးနွေးလိုသော အချက်ကိုတင်ပြရန်အတွက် လိုအပ်လာသောသောအချိန်တွင် ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်းကိုပြန်လည် ပြောဆိုခြင်းအား မတားဆီနိုင်ပါ (နှိုင်းယှဉ် ၈း၃၀၊၃၃)။ ၉း၃၀ မှစ၍အခန်းကြီး ၁၁ အထိရှိအဓိအကြောင်းအရာမှာ တပါးအမျိုးတို့နှင့်ယုဒအမျိုးတို့အနေဖြင့် ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို မည်သို့ရရှိနိုင်ခဲ့ကြမည်ဟူသောအချက်ဖြစ်သည်။ *ဖြောင့်မတ်ရာသို့ရောက်သည်* (*justify* သည် *dikaioô* ထံမှ) ဟူသောကြိယာပုဒ်သည် ဖြောင့်မတ်သောသူအဖြစ်ကြေညာခံရသည် (*to be declared righteous* ; *dikaiosune* မှ) ဟုဆိုလိုသည်။ ထို့ကြောင့် ၊ *ဖြောင့်မတ်ရာသို့ရောက်သည်* (သို့) *ဖြောင့်မတ်ရာသို့ရောက်ခြင်း (justify* or *justification)* ဟူသောစကားလုံးများကို ရှင်းရှင်းလင်းလင်းအသုံးပြုဖော်ပြထားခြင်းမရှိသော်လည်း၊ ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုရရှိခြင်းဟူသောအယူအဆကိုမူဖော်ပြထားပါသည်။ ရောမဩဝါဒစာ၏ပဏာမစကားရှိ ၁း၁၆ ၌တွေ့ရသော "ကယ်တင်စေသော" (ကယ်တင်ခြင်း) ဟူသောစကားလုံးသည် ဩဝါဒစာ၏အဓိကအာဘော်ကိုထုတ်ဖော်ပြောဆိုချိန်တွင် ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့်၊ သန့်ရှင်းရာသို့ရောက်ခြင်းတို့ကို အကြုံးဝင်သွားစေသည်မှာ ထင်ရှားနေပါသည်။

ဘုရားသခင်၏ရှေ့တော်၌ မိမိတို့၏ကိုယ်ပိုင်နည်းလမ်းဖြင့်ဖြောင့်မတ်ခြင်းကို အခိုင်အမာတည်ဆောက်ရန် ယုဒအမျိုးတို့၏ကြိုးစားအားထုတ်မှုအကြောင်းဆွေးနွေး

ချက် (ရောမ ၁၀း၁–၃) ကပို၍နီးကပ်သော ကျမ်းစကားအဆက်အစပ်ကိုရှင်းရှင်းလင်းလင်းထိန်းချုပ်ထားပြီး၊ ၄င်းအကြောင်းအရာသည် နောက်၌လိုက်ပါသောအခန်း ၉–၁၃ ကိုလွှမ်း မိုးထိန်းချုပ်ထားပါသည်။ ဧဝဂလိတရားကို ယုံကြည်ခြင်းသည် အခန်းငယ် ၁၄–၁၇၏အဓိကအချက်ဖြစ်သည်။ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်၏ ငြင်းခုံဆွေးနွေးချက်နှင့် ရည်ရွယ်ချက်တို့ကိုတန်ဖိုးထားအသိအမှတ်ပြုပါသော်လည်း၊ ၁၀း၉–၁၀ ၏အနီးဆုံးကျမ်းစကားအဆက်အစပ်ရလည်းကောင်း၊ ၄င်းကျမ်းချက်ကိုဝန်ရံထားသည့်သာ၍ကျယ်ပြန့်သောကျမ်းစကားအဆက်အစပ်များအရလည်းကောင်း ဒုတိယက သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ကျွန်ုပ်ပို၍နှစ်သက်ပါသည်။

ဘုရားသခင်သည် ထာဝရကယ်တင်ခြင်းအမှုကို ခက်ခဲသောအရာမဖြစ်စေချင်သကဲ့သို့၊ မရှင်းမလင်းနှင့်ဖုံးဖိမထားလိုပါ။ ထို့အပြင်၊ ထာဝရကယ်တင်ခြင်းကိုတားဆီးနှောက်ယှက်မည့်အရာများကိုလည်း မဖန်တီးလိုပါ။ ကိုယ်တော်ရှင်သည် ကယ်တင်ခြင်းကို မိမိတတ်နိုင်သမျှအရိုးရှင်းဆုံးနှင့် အသင့်ရနိုင်သောအရာဖြစ်စေချင်ပါသည်။ ဤသည်မှာ ကိုယ်တော်ရှင်၏ကြီးမြတ်လှသော ချစ်ခြင်းမေတ္တာနှင့်အံ့ဖွယ်ကျေးဇူးတော်ပင်ဖြစ်သည်။ မြောက်များစွာသောလူတို့သည် သခင်ယေရှုခရစ်အကြောင်း သမ္မာကျမ်းစာမှမှန်ကန်သောအချက်အလက်များကိုလည်းကောင်း၊ ဧဝံဂေလိတရား၏မှန်ကန်သောအချက်အလက်များကိုလည်းကောင်း သိရှိထားကြပါသော်လည်း၊ ၄င်းတို့သည် သခင်ယေရှုခရစ်ကို *မိမိတို့၏ကယ်တင်ရှင်*အဖြစ်လုံးလုံးမယုံကြည်ခဲ့ကြပါ။ ဧဝံဂလိတရားသည် "၄င်းတို့၏လျှာဖျားလေးတွင်ရှိနေပါသည်။" ၄င်းကိုရွာတွေ့ဖို့စိတ်အားထန်သန်စွာဖြင့် ကြိုးစားအားထုတ်ရန်လည်း မလိုအပ်ပါ။ ဧဝံဂေလိတရားကို သူတို့သိရှိနေခဲ့ကြပြီးဖြစ်သည်။ ၄င်းတို့သည်ဧဝံဂလိတရား၏ဂတိတော်ကိုကိုယ်တိုင်ကိုယ်ကျတန်ဖိုးထားအသိအမှတ်ပြုဖို့သာလိုအပ်ပါသည်။ ဤကျမ်းချက်သည်သင့်ကိုပြောနေခြင်းရောမဖြစ်ခဲ့နိုင်ပေဘူးလား။

မီးဖြင့်စစ်ကြော၍ ကျွမ်းလောင်သောအလုပ်များ (Works that are burned)။ ၁ ကော ၃း၁၁–၁၅

> ၁၁ *ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိသောတိုက်မြစ်မှတပါးအခြားသောတိုက်မြစ်ကို အဘယ်သူ မျှမချနိုင်။* ၁၂ *ထိုတိုက်မြစ်အပေါ်၌ ရွှေ၊ငွေ၊ ကျောင်ကောင်း၊ သစ်သား၊ မြက်ပင်၊ ကောက်ရိုးများကို ထပ်ဆင့်၍တည်ဆောက်သောသူ ရှိသမျှ၊* ၁၃ *အသီးသီးလုပ်သောအလုပ်သည် ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား၊ ဘော်ပြချိန်နေ့ရက်သည် မီးအားဖြင့် ထင်ရှားလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည်စစ်ကြောစုံစမ်းလိမ့်မည်။* ၁၄ *ထိုတိုက်မြစ်*

ပေါ်၌ ထပ်ဆင့်၍ တည်ဆောက်သောအကြောင်သူ၏အလုပ်သည်မြဲ၏။ ထိုသူသည် အကျိုးကိုခံရလိမ့်မည်။ [၁၅] အကြောင်သူ၏လုပ်သည် ကျမ်းလောင်၏ ထိုသူသည်အရှုံးခံရလိမ့်မည်။ သို့သော်လည်း၊ မီးနှင့်လွတ်သကဲ့သို့ သူသည်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်ချက်ကို အတိအလင်းကြေညာထားသောခရစ်ယာန်များသည် ဘုရားသခင်၏ အနာဂတ်တရားစီရင်ခြင်းအားဖြင့် ၄င်းတို့၏အလုပ်များကိုစစ်ကြော စုံစမ်းခံရမည်ဖြစ်ပြီး၊ အချို့က ကယ်တင်ခြင်းမခံရကြောင်းကို သက်သေပြခဲ့ကြလိမ့်မည်(သို့)ကယ်တင်ခြင်းခံရဖို့အလို့ငှာဆင်းရဲခြင်းဒုက္ခခံ၍ မီးအားဖြင့်စစ်ကြောသန့်စင်ခြင်းကို ခံကြရမည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်သူများ၏အလုပ်များသည် ဘုရားသခင်၏အနာဂါတ်တရားစီရင်ခြင်းအားဖြင့် စမ်းသပ်စစ်ကြောခံရမည်ဖြစ်သည်။ ထိုသို့အားဖြင့် အချည်းနှီးသောအလုပ်များသည်မီးလောင်ကျွမ်း၍ ကောင်းသောအလုပ်များမှာ ဆုလာဘ်ချီးမြှင့်ခံရမည်။

"မီး၊" "လောင်ကျွမ်းသည်၊" "အရှုံးခံရသည်" ဟူသောစကားလုံးများက လူများစွာအတွက်ဤကျမ်းချက်ကို က သမ္မာတရားအမျိုးအစားထဲသို့တွန်းပို့ပေးပါသည်။ ထိုသူတို့က ဤစကားလုံးများကို လူတို့အားအပါယ်ငရဲသို့ပို့လွှတ်သည့် တရားစီရင်ခြင်း၏သရုပ်ဖော်ချက်အဖြစ်ရှုမြင်ထားကြသည်။ ငရဲသို့စေလွှတ်ခံရခြင်းမှာ ၄င်းတို့၏အလုပ်များက ၄င်းတို့ကယ်တင်ခြင်းလုံးလုံးမရခဲ့ကြောင်းကို သက်သေပြသောကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ ဤအရာနှင့်စပ်လျဉ်း၍ ရိုမန်ကက်သလစ်အသင်းတော်တွင် ထူးခြားသောအယူအဆတစ်ခုရှိသည်။ ၄င်းတို့က မီးကိုဆေးကြောသန့်စင်ပေးသောပြစ်ဒဏ်ခတ်မှုအဖြစ်သဘောပေါက်နားလည်းထားကြပြီး၊ ၄င်းကို Purgatory (အပြစ်များကိုဆေးကြောသန့်စင်ရာငရဲလေး) ဟုခေါ်ကြသည်။ Purgatory တွင် လုံလောက်သောအချိန်အတိုင်းအတာတစ်ခု အထိနေထိုင်ပြီး မိမိတို့၏အပြစ်ကြွေးကိုပေးဆပ်ပြီးသည်နှင့် ယုံကြည်သူများသည် ကောင်းကင်ဘုံသို့တစ်ဆက်တည်းဝင်စားကြရမည်ဖြစ်သည်။

အထက်ပါအယူအဆနှစ်ခုလုံး၏ပြဿနာမှာ ၄င်းတို့သည်သခင်ယေရှု၏ယဇ်ပူဇော်ခံခြင်းနှင့် ကျွန်ုပ်တို့၏အပြစ်အတွက်ကိုယ်တော်ရှင်၏အဖိုးအခပေးဆပ်မှုတို့ကို မလုံမလောက်ဖြစ်စေကြခြင်းဖြစ်သည်။ မိမိတို့၏ အကျင့်/ အလုပ်များကို မီးဖြင့်စစ်ကြော၍ဖျက်ဆီးခံရသောသူများသည် ၄င်းတို့၏အချည်းအနှီးသောအလုပ်များကြောင့် ကယ်တင်ခြင်းမခံရသောသူများအဖြစ်ယူဆခံရလျှင် အကျင့်/အလုပ်သည်၄င်းတို့၏

ကယ်တင်ခြင်းအတွက်လိုအပ်သော အရာဖြစ်လာသည်။ ဧဝံဂေလိတရားကို ပထမဦးဆုံး လက်ခံယုံကြည်ချိန်တွင် ဤအလုပ်များကိုရှေ့တန်းတင်တန်ဖိုးသတ်မှတ်ခြင်း မရှိပါ။ တစ်ဦးတစ်ယောက်အသက်တာ၏အဆုံးပိုင်းတွင်သာတန်ဖိုးသတ်မှတ်ပါသည်။ ထို့ကြောင့်၊ ကောင်းစွာသိမြင်နိုင်သော ဘုရားသခင်၏တရားစီရင်ခြင်းက ထိုအလုပ်များကိုစစ်ကြောသောအခါ ၄င်းတို့၏ချို့တဲ့နေသည့်အဖြစ်ကိုတွေ့ရှိရပြီး၊ မီးဖြင့်စစ်ကြော၍ဖျက်ဆီးရခြင်းဖြစ်သည်ဟုဆိုထားကြသည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်၌ရှိနေသောပြဿနာမှာ ဓမ္မတွေးခေါ်ယူဆချက်နှင့်သက်ဆိုင်သည် မဟုတ်၊ သမ္မာကျမ်းစာနှင့်လည်းသက်ဆိုင်နေပါသည်။ အထက်၌ဖော်ပြခဲ့သည့်အတိုင်း ဤအယူအဆသည်လုပ်ဆောင်မှုမပါဘဲ၊ ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ရာသို့ရောက်ရသည်ဟူသော သမ္မာကျမ်းစာ၏ သွန်သင်ချက်နှင့်ဆန့်ကျင်နေပါသည်။ တစ်ဦးတစ်ယောက်၏အသက်တာအဆုံး၌ကောင်းမှုကုသိုလ်ကိုသတ်မှတ်ပြ ဌာန်းခြင်းသည် ဧဝံဂေလိတရားအား အစကနဦးလက်ခံယုံကြည်ချိန်၌သတ်မှတ်ပြဌာန်းခြင်းနှင့်ခြားနားမှုမရှိပါ။ အထက်ပါရပ်တည်ချက်မှမည်သည့်ရပ်တည်ခြင်းတွင်မဆို သခင်ခရစ်တော်၏ အစားထိုးဝင်ရောက်၍အပြစ်ပြေစေခြင်းအမှုတော်နှင့် ကျွန်ုပ်တို့၏အပြစ်အတွက် ဘုရားသခင်၏အမျက်ကို ပြေစေခြင်းအမှုတော်တို့၏ပကတိပြည့်စုံလုံလောက်မှုရှိခြင်းတို့ကို ငြင်းပယ်ထားပါသည်။

သမ္မာကျမ်းစာနှင့်ဆိုင်သောရှုထောင့်မှနေ၍၊ ကျမ်းစာပိုဒ်၏အသေးစိတ်အချက်အလက်များကို ကျွန်ုပ်တို့ကြည့်ရှုသောအခါ အခြားပြဿနာများကိုလည်း ကျွန်ုပ်တို့မြင်တွေ့ရပါသည်။ ပထမအနေဖြင့်၊ ရှင်ပေါလုသည်ယုံကြည်သူများကို လိပ်မူပြောဆိုနေပြီး၊ ၄င်းတို့၏ကယ်တင်ခြင်းကိုလုံးလုံးမေးခွန်းမ ထုတ်ခဲ့သည့်အပြင်၊ ၄င်းတို့၏ကယ်တင်ခြင်းကိုပင်အတည်ပြုထားပါသည် (၁ကော ၁း၂၊၄၊၉၊ ၃း၁၆၊ ၄း၁၄၊ ၆း၁၁၊ ၁၅း၁၊ ၁၆း၁၃–၂၀၊ ၁၁း၁၊ ၁၂း၁၃၊ ၁၅း၁–၂)။ အမှန်ဆိုရလျှင်၊ ရှင်ပေါလုက၄င်းတို့၏အခြေခံတိုက်မြစ်မှာ သခင်ယေရှုခရစ်ဖြစ်ကြောင်းဝန်ခံထားသည်။ ဒုတိယအနေဖြင့်၊ မီးဖြင့်စစ်ကြောဖျက်ဆီးခံရသောအရာမှာ အချည်းနှီးသောအလုပ်များသာဖြစ်သည်။ လူပုဂ္ဂိုလ် မဟုတ်ပါ။ တတိယအနေဖြင့်၊ မိမိတို့၏အလုပ်များကို မီးဖြင့်ကျွမ်းလောင်ဖျက်ဆီးခံရသောသူများသည် မည်သို့ပင်ဖြစ်စေ၊ အဆုံးတွင်ကယ်တင်ခြင်းသို့ ရောက်ကြပါသည် (၎ယ်၁၅)။

အနည်းဆုံး၊ ရိမန်ကက်သလစ်အယူအဆကအချည်းအနှီးသောအလုပ်များကိုရှိထား သည့် ပုဂ္ဂိုလ်သည်အဆုံးတွင် ကယ်တင်ခြင်းခံရသည်ဟု ရှုမြင်ထားပါသည်။ သို့သော်၊ ထိုကယ်တင်ခြင်းခံရခြင်းသို့သွားရာလမ်းကြောင်းမှာ ပြဿနာရှိနေပါသည်။ အကယ်၍ လူတစ်ယောက်သည် မိမိ၏အပြစ်များအတွက် Purgatory ၌ဆင်းရဲဒုက္ခခံရလျှင်၊ ထိုအရာသည် ကျွန်ုပ်တို့၏အပြစ်များအားလုံးကိုဖုံးအုပ်လွှမ်းခြုံရန်အတွက်

သခင်ခရစ်တော်ယဇ်ပူဇော်ခံခြင်း၏ ပြည့်စုံလုံလောက်မှုရှိခြင်းကိုငြင်းပယ်နေခြင်းပင်ဖြစ်သည်။ ကနဦးမှအယူအဆနည်းတူ၊ ဤအယူအဆသည်လည်းအကျင့်များအား ကယ်တင်ရာသို့ရောက်ခြင်းအတွက်မရှိမဖြစ်လိုအပ်သောအစိတ်အပိုင်းတစ်ခုအဖြစ်ဖန်တီးနေပါသည်။ ထို့အပြင်၊ ဤအယူအဆသည် မီးဖြင့်လောင်ကျွမ်းဖျက်ဆီးခံရသော အရာမှာ အလုပ်များသာဖြစ်၍၊ လူပုဂ္ဂိုလ်မဟုတ် ဟူသော အချက်ကိုလည်း လျစ်လျူရှုထားပါသည်။ လူတစ်ယောက်သည်အပြစ်ဆေးကြောခြင်းအတွက် ဒဏ်ခတ်ခြင်း (သို့) အမျိုးမျိုးသောနာကျင်မှုများကိုခံရခြင်းနှင့်စပ်လျဉ်း၍ ကျမ်းစာပိုဒ်ကမည်သည့် အရာမျှပြောဆိုမထားပါ။

အချည်းနှီးဖြုန်းတီးခဲ့သောအသက်တာအတွက် အနှုတ်သဘောဆောင်သောအကျိုးဆက်များရှိသည်ကိုငြင်းပယ်နေခြင်း မဟုတ်ပါ။ ဤနေရာ၌မှတ်ယူထားသောတရားစီရင်ခြင်းမှာ သခင်ခရစ်တော်ကြွဆင်းလာပြီးနောက်တွင် ဖြစ်ပျက်မည့်မဟာပလ္လင်ဖြူတရားစီရင်ခြင်းမဟုတ်ပါ။ ၄င်းတရာစီရင်ခြင်းသည် မယုံကြည်သူများအတွက်သာဖြစ်သည် (ဗျာဒိတ် ၂၀း၁၁–၁၅)။ ဤတရားစီရင်ခြင်းမှာမူ ခရစ်တော်၏တရားပလ္လင်ဖြစ်ပြီး ၊ ခရစ်ယာန်များသာ ၄င်းတို့ပြုမူဆောင်ရွက်ခဲ့သောအလုပ်များ၏ထိုက်တန်မှုအတိုင်းတရားစီရင်ခံရမည့်နေရာဖြစ်သည်။ လူအချို့က ဤတရားစီရင်ခြင်းသည် ယုံကြည်သူသေဆုံးချိန်၌ဖြစ်ပျက်မည်ဟူ၍လည်းကောင်း၊ အသင်းတော်အတွက် သခင်ခရစ်တော် ပြန်လည်ကြွဆင်းလာချိန်၌ဖြစ်ပျက်မည်ဟူ၍လည်းကောင်း၊ နှစ်တစ်ထောင်အုပ်စိုးခြင်းကာလအစပိုင်း၌ဖြစ်ပျက်မည် ဟူ၍လည်းကောင်းယုံကြည်ထားကြသည်။ မည်သို့ပင်ဖြစ်စေ၊ မီးသည်ဤတရားစီရင်ခြင်နှင့်ပတ်သက်နေပါသည်။ အကြောင်းမှာ၊ မီးကိုဘုရားသခင်၏ စစ်ကြောခြင်းနှင့် သန့်စင်ဆေးကြောခြင်းတို့၏ သိသာမြင်သာသည့် သင်္ကေတအဖြစ် တစ်ခါတစ်ရံအသုံးပြုထားသောအကြောင့်ဖြစ်သည် (နှိုင်းယှဉ် ၊ ဟေရှာယ ၆၆း၁၆၊ ဇာခရိ၁၃း၉၊ မာလခိ ၃း၂၂၊ ၁ ပေ ၁း၇၊ ဗျာဒိတ် ၃း၁၈)။ တာဝန်မဲ့စွာလက်လွတ်စပယ်ရှင်သန်ခဲ့ကြသော ခရစ်ယာန်များအတွက် အနှုတ်သဘောဆောင်သောအကျိုးဆက်များရှိနေပါသည်။ ဤကျမ်းချက်၌ မှားယွင်းသောရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သောလုပ်ဆောင်ခဲ့သည့်အလုပ်များမှာ မီးဖြင့်စစ်ကြောဖျက်ဆီးခြင်းကို ခံရပါသည်။ ထိုသူတို့အတွက် ကောင်းကင်ဘုံ၌ ဆုလာဘ်မရှိပါ။ သို့သော်၊ မီးဖြင့်စစ်ကြောခြင်းကို ကြံကြံခံနိုင်သည့် ရွှေ၊ ငွေနှင့်အဖိုးထိုက်သောကျောက်မျက်ကဲ့သို့ ထိုက်တန်မှုရှိသောအလုပ်များကိုရှိထားသောသူများအတွက်မူ ဆုလာဘ်ရှိပါလိမ့်မည်။ ထို့ကြောင့်၊ ဤအရာသည် မိမိတို့၏အလုပ်များကိုဆုံးရှုံးရသောသူများ၌ နောင်တရဖူဆွေးခြင်းအချို့ကိုတွေ့ကြုံခံစားရမည့်အကြောင်း သွယ်ဝိုက်၍ပြောဆိုခြင်းဖြစ်ခဲ့ပေမည်။ သို့သော်၊ ၄င်းတို့ကိုယ်တိုင် မီးဖြင့်နာကျင်စွာစစ်ကြောလောင်ကျွမ်းခံရမည်ဟုပြောဆိုခြင်းသည် သမ္မာကျမ်းစာမှဖွင့်ချချက်ချက်များ၏တစ်ဖက်အလွန်အထိကျော်လွန်၍ ဖတ်ရှုခြင်း

သာဖြစ်သည်။

ဤကျမ်းချက်၏ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က ခရစ်ယာန်များအားလုံးအတွက်အရေးပါသောအခြေခံစည်းမျဉ်းဥပဒေတစ်ခုကို သွန်သင်ပေးထားပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့မည်သည့်အရာကိုပြု လုပ်သည်၊ မည်သို့ပြုလုပ်သည်၊ အဘယ့်ကြောင့်ပြုလုပ်သည်ဟူသောအချက်အတွက် တာဝန်ခံမှုတာဝန်ယူမှုရှိစေပါလိမ့်မည်။ ကျွန်ုပ်တို့၏ပြုမူဆောင်ရွက်ချက်များသည် ထိုက်တန်မှုရှိလျှင် ကျွန်ုပ်တို့သည် ကောင်းကင်ဘုံတွင်ဘဏ္ဍာကို သိုထားရာရောက်ပါလိမ့်မည် (မဿဲ ၉း၁၆–၂၁)။ ထိုသို့မဟုတ်လျှင်၊ ကျွန်ုပ်တို့သည် ဆုလာဘ်များဆုံးရှုံးရခြင်းကိုကြုံတွေ့ကြရပါလိမ့်မည်။ ဤအရာများအားလုံးကို မဟာချင့်ချိန်ဆုံးဖြတ်ခြင်းဟုခေါ်သော ခရစ်တော်၏ တရားပလ္လင်တွင်ဆုံးဖြတ်ခဲ့ပါလိမ့်မည်။ ထိုတရားစီရင်ခြင်းတွင် ကျွန်ုပ်တို့အားလုံးရောက်လာကြ၍ ကျွန်ုပ်တို့အသက်တာအတွက် ရှင်းလင်းချက်များကိုပေးကြရမည်ဖြစ်သည်။ သင့်အသက်တာအတွက် ရှင်းလင်းချက်ပေးဖို့ သင်အဆင့်သင့်ဖြစ်နေပါသလား။

စာတန်လက်သို့အပ်နှံကြစေ (Deliver to Satan)။ ၁ကော ၅း ၁–၅

၃ ထိုကြောင့်၊ ငါသည်ကိုခန္ဓာအားဖြင့် သင်တို့နှင့်ကွာလျက်ရှိသော်လည်း၊ ဝိညာဉ်အားဖြင့်မကွာ၊ ကိုယ်တိုင်သင်တို့နှင့်အတူရှိသကဲ့သို့ ထိုသို့ကျင့်သောသူကိုယခုပင်ငါစီရင်ပြီ။ ၄ စီရင်ချက်ဟူမူကား၊ ငါတို့သခင်ယေရှုခရစ်၏အခွင့်အားဖြင့် သင်တို့သည် ငါ့ဝိညာဉ်နှင့်အတူစည်းဝေးပြီး မှ ငါတို့သခင် ယေရှုခရစ်၏တန်ခိုးတော်ကိုအမှီပြု၍၊ ၅ ထိုသူ၏ ဝိညာဉ်သည် ယေရှုခရစ်၏နေ့ရက်၌ ကယ်တင်ခြင်းသို့ရောက်မည် အကြောင်း၊ သူ၏ကိုယ်ခန္ဓာပျက်စီးဘို့ သူ့ကိုစာတန်လက်သို့အပ်နှံကြစေဟု ငါစီရင်၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အသင်းတော်ရှိအပြစ်သားတစ်ယောက်ကို မယုံကြည်သူတစ်ဦးအဖြစ်မြင်သာအောင်ဖော်ထုတ်ရမည်ဖြစ်သည်။ ထိုသို့အားဖြင့် ထိုသူသည် နောင်တရကောင်းရ၍ ကယ်တင်ခြင်းသို့ရောက်နိုင်မည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အသင်းတော်ရှိကယ်တင်ခြင်းခံရသောအပြစ်သားတစ်ယာက်ကို ဘုရားသခင်၏စည်းကမ်းဖြင့် ဆုံးမကြပ်မတ်ခြင်းအောက်တွင်ထားရှိရမည်ဖြစ်သည်။ ထိုသို့အားဖြင့် ၄င်းသည် နောင်တရကောင်းရလာ၍

ခရစ်တော်၏တရားပလ္လင်၌အနှုတ်သဘော ဆောင်သောတရားစီရင်ခြင်းမှ ကယ်နှုတ်ခံရနိုင်ပေသည်။

ဤပုဂ္ဂိုလ်ကဲ့သို့ မိမိ၏မိထွေးဖြစ်သူနှင့် ကာမဂုဏ်လွန်ကျူးခြင်းအပြစ်အား ယုံကြည်သူတစ်ယောက်ကကျူးလွန်မည့်အဖြစ်မှာ စိတ်ကူး၍ပင်ခက်ခဲသောအရာဖြစ်ခဲပါလိမ့်မည် (၁ကော ၅း၁)။ ဤအချက်သည် ဤပုဂ္ဂိုလ်ကယ်တင်ခြင်းသို့မရောက်ဟူလူအများကိုထင်မှတ်သွားစေသည့်အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ အခြားအကြောင်းအရင်းတစ်ရပ်မှာ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ထိုပုဂ္ဂိုလ်၏ကိုယ်ခန္ဓာပျက်စီးယိုယွင်းဖို့ရာ ၄င်းကို စာတန်လက်သို့အပ်နှံကြရန်ပြောဆိုခဲ့ပြီး၊ လူအများက ထိုပြောဆိုချက်ကိုအပါယ်ငရဲ၌အပ်နှံခြင်းအား ရည်ညွှန်းခြင်းဖြစ်သည်ဟု မှတ်ယူထားကြသောကြောင့်ဖြစ်သည်။

ထိုကဲ့သို့သော အပြစ်မျိုးကို စိတ်ကူး၌ပင်ပြစ်မှားမိရန်မှာ ခက်ခဲသော်လည်း၊ လက်တွေ့ဘဝနှင့်သမ္မာကျမ်း စာမှအဖြစ်အပျက်များက ခရစ်ယာန်များသည်ထိုကဲ့သို့သောအပြစ်များကိုသာမက၊ ထိုထက်ဆိုးသောအပြစ်များကို ပင်ကျူးလွန်မိကြောင်း ကျွန်ုပ်တို့ကို ပြောပြနေပါသည်။ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က ဤပုဂ္ဂိုလ်အားကယ်တင်ခြင်းရရှိထားသောသူအဖြစ်သုံးသပ်ထားပြီး၊ အကြောင်းအရင်းမှာ ဤသို့ဖြစ်သည်။ ပထမအနေဖြင့်၊ ရှင်ပေါလုသည် ကောရိန္သုမြို့မှ အသင်းတော်ထံ၌ ၄င်းတို့အထဲမှတစ်ဦးတစ်ယောက်၏အကြောင်းကို ရေးသားပေးပို့နေခြင်းဖြစ် သည်။ ထို့ကြောင့်၊ ဤပုဂ္ဂိုလ်၏အပိုင်း၌ ခရစ်ယာန်တစ်ယောက်ဖြစ်ခြင်းကိုပြသော ကိုယ်ပိုင်လက္ခဏာအချို့ရှိနေပါသည်။ သို့သော်၊ ထိုအချက်တစ်ခုတည်းအားဖြင့် ထိုပုဂ္ဂိုလ်မှာကယ်တင်ခြင်းခံ ထားရသောသူဖြစ်သည်ဟု မဆိုလိုပါ။ သို့သော်၊ ကျမ်းချက်၌ထင်ရှားသိသာနေသောအချက်မှာ အသင်းတော်ထဲမှ လူများကလည်း ဤပုဂ္ဂိုလ်အပေါ် ၌ပြုလုပ်သောတုန့်ပြန်မှုများအားဖြင့် အပြစ်ကျူးလွန်နေကြပြီး၊ ၄င်းတို့၏သဘောတူထောက်ခံအားပေးမှုအားဖြင့်ပင် ထိုသူနှင့်အတူ အကြွင်းမဲ့အပြစ်ရှိနေကြပါသည် (၎ယ ၂)။ ရှင်ပေါလုက ထိုပုဂ္ဂိုလ်ကိုကယ်တင်ခြင်းခံထားရသူအဖြစ်မှတ်ယူထားကြောင်းကိုပြသသည့်အခြား သက်သေအထောက်အထားမှာ အခန်း၎ယ ၅ ဖြစ်သည်။ ဤပုဂ္ဂိုလ်အားကိုင်တွယ်ဖြေရှင်းရန်အတွက် ရှင်ပေါလုသွန်သင်ချက်များ၏ရည်ရွယ်ချက်မှာ “ထိုသူ၏ဝိညာဉ်သည် ယေရှုခရစ်၏နေ့ရက်၌ ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း” ဖြစ်သည်။ ဤသို့ဆိုရာတွင်၊ ထိုပုဂ္ဂိုလ်ခံရမည့် ပြစ်ဒဏ်ခတ်ခြင်းက ၄င်းကို ကယ်တင်ပေးမည်ဟု မဆိုလိုပါ။ ခရစ်တော်၏တရားပလ္လင် (သခင်ယေရှု၏နေ့ရက်) ၌ ၄င်းအားချင့်ချိန် အကဲဖြတ်ချက်သည် အကြွင်းမဲ့ကံဆိုးမိုးမှောင်ကျမှုတစ်ခုဖြစ်လိမ့်မည် မဟုတ်ဟုဆိုလိုပါသည်။ ထိုသူ၏ဝိညာဉ်သည် ဆုလာဘ်များအားလုံးကိုဆုံးရှုံးရခြင်းမှ ကယ်နှုတ်ခံရမည်ဟုဆိုလိုပါသည်။ ဤပုဂ္ဂိုလ်ကယ်တင်ခြင်းခံရကြောင်းကို ပြသသည့်အခြားသဲ

လွန်စတစ်ခုမှာ အခန်းငယ် ၁၁ မှဖြစ်ပြီး၊ ထိုနေရာတွင်ထိုပုဂ္ဂိုလ်ကို "ညီအစ်ကိုဟုခေါ်ဝေါ်သောသူ" ဟူသည့်သွယ်ဝိုက်ရည်ညွှန်းခေါ်ဆိုချက်တစ်ခုကိုတွေ့ရသည် (NASB ကျမ်းစာတွင်မူ "အမည်ခံအားဖြင့်ညီအစ်ကို ဟုခေါ်သော" ဟူသည့်အသုံးအနှုန်းကို အသုံးပြုခြင်းဖြင့်၊ ထိုပုဂ္ဂိုလ်သည် အတုအယောင်ဝန်ခံသူဖြစ်သည်ဟု သွယ်ဝိုက်ပြောဆိုထားပါသည်။ သို့သော်၊ ထိုဘာသာပြန်ဆိုချက်သည် အနက်ဖွင့်သာသာပြန်ဆိုခြင်းနှင့်ဆိုင်သောပြဿနာသာဖြစ်ပြီး၊ ၄င်းသည်မူရင်းဘာသာစကားကို တိကျစွာဘာသာပြန်ဆိုထားခြင်းထားခြင်း မရှိပါ။) ရှင်ပေါလုက ထိုကဲ့သို့သော အသုံးအနှုန်းကို ခရစ်ယာန်တစ်ဦးအတွက် အသုံးပြုခဲ့မည့်အဖြစ်မှာ အခန်းငယ် ၁၂ တွင်ထင်ရှားနေပါသည်။ အခန်းငယ် ၁၂ တွင်ရှင်ပေါလုက ထိုပုဂ္ဂိုလ်ကို ကယ်တင်ခြင်းမခံရသည့်အသင်းတော် "အပြင်လူ" တို့နှင့်ဆန့်ကျင်ဘက်ဖြစ်သည့်အသင်းတော် "အတွင်းလူ" တစ်ယောက်အဖြစ်အသိအမှတ်ပြုထားသည်။

ကောရိန္သုအသင်းတော်ရှိ ဤပြဿနာ၏ဖြေရှင်းပေးချက်ကို ၂ ကော ၂း၁–၁၁တွင်တွေ့ရှိရပါသည်။ ထိုနေရာတွင် အသင်းတော်မှစည်းကမ်းဖြင့်ဆုံးမကြပ်မတ်ခြင်းမှာအလုပ်ဖြစ်ခဲ့ပြီး၊ ထိုပုဂ္ဂိုလ်မှာနောင်တရခဲ့၍အလွန်ဝမ်းနည်းပူဆွေးခဲ့ပါသည်။ စာတန်သည်ထိုသူ၌ လိပ်ပြာမလုံခြင်းကို ခံစားစေခြင်းဖြင့် ဒုက္ခမပေးမည့်အကြောင်း ရှင်ပေါလုကအသင်းတော်ထံ၌ ထိုပုဂ္ဂိုလ်အား ခွင့်လွှတ်ပေးကြဖို့ပြောခဲ့သည်။ ထိုပုဂ္ဂိုလ်သည် ဤအပြစ်ဒဏ်ခတ်ခံရခြင်းအားဖြင့် ကယ်တင်ခြင်းခံရကြောင်းညွှန်းဆိုထားချက် မရှိပါ။ မူလအရိုက်အရာ၌ ပြန်လည်သွတ်သွင်းခြင်းကိုသာခံရပြီး၊ ၄င်းသည် အသင်းတော်စည်းကမ်းဖြင့် ဆုံးမကြပ်မတ်ခြင်း၏ရည်ရွယ်ချက်ဖြစ်သည်။

ဤအရာများကိုသိရှိမှတ်သားပြီးနောက်တွင်၊ ခန္ဓာကိုယ်ပျက်စီးဖို့ရာအပြစ်သားတစ်ယောက်ကို စာတန်လက်သို့အပ်နှံခြင်းဟူသောအယူအဆကို ကျွန်ုပ်တို့မည်သို့နားလည်ကြမည်နည်း။ ဤအရာသည်ထိုပုဂ္ဂိုလ်ကို အသင်းတော်မိသဟာယဖွဲ့ခြင်း၏လုံခြုံစောင်းကင်းမှု (နှင့်၄င်းတို့၏ဆုတောင်းချက်များမှပင်) အသင်းတော်ကဖယ်ထုတ်ခြင်း အကြောင်းကိုဆိုလိုသည်။ မဿဲ ၁၈း၁၇–၂၀ ၏ဆိုလိုရင်းအနှစ်သာရတွင် အသင်းတော်သည် နောင်တမရသောသူကို မယုံကြည်သူတစ်ဦးသဖွယ်ပြုမူဆက်ဆံထားသည်။ ထိုသို့ပြုမူဆက်ဆံခြင်းတွင် ၄င်းတို့က ထိုပုဂ္ဂိုလ်ကို မယုံကြည်သူတစ်ဦးအဖြစ်ထင်မှတ်ယူဆကြသည်ဟု မဆိုလိုပါ။ ယုံကြည်စိတ်ချရသော ခရစ်ယာန်တစ်ဦးအနေအထားဖြင့်အသင်းတော်နှင့် ဆက်လက်၍ပတ်သက်နှီးနှယ်ခွင့် မရှိတော့ခြင်းကိုဆိုလိုသည်။ ခန္ဓာကိုယ်ပျက်စီးခြင်းဆိုသည်မှာ ရုပ်ခန္ဓာ၌ ခံရသောအကျိုးဆက်အချို့ကိုရည်ညွှန်းနိုင်ချေရှိသည်။ စာတန်သည် အနာတရဖြစ်စေခြင်း၊ ပျက်စီးဆုံးရှုံးစေခြင်းတို့ကို စွမ်းဆောင်နိုင်ကြောင်း ကျွန်ုပ်တို့သိထားကြပါသည် (နှိုင်းယှဉ် ယောဘ ၁–၂)။ သို့သော်၊ အချို့က ဤကိုယ်ခန္ဓာပျက်စီးခြင်းသည် ထိုပုဂ္ဂိုလ်၏အပြစ်ကျူးလွန်တတ်သောဇာတိ

ဆန်သည့် အလေ့အထများအား ဖျက်ဆီးခြင်းကို ရည်ညွှန်းနိုင်သည်ဟု မှတ်ယူ ထားကြသည်။ သေချာသောအရာတစ်ခုမှာ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အသင်းတော်ကမှ မယုံကြည်သူတစ်ယောက်ကို အပါယ်ငရဲ၌အပ်နှံနိုင်သည့် အခွင့်အာဏာကို မပိုင်ဆိုင် ထားကြပါ။ ၄င်းသည် ဘုရားသခင်တစ်ပါးတည်းကသာ ပိုင်ဆိုင်သည့်ကိုယ်ပိုင်အခွင့် အာဏာဖြစ်သည်။

အသင်းတော်စည်းကမ်းဖြင့်ဆုံးမကြပ်မတ်ခြင်းအဓိပ္ပါယ်ရှိလာဖို့ဆိုလျှင်ဤ ပုဂ္ဂိုလ်ကို ခရစ်ယာန်တစ်ယောက်အဖြစ်သုံးသပ်ထားဖို့လိုအပ်သည်။ ထိုသို့မဟုတ်လျှင် ရှင်ပေါလုက ထိုပုဂ္ဂိုလ်ကိုမိတ်ဆွေဟာယဖွဲ့ခြင်းမှ ထုတ်ပယ်ဖို့သာ လမ်းညွှန်ခဲ့မည်မဟုတ်၊ ထိုသူကယ်တင်ရာသို့ရောက်ဖို့ ထိုသူ့ထံ၌ဧဝံဂေလိတရားကိုဟောပြောဝေငှကြဖို့ကိုလည်း လမ်းညွှန်ခဲ့ပါလိမ့်မည်။ အသင်းတော်စည်းကမ်းဖြင့်ဆုံးမကြပ်မတ်ခြင်း၏ ရည်ရွယ်ချက်မှာ ကယ်တင်ခြင်းမခံရ သောအပြစ်သားများကယ်တင်ခြင်းခံရဖို့ မဟုတ်ပါ။ ကယ်တင်ခြင်းခံရသောအပြစ်သားများကို မူလအရိုက်အရာ၌ ပြန်လည်ပြုပြင်မွမ်းမံထားရှိဖို့ဖြစ်သည်။ ကျွန်ုပ်တို့၏ဒေသန္တရအသင်းတော်နှင့် ကျွန်ုပ်တို့မိတ်ဆွေဟာယဖွဲ့ခြင်း၏ တန်ခိုးအစွမ်းနှင့် အကျိုးကျေးဇူးများကို လွယ်လွယ်ကူကူရ၍ အလေးမမူဘဲရှိနေနိုင်ကြပါသည်။ (ကောရိန္သုမြို့ကဲ့သို့) ကောရိန္သုအသင်းတော်မှတစ်ပါးအခြားအသင်းတော်များမရှိသည့် အရပ်ဒေသများတွင် အသင်းတော်မိတ်ဆွေဟာယဖွဲ့ခြင်းမှ ထုတ်ပယ်ခံရခြင်းသည် ပြင်းထန်သောဒဏ်ခတ်မှုတစ်ခုဖြစ်သည်။ အပြစ်ကျူးလွန်နေသောခရစ်ယာန်သည် အကူအညီအတွက်လည်ကောင်း၊ ဆုတောင်းခြင်းအတွက်လည်းကောင်း၊ နှုတ်ကပတော်အားဖြင့်နှစ်သိမ့်ခွန်အားပေးခံရခြင်းအတွက်လည်းကောင်း အခြားသွားစရာနေရာ မရှိပါ။ ယခုခေတ်ကာလတွင် အသင်းတော်အနည်းငယ်ကသာ အသင်းတော်စည်းကမ်းဥပဒေကို ကျင့်သုံးနေကြပါသည်။ အသင်းတော်များစွာက ထိုသို့လုပ်ဆောင်ဖို့လိုကောင်းလိုပါလိမ့်မည်။ အပြစ်သားသည်အခြားအသင်းတော်ကို အလွယ်တကူရှာဖွေခဲ့မည်မှာ သေချာနေပါသည် (အမေရိကန် ယဉ်ကျေးမှုတွင် ထိုသို့လုပ်ဆောင်ရန် လွယ်ကူလှသည်)။ သို့သော်၊ ထိုရာကို ချစ်ခြင်း၊ နှုးညံ့သိမ့်မွေ့ခြင်း၊ ပြန်လည်ပြုပြင်မွမ်းမံပေးခြင်း၊ ဝိညာဉ်ရေးစည်းကမ်းရှိခြင်းတို့ဖြင့် အပြစ်ဒုစရိုက်ကိုဟန့်တားရှုတ်ချ၍ သန့်ရှင်းစင်ကြယ် ခြင်းကို အားပေးမြှင့်တင်ခြင်းဟူသောအသင်းတော်၏သမ္မာတရားနှင့်ညီညွတ်သည့်တာဝန်ဝတ္တရားမှလွတ်ငြိမ်းခွင့် မပြုသင့်ပါ။

ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရကြ (Will not inherit the kingdom of heaven)။ ၁ ကော ၆း၉–၁၁ (နှိုင်းယှဉ်၊ ဂလာတိ ၅း၁၉–၂၁၊ ဧဖက် ၅း၃–၅)

၉ မတရားသောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရသည်

ကိုသင်တို့မသိကြသလော။ အလွဲမယူကြနှင့်။ မတရားသောမေတုန်၌မှီဝဲသော သူ၊ ရုပ်တုကိုကိုးကွယ်သော သူ၊ သူ့မယားကိုပြစ်မှားသော သူ၊ ယောကျ်ားချင်းမေထုန်ကိုမှီဝဲသော သူ၊ ထိုအမှုကိုခံသော သူ၊[၁၀] သူ့ဥစ္စာကိုခိုးသော သူ၊ လောဘလွန်ကျူးသော သူ၊ သေရည်သေရက်နှင့်ယဇ်မူးသော သူ၊ ဆဲရေးကဲ့ရဲ့သော သူ၊ အနိုင်အထက်လုယူသော သူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကိုအမွေမခံရကြ။[၁၁] အထက် ကသင်တို့တွင် အချို့သောသူတို့သည် ထိုသို့သောသူဖြစ်ကြသော်လည်း၊ ယခုတွင် သခင်ယေရှုခရစ်၏နာမတော်အားဖြင့်၎င်း၊ ငါတို့ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့်၎င်း၊ ဆေးကြောသန့်ရှင်း၍ ဖြောင့်မတ်ရာသို့ရောက်ကြပြီ။

က သမ္မာတရား အနက်ဖွင့်ဘာသာပြန်ဆိုချက် – ပင်ကိုစရိုက်အားဖြင့်အပြစ်ဒုစရိုက်ကို ထူးထူးခြားခြားကျူးလွန်နေသောသူများသည် ကောင်းကင်ဘုံဝင်စားကြရမည် မဟုတ်ပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အပြစ်ကျူးလွန်သောယုံကြည်သူများသည်နိုင်ငံတော်၌ ဆုလာဘ်များကိုပျော်မွေ့ခံစားကြရမည် မဟုတ်ပါ။

ဒုတိယ **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်သူများသည် ကယ်တင်ခြင်းမခံရသောသူများကဲ့သို့ အပြစ်ဒုစရိုက်ကို မကျူးလွန်သင့်ပါ။

ဖော်ပြပါကျမ်းသုံးချက်၏မိန့်ဆိုထားချက်မှာ ဆင်တူနေကြသောကြောင့် ၄င်းတို့ကိုအတူတကွသုံးသပ်တင်ပြတတ်ကြသည်။ ဤအပြစ်ဒုစရိုက်များကို ပြုမူကျင့်ကြံသောသူများသည် “ဘုရားသခင်၏နိုင်ငံတော်ကို အမွေဆက်ခံ” ကြရလိမ့်မည် မဟုတ်ပါ။ အပြစ်ဒုစရိုက်အမျိုးအမည်များသည် ကျမ်းချက်တစ်ချက်စီတွင်ကွဲပြားနေကြသကဲ့သို့၊ လူအသက်ကိုသတ်ခြင်းမှစ၍ မနာလိုဖြစ်ခြင်းအပြစ်များ၏ လေးနက်ပြင်းထန်မှုမှာလည်းကွဲပြားနေကြပါသည်။ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို စွဲကိုင်ထားသောသူများက ဤအပြစ်ဒုစရိုက်များကိုပြုပ်လုပ်သော ခရစ်ယာန်များသည် မိမိတို့၏ကယ်တင်ခြင်းကိုဆုံးရှုံးကြရမည် (သို့) ဤအပြစ်ဒုစရိုက်များကို ပြုလုပ်သောသူများသည် မိမိတို့ယခင်ကတည်းက ကယ်တင်ခြင်းလုံးလုံးမရရှိခဲ့ကြကြောင်းကို သက်သေပြကြသည်ဟူ၍ ဤကျမ်းချက်များကို အဓိပ္ပါယ်ဖော်ထားကြသည်။ အထက်ပါအခြေအနေနှစ်ခုမှမည်သည့်အခြေအနေတွင်မဆို၊ ၄င်းတို့၏အပြစ်ကိုကျူးလွန်သောအပြုအမူတွင်

အခြေခံ၍ ၄င်းတို့သည်ကောင်းကင်ဘုံဝင်စားရခြင်း (သို့) ဘုရားသခင်၏နိုင်ငံတော်ကိုဝင်စားရ ခြင်းမှထုတ်ပယ်ခံကြရပါသည်။ ဤအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ကျေးဇူးတော်အားဖြင့်ကယ်တင်ရာသို့ရောက်ရသည်ဟူသောအရာနှင့်ဆန့်ကျင်နေပါသည်။ ကျေးဇူးတော်အားဖြင့်ကယ်တင်ရာသို့ရောက်ခြင်းသည် အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်အရ လူသား၏လုပ်ဆောင်ချက်အားဖြင့် မဟုတ်ရပါ။

အနက်ဖွင့်ဘာသာပြန်ဆိုခြင်းနှင့်ဆိုင်သောအရေးကြီးဆုံး မေးခွန်များမှာ "ဘုရားသခင်၏နိုင်ငံတော်ကိုအမွေခံရ" ခြင်းဆိုသည်မှာ မည်သည့်အရာကိုဆိုလိုပါသနည်းဟူသောမေးခွန်းနှင့် ရှင်ပေါလုသည် မည်သူတို့ကိုလိပ်မူပြောဆိုနေပါသနည်းဟူသောမေးခွန်းတို့ဖြစ်ကြသည်။ ပထမ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်တွင် လူအချို့က ဘုရားသခင်၏နိုင်ငံတော်ကိုအမွေခံရခြင်းဟူသောအယူအဆသည် နိုင်ငံတော်သို့ဝင်ရောက်ရခြင်းသက်သက်ထက်ပိုသည်။ အကြောင်းမှာ၊ စာရေးသူက "ဘုရားသခင်၏နိုင်ငံတော်သို့*ဝင်ရောက်ရခြင်း*" ဟုမဆိုထားသောကြောင့်ဖြစ်သည်ဟုငြင်းခုံထားကြသည်။ ၄င်းတို့က အမွေခံရခြင်းဆိုသည်မှာ သခင်ယေရှုခရစ်နှင့်အတူ စိုးစံအုပ်ချုပ်ရခြင်းကဲ့သို့သောနိုင်ငံတော်၌ဆုလာဘ်များအား ပျော်မွေ့ခံစားရခြင်းအကြောင်းကိုပြောပြနေခြင်းဖြစ်သည်ဟုဆိုကြပေမည်။ ဤသို့နားလည်သဘောပေါက်ခြင်းတွင် မယုံကြည်သူများကဲ့သို့ အပြစ်ကျူးလွန်သော ယုံကြည်သူများသည် ဘုရားသခင်၏နိုင်ငံတော်၌ ၄င်းတို့၏ဆုလာဘ်များကိုလက်လွှတ်ဆုံးရှုံးရမည်ဖြစ်သည်။ ရှင်ပေါလုသည် ယုံကြည်သူများထံသို့လိပ်မူရေးသားထားခြင်းဖြစ်သည်ဟူသော ထင်ရှားသိသာနေသည့်အချက်ကို ဤအယူအဆကအနည်းဆုံးတွေ့မြင်ထားပါသည်။ သို့သော်၊ ဘုရားသခင်၏နိုင်ငံတော်ကိုအမွေခံရခြင်းကို ဤနေရာတွင် နိုင်ငံတော်ထဲသို့ဝင်ရောက်ရခြင်းဟု အကောင်းဆုံးသဘောပေါက်နားလည်ထားသည်။ မဿဲ ၁၉း၁၆ ကို၄င်း၏အပြိုင်ကျမ်းချက်များဖြစ်သော မာကု ၁၀း၁၇၊ လုကာ ၁၈း၁၈ တို့နှင့်နှိုင်းယှဉ်ကြည့်ရှုသောအခါ ထာဝရအသက်ရရှိခြင်းအယူအဆကို နိုင်ငံတော်အားအမွေရခြင်းအယူအဆနှင့်အဓိပ္ပါယ်တူအသုံးပြုထားကြောင်းကို ကျွန်ုပ်တို့မြင်တွေ့နိုင်ပါသည်။ နိုင်ငံတော်ကိုအမွေဆက်ခံရခြင်းအယူအဆတွင် နိုင်ငံတော်သို့ဝင်ရောက်ခြင်းသာမက၊ နိုင်ငံတော်ရှိဆုလာဘ်များအားပျော်မွေ့ခံစားရခြင်းလည်းပါဝင်ပါသည်။ အကြောင်းမှာ၊ နိုင်ငံတော်ရှိအကျိုးကျေးဇူးများကိုအတိုင်းအတာတစ်ခုအထိပျော်မွေ့ခံစားရခြင်း မရှိဘဲ၊ နိုင်ငံတော်ထဲဝင်ရောက်ရခြင်းကို မည်သူကမျှစိတ်ကူးနိုင်မည် မဟုတ်ပါ။

ဒုတိယ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က ဤကျမ်းချက်များကိုယုံကြည်သူများနှင့်ဆီလျော် အပ်စပ်မှုရှိသော သမ္မာတရားအဖြစ်လည်း ရှုမြင်ထားသည်။ ၁ ကော ၆ ရှိကျမ်းချက်တွင် စာဖတ်သူတို့၏ဝိညာဉ်ရေးအခြေအနေကိုအလွယ်တ ကူမြင်တွေ့နိုင်ပါသည်။ ရှင်ပေါလုက၄င်းတို့ထံ၌ ပြဿနာအကြောင်းအရာများကို အသင်း

တော်အတွင်း၌သာစီရင်ဆုံးဖြတ်သင့်ကြောင်းပြောဆိုခဲ့ပြီး၊ "ညီအစ်ကိုချင်း" တစ်ယောက်ကို "မယုံကြည်သူသောသူတို့" ၏ရှေ့၌ တရားတွေ့ခြင်းအတွက် အပြစ်တင်ဝေဖန်ခဲ့သောကြောင့် ၄င်းတို့ယုံကြည်သူများဖြစ်နေကြသည်မှာထင်ရှား နေပါသည် (၁ ကော ၆း၁–၈)။ အခန်းငယ် ၉ ရှိ "မတရားသောသူ" သည်အခန်း ၁ နှင့် ၆ မှ မယုံကြည်သူများဖြစ်ကြသည့် "သာသနာပလူတို့" ဟုခေါ်တွင်ထားသောသူနှင့်အတူတူဖြစ်သည်။ ထို့ကြောင့်၊ နှိုင်းယှဉ်မှုသည် ယုံကြည်သူများ နှင့်မယုံကြည်သူများကြားတွင်ဖြစ်သည်။ ဘုရားသခင်၏နိုင်ငံတော်ကိုအမွေမခံရမည့် ဤမယုံကြည်သူများကျူးလွန်သောအပြစ်ဒုစရိုက်များကို ဖော်ပြပြီးနောက်တွင် ရှင်ပေါလုက "အထက်ကသင်တို့တွင် အချို့သောသူတို့သည် ထိုသို့သောသူဖြစ်ကြသော်လည်း၊ ယခုတွင် ...ဆေးကြော ...သန့်ရှင်း၍...ဖြောင့်မတ်ရာသို့ရောက်ကြပြီ" ဟုပြောခဲ့သည် (၁ ကော ၆း၁၁)။ ခိုင်မာစွာစကားလုံးရွေးချယ်သုံးနှုန်း၍ပြုလုပ်ထားသည့် ဤနှိုင်းယှဉ်ကြည့်ရှုခြင်းသည် ကယ်တင်ခြင်းခံရသည့်အခြေနေတွင် ရှိနေသော ကောရိန္သုအသင်းသားများ (ကြိယာစကားလုံးသုံးလုံးသည် ပြုခြင်းခံပြကြိယာပုံစံများဖြစ်နေကြပြီး၊ ဖြစ်တည်မှုအနေအထားကိုအလေးအနက်ပြုထားကြသည်) နှင့် ကယ်တင်ခြင်းမခံရသောသူများကို ရှင်ပေါလုကနှိုင်းယှဉ်ကြည့်ရှုနေမှသာလျှင် အဓိပ္ပါယ်ရှိလာပါမည်။

၇လာတိ ၅ မှကျမ်းချက်သည်လည်း ခရစ်ယာန်စာဖတ်သူများထံသို့ရေးသားထားသည်မှာထင်ရှားနေပါသည်။ ရှင်ပေါလုက ၄င်းတို့ကို ဧာတိပကတိ၏တောင့်တမှုများအားမဖြည့်ဆည်းကြဖို့အလိုငှါ "ဝိညာဉ်ပကတိအတိုင်းကျင့်ကြံကြ" ဖို့တိုက်တွန်းနှိုးဆော်ထားသည်။ အထက်ပါရွေးချယ်မှုနှစ်ခုအနက်မှတစ်ခုခုကို ခရစ်ယာန်များကရွေးချယ်နိုင်ပါသည် (၇လာတိ ၅း၁၆)။ ထို့နောက်၊ ရှင်ပေါလုသည် ဧာတိပကတိ၏အပြစ်ဒုစရိုက်များကို အမည်တပ်ဖော်ပြ၍ ၄င်းတို့ကိုကျူးလွန်သောသူများသည် ဘုရားသခင်၏နိုင်ငံတော်ကိုအမွေမခံရကြဟု နိဂုံးချုပ်ထားသည်။ "ဘုရားသခင်၏နိုင်ငံကိုအမွေခံရကြသည်" ဟူသောစကားစုသည် ၁ကော ၆း၇ ၌ဖော်ပြထားချက်နှင့် အတူတူဖြစ်ကြောင်းကျွန်ုပ်တို့သဘောပေါက်ထားသင့်သည်။

ဧဖက် ၅ ကိုထိန်းချုပ်ထားသည့်အဓိကအချက်မှာ "သန့်ရှင်းသူတို့ရောင့်သင့်သည့်" (သန့်ရှင်းသူတို့နှင့်ကိုက်ညီသော) အပြုအမူဖြစ်သည် (ဧဖက် ၅း၃)။ ယုံကြည်သူများနှင့်မယုံကြည်သူများအားနှိုင်းယှဉ်ကြည့်ရှုခြင်းသည် ၅း၁–၁၈ တွင်ထင်ရှားပေါ်လွင်နေပါသည်။ စာဖတ်သူများသည် သခင်ခရစ်တော်ကိုမပိုင်ဆိုင်ထားသောသူများကဲ့သို့ ပြုမူကျင့်ကြံခြင်းမပြုဘဲ သခင်ခရစ်တော်၌တည်နေကြသော လူသစ်များပမာကိုယ့်ကိုကိုယ်ပြုမူနေထိုင်ရမည်ဖြစ်သည်။ ယခုတွင် ၄င်းတို့သည် မှောင်မိုက်မှထွက်လာခဲ့ပြီးဖြစ်၍၊ "အလင်း၏သားကဲ့သို့ကျင့်နေကြရမည်" ဖြစ်သည် (ဧဖက် ၅း၁၀)။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ယုံကြည်သူတို့၏ပြုမူကျင့်ကြံပုံနှင့် မယုံကြည်သူတို့၏ပြုမူ

ကျင့်ကြံပုံတို့၏ခြားနားချက်ကိုပြသသည့် အလားတူနှိုင်းယှဉ်ချက်ကိုတွေ့ရှိရသည်။

အထက်ပါကျမ်းချက်သုံးခုလုံး၌တွေ့ရသည့် ခရစ်ယာန်စာဖတ်သူတို့ထံ၌ ရှင်ပေါလုပြောဆိုထားသော တရားဒေသနာ၏လိုရင်းကိုပြောရလျှင် ဤသို့ဖြစ်သည် – ကောင်းကင်ဘုံသို့ဝင်ရောက်ခွင့်မရရှိသောခရစ်ယာန်မဟုတ် သူများကဲ့သို့ မပြုမူကြနှင့်။ ထိုကဲ့သို့သော အပြစ်ကျူးလွန်သည့်အပြုအမူသည် ယုံကြည်သူတစ်ယောက်၏အသစ်သောအသက်တာဖြစ်တည်မှုအနေအထားနှင့်လည်းကောင်း၊ အသစ်သောကိုယ်ပိုင်လက္ခဏာနှင့်လည်းကောင်းအပ်စပ်မှု မရှိပါ။ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်နှစ်ခုလုံးသည် ဆိုးဆိုးဝါးဝါးကျင့်ကြံသောခရစ်ယာန်များအနေဖြင့်မိမိတို့၏ကယ် တင်ခြင်းကိုဆုံးရှုံးရလိမ့်မည် (သို့) ဆိုးဝါးသောပြုမူကျင့်ကြံပုံများက ၎င်းတို့ကယ်တင်ခြင်းလုံးလုံးမခံခဲ့ကြကြောင်းကို သက်သေပြသည်ဟုပြောဆိုထားသည့် က သမ္မာတရားထက်ပို၍အဓိပ္ပါယ်ရှိကြသည်။ ဤကျမ်းချက် များအားလုံးတွင် စာဖတ်သူတို့၏ ကယ်တင်ခြင်းနှင့် ပတ်သက်၍မေးခွန်းထုတ်ထားခြင်းမရှိပါ။ ထို့ကြောင့်၊ ၎င်းသည် ခ သမ္မာတရားနှင့်ကိုက်ညီမှုရှိသည်။ ဒုတိယ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကိုကျွန်ုပ်တို့ပို၍သဘောကျ သည်။

လူ့အသက်ကိုသတ်သောသူများ၊ မတရားသောမေထုန်ကိုမှီဝဲသူများကဲ့သို့ ခရစ်ယာန်များကပြုမူကျင့်ကြံ ခဲ့ကြမည့်အရေးမှာ လက်ခံဖို့ခက်ခဲပါသော်လည်းဘဝအတွေ့အကြုံများနှင့် သမ္မာကျမ်းစာတို့က ထိုသို့ဖြစ်ခဲ့ကြကြောင်းကို သက်သေခံနေကြပါသည်။ ဒါဝိဒ်မင်းသည် လူ့အသက်ကိုသတ်၍သူ့မယားနှင့် ပြစ်မှားခြင်းအပြစ်ကိုကျူးလွန်ခဲ့ပြီး၊ ၁ ကော ၅ မှပုဂ္ဂိုလ်ကလည်း မိထွေးဖြစ်သူနှင့် ကာမဂုဏ်ကျူးလွန်ခဲ့ပါသည်။ သင်းအုပ်ဆရာလည်းဖြစ်၊ ခရစ်ယာန် လည်းဖြစ်သောကျွန်ုပ်သည် အလွန်လွန်ဆိုးဝါးရွားသောအပြစ်များကိုကျူးလွန်ခဲ့ကြသည့်ယုံကြည်သူများနှင့်ဆက်ဆံခဲ့ကြရပါသည်။ ထိုကဲ့သို့ပြုမူကျင့်ကြံသောခရစ်ယာန်များသည် ၎င်းတို့၏အနီးတစ်ဝိုက်မှ ငရဲကျမည့်မယုံကြည်သူ များ၏ရှင်သန်နေထိုင်ပုံနှင့်မထူးမခြားနားစွာပြုမူကျင့်ကြံနေခဲ့ကြပါသည်။ ယုံကြည်သူနှင့်ယုံကြည်သူမဟုတ်သော သူများ၏ရှင်သန်နေထိုင်ပုံတို့ကြားတွင်ကြီးမားသောဆန့်ကျင်ကွဲလွဲချက်ရှိရပါမည်။

ကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်း (Lest I become disqualified)။ ၁ ကော ၉း၂၇

သူတစ်ပါးကိုဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်း၊ ကိုယ်ကိုထိုး၍ နှိပ်စက်လေ့ရှိ၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်

သည် ကိုယ့်ကိုယ်ကိုချုပ်တည်းခြင်း မရှိလျှင် ၊ ထိုသူသည်ကောင်းကင်ဘုံဝင်စားရမည်မဟုတ် (သို့) မိမိ၏ကယ်တင်ခြင်းကိုဆုံးရှုံးရပါလိမ့်မည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် ကိုယ့်ကိုယ်ကိုချုပ်တည်းခြင်းမရှိလျှင်၊ ထိုသူသည် ဆုလာဘ်အတွက်အရည်အချင်းမပြည့်မှီသောသူဖြစ်ရပါလိမ့်မည်။

ဤကျမ်းချက်သည် က သမ္မာတရားလား (သို့) ခ သမ္မာတရားလား ဆိုသည့်အချက်ကို မြန်မြန်ဆန်ဆန်တိုင်းတာဆုံးဖြတ်နိုင်သည့်နည်းလမ်းတစ်ခုမှာ "ကိုယ်တိုင်ရှုံးသောသူဖြစ်ခြင်း" (disqualified; *adokimos*) ဟူသော စကားလုံး၏ဆိုလိုရင်းကို အနက်ဖွင့်ဆိုခြင်းဖြစ်သည်။ ဤစကားလုံးသည် သဘောကျနှစ်သက်မှုမရှိခြင်း (disapprove) ကိုဆိုလိုပြီး၊ ကောင်းကင်ဘုံဝင်ရောက်ရခြင်းအတွက် အရည်အချင်းမပြည့်မီခြင်း၊ ကယ်တင်ခြင်းမခံရခြင်း၊ အပါယ်ငရဲ၌လွဲအပ်ခံရခြင်းတို့ကိုလုံးလုံးမဆိုလိုပါ။ ရှင်ပေါလုက မိမိကိုယ်တိုင်ပင်ရှုံးသောသူဖြစ်နိုင်ခဲ့ကြောင်းကိုညွှန်ပြခဲ့သည်။ ထိုသို့ဆိုလျှင် ရှင်ပေါလုကမိမိကောင်းကင်ဘုံဝင်ရောက်ရမည့်အရေးကို သံသယဖြစ်နေခဲ့ပါသလား။

ဤကျမ်းပိုဒ်သည် တစ်ဦးတစ်ယောက်၏ထာဝရကြမ္မာပန်းတိုင်အကြောင်းကိုပြောနေခြင်းဖြစ်လျှင် ၄င်းသည် ကိုယ့်ကိုယ်ကိုစည်းကမ်းဖြင့်ကြပ်မတ်ခြင်းကို ကယ်တင်ခြင်းအတွက်အခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ် ဖန်တီးနေပါသည်။ ကျေးဇူးတော်အားဖြင့်ကယ်တင်ရာသို့ရောက်ခြင်းသည် အားသွန်ခွန်စိုက်ဖြင့်လုပ်ရသောကိုယ့်ကိုယ်ကိုချုပ်တည်းခြင်းအားဖြင့် ကယ်တင်ခြင်းကိုထိုက်ထိုက်တန်တန်ရယူရန်အတွက် (သို့) ကယ်တင်ခြင်းကိုဆက်လက်ထိန်းသိမ်းထားရန်အတွက် မည်သူ့ကိုမျှ ခွင့်မပြုပါ။ ကျွန်ုပ်တို့ကိုကယ်တင်တော်မူသောကျေးဇူးတော်သည် မိမိကိုယ်တိုင်ကြိုးစားအားထုတ်လုပ်ဆောင်ရခြင်းဟူသောအရာကို ဖယ်ထုတ်ထားသောကြောင့် ဤအရာသည် က သမ္မာတရားမဖြစ် နိုင်ခဲ့ပါ။

ဤကျမ်းပိုဒ်သည် အဘယ့်ကြောင့် ခ သမ္မာတရားဖြစ်သည်ကို ကျမ်းစကားအဆက်အစပ်ကပြသထားသည်။ ရှင်ပေါလုသည် ကောရိန္သုမြို့ရှိအသင်းတော်မယုံကြည်သူတို့ထံရေးသားပြောဆိုနေပြီး၊ ဤအရာသည်ခရစ်ယာန်တစ်ယောက်ဖြစ်သောမိမိနှင့်လည်းသက်ဆိုင်ကြောင်း ဆိုထားသည်။ ရှင်ပေါလုက သူသည် ကယ်တင်ခြင်းခံရခြင်းရှိမရှိ (သို့) ဆက်လက်၍ကယ်တင်ခြင်းခံရမည်၊ မခံရမည်ကိုသံသယမဖြစ်မိကြောင်းဖော်ပြထားချက်ကို ဓမ္မသစ်ကျမ်း၏မည်သည့်နေရာတွင်မျှကျွန်ုပ်တို့မတွေ့ရသကဲ့သို့၊ ဤနေရာတွင်လည်း ကျွန်ုပ်တို့မတွေ့ရပါ။ ရှင်ပေါလုသည် "မည်ဖြုံးနွမ်းမပျက်စီးနိုင်သောပန်းဦးရစ်" အတွက်ယှဉ်ပြိုင်နေကြသော "ငါတို့" (၉ယ်၂၅) ကို "ဆု"

အတွက်ယှဉ်ပြိုင်နေကြသည့် ပြေးပွဲတစ်ခုမှအပြေးသမားများ (၎ယ် ၂၄) နှင့် ဥပမာတင်စား၍အသုံးပြုထားသည်။ ရှင်ပေါလုက သူကိုယ်တိုင်သည်လည်း ဆုလဒ်များရရှိရန် ကိုယ့်ကိုကိုယ်စည်းကမ်းဖြင့် အသက်ရှင်နေထိုင်နေကြရသည့် ခရစ်ယာန်များနှင့်ထပ်တူပင်ဖြစ်ကြောင်းကို ပေါ်လွင်နေစေပါသည်။

ကယ်တင်ခြင်း (သို့) ကောင်းကင်ဘုံကို "ဆု" (သို့) "မည်ဦးနွှမ်းမပျက်စီးနိုင်သောပန်းဦးရစ်" သဖွယ်ရည်ညွှန်းခြင်းသည် ထူးဆန်း၍အသစ်အဆန်းဖြစ်နေခဲ့ပါလိမ့်မည် ။ ဤအရာကိုဆွတ်ခူးရယူရမည့်ဆု၊ ထိုက်ထိုက်တန်တန်ရယူ ရမည့်ဆုလာဘ်တစ်ခုအဖြစ်နှင့်မှတ်ယူခြင်းကပို၍သဘာဝကျပါသည်။ ဆုများနှင့်ဆုလာဘ်များသည် ၎င်းတို့ကိုရရှိဖို့ ကြိုးစားလုပ်ဆောင်သောသူများ၌ ပေးအပ်သောအရာများဖြစ်သည်။ ထို့ကြောင့်၊ ၎င်းသည်ကယ်တင်ခြင်းကိုမရည်ညွှန်းနိုင်ပါ။ ကယ်တင်ခြင်းသည် လက်ဆောင်တစ်ပါးဖြစ်သည်။ ဤဆုလာဘ်မှာမည့်အရာဖြစ်ကြောင်းကို ရှင်ပေါလုက တိတိကျကျပြောပြထားခြင်း မရှိပါ။ အကြောင်းမှာ ဆုလာဘ်ရရှိခြင်းသည် ဤနေရာ၌ရှင်ပေါလုပြောပြလိုသည့်အဓိကအကြောင်းအရာမဟုတ်သောကြောင့်ဖြစ်သည်။ စာဖတ်သူတို့အားကိုယ့်ကိုယ်ကိုချုပ်တည်းကြရန်ကိုသာ ရှင်ပေါလုသွန်သင်ဆုံးမ၍ တိုက်တွန်းနှိုးဆော်ပေးနေခြင်းဖြစ်သည်။

ဤနေရာတွင် ဆုလာဘ်တစ်ပါးကို စိတ်ကူးတွေးမှတ်သောထားကြောင့် "ရှုံးသောသူဖြစ်ခြင်း" (disqualified) ၏ဆိုလိုရင်းကို ကျွန်ုပ်တို့သဘောပေါက်နားလည်နိုင်ပါသည်။ ၎င်း၏ဆိုလိုရင်းမှာ ဆုကိုရရှိရန်အတွက် အဆင့်မမီဖြစ်ခြင်းဟူ၍လည်းကောင်း၊ ဆုလာဘ်ရရှိရန်အတွက်သဘောတူမခံရခြင်းဟူ၍လည်းကောင်းဖြစ်သည်။ အပြေးပြိုင်ပွဲတစ်ခုတွင် အပြင်းအထန်ဆုံးကြိုးစားအားထုတ်၍ သင်တန်းကာလ၌တင်းကျပ်သောစည်းမျဉ်းစည်းကမ်းများအောက်၌ကိုယ့်ကိုယ်ကိုသွတ်သွင်းကာ၊ ပြိုင်ပွဲစည်းမျဉ်းဥပဒေများကို လိုက်နာသောသူများက ဆုကိုဆွတ်ခူးကြရပါ သည်။ ဤသည်မှာ ရှင်ပေါလုပြောကြားလိုသောအချက်ဖြစ်သည်။ မိမိပြောကြားလိုသောအချက်ကို အားဖြည့်ပေးရန် အတွက် ရှင်ပေါလုသည် ဣသရေလလူမျိုးများကမိမိတို့ကိုယ်ကို စည်းကမ်းဖြင့်မကြပ်မတ်ခဲ့ကြသောကြောင့် ဘုရားသခင်က ၎င်းတို့ကို မိမိ၏ကောင်းကြီးမင်္ဂလာများခံစားရခြင်းမှရှုံးသောသူများဖြစ်စေခဲ့ကြောင်းကိုပြသရန် အခန်းကြီး ၁၀ တွင်ဆက်လက်၍ပြောဆိုထားသည်။

ခရစ်ယာန်များဖြစ်ကြသည့်အလျောက် ကျွန်ုပ်တို့ကိုအားလုံးသည် ကယ်တင်ခြင်းလက်ဆောင်ကိုကျေးဇူးတော် ကြောင့်ရရှိခဲ့ကြရပါသည်။ သို့သော်၊ ကျွန်ုပ်တို့သည် ဆုတစ်ခုအတွက် ဆက်လက်၍ကြိုးစားအားထုတ်နေကြရပါသည်။ ကိုယ့်ကိုယ်ကိုစည်းကမ်း ဖြင့် ထိန်းသိမ်းကြပ်မတ်ခြင်းသည် ကျွန်ုပ်တို့ကိုဆုရရှိခြင်းမှ ရှုံးသောသူဖြစ်စေမည့်

အပြစ်ကျူးလွန်တတ်စေသောအပြုအမူများ၏ ကြီးမားသောပျက်စီးခြင်းကိုဖြစ်စေသည့် သက်ရောက်မှုများမှ ကာကွယ်ဆီးတားပေးပါလိမ့်မည်။ ဤကျမ်းချက်သည် ဆု၏ တိကျသောသဘာဝကိုရှင်းပြမထားသော်လည်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ကြိုးစားထုတ်မှုများအတွက် ဆုလာဘ်ချီးမြှင့်ပါလိမ့်မည်ဟူသောအချက်ကိုသိရှိထားခြင်းက လုံလောက်နေပါသည်။

သင်တို့သည်စိတ်စွဲလမ်းလျှင် (If you hold fast)။ ၁ကော ၁၅း၁–၂

> *၁ ညီအစ်ကိုတို့၊ ငါသည်သင်တို့အား ဟောပြောဘူးသည်နှင့်အညီ၊ သင်တို့သည်ခံယူ၍မှီဝဲ ဆည်းကပ်သောဧဝံဂေလိတရားကို သင်တို့အားတဖန်ငါကြားလိုက်၏။ ၂ အထက်က ငါဟောပြောသည် အကြောင်းများကို သင်တို့သည် အကျိုးမဲ့မယုံဘဲစိတ်စွဲလမ်းလျှင်၊ ထိုဧဝံဂေလိတရားအားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်ကြ၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် ကယ်တင်ခြင်းသို့ရောက်ရန်အလို့ငှါယုံကြည်ခြင်း၌အဆုံးတိုင်အပတ်တကုတ်ကြိုးစားအားထုတ်ရပါမည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတစ်ယောက်သည် ဧဝံဂေလိတရားတော်၌စီစဉ်ပေးကမ်းထားသည့် အသစ်သောအသက်တာ၏ အကျိုးကျေးဇူးအပြည့်အစုံကို တွေ့ကြုံခံစားရန်အလို့ငှါယုံကြည်ခြင်း၌အဆုံးတိုင်အပတ်တကုတ်ကြိုးစားအားထုတ်ရပါမည်။

ဤကျမ်းချက်ကိုသင့်တင့်လျောက်ပတ်စွာအနက်ဖွင့်ဘာသာပြန်ဆိုရန် *အတွက်* *ကယ်တင်ခြင်း* (သို့) *ကယ်တင်ခြင်းသို့ရောက်သည်* ဟူသောစကားလုံးသည် အပါယ်ဝရဲမှအစဉ်ထာဝရကယ်တင်ခံရခြင်းကိုအမြဲမရည်ညွှန်းကြောင်း ကျွန်ုပ်တို့ပြန်လည်သတိရဖို့လိုအပ်သည်။ ကောရိန္သုအသင်းသားများသည် ရှင်ပေါလုဟောပြောသော ဧဝံဂေလိတရားကိုကြား၍ ယုံကြည်လက်ခံခဲ့ကြသောအချိန်တွင် အပါယ်ဝရဲမှကယ်တင်ခြင်းခံခဲ့ကြရသည်။ ထိုအရာသည် ၄င်းတို့၏ ဖြောင့်မတ်ရာသို့ရောက်ခြင်းဖြစ်သည်။ ယခုတွင် ရှင်ပေါလုက ကောရိန္သုအသင်းသားများသည် ထိုဧဝံဂေလိတရား၏ကယ်တင်ခြင်း၊ အာမခံချက်နှင့်မျှော်လင့်ချက်တို့တွင် မှီခိုရပ်တည်နေကြသည်ဟု ပြောဆိုနိုင်ပြီဖြစ်သည်။ ၄င်းတို့၏ *ဖြစ်တည်မှုအနေအထား*မှာလုံခြုံနေပြီဖြစ်သည်။ သို့သော်၊ အလားတူဧဝံဂေလိ

တရား၏ ဖန်တီးထောက်ပံ့ပေးခြင်းအားဖြင့် ရွေးနှုတ်ခံရနေရခြင်း*အတွေ့အကြုံ*မှာမူသမ္မာတရား၌၄င်းတို့တည်မြဲစွဲလမ်းခြင်းတွင်မူတည်နေပါသည်။

ထိုသို့ဆိုလျှင်၊ *ကယ်တင်တော်မူခြင်းသို့ရောက်ကြ၏* ဟူသောစကားလုံးသည် သခင်ခရစ်တော်၏အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းတွင် ဗဟိုပြုထားသောသမ္မာတရားများကို လက်တွေ့ရှင်သန်ခြင်းအတွေ့အကြုံကိုဖော်ကျူးရန်အသုံးပြုထားခြင်းသာဖြစ်သည် (၁ ကော ၁၅း၃–၄)။ ဤအရာသည် ၄င်းတို့၏သန့်ရှင်းရာသို့ရောက်ခြင်းဖြစ်သည်။ သခင်ခရစ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည်အပါယ်ငရဲမှကျွန်ုပ်တို့ကယ်တင်ခံရခြင်း၏အခြေခံအကြောင်းအရင်းသာဖြစ်သည်မဟုတ်၊ ခရစ်ယာန်များအဖြစ်နှင့်ကျွန်ုပ်တို့၏ဖြစ်တည်မှုအနေအထား၊ ကျွန်ုပ်တို့၏တွေ့ကြုံခံစားရသောအရာများ၏အခြေခံအကြောင်းအရင်းလည်းဖြစ်သည်။ ရောမ ၆း၃–၈ တွင် ရှင်ပေါလုက ယုံကြည်သူများ၏သခင်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခြင်းသည် အပြစ်ဒုစရိုက်အပေါ်၌အောင်နိုင်ခြင်းအသက်တာ၏အခြေခံအကြောင်းအရင်းဖြစ်ကြောင်းကိုရှင်းပြထားသည်။ သခင်ခရစ်တော်အသေခံ၍သေခြင်းမှထမြောက်ခဲ့သည့်နည်းတူ၊ ထိုသခင်၌တည်နေကြသောကျွန်ုပ်တို့သည်လည်း အပြစ်ဒုစရိုက်၌သေ၍အသစ်သော အသက်တာ၌ကျင်လည်လျောက်လှမ်းရန်သူနှင့်အတူ သေခြင်းမှရှင်ပြန်ထမြောက်ကြရပါသည် (ရောမ၈း၁၁–၁၃)။

၈ဝဲဂေလိတရားတော်၌သွန်သင်ထားသည့် သခင်ခရစ်တော်၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းတို့နှင့် ဆက်လက်၍တန်းတူထပ်တူပြုခြင်းမရှိသောသူများသည် အပြစ်ဒုစရိုက်မှကယ်နှုတ်မခံရနိုင်ပါ။ ဤသည်မှာ "အထက်က ငါဟောပြောသည့် အကြောင်းများကို သင်တို့သည် ... စိတ်စွဲလမ်းလျှင်" ဟူသောအရာအားဖြင့်ဆိုလိုထားသောအရာဖြစ်သည်။ ဤအရာသည် ယူဆချက်သက်သက်ဖြစ်သည့်ပြီးမြောက်အောင်မြင်ခြင်း (သို့) ဖြစ်နိုင်ဖွယ်ရာဟု မှန်းဆရသောအခြေအနေတစ်ခုသက်သက်မဟုတ်ပါ။ လက်တွေ့စစ်မှန်သောအရာတစ်ခုဖြစ်သည် (ဂရိဘာသာစကားရှိပထမတန်းစာအခြေအနေပေါ်မူတည်မှုပြဿဒ္ဒါပုံစံက "အကယ်၍၊လျှင်" ကို "သောကြောင့်" ဟုဘာသာ ပြန်ဆိုခြင်းအား မှန်ကန်ကြောင်း မပြပါ။) "စိတ်စွဲလမ်းသည်" (*katechô*) ဟူသောကြိယာကို ခရစ်ယာန်တို့၏သန့်ရှင်းရာသို့ရောက်ခြင်းတွေ့ကြုံခံစားမှုနှင့်ဆက်စပ်၍ခမ္မသစ်ကျမ်းတွင်အသုံးပြုထားသည် (လုကာ ၈း၁၀၊ ၁ သက် ၅း၂၁၊ ဟေဗြဲ ၁၀း၂၃ တွင်ကြည့်ပါ)။

၈ဝဲဂေလိတရားဟောရာ၌ချွတ်ယွင်းနေခြင်း၊ သခင်ခရစ်တော်၏အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းတို့၏တစ်လုံးတစ်ဝတည်းဖြစ်နေကိုပေါ်လွင်စေခြင်းတို့၌ချွတ်ယွင်းချက်တစ်ခုခုရှိနေခြင်းသည် ချွတ်ယွင်းနေသောခရစ်ယာန်အတွေ့အကြုံများကိုသာရရှိစေမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ကောရိန္သုအသင်းသားများသည် ရှင်ပေါ

လုပ်ဟောပြောခဲ့သော ဧဝံဂေလိတရားကိုဖက်တွယ်မထားလျှင် ထိုဧဝံဂေလိတရားအပေါ်၌ ရှိခဲ့သောင့်ငြိးတို့၏ အစကနဦးမှယုံကြည်ခြင်းသည် သန့်ရှင်းရာသို့ရောက်စေသောအတွေ့အကြုံတစ်ခုကိုဖန်တီးပေးခဲ့မည်မဟုတ်သောကြောင့် ၄င်းတို့သည် "အကျိုးမဲ့ယုံကြည်"ရာရောက်ခဲ့ပါလိမ့်မည်။ "အကျိုးမဲ့"(*eike*)ဟူသောအသုံးအနှုန်းသည်အရာမရောက်ခြင်း (no avail) ဟုအဓိပ္ပါယ်ရပြီး၊ ကယ်တင်ခြင်းအတွက်ထို၄င်းတို့ကယုံကြည်ခဲ့သောဧဝံဂေလိတရားသည် ၄င်းရည်မှန်းထားသောရလာဒ်ဖြစ်သည့်သန့်ရှင်းရာသို့ရောက်ခြင်းကို ထိုသူတို့၌ထုတ်လုပ်ဖန်တီးခဲ့လိမ့်မည် မဟုတ်ဟုဆိုလိုပါသည်။ အချို့က "အကျိုးမဲ့မယုံဘဲ" ဟူသောစကားစုသည် ကောရိန္သုအသင်းသားများက ရှင်ပြန်ထမြောက်ခြင်းကိုငြင်းပယ်ထားသည့် ချွတ်ယွင်းနေသောဧဝံဂေလိတရားအားယုံကြည်ခဲ့ကြဟန်ရှိမှုကို ရည်ညွှန်းထားသည်ဟုမှတ်ယူကြသည်။ သို့သော်၊ ရှင်ပေါလုက မိမိဟောပြောခဲ့သော သခင်ယေရှုခရစ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ပါဝင်သည့် ဧဝံဂေလိတရားကို ကောရိန္သုအသင်းသားများက ယုံကြည်လက်ခံခဲ့ကြကြောင်းဖော်ပြခဲ့ပြီးဖြစ်သည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် အကြောင်းအရာအချို့တွင်အားနည်းနေပါသည်။ ပထမအနေဖြင့်၊ ၄င်းသည် "ကယ်တင်တော်မူခြင်းသို့ရောက်သည်" (saved) ဟူသောစကားလုံးကို အပယ်ငရဲမှကယ်တင်ခံရခြင်းဟူ၍ တင်းတင်းကျပ်ကျပ်အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ ဒုတိယအနေဖြင့်၊ ၄င်းသည်အတွေးအခေါ်စီးဆင်းပုံကို လစ်လျူရှုထားသည်။ ရှင်ပေါလုသည် ဧဝံဂေလိတရားကိုဟောပြောခဲ့ရာကောရိန္သုအသင်းသာများက ထိုဧဝံဂေလိတရားကို ယုံကြည်လက်ခံခဲ့ကြပြီး၊ ၄င်းတို့သည်ယခုတွင်ထိုဧဝံဂေလိတရား၌ရပ်တည် (မှီဝဲဆည်းကပ်)နေကြပါသည်။ ယခုကျန်ရှိနေသောအရာမှာထိုကယ်တင်ခြင်းကို ဆက်လက်၍ဖြစ်ပျက်နေသောအရာမျိုးဖြင့် တွေ့ကြုံခံစားခြင်း ဖြစ်သည်။ ထို့ကြောင့်၊ ရှင်ပေါလုက "ကယ်တင်တော်မူခြင်းသို့ရောက်ကြ၏" ဟု ပစ္စုပ္ပန်ကာလပြကြိယာပုံစံကိုအသုံးပြုထားသည်။ အကယ်၍ အပယ်ငရဲမှကယ်တင်ခံရခြင်းကို ရှင်ပေါလုဆိုလိုခဲ့လျှင် သူသည်၄င်းတို့၏အတိတ်မှဖြောင့်မတ်ရာသို့ရောက်ခြင်းကို "ကယ်တင်တော်မူခြင်းသို့ရောက်ခဲ့ကြပြီးဖြစ်၏" ဟုပို၍ သဘာဝကျကျပြောဆိုခဲ့ပါလိမ့်မည်။ ထို့အပြင်၊ ရှင်ပေါလုကကယ်တင်ခြင်းသည် ဖြောင့်မတ်ရာသို့ရောက်ခြင်း၌လည်းကောင်း၊ ယုံကြည်ခြင်း၌လည်းကောင်း ၄င်းတို့အပတ်တကုတ်ကြိုးစားအားထုတ်ခြင်းတို့၏အနာဂတ်ရလဒ်ဖြစ်သည်ဟုပြောဆိုနေလျှင် "ကယ်တင်တော်မူခြင်းသို့ရောက်ကြလိမ့်မည်"ဟုပြောဆိုခဲ့ပါလိမ့်မည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် သမ္မာတရားကိုစွန့်၍ဆန့်ကျင်ဘက်သို့ကူးပြောင်းခြင်း (သို့) သမ္မာတရားမှထွက်ခွာသွားခြင်းမျိုးကိုခွင့်မပြုနိုင်သောကြောင့် သမ္မာတရား၌တည်ကြည်စွဲမြဲနေခြင်းနှင့်အပတ်တကုတ်ကြိုးစားအားထုတ်

ခြင်းတို့ကို ထာဝရကယ်တင်ရာသို့ရောက်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ် ဖန်တီးနေပါသည်။ မည်သူကမျှ မိမိတို့သည် ဘုရားသခင့်နှုတ်ကပတ်တော်၏သမ္မာတရားတွင် ဆက်လက်၍စွဲစွဲမြဲမြဲ နေသွားမည့်အဖြစ်ကိုမသိရှိနိုင်ကြသောကြောင့် ထိုအနက်ဖွင့်ဘာသာပြန်ဆိုချက်နှင့်အတူကယ်တင်ခြင်းစိတ်ချမှုမျှော်လင့်ချက်များလည်း ပျောက်ကွယ်သွားရပါသည်။ သမ္မာတရားကိုစွန့်၍ဆန့်ကျင်ဘက်သို့ကူးပြောင်းသွားခဲ့သည့် (သို့) ကူးပြောင်းသွားကြမည့် ယုံကြည်သူများနှင့်စပ်ဆိုင်သောပုံဥပမာအချို့ကို ဓမ္မသစ်ကျမ်းတွင်တွေ့ရပါသည် (၁တိ ၄း၁–၃၊ ၅း၂၄–၁၅၊ ၆း၂၀–၂၁၊ ၂တိ ၁း၁၅၊ ၂း၁၇–၁၈၊၂၄–၂၆၊၄း၁၀၊၁၄–၁၆)။

ရှင်ပေါလုက ဧဝံဂေလိတရားတော်ကိုမိမိ၏ပထမဦးစားပေးအဖြစ်ဖန်တီးထားသည်မှာ အံ့သြစရာမဟုတ်ပါ။ "သင်တို့အားရှေးဦးစွာပေးအပ်သော" (၁ ကော ၁၅း၃၊ သမ္မာကျမ်းစာအချို့က "ပထမအရေးကြီးဆုံးအဖြစ်နှင့်ပေးအပ်သော" ဟုဘာသာပြန်ဆိုထားကြသည်)။ ကျွန်ုပ်တို့သည် ကယ်တင်ရာသို့ရောက်ရန် (အပြစ်တရား၏အခမ့ကယ်တင်ခံရ၍ အပယ်ငရဲမှကယ်တင်ခံရခြင်း)အတွက် ဧဝံဂေလိတရားကိုမှန်မှန်ကန်ကန် ဖြစ်စေကြဖို့လိုအပ်သည် ။ ထို့အပြင်၊ (အပြစ်၏အကျိုး သက်ရောက်မှုများမှ) ဆက်လက်၍ကယ်တင်ခြင်းကိုခံရန်အတွက်လည်း ဧဝံဂေလိတရားကို မှန်မှန်ကန်ကန် ဖြစ်စေကြရပါမည်။ ဘုရားသခင်က ကျွန်ုပ်တို့ကိုရရှိစေလိုသောကယ်နှုတ်ခြင်းမှာအပြစ်တရား၏ပြစ်ဒဏ်မှသာကယ်နှုတ်ခြင်း (ကျွန်ုပ်တို့၏ဖြောင့်မတ်ရာသို့ရောက်ခြင်း) မဟုတ်၊ အပြစ်ဒုစရိုက်၏တန်ခိုးမှကယ်နှုတ်ခံရခြင်းလည်းဖြစ်သည် (ကျွန်ုပ်တို့၏သန့်ရှင်းရာသို့ရောက်ခြင်း)။ ခရစ်ယာန်များဖြစ်ကြသည်နှင့်အမျှသခင်ယေရှုခရစ်၏အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းတို့တွင် ထိုသခင်နှင့်ကျွန်ုပ်တို့တလုံးတဝတည်းဖြစ်ခြင်း၏ဆိုလိုရင်းကို ကျွန်ုပ်တို့ သဘောပေါက်နားလည်ထားခြင်းက အလွန်အရေးကြီးပါသည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားတော်ကို ရိုးရိုးရှင်းရှင်းနှင့်မဖောက်မပြန်ထားရှိလျှင် ကျွန်ုပ်တို့၏ရှင်သန်လျောက်လှမ်းခြင်းသည်လည်း ရိုးရိုးရှင်းရှင်းနှင့်မဖောက်မပြန်ရှိနေပါလိမ့်မည်။

သခင်ယေရှုကိုချစ်လော့ (သို့) ကျိန်ခြင်းခံလော့ (Love Jesus or be cursed)။ ၁ ကော ၁၆း၂၂

အကြင်သူသည် သခင်ယေရှုခရစ်ကိုမချစ်၊ ထိုသူသည် အနသေမာဖြစ်စေသတည်း။ ဘုရားသခင်သည်ကြွလာတော်မူ၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဘုရားသခင်ကို

ချစ်မြတ်နိုးခြင်းမရှိသောသူတစ်ယောက်သည် ထာဝရပြစ်ဒဏ်ခံရခြင်းနှင့်အတူကျိန်ခြင်းကိုခံရပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဘုရားသခင်ကိုချစ်မြတ်နိုးခြင်းမရှိသောသူတစ်ယောက်သည် ဤဘဝဤအသက်တာတွင်ဘုရားသခင်၏ကျိန်ခြင်းအောက်၌ နေရပါလိမ့်မည်။

ဤကျမ်းချက်ကို က သမ္မာတရားအဖြစ်မှတ်ယူလျှင် ဘုရားသခင်ကိုချစ်မြတ်နိုးခြင်းမရှိသောသူတစ်ယောက် သည် ကယ်တင်ခြင်းသို့မရောက်နိုင် (သို့) ကယ်တင်ခြင်းဆုံးရှုံးရမည် (သို့) ကယ်တင်ခြင်းလုံးလုံးမရရှိကြောင်းကို သက်သေပြသည်ဟူ၍ဖြစ်လာမည်။ ဤအယူအဆတွင် ကျိန်ခြင်း (အနသေမာ) သည်အစဉ်ထာဝရကျိန်ခြင်း (သို့) ထာဝရအပါယ်ငရဲကိုရည်ညွှန်းနေပါသည်။

အနသေမာ ဟူသောစကားလုံးသည် *ဘုရားသခင်၏ကျိန်ခြင်းအောက်၌ရှိသည်* ဟူ၍ဆိုလိုသည်။ သမ္မာ ကျမ်းစာ၌တွေ့ရသည့်အခြားစကားလုံးများနည်းတူ ထိုကျိန်ခြင်း၏သဘောသဘာဝကို ကျမ်းအဆက်အစပ်အားဖြင့် တိုင်းတာဆုံးဖြတ်ရပါမည်။ *အနသေမာ* ဟူသောနာမ်ပုဒ်ကို ဓမ္မသစ်ကျမ်းတွင် ခြောက်ကြိမ်တိုင်တိုင်အသုံးပြုထားသည်။ ဤစကားလုံးသည် ရောမ ၉း၃ တွင် ထာဝရကျိန်ခြင်းကို ရည်ညွှန်းကောင်းရည်ညွှန်ပေမည်။ သို့သော်၊ ဤကျမ်းချက်တွင် ရှင်းလင်းသိသာနေသောအရာမှာ ရှင်ပေါလုက “ခရစ်တော်နှင့်ခွါ၍ကျိန်ခံချင်လောက်အောင်” မိမိ၏ပေါက်ဖော်ချင်းဖြစ်သောယုဒလူတို့ကိုကယ်တင်ခြင်းသို့ရောက်စေလိုသည့် မိမိ၏ကြီးမားသောစိတ်ဆန္ဒကိုဖော်ပြနေသည်မှာ ထင်ရှားနေပါသည်။ ၎င်းသည် (ဖြစ်နိုင်ခဲ့သည်ရှိသော်) သခင်ခရစ်တော်နှင့်မိမိ၏ဆက်ဆံရင်းနှီးမှု လက်လွှတ်အဆုံးခံခြင်းကိုရည်ညွှန်းခြင်းဖြစ်သည်။ ၁ ကော ၁၂း၃ တွင်တစ်စုံတစ်ယောက်သည် သခင်ယေရှုကို “ကျိန်ဆဲ” နိုင်သော်လည်း၊ ၎င်း၏ဆိုလိုရင်းကိုအတိအကျသိရန်မှာခက်ခဲပါသည်။ တမန်တော် ၂၃း၁၄ ရှိအခြားဖြစ်ရပ်တွင် ဤစကားလုံး၏ကြိယာပုံစံနှင့်နာမ်ပုံစံတို့ကို *ကျိန်ဆို၍မိဒ္ဒာန်ပြုခြင်း*ကိုဆိုလိုရန် အသုံးပြုထားပြီး၊ ၎င်းသည် ထာဝရပြစ်ဒဏ်ခတ်ခြင်းမဟုတ်ကြောင်းမှာ ထင်ရှားနေပါသည်။ အခြားသော (မှားယွင်းသော) ဧဝံဂေလိတရားကိုဟောပြောသောသူများအတွက် အလားအလာရှိသောအန္တရာယ်တစ်ခုအဖြစ်နှင့် ဤစကားလုံးကို ဂလာတိ ၁း၈–၉တွင် နှစ်ကြိမ်တိုင်အသုံးပြုထားသည်။ အခြားသောဧဝံဂေလိတရားကိုဟောပြောနိုင်ချေရှိသောသူများတွင် ရှင်ပေါလုက မိမိနှင့် ကောင်းကင်တမန်များကိုထည့်သွင်း ထားသောကြောင့်၊ ၎င်းသည် ထာဝရပြစ်ဒဏ်ခတ်ခြင်းကို ရည်ညွှန်းထားခြင်းဖြစ်ပုံ မတူပါ (သို့သော်၊ NIV ကျမ်းစာကထိုပုံစံဖြင့်အနက်ဖွင့်ဘာသာပြန်ဆိုထားပါသည်)။ ခရစ်ယာန်များအနေဖြင့် အခြားသော ဧဝံဂေလိတရားကိုဖက်တွယ်ထားရန်မှာဖြစ်နိုင်ချေရှိသောအရာဖြစ်သည်။

ဂလာတိအသင်းသားများသည် အခြားသောဧဝံဂေလိတရားဆီသို့လမ်းလွဲသွားနေကြသည့် အခြေအနေတွင်ရှိနေကြပါသည် (ဂလာတိ ၁း၆)။ ထို့အပြင်၊ ရှင်ပေါလုက ရှင်ပေတရုသည် စစ်မှန်သောဧဝံဂေလိတရားကိုအနည်းဆုံးမည်သို့ဆန့်ကျင်လုပ်ဆောင်ခဲ့သည်ကို ရှင်းလင်းပြောကြားထားပါသည် (ဂလာတိ ၂း၁၁–၁၄)။ ဓမ္မဟောင်းကျမ်းကို ဂရိဘာသာစကားဖြင့်ဘာသာပြန်ဆိုထားသည့်ကျမ်းတွင် *အနသေမာ* ဟူသောစကားလုံးကို ဘုရားသခင်၏ယာယီပစ္စုပ္ပန်နှင့်ဆိုင်သောကျိန်ခြင်းအဖြစ်အသုံးပြုထားသည် (တောလည်ရာ ၂၁း၃၊ ယောရှု ၆း၁၇၊၇း၁၂၊ တရားသူကြီး ၁း၇၊ ဇာခရိ ၁၄း၁၁)။

အထက်၌ဖော်ပြထားသော ဆိုလိုရင်းအဓိပ္ပါယ်များနှင့်ကျမ်းစကားအဆက်အစပ်အရ ၁ ကော ၁၆း၂၂ တွင်အသုံးပြုထားသည့်စကားလုံးကို ရေရေရာရာသတ်မှတ်ထားခြင်းမရှိသော ယခုပစ္စုပ္ပန်နှင့်ဆိုင်သည့်ကျိန်ခြင်းဖြင့် သတိပေးခြိမ်းခြောက်မှုတစ်ခုဟုယူဆ သင့်ပါသည်။ အမှန်ဆိုရလျှင်၊ ရှင်ပေါလုသည် ယုံကြည်သူများထံလိပ်မူရေးသားနေပြီး၊ ဩဝါဒစာတစ်စောင်လုံးတွင် ဤအချက်နှင့်ဆန့်ကျင်ပြောဆိုမှုအတွက် သက်သေအထောက်အထားမရှိပါ။ အနီးစပ်ဆုံးကျမ်းစကားအဆက်အစပ်၌ ရှင်ပေါလုက ၄င်းတို့အတွက် သခင်ယေရှုခရစ်၏အလုံးစုံသောကျေးဇူးတော်ကို ဆန္ဒပြုထားပြီး၊ "ယေရှုခရစ်၏တပည့်တော်ဖြစ်သမျှသော သင်တို့၌ငါ၏ချစ်ခြင်းမေတ္တာ ရှိ၏" ဟုဆိုထားသည် (၎ယ ၂၃–၂၄)။ ဤကောင်းကြီးမင်္ဂလာများ၌မယုံကြည်သူများကို ထည့်သွင်းပါဝင်စေခြင်းမှာမဖြစ်နိုင်ပါ။ ရှင်ပေါလုသည် ဤဩဝါဒစာတစ်စောင်လုံးတွင် ချစ်ခြင်းမေတ္တာကိုအထူးတန်ဖိုးထားပြောဆိုထားပါသည်။ ရှင်ပေါလုသည် သူတပါးတို့အားချစ်ခြင်း၏ပါရမီထူးများကို အခန်းကြီး ၁၃ တွင်ထုတ်ဖော်ပြောဆိုထားပြီး၊ ၁၆း၁၄ တွင် "သင်တို့သည် ခပ်သိမ်းသောအမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့်ဆောင်ရွက်ကြလော့" ဟုပြောထားသည်။ သို့သော်၊ ချစ်ခြင်းမေတ္တာ သည်ဘုရားသခင်၌အမြစ်တည်၍၊ ထိုချစ်ခြင်းမေတ္တာသည် ယုံကြည်သူများဖြစ်ကြသည့် စာဖတ်သူများက လစ်လျူထားခဲ့နိုင်သောအရာဖြစ်ကြောင်းကိုလည်းညွှန်ပြထားသည် (၈း၃ တွင် "အကယ်၍၊ လျှင်"ကိုကြည့်ပါ)။ ထို့အပြင်၊ ဘုရားသခင်ကိုချစ်သောသူများကို နှုတ်ဖြင့်မဖော်ပြနိုင်သော ကောင်းကြီးမင်္ဂလာများကစောင့်စားနေကြောင်းကိုလည်း ပြောပြထားသည် (၂း၉)။ ၄င်းသည် သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းကို မြင်တွေ့လိုသည် ရှင်ပေါလု၏ ပြင်းပြသောစိတ်ဆန္ဒကို ရှင်းပြခြင်းဖြစ်နိုင်သကဲ့သို့("သခင်ဘုရားကြွလာတော်မူပါ"–၁၆း၂၂)၊ ဘုရားသခင်ကို မချစ်သောသူများအတွက် ဆုလာဘ် (သို့) ကောင်းကြီးမင်္ဂလာမရှိခြင်းကိုသွယ်ဝိုက်၍ပြောဆိုခြင်းလည်ဖြစ်နိုင်ပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က ဘုရားသခင်ကိုချစ်ခြင်းသည် ကယ်တင်ခြင်းအတွက် ဘုရား သခင်ကို ယုံကြည်ခြင်းနှင့်မတူကြောင်းမှတ်ယူထားသည်။ ထို့အပြင်၊ ဘုရားသခင်ကိုချစ်ခြင်းအမှုကိုလည်း ယုံကြည်သူတိုင်း၌အာမမခံနိုင်ပါ။

ထိုသို့သာမဟုတ်ခဲ့လျှင်၊ ဘုရားသခင်ကိုချစ်ခြင်းအား ပညတ်ခဲ့လိမ့်မည်မဟုတ်ပါ (သို့) မေးခွန်း ထုတ်ခဲ့လိမ့်မည်မဟုတ်ပါ (နှိုင်းယှဉ်၊ ယောဟန် ၁၄း၂၁၊ ၂၁း၁၅–၁၇)။

ခရစ်ယာန်များအဖြစ်နှင့် ကျွန်ုပ်တို့သည်ဘုရားသခင်၏ကျေးဇူးတော်ကိုခံစားကြရသောကြောင့် ဘုရားသခင်ကို ကျွန်ုပ်တို့ချစ်နိုင်ကြသည်။ "ဘုရားသခင်သည် ငါတို့ကိုရှေးဦးစွာချစ်တော်မူသောကြောင့်၊ ငါတို့သည်ဘုရားသခင်ကို ချစ်ကြ၏" (၁ယော ၄း၁၉)။ သို့သော်၊ အခြားသူများအားချစ်ခြင်းအမှုကို ကျွန်ုပ်တို့လစ်လျူရှုနိုင်ကြသကဲ့သို့ ဘုရားသခင်အားချစ်ခြင်းကိုလည်း ကျွန်ုပ်တို့လစ်လျူရှုနိုင်ကြသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ ထိုသို့သာလစ်လျူရှုခဲ့ကြလျှင်၊ ကျွန်ုပ်တို့သည်အသက်တာ၌ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကိုခံစားမည့်အစား ဘုရားသခင်၏ကျိန်ခြင်း၏အောက်တွင်ရှိနေခဲ့ကြပါလိမ့်မည်။

ကိုယ့်ကိုယ်ကိုစစ်ကြောကြလော့ (Examine yourselves)။ ၂ ကော ၁၃း၅

> *သင်တို့သည် ယုံကြည်ခြင်းနှင့်တည်သလော၊ မတည်လောဟု ကိုယ်ကို ကိုယ်စစ်ကြောကြလော့။ ကိုယ်ကိုကိုယ်စုံစမ်းကြလော့။ သင်သည် အစစ်မခံနိုင်လျှင်မမှန်သေး၊ သင်တို့၌ ယေရှုခရစ်တည်တော်မူသည်ကို သင်မသိသလော။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်ခြင်းကိုဝန်ခံထုတ်ဖော်ထားသူများအားငှင်းတို့ခရစ်ယာန်များအမှန်တကယ်ဖြစ်ကြသည်၊ မဖြစ်ကြသည်ကိုစစ်ဆေးရန်ခွန်အားပေးတိုက်တွန်းထားသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ရှင်ပေါလုသည် တမန်တော်တစ်ပါးအဖြစ်နှင့် ကောရိန္သုခရစ်ယာန်များထံ၌ငှင်းတို့ကိုကယ်တင်တော်မူခဲ့သည့်တရားဒေသနာကိုဟောကြားခဲ့သောကြောင့်၊ ယခုတွင်ရှင်ပေါလု၏တမန်တော်အစစ်အမှန်ဖြစ်ခြင်းအတွက်သက်သေခံတစ်ခုအဖြစ်နှင့် ငှင်းတို့၏ကယ်တင်ခြင်းကိုကြည့်ရှုကြရန် ပြောနေပါသည်။

လုပ်ဆောင်မှု၌အခြေပြုသောကယ်တင်ခြင်းကိုရှိထားခြင်း၏အကျိုးဆက်များအနက် မှတစ်ခုမှာ ကယ်တင်ခြင်းစိတ်ချမှုသည် သခင်

ယေရှုခရစ်ကိုယုံကြည်ခြင်း တစ်ပါးတည်း၌အခြေမခံတော့ဘဲ၊ တစ်ဦးတစ်ယောက်၏ဆက် ကပ်အပ်နှံမှု (သို့) လုပ်ဆောင်မှုများ (သို့) သစ္စာရှိမှုတို့တွင် အခြေခံနေခြင်းဖြစ်သည်။ ဤအရာတစ်ခုတည်း ကပင်ကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ်ရန်ဖိတ်ခေါ်နေပါသည်။ ပြဿနာမှာ ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို ပြန်လည်ဆန်းစစ်ရန် သမ္မာကျမ်းစာနှင့်ညီညွတ်သောတိုက်တွန်းနှိုးဆော်ချက်မျိုးမရှိခြင်းဖြစ်သည်။ ဤကျမ်းချက်ကို လူအများကအသုံးပြုနေကျအတိုင်း အသုံးပြုပါမှသာ ထိုသို့စစ်ဆေးရမည်ဖြစ်သည်။ သို့သော်၊ ဆန့်ကျင်ဘက်အရာမှာ ဓမ္မသစ်ကျမ်းသည် စာရေးသူနှင့်ဌင်း၏စာဖတ်သူများအသေအချာကယ်တင်ခြင်းခံရကြောင်း အခိုင်အမာပြောဆိုထားချက်များ၊ ထုတ်ဖော်ပြောဆိုထားချက်များ၊ အမှန်အဖြစ်ယူဆထားချက်များနှင့်ပြည့်နေပါသည်။

"ဒါပေမယ့်၊ သံသယရှိတာကောင်းပါတယ်။ ကျွန်တော်တို့အမှန်တကယ်ကယ်တင်ခြင်းခံရ၊ မခံရကိုသိနိုင်ဖို့ ကျွန်တော်တို့ရဲ့အပြုအမူတွေကိုမေးခွန်းထုတ်ကြရမယ်" ဟုပြောဆိုတတ်ကြသည်။ သို့သော်၊ ဤအရာသည် ခရစ်ယာန် အသက်တာကိုချဉ်းကပ်ရန် သင့်တင့်ကောင်းမွန်သောနည်းလမ်းဟုတ်ပါသလား။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကဦးတည်ရည်မှန်း၍ယုံကြည်သောအရာ မှန်ကန်ကြောင်းကိုသေချာစေရန် သခင်ယေရှုခရစ်၏လူပုဂ္ဂိုလ်၊ သခင်ယေရှုပြုခဲ့သောအမှုတော်၊ ကိုယ်တော်ရှင်၏ကတိတော်စသည့် သခင်ယေရှုခရစ်နှင့်ပတ်သက်သောကျွန်ုပ်တို့၏ ယုံကြည်ချက်များကိုသာကျွန်ုပ်တို့အားလုံးမေးခွန်းထုတ်သင့်သည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။ သို့သော်၊ အခြားသူများကထိုသို့ပြုမည့်အစား၊ ကျွန်ုပ်တို့ကိုယ့်ကိုယ်ကိုအပေါ်၌ပို၍အလေးထားစူးစိုက်ကာမေးခွန်းထုတ်သင့်သည်ဟုပြောဆိုကြသည်။ ကျွန်ုပ်တို့ အမှန်တကယ်ယုံကြည်ခဲ့ကြပါသလား။ ခရစ်ယာန်တစ်ယောက်ကပြုမူကျင့်ကြံသင့်သည့်အတိုင်း (သို့) ပြုမူကျင့်ကြံခဲ့မည့်အတိုင်း ကျွန်ုပ်တို့ပြုမူကျင့်ကြံနေကြပါသလား။

ဤကျမ်းချက်၏ က သမ္မာတရားအဓိပ္ပါယ်မှာ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအစစ်အမှန်ဖြစ်ခြင်းကိုမေးခွန်းထုတ်ရန်တိကျပြတ်သားသောခွင့်ပြုချက်ကို သာမကညွှန်ကြားချက်ကိုပင် ဤကျမ်းချက်ကပေးနေပါသည် ဟူ၍ဖြစ် သည်။ ဤကျမ်းချက်ကို ဌင်း၏ကျမ်းစကားအဆက်အစပ်မှသီးခြားခွဲထုတ်၍လေ့လာလျှင် အထက်ပါအတိုင်းပြောဆိုနေပါလိမ့်မည်။ *သို့သော်၊ ကျမ်းစကားအဆက်အစပ်ကအရာခပ်သိမ်းကိုပြောင်းလဲသွားစေပါသည်။*

ဤဩဝါဒစာ၏ရည်ရွယ်ချက်နှင့်ကျွန်ုပ်တို့အစပြုကြရမည်ဖြစ်သည်။ ရှင်ပေါ

လုသည် ကိုယ်ကျင့်တရားနှင့်သက်ဆိုင်သော ပြဿနာများရှိနေသည်သာမဟုတ်၊ မိမိတမန်တော်အစစ်အမှန်ဖြစ်ခြင်းကိုလည်းမေးခွန်းထုတ်နေကြသည့် ကောရိန္သုခရစ်ယာန်အသင်းတော်ထံလိပ်မူရေးသားနေခြင်းဖြစ်သည်။ သူတို့သည် ရှင်ပေါလုကိုအမြဲတမ်းသံသယဖြစ်ခဲ့ကြသည့်အပြင်၊ ရှင်ပေါလုကိုဆန့်ကျင်ဘက်ပြုကြသော မိစ္ဆာတမန်တော်များ၏လွှမ်းမိုးခြယ်လှယ်ခြင်းကိုလည်းခံကြရသည် (၁၀း၂)။ ထိုကြောင့်၊ သူတို့၏ကိုယ်ကျင့်တရားပြဿနာများကို ဆုံးမပြုပြင်ပေးရင်း၊ ရှင်ပေါလုသည် မိမိ၏တမန်တော်အရိုက်အရာကိုလည်း ခုခံကာကွယ်ထားပါသည် (၅း၁၂–၁၃၊ ၁၀း၁–၁၀၊ ၁၂း၁၁–၁၃)။

ကောရိန္သုအသင်းသားများ၏ကိုယ်ကျင့်တရားယိုယွင်းပျက်ပြားခြင်းနှင့် မိမိအားသံသယဖြစ်နေမှုကြားမှာပင် ရှင်ပေါလုသည် သူတို့၏ကယ်တင်ခြင်းကို အတည်ပြုပေးထားသည်။ အမှန်ဆိုရလျှင် သူတို့အား ရှင်ပေါလုဖြောင်းဖျခြင်းသည် ၄င်းတို့ယုံကြည်သူများဖြစ်ကြသည်ဟူသောအချက်တွင် အခြေခံထားသည် (၁း၂၁–၂၂၊ ၃း၂၊ ၆း၁၄၊ ၈း၉၊ ၁၃း ၁၁–၁၄)။ သူတို့ကယ်တင်ခြင်းခံကြရကြောင်းကို ရှင်ပေါလုသံသယ မဖြစ်ခဲ့ပါ။ ရှင်ပေါလုကိုယ်တိုင်က သူတို့ကို သခင်ခရစ်တော် ထံဦးဆောင်လမ်းပြခဲ့ပါသည် (၁ကော ၁၅း၁–၂၊ ၂ ကော ၁း၁၉)။ ထိုအချက်က မိမိတမန်တော်အစစ်အမှန်ဖြစ်ခြင်းအတွက် ရှင်ပေါလုခြင်းငြင်းခုံချေပချက်၏အထွတ်အထိပ်ကို ဖော်ဆောင်ထားသည်။ ရှင်ပေါလုကကယ်တင်ခြင်းခံရသောကောရိန္သုအသင်းသားများသည် မိမိတမန်တော်အစစ်အမှန်ဖြစ်ခြင်း၏အထောက်အထားများအဖြစ်မှတ်ယူထားသည် (၂ကော ၃း၁–၃)။ ၁၀း၇ တွင်ရှင်ပေါလုက "အကြင်သူက၊ ငါသည် ခရစ်တော်၏လူဖြစ် သည်ဟု မိမိစွဲလမ်းခြင်းရှိ၏။ ထိုသူသည် ခရစ်တော်၏လူဖြစ်သကဲ့သို့ငါတို့လည်း ခရစ်တော်၏လူဖြစ်၏"ဟုပြောဆိုထားသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ သူတို့ကိုကယ်တင်ရာသို့ရောက်စေခဲ့သောဧဝံဂေလိတရားကို သူတို့ထံ၌ဆောင်ယူလာခဲ့သောသူမှာ ရှင်ပေါလုဖြစ်သောကြောင့် သခင်ခရစ်တော်သည် သူတို့၏အထဲ၌ရှိလျှင်၊ ရှင်ပေါလုသည်လည်း သခင်ခရစ်တော်နှင့်စပ်ဆိုင်သောသူဖြစ်ပါသည်။

ထို့ကြောင့်၊ ရှင်ပေါလုသည် သခင်ယေရှုခရစ်၏ပြောရေးဆိုခွင့်ရှိသူအမှန်ဖြစ်ကြောင်း သက်သေအထောက်အထားကို ကောရိန္သုအသင်းသားများကလိုချင်ခဲ့ကြကြောင်း အခန်းကြီး ၁၃ တွင် ကျွန်ုပ်တို့မြင်တွေ့ရသည် (၎ယ် ၃၂)။ ကောရိန္သုအသင်းသားများသည် မိမိတမန်တော်အစစ်အမှန်ဖြစ်ခြင်း၏ အထောက်အထားများဖြစ်ကြသည်ဟူသောအချက်ကို ရှင်ပေါလုက တစ်ဖန်အသုံးပြုထားသည်။ ကိုယ့်ကိုယ်ကိုစစ်ဆေးကြဖို့ ၄င်းတို့ကိုဖိတ်ခေါ်ပြီးနောက် တွင် ရှင်ပေါလုက "သင်တို့၌ယေရှုခရစ်တည်တော်မူသည်ကို သင်တို့မသိကြသလော။ သင်တို့သည် အစစ်မခံနိုင်လျှင်မမှန်သေး"ဟုပြောခဲ့သည်။ ဤအရာသည် အထွေအငေါ့ရောနှောထားသည့် အဖြေမတောင်းသော မေးခွန်းတစ်ခုဖြစ် သည်။ အဖြေမတောင်းသောမေးခွန်းဟုဆိုရခြင်းမှာ သူတို့သည်ယုံကြည်ခြင်း

(ကိုယ်ပိုင်ယုံကြည်ခြင်းမဟုတ်၊ သခင်ခရစ်တော်၏သမ္မာတရား) ၌တည်နေကြ၍၊ သခင်ခရစ်တော်သည်လည်း သူတို့၌တည်နေကြောင်းကို သူတို့ကိုယ်တိုင်ကသိနေခဲ့သောကြောင့်ဖြစ်သည်။ အထွေအငေ့ါဟုဆိုရခြင်းမှာ ၄င်းတို့သည် ရှင်ပေါလုကိုစစ်ဆေးလိုခဲ့ကြသော်လည်း ရှင်ပေါလုကထိုအရာကိုပြောင်းပြန်လှည့်၍အဖြေသည် မိမိ၌မရှိ၊ သူတို့၌သာရှိကြောင်းကိုပြန်ပြောခဲ့သောကြောင့်ဖြစ်သည်။ ရှင်ပေါလုသည် ကောရိန္သုအသင်းသားများထံ၌သခင်ခရစ်တော်ကိုတင်ပြဟောပြောပြီး၊ ကောရိန္သုအသင်းသားများသည် ကြယ်တင်ခြင်းသို့ရောက်ခဲ့ကြသောကြောင့် ရှင်ပေါလုသည် သခင်ယေရှုခရစ်၏စစ်မှန်သောတမန်တော်ဖြစ်ပါသည်။ သူတို့သည် ဤစစ်ဆေးမှု၌ကျရှုံး (*adokimos,* "အရည်အချင်းမပြည့်မီ") မှသာလျှင် ရှင်ပေါလု လည်းကျရှုံးခဲ့ပါလိမ့်မည်။ သူတို့သည် မည်သည့်အရာအတွက်အရည်အချင်းမပြည့်မီဖြစ်ရပါမည်နည်း (သို့) မည်သည့်စစ်ဆေးမှု၌ကျရှုံးခဲ့ကြပါမည်နည်း။ ရှင်ပေါလုက ၄င်းတို့၏ (သို့မဟုတ် မိမိ၏)ကယ်တင်ခြင်းကိုရည်ညွှန်းထားဟန် မတူပါ။ သခင်ခရစ်တော်ကိုယုံကြည်ပါသည်ဟူသော ၄င်းတို့ထုတ်ဖော်ပြောဆိုထားချက်အတိုင်း သင့်တင့်လျော်ညီစွာကျင့်ကြံနေထိုင်ရန်ပျက်ကွက်ခြင်းကိုရည်ညွှန်းထားဟန်ရှိသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ သူတို့သည် ဧဝံဂေလိတရားကိုတောင်းဆိုပြဋ္ဌာန်ထားသည့်အတိုင်း သစ္စာရှိရှိရှင်သန်လျှောက်လှမ်းရန် ပျက်ကွက်ခဲ့ကြခြင်းဖြစ်မည်။ လူကျင့်ဝတ်နှင့်ဆိုင်သော ဤစိုးရိမ်ပတ်သက်ပေးမှုသည်ကျမ်းစကားအဆက်အစပ်တွင် ထင်ထင်ရှားရှားပျံ့နှံ့နေပါသည် (၎ယ် ၄၊ ၇၊ ၈)။ ရှင်ပေါလုက မိမိသည်တမန်တော်တစ်ပါးဖြစ်သည်ဟု အခိုင်အမာပြောဆိုချက်နှင့်အညီတသမတ်တည်း ရှင်သန်ခဲ့သည့်အတိုင်း (၎ယ် ၇၊ ၈)၊ သူတို့အနေဖြင့်လည်း မိမိတို့မည်သူမည်ဝါဖြစ်ကြောင်းအခိုင်အမာပြောဆိုထားချက်နှင့်အညီ ရှင်သန်ခြင်းစာမေးပွဲကိုအောင်မြင်ကြရမည်။

ကျွန်ုပ်၏ထင်မြင်ချက်တွင် သက်ဆိုင်ရာကျမ်းအဆက်အစပ်အတိုင်းအသုံးမပြုခြင်းဖြင့် ဘုရားသခင်၏လူတို့၌အတိုင်းမသိသောများစွာသောထိခိုက်ပျက်စီးမှု ကိုဖြစ်စေသည့် ဤကျမ်းချက်လောက်မည်သည့်ကျမ်းချက်ကမျှ အသုံးချခံရခြင်း မရှိပါ။ သံသယစိတ်သည် သခင်ယေရှုခရစ်၏တပည့်တော်များကို မကြီးထွားစေပါ။ သင်သည် အနောက်သို့အမြဲကြည့်နေလျှင် အရှေ့သို့တက်လှမ်းသွားနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်ယုံကြည်သင့်သလောက်ယုံကြည်ခဲ့ပါသလား။ လိုအပ်သည်အထိ ကျွန်ုပ်ကောင်းမွန်စွာပြုမူကျင့်ကြံနေပါသလား။ ဤမေးခွန်းများသည် မိမိ၏အသိခံစားမှုတွင် အခြေခံနေကြပြီး၊ စိတ်မချရပါ။ ကျိုးကြောင်းဆီလျော်မှုရှိသည့်တစ်ခုတည်းသောမေးခွန်းမှာ မိမိ၏အသိခံစားမှုတွင်အခြေမခံသည့် ဓမ္မဓိဋ္ဌာန်ကျသောမေးခွန်းဖြစ်သည် – သခင်ယေရှုခရစ်သည် ကျွန်ုပ်အတွက် အသေခံ၍ရှင်ပြန်ထမြောက်ခဲ့ပြီး၊ ကျွန်ုပ်၌ထာဝရကယ်တင်ခြင်းကိုအာမခံပေးသည့်ဘုရားသခင်၏သားတော်အဖြစ် ကျွန်ုပ်ယုံကြည်ပါသလား။ ဤကျမ်းချက်သည်

ကောရိန္သုအသင်းသားများအား ၄င်းတို့၏ပြုမူကျင့်ကြံပုံတို့ကို စစ်ဆေးရန်မဖိတ်ခေါ်ထားပါ။ သူတို့ယုံကြည် ထားသောအရာကို ကြည့်ရှုစစ်ဆေးရန်သာ ဖိတ်ခေါ်ထားပါသည်။ "သင်တို့သည် ယုံကြည်ခြင်း၌တည်သလော၊ မတည်သလော"သည် မိမိ၏အသိခံစားမှုတွင်အခြေမခံဘဲ၊ အရှိအတိုင်းမှန်ကန်နေသည့်ခရစ်ယာန်သမ္မာတရားကို ရည်ညွှန်းထားသည်။ ပကတိပြည့်စုံခြင်းမရှိသော ရိုးသားသည့်မည်သည့်ပုဂ္ဂိုလ်တွင်မဆိုကိုယ်ကိုယ်ကိုစမ်းစစ်ခြင်းက သံသယစိတ်ကိုသာဖြစ်ပေါ်စေခဲ့ပါလိမ့်မည်။ သို့သော်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိ၏မိသားစုအတွင်း၌လက်ခံအသိမှတ်ပြုထားမှုကိုသံသယမဖြစ်စေချင်ပါ။ ထိုသို့သံသယဝင်မည့်အစား၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာအား အာမခံထားချက်နှင့် ဘုရားသခင်ကလက်ခံအသိအမှတ်ပြုကြောင်းအာမခံထားချက်တို့သည် အပြန်အလှန်အားဖြင့် ကိုယ်တော့်ကိုချစ်၍ အထံတော်၌အစေခံရန်ကျွန်ုပ်တို့ကိုစေ့ဆော်တိုင်တွန်းပေးသည့် အရာဖြစ်ရပါမည်။ ကယ်တင်ရာသို့သင်ရောက်၊ မရောက်ကိုသိရှိရန်ကိုယ့်ကိုယ်ကိုစူးစိုက်နေခြင်းကိုရှောင်ရှား၍ သခင်ခရစ်တော်ကိုသာစူးစိုက်ပါ။

ထိုသူသည် ကျိန်တော်မူခြင်းကိုခံစေ (Let him be accursed)။ ဂလာတိ ၁း၈–၉

> ၈ *သို့သော်လည်း၊ သင်တို့အား ငါဟောပြောသောဧဝံဂေလိ တရားမှတပါး၊ အခြားသော ဧဝံဂေလိ တရားကိုငါတို့သည် ဟောပြောသော်ငင်း၊ ကောင်းကင်ဘုံမှလာသော ကောင်းကင်တမန်ဟော ပြောသော်ငင်း၊ ဟောပြောသောသူသည် ကျိန်တော်မူခြင်းကိုခံစေ။* ၉ *တဖန်တုံ၊ သင်တို့ခံယူပြီးသော ဧဝံဂေလိတရားမှတပါး အခြားသောဧဝံဂေလိတရား ကို တစုံတယောက်သောသူဟောပြောလျှင်၊ ထိုသူသည်ကျိန်တော်မူခြင်းကိုခံစေဟု ငါတို့ဆိုခဲ့ပြီးသည်အတိုင်း ယခုငါထပ်၍ဆိုသေး၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အခြားသော (မှားယွင်းသော) ဧဝံဂေလိတရားကို ဟောပြောသည့် မည်သူမဆို၊ ထာဝရပြစ်ဒဏ်ခတ်ခြင်းနှင့်ကျိန်ခြင်းခံရပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အခြားသော (မှားယွင်းသော) ဧဝံဂေလိတရားကို ဟောပြောသည့် မည်သူမဆို ဘုရားသခင်၏ကျိန်ခြင်းအောက်၌ ရှိနေပါသည်။

"ကျိန်တော်မူခြင်းခံစေ" (accursed) ဟူသောစကားလုံးအတွက်အသုံးပြုထားသည့် ဂရိစကားလုံးမှာ *anathema* ဖြစ်ပြီး၊ ၄င်းစကားလုံးကိုကျွန်ုပ်တို့မြင်တွေ့ခဲ့ကြ

ပြီးဖြစ်သကဲ့သို့ (၁ကော ၁၆း၂၂၏ ဆွေးနွေးချက်ကိုကြည့်ပါ) *ထာဝရဘုရားကို ချစ်ခင်း* ကိုအတိအကျမဆိုလိုပါ။ သို့ပင်ဖြစ်သော်လည်း၊ ၄င်းသည် အခန်း၎ယ် ၈ နှင့် ၉ အတွက် NIV ကျမ်းစာတွင်အသုံးပြုထားသည့် က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ဖြစ်နေပါသည်။

ယာယီပစ္စုပ္ပန်နှင့်ဆိုင်သော ကျိန်ခြင်းတစ်မျိုးမျိုးကိုသေချာသလောက်ရည်ညွှန်းထားကြောင်းကို အစောပိုင်း၌ ကျွန်ုပ်တို့ပြသခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့ငြင်းခုံဆွေးနွေးခဲ့သည့်အတိုင်း ရှင်ပေါလုသည် မိမိထံမှစစ်မှန်သော၎ဝံဂေလိတရားကိုလက်ခံယုံကြည်ခဲ့ကြသော်လည်း၊ ယခုတွင်မူ အခြားသော (မှားယွင်းသော) ၎ဝံဂေလိတရားနောက်သို့လိုက်လျောက်ရန် ထိုစစ်မှန်သော၎ဝံဂေလိတရားကိုစွန့်ခွာနေကြသည့် ဂလာတိအသင်းတော်မှ ခရစ်ယာန်များထံလိပ်မူ ရေးသားနေပါသည် (၁း၆–၉)။ ဘုရားသခင်၏ကျိန်ခြင်းသည် အခြားသော (မှားယွင်းသော) ၎ဝံဂေလိတရားကို သွန်သင်ပေးသည့်သူတိုင်းအပေါ်၌ ကျရောက်ခဲ့ပါလိမ့်မည်။ ၄င်းတွင် ဂလာတိယုံကြည်သူများ၊ ကောင်းကင်တမန်များ၊ ရှင်ပေါလုကိုယ်တိုင်ပင်ပါဝင်နိုင်သကဲ့သို့ ဂလာတိယုံကြည်သူများကိုဖျက်ဆီးနေသည့် မှားယွင်းသောဆရာများလည်း ပါဝင်ခဲ့ပါလိမ့်မည် (ဤမှားယွင်းသောဆရာများကယ်တင်ခြင်းရရှိခဲ့ခြင်းရှိ၊ မရှိကိုကျွန်ုပ်တို့ မသိရပါ)။ ၂း၁၁–၁၄ တွင် ရှင်ပေတရ နှင့်ဗာနဗတို့ပင်လျှင် စစ်မှန်သော၎ဝံဂေလိတရားကို ထင်ယောင်ထင်မှားဖြစ်စေနိုင်စွမ်းရှိခဲ့ကြကြောင်းကို ကျွန်ုပ်တို့တွေ့ရသည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က အခြားသော (မှားယွင်းသော) ၎ဝံဂေလိတရားကို သွန်သင်ပေးသူများနှင့်ဖြစ်နိုင်လျှင် စစ်မှန်သော၎ဝံဂေလိတရားကိုကျောခိုင်းစွန့်ခွာကြသောသူများကိုပင် အစဉ်ထာဝရဒဏ်ခတ်စီရင်ခဲ့ပါလိမ့်မည်။ အချို့က ဂလာတိအသင်းသားများသည် အခြားသော၎ဝံဂေလိတရားကို နာခံလိုက်လျောက်ရန်အတွက်စစ်မှန်သော၎ဝံဂေလိတရားကိုကျောခိုင်းစွန့်ခွာကြချိန်တွင် မိမိတို့၏ကယ်တင်ခြင်းကို ဆုံးရှုံးကြရသည်ဟုပင်ဆိုကောင်းဆိုခဲ့ကြပါလိမ့်မည်။ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည်ပို၍အဓိပ္ပါယ်ရှိပါသည်။ အကြောင်းမှာ ကျိန်ခြင်းနှင့်စပ်ဆိုင်သောသတိပေးချက်သည် ရှင်ပေါလုအပါအဝင်ခရစ်ယာန်များဖြစ်ကြသော၎ဂလာတိအသင်းသားများနှင့်သက်ဆိုင်နေပြီး၊ ၄င်းတို့သည် သိသိသာသာကယ်တင်ခြင်းခံထားကြကာ၊ မိမိတို့၏ကယ်တင်ခြင်းကို မဆုံးရှုံးနိုင်ကြပါ။ ကျိန်ခြင်း၏သဘောသဘာဝအတိအကျကိုပြောပြမထားသော်လည်း၊ ၄င်းသည် အလွန်လေးနက်ပြင်း ထန်သောအရာဟု ထင်မြင်ယူဆ၍ရပါသည်။

ခရစ်ယာန်တိုင်းသည် မှားယွင်းသော၎ဝံဂေလိတရား ကိုမဟောပြောမိစေရန်အတွက် ၎ဝံဂေလိတရားကိုကျကျနနသဘောပေါက်နားလည်၍ ရှင်းရှင်းလင်းလင်းနှင့်အသိပေးပြောကြားရန်အထူးသတိထားကြရပါမည်။ ၎ဝံဂေလိတရားနှင့်ပတ်သက်၍လွဲ

မှားသောကြိုးစားအားထုတ်မှုများ (သို့) လွဲမှားသောအချက်အလက်များကို ဘုရားသခင်က ကောင်းကြီးမပေးမည့်အပြင်၊ ကျိန်ခြင်းကိုပင်ပြုနိုင်ပါသည်။ လူတို့၏ နောက်ဆုံးကြမ္မာပန်းတိုင်သည် အန္တရာယ်ချိန်ခွင်လျှာပေါ်၌ ဆုံးရှုံးထိခိုက်နိုင်ဖွယ်အခြေအနေတွင်ရှိနေကြသည်မှာ နားလည်သဘောပေါက်နိုင်သောအရာဖြစ်သည်။

ကျေးဇူးတရား၌မတည်၊ ရွေ့လျော့ကြပြီ (Falling from grace)။ ဂလာတိ ၅း၄

> *ပညတ်တရားအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သမျှသောသင်တို့သည် ခရစ်တော်နှင့်ကွာ၍ ကျေးဇူးတရား၌မတည်၊ ရွေ့လျော့ကြပြီ။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ပညတ်တရားအားဖြင့် ကယ်တင်ရာသို့ရောက်ဖို့ ကြိုးစားသောသူသည် ကယ်တင်ရာသို့ရောက်လိမ့်မည်မဟုတ်ပါ။

ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်သူတစ်ယောက်သည် မိမိ၏ကယ်တင်ခြင်းကိုဆုံးရှုံးနိုင်ပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်သူတစ်ယောက်သည် ကျေးဇူးတော်၏အကျိုးကျေးဇူးများကိုမသိကျိုးကျွန်ပြုရန်ရွေးချယ်နိုင်ပါသည်။

ပထမ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က တမန်တော်ရှင်ပေါလုသည် ဂလာတိအသင်းတော်ထဲမှ ကယ်တင်ခြင်းမခံရသောအုပ်စုတစ်စုကို လိပ်မူပြောဆိုနေသည်ဟုယူဆထားသည်။ သို့သော်၊ ရှင်ပေါလုသည် မိမိ၏တရားဒေသနာကို ယုံကြည်သူများနှင့်မယုံကြည်သူများကြားသွားလိုက်ပြန်လိုက်ဖြင့်ခေါက်တုန့်ခေါက်ပြန်ပြောင်းနေသည့်အရိပ်အယောင်ကို မတွေ့ရပါ။ ရှင်ပေါလုသည် ဂလာတိအသင်းသားများကယ်တင်ခြင်းခံကြရကြောင်းကို ယုံကြည်ထားသည်မှာ ထင်ရှားနေပါသည်။ ရှင်ပေါလုက သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုလက်ခံရရှိခဲ့ကြကြောင်းကိုလည်းကောင်း (၃း၁–၅၁)၊ ၄င်းတို့သည် အာဗြဟံ၏သားသမီးများဖြစ်ကြကြောင်းကိုလည်းကောင်း (၄း၉)၊ ထို့အပြင်၊ အနီးဆုံးကျမ်းစကားအဆက်အစပ်တွင် သူတို့ကိုလွှတ်တော်မူသော သခင်ယေရှုခရစ်၏လွှတ်ခြင်း အခွင့်ဥစ္စာတည်နေကြကြောင်းကိုလည်းကောင်း (၅း၁၁) အသိပေးထားသည်။ “ခရစ်တော်နှင့်ကွာ၍” ဟူသောစကားစုကသူတို့သည် တစ်ချိန်

တစ်ခါ၌ သခင်ခရစ်တော်နှင့်မကွာခဲ့သောသူများဖြစ်ခဲ့ကြသည်ဟု သွယ်ဝိုက်ညွှန်းဆို နေပြီး၊ ၄င်းသည် မယုံကြည် သူများကို ဖော်ကျူးခြင်းမဖြစ်နိုင်ပါ။ "ကျေးဇူးတရား၌ မတည်၊ ရွှေ့လျော့ကြပြီ" ဟူသောစကားစုသည် မယုံကြည်ခြင်းကို ရည်ညွှန်းဖို့ဆိုလျှင်ဖြစ် ရိုးဖြစ်စဉ်မဟုတ်သော ထူးဆန်းသည့်အသုံးအနှုန်းတစ်ခုသာဖြစ်ခဲ့ပါလိမ့်မည်။ ထိုအစား၊ ဤစကားစုက သွယ်ဝိုက်၍ပြောဆိုနေသောအရာမှာ ဂလာတိအသင်းသားများသည် ကျေးဇူးတော်ကိုခံစားရသည့် အနေအထားတစ်ခုတွင်ရှိနေခဲ့ကြပါသော်လည်း ထို ကျေးဇူးတော်ကိုစွန့်ပစ်ကျောခိုင်းခဲ့ကြသည်ဟူ၍ဖြစ်သည်။ ဤဩဝါဒစာ၌ ရှင်ပေါလု ဆွေးနွေးတင်ပြချက်၏ ကျမ်းစကားအဆက်အစပ်မှာ ကယ်တင်ခြင်း (သို့)သန့်ရှင်းရာ သို့ရောက်ခြင်းအတွက် ပညတ်တရားအားစောင့်ထိန်းခြင်းသို့ ပြန်သွားကြသောယုံကြည် သူများအကြောင်းဖြစ်သည်။

ဒုတိယ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုခြင်းက စာဖတ်သူများသည် ကယ်တင်ခြင်းခံရသောသူများဖြစ်ကြောင်းကိုအနည်းဆုံးမှတ်ယူထားသည်။ သို့သော်၊ ၄င်းတို့သည်မိမိတို့၏ကယ်တင်ခြင်းကိုဆုံးရှုံးခဲ့ကြရသည်ဟူသောအယူအဆကိုမူငြင်း ပယ်ရပါလိမ့်မည်။ ကျွန်ုပ်တို့မြင်တွေ့ကြရသည့်အတိုင်း ရှင်ပေါလုသည် သူတို့ကိုခရစ် ယာန်များသဖွယ်ဖျောင်းဖျသွေးဆောင်နေပါသည်။ ရှင်ပေါလုသည် ဂလာတိအသင်းသား များကို ကျေးဇူးတော်၏အကျိုး၌ ရှင်သန်ကြရန်အလိုရှိသော်လည်း၊ ထိုအရာသည် ပညတ် တရားဆီသို့ပြန်သွားလျှင် ဖြစ်နိုင်ချေရှိတော့မည် မဟုတ်ပါ။

ကျေးဇူးတော်အကြောင်း ရှင်ပေါလု၏သွန်သင်ချက်သည် ဤကျမ်းချက်၏ အဓိကသော့ချက်ဖြစ်သကဲ့သို့ ဂလာတိဩဝါဒစာစောင်တစ်စောင်လုံး၏အဓိကသော့ ချက်လည်းအမှန်ဖြစ်သည်။ ဂလာတိအသင်းသားများသည် "ခရစ်တော်၏ကျေးဇူး တော်အား ဖြင့်" ဆင့်ခေါ်ခြင်းကိုခံခဲ့ကြရပါသည် (၁း၆)။ သို့သော်၊ မှားယွင်းသော ဆရာများသည် ရှင်ပေါလု၏သွန်သင်ချက်ကိုတမင်ဖျက်ဆီးရန်ကြိုးစားနေကြပြီး၊ ဂလာ တိအသင်းသားများကိုလည်း မောရှေစီရင်သော ပညတ်တရားအောက်သို့ပြန်သွားကြရန် ဖျားယောင်းသွေးဆောင်နေကြပါသည် (၁း၆–၉၊ ၃း၁၊ ၄း၇၊ ၅း၇၊ ၁၂)။ ရှင်ပေါလုက ဂလာတိအသင်းသားများထံ၌သူတို့ကိုကယ်တင်ရန်အတွက်လည်းကောင်း၊ သန့်ရှင်းရာ သို့ ရောက်စေရန်အတွက်လည်းကောင်း ပညတ်တရားကိုယုံကြည်ကိုးစားနေခြင်း၏ မိုက်မဲမှုကိုပြသရန် ဤစာစောင်ကို ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ရန် ရှင်ပေါလု၏မဟာဗျူဟာအစိတ်အပိုင်းတစ်ခုမှာ ရှင်ပေတရသည်ကျေးဇူး တော်နှင့် မည်သို့ရှေ့နောက်မညီစွာကျင့်ကြံနေခြင်းကိုပြသရန်ဖြစ်သည် (၂း၁၁–၁၄)။ ထိုအချက်ကို တုန့်ပြန်သည့် အနေဖြင့် ရှင်ပေါလုက "ဘုရားသခင်၏ကျေးဇူးတော်ကိုငါမပယ်" ဟုအတည်ပြုထားသည် (၂း၂၁)။ ဂလာတိအသင်းသားများသည် ဝိညာဉ်တော်အားဖြင့် အစပြုခဲ့ကြသည့်နည်းတူ၊ ပညတ်တရားကိုမိမိတို့၏ကိုယ်တိုင်ကြိုးစားအားထုတ်မှု

များဖြင့် စောင့်ထိန်းခြင်းဆီသို့ပြန်လှည့်သွားခြင်းထက် ထိုဝိညာဉ်တော်၌ဆက်လက်၍ ရှင်သန်ကြသည်ကို ရှင်ပေါလု အလိုရှိခဲ့သည် (၃း၂–၃)။ ဂလာတိအသင်းသားများအား ကျေးဇူးတော်အောက်ရှိ မိမိတို့၏လွတ်လပ်ခြင်း၌ "တည်နေကြ" ၍ပညတ်တရား၏ ကျွန်ပြုခြင်းဆီသို့ပြန်မသွားကြရန် တိုက်တွန်းနှိုးဆော်ထားသည် (၅း၁)။ ပညတ်တရားအောက်တွင် သူတို့သည် ဘုရားသခင်၏စိတ်ကိုကျေနပ်စေနိုင်မည် မဟုတ်သကဲ့သို့ ကြီးထွားရင့်ကျက်ခြင်းသို့လည်းရောက်နိုင် ကြမည်မဟုတ်ပါ။ အကြောင်းမှာ၊ ဇာတိပကတိစိတ်၏ကြိုးစားအားထုတ်မှုများသည် မည်သူ့ကိုမျှဘုရားသခင်နှင့်မနီး စပ်စေသကဲ့သို့၊ ပညတ်တရားကိုလည်း သူတို့ပြည့်စုံစွာစောင့်ထိန်းနိုင်ခဲ့ကြမည်မဟုတ်သောကြောင့်ဖြစ်သည်။

အခန်းငယ် ၄ တွင်ရှင်ပေါလုက ဂလာတိခရစ်ယာန်များသည် သန့်ရှင်းရာသို့ရောက်ခြင်းကိုဖြစ်စေသောနည်း လမ်းတစ်ခုအဖြစ် ပညတ်တရားဆီသို့လှည့်ပြန်ကြလျှင် ၄င်းတို့သည် သခင်ခရစ်တော်နှင့် "ကွဲကွာ" (*katargeô*ဟူသောစကားလုံးမှ)လာကြမည်ဖြစ်ကြောင်းကို ရှင်းပြထားပါသည်။ ထိုစကားလုံးသည် *ခွဲထားခံရသည်* (သို့) တစ်စုံတစ်ခုကို *ထိရောက်မှုမရှိစေ* (သို့) *အစွမ်းအစမဲ့စေသည်* ဟုဆိုလိုသည်။ ဂလာတိအသင်းသားများသည် ပညတ်တရားကို စောင့်ထိန်းရန် မိမိတို့၏ကိုယ်တိုင်ကြိုးစားအားထုတ်မှုများကိုယုံကြည်ကိုးစားနေကြလျှင် သူတို့သည် ဘုရားသခင့်ကျေးဇူတော်၏တန်ခိုးတော်ကိုယုံကြည်ခြင်းအားဖြင့် ကိုးစားကြတော့မည်မဟုတ်ပါ။ "ရွေ့လျော့သည်" (*ekpiptô* ဟူသောစကားလုံးမှ) ဟူသောအဓိပ္ပါယ်တွင် *ဆုပ်ကိုင်ထားမှုပြေလျော့လာခြင်း* (သို့) *တစ်စုံတစ်ခုမှ တဖြည်းဖြည်းရွေ့လျားလွင့်ပါးသွားခြင်း* ဟူသောအယူအဆရှိသည်။ ကယ်တင်ခြင်းကိုသူတို့ဆုပ်ကိုင်ထားမှု မဟုတ်၊ ကျေးဇူးတော်အားသူတို့ဆုပ်ကိုင်ထားမှုမှာပြေလျော့လာပါလိမ့်မည်။ ၄င်းတို့၏ကယ်တင်ခြင်းသည် ကျိန်းသေဖြစ်သော အရာဖြစ်သည့်အပြင် ပြန်လည်ပယ်ဖျက်၍မရနိုင်သောအရာလည်းဖြစ်သည်။ ရှင်ပေါလုသည် ဂလာတိအသင်းသားများ၏လက်တွေ့ကျင့်ကြံနေထိုင်ပုံကို ပြောဆိုနေခြင်းဖြစ်သည်။ ၄င်းတို့၏ဖြစ်တည်မှုအနေအထားကို မဟုတ်ပါ။ ဂလာတိအသင်းသားများသည် ၄င်းတို့ကြီးထွားရင့်ကျက်လာဖို့ကူညီပေးရန်အတွက် လက်ဆောင်တစ်ပါးအဖြစ်နှင့်ပေးအပ်ထားသောဘုရားသခင်၏ကျေးဇူးတော်နှင့် ဖီလာဆန့်ကျင်၍ ရှင်သန်လှုပ်ရှားခဲ့ကြပေမည်။ သူတို့သည် ဘုရားသခင်၏ တန်ခိုးတော်နှင့်ထောက်ပံ့ပေးကမ်းခြင်းတို့မှဖြတ်တောက်ခြင်းကိုခံကြရပါလိမ့်မည်။ မည်သည့်ခရစ်ယာန်မဆို သခင်ခရစ်တော်ရှိမိမိတို့၏အမှန်ဖြစ်တည်နေမှုနှင့်ဆန့်ကျင်၍ရှင်သန်နိုင်ကြပါသည်။ ဂလာတိအသင်းသားများထံ၌ရှင်ပေါလုငြင်းခုံဆွေးနွေးချက်၏ဆိုလိုရင်းသည် ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို အားပေးထောက်ခံနေပါသည်။

လက်ဆောင်အနေနှင့်ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရပြီးနောက်တွင်

ကျွန်ုပ်တို့၏ကိုယ်တိုင်ကြိုးစား အားထုတ်မှုများဖြင့် ဘုရားသခင်ကိုစိတ်ကျေနပ်စေရန် ကြိုးစားခြင်းသည် ကျေးဇူးတော်မှရွှေ့လျော့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကိုကယ်တင်တော်မူသောကျေးဇူးတော်သည် ကျွန်ုပ်တို့ကိုဆက်လက်ကယ်တင်ထားသောကျေးဇူးတော်ဖြစ်ပြီး၊ ကျွန်ုပ်တို့ကြီးထွားရင့်ကျက်ရန် ကူညီပေးသောကျေးဇူးတော်ပင်ဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့နှင့်ထိုက်တန်မှုလုံးဝမရှိသောအရာဖြစ် သက့ဲသို့ ကယ်တင်ခြင်းမှစ၍နောက်ဆုံးဘုန်းအသရေတင့်ခြင်းအထိ ကျွန်ုပ်တို့အလိုအပ်ဆုံးသောအရာလည်းဖြစ်သည်။ ကျွန်ုပ်တို့လိုအပ်ချက်များအားလုံးအတွက် ဘုရားသခင်၏ကျေးဇူးတော်ကို ယုံကြည်ခြင်းအားဖြင့်တိုးဝင်ခံစားနိုင်ကြပါသည် (ရောမ ၅း၂)။

မေတ္တာအားဖြင့် ပြုပြင်တတ်သောယုံကြည်ခြင်း (Faith working through Love)။ ဂလာတိ ၅း၆

ယေရှုခရစ်ထံ၌ အရေဖျားလှီးခြင်းအကျိုးမရှိ။ မခံဘဲနေခြင်းလည်းအကျိုးမရှိ။ မေတ္တာအားဖြင့် ပြုပြင်တတ်သောယုံကြည်ခြင်းသာအကျိုးရှိ၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကယ်တင်ရာသို့ရောက်စေသောစစ်မှန်သည့် ယုံကြည်ခြင်းသည် ချစ်ခြင်းမေတ္တာကိုလက်တွေ့ထင်ရှားစေရပါမည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ခရစ်ယာန်များသည် ပညတ်တရားကိုစောင့်ထိန်းခြင်းအားဖြင့် သန့်ရှင်းရာသို့မရောက်ကြပါ။ မိမိတို့၏ယုံကြည်ခြင်းအား ချစ်ခြင်းမေတ္တာကိုလက်တွေ့ထင်ရှားပြသရန် ခွင့်ပြုပေးခြင်းအားဖြင့်သာ သန့်ရှင်းရာသို့ရောက်ကြပါသည်။

ဤနေရာ၌ဖြေကြားရန်လိုအပ်သည့် အရေးကြီးသောမေးခွန်းတစ်ခုမှာ "အကျိုးမရှိ" (avails anything) ဟူသောစကားလုံးများသည် မည်သည့်အရာကိုရည်ညွှန်းသနည်းဟူသောမေးခွန်းဖြစ်သည်။ "အကျိုးရှိသည်" (avail) ဟူသောစကားလုံး (*ischuô*) သည် တစ်စုံတစ်ခုကို *လုပ်နိုင်စွမ်းသည်* (သို့) *ပြီးမြောက်စေနိုင်စွမ်းသည်* ဟုဆိုလိုသည်။ ရှင်ပေါလုက ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာသည် တစ်စုံတစ်ခုကိုပြီးမြောက်စေကြကြောင်း အခိုင်အမာပြောဆိုနေပါ သည်။ "မေတ္တာအားဖြင့်ပြုပြင်တတ်သောယုံကြည်ခြင်း"သည် တစ်စုံတစ်ယောက်အတွက် ကယ်တင်ခြင်းကိုပြီးမြောက်စေနိုင်စွမ်းပါသလား (သို့) တစ်ဦးတစ်ယောက်၏ကယ်တင်ခြင်းကိုသက်သေထူပါသလား။ ထိုသို့သာဖြစ်လျှင် ကယ်တင်ခြင်းသည် လုပ်ဆောင်မှုတွင်အခြေခံနေခဲ့ပါလိမ့်မည်။

ကယ်တင်ခြင်း (သို့) ကယ်တင်ခြင်းကို သက်သေထူးခြင်းတို့သည် ဤနေရာ၌ ပြောကြားလိုသောအဓိကအကြောင်းအရာ မဖြစ်နိုင်ပါ။ အကြောင်းမှာ ဤအပိုင်းတွင် ရှင်ပေါလုက ဂလာတိအသင်းသားများ၏ ဖြောင့်မတ်ရာသို့ ရောက်ခြင်းနှင့်ဆိုင်သောအတွေ့အကြုံအကြောင်း (၄င်းဆွေးနွေးချက်သည် ၃း၁–၉ တွင်ပြုလုပ်ခဲ့ပြီးဖြစ်သည်) ကိုပြောဆိုနေခြင်း မဟုတ်၊ သန့်ရှင်းရာသို့ ရောက်ခြင်းနှင့်ဆိုင်သောအတွေ့အကြုံအကြောင်းကိုပြောဆိုနေသောကြောင့် ဖြစ်သည်။ ထို့အပြင်၊ ရှင်ပေါလု၏ထုတ်ဖော်ပြောဆိုချက်သည် "သခင်ယေရှုခရစ်၌" တည်နေကြသောသူများအကြောင်းဖြစ်ပြီး၊ ၄င်းသည် ယုံကြည်သူတို့ကို ရှင်းလင်းပြတ်သားစွာညွှန်ဆိုထားချက်တစ်ခုဖြစ်သည်။ ဤနေရာ၌ တွေ့ရသည့်အဓိကအကြောင်းအရာမှာ ခရစ်ယာန်များသည် (အရေဖျားလှီးခြင်းအားဖြင့် ကိုယ်စားပြုထားသည့်) ပညတ်တရားအားဖြင့် သန့်ရှင်းရာသို့ရောက်နိုင်ပါသလား (သို့) ကျေးဇူးတော်အားဖြင့်သန့်ရှင်းရာသို့ရောက်နိုင်ပါသလားဟူ သောအချက်ဖြစ်သည်။ သန့်ရှင်းရာသို့ရောက်ခြင်းကို အထမြောက်ပြည့်စုံစေရန်အတွက် ခရစ်ယာန်တစ်ယောက် အရေဖျားလှီးခြင်းခံယူသည်၊ မခံယူသည်ဟူသောအချက်မဟုတ်၊ သူတစ်ပါးကိုချစ်ခြင်းဖြင့် မိမိ၏ယုံကြည်ခြင်းကို လက်တွေ့ကျင့်သုံးခြင်းရှိ၊ မရှိဟူသောအချက်ဖြစ်သည်။ ပညတ်တရားကိုစောင့်ထိန်းခြင်း (အရေဖျားလှီးခြင်းကိုခံယူခြင်း) သည် မိမိတို့၏အသက်တာ၌ဖြောင့်မတ်ခြင်းကိုဖြစ်စေလိမ့်မည်ဟု ထင်မှတ်နေကြသောသူများသည် သခင်ခရစ်တော်ကို ယုံကြည်ခြင်းမရှိကြ၊ သူတို့သည် ကျေးဇူးတော်မှလည်ကောင်း၊ ကျေးဇူးတော်၏အကျိုးကျေးဇူး များမှလည်ကောင်းစွန့်ခွါသွေဖည်နေကြပါသည် (အထက်မှဂလာတိ ၅း၂–၄ အားဆွေးနွေးထားချက်ကိုကြည့်ပါ)။ ခရစ်ယာန်အသက်တာ တွင်ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်ကြရပြီး (၅း၅)၊ ထိုယုံကြည်ခြင်းကို လက်တွေ့ကျင့်သုံးနိုင်သည့် အဓိကနည်းလမ်းမှာ သူတစ်ပါးတို့ကိုချစ်ခြင်းဖြစ်သည် (၅း၆၊ နှိုင်းယှဉ် ၄း၁၃–၁၄)။

ဤကျမ်းချက်နှင့်စပ်လျဉ်း၍၊ က သမ္မာတရားရှူထောင့်သည် ဇဝေဝါနှင့်ရှုပ်ထွေးစေပြီး၊ လူတစ်ယောက် မည်သို့ကယ်တင်ခြင်းခံရသည့်အကြောင်းနှင့်ပတ်သက်၍မှားယွင်းနေပါသည်။ ခ သမ္မာတရားရှူထောင့်သည် ယုံကြည်သူများအတွက်အစွမ်းထက်သောအခြေခံစည်းမျဉ်းဥပဒေသတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်း သည် ချစ်ခြင်းမေတ္တာ၌ ၄င်းကိုယ်ကိုထုတ်ဖော်ပြသသောအခါ၊ ကျွန်ုပ်တို့သည် ဖြောင့်မတ်တော်မူသောသခင်ယေရှုခရစ်နှင့် ပို၍သဏ္ဌာန်တူလာရန်အတွက် ဖြောင့်မတ်ခြင်း၌ကြီးထွားလာကြပါသည်။

သင်မျိုးစေ့ကြဲသည့်အတိုင်းရိတ်သိမ်းရ၏ (Reap what you sow)။ ဂလာတိ ၆း၇–၈

၇ ဘုရားသခင်သည်မထီမဲ့ပြင်ပြုခြင်းကို ခံတော်မမူ။ လူသည်မျိုးစေ့ကြဲသည်အတိုင်းအသီးအနှံကိုရိတ်ရလိမ့်မည်။ ၈ မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည်ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်းအသီးအနှံကို ရိတ်ရလိမ့်မည်။ ဝိညာဉ်ပကတိ၌မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်းအသီးအနှံကိုရိတ်ရလိမ့်မည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဆိုးညစ်သောပြုမူဆောင်ရွက်ချက်များသည် ထာဝရအပြစ်ဒဏ်ခတ်ခြင်းကိုဆောင်ယူလာပေးသည် (သို့) လူတစ်ယောက်အပယ်ငရဲသို့သွားနေခြင်းကိုသက်သေထူနေပါသည်။ သို့သော်၊ ကောင်းသောပြုမူဆောင်ရွက်ချက်များသည် ထာဝရကယ်တင်ခြင်းကိုဆောင်ယူလာပေးသည် (သို့) ထာဝရကယ်တင်ခံရခြင်းကိုသက်သေထူနေပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဇာတိပကတိအတိုင်းအသက်ရှင်သောခရစ်ယာန်များသည် မိမိတို့၏အသက်တာကို အချည်းနှီးဖြုန်းတီးကြ၍၊ ကောင်းသောအရာကိုလုပ်ဆောင်သူများမူကား ဘုရားသခင်၏ပြည့်စုံတော်မူသောအသက်တာကိုတွေ့ကြုံခံစားကြရပါလိမ့်မည်။

ဤကျမ်းချက်အတွက် သင့်တင့်ကောင်းမွန်သောအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ပံ့ပိုးပေးကမ်းရန်အနီးစပ်ဆုံးကျမ်းစကားအဆက်အစပ်က ပြည့်စုံလုံလောက်နေပါသည်။ ကျွန်ုပ်တို့သတိပြုမိသော ပထမဆုံးအချက်မှာ ရှင်ပေါလုသည် ယုံကြည်သူစာဖတ်ပရိသတ်များ (၄င်းတို့၏ကယ်တင်ခြင်းခံထားရသော အခြေအနအကြောင်းကို ပြောပြထားသည့် ကနဦးမှငြင်းခုံဆွေးနွေးချက်ကိုကြည့်ပါ)ကို နူတ်ကပတ်တရားတော်အား "သွန်သင်ခံယူသူ" များအဖြစ်နှင့် လိပ်မူပြောဆိုနေခြင်းဖြစ်သည်ဟူသောအချက်ဖြစ်သည် (၎ယ် ၆)။ သူတို့သည် (ရှင်ပေါလုကဲ့သို့သောခရီးသွားသာသနပြုဆရာများဖြစ်ဖွယ်ရှိသည့်) ၄င်းတို့ကိုသွန်သင်ပေးသောဆရာများထံ၌ "ကောင်းသောအရာရှိသမျှကိုဝေမျှ" ကြရန်ပြောဆိုခြင်းကိုလည်းခံကြရသည်။ ထိုပြောဆိုချက်သည် သူတို့၏ဆရာများအားအမှုတော်ဆောင်ရာ၌ ငွေကြေးအားဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများအားဖြင့်လည်းကောင်း မည်သည့်နည်းနှင့်မဆို ကူညီထောက်ပံ့ပေးခြင်းကိုပြသသည့် ထင်ရှားမြင်သာသောရည်ညွှန်းချက်တစ်ခုဖြစ်သည်။ ရှင်ပေါလုသည် ဤဝေမျှခြင်းအယူအဆအဆုံးသတ်ပြောဆိုထားသည့် ကျမ်းချက်ဖြစ်သော အခန်း၎ယ် ၁၀ တွင်ထပ်လောင်းပြောဆိုထားသော်လည်း၊ ၄င်းတို့ကိုသွန်သင်ပေးသည့်ဆရာများအပေါ်၌သာကောင်းသောအရာကိုလုပ်ဆောင်ရန်မဟုတ်၊ လူအားလုံးအပေါ်၌သော်လည်းကောင်း၊ အထူးသဖြင့်အသင်းတော်မှလူများထံ၌သော်လည်းကောင်းလုပ်ဆောင်ကြရန်ရှင်ပေါလုကမိမိ၏တိုက်

တွန်းနှိုးဆော်မှုကိုထပ်ရှင်းထားသည်။

အဖွင့်နှင့်အပိတ်ကဲ့သို့ဖြစ်နေသော အခန်းငယ် ၆ နှင့် ၁၀ သည်ခရစ်ယာန်များက အခြားခရစ်ယာန်များထံ ပေးကမ်းစွန့်ကြဲခြင်းအကြောင်းကို လိပ်မူပြောဆိုထားရာ အခန်းငယ် ၇–၉ ရှိ ရှင်ပေါလု၏စကားလုံးများမှ စူးစိုက်ပြောဆိုထားသည်ဟု ကျွန်ုပ်တို့ မျှော်လင့်ရသောသူများမှာ မည်သူများဖြစ်ကြသနည်း။ ယုံကြည်သူများသာဖြစ်နိုင်ပါသည်။ ဖြစ်လည်းဖြစ်ကြပါသည်။ ဤနေရာ၌တွေ့ရသော အခြေခံတွေးခေါ်ယူဆချက်မှာ ဤသို့ဖြစ်သည်။ ယုံကြည်သူများသည် မိမိတို့၌ရှိထားသောအရင်းမြစ်များအား ဝေမျှပေးကမ်းခြင်းကိုထိမ်ချန်ထားခြင်းအားဖြင့် ပို၍စုဆောင်းမိလိမ့်မည်ဟု ထင်မှတ်ထားလျှင်၊ ၄င်းတို့သည်ကိုယ့်ကိုယ်ကိုလှည့်ဖြားနေကြခြင်းသာဖြစ်သည်။ အခြေခံစည်းမျဉ်းဥပဒေသမှာလယ်လုပ်သူသည် မိမိကြဲသောမျိုးစေ့အမျိုးအစားနှင့်အရေအတွက်ပမာဏာအတိုင်း သာရိတ်သိမ်းနိုင်သကဲ့သို့တစ်ဦးတစ်ယောက်သည်လည်း မိမိပေးကမ်းသောအရာအားဖြင့် အကျိုးအမြတ်ကိုရရှိခံစားရပါသည်ဟူ၍ဖြစ်သည်။ ယုံကြည်သူများသည် တစ်ကိုယ်ကောင်းဆန်စွာမျိုးစေ့ကြဲသောအခါ (အခြားသူများအားဝေမျှပေးကမ်းခြင်းကို ထိမ်ချန်ထားခြင်းအားသွယ်ဝိုက်ညွှန်းဆိုသည်) သူတို့သည် "ပုပ်ပျက်ခြင်း" ကိုရိတ်သိမ်းကြရပြီး၊ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြပို့ဆောင်သည့်အတိုင်း မျိုးစေ့ကိုကြဲလျှင်၊ သူတို့သည် "ထာဝရအသက်ရှင်ခြင်း"ကို ရိတ်သိမ်းကြရပါသည်။

ဤနေရာတွင် ကျွန်ုပ်တို့သည် ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုခြင်းအတွက် ငြင်းခုံဆွေးနွေးနေခဲ့ခြင်း ဖြစ်သည်။ အဓိကအားဖြင့် "ပုပ်ပျက်ခြင်း၊" "ထာဝရအသက်ရှင်ခြင်း"ဟူသောအသုံးအနှုန်းများကြောင့် အချို့က က သမ္မာတရားအဖြစ်အနက်ဖွင့်ဘာသာပြန်ဆိုကြပါလိမ့်မည်။ သို့သော်၊ ဤအသုံးအနှုန်းများသည် ထာဝရပြစ်ဒဏ်ခတ်ခြင်းနှင့် ထာဝရကယ်တင်ခြင်းတို့ကိုပြောဆိုမထားပါ။ ထိုကဲ့သို့သောအနက်ဖွင့်ဘာသာပြန်ဆိုမှုသည် ကျမ်းစကားအဆက်အစပ်ကိုသာ လျစ်လျူရှုထားသည်မဟုတ်၊ သက်သေအထောက်အထားအားဖြင့်ပံ့ပိုးပေးနိုင်ခြင်းမရှိသည့် အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များကိုလည်း အမှန်အဖြစ်လက်ခံယူဆထားပါသည်။ ဓမ္မသစ်ကျမ်းတွင် "*ပုပ်ပျက်ခြင်း*" (*corruption, phthora*) ဟူသောစကားလုံးကို ထာဝရအပြစ်ဒဏ်ခတ်ခြင်းအတွက် မည်သည့်အခါတွင်မျှအသုံး မပြုထားပါ။ သို့သော်၊ ထိုစကားလုံးသည် *ယိုယွင်းခြင်း*၊ *ဆွေးမြေ့ခြင်း*၊ *ပျက်စီးတိမ်ပါးခြင်း* ဟူသောအဓိပ္ပါယ်ကိုဆောင်သည်။ "ထာဝရအသက်ရှင်ခြင်း" ဟူသောအသုံးအနှုန်းကို အပါယ်ငရဲမှထာဝရကယ်နှုတ်ခံရခြင်းအတွက်သာအသုံးပြုသည် မဟုတ်၊ ထာဝရကာလအထိတိုင်ရောက်လှမ်းသွားသည့်အရည်အသွေးကောင်းမွန်၍တည်ကြည်လေးနက်သော ပစ္စပ္ပန်အသက်တာ၊ ကြွယ်ဝသောအသက်တာအတွက်လည်း အသုံးပြုထားသည်ကိုကျွန်ုပ်တို့မြင်တွေ့ခဲ့ကြပြီးဖြစ်သည် (ယောဟန် ၄:၁၄၊ ၁၀:၁၀၊ ၁၇:၃)။

ဤအနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များအတိုင်းသာဆိုလျှင်၊ ရှင်ပေါလု၏စကားလုံးများသည် ခရစ်ယာန်များအတွက် သင့်တင့်ကောင်းမွန်သောတိုက်တွန်းနှိုးဆော်ချက်တစ်ခုဖြစ်နေပါသည်။ ကျွန်ုပ်တို့၌ရှိထားသောအရင်းအမြစ်များကို အခြားသူများအားကူညီမစခြင်းမှ ထိမ်ချန်ထားကြလျှင် (သို့) ကျွန်ုပ်တို့၏ဇာတိတောင့်တမှုများကို အားရကျေနပ်စေခြင်းအတွက်သာအသုံးပြုကြလျှင် ပို၍ကောင်းမွန်လာစေရန် ကျွန်ုပ်တို့ကြိုးစားမြှင့်တင်နေသည့် ဤအသက်တာကိုဖြုန်းတီးခြင်းနှင့်ပျက်စီးခြင်းကိုသာကျွန်ုပ်တို့တွေ့ကြုံခံစားကြရပါလိမ့်မည် (မဿဲ ၁၀း၃၆။ ၁၆း၂၅–၂၆ ၏ကနဦးဆွေးနွေးချက်ကိုကြည့်ပါ)။ သို့သော်၊ ကျွန်ုပ်တို့၏အရင်းအမြစ်များကို ဘုရားသခင်၏အကြံအစည်အတွက် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုအတိုင်း ကိုယ်ကျိုးမငဲ့ဘဲအသုံးပြုလျှင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ပို၍တွေ့ကြုံခံစားရမည်ဖြစ်သကဲ့သို့ ကျွန်ုပ်တို့အထဲ၌လည်ကောင်း၊ ကျွန်ုပ်တို့အားဖြင့်လည်ကောင်း ယခုမှစ၍ထာဝရကာလတိုင်ဘုရားသခင်၏အသက်တာစီးဆင်းခြင်းကို တွေ့ကြုံခံစားရမည်ဖြစ်သည်။ ထိုအတွက်ကြောင့်ပင်၊ ရှင်ပေါလုက အခန်းငယ် ၉ တွင်ကျွန်ုပ်တို့ အခြားသူများအပေါ်၌ကောင်းသောအမှုပြုခြင်း (သို့) ပေးကမ်းခြင်းတို့ကို အားမလျော့၊ စိတ်မပျက်ဘဲပြုလုပ်ကြရမည်ဟု ပြောထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်ဆုလာဘ်များကိုရရှိခံစားကြရမည်ဖြစ်ပြီး၊ လုပ်ရကျိုးလည်းနပ်ပါလိမ့်မည်။

ယုံကြည်ခြင်းနှင့်ဘုရားသခင်၏လက်ဆောင် (Faith and the gift of God)။ ဧဖက်၂း၈–၁၀

> ၈ *ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။* ၉ *ကိုယ်ကုသိုလ်ကြောင့်ကယ်တင်တော်မူခြင်းသို့ရောက်သည် မဟုတ်။ သို့ဖြစ်၍အဘယ်သူမျှဝါကြွားစရာအခွင့်မရှိ။* ၁၀ *အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သည်ကောင်းသောအကျင့်ကိုကျင့်ရမည့်အကြောင်း၊ ယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသောအကျင့်တို့၌ငါတို့သည်ကျင်လည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကိုပြုပြင်တော်မူနှင့်ပြီ။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတို့သည်အကျင့်အားဖြင့်ကယ်တင်ရာသို့မရောက်၊ ဘုရားသခင်ပေးသနားတော်မူသည့် ကောင်းသောအကျင့်ကျင့်ခြင်းကို အာမခံထားသည့် ယုံကြည်ခြင်းအားဖြင့်သာကယ်တင်ရာသို့ရောက်ကြရသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတို့သည် အကျင့်အားဖြင့်ကယ်တင်ရာသို့မရောက်၊ ယုံကြည်ခြင်းအားဖြင့်သာရောက်ရသည်။ ထိုသို့အားဖြင့် သူတို့သည် ကောင်းသောအကျင့်ကိုကျင့်ကြံခြင်းတည်းဟူသော ဘုရားသခင်၏အကြံအစည်ကိုဖြည့်ဆည်းပြည့်စုံစေကြမည်ဖြစ်သည်။

ဤနေရာတွင် ကျွန်ုပ်တို့လိပ်မူပြောဆိုရမည့်အကြောင်းအရာနှစ်ခုရှိသည်။ ပထမတစ်ခုသည် ကျွန်ုပ်တို့ကို ကယ်တင်ရာသို့ရောက်စေခဲ့သည့် ယုံကြည်ခြင်း၏သဘောသဘာဝနှင့်စပ်ဆိုင်သည်။ ကယ်တင်ရာသို့ရောက်ဖို့အတွက် ကျွန်ုပ်တို့လိုအပ်နေသည့် ယုံကြည်ခြင်းကိုဘုရားသခင်ပေးသနားပါသလား။ ဒုတိယအကြောင်းအရာသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့်ပတ်သက်၍အကျင့်၏အခန်းကဏ္ဍာနှင့်စပ်ဆိုင်သည်။

ကယ်တင်ခြင်းတွင် ဘုရားသခင်က မယုံကြည်သူတစ်ယောက်ကိုပေးသနားသောယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့်သာ ဘုရားသခင်၏ကျေးဇူးတော်ကိုတိုးဝင်ခံစားရသည်ဟုအခန်းငယ် ၈ ကဆိုလိုကြောင်းလူအများက သဘောပေါက်နားလည်ထားကြသည်။ ၄င်းတို့ကယုံကြည်ခြင်းကို ဘုရားသခင်၏လက်ဆောင်တစ်ပါးအဖြစ်ရှုမြင်ထားကြသည်။ အချို့ကဘုရားသခင်၏လုပ်ပိုင်ခွင့်အစွမ်းအစပေးအပ်မှုဟုပင်ခေါ်ဝေါ်ကြသည်။ ဤအရာသည် လူတို့မှာအပြစ်ဒုစရိုက်ကြောင့် အကြွင်းမဲ့ဖေါက်ပြန်ပျက်စီးနေကြသောကြောင့် ဘုရားသခင်ကိုတုန့်ပြန်ရန်မဆိုထား၊ ယုံကြည်ရန်ပင်လုပ်ဆောင်နိုင်စွမ်းမရှိကြဟု သွန်သင်ပေးသည့် ဓမ္မတွေးခေါ်ယူချက်နှင့်ကိုက်ညီနေပါသည်။ ဤအယူအဆတွင် မယုံကြည်သူတစ်ယောက်ယုံကြည်ခြင်းရှိလာရန်အတွက် ပြန်လည်ပြုပြင်ဆန်သစ်ခံရမည်သာ မဟုတ်၊ ထိုသို့ပြန်လည်ပြုပြင်ဆန်းသစ်ခြင်း (regeneration) နောက်တွင်လည်း ကယ်တင်ခြင်းအတွက် သခင်ယေရှုခရစ်ကို ယုံကြည်နိုင်ရန်ယုံကြည်ခြင်းကိုလည်းပေးအပ်ခံရပါသည်။

အထက်ပါအယူအဆတွင်ရှိနေသည့် ဓမ္မတွေးခေါ်ယူဆချက်နှင့်သက်ဆိုင်သည့်ပြဿနာများကို ခေတ္တဘေးဖယ်ထားပြီး၊ ကျမ်းစာမှစာသားများကိုလေ့လာကြည့်ကြပါစို့။ အထက်ပါအနက်ဖွင့်ဘာသာပြန်ဆိုချက်က အခန်း ၈ ရှိ "that" (*tuto*) ဟူသောစကားလုံးသည် ယုံကြည်ခြင်းကိုဘုရားသခင်၏လက်ဆောင်အဖြစ်နှင့်ရည်ညွှန်းထားသည်ဟုမှတ်ယူထားသည် (အခန်းငယ် ၈ မှ "it is" ဟူသောစကားလုံးများသည် မူရင်းဂရိကျမ်းစာများတွင် မပါရှိပါ။ ဘာသာပြန်သူများကဖြည့်စွက်ထည့်သွင်း ထားခြင်းသာဖြစ်သည်)။ သို့သော် "that" ဟူသောစကားလုံးသည် "ယုံကြည်ခြင်း" (faith)ကို သာရည်ညွှန်းထားလျှင် ၄င်းသည် ကွတ္ထိလိင် (feminine gender) ဖြင့်ရှိနေရမည်ဖြစ် သည်။ သို့သော် "that" သည် နပုလ္လိင် (neuter gender) ဖြစ်နေသည်။ ထိုသို့ဆိုလျှင် "that"

သည်မည်သည့်အရာ ကိုရည်ညွှန်းထားပါသနည်း။ "that" သည် *ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရခြင်း* (salvation by grace) ကိုရည်ညွှန်းနေသည်မှာ အထင်အရှားပင်ဖြစ်သည်။ ဤကျမ်းချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းချက်ကျမ်း (commentary) အစဉ်အလာကို လေ့လာအကဲခတ်လျှင် လူများစွာ (သို့) အများဆုံးက "that" သည် "ယုံကြည်ခြင်း"ကို မရည်ညွှန်းပါဟူသောအယူအဆနှင့်သဘောထားတိုက်ဆိုင်နေကြကြောင်းတွေ့ရပါသည်။ ဤအချက်သည် အခန်းငယ် ၁ မှ ၂း၁–၁၀ ရှိကျမ်းစကားအဆက်အစပ်နှင့် လုံးလုံးကိုက်ညီနေပါသည်။ ထိုကျမ်းစကားအဆက်အစပ်သည် ဘုရားသခင်ကမိမိ၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့ကိုမည်သို့ကယ်တင်ခဲ့သည်ဟူသောအကြောင်းဖြစ်သည်။ "that" ဟုဘာသာပြန်ထားသည့် နဂိုလွှိင်နာမ်စားကို ဧဖက်ဩဝါဒစာ၏ အခြားတစ်နေရာတွင်လည်းအသုံးပြုထားပြီး၊ ထိုနေရာတွင်၄င်း၏ ရှေ့၌ကပ်လျက်တဆက်တည်းရှိနေသည့် စကားစုတစ်စု (သို့) ဝါကျကဏ္ဍတစ်ခုကိုရည်ညွှန်းထားသည် (နှိုင်းယှဉ် ၁း၁၅၊ ၃း၁)။ အခန်းငယ် ၈ မှ "ကိုယ်အလိုအလျောက်...မဟုတ်" နှင့်အခန်းငယ် ၉ မှ "ကိုယ် ကုသိုလ်ကြောင့်...မဟုတ်" တို့၏အလားတူနေမှုက ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ခြင်းကို ဤနေရာတွင်ဘုရားသခင်သနားတော်မူရာလက်ဆောင်အဖြစ်ရှုမြင်ထားသည်ဟူသော ငြင်းခုံမှုကိုအဆုံးအဖြတ်ပေးပါသည်။

ယုံကြည်ခြင်းသည် ဘုရားသခင်ပေးသနားတော်မူသောလက်ဆောင်တစ်ပါးမဟုတ်ပါ။ အကြောင်းမှာ ၄င်းသည် လူသားမှပြုလုပ်သောတုန့်ပြန်မှုတစ်ခုဖြစ်သောကြောင့်ဖြစ်သည်။ ထို့အပြင်၊ ၄င်းသည်ဘုရားသခင်၏တန်ခိုးတော် (သို့) လုပ်ပိုင်ခွင့်အစွမ်းအစပေးခြင်းလည်း မဟုတ်ပါ။ ထိုအချက်သည် သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်သောအရာနှင့် လူသားလုပ်ရမည့်တာဝန်ဝတ္တရားတို့ကို ရောနှောရှုပ်ထွေးစေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် မယုံကြည်သူတစ်ယောက်ထံကို ဆွဲယူသွေးဆောင်၍ (ယောဟန် ၆း၄၄)၊ ဧဝံဂေလိတရား၏သမ္မာတရားကို ထင်ရှားစွာဖော်ပြကာ (ယောဟန် ၁၆း၈–၁၁)၊ ဧဝံဂေလိတရားကိုမြင်တွေ့ရန်အလင်းပေးခြင်း (၂ကော ၄း၆)ဖြင့် ယုံကြည်ခြင်းကိုလှုံ့ဆော်ကောင်းလှုံ့ဆော်ပေးပါလိမ့်မည်။ သို့သော်၊ ဘုရားသခင်၏တန်ခိုးတော်နှင့် လူတစ်ယောက်၏ယုံကြည်တို့သည် မတူကွဲပြားသောအရာနှစ်ခုဖြစ်ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကိုဖန်တီးသူ (သို့) ကယ်တင်ခြင်းအတွက်ထိရောက်သောတန်ခိုးတော်ဖြစ်တော်မူပြီး၊ ယုံကြည်ခြင်းသည် ဘုရားသခင်၏ဝိညာဉ်တော်ထံသို့လည်ကောင်း၊ ကျွန်ုပ်တို့ကိုကယ်တင်တော်မူသည့် တန်ခိုးတော်ဆီသို့လည်ကောင်း ကျွန်ုပ်တို့ဝင်ရောက်ရသည့် တန်ဆာပလာဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ကျေးဇူးတော်*ကြောင့်*ကယ်တင်ခြင်းသို့ရောက်ကြရသော်လည်းယုံကြည်သော*အားဖြင့်*ရရှိကြသည်ဟု ပြောဆိုခြင်းသည်တိကျမှုအရှိဆုံးဖြစ်သည်။

ဒုတိယအကြောင်းအရာကို ကျွန်ုပ်တို့ဆွေးနွေးသွားကြပါမည်။ အကြောင်းမှာ

အခန်းငယ် ၁၀ သည် အခန်းငယ် ၈၊ ၉ တို့နှင့်သီးခြားခွဲထုတ်၍ မရသောကြောင့်ဖြစ်သည်။ ဆွေးနွေးမည့်အကြောင်းအရာမှာ အကျင့်၏လုပ်ဆောင်မှုကဏ္ဍာကိုကျွန်ုပ်တို့ ကယ်တင်ခြင်း၏ အသက်သေအထောက်အထားအဖြစ်ရယူခြင်းဖြစ်သည်။ အခန်းငယ် ၁၀ က "ကောင်းသောအကျင့်တို့ကိုကျင့်ရမည်အကြောင်း" ကယ်တင်ခြင်းခံရသောကျွန်ုပ်တို့သည် "ထိုကောင်းသောအကျင့်တို့၌...ကျင်လည်ရမည်" ဟူသောရည်ရွယ်ချက်နှင့် အတူယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာများဖြစ်ကြဟုဆိုထားသည်။ က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က အခန်းငယ် ၁၀ သည် ယုံကြည်သူတိုင်းတွင်ကောင်းသောအကျင့်များရှိကြလိမ့်မည်ဟုအာမခံထားပြီး၊ ထိုသို့မရှိခဲ့ကြလျှင် ကယ်တင်ခြင်းအမှန်တကယ်မရရှိခြင်းဖြစ်သည်ဟု ယုံကြည်ထားသည်။ ၄င်းတို့၏အယူအဆသည် ယုံကြည်ခြင်းဆိုသည်မှာ ဘုရားသခင်ပေးသနားတော်မူသောလက်ဆောင် (သို့) လုပ်ပိုင်ခွင့်အစွမ်းအစပေးခြင်းဖြစ်သည်ဟူသောအယူအဆနှင့်ဆက်စပ်နေပါသည်။ ထိုသို့ဆက်စပ်နေသောကြောင့် ယုံကြည်ခြင်းသည် ကောင်းသောအကျင့်နှင့်တကွအလိုတော်နှင့်ညီသောအသက်တာတစ်ခုကို ဖော်ဆောင်ပေးရန်ပျက်ကွက်လိမ့်မည်မဟုတ်ဟု မှတ်ယူထားကြသည်။ သို့သော်၊ ထိုအယူအဆသည် အခန်း ငယ် ၁၀ ကို ၄င်းပြောဆိုထားသည်ထက်ကျော်လွန်၍ဖတ်ရှုနေခြင်းသာဖြစ်သည်။ "ကောင်းသောအကျင့်တို့ကို ကျင့်ရမည်အကြောင်း" (for good works) ဟူသောဝါကျကဏ္ဍသည် ရည်ရွယ်ချက်တစ်ခုကိုသာဖော်ပြထားခြင်းဖြစ်သည်။ ကတိတော်တစ်ခု မဟုတ်ပါ။ ၄င်းကယုံကြည်သူတစ်ယောက်၌ကောင်းသောအကျင့်များရှိလိမ့်မည်ဟုသွယ်ဝိုက်ညွှန်းဆိုကောင်းညွှန်းဆိုမည်ဖြစ်သော်လည်း ထိုရည်ရွယ်ချက်အမှန်တကယ်ပြည့်စုံမည့်အကြောင်းကို ဤကျမ်းချက်ကလုံးလုံးမပြောထားပါ။ "ထို" (that) ကောင်းသောအကျင့်တို့ကိုကျွန်ုပ်တို့ ကျင့်ရမည့်အကြောင်းဘုရားသခင်သည် ကောင်းသောအကျင့် (အလုပ်)များကို ကျွန်ုပ်တို့ကယ်တင်ရာမရောက်မီတွင် ဖန်ဆင်းခဲ့ပါသည်။ "that" (*hina*) ဟူသောစကားလုံးနှင့်အတူ "ကျင့်ရမည်အကြောင်း" (should walk) အတွက်အသုံးပြုထားသည် ကြိယာပုံစံ (မှန်းဆချက်ပုံသဏ္ဌာန်ဖြင့်ဖော်ပြသောကြိယာပုံစံ – subjunctive mood) သည်မူရင်းဂရိဘာသာစကားတွင်အလားအလာရှိ၍ ဖြစ်နိုင်ချေရှိမှုအရှိန်အဟုန်ကိုရှိထားသော်လည်း သေချာပေါက်ဖြစ်မည်ဟူသောအဓိပ္ပါယ်ကို မဆောင်ပါ။ ကောင်းသောအကျင့်များသည် ယုံကြည်သူတိုင်းအတွက်ဘုရားသခင်အလိုရှိတော်မူသောအရာများဖြစ်ကြသော်လည်း၊ ၄င်းတို့ကိုယုံကြည်သူတစ်ဦးအပေါ်တွင်အတင်းအကျပ်မခိုင်းစေထားပါ။ ယုံကြည်သူတစ်ယောက်သည် မိမိ၏ပြုမူနေထိုင်ပုံကို တာဝန်ယူရခြင်း (သို့) ရွေးချယ်ပိုင်မှုမရှိလျှင် ၄င်း၏အကျင့်ကို *ကောင်းသောအကျင့်*အဖြစ်အရည်အသွေးပြည့်မီကြောင်းမည်သို့အသိအမှတ်ပြုနိုင်ပါမည်နည်း။ အနာဂတ်ဆုလာဘ်နှင့် မည်သို့ထိုက်တန်ခဲ့လိမ့်ပါမည်နည်း။

ယုံကြည်သူတိုင်း၏အသက်တာ၌ ကောင်းသောအကျင့်များရှိမည့်အကြောင်း

အာမခံထားလျှင် ဓမ္မသစ်ကျမ်း ရှိတိုက်တွန်းဆုံးမချက်များသည်မလိုအပ်သောအရာ (သို့) လိုသည်ထက်ပိုသောအရာများဖြစ်နေကြောင်းကို သိမြင်နားလည်ရန်ရှည်ရှည်ဝေးဝေးစဉ်းစားဖို့မလိုပါ။ ထိုကဲ့သို့သာဖြစ်လျှင် က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် သည် "antinomian" (*ပညတ်တရားများ သို့မဟုတ် ပညတ်ချက်များအားလိုက်နာစောင့်ထိန်းခြင်းကိုဆန့်ကျင်ခြင်း* ဟုဆိုလိုသည်) သာ ဖြစ်ခဲ့လိမ့်မည်။ အကြောင်းမှာ အခန်းကြီး ၄–၆ ရှိမိန့်မှာထားချက်များမှာ လိုအပ်မှုရှိခဲ့မည် မဟုတ်သောကြောင့်ဖြစ်သည်။ အထူးသဖြင့်၊ ဓမ္မသစ်ကျမ်းတွင် ကောင်းသောအကျင့်အမျိုးမျိုးတို့ကိုကျင့်ကြံရန် တိုက်တွန်းဆုံးမချက်များနှင့်ခွန်အားပေးစေ့ဆော်မှုများစွာရှိနေသောကြောင့်၊ ယုံကြည်သူတိုင်း၌ ကောင်းသောအကျင့် ကိုအာမခံထားသည်ဟူသောအယူအဆသည် ဖြစ်နိုင်ချေမရှိသောကိုးရိုးကားယားနိုင်သည့်အယူအဆဖြစ်သည်။

ယုံကြည်သူတိုင်းကောင်းသောအကျင့်ကိုကျင့်ကြရမည်။ ၄င်းသည်ခရစ်ယာန်တိုင်းအတွက်ထားရှိသောဘုရား သခင်၏ရည်ရွယ်ချက်ဖြစ်သကဲ့သို့ ခရစ်ယာန်တိုင်းထံ၌လည်းမျှော်လင့်ထားသောအရာဖြစ်ကာ၊ ခရစ်ယာန်တိုင်းအတွက် ဘုရားသခင်၏မိန့်မှာချက်လည်းဖြစ်သည်။ ဖြောင့်မတ်ရာသို့ရောက်ခြင်းသည် တဖြည်းဖြည်းတိုးတက်နေသောသန့်ရှင်းရာသို့ရောက်ခြင်းကို မျှော်မှန်းထားသော်လည်း၊ ဖြောင့်မတ်ရာသို့ရောက်ခြင်းသည် တဖြည်းဖြည်းတိုးတက်နေသောသန့်ရှင်းရာသို့ရောက်ခြင်းကို အာမခံထားခြင်းမရှိပါ။ ယုံကြည်ခြင်းသည်အခြေအနေသတ်မှတ်ချက်ဖြစ်ပြီး၊ အကျင့်သည် အကျိုးဆက်တစ်ခုဖြစ်သည်။ ယုံကြည်ခြင်းသည် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ခုဖြစ်ပြီး၊ အကျင့်သည် အကျိုးရလဒ်တစ်ခုဖြစ်သည်။ ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ခြင်းသည် ကသမ္မာတရား ဖြစ်ပြီး၊ အကျိုးရလဒ်အဖြစ်ထွက်ပေါ်လာသည့် ကောင်းသောအကျင့်သည် ခ သမ္မာတရားဖြစ်သည်။

ဘုရားသခင်သည် မိမိ၏အမှုကိုပြီးစီးစေလိမ့်မည် (God will complete His work)။ ဖိလိပ္ပိ ၁း၆

သင်တို့တွင်ကောင်းသောအမှုကို ပြုစုပြုတော်မူသောသူသည် ယေရှုခရစ်၏နေ့ရက်တိုင်အောင် ပြီးစီးလျက်ပြုတော်မူမည်ဟု ငါသောဘကျ၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – မိမိတို့၏အသက်တာအဆုံးထိတိုင် ယုံကြည်ခြင်း၌လည်ကောင်း၊ ကောင်းသောအကျင့်ကျင့်ခြင်း၌လည်ကောင်း အပတ်တကုတ်ကြိုးစားအားထုတ်သောခရစ်ယာန်တို့၌ ဘုရားသခင်သည် မိမိ၏အမှုကိုပြီးစီးလျက်ပြုတော်မူပါလိမ့်မည်။

၈ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဘုရားသခင်သည် ဖိလိပ္ပိအသင်းသားများ၏ ပေးကမ်းခြင်းတည်းဟူသောကောင်းသော အကျင့်ကိုပြီးစီးပြည့်စုံစေရန်လုပ်ဆောင်တော်မူပါလိမ့်မည်။

က သမ္မာတရားအဆိုပုံစံက စစ်မှန်သောယုံကြည်သူအားလုံးသည် အသက်တာ အဆုံးတိုင်ယုံကြည်ခြင်းခံလည်းကောင်း၊ ကောင်းသောအကျင့်ကိုကျင့်ခြင်းခံလည်း ကောင်း အပတ်တကုတ်ကြိုးစားအားထုတ်ကြလိမ့်မည်ဟူသော ကတိတစ်ခုအဖြစ်နှင့် ဤကျမ်းချက်ကိုမှတ်ယူထားသည်။ ဤအရာသည် တစ်ခါတစ်ရံတွင်သန့်ရှင်းသူတို့၏ အဆုံးတိုင်အပတ်တကုတ်ကြိုးစားအားထုတ်ခြင်း/တည်ကြည်ခြင်း (Perseverance of the Saints) ဟူသောဓမ္မအယူဝါဒတွင်အမြစ်တည်ထားသည်။ သူတို့၏ယုံကြည်ချက်မှာ ဘုရားသခင်သည်လူတစ်ယောက်ကိုရွေးကောက်တော်မူ၍၊ ထိုသူကိုပြန်လည်ပြုပြင်ဆန်းသစ်ကား၊ ယုံကြည်နိုင်ရန်အတွက်ယုံကြည်ခြင်းကိုပေးသနားချိန်တွင် ထိုသူသည် ခရစ်ယာန်တစ်ယောက်ဖြစ်လာသည်ဟူသောအကျိုးသင့်အကြောင်းသင့် စဉ်းစားတွေးခေါ်ပုံနှင့် ဆက်နွယ်နေပါသည်။ ထိုကဲ့သို့သောယုံကြည်ခြင်းသည် ခရစ်ယာန်တို့၌ပြုတော်မူသောဘုရားသခင်၏ "ကောင်းသောအမှု" ဖြစ်သောကြောင့် အောင်မြင်မှုမရှိခြင်း၊ အရေးမနိမ့်ခြင်းတို့မဖြစ်နိုင်ပါဟု ကောက်ချက်ချကြသည်။

သို့သော်၊ "ကောင်းသောအမှု" ဟုပြောဆိုရာတွင် ရှင်ပေါလုကမည်သည့်အရာကိုဆိုလိုထားပါသနည်း။ ရှင်ပေါလုက "ကောင်းသောအမှုများ" ဟု မပြောထားသောကြောင့် အကြောင်းအရာတစ်ခုကိုသာရည်ညွှန်းထားဟန်ရှိသည်။ ဖိလိပ္ပိအသင်းသားများ၏ကောင်းသောအမှုကို ကျမ်းစကားအဆက်အစပ်တွင် တွေ့ရပါသည်။ ကနဦး ကျမ်းပိုဒ်ငယ်တွင် ရှင်ပေါလုကသူတို့၏ "ဧဝံဂေလိတရားကိုဆက်ဆံခြင်း" (ဧဝံဂေလိတရားတော်၌ မိဿဟာယဖွဲ့ခြင်း) အား အသိအမှတ်ပြုထားသည် (ငယ် ၅) ။ *ဆက်ဆံခြင်း/မိဿဟာယဖွဲ့ခြင်း* (*Fellowship, koinonia*) ဟူသောစကားလုံးတွင် *အတူခံစားခြင်း (communion)* (သို့) *အတူမျှဝေခံစားသောအရာ (something shared in common)* ဟူသော အခြေခံအဓိပ္ပါယ်ကိုရှိထားသည်။ ဖိလိပ္ပိယုံကြည်သူများက ရှင်ပေါလုနှင့်မျှဝေသောအရာမှာ မည်သည့်အရာနည်း။ ၄င်းသည်ဧဝံဂေလိတရားဟောပြောခြင်းအမှု၌ သူတို့၏အတူလက်တွဲပါဝင်ပေးခြင်းကို ယေဘုယျအားဖြင့်ရည်ညွှန်းနိုင်ခဲ့ပါသော်လည်း ရှင်ပေါလု၏စိတ်ထဲ၌လည်းကောင်း၊ ဤစာစောင်ကိုရေးသားချိန်၌လည်းကောင်း သူတို့၏ငွေကြေးဖြင့်မျှဝေထောက်ပံ့ပေးခြင်းကို ရည်ညွှန်းပါသည်။ ၄င်းကို ဤနိဒါန်းအပိုင်း၌လည်းကောင်း၊ နိဂုံးချုပ် စကားတွင်လည်းကောင်းဖော်ပြထားသည် (၁း၅၊ ၆၊ ၄း၁၅–၁၈)။ ဧပဖြောဒိတ်သည် ဖိလိပ္ပိအသင်းသားများမှ ပေးသောလက်ဆောင်ကို ယူဆောင်လာခဲ့ပြီး၊ ယခုတွင်ရှင်ပေါလုက "ကျေးဇူးတင်စာ" နှင့် မိမိ၏ပတ်ဝန်းကျင်အခြေအနေ အကြောင်းအချို့ကို ဧပဖြောဒိတ်နှင့်အတူပြန်လည်ရေးပို့ခဲ့သည်။ အမှန်

ဆိုရလျှင် ၄း၁၅ တွင် ရှင်ပေါလုက *koinonia* ဟူသောစကားလုံး၏ကြိယာပုံစံကို အသုံးပြု၍ "အလှူလှူခြင်း၊ အလှူခံခြင်းအမှု၌ သင်တို့ မှတစ်ပါး အဘယ်အသင်းတော်မျှ ငါနှင့်မဆက်ဆံကြ" ဟုပြောထားသည်။ *koinonia* ဟူသောနာမ်ပုဒ်ကို ဓမ္မသစ်ကျမ်း၏ အခြားကျမ်းချက်များတွင် "contribution" (အလှူဒါန) ဟုအကယ်စင်စစ်ဘာသာပြန်ထားပါသည် (ရောမ ၁၅း၂၆၊ ၂ကော ၈း၄၊ ၉း၁၃၊ ဟေဗြဲ ၃း၁၆)။

ဖိလိပ္ပိအသင်းသားများ၏ငွေကြေးထောက်ပံ့ပေးခြင်းကို အခန်းငယ် ၅ တွင် "ရှေးဦးစွာသောနေ့ရက်မှစ၍ ယခုတိုင်အောင်" ဟူ၍ဖော်ပြထားသည်။ ဤအရာသည် သူတို့ကယ်တင်ခြင်းရရှိခဲ့သည့် ပထမဆုံးနေ့ကို မရည်ညွှန်းနိုင်ခဲ့ပါ။ အကြောင်းမှာ ရှင်ပေါလုသည် လူတစ်ဦးတည်းကိုပြောဆိုနေခြင်း မဟုတ်၊ အချိန်ကာလအသီးသီး၌ ကယ်တင်ခြင်းရရှိခဲ့ကြမည့် လူအများကိုပြောဆိုနေခြင်းဖြစ်သည်။ ဤအရာသည် ၄း၁၅ ၌ဖော်ပြထားသည့်အတိုင်း အသင်းတော်တစ်ပါးအဖြစ်နှင့်ငွေကြေးပေးကမ်းဝေမျှခြင်းကို သူတို့အစပြုခဲ့သည့်အချိန်ကိုရည်ညွှန်းနေသည်မှာ ထင်ရှားလှသည်။ "ယခု၌လည်း" ဟူသောရည်ညွှန်းချက်သည် ရှင်ပေါလုအကျဉ်းကျနေစဉ် လက်ခံရရှိခဲ့သည့်သူတို့၏ပေးကမ်းလှူဒါန်းခြင်းကိုရည်ညွှန်းခဲ့ပါလိမ့်မည် (၄း၁၀၊ ၁၄၊ ၁၅)။ ကောရိန္သုဩဝါဒစာ အခန်းကြီး ၈–၉ ရှိ မာကေဒေါနိပြည်မှ ယုံကြည်သူများ၏ရက်ရောမှုနှင့်စပ်လျဉ်း၍ ရှင်ပေါလု၏ဖော်ပြချက်တွင် ဖိလိပ္ပိ ၁း၃–၇ နှင့် ၄း၁၀–၂၀ တို့၏ ပဲ့တင်ပုံရိပ်ကိုတွေ့မြင်နိုင်ပါသည် (မာကေဒေါနိပြည်သည် ဖိလိပ္ပိအသင်းတော်တည်ရှိရာဒေသဖြစ်သည်)။

ဤကျမ်းချက်သည် ခ သမ္မာတရားဖြစ်သည်။ ရှင်ပေါလုပြောဆိုနေသည့် "ကောင်းသောအမှု" သည် တစ်ဦးတစ်ယောက်ချင်း၏ကယ်တင်ခြင်းသို့ရောက်ခြင်းကို သက်သေထူသည့်ကောင်းသောအကျင့် (သို့) သန့်ရှင်းရာသို့ရောက်ခြင်း မဟုတ်ပါ။ ၄င်းသည်ပေးကမ်းလှူဒါန်းခြင်းအားဖြင့် ဖိလိပ္ပိအသင်းသားများ၏ ဧဝံဂေလိတရားကို ဆက်ဆံခြင်း (ဧဝံဂေလိတရား၌ မိတ်သဟာယဖွဲ့ခြင်း) ဖြစ်သည်။ ခရစ်ယာန်အားလုံးသည် ဘုရားဝတ်ကိုပြုသောအသက်တာရှင်သန်ပုံ၌ အပတ်တကုတ်ကြိုးစားအားထုတ်ကြလိမ့်မည်ဟူသော ကတိတစ်ခုအဖြစ်နှင့် ဤကျမ်းချက်ကို သုံးသပ်နေခြင်းသည် အချိန်အခါ၊ ကျမ်းစကားအဆက်အစပ်နှင့် ရှင်ပေါလု၏ဆိုလိုချက်တို့ကိုလျစ်လျူရှုရာရောက်ပါသည်။ ပထမအနေဖြင့်၊ ရှင်ပေါလုသည် ခရစ်ယာန်အားလုံးကိုလိပ်မူပြောဆိုမထားပါ။ ဖိလိပ္ပိယုံကြည်သူများကို သာအထူးလိပ်မူပြောဆိုနေခြင်းဖြစ်သည်။ ဒုတိယအနေဖြင့်၊ ရှင်ပေါလုသည် အသက်တာရှင်သန်ပုံအကြောင်းကို ပြောဆိုနေခြင်းမဟုတ်ပါ။ မိမိ၏အမှုတော်လုပ်ငန်း၌ ဖိလိပ္ပိယုံကြည်သူများ၏ကူညီထောက်ပံ့ပေးခြင်းအကြောင်းကို ပြောနေခြင်းဖြစ် သည်။ တတိယအနေဖြင့်၊ ရှင်ပေါလုသည် ကတိတစ်ခုကိုပေးနေခြင်း မဟုတ်ပါ။ မိမိ၏ယုံကြည်စိတ်ချမှုရှိသော ခံစားချက်များကိုဖော်ပြနေခြင်းသာဖြစ်သည်။ ဖိလိပ္ပိအသင်းသားများမှ ကူညီထောက်ပံ့ပေးခြင်း၏အကျိုးဆက်များ

သည် သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာသည့်တိုင် အမှုတော်မြတ်၌အခြားသူများထံ ဆတိုးပွားများခဲ့သည့်နည်းတူ၊ ထိုကူညီထောက်ပံ့ခြင်း၏ထိရောက်သောအကျိုးသက်ရောက်မှုကို ဘုရားသခင်က "ပြီးစီး" စေလိမ့်မည် (သို့) ဆက်လက်၍လုပ်ဆောင်လိမ့်မည်ဟု ရှင်ပေါလုစိတ်ချယုံကြည်ထားသည်။ သေချာသောအချက်မှာ ဖိလိပ္ပိအသင်းသားများသည် သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာသည့်အချိန်အထိ အသက်ရှင်ခဲ့ကြမည်မဟုတ်သော်လည်း၊ သူတို့သည် အလားတူပေးကမ်းခြင်းကို လုပ်ဆောင်ကြမည့် အခြားသူများထံ၌ဧဝံဂေလိတရားကိုပြန့်ပွားလာစေရန်အတွက် ပေးကမ်းခြင်းကိုဆက်လက်၍လုပ်ဆောင်နေမည့် လက်ဆောင်တစ်ပါးကို ရှင်ပေါလု၏အမှုတော်လုပ်ငန်းမှတဆင့်ပေးကမ်းခဲ့ကြပါသည်။ ယေရှုခရစ်၏နေ့ရက်ဟူသော ရည်ညွှန်းချက်က သူတို့၏ရက်ရောမှုသည် ခရစ်တော်၏တရားပလ္လင်တွင် ဆုလာဘ်ချီးမြှင့်ခြင်းခံရမည်ဟုလည်း သွယ်ဝိုက်၍ညွှန်းဆိုခြင်းဖြစ်နိုင်ပေသည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်နှင့် ဆန့်ကျင်ဖီလာလျှက် ခရစ်ယာန်များအားလုံးသည် ဘုရား၀တ်၌မွေ့လျော်ခြင်း၊ ဖြောင့်မတ်သောပြုမူ ကျင့်ကြံခြင်းတို့၌အဆုံးတိုင်အပတ်တကုတ်ကြိုးစားအားထုတ်ခြင်းမရှိကြကြောင်းကိုရှင်ပေါလုသိခဲ့ပါသည်။ ရှင်ပေါလုက ကောရိန္သုအသင်းသားများအား ၄င်းတို့ထဲမှအချို့သည်ပွဲတော်ကိုအလွဲသုံးစားပြုခဲ့ကြသောကြောင့် အသက်ပင်သေဆုံးခဲ့ကြရကြောင်းကိုအသိပေးခဲ့သည် (၁ကော ၁၁း၃၀)။ သမ္မာကျမ်းစာ၏အခြားနေရာများတွင်လည်း ယုံကြည်သူတစ်ယောက်သည်မိမိ၏အသက်သေဆုံးခြင်းကိုဖြစ်စေသည့် အပြစ်ဒုစရိုက်ကို မလျော့တမ်းပေလုပ်နေနိုင်ကြောင်းကိုတွေ့ရသည် (ယာကုပ် ၅း၂၀၊ ၁ယော ၅း၁၆)။ ဘုရားသခင် သည်ယုံကြည်သူတို့၌ကောင်းသောအကျင့်ကိုဖော်ဆောင်၍ သူတို့ကိုသန့်ရှင်းရာသို့တစ်ဆင့်ပြီးတစ်ဆင့်ရောက်စေရန် အလုပ်လုပ်နေပါသည်။ သို့သော်၊ အဖြေရလဒ်များသည်တိုင်းတာ၍အမြဲမရသကဲ့သို့ သိသာမြင်သာမှုလည်း အမြဲမရှိတတ်ကြပါ။ ထို့အပြင်၊ ဘုရားသခင်၏လုပ်ဆောင်ချက်မှသည် လက်ခံလိုသောသူ၏အလိုဆန္ဒမှ သဘောတူညီမှုနှင့်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့်သာ အကောင်အထည်ပေါ်လာရပါသည် (နှိုင်းယှဉ် ၁ကော၁၅း၁၀၊ ဂလာတိ ၂း၂၀၊ ဖိလိပ္ပိ ၂း၁၁–၁၂)။ ထိုသို့ဖြစ်သောကြောင့်နာခံမှုမရှိခြင်းမှာလည်း ဖြစ်နိုင်သည့်အရာတစ်ခုအဖြစ်လာသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ရက်ရောစွာပေးကမ်းလှူဒါန်းမှုကို အခြားသူများအားကူညီမစရန်အတွက်လည်းကောင်း၊ မိမိ၏အလိုတော်ကိုပြီးမြောက်ပြည့်စုံစေရန်အတွက်လည်းကောင်း အသုံးပြုပါမည်ဟူသောအချက်ကို ဤကျမ်းချက်မှ ကျွန်ုပ်တို့လေ့လာသင်ယူနိုင်ခဲ့ကောင်းသည်။ ကျွန်ုပ်တို့၏ပေးကမ်းစွန့်ကြဲခြင်း သည်အခြားသူများအပေါ်၌ ထာဝရတည်သောသက်ရောက်မှုကိုဖြစ်စေ၍ ထိုအရာအတွက်သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာချိန်တွင် ဆုလာဘ်ချီးမြှင့်ခြင်းခံရမည့်အကြောင်းကိုသိရှိ

ထားခြင်းသည် ဧဝံဂေလိတရားအားပျံ့နှံ့စေခြင်းအမှုဌာနပို၍ပေးကမ်းစွန့် ကြဲကြရန်စေ့ဆော်ပေးသင့်သည်။ ယုံကြည်ခြင်းဌာနလည်းကောင်း၊ ကောင်းသောအကျင့်ကိုကျင့်ခြင်းဌာနလည်းကောင်းအဆုံးတိုင်အပတ်တကုတ်ကြိုးစားအားထုတ်သွားမည့်အကြောင်းကို ဤကျမ်းချက်ကအာမခံထားခြင်း မရှိသောကြောင့်၊ ဘုရားသခင်၏သားသမီးစစ်မှန်စွာဖြစ်နေနိုင်ပါသော်လည်း၊ အရိုးစွဲနေသောအကျင့်ဆိုးများနှင့်လည်ကောင်း၊ စိတ်ဓါတ်နှင့်စည်းကမ်းတို့ဌာနည်းချက်များနှင့်လည်ကောင်းလုံးပန်းနေရသူများကို ပြစ်တင်ဝေဖန်ရန် ဤကျမ်းချက်ကိုအသုံးမပြုမိဖို့ ကျွန်ုပ်တို့သတိထားဂရုစိုက်ကြရပါမည်။

ကယ်နှုတ်ခြင်းအတွက်ဖြစ်လာခြင်း (Turn out for deliverance)။ ဖိလိပ္ပိ ၁း၂၇–၂၈

> *၂၇ သင်တို့သည် ရန်သူများကြောင့်အလျှင်းမကြောက်ရွံ့မတုန်လှုပ်ဘဲ၊ တပါးတည်းသော စိတ် ဝိညာဉ်ဌာတည်၍ ဧဝံဂေလိတရားနှင့်ဆိုင်သော ယုံကြည်ခြင်းအဘို့အလိုငှါ တညီတညွတ်တည်းကြိုးစားအားထုတ်ကြသည်အကြောင်းအရာကို ငါရောက်လျှင် သင်တို့နှင့်မျက်မှောက်တွေ့သည်ဖြစ်စေ၊ ကွာလျက်နေသည်ဖြစ်၊ ငါကြားသိရပါမည်အကြောင်း၊ ခရစ်တော်၏ဧဝံဂေလိတရားနှင့်အထိုက်အလျောက်ဝတ်ကြီး ဝတ်ငယ်များကိုပြု၍သာနေကြလော့။* ၂၈ *ထိုသို့ရန်သူများကြောင့် အလျှင်းမကြောက်ရွံ့မတုန်လှုပ်သောအကြောင်းအရာသည်၊ သူတို့၌ ပျက်စီးခြင်း၏နိမိတ်လက္ခဏာဖြစ်၏။ ဘုရားသခင်စီရင်တော်မူ သောအားဖြင့်သင်တို့၌ကား၊ ကယ်တင်ခြင်း၏နိမိတ်လက္ခဏာဖြစ်၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဧဝံဂေလိတရား၌ဖိလိပ္ပိအသင်းသားများ၏ ရဲရင့်ပြတ်သားသောစည်းလုံးခြင်းသည် သူတို့ထာဝရကယ်တင်ရာသို့ရောက်ကြောင်းကို သက်သေပြနေသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဧဝံဂေလိတရား၌ဖိလိပ္ပိအသင်းသားများ၏ ရဲရင့်ပြတ်သားသောစည်းလုံးခြင်းကငှင်းတို့၏ဆင်းရဲဒုက္ခခံရခြင်းတစ်လျှောက်လုံး၌ဘုရားသခင်ကကယ်နှုတ်လိမ့်မည်ဟူသော ငှင်းတို့၏မျှော်လင့်ချက်ကိုညွှန်ပြနေပါသည်။

ဤကျမ်းချက်သည် က သမ္မာတရား (သို့) ခ သမ္မာတရားဖြစ်ကြောင်းကို ခွဲခြားသိမြင်စေသည့်အဓိကအချက်မှာ “ကယ်တင်ခြင်း” ကိုအနက်အဓိပ္ပါယ်ဖွင့်ဆိုပုံဖြစ်

သည်။ ရှင်ပေါလုသည် အပါယ်ငရဲမှထာဝရကယ်တင်ခံရခြင်း အကြောင်းကိုပြောဆိုနေလျှင် ဖိလိပ္ပိအသင်းသားများ၏ အပြုအမူသည် ထိုကယ်တင်ခြင်းကိုရရှိထားခြင်း၏ သက်သေဖြစ်သည်ဟု၍ ဤကျမ်းချက်ကပြောဆိုနေပါသည်။ ကယ်တင်ခံရခြင်းကို သက်သေပြန်ရန်အတွက် တစ်ဦးတစ်ယောက်၏ အပြုအမူအနေအထိုင်ကိုအသုံးပြုခြင်းသည်မဖြစ်နိုင်သောအရာဖြစ်သကဲ့သို့ သမ္မာကျမ်းစာနှင့်ညီညွတ်သောအရာလည်းမဟုတ်ကြောင်းကို ဤစာအုပ်၏ အခြားတစ်နေရာတွင် ကျွန်ုပ်တို့ငြင်းခုံဆွေးနွေးခဲ့ပြီး ဖြစ်သည်။ ထို့အပြင်၊ *ကယ်တင်ခြင်း (salvation)* ဟူသောစကားလုံးသည် အပါယ်ငရဲမှထာဝရကယ်တင်ခံရခြင်းကို အမြဲမဆိုကြောင်း၊ ပြဿနာဒုက္ခများမှ ကယ်နှုတ်ခြင်းကိုလည်းဆိုလိုနိုင်ကြောင်း ကျွန်ုပ်တို့ငြင်းခုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

ကယ်တင်ခြင်း (salvation, soteria) ဟူသောစကားလုံးကို ဖိလိပ္ပိဩဝါဒစာ၏အဖွင့်အခန်းကြီးများ ဖြစ်သော ၁း၁၉၊ ၂၈ နှင့် ၂း၂၃တို့တွင် သုံးကြိမ်အသုံးပြုထားသည်။ ဤအပိုင်းရှိဆွေးနွေးချက်ကို အဓိကချုပ်ကိုင်ထားသောအရာများမှာ ရှင်ပေါလုထောင်နန်းစံရာရှိ ပတ်ဝန်းကျင်အခြေအနေများ၊ ရှင်ပေါလုနှင့် ဖိလိပ္ပိအသင်းသားများရင်ဆိုင်နေရသောရန်သူများ၏ လှုပ်ရှားမှုများ၊ ဤရန်သူများကပေးသောဆင်းရဲခြင်းဒုက္ခများအား ဖိလိပ္ပိအသင်းသားများ၏ တုန့်ပြန်မှုတို့ဖြစ်ကြသည်။ ၁း၁၉ တွင် ရှင်ပေါလုက ဖိလိပ္ပိအသင်းသားများကမိမိအတွက် ဆုတောင်းပေးနေကြပြီး၊ သန့်ရှင်းသောဝိညာဉ်တော်ကလည်း မိမိကိုပြုစုပေးနေသောကြောင့် မိမိသည်ရန်သူများပြုလုပ်ဖန်တီး ထားသောပြဿနာမှ ကယ်တင် (ကယ်နှုတ်) ခံရမည့်အကြောင်း ယုံကြည်စိတ်ချနေမှုကိုဖော်ပြထားပါသည်။ ရှင်ပေါလု သည်မိမိ၏ထာဝရကယ်တင်ခံရခြင်းအကြောင်းကို ပြောနေခြင်းမဟုတ်သည်မှာသေချာသည်။ အချို့က ရှင်ပေါလုသည် အကျဉ်းထောင်မှကယ်နှုတ်ခံရခြင်း (သို့) ရောမတရားရုံးမှအပြစ်မရှိကြောင်းသက်သေထူကြေငြာခံရခြင်းကိုရည်ညွှန်းထားသည်ဟု ထင်မှတ်ထားကြသည်။ သို့သော်၊ ဆက်လက်ဖော်ပြထားသည့် ကျမ်းပိုဒ်များဖြစ်သည့် ၂၀–၂၆ ကမူ ရှင်ပေါလုက မိမိသည်အကျဉ်းထောင်ထဲ၌ပင်သေဆုံးနိုင်ချေရှိမှုကိုသုံးသပ်နေကြောင်းပြသထားသည်။ ရှင်ပေါလုသည် မိမိဆင်းရဲဒုက္ခခံရခြင်း၌ သခင်ခရစ်တော်ကိုဘုန်းတော်ထင်ရှားစေသည့်အောင်နိုင်ခြင်းစိတ်ဓါတ်တစ်ခုအားဖြင့် ကယ်နှုတ်ခံရခြင်းကိုပြောပြနေသည်မှာ ပို၍ဖြစ်နိုင်ချေများသည် (၁း၂၀)။

၁း၂၈၌ *ကယ်တင်ခြင်း*ကို ဒုတိယအကြိမ်အသုံးပြုပုံကို ၁း၁၉၌အနက်ဖွင့်ဘာသာပြန်ဆိုထားသည့်အတိုင်းပြန်ဆိုရမည်ဖြစ်သော်လည်း ဖိလိပ္ပိအသင်းသားများအတွက်သာဖြစ်စေရမည်။ ဧဝံဂေလိတရားတော်၌သူတို့၏ရဲရင့် ပြတ်သားသောစည်းလုံးခြင်းအားဖြင့်၊ ဖိလိပ္ပိအသင်းသားများသည် ဆင်းရဲဒုက္ခခံရခြင်းတစ်လျှောက်၌ ဘုရားသခင်၏ ကယ်နှုတ်ခြင်းအား မိမိတို့မျှော်လင့်နေကြောင်းကို ရှင်ပေါလုကဲ့သို့ မိမိတို့၏ရန်သူများထံ၌ ညွှန်ပြနေကြပါလိမ့်မည်။ ("proof" ဟူသောစကားလုံးသည်

ဆိုလိုရင်း၌အလွန်ပြင်းထန်ကောင်းပြင်းထန်နေပါလိမ့်မည်။ အကြောင်းမှာ၊ *endeiksis* သည်တစ်စုံတစ်ခု၏ *အရိပ်အမြွတ်ကိုပြသခြင်း* (သို့) *အရိပ်လက္ခဏာကိုပြခြင်း* ဟူသော အဓိပ္ပါယ်မျိုးကိုဆောင်ထားသောကြောင့်ဖြစ်သည်။ ယုဒသန်ကျမ်းစာတွင် *နိမိတ်လက္ခဏာ* ဟုဘာသာပြန်ဆိုထားသည်)။ အခန်း ၎ယ ၂၉–၃၀ တွင် ရှင်ပေါလုက မိမိနှင့် ဖိလိပ္ပိအသင်းသားများရင်ဆိုင်ရသော ဆင်ရဲခြင်းဒုက္ခကို အတူတကွစည်းနှောင်ထားပြီး၊ ထိုအရာသည် ၄င်းတို့အားလုံးတွေ့ကြုံခံစားရသည့်ကယ်နှုတ်ခြင်းမှာ သဘောသဘာဝချင်းအတူတူဖြစ်ကြောင်းကိုညွှန်ပြထားသည်။ ထိုသဘောသဘာဝမှာ ဆင်းရဲဒုက္ခခံခြင်း၌ သခင်ခရစ်တော်ကို ဘုန်းတော်ထင်ရှားစေသည့် အောင်နိုင်ခြင်းစိတ်ဓါတ်ဖြစ်သည်။ ထိုကဲ့သို့သော စိတ်ဓါတ်က ဖိလိပ္ပိအသင်းသားများ၏ ရန်သူများထံ၌ ၄င်းတို့ (ရန်သူများ) သည်ရှုံးနိမ့်၍ဖျက်ဆီးခြင်းခံရမည့်အကြောင်း (အစဉ်ထာဝရအနိုင်ပိုင်းဖျက်ဆီးခံရမည် ဟုသေချာပေါက်မဆိုနိုင်ပါသော်လည်း၊ ထိုသို့သွယ်ဝိုက်၍ ညွှန်းဆိုနိုင်ပါသည်) ကို ညွှန်ပြပေးပါလိမ့်မည်။

၂း၁၂ ၌ *ကယ်တင်ခြင်း* ကိုတတိယအကြိမ်အသုံးပြုပုံသည် အခန်းကြီး ၁ ၌ တည်ဆောက်ထားသည့် အာဘော်ကိုဆက်လက်ပြောဆိုထားကြောင်း ကျွန်ုပ်တို့တွေ့ရပါလိမ့်မည်။ သို့သော်၊ ထိုအကြောင်းကိုအောက်ပိုင်းတွင် သီးသန့်ဆွေးနွေးတင်ပြသွားပါမည်။

ကျမ်းစကားအဆက်အစပ်မှလည်းကောင်း၊ ၁း၁၉ နှင့် ၁း၂၈ ၌ *soteria* ဟူသောစကားလုံးကို အသုံးပြုထား ပုံမှလည်းကောင်း သိသာထင်ရှားနေသည့်အရာမှာက သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က အခိုင်အမာဆို ထားသည့်အတိုင်း ထာဝရကယ်တင်ခြင်းသည် ဤနေရာတွင်ပြောဆိုလိုသောအရာမဟုတ်ပါဟူသောအချက်ဖြစ်သည်။ ရှင်ပေါလုသည်ထာဝရကယ်တင်ခြင်းအား သက်သေပြခြင်းအကြောင်းကိုပြောဆိုနေခြင်း မဟုတ်ပါ။ ဘုရားသခင်ဆောင်ယူလာပေးသောအောင်နိုင်ခြင်း၌ ယုံကြည်စိတ်ချနေခြင်းအားဖြင့် ဆင်းရဲဒုက္ခခံရခြင်းတစ်လျှောက်၌ ကယ်နှုတ်ခံရခြင်းအကြောင်းကိုပြောနေခြင်းဖြစ်သည်။ ထိုသို့အားဖြင့် သခင်ခရစ်တော်ဘုန်းထင်ရှားမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ယုံကြည်သူများအဖြစ်နှင့် ကျွန်ုပ်တို့အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဆင်းရဲဒုက္ခနှင့် ရန်သူတို့အားဖြတ်သန်း၍ရွေးနှုတ်တော်မူမည်ဟူသောယုံကြည်စိတ်ချမှုနှင့်အတူ ဆင်းရဲဒုက္ခနှင့်အခက်အခဲတို့ကို သည်းခံရန် ခွန်အားပေးမှုတစ်ခုဖြစ်သည်။ ထိုသို့အားဖြင့် သခင်ယေရှုခရစ်သည် ကျွန်ုပ်တို့၌ ဘုန်းတော်ထင်ရှားမည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဆင်းရဲဒုက္ခ*ထဲမှ* ကယ်နှုတ်ချင်မှကယ်နှုတ်မည် ဖြစ်သော်လည်း၊ ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခ*မှတ*ဆင့် ကယ်နှုတ်ပါလိမ့်မည် (နှိုင်းယှဉ် ၁ပေ ၅း၁၀)။ ထောင်နန်းစံရခြင်းနှင့်ဖြစ်နိုင်ချေရှိ

သောသေခြင်းကိုရင်ဆိုင်ရသည့် ရှင်ပေါလု၏ဆင်ရဲခြင်းဒုက္ခနှင့် ထပ်တူပြုမျှဝေခံစားရန်မှာ ခက်ခဲကောင်းခက်ခဲပါလိမ့်မည်။ သို့သော်၊ ဘုရားသခင်အပေါ်၌ ယုံကြည်စိတ်ချနေသော ရှင်ပေါလု၏ပုံဥပမာက ကျွန်ုပ်တို့သည်လည်း ရှင်ပေါလုနည်းတူ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်အခြေအနေမှာ မည်သို့ပင်ရှိနေစေကာမူ အောင်နိုင်ခြင်းကိုရရှိနိုင်၍ ဘုရားသခင်ကိုဆက်လက်၍ဘုန်း တော်ထင်ရှားစေနိုင်ကြသည်ဟူသော အချက်ကိုပြသပေးနေပါသည်။

ကိုယ်ကိုကယ်တင်ခြင်းငှါ ကြိုးစားအားထုတ်ကြလော့ (Work out your own salvation)။ ဖိလိပ္ပိ ၂း၁၂–၁၃

> ၁၂ *သို့ဖြစ်၍ငါ့ချစ်သူတို့၊ သင်တို့သည်ငါ့မျက်မှောက်၌ နားထောင်သည်သာမက၊ မျက်ကွယ်၌ လည်း အစဉ်နားထောင်ကြ သည်နှင့်အညီ၊ ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်၊ ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။* ၁၃ *အကြောင်းမူကား၊ သင်တို့သည်အလိုရှိစေခြင်းငှါငင်း၊ အကျင့်ကျင့်စေခြင်းငှါငင်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတို့သည် မိမိတို့၏ကယ်တင်ခြင်းအတွက်ကြိုးစားလုပ်ဆောင်ကြရမည် (သို့) ခရစ်ယာန်များသည် မိမိတို့၏ကယ်တင်ခြင်းကိုသက်သေပြန်ရန်ကြိုးစားလုပ်ဆောင်ကြရမည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကယ်တင်ခြင်းသို့ရောက်သည်နှင့် ခရစ်ယာန်များသည် မိမိတို့၏အသစ်သောအသက်တာကိုလက်တွေ့အကောင်အထည်ဖော်ရှင်သန်ရန်ဘုရားသခင်နှင့်ပူးပေါင်းဆောင်ရွက်ရမည်။

ဒုတိယ **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ခရစ်ယာန်များသည် ဘုရားသခင်၏ကယ် နှုတ်ခြင်းကိုတွေ့ကြုံခံစားရသည့်နည်းလမ်းဖြင့် ဆင်းရဲခြင်းဒုက္ခကိုသည်းခံကျော်ဖြတ်ကြရမည်။

သင်တို့မြင်တွေ့ရသည့်အတိုင်း က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် အကျင့်ကိုကယ်တင်ခြင်း အထဲသို့ရှေ့ထိပ်၌သော်လည်းကောင်း၊ နောက်ပိတ်၌သော်လည်းကောင်း ထိုးသွင်းထားပါသည်။ ကယ်တင်ခြင်း၏ရှေ့ထိပ်၌အကျင့်ကိုကယ်တင်ရာသို့ရောက်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ်နှင့်ခရစ်

ယာန်များက အတင်းအကျပ်အလေး အနက်တိုက်တွန်းပြောဆိုခြင်းမျိုးသည် ကြားနေကြ အရာမဟုတ်သော်လည်း၊ ခရစ်ယာန်များက ၎င်းတို့စစ်မှန်စွာကယ်တင်ခြင်းခံရကြောင်းကို သက်သေပြရန်အကျင့်ကိုအလေးအနက်တိုက်တွန်းပြောဆိုနေကြသည်ကိုမူ မကြာမကြာ ကြားဖူးကြပြီးဖြစ်ပေမည်။ ဤအရာအားလုံးသည် ဤနေရာ၌ပြောဆိုနေသည့် ကယ်တင်ခြင်းသည် အပါယ်ငရဲမှထာဝရ ကယ်နှုတ်ခြင်းဖြစ်သည်ဟူသောအယူအဆမှရောက်ရှိလာခြင်းဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်တစ်ခုကလည်း ဤကျမ်းချက်သည် ထာဝရကယ်တင်ခြင်းအကြောင်းကိုပြောပြနေသောကျမ်းချက်ဖြစ်သည်ဟု ယူဆထားသော်လည်း၊ အကျင့်ကိုကယ်တင်ခြင်း၏အခြေအနေသတ်မှတ်ချက်တစ်ခု (သို့) သက်သေပြချက်တစ်ခုအဖြစ်အတင်းအကျပ်အလေးအနက်တိုက်တွန်းမထားပါ။ ဤအယူအဆက ကျမ်းပိုဒ်သည် ဤကယ်တင်ခြင်းကို "ကြိုးစားအားထုတ်ကြလော့" (work out) ဟုသာပြောထားပြီး၊ ကယ် တင်ခြင်း "အတွက်ကြိုးစားအားထုတ်ကြလော့" (work for) ဟုမပြောထားကြောင်းပြောဆိုခဲ့ပါလိမ့်မည်။ တစ်နည်း အားဖြင့်ဆိုရလျှင်၊ ကယ်တင်ခြင်းခံထားရသောသူများသည် မိမိတို့၏ကယ်တင်ခြင်းအား ၎င်းရည်ရွယ်ထားသည့် အကျိုးသက်ရောက်မှုများကို သန့်ရှင်းရာသို့ရောက်ခြင်း၌ လက်တွေ့ဖြစ်လာစေရန်ခွင့်ပြုပေးရမည်ဟူ၍ဖြစ်သည်။ ဤအချင်းအရာသည် ယုံကြည်သူများက ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်နေသော ဘုရားသခင်နှင့်ပူးပေါင်းဆောင်ရွက် သောအခါ၌သာဖြစ်ပျက် သည်ဟူ၍ အထက်ပါအယူအဆကဆိုခဲ့ပါလိမ့်မည် (ငယ် ၁၃)။ ဤအယူအဆကိုကျွန်ုပ်လက်ခံလိုက်လျောပါသည်။ အကြောင်းမှာ၊ ၎င်းသည် အကျင့်အားထာဝရအသက်ရရှိခြင်းအတွက်အခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ်မှဖယ်ရှားလိုက်ခြင်းဖြင့်ကျေးဇူးတော်၌ တည်မှီသော ဧဝံဂေလိတရားနှင့်အနည်းဆုံးညီညွတ်နေသောကြောင့်ဖြစ်သည်။

"ကယ်တင်ခြင်း" ဟူသောစကားလုံးကို ၁း၁၉ နှင့် ၂၈ တို့တွင်မည်သို့အသုံးပြုထားသည်ကို ကျွန်ုပ်တို့ကြည့်ရှုလေ့လာသောအခါ ဒုတိယ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ဤကျမ်းစကားအဆက်အစပ်နှင့်ပို၍ညီညွတ်နေသည်ဟုထင်မှတ်ရသည်။ ၂း၁၂ တွင် ရှင်ပေါလုက ကနဦး၌ပြောဆိုထားချက်များမှကောက်ချက်တစ်ခု(သို့ဖြစ်၍)ကိုချခဲ့သည်။ ၁း၁၂ ကိုပြန်၍သုံးသပ်လျှင် ရှင်ပေါလု၏တွေးခေါ်ယူဆမှုသည် ဤသို့စီးဆင်းသွားပါသည်။

- ငါသည်အကျဉ်းထောင်ထဲ၌ ဆင်းရဲဒုက္ခခံနေရသော်လည်း၊ ဤပတ်ဝန်းကျင်အခြေအနေများကိုကျော်လွန်ဖြတ်သန်း၍ ဘုရားသခင်အားအသရေဂျိုးနွမ်းစေခြင်းမှအောင်နိုင်ခြင်းဆီသို့ ကယ်နှုတ်ခံရခြင်းကိုတွေ့ကြုံခံစားရမည့်အကြောင်း ငါစိတ်ချယုံကြည်၏။ ထိုသို့အားဖြင့်၊ သခင်ခရစ်တော် ဂုဏ်အသရေထင်

ရှားတော်မူမည် (၁း၁၂–၂၀)။

- ငါသည် အသက်ရှင်ဖို့မျှော်လင့်ထားသော်လည်း၊ ငါသေသည်ဖြစ်စေ၊ အသက်ရှင်သည်ဖြစ်စေ ဤကယ်နှုတ်ခြင်းက ငါ့အားအောင်နိုင်ခြင်းကိုပေး၏ (၁း၂၁–၂၆)။

- ဆင်းရဲဒုက္ခကိုခံစားနေရသောသင်တို့သည်လည်း ဘုရားသခင်ကိုယုံကြည်ကိုးစား၍ဧဝံဂေလိတရားခွင်ကြောက်ရွံ့တုန်လှုပ်ခြင်းကင်းလျက် တညီတညွတ်တည်းကြိုးစားအား ထုတ်ကြသည်နှင့်အမျှ အလားတူအောင်နိုင်ခြင်းကိုပေးသည့် ကယ်နှုတ်ခြင်းကိုကြုံတွေ့ခံစားနိုင်၏ (၁း၂၇–၃၀)။
- ဤပတ်ဝန်းကျင်အခြေအနေများကို ကျော်လွန်ဖြတ်သန်း၍ကယ်နှုတ်ခြင်းကိုသင်တို့ခံရမည်ဖြစ်သောကြောင့်ကိုယ်ကျိုးမငဲ့တညီတညွတ်တည်း ကြိုးစားအားထုတ်ခြင်းကိုဆက်လက်လုပ်ဆောင်၍သခင်ခရစ်တော်၏ကိုယ်ကျိုးမငဲ့ခြင်းနှင့်အောင်ပွဲခံသောချီးမြှောက်ခြင်းတို့အားဖြင့် ခွန်အားယူနိုင်ကြ၏ (၂း၁–၁၁)။
- ထို့ကြောင့်၊ သင်တို့၏အခက်အခဲဒုက္ခများ၌သင်တို့အားကယ်နှုတ်ခြင်း၏အကျိုးကျေးဇူးများကိုလက်တွေ့အကောင်အထည်ဖော်ရာတွင် ဘုရားသခင်နှင့်ဆက်လက်၍ပူးပေါင်းဆောင်ရွက်ရကြမည် (၂း၁၂–၁၃)။

- စည်းလုံးညီညွတ်ခြင်း၌ သင်တို့၏အပတ်တကုတ်ကြိုးစားအားထုတ်ခြင်းသည် ဆိုးညစ်သောလောကကိုအောင်နိုင်၍ ၄င်းသည်ယခု၌လည်းကောင်း၊ ခရစ်တော်၏တရားပလွင်ရှေ့၌လည်းကောင်း ငါ့ကိုဝမ်းမြောက်စေပါလိမ့်မည် (၂း၁၄–၁၈)။

အထက်ပါအရာကပြသပေးသောအရာမှာ *ကယ်တင်ခြင်း* ၏တစ်သမတ်တည်းဖြစ်နေသောအဓိပ္ပါယ်မှာ ရန်သူများအလယ်၌ ဘုရားသခင်အားဂုဏ်အသေရေညှိုးနွမ်းစေခြင်းမှလည်းကောင်း၊ ထိုရန်သူများကဖန်တီးထားသောဆင်းရဲခြင်းဒုက္ခများမှလည်းကောင်း ကယ်နှုတ်ခြင်းဖြစ်သည်ဟူ၍ဖြစ်သည်။ ဤကယ်တင်ခြင်းဆိုသည်မှာ ရန်သူများနှင့် ၄င်းတို့ဖန်တီးထားသော ဆင်းရဲခြင်းဒုက္ခများမှသာကယ်နှုတ်ခြင်းမဟုတ်၊ ဘုရားသခင်ကိုယုံကြည်ခြင်း၌လည်းကောင်း၊ အခြားသူများအပေါ်၌ကိုယ်ကျိုးမငဲ့

သောအပြုအမူ၌လည်းကောင်း ကြံ့ကြံ့ခံသည့်အောင်နိုင်သော စိတ်ဓါတ်ဆိုသို့လည်း ကယ်နှုတ်ပေးခြင်းဖြစ်သည်။ ဤကယ်တင်ခြင်းသည် သန့်ရှင်းရာသို့ရောက်စေသောကယ်နှုတ်ခြင်းသာဖြစ်သည်။ အပါယ်ငရဲမှကယ်နှုတ်ခြင်း မဟုတ်ပါ။ အချို့က ဤကယ်နှုတ်ခြင်း (၁း၁၉ နှင့် ၂၈ တွင်လည်းတွေ့ရသည်) ကို ခရစ်တော်၏တရားပလ္လင်၌အပြစ်မရှိကြောင်းသက်သေထူကြေငြာခံရခြင်းတည်းဟူသောမလျော်ကန်သည့်စိတ်သဘောထားနှင့်ပြုမူနေထိုင်မှုတို့ကြောင့်ရရှိမည့် အရှက်ရခြင်းမှကယ်နှုတ်ခံရခြင်းဖြစ်သည်ဟုမှတ်ယူကြသည်။ ဤသို့မှတ်ယူခြင်းသည် အနာဂတ်တွင်ရရှိမည့်ဆုလာဘ်ကိုလည်းသွယ်ဝိုက်၍ညွှန်းဆိုခဲ့ရပေမည်။ ခရစ်တော်၏တရားပလ္လင်၌ကောင်းမွန်စွာတရားစီရင်ဆုံးဖြတ်ခံရခြင်းသည် ဆင်းရဲဒုက္ခကြုံတွေ့ရချိန်၌ကောင်းသောစိတ်သဘောထားရှိခြင်းနှင့်ကောင်းမွန်စွာပြုမူနေထိုင်ခြင်းတို့ကြောင့်ဖြစ်ခဲ့မည်ဖြစ်သော်လည်း၊ ဤကျမ်းချက်သည် ဖိလိပ္ပိအသင်းသားများ၏လက်ရှိတွေ့ကြုံနေမှုကိုစူးစိုက်ထားဟန်ရှိသည်။

အောင်နိုင်သောသန့်ရှင်းရာသို့ရောက်ခြင်းအတွေ့အကြုံကို ခရစ်ယာန်များထံ၌အာမ မခံထားပါ။ ရန်သူများ၏ညှင်းပန်းနှိပ်စက်ခြင်းကိုခံရချိန် (သို့) ခက်ခဲသောပတ်ဝန်းကျင်အခြေအနေများ၌ဆင်းရဲဒုက္ခကိုခံစားရချိန်တွင် ဘုရားသခင်ကို ဂုဏ်တင့်စေသည့်အသက်တာအား ဆက်လက်ထိန်းသိမ်းထားရန် မှာခက်ခဲနိုင်ပါသည်။ သို့သော်၊ ဘုရားသခင်ကိုလည်းကောင်း၊ အခြားသူများထံ၌ကိုယ်ကျိုးမငဲ့အလုပ်အ ကျွေးပြုရန်အတွက်ပေးသနားထားသည့် သန့်ရှင်းသောဝိညာဉ်တော်ကိုလည်းကောင်း ယုံကြည်ကိုးစားခြင်းဖြင့် ကျွန်ုပ်တို့သည် ရန်သူနှင့်ပတ်ဝန်းကျင်အခြေအနေများ၏အနိုင်ပိုင်းခံရခြင်းမှကယ်နှုတ်ခြင်းကိုခံရ၍ ကျွန်ုပ်တို့ထုတ်ဖော်ဟောပြောနေသည့် သမ္မာတရားကိုသက်သေခံနေသည့်အောင်နိုင်သောစိတ်ဓါတ်စီသို့ကယ်နှုတ်ခံကြရပါလိမ့်မည်။

ဆုအတွက်အားသွန်ခွန်စိုက်ပြေး၏ (Press on for the prize)။ ဖိလိပ္ပိ ၃း၁၂–၁၄

> *၁၂ ထိုသို့ဆိုသော်အကျိုးကိုခံရပြီ၊ စုံလင်ခြင်းသို့ရောက်ရပြီဟု ငါမဆိုလို၊ အကြင်အကျိုးကိုပေးခြင်း ၌ ခရစ်တော်သည် ငါ့ကိုကိုင်ဘမ်းတော်မူ၏၊ ထိုအကျိုးကို ကိုင်မိခြင်း၌ ငါပြေး၍လိုက်သေး၏။ ၁၃ ညီအစ်ကိုတို့၊ ငါကိုင်မိပြီဟုကိုယ်ကိုကိုယ်မထင်သော်လည်း၊ ငါပြုသောအမှုတခုဟူမူ ကား၊ နောက်ကျသောအရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ရှိသောအရာတို့ကိုလှမ်းကမ်း၍၊ ၁၄ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည်အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကိုရခြင်း၌၊ ပန်းတုံးတိုင်သို့ ငါလိုက်ပြေး၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကယ်တင်ခြင်းသည် အဆုံးတိုင်အပတ်တကုတ်ကြိုးစားအားထုတ်သူများအတွက် ဆုဖြစ်

သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ခရစ်တော်၏ ဆင်းရဲဒုက္ခခံခြင်းနှင့်တန်ခိုးတော်ကို ပို၍နက်နဲစွာကြုံတွေ့ခံစားရခြင်းသည် အဆုံးတိုင်အပတ်တကုတ်ကြိုးစားအားထုတ်သောသူများအတွက်ဆုဖြစ်သည်။

လက်ဆောင်နှင့်ဆုလာဘ်ဟူသောအရာနှစ်ရှိကြောင်းကို ကျွန်ုပ်တို့ဆွေးနွေးခဲ့ကြပြီးဖြစ်သည့်အကြောင်း ကိုယ့်ကိုယ်ကိုပြန်လည်အသိပေးခြင်းကကောင်းမည်ဟုထင်ပါသည်။ ထာဝရကယ်တင်ရာသို့ရောက်ခြင်းသည် မယုံကြည်သူများကိုပေးသနားသောအခမဲ့လက်ဆောင်တစ်ပါးဖြစ်၍ သစ္စာရှိတည်ကြည်ခြင်းအတွက်ပေးသောအရာမှာ ယုံကြည်သူများမှ ထိုက်ထိုက်တန်တန်ရယူရသည့်ဆုဖြစ်သည်။ ဤနေရာ၌ရှင်ပေါလုပြောပြနေသောအရာသည် ထိုအရာနှစ်ခုမှ မည်သည့်အရာဖြစ်သနည်း။

ဤနေရာတွင် ထာဝရကယ်တင်ရာသို့ရောက်ခြင်းကိုပြောဆိုထားပုံမပေါ်ပါ။ အကြောင်းမှာ ရှင်ပေါလုသည် ဤသြဝါဒစာ၌လည်းကောင်း၊ အခြားနေရာ၌လည်းကောင်းမိမိ၏ကယ်တင်ခြင်းကိုမေးခွန်းမထုတ်ခဲ့ကြောင်းထင်ရှားနေသောကြောင့်ဖြစ်သည်။ ထိုသို့သာမေးခွန်းထုတ်ခဲ့လျှင် သူသည် မိမိ၏စာစောင်များအားဖတ်ရှုသူတို့ထံ၌ပြောဆို ထားသောရဲရင့်ပြတ်သားသည့်တိုက်တွန်းနှိုးဆော်ချက်များနှင့်ဆန့်ကျင်နေ၍ တမန်တော်တစ်ပါးအဖြစ်မိမိ၏သြဇာအာဏာကိုလျော့ပါးထိခိုက်စေကာ၊ ဧဝံဂေလိတရားကိုကယ်တင်ခြင်းအတွက်သေချာသောကတိတော်တစ်ခုအဖြစ်မိမိအသေးစိတ်ရှင်းလင်းတင်ပြချက်ကိုပေါ့ပြက်စေခဲ့ပါလိမ့်မည်။ ဤကျမ်းချက်က ရှင်ပေါလုသည် ဆုဟူသောအခြား အရာတစ်ခုနောက်သို့လိုက်နေကြောင်းကိုပြသထားပါသည်။ ရှင်ပေါလု၏သက်သေခံချက်မှာ “ခရစ်တော်သည် ငါ့ကိုကိုင်ဖမ်းတော်မူ၏” ဟူ၍ဖြစ်သည် (၃း၁၂)။ ထိုအချက်တွင်အခြေခံ၍ ယခုတွင် ရှင်ပေါလုသည် သခင်ခရစ်တော်က သူ့အတွက် ရည်ရွယ်ထားသည့်အရာကို အပြည့်အဝပိုင်ဆိုင်ရန်ကြိုးစားရှာကြံနေပါသည်။ ထိုရည်ရွယ်ချက်ကို အခန်းငယ် ၁၄ တွင် “ယေရှုခရစ်အားဖြင့်ငါ့ကို အထက်အရပ်မှဘုရားသခင်ခေါ်တော်မူခြင်းနှင့်ဆိုင်သောဆု” ဟုရှင်းပြထားသည်။ ၄င်းသည် အခန်းငယ် ၁၀–၁၁ ရှိမိမိ၏တောင့်တမှုအဖြစ် ရှင်ပေါလုထုတ်ဖော်ပြောဆိုထားသည့်အရာကို ရည်ညွှန်းထားဟန်အလွန်တူသည်။ အခန်းငယ် ၁၀း–၁၁ ၌ဖော်ပြထားသည့် ရှင်ပေါလု၏တောင့်တမှုမှာ သခင်ခရစ်တော်ကိုသိကျွမ်းရန် (သာ၍နက်ရှိုင်းသောတွေ့ကြုံခံစားမှုဖြင့် သိကျွမ်းရင်းနှီးခြင်းမျိုး)၊ သခင်ခရစ်တော်ကိုသေခြင်းမှ ထမြောက်စေခဲ့သည့်အလားတူတန်ခိုးတော်ကိုတွေ့ကြုံခံစားရန်၊ သခင်ခရစ်တော်၏ဒုက္ခဝေဒနာခံတော်မူခြင်း၌ ဆက်ဆံမျှဝေခံစားရန် (အပြစ်ဒုစရိုက်ကြောင့်မဟုတ်၊ ကောင်းသောအရာကို ပြုလုပ်ခြင်းကြောင့်) တို့ဖြစ်သည်။

ရှင်ပေါလုသည် သခင်ယေရှုခရစ်၏ဒုက္ခဝေဒနာခံတော်မူခြင်း၌လည်းကောင်း၊ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်ကိုကြုံတွေ့ခံစားခြင်း၌လည်းကောင်း ကိုယ်တော်နှင့်ထပ်တူပြုမျှဝေခံစားခြင်းကို အကြွင်းမဲ့ရှာကြံခဲ့ပါသည် (နှိုင်းယှဉ် ရောမ ၆း၄–၅)။ စစ်ကြောစုံစမ်းခြင်းတစ်ခုကိုအတူတကွကြုံတွေ့ခံစားရသောသူများသည်အခြားသူများမရရှိနိုင်သည့် သာမန်ထက်ထူးခြားသော မိတ်သဟာယဖွဲ့ဆက်ဆံရေးမျိုးကိုပျော်ပိုက်ကြရကြောင်း ဘဝအတွေ့အကြုံက ကျွန်ုပ်တို့ကို ပြောပြပါသည်။ ဥပမာ၊ ကိုယ်ဝန်ဆောင်ခြင်းအားဖြင့် ဆင်းရဲဒုက္ခကိုခံစားကြသော အမျိုးသမီးများ (သို့) ကင်ဆာဝေဒနာကိုခံစားကြသော သူများကြားရှိ စာနာနားလည်တတ်မှုကိုစဉ်းစားသုံးသပ်ကြည့်ပါ။

ရှင်ပေါလုကလည်း "သေခြင်းမှရှင်ပြန်ထမြောက်ခြင်းကို ငါရလိုသည်" ဟုမိမိ၏တောင့်တမှုကိုထုတ်ဖော်ပြောဆိုထားသည် (၃း၁၁)။ မည်သည့်အရာမှရှင်ပြန်ထမြောက်ခြင်းကို ရှင်ပေါလုပြောဆိုနေပါသနည်း။ ဤအရာနှင့်ပတ်သက်၍အနက်ဖွင့်ဘာသာပြန်ဆိုချက်အမြောက်အများရှိသော်လည်း၊ အဓိကသော့ချက်မှာရှင်ပြန်ထမြောက်ခြင်းအတွက်အသုံးပြုထားသည့် ထူးခြားသောစကားလုံးတွင်ဖြစ်သည်ဟု ထင်မှတ်ရသည်။ ထိုစကားလုံးကိုအရှိအတိုင်း တိုက်ရိုက်ဘာသာပြန်ဆိုလျှင် "out-resurrection" *(exanastasin)* ဟူ၍ဘာသာပြန်ဆိုရလိမ့်မည်။ ရှင်ပေါလုသည် သေဆုံးသွားခဲ့ပြီးသောယုံကြည်သူများကသခင်ယေရှုကိုအာကာသကောင်းကင်၌ ဆုံတွေ့ရကြရမည့်ကျရောက်အံ့ဆဲဆဲချီဆောင်ခြင်းကို ရည်ညွှန်းနေဟန်ရှိသည်။ ရှင်ပေါလုက ထိုအဖြစ်အပျက်အထိအသက်ရှင်ရန် မျှော်လင့်ကြောင်းပြောနေပါသည်။ ရှင်ပေါလုသည် မိမိချီဆောင်ခံရမည့်အကြောင်း (သို့) ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို သံသယမဖြစ် ခဲ့ပါ။ "it, by any means" (ကြိယာပုံစံတွင်မှန်းဆချက်ပုံသဏ္ဌာန်ဖြင့်ဖော်ပြသော *ei pôs*) ကို NIV တွင် "and so, somehow" ဟုထိထိမိမိဘာသာပြန်ဆိုထားပြီး၊ လိုချင်သောအဖြေရလဒ်တစ်ခုကိုပို၍ထင်ဟပ်ထားသည်။ "ရသည်" (attain, *katantaô* မှ) ဟူသောစကားလုံးသည် "ရောက်ရှိသည်၊ ဆိုက်ရောက်သည်"ဟုလည်း ဆိုလိုနိုင်သည်။

ထို့ကြောင့်၊ ဤကျမ်းချက်၏ ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ရှင်ပေါလုအားမိမိ၏ကယ်တင်ခြင်း (သို့) ရှင်ပြန်ထမြောက်ခြင်းကိုသံသယဖြစ်နေသကဲ့သို့မဖန်တီးပါ။ သို့သော်၊ သခင်ယေရှုခရစ်၏ဒုက္ခဝေဒနာ ခံတော်မူခြင်းနှင့်တန်ခိုးတော်ကိုအသက်ရှည်ခဲ့လျှင်ချီဆောင်ခြင်းခံရသည့်အချိန်အထိအပြည့်အဝခံစားလိုသောရှင်ပေါလု၏တောင့်တမှုကိုသာဖော်ပြပေးပါသည်။

ရှင်ပေါလုက မိမိ၏ကယ်တင်ခြင်းကို သံသယဖြစ်နေ၍ ထိုကယ်တင်ခြင်းကို ထိုက်ထိုက်တန်တန်ကြိုးစားရယူရန်ရှာကြံနေသယောင်ဖန်တီးထားသည့် က သမ္မာ

တရားအနက်ဖွင့်ဘာသာပြန်ဆိုချက်၏ အနက်ဖွင့်ဆိုရှင်းပြခြင်းနှင့်လည်းကောင်း၊ ဓမ္မတွေးခေါ်ယူဆချက်နှင့်လည်းကောင်းသက်ဆိုင်သည့်ပြဿနာများအပြင်၊ ထိုအယူအဆတွင် ဝမ်းနည်းစရာကောင်းသောလက်တွေ့အကျိုးဆက်များရှိနေပါသည်။ အကြောင်းမှာ ထိုအယူအဆသည် ခရစ်ယာန်အားလုံး၏ရည်မှန်းချက်ပန်းတိုင်ဖြစ်ရမည့်အရာကို လွဲချော်နေသောကြောင့်ဖြစ်သည်။ ရှင်ပေါလုနည်းတူ ကျွန်ုပ်တို့သည်လည်း သခင်ခရစ်တော်ပြုလုပ်ခဲ့သည့်အတိုင်း ဖြောင့်မတ်ခြင်းတရားအတွက် ဒုက္ခဝေဒနာခံခြင်းအားဖြင့် ကိုယ်တော်နှင့်ပို၍နက်နဲသောမိတ်သဟာယဖွဲ့ခြင်းကိုတွေ့ကြုံခံစားဖို့ရှာကြံကြရမည်ဖြစ်သကဲ့သို့၊ သခင်ခရစ်တော်တွေ့ကြုံခဲ့သည့်အတိုင်း ဘုရားသခင်၏သေခြင်းမှထမြောက်စေသောတန်ခိုးတော်၏ကြီးမြတ်ခြင်းကို တွေ့ကြုံခံစားလိုကြရမည်ဖြစ်သည်။ သို့သော်၊ နက်နဲသော ဤအတွေ့အကြုံများသည် လက်ဆောင်တစ်ပါးအဖြစ်နှင့်ရောက်မလာကြပါ။ ဘုရားသခင်က ယုံကြည်သူတိုင်းအတွက်လိုချင်တောင့်တပေးသည့် ထိုရည်မှန်းချက်ပန်းတိုင်ဆီသို့လည်းကောင်း၊ ရရှိလာမည့်ဆုလာဘ်များဆီသို့လည်းကောင်း အားသွန်ခွန်စိုက်ပြေးကြရမည် (သို့) သစ္စာရှိတည်ကြည်ခြင်း၌အပတ်တကုတ်ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ သို့သော်၊ ဝမ်းနည်းဖွယ်ရာမှာ မင်္ဂလာရှိသောဤမျှော်လင့်ချက်ကို က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က ပေးကမ်းထားခြင်း မရှိပါ။

သင်တို့သည် မြဲမြံကြလျှင် (If you continue)။ ကောလောသဲ ၁း၂၁–၂၃

> ၂၁ *အထက်က ဘုရားသခင်နှင့်ကွာရှင်း၍၊ ဆိုးညစ်သောအကျင့်ကိုကျင့်သဖြင့်၊ စိတ်နှလုံး၌ရန်သူဖြစ်သောသင်တို့ကို၊ ကိုယ်ခန္ဓာတော်၌အသေခံတော်မူသောအားဖြင့်၊ ယခုသင့်မြတ်စေတော်မူ၏။* ၂၂–၂၃ *အကြောင်းမူကား၊ ကောင်းကင်အောက်၌ရှိသမျှသောဝေနေယျသတ္တဝါတို့အားဟောပြောသဖြင့်၊ သင်တို့သည် ကိုယ်တိုင်ကြားရပြီးသောဧဝံဂေလိတရား၏မြော်လင့်ခြင်းမှမရွေ့လျော့ဘဲ၊ တိုက်မြစ်ကျခြင်း၊ တည်ကြည်ခြင်းနှင့်တကွမြဲမြံစွာယုံကြည်ကြလျှင်၊ သန့်ရှင်းစင်ကြယ်လျက်အပြစ်တင်ခွင့်နှင့်ကင်းလွတ်လျက်ရှိသောသင်တို့ကို ရှေ့တော်၌ဆက်သမည်အကြောင်းတည်း။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတို့သည် ခရစ်ယာန်ယုံကြည်ချက်ကိုမြဲမြံစွာ ဆက်လက်၍ယုံကြည်ကြလျှင် (သို့) လိုက်နာစောင့်ထိန်းကြလျှင် ကယ်တင်ခြင်း၌ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ကြရပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ခရစ်ယာန်များသည် ယုံကြည်ခြင်းဌာနဆက်လက် မြဲမြံကြလျှင်ခရစ်တော်၏ တရားပလ္လင်၌ ကိုယ်တော်ထံတွင်ကောင်းမြတ်သောဆက်သခြင်းကို ခံကြရပါလိမ့်မည်။

ဤကျမ်းပိုဒ်ကိုနည်းလမ်းပေါင်းစုံဖြင့် က သမ္မာတရားအဖြစ်အမြဲလိုလိုနားလည်မှုလွဲခဲ့ကြသည်။ ဤကျမ်းချက် က လူတို့သည် ခရစ်ယာန်သမ္မာတရား၌မြဲမြံနေမှသာ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်ဟု သွန်သွန်ပေးထားကြောင်း အချို့ကမှတ်ယူထားကြသည်။ အခြားသူများကလည်း မိမိတို့၏အသက်တာအဆုံးအထိ ယုံကြည်ခြင်း၌အပတ်တကုတ်ကြိုးစားအားထုတ်သူများသာလျှင် စစ်မှန်စွာကယ်တင်ခြင်းခံကြရသည်ဟု ဤကျမ်းချက်ကသွန်သင်ပေးကြောင်းမှတ်ယူ ထားကြသည်။ ဆက်လက်၍ အခြားသူများက ဤကျမ်းချက်သည် ခရစ်ယာန်များအနေဖြင့် မိမိတို့၏ယုံကြည်ခြင်းကို ဆက်လက်၍ မမှိတ်မသုန်ကျင့်ကြံခြင်းမရှိလျှင် ကယ်တင်ခြင်းဆုံးရှုံးရမည်ဟူသော သတိပေးချက်တစ်ခုအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုထားကြသည်။ ဤနောက်ဆုံးအချက်သည် ရှင်းလင်းပြတ်သားသော သမ္မာကျမ်းစာ၏သွန်သင်ချက်နှင့်ဆန့်ကျင်နေသောကြောင့် ကျွန်ုပ်တို့ထုတ်ပယ်ခဲ့ပြီးဖြစ်သည်။

ပထမအနေဖြင့်၊ ဤသတိပေးချက်ကို ဤဩဝါဒစာကိုဖတ်ရှုသူများအတွက် ကယ်တင်ခြင်းသည်အနာဂါတ် တစ်ချိန်၌ဖြစ်လာမည့်အရာဖြစ်သည်ဟူသောရှု ထောင့်မှရေးသားခဲ့ပါသလား (သို့) အတိတ်တစ်ချိန်မှ အဖြစ်အပျက်တစ်ခုဖြစ်သည် ဟူသောရှုထောင့်မှရေးသားခဲ့ပါသလားဟူသောအချက်ကို ကျွန်ုပ်တို့သက်သေထူရမည်ဖြစ်သည်။ စာဖတ်သူများ၌ သံသယရှိရန်မလိုသောကယ်တင်ခြင်းအတွေ့အကြုံတစ်ခုရှိထားကြသည်ကို သက်သေအထောက်အထားများကပြသနေပါသည်။ ရှင်ပေါလုက သူတို့ကို ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာတွင် ဂုဏ်သတင်းကြီးသည့် (၁း၃) "သန့်ရှင်းသူတည်းဟူသော ခရစ်တော်ကိုယုံကြည်သောညီအစ်ကိုတို့" ဟုခေါ်ဆိုထားသည် (၁း၂)။ ဖြစ်တည်မှုအရ၊ သူတို့သည် သခင်ခရစ်တော်၏နိုင်ငံတော်ထဲ၌ရွှေ့ပြောင်း ထားရှိခြင်းကို ခံကြရပြီ (၎ယ် ၁၃)၊ ရွေးနှုတ်ခြင်း ကိုခံကြရကာ (၎ယ် ၁၄)၊ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခဲ့ကြပြီးဖြစ်သည် (၎ယ် ၂၁)။ သူတို့၏လက်ရှိ၌ပြန်လည်သင့်မြတ်ရာသို့ရောက်နေခြင်းအခြေအနေသည် သူတို့၏ကနဦးဖြစ်တည်မှုဖြစ်သော ဘုရားသခင်နှင့်ကင်းကွာခဲ့ကြ၍ဘုရားသခင်၏ရန်သူများဖြစ်ခဲ့ကြခြင်းနှင့်ဆန့်ကျင်ဘက်ဖြစ်နေသည် (၎ယ် ၂၁)။

ထို့ကြောင့်၊ အခန်း၎ယ် ၂၃ ရှိ "စွဲမြဲစွာယုံကြည်ကြလျှင်"ဟူသောရှင်ပေါလု၏ပြောဆိုချက်ဖြင့် စာဖတ်သူတို့၏ပြန်လည်သင့်မြတ်ရာသို့ရောက်ခြင်းကို အခြေ

အနေသတ်မှတ်ထားလျှင် ၄င်းသည် စာဖတ်သူတို့၏ကယ်တင်ခြင်းခံရသည့် အခြေအနေအကြောင်း ရှင်ပေါလု၏ထုတ်ဖော်ပြောဆိုထားချက်နှင့်အစဉ်ပင်ဆန့်ကျင်နေပါသည်။ ဤစာဖတ်သူများသည် ယုံကြည်ခြင်းဆိုသို့သွားနေကြသောသူများမဟုတ်ကြပါ။ ယုံကြည်ခြင်း၌ရှိနေကြသောသူများဖြစ်သည်။ သူတို့သည် ကယ်တင်ရာသို့မရောက်ခဲ့ကြသေးလျှင် "ယုံကြည်ခြင်း၌" (in the faith) သည် သူတို့၏ပုဂ္ဂလယုံကြည်ခြင်းကို မရည်ညွှန်းနိုင်သကဲ့သို့အသိစိတ်တွင်းမှခံစားချက်တွင် အခြေမခံသည့် ဓမ္မဓိဋ္ဌာန်ကျသော ခရစ်ယာန်သမ္မာတရားကိုလည်း မရည်ညွှန်းနိုင်ပါ။ အကြောင်းမှာ၊ ယုံကြည်ခြင်း၏အစပြုအမှတ်သည် ကယ်တင်ခြင်းကိုဖြစ်စေသော သခင်ယေရှုခရစ်ကို သိကျွမ်းခြင်းဖြစ်သောကြောင့်ဖြစ်သည်။

ဤသတိပေးချက်ကို ခ သမ္မာတရားအဖြစ်မှတ်ယူထားသောသူအချို့က ဤအခြေအနေသတ်မှတ်ချက်နှင့်စပ်ဆိုင်သောသတိပေးချက်တွင် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းကို အဓိကရည်မှတ်ထားသည်ဟုမှတ်ယူကြပြီး၊ အခြေအနေပေါ်မူတည်ခြင်းပြဝါကျကဏ္ဍ (conditional clause) ၏တည်ဆောက်ပုံတွင် "if" သည် "ခင်ဗျားဆက်လုပ်တဲ့အတွက်သေချာဖြစ်လာမှာပါ" (If you continue, and you certainly will) ဟူသောစာ ကြောင်းရှိ "since" (တဲ့အတွက်) ဟူသောအဓိပ္ပါယ်ကိုရှိထားသည်ဟုငြင်းခုံထားကြသည်။ သို့သော်၊ ဤတည်ဆောက်ပုံ (ဂရိဘာသာစကားရှိပထမတန်းစာအခြေအနေပေါ်မူတည်မှုပြသဒ္ဒါပုံစံ) သည်အကြောင်းအရာများသေချာပေါက်ဖြစ်လာမည့်အကြောင်းကို တိတိကျကျမဖော်ပြပါ။ ငြင်းခုံဆွေးနွေးချက်အဖို့အလိုငှါသာသေချာသည်ဟုမှတ်ယူထားခြင်းဖြစ်သည်။ ပထမအတန်းအစားအခြေအနေပေါ်မူတည်မှုပြ သဒ္ဒါပုံစံဖြင့်ဖေါ်ပြထားသောထုတ်ဖော်ပြောဆိုချက်များသည်ဖြစ်နိုင်ဖွယ်ရာဟုမှန်းဆခြင်းသက်သက်ဖြစ်နိုင်ပြီး၊ အမှန်ဖြစ်ရပ်နှင့်ပင်ဆန့်ကျင်နေနိုင်ပါသည် (ဂလာတိ ၃း၄ ကိုကြည့်ပါ)။

ပို၍သင့်တင်ကောင်းမွန်သော ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်တစ်ခုရှိသည်။ "ယုံကြည်ခြင်း" (ရှင်ပေါလုက "သင်တို့၏ယုံကြည်ခြင်း"ဟု ပြောပြမထားကြောင်းကိုသတိပြုပါ) ၌ ဆက်လက်မြဲမြံခြင်းဆိုသည်မှာ သခင်ယေရှုခရစ်ကို သူတို့၏ကယ်တင်ရှင်အဖြစ်သိကျွမ်းလာခြင်းဖြင့် ပထမဆုံးတွေ့ကြုံခဲ့ရသည့် ခရစ်ယာန်သမ္မာတရားလမ်းအစဉ်အတိုင်းဆက်လက်၍လျှောက်လှမ်းခြင်းကိုဆိုလိုရပေမည်။ ဤအရာသည် ခရစ်ယာန်အသက်ရှင်သန် ခြင်းနှင့်သန့်ရှင်းရာသို့ရောက်ခြင်းအတွက် အခြေခံကျသောသမ္မာတရားဖြစ်သည်။ စာဖတ်သူများအတွက်ပြန်လည် သင့်မြတ်ရာသို့ရောက်ခြင်းသည် လက်ရှိ၌ဖြစ်ပျက်နေသောအမှန် တရားတစ်ခုဖြစ် နေသောကြောင့် "သင်တို့သည် ... မြဲမြံစွာယုံကြည်ကြလျှင်" ဟူသောအခြေအနေပေါ်မူတည်ခြင်းပြစကားစုသည် အနာဂတ်၌ဖြစ်တည်လာမည့်တစ်စုံတစ်ခုကိုမျှော်လင့်ထားရမည်ဖြစ်သည်။ ကျမ်းစာ

သားများအရ ထိုအရာသည်စာဖတ်သူတို့ကို ဘုရားသခင်၏ ရှေ့တော်၌ သန့်ရှင်းစင်ကြယ်လျက်အပြစ်တင်ခွင့်နှင့်ကင်းလွတ်လျက်ဆက်သခြင်းဟူသောမျှော်လင့်ချက်ဖြစ်ခဲ့ပါလိမ့်မည်။ ဘုရားသခင်ထံ၌ ဤသို့ဆက်သခြင်းကို ဓမ္မသစ်ကျမ်း၏အခြားနေရာများ၌လည်းတွေ့ရပြီး (၂ကော ၄း၁၃၊ ၁၁း၂၊ ဧဖက် ၅း၂၇၊ ၁သက် ၅း၂၃၊ ယုဒ ၂၄)၊ ရောမ ၁၄း၁၀ ၌အသုံးပြုထားသည့်အတိုင်း ၄င်းသည် တစ်ဦးတစ်ယောက်၏ကယ်တင်ခြင်းကိုမဟုတ်၊ တစ်ဦးတစ်ယောက်၏အသက်တာကို တရားစီရင်မည့်ခရစ်တော်၏တရားပလွင်၌ကိုယ်တော်၏ ရှေ့တော်တွင် ယုံကြည်သူတို့အစစ်ဆေးခံခြင်းကိုပြောဆိုထားသောရှင်းလင်းပြတ်သားသည့် ရည်ညွှန်းပြောဆိုချက် တစ်ခုလည်းဖြစ်သည် (နိုင်းယှဉ် ၊ ၁ကော ၃း၁၃၊ ၂ကော ၅း၁၀)။ "သန့်ရှင်းစင်ကြယ်၍ အပြစ်တင်ခွင့်နှင့်ကင်းလွတ် လျက်" ဟူသောအသုံးအနှုန်းသည် (ယုံကြည်သူတို့၏သခင်ခရစ်တော်၌ရှိသောသန့်ရှင်းခြင်း) ဖြစ်တည်မှုအခြေအနေနှင့် ဆက်စပ်၍အသုံးပြုထားခြင်း မဟုတ်ပါ။ ယုံကြည်သူများကြိုးပမ်းရရှိသည့် သန့်ရှင်းရာသို့ရောက်ခြင်း အတိုင်းအတာအရည်အသွေးနှင့်ဆက်စပ်၍ အသုံးပြုထားခြင်းဖြစ်သည် (နိုင်းယှဉ် ဧဖက် ၅း၂၇၊ ၁တိ ၃း၂၊ တိတု ၁း၆–၇)။ "ခရစ်တော်အားဖြင့် လူတိုင်းစုံလင်ခြင်းသို့ရောက်၍ လူခပ်သိမ်းတို့ကိုဆက်သ" ခြင်းသည် ရှင်ပေါလု၏ရည်မှန်းချက်ပန်းတိုင်ဖြစ်ခဲ့သည် (၁း၂၈)။ ထိုနေ့ရက်တွင် ယုံကြည်သူတိုင်းသည် သခင်ဘုရားထံ၌ဆက်သခြင်းကိုခံကြရမည်ဖြစ်သော်လည်း၊ အားလုံးသည် တူညီသောဂုဏ်ပြုခြင်းနှင့်အတူဆက်သခံရမည်တော့မဟုတ်ပါ။

ဤအရည်အသွေးများကိုရရှိခြင်းနှင့်နှစ်သက်လိုလားဖွယ်ကောင်းသည့် ဆက်သခံရခြင်းတို့သည် ဧဝံဂေလိတရားတော်၌ သူတို့သင်ယူ၍ကြုံတွေ့ခံစားခဲ့ကြသည့် ယုံကြည်ခြင်း၌ဆက်လက်၍မြဲမြံခြင်းတွင်မူတည်သကဲ့သို့၊ ၄င်းတို့ကြားနာခဲ့ကြသည့် "ဧဝံဂေလိတရား၏ မျှော်လင့်ခြင်းမှမရွေ့မလျော့" ခြင်းတွင်လည်း မူတည်ပါသည်။ *မျှော်လင့်ခြင်း (hope)* သည်အနာဂတ်တွင်ဖြစ်ပျက်မည့်အဖြစ် အပျက်တစ်ခုကိုမျှော်လင့်တောင်းတခြင်းဖြစ်သောကြောင့် ၄င်းသည် ယုံကြည်ခြင်းနှင့်အတူတူဖြစ်သည်။ ရှင်ပေါလုသည် ဤစာဖတ်သူတို့အား "သင်တို့အဖို့ကောင်းကင်ဘုံ၌သိုထားသောမျှော်လင့်ရာ" ကိုပြန်လည်အသိပေးထားပြီး၊ သူတို့သည် ထိုအရာကို သူတို့ထံ၌ရှင်ပေါလုဟောပြောခဲ့သည့်ကျေးဇူးတော်၌တည်မှီသော ဧဝံဂေလိတရားအားဖြင့်ကြားနာခဲ့ကြရပါသည် (၁း၅–၆)။ ၁း၂၁–၂၃ ကို အနက်ဖွင့်ဘာသာပြန်ဆိုရန်အတွက် အဓိကသော့ချက်မှာ ၁း၄–၆ ၌ရှင်ပေါလုဖော်ပြပြောဆိုထားသည့် မျှော်လင့်ခြင်းနှင့် ၄င်း၏အသီးတို့ဆက်နွယ်မှုဖြစ်သည်။ သူတို့၏မျှော်လင့်ခြင်းသည် သခင်ယေရှုခရစ်ကို ဆက်လက်၍ယုံကြည်ခြင်းနှင့် အခြားယုံကြည်သူများကိုချစ်ခြင်းတို့၌ (၁း၄) အကျိုးဆက်ဖြစ်ပေါ်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဧဝံဂေလိတရားကြောင့် သူတို့၏အနာဂတ်၌ထားရှိသည့်ယုံကြည်စိတ်ချမှု (သူတို့၏မျှော်လင့်ချက်) သည် သူတို့၏ အသက်တာ၌ သန့်ရှင်းစင်ကြယ်ခြင်း ကိုဖြစ်စေ

သည့် သက်ရောက်မှုတစ်ခုကိုပြုလုပ်နေပါသည် (မျှော်လင့်ခြင်း၏ သန့်ရှင်းစင်ကြယ်စေသောသက်ရောက်မှုကို ဓမ္မသစ်ကျမ်းရှိအခြားကျမ်းချက်များတွင်လည်းတွေ့ရပါသည်။ ရောမ ၅း၂၊၁၂း၁၂၊ ၂ကောဝူး၁၂၊ဟေဗြဲ ၇း၁၉၊ ၁ယော ၃း၃)။ စာဖတ်သူတို့သည် ဤစိတ်ချယုံကြည်မှုရှိသော မျှော်လင့်ချက်မှ ရွေ့လျော့သွားကြလျှင် မျှော်လင့်ခြင်းအသီးအပွင့်သည်ထိခိုက်ယိုယွင်းသွား၍ သခင်ဘုရားထံ၌ သူတို့၏ နှစ်သက်လိုလားဖွယ်ဆက်သခံရခြင်းမှာလည်း ထိခိုက်သွားမည်ဖြစ်သည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်နှင့် ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်တို့ကြားရှိ ကွဲပြားခြားနားချက်မှာ အလွန်လေးနက်လှသည်။ ကယ်တင်ခြင်းသည် ယုံကြည်ခြင်း (သို့) သစ္စာရှိတည်ကြည်ခြင်း၌ အပေါ်၌မူတည်နေလျှင် ကယ်တင်ခြင်းစိတ်ချမှုမှာပျောက်ဆုံးသွားရပါသည်။ ထာဝရအသက်ကိုအသေအချာရမည်ဟူသောမျှော်လင့်ချက်မျိုးမရှိလျှင် ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်းနှင့်သူတစ်ပါးတို့အားချစ်ခြင်းတို့ကို စေ့ဆော်ပေးသောအရာတို့မှာလည်းအားနည်း၍ဖောက်ပြန်ပျက်စီးလာကြရပါသည်။ သန့်ရှင်းရာသို့ရောက်စေသည့် ဤအရည် အသွေးများ မရှိလျှင် ခရစ်တော်၏တရားပလ္လင်၌ရှိလာမည့်နှစ် သက်လိုလားဖွယ်ချင့်တွက်တန်ဖိုး ဖြတ်ခြင်းကို အန္တရာယ်ပြုခံရပါသည် (သို့) ဆုံးရှုံးရပါသည်။ အချုပ်အားဖြင့်ဆိုရလျှင်၊ ယုံကြည်သူများသည် သံသယစိတ်နှင့်လည်းကောင်း၊ မသေချာမှုများနှင့်လည်းကောင်းပြည့်နေသည့် ပတ်ဝန်းကျင်အခြေအနေတစ်ခုတွင်မကြီးထွားနိုင်ကြပါ။ စိတ်ချယုံကြည်မှုရှိသောမျှော်လင့်ချက်နှင့်ကယ်တင်ခြင်းစိတ်ချမှုရှိခြင်းတို့သည် ဘုရားသခင်ကိုယုံကြည်ကိုးစားရန် အတွက်လည်းကောင်း၊ သူတစ်ပါးတို့ကိုချစ်ရန်အတွက်လည်းကောင်းစေ့ဆော်တိုက်တွန်းပေး၍လွတ်လပ်မှုကိုလည်းပေးပါသည်။ ထိုကဲ့သို့သောမျှော်လင့်ချက်နှင့်စိတ်ချမှုရှိခြင်းတို့သည် လူသား၏လုပ်ဆောင်ချက်အပေါ်တွင်မဟုတ်၊ ဘုရားသခင်၏ကျေးဇူးတော်၌တည်မှီသော ဧဝံဂေလိတရားတွင် အခြေပြုရမည်ဖြစ်သည်။

ယုံကြည်သောစိတ်နှင့်အကျင့်ကိုကျင့်ခြင်း (work of faith)။ ၁ သက် ၁း၃

ငါတို့အဘဘုရားသခင်ရှေ့တော်၌ သင်တို့သည် ယုံကြည်သောစိတ်နှင့် အကျင့်ကိုကျင့်ခြင်း၊ ချစ်သောစိတ်နှင့်ကြိုးစားအားထုတ်ခြင်း၊ ငါတို့သခင်ယေရှုခရစ်ကိုမျော်လင့်သောစိတ်နှင့် တည်ကြည်ခြင်းတို့ကို ငါတို့သည်အစဉ်မပြတ် အောက်မေ့လျက်၊

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဖြောင့်မတ် ရာသို့ရောက်စေသောယုံကြည်ခြင်းတွင်အလုပ်/အကျင့်ပါဝင်ရမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သန့်ရှင်းရာသို့ ရောက်စေသောယုံကြည်ခြင်းသည် အလုပ်/အကျင့်ကိုဖြစ်ပေါ်စေသည်။

ဤဩဝါဒစာ၌တွေ့ရသည့် နိဒါန်းပျိုးကျေးဇူးတော်ချီးမွမ်းခြင်းသည် ရှင်ပေါလု၏မှတ်ဉာဏ်၌ရှိသောအရာသုံးခုမှအရင်းခံခဲ့ပြီး၊ ၄င်းတို့ကိုစကားလုံးအပြည့်ဖွဲ့စည်းတည်ဆောက်ပုံဖြင့်ဖော်ပြထားသည်။ အပြည့်အရည်အသွေးများအဖြစ်နှင့် ၄င်းတို့ကိုစဉ်းစားသုံးသပ်သောအခါ၊ ၄င်းတို့သည် ယုံကြည်သောစိတ်နှင့်အကျင့်ကိုကျင့်ခြင်း၊ ချစ်သောစိတ်နှင့်ကြိုးစားအားထုတ်ခြင်း၊ မျှော်လင့်သောစိတ်နှင့်တည်ကြည်ခြင်းဟူသောကယ်တင်ရာသို့ရောက်ပြီးနောက်၌ သက်သာ လောနိတ်အသင်းသားများလက်တွေ့လုပ်ပြခဲ့ကြသည့်အရာများကိုရည်ညွှန်းနေပါသည်။ ဤအရာများသည် သူတို့ကို ဘုရားသခင်ကရွေးကောက်တော်မူခြင်း၊ ဧဝံဂေလိတရားကို သူတို့ယုံကြည်လက်ခံခြင်း၊ တမန်တော်တို့ကိုဆက်လက်၍ သူတို့နာခံလိုက်လျှောက်ခြင်းတို့၏ရလဒ်များဖြစ်ကြသည် (၁း၄–၆)။ ဤကောင်းမြတ်ခြင်းပါရမီများသည် သက်သာလောနိတ်အသင်းသားများ၏ယုံကြည်ခြင်းကို သက်သေပြနေကြသည်ဟု ရှင်ပေါလုဖော်ပြပြောဆိုမထားပါသည် (၄င်းသည်က သမ္မာတရားဖြစ်ခဲ့ပါလိမ့်မည်)။ ဧဝံဂေလိတရားကို သူတို့ယုံကြည်လက်ခံပြီးနောက်၌ ဤအရာများကိုမိမိအကဲခတ်မိကြောင်းကိုသာပြောပြနေခြင်းဖြစ်သည်။ အခန်း၎ယ် ၃ ၌ရှင်ပေါလုပြောထားသည့် ယုံကြည်ခြင်းသည် သန့်ရှင်းရာသို့ရောက်စေသောယုံကြည်ခြင်း (ခ သမ္မာတရား) အဖြစ်မှတ်ယူထားခြင်းသည်အသင့်တော်ဆုံးဖြစ်သည်။ အလားတူပင်၊ ချစ်ခြင်းနှင့်ယုံကြည်ခြင်းတို့သည်လည်း သန့်ရှင်းရာသို့ရောက်စေသောကောင်းမြတ်ခြင်းပါရမီများဖြစ်ကြပါသည်။ ရှင်ပေါလုသည် သက်သာလောနိတ်အသင်းသားများ၏ ဖြောင့်မတ်ရာသို့ရောက်စေသောယုံကြည်ခြင်း အကြောင်းကို အခန်း၎ယ် ၄–၁၁ မတိုင်မီအထိသွယ်ဝိုက်၍ရည်ညွှန်းပြောဆိုခဲ့ခြင်း မရှိပါ။ သက်သာလောနိတ်ဩဝါဒစာဒုတိယစောင်ရှိအလားတူ နိဒါန်းပျိုးခြင်းတွင်လည်း ရှင်ပေါလုကသန့်ရှင်းရာသို့ရောက်စေသည့်ယုံကြည်ခြင်းကို သူတို့အားကြီးထွား စေ၍ညှင်းပန်နှိပ်စက်ခြင်းနှင့်ဘေးဒုက္ခများကိုသည်းခံဖြတ်သန်းရန်ကူညီပေးသည့် ယုံကြည်ခြင်းအဖြစ်ဖော်ပြထားသည် (၂ သက် ၁း၃–၄)။ ထို့အပြင်၊ ၂ သက် ၁း၁၁ တွင် “ယုံကြည်သောစိတ်နှင့်အကျင့်ကိုကျင့်ခြင်း”ဟူသောအသုံးအနှုန်းကို သန့်ရှင်းရာသို့ရောက်စေသောအတွေ့အကြုံနှင့်ဆိုင်သောအရာအဖြစ် ရှင်းလင်းပြတ်သားစွာ အသုံးပြုထားကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ရသည်။

ကယ်တင်ခြင်းကိုဖြစ်စေသောယုံကြည်ခြင်းတွင် အကျင့်/အလုပ်ပါဝင်ရမည်ဟုပြောဆိုရန် ဤကျမ်းပိုဒ်ကိုအသုံးပြုခြင်းသည် လှည့်စားခြင်းဖြင့်အသာစီးရအောင်

ပြုလုပ်ခြင်းသာဖြစ်သည်။ ထိုကဲ့သို့သော အနက်ဖွင့်ဘာသာ ပြန်ဆိုချက်သည် ကျမ်းပိုဒ်စာသားမှရောက်လာခြင်းမဟုတ်သောကြောင့် ၄င်းသည်တစ်ဦးတစ်ယောက်၏ ခမ္မတွေးခေါ်ယူချက်အယူဝါဒမှသာရောက်လာခြင်းဖြစ်မည်။ ကျွန်ုပ်တို့သည် ကောင်းသောအကျင့်ကိုကျင့်ရန်အတွက် သခင်ခရစ်တော်ကိုအစကနဦး၌ယုံကြည်ခြင်းအားဖြင့် ကယ်တင်ရာသို့ရောက်ကြရပြီး၊ ထိုကောင်းသောအကျင့်ကိုကျင့်ခြင်းသည် သခင်ဘုရားအပေါ်၌ထားရှိသောယုံကြည်ခြင်းကို ဆက်လက်၍အသုံးပြုခြင်းမှ ရောက်ရှိလာပါသည်။

ယုံကြည်ခြင်းကိုငြင်းပယ်သောသူများ (Those who reject the faith)။ ၁ တိ ၁း၁၉–၂၀

> *ယုံကြည်ခြင်း၌တည်ပြီး ကိုယ်ကိုကိုယ်သိသောစိတ်ကြည်လင်ခြင်းဖြင့်၊ ...[၁၉] သတိပေးစကားကို ငြင်းပယ် သောလူအချို့တို့သည်၊ ယုံကြည်ခြင်း သဘော်ဘျက်၍ ဆုံးရှုံးကြပြီး။ ၂၀ ထိုသူတို့တွင်ဟုမေနဲနှင့် ဘာလေဇန္ဒြပါသတည်။ ထိုသူတို့သည်ကဲ့ရဲ့သောစကားကိုကြဉ် ရှောင်ခြင်းငှါ သင်ရမည့် အကြောင်း၊ စာတန်၏လက်သို့ ငါအပ်လိုက်ခဲ့ပြီ။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဟုမေနဲနှင့် အာလေဇန္ဒြတို့သည် ခရစ်ယာန်ယုံကြည်ခြင်းကိုငြင်းပယ်ခဲ့၍ မိမိတို့၏ကယ်တင်ခြင်းကိုဆုံးရှုံးကြရသည် (သို့) မိမိတို့ကယ်တင်ခြင်းလုံးလုံးမရရှိခဲ့ကြကြောင်းကို သက်သေပြခဲ့ကြသည်။
ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဟုမေနဲနှင့် အာလေဇန္ဒြတို့သည် ခရစ်ယာန်ယုံကြည်ခြင်းကိုငြင်းပယ်ခဲ့ကြပြီး၊ ယခုပစ္စုပ္ပန်ဘဝနှင့်ဆိုင်သည့် ပြင်းထန်သောအကျိုးဆက်များကို ခံစားခဲ့ကြရသည်။

ကျမ်းစားသား၌တွေ့ရသော သက်သေအထောက်အထားသည် ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ဘက်၌အလွန်အလေးသာနေပါသည်။ ဟုမေနဲနှင့် အာလေဇန္ဒြတို့သည် တိမောသေ၏သစ္စာရှိတည်ကြည်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်နေကြကြောင်းကို နှိုင်းယှဉ်၍ဖော်ပြခြင်းခံရကြသည်။ ဤအချက်ကို အခန်းငယ် ၅ မှတိမောသေ တွင်မှန်သောယုံကြည်ခြင်းနှင့်ကိုယ့်ကိုယ်ကိုသိသောစိတ်ကြည်လင်ခြင်းတို့ရှိသည် ဟူသောအချက်မှလည်ကောင်း၊ အခန်းငယ် ၁၈ မှကောင်းသောစစ်ကိုတိုက်နေခြင်းတို့အတွက် ချီးကျူးခံရခြင်းတို့အားဖြင့်လည်ကောင်းသွယ်ဝိုက်၍ ညွှန်းဆိုထားသည်။ ဤအရာများ

အားလုံးသည် ခရစ်ယာန်အသက်တာနှင့်ဆိုင်သောပြဿနာများသာဖြစ်သည်။ ကယ်တင်ခြင်းနှင့်ဆိုင်သောပြဿနာ မဟုတ်ပါ။ ဟုမေနဲနှင့်အာလေဇန္ဒြတို့သည်ယုံကြည်ခြင်း၊ ကိုယ်ကိုယ်ကိုသိသောစိတ်ကြည်လင်ခြင်းတို့နှင့်အတူ ကောင်းသောတိုက်တိုက်လှန်ခြင်းကိုပြုကြ မည့်အစား၊ မိမိတို့၏ခရစ်ယာန်အသက်တာကို ပျက်စီးဆုံးရှုံးစေခဲ့ကြသည်။

"သင်္ဘောပျက်၍ဆုံးရှုံးသည်" (shipwrek, *nauageô*) ဟူသောအသုံးအနှုန်းသည် အမှန်တကယ်သင်္ဘောပျက်ခြင်းကို ရည်ညွှန်းနိုင်သကဲ့သို့ (၂ကော ၁၁း၂၅)၊ ဤနေရာ၌တွေ့ရသည်ပျက်စီးခြင်း၊ ဆုံးရှုံးခြင်း၊ ဘေးအန္တရယ်ကို ခံစားရခြင်းတို့ကိုလည်းတင်စားသောအားဖြင့် ရည်ညွှန်းနိုင်ပါသည်။ ဤအသုံးအနှုန်းသည် ကယ်တင်ခြင်းဆုံးရှုံးရခြင်း (သို့) ကယ်တင်ခြင်းမခံရသည့်အခြေအနေတစ်ခုကို အလိုအလျောက်ဆိုလိုစေရန်အကြောင်းပြချက်လုံးဝ မရှိပါ။ ခရစ်ယာန်များသည် ဘေးဒုက္ခကပ်ဆိုက်မှုနှင့်ကြုံတွေ့နိုင်ပါသည်။ ဟုမေနဲနှင့် အာလေဇန္ဒြတို့ကြုံတွေ့ရသော ဘေးဒုက္ခကပ်ဆိုက်မှုမှာ "ယုံကြည်ခြင်း" နှင့်သက်ဆိုင်သည်။ ထိုယုံကြည်ခြင်းသည် ပုဂ္ဂလယုံကြည်ခြင်းနှင့်စပ်ဆိုင်သော အခက်အခဲအကျပ်အတည်းကို သေချာပေါက်ညွှန်းဆိုနိုင်ပါသော်လည်း၊ တိကျအညွှန်းစကားလုံး "the" ကိုအသုံးပြုထားသောကြောင့် ဖြစ်နိုင်ချေအရှိဆုံးအရာမှာ ၄င်းတို့၏ပုဂ္ဂလယုံကြည်ခြင်း မဟုတ်၊ ၄င်းတို့ယုံကြည်သောခရစ်ယာန်ယုံကြည်မှုအယူဝါဒဖြစ်နိုင်သည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ဘက်သို့ ယိမ်းယိုင်ခဲ့မည့်သူများကအထက်ပါပုဂ္ဂိုလ်နှစ်ဦးသည် ခရစ်ယာန်ယုံကြည်ချက်ကို ငြင်းပယ်ခဲ့ကြသောကြောင့် ကယ်တင်ရာသို့မရောက်နိုင်ခဲ့ကြပါဟု ငြင်းခံကောင်းငြင်းခုံခဲ့ကြပေသည်။ သို့သော်၊ ကျမ်းပိုဒ်စာသားက သူတို့ငြင်းပယ်ခဲ့သောအရာမှာ ယုံကြည်ခြင်းနှင့်ကိုယ်ကိုယ်ကိုသိသော စိတ်ကြည်လင်ခြင်းတို့ဖြစ်ကြောင်းညွှန်ပြနေပါသည်။ ထိုယုံကြည်ခြင်းနှင့်ကိုယ်ကိုယ်ကိုသိသောစိတ်ကြည်လင်ခြင်းတည်းဟူသော ခရစ်ယာန်ကောင်းမြတ်ခြင်းပါရမီများကြောင့်ပင် တိမောသေမှာချီးကျူးခံခဲ့ရပါသည်။ သူတို့သည် ခရစ်ယာန်အယူဝါဒသက်သက်ကိုငြင်းပယ်ခဲ့လျှင်ပင်၊ ထိုငြင်းပယ်မှုသည် သူတို့၌ကယ်တင်ခြင်းဆုံးရှုံးခြင်းကို မဖြစ်စေသကဲ့သို့၊ သူတို့ကယ်တင်ခြင်းလုံးလုံးမရခဲ့ကြခြင်းကိုလည်းသက်သေ မပြပါ။ ခရစ်ယာန်များသည် သမ္မာတရားကို ပြင်းထန်လေးနက်မှုအတိုင်အတာမျိုးမျိုးဖြင့် ကျောခိုင်းနိုင်ကြပါသည် ("ငြင်းပယ်သည်" ဟူသောစကားလုံး သည် *apotheô* ဟူသောစကားလုံးမှဖြစ်ပြီး၊ *ဘေးဖယ်ထားသည်* သို့မဟုတ် *ပစ်ပယ်ထားသည်*ဟုဆိုလိုနိုင်သည်)။ ဟေဗြဲယုံကြည်သူများထံသို့ရေားသားပေးပို့ခဲ့သော စာစောင်၏ဆိုလိုရင်းတစ်ခုလုံးကိုလည်းကောင်း၊ ခမ္မသစ်ကျမ်းရှိ အခြားအထောက်အထားများကိုလည်းကောင်းစဉ်းစားသုံးသပ်ဖို့သာလိုအပ်ပါသည်။

- ပေတရုသည် ကိုယ်တော်ရှင်ကိုငြင်းပယ်ခဲ့ပါသည် (လုကာ ၂၂း၃၄–၊ ၅၄–၆၂)။
- တမန်တော်ပေါလုက နောင်ကာလတွင်ကိုးကွယ်ယုံကြည်မှုအားစွန့်ပယ်ခြင်များရှိလာမည့်အကြောင်းကို ကြိုတင်ဟောကိန်းထုတ်ထားပါသည် (၁တိ ၄း၁–၃)။
- ခရစ်ယာန်တစ်ယောက်သည် ယုံကြည်ချက်အားစွန့်ခွါသွားနိုင်ကြောင်း ကို ၁တိ ၄း၁၆ ရှိသတိပေးချက်က သွယ်ဝိုက်၍ပြောဆိုထားပါသည်။
- "လမ်းလွဲ၍စာတန်နောက်သို့လိုက်သွားကြ" သောမုဆိုးမများအသင်းတော်တွင်ရှိခဲ့ကြသည် (၁တိ ၅း၁၄–၁၅)။
- ရှင်ပေါလုက အချို့သည် ယုံကြည်ခြင်းတရားလမ်းမှ လွဲသွားခဲ့ကြသည်ဟုပြောထားသည်(၁တိ ၆း၁၄–၁၅)။
- တမန်တော်ပေါလုကိုအပြီးစွန့်ခွါပြီးဆန့်ကျင်ပုန်ကန်ခဲ့ကြသောသူများ (၂တိ ၁း၁၅၊ ၄း၉–၁၀၊ ၁၄–၁၆) သည် စာတန်၏ကျော့ကွင်း၌ဖမ်းမိခြင်းမှလွတ်မြောက်နိုင်ရန်အတွက် သူတို့ကိုနှုးညံ့သိမ်မွေ့စွာဆုံးမသွန်သင်ပေးရမည်ဖြစ်သည် (၂တိ ၄း၂၄–၂၆)။
- သမ္မာတရားမှလမ်းလွဲသွားသောသူများသည် အခြားသူတို့၏ယုံကြည်ခြင်းကိုလည်းမှောက်လှန်နိုင်ကြပါသည် (၂တိ ၂း၁၈)။

ထို့အပြင်၊ ၂ တိ ၂း၁၃ ၏ရှင်းလင်းပြတ်သားသောထုတ်ဖော်ပြောဆိုချက်မှာ "ငါတို့သည် မယုံကြည် (*apisteuô* မှဖြစ်၍အရိုအတိုင်းတိုက်ရိုက်ဆိုရလျှင် မယုံကြည်ခြင်းဖြစ်သည်) သော်လည်း၊ ထိုသခင် (ဘုရားသခင်) သည်သစ္စာတည်သဖြင့် မိမိကိုယ်ကိုငြင်းပယ်တော်မမူနိုင်" ဟူ၍ဖြစ်သည်။ ဖြောင့်မတ်ရာသို့ရောက်ခြင်းအတွက် ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည်ကျွန်ုပ်တို့၏အစကနဦးမှယုံကြည်ခြင်းတွင်မူတည်သည်။ ကျွန်ုပ်တို့၏ဆက်လက်ဖြစ်ပျက်နေသောယုံကြည်ခြင်းတွင်မမူတည်ပါ။ ကျွန်ုပ်တို့၏ခရစ်ယာန်အတွေ့အကြုံတွင် ထိုဆက်လက်ယုံကြည်ခြင်းစာမေးပွဲကို ကျွန်ုပ်တို့ကျရှုံးနိုင်ပါသည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုခြင်းဆီသို့ လူအချို့ကိုတွန်းပို့ခဲ့ပေသည့်အရာမှာ ဟုမေနဲနှင့် အာလေဇန္ဒြတို့ကို စာတန်၏လက်သို့ငါအပ်လိုက်ခဲ့ပြီဟူသောရှင်ပေါလု၏ထုတ်ဖော်ပြောဆိုချက်ဖြစ်သည်။ သို့သော်၊ ဤနေရာ၌ပင်၊ ကျမ်းပိုဒ်စာသားများက ဟုမေနဲနှင့်အာလေဇန္ဒြတို့ကိုအပယ်ဝရဲ၌ စာတန်၏လက်သို့အပ်နှံခြင်းခံရသည် (သို့) စာတန်၏မှောင်မိုက်နိုင်ငံထဲသို့အပ်နှံခြင်းခံရသည်ဟုမဆိုထားပါ။ ရှင်ပေါလုလုပ်

ရပ်၏ရည်ရွယ်ချက်မှာ ထိုသို့အပ်နှံခြင်းဖြင့် သူတို့သည် "ကဲ့ရဲ့သောစကားကိုရှောင်ခြင်းငှာ" ဖြစ်သည်။ မယုံကြည်သူတို့အားကဲ့ရဲ့သောစကားကို မပြောဆိုဖို့သွန်သင်ပေးရန်မှာ ရှင်ပေါလုအတွက်အဓိပ္ပါယ်ရှိခဲ့လိမ့်မည် မဟုတ်ပါ။ ရှင်ပေါလု၏လုပ်ရပ်သည် အခြေခံအားဖြင့်ပြင်းပြင်းတန်ထန်အမှားလုပ်နေကြသည့် ဤယုံကြည်သူများကိုစည်းကမ်းဖြင့်ကြပ်မတ်ဆုံးမ၍ မူလအခြေအနေဆီသို့ပြန်လည်ပြုပြင်မွမ်းမံပေးခြင်းသားဖြစ်သည်။ ဤသမ္မာတရားသည် ကောရိန္သုအသင်းတော်မှ အပြစ်ကျူး လွန်နေသည့်ပုဂ္ဂိုလ်အတွက် ရှင်ပေါလု၏လမ်းညွှန်ချက်ကိုအမှတ်ရစေပါသည် (၁ ကော ၅း၃–၅၊ ၂ကော ၂း၁–၁၁)။ ထိုညွှန်ကြားချက်သည် အသင်းတော်မှအတင်းအကျပ်ထုတ်ပယ်အဆက်ဖြတ်ခြင်းဖြစ်ဟန်အလွန်တူသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ထိုအပြစ်လွန်ကျူးနေသူကို ဤလောကရှိစာတန်၏လှည့်ကွက်များအန္တရယ်ထဲ၌ ထားရှိလိုက်ပါသည်။

ခရစ်ယာန်များသည် မိမိတို့ကို ကယ်တင်ရာသို့ရောက်စေခဲ့သည့် ယုံကြည်ချက်များအားငြင်းပယ်ခြင်းအပါအဝင်အပြင်းထန်ဆုံးအပြစ်ဒုစရိုက်များကိုကျူးလွန်နိုင်စွမ်းကြပါသည်။ သို့သော်၊ ထိုသို့ကျူးလွန်နိုင်စွမ်းရှိကြသကဲ့သို့အကျိုးဆက်များမှာလည်းအလားတူပြင်းထန်ကြပါသည်။ ဘုရားသခင့်သမ္မာတရား၏ဘေးကင်းလုံခြုံမှုနှင့် ဘုရားသခင့်အသင်းတော်၏ဘေးကင်းလုံခြုံမှုတို့မှစွန့်ခွါသွားကြသော ယုံကြည်ခြင်းၵဲ့ ဖောက်ပြန်သည့်ခရစ်ယာန်များသည် မိမိတို့ကိုယ်ကိုစာတန်၏အလွန်အန္တရာယ်ကြီးသောပိုင်နက်ထဲ၌သွတ်သွင်းထားရှိနေကြပါသည်။ စာတန်၏လက်ခုပ်ထဲသို့ရောက်ရှိသွားခြင်းသည် တမန်တော်များကလုပ်ဆောင်သောအရာဟုတ်ချင်မှဟုတ်ခဲ့ပါလိမ့်မည်။

မှန်သောအသက်ကိုဝင်စားလိုသောငှါ (Laying hold on eternal life)။ ၁ တိ ၆း၁၇–၁၉

> *၁၇ ဤဘဝ၌ ငွေရတတ်သောသူတို့သည် မာန်မာနစိတ်နှင့်ကင်းလွတ်၍၊ မမြဲသောစည်းစိမ်ကို မကိုးစားဘဲ ငါတို့ခံစားဘို့ရာအလုံးစုံတို့ကို ကြွယ်ဝစွာပေးသနားတော်မူသော၊ အသက်ရှင်တော်မူသောဘုရားသခင်ကို ကိုးစားရမည်အကြောင်းနှင့်၊ ၁၈ သူတပါးအားကျေးဇူးပြုခြင်း၊ ကောင်းသော အကျင့်၌ကြွယ်ဝပြည့်စုံခြင်း၊ စွန့်ကြဲချင်သောစေတနာစိတ်ရှိခြင်း၊ အချင်းချင်းဆက်ဆံခြင်း၊ ၁၉ မှန်သောအသက်ကိုဝင်စားလိုသောငှါ၊ နောင်ဘဝ၌ကောင်းသောဘဏ္ဍာကို မိမိတို့အဘို့ဆည်းပူးခြင်းတို့ကိုပြုရမည်အကြောင်း ပညတ်ထားလော့။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကောင်းသောအကျင့်ၵဲ့ကြွယ်ဝပြည့်စုံသောသူများသည် ထာဝရအသက်ကိုထိုက်

ထိုက်တန်တန်ရရှိကြပါလိမ့်မည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကောင်းသော အကျင့်၌ကြွယ်ဝပြည့်စုံသောသူများသည်ဘုရားသခင်နှင့်စပ်ဆိုင်သည့်အရည်အသွေးပြည့်ဝသောအသက်တာကိုပျော်မွေ့ရပါလိမ့်မည်။

ဤစကားလုံးများသည် တိမောသေ၏ကြည့်ရှုစောင့်ရှောက်မှုအောက်ရှိချမ်းသာကြွယ်ဝသောသူများအားပြောထားသည့်စကားလုံးများဖြစ်ကြသည်။ ဤစကားလုံးများသည် တိမောသေမှ မယုံကြည်သူအားလုံး (သို့) ယုံကြည်သူအားလုံးကို မည်သို့ပြုမူဆက်ဆံရမည့်အကြောင်းပြောထားချက်များ မဟုတ်ပါ။ ထင်ရှားသိသာနေသည့်အချက်မှာ ဤချမ်းသာကြွယ်ဝသောသူများသည် ယုံကြည်သူများဖြစ်နေကြခြင်းဖြစ် သည်။ အကြောင်းမှာ (၁) သူတို့သည် တိမောသေနှင့်ဆက်ဆံနီးနွယ်နေကြသောသူများဖြစ်ကြသည်။ (၂) ကောင်းသောအကျင့်ကိုကျင့်ခြင်း၊ စွန့်ကြဲခြင်း၊ အချင်းချင်းမျှဝေခြင်းတို့သည် ခရစ်ယာန်သူတော်ကောင်းတရားများဖြစ်ကြသည်။ (၃) "နောင်ဘဝ" ကို ကျိန်းသေပေါက်အရာတစ်ခုအဖြစ်နှင့်အပြုသဘောဆောင်သောနည်းလမ်းဖြင့်ဖော်ပြထားသည်။

အချို့က ဤအရာကို **က** သမ္မာတရားအဖြစ်နှင့်ရှုမြင်ထားကြသည်။ အကြောင်းမှာ "မှန်သောအသက်ကိုဝင်စားလိုသောငှါ" ဟူသည့် နောက်ဆုံးစကားစုကြောင့်ဖြစ်သည်။ NKJV ကျမ်းတွင် "ထာဝရအသက်ကိုဝင်စားလိုသော ငှါ" ဟူ၍ဘာသာပြန်ထားသည်။ သို့သော် "ထာဝရ" (eternal) ဟူသော စကားလုံးသည် မူရင်းဂရိကျမ်းစာတွင် မရှိပါ။ အရေးပါသောဘာသာပြန်ကျမ်းအများစုက "မှန်သောအသက်" (that which is truly life) ဟုဘာသာပြန်ဆိုထားသည့် ESV ကျမ်းနှင့်ကိုက်ညီနေကြသည် (နှိုင်းယှဉ် NET Bible, NASB, NIV)။ ၆း၁၂ ၌ရှင်ပေါလုက "ယုံကြည်ခြင်းနှင့်ဆိုင်၍ကောင်းစွာသောတိုက်လှန်ခြင်းကိုပြုလော့။ ထာဝရအသက်ကိုကိုင်ယူလော့" ဟုပြောဆိုချိန် တွင် "ထာဝရအသက်"ဟူသော စကားလုံးကိုအသုံးပြုထားသည်။ သို့သော် ဤကျမ်းချက်နှစ်ချက်လုံးရှိအဓိကဆိုလိုရင်းမှာတူနေကြသည်။ ၆း၁၉ ရှိ ရှင်ပေါလုက တိမောသေအားတိုက်တွန်းစေ့ဆော်ထားချက်မှာ ချမ်းသာကြွယ်ဝသော ယုံကြည်သူများသည် မိမိတို့၏ဘဝအဓိပ္ပါယ်ကို မတည်မြဲသောစည်းစိမ်ဥစ္စာများ၌မရှာဖွေဘဲ၊ ဘုရားသခင်နှင့်ဘုရားသခင်ထံအစေခံခြင်း၌သာရှာဖွေကြဖို့ဖြစ်သည်။ ဘုရားသခင်ကို မိမိအသက်တာ၏အချက်အချာအာရုံစူးစိုက်ရာအဖြစ် ဖန်တီးထားခြင်းသည် စစ်မှန်သောအသက်တာဖြစ်သည်။ ၄င်းသည် ကယ်တင်ခြင်း၌ရရှိခဲ့သည့် ဘုရားသခင်နှင့်ဆက်ဆံရင်းနှီးရခြင်းကို ပျော်မွေ့ခံစားခြင်းတည်းဟူသော အသက်နှင့်ပြည့်စုံသည့်ကြွယ်ဝသောအသက်တာဖြစ်သည် (ယောဟန် ၁၀း၁၀၊ ၁၇း၃)။

ကောင်းသောတိုက်မြစ်အဖြစ်နှင့် ဘဏ္ဍာကိုဆည်းပူးခြင်းဆိုသည်မှာ အနာဂတ်၌

ရရှိမည်ဆုလာဘ်များကို ပြောဆိုခြင်းဖြစ်သည် (သို့) သခင်ယေရှုပြောဆိုထားချက်အ ရဆိုလိုလျှင် ကောင်းကင်ဘုံ၌ဘဏ္ဍာကိုဆည်းပူးခြင်းဖြစ်သည် (မဿဲ ၆း၂၀)။ ဤဘာ သာစကားအသုံးအနှုန်းဖြင့် ထာဝရအသက်ရရှိခြင်းအားရည်ညွှန်းပြောဆိုခြင်းသည် ထူးဆန်းနေပါလိမ့်မည်။ "တိုက်မြစ်" (foundation, *themelios*) ဟူသောစကားလုံး တွင် ခြေစောင့်လက်စောင့်အဖြစ် သီးသန့်သိမ်းထားသည့်အရာ (သို့) ရတနာပစ္စည်း ကဲ့သို့သောခိုင်မြဲတည်ငြိမ်မှုကိုပေးသည့်အရာမျိုးကိုဆိုလိုသောအယူအဆရှိသည်။ "နောင်ဘဝ"ကို အခန်းငယ် ၁၉ တွင်ဖြစ်နိုင်ချေရှိသောအရာတစ်ခုအဖြစ်နှင့်ပြောဆို မထားပါ။ ကျိန်းသေပေါက်ဖြစ်မည့်အရာတစ်ခု အဖြစ်နှင့်ပြောဆိုထားပါသည်။ အခြေအ နေလုပ်ဆောင်မှုပေါ်တွင်မူတည်၍ဖြစ်တည်လာမည့်အရာမှာ (မှန်းဆချက်ပုံသဏ္ဌာန်ဖြင့် ဖော်ပြသောကြိယာပုံစံဖြင့်ဖော်ပြထားသည့်) "မှန်သောအသက်" ကိုဝင်စားခြင်းဖြစ်သည်။

အရေးပါသော ဤ **ခ** သမ္မာတရားက ယုံကြည်သူအားလုံးသည် ကောင်းကင် ဘုံ၌လည်းကောင်း၊ ဘုရားသခင်၏နိုင်ငံတော်၌လည်းကောင်းရင်ဆိုင်ကြုံတွေ့ရမည့် အနာဂတ် တစ်ခုကိုရှိထားကြပါသော်လည်း၊ အချို့သောယုံကြည်သူများကိုမူသာ၍ ကောင်းမြတ်သောဘဏ္ဍာတစ်ခုကစောင့်စားနေကြောင်း ကျွန်ုပ်တို့အားသွန်သင်ပေး ထားသည်။ ဤယုံကြည်သူများသည် "မိမိတို့၏ချမ်းသာကြွယ်ဝမှုကို (ကောင်းကင်ဘုံသို့) ကြိုတင်ပို့ဆောင်ထားကြခြင်းဖြစ်သည်" ဟုကျွန်ုပ်တို့ပြောကောင်းပြောခဲ့ကြပေမည်။ သူတို့သည် မိမိတို့၏လက်ရှိအသက်တာကို မိမိတို့၏ချမ်းသာကြွယ်ဝမှုအပေါ်၌မ ဟုတ်ဘဲ၊ ဘုရားသခင်အပေါ်၌အချက်အချာပြုစူးစိုက်ထားကြရန်ကိုလည်းကောင်း၊ ဘုရားသခင်နှင့်အတူသာ၍ကြွယ်ဝသောဘဝအတွေ့အကြုံကိုပျော်မွေ့ခံစားရန်ကိုလည်း ကောင်းသင်ယူသောထားသူများဖြစ်ကြသည်။

ထိုသခင်ကို ငါတို့သည် ငြင်းပယ်လျှင် (If we deny Him)။ ၂တိ ၂း၁၀–၁၃

> ၁၀ *ထို့ကြောင့် ရွေးကောက်တော်မူသောသူတို့သည်၊ ထာဝရဘုန်းအသ ရေနှင့်တကွ ယေရှုခရစ် အားဖြင့် ကယ်တင်ခြင်းသို့ ရောက်စိမ့်သောငှါ၊ သူတို့အဘို့ အရာရာကိုငါသည်းခံရ၏။* ၁၁ *သစ္စာစကားဟူမူကား၊ ထိုသခင်နှင့်အတူသေလျှင်၊ အတူရှင်လိမ့်မည်။* ၁၂ *သည်းခံလျှင်၊ ထိုသခင် နှင့်အတူစိုးစံလိမ့်မည်။ ထိုသခင်ကိုငါတို့သည် ငြင်းပယ်လျှင်၊ ငါတို့ကိုငြင်းပယ်တော်မူလိမ့်မည်။* ၁၃ *ငါတို့သည် မယုံကြည်သော်လည်း၊ ထိုသခင်သည်သစ္စာတည်သဖြင့် ကိုယ်ကိုငြင်းပယ်တော် မမူနိုင်။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ရွေးကောက် တော်မူသောသူများသည်ကယ်တင်ခြင်းကိုရရှိရန် သစ္စာရှိတည်ကြည်

ခြင်းတွင်သည်းခံကြမည်ဖြစ်သော်လည်း၊ သခင်ခရစ်တော်ကိုငြင်း ပယ်သောသူများ၌မူကယ်တင်ခြင်းငြင်းပယ်ခံရမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်သူတို့ အတွက် ကယ်တင်ခြင်းကိုအာမခံထားပြီး၊ သစ္စာရှိသောယုံကြည် သူများသည် သခင်ခရစ်တော်နှင့်အတူစိုးစံကြရမည်ဖြစ်သော်လည်း သခင်ခရစ်တော်ကို ငြင်းပယ်သူများ၌မူထိုသခင်နှင့်အတူစိုးစံရခြင်း ဟူသော ဆုလာဘ်ကိုငြင်းပယ်ခံရမည်ဖြစ်သည်။

ဤကျမ်းချက်ကို တမန်တော်ပေါလုထံမှ မိမိသည် သည်းခံနေရပါသည် (၎ယ် ၁၀) ဟူသောထုတ်ဖော်ပြောဆိုချက်နှင့်အတူအစပြုထားပြီး၊ ထိုသည်းခံခြင်းသည် သူရင်ဆိုင်နေရသောဆင်းရဲခြင်းဒုက္ခကို ရည်ညွှန်းထားသည်မှာ ထင်ရှားသည် (၎ယ် ၉)။ သို့သော်၊ ရှင်ပေါလုသည် မိမိအဖို့အလို့ငှါသည်းခံဖြတ်သန်းခဲ့ခြင်း မဟုတ်၊ အခြားသူများအဖို့အလိုငှါသည်းခံနေခြင်းဖြစ်သည်။ ထို့ကြောင့် "သည်းခံသည်" ဟူသောစကားလုံးသည် ရှင်ပေါလု၏ ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခု မဟုတ်ပါ။ ထိုသို့သည်းခံခြင်းအားဖြင့် အခြားသူများသည် "ယေရှုခရစ်အားဖြင့်ကယ်တင်ခြင်းသို့ရောက်" ကြဖို့အလို့ငှါဖြစ်သည် (၎ယ ၁၀)။ ရှင်ပေါလု၏သည်းခံခြင်းသည်အခြားသူများကို အစဉ်ထာဝရမကယ်တင်ပေးနိုင်သည်မှာ သေချာပါသော်လည်း၊ ဤအရာကို ကျွန်ုပ်တို့မည်သို့အနက်ဖွင့်ဘာသာပြန်ဆိုကြမည်နည်း။ အချို့က ရွေးကောက်တော်မူသောသူတို့သည် ကယ်တင်ရာသို့ရောက်မည့် အကြောင်း သူတို့ထံ၌ဧဝံဂေလိတရားကိုဆောင်ယူလာရန် ရှင်ပေါလုဆင်းရဲဒုက္ခခံခဲ့သည်ဟု ငြင်းခုံနိုင်ခဲ့ကြပေမည်။ သို့သော်၊ အခန်းငယ် ၁၂ ၌ "သည်းခံသည်" ဟူသောစကားလုံးကိုနောက်ထပ်အသုံးပြုပုံသည် သခင်ခရစ်တော်နှင့်စိုးစံခြင်းဟူသောအနာဂတ်ဆုလာဘ်အတွက် ယုံကြည်သူများ၏သည်းခံခြင်းကိုပြောထားပါသည်။ ဤအချက်ကို စိတ်၌ရည်မှတ်ထားလျှင် အခန်းငယ် ၁၀ မှကယ်တင်ခြင်းသည် ယုံကြည်သူများသခင်ခရစ်တော်နှင့်လည်းကောင်း၊ သခင်ခရစ်တော်၏ဘုန်းတော်၌လည်းကောင်းရှိကြမည့်အချိန်ဖြစ်သည့် ကယ်တင်ခြင်းနောက်ဆုံးပြီးပြည့်စုံခြင်းဖြစ်ခဲ့ပါလိမ့်မည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ရှင်ပေါလုသည် ခက်ခဲပင်ပန်းခြင်းအားသည်းခံခြင်းပုံဥပမာကို ခင်းကျင်းပြ သပေးနေပါသည်။ ထိုသို့အားဖြင့်၊ ယုံကြည်သူများသည် ရှင်ပေါလု၏ပုံဥပမာကိုတုပလိုက်လျောက်၍ခက်ခဲပင်ပန်းခြင်းများကိုသည်းခံကြ၍ သူတို့ကယ်တင်ရာသို့ရောက်ခြင်း၏နောက်ဆုံးပန်းတိုင်ဖြစ်သည့် အနာဂတ်ဆုလာဘ်ကိုလုံခြုံစေနိုင်ကြမည်ဖြစ်သည်။

ထို့နောက်၊ တူညီသောရေးဖွဲ့တည်ဆောက်ပုံနှင့် ကာရံတူလုံးရေညီရေးသားထားမှုကြောင့် လူအများကခမ္ဘ သီချင်းဟုထင်မှတ်နေကြသည့်အရာကို ရှင်ပေါလုရွတ်ဆို

ပြောပြထားသည်။ အခန်းငယ် ၁၁ သည် ကျွန်ုပ်တို့ကယ်တင် ရာသို့ရောက်ခြင်းနှင့်စပ် လျဉ်းသည့် ယုံကြည်စိတ်ချမှုရှိသောထုတ်ဖော်ပြောဆိုချက်တစ်ခုဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းပေါင်းစည်းခြင်းခံရ၍ ကိုယ်တော် နှင့်အတူအစဉ်ထာဝရအတူ ရှင်သန်သွားကြမည်ဖြစ်သောကြောင့်ဖြစ်သည် (ရောမ ၆း၃–၅၊ ၈လာတိ ၂း၂၀)။ ဤအချက်သည် ကယ်တင်ခြင်းဆုံးရှုံးခြင်း၏ဖြစ်နိုင်ချေရှိမှုကိုဆန့်ကျင်၍ခုခံငြင်းခုံထားခြင်းဖြစ်သည်ဟု ကြိုတင်မှတ်ယူထားရမည်ဖြစ်သည်။ အခန်းငယ် ၁၂ သည်ကယ်တင်ခြင်းဆုံးရှုံးခြင်းကိုသွယ်ဝိုက်၍ညွှန်းဆိုထားသယောင်ထင်မှတ်ရသည်။

အခန်းငယ် ၁၂ တွင်ကွဲပြားသောအခြေအနေသတ်မှတ်ချက်နှင့် ကွဲပြားသော အကျိုးဆက်တစ်ခုရှိနေသည်။ အခြေအနေသတ်မှတ်ချက်မှာ သည်းခံခြင်းဖြစ်ပြီး၊ ၄င်းကို ရှင်ပေါလုက ခက်ခဲပင်ပန်းခြင်းများကိုကျော်ဖြတ်၍ ဆင်းရဲဒုက္ခခံစားခြင်းနှင့်ဆက်စပ်၍ ဖော်ပြခဲ့ပြီးဖြစ်သည်။ သည်းခံခြင်းသည် ခရစ်ယာန်အသက်တာရှိ သူတော်ကောင်းတရား တစ်ပါးဖြစ်သည် (ဥပမာ၊ ၂တိ ၂း၃၊ ဟေဗြဲ ၁၀း၂၃၊ ၃၆၊ ၁၂း၁၊ ယာကုပ် ၁း၂–၄၊၁၂)။ အထက်ကမှတ်သားခဲ့ကြသည့်အတိုင်း စိုးစံခြင်းဟူသောအကျိုးဆက်သည် ကယ်တင် ခြင်းကို မရည်ညွှန်းပါ။ သစ္စာရှိတည်ကြည်မှုအတွက်ပေးသော ဆုလာဘ်ကိုသာရည်ညွှန်း ထားသည်။ ထိုဆုလာဘ်သည် အခြားကျမ်းချက်များ၌ သွန်သင်ပေးထားသည့်အတိုင်း နိုင်ငံ တော်၌သခင်ခရစ်တော်နှင့်အတူစိုးစံခြင်းဖြစ်သည် (လုကာ ၁၉း၁၁–၁၉၊ ဗျာဒိတ် ၂း၂၆–၂၇၊ ၃း၂၁၊ ဗျာဒိတ် ၂၂း၃–၅)။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကိုငြင်းပယ်လျှင် ကိုယ်တော်ကလည်း မိမိ၏သဘောတူအတည်ပြုချက်နှင့် ဆုလာဘ်တို့မှ ကျွန်ုပ်တို့ကိုငြင်း ပယ်မည်ဖြစ်သည် (မဿဲ ၁၀း၃၂–၃၃ အားဆွေးနွေးထားချက်ကို ကြည့်ပါ)။ သခင်ခရစ်တော်ကိုငြင်းပယ်ခြင်းသည် စစ်ကြောစုံစမ်းခြင်းများကို သည်းခံကျော်ဖြတ်ရန် ကူညီမစပေးဖို့သခင်ခရစ်တော်၏အစွမ်းအစကိုစိတ်ထဲ၌ငြင်းပယ်ခြင်းမျိုးဖြစ်နိုင် သကဲ့သို့၊ (ရှင်ပေတရု၏ထင်ရှားသောသုံးကြိမ်သုံးခါငြင်းပယ်ခြင်းမျိုးကဲ့သို့သော) ကိုယ်တော် ရှင်နှင့် ကျွန်ုပ်တို့ဆက်ဆံပေါင်းဖော်ခြင်းကိုနှုတ်အားဖြင့် ငြင်းပယ်ခြင်းမျိုး (သို့) ကျွန်ုပ်တို့ ၏ အပြုအမူအားဖြင့် ငြင်းပယ်ခြင်းမျိုးလည်းပါဝင်နိုင်ပါသည် (၁တိ ၅း၈ ကိုကြည့်ပါ)။

ထို့နောက် အခန်းငယ် ၁၃ က လုံးလုံးလျားလျားကွဲပြားသောအခြားအခြေ အနေတစ်ခုကိုပြောဆိုထားသည်။ ကျွန်ုပ်တို့သည် **"**မယုံကြည်**"** (*apisteuô* ဟူသော စကားလုံးမှဖြစ်ပြီး ယုံကြည်ခြင်းမရှိ၊ မယုံကြည်ခြင်း ဟူ၍အဓိပ္ပါယ် ရသည် – နှိုင်းယှဉ် ရောမ ၃း၃) သော်လည်း၊ ဘုရားသခင်သည် **"**သစ္စာတည်**"** (*pistos*) လျှက်နေပါသည်။ ဘုရားသခင်သည် မည်သည့်အရာအပေါ်၌သစ္စာတည် (သစ္စာရှိ) နေပါသည်။ အချို့က အခန်းငယ် ၁၂ ၌ဖော်ပြထားသည့်အတိုင်း ဘုရားသခင်သည် မိမိအပေါ်၌မိမိသစ္စာတည် ၍ ထိုသစ္စာတည်ခြင်းတွင် မိမိအပေါ်၌သစ္စာမရှိသောသူများ (သို့) မိမိကိုငြင်းပယ်သော သူများအား တရားစီရင်မည်ဟုဆိုလိုကြောင်း ယုံကြည်ထားကြသည်။ သို့သော်၊ သစ္စာ

ရှိခြင်း ဟူသော ဘုရားသခင်၏အပြုသဘောဆောင်သည့် ဂုဏ်အင်္ဂါခြောက်ပါးတို့ကို စီရင်လိမ့်မည်ဟူသောကြိမ်းဝါးမှုသည် စိတ်ကူးယဉ်ပင်မရနိုင်သောအရာဖြစ်သည်။ ၄င်းသည် အခန်း ၁၂ ၌ဖော်ပြထားသည့် အပျက်သဘောဆောင်သောကြိမ်းဝါးမှု၏ နောက်မှဆက်တိုက်လိုက်ပါလာသည့် အားတက်ဖွယ်ကတိတော်တစ်ပါးဖြစ်ဟန်ပို၍ တူသည်။ အဓိပ္ပါယ်မှာ ကျွန်ုပ်တို့သည် ကိုယ်တော့်ကိုငြင်းပယ်ကောင်းငြင်းပယ်ခဲ့၍၊ ကိုယ်တော်ကလည်းကျွန်ုပ်တို့ကိုဆုလာဘ်ပေးသနားရန် ငြင်းပယ်ကောင်းငြင်းပယ်မည်ဖြစ်သော်လည်း အခန်း ၁၁ ၌ ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် အတူအစဉ်ထာဝရရှင်သန်ကြရမည်ဟူသောကတိတော်အပေါ်၌ ဘုရားသခင်သည် သစ္စာတည် နေပါသည်ဟူ၍ဖြစ်သည်။ ဤအချက်သည် ယုံကြည်သူများကိုနှစ်သိမ့်ပေးရန်ရည်ရွယ်ထားသည်။

ဤအရာကို ဓမ္မသီချင်းတစ်ပုဒ် (သို့) ကဗျာရွတ်ဆိုခြင်းတစ်ခုအဖြစ် ရည်ရွယ်ထားလျှင်၊ စီကုံးရေးသားပုံသည် အပြိုင်ဖြစ်နေသော စကားစုများ၌ကြက်ခြေခတ်သဏ္ဌာန် အထက်အောက်ပြောင်းပြန်ရေးသားသည့် ကဗျာအတိုင်းစီးဆင်းသွားပါသည်။ **က** သမ္မာတရား **ခ** သမ္မာတရားအမျိုးအစားများကို ကျွန်ုပ်တို့အသုံးပြုလျှင် အောက်ပါဇယားကို ကျွန်ုပ်တို့ရရှိပါသည်။

အခန်းငယ်	အဆုံးကာရန်တူလုံးရေညီနှစ်ကြောင်းရေးဖွဲ့မှု	ကြက်ခြေခတ်အောက်ပြောင်းပြန်တည်ဆောက်ပုံ	က/ခ အမျိုးအစား
၂း၁၁	ထိုသခင်နှင့်အတူသေလျှင်အတူရှင်လိမ့်မည်။	X-၁	**က သမ္မာတရား** ကယ်တင်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ခရစ်တော်နှင့်တလုံးတဝတည်းဖြစ်သွားခြင်း၌အခြေခံ၍အာမခံခြင်းဖြစ်
၂း၂က	ထိုသခင်နှင့်အတူသည်းခံလျှင်အတူစိုးစံခွင့်ရမည်ဖြစ်သည်	Y-၁	**ခ သမ္မာတရား** ဆင်းရဲဒုက္ခကိုသည်းခံသောသူများအတွက်ဆုလာဘ်ရမည်ဟုဂတိထားရှိ
၂း၁၃ခ	ထိုသခင်ကိုငါတို့သည်ငြင်းပယ်လျှင် ငါတို့ကိုငြင်းပယ်တော်မူလိမ့်မည်။	X-၂	**ခ သမ္မာတရား** ခရစ်တော်ကိုငြင်းပယ်သောသူများ၌ဆုလာဘ်များငြင်းပယ်ခံရမည့်ခြိမ်းခြောက်မှုရှိသည်
၂း၁၃	ငါတို့သည်မယုံကြည်သော်လည်း၊ ထိုသခင်သည်သစ္စာတည်သဖြင့် မိမိကိုယ်ကိုငြင်းပယ်တော်မမူနိုင်။	Y-၂	**က သမ္မာတရား** ကယ်တင်ခြင်းဆိုသည်မှာ သူနှင့်အတူနေရမည်ဆိုသည့်ဘုရားသခင်၏ဂတိတော်အပေါ်ဘုရားသခင်ကိုယ်တိုင်သစ္စာထားခြင်း၌အာမခံခြင်းဖြစ်

ဤကျမ်းချက်သည် ဆုံးရှုံးနိုင်ခြင်းမရှိသော ကျွန်ုပ်တို့ထာဝရကယ်တင်ရာသို့ ရောက်ခြင်း၏ စိတ်ချမ်းမြေ့ဖွယ်အတည်ပြုချက်ဖြစ်သကဲ့သို့ ဆုလာဘ်ရရှိခြင်းကိုငြင်းပယ်ခံရနိုင်သည်ဟူသောတည်ကြည်လေးနက်သည့် ခြိမ်းခြောက်မှုတစ်ခုလည်းဖြစ်သည်။ ဣသရေလူအမျိုးတို့အပေါ်၌ထားရှိသော ဘုရားသခင်၏ပင်ကိုစိတ်ထားကဤသမ္မာတရားကို ပုံဆောင်ဖော်ပြထားပါသည်။ ဣသရေလအမျိုးတို့သည် ယခုတွင် သခင်ခရစ်တော်ကို ငြင်းပယ်၍ ဘုရားသခင်၏ စည်းကမ်းဖြင့်ကြပ်မတ်ခြင်းအောက်တွင်ရှိနေကြသော်လည်း ဘုရားသခင်ကင်းတို့၏ဘိုးဘေးများထံ၌ပြုခဲ့သော ကတိတော်များအပေါ်တွင် သစ္စာတည်သောကြောင့် ၎င်းတို့သည် တစ်နေ့တစ်ချိန်တွင်မူလအရိုက်အရာ၌ ပြန်လည်သွတ် သွင်းထားရှိခြင်းကိုခံကြရပါလိမ့်မည် (ရောမ ၃း၃–၄၊၁၁း၂၅၊၃၂)။ ဘုရားသခင်၏ကျေးဇူးလက်ဆောင်များသည်ပယ်ဖျက်၍မရနိုင်သောအရာများဖြစ်ကြသည် (ရောမ ၁၁း၂၉)။ ထို့ကြောင့်၊ ထိုအရာသည် ယနေ့ကျွန်ုပ်တို့ခရစ်ယာန်များ အတွက်လည်းဖြစ်သည်။ ယုံကြည်ခြင်းကို ကျွန်ုပ်တို့ရပ်တန့်လျှင်ပင် (သို့) သစ္စာမဲ့လာကြလျှင်ပင် ကိုယ်တော်နှင့်အတူစိုးစံရခြင်းဆုလာဘ်ကိုမူ ကျွန်ုပ်တို့ထံမှငြင်းပယ်ကောင်းငြင်းပယ်မည်ဖြစ်သော်၊ ကျွန်ုပ်တို့ကို အစဉ်ထာဝရကယ်တင်တော်မူမည်ဟူသောမိမိကတိတော်အပေါ်တွင်မူ ဘုရားသခင်သစ္စာတည်နေပါလိမ့်မည်။

ယုံကြည်ခြင်းတရားကိုစောင့်ရှောက်ခြင်း (Keeping the faith)။ ၂တိ ၄း၇–၈

> ၇ *ကောင်းစွာသောတိုက်လှန်ခြင်းကိုငါပြုပြီ။ ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်းတရားကိုစောင့်ရှောက်ပြီ။* ၈ *ယခုမှစ၍ ဓမ္မသရဖူသည် ငါ့အတွက်သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့်စီရင်သောသူတည်းဟူသော သခင်ဘုရားသည် ထိုသရဖူကို ငါ၌အပ်ပေးတော်မူမည်။ ထိုမျှမက၊ပေါ်ထွန်းတော်မူခြင်းကိုတောင့်တသောသူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်ခြင်း၌အပတ်တကုတ်ကြိုးစားအားထုတ်ခြင်းဖြင့်လည်းကောင်း၊ ကိုယ်တော်ရှင်ပေါ်တော်မူခြင်းကို မြတ်နိုးတောင့်တခြင်းဖြင့်လည်းကောင်းရှင်ပေါလုသည် နောက်ဆုံးတရားစီရင်ခြင်းတွင်ကယ်တင်ရာသို့ရောက်ခြင်းအတွက်ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုမျှော်လင့်နေပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်ခြင်း၌အပတ်တကုတ်ကြိုးစားအားထုတ်ခြင်းဖြင့်လည်းကောင်း၊ ကိုယ်တော်

ရှင် ပေါ်တော်မူခြင်းကိုမြတ်နိုးတောင့်တခြင်းဖြင့်လည်းကောင်း၊ ရှင်ပေါလုသည်ခရစ်တော်၏တရားပလ္လင်၌ဆုလာဘ်တစ်ပါးကိုမျှော်လင့်နေပါသည်။

တစ်ဦးတစ်ယောက်သည် အသက်တာအဆုံးတိုင် ယုံကြည်ခြင်း၌လည်းကောင်း၊ ကောင်းသောအကျင့်ကိုကျင့်ခြင်း၌လည်းကောင်း အပတ်တကုတ်ကြိုးစားအားထုတ်ရမည်ဖြစ်သည်ဟု သွန်သင်ပေးသောသူများက ရှင်ပေါလုသည် သစ္စာတရား၌မြဲမြံခဲ့သောကြောင့် ထာဝရကာလသို့ရောက်ရှိချိန်တွင် သခင်ဘုရားကဖြောင့်မတ်သောသူအဖြစ်မှတ်ယူခြင်းခံရမည့်အဖြစ်ကိုမျှော်လင့်နေခြင်းဖြစ်သည်ဟုပြောဆိုရန်ဤကျမ်းချက်ကိုအသုံးပြုခဲ့ကြပါလိမ့်မည် (က သမ္မာတရား)။ ရှင်ပေါလုသည် ယုံကြည်ခြင်း၌လည်းကောင်း၊ကောင်းသောအကျင့်ကိုကျင့်ခြင်း၌လည်းကောင်း အပတ်တကုတ်ကြိုးစားအားထုတ်ခဲ့ကြောင်းမှာ အငြင်းပွားဖွယ်မရှိပါ။ သို့သော်၊ ထိုအရာများသည် ရှင်ပေါလုကို ကယ်တင်ခြင်းသို့ရောက်စေခဲ့ကြပါသလား။ ထိုသဘောပေါက်နားလည်ခြင်းက **"**ဖြောင့်မတ်ခြင်းသရဖူ**"** (ဓမ္မသရဖူ) ကို ဖြောင့်မတ်ရာသို့ရောက်ခြင်း၌ခွင့်ပြုပေးသနားခဲ့သည့် တရားဥပဒေရေးရာနှင့်ဆိုင်သောဖြောင့်မတ်ခြင်းဖြစ်သည်ဟု ယူဆထားသည် (ရောမ ၃း၂၁–၂၄၊ ၂ကော ၅း၂၁)။ ချုပ်၍ဆိုရလျှင်၊ ဤကျမ်းချက်က ကယ်တင်ခြင်းသည် ယုံကြည်ခြင်း အတွက် တိုက်လှန်ခြင်းအားဖြင့်လည်းကောင်း၊ မိမိ၏သာသနာလုပ်ငန်းကို သစ္စာရှိရှိပြီးဆုံးစေခြင်းအားဖြင့်လည်းကောင်း၊ ခရစ်ယာန်ဓမ္မအယူဝါဒများ၌ သစ္စာရှိမြဲမြံနေခြင်းအားဖြင့်လည်းကောင်း၊ သခင်ခရစ်တော်ပေါ်တော်မူခြင်းကို မြတ်နိုးတောင့်တစွာဖြင့် စောင့်စားခြင်းအားဖြင့်လည်းကောင်းရရှိရသည်ဟု သွန်သင်ပေးနေခဲ့ပါလိမ့်မည်။ ဤအရာသည် ရှင်ပေါလု၏သွန်သင်ချက်ဖြစ်သည့် ဖြောင့်မတ်ခြင်းသည် သခင်ယေရှုခရစ်တစ်ပါးတည်း၌ ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့်ဖြစ်တည်သည်ဟူသောအချက်နှင့် လုံးလုံးဆန့်ကျင်နေပါသည် (ရောမ ၃း၂၁–၂၄၊ ဂလာတိ ၂း၁၆)။ ရှင်းလင်းပြတ်သားမှုမရှိလှသော ၂ တိ ၄ မှကျမ်းချက်ကို ရောမဩဝါဒစာနှင့်ဂလာတိဩဝါဒစာတို့မှအလွန်ရှင်းလင်းပြတ်သားသောကျမ်းချက်များအရ ကျွန်ုပ်တို့အနက်ဖွင့်ဘာသာပြန်ဆိုကြရပါမည်။

ကယ်တင်ခြင်းအား ထိုက်ထိုက်တန်တန်ကြိုးစားရယူခြင်းအကြောင်းကို ရှင်ပေါလုပြောဆိုနေပါသည်ဟု ကျမ်းစကားအဆက်အစပ်ကမည်သည့်နေရာတွင်မျှညွှန်ပြမထားပါ။ အခြားနေရာများတွင် ရှင်ပေါလုက ကောင်းသောအကျင့်ကိုကျင့်ခြင်းကိုမဆိုထား၊ မိမိကျင့်ကြံသည့်ကောင်းသောအကျင့်များကိုပင်ထာဝရကယ်တင်ခြင်းကိုရရှိခြင်း၏ အဓိကအကြောင်းရင်းအဖြစ်မှ ငြင်းပယ်ထားပါသည် (ဧဖက် ၂း၈–၉၊ ဖိလိပ္ပိ ၃း၃–၉)။ ဤနေရာတွင် ရှင်ပေါလုသည် မိမိအသက်တာကုန်ဆုံးရတော့မည်ကိုသိရှိ

နေခြင်းကြောင့် (ငယ် ၆)၊ မိမိ၏သာသနာလုပ်ငန်းအကြောင်းကို အနှစ်ချုပ် နေခြင်းသာ ဖြစ်သည်။ ဖြောင့်မတ်ခြင်းသရဖူ (ဓမ္မသရဖူ) သည်တရားဥပဒေအရရရှိသောဖြောင့်မတ်ခြင်းမဟုတ်ပါ။ စည်းမျဉ်းစည်းကမ်းနှင့်အညီယှဉ်ပြိုင်သောအားကစားသမားတစ်ဦးကထိုက်ထိုက်တန်တန်ဆွတ်ခူးရယူရသည့် ဦးရစ်သရဖူအကြောင်းကိုအစောပိုင်းတွင် ရှင်ပေါလုပြောထားခဲ့ပါသည် (၂း၅)။ ထိုအချက်ကို တိမောသေအား သခင်ခရစ်တော်၌ ခိုင်ခံ့ခြင်းရှိရန်အတွက် ခွန်အားပေးတိုက်တွန်းခြင်းတစ်ခု အဖြစ်ပြောဆိုခဲ့ခြင်းဖြစ်သည် (၂း၁–၃)။ သရဖူဆိုသည်မှာ ထိုက်ထိုက်တန်တန်ကြိုးစားရယူထားသောဆုလာဘ်ဖြစ်ပြီး၊ ရှင်ပေါလုကမိမိ၏ကိုယ်ခန္ဓာကို စည်းကမ်းဖြင့်ကြပ်မတ်၍ ကိုယ်တိုင်ရှုံးသောသူမဖြစ်ခဲ့လျှင် ရရှိမည်ဟုမျှော်လင့်ထားသည့် ဆုလာဘ်ဖြစ်သည် (၁ကော ၉း၂၅–၂၇)။ ယာကုပ် ၁း၁၂ ကလည်း ဆင်းရဲဒုက္ခကို သစ္စာရှိရှိဖြင့်သည်းခံကျော်ဖြတ်ကြသော ခရစ်ယာန်များအားပေးတော်မူသည့် “အသက်သရဖူ” အကြောင်းကိုပြောပြထားသည်။ အသင်းတော်ကို သစ္စာရှိရှိထိန်ကျောင်းသော သင်းအုပ်များသည် “ဘုန်းကြီးသောပန်းဦးရစ်သရဖူ” ကို ရရှိကြမည်ဖြစ်သည် (၁ ပေ ၅း၄)။ ပန်းဦးရစ်သရဖူများသည် ယုံကြည်သူများကိုပေးသော ခ သမ္မာတရားဆုလာဘ်များဖြစ်ကြသည်။ ဤပန်းဦးရစ်သရဖူများကမည်သည့်အရာအား ကိုယ်စားပြုထားကြသည်မှာ အမြဲတမ်းသဲသဲကွဲကွဲမရှိသော်လည်း၊ ၄င်းတို့သည် သစ္စာရှိသောယုံကြည်သူများအတွက် ဆုလာဘ်များဖြစ်ကြသည်မှာ သေချာနေပါသည်။

သစ္စာတရားနှင့်ပြည့်စုံသောအမှုတော်လုပ်ငန်းကို အပတ်တကုတ်ကြိုးစား အားထုတ်ခဲ့သည့် ရှင်ပေါလု၏ ပုံဥပမာက ကျွန်ုပ်တို့ကိုအလားတူပြုလုပ်၍အလားတူ ဆုလာဘ်များကိုမျှော်လင့်ရန်စေ့စော်တိုက်တွန်းပေးသင့်ပါသည်။ အမှုတော်လုပ်ငန်းသည် တိုက်ပွဲငယ်တစ်ခုမဟုတ်၊ ဆုကြေးအတွက် ဆယ့်ငါးချီအပြည့်ထိုးသတ်ရသည့် လက်ဝှေ့ပွဲ တစ်ခုဖြစ်သကဲ့သို့၊ တာတိုအပြေးပွဲတစ်ခုလည်းမဟုတ်၊ မာရသွန်ပြေးပွဲတစ်ခုဖြစ်သည်။ သခင်သည်ရေရှည်ကိုကြည့်ရင်း ဘုရားသခင်ထံအစေခံနေပါသလား။ ကျွန်ုပ်တို့ရရှိမည့်ဆုလာဘ်၏အသေးစိတ်အချက်အလက်ကိုကျွန်ုပ်တို့သိချင်မှသိကြမည်ဖြစ်သော်လည်း၊ ၄င်းသည် ကြိုးစားရန်ထိုက်တန်သောဆုလာဘ်တစ်ခုဖြစ်ခဲ့ပါလိမ့်မည်။

❐

ဟေဗြဲဩဝါဒစာ

ဟေဗြဲဩဝါဒစာသည် အောက်တွင်ဆွေးနွေးထားသည့် ကျမ်းချက်များ၌ အသုံးပြုမည့် ၄င်း၏ အနက်ဖွင့်ဘာသာပြန်ဆိုခြင်းနှင့်စပ်ဆိုင်သော နိဒါန်းမှတ်ချက်အချို့နှင့် ထိုက်တန်ပါသည်။ ကျမ်းပြုဆရာသည် မည်သူတို့ကိုလိပ်မူရေးသားနေပါသနည်း၊ ထိုသူတို့ထံသို့ အဘယ်ကြောင့် လိပ်မူရေးသားခဲ့ပါသနည်း။ သတိပေးကျမ်းချက်ငါးချက်၌ အရိပ်နိမိတ်ပြထားသည့် တရားစီရင်ခြင်းများ၏ သဘောသဘာဝ (၂း၁–၄၊ ၃း၇–၄း၁၃၊ ၆း၁–၈၊ ၁၀း၂၆–၃၉၊ ၁၂း၂၅–၂၉) စသည်တို့ကို ကျွန်ုပ်တို့သဘောပေါက်နားလည်ကြသောအခါ အနက်ဖွင့်ဘာသာပြန်ဆိုရန် ခက်ခဲသည်ဟု မှတ်ယူရသည့် ဤကျမ်းချက်များမှာ အလိုလို ဖြေရှင်းပြီးသားဖြစ်သွားပါလိမ့်မည်။ ဟေဗြဲဩဝါဒစာကို အနက်ဖွင့်ဘာသာပြန်ဆိုရာ၌ အခြေခံအားဖြင့်၊ ကျွန်ုပ်တို့တိုင်းတာဆုံးဖြတ်ရမည့်အချက်မှာ ၄င်းကို က သမ္မာတရားအဖြစ်နှင့် မယုံကြည်သူများထံသို့ ရေးသားပေးပို့ခဲ့ခြင်းလား (သို့) ခ သမ္မာတရားအဖြစ်နှင့် ယုံကြည်သူများထံသို့ ရေးသားပေးပို့ခဲ့ခြင်းလား (သို့) မယုံကြည်သူနှင့် ယုံကြည်သူများ ရောနှောနေသည့် အုပ်စုတစ်စုထံ ရေးသားပေးပို့ခဲ့ခြင်းလားဟူသောအချက်ဖြစ်သည်။

လေးနက်ပြင်းထန်သော ဘာသာစကားအသုံးအနှုန်းများနှင့် တရားစီရင်ခြင်းအန္တရာယ်အကြောင်း ကျမ်းချက်များသာမပါရှိခဲ့လျှင် ဟေဗြဲဩဝါဒစာသည် သခင်ခရစ်တော်ကို ယုံကြည်သောသူများထံ၌ ရေးသားခဲ့ကြောင်းမှာ အခက်အခဲမရှိ ပေါ်လွင်ထင်ရှားနေခဲ့ပါလိမ့်မည်။ သတိပေးချက်များမှအပ၊ စာဖတ်သူတို့အား "ညီအစ်ကိုတို့"ဟုခေါ်တွင်ထားသည်။ (၃း၁၊ ၁၀း၁၉၊ ၁၃း၂၂) ၄င်းတို့ထံ၌ပြောဆိုထားသောအရာများစွာသည် ခရစ်ယာန်များနှင့်သာ သက်ဆိုင်နိုင်သည်။ (၃း၁၊ ၆း၉၊ ၅း၁၂၊ ၁၀း၂၄–၂၅) အထူးသဖြင့်၊ အခန်းကြီး ၁၃ ရှိ တိုက်တွန်းနှိုးဆော်ချက်သည် ခရစ်ယာန်များနှင့်သာလျှင် သက်ဆိုင်နိုင်ပါသည်။ လုပ်သင့်လုပ်ထိုက်သည့် အတိုင်း၊ ထိုအခန်းကြီးကို ဩဝါဒစာတစ်စောင်လုံးအနှစ်ချုပ်အဖြစ် မှတ်ယူရလျှင်၊ ကျမ်းပြုဆရာ က ဤစာစောင်အားမိမိ၏ "ညီအစ်ကိုတို့" ထံသို့ ရေးသားရခြင်း၏ ရည်ရွယ်ချက်မှာ သူတို့ကို တိုက်တွန်းနှိုးဆော်ရန်ဖြစ်ကြောင်း ရှင်းပြထားပါသည်။

စာဖတ်သူတို့၏ ဝိညာဉ်ရေးအခြေအနေ (The Reader's Spiritual State)

သတိပေးချက်ကျမ်းချက်များ၌ မည်သူတို့ကို လိပ်မူပြောဆိုထားသည်ကို ကျွန်ုပ်တို့ စဉ်းစားသုံးသပ်သောအခါတွင် ကျမ်းပြုဆရာသည် များစွာသော စာဖတ်သူများထဲမှ မတူကွဲပြားသောအုပ်စုတစ်စု (မယုံကြည်သူများ) အား လိပ်မူပြောဆိုနေခြင်းကို ဖော်ပြနေသည့် မည်သည့်အရေးအသား အသွင်ကူးပြောင်းမှုကိုမျှ မတွေ့ရကြောင်း ကျွန်ုပ်တို့အကဲခတ်မိပါသည်။ ပြောရလျှင်၊ သတိပေးချက်များ၌ အသုံးပြုထားသည့် ကျမ်းပြုဆရာ၏ ဘာသာစကားအသုံးအနှုန်းများအား အနီးကပ်လေ့လာခြင်းက ဤကျမ်းချက်များ၌ လိပ်မူထားသောသူများမှာ ခရစ်ယာန်များဖြစ်ကြကြောင်းကို အတည်ပြုနေပါသည်။

- ကျမ်းပြုဆရာသည်ပြောသူနာမ်စားအများကိန်း (first peson plural) ကို အသုံးပြုထားခြင်းဖြင့် မိမိကိုယ်ကို စာဖတ်သူများနှင့်အတူ ယုံကြည်သူများအဖြစ်ကို ထပ်တူပြုသဘောထားနေပါသည်။ (၂း၁၃၊ ၃း၁၄၊ ၄း၁–၃၊ ၆း၁၊၃၊ ၁၀း၂၆၊ ၃၀၊၃၉၊ ၁၂း၂၈)
- စာဖတ်သူတို့ကို "ညီအစ်ကိုတို့"ဟု ခေါ်ဝေါ်ထားသည်။ (၃း၁၂)
- ကျမ်းပြုဆရာက စာဖတ်သူတို့ကို ယုံကြည်ခြင်းရှိခဲ့ပြီးသော သူများဖြစ်ကြသည်။ (၄း၃) သို့မဟုတ် ယုံကြည်နေသော သူများဖြစ်ကြသည် (၁၀း၃၉) ဟုပြောထားသည်။
- စာဖတ်သူတို့သည်သခင်ခရစ်တော်မှ ထောက်ပံ့ပေးထားမှု၏အကျိုးကျေးဇူး၌ ယုံကြည်စိတ်ချမှု (သို့) အာမခံချက်ကို ရှိထားကြပြီး၊ ထိုယုံကြည်စိတ်ချမှု၌ မြဲမြံကြ၍၊ သည်းခံကြရန် တိုက်တွန်းခံကြရပါသည်။ (၃း၁၄၊ ၄း၁၄၊ ၁၀း၂၃၊၃၅)
- စာဖတ်သူတို့သည် မိမိတို့၏ယုံကြည်ချက်မှ ရွှေ့လျော့ဖောက်ပြန်ခြင်းမရှိကြသေးသော်လည်း၊ သူတို့သည် ထိုရွှေ့လျော့ ဖောက်ပြန်ခြင်း အန္တရာယ်ထဲ၌ရှိနေကြပါသည်။ ထိုအခြေအနေက သူတို့စွန့်ခွါထားရစ်ခဲ့သည့်အရာမှာ သခင်ခရစ်တော်ရှိနေသောသူတို့၏ ကယ်တင်ခြင်းမဟုတ်၊ ကယ်တင်ခြင်း အတွေ့အကြုံဖြစ်ကြောင်းကို မှတ်ယူထားသည်။ (၂း၁၊ ၃း၂၁၊ ၆း၆၊ ၁၀း၃၉၊ ၁၂း၂၅)
- သူတို့ကို ဘုရားသခင်၏ငြိမ်ဝပ်ခြင်း ချမ်းသာထဲသို့ဝင်

ရောက်ရန်အတွက်လည်းကောင်း (၄:၁၁)၊ စုံလင်ရင့်ကျက်သောသူအဖြစ်သို့ ဆက်လက်တက်လှမ်းကြရန် အတွက်လည်းကောင်း (၆:၁) အားပေးတိုက်တွန်းထားသည်။ ထိုအထူးအခွင့်အရေးနှစ်ရပ်လုံးသည် ယုံကြည်သူများနှင့်သာ သက်ဆိုင်ကြသည်။

- သူတို့သည် "အလင်းသို့ရောက်ပြီး"နောက်တွင် မိမိတို့၏ယုံကြည်ချက်အတွက် ဆင်းရဲဒုက္ခကို ကြုံတွေ့ခံစားခဲ့ကြရသည်။ (၁၀:၃၂–၃၄)။
- သခင်ခရစ်တော်ကိုကယ်တင်ရှင်အဖြစ် ယုံကြည်ရန်မည်သူ့ကိုမျှ ပြောဆိုတိုက်တွန်းထားခြင်းမရှိပါ။ ဤစာစောင်ကို မယုံကြည်သူများထံ၌သာ ရေးသားခဲ့လျှင် အထက်ပါအချက်သည် အလွန်ပြင်းထန်သော ထိမ်ချန်ထားမှုတစ်ခုဖြစ်သည်။
- ကယ်တင်ခြင်းနှင့်အတူတွဲဖက်ပါရှိလာသော ကောင်းကြီးမင်္ဂလာများအား သူတို့ကြုံတွေ့ခံစားရခြင်းကို ခရစ်ယာန်အသုံးအနှုန်းများဖြင့် အတိအလင်းထုတ်ဖော် ပြောဆိုထားသည်။ (၆:၄–၅၊ ၁၀:၂၆၊ ၂၉–၃၀၊ ၃၂၊ ၃၈)
- စာဖတ်သူတို့အား ဘုရားသခင်၏လူများအဖြစ် မှတ်ယူလျက် ဘုရားသခင်ကမိမိ၏လူမျိုးတို့ကျိုးနွံလာရန်အတွက် ဆုံးမတော်မူသော ဓမ္မဟောင်းပုံဥပမာများကို အသုံးပြုထားသည်။ (၃:၁၆၊ ၁၀:၃၀)
- ဘုရားသခင်ကို ချစ်ကြောက်ရိုသေခြင်းသဘောနှင့်အတူ ခစားရန် ၄င်းတို့ကိုတိုက်တွန်းအားပေးထားသည်။ (၁၂:၂၈) ထိုအရာသည် ယုံကြည်သူများနှင့်သာ သက်ဆိုင်သောအရာဖြစ်သည်။
- သမ္မာတရား၌တည်ကြည်စွာဖြင့် အပတ်တကုတ်ကြိုးစားအားထုတ်ခြင်းနှင့်နာခံခြင်းတို့အတွက် စာဖတ်သူများထံ၌ကတိပြုထားသည့် ဆုလာဘ်များသည် ယုံကြည်သူများနှင့်သာ သက်ဆိုင်ကြသည်။ (၃:၁၄၊ ၄:၉၊ ၁၁၊ ၁၀:၃၄–၃၅၊ ၁၂:၂၈)

ဟေဗြဲဩဝါဒစာ၏ စာဖတ်သူတို့နှင့်စပ်လျဉ်း၍ ရှောင်လွှဲမရ၊ သိသာထင်ရှား သောကောက်ချက်မှာ သူတို့သည် ယုံကြည်သူများဖြစ်ကြသည်ဟူ၍ ဖြစ်သည်။

ကျမ်းပြုဆရာ၏ ရည်ရွယ်ချက် (The Author's Purpose)

ဟေဗြဲဩဝါဒစာအား အနက်ဖွင့်ဘာသာပြန်ဆိုခြင်းအတွက် ဒုတိယမြောက်သော့ ချက်မှာ ကျမ်းပြုဆရာ၏ ရေးသားရခြင်း ရည်ရွယ်ချက်ကို သဘောပေါက်နားလည်ထား ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ကျမ်းပြုဆရာသည် မိမိ၏ စာဖတ်သူတို့ထံ၌ မည်သည့်အရာကို ပြီးမြောက်ပြည့်စုံစေရန် ကြိုးစားနေပါသနည်း။ သတိပေးချက်များ အပြင်၊ သခင်ယေရှုခရစ်နှင့် ပဋိညာဉ်သစ်တို့သည် မောရှေထက်လည်းကောင်း၊ ယဇ်ပု ရောဟိတ်ဖြစ်ခြင်း အရာများထက်လည်းကောင်း၊ မောရှေစီရင်သောပညတ်တရား၏ ပဋိညာဉ်ဟောင်းတရားထက်လည်းကောင်း သာလွန်ကြီးမြတ်ခြင်းတို့အား ကျယ်ကျယ် ပြန့်ပြန့် အသေးစိတ်ဖော်ပြရှင်းလင်းထားချက်ကိုလည်း ကျွန်ုပ်တို့သတိပြုမိပါသည်။ အထက်ပါအချက်များကို သတိပေးချက်များနှင့်အတူ သုံးသပ်သောအခါ စာဖတ်သူတို့ သည် မိမိတို့၏ခရစ်ယာန်ယုံကြည်ခြင်း၌ တိုးတက်မှုရပ်တန့်သွားခဲ့ကြပြီး၊ ယုဒဘာသာ သို့ပြန်သွားရန် ချင့်ချိန်စဉ်းစားနေခဲ့ကြကြောင်း (၂း၁၊ ၃း၁၂၊ ၆း၆၊ ၁၀း၃၉၊ ၁၂း၂၅)၊ ထိုသို့ပြုလုပ်ရခြင်းမှာ ညှင်းပန်းနှိပ်စက်ခြင်းကို ရှောင်ရှားရန်အတွက် ဖြစ်နိုင်ကြောင်း (၁၀း၃၂–၃၄၊၁၂း၄) ကျွန်ုပ်တို့ ကောက်ချက်ချရပေမည်။ ကျမ်းပြုဆရာသည် မိမိ၏ စာဖတ်သူတို့အား သခင်ခရစ်တော်၏ သာလွန်ကြီးမြတ်ခြင်းကိုလည်းကောင်း၊ မောရှေ စီရင်ခဲ့သောနည်းစနစ်ဖွဲ့စည်းပုံများ၏ အားနည်းချက်ကိုလည်းကောင်း၊ မိမိတို့၏ ခရစ်ယာန်ယုံကြည်ချက်ကို စွန့်လွှတ်၍ ပညတ်တရားစီသို့ပြန်သွားခဲ့လျှင် သူတို့ကိုစောင့် စားနေသည့် အကျိုးဆက်များကိုလည်းကောင်း ပြသနေပါသည်။ ဤနေရာတွင် အပြု သဘောဆောင်သော ရည်ရွယ်ချက်တစ်ခုလည်းရှိသည်။ ကျမ်းပြုဆရာသည် စာဖတ်သူ တို့အား အဆုံးတိုင်တည်ကြည်၍ မိမိတို့၏ခရစ်ယာန်ယုံကြည်ချက်၌လည်းကောင်း၊ ရင့်ကျက်ခြင်း၌လည်းကောင်း ဆက်လက်၍တိုးတက်ကြရန် တိုက်တွန်းနှိုးဆော်ထား သည်။ (၃း၆၊ ၄း၁၄၊ ၅း၁၁၊ ၆း၁၊ ၁၁–၁၂၊ ၁၀း၂၃၊ ၁၂း၁–၃) ထိုသို့အားဖြင့်၊ သူတို့သည် ဤဘဝအသက်တာ၌လည်းကောင်း၊ နိုင်ငံတော်၌လည်းကောင်း မိမိတို့ကြမ္မာပန်းတိုင်၏ ပြည့်စုံခြင်းရှိသမျှကို ပျော်မွေ့နိုင်ကြမည်ဖြစ်သည်။ (ဟေဗြဲ ၃း၁၈–၁၉ ၏ဆွေးနွေးချက် ကိုကြည့်ပါ။)

သတိပေးကြိမ်းဝါးမှုများ၏ သဘောသဘာဝ (The Nature of the warning's Threats)

အနက်ဖွင့်သာဘာပြန်ဆိုချက်နှင့်စပ်ဆိုင်သော တတိယမြောက်သော့ချက်မှာ

သတိပေးချက်များ၌ တွေ့ရသည့်ကြိမ်းဝါးမှုများဖြစ်သည်။ ပြင်းထန်သောအကျိုးဆက်များဖြင့် ကြိမ်းဝါးထားပါသော်လည်း၊ ၄င်းတို့သည် အပယ်ငရဲဖြင့် ခြိမ်းခြောက်ခြင်းကို ရည်ညွှန်းနေသည် ဟုဆိုလိုပါသလား။ မီးဟူသောဖော်ပြချက်ကပင် ကျမ်းပြုဆရာက အပယ်ငရဲကို စိတ်ကူး၌ရည်မှတ်ထားသည်ဟု လူအများအတွက် ကောက်ချက်ချရန် လုံလောက်နေပါသည်။ ဤစာစောင်ကို ဖတ်ရှုသူများသည် ခရစ်ယာန်စာဖတ်သူများ ဖြစ်ကြသည်ဟု စိတ်၌ရည်မှတ်ရင်း မီးကို သမ္မာကျမ်းစာ၌အသုံးပြုထားပုံနှင့်စပ်လျဉ်း၍ ဤအကဲခတ်သုံးသပ်မှုများကို ကျွန်ုပ်တို့ပြုလုပ်ထားသည်။

- မီးသည် ခမ္မဟောင်းကျမ်း၌ မိမိ၏လူမျိုးတို့ကို စည်းကမ်းဖြင့် ကြပ်မတ်ဆုံးမတော်မူသော ဘုရားသခင်၏ အမျက်တော်အတွက် စကားအသုံးအနှုန်းတစ်ခုဖြစ်သည်။ (တောလည် ၁၁း၁–၃၊ ဟေရှာယ ၉း၁၉၊ ယေရမိ ၁၁း၁၆၊ မြည်တမ်း ၂း၃–၄၊ထွက်မြောက် ၂၂း၂၀–၂၂၊ အာမုတ် ၂း၅၊ ဆာလံ ၇၈း၂၁)
- ခမ္မသစ်ကျမ်းတွင် မီးသည်ယုံကြည်သူများအတွက် ရည်ရွယ်ထားသော ခရစ်တော်၏ တရားပလ္လင်၏ သွင်ပြင်လက္ခဏာတစ်ခုဖြစ်သည်။ (၁ကော ၃း၁၃–၁၅)
- မီးသည် ဘုရားသခင်၏ ဆေးကြောသန့်စင်ပေးခြင်းကိုလည်း သဘောဆောင်နိုင်သည်။ (ဆာလံ ၆၆း၁၂၊ မာလခိ ၃း၁၊ ၁ပေ ၁း၇) သို့မဟုတ် ဘုရားသခင်၏ သဝန်တိုခြင်းကိုလည်း သဘောဆောင်နိုင်သည်။ (တရားဟော ၄း၂၄၊ ဆာလံ ၇၉း၅၊ ဇေဖနိ ၁း၁၈)
- အပါယ်ငရဲ၊ ထာဝရမီး၊ ထာဝရညှင်းဆဲခြင်း၊ ဂေဟန်္နာတို့ကို ဟေဗြဲဩဝါဒစာရှိသတိပေးချက်များတွင် လုံးလုံးဖော်ပြထားခြင်း မရှိပါ။

ဟေဗြဲဩဝါဒစာ၌ အပယ်ငရဲမီးဖြင့်အတိအလင်း ခြိမ်းခြောက်သတိပေးခြင်းမျိုးမရှိခြင်းက ယုံကြည်သူများအား ပြောဆိုထားသည့် သတိပေးချက်ကျမ်းချက်များ၌ ကြိမ်းဝါးထားသည့် တရားစီရင်ခြင်းများ၏ လေးနက်ပြင်းထန်မှုကို မပေါ့လျော့သွားစေပါ။ ၄င်းတို့သည် “ဒဏ်ခတ်စီရင်ခြင်းကိုခံရမည်ဟု ကြောက်မက်ဖွယ်သော မျှော်လင့်ရသောအကြောင်း” နှင့် ဘုရားသခင်၏ “အမျက်တော်မီးလောင်ခြင်းကိုခံရသောအကြောင်း” ကိုဖော်ပြချက်တစ်ခုအဖြစ်နှင့် ဆက်လက်၍ရှိနေကြပါသည်။

စာဖတ်သူတို့၏ ကယ်တင်ခြင်းခံထားရသောအခြေအနေ၊ စာဖတ်သူတို့အား ၄င်းတို့၏ ယုံကြည်ခြင်းဌာန အားသွန်ခွန်စိုက်ကြိုးစားအားထုတ်ရန် စေ့ဆော်ထားသည့် ကျမ်းပြုဆရာ၏ ရည်ရွယ်ချက်၊ နာခံမှုမရှိသော ဘုရားသခင်၏ လူမျိုးများအတွက် ဖြစ်နိုင်ချေရှိနေသော ပြင်းထန်သည့် တရားစီရင်ခြင်းစသည်တို့က ဟေဗြဲဩဒာကို ခရစ်ယာန်များနှင့်သက်ဆိုင်သည့် **ခ** သမ္မာတရားအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုရန် ဖြစ်စေပါသည်။ ၄င်းတို့၏ အစကနဦး ကယ်တင်ခြင်းနှင့်ဆက်စပ်နေသော သတိပေးနှိုးဆော်မှုများ တွင် **က** သမ္မာတရားရှိနေပါသော်လည်း၊ တိုက်တွန်းနှိုးဆော်ချက်၊ သတိပေးချက်နှင့် လက်တွေ့ရယူကျင့်သုံးရန်အချက်များသည် **ခ** သမ္မာတရားများဖြစ်ကြသည်။ ဤသုံးသပ်ချက်နှင့်အတူ မကြာခဏဆိုသလို အဓိပ္ပါယ်ကောက်မှားခံရသည့် သီးသန့်ကျမ်းချက်အချို့ကို ကျွန်ုပ်တို့ဆွေးနွေးထားပါသည်။

အဘယ်သို့လွတ်ကြလိမ့်မည်နည်း။ (How shall we escape?) ဟေဗြဲ ၂း၁–၄

> [1] *ထို့ကြောင့်၊ ငါတို့သည်ကြားရသောဒေသနာတော်ကို မမေ့မလျော့မည်အကြောင်း၊ စိတ်နှလုံး၌ သာ၍မှတ်မိစွဲလမ်းခြင်းရှိရကြမည်။* [2] *ကောင်းကင်တမန်များအားဖြင့် ထားတော်မူသော ဗျာဒိတ်တော် သည်တည်၍ပြစ်မှားလွန်ကျူးခြင်း အမှုအမျိုးမျိုးတို့သည်ခံထိုက်သောအပြစ်ဒဏ်ကို ခံရသည်မှန်လျှင်၊* [3] *အစအဦး၌သခင်ဘုရားဟောတော်မူ၍ ဒေသနာစကားတော်ကို ကြားရသောသူတို့သည်၊ ယုံလောက်သောသက်သေအားဖြင့် ငါတို့အားဆင့်ဆို၍ဟော ပြောသော၊ ဤမျှလောက်ကြီးစွာသောကယ်တင်တော်မူခြင်းတရားကို ငါတို့သည်နားမထောင်ဘဲလျှင်၊ အပြစ်ဒဏ်နှင့် အဘယ်သို့လွတ် ကြလိမ့်မည်နည်း။* [4] *ထိုသက်သေခံသောသူတို့နှင့်အတူ ဘုရားသခင်သည် နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုအားဖြင့်၄င်း၊ ထူးဆန်း သောတန်ခိုး အထူးထူးအပြားပြားအားဖြင့်၄င်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိအလိုတော်အတိုင်းဝေငှသော ဆုကျေးဇူးအားဖြင့်၄င်း သက်သေခံတော်မူပြီ။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်ခြင်း (သို့) ယုံကြည်ခြင်းကိုဝန်ခံခြင်းမှ စွန့်ခွါသွားသောသူများသည် အပယ်ဝရဲဖြင့် တရားစီရင်ခြင်းမှ လွတ်မြောက်ကြလိမ့်မည် မဟုတ်ပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် ယုံကြည်ခြင်းမှ စွန့်ခွါသွားသောသူများသည် ဘုရားသခင်၏ဆုံးမကြပ်မတ်ခြင်းနှင့်ဆိုင်သော တရားစီရင်ခြင်းမှ လွတ်မြောက်ကြမည်မဟုတ်ပါ။

မည်သည့်အရာမှလွတ်ကြမည်နည်း။ (ယုဒသန်ကျမ်းတွင် အပြစ်ဒဏ်မှအဘယ်သို့လွတ်ကြလိမ့်မည်နည်းဟု ပြန်ဆိုထားသည်) ဤအချက်သည် အဓိကသော့ချက်မေးခွန်းဖြစ်သည်။ အပယ်ငရဲကို ဖော်ပြပြောဆိုထားခြင်းမရှိပါ။ အမှန်ဆိုရလျှင် တိကျသေချာသော တရားစီရင်ခြင်းကို ဖော်ပြထားခြင်းမရှိပါ။ ဤအချက်က ဤကြိမ်းဝါးမှုကို ပို၍ဆိုးရွားသွားစေပါသည်။ မိဘဖြစ်သူက ကလေးငယ်တစ်ဦးအား "မင်းမနာခံဘူးဆိုရင်တော့ ငါလုပ်မိမယ့်အရာကို မင်းသိချင်မှာမဟုတ်ဘူးနော်"ဟု ပြောသကဲ့သို့ မိဘများကပေးမည့်အပြစ်ကို ရေရာရာမသိရသည်မှာ ပို၍ဆိုးပါသည်။

ကျမ်းပြုဆရာသည် "ငါတို့"ဟု သုံးနှုန်းထားခြင်းဖြင့် မိမိကိုယ်တိုင်ကိုလည်း အပါအဝင်ဖြစ်စေခြင်းဖြင့် ဤအရာသည် **ခ** သမ္မာတရားဖြစ်ကြောင်းကို ပြသနေပါသည်။ သတိပေးချက်သည် တစ်စုံတစ်ခုဆီမှ ရွှေ့လျော့ဖောက်ပြန်ခြင်းကို ဆန့်ကျင်၍ ပြောဆိုထားခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက်သည် တစ်ကြိမ်တစ်ခါက မိမိနှင့် နီးနွယ်ခဲ့ဖူးခြင်းမရှိသောအရာမှ ရွှေ့လျော့ဖောက်ပြန်ခြင်းမရှိနိုင်ပါ။ ထို့ကြောင့်၊ ဤအရာသည် ၄င်းတို့ကြား ရင်းနှီးဆက်နွယ်ခဲ့ဖူးသော ခရစ်ယာန်ယုံကြည်ချက်ကို ရည်ညွှန်းခြင်းဖြစ်ရပေမည်။ (ငယ် ၁) ထိုအရာကို သခင်ဘုရားက ကောင်းမွန်စွာသက်သေခံခဲ့ပြီး၊ တမန်တော်များက အတည်ပြု ပေးခဲ့ကြသည်။ (ငယ် ၃) ထို့အပြင် အံ့ဖွယ်အမှုများအားဖြင့် စစ်မှန်ကြောင်း သက်သေထူခဲ့ပါသည်။ (ငယ် ၄) ဤအပြစ်ဒုစရိုက်၏သဘောသဘာဝကို အခြားသော သတိပေးချက်ကျမ်းပိုဒ်များ၌ ထပ်ရှင်းထားပါသည်။

မိမိတို့၏ယုံကြည်ခြင်းကို လျစ်လျူရှုထားသော (သို့) ထိုယုံကြည်ခြင်းကို ကျောခိုင်းသွားကြသောခရစ်ယာန်များသည် ဘုရားသခင်၏ကြပ်မတ်ဆုံးမခြင်းနှင့်ဆိုင်သော တရားစီရင်ခြင်းနှင့် လွတ်ကင်းရကြမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခရစ်ယာန်ယုံကြည်ချက်၌ တိုးတက်၍ကြီးထွားကြရန် လုံ့လဝီရိယရှိကြရပါမည်။

ကိုယ်တော်၏ချမ်းသာထဲသို့ဝင်ရခြင်း။ (Entering Hisrest) ဟေဗြဲ ၃:၁၈–၁၉

> ၁၈ *သင်တို့သည် ငါ၏ချမ်းသာထဲသို့မဝင်ရကြဟု ကျိန်ဆိုတော်မူ သောသူတို့ကား၊ မယုံကြည်သောသူမှတပါး အဘယ်သူနည်း။* ၁၉ *သို့ဖြစ်၍ သူတို့သည် မယုံကြည်သောကြောင့်သာ မဝင်နိုင်သည်ကို ငါတို့သိမြင်ကြ၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – နာခံခြင်းမရှိသောသူများသည် ယုံကြည်ခြင်းမရှိ၍ သခင်ခရစ်တော်အား ယုံကြည်ပါကြောင်း မိမိတို့၏ဝန်ခံချက်ကို အဆုံးတိုင် ဆုပ်ကိုင်ခြင်းမရှိကြသော

ကြောင့် ကောင်းကင်ဘုံကို ဝင်စားကြရမည်မဟုတ်ပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – နာခံခြင်းမရှိသောသူများသည် ယုံကြည်ခြင်းမရှိကြ၍ သခင်ခရစ်တော်အား ယုံကြည်ပါကြောင်း မိမိတို့၏ဝန်ခံချက်ကို အဆုံးတိုင်ဆုပ်ကိုင်ခြင်း မရှိကြသောကြောင့် ချမ်းသာထဲသို့ဝင်ရခြင်းဟူသော ဘုရားသခင်၏ဆုလာဘ်ကို ကြုံတွေ့ခံစားကြရမည် မဟုတ်ပါ။

ဟေဗြဲ ၃ ရှိ ကန္တာရတော်အရပ်၌ ဣသရေလအမျိုးများက ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်ခြင်းနှင့် ကတိတော်ထားရာပြည်သို့ဝင်ရောက်ရန် ၄င်းတို့မအောင်မြင်ခဲ့ခြင်းအကြောင်း ဖော်ပြပြောဆိုထားချက်တွင် ၃း၁၈ ရှိနာခံမှုမရှိခြင်း (ယုဒသန်ကျမ်းစာတွင် မယုံကြည်ခြင်းဟု ပြန်ဆိုထားသည်)သည် ၃း၁၉ ရှိ မယုံကြည်ခြင်းနှင့်ကြောင်း တူသံကွဲဆန်ဆန် အသုံးပြုထားသည်ဟု ထင်မှတ်ရသည်။ ဤမယုံကြည်ခြင်းကို စာဖတ်သူများ၏ သခင်ခရစ်တော်၌ထားရှိသော မိမိတို့၏စိတ်ချယုံကြည်မှု (စိတ်စွဲလန်းခြင်း)ကို အဆုံးတိုင် ဆုပ်ကိုင်မထားခြင်းနှင့်လည်းကောင်း (၃း၁၂၊၁၄)၊ အသက်ရှင်တော်မူသော ဘုရားသခင်ထံမှ ထွက်ခွာသွားခြင်းနှင့်လည်းကောင်း (၃း၁၂) တူညီသည်ဟု သတ်မှတ်ယူဆထားပြီး၊ ထိုမယုံကြည်ခြင်းသည် ဣသရေလအမျိုးများကို ကတိတော်ထားရာ ၄င်းတို့၏ "ချမ်းသာ" ထဲသို့ ဝင်ရောက်ရခြင်းကို တားဆီးပိတ်ပင်ခဲ့သောအရာဖြစ်သည်။ (၄း၆) ဤအရာများအားလုံးကို အတူတကွခြုံ၍ သုံးသပ်သောအခါတွင် ယုံကြည်ခြင်းသည် နာခံခြင်းဖြစ်ပြီး၊ ငြိမ်သက်ချမ်းသာ (ဤနေရာတွင်ကတိတော်ထားရာပြည်ဟု အနက်ဖွင့်ဘာသာပြန်ဆိုထားကြသည်)သည် ကောင်းကင်ဘုံ (သို့) ဘုရားသခင်၏ နိုင်ငံတော်ဖြစ်သောကြောင့် သခင်ခရစ်တော်ကို မနာခံသောသူများသည် ကယ်တင်ရာသို့ မရောက်ကြရဟု လူအများကို ကောက်ချက်ချစေခဲ့သည်။ ၄င်းသည်က သမ္မာတရားဖြစ်သည်။

ဤနေရာတွင် မယုံကြည်ခြင်းနှင့် နာခံမှုမရှိခြင်းကြား၌လည်းကောင်း၊ ယုံကြည်ခြင်းနှင့် နာခံခြင်းကြား၌လည်းကောင်း နီးစပ်သောဆက်နွယ်မှုရှိနေသည်မှာ ထင်ရှားနေပါသည်။ ဤဆက်နွယ်မှုသည် အကြောင်းနှင့်အကျိုးတို့၏ ဆက်နွယ်မှုမျိုးဖြစ်နေပါသော်လည်း၊ ဤအချက်က မယုံကြည်ခြင်းနှင့် နာခံမှုမရှိခြင်းတို့ကိုလည်းကောင်း၊ ယုံကြည်ခြင်းနှင့် နာခံမှုရှိခြင်းတို့ကိုလည်းကောင်း တူညီသောအရာအဖြစ် မဖန်တီးပေးပါ။ နာခံမှုမရှိခြင်းသည် မယုံကြည်ခြင်း၏ သက်သေအထောက်အထားဖြစ်၍ နာခံမှုရှိခြင်းသည် ယုံကြည်ခြင်း၏ သက်သေအထောက်အထားဖြစ်သည်။ ဤဖြစ်စဉ်တွင် မယုံကြည်ခြင်းကို နာခံမှုမရှိခြင်းအဖြစ် ဖော်ပြပြောဆိုထားသည်။ အကြောင်းမှာ ဣသရေလအမျိုးများသည် ကတိတော်ထားရာပြည်နှင့်စပ်ဆိုင်သော ဘုရားသခင်၏ကတိတော်ကို မယုံကြည်ခဲ့ကြသောအခါတွင် ထိုပြည်တော်ကို လက်ဝယ်ရယူရန် ဘုရားသခင်၏

မိန့်မှာချက်ကို နာခံရန် ငြင်းဆိုခဲ့ကြသောကြောင့်ဖြစ်သည်။

သို့သော်၊ စာဖတ်သူများသည် ယုံကြည်သူများဖြစ်ကြသောကြောင့် (၃း၁၊ ၁၂ နှင့် ၃း၆၊ ၁၄၊ ၁၉ ရှိ "ငါတို့"ကိုအသုံးပြုထားခြင်း) အခြေအနေပေါ်မူတည်သော အရာလည်းဖြစ်၊ အနာဂတ်တွင်သာ တွေ့ကြုံခံစားရမည့်အရာလည်းဖြစ်သည့် ဩဇဉ်ဝပ်ချမ်းသာသည် အပါယ်ငရဲမှ ကယ်တင်ခံရခြင်းမဟုတ်ပါ။ ဩဇဉ်ဝပ်ချမ်းသာသည် သစ္စာရှိသော ယနေ့ခေတ်ယုံကြည်သူများက ကြုံတွေ့ခံစားရသောကောင်းကြီးမင်္ဂလာများကို ရည်ညွှန်းနိုင်သကဲ့သို့ (၄း၁၊၆၊၉၈၊၁၁)၊ နှစ်တစ်ထောင်အုပ်စိုးခြင်းရှိ နိုင်ငံတော်ဩဇဉ်ဝပ်ချမ်းသာထဲသို့ ဝင်ရခြင်းအတွေ့အကြုံကိုလည်း ရည်ညွှန်းနိုင်ပါသည်။ ဣသရေလလူမျိုးများအတွက် ဩဇဉ်ဝပ်ချမ်းသာသည် ကတိတော်ထားရာပြည်သို့ ဝင်ရောက်ရခြင်းသက်သက်မဟုတ်ပါ။ ထိုသို့ဝင်ရောက်ရခြင်း၏ အကျိုးအမြတ်များဖြစ်သည့် ရန်သူများနှင့် ခိုက်ရန်ဖြစ်ပွားရခြင်း မရှိတော့ခြင်းကဲ့သို့သော အကျိုးတရားများအား ပျော်မွေ့ရခြင်းလည်းဖြစ်သည်။ (ယောရှု ၁၁း၂၃၊ တရားသူကြီး ၃း၁၁၊၃၀၊၅း၂၁) ထို့ကြောင့်၊ ယုံကြည်ခြင်းဖြင့် အသက်ရှင်၍ မိမိတို့၏ခရစ်ယာန်ယုံကြည်ချက်များ၌ အပတ်တကုတ်ကြိုးစားအားထုတ်သော ယုံကြည်သူများသည် ဘုရားသခင်၏ကတိတော်များ၌လည်းကောင်း၊ ထောက်ပံ့ပေးသနားခြင်းများ၌လည်းကောင်း၊ တန်ခိုးတော်၌လည်းကောင်း ခိုနားကြသည်နှင့်အမျှ ဩဇဉ်သက်ခြင်းကို ပျော်မွေ့ခံစားကြရပါသည်။ ဤအရာသည် မယုံကြည်ခြင်းမှ မွေးဖွားလာသော နာခံမှုမရှိခြင်းအားဖြင့်လည်းကောင်း၊ ယုဒဘာသာထက်သခင်ခရစ်တော်၏ သာလွန်ကြီးမြတ်ခြင်းကို မယုံကြည်ခြင်းအားဖြင့် လည်းကောင်း၊ နိုင်ငံတော်၌အနာဂတ်ကောင်းကြီးများကိုပေးမည်ဟူသော ကိုယ်တော်၏ကတိတော်ကို မယုံကြည်ခြင်းအားဖြင့်လည်းကောင်း ယခုပစ္စုပ္ပန်ကာလနှင့် အနာဂတ်နိုင်ငံတော်၌ လက်လွတ်ဆုံးရှုံးနိုင်သည့် ကောင်းကြီးမင်္ဂလာတစ်ပါးဖြစ်သည်။

အနာဂတ်သွင်ပြင်လက္ခဏာကိုဆောင်သည့် ယုံကြည်သူများ ဩဇဉ်ဝပ်ချမ်းသာထဲသို့ဝင်ရခြင်းသည် ဟေဗြဲဩဝါဒစာ၏အဓိကပြောကြားလိုသော အာဘော်ဖြစ်သည်။ ကျမ်းပြုဆရာသည် စာဖတ်သူများကနိုင်ငံတော်၌ ကြုံတွေ့ခံစားရမည့်အရာကို ပို၍စိတ်ဝင်စားသည်။ ၄င်းတို့ နိုင်ငံတော်ထဲသို့ ဝင်ရောက်ရခြင်းကိုမဟုတ်ပါ။ ကျမ်းပြုဆရာသည် "ခေါ်တော်မူခြင်းကျေးဇူးတော်ကိုခံရသောသူတို့" ("partakers," *metachoi*, ၃း၁) ဟု ၄င်းကခေါ်ဆိုထားသည့် ကယ်တင်ခြင်းခံရသောသူများကို ရေးသားပြောဆိုနေပါသည်။ ဤစကားလုံးကို ဆာလံ ၄၅း၇ မှ ကိုးကားထားပြီး ၁း၉ တွင် အသုံးပြုထားသည်ကို ကျွန်ုပ်တို့ပထမဆုံးမြင်တွေ့ကြရသော်လည်း၊ ထိုနေရာတွင် "အပေါင်းအဖော်တို့" (companions) ဟုဘာသာပြန်ဆိုထားသည်။ (NKJV) ဆာလံကျမ်း၌ အဓိကပြောဆိုထားသည့်အချက်မှာ ဘုရားသခင်၏သားတော်သည် မိမိ၏ "အပေါင်းအဖော်တို့" နှင့်အတူ မိမိ၏နိုင်ငံတော်ကို စိုးစံတော်မူမည့်အကြောင်းဖြစ်သည်။ ကောင်းကင်တမန်များ

သည် ဤအခွင့်ထူးကိုရရှိခဲ့ကြမည်မဟုတ်သော်လည်း၊ ၄င်းတို့သည် "ကယ်တင်တော်မူခြင်းကျေးဇူးကို အမွေခံလတ္တံ့သော" ဤအပေါင်းအဖော်တို့ကို အလုပ်အကျွေး ပြုကြပါလိမ့်မည်။ (၁း၁၃–၁၄၊၂း၅) အနာဂတ်ကာလပြ"အမွေခံလတ္တံ့သော" သည်အတိတ်၌ဖြစ်ပျက်ခဲ့သည့် ၄င်းတို့၏ဖြောင့်မတ်ရာသို့ရောက်ခြင်းကို မရည်ညွှန်းပါ။ နိုင်ငံတော်၌ရရှိမည့် အနာဂတ်ဆုလာဘ်များကိုသာ ရည်ညွှန်းပါသည်။ အခန်းကြီး ၂ က သခင်ခရစ်တော်ယဇ်ပရောဟိတ်မင်းဖြစ်ခြင်းအကြောင်းကို နိဒါန်းပျိုးပေးပြီးနောက်တွင်၊ အခန်းကြီး ၃ မောရှေသည် တဲတော်အပေါ်၌ ယဇ်ပရောဟိတ်ဖြစ်ခဲ့သကဲ့သို့ သခင်ခရစ်တော်သည်လည်း မိမိ၏ "အိမ်တော်"အပေါ်၌ ယဇ်ပရောဟိတ်တစ်ပါးဖြစ်ကြောင်းကို ရှင်းပြထားသည်။ (၃း၂–၅၊ နှိုင်းယှဉ်၊ တောလည် ရာ ၁၂း၇) သခင်ခရစ်တော်၏အိမ်တော်ကို အသင်းတော် (သို့) သခင်ခရစ်တော်၏ကိုယ်နှင့် တစ်ခါတစ်ရံ အဓိပ္ပါယ်ကောက်မှားကြသည်။ သို့သော်၊ သခင်ခရစ်တော်၏ အိမ်တော်၌မိသားစုဝင်ဖြစ်ရန်အတွက် အခြေအနေသတ်မှတ်ချက်မှာ ကိုယ်တော်ရှင်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းမဟုတ်ပါ။ မိမိတို့၏ယုံကြည်ခြင်း၌ အဆုံးတိုင်အောင်တည်ကြည်ခြင်းဖြစ်သည်။ (၃း၆၊၁၄) "အပေါင်းအဖော်တို့" ဟူသောစကားလုံးကို အသက်တာအဆုံးတိုင် သစ္စာရှိသောသူများအတွက် အသုံးပြုထားပြီး (၃း၁၄)၊ သူတို့သည် သခင်ခရစ်တော်၏လောကီအုပ်ချုပ်ပိုင်ခွင့်အာဏာအား မျှဝေပိုင်ဆိုင်ခြင်းဟူသော ဆုလာဘ်ကိုအမွေခံကြရမည်ဖြစ်သည်။ (၆း၁၂၊ ၁၇၊ နှိုင်းယှဉ် ၂တိ ၂း၁၂) ဤအခန်းကဏ္ဍအကြောင်းဆွေးနွေးချက်သည် ကျန်ရှိနေသောအပိုင်းများ၏ ဆွေးနွေးချက်များကို ဖြစ်ပေါ်စေရန် အစပျိုးထားသောကြောင့် အရေးကြီးပါသည်။ယုံကြည်သူများအနေဖြင့် မိမိတို့၏ အနာဂတ်ငြိမ်ဝပ်ချမ်းသာထဲသို့ ဝင်ရောက်ရခြင်းသည် မိမိတို့၏လုပ်ဆောင်မှုအပေါ်တွင် မူတည်နေပါသည်။ ထိုလုပ်ဆောင်မှုမှာ (ယုဒဘာသာသို့ ပြန်သွားခြင်းမဟုတ်) မိမိတို့ဝန်ခံထားသော ယုံကြည်ခြင်းကို စိတ်စွဲလမ်းခြင်း (ခိုင်မာစွာဆုပ်ကိုင်ထားခြင်း) ဖြစ်သည်။ ဤအရာသည် **ခ** သမ္မာတရားဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် အလေးအနက်ဆင်ခြင်ရမည့်လက်တွေ့ရယူကျင့်သုံးစရာအချက်များနှင့်အတူ ချန်ထားရစ်ပါသည်။ ကျွန်ုပ်တို့သည် ဤဘဝ ဤအသက်တာ၌ ဘုရားသခင်၏ငြိမ်ဝပ်ချမ်းသာ ကောင်းကြီးမင်္ဂလာကိုလည်းကောင်း၊ နိုင်ငံတော်၌ ကိုယ်တော်ရှင်၏ ငြိမ်ဝပ်ချမ်းသာဆုလာဘ်ကိုလည်းကောင်း မဆုံးရှုံးကြရန်အတွက် သခင်ခရစ်တော်အပေါ်၌ထားရှိသော ကျွန်ုပ်တို့၏မျှော်လင့်ချက်ကို စိတ်စွဲလမ်း (ခိုင်မာစွာဆုပ်ကိုင်)ရပါမည်။ သခင်ခရစ်တော်ကျောခိုင်း၍ အခြားအရာဆီသို့ ဦးလှည့်ခြင်းသည် အဆိုးဝါးဆုံးသော မယုံကြည်ခြင်းနှင့် နာခံမှုမရှိခြင်းမျိုးဖြစ်သည်။ အကြောင်းမှာ၊ အခြားမည်သည့်ဘာသာ၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်နည်းစနစ်ကမျှ အထက်ပါကောင်းကြီးမင်္ဂလာများကို ကျွန်ုပ်တို့အား မပေးနိုင်သောကြောင့်ဖြစ်သည်။

ယုံကြည်နားထောင်သောသူအပေါင်းတို့အားကယ်တင်ခြင်း (Salvation to all who obey) ဟေဗြဲ ၅:၉

ထိုသို့ စုံလင်ခြင်းကိုရောက်ပြီးမှသင်တို့သည် ယုံကြည်နားထောင်သောသူအပေါင်းတို့အား ထာဝရကယ်တင်ခြင်းကျေးဇူးကိုပြုသောသူဖြစ်တော်မူ၍၊

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – နာခံခြင်းသည် မယုံကြည်သူထံ၌ သခင်ခရစ်တော်၏ ထာဝရကယ်တင်ခြင်းကို ဆောင်ယူ လာပေးပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကျိုးနွံနာခံစွာ အသက်ရှင်ခြင်းသည် ယုံကြည်သူထံ၌ သခင်ခရစ်တော် ပေးသနားသော ကယ်တင်ခြင်း၏အကျိုးကျေးဇူးများကို ဤအသက်တာ၌လည်းကောင်း၊ အနာဂတ်၌လည်းကောင်း ဆောင်ယူလာပေးပါသည်။

ဤကျမ်းချက်၏ ရှေ့၌တဆက်တည်းရှိနေသော ကျမ်းစကားအဆက်အစပ်တွင် သခင်ယေရှုခရစ်သည် ယဇ်ပုရောဟိတ်မင်းအရိုက်အရာကို မိမိ၏နာခံခြင်းအားဖြင့် ရရှိခဲ့ကြောင်း စာဖတ်သူတို့ကို ပြောပြထားသည်။ (၄:၁၅၊ ၅:၇–၈) ထိုအရာသည် သခင်ယေရှုခရစ်ကို အခြားနာခံမှုရှိသောသူများအား ကယ်တင်ခြင်းကျေးဇူးကို "ပြုသောသူ" (*aitios,* ဖြစ်စေသောအကြောင်း၊ အရင်းအမြစ်) ဖြစ်ရန်လည်း အရည်အချင်းပြည့်မီစေခဲ့ပါသည်။ အလားတူပင်၊ ခရစ်ယာန်များသည်လည်း မိမိတို့၏ကောင်းကြီးမင်္ဂလာများကို နာခံခြင်းအားဖြင့် ရရှိကြပါသည်။ ဤနေရာ၌တွေ့ရသော ကယ်တင်ခြင်းသည် ဖြောင့်မတ်ရာသို့ရောက်ခြင်း မဟုတ်ပါ။ (ဟေဗြဲဩဝါဒစာရှိ အခြားအသုံးပြုထားပုံများတွင်လည်း ၄င်းကိုဖြောင့်မတ်ရာသို့ ရောက်ခြင်းအဓိပ္ပါယ်မျိုးဖြင့် ရှင်းရှင်းလင်းလင်းအသုံးပြုမထားပါ။ ၁:၁၄၊ ၂:၃၊ ၁၀၊ ၆:၉၊ ၉:၂၈၊ ၁၁:၇) နိဂုံးတော်၏ကောင်းကြီးမင်္ဂလာများ၌ရှင်သန်ခြင်းဟူသော သူတို့၏အနာဂတ်တွင် တွေ့ကြုံခံစားရမည့်အရာဆီသို့ မျှော်ကြည့်နေခြင်းဖြစ်သည်။ သခင်ခရစ်တော်ကို အစကဦး၌ ယုံကြည်ခြင်းဟူသော နာခံခြင်းလုပ်ရပ်သည် ပထမအကြိမ်နာခံခြင်းလုပ်ရပ်ဖြစ်ပြီး၊ ၄င်းသည် အပြစ်သားများကို သခင်ခရစ်တော်၏ ယဇ်ပရောဟိတ်နှင့်ဆိုင်သော ယဇ်ပူဇော်ခြင်းနှင့် အမှုတော်၏အကျိုးကျေးဇူးများအောက်၌ သွတ်သွင်းထားရှိသည်။ သို့သော်၊ ယုံကြည်သူများသည် မပြတ်သောနာခံခြင်းအားဖြင့် သခင်ခရစ်တော်၏ ယဇ်ပရောဟိတ်မင်းကြီးနှင့်ဆိုင်သော အမှုတော်မြတ်၏အကျိုးကျေးဇူးများကို ရယူအသုံးပြုကြရသည်။ ၄င်းသည် (အပယ်ငရဲမှကယ်တင်ခံရခြင်းကဲ့သို့ မဟုတ်) လက်လွတ်ဆုံးရှုံးရန် ဖြစ်နိုင်သောအခွင့်ထူးတစ်ရပ်ဖြစ်သည်။

ဤကယ်တင်ခြင်းသည် အပယ်ငရဲမှကယ်တင်ခြင်းမဟုတ်ကြောင်းမှာ "နာခံသည်"ဟူသော စကားလုံးအား အတိတ်ကာလပြသဏ္ဌာန် "နာခံခဲ့သည်" ဟုအသုံးမပြုထားဘဲ၊ ပစ္စုပ္ပန်ကာလပြသဏ္ဌာန် "နာခံသည်"ဟု အသုံးပြုထားပုံမှလည်း ထင်ရှားနေပါသည်။ လူတစ်ယောက်ကို အပယ်ငရဲမှကယ်တင်ပေးသောအရာမှာ မပြတ်သောနာခံခြင်းမဟုတ်။ သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းဟူသော အစကနဦးမှနာခံခြင်းသာဖြစ်သည်။ တစ်ဖန် ဟေဗြဲဩဝါဒစာဌိတွေ့ရသော ကယ်တင်ခြင်း၏အယူအဆတွင် အပယ်ငရဲမှအပြီးသတ် နောက်ဆုံးကယ်နှုတ်ခြင်းဟူသော ထင်ရှားသည့် အဓိပ္ပါယ်ကိုသာ ဆောင်ထားသည်မဟုတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်၌ကယ်နှုတ်ခြင်း အဓိပ္ပါယ်ကိုလည်း ဆောင်ထားပါသည်။ (၁း၁၄၊ ၉း၂၈) မပြတ်သော နာခံခြင်းသည် ယုံကြည်သူများ၏ ငြိမ်ဝပ်ချမ်းသာထဲဝင်ရခြင်းနှင့် ဆက်စပ်နေသည့် ကယ်တင်ခြင်း၏ ပစ္စုပ္ပန်သွင်ပြင်လက္ခဏာကို ပျော်မွေ့ခံစားရန် ခရစ်ယာန်များကို ခွင့်ပြုပေးပါသည်။ (၄း၁၊၃၊၆၊၉–၁၁) ထို့အပြင်၊ သခင်ခရစ်တော်၏ယဇ်ပရောဟိတ်နှင့်ဆိုင်သော အမှုတော်၏အကျိုးကျေးဇူးများကိုလည်း ပျော်မွေ့ခံစားရန်ခွင့်ပြုပေးပါသည်။ (၄း၁၄–၁၆၊ အခန်းကြီး ၇–၁၀) အလားတူပင် နိုင်ငံတော်၌တစ်စုံတစ်ရာကို အမွေခံရခြင်းဟူသော ကယ်တင်ခြင်း၏ အနာဂတ်လက္ခဏာသွင်ပြင်ကိုလည်း ပျော်မွေ့ခံစားရန်ခွင့်ပြုပေးပါသည်။ ဤစာစောင်၏အဓိက ငြင်းခုံတိုက်တွန်းထားချက်မှာ ခရစ်ယာန်များကို ရွှေ့လျော့ဖောက်ပြန်ခြင်းမှဆီးတား၍ သခင်ခရစ်တော်၏အမှုတော်ရှိ အကျိုးကျေးဇူးအပြည့်အဝကိုခံစားရန် ထိန်းသိမ်းပေးခြင်းဖြစ်သောကြောင့် ကယ်တင်ခြင်းအတွက် နာခံမှုရှိခြင်းကို **ခ**သမ္မာတရားအဓိပ္ပါယ်ဖြင့် ယုံကြည်သူများအတွက် အသုံးပြုထားပါသည်။

ခရစ်ယာန်များဖြစ်ကြသည့် ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ ယခုမျက်မှောက်ယဇ်ပရောဟိတ်အမှုတော်က အပြစ်တရားမှရွေးနှုတ်ကယ်တင်ခြင်း၏ အကျိုးကျေးဇူးများအားလုံးကိုလည်းကောင်း၊ ဘုရားသခင်ထံသို့တိုးဝင်ချဉ်းကပ်ရန် စိတ်ချယုံကြည်မှုကိုလည်းကောင်း၊ နာခံခြင်းနှင့်အတူ အသက်ရှင်လျှင်နိုင်ငံတော်၌ အမွေခံရခြင်းကိုလည်းကောင်း၊ ထောက်ပံ့ပြင်ဆင်ပေးသည်ဟူသောအချက်တွင် ငြိမ်ဝပ်လျက်ခိုနားသင့်သည်။

ရွှေ့လျော့ဖောက်ပြန်လျှင် (If they fall away) ဟေဗြဲ ၆း၁–၁၀

> ၁–၂ *ထို့ကြောင့်၊ သေခြင်းနှင့်စပ်ဆိုင်သော အကျင့်ကိုနောင်တရခြင်း၊ ဘုရားသခင်ကိုယုံကြည်ခြင်း၊ ဗတ္တိဇံတရားကိုသွန်သင်ခြင်း၊ လက်ကိုတင်ခြင်း၊ သေလွန်သောသူတို့၏ထမြောက်ခြင်း၊ ထာဝရ စီရင်ဆုံးဖြတ်ခြင်းတည်းဟူသော မူလအခြေခံကို ငါတို့သည်ပြန်၍ မတည်ဘဲ၊ ခရစ်တော်၏*

ဘာသာ၌အစအဦးဖြစ်သောအကြောင်း အရာတို့ကိုထား၍ စုံလင်သော အဖြစ်သို့တက်ကြကုန်အံ့။ ၂ *ဘုရားသခင်အခွင့်ပေးတော်မူလျှင်၊ ငါတို့သည် ထိုသို့ပြုကြမည်။* ၄ *အလင်းသို့တခါရောက်၍ ကောင်းကင်ဆုကျေးဇူးကိုမြည်းစမ်းခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူခြင်း။* ၅ *ဘုရားသခင်၏ကောင်းမြတ်သောတရားစကားကိုငင်း၊ နောင်ကပ်ကာလ၏ တန်ခိုးများကိုငင်း၊ မြည်းစမ်းခြင်းရှိပြီးမှ၊* ၆ *ရွေ့လျော့ဖောက်ပြန်သောသူတို့သည် မိမိတို့တွင်ဘုရားသခင်၏သားတော်ကိုလက်ဝါးကပ် တိုင်မှာကွပ်မျက်၍အသရေတော်ကိုရှုတ်ချသောသူဖြစ်သောကြောင့်၊ နောက်တဖန်နောင်တရအံ့သောငှါ အသစ်ပြုပြင်ခြင်းသို့ မရောက်နိုင်ကြ။* ၇ *ဥပမာကား၊ အကြင်မြေသည် မိမိအပေါ်သို့ အဖန်ဖန်ကျသော မိုးရေကိုသောက်၍၊ လုပ်သောသူသုံးဘို့ ဟင်းသီးဟင်းရွက်ကိုဖြစ်စေ တတ်၏။ ထိုမြေသည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကိုခံတတ်၏။* ၈ *အကြင်မြေသည်ဆူးပင် အမျိုးမျိုးကို ဖြစ်စေတတ်၏။ ထိုမြေသည် ပြုစုခြင်းကို မခံထိုက်။ ကျိန်ခြင်းကိုခံရသော အချိန်နီးသည်ဖြစ်၍ နောက်ဆုံး၌မီးရှို့ခြင်း သို့ ရောက်တတ်၏။* ၉ *ထိုသို့ပြောသော်လည်း၊ ချစ်သူတို့၊ သင်တို့သည် ကယ်တင်ခြင်းနှင့်ယှဉ်သောအရာ၊ သာ၍ကောင်းသောအရာတို့နှင့် ဆိုင်သည်ကို၊ ငါတို့သည်သဘောကျလျက်ရှိကြ၏။* ၁၀ *အကြောင်းမူကား၊ သင်တို့သည် သန့်ရှင်းသူတို့ကို အထက်ကလုပ်ကျွေးသည် သာမက၊ ယခုပင်လုပ်ကျွေးခြင်းအမှုကိုငင်း၊ ထိုသို့ပြုသောအားဖြင့် နာမတော်ကိုထောက်၍ပြသောမေတ္တာကိုငင်း၊ ဘုရားသခင်သည် မေ့လျော့သည်တိုင်အောင် အဓမ္မအမှုကို ပြုတော်မူသည် မဟုတ်။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ခရစ်ယာန်ယုံကြည်ခြင်းကို စွန့်ခွါကျောခိုင်းသွားသူများသည် မိမိတို့၏ကယ်တင်ခြင်းကို ဆုံးရှုံးကြရသည် (သို့) ကယ်တင်ခြင်းအမှန်တကယ်မရရှိခဲ့ကြကြောင်းကို သက်သေပြ၍အပယ်ငရဲသို့သွားကြရမည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ခရစ်ယာန်ယုံကြည်ခြင်းကိုစွန့်ခွာကျောခိုင်းသွားသူများသည် ဘုရားသခင်၏ရှေ့တော်တွင် တောင်းပန်လျောက်လဲချက်မရှိဖြစ်ကာ၊ ပြင်းထန်စွာဆုံးမကြပ်မတ်ခြင်းကိုခံကြရပါလိမ့်မည်။

သတိပေးချက်ကျမ်းပိုဒ်များ၌ လိပ်မူပြောဆိုခံရသောသူများသည် ယုံကြည်သူများဖြစ်ကြကြောင်းကို ကျွန်ုပ်တို့အခိုင်အမာတင်ပြခဲ့ပြီးဖြစ်သည်။ အနီးစပ်ဆုံးကျမ်းစကားအဆက်အစပ်၌ ဤစာဖတ်သူများအကြောင်း သရုပ်ဖော်ရေးသားချက်က ဤကောက်ချက်ချမှုကို တောင်းဆိုနေပါသည်။ (ငယ် ၄–၅) အချို့က ဤကျမ်းချက်၏

က သမ္မာတရား အနက်ဖွင့်ဘာသာပြန်ဆိုချက်အတွက် ငြင်းခုံခဲ့ကြပါသော်လည်း၊ ၄င်းတို့၏ငြင်းခုံချက်များမှာ အမျိုးမျိုး ကွဲပြားနေကြပါသည်။ ပထမအနေဖြင့်၊ ယုံကြည်ချက်ကို စွန့်လွှတ်သောသူများ ကယ်တင်ခြင်းလုံးလုံးမရရှိခဲ့ကြကြောင်းကို ရွှေ့လျော့ဖောက်ပြန်ခြင်းကသက်သေပြသည်ဟု အခိုင်အမာဆို ထားကြသည်။ သို့သော်၊ ဤအချက်သည် ဖိ၄–၅ ရှိ သရုပ်ဖော် ရေးသားချက်အရ ခိုင်လုံမှုမရှိသောအရာဖြစ်သည်။ အခြားသူများကလည်း ဤကျမ်းချက်သည် မိမိတို့၏ကယ်တင်ခြင်းကို ဆုံးရှုံးရသော ယုံကြည်သူများအကြောင်းကို ပြောထားသည်ဟုဆိုကြသည်။ ယုံကြည်သူများသည် မိမိတို့၏ကယ်တင်ခြင်းကို မဆုံးရှုံးနိုင်ပါ။ သို့သော်၊ ဤနေရာ၌ကယ်တင်ခြင်းဆုံးရှုံးနိုင်ပါသည်ဟု သွန်သင်ပေးနေလျှင် အခန်းငယ် ၄ နှင့် ၆ ကလည်း ထိုသူတို့သည် ကယ်တင်ခြင်းသို့ တစ်ဖန်လုံးလုံးမရောက်နိုင်ကြကြောင်းကို သင်ပေးနေရပါလိမ့်မည်။ လူအချို့က အခိုင်အမာပြောဆိုနေကြသည့်အတိုင်း ကျမ်းပြုဆရာသည် ယုံကြည်သူများအနေဖြင့် ယုံကြည်ချက်မှ ရွှေ့လျော့ဖောက်ပြန်နိုင်ချေရှိမှုအကြောင်းကို မှန်းဆ၍ပြောဆိုနေခြင်းလည်း မဟုတ်ပါ။ အခန်းငယ် ၆ ရှိ အခြေအနေပေါ်မူတည်သည့် ခြွင်းချက်သဘောဆောင်သော ပြောဆိုချက်သည် မူရင်းဘာသာစကားတွင် မှန်းဆချက်အဖြစ်နှင့် ရေးဖွဲ့တင်ပြမထားပါ။ ရွှေ့လျော့ဖောက်ပြန်ခြင်းအတွက် အလားတူစကားလုံးကို ၄း၁၁ တွင်လည်းတွေ့ရပြီး၊ ၄င်းသည် ကာဒေရှာဗာနာရွာ၌ ဖြစ်ပျက်ခဲ့သည့် သခင်ဘုရားကို ဆန့်ကျင်ပုန်ကန်ခြင်း၏ ပုံဥပမာကို ရည်ညွှန်းထားပါသည်။ (နှိုင်းယှဉ် ၃း၁၂၊ တောလည်ရာ ၁၄) ဤအရာနှစ်ခုကို ရည်ရွယ်ချက်ရှိရှိ နှိုင်းယှဉ်ထားသည်မှာ သေချာပါသည်။

ဤသတိပေးချက်အားဖြင့် ကျမ်းပြုဆရာအလေးထားနေသောအရာမှာ စာဖတ်သူတို့၏ဝိညာဉ်ရေးရာ၌ ကြီးထွားခြင်းအကြောင်းဖြစ်ပြီး၊ ဤအရာကိုသတိပေးချက်အားကွင်းခတ် ထားသည့်ကျမ်းချက်များတွင် လိပ်မူပြောဆိုထားပါသည်။ (၅း၁၂–၁၄၊ ၆း၁၁–၁၂) စာဖတ် သူတို့သည် သခင်ခရစ်တော်အပေါ်၌ထားရှိသော မိမိတို့၏ယုံကြည်ချက်မှ ရွှေ့လျော့ဖောက်ပြန်ကြလျှင်၊ ၄င်းတို့သည် ရင့်ကျက်ခြင်းဆီသို့တက်လှမ်းနိုင်ကြမည်မဟုတ်ပါ (သို့) ယခုမျက်မှောက်၌ လည်းကောင်း၊ အနာဂတ်၌လည်းကောင်း ကတိတော်ထားရာငြိမ်းဝပ်ချမ်းသာနှင့် ကောင်းကြီးမင်္ဂလာများကို အမွေခံကြရမည်မဟုတ်ပါ။ ထို့အပြင်၊ ၄င်းတို့သည် မောရှေစီရင်သော ပညတ်တရားဆီသို့ ပြန်သွားခြင်းဖြင့် သခင်ခရစ်တော်ထံမှ ရွှေ့လျော့ဖောက်ပြန်ကြလျှင် သခင်ဘုရားရှေ့တော်၌ အယူခံဝင်စရာမရှိတော့ပါ။ ၄င်းတို့သည် မောရှေစီရင်သောစနစ်၏ “သေခြင်းနှင့်ဆိုင်သောအကျင့်” ကို နောင်တရခဲ့ကြပြီးဖြစ်၍ (ဖိ၁၊ နှိုင်းယှဉ် ဧး၁၄) ထိုအရာကို တစ်ဖန်မကျင့်ကြံနိုင်ကြပါ။ အကြောင်းမှာ ၄င်းတို့သည် ယခုတွင်သာ၍ ကောင်းသောအရာကို သိရှိထားကြသောကြောင့်ဖြစ်သည်။ လွန်ခဲ့သောအတိတ်တစ်ချိန်တွင် ၄င်းတို့သည် ယုဒဘာသာ ယဇ်ပူဇော်ခြင်းများကို ငြင်းပယ်ခဲ့ကြပြီး၊ သခင်ယေရှုခရစ်၏ ထာဝရယဇ်ပူဇော်ခံခြင်းကို ယုံကြည်

လက်ခံခဲ့ကြသည်။ ယုဒဘာသာဆီသို့ပြန်သွား၍ ထိုဘာသာနှင့်ကိုယ်ရင့်တတူပြုခြင်းသည် သခင်ခရစ်တော်ယဇ်ပူဇော်ခံခြင်း၏အကျိုးကျေးဇူးများကို လူသိရှင်ကြား ငြင်းပယ်ခြင်းဖြစ်ပြီး၊ သခင်ခရစ်တော်အသေခံဖို့ ထိုက်တန်ကြောင်းကို အတိအလင်းသဘောတူကြောင်းပြသခြင်းလည်းဖြစ်သည်။ ထို့ကြောင့်၊ ဖိ၊၆ ရှိထုတ်ဖော်ပြောဆိုချက်တွင် မိမိတို့အတွက် ဘုရားသခင်၏သားတော်ကို လက်ဝါးကပ်တိုင်မှာကွပ်မျက်၍ အသေရေကိုရွှတ်ချကြ၏ဟု ဆိုထားသည်။ ထိုသို့သောစိတ်သဘောထားနှင့် ရှိနေကြသောကြောင့် ၄င်းတို့ကိုနောင်တတရားဆီသို့ ပြန်လည်ဆောင်ယူရန်မဖြစ်နိုင်ပါ။ ယုံကြည်သူများဖြစ်ကြသည့် ဤစာဖတ်သူတို့သည် ရှေ့သို့အားသွန်ခွန်စိုက်ပြေးခြင်းကိုမပြုဘဲ၊ သခင်ခရစ်တော်၏ယဇ်ပူဇော်ခံခြင်းက ထောက်ပံ့ပေးသောအရာကိုငြင်းပယ်၍ သခင်ခရစ်တော်ကို ဝန်ခံခြင်းနှင့် သခင်ခရစ်တော်၌ ကြီးထွားခြင်း၏အကျိုးကျေးဇူးများကို လက်လွှတ်အရှုံးခံရန် ပဓာနကျသောဆုံးဖြတ်ချက်ကို ချမှတ်ခဲ့နိုင်ကြပါသည်။ ထိုသို့ပြုလုပ်လျှင်၊ ၄င်းတို့အနေဖြင့် မသိနားမလည်၍ပြုမိသည်ဟုဆိုကာ အစမှပြန်မစနိုင်ကြပါ။ တစ်ဖန်၊ ဤအချက်သည် ၃း၁၇–၁၉ ၌ဖော်ပြထားသည့် ကာဒေရှာဗာနာရွာမှ အချက်အချာကျသောအဖြစ်အပျက်ကိုသွယ်ဝိုက်၍ ရည်ညွှန်းပြောဆိုနေပါသည်။ ထိုအရပ်တွင် နောက်ပြန်လှည့်ရန်ဆုံးဖြတ်ခဲ့ကြသော ဣသရေလမျိုးများသည် ကတိတော်ထားရာပြည်သို့ ဝင်ရောက်ရန်ကြိုးစားခဲ့ကြသော်လည်း ဝင်ရောက်ခွင့်မရခဲ့ကြပါ။ (နှိုင်းယှဉ်၊ တောလည်ရာ ၁၄)။ နောက်ပိုင်းတွင် စာရေးသူသည် **"**မျက်ရည်ကျ၍ ကောင်းကြီးမင်္ဂလာကို အလွန်ရှာသော်လည်း**"** နောက်ထပ်အခွင့်အရေးကိုမရှိခဲ့သည့် ဧသောကို ပုံဥပမာတစ်ခုအဖြစ် အသုံးပြုထားပါသည်။ (၁၂း၁၅–၁၇)

ရွှေ့လျော့ဖောက်ပြန်ခြင်းအတွက် အကျိုးဆက်မှာ ဖိ၊၇–၈၌ ဖော်ပြထားသည့် အပျက်သဘောဆောင်သည့် တရားစီရင်ခြင်းဖြစ်သည်။ အားသွန်ခွန်စိုက်လုပ်ဆောင်ရန် အခွင့်အရေးကို ဘုရားသခင်ကသာ ဖြတ်တောက်လိုက်လျှင် (ဖိ၊၃)၊ ယုံကြည်သူသည် ပြင်းထန်သောအကျိုးဆက်များကို ခံစားရပါလိမ့်မည်။ နောက်သို့လှည့်ပြန်သွားသော ယုံကြည်သူသည် နေပူဒဏ်ကြောင့် ခြောက်သွေ့နေသောမြေကြီးနှင့်တူသည်။ မီးစာပန်းချီသည် ဤအခြေအနေကို အပယ်ငရဲအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုရန် ဖြစ်စေခဲ့သော်လည်း၊ မီးကိုဘုရားသခင်က မိမိ၏ လူမျိုးတို့အားတရားစီရင်ခြင်းကို ပုံဖော်ပြသရန် မကြာခဏအသုံးပြုကြောင်းကို ကျွန်ုပ်တို့ ပြသခဲ့ပြီးဖြစ်သည်။ ယုံကြည်သူကို အသုံးဝင်သောအသီး (သို့) အသုံးမဝင်သောဆူးပင်များကို သီးပွင့်ပေးနိုင်သည့် မြေကြီးနှင့်ခိုင်းနှိုင်းထားသည်။ အသုံးမဝင်သော ဆူးများကိုသီးပွင့်စေခဲ့လျှင် မြေကြီးသည် ၄င်း၏အသုံးမဝင်မှုကြောင့် ငြင်းပယ်ခြင်းခံရပါသည်။ (ပြုစုခြင်းကိုမခံထိုက်) (NKJV တွင် ဤအတိုင်းဆိုထားပါသော်လည်း *adokimos* ကို *ရှေ့ရှုည်မခံသောကြောင့် အရှည်အသွေး မပြည့်မီ၊ အသုံးမဝင်*ဟု ပို၍သင့်တော်ကောင်းမွန်စွာဘာသာ ပြန်ဆိုနိုင်ပါသည်)။

ထိုမြေသည် "ကျိန်ခြင်းကိုခံရသောအချိန်နှင့်နီးသည်ဖြစ်" သော်လည်းကျိန်ခြင်းကို အမှန်တကယ်မခံရသေးပါ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆိုင်သည့်မြင်တွေ့နေကျ အလေ့အထအရ အသုံးမဝင်သောဆူးပင်များကိုဖြစ်စေသောမြေသည် အနာဂတ်တွင် အသီးအနှံဖြစ်ထွန်းသော မြေဖြစ်လာဖို့ ထိုဆူးပင်များကိုမီးရှို့ရပါသည်။ မူရင်းဘာသာစကားအသုံးအနှုန်းတွင် မြေတစ်မျိုးသာရှိသည်။ နှစ်မျိုးမဟုတ်ပါ။ ထိုမြေ (ယုံကြည်သူ) သည် မီးရှို့မခံရပါ။ (ယုံကြည်သူများကဖြစ်စေသည့်) ဆူးပင်များသာမီးရှို့ ခံရသည့်အချက်ကို သတိပြုမှတ်သားရန်အရေးကြီးသည်။

ဤ **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ယနေ့ခေတ်ကာလမှ ယုံကြည်သူများအတွက် ကောင်းမွန်သော တိုက်တွန်းနှိုးဆော်ချက်နှင့် သတိပေးချက်များကိုပေးကမ်းပါသည်။ ကျွန်ုပ်တို့ခရစ်ယာန်ယုံကြည်ချက်တွင် ရှေ့သို့ အားသွန်ခွန်စိုက်သွားရန် ဘုရားသခင်က ကျွန်ုပ်တို့ကို အလိုရှိပါသည်။ ကျွန်ုပ်တို့၏ထာဝရကယ်တင်ခြင်းမှာ လုံခြုံစိတ်ချစွာရှိနေပြီဖြစ်သော်လည်း၊ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ တမင်လှည့်ပြန်၍ ရင့်ကျက်ခြင်းဆီသို့ တက်လှမ်းသွားခြင်းမရှိလျှင် ကျွန်ုပ်တို့အတွက် ပြင်းထန်သောအကျိုးဆက်များရှိနေပါသည်။ ကျွန်ုပ်တို့ပြုလုပ်နိုင်သည့် တိုးတက်မှုကို ကျွန်ုပ်တို့လက်လွတ်ဆုံးရှုံးရမည်သာမဟုတ်၊ အနာဂတ်၌ ပို၍အသုံးဝင်လာရန်ကျွန်ုပ်တို့ကိုဖန်ဆီးဖို့ ရည်ရွယ်ထားသည့် ဘုရားသခင်၏မီးကဲ့သို့သော ပြင်းပြင်းထန်ထန်ဒဏ်ခတ်ဆုံးမခြင်းကို ရင်ဆိုင်ကြရပါလိမ့်မည်။

ကိုယ်အလိုသို့လိုက်၍ပြစ်မှားသောအပြစ် (The willful sin) ဟေဗြဲ ၁၀း၂၆–၃၁

> ၂၆ *အကြောင်းမူကား၊ သမ္မာတရားကိုသိပြီးမှ ကိုယ်အလိုသို့လိုက်၍ ပြစ်မှားပြန်လျှင်၊ နောင်တဖန်အပြစ်ဖြေသော ယဇ်ကိုပူဇော်ရာ အခွင့်မရှိဘဲ၊* ၂၇ *ဒဏ်စီရင်ခြင်းခံရမည်ဟုကြောက်မက်ဘွယ်သော မြော်လင့်ရသော အကြောင်း၊ ငြင်းဆန်သောသူတို့ကိုဖျက်ဆီးဘို့ ရာအမျက်တော်မီး လောင်ခြင်းကို ခံရသောအကြောင်းရှိ၏။* ၂၈ *မောရှေ၏တရားကိုပယ်သော သူမည်သည်ကား၊ သက်သေခံနှစ်ဦးသုံးဦးရှိလျှင်၊ သနားခြင်းကိုမခံရဘဲ သေရ၏။* ၂၉ *ထိုမျှမက၊ ဘုရားသခင်၏သားတော်ကို ခြေဖြင့်ကျော်နင်းလျက်၊ မိမိကို စင်ကြယ်စေသောပဋိညာဉ်တရား၏အသွေးကို အပြစ်တင်လျက်၊ ဆုကျေးဇူးကိုပေးသော ဝိညာဉ်တော်ကို မထီမဲ့မြင်ပြုလျက်ရှိသောသူသည်၊ အဘယ်မျှလောက် ကြီးစွာသောဒဏ်ဖြင့် ခံထိုက်သည်ကို သင်တို့ထင်ကြသနည်း။* ၃၀ *ငါသည် အပြစ်တရားကိုစီရင်ပိုင်၏။အပြစ်နှင့်အလျောက်ငါဆပ်ပေးမည်ဟူ၍ငှင်း၊ ထာဝရဘုရားသည် မိမိလူတို့အဘို့ တရားစီရင်မည်ဟူ၍ငှင်း မိန့်တော်မူသောသူကို ငါတို့သည် အမှန်သိကြ၏။* ၃၁ *အသက်ရှင်တော်မူသောဘုရား*

သခင်၏လက်တော်သို့ကျရောက်ခြင်းအမှုသည် ကြောက်မက်ဘွယ်သော အမှုဖြစ်သတည်း။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကိုယ်အလိုသို့လိုက်၍ အပြစ်ကျူးလွန်သောသူများသည် အပြစ်လွှတ်ခြင်းကို မရနိုင်၍ မိမိတို့၏ကယ်တင်ခြင်းကိုဆုံးရှုံးရပါသည် (သို့) မိမိတို့ကယ်တင်ခြင်းမရှိခဲ့ကြောင်းကို သက်သေပြခြင်းဖြစ်၍ အပယ်ငရဲတွင် ဝေဒနာခံစားရပါလိမ့်မည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ခရစ်ယာန်ယုံကြည်ချက်ကို စွန့်ခွာသွားခြင်းဖြင့် ကိုယ်အလိုသို့လိုက်၍ အပြစ်ကျူးလွန်သောသူများသည် ဘုရားသခင်၏ပြင်းထန်စွာဒဏ်ခတ် ဆုံးမခြင်းကို ခံကြရပါလိမ့်မည်။

အနီးစပ်ဆုံးကျမ်းစကားအဆက်အစပ်က ကျွန်ုပ်တို့ကို တစ်ဖန်အသိပေးထားသည်မှာ ဤသတိပေးချက်မှာ ခရစ်ယာန်များအား ရေးသားပေးပို့ထားခြင်းဖြစ်သည်ဟူသောအချက်ဖြစ်သည်။ ထိုခရစ်ယာန်များတွင် ကျမ်းပြုဆရာက မိမိကိုယ်ကိုအခန်းငယ် ၂၆ တွင်ပါဝင်ထည့်သွင်းထားသည်။ ဤကျမ်းချက်ကို **ခ** သမ္မာတရားအဖြစ် အနက်ဖွင့်သာသာ ပြန်ဆိုရန်မှာရှောင်လွှဲ၍မရနိုင်သောအရာဖြစ်သည်။ ဤစာဖတ်သူတို့သည် "သမ္မာတရားကိုသိပြီး" ခဲ့ကြပြီး (ငယ် ၂၆)၊ သန့်ရှင်းရာသို့ရောက်ခဲ့ကြကာ (ငယ် ၂၉)၊ ဘုရားသခင်ကိုသိကျွမ်း၍ "ဘုရားသခင်လူတို့" ဖြစ်ကြပါသည် (ငယ် ၃၀)။ ထို့အပြင်၊ ၄င်းတို့သည် 'အလင်းသို့ရောက်ခဲ့ကြပြီ' (ငယ် ၃၂)၊ ကောင်းကင်ဘုံ၌ "အမြဲတည်သောဘဏ္ဍာ"ကိုရှိထားသောသူများဖြစ်ကြသည်။ (ငယ် ၃၄)

ကိုယ်အလိုသို့လိုက်၍ပြုသောအပြစ်နှင့် ၄င်း၏အကျိုးဆက်များမှာ အဘယ်နည်း။ တစ်ကြိမ်ကယ်တင်ခြင်းခံရသောသူသည် မိမိ၏ကယ်တင်ခြင်းကို မဆုံးရှုံးနိုင်ကြောင်းကို သမ္မာကျမ်းစာက တညီတညွတ်တည်း သွန်သင်ပေးထားသောကြောင့် ကယ်တင်ခြင်းဆုံးရှုံးခြင်းကို ဤနေရာတွင် စိတ်ကူးရည်ရွယ်ထားခြင်းမဖြစ်နိုင်ပါ။ ထို့အပြင်၊ အပြစ်ဒုစရိုက်အများစုသည် တမင်ရည်ရွယ်၍ ပြုလုပ်သောအရာများဖြစ်ကြသည် (သို့) အတိုင်းအတာတစ်ခုအထိ ကိုယ်အလိုသို့လိုက်၍ပြုသောအပြစ်များ ဖြစ်ကြသည်။ သို့သော်၊ တမင်ရည်ရွယ်၍ပြုလုပ်ခြင်း မဟုတ်သောအပြစ်အချို့ကိုလည်း သမ္မာကျမ်းစာက အသိအမှတ်ပြုထားပါသည်။ (တောလည်ရာ ၁၅း၂၂–၂၉) လူတစ်ယောက်ကို ဆုတောင်းပေးပါမည်ဟု ကတိပေးထားသည့်အတိုင်း ဆုမတောင်းပေးခြင်းသည် တမင်ရည်ရွယ်၍ လုပ်ဆောင်ခြင်းမဟုတ်သောအပြစ်မျိုး ဖြစ်နိုင်ပါသည်။ သို့သော်၊ အဖြစ်အပျက်အများစုတွင် အပြစ်လုပ်သူက မိမိအပြစ်ကျူးလွန်နေကြောင်းကို သိရှိနေပါသည်။

အချို့က ကိုယ်အလိုသို့လိုက်၍ပြုသောအပြစ်ကို အဆက်မပြတ်ကျူးလွန်သော

အပြစ်အဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုကြသည်။ (ဥပမာ၊ NIV ကျမ်းတွင် "ငါတို့သည် တမင်တကာဆက်၍အပြစ်ကျူးလွန်နေကြလျှင်"ဟုပြန်ဆိုထားသည်)။ သို့သော်၊ ဤအဓိပ္ပါယ်ပြန်ဆိုချက်သည် "ပြစ်မှားသည်" အတွက်အသုံးပြုထားသည့် ပစ္စုပ္ပန်ကာလပြကြိယာနာမဝိသေသန (present participle) ကို လွန်ကဲစွာ မှန်းဆအဓိပ္ပါယ်ကောင်နေခြင်းဖြစ်သည်။ ဟေဗြဲဩဂဒစာရေးသားပြုစုသူ၏စိတ်ထဲတွင် သတ်သတ်မှတ်မှတ်ရှိသော အပြစ်ဒုစရိုက်တစ်ခုကိုရှိထားပြီး၊ ၄င်းအပြစ်ဒုစရိုက်သည် ကျမ်းစကားအဆက်အစပ်နှင့် ကျွန်ုပ်တို့တိုင်ပင်ဆွေးနွေး၍ ကနဦးမှကျမ်းချက်များကို သတိရလာကြသည်နှင့်အမျှ ထင်ရှားလာပါသည်။ ကျမ်းပြုဆရာသည် မိမိ၏စာဖတ်သူတို့အား ၄င်းတို့၏ဝန်ခံချက်ကို မြဲမြံစွာဆုပ်ကိုင်ရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး (၃း၆၊၄း၁၄)၊ ၄င်းတို့၏ယုံကြည်ချက်တွင် အားသွန်ခွန်စိုက်ကြိုးစားအားထုတ်မှု မရှိခြင်း၏အန္တရာယ်ကို သတိပေးခဲ့ပါသည်။(၆း၁–၈) ကျမ်းပြုဆရာသည် ကိုယ်အလိုသို့လိုက်၍ပြုသော အပြစ်အကြောင်း ဤသတိပေးချက်မတိုင်မီရှိ ကျမ်းပိုဒ်များတွင် အထက်ပါစိုးရိမ်ပတ်သက်မှုကို အားဖြည့်ထားပါသည်။ (၁၀း၂၂–၂၅) စာဖတ်သူတို့သည် သခင်ခရစ်တော်ကို ယုံကြည်ကြောင်း မိမိတို့၏ဝန်ခံချက်အား စွန့်လွှတ်ကျောခိုင်း၍ မောရှေစီရင်သောပညတ်တရားနှင့် ၄င်း၏ယဇ်ပူဇော်ခြင်းများဆီသို့ ပြန်သွားလုနီးနီးဖြစ်နေကြပါသည်။

ဖိ၁–၈နှင့်အလားတူစွာပင်၊ ကိုယ်အလိုသို့လိုက်၍ပြုသောအပြစ်ဆိုသည်မှာ ယုဒဘာသာ၏ပြည့်စုံလုံလောက်မှုမရှိသော ယဇ်ပူဇော်ခြင်းများဆီသို့ ပြန်သွားရန်အတွက် သခင်ခရစ်တော်ယဇ်ပူဇော်ခံရခြင်း၏ပြည့်စုံလုံလောက်မှုရှိခြင်းအား ဝန်ခံခြင်းကို တမင်ရည်ရွယ်၍ စွန့်လွှတ်ခြင်းတစ်ခုသာ ဖြစ်ခဲ့ပါလိမ့်မည်။ "သခင်ခရစ်တော်သည် လူအများအပြစ်တို့ကိုခံခြင်း၄၊ တစ်ခါတည်းကိုယ်ကိုပူဇော်ပြီး"ကြောင်း (၉း၂၈)၊ "စင်ကြယ်သောသူတို့သည်ထာဝရစုံလင်ခြင်းအကျိုးကိုရစေခြင်း၄၊ တစ်ခါတည်း ပူဇော်ခြင်းအားဖြင့် ပြုတော်မူ"ကြောင်း (၁၀း၁၄)၊ ထိုသို့တစ်ကြိမ်အပြစ်လွှတ်ခံရလျှင် "နောက်တစ်ဖန်အပြစ်ဖြေသောပူဇော်သက္ကာကို ပြုစရာအကြောင်းမရှိ" ကြောင်း ကျမ်ပြုဆရာက ငြင်းခုံထားသည်။ (၁၀း၁၈) ပညတ်တရားသည် ၄င်းတို့ကို မည်သည့်အရာမျှ မပေးကမ်းနိုင်ပါ။ အကြောင်းမှာ ၄င်းသည် သခင်ယေရှု ခရစ်တော်၏နောက်ဆုံး ယဇ်ပူဇော်ခံခြင်းကို မျှော်လင့် စောင့်စားနေသောကြောင့်ဖြစ်သည်။ (၁၀း၁–၁၀) ၄င်းတို့သည် ပညတ်တရားဆီကို ပြန်လှည့်သွားခဲ့လျှင် သခင်ခရစ်တော်၏ပကတိပြည့်စုံ၍ အစဉ်ထာဝရတည်သော ယဇ်ပူဇော်ခံခြင်းသည် လေးနက်ပြင်းထန်ပြီး ကိုယ်အလိုသို့လိုက်၍ပြုသော ဤအပြစ်ကိုပင် ကယ်တင်ခြင်းနှင့်စပ်ဆိုင်၍ ဖုံးအုပ်လွှမ်းခြုံ ပေးရန်ပြည့်စုံလုံလောက်မှုရှိခဲ့မည် ဖြစ်သော်လည်း၊ ၄င်းတို့သည် ကယ်တင်ခြင်းနှင့်မစပ်ဆိုင်သော ပြင်းထန်သည့်တရား စီရင်ခြင်းကို မူရင်ဆိုင်ကြရပါလိမ့်မည်။ ကျမ်းပြုဆရာသည် ရောက်လုနီးနေသည့် "ကာလအချိန်"ကို ဖော်ပြပြောဆိုခြင်းဖြင့် (၎ယ် ၂၅)၊ ရှင်းလင်းချက်ပေးရမည့်အကြောင်းကို သွယ်ဝိုက်၍

ညွှန်းဆိုထားပါသည်။ ၄င်းသည် ကျွန်ုပ်တို့သိထားကြသည့်အတိုင်း ခမ္မသစ်ကျမ်း၏ နေရာများစွာ၌ သွန်သင်ပေးထားသည့် ခရစ်တော်၏တရားပလ္လင်ဖြစ်သည်။ (ဥပမာ၊ ရောမ ၁၄း၁၀–၁၂၊ ကော ၃း၁၁–၁၅၊ ၂ကော ၅း၁၀)။

ဤကျမ်းချက်ကို သဘောပေါက်နားလည်ရန်အတွက် နောက်ခံအကြောင်းအရာမှာ တောလည်ရာ ၁၅း၃၀–၃၁ ဖြစ်ဟန်အလွန်တူသည်။ ထိုကျမ်းချက်တွင် သတ်သတ်မှတ်မှတ်ရှိသောပြင်းထန်သည့် (သို့မဟုတ်) ရဲတင်းလွန်းသည့် အပြစ်အတွက် အပြစ်ဖြေရာယဇ်ပူဇော်ခြင်းကို ပြဋ္ဌာန်းထားခြင်းမရှိကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ထို့ကြောင့် ထိုအပြစ်များကို ပြစ်မှားကျူးလွန်သောသူများသည် ၄င်းတို့၏အမျိုးမှ “ပယ်ရှင်းခံရသည်” (ကွက်မျက်ခံရသည်)။ ကျမ်းပြုဆရာက ဟေဗြဲဩဝါဒစာ၏စာဖတ်သူတို့သည် ၄င်းတို့၏အပြစ်များအတွက် ပြည့်စုံလုံလောက်မှုရှိသည့် တစ်ခုတည်းသောယဇ်ပူဇော်ခြင်းကို စွန့်လွှတ်ကြလျှင်၊ ၄င်းတို့သည်လည်း ပြင်းထန်စွာအပြစ်စီရင်ခံရမည်ဖြစ်ကြောင်းကို ပြောပြနေပါသည်။ ယုဒဘာသာနှင့် ၄င်း၏ယဇ်ပူဇော်ခြင်းစနစ်ဆီသို့ ပြန်သွားခြင်းသည် သခင်ယေရှုခရစ်တော် ကားတိုင်တင်သတ်ခံရခြင်းကို အားပေးထောက်ခံခြင်း (သို့) ဘုရားသခင်၏သားတော်ကို ခြေဖဝါးအောက်၌နင်းထားခြင်းနှင့်လည်းကောင်း၊ ကိုယ်တော်ရှင်၏အသွေးတော်ကို ပဋိညာဉ်တရားကို သာမန်အရာအဖြစ် မှတ်ယူခြင်းနှင့်လည်းကောင်း၊ ဆုကျေးဇူးကိုပေးသော ဝိညာဉ်တော်ကိုမထီမဲ့မြင်ပြုခြင်းနှင့်လည်းကောင်း အတူတူသာဖြစ်သည်။ (၎ယ် ၂၉)

ကျမ်းပြုဆရာသည် ပြင်းထန်သော စကားလုံးအသုံးအနှုန်းများ “ဒဏ်စီရင်ခြင်းကိုခံရမည်ဟု ကြောက်မက်ဖွယ်သော မျှော်လင့်ရသောအကြောင်း၊ ငြင်းဆန်သောသူတို့ကို ဖျက်ဆီးဖို့ရာ အမျက်တော်မီးလောင်ခြင်းကိုခံရသောကြောင့်”ကို အသုံးပြုထားပြီး သေခြင်းထက်ပင် ပို၍ဆိုးဝါးသောဒဏ်ခတ်ခြင်း (၎ယ် ၃၀) အကြောင်းကို ပြောထားသောကြောင့် ကျမ်းပြုဆရာသည်စာဖတ်သူတို့ကို ထာဝရအပယ်ငရဲမီးဖြင့် ခြိမ်းခြောက်နေခြင်းဖြစ်သည်ဟု လူအများက ကောက်ချက်ချကြသည်ကို ကျွန်ုပ်တို့ တစ်ဖန်မြင်တွေ့ရပါသည်။ သို့သော်၊ စာဖတ်သူတို့သည် မိမိတို့၏ကယ်တင်ခြင်းကို မဆုံးရှုံးနိုင်သော ခရစ်ယာန်များဖြစ်နေကြခြင်းကတစ်ကြောင်း၊ ကျမ်းပြုဆရာသည် ခရစ်တော်၏တရားပလ္လင်ကို စိတ်ကူးရည်မှတ်ထားခြင်းကတစ်ကြောင်း အထက်ပါအချက်သည် မဖြစ်နိုင်ပါ။ တရားစီရင်းခြင်း၏သဘောသဘာဝကို အတိအကျဖော်ပြထားခြင်းမရှိပါ။ ၄င်း၏ပြင်းထန်မှုကိုသာ ဖော်ပြထားပါသည်။

ခရစ်တော်၏တရားပလ္လင်၌ဖြစ်နိုင်ချေရှိသည့် အပျက်သဘောဆောင်သောချင့်တွက်အကဲဖြတ်ခြင်းတစ်ခုမှာ ကောင်းသောအကျင့်ကို မကျင့်ခဲ့သောသူများအတွက် ကြောက်မက်ဖွယ်ကောင်းသော အလားအလာဖြစ်သည်။ (နှိုင်းယှဉ် ၂ ကော ၅း ၉–၁၁) “ငြင်းဆန်သောသူတို့ကို ဖျက်ဆီးမည့်အမျက်တော်မီးလောင်ခြင်း” (တိုက်ရိုက်အရှိ

အတိုင်းဆိုရလျှင် “မီးကဲ့သို့သောအားမာန်” ဟူ၍ဖြစ်သည်) သည်။ အပြစ်တရားအပေါ်၌ ဘုရားသခင်တရားစီရင်ခြင်း၏ထက်သန်မှုကို ရည်ညွှန်းပါသည်။ ဘုရားသခင်၏ရန်သူများက ၄င်းတို့၏အပြစ်အတွက်ကြုံတွေ့ခံစားရသည့်အတိုင်း ယုံကြည်သူများသည်လည်း ၄င်းတို့၏အပြစ်အပေါ်၌ထားရှိသော ဘုရားသခင်တရားစီရင်ခြင်း၏ထက်သန်မှုကို ကြုံတွေ့ခံစားနိုင်ကြပါသည်။ သို့သော်၊ ရလဒ်များမှာကွဲပြားပါလိမ့်မည်။ ဟေဗြဲ ခရစ်ယာန်များဖြစ်သည့်အားလျော်စွာ စာဖတ်သူများသည် ဤအရာကို နောက်ပိုင်းနှစ်အနည်းငယ်၌ ဖြစ်ပျက်ခဲ့သည့် ယေရုရှလင်မြို့ မီးလောင်ပျက်စီးခြင်းဟူသော ဖြစ်အံ့ဆဲဆဲတမျိုးသားလုံးတရားစီရင်ခံရခြင်းအကြောင်းနှင့်စပ်ဆိုင်သော သတိပေးချက်အဖြစ်နှင့်လည်း သဘောပေါက်နားလည်ခဲ့ကြနိုင်သည်။ ထိုအချင်းအရာသည် သခင်ယေရှု၏သတိပေးချက်များမှ ၄င်းတို့သိရှိခဲ့ကြမည့်အရာဖြစ်သည်။ (မဿဲ ၂၃း၂၇–၂၄း၂၊ မာကု ၁၃း၁–၂ ၊ လုကာ ၂၁း၅–၆၊ နှိုင်းယှဉ် တမန်တော် ၂း၄၀) စာဖတ်သူတို့သည် အထက်ပါတရားစီရင်ခြင်းနှစ်ခုလုံး ခံစားနိုင်ခဲ့ကြပါသည်။

ကျမ်းပြုဆရာသည် မောရှေ၏ပညတ်တရားကို ငြင်းပယ်ခြင်းကြောင့် ဒဏ်ခတ်ခံရခြင်းထက် “ကြီးစွာသောဒဏ်”အကြောင်းကို ပြောထားသည်။ သေခြင်းထက်ပို၍ဆိုးဝါးပြင်ထန်သော ဒဏ်ခတ်စီရင်ခြင်းကို စိတ်ကူးကြည့်ရန်မှာ ခက်ခဲပါသော်လည်း ဆိုးဝါးပြင်းထန်သောဆင်းရဲဒုက္ခကိုခံရခြင်းထက် အသက်သေဆုံးခြင်းကပို၍ ဆွဲဆောင်အား ကောင်းသောအချိန်အခါများရှိနေကြောင်းကို လူသားတို့၏အတွေ့အကြုံများက သက်သေခံနေပါသည်။ (ယောနသည် ဥပမာ တစ်ခုဖြစ်သည်။ ယောန ၄း၃)။ ကျမ်းပြုဆရာသည် ဤတရားစီရင်ခြင်းကို တောလည်ရာ ၁၅း၃၀–၃၁ ရှိ ရဲရင့်စွာပြစ်မှားသော အပြစ်အတွက် သေဒဏ်စီရင်ခံရခြင်းနှင့် နှိုင်းယှဉ်ထားသည်။ ၄င်းသည်ထိုခေတ်ကာလ၌ အပြင်းထန်ဆုံးပြစ်ဒဏ်ဖြစ်ခဲ့သည်။ သို့သော်၊ ခရစ်တော်၏တရားပလ္လင်အကြောင်းဓမ္မသစ်ကျမ်း၏ဖွင့်ချပြောဆိုထားချက်အရ၊ ပို၍ပြင်းထန်သောဒဏ်ခတ်စီရင်ခြင်းမှာ အပျက်သဘောဆောင်သော ချင့်တွက်အကဲဖြတ်ခံရခြင်းတစ်ခုဖြစ်ခဲ့လိမ့်မည်ဟု ကျွန်ုပ်တို့သိနားလည်ကြရသည်။ အကြောင်းမှာ၊ ထိုသို့စီရင်ဆုံးဖြတ်ခံရခြင်းသည် ထာဝရကာလတိုင်တည်မည့် ဂယက်ရိုက်ခတ်မှုများကို ဖြစ်စေမည်ဖြစ်သောကြောင့်ဖြစ်သည်။

အဆုံးတွင်၊ တရားစီရင်ခြင်းခံရမည့် ဤစာဖတ်သူတို့မှာ “ထာဝရဘုရား၏လူတို့” ဖြစ်နေကြဆဲပင်ဖြစ်သည်။ (ငယ် ၃၀ ၊ တရားဟော ၃၂း၃၅–၃၆ မှကိုးကားမှုဖြစ်သည်)။ ၄င်းတို့သည် အပယ်ငရဲထဲသို့ကျရောက်ခဲ့ကြမည်မဟုတ်၊ “အသက်ရှင်တော်မူသော ဘုရားသခင်လက်တော်သို့ကျရောက်” ခဲ့ကြပါလိမ့်မည်။ (ငယ် ၃၁) ဤသတိပေးချက်သည် ဘုရားသခင်၏သားသမီးများအတွက်ဖြစ်သောကြောင့် **ခ** သမ္မာတရားဖြစ်သည်။

ခရစ်ယာန်အချို့က ၄င်းတို့သည် ခွင့်မလွှတ်နိုင်သောအပြစ်ကို ကျူးလွန်ခဲ့ကြ၍

မိမိတို့၏ကယ်တင်ခြင်းကို ဆုံးရှုံးကြရသည်ဟုထင်မှတ်နေကြသည် (သို့) ထိုသို့ဆုံးရှုံးကောင်းဆုံးရှုံးခဲ့လိမ့်မည်ဟု အနည်းဆုံးစိုရိမ်ပူပန်နေကြပါသည်။ သခင်ယေရှုခရစ်သည် ကျွန်ုပ်တို့၏ ကိုယ်အလိုသို့လိုက်၍ပြုသော အပြစ်အပါအဝင် အပြစ်အားလုံးအတွက် အသေခံခဲ့ပါသည်။ အပြစ်တရား၏ပြစ်ဒဏ်အတွက်ခိုလှုံရာနေရာသည် ထိုက်တန်မှုမရှိသော အပြစ်သားများကိုယ်စားသွန်လောင်းခဲ့သည့် သခင်ယေရှုခရစ်၏ ပူဇော်သက္ကာအသွေးတော်မှတစ်ပါး အခြားခိုလှုံစရာနေရာမရှိပါ။ သခင် ယေရှု၏အပြည့်အဝအစွမ်းထက်သော အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကြောင့် အပြစ်လွှတ်ခြင်းအတွက် သခင်ယေရှုခရစ်တစ်ပါးတည်းကိုသာကြည့်ရန် ဤအရာသည် ကျွန်ုပ်တို့အတွက်လည်း သတိပေးချက်တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်အထမြောက်ပြီး ပြည့်စုံစေခဲ့သောအမှုတော်၌ မည်သည့်အရာကိုမျှ ထပ်၍မပေါင်းထည့်နိုင်သကဲ့သို့၊ ထိုအမှုတော်ကို ပို၍ကောင်းမွန်တိုးတက်လာစေရန် မစွမ်းဆောင်နိုင်ကြပါ။ ဤကျေးဇူးတော်ကို ကျွန်ုပ်တို့ငြင်းပယ် (သို့) ကန်ထုတ်လျှင် ကျွန်ုပ်တို့သည် ခရစ်တော်၏တရားပလ္လင်တွင် ပြင်းထန်စွာ ဒဏ်ခတ်စီရင်ခံရမည်ဖြစ်သည်။ သို့ပင်ဖြစ်သော်ငြားလည်း ၊ အပြစ်ပေါများသည့်အရပ်တွင် ကျေးဇူးတော်သာ၍ကြွယ်ဝ၏ ဟူသော သမ္မာတရားတွင် နှစ်သိမ့်မှုရှိနေပါသည်။ (ရောမ ၅း၂၀)

ထာဝရဘုရားကိုဖူးမြင်ရရန်သန့်ရှင်းခြင်းပါရမီ (Holiness to see the Lord) ဟေဗြဲ ၁၂း၁၄

လူအပေါင်းတို့နှင့် အသင့်အတင့်နေ၍ငြိမ်သက်ခြင်းကိုဌင်း၊ သန့်ရှင်းခြင်းပါရမီကိုဌင်း၊ မီအောင်လိုက်ကြလော့။ သန့်ရှင်းခြင်းပါရမီ မရှိလျှင်၊ အဘယ်သူမျှ ထာဝရဘုရားကိုမဖူးမမြင်ရ။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သန်ရှင်းစင်ကြယ်သောအသက်တာဖြင့် မရှင်သန်သောသူများသည် ကယ်တင်ခြင်းခံကြရမည်မဟုတ်ပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သန့်ရှင်းစင်ကြယ်သောအသက်တာဖြင့် မရှင်သန်သောခရစ်ယာန်များသည် ဘုရားသခင်၏အကျွမ်းတဝင်ရှိလှသော မျက်မှောက်ပြုခြင်းကို ပျော်မွေ့ကြရမည်မဟုတ်ပါ။

"သန့်ရှင်းခြင်းပါရမီ" ဟူသောစကားလုံးသည် သန့်ရှင်းရာသို့ရောက်ခြင်း (sanctification, *hagiomos*)ဟု တစ်ခါတစ်ရံ တွင်ဘာသာပြန်ထားသည့် စကားလုံးနှင့် အတူတူဖြစ်ပြီး၊ ၎င်းသည် တစ်စုံတစ်ခုထံမှအခြားအရာတစ်ခုအတွက် "သီးသန့်

ဖယ်ထားခြင်း”ဟူသောအဓိပ္ပါယ်ကို ဆောင်ထားသည်။ ဤနေရာတွင် သန့်ရှင်းခြင်းပါရမီသည် အပြစ်ဒုစရိုက်မှခွါ၍ ဘုရားသခင်အတွက် သီးသန့်ဖယ်ထားခြင်းခြင်းကို ဆိုလိုသည်။ ဤအရာသည် ပကတိသန့်ရှင်းခြင်းအကြောင်းကို ပြောထားခြင်းမဟုတ်ပါ။ အရှေ့မှသွန်သင်ဆုံးမချက်ကလည်း လူအပေါင်းတို့နှင့် အကြွင်းမဲ့သဟာဇာတဖြစ်ခြင်းကို မျှော်လင့်မထားပါ။ သို့သော်၊ ထိုပါရမီနှစ်ပါးလုံးကို ကျင့်ကြံအားထုတ်ကြရမည် ဖြစ်သည်။

ဤအရာသည် **က** သမ္မာတရားသာဖြစ်ခဲ့လျှင် တောင်းဆိုပြဋ္ဌာန်းထားသည့် သန့်ရှင်းခြင်းသည် အကြွင်းမဲ့သန့်ရှင်းခြင်းဖြစ်ရမည်ဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို အခြားမည်သည့်အရာကမျှ ရရှိစေနိုင်မည်မဟုတ်သောကြောင့်ဖြစ်သည်။ သို့သော်၊ လူအားလုံးနှင့်အသင့်အတင့်နေ၍ ငြိမ်သက်ခြင်းနှင့်အတူ ထိုသန့်ရှင်းခြင်းပါရမီကို ကျင့်ကြံအားထုတ်ရန်ဆုံးမသွန်သင်ချက်က ၄င်းကိုတစ်ကြိမ်တစ်ခါတည်းလုပ်ရသောကိစ္စမဟုတ်၊ ဖြစ်စဉ်တစ်ခုအဖြစ် ဖန်တီးထားပါသည်။ **က** သမ္မာတရားကလည်း “ထာဝရဘုရားကိုဖူးမြင်ရခြင်း”သည်ကောင်းကင်ဘုံ (သို့) ဘုရားသခင်၏မျက်မှောက်တော်သို့ တိုးဝင်ခြင်းကို ဆိုလိုသည်ဟုရှုမြင်ထားသည်။ ဤအနက်ဖွင့်ဘာသာပြန်ဆိုချက်၌ လက်ငင်းတွေ့ရသောပြဿနာနှစ်ခုမှာ ကျမ်းပြုဆရာသည် မိမိ၏စာဖတ်သူတို့ကို ယုံကြည်သူများအဖြစ်နှင့် ဆက်၍လိပ်မူပြောဆိုနေစဲဖြစ်သည်ဟူသောအချက်၊ ဤအချက်နှင့်ဆက်စပ်၍၊ ကျမ်းစကားအဆက်အစပ်က ဤတိုက်တွန်းနှိုးဆော်ချက်ကို ယုံကြည်သူများထံ ပြောဆိုထားသည့်ပုံစံဖြင့် တည်ဆောက်ထားသည်ဟူသောအချက်တို့ဖြစ်ကြသည်။

ကျမ်းပြုဆရာသည် စာဖတ်သူတို့ကို ခရစ်ယာန်များအဖြစ်နှင့် ခွန်အားပေးတိုက်တွန်းထားသည်နှင့်အမျှ အခန်းကြီး ၁၂ က အဆင့်ဆင့်တိုးတက်တွေးခေါ်ခြင်းအားဖြင့် ကျွန်ုပ်တို့ကို **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် လမ်းကြောင်းပေါ်၌ ထားရှိပေးပါသည်။

- သူတို့သည် အပြစ်သားများ၏ ဆန့်ကျင်အတိုက်အခံပြုခြင်းကို သည်းခံရင်း မိမိတို့၏ပြေးပွဲကိုပြေးကြရပါမည်။ (၁၂း၁–၄)
- သူတို့သည်ထိုလမ်းတစ်လျှောက်တွင် ကြုံတွေ့ရမည့် ဘုရားသခင်၏ဆုံးမပဲ့ပြင်ခြင်းကို စိတ်မပျက်သင့်ပါ။ အကြောင်းမှာ ထိုသို့ဆုံးမပဲ့ပြင်ခြင်းသည် ဘုရားသခင်က ၄င်းတို့အားချစ်တော်မူကြောင်းကို ပြသခြင်းဖြစ်သောကြောင့်ဖြစ်သည်။ (၁၂း ၅–၉)

- ဘုရားသခင်က ဆုံးမပဲ့ပြင်ခြင်း၏ ရည်ရွယ်ချက်မှာ ထိုသို့ ဆုံးမပဲ့ပြင်ခံရခြင်းဖြင့် ငှင်းတို့သည် ဘုရားသခင်၏ သန့်ရှင်းစင်ကြယ်ခြင်းကို မျှဝေကောင်းမျှဝေခဲ့ကြမည်ဖြစ်သည်။ (၁၂း၁၀–၁၁)
- သူတို့သည် ဘုရားသခင်၏ သန့်ရှင်းစင်ကြယ်ခြင်းလမ်းတွင် ဆက်လက်၍လျှောက်လှမ်းရန် ခွန်အားယူကြရမည်။ အကြောင်းမှာ ထိုသို့လျှောက်လှမ်းခြင်းသည် ငှင်းတို့အား "ထာဝရဘုရားကိုဖူးမြင်" စေမည်ဖြစ်သောကြောင့် ဖြစ်သည်။ (၁၂း ၁၂–၁၄)
- အခြားတစ်ဖက်တွင်လည်း သူတို့သည် မိမိတို့၏သန့်ရှင်းရာသို့ရောက်ခြင်းကို လျစ်လျူရှု၍ညစ်ညူးခြင်းသို့မရောက်သင့်ပါ။ (၁၂း ၁၅–၁၇)
- သူတို့သည် ပဋိညာဉ်ဟောင်းအားဖြင့် ဖွင့်ချပြောဆိုထားသည့် သန့်ရှင်းစင်ကြယ်ခြင်းထက်သာ၍ကြီးမြတ်သော ပဋိညာဉ်သစ်အားဖြင့် ဖွင့်ချပြောဆိုထားသည့် ဘုရားသခင်၏သန့်ရှင်းစင်ကြယ်ခြင်းသို့ ရောက်ရှိလာခဲ့ကြပြီဖြစ်ကြောင်း အသိပေးထားသည်။ (၁၂း၁၈–၂၉)

အချို့အကွေ့အလှည့်အပြောင်းတိုင်းတွင် ကျမ်းပြုဆရာ၏ တိုက်တွန်းနှိုးဆော်ချက်သည် မိမိတို့၏ ယုံကြည်ခြင်းၭ တိုးတက်ကြရမည့်ယုံကြည်သူများအတွက်သာ အဓိပ္ပါယ်ရှိနေပါသည်။

ထို့ကြောင့် "ထာဝရဘုရားကိုဖူးမြင်" ဟူသောအသုံးအနှုန်းသည် ကောင်းကင်ဘုံ (သို့) ဘုရားသခင်၏ မျက်မှောက်သို့ ဝင်ရောက်ခြင်းကိုမဆိုလိုနိုင်ခဲ့ပါ။ ရုပ်ပိုင်းဆိုင်ရာ အရမြင်ခြင်းမျိုးအပြင်၊ တစ်စုံတစ်ခုကိုမြင်ခြင်း ဟူသော အယူအဆသည် ထိုအရာကို အတွင်းကျကျ သိကျွမ်းခြင်းကိုလည်းဆိုလိုနိုင်ပါသည်။ ဝေါဟာရရင်းမြစ်အဘိဓါန် (lexicon) အများစုက "ဖူးမြင်သည်" (see, *horaô*) ဟူသောစားလုံးသည် တစ်စုံတစ်ခုနှင့်ပတ်သက်၍တစ်ဦးတစ်ယောက် ၏သိမြင်နားလည်မှုနှင့် အတွေ့အကြုံကိုလည်းဆိုလိုနိုင်သည်ဟု လက်ခံထားကြသည်။ (နှိုင်းယှဉ်၊ လုကာ ၃း၆၊ ယောဟန် ၆း၃၆၊ ၁၂း၄၅၊ ၉၊ ၁၅း၂၄၊ ၃ယော ၁၁) မောရှေလက်ထက်တွင် မည်သူမျှထာဝရဘုရားကို မဖူးမမြင်နိုင်ခဲ့ပါကြပါသော်လည်း (ထွက်မြောက်ရာ၃၃း ၂၀)၊ သခင်ယေရှုခရစ်၌ကျွန်ုပ်တို့သည် ခမည်းတော်ကို ဖူးမြင်ကြရကြောင်းကို ၁၂း ၁၈–၂၉ ရှိပဋိညာဉ်ဟောင်းနှင့် ယှဉ်ကြည့်ထားမှုက ကျွန်ုပ်တို့အားအသိပေးပါသည်။ (ယောဟန် ၁း၁၈၊ ၁၂း၄၅၊ ၁၄း၉) ထို့ကြောင့်၊ သခင်ခရစ်တော်ကို သိကျွမ်းခြင်းနှင့် ကြုံတွေ့ခံစားခြင်းတွင်

ကျွန်ုပ်တို့သာ၍ကြီးထွားလာလေလေ၊ ကျွန်ုပ်တို့ဘုန်းအသရေ တင့်တင်ရာသို့ရောက်ခြင်း၌ ဘုရားသခင်ကိုမျက်နှာချင်းဆိုင်မြင်တွေ့ရသည့်အချိန်အထိ ဘုရားသခင်ကို ကျွန်ုပ်တို့သာ၍ ဖူးမြင်ရလေလေဖြစ်ကြပါလိမ့်မည်။ (၁ကော ၁၃း၁၂၊ ၁ယော ၃း၂၊ ဗျာဒိတ် ၂၂း၄) ဘုရားသခင်ကိုပို၍ အကျွမ်းတဝင်ကြုံတွေ့ခံစားခြင်းအလားအလာသည် သန့်ရှင်းခြင်းပါရမီကို လိုက်စားကျင့်ကြံရန် ကျွန်ုပ်တို့အားလုံးကို စေ့ဆော်ပေးသင့်ပါသည်။

လောင်သောမီး (A consuming fire) ဟေဗြဲ ၁၂း၂၅–၂၉

> *၂၅ သင်တို့သည်မိန့်တော်မူသောသူ၏စကားတော်ကို မငြင်းပယ်မည်အကြောင်းသတိပြုကြလော့။ မြေကြီးပေါ်မှာဗျာဒိတ်တော်ကိုဆင့်ဆိုသောသူ၏စကားကို ငြင်းပယ်သောသူတို့သည် အပြစ်မလွတ်ရသည်မှန်လျှင်၊ ထိုမျှမက၊ ကောင်းကင်ဘုံက မိန့်တော်မူသောသူ၏စကားကို ငါတို့သည် နားမထောင်ဘဲနေလျှင်၊ သာ၍ကြီးစွာသောအပြစ်နှင့်ဘယ်သို့ကင်းလွတ်နိုင်မည်နည်း။ ၂၆ အထက်ကဗျာဒိတ်တော်အသံသည် မြေကြီးကိုလှုပ်သည်ဖြစ်၍၊ ယခုတဖန် ငါသည်မြေကြီးနှင့်ကောင်းကင်ကို လှုပ်ဦးမည်ဟုကတိတော်ရှိ၏။ ၂၇ တဖန်ဟူသောစကား၏အဓိပ္ပါယ်ကား၊ မလှုပ်သောအရာတို့ ကိုတည်စေ ခြင်းငှါလှုပ်သောအရာတို့ကို လောကီအရာကဲ့သို့ ပယ်ဖျက်လိမ့်မည်ဟုဆိုလိုသတည်း။ ၂၈ ထို့ကြောင့်၊ ငါတို့သည်မလှုပ်နိုင်သော နိုင်ငံကိုရသည်ဖြစ်၍ခန့်ညားကြောက်ရွံ့သောသဘောနှင့် ဘုရားသခင်ကိုလျောက်ပတ်စွာဝတ်ပြုနိုင်မည်အကြောင်း ကျေးဇူးတော်ကိုစွဲလမ်းကြကုန်အံ့။ ၂၉ ငါတို့ဘုရားသခင်သည် လောင်သောမီးဖြစ် တော်မူ၏။*

က သမ္မာတရားအနက်ဖွင့် ဘာသာပြန်ဆိုချက် – ဘုရားသခင်ကိုနာခံခြင်းမရှိသောသူများသည် အပယ်ငရဲအားဖြင့် ကိုယ်တော်၏ဒဏ်ခတ်စီရင်ခြင်းမှလွတ်မြောက်ကြမည်မဟုတ်ပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဘုရားသခင်ကို နာခံခြင်းမရှိသောသူများသည် ကိုယ်တော်၏ပြင်ထန်သော ဆုံးမပဲ့ပြင်ခြင်းမှ လွတ်မြောက်ကြမည်မဟုတ်ပါ။

"ငါတို့" ကို စာရေးသူက အသုံးပြုထားပုံ၊ "နိုင်ငံကိုရသည်" ဟူသောအာမခံချက်၊ ဘုရားသခင်ကိုဝတ်ပြုခစားရန် တိုက်တွန်းနှိုးဆော်ချက်တို့က ဤအရာသည် သခင်ခရစ်တော်ကို ယုံကြည်နေကြသောသူများအတွက် ရည်ညွှန်းထားသည့် **ခ** သမ္မာတရားဖြစ်ကြောင်း ညွှန်ပြနေပါသည်။ ရွှေ့လျော့ဖေါက်ပြန်သောသူများထံ၌ သတိပေးချက်များအဖြစ်နှင့်သော်လည်းကောင်း၊ ယုံကြည်ခြင်း၌အပတ်တကုတ် ကြိုးစားအား

ထုတ်နေကြသောသူများထံ၌ ကတိတော်များအဖြစ်နှင့်သော်လည်းကောင်း ဘုရားသခင်ပြောဆိုထားသည့်အရာကို ငြင်းဆန် (*paraiteomai* ဟူသော စကားလုံးမှဖြစ်၍ *ငြင်းပယ်သည်၊ ငြင်းဆန်သည်* ဟူ၍အဓိပ္ပါယ်ရသည်) သောယုံကြည်သူများအတွက် ဘုရားသခင်၏ ဒဏ်ခတ်စီရင်ခြင်းမှ လွတ်လမ်းမရှိပါ။

"ငါတို့ဘုရားသခင်သည် လောင်သောမီးဖြစ်တော်မူ၏" (၎ယ် ၂၉)သည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ငြင်းပယ်ခြင်းမပြုဘဲ၊ ဘုရားသခင်ကိုဝတ်ပြုခစားရာ၌ ခန့်ငြားကြောက်ရွံ့သောသဘောကို ကျင့်ကြံရန်စေ့ဆော်ချက်တစ်ခုဖြစ်သည်။ ၄င်းကို ကနဦးအပိုဒ်၎ယ်၌ဖော်ပြထားပါသည်။ (၎ယ် ၂၈) အခန်း၎ယ် ၂၉ ၌ ပြောဆိုထားချက်သည် အပယ်ခရဲဖြင့်ခြိမ်းခြောက်မှုတစ်ခုအတွက် မဆိုလိုထားပါ။ အကြောင်းမှာ အခန်း၎ယ် ၂၈ က စာဖတ်သူများအနေဖြင့်အနာဂတ်တွင် "နိုင်ငံကိုရသည်" အကြောင်းကို ယုံကြည်ချက်ရှိရှိဖြင့် ပြောဆိုထားသောကြောင့်ဖြစ်သည်။ ဘုရားသခင်ကိုလောင်သောမီးသဖွယ်တင်စားမှုသည် တရားဟောရာ ၄း၂၄ မှ ရောက်ရှိလာခြင်းဖြစ်ပြီး၊ ထိုနေရာတွင် ဘုရားသခင်၏ သဝန်တိုတတ်ခြင်းအကြောင်းကို ပြောထားသည်။

ခရစ်ယာန်များသည် ဘုရားသခင်၏ နှုတ်ကပတော်များကို အလေးအနက်ထားကြရပါမည်။ ခ သမ္မာတရားအဖြစ်နှင့် ဟေဗြဲဩဝါဒစာသည် ကျွန်ုပ်တို့အား သခင်ယေရှု ခရစ်၏ သာလွန်ကြီးမြတ်ခြင်းနှင့် ထိုသခင်၏ အမှုတော် အကြောင်းထူးခြားပြောင်မြောက်သော သမ္မာတရားကိုလည်းကောင်း၊ ယုံကြည်ခြင်း၌ကြီးထွားကြ၍ ထိုယုံကြည်ခြင်း၌ အပတ်တကုတ်ကြိုးစားအားထုတ်ရန် တိုက်တွန်းနှိုးဆော်ချက်များကိုလည်းကောင်း၊ ကျွန်ုပ်တို့ယုံကြည်ချက်ကို လျစ်လျူရှုခြင်း (သို့) ငြင်းပယ်ခြင်းနှင့်စပ်လျဉ်းသော သတိပေးချက်များကိုလည်းကောင်း ပေးကမ်းပံ့ပိုးထားပါသည်။ ကျွန်ုပ်တို့၏ တုန့်ပြန်ပုံက ကျွန်ုပ်တို့၏ ဆုလာဘ် (သို့) ကျွန်ုပ်တို့၏ အပြစ်ဒဏ်ကို တိုင်းတာဆုံဖြတ်ပေးပါလိမ့်မည်။

❐

ရှင်ယာကုပ်၊ ရှင်ပေတရု၊ ရှင်ယောဟန်နှင့် ရှင်ယုဒတို့၏ကြွေးကြော်ခဲ့ဆိုချက်များ

၁၀

ဤကျမ်းပြုဆရာလေးပါးတို့ရေးသားပြုစုထားသည့် အမျိုးမျိုးသောကျမ်းချက်များကို နက်ဖွင့်ဘာသာပြန်ဆိုခြင်းတွင် ၄င်းတို့၏တရားနာပရိသတ် (စာဖတ်သူ) များနှင့် ထိုကြေငါဒစာတစ်စောင်စီ၏ သက်ဆိုင်ရာရည်ရွယ်ချက်တို့ကို အထူးဂရုပြုဖို့လိုအပ် သည်။ ကျမ်းပြုဆရာတစ်ဦးချင်းတွင် မိမိတို့၏ထူးခြားသောတရားဒေသနာကို သီးသန့်ပတ်ဝန်းကျင်အခင်းအကျင်းတစ်ခုတွင်ပြောဆိုအသိပေးရန် ထူးခြားသောရေးသားဟန်အသီးသီးကို ရှိထားကြသည်။ ယေဘုယျအားဖြင့်ဆိုရလျှင်၊ ဤကြေငါဒစာစောင်များသည် ယုံကြည်သူများထံသို့ တညီတညွတ်တည်းရေးသားထားခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့လေ့လာအကဲခတ်ရပါသည်။

ဒုစရိုက်သည်သေခြင်းကို ဖွားတတ်၏။ (Sin brings death) ယာကုပ် ၁း၁၅

တပ်မတ်သောစိတ်သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကိုဖွားတတ်၏။
ဒုစရိုက်သည်လည်းပြည့်စုံလျှင် သေခြင်းကိုဖွားတတ်၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အပြစ်ဒုစရိုက်သည် လူတစ်ယောက် အပယ်ငရဲ၌ကျခြင်းတွင် အဖြေထွက်သည်။
ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အပြစ်ဒုစရိုက်သည် ဘုရားသခင်နှင့်ကင်းကွာ ရခြင်းကိုဖြစ်စေသည် (သို့) ရုပ်ခန္ဓာသေခြင်းကို ဖြစ်စေသည်။

ဤကျမ်းချက်တွင် ရှင်ယာကုပ်သည် အပြစ်ဒုစရိုက်ကို ကျူးလွန်ခြင်း၌လည်းကောင်း၊ နောက်ဆုံးတွင်သေခြင်း၌လည်းကောင်း အကျိုးဆက်ဖြစ်ပေါ်သော စုံစမ်း

နှောက်ယှက်ခြင်း၏ဖြစ်စဉ်အကြောင်းကို ရှင်းပြထားပါသည်။ သခြင်းသည် အပယ်ငရဲကို ရည်ညွှန်းပြောဆိုခြင်းလား (သို့) ယုံကြည်သူတို့ကြုံတွေ့ခံစားရသော အကျိုးဆက်တစ်ခုခုကို ရည်ညွှန်းပြောဆိုခြင်းလား။

သိသာထင်ရှားနေသောအချက်မှာ ဤစာစောင်သည် ယုံကြည်သူများကို တသမတ်တည်းလိပ်မူပြီး ပြောဆိုနေခြင်းဖြစ်သည်။ ၄င်းတို့သည် အထက်အရပ်မှဖွားမြင်ခြင်း ခံရသောသူများဖြစ်ကြပြီး (၁း၁၇)၊ သခင်ခရစ်တော်ကို ယုံကြည်ကာ (၂း၁) ညီအစ်ကိုတို့ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရသောသူများဖြစ်ကြသည်။ (၁း၂၊ ၁၉၊ ၂း၁၊ ၁၄၊ ၃း၁၊ ၄း၁၁၊ ၅း၇၊ ၁၀၊ ၁၂၊ ၁၉) အမှန်စင်စစ်၊ အခန်း၊ငယ် ၁၆ မှာ "ချစ်သောညီအစ်ကိုတို့"အား အပြစ်ကျူးလွန်ခြင်းကို ဖြစ်စေသောစုံစမ်းနှောက်ယှက်ခြင်းများ၏ လှည့်ဖြားခြင်းကိုမခံကြဖို့ တိုက်တွန်းနှိုးဆော်ခြင်းနှင့်အတူ အခန်း ငယ် ၁၅ နှင့်ဆက်နေပါသည်။ ထိုအချက်ကို စိတ်၌ရည်မှတ်ထားခြင်းနှင့်အတူ "အသက်သရဖူ" ကို ရရှိနိုင်သည့် စုံစမ်းနှောက်ယှက်ခြင်းကို သည်းခံကျော်လွှားသော အခန်းငယ် ၁၂ မှမင်္ဂလာရှိသောသူနှင့် ရည်ရွယ်၍ နှိုင်းယှဉ်ချက်တစ်ခု ကျမ်းစကားအဆက်အစပ်၌ရှိကြောင်း ကျွန်ုပ်တို့အလွယ်တကူနားလည်နိုင်ပါသည်။ ဤသရဖူသည် ကယ်တင်ခြင်းတွင်ထွက်ပေါ်လာသည့် ထာဝရအသက်ကို ရည်ညွှန်းနေလျှင်၊ ၄င်းသည်စုံစမ်းနှောက်ယှက်ခြင်းကို သည်းခံကျော်လွှား၍သခင်ဘုရားကိုချစ်သောသူတို့ကို ချီးမြှင့်ထားခြင်းဖြစ်သောကြောင့် ထိုက်ထိုက်တန်တန်ကြိုးစားရယူထားသော ကယ်တင်ခြင်းတစ်ခုသာဖြစ်ခဲ့ပါလိမ့်မည်။ သို့သော်၊ ထာဝရအသက်ရရှိခြင်းအတွက် အခြေအနေသတ်မှတ်ချက်အဖြစ်နှင့် သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းအကြောင်းကို လုံးလုံးပြောဆိုထားခြင်းမရှိပါ။ သရဖူများသည် ဆုလာဘ်များဖြစ်ကြပြီး၊ ကယ်တင်ခြင်းဆိုသည်မှာ လက်ဆောင်တစ်ပါးဖြစ်သည်။ ထို့ကြောင့်၊ "အသက်သရဖူ" ဆိုသည်မှာ ၄င်းကို ထိုက်ထိုက်တန်တန်ကြိုးစားရယူသောသူများကိုပေးသော ဆုလာဘ်တစ်ပါးအဖြစ် သဘောပေါက်ထားခြင်းကအသင့်တော်ဆုံးဖြစ်သည်။ ထိုသရဖူ၏ သဘောသဘာဝအတိအကျကို အသေးစိတ်ပြောဆိုထားခြင်းမရှိသော်လည်း၊ ၄င်းသည် အနာဂတ်၌ဘုရားသခင်၏အသက်တာကို သာ၍ကြီးမားပြည့်ဝစွာ ကြုံတွေ့ခံစားရခြင်းကို ရည်ညွှန်းနိုင်ပါသည်။

အခန်းငယ် ၁၂ ရှိ မင်္ဂလာရှိသောသူနှင့် နှိုင်းယှဉ်ခံရသောသူမှာ စုံစမ်းနှောက်ယှက်ခြင်းကို အလျော့ပေးရန် မိမိ၏စိတ်ဆန္ဒများကို ခွင့်ပြုသောသူဖြစ်သည်။ ထိုသို့ခွင့်ပြုခြင်းကြောင့် အပြစ်ဒုစရိုက်ကို ဖွားစေပြီး၊ ထိုအပြစ် ဒုစရိုက်မှာ ကြီးထွားလာကာ "သခြင်းကိုဖွားစေ" ပါသည်။ (၁း၁၃–၁၅) ဤအရာသည် အစဉ်ထာဝရဒဏ်ခတ်စီရင်ခြင်းကို ပြောဆိုခြင်းထက် အခြားအရာကို ပြောဆိုခြင်းဖြစ်ပါလိမ့်မည်။ အကြောင်းမှာ ဝိညာဉ်ရေး၌သေခြင်းနှင့် ထာဝရသေခြင်းတို့သည် ဖြစ်စဉ်တစ်ခု၏အကျိုးဆက်များမဟုတ်ကြပါ။ အာဒံကျူးလွန်ခဲ့သောပထမဆုံးအပြစ်၏ လက်ငင်းအကျိုးဆက်များဖြစ်

သောကြောင့်ဖြစ်သည်။ ယုံကြည်သူတို့သည် ထာဝရသခြင်းမှအစဉ်ထာဝရကယ်နှုတ်ခြင်းကို ခံခဲ့ကြပြီးဖြစ်သည်။(ယောဟန် ၅း၂၄) အခန်းငယ် ၁၅ ရှိ သခြင်းသည် အပြစ်ဒုစရိုက်၏တုန့်ပြန်မှုကို မပြုလုပ်နိုင်တော့သည့် ထုံထိုင်းစေသောသက်ရောက်မှုများ (ရောမ ၆း၆၊ ၂၃) ကိုသော်လည်းကောင်း၊ ရုပ်ခန္ဓာသခြင်း (၁ကော ၁၁း၃၀ သို့မဟုတ် ယာကုပ် ၅း၂၀ ၌တွေ့ရသကဲ့သို့) ကိုသော်လည်းကောင်း ရည်ညွှန်းပြောဆိုနိုင်ပါသည်။ ဤအရာနှစ်ခုသည် ဆက်စပ်နေပါသည်။ ထိုဆက်စပ်မှုတွင် ခရစ်ယာန်အသက်တာအတွေ့အကြုံ၌ ခံစားတုန့်ပြန်နိုင်စွမ်းမရှိခြင်းကို ဆောင်ယူလာသော အပြစ်ဒုစရိုက်သည် အသက်တာ၌အခြေအနေဆိုးဝါးလာခြင်းကိုဖြစ်စေပြီး၊ အဆုံးတွင်အချိန်မတိုင်မီ သေဆုံးခြင်းကိုဖြစ်စေသည့် ရုပ်ခန္ဓာ၌အန္တရာယ်ရှိဖြစ်စေသော ရွေးချယ်ဆုံးဖြတ်မှုများကို ပြုလုပ်ရာတွင် အမြဲပါဝင်ပတ်သက်နေပါသည်။ သုတ္တံစကားအချို့က ပြစ်ဒုစရိုက် (သို့) မိုက်မဲခြင်းကြောင့် ခန္ဓာသခြင်းအကျိုးဆက်ကို ညွှန်ပြပြောဆိုထားကြပါသည်။ (ဥပမာ၊ သုတ္တံ ၁၀း၂၇၊ ၁၁း၂၉) မိုက်မဲ၍အပြစ်လွန်ကျူးလွှကျ်ရှိကြသော ခရစ်ယာန်များသည် အသက်ရှင်လျက်ရှိနေကြသော်လည်း ၄င်းတို့သည် "အသက်ရှင်လျက်သေနေသောသူများ"သဖွယ်ဖြစ်နေကြပြီး၊ ၄င်းတို့ကိုရုပ်ခန္ဓာသခြင်းအန္တရာယ်ထဲသို့ သွတ်သွင်းနေသည့် မှောင်မိုက်နှင့်တုန့်ပြန်နိုင်စွမ်းမရှိခြင်းတို့၌ လျှောက်လှမ်းရှင်သန်ကြသည်နှင့်အမျှ ဘုရားသခင်အသက်တာ၏ကြွယ်ဝပြည့်စုံခြင်း ရှိသမျှနှင့်ကင်းမဲ့ကြရသည်ဟု အတွေ့အကြုံက ပြသနေကြောင်း ပြောဆိုငြင်းခုံနိုင်ပါသည်။

အပြစ်ကျူးလွန်နေသော ခရစ်ယာန်များအတွက် အကျိုးဆက်တစ်ခုဖြစ်သော သခြင်း၏သဘောသဘာဝအတိအကျမှာ မည်သို့ပင်ရှိစေကာမူ ထိုအရာသည် ရှောင်ကျဉ်ရမည့်အရာဖြစ်ကြောင်း၊ ကျွန်ုပ်တို့အားလုံးသဘောတူခဲ့ကြပါလိမ့်မည်။ ရှင်ယာကုပ်က ခရစ်ယာန်များအား ၄င်းတို့သည် မိမိတို့၏အသက်တာ (ယာကုပ် ၅း၂၀ မှာကဲ့သို့ "ဝိညာဉ်"ဟု အမြဲလိုလိုဘာသာပြန်ဆိုထားကြသော်လည်း *psyche* သည် အသက်ဟူ၍ဆိုလိုပါသည်။)ကို ဆိုးညစ်သောပြုမူကျင့်ကြံမှုများအားစွန့်လွှတ်၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နှိမ့်ချစွာခံယူခြင်းဖြင့်ဖြစ်ကယ်တင်နိုင်သည်ဟု **ခ** သမ္မာတရားအဖြစ်နှင့်ပြောနေပါသည်။

ကရုဏာမရှာဘဲ၊ တရားစီရင်ခြင်းကိုခံရခြင်း။ (Judgment without mercy)
ယာကုပ် ၂း၁၂–၁၃

> ၁၂ *လွှတ်ခြင်းတရားနှင့် စီရင်ခြင်းခံရလတ့ံသောသူကဲ့သို့ ပြောဆိုပြုမူကြလော့။* ၁၃ *ကရုဏာမရှိသောသူသည် ကရုဏာကိုမရှာဘဲ၊ တရားစီရင်ခြင်းခံရလိမ့်မည်။ ကရုဏာသည်တရားစီရင်ခြင်းကိုအောင်၍ ဝါးကြွားတတ်၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကရုဏာမရှိသောသူများသည် တရားစီရင်ခြင်းကိုခံရ၍ အပယ်ငရဲ၌ ကရုဏာကိုမရဘဲ ရှိကြပါလိမ့်မည်။

ခ သမ္မာတရားနက်ဖွင့်ဘာသာပြန်ဆိုချက် – ကရုဏာမရှိသော ယုံကြည်သူများသည် ခရစ်တော်၏တရားပလ္လင်တွင် ကရုဏာကိုမရဘဲ ရှိကြပါလိမ့်မည်။

ရှင်ယာကုပ်က မိမိ၏ "ညီအစ်ကိုတို့" (၂း၁၁) နှင့် "ချစ်သောညီအစ်ကိုတို့" (၁ယော ၅) ထံ၌ ပြောဆိုထားသော တိုက်တွန်းနှိုးဆော်ချက်များကို ၄င်းတို့အလယ်မှ ဆင်းရဲသောသူတို့ကို ဘက်လိုက်မှုမရှိဘဲ ပြုမူဆက်ဆံကြဖို့ တိုက်တွန်းနှိုးဆော်ချက်နှင့် အတူဆက်လက်၍ပြောဆိုထားသည်။(၁ယော ၃–၄၊ ၉) စာဖတ်သူတို့သည် ချစ်ခြင်းမေတ္တာကိုပြသကြရမည်ဖြစ်ပြီး (၁ယော ၈) ၊ ၄င်းတွင်ဆင်းရဲသောသူများထံ၌ ကရုဏာတရားကို ဆန့်တန်းပေးကမ်းခြင်းပါဝင်သည်။ (၁ယော၃)။ စာဖတ်သူတို့သည် ကရုဏာတရားကို မပြသကြလျှင် ဘုရားသခင်၏တရားစီရင်ခြင်းကို ကရုဏာမရဘဲ ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။ ထိုကဲ့သို့သောတရားစီရင်ခြင်း၏ပြင်းထန်မှုက လူအချို့၏အမြင်တွင် ရှင်ယာကုပ်သည် ကရုဏာတရားကင်းမဲ့သောသူတို့အား အပယ်ငရဲဖြင့် တရားစီရင်ခံရမည့်အကြောင်းကြိမ်းဝါးနေခြင်းဖြစ်သည်ဟု ကောက်ချက်ချစေပါသည်။ ၄င်းသည် **က** သမ္မာတရားဖြစ်သည်။

ဤနေရာ၌ အဓိကပြောဆိုထားသောအရာမှာ ထာဝရကယ်တင်ခြင်းဖြစ်သည်ဟု ဖန်တီးပြောဆိုခြင်းသည် ယုံကြည်သူများထံလိပ်မူပြောဆိုထားသည့် ကျမ်းစကားအဆက်အစပ်နှင့်သာပြဿနာရှိသည်မဟုတ်၊ အခြားသူများ အားကရုဏာတရားပြသခြင်းဖြင့် ကယ်တင်ခြင်းကို ထိုက်ထိုက်တန်တန် ကြိုးစားရယူရသည်ဟူသော သွယ်ဝိုက်ပြောဆိုထားချက်နှင့်လည်း ပြဿနာရှိနေပါသည်။ ကရုဏာကင်းမဲ့သော ဤယုံကြည်သူများအနေဖြင့် တရားစီရင်ခြင်းကိုရင်ဆိုင်ကြရမည်မှာ မေးခွန်းထုတ်စရာမရှိသော်လည်း၊ မေးခွန်းထုတ်ရမည့်အချက်မှာ ရှင်ယာကုပ်သည် မည်သည့်တရားစီရင်ခြင်းကို ပြောဆိုနေပါသနည်းဟူသောအချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကနဦးဆွေးနွေးမှုများ၌ တရားစီရင်ခြင်းနှစ်ခုရှိကြောင်း၊ တစ်ခုမှာ မယုံကြည်သူများအတွက်ဖြစ်သည့် မဟာပလ္လင်ဖြူတရားစီရင်ခြင်းဖြစ်ကြောင်း၊ နောက်တစ်ခုမှာ ယုံကြည်သူများအတွက်ဖြစ်သည့် ခရစ်တော်၏တရားပလ္လင်ဖြစ်ကြောင်းကို သိရှိခဲ့ကြပြီးဖြစ်သည်။ ၃း၁ တွင် ရှင်ယာကုပ်က ခရစ်တော်၏တရားပလ္လင်ကို "ညီအစ်ကိုတို့"နှင့် "ဆရာများ" ထံရေးသားပြောဆိုသည့် ခရစ်ယာန်များနှင့်သာ အတိအလင်းသက်ဆိုင်သော ကျမ်းစကားအဆက်အစပ်၌ တစ်ဖန်ဖော်ပြထားသည့်နည်းတူ၊ ဤနေရာတွင်လည်း ခရစ်တော်၏တရားပလ္လင်ကို ယူဆထားခြင်းဖြစ်ပေမည်။

ခရစ်တော်၏တရားပလ္လင်သည် ယုံကြည်သူတိုင်း၏ကယ်တင်ခြင်းကို ချင့်တွက်ဆုံးဖြတ်မည့်နေရာမဟုတ်၊ ယုံကြည်သူတို့၏ အလုပ် (အကျင့်) ကိုသာ ချင့်တွတ်ဆုံးဖြတ်မည့်နေရာဖြစ်သောကြောင့် အထက်ပါအချက်နှင့် ပကတိကိုက်ညီနေပါသည်။ ခရစ်တော်၏တရားပလ္လင်တွင် သူတစ်ပါးအပေါ်၌သက်ညှာသောသူများသည် သက်ညှာမှု(ကရုဏာ)ကို ပြသခံရ၍၊ အခြားသူများအပေါ်၌ ဂရုဏာကင်းမဲ့သောသူများသည် မညှာတာမှုကိုပြသခံရပါမည်။

ခရစ်ယာန်အားလုံးသည် ဤ **ခ** သမ္မာတရားအဓိပ္ပါယ်ကို စိတ်နှလုံး၌ခံယူထားကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ယောကျ်ား၊ မိန်းမ၊ အသားအရောင်၊ လူမျိုး၊ စီပွားရေးအခြေအနေ၊ အသင်းတော်ဂိုဏ်းဂဏစသည့်တို့ကို ဂရုမထားဘဲ ဘုရားသခင်၏လူများအားလုံးကိုသာ တူညီမျှပြုမူဆက်ဆံကြရမည်ဖြစ်သည်။ ထို့အပြင်၊ ကျွန်ုပ်တို့၏ကူညီမစမှု (သို့) အကြင်နာမေတ္တာကို လိုအပ်နေကြသောသူများထံ၌ ကရုဏာတရားကိုပြသရန်လိုလားမှုရှိကြရပါမည်။ သခင်ဘုရားသည် ကျွန်ုပ်တို့ကိုကြည့်ရှုနေပြီး၊ အခြားသူများအား ကျွန်ုပ်တို့မည်သို့ပြုမူဆက်ဆံကြသည်ကို ရှင်းလင်းချက်တောင်းခံသွားမည်ဖြစ်သည်။

အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်၏။ (Faith without work is dead)

ယာကုပ် ၂း၁၄–၂၆

၁၄ တစုံတယောက်သောသူက ငါသည်ယုံကြည်ခြင်းရှိ၏ဟုပြော လျက်၊
အကျင့်ကိုမကျင့်ဘဲနေလျှင် အဘယ်အကျိုးရှိသနည်း။ ထိုယုံ ကြည်ခြင်း
သည် ထိုသူကိုကယ်တင်နိုင်သလော့။ ၁၅ ညီအစ်ကိုနှမတို့သည် အဝတ်အ
ချည်းစည်းရှိ၍ နေ့တိုင်းစာရသောအစာမရှိသော အခါ၊ ၁၆ သင်တို့တွင်
တစုံတယောက်သောသူက၊ ငြိမ်ဝပ်စွာသွားကြလော့။ နွေးကြလော့။
ဝကြလော့ဟုပြောလျက်၊ သူတို့ကိုယ်နှင့်တော် လျော်သောအသုံးအဆောင်
ကိုမပေးဘဲနေလျှင် အဘယ်အကျိုးရှိသနည်း။ ၁၇ ထိုနည်းတူ၊ အကျင့်နှင့်
ကင်းသောယုံကြည်ခြင်းသည် တပါးတည်းရှိသောကြောင့် အသေဖြစ်၏။
၁၈ တနည်းကား၊ သင်သည်ယုံကြည်ခြင်းရှိ၏။ ငါသည်အကျင့်ရှိ၏။
သို့ဖြစ်၍ သင်သည်အကျင့် မရှိဘဲ သင်၏ယုံကြည်ခြင်းကိုပြလော့။
ငါမူကား၊ အကျင့်အားဖြင့်ငါ၏ယုံကြည်ခြင်းကိုပြမည်ဟု ပြောစရာရှိ၏။
၁၉ ဘုရားသခင်တဆူတည်းရှိသည်ဟု သင်သည်ယုံ၏။ ကောင်းပေ၏။
နတ်ဆိုးတို့သည်ယုံ၍ကြောက်ရွံ့တုန်လှုပ်ကြ၏။ ၂၀ လျှပ်ပေါသော လူ၊
အကျင့်နှင့်ကင်းသောယုံကြည်ခြင်း သည်အသေဖြစ်သည်ကို သိချင်သ
လော။ ၂၁ ငါတို့အဘအာဗြဟံသည် မိမိသားကြာဇာက်ကို ယဇ်ပလ္လင်ပေါ်
မှာတင်လှူဖွေသောအခါ၊ အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်
သည် မဟုတ်လော။ ၂၂ ယုံကြည်ခြင်းသည် အကျင့်နှင့်အတူပြုပြင်၍

အကျင့်အားဖြင့် စုံလင်သည်ကို သိမြင်ရ၏။ ၂၃ *အာဗြဟံသည် ဘုရားသခင်ကိုယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏ဟူသောကျမ်းစကား ပြည့်စုံလေ၏။ အာဗြဟံသည်လည်း၊ ဘုရားသခင်၏ အဆွေဟူ၍ ခေါ်ဝေါ်ခြင်းကိုခံရ၏။* ၂၄ *လူသည် ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက်သည်မဟုတ်၊ အကျင့်အားဖြင့်ရောက်သည်ကို သင်တို့သိမြင်ရကြ၏။* ၂၅ *ထိုနည်းတူ၊ ပြည်တန်ဆာရာခပ်သည်၊ တမန်တို့ကိုလက်ခံပြီးမှ အခြားသောလမ်းဖြင့် လွှတ်လိုက်၍ အကျင့်အားဖြင့်ဖြောင့်မတ်ရာသို့ရောက်သည် မဟုတ်လော။* ၂၆ *ဝိညာဉ်နှင့်ကင်းသောကိုယ်သည် အသေဖြစ်သကဲ့သို့၊ အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်၏။*

က သကမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်မှာ – တစ်စုံတစ်ယောက်က မိမိသည် ခရစ်ယာန်တစ်ဦးဖြစ်သည်ဟု ပြောဆိုသော်လည်း အကျင့်မရှိလျှင် ထိုသူသည်ကယ်တင်ခြင်းကို လုံးလုံးမရရှိခဲ့ပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – တစ်စုံတစ်ယောက်က မိမိ၌ယုံကြည်ခြင်းရှိသည်ဟုဆိုသော်လည်း အကျင့်မရှိလျှင် ထိုသူသည် ခရစ်တော်၏တရားပလ္လင်၌ အပျက်သဘောဆောင်သော တရားစီရင်ခြင်းမှ ကယ်တင်ခံရမည် မဟုတ်ပါ။

ဤကျမ်းချက်သည် ဓမ္မသစ်ကျမ်း၌ တလွဲအသုံးချမှုအခံရဆုံး ကျမ်းချက်ဖြစ်နိုင်သည်။ ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်ရကြောင်း ရှင်ပေါလု၏သွန်သင်ချက်နှင့် ဤကျမ်းချက်က ဖန်တီးထားသယောင်ထင်ရသည့် တင်းမာမှုကိုပြေလည်စေရန် ကြိုးစားအားထုတ်သည့်အနေဖြင့် ပြုလုပ်ခဲ့ကြသည့် အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့်စပ်ဆိုင်သော ရှည်လျားသည့်သမိုင်းရာဇဝင်ကိုလည်း ရှိထားသည်။ ထိုတင်းမာမှုပဋိပက္ခမှာ ဤသို့ဖြစ်သည်။ ရှင်ပေါလုက နေရာအမြောက်အများတွင်လည်းကောင်း၊ အထူးသဖြင့်ရောမဩဝါ၏စာနှင့် ဂလာတိဩဝါဒစာတို့တွင်လည်းကောင်း ဖြောင့်မတ်ရာသို့ရောက်ခြင်းသည် သခင်ယေရှုခရစ်ကိုယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ဖြစ်ရသည်ဟုပြောဆိုထားသည်။ ကယ်တင်ခြင်းသည် "ကုသိုလ်ကြောင့်" မဟုတ်၊ ကျေးဇူးတော်ကြောင့်ဖြစ်သည်ဟူသော မိမိ၏သွန်သင်ချက်တွင် ရှင်ပေါလုအလွန်တိကျပြတ်သားသည်။(ဧဖက် ၂း၈–၉) ထို့အပြင်၊ ယုံကြည်ခြင်းနှင့် ကောင်းသောအကျင့်ကျင့်ခြင်းကိုလည်းကောင်း၊ ကျေးဇူးတော်နှင့်အကျင့်ကိုလည်းကောင်း ယှဉ်၍ကြည့်ထားသည်။(ရောမ ၄း၄–၅၊ ၁၁း၆) သို့သော်၊ ရှင်ယာကုပ်က "အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် တစ်ပါးတည်းရှိသောကြောင့်အသေဖြစ်၏" (၂း၁၇) ဟူ၍

လည်းကောင်း၊ “ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်သည်မဟုတ်၊ အကျင့်အားဖြင့် ရောက်သည်ကို သင်တို့သိမြင်ရကြ၏” (၎ယ် ၂၄) ဟူ၍လည်းကောင်း ပြောဆိုထားသည်။ အချုပ်အားဖြင့်ဆိုရလျှင်၊ လူတစ်ယောက်တွင် လက်တွေ့ပြသနိုင်သော အကျင့်မရှိလျှင် ထိုသူကို ကယ်တင်ခြင်းမခံရသောသူအဖြစ် အကဲဖြတ်ရမည်ဟု ပြောနေကြပါသည်။ ဤအနက်ဖွင့်ဘာသာပြန်ဆိုခြင်း အစဉ်အလာသည် **က** သမ္မာတရားအမျိုးအစားနှင့် အံ့ဝင်ခွင်ကျဖြစ်နေပါသည်။

ဤအယူအဆ၌ရှိနေသည့် ပြဿနာများအနက်မှတစ်ခုမှာ ကောင်းသော “အကျင့်” ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းဖြစ်သည်။ ထိုသို့အဓိပ္ပါယ်ဖွင့်ဆိုခြင်းမျိုးမှာ မရှိသလောက်ရှားပါးပါသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ကောင်းသောအကျင့်ကို သိရှိကြ၍၊ ၎င်းကိုရွေးထုတ်ခွဲခြားနိုင်ကြပြီ။ လက်ခံနိုင်ဖွယ်သော စံချိန်စံညွှန်းတစ်ခုအဖြစ်လည်း သတ်မှတ်တိုင်းတာနိုင်ကြသည်ဟူသော လွန်ကဲသည့်လက်ခံယူဆမှုကြီးတစ်ခု ရှိနေပါသည်။ ကျွန်ုပ်တို့အားလုံးသိထားကြသည့်အတိုင်း ခရစ်ယာန်မဟုတ်သောသူများနှင့် ခရစ်ယာန်ဘာသာကို ဆန့်ကျင်သောသူများပင်လျှင် သင့်တင့်လျောက်ပတ်သည်ဟု ထင်မှတ်ရသောအကျင့်ကောင်းများကို ကျင့်ကြံနေကြပါသည်။ အကျင့်သည် လူတစ်ယောက်၏နောက်ခံအခြေအနေနှင့်လည်းကောင်း၊ ပင်ကိုစရိုက်နှင့်လည်းကောင်း ဆက်စပ်နိုင်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ကြီးထွားခြင်း၌လည်းကောင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတွင်လည်းကောင်း မတူကွဲပြားသောနှုန်းထားဖြင့် တိုးတက်နေကြရပါသည်။ အမြဲလိုလိုလျစ်လျူရှုထားကြခြင်းခံသည့် အခြားပြဿနာတစ်ခုမှာ ကယ်တင်ရာသို့ရောက်ကြောင်းကို သက်သေပြန်ရန်အတွက် ကောင်းသောအကျင့် မည်မျှလိုအပ်သည်ကို မည်သူကမျှ တရားဝင်ကြေငြာထားခြင်းမရှိခြင်းဖြစ်သည်။ ၂း ၁၄–၂၆ ၌ ရှင်ယာကုပ်က သတ်သတ်မှတ်မှတ်လိပ်မူပြောဆိုထားသည့် အကျင့်များတွင် ဆင်းရဲသားများ (သို့) ချို့တဲ့သောသူများအား ကရုဏာတရားကို ပြသခြင်းပါဝင်သည်။ ၎င်းသည် ရှင်ယာကုပ်၏ ကနဦးဆွေးနွေးချက်ဖြစ်ခဲ့သည်။ (၎ယ် ၁ ၁၃)

ဤကျမ်းချက်သည် ရှင်းလင်းချက်ရေးသားပြုစုသူများနှင့် အနက်ဖွင့်ဘာသာပြန်ဆိုသူများကို ရာစုနှစ်များ တစ်လျှောက်လုံး၌ အခက်အခဲအမျိုးမျိုးကို ပေးခဲ့သည့်နည်းတူ၊ ကျွန်ုပ်တို့အနေဖြင့်လည်း ကျမ်းပြုဆရာ၏ ရည်ရွယ်ချက်ကိုလည်ကောင်း၊ ယုံကြည်ခြင်းနှင့် အကျင့်အကြောင်း ၎င်းထုတ်ဖော်ပြောဆိုထားသည့် ကျမ်းစကားအဆက်အစပ်ကိုလည်းကောင်း လေ့လာအကဲခတ်ခြင်းသက်သက်ဖြင့် ပြဿနာကိုဖြေရှင်းနိုင်ပါသည်ဟုပြောလျှင် အရဲစွန့်၍အကြံပြုပါရစေလား။ ထိုသို့ပြုလုပ်လျှင် **က** သမ္မာတရားနှင့် **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်တို့ကြား၌ မည်သည့်အရာကို ရွေးချယ်ရမည်မှာ အလျင်အမြန်သိသာထင်ရှားလာပါသည်။

ကျွန်ုပ်တို့အမြဲမကြာပြုလုပ်ကြသည့်အတိုင်း ဤဩဝါဒစာကိုဖတ်ရှုသာစာဖတ်

သူတို့မှာ မည်သူများဖြစ်ကြသနည်းဟူသောအချက်ကို လေ့လာအကဲခတ်ခြင်းဖြင့် ကျွန်ုပ်တို့အစပြုကြပါသည်။ အထက်၌ပြုလုပ်ခဲ့သည့် ၁း၁၅ နှင့် ၂း ၁၂–၁၃ တို့၏ ကနဦးဆွေးနွေးမှုများတွင် စာဖတ်သူများသည် ခရစ်ယာန်များ အသေအချာဖြစ်ခဲ့ကြကြောင်းကို ကျွန်ုပ်တို့သက်သေပြခဲ့ကြပြီးဖြစ်သည်။ ဤအချက်သည် ၂း၁ နှင့် ၂း၁၄ တွင် ရှင်ယာကုပ်က မိမိ၏စာဖတ်သူတို့ကို "ငါ့ညီအစ်ကိုတို့" ဟု တဖန်လိပ်မူပြောကြားချိန်တွင် ကျွန်ုပ်တို့၏ကျမ်းချက်၌ ပြန်ပါလာပါသည်။ ၂း၁ တွင် ရှင်ယာကုပ်က စာဖတ်သူတို့အား ၄င်းတို့သည် "ဘုန်းကြီးတော်မူသော ငါတို့သခင်ယေရှုခရစ်ကိုယုံကြည်ခြင်းအမှု" ကိုပြုကြရန်အသိပေးထားပါသည်။

အခြားသောအချက်တစ်ခုမှာ သာ၍ကျယ်ပြန့်သော ကျမ်းစကားအဆက်အစပ်မှဖြစ်သည်။ ၁း၁၉–၂၀ တွင် ရှင်ယာကုပ်က မိမိ၏စာဖတ်သူတို့အား "ချစ်သောညီအစ်ကိုတို့" ဟု လိပ်မူထားသည်နှင့်အမျှ၊ ၄င်းသည် မိမိ၏ စာဖတ်သူတို့ကို ၄င်းတို့၏ကြားနာခြင်း (နာခံခြင်း)၊ ၄င်းတို့၏ပြောဆိုခြင်း၊ ၄င်းတို့၏ဒေါသကိုချုပ်တည်းခြင်းတို့ကို လိပ်မူပြောဆိုခြင်းဖြင့် အသက်တာ၌ ဘုရားသခင်၏လက်တွေ့ကျသော ဖြောင့်မတ်ခြင်းကိုဖော်ဆောင်ကြရန် ကူညီပေးဖို့ရည်ရွယ်ပါသည်။ လူအများစုက အရေးပါ၍ အဓိကကျသော ဤကျမ်းပိုဒ်ငယ်များက သြဝါဒစာ၏အနှစ်ချုပ်ကောက်ကြောင်း (outline)ကို ဖော်ပြပေးထားသည်ဟု လေ့လာအကဲခတ်ထားကြသည်။ ရှင်ယာကုပ်သည် မိမိ၏ခရစ်ယာန် စာဖတ်သူတို့ကို ဘုရားသခင်၏နှုတ်ကပတော်အား နာခံခြင်းပါဝင်သည့် ဖြောင့်မတ်သောအသက်တာဖြင့်အသက်ရှင်ကြရန် ကူညီပေးဖို့ရေးသားထားခြင်းဖြစ်သည်။

ဤနေရာတွင် တမန်တော်ရှင်ပေါလုနှင့် ရှင်ယာကုပ်တို့၏ မတူကွဲပြားသောချဉ်းကပ်ပုံများအကြောင်း အရံမှတ်ချက်တစ်ခုကို ကျွန်ုပ်တို့ဖြည့်စွက်ကောင်း ဖြည့်စွက်ရပါလိမ့်မည်။ ရှင်ပေါလုသည်လည်း မိမိ၏စာဖတ်သူတို့အား ဖြောင့်မတ်သောအသက်တာဖြင့် ရှင်သန်ကြရန် ကူညီပေးဖို့ရေးသားခဲ့ပါသော်လည်း၊ ရှင်ယာကုပ်နှင့်မတူသောနည်းလမ်းဖြင့် ငြင်းခုံခဲ့ပါသည်။ ရှင်ပေါလုသည် ကျေးဇူးတော်၌တည်မှီသော ဧဝံဂေလိတရားနှင့် ၄င်းတရားတော်၏ အကျိုးရလဒ်များဘက်မှ ငြင်းခုံထားပါသည်။ ရှင်ပေါလုအဖို့ အကျင့်နှင့်ကင်းသောယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ရသော်လည်း၊ ၄င်းသည် ခရစ်ယာန်တို့၌အပြစ်ဒုစရိုက်ကို အောင်နိုင်ရန်အခွင့်ပေးသော ဘုရားသခင်နှင့်အသစ်သော နှီးနွယ်ရမှုအနေအထား၌လည်းကောင်း၊ အသစ်သောတန်ခိုးတော်၌လည်းကောင်း အကျိုးဆက်ဖြစ်ပေါ်ပါသည်။ ရှင်ပေါလုအတွက် အကျင့်နှင့်ဖြောင့်မတ်စွာရှင်သန်ခြင်းတို့သည် ဘုရားသခင်၏ကျေးဇူးတော်အပေါ်၌ ကျွန်ုပ်တို့ ကျေးဇူးတင်ကြောင်းကိုပြသန်ရန် ရှင်သန်နိုင်သောနည်းလမ်းများဖြစ်သည်။ (ရောမ ၁၂း ၁–၂) သို့သော်၊ ရှင်ယာကုပ်သည် လက်တွေ့ကျ၍ နောက်ဆုံးသောကာလနှင့်စပ်ဆိုင်သော

စေ့ဆော်တိုက်တွန်းချက်များဘက်မှ ငြင်းခုံထားသည်။ မည်သူကူညီခြင်းခံရပါသနည်း။ စာဖတ်သူတို့ရင်ဆိုင်ရမည့် အနာဂတ်တရားစီရင်ခြင်း၏ အကျိုးဆက်လိုင်းဂယက်များမှာအဘယ်နည်း။

ဤကျမ်းချက်တွင် အနာဂတ်တရားစီရင်ခြင်းကို မကြာခဏလျစ်လျူရှုထားတတ်ကြသည်။ သို့သော် ၂း ၁၄–၂၆ သည် ဤတရားစီရင်ခြင်းအကြောင်းကို ပြောထားသည့် အဖွင့်ပိတ်နှစ်ခုဖြင့် ကွင်းခတ်ထားပါသည်။ ပထမ အဖွင့်ပိတ်ကို ၂း၁၃ တွင် ကျွန်ုပ်တို့ သုံးသပ်ဆင်ခြင်းခဲ့ကြပြီးဖြစ်ကာ ၄င်းသည်ခရစ်တော်၏ တရားပလွှင့်အကြောင်းကို ပြောပြနေခြင်းဖြစ်သည်ဟု ကောက်ချက်ချခဲ့ကြပါသည်။ အခြားအဖွင့်ပိတ်တစ်ခုမှာ ၃း၁တွင်ရှိပြီး၊ ၄င်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သွန်သင်ပေးသော သူများအတွက် "သာ၍ကျပ်တည်းသောစစ်ကြောစီရင်ခြင်း" အကြောင်းကိုသတိပေးထားပါသည်။ ဤစစ်ကြောစီရင်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဂရုမစိုက်အလေးမထားဘဲ သွန်သင်ပေးသော ခရစ်ယာန်များအတွက် စစ်ကြောစီရင်ခြင်းမှ တပါးအခြား မည်သည့်အရာဖြစ်နိုင်ပါ မည်နည်း။ ရှင်ပေါလုက ရင်းနှီးမှုရှိသောအသုံးအနှုန်းဖြစ်သည့် "ငါတို့"ဖြင့် ကိုယ့်ကိုယ်ကို ဤဆရာများနှင့် တစ်အုပ်စုတည်းဖြစ်ကြောင်းသတ်မှတ်ထားပါသည်။ ရှင်ပေါလုသည် ၄င်းကိုယ်တိုင်နှင့်၊ စာဖတ်သူများအလယ်မှ ဘုရားသခင်၏ နှုတ်ကပတော်ကို သွန်သင်ပေးသည့်အခြားဆရာများကို ထည့်သွင်းစစ်ကြောမည့် မည်သည့်စစ်ကြာစီရင်ခြင်းကိုပြောနေကြပါသည်။ ခရစ်တော်၏တရားပလွှင့်သာဖြစ်နိုင်သည်။

ဤလေ့လာအကဲခတ်မှုများက ဤကျမ်းချက်ကို **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်အစဉ်အလာမှ တိမ်းစောင်းသွားစေ၍ **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ဆီသို့ ယိမ်းယိုင်သွားစေပါသည်။ ကျမ်းချက်တစ်ချက်လုံး၏ ရှည်လျားသော ရှင်းလင်းချက်ကိုပေးမည့်အစား၊ **ခ** သမ္မာတရားအမြင်ကို အားဖြည့်ပေးသည့် ဆီလျော်အပ်စပ်မှုရှိသောအချက်အချို့ကိုပြုလုပ်ခြင်းက ကျွန်ုပ်တို့အတွက်ပို၍ အထောက်အကူဖြစ်ပါလိမ့်မည်။

ပထမအနေဖြင့်၊ ဤအပိုင်း၏နောက်ခံတွင် ဘွားခနဲပေါ်လာသည့် ခရစ်တော်၏တရားပလွှင့်က အခန်းငယ် ၁၄ ၌ "ထိုယုံကြည်ခြင်းသည် ထိုသူကိုကယ်တင်နိုင်သလော"ဟုဆိုထားသည့် ရှင်ယာကုပ်ပြောဆိုနေသော ကယ်တင် ခြင်း၏သဘောသဘာဝကို နားလည်ရန်ကူညီပေးပါသည်။ မည်သည့်အရာမှ ကယ်တင်ခံရပါမည်နည်း။ ဤနေရာ၌ အပယ်ငရဲကိုယူဆောင်တင်သွင်းလာ၍ အပါယ်ငရဲမှကယ်တင်ခံရခြင်းဖြစ်သည်ဟုဆိုလိုစေခြင်းသည် သဘာဝမကျသကဲ့သို့၊ ငြင်းခုံဆွေးနွေးချက်ရှိ မည်သည့်နေရာနှင့်မျှဆီလျော်ကိုက်ညီမှုမရှိပါ။ အချို့က ကယ်တင်ခြင်းမခံရသော အခြေအနေတွင် ရှိနေကြသည့် ယုံကြည်သောနတ်ဆိုးတို့ကိုလည်းကောင်း (ငယ် ၁၉) ၊ အာဗြဟံနှင့် ရာခပ်တို့၏

ဖြောင့်မတ်ရာသို့ရောက်ခြင်းကိုလည်းကောင်း (၎ယ် ၂၁၊ ၂၄–၂၅) ထောက်ပြကောင်း ထောက်ပြကြပါလိမ့်မည်။ ဤအကြောင်းအရာကိုနောက်ပိုင်းတွင် ကျွန်ုပ်တို့ဆွေးနွေးသွားပါမည်။ *ကယ်တင်သည်* ***(save)*** ဟူသော စကားလုံးသည် မလိုလားအပ်သောကံကြမ္မာတစ်ခုမှ ကယ်နှုတ်ခံရခြင်းကိုဆိုလိုပြီး၊ ၄င်းစကားလုံးသည် အပယ်၎ရဲမှထာဝရကယ်တင်ခြင်းအယူအဆအပြင် အခြားတွင်လည်း မကြာခဏအသုံးပြုကြကြောင်းကို ကျွန်ုပ်တို့သိရှိထားကြပါသည်။ ရှင်ယာကုပ်က ဤစကားလုံးကိုမလိုလားအပ်သောကြမ္မာတစ်ခုမှကယ်နှုတ်ခြင်းကိုရည်ရွယ်၍ ခရစ်ယာန်များအတွက် ၁း၂၁၊ ၅း၁၅၊ ၅း၂၀ တို့တွင် အသုံးပြုထားပါသည်။(တုန့်ပြန်နိုင်စွမ်းကင်းသောဝိညာဉ်ရေးထုံထိုင်းမှု သို့မဟုတ် ရုပ်ခန္ဓာသေခြင်း၊ ယာကုပ် ၁း၁၅ အား ဆွေးနွေးထားချက်ကိုကြည့်ပါ။) ၂း၁၄–၂၆ ၏ကျမ်းစကားအဆက်အစပ်တွင် အခြေခံ၍ပြောရလျှင်၊ ကယ်တင်ခြင်းသည် ခရစ်တော်၏တရားပလ္လင်၌ကြုံတွေ့ရမည့် မလိုလားအပ်သောကံကြမ္မာတစ်ခုမှ ကယ်နှုတ်ခံရခြင်းဖြစ်ရပေမည်။ စာဖတ်သူတို့သည် ချိုးငဲ့သောသူများအပေါ်၌ ကရုဏာတရားကို မပြသကြလျှင် "အဘယ်အကျိုးရှိသနည်း" (၎ယ် ၁၆)။ ချိုးငဲ့သောသူများမှာ ကူညီမစခြင်းမခံရသကဲ့သို့ စာဖတ်သူတို့မှာလည်း *ခရစ်တော်၏တရားပလ္လင်* ***(bema)*** တွင် တရားစီရင်ခြင်းခံကြရမည်ဖြစ်သည်။ (၂း၁၃)

အခြားဖြေရှင်းရမည့် ပြဿနာတစ်ခုမှာ အခန်း၎ယ် ၁၇ နှင့် ၂၆ တို့၌ တွေ့ရသည့် "အသေဖြစ်ခြင်း"(dead)၏အဓိပ္ပါယ်ဖြစ်သည်။ သမ္မာတရားအနက်ဖွင့် ဘာသာပြန်ဆိုချက်အစဉ်အလာက *အမှန်တကယ်မရှိခြင်း* ***(non- existent)*** အဓိပ္ပါယ်မျိုးကို အတင်းအကျပ်ပြောဆိုနေပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကရုဏာတရားကို မပြသသောသူများသည် ကယ်တင်ခြင်းကိုမရရှိကြသကဲ့သို့ ဘယ်တုန်းကမှလည်း ကယ်တင်ခြင်းကိုမရရှိခဲ့ကြပါဟူ၍ ဖြစ်သည်။ ၄င်းတို့၏အယူအဆတွင် သေနေသောယုံကြည်ခြင်းသည် ယုံကြည်ခြင်းလုံးလုံးမဟုတ်ပါ။ သို့သော် သာ၍ကြီးမားကျယ်ပြန့်သောကျမ်းစကားအဆက်အစပ်က ယုံကြည်ခြင်းနှင့်ဆက်စပ်၍ *သေခြင်း* (သို့) *အသေဖြစ်ခြင်း*၏အခြားအဓိပ္ပါယ်ဆီသို့ ကျွန်ုပ်တို့ကို ဆောင်ယူသွားပါသည်။ ရှင်ယာကုပ်သည် မိမိ၏စာကို ဖတ်ရှုသောသူတို့၏ ယုံကြည်ခြင်းအစစ်အမှန်ဖြစ်မှုအကြောင်းကို အမှုထားပြောဆိုနေခြင်းမဟုတ်ပါ။ ထိုယုံကြည်ခြင်း၏အရည်အသွေး (၁း၃၊၆၊၂း၁၊၅း၁၅) နှင့် အသုံးဝင်မှု (၁း၁၂၊၂၆၊ ၂း၁၄၊၁၆၊၂၀) တို့အကြောင်းကို ပြောဆိုနေခြင်းဖြစ်သည်။ ရှင်ယာကုပ်က ယုံကြည်ခြင်းသည်အကျင့်တွင်အလိုအလျောက် ထင်ရှားလိမ့်မည်ဟုပြောဆိုနေခြင်း မဟုတ်ပါ။ အကျင့်နှင့်ကင်းလျှင် ထိုယုံကြည်ခြင်းသည် ဤဘဝ၌လည်းကောင်း၊ နောင်ဘဝလည်ကောင်း အသုံးမဝင် (သို့) အကျိုးမရှိဟုသာ ပြောနေခြင်းဖြစ်သည်။ ရှင်ယာကုပ်အဓိကအမှုထားသော ကိစ္စမှာမိမိ၏ စာဖတ်ရှုသောသူတို့အနေဖြင့် "တရားကိုကျင့်သောသူများ" ဖြစ်လာကြဖို့ဖြစ်သည်။ (၁း၂၂) ၄င်းသည် "မိမိကျင့်သော

အကျင့်၌မင်္ဂလာရှိသောသူ" ဖြစ်မည့် "အကျင့်ကျင့်သောသူ" တစ်ဦးဖြစ်ခြင်းနှင့် အတူတူပင်ဖြစ်သည်။ (၁း၂၅) ဥပမာ၊ စစ်ကြောစုံစမ်းခြင်းများကို သည်းခံကျော်လွှားသောယုံကြည်ခြင်းသည် ဘုရားသခင်ထံမှ ဆုလာဘ်ကို ထိုက်ထိုက်တန်တန်ရရှိ၍ (၁း၃–၁၂)၊ သူတစ်ပါးအပေါ်၌ ကရုဏာတရားကိုပြသသောယုံကြည်ခြင်းသည် ခရစ်တော်၏တရားပလ္လင်တွင် ဘုရားသခင်၏ကရုဏာတော်ကို ရရှိမည်ဖြစ်သည်။ (၂း၈–၁၃) သို့သော်၊ အကျင့်နှင့်ကင်းသောယုံကြည်ခြင်း (အလုပ်မလုပ်သောယုံကြည်ခြင်း)သည် အထက်ပါ ကောင်းကြီးမင်္ဂလာများအတွက် *အသုံးမဝင်* သကဲ့သို့၊ သူတစ်ပါးကိုကူညီရာ၌လည်း *အသုံးမဝင်ပါ* (၁း၂၆၊ ၂း၂၀ တို့က "အသုံးမဝင်ခြင်း" "useless" ကို NASB နှင့်အခြားကျမ်းစာများတွင်အသုံးပြုထားသည်။) ထို့ကြောင့်၊ သေခြင်း (သို့) အသေဖြစ်ခြင်း ဟူသောစကားလုံးကို *အမှန်တကယ်မရှိခြင်း (non-existent)* ဟုနားလည်ရမည့်အစား *အသုံးမဝင်ခြင်း (useless)* သို့မဟုတ် *အကျိုးမရှိခြင်း (unprofitable)* ဟုပို၍နားလည်သင့်သည်။ ဤစကားလုံးကို ဤအဓိပ္ပါယ်မျိုးဖြင့် ကျွန်ုပ်တို့၏နေ့စဉ်သုံးစကားတွင်လည်း အသုံးပြုကြပါသည်။ ဘက်ထရီသေ သွားတယ်။ ခန္ဓာကိုယ်ကသေသွားပြီ။ စီမံကိန်းကသေသွားပြီ စသည်ဖြင့်အသုံးပြုကြပါသည်။ ထိုသို့ ကျွန်ုပ်တို့ပြောဆိုရာတွင် ဘက်ထရီ၊ ကိုယ်ခန္ဓာ၊ စီမံကိန်းစသည့် အရာများမရှိတော့ခြင်းကို မဆိုလိုကြပါ။ ကျွန်ုပ်တို့ဆိုလိုသောအရာမှာ ထိုအရာများအနေဖြင့် အသုံးဝင်သောအရာများဖြစ်လာဖို့ရန်အတွက် သက်ဝင်လှုပ်ရှားမှုမရှိကြတော့ခြင်းကိုဆိုလို၏။

၂း၁၉ တွင် နတ်ဆိုးများ၏ ယုံကြည်ခြင်းကလည်း အကျင့်နှင့်ကင်းသောယုံကြည်ခြင်း၏အသုံးမဝင်မှုကိုပြသနေပါသည်။ ဤကျမ်းပိုဒ်ငယ်သည် ကယ်တင်ခြင်းအကြောင်းကို ပြောဆိုထားခြင်းမဖြစ်နိုင်ပါ။ အကြောင်းမှာ၊ နတ်ဆိုးများသည် ကယ်တင်ခြင်းသို့မရောက်နိုင်ကြသောကြောင့်ဖြစ်သည်။ နတ်ဆိုးများ၏ကံကြမ္မာနှင့် ပြစ်ဒဏ်ချမှတ်ခြင်းတို့မှာ တံဆိပ်ခတ်ဆုံးဖြတ်ပြီးသားဖြစ်သည်။(မဿဲ ၈း၂၉၊ ၂၅း၄၁၊ ယုဒ ၆) ထိုသို့ဖြစ်သောကြောင့် ၄င်းတို့သည် ဘုရားသခင်၏အကြောင်းကိုစဉ်းစားမှတ်မိချိန်တွင်ကြောက်ရွံ့တုန်လှုပ်ကြရခြင်းဖြစ်သည်။ ထို့အပြင်၊ ၄င်းတို့၏ ယုံကြည်ချက်သည် ဘုရားတစ်ဆူတည်းသာရှိသည်ဟူသော အယူဝါဒတွင်ဖြစ်သည်။ သခင်ယေရှုခရစ်ကို မဟုတ်ပါ။ ၄င်းတို့ကိုဖော်ပြခြင်းဖြင့် အဓိကပြောကြားလိုသောအကြောင်းအရာမှာ ၄င်းတို့သည်ကြောက်ရွံ့တုန်လှုပ်ခြင်းသာရှိကြပြီး၊ ၄င်းတို့ရင်ဆိုင်ရမည့် ကြောက်မက်ဖွယ်ကောင်းသောတရားစီရင်ခြင်းကို လျော့ပေါ့သက်သာစေရန် ကောင်းသောအကျင့်တစ်ခုကိုမျှ မကျင့်ကြံကြဟူသောအချက်ဖြစ်သည်။ ၄င်းတို့၏ယုံကြည်ခြင်းသည် အသုံးမဝင်ပါသော်လည်း၊ ထိုယုံကြည်ခြင်းမှာရှိနေမြဲဖြစ်ပြီး၊ ယုံကြည်ခြင်းစစ်စစ်တစ်ခုလည်းဖြစ်သည်။ ဤကျမ်းချက်သည် မကြာခဏတလွဲ အသုံးပြုခြင်းကိုခံရသောကြောင့် သီးသန့်ဆွေးနွေးဖို့ထိုက်တန်ပါသည်။ သို့သော်၊ ထိုဆွေးနွေးမှုသည် ကျမ်းစကားအဆက်အစပ်ပြင်ပတွင်

မဖြစ်မြောက်နိုင်ပါ။ ဤကျမ်းပိုဒ်၏ **က** သမ္မာတရားအနက်ဖွင်ဘာသာပြန်ဆိုချက်က လူတို့သည် ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ကယ်တင်ခြင်းသို့မရောက်နိုင်၊ အကျင့်ကိုလည်း သက်သေထင်ရှားပြသရန်လိုအပ်သည်ဟု ငြင်းခုံလေ့ရှိသည်။ ဤအယူအဆ၌ ရှိနေသောပြဿနာများကို ယခုသိမြင်သင့်နေပြီဖြစ်သည်။ အခန်းငယ် ၁၉ သည် လူသားတို့အကြောင်းမဟုတ်၊ နတ်ဆိုးတို့အကြောင်းကိုပြောပြနေခြင်းဖြစ်ပြီ၊ သခင်ယေရှု ခရစ်ကို ယုံကြည်ခြင်းအကြောင်းမဟုတ်၊ ဘုရားတစ်ဆူတည်းသာရှိခြင်းကို ယုံကြည်ခြင်း အကြောင်းကို ပြောပြနေခြင်းဖြစ်သည်။

၂း၁၄–၂၆ ၏ **က** သမ္မာတရားအယူအဆကို ကိုင်စွဲထားသောသူများက ဖြောင့်မတ်ရာသို့ရောက်ခြင်းအား ရှင်ယာကုပ်အသုံးပြုထားပုံကို တမန်တော်ရှင်ပေါလု အသုံးပြုပုံကဲ့သို့ ကယ်တင်ရာသို့ရောက်ခြင်းအဓိပ္ပါယ်မျိုးဖြင့် အနက်ဖွင့်ဘာသာပြန်ဆို ထားကြသည်။ သို့သော်၊ ရှင်ယာကုပ်က "အကျင့်အားဖြင့်ဖြောင့်မတ်ရာသို့ရောက်သည်" (ငယ် ၂၁၊ ၂၄၊ ၂၅) ဟုပြောဆိုရာတွင် ရှင်ပေါလုသုံးနှုန်းသကဲ့သို့ ကျွန်ုပ်တို့ကို ထာဝရကယ်တင်ပေးသော လွဲပြောင်းသွတ်သွင်းခြင်းခံ ဖြောင့်မတ်ရာသို့ရောက်ခြင်း (imputed justification) (ရောမ ၃း၂၄၊ ၄း၅) ကိုပြောနေခြင်းမဟုတ်ပါ။ ထိုသို့သာဆိုလျှင် ဤအရာသည် သမ္မာကျမ်းစာ၌ဆန့်ကျင်ပြောဆိုမှုစစ်စစ်သာဖြစ်ခဲ့ပါလိမ့်မည်။ ရှင်ယာကုပ်သည် အခြားသူများရှေ့၌ *အပြစ်မရှိကြောင်းသက်သေထူရှင်းလင်းထင်ရှားစေခြင်း (vindication)* အကြောင်းကို ပြောနေပါသည်။ ဖြောင့်မတ်ရာသို့ရောက်သည် (justify) ဟူသောစကားလုံး၏ ယင်းကဲ့သို့အသုံးပြုပုံကို ရှင်ပေါလုကလည်း ရောမ ၄း၂ တွင် အသိအမှတ်ပြုလက်ခံထားပါသည်။ ထိုကျမ်းချက်တွင် အာဗြဟံသည် ဘုရားသခင်၏ ရှေ့တော်၌မဟုတ်၊ လူတို့၏ရှေ့တွင် အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်နိုင်ခဲ့ကြောင်းကို အကြံပြုထားသည်။ သမ္မာကျမ်းစာတွင် ဖြောင့်မတ်ရာသို့ရောက်ခြင်းနှစ်မျိုးရှိသည်။ ပထမမျိုးအစားသည် ကျွန်ုပ်တို့၌ အပြစ်မရှိကြောင်းကို လူအများရှေ့၌ သက်သေထူပေးသော လက်တွေ့ကျကျဖြောင့်မတ်ခြင်းနှင့်သက်ဆိုင်ပြီး၊ ဒုတိယအမျိုးအစားသည် ကျွန်ုပ်တို့၌အပြစ်မရှိကြောင်းကို ဘုရားသခင်၏ရှေ့တော်၌ သက်သေထူပေးသည့် တရားရေးရာနှင့်ဆိုင်သော ဖြောင့်မတ်ခြင်းနှင့်သက်ဆိုင်သည်။ ရှင်ယာကုပ်သည် လက်တွေ့ကျကျဖြောင့်မတ်ခြင်းအဓိပ္ပါယ်မျိုးကို အထင်အရှားအသုံးပြုထားပါသည်။ အကြောင်းမှာ၊ အာဗြဟံသည် ကမ္ဘာဦး ၂၂ တွင် ဣဇာက်ကို ဘုရားသခင်ထံယဇ်ပူဇော်ခြင်းမပြုလုပ်မီတွင် (၂း၂၁)၊ ကမ္ဘာဦး ၁၅း၆ ၌ တရားဥပဒေအရ ဖြောင့်မတ်ရာသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ (၂း၂၃)

အာဗြဟံအားလူအများက အပြစ်ကင်းကြောင်းသက်သေထူချက်ကို ထိုသူတို့က အာဗြဟံအား "ဘုရားသခင်၏အဆွေ" ဟုခေါ်ဆိုချိန်တွင်တွေ့မြင်ရပါသည်။ (ငယ် ၂၃) အာဗြဟံသည် ဤယုံကြည်ခြင်းကို လက်တွေ့ပြခဲ့ခြင်းဖြင့်မိမိ၏ ယုံကြည်ခြင်းကို

"စုံလင်"စေခဲ့သည်။ (သို့) ရင့်ကျက်စေခဲ့ပါသည်။ (၎ယ် ၂၂) ရာခပ်သည်လည်း ထိုအတိုင်းပင်ဖြစ်ခဲ့သည်။(၎ယ် ၂၅)

၂း၂၆ တွင် ရှင်ယာကုပ်က အကျင့်သည်ယုံကြည်ခြင်းကို အသက်ဝင်သန်စွမ်းစေသည်ဟုမဆိုထားပါ။ အကျင့် ကသာယုံကြည်ခြင်းကို အသက်ဝင်သန်စွမ်းစေသည်ဟုဆိုထားသည်။ ကိုယ်ခန္ဓာကိုအသုံးဝင်စေသောအရာမှာဝိညာဉ် ဖြစ်သကဲ့သို့၊ ယုံကြည်ခြင်းကို အသုံးဝင်စေသောအရာမှာအကျင့်ဖြစ်သည်။ အဓိကပြောကြားလိုသောအရာမှာ လူတစ်ယောက်တွင်ယုံကြည်ခြင်းရှိသည် မရှိသည်ဟူသောအချက်မဟုတ်၊ ထိုယုံကြည်ခြင်းသည် ခရစ်ယာန်တစ်ယောက်အတွက် မည်သို့အကျိုးရှိလာသည် (သို့) အသုံးဝင်လာသည်ဟူသောအချက်ဖြစ်သည်။

ရှင်ယာကုပ်ဩဝါဒစာရှိ ဤကျမ်းချက်သည် ခရစ်ယာန်များအား ကောင်းသောအကျင့်ကိုကျင့်ကြံကြဖို့ ခွန်အားပေးတိုက်တွန်းရန်ရေးသားခဲ့ပြီး၊ ထိုသို့ကျင့်ကြံခြင်းသည် သူတို့၏ယုံကြည်ခြင်းကို ရင့်ကျက်လာစေမည်ဖြစ်သကဲ့သို့၊ ထိုယုံကြည်ခြင်းသည် သူတို့အတွက်လည်းကောင်း၊ အခြားသူများအတွက်လည်းကောင်း အသုံးဝင်လာမည်ဖြစ်သည်။ ရှင်ယာကုပ်နှင့် ရှင်ပေါလုတို့ကြားတွင် ဆန့်ကျင်ဖီလာမှုမရှိပါ။ ရောမဩဝါဒစာ ၃–၅ တွင် ရှင်ပေါလုက သခင်ခရစ်တော်၌ အသစ်သောအသက်တာအား မည်သို့ရရှိနိုင်သည့်အကြောင်းကို ဆွေးနွေးထားပြီး၊ ရှင်ယာကုပ်ဩဝါဒစာတွင် ရှင်ယာကုပ်က ထိုအသစ်သောအသက်တာအား မည်သို့အသုံးဝင်စေနိုင်ကြောင်းကို ဆွေးနွေးထားပါသည်။ အကျင့်အားဖြင့် "စစ်မှန်သော" ယုံကြည်ခြင်းကိုလက်တွေ့ပြသရမည်ဟု ဤကျမ်းချက်အားဖြင့်ဆိုလိုနေလျှင် အကျင့်သည် ကယ်တင်ခြင်းအတွက် ရှောင်လွှဲ၍မရသော လိုအပ်ချက်ဖြစ်လာသည်။ ၄င်းသည် ဧဖက် ၂း၈–၉ နှင့်ဆန့်ကျင်နေပါသည်။ ထို့အပြင်၊ မည်ကဲ့သို့သောအကျင့် (သို့) အကျင့်ပမာဏမည်မျှက ကယ်တင်ခြင်း မှန်ကန်ကြောင်းကို အတည်ပြုပေးသည်ဟူသောစံကို တိတိကျကျဖော်ပြထားခြင်းမရှိပါ။ ဤအရာက အသိအမြင်ဟူသမျှသည်စိတ်ခံစားမှုပေါ်တွင် အခြေခံသည်ဟု ယုံကြည်သောအတွေးအမြင်ဝါဒကို တံခါးဖွင့်ပေးသကဲ့သို့၊ သခင်ယေရှုခရစ်နှင့် *ကိုယ်တော်ရှင်*လုပ်ဆောင်သွားခဲ့သောအမှုတော်ကို ယုံကြည်သောသူအားလုံးသည် ကယ်တင်ခြင်းသို့ ရောက်ရလိမ့်မည်ဟူသော ဘုရားသခင်နှုတ်ကပတ်တော်၏ကတိတော်တည်းဟူသော စိတ်ခံစားမှုပေါ်၌မမူတည်၊ အရှိအတိုင်းမှန်ကန်နေသည့် ကယ်တင်ခြင်း၏အခြေခံအကြောင်းရင်းကိုလည်း လျော့ပါးစေပါသည်။

ဧဝံဂေလိခရစ်ယာန်များစွာက အခြားသူများ၏ ကယ်တင်ခြင်းစီရင်ဆုံးဖြတ်ရန်အတွက် (သို့) လူတို့အပေါ်၌ ဖြောင့်မတ်မှန်ကန်သော ကျင့်ကြံနေထိုင်မှုကို ဖိအားပေးရန်အတွက် ဤကျမ်းချက်ဆီသို့ အလျှင်အမြန်သွားရောက်နေကြသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ယေဟောဝါသက်သေများဂိုဏ်းနှင့် မောမွန်ဂိုဏ်းကဲ့သို့သော အဓိက

ဂိုဏ်းဂဏကြီးများက အထက်ပါအတိုင်းပြုကျင့်ကြပါသည်။ ထိုသို့ပြောဆိုရာတွင် အဖွဲ့အစည်းဂိုဏ်းဂဏကြောင့်အပြစ်ရှိရသည်ဟု ကျွန်ုပ်မဆိုလိုပါ။ ကျွန်ုပ်ဆိုလိုသောအရာမှာ ကယ်တင်ခြင်းအတွက်အကျင့်ကို သတ်မှတ်ပြဋ္ဌာန်းခြင်းသည် သမ္မာကျမ်းစာနှင့်ညီညွတ်သော ခရစ်ယာန်ဘာသာကို အခြားကိုးကွယ်မှုဘာသာများ၊ ဂိုဏ်းဂဏများ၊ ဝါဒများနှင့်ကွဲပြားစေသည့် ကျေးဇူးတော်ကို အချည်းနှီးဖြစ်စေပါသည်ဟူသောအချက်ဖြစ်သည်။

လူတို့အားဌင်းတို့၏ကယ်တင်ခြင်းအရားဝင်ဖြစ်ခြင်းနှင့်စပ်လျဉ်း၍ အကြောက်တရား (သို့) လိပ်ပြာမသန့်ဖြစ်စေခြင်းတို့ဖြင့် ဖိအားပေးခြင်းဖြင့် ဘုရားသခင်ကို ဂုဏ်ကြီးစေသောအကျင့်ကောင်းများကို ဖော်ဆောင်ပေးနိုင်ကြမည်မဟုတ်ပါ။ အကျင့်ကောင်းများသည် ကျွန်ုပ်တို့ကို ကယ်တင်ပေးသောထိုက်တန်မှုမရှိဘဲရရှိသည့် အံ့ဖွယ်ကျေးဇူးတော်အား တုန့်ပြန်ခြင်းဖြစ်သည့် သာ၍မြင့်မြတ်သောစေ့ဆော်မှုများမှသာရောက်ရှိလာရပါမည်။ ထိုကဲ့သို့သော အကျင့်ကောင်းများကို ကျွန်ုပ်တို့ကျင့်ကြံကြသောအခါ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အခြားသူများအတွက်လည်းကောင်း၊ ခရစ်တော်၏တရားပလ္လင်၌ကျွန်ုပ်တို့အား နောက်ဆုံးချင့်တွက်အကဲဖြတ်ရာ၌လည်းကောင်း အသုံးဝင်စေကြပါလိမ့်မည်။ ရှင်ယာကုပ်သည် ဤ **ခ** သမ္မာတရားကို ယုံကြည်သူများ၌ စစ်မှန်သောဖြောင့်မတ်ခြင်းကို ဖော်ဆောင်ပေးရန်အတွက် ရည်ရွယ်ခဲ့ပါသည်။ ၄င်းတို့၏ ကယ်တင်ခြင်းကို သက်သေထူရန်အတွက် မဟုတ်ပါ။

စစ်ကြောစီရင်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း။ (Lest you be condemned)
ရှင်ယာကုပ် ၅း၉

ညီအစ်ကိုတို့၊ စစ်ကြောစီရင်ခြင်းနှင့်ကင်းလွတ်မည့်အကြောင်း၊ အချင်းချင်းငြင်းခုံပြစ်တင်ခြင်းကိုမပြုကြနှင့်။ တရားစီရင်ပိုင်သောသူသည် တံခါးနားမှာရှိတော်မူ၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အခြားသူများနှင့်ငြင်းခုံပြစ်တင်ခြင်းကိုပြုသောသူသည် အပါယ်ငရဲသို့ပစ်ချခံရခြင်းဖြင့် ဒဏ်ခတ်စီရင်ခြင်းကို ခံရမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အခြားသူများနှင့်ငြင်းခုံပြစ်တင်ခြင်းကိုပြုသောသူသည် ခရစ်တော်၏ပလ္လင်တွင်အပျက်သဘောဆောင်လျက် စီရင်ခြင်းခံရမည်ဖြစ်သည်။

ဤကျမ်းချက်၏သဘောထားသည် ၂း၁၂–၁၃ နှင့်တူနေပါသည်။ ၂း၁၂–၁၃

တွင် ရှင်ယာကုပ်၏စာကို ဖတ်ရှုသူတို့သည် တရားစီရင်ခြင်းတစ်ပါးဖြင့် ကြိမ်းဝါးခြင်းကိုခံကြရသည်။ ၅း၇ နှင့် ၁၀ တွင် ရှင်ယာကုပ်က စာဖတ်သူတို့ကို "ညီအစ်ကိုတို့" ဟုခေါ်ဆိုထားပြီး၊ ၄င်းသည် **ခ** သမ္မာတရားအမြင်ကို ညွှန်ပြနေပါသည်။ ဤနေရာတွင် "တရားစီရင်ပိုင်သောသူသည် တံခါးနားမှာရှိတော်မူ၏" ဟုဆိုထားသောကြောင့် ဤတရားစီရင်ခြင်း အချိန်မရွေးဖြစ်လာနိုင်မှုကို အလေးထားပြောဆိုထားသည်။

ဤကျမ်းချက်၌တွေ့ရသောတရားစီရင်ခြင်းသည် သူတစ်ပါးအပေါ်၌ ကရုဏာမရှိခြင်းကြောင့်မဟုတ်၊ အချင်းချင်းအပေါ်၌ငြင်းခုံပြစ်တင်ခြင်းကိုပြုသောကြောင့် ခံရသည့် တရားစီရင်ခြင်းဖြစ်သောကြောင့် ၂း၁၂–၁၃ နှင့် ကွဲပြားနေပါသည်။ လူအချို့ကို **က** သမ္မာတရားအား နှစ်သက်ရွေးချယ်စေသောအရာမှာ စာဖတ်သူတို့အနေဖြင့် "စစ်ကြောစီရင်ခြင်း" ကိုခံရနိုင်သည်ဟူသော ရှင်ယာကုပ်၏ကြိမ်းဝါးသံဖြစ်သည်။ NKJV ကျမ်းကအသုံးပြုသော မူရင်းလက်ရေးစာမူများတွင် အသုံးပြုထားသည့်စကားလုံး (*katakrinô*) သည် *ပြစ်ဒဏ်ချမှတ်သည်* (သို့) *အပျက်သဘောဆောင်သော တရားစီရင်ခြင်းကိုချမှတ်သည်* ဟူ၍ဆိုလိုပါသော်လည်း ၄င်းသည် အပါယ်ငရဲ၌ပြစ်ဒဏ်ချမှတ်ခြင်းကို သေချာပေါက်မရည်ညွှန်းပါ။ "တရားစီရင်ခြင်းခံရသည်" (be judged) ဟူသော အခြားဘာသာပြန်ဆိုချက်ကို ESV, NASB, NET နှင့် NIV ကျမ်းတို့တွင် တွေ့ရသည်။ ထိုကျမ်းများသည် အခြားဂရိမူရင်းလက်ရေးစာမူများ၌ အသုံးပြုထားသည့် *krinô* ဟူသောစကားလုံးကို ၄င်းတို့ဘာသာပြန်ဆိုမှုတွင် အခြေခံထားကြသည်။ မည်သည့်အဓိပ္ပါယ်ပြန်ဆိုချက်နှင့်ဖြစ်စေ၊ ဤစကားလုံးသည် ခရစ်တော်၏တရားပလ္လင်နှင့်ဆိုင်သော ကျမ်းစကားအဆက်အစပ်တွင် အသုံးပြုထားသည်မှာ ထင်ရှားနေပါသည်။ ဤတရားစီရင်ခြင်းသည် ခရစ်ယာန်များရင်ဆိုင်ရမည့် တစ်ခုတည်းသောတရားစီရင်ခြင်းဖြစ်သည်။ (နှိုင်းယှဉ်၊ ရောမ ၁၄း၁၀–၁၃၊ ၁ကော ၄း၅၊ ယာကုပ် ၂း၁၂)

အခြားသူများကို ငြင်းခုံပြစ်တင်ခြင်းက လူတို့ကိုအပါယ်ငရဲသို့ပို့ဆောင်လျှင် ကျွန်ုပ်တို့အားလုံး အခြေအနေကောင်းကြမည်မဟုတ်ပါ။ ပြစ်တင်ငြင်းခုံခြင်းသည် လေးနက်ပြင်းထန်သောအပြစ်ဖြစ်ပြီး၊ ထိုအပြစ်ကိုကျူးလွန်သော ခရစ်ယာန်များသည် လေးနက်ပြင်းထန်သောတရားစီရင်ခြင်းကို ရင်ဆိုင်ကြရပါသည်။

ဝိညာဉ်ကိုသေခြင်းမှကယ်တင်၍ (Save a life from death)ယာကုပ် ၅း၁၉–၂၀

> ၁၉ *ညီအစ်ကိုတို့၊ သင်တို့တွင်တစ်ဦးတစ်ယောက်သောသူသည် သမ္မာတရားလမ်းမှလွဲသွား၍ သူတစ်ပါးသည် ထိုသူကိုပြန်ကောင်းစေလျှင်မူကား၊* ၂၀ *အပြစ်ရှိသောသူကို မှားယွင်းသောလမ်းမှ ပြန်မှန်စေသောသူသည် ဝိညာဉ်ကိုသေခြင်းမှကယ်တင်၍ များစွာသောအပြစ်တို့ကို*

ဖုံးအုပ်တတ်သည်ဟု ထိုသူသည်သိမှတ်စေ။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သမ္မာတရားဆီသို့ ပြန်လှည့်လာသောအပြစ်သားများသည် ထာဝရသေခြင်းမှကယ်တင်ခြင်းကို ခံရပါလိမ့်မည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သမ္မာတရားဆီသို့ ပြန်လှည့်လာသော အပြစ်ကျူးလွန်နေသည့် ခရစ်ယာန်များသည် ကိုယ်နှာသေခြင်း (သို့) ပြုကွဲသွားသောဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းမှ ကယ်တင်ခြင်းခံရပါလိမ့်မည်။

က သမ္မာတရား အနက်ဖွင့်ဘာသာပြန်ဆိုချက်၏ သွယ်ဝိုက်ညွှန်းဆိုမှုတစ်ခုမှာ ဧဝံဂေလိတရား၏ သမ္မာတရားကို လိုလိုလားလားရှိနေသည့် ကယ်တင်ခြင်းမခံရသောသူတစ်ယောက်သည် ထိုသမ္မာတရားကိုမလက်ခံမီတွင် ထိုသမ္မာတရားမှ ကျောခိုင်းလှည့်ပြန်လွှားနိုင်ပြီး၊ အစဉ်ထာဝရပြစ်ဒဏ်ခတ်ခြင်းကို ခံရနိုင်ပါသည်ဟူ၍ဖြစ်သည်။ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်၏ အခြား သွယ်ဝိုက်ညွှန်းဆိုမှုမှာ ယုံကြည်သူတစ်ယောက်သည် "တရားလမ်းမှလွဲသွား၍" (အပြစ်ဒုစရိုက်၌ကျင်လည်၍) ထိုအပြစ်ဒုစရိုက်က သူ့ကိုအပါယ်ငရဲ၌ပြစ်ဒဏ်ချမှတ်သည့်အခိုက် အတန့်တစ်ခုသို့ရောက်ရှိစေနိုင်သည်ဟူသောအချက်ဖြစ်သည်။ ဤအချက်က မေးခွန်ထုတ်စရာဖြစ်နေပါသည်။ ထိုသူသည် ပြစ်ဒဏ်ချမှတ်ခြင်းခံရဖို့အလို့ငှာ၊ အပြစ်ဒုစရိုက်လမ်း၌ ကျင်လည်စဉ်မည်သည့်အခိုက်အတန့်တွင် ကယ်တင်ခြင်းကိုဆုံးရှုံးသွားပါသနည်း။ ဤအရာသည် ကယ်တင်ခြင်းကို ဆုံးရှုံးနိုင်သည်ဟူသော အယူအဆအမြဲ တွဲဖက်ပါလာသည့်ပြဿနာတစ်ခုကြီးတစ်ခုဖြစ်သည်။

ဤကျမ်းချက်သည် "ညီအစ်ကိုတို့" ထံ လိပ်မူပြောဆိုထားပြီး၊ ၄င်းတို့အလယ်မှ "သင်တို့တွင်"အလားအလာရှိသောပြဿနာတစ်ခုကို ပြောဆိုထားသည်။ ဤပုဂ္ဂိုလ် "တရားလမ်းမှလွဲသွား" သည်ဟူသောအချက်က သူသည်ယခင်တွင် ထိုတရားလမ်း၌ရှိခဲ့သူတစ်ယောက်ဖြစ်ခဲ့ကြောင်းကို ပြသနေပါသည်။ ထို့ကြောင့်၊ "အပြစ်ရှိသောသူ" ဟူသောအသုံးအနှုန်းသည် အသက်တာ၏အစိတ်အပိုင်းတချို့တွင် နာခံမှုကင်းမဲ့နေ၍၊ ထိုထက်ဆိုးဝါးသည့်အခြေအနေကို ရောက်ရှိသွားမည့်အန္တရာယ်တွင်ရှိနေသည့် သူတို့အလယ်မှတစ်ယောက်ကိုရည်ညွှန်းပါသည်။ ယုံကြည်ခြင်း၌ရှိနေသည့်သက်ဆိုင်သူညီအစ်ကို၏တာဝန်မှာ ထိုပုဂ္ဂိုလ်ကိုပြန်လှည့်လာစေခြင်းဖြစ်သည်။ ထိုသို့အားဖြင့် ထိုပုဂ္ဂိုလ်၏ "ဝိညာဉ်"သည်"သေခြင်း"မှကယ်တင်ခြင်းခံရမည်ဖြစ်သည်။ *သေခြင်း* သည် တစ်ခါတစ်ရံတွင် ဘုရားသခင်နှင့် မိတ်သဟာယပြုံကွဲခြင်းမှရောက်လာသည့် ဝိညာဉ်ရေးခံစားတုန့်ပြန်နိုင်စွမ်းမရှိခြင်းကို ရည်ညွှန်းပြီး၊ "အသက်"ဟုဖေါ်ပြထားခြင်းက ကိုယ်

ခန္ဓာသေခြင်းအကျိုးဆက်ကိုခွင့်ပြုထားသည်။ (*psyche* ကို ဤနေရာ၌အသုံးပြုထားသည့် "ဝိညာဉ်" ဟုဘာသာပြန်ဆိုခြင်းထက် "အသက်" ဟုဘာသာပြန်ဆိုခြင်းက ပို၍သင့်တော်ပါသည်။ HCSB ကျမ်းစာကိုကြည့်ပါ။ NIV ကမူ "ထိုသူ" him ဟုပြန်ဆိုထားသည်)။ ရှင်ယာကုပ်သည် သေခြင်း၏အဓိပ္ပါယ်ကို ၁း၁၅ – "ဒုစရိုက်သည်လည်းပြည့်စုံလျှင်သေခြင်းကိုဖွားတတ်၏"၌ အသုံးပြုထားသည့်အတိုင်းအသုံးပြုခဲ့ခြင်း ဖြစ်နိုင်သည်။ (ထို့ကြောင့်၊ ပါဝင်ထည့်သွင်းခြင်းကိုပြသည့် ညွှန်ပိတ်များကို ဖန်တီးပေးထားကြပါသည်) ၁း၁၅ ကို ကျွန်ုပ်တို့ ဆွေးနွေးခဲ့ကြစဉ်က အပြစ်ဒုစရိုက်သည် ခရစ်ယာန်တွေ့ကြုံခံစားမှု၌ တုန့်ပြန်နိုင်စွမ်းကင်းမဲ့ခြင်းကိုသာ ဖြစ်စေသည်မဟုတ်၊ ၄င်းသည်ရုပ်ခန္ဓာပျက်စီးယိုယွင်းခြင်းကိုဖြစ်စေကာ၊ အဆုံးတွင် အချိန်မတိုင်မီသေဆုံးခြင်းကို ဖြစ်စေသည့် ရုပ်ပိုင်းဆိုင်ရာ၌ အန္တရာယ်ရှိသော ပြုမူနေထိုင်မှုများလည်း အမြဲလိုလိုပါဝင်သည်ဟု ရှင်ယာကုပ်ရည်ညွှန်းခဲ့နိုင်ကြောင်း ကျွန်ုပ်တို့ဆိုခဲ့ပါသည်။

အခန်းငယ် ၂၀ ရှိ "ကယ်တင်သည်" ဟူသောစကားလုံးသည် အစဉ်ထာဝရကယ်တင်ခြင်းကိုရည်ညွှန်းသည်ဟု အပိုဆောင်း၍ ကောက်ချက်ချသောသူများသည် ပြဿနာတစ်ခုကို ဖန်တီးနေကြပါသည်။ ထိုပြဿနာမှာ တရားလမ်းမှလွဲမသွားခြင်း၊ အပြစ်ကျူးလွန်ခြင်းကိုရပ်တန့်ခြင်း၊ သမ္မာတရားဆီသို့ပြန်လှည့်လာခြင်းစသည့် လုပ်ဆောင်မှုတွင် အခြေခံ၍ကယ်တင်ခြင်းကို ရရှိနိုင်သည်ဟူ၍ဖြစ်သည်။ ဤအရာသည် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ရာသို့ရောက်ရသည်ဟူသော သမ္မာကျမ်းစာ၏ သွန်သင်ချက်မဟုတ်ပါ။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က အပြစ်ကျူးလွန်နေသော ယုံကြည်သည် ငရဲသွားရမည့် အန္တရာယ်မရှိဟုဆိုထားသော်လည်း၊ ထိုသူကျူးလွန်သော အပြစ်၏ လေးနက်ပြင်းထန်မှုကို မငြင်းထားဆိုပါ။ ထိုအပြစ်ဒုစရိုက်သည် ၄င်းနှင့် ဘုရားသခင်၏ မိတ်သဟာယဖွဲ့ခြင်းကို ထုံထိုင်းလျော့ပါးသွားစေ၍၊ အချိန်မတိုင်မီ သေဆုံးခြင်းကို ဖြစ်စေနိုင်ပါသည်။ နာခံမှုမရှိခြင်းလမ်းမှလမ်းကြောင်းလွဲခံရသောသူသည် အသက်ရှင်၍၊ မိမိနှင့်အခြားသူများကို ထိုထက်ပို၍ ထိခိုက်ပျက်စီးစေခဲ့မည့် "များစွာသောအပြစ်တို့" ကိုရှောင်ရှားနိုင်ပါလိမ့်မည်။

အပြစ်ကျူးလွန်နေသော ခရစ်ယာန်တစ်ယောက်ကို "ကယ်တင်ခြင်း" တာဝန်သည် မျှော်လင့်ချက်မရှိသော အခြေအနေဆီသို့ ဦးတည်သွားနေသော ဤပုဂ္ဂိုလ်ကိုမြင်တွေ့သော ကျွန်ုပ်တို့နှင့်သက်ဆိုင်သည်။ သေချာသည်မှာ၊ ၅း၃–၁၈ ရှိကနဦးကျမ်းစကားအဆက်အစပ်က သွယ်ဝိုက်ညွှန်းဆိုထားသည့်အတိုင်း ဆုတောင်းခြင်းသည် ကျွန်ုပ်တို့တာဝန်၏ပဓာနကျသောအပိုင်းဖြစ်သည်။ (နှိုင်းယှဉ်၊ ၁ယော ၅း၁၆) နောက်ဆုံးအနေဖြင့်၊ ရှင်ယာကုပ်က "သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည်" ဟုပြောဆိုထားချက်ကို ကျွန်ုပ်တို့ဂရုပြုသင့်ပါသည်။ ဤအချက်က ကျွန်ုပ်တို့အထဲမှ မည်သူကမျှ

ဤပြင်းထန်သော အပြစ်ဒုစရိုက်နှင့်မလွတ်ကင်းနိုင်ကြကြောင်းကို သွယ်ဝိုက်ပြောဆိုထားပါသည်။ ခရစ်တော်၏ကိုယ်ခန္ဓာ၌ရှိနေကြသောသူများကို ကျွန်ုပ်တို့ကြည့်ရှုစောင့်ရှောက်ကြရင်း၊ ကျွန်ုပ်တို့၏ကိုယ်စီအသက် တာအသီးသီးကိုလည်း ကြည့်ရှုစောင့်ရှောက်ကြပါစို့။

စိတ်ဝိညာဉ်ကိုကယ်တင်ခြင်း။ (Salvation of your soul) ၁ပေ ၁း၉

စိတ်ဝိညာဉ်ကိုကယ်တင်ခြင်းဖြစ်သော ယုံကြည်ခြင်း၏အကျိုးကို သင်ခံယူနေ၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – မိမတို့၏အသက်တာအဆုံးတိုင်ယုံကြည်ခြင်း၌ အပတ်တကုတ်ကြိုးစားအားထုတ်သောသူများကသာလျှင် အစဉ်ထာဝရကယ်တင်ခံရကြောင်းကို သက်သေထူကြပါလိမ့်မည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – မိမိတို့၏ယုံကြည်ခြင်း၌ အပတ်တကုတ်ကြိုးစား အားထုတ်သောယုံကြည်သူများသည် ခရစ်တော်၌ရှိသော မိမိတို့ကောင်းကြီးမင်္ဂလာများ၏ထူးကဲကြွယ်ဝမှုကို ကြုံတွေ့ခံစားကြရပါလိမ့်မည်။

ရှင်ပေတရု၏ဩဝါဒစာကို ဖတ်ရှုသောသူများ၏ဝိညာဉ်ရေးအခြေအနေကို သက်သေပြရန်မှာ လွယ်ကူပါသည်။ သူတို့သည် "ဧည့်သည်အာဂန္တု" (၁း၁)၊ "ရွေးကောက်တော်မူသောသူများ" (၁း၂)၊ "အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သောမျှော်လင့်ခြင်းအကြောင်းရှိစေခြင်းငှါ ...တစ်ဖန်ဖြစ်ဖွားစေတော်မူသော" (၁း၃)၊ "ကောင်းကင်ဘုံ၌သိုထားလျက်ရှိသော" အမွေတော်ကို ပိုင်ဆိုင်ထားသောသူများဖြစ်ကြသည်။ သူတို့သည် "ဘုရားသခင်၏တန်ခိုးတော်အားဖြင့်စောင့်ထိန်းခြင်း"ကိုခံကြရပြီး (၁း၅)၊ သူတို့သည် ဤအရာ၌ "ကြီးစွာဝမ်းမြောက်" (၁း၆) သောသူများဖြစ်ကြသည်။ ယုံကြည်သူများဖြစ်ကြသည့်အလျောက် သူတို့သည်များစွာသော စစ်ကြောခြင်းကိုရင်ဆိုင်ကြရပြီး (၁း၆)၊ ထိုအရာသည် "ယေရှုခရစ်ပေါ်ထွန်းသောသောအခါ"၌ အနာဂတ်ဆုလာဘ်တစ်ပါးအတွက် သူတို့၏ယုံကြည်ခြင်းကို စမ်းသပ်စစ်ဆေးနေပါသည်။ "ယေရှုခရစ်ပေါ်ထွန်းသောအခါ"ဆိုသည်မှာ ခရစ်တော်၏တရားပလ္လင်ကို ရည်ညွှန်းထားခြင်းဖြစ်ပြီး၊ ထိုနေရာတွင် ၄င်းတို့၏သစ္စာရှိခြင်းကို ချင့်တွက်ဆုံးဖြတ်သွားမည်ဖြစ်သည်။ (၁း၇) သူတို့သည် သခင်ယေရှုခရစ်ကိုချစ်ကြ၍၊ ကိုယ်တော်၌ ရွှင်လန်းခြင်းစိတ်နှင့် ဝမ်းမြောက်နေကြပါသည်။ (၁း၈) ဤအရာကို **ခ** သမ္မာတရားဖြစ်သည့် ခရစ်ယာန်များအတွက် ခွန်အားပေးတိုက်တွန်းချက်တစ်ခုအဖြစ်နှင့် အနက်ဖွင့်ဘာသာပြန်ဆိုခြင်းမပြုဘဲ၊ အခြားမည်သည့်

အဓိပ္ပါယ်ဖြင့် အနက်ဖွင့်ဘာသာပြန်ဆိုနိုင်မည်နည်း။

ထို့နောက်အခန်းငယ် ၉ က ၄င်းတို့၏လက်ရှိတွေ့ကြုံနေရသော သစ္စာရှိခြင်း၏လက်တွေ့ဖြစ်တည်မှု "စိတ်ဝိညာဉ်ကိုကယ်တင်ခြင်း"ကို ဖေါ်ပြထားပါသည်။ စာဖတ်သူတို့၏အခြေအနေကိုဖေါ်ပြပြီးနောက်တွင် ဤစကားစုကို သူတို့၏သစ္စာရှိခြင်းအတွက် အတုန့်အပြန်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်စေသောကယ်တင်ခြင်းကို ပေးကမ်းခြင်းတစ်ခုအဖြစ်နှင့် ရှုမြင်ရန်မှာမဖြစ်နိုင်ပါ။ အခန်းကြီး ၄ ၌ မှတ်သားခဲ့ကြသည့်အတိုင်း ကယ်တင်ခြင်းဟူသောစကားလုံးကို ဆိုလိုရင်းအမျိုးမျိုးဖြင့်အသုံးပြုနိုင်ပြီး၊ "စိတ်ဝိညာဉ်" (*psyche* မှ) ဟူသောစကားလုံးကို "အသက်"ဟူ၍ အကောင်းဆုံးဘာသာပြန်ဆိုနိုင်ပါသည်။ "စိတ်ဝိညာဉ်ကိုကယ်တင်ခြင်း"ဟူသောစကားစုသည် ဓမ္မသစ်ကျမ်းရှိအခြားအသုံးပြုပုံများတွင် အပါယ်ငရဲမှကယ်တင်ခံရခြင်းကိုမဆိုလိုပါ။ (မဿ ၁၀း၃၉၊ ၁၆း၂၅–၂၆၊ ယာကုပ် ၁း၂၁၊ ၅း၂၀ တို့အား ဆွေးနွေးထားချက်ကိုကြည့်ပါ) ဤစကားစုအား သခင်ယေရှုအသုံးပြုခဲ့ပုံကို ရှင်ပေတရုပြန်လည်သတိရလာဟန်ရှိသည်ကို တွေ့ရသည်။ သခင်ယေရှုသည် ဤစကားစုကိုအသုံးပြု၍ တပည့်တော်ဖြစ်လာရန် စွန့်လွှတ်အနစ်နာခံမှုအတွက် ဆုလာဘ်တစ်ခုအဖြစ်ပေးသော ဘုရားသခင်၏အသက်ကို ယခုပစ္စုပ္ပန်၌အပြည့်အဝခံစားတွေ့ကြုံရခြင်းကို ဖေါ်ပြပြောဆိုထားသည်။ (မဿဲ ၁၆း၂၅–၂၆၊ နှိုင်းယှဉ် ၁၀း၃၄)

ရှင်ပေတရုပြောဆိုနေသော ကယ်တင်ခြင်းသည် ပစ္စုပ္ပန်၌ အမှန်အကယ်ဖြစ်ပျက်နေသောအရာဖြစ်သကဲ့သို့ အနာဂတ်၌ဖြစ်လာမည့် အလားအလာတစ်ခုလည်း ဖြစ်သည်။ အနာဂတ်ကယ်တင်ခြင်းသည် အခန်းငယ် ၃–၅ ၏အလေးထားပြောဆိုချက်ဖြစ်ပြီး၊ ထိုနေရာတွင် "ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့်ကင်းစင်သောအမွေတော်"နှင့် ဆက်စပ်ထားသည် (ငယ် ၄)။ ဤအမွေတော်သည် စစ်ကြောခြင်းများ၌သစ္စာရှိခြင်းအတွက် "သခင်ယေရှုပေါ်ထွန်းသောအခါ" (ငယ် ၇၊ ခရစ်တော်၏တရားပလွင်ကိုရည်ညွှန်းထားခြင်းသည်) တွင်အပ်နှင်း၍ နိုင်ငံတော်၌ပျော်မွေ့ရမည့် ဘုရားသခင်ပေးသော ဆုလာဘ်ကောင်းကြီးမင်္ဂလာများကို ရည်ညွှန်းထားခြင်းဖြစ်သည်။ စာဖတ်သူတို့သည် ဤအနာဂတ်မျှော်လင့်ချက်၌ ရွှင်လန်းခြင်းစိတ်နှင့် ဝမ်းမြောက်နေကြသကဲ့သို့၊ ဘုရားသခင်ထံမှလာသော ကောင်းကြီးမင်္ဂလာများ၏ထူးကဲကြွယ်ဝမှုကို မိမိတို့၏ပစ္စုပ္ပန်အသက်တာ၌လည်း ပျော်မွေ့ကြရပါသည်။ (ငယ် ၈ တွင် "ယခု" ဟုဖေါ်ပြထားသည်)။ "ယုံကြည်ခြင်း၏အကျိုးကိုသင်ခံယူနေ၏" ဟူသောစကားစုသည် ဆုလာဘ် သို့မဟုတ် နစ်နာကြေးကိုလက်ခံရရှိသော ယုံကြည်သူအတွက် မကြာခဏအသုံးပြုသည့်ကြိယာ (*komizô လက်ခံရရှိသည်*)ကို အသုံးပြုထားသည်။ (နှိုင်းယှဉ်၊ ဟေဗြဲ ၁၀း၃၆၊ ၂ကော ၅း၁၀၊ ကောလောသဲ ၃း၂၅၊ ၁ပေ ၅း၄) စစ်ကြောခြင်းများ၌ဆက်လက်သစ္စာရှိနေခြင်းကို အဓိကရည်မှတ်ထားသောကြောင့် ဤ"ယုံကြည်ခြင်း"သည်

မယုံကြည်သူများကို ဖြောင့်မတ်ရာသို့ရောက်စေသော ယုံကြည်ခြင်းမဟုတ်၊ ယုံကြည်သူများကို သန့်ရှင်းရာသို့ရောက်စေသော ယုံကြည်ခြင်းဖြစ်သည်။ ရှင်ပေတရုသည် စာဖတ်သူတို့ကို အပါယ်ငရဲမှ ကယ်တင်ပေးသော ၄င်းတို့၏ ယုံကြည်ခြင်းအကြောင်းကိုပြောဆိုနေခြင်းမဟုတ်ပါ။ ၄င်းတို့ကို စစ်ကြောခြင်းများ၌ကျရှုံးခြင်းမှလည်းကောင်း (ငယ် ၆)၊ ခရစ်တော်၏တရားပလ္လင်၌ နံချာညံ့ဖျင်းစွာ ချင့်တွက်အကဲဖြတ်ခံရခြင်းမှလည်းကောင်း (ငယ် ၇၊ ၁၇)၊ ဘုရားတရားမဲ့သော အသက်တာမှလည်းကောင်း (ငယ် ၁၄–၁၆) ကယ်တင်ပေးသော ၄င်းတို့၏ယုံကြည်ခြင်းအကြောင်းကို ပြောဆိုနေခြင်းဖြစ်သည်။ သူတို့ခံယူနေရသော ပစ္စုပ္ပန် *ကယ်တင်ခြင်း*၏ ဤအဓိပ္ပါယ်ကို အခန်းငယ် ၂၂ တွင် ပြန်လည်အားဖြည့်ထားသည်။ ထိုကျမ်းပိုဒ်ငယ်တွင် ရှင်ပေတရုက "ဝိညာဉ်" (ကိုယ်စိတ်နှလုံးဟု ယုဒဿန်ကျမ်းတွင် ဘာသာပြန်ဆိုထားပြီး၊ *psyche* မှဖြစ်ကာ *အသက်*ဟူ၍လည်း ဆိုလိုသည်)ကို အသုံးပြုထားပြီး၊ နာခံခြင်းနှင့် ညီအစ်ကိုများကိုချစ်ခြင်းအားဖြင့် ဝိညာဉ်တော်မှဖော်ဆောင်ပေးသော သူတို့၏သန့်ရှင်းစင်ကြယ်ခြင်းအကြောင်းကို ပြောဆိုထားသည်။ ဤအချက်ကို ၄င်း၏အပြုသဘောဆောင်သော ရှုထောင့်မှသုံးသပ်လျှင်၊ စာဖတ်သူတို့သည် သန့်ရှင်းစင်ကြယ်သောအသက်တာတစ်ခုဆီသို့ ကယ်တင်ခြင်းခံခဲ့ကြရသည်ဟု ကျွန်ုပ်တို့ဆိုရပေမည်။

ဤကယ်တင်ခြင်း၏အနာဂတ်သွင်ပြင်လက္ခဏာသည် အခန်းငယ် ၁၀ တွင် အဓိကစူးစိုက်ထားဖြစ်ပြီး၊ ထိုကယ်တင်ခြင်းကို ပရောဖက်များက စစ်ကြောမေးမြန်းရှာဖွေခဲ့ကြသည်ဟု ရှင်ပေတရုက ဆိုထားသည်။ ပရောဖက်တို့သည် ထိုကယ်တင်ခြင်းကို "သင်တို့ခံရသောကျေးဇူးတော်" ဟုရှုမြင်ခဲ့ကြသည်။ ဤအရာကို "သခင်ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ"၌ သူတို့ထံဆောင်ယူလာခဲ့မည့် ကျေးဇူးတော်အကြောင်းကိုပြောထားသည့် အခန်းငယ် ၁၃ နှင့် ကျွန်ုပ်တို့ နှိုင်းယှဉ်လေ့လာသင့်သည်။ "သခင်ယေရှုခရစ်ပေါ်ထွန်တော်မူသောအခါ"သည် အသင်းတော်ကို ချီဆောင်ခြင်းအတွက်လည်းကောင်း၊ တစ်ဆက်တည်းဖြစ်ပျက်မည့် ခရစ်တော်၏တရားပလ္လင်အတွက်လည်းကောင်း သခင်ခရစ်တော်ကြွဆင်းလာခြင်းကို ရည်ညွှန်းသည်။ စာဖတ်သူတို့သည် နာခံမှုရှိစွာ ရှင်သန်နေထိုင်ကြသည်နှင့်အမျှ မိမိတို့၏ကယ်တင်ခြင်းနှင့်စပ်ဆိုင်သော အတွေ့အကြုံရှိယခုပစ္စုပ္ပန်ကောင်းကြီးမင်္ဂလာများကို ပျော်မွေ့ခံစားကြရမည်ဖြစ်ပြီး၊ မျှော်လင့်ချက်ရှိစွာဖြင့် ရှင်သန်နေထိုင်ကြသည်နှင့်အမျှ ထာဝရကာလတွင်ရှိလာမည့် အတွေ့အကြုံတွင်လည်း သာ၍ကြွယ်ဝပြည်စုံသောအသက်တာကို ပျော်မွေ့ခံစားကြရမည်ဖြစ်သည်။ (ငယ် ၁၃)။ အနာဂတ်ကောင်းကြီးမင်္ဂလာများကို "ရောက်လတံ့သောကျေးဇူးတော်"ဟု ရည်ညွှန်းခေါ်ဆိုထားသည်။ အကြောင်းမှာ၊ နိဒါန်းတော်နှင့်စပ်ဆိုင်သောကောင်းကြီးမင်္ဂလာများအား ပေးကမ်းအပ်နှင်းခြင်းသည် နောက်ဆုံးတွင် ဘုရားသခင်၏ကိုယ်ပိုင်အခွင့်အာဏာနှင့်ကတိတော်အပေါ်တွင် မူတည်နေသောကြောင့်ဖြစ်သည်။ အခန်းငယ်

၁၁ ရှိ "ခရစ်တော်ခံရသောဒုက္ခဆင်းရဲကိုငဲ့၊ ဒုက္ခဆင်းရဲခံပြီးမှဝင်စားတော်မူသော ဘုန်းစည်းစိမ်"ဟူသောဖော်ပြချက်သည် စာဖတ်သူတို့၏ပစ္စုပ္ပန်နှင့်အနာဂတ်အတွေ့အကြုံမူများကို ထင်ဟပ်နေပြီး၊ ၄င်းသည် ယခုပစ္စုပ္ပန်၌ဒုက္ခဆင်းရဲကိုသစ္စာရှိရှိဖြင့် သည်းခံကျော်လွှားနေကြသောသူများအတွက် အားပေးတိုက်တွန်းမှုတစ်ခုဖြစ်ခဲ့ပါလိမ့်မည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က ကယ်တင်ရာသို့ရောက်ရှိခဲ့ကြပြီးဖြစ်သော (ဖြောင့်မတ်ရာသို့ ရောက်ရှိခဲ့ကြပြီးသော) ကျွန်ုပ်တို့သည် ဤမျက်မှောက်လောက၏မကောင်းမှုဒုစရိုက်များမှ ကယ်တင်ခြင်းခံရန် (သန့်ရှင်းရာသို့ရောက်ရန်) လိုအပ်ကြောင်းကိုလည်းကောင်း၊ အနာဂတ်၌ခရစ်တော်၏တရားပလ္လင်တွင် ကျွန်ုပ်တို့၏ထာဝရဆုလာဘ်များဆီသို့ ကယ်နှုတ်ခြင်းခံရန် (ဘုန်းအသရေတင့်ခြင်းနှင့် ဆုလာဘ်ရရှိခြင်း) လိုအပ်ကြောင်းကို လည်ကောင်းပြသပေးပါသည်။ သို့သော်၊ ဤဘဝနှင့်နောက်ဘဝရှိ ကျွန်ုပ်တို့၏ကြုံတွေ့ခံစားမှုသည် ဒုက္ခဆင်းရဲနှင့်လည်းကောင်း၊ အပြစ်ဒုစရိုက်နှင့်လည်းကောင်းပြည့်နေသည့် ဤလောက၌ ကျွန်ုပ်တို့သစ္စာရှိရှိရှင်သန်မှုတွင် မူတည်နေပါသည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်ကို ကျွန်ုပ်တို့၏အနာဂတ်ဆုလာဘ်များ၌ တည်ထားလျှင် ကျွန်ုပ်တို့သည် နာခံခြင်းနှင့်အတူ သစ္စာရှိရှိဖြင့်ရှင်သန်ရန် စေ့ဆော်ခြင်းခံရပါလိမ့်မည်။

ဗတ္တိဇံသည်ငါတို့ကိုကယ်တင်တတ်၏ (Baptism saves us)။ ၁ပေ ၃း၂၁

ထိုသို့သောဥပမာအတိုင်း၊ ယခုတွင် ဗတ္တိဇံသည်ယေရှုခရစ်ရှင်ပြန်ထမြောက်တော်မူသောအားဖြင့် ငါတို့ကိုကယ်တင်တတ်၏။ ဗတ္တိဇံဟုဆိုသော်၊ ကိုယ်ကာယ၏အညစ်အကြေးစေကြောခြင်းကို မဆိုလို။ ကိုယ်ကိုကိုယ်သိသောစိတ်ကြည်လင်၍၊ ဘုရားသခင်ရှေ့၌ ဝန်ခံခြင်း ကိုဆိုလိုသတည်း။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်– ရေအားဖြင့်ဗတ္တိဇံခံခြင်းသည် မယုံကြည်သူများကို အပါယ်ငရဲမှ ကယ်တင်ပေးပါသည်။
ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်– ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံခြင်းသည် ယုံကြည်သူ တို့ကိုကိုယ့်ကိုယ်ကိုသိသော စိတ်မကြည်လင်ခြင်းမှ ကယ်တင်ပေးပါသည်။
ဒုတိယ **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ရေအားဖြင့် ဗတ္တိဇံခံခြင်းသည် ယုဒယုံကြည်သူများကို ယာယီသဘောဆောင်သောတရားစီရင်ခြင်းမှ ကယ်တင်ပေးပါသည်။

ဤကျမ်းချက်သည် နာမည်ဆိုးဖြင့် ကျော်ကြားလောက်သည်အထိ နားလည်ရန် ခက်ခဲသောကျမ်းချက်ဖြစ်သည်။ ဗတ္တိဇံခံခြင်းသည် ကယ်တင်ခြင်းအတွက် လိုအပ်

သောအရာဖြစ်သည် (သို့) လူတစ်ယောက်သည် ရေအားဖြင့်ဗတ္တိဇံမခံမချင်း ဒုတိယမွေးခြင်းကိုမခံရ (baptismal regeneration) ဟူသောအယူအဆကို ယုံကြည်သော သူများက ဤကျမ်းချက်ကို **က** သမ္မာတရားအဖြစ် အသုံးပြုကြသည်။ ဤအယူအဆကို ဓမ္မတွေးခေါ်ယူဆမှုနှင့်ဆိုင်သော အကြောင်းပြချက်များအားဖြင့်လည်းကောင်း၊ မရှင်းလင်းသောကျမ်းချက်များ (ဤကျမ်းချက်လည်းမုချပါဝင်သည်) ရှင်းလင်းသောကျမ်းချက်များအရ အနက်ဖွင့်ဘာသာပြန်ရမည်ဟူသော အနက်ဖွင့်ဘာသာပြန်ခြင်းနှင့်ဆိုင်သော အခြေခံစည်းမျဉ်းဥပဒေသများအားဖြင့်လည်းကောင်း ပယ်ချနိုင်ပါသည်။ ကျွန်ုပ်တို့ လုပ်ဆောင်သောအရာများအားဖြင့်မဟုတ်၊ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ကယ်တင်ရာသို့ရောက်ရသည်ဟူသော ဓမ္မသစ်ကျမ်း၏သွန်သင်ချက်ထက် မည်သည့်သွန်သင်ချက်ကမျှ ရှင်းလင်းပြတ်သားခဲ့မည် မဟုတ်ပါ။ ထို့အပြင်၊ "ယခု...ကယ်တင်တတ်၏" ဟူသောစကားစုသည် စာဖတ်သူတို့၏ ယခုပစ္စုပ္ပန်အတွေ့အကြုံကို အလေးအနက်ပြောဆိုထားပါသည်။

ဤကျမ်းချက်ကို **ခ** သမ္မာတရားအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုချက်တစ်ခုက ဤကျမ်းချက်၌တွေ့ရသော ဗတ္တိဇံခံခြင်းကို ရေအားဖြင့်ဗတ္တိဇံခံခြင်းမဟုတ်၊ ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံခြင်းအဖြစ်ရှုမြင်ထားသည်။ "ကိုယ်ကာယ၏အညစ်အကြေး ဆေးကြောခြင်းကို မဆိုလို" ဟူသောစကားစုနှင့် "ယေရှုခရစ်ရှင်ပြန်ထမြောက်တော်မူသောအားဖြင့်" ဟူသောဖေါ်ပြချက်တို့က ရေကိုဖယ်ထုတ်ထားကြသည်။ ကျမ်းစကားအဆက်အစပ်ကလည်း သခင်ယေရှုခရစ်အား ရှင်ပြန်ထမြောက်စေခြင်းအမှုတွင် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုကို ဖေါ်ပြထားသည်။ (၃း၁၈) ရောမ ၆း၃–၅ က ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံခြင်းသည် ကျွန်ုပ်တို့ကို သခင်ယေရှုခရစ်နှင့် ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ တစ်လုံးတစ်ဝတည်းဖြစ်စေသည်ဟု သွန်သင်ပေးထားသည်။ ဤအရာက "အကြောင်းမူကား၊ ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့် တစ်ကိုယ်တည်းကဲ့သို့ ဗတ္တိဇံကိုခံကြ၏။ ငါတို့ရှိသမျှသည် တစ်စိတ်တစ်ဝိညာဉ်တည်းထဲသို့လည်း သောက်ကြ၏" ဟုဆိုထားသည့် ၁ကော ၁၂း၁၃ ကို ပြန်လည်အမှတ်ရစေပါသည်။ နောဧနှင့်သူ၏မိသားစုသည်သင်္ဘောကြီးထဲ၌ လုံခြုံစွာရှိခဲ့ကြသကဲ့သို့ သခင်ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ တစ်လုံးတစ်ဝတည်းပေါင်းစည်းခံရခြင်းအားဖြင့် ယုံကြည်သူတို့သည် အန္တရာယ်မှလုံခြုံသွားကြပါသည်။ (၃း၂၀) ဤသို့ဖြင့် ဗတ္တိဇံခံခြင်းသည် သင်္ဘော၏ (ကနဦးအမျိုးအစားနှင့်အလားတူလိုက်လျောညီထွေသော) "ဥပမာ" ဖြစ်နေပါသည်။

သို့သော်လည်း၊ စာဖတ်သူတို့သည်မည်သည့် အန္တရာယ်မှကယ်တင်ခြင်းခံကြရပါသနည်း။ အဖြေတစ်ခုမှာ သူတို့သည် ယခုပစ္စုပ္ပန်တွင် ကိုယ်ကိုကိုယ်သိသော စိတ်မကြည်လင်ခြင်းမှ ကယ်တင်ခြင်းခံကြရပါသည်။ ယုံကြည်သူများသည် ဖြောင့်မတ်ရာ

သို့ရောက်၍ ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ တစ်လုံးတစ်ဝတည်း ပေါင်းစည်းခံရသော အခါတွင် ဖြစ်တည်မှုအနေအထားအရ သူတို့၏အပြစ်များအားလုံးမှာ လွှတ်ခြင်းခံရပါသည်။ (ကောလောသဲ ၂း၁၃) သခင်ခရစ်တော်၌ရှိထားသော သူတို့၏အသစ်သောဖြစ်တည်မှုအနေအထားကလည်း ခရစ်ယာန်များအဖြစ် အပြစ်ကျူးလွန်မိသောအခါတွင် သူတို့ကိုမိတ်သဟာယဖွဲ့ခြင်းနှင့်ဆိုင်သော အပြစ်လွတ်ခြင်းကိုခံရန် ဖြစ်တည်မှုအနေအထားတစ်ခုအတွင်း၌ သွတ်သွင်းထားရှိပေးပါသည်။ အပြစ်လွတ်ခံရခြင်း၌ ရှင်သန်လျှောက်လှမ်းခြင်းအားဖြင့် ယုံကြည်သူတို့သည် ကိုယ်ကိုကိုယ်သိသော စိတ်ကြည်လင်ခြင်းကို ထိန်းသိမ်းဆုပ်ကိုင်ထားကြရပါသည်။ ဤကယ်တင်ခြင်းနှင့် စပ်လျဉ်းသော အခြားအနက်ဖွင့်ဘာသာပြန်ဆိုချက်မှာ ရှင်ပေတရုသည် စာဖတ်သူတို့အား ၄င်းတို့သည် ဘေးဒဏ်ကြီး ကာလရှိအနာဂတ်ဘေးဒုက္ခမှ ကယ်တင်ခံကြရမည့်အကြောင်း အာမခံနေသည်ဟူ၍ဖြစ်သည်။ သင်္ဘောကြီးသည် ဘုရားသခင်၏ရေလွှမ်းမိုးခြင်းအားဖြင့် ပြသသောအမျက်တော်မှ နောဧ၏မိသားစုကို ကယ်တင်ပေးခဲ့သကဲ့သို့ ယုံကြည်သူတို့ကို သခင်ခရစ်တော်၌ လုံခြုံစွာထားရှိပေသည့် ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံခြင်းသည် ဤလောကအပေါ်၌ကျရောက်လာမည့် ဘေးဒဏ်ကြီးကာလမှ သူတို့ကိုကယ်တင်ပေးပါလိမ့်မည်။ ဤအမှုအရာသည် ဘေးဒဏ်ကြီးကာလ၏အမျက်တော်မှ ယုံကြည်သူများကို ကယ်တင်ပေးမည့်ချီဆောင်ခြင်းကို မျှော်လင့်စောင့်စားနေခဲ့ပါလိမ့်သည်။ (၁သက် ၁း၁၀၊ ၅း၁–၁၁) ဤဒုတိယအယူအဆကို ဆန့်ကျင်နေသောအရာမှာ “ယခု ...ငါတို့ကို ကယ်တင်တတ်၏”ဟူသောစကားစုဖြစ်ပြီး၊ ၄င်းစကားစုသည် အနာဂတ်တွင်ရှိလာမည့် အကျိုးကျေးဇူးကို ညွှန်ပြမထားပါ။ ယခုပစ္စုပ္ပန်အကျိုးကျေးဇူးကိုသာ ညွှန်ပြထားပါသည်။

ဒုတိယ ခ သမ္မာတရား အနက်ဖွင့်ဘာသာပြန်ဆိုချက်က ဗတ္တိဇံကို ရေအားဖြင့် ဗတ္တိဇံခံခြင်းဟု နားလည်ထားပြီး၊ တမန်တော် ၂း၃၈ ရှိ ဗတ္တိဇံကို ရှုမြင်ထားသည့်အတိုင်း အဓိပ္ပါယ်ပေးထားသည်။ ဗတ္တိဇံခံခြင်းသည် ရှင်ပေတရု၏ ပထမရာစုမှ ယုဒစာဖတ်ပရိတ်သတ်ကို သူတို့၏ဆိုးညစ်သောမျိုးဆက်များထဲမှ ခွဲထုတ်၍ အသစ်သောခရစ်ယာန်အသိုင်းအဝိုင်းနှင့်တစ်သားတည်းထားရှိပေးပါသည်။ ထိုသို့အားဖြင့်၊ သူတို့သည် သခင်ခရစ်တော်ကို ကားတိုင်တင်သတ်ခြင်းဟူသော ဆိုးဝါးလှသည့်အပြစ်ဒုစရိုက်ကြောင့် ဣသရေလအမျိုးများအပေါ်၌ကျရောက်လာမည့် ယခုပစ္စုပ္ပန် နှင့်ဆိုင်သောရိုက်နှက်ဆုံးမခံရခြင်းပြစ်ဒဏ်မှ ကယ်တင်ခြင်းခံရမည်ဖြစ်သည်။ ထိုပျက်စီးခြင်းသည် အေဒီ ၇၀တွင် ရောမတို့အားဖြင့် ယေရုရှလင်မြို့အပေါ်ကျရောက်ခဲ့ပါသည်။ သူတို့သည် ထိုအပြစ်မှ ခွင့်လွှတ်ခြင်းကိုခံကြရခြင်း ဖြင့်ကိုယ်ကိုကိုယ်သိသောစိတ်ကြည်လင်ခြင်းကို ရရှိခဲ့ကြပါလိမ့်မည်။ ကျရောက်လာမည့်ပျက်စီးခြင်း၌ အသက်ဆုံး ရှုံးကောင်းဆုံးရှုံးခဲ့ကြမည့်သူများအား သူတို့သည်လည်း ရှင်ပြန်ထမြောက်ခဲ့ကြလိမ့်မည်ဖြစ်ကြောင်း ခွန်အားပေးရန်

အတွက် သခင်ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို ဖော်ပြထားပါသည်။

ဤကျမ်းချက်၏ အနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ကျွန်ုပ်တို့ အလွယ်တကူ မဆုံးဖြတ်နိုင်ပါ။ အခြေအမြစ်အရှိ ဆုံးငြင်းခုန်ချက်မှာ ဤဗတ္တိဇံသည် ကိုယ်ကိုကိုယ်သိသောစိတ်မကြည်လင်ခြင်းမှ ကယ်တင်ပေးခြင်း၏ပစ္စုပ္ပန်အကျိုးကျေးဇူးကို ရရှိစေသည့် ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံခြင်းဖြစ်သည်ဟူ၍ဖြစ်သည်။ ရှင်းလင်းထင်ရှားနေသော အရာတစ်ခုမှာ ဤကျမ်းချက်သည် ဗတ္တိဇံခံခြင်းကိုထာဝရကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်တစ်ခုအဖြစ် ဖန်တီးပြောဆိုထားခြင်းမရှိပါဟူသောအချက်ဖြစ်သည်။ ဤကျမ်းချက်၌ပြောဆိုထားသည့်ကယ်တင်ခြင်းသည် ယုံကြည်သူများအတွက်ဖြစ်သောကြောင့် **ခ** သမ္မာတရားဖြစ်ကြောင်းမှာထင်ရှားနေပါသည်။

သင်တို့ခံရသောခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကိုတည်မြဲစေ (Make your call and election sure) ၂ ပေ ၁း၁၀–၁၁

> ၁၀ *ထို့ကြောင့် ညီအစ်ကိုတို့၊ သင်တို့ခံရသောခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းတို့ကို တည်မြဲစေခြင်းငှါသာ၍ကြိုးစားအား ထုတ်ကြလော့။ သို့ပြုလျှင် ရွေ့လျော့ခြင်းနှင့်အစဉ်ကင်းလွတ်သည် ဖြစ်၍ ၁၁ ငါတို့ကိုကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်၏ထာဝရနိုင်ငံတော်ထဲသို့ဝင်စားခြင်းအခွင့်ကို သင်တို့အားကြွယ်ဝစွာပေးသနားတော်မူလတ္တံ့။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်– လုံးလဝီရိယရှိစွာ သစ္စာရှိခြင်းသည် ကောင်းကင်ဘုံဝင်စားရခြင်းကို ခွင့်ပြုသော ယုံကြည်သူ၏ကယ်တင်ခြင်းကိုသက်သေပြပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လုံးလဝီရိယရှိစွာ သစ္စာရှိခြင်းသည် သခင်ယေရှုခရစ်၏နိုင်ငံတော်၌ ယုံကြည်သူ၏ အနာဂတ်နှင့်ဆုလာဘ်တို့ကို အတည်ပြုပေးပါလိမ့်မည်။

ဤကျမ်းချက်သည် ကျွန်ုပ်တို့၏ထာဝရကယ်တင်ပေးခြင်းကို ကျွန်ုပ်တို့၏အကျင့်အားဖြင့် သက်သေပြရမည်ဟု အခိုင်အမာပြောဆိုနေကြသောသူများ၏ အဓိကအထောက်အပံ့ဖြစ်သည်။ **က** သမ္မာတရား၏သဘောပေါက်ထားမှုမှာ ခရစ်ယာန်သူတော်ကောင်းတရားများကို ယူတင်ဝတ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့သီးသောအသီးအပွင့်များမှ တစ်ဆင့် ကျွန်ုပ်တို့ရွေးကောက်ခံရခြင်းအကြောင်းကို ကိုယ်တိုင်သိနိုင်သည် (သို့) အာမခံနိုင်သည်ဟူ၍ဖြစ်သည်။ ဤနားလည်သဘောပေါက်မှုက သွယ်ဝိုက်ပြောဆိုထားသောအရာမှာ အသီးမရှိခြင်းက လူတစ်ယောက်ကယ်တင်ခြင်းမခံရကြောင်း

ပြသနေသည် (သို့) အသီးမရှိလျှင် ကိုယ့်ကိုယ်ကို ကယ်တင်ခြင်းခံရသည်ကို မသိရှိနိုင်ဟူ၍ဖြစ်သည်။ "ခေါ်တော်မူခြင်းနှင့်ရွေးချယ်တော်မူခြင်း" ဟူသောစကားစုကို ကယ်တင်ခြင်းကိုပြီးမြောက်စေသည့် ထိရောက်မှုရှိသောဆင့်ခေါ်ခြင်းဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့ကိုကယ်တင်ရန်အတွက် အချိန်ကာလမတည်ရှိမီ၌ ဘုရားသခင်၏ ရွေးချယ်ခွဲခန့်မှုဟူ၍လည်းကောင်း အနက်ဖွင့်ဘာသာပြန်ဆိုကြသည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် အပေါ်ယံအမြင်၌ပင် ပြဿနာရှိနေပါသည်။ လူအချို့က သဘောပေါက်နားလည်ထားကြသည့်အတိုင်း၊ ခေါ်တော်မူခြင်းနှင့်ရွေးချယ်တော်မူခြင်းတို့ကို ဘုရားသခင်က အချုပ်အခြာအာဏာရှိစွာဖြင့် တိုင်းတာဆုံးဖြတ်လျှင် ထိုတိုင်းတာဆုံးဖြတ်ချက်ပို၍ သေချာလာစေရန်ဟူသော အဓိပ္ပါယ်မျိုးဖြင့် ကျွန်ုပ်တို့ပြုလုပ်သောအရာများက ထိုတိုင်းတာဆုံးဖြတ်ချက်အပေါ်၌ မည်သို့ဩဇာသက်ရောက်နိုင်မည်နည်း။ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့ကယ်တင်ရာသို့ ရောက်ကြောင်းကိုပြသော အထောက်အထားဖြစ်နိုင်သည် ဟူသောအချက်ကို ကျွန်ုပ်တို့သဘောတူနိုင်ပါသော်လည်း၊ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကိုသက်သေထူပါသည်ဟု ကျွန်ုပ်တို့ဆိုနိုင်ပါသလား။ ထပ်လောင်း၍ဆိုရလျှင်၊ လူတစ်ယောက်၏ အသက်တာ၌အသီးသီးခြင်းအတိုင်းအတာပမာဏသည် အမျိုးမျိုးသောအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် မူတည်နေပါသည်။

ရှင်ပေတရုသည် ခရစ်ယာန်များထံ လိပ်မူရေးသာခဲ့ပြီး၊ ထိုသို့ထိပ်မူရေးသားရာတွင် သူတို့ကယ်တင်ခြင်းရရှိထားကြကြောင်းကို ရှင်ပေတရုအနေဖြင့်လည်းကောင်း၊ သူတို့ကိုယ်တိုင်ကလည်းကောင်း သံသယလုံးလုံးမရှိခဲ့ကြောင်းကို လေ့လာအကဲခတ်မိသောအချိန်တွင် ဤကျမ်းချက်ကို ကျွန်ုပ်တို့စတင် နားလည်လာကြရပါသည်။ သူတို့သည် "မြတ်စွာသောယုံကြည်ခြင်း" နှင့် "ကယ်တင်ရှင်ယေရှုခရစ်နှင့် ငါတို့ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရား"ကို အလားတူလက်ခံထားကြပါသည်။ (၁း၁) စာဖတ်သူတို့အနေဖြင့် ဘုရားဝတ်၌မွေ့လျော်သော အသက်တာဖြင့် ရှင်သန်နိုင်ရန်အတွက် သူတို့လိုအပ်သောအရာခပ်သိမ်းကို ဘုရားသခင်ကပေးသနားခဲ့ပါသည်။ (၁း၃) ထို့အပြင်၊ သူတို့သည် "ဘုရားပကတိကို ဆက်ဆံရသောသူဖြစ်ကြမည်"ဖြစ်သည်။ (ရှင်ပေတရုသည် ၄င်းတို့၏ယခုပစ္စုပ္ပန်ဖြစ်တည်နေမှုကို ပြောဆိုခြင်းဖြစ်နိုင်သကဲ့သို့၊ သူတို့၏ဖြောင့်မတ်သောပြုမူနေထိုင်မှုများအားဖြင့် ထိုက်ထိုက်တန်တန်ရယူထားသည့် အနာဂတ်အခွင့်ထူးများကိုပြောဆိုခြင်းလည်းဖြစ်နိုင်ပါသည်။ မည်သည့်အကြောင်းကိုဆိုသည်ဖြစ်စေ ၄င်းသည် စာဖတ်သူတို့ကို ကယ်တင်ခြင်းခံရသောသူများအဖြစ် မှတ်ယူနေပါသည်။ (၁း၄) သူတို့သည် "လောကီတပ်မက်ခြင်း အညစ်အကြေးနှင့်ကင်းလွတ်ကြ"ပါသည်။ (၁း၄) ထိုခိုင်မာသော နိဒါန်ပျိုးခြင်းနောက်တွင်၊ ရှင်ပေတရုကစာဖတ်သူတို့အား ၄င်းတို့၏ကနဦးယုံကြည်ခြင်းတွင် သူတော်ကောင်းတရားများကို ထပ်လောင်းပေါင်း

ထည့်ကြရန် တိုက်တွန်းထားသည်။ (၎ယ် ၅–၇) ထိုသို့အားဖြင့်၊ သူတို့သည် မိမိတို့၏ အပြစ်ဟောင်းမှ ဆေးကြောခြင်းခံခဲ့ကြရသည့်အဖြစ်ကို မေ့လျော့ (ကျေးဇူးတင်ရန် လျစ်လျူရှု)ခြင်းမရှိစေရန် ပျင်းရိခြင်းမှလည်းကောင်း (*argos* မှဖြစ်၍ အသုံးမဝင်ခြင်းဟုဆိုလိုသည်) မကျိုးမဲ့ဖြစ်ခြင်းမှလည်းကောင်း၊ မျက်စိကန်းခြင်းမှလည်းကောင်း၊ ကိုယ်မျက်စိကို ကိုယ်ပိတ်ခြင်းမှလည်းကောင်း ပြုပြင်ခြင်းခံရပါလိမ့်မည်။ (၈–၉)

ယုံကြည်သူများသည် အသီးမသီးသောသူ၊ အကျိုးမဖြစ်ထွန်းသောသူများဖြစ်နိုင်ကြကြောင်းကိုလည်းကောင်း၊ ဝိညာဉ်ရေးခ်ျမျက်စိကန်းနိုင်ကြကြောင်းကိုလည်းကောင်း သတိပြုသင့်ပါသည်။ ကယ်တင်ခြင်းတွင် အသီးသီးခြင်းနှင့် ကောင်းသောအကျင့်ကျင့်ခြင်းတို့ကို အာမခံပါ။ လူသားတို့အပိုင်းမှ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားကိုချန်လှပ်ထားပြီး၊ အရာခပ်သိမ်းကို ဘုရားသခင်သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်သည်ဟူသော အယူအဆမှ ရောက်လာသော ဓမ္မတွေးခေါ်ယူဆချက်တစ်ခုရှိသည်။ အသီးသီးခြင်းနှင့် ဘုရားဝတ်၌မွေ့လျော်ခြင်းတို့သည် ယုံကြည်သူတိုင်း၏ တာဝန်ဖြစ်သောကြောင့်၊ ရှင်ပေတရုက ထိုသို့တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။ ဘုရားဝတ်၌မွေ့လျော်သောအသက်တာဖြင့် ရှင်သန်နိုင်ရန် ဘုရားသခင်သည်မိမိ၏ တန်ခိုးတော်ကို ယုံကြည်သူတို့၌ပေးသနားထားပါသည်။ (၎ယ ၃–၄) သို့သော်၊ ဘုရားသခင်နှင့်ပူးပေါင်းဆောင်ရွက်၍ အလိုတော်နှင့်ညီသောပါရမီများကို ယူတင်ဝတ်ဆင်ရန်မှာ ယုံကြည်သူတိုင်း၏ တာဝန်ဖြစ်သည်။ (၎ယ ၅–၇)

ထို့နောက်၊ ရှင်ပေတရုသည် စာဖတ်သူတို့အား ၄င်းတို့၏ "ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်းကိုတည်မြဲစေ"ကြဖို့ ပို၍လုံးလဝီရိယစိုက်ထုတ်ကြရန် ဆက်လက်၍တိုက်တွန်းထားပါသည်။ (၎ယ ၁၀) "တည်မြဲစေခြင်းငှါ" (sure, *bebaios*) ဟုဘာသာပြန်ထားသည့် နာမဝိသေသနသည် *သက်သေအထောက်အထားအားဖြင့် မှန်ကန်ကြောင်းတရားဝင်ဖော်ပြခံရသည်၊ အတည်ပြုခြင်းခံရသည်၊ ခိုင်လုံကြောင်းသက်သေပြခံရသည်*ဟူ၍ဆိုလိုသည်။ သို့သော်၊ သူတို့၏ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်ခံရခြင်းကို မည်သူကအတည်ပြုပေးပါမည်နည်း။ စာဖတ်သူ မဟုတ်သည်မှာသေချာသည်။ အကြောင်းမှာ ရှင်ပေတရုသည် ဤအချက်ကို အရှေ့မှ ကျမ်းပိုဒ်များတွင် ထပ်တလဲလဲအတည်ပြုထားခဲ့သောကြောင့် ဖြစ်သည်။ စာဖတ်သူတို့သည် မိမိတို့၏ကယ်တင်ခြင်းနှင့်စပ်လျဉ်း၍ သံသယစိတ်များနှင့် လုံးပန်းနေကြရကြောင်းကို ပြသည့် အထောက်အထားမရှိပါ။ စာဖတ်သူတို့က သူတို့၌ရှိထားသည်ဟုဆိုထားကြသည့် သခင်ခရစ်တော်အားယုံကြည်ခြင်းကို သူတို့၏အကျင့်များက အခြားသူများထံ၌ အတည်ပြုပေးနေကြသည်နှင့်အမျှ သူတို့၏မျက်စိဖြင့် မြင်တွေ့နေရသောသက်သေသာဓကကို ရှင်ပေတရုရည်ရွယ်ခဲ့ပေလိမ့်မည်။ (နှိုင်းယှဉ် ရောမ ၄း၂၊ ယောဟန် ၁၃း၃၅၊ ယာကုပ် ၂း၂၁–၂၅)။

"ခေါ်တော်မူခြင်းနှင့် ရွေးချယ်တော်မူခြင်း" တို့သည် မည်သည့်အရာကို ရည်ညွှန်းကြပါသနည်း။ ၄င်းတို့သည် ကယ်တင်ခြင်းဆီသို့လူတို့ကို ဘုရားသခင်၏လိုအပ်သည့်အတိုင်းပြီးမြောက်စေသည့် ထိရောက်သောဖိတ်ခေါ်ခြင်းနှင့် အချိန်ကာလမတည်ရှိမီ၌ ထိုသူတို့ကိုကယ်တင်ခြင်းအတွက်ရွေးချယ်ရန် ဘုရားသခင်၏တိုင်းတာဆုံးဖြတ်ခြင်းတို့ကို ဆိုလိုသည်ဟု လူအများကမှတ်ယူထားကြသည်။ ဤအယူအဆ၌ရှိနေသောပြဿနာမှာ စကားလုံးအစီအစဉ် မှားယွင်းနေခြင်းဖြစ်သည်။ စကားလုံးအစီအစဉ်သည် "ခေါ်တော်မူခြင်း"မတိုင်မီ "ရွေးချယ်တော်မူခြင်း"ဖြစ်ခဲ့ရပါမည်။ (ရောမ ၈း၃၀) ရှင်ပေတရုဖေါ်ပြထားသောစကားလုံးအစီအစဉ်ကို မဿဲ ၂၀း၁၆ (the Majority Text)နှင့် ၂၂း၁၄ ရှိ သခင်ယေရှုခရစ်ပြောဆိုထားသော စကားလုံးများတွင် ကျွန်ုပ်တို့တွေ့ရသည်။ ထိုကျမ်းချက်များတွင် သခင်ယေရှုက "ခေါ်တော်မူသောသူအများရှိသော်လည်း၊ ရွေးကောက်တော်မူသောသူနည်းသည်" ဟုပြောထားသည်။ ဤစကားလုံးများသည် နိဂုံးတော်အကြောင်း ပြောဆိုထားသည့် ပုံဥပမာနှစ်ခုကို နိဂုံးချုပ်ထားသည်။ (မဿဲ ၂၀း၁၊ ၂၂း၂) ထိုပုံဥပမာများတွင် အလုပ်ဆီသို့လည်းကောင်း၊ ထိမ်းမြားမင်္ဂလာဆောင်ပွဲဆီသို့လည်းကောင်း ဖိတ်ခေါ်ခြင်း (ခေါ်တော်မူခြင်း) ပြီးနောက် သေချာသောလုပ်အားခပမာဏကိုပေးရန်ရွေးချယ်မှုနှင့် မင်္ဂလာဆောင်စားသောက်ပွဲထဲသို့ ဧည့်သည်အချို့ကိုဝင်ရောက်ခွင့်ပြုရန် ရွေးချယ်မှုတို့ကိုတွေ့ရသည်။ နိဂုံးတော်ထဲသို့ဝင်ရောက်ရသောသူများနှင့် နိဂုံးတော်၌အထူးဆုလာဘ်များအတွက် ရွေးချယ်ခြင်းခံရသောသူများအကြောင်း သခင်ယေရှု၏သွန်သင်ချက်များကို ရှင်ပေတရုပြန်လည်သတိရလာဟန်တူသည်။ (မဿဲ ၂၀း၁–၁၄ အကြောင်း ကနဦးဆွေးနွေးချက်ကိုကြည့်ပါ)။

ဘုရားသခင်သည်မိမိ၏နိဂုံးတော်ဆီသို့ ယုံကြည်သူများအားလုံးကို ဆင့်ခေါ်နေပါသည်။ (၁သက် ၂း၁၂) သို့သော်၊ သစ္စာရှိသောသူများသာလျှင် အထူးဆုလာဘ်များအတွက် ရွေးချယ်ခြင်းခံရပါသည်။ (ရောမ ၈း၁၇ခ၊ ၂တိ ၂း၁၂) ဤအချက်သည် ရှင်ပေတရုလက်ခံယူဆထားသောအချက်ဖြစ်ခဲ့လျှင် ၁း၁–၁၁ ရှိစကားလုံးများကိုသာမက၊ ဤဩဝါဒစာတစ်စောင်လုံးကိုပင် (နိဒါန်းယှဉ် ၃း၁၄) စာဖတ်သူတို့အား နိဂုံးတော်ထဲသို့ အကျိုးကျေးဇူးရှိရှိဝင်ရောက်ခြင်းအတွက် ပြင်ဆင်မွမ်းမံပေးရန်စီစဉ် ရေးသားထားပါသည်။ ဤအချက်ကို အခန်းငယ် ၁၁ ရှိစကားလုံးများ ကထောက်ခံနေပါသည်။ ရှင်ပေတရုသည် နိဂုံးတော်ထဲသို့ဝင်ရောက်ရသောအခွင့် ရရှိခြင်းအကြောင်းကို မပြောထားပါ။ "ကြွယ်ဝစွာပေးသနားတော်မူ" ထားသည့် ထူးကဲသောဝင်ရောက်ခြင်းအား ပျော်မွေ့ခံစားရခြင်းအကြောင်းကို ပြောနေပါသည်။ *epichoregeô* (ပေးသနားတော်မူလတ္တံ့) ဟူသော ကြိယာ၏ပြုလုပ်ခြင်းခံပြုံစံသည် ဘုရားသခင်က ဆုလာဘ်အပ်နှင်းခြင်းကို ညွှန်ပြနေပါသည်။ ရှင်ပေတရုသည် စာဖတ်သူများအားလုံး (အသီးမဖြစ်ထွန်သောသူများပင်လျှင်) နိဂုံးတော်ဝင်စားကြရလိမ့်မည်ဟု မှတ်ယူထားသော်လည်း၊

ကြွယ်ဝသောဆီးကြိုခံရခြင်းဟူသော မျှော်လင့်ချက်နှင့်အတူ ဘုရားဝတ်၌မွေ့လျော်သော အသက်တာဖြင့်အသက်ရှင်ခြင်းဆီသို့ သူတို့ကိုတိုက်တွန်းအားပေးလိုခဲ့ပါသည်။ အောင်မြင်မှုနှင့်အတူ ပြန်လာသောသူရဲကောင်း (သို့) အားကစားသမားတစ်ယောက်ကို အခမ်းအနားဖြင့် မြို့ထဲသို့ ကြိုဆိုဂုဏ်ပြုခြင်းဟူသော ထိုခေတ်ကာလရှိအစဉ်အလာကို ရှင်ပေတရုစိတ်ကူး၌ရည်ရွယ်ကောင်းရည်ရွယ်ခဲ့ပေမည်။ ခရစ်ယာန်များအားလုံးသည် တူညီသောဆုလာဘ်များနှင့်အတူ ကောင်းကင်ဘုံသို့ဝင်စားကြရမည်မဟုတ်ကြောင်းကို ၁ကော ၃း၁၁–၁၅ အား ဆွေးနွေးခဲ့ကြစဉ်က ကျွန်ုပ်တို့သိရှိခဲ့ကြပြီးဖြစ်သည်။ နိုင်ငံတော်သို့ဝင်စားရခြင်းသည်လည်း အလားတူပင်ဖြစ်သည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က ၁း၁၀–၁၁ ၏အဓိကပြောဆိုလိုသောအချက်သည် နိုင်ငံတော် (ကောင်းကင်ဘုံဟုလည်း အနက်ဖွင့်ဘာသာပြန်ဆိုခဲ့ပေမည်) ထဲသို့ ဝင်စားရခြင်း*အကြောင်းအရာ*ဖြစ်သည် ဟုဆိုထားပါသည်။ **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကမူ ၁း၁၀–၁၁ ၏ အဓိကပြောဆိုလိုသောအချက်သည် ဘုရားသခင်၏နိုင်ငံတော်ထဲသို့ဝင်စားရခြင်း*အရည်အသွေး* ဖြစ်သည်ဟုဆိုထားပါသည်။ ပထမအယူအဆသည် အချည်းနှီးဖြစ်သော ကိုယ့်ကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်းနှင့် မိမိတို့၏ကယ်တင်ခြင်းနှင့်စပ်လျဉ်း၍ အဆုံးမရှိသောမရေရာမှုကို ဖြစ်ပေါ်စေပါသည်။ ဒုတိယအယူအဆသည် ယုံကြည်သူတို့အား ၄င်းတို့၏သေချာသော ကယ်တင်ခြင်းတွင်အခြေခံ၍ ၄င်းတို့၏ယုံကြည်ခြင်းနှင့်ရင့်ကျက်ခြင်းတို့တွင် ကြီးထွားကြရန် နှိုးဆော်တိုက်တွန်းပေးပါသည်။

ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို လှုပ်ရှားပြောင်းလဲခြင်းမရှိသောအရာကဲ့သို့ သဘောမထားသင့်ပါ။ ကြီးထွားခြင်းအတွက် ကျွန်ုပ်တို့လိုအပ်သောအရာခပ်သိမ်းကို ဘုရားသခင်ကပေးသနားထားပါသည်။ သို့သော်၊ ကျွန်ုပ်တို့ကို ကြီးထွားရင့်ကျက်စေသောအရာများအား အခွင့်ကောင်းယူအသုံးပြုရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့၏ရည်ရွယ်ရင်းသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကိုသက်သေပြရန်မဟုတ်၊ ထာဝရနိုင်ငံတော်ထဲသို့ဝင်ရောက်ရာတွင် ကြွယ်ဝသောဆီးကြိုခြင်းကို ပြုတော်မူခြင်းအတွက် သာယာဝမ်းမြောက်ခြင်းနှင့်အတူ ဘုရားသခင်ကိုချီးမွှောက်ရန်ဖြစ်သည်။

ခွေးသည်မိမိအန်ဖတ်ကိုပြန်၍စား၏။ (A dog returns to his vomit)

၂ပေး၂–၂၂

> ၁ *သို့သော်လည်း၊ ယုဒလူတို့တွင် မိစ္ဆာပရောဖက်ရှိကြ၏။ ထိုနည်းတူ၊ ဖျက်ဆီးတတ်သော မိစ္ဆာဒိဋ္ဌိအယူများကို ပရိယာယ်အားဖြင့်သွင်း၍ မိမိတို့ကိုဝယ်တော်မူသော အရှင်ကိုငြင်းပယ်လျက်၊ မိမိတို့အပေါ်သို့ လျင်စွာ*

သောဖျက်ဆီးခြင်းကိုရောက်စေသော မိစ္ဆာဆရာတို့သည် သင်တို့တွင်ရှိကြ
လိမ့်မည်။ ၂ သူတို့ညစ်ညူးသောအကျင့်ဓလေ့တို့ကို အများသောသူတို့
သည်လိုက်ခြင်းအားဖြင့်သမ္မာတရားလမ်းအကြောင်း မကောင်းပြောကြ
လိမ့်မည်။ ၃ သူတို့သည် လောဘလွန် ကျူးလွန်ချော့မော့သောစကားနှင့်
သင်တို့ကိုကုန်သွယ်ကြလိမ့်မည်။ သူတို့အပြစ်စီရင်ခြင်းသည် ရှေးကာလမှ
စ၍မဖျင်မနှေး၊ သူတို့ ဖျက်ဆီးခြင်းသည်လည်း အိပ်၍မပျော်။ ၄ အကြောင်းမူ
ကား၊ ပြစ်မှားသောကောင်းကင်တမန်တို့ကို ဘုရားသခင်သည် နှမြောတော်
မမူ၊ ငရဲထဲသို့ချလိုက်ပြီးမှ စစ်ကြောစီရင်ခြင်းအလိုငှါပ် ထား၍၊ မှောင်
မိုက်သံကြိုးနှင့်ချည်နှောင်တော်မူ၏။ ၅ ရှေးလောကဓာတ်ကိုလည်းနှမြော
တော်မမူ။ ဖြောင့်မတ်ခြင်းတရားကိုဟောသော နောဧနှင့် လူခုနစ်ယောက်
တို့ကိုစောင့်မတော်မူ၍ ဘုရားကိုမကိုးကွယ်သော လောကီသားအပေါင်း
တို့ကို ရေလွှမ်းမိုးစေတော်မူ၏။ ၆ သောဒုံမြို့နှင့်ဂေါမောရမြို့တို့ကို မီးရှို့၍
ဖျက်ဆီးရာ၊ ဒဏ်စီရင်တော်မူသဖြင့် နောင်၌မတရားသောအကျင့်ကို
ကျင့်အံ့သောသူတို့အား ပုံသက်သေကိုထားတော်မူ၏။ ၇ ထိုအခါ မတရား
သောသူတို့၏ ညစ်ညူးသောအကျင့်အားဖြင့် နှောင့်ရှက်ခြင်းကိုခံရသော
သူ၊ ဖြောင့်မတ်သောလောတကို ကယ်နှုတ်တော်မူ၏။ ၈ ထိုဖြောင့်မတ်
သောသူသည် မတရားသောသူတို့တွင်နေစဉ်အခါ၊ သူတို့၏မတရားသော
အမှုများကို နေ့တိုင်းမပြတ် မျက်စိမြင်လျက်၊ နားကြားလျက်ရှိသဖြင့်၊
မိမိဖြောင့်မတ်သောစိတ်နှလုံးကိုပြင်းစွာညှဉ်းဆဲရ၏။ ၉-၁၀ မတရား
သောသူတို့ကိုဒဏ်ခံစေမည်အကြောင်း၊ ညစ်ညူးသောတပ်မက်ခြင်း
ကိလေသာနှင့်တကွ၊ ကာမဂုဏ်အလိုသို့လိုက် ၍ အာဏာစက်ကို မထီမဲ
မြင်ပြုသောသူတို့ကိုအထူးသဖြင့် ဒဏ်ခံစေမည်အကြောင်း၊ တရားဆုံးဖြတ်
သောနေ့အဘို့ ချုပ်ထားခြင်းငှါငင်း၊ ဘုရားဝတ်၌မွေ့လျော်သောသူတို့ကို
စုံစမ်းနှောင့် ရှက်ခြင်းအထဲက ကယ်နှုတ်ခြင်းငှါငင်း၊ ထာဝရဘုရားသည်
တတ်နိုင်တော်မူ၏။ ထိုသူတို့သည် ရဲရင့်သောသူ၊ ကိုယ်အလိုသို့
လိုက်တတ် သောသူဖြစ်၍ ဘုန်းတန်ခိုးကြီးသောသူ တို့ကိုကဲ့ရဲ့ငဲ့ကြ၏။
၁၁ ကောင်းကင်တမန်တို့မူကား၊ သူတို့ထက်ခွန်အားတန်ခိုးကြီးသော်
လည်း၊ ထာဝရဘုရား ရှေ့တော်၌သူတို့အား ကဲ့ရဲ့စွာသောပြစ်တင်ခြင်း ကို
မပြု ကြ။ ၁၂ သူတို့မူကား၊ ဖမ်း၍ဖျက်ဆီးဘို့ရာ ဖန်ဆင်းသောတိရိစ္ဆာန်
သက်သက်ကဲ့သို့၊ မိမိတို့နားမလည်သောအရာကို ကဲ့ရဲ့လျက်၊ မိမိတို့
ပုပ်ပျက်သောအားဖြင့် အကုန်အစင်ပျက်စီးခြင်းသို့ရောက်၍ မတရား
သောအမှု၏အပြစ်ကို ခံရကြလိမ့်မည်။ ၁၃ နေ့အချိန်၌ပင် လွန်ကျူးစွာ
ကာမဂုဏ်ခံစားခြင်းအမှုသည် ပျော်မွေ့ရာဖြစ်သည်ဟု သူတို့သဘော ရှိ၏။
သင်တို့နှင့်အတူစားသောက်ပွဲလုပ်သောအခါ မိမိတို့မှားယွင်း သောသဘော
နှင့်လွန်ကျူးစွာကာမဂုဏ်ခံစား၍ သင်တို့၌အညစ်အကြေးအစွန်း
အကွက်ဖြစ်ကြ၏။ ၁၄ သူတို့သည် သူ့မယားကိုပြစ်မှားသော ကိလေသာ
နှင့်ပြည့်စုံသောမျက်စိရှိ ဒုစရိုက်ကိုမပြုဘဲမနေနိုင်ကြ၊ စိတ်နှလုံး
မတည်ကြည်သောသူတို့ကိုအပြစ်သို့သွေးဆောင်တတ်ကြ ၏။ လောဘလွန်
ကျူးခြင်း၌ကျင်လည်၍ကျိန် တော်မူခြင်း၏သားဖြစ်ကြ၏။ ၁၅

ဖြောင့်မတ်သော လမ်းထဲကထွက်၍လွဲသွားသဖြင့်၊ ဗောသော်၏သား ဗာလမ်၏လမ်းကိုလိုက်ကြ၏။ [၁၆] *ထိုဗာလမ်သည် မတရားသောအမှု၏ အခကိုတပ်မက်၍ မိမိဒုစရိုက်အတွက်ကြောင့် ဆုံးမခြင်းကိုခံရ၏။ အဘယ်သို့နည်းဟူမူကား၊ စကားမပြောနိုင်သောမြည်းသည် လူစကား အားဖြင့်မြွက်၍ ထိုပရောဖက်၏ မိုက်မဲခြင်းကို မြစ်တားလေ၏။* [၁၇] *ထိုသူတို့သည် ရေမရှိသောရေတွင်းကဲ့သို့ငှင်း၊ လေတိုက်၍လွင့်သောမိုးတိမ် ကဲ့သို့ငှင်း ဖြစ်ကြ၏။ သူတို့အတွို့ တစ်ခဲ နက်သော ထာဝရမှောင်မိုက်ကို သိုထားလျက်ရှိ၏။* [၁၈] *အကြောင်းမူ ကား၊ မှားယွင်းခြင်း၌ကျင်လည်သော သူတို့အထဲကပြေးထွက်လုသောသူတို့ကို ထောင်လွှားသော အချည်းနှီး စကား ပြောသည်နှင့် ဇာတိပကတိတပ်မက်ခြင်း၊ ကိလေသာလွန်ကျူးခြင်း အားဖြင့် အပြစ်သို့သွေး ဆောင်တတ်ကြ၏။* [၁၉] *လွတ်ခြင်းအခွင့်ရှိသည်ဟု ဝန်ခံလျက်ပင်၊ ကိုယ်တိုင်ပုပ်ပျက်ခြင်း၏ ကျွန်ဖြစ်ကြ၏။ အဘယ်သို့နည်း ဟူမူကား၊ လူကိုနိုင်သောအရာသည် လူ၏သခင်ဖြစ်၏။* [၂၀] *ကယ်တင် တော်မူသောအရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်းအားဖြင့်၊ လောကီညစ် ညူးခြင်းနှင့်ကင်းလွတ်ပြီးမှ၊ တဖန်ကျော့မြှဲ၍ရှုံးလျှင် နောက်ဖြစ်ဟန် သည် ရှေးဖြစ်ဟန်ထက်သာ၍ဆိုး၏။* [၂၁] *ဖြောင့်မတ်ခြင်း တရားလမ်း ကိုသိ၍ မိမိခံခဲ့ပြီးသော သန့်ရှင်းသောပညတ်ကို တဖန်စွန့်ပစ်သည်ထက်၊ ထိုလမ်းကို မသိဘဲနေသော်သာ၍ကောင်း၏။* [၂၂] *ခွေးသည် မိမိအန်ဖတ် ကိုပြန်၍စား၏။ ဝက်သည်လည်း ဆေးပြီးမှ၍ တွင်လူးပြန် ၏ဟုမှန်သော စကားပုံသည် ထိုသူတို့၌ ပြည့်စုံသတည်း။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်– မိစ္ဆာဆရာများနှင့် ထိုမိစ္ဆာဆရာများ၏လှည့်စားခြင်းကိုခံရသောသူများသည် အပွါယ်ငရဲသို့ သွားကြရသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – မိစ္ဆာဆရာများသည် အပွါယ်ငရဲသို့သွားကြရပြီး၊ ထိုမိစ္ဆာဆရာများ၏ လှည့်စားခြင်းကိုခံရသောသူများသည် အလွန်ဆိုးဝါးသောကံကြမ္မာကို ကြုံကြရပါသည်။

ကျမ်းချက်၏အစပိုင်း၌ဖော်ပြထားသော မိစ္ဆာပရောဖက်များနှင့် မိစ္ဆာဆရာများသည် ကယ်တင်ခြင်းမခံရသကဲ့သို့ ထာဝရပျက်ဆီးခြင်းသို့ရောက်ကြရသည်မှာ ရှင်းလင်းထင်ရှားနေပါသည်။ ကျမ်းချက်သည် ထိုပုဂ္ဂိုလ်များနှင့် အရှေ့ပိုင်းကျမ်းချက်၌ ဖော်ပြထားသည့် "ဘုရားသခင်၏သန့်ရှင်းသူတို့" (၁း၂၁) ကိုနှိုင်းယှဉ်ခြင်းဖြင့် အစပြုထားသည်။ ၄င်းတို့၏ထာဝရကံကြမ္မာကိုဖော်ကျူးထားသည့် ဘာသာစကားအသုံးအနှုန်းသည် တိကျ၍ပြတ်သားလှပါသည်။ (၂း၃–၁၇၊ နှိုင်းယှဉ် ယုဒ ၄–၆ ရှိ တူညီသောကျမ်းချက်)

ဤကျမ်းချက်တွင် ဒုတိယလူအုပ်စုတစ်စုရှိနေသည်ဟု ထင်မှတ်ရပါသည်။ ထိုလူအုပ်စုမှာ ဤမိစ္ဆာဆရာများ၏ဩဇာလွှမ်းခြင်းကိုခံရ၍ "သူတို့၏ညစ်ညူးသော အကျင့်ဓလေ့တို့ကို...လိုက်" သောသူများဖြစ်ကြသည်။ (၂း၂) ဤအုပ်စုသည်လည်း ကယ်တင်ခြင်းမခံရသောသူများ ဖြစ်ပုံပေါ်သည်။ သူတို့သည် အခန်းငယ် ၃၌ ("သင်တို့" ဟု) တိုက်ရိုက်လိပ်မူပြောဆိုခြင်းခံရသောသည့် တတိယအုပ်စုဖြစ်သော ကယ်တင်ခြင်းခံရသည့် စာဖတ်သူတို့နှင့်နှိုင်းယှဉ်ခြင်းခံရသောကြောင့် သူတို့သည် အပြင်ပန်းအားဖြင့် ခရစ်ယာန်များအဖြစ်ဝန်ခံထားသောသူများဖြစ်ကြသည်။ ထိုသို့ဖြစ်သောကြောင့် သူတို့ဖြားယောင်းသွေးဆောင်ခြင်းခံရသောအခါ ခရစ်ယာယာန်တို့၏ သမ္မာတရားလမ်းမှာ ပုတ်ခတ်စော်ကားခံရခြင်းဖြစ်သည်။

တတိယအုပ်စုမှာ ရှင်ပေတရုက သတိပေးစကားပြောဆိုနေသည့် စာဖတ်သူတို့ အုပ်စုဖြစ်သည်။ မိစ္ဆာပရောဖက်များက "ချော့မော့သောစကားဖြင့် သင်တို့ကိုကုန်သွယ်ကြလိမ့်မည်" ဟု ရှင်ပေတရုပြောဆိုချိန်၌ အခန်းငယ် ၃ တွင် သူတို့ကိုယေဘူယျရည်ညွှန်းထားပါသည်။ ရှင်ပေတရုသည် ယုံကြည်သူများကို လိပ်မူ၍ရေးသားသည့်အကြောင်း ကျွန်ုပ်တို့မြင်တွေ့ကြရမည့်အတိုင်း၊ ယုံကြည်သူများကို လိပ်မူ၍ရေးသားနေလျှင် သူသည်ကယ်တင်ခြင်းမခံရသောသူများ (ငယ ၂) နှင့် ဤစာစောင်ကို လိပ်မူထားသည့် ကယ်တင်ခြင်းခံရသောသူများ (ငယ ၃) အပေါ်၌ရှိသော မိစ္ဆာပရောဖက်များ၏ သက်ရောက်မှုအကြောင်းကို သတိပေးနေခြင်းဖြစ်သည်။ မိစ္ဆာဆရာများနှင့် ၄င်းတို့၏ ကယ်တင်ခြင်းမခံရသော နောက်လိုက်များ၏ကြမ္မာဆိုးကိုဖော်ပြပြီးနောက် အခန်းငယ် ၁၈ တွင် ရှင်ပေတရုသည် ဤတတိယအုပ်စုကို အာရုံစိုက်လိပ်မူထားပါသည်။ ဤယုံကြည်သူများသည် မိစ္ဆာပရောဖက်များ၏ဩဇာလွှမ်းမိုးမှုကို မလွန်ဆန်နိုင်သည့် အန္တရာယ်တွင် ကျရောက်နေကြပါသည်။

တတိယအုပ်စုသည် ကယ်တင်ခြင်းခံထားရသောသူများနှင့် ဖွဲ့စည်းထားကြောင်းကို ကျွန်ုပ်တို့မည်သို့သိရှိရပါသနည်း။ သူတို့ကို "မှားယွင်းခြင်း၌ကျင်လည်သော သူတို့အထဲက အမှန်ပြေးထွက်ခဲ့သောသူတို့" (အချို့သောကျမ်းစာတွင် "ပြေးထွက်ရုံသာရှိသေးသော"ဟုပြန်ဆိုထားပြီး၊ ၄င်းသည်လည်း ကယ်တင်ခြင်းခံရကြောင်းကို သွယ်ဝိုက်၍ ညွှန်းဆိုထားပါသည်)ဟုခေါ်ဆိုထားပါသည်။ (ငယ ၁၈) သူတို့သည် "ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်းအားဖြင့် လောကီညစ်ညူးခြင်းနှင့် ကင်းလွတ်" ခဲ့ကြပါသည်။ (ငယ ၂၀) သူတို့သည် လောကီညစ်ညူးခြင်း၌ "တစ်ဖန်ကျော့မိ၍ရှုံးလျှင်" ဟူသောအချက်က သူတို့သည် တစ်ချိန်တစ်ခါ၌ ထိုညစ်ညူးခြင်းထဲတွင်ရှိခဲ့ကြ၍ ပြေးထွက်လွတ်မြောက်ခဲ့ကြကြောင်းကို ဆိုလိုနေပါသည်။ (ငယ ၂၀) ၂း၂၁ ရှိ ရှင်ပေတရု၏ထုတ်ဖော်ပြောဆိုချက်က ၄င်းတို့သည် "ဖြောင့်မတ်ခြင်းတရားလမ်းကိုသိ"ခဲ့ကြကြောင်းကို ရှင်းလင်းသိသာစေပါသည်။ အခန်း ငယ် ၂၂ ၌ ကိုးကား

ထားသည့် ထိုခေတ်ကာလမှသုတ္တံစကားအားဖြင့် ဖေါ်ပြထားသည့် ၄င်းတို့၏ကံကြမ္မာက ခွေးသည် မိမိ၏အန်ဖတ်ကို တစ်ချိန်ကစွန့်ပစ်ထားခဲ့ကြောင်းကိုလည်းကောင်း၊ ဝက်သည် တစ်ချိန်တစ်ခါ၌ ဆေးကြောခြင်းခံခဲ့ရကြောင်းကိုလည်းကောင်း ပြသတောင်းဆိုနေပါသည်။

ထို့ကြောင့်၊ ရှင်ပေတရု၏လိပ်မူပြောဆိုမှုတွင် အပြောင်းအလဲတစ်ခုကို ကျွန်ုပ်တို့တွေ့ရပါသည်။ ရှင်ပေတရုသည် ယုံကြည်သူဤအုပ်စုထံ၌ ပျက်ဆီးခြင်းဆီသို့ ဦးတည်နေပြီး၊ အခြားသူများကိုလည်း အလားတူကံကြမ္မာဆီသို့ သွေးဆောင်ခဲ့ကြသည့် ၄င်းတို့ကြားမှ ကယ်တင်ခြင်းမခံရသော မိစ္ဆာဆရာများအကြောင်းကို သတိပေးနေပါသည်။ (၎ယ် ၁–၁၇) လိပ်မူပြောဆိုမှု၌ အပြောင်းအလဲရှိနေသည်မှာ ထင်ရှားနေပါသည်။ အခန်း၎ယ် ၁၀ မှစ၍ ၁၇ အထိရှိကျမ်းပိုဒ်တိုင်းတွင် မိစ္ဆာဆရာများအား စွဲချက်တင်ပြီးနောက်တွင် ထိုစွဲချက်တင်ခြင်းမှာ ရုတ်တရက်ရပ်တန့်သွားပါသည်။ ထို့နောက်၊ အခန်း၎ယ် ၁၈ နှင့် ၁၉ တွင် မိစ္ဆာဆရာများ၏ဖြားယောင်းသွေးဆောင်ခြင်းကိုခံကောင်းခံခဲ့ကြရမည့် ယုံကြည်သူများ၌ရှိနေသည့်အန္တရာယ်ကို သတိပေးထားပါသည်။

မိစ္ဆာဆရာများ၏ဩဇာလွှမ်းမိုးခြင်းကို ခံခဲ့ရနိုင်သည့် ယုံကြည်သူစာဖတ်သူတို့၏ကံကြမ္မာအကြောင်းပြောဆိုရာတွင် ရှင်ပေတရုသည် ဖြစ်နိုင်ချေရှိမှုကိုသာ ပြောဆိုနေခြင်းဖြစ်သည်။ သေချာပေါက်ဖြစ်မည်ဟုမပြောဆိုထားပါ။ ဤယုံကြည်သူတို့သည် အလွန်ဆိုးဝါးသောကံကြမ္မာတစ်ခုကို ရင်ဆိုင်ကြရမည်ဖြစ်သော်လည်း၊ ၄င်းသည် ပျက်စီးခြင်း (သို့) အပွါယ်ငရဲဖြစ်သည်ဟု အတိအကျမဆိုထားပါ။ သူတို့၏ "နောက်ဖြစ်ဟန်သည် ရှေ့ဖြစ်ဟန်ထက်သာ၍ဆိုး၏" ဟုသာဆိုထားပါသည်။ (၎ယ ၂၀) ယုံကြည်သူလူသစ်များအဖြစ် သူတို့သည်းခံဖြတ်သန်းရသော အခက်အခဲများ (သို့) စစ်ကြောခြင်းများသည် သူတို့ကိုစောင့်စားနေသည့်ပြဿနာအခက်အခဲများ (လောကီပြဿနာအခက်အခဲများဖြစ်နိုင်သကဲ့သို့ ခရစ်တော်၏တရားပလွင့်၌ရှိလာမည့် ပြဿနာအခက်အခဲများဖြစ်နိုင်ပြီး၊ နှစ်ခုလုံးလည်းဖြစ်နိုင်သည်) နှင့်နှိုင်းယှဉ်သောအခါတွင် မှေးမိန်ပျောက်ကွယ်သွားကြပါလိမ့်မည်။ ရှင်ပေတရုက ၄င်းတို့သည် "မိမိခံခဲ့ပြီးသော သန့်ရှင်းသောပညတ်"ကို စွန့်ခြင်းထက် "ဖြောင့်မတ်ခြင်းတရားလမ်း" ကိုမသိရှိခဲ့ခြင်းက ပို၍ကောင်းခဲ့လိမ့်မည်ဟု ပြောထားပါသည်။ (၎ယ ၂၁) ၄င်းတို့သည် ကယ်တင်ခြင်းမရရှိခဲ့ကြလျှင် ပို၍ကောင်းခဲ့လိမ့်မည်ဟု ရှင်ပေတရုပြောဆိုနေခြင်းမဟုတ်ပါ။ ရှင်ပေတရုပြောဆိုနေသည့်အရာမှာ သူတို့သည်ဖြောင့်မတ်ခြင်းအသက်တာအကြောင်း သွန်သင်ချက်ကို မသိရှိခဲ့ကြလျှင် ပို၍ကောင်းခဲ့လိမ့်မည်။ သို့သော် ယခုတွင် ထိုဖြောင့်မတ်ခြင်းအသက်တာအကြောင်းသွန်သင်ချက်ကို သိရှိထားကြသောကြောင့် ထိုသွန်သင်ချက်ကို ကျင့်ကြံလိုက်လျှောက်ရန် သာ၍ကြီးသောတာဝန်သူတို့၌ရှိနေသည် ဟူ၍ဖြစ်သည်။ ဤဖြောင့်မတ်ခြင်း အသက်တာသည် သူတို့ "ခံခဲ့ပြီးသောသန့်ရှင်းသောပညတ်" အတိုင်း ရှင်သန်နေ

ထိုင်ခြင်းဖြင့်သတ်မှတ်ထားကြောင်း ကျမ်းပိုဒ်ကဉ္ဆန်ပြနေပါသည်။ ဤသန့်ရှင်းသော ပညတ်ဆိုသည်မှာ အဘယ်နည်း။ ဤသန့်ရှင်းသောပညတ်ဆိုသည်မှာ ယုံကြည်ရန် (သို့) ကယ်တင်ရာသို့ရောက်ရန် ပညတ်ထားချက်များနှင့်မသက်ဆိုင်ကြောင်းမှာ သိသာနေပါသည်။ ထိုသို့သာမဟုတ်လျှင်၊ ၄င်းသည် ကယ်တင်ခြင်းကိုပုံမှန်မဟုတ်သည့် ယခင်၌မရှိခဲ့ဘူးသော ရည်ညွှန်းပြောဆိုမှုသာဖြစ်ခဲ့ပါလိမ့်မည်။ ဤသန့်ရှင်းသောပညတ်နှင့်စပ်လျဉ်း၍ ရွေးချယ်စရာများစွာရှိပါသည်။ ဥပမာ၊ အချင်းချင်းချစ်ကြရန် ပညတ်ချက် (ယောဟန် ၁၃း၃၄)၊ သန့်ရှင်းခြင်းရှိကြရန် ပညတ်ချက် (၁ပေ ၁း၁၅)။ သို့သော်၊ ဤပညတ်ချက်နှစ်ခုလုံးသည် ခရစ်ယာန်များကို ပေးထားသောပညတ်များ ဖြစ်ကြသောကြောင့် **ခ** သမ္မာတရားပညတ်ချက်များဖြစ်ကြသည်။

စစ်မှန်သောခရစ်ယာန်များသည် မှားယွင်းသောအယူဝါဒသွန်သင်ချက်များကိုနာခံလိုက်လျောက်ကြမည်မဟုတ်ဟုပြောဆိုခြင်းသည် နံအခြင်းသာဖြစ်သည်။ တမန်တော်ပေါလုသည် ထိုအယူအဆမျိုးကိုမယုံကြည်ခဲ့ပါ။ ဂလာတိဩဝါဒစာနှင့် သမ္မာတရားတွင်တည်နေကြရန် ခရစ်ယာန်များစွာထံ ပြောဆိုထားသည့် သတိပေးချက်များကိုကြည့်ပါ။ သို့တည်းမဟုတ်၊ အလွန်ထူးခြားဆန်းပြားသော အယူဝါဒသွန်သင်ချက်နှင့်အတူ ပေါလိုက်ပျောက်လိုက်၊ သွားလိုက်လာလိုက်နှင့်ရှိနေကြသော ခရစ်ယာန်များကိုမြင်တွေ့ဖူးသည့် ဝါရင့်သင်းအုပ်ဆရာများကို မေးကြည့်ပါ။ ထိုသူတို့သည် မိမိတို့၏အမှားကိုနောင်တမရလျှင် ယူကြုံးမရဖြစ်စေမည့်ကံကြမ္မာက သူတို့အား စောင့်စားနေကြောင်းကိုမြင်နေရခြင်းသည် ဝမ်းနည်းဖွယ်ဖြစ်သကဲ့သို့ ကြားသိနေရခြင်းကလည်း အနေရခက်စေပါသည်။ မှားယွင်းသောဆရာများကို ရှောင်ကြဉ်ခြင်းနှင့် သူတို့၏အကြောင်းကို ခရစ်ယာန်များအား သတိပေးခြင်းသည် အကောင်းဆုံးဖြစ်သည်။

အဘယ်အပြစ်မျှမပါဘဲ ...ရောက်မည်အကြောင်းကြိုးစားအားထုတ်ကြလော့။ (Be diligent to be found blameless) ၂ပေ ၃း၁၄–၁၈

၁၄ ထိုသို့မြော်လင့်ခြင်းရှိသောကြောင့်၊ ချစ်သူတို့၊ သင်တို့သည် အညစ်အကြေးနှင့်ကင်းစင်၍ အဘယ်အပြစ်မျှမပါဘဲ၊ ရှေ့တော်သို့ ငြိမ်ဝပ်စွာရောက်မည်အကြောင်း ကြိုးစားအားထုတ်ကြလော့။ ၁၅ ငါတို့ချစ်သောညီပေါလုသည်၊ မိမိခံရသောဥာဏ်ပညာအတိုင်းသင်တို့အားရေး၍ ပေးလိုက်သောစာ၌၄င်း၊ သူသည်ဤအရာများကိုပြော၍ စီရင်သော ဩဝါဒစာရှိသမျှတို့၌၄င်း ပါသည်နှင့်အညီ၊ ငါတို့သခင်ဘုရားသည်းခံတော်မူခြင်းသည် ကယ်တင်မည်အကြောင်းဖြစ်သည်ဟုမှတ်ကြ လော့။ ၁၆ ထိုစာတို့၌ခက်ခဲသောအရာအချို့ရှိ၏။ မတတ်သောသူ၊ တည်ကြည်ခြင်းမရှိသောသူတို့သည် ထိုအရာမှစ၍ ကြွင်းသော ကျမ်းစာ၏အနက်ကို မှောက်လှန်၍၊

ကိုယ်ကိုကိုယ်ဖျက်ဆီး တတ်ကြ ၏။ [၁၇] *သို့ဖြစ်၍ ချစ်သူတို့၊ မတရားသောသူတို့ ၏ပရိယာယ်အားဖြင့်၊ သင်တို့သည်လည်းသွေးဆောင်ရာသို့ လိုက်၍ သင်တို့တည် ကြည်ခြင်းမှ မရွေ့လျာ့မည်အကြောင်း၊* [၁၈] *ဤအရာများကိုသိနှင့် ဦဖြစ်၍ ကိုယ်ကိုကိုယ်စောင့်ရှောက်ကြလော့။ ကျေးဇူးတော်၌ငှင်း၊ ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌ငှင်းကြီးပွါးကြလော့။ ထိုသခင်သည်ယခုမှစ၍ ထာဝရနေ့ရက်ကာလပတ် လုံး ဘုန်းအသရေရှိတော်မူစေသတည်း။ အာမင်။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်– သန့်ရှင်းခြင်းပါရမီ၌ ကြိုးစားအားထုတ်ခြင်းသည် ထာဝရကယ်တင်ခြင်းကို ဖြစ်စေပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သန့်ရှင်းခြင်းပါရမီ၌ ကြိုးစားအားထုတ်ခြင်းသည် ခရစ်ယာန်များကို ကိုယ်တော်ရှင်အားတွေ့ဆုံရန် ပြင်ဆင်ပေးပါသည်။

ဤကျမ်းချက်သည် ဤဩဝါဒစာနှင့်ကျွန်ုပ်တို့ဆွေးနွေခဲ့ကြသည့် အဓိကပြောကြားလိုသောအာဘော်များ၏ သင့်တင့်ကောင်းမွန်သော အနှစ်ချုပ်ကောက်ချက်ဖြစ်သည်။ ထို့ကြောင့်၊ ရှင်ပေတရုပြောကြားလိုသော အဓိကအချက်ကို ပြန်လည်ငြင်းခုံဆွေးနွေးရန်ကြီးကြီးမားမားမလိုအပ်တော့ပါ။ ယခုမျက်မှောက်တွင် ဘုရားဝတ်၌မွေ့လျော်သောအသက်တာဖြင့် ရှင်သန်ရန်စေ့ဆော်မှုတစ်ခုအဖြစ် အခန်းငယ် ၁၄ က သခင်ဘုရား၏နေ့ရက်ကို မျှော်လင့်စောင့်စားနေပါသည်။ ၄င်း၏တိုက်တွန်းနှိုးဆော်ချက်က ၁း၅–၁၁ ကို ပြန်လည်အမှတ်ရစေပါသည်။ ၁း၅–၁၁ က သခင်ခရစ်တော်၏နိုင်ငံတော်၌အဆင့်အတန်းရှိရှိ ဆီးကြိုခံရခြင်းကိုရရှိမည့်အကြောင်း ကျွန်ုပ်တို့၏ယုံကြည်ခြင်း၌သူတော်ကောင်းပါရမီများကို ထပ်လောင်းပေါင်းထည့်ကြရန် ပြောဆိုထားသည်။ "အညစ်အကြေးနှင့်ကင်းစင်၍ အဘယ်အပြစ်မျှမပါဘဲ" ဟူသော စကားစုသည် မှတ်ယူခံရခြင်းနှင့်ဆိုင်သောဖြောင့်မတ်ခြင်း (imputed righteousness) ကို ပြောနေခြင်းမဟုတ်ပါ။ အပြစ်အနာအဆာကင်းသော အသက်တာကို ပြောဆိုနေခြင်းဖြစ်ပြီး၊ ၄င်းသည် ခရစ်တော်၏တရားပလွင့်၌ ဆက်သခြင်းကိုခံရသောအချိန်၌ ရှိထားရမည့် စာဖတ်သူတို့၏ရည်မှန်းချက်ပန်းတိုင်ဖြစ်ရပါမည်။ (နှိုင်းယှဉ် ဧဖက် ၅း၂၇)

ခ သမ္မာတရားရှုထောင့်မှကြည့်လျှင်၊ ယုံကြည်သူများ ("ချစ်သူတို့") သည် သခင်ခရစ်တော်၌ ၄င်းတို့မြဲမြံစွာရပ်တည်ခြင်းတွင်ကျရှုံး၍ မှားယွင်းသောသွင်သင်ချက်အမှားများအားဖြင့် လှည့်ဖြားခြင်းကိုခံရသည်မှာ (ငယ် ၁၇) ဖြစ်နိုင်ချေရှိသောအရာဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့မြင်တွေ့ရပါလိမ့်မည်။ ထိုသို့ဖြစ်ခဲ့ပါကလည်း သူတို့၏ကယ်တင်ခြင်းကို လက်လွှတ်ရမည်မဟုတ်ပါ (သို) ထိုသို့ဖြစ်ခြင်းက သူတို့ကယ်တင်

ခြင်းလုံးလုံးမရရှိခဲ့ကြောင်းကို သက်သေမပြပါ။ ၄င်းသည် ခရစ်ယာန်များကြီးထွားခြင်း ရပ်တန့်သွားနိုင်ကြောင်းနှင့် မိမိတို့သိရှိထားသောသမ္မာတရားနှင့် ဆန့်ကျင်ပြောဆိုနေထိုင်နိုင်ကြကြောင်းကိုသာ သက်သေပြပေးပါသည်။ ဤနည်းအားဖြင့်၊ ဤကျမ်းချက်သည် ကနဦး၌ ကျွန်ုပ်တို့ဆွေးနွေးခဲ့ကြသည့် ၂ပေ ၂ ၏အနက်ဖွင့်ဘာသာပြန်ပို့ချချက်ကို အားဖြည့်ခိုင်ခံ့စေပါသည်။ ရှင်ပေတရုသည် မိမိ၏စာဖတ်သူတို့အား မှားယွင်းမှုထဲသို့ လမ်းလွဲခြင်းမခံရမည်အကြောင်း သမ္မာတရား၌မြဲမြံစွာရပ်တည်ခြင်းကို ဆက်လက်လုပ်ဆောင်ကြရန် တိုက်တွန်းထားပါသည်။

မှားယွင်းမှုများမှ အကောင်းဆုံးကာကွယ်ပေးသောအရာမှာ "ကျေးဇူးတော်၌လည်းကောင်း၊ ငါတို့ကိုကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌လည်းကောင်းကြီးပွါး"ရန် ကြိုးစားအားထုတ်ခြင်းဖြစ်သည်။ (၎ယ် ၁၈) ဤစကားလုံးများသည် ပေါ့ပျက်ပျက်စကားလုံးများမဟုတ်ကြပါ။ အကြောင်းမှာ၊ မှားယွင်းမှုသည် ကျေးဇူးတော်တစ်ပါးတည်းကြောင့် ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ကယ်တင်ရာသို့ရောက်ခြင်းကိုလည်းကောင်း၊ သခင်ခရစ်တော်နှင့် ထိုသခင်လုပ်ဆောင်ခဲ့သောအမှုကိုလည်းကောင်း ဆန့်ကျင်တိုက်ခိုက်ခြင်းမှ ပထမဆုံးရောက်လာတတ်သောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးတော်ကိုလည်းကောင်း၊ ဘုရားသခင်၏သားတော်ကိုလည်းကောင်း ကျွန်ုပ်တို့ပို၍သိကျွမ်းလေလေ၊ မှားယွင်းသောသွန်ချက်များ၏အမှားများကို ခုခံနိုင်စွမ်းရှိလေလေဖြစ်သည်။

ရှင်ယောဟန်ဩဝါဒစာပထမစောင်၏ရည်ရွယ်ချက်
(The Purpose of 1 John)

ရှင်ယောဟန်ဩဝါဒစာပထမစောင်ရှိ ကျမ်းချက်များအား ကျွန်ုပ်တို့မဆွေးနွေးမီတွင် စာစောင်၏ရည်ရွယ်ချက်ကို ကျွန်ုပ်တို့သိရှိထားရပါမည်။ အနှစ်သာရအားဖြင့် ဆိုရလျှင်၊ ဤမေးခွန်းကိုကျွန်ုပ်တို့ဖြေဆိုရပါမည်။ ရှင်ယောဟန်ဩဝါဒစာပထမစောင်သည် **က** သမ္မာတရားရည်ရွယ်ချက်ကို ရှိထားပါသလား (သို့) **ခ** သမ္မာတရားရည်ရွယ်ချက်ကို ရှိထားပါသလား။ တရားဟောဆရာ၊ သွန်သင်းပေးသူဆရာ၊ ရှင်းလင်းချက်ရေးသားပြုစုသူအများစုနှင့် ယေဘူယျအားဖြင့် ခရစ်ယာန်များက ရှင်ယောဟန်ဩဝါဒစာပထမစောင်ကို **က** သမ္မာတရားအဖြစ်အနက်ဖွင့် ဘာသာပြန်ဆိုကြသည်။ ရှင်းပြခွင့်ပြုပါ။

၁ယော ကိုဖတ်ရှုသောအခါ၊ ရှင်ယောဟန်သည် မိမိ၏ခရစ်ယာန်စာဖတ်ပရိတ်သတ်အတွက် "စမ်းသပ်စစ်ဆေးမှု"များစွာကိုပေးထားသည်မှာ အလွယ်တကူထင်ရှားနေပါသည်။ ဤစမ်းသပ်စစ်ဆေးမှုများတွင် မှောင်မိုက် (သို့) အလင်း၌ကျင်လည်ခြင်း၊ ဘုရားသခင် (သို့) စာတန်ဖြစ်ဖွါးစေသောသူ၊ သူတစ်ပါကိုချစ်ခြင်း (သို့)

မချစ်ခြင်း၊ ဘုရားသခင်၏ပညတ်ချက်များကိုနာခံခြင်း (သို့) မနာခံခြင်း စသည်တို့ပါဝင်သည်။ အများနှင့်ဆိုင်သော အနက်ဖွင့်ဘာသာပြန်ဆိုချက်ဖြစ်သည့် **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်မှာ ဤစမ်းသပ်စစ်ဆေးမှုများကို အောင်သောသူများသည် စစ်မှန်သောခရစ်ယာန်များဖြစ်ကြပြီး၊ မအောင်သောသူများမှာ ကယ်တင်ခြင်းမခံရသောသူများဖြစ်ကြသည်ဟူ၍ ဖြစ်သည်။ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ပံ့ပိုးထောက်ခံရန်အတွက် ၅း၁၁–၁၃ ကို စာစောင်၏ရည်ရွယ်ချက်အဖြစ် ဖန်တီးထားကြသည်။ လူတို့အနေဖြင့် မိမိတို့နှင့် အခြားသူများအမှန်တကယ် ကယ်တင်ခံရခြင်းရှိ၊ မရှိကိုသိရှိနိုင်ရန် ကူညီပေးဖို့ ရှင်ယောဟန်ကဤစာစောင်ကို ရေးသားခဲ့ခြင်းဖြစ်သည်ဟု အခိုင်အမာဆိုထားကြသည်။ အမှန်ဆိုရလျှင်၊ ရှင်ယောဟန်က "သင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှါ၊ ဤအရာများကို သင်တို့အားငါရေး၍ပေးလိုက်၏" ဟု ထင်ထင်ရှားရှားပြောထားပါသည်။ (၅း၁၃)

အမှန်စင်စစ်၊ ဤစာစောင်၏ရည်ရွယ်ချက်ကိုသိရှိထားခြင်းသည် အလွန်အရေးကြီးပါသည်။ သို့သော်၊ ၅း၁၃ သည် ရှင်ယောဟန်က "ဤအရာများကိုငါရေး၍ ပေးလိုက်၏" (သို့) "ရေး၍ပေးလိုက်၏" ဟုပြောထားသည့် တစ်ခုတည်းသောနေရာမဟုတ်ပါ။ ရှင်ယောဟန်သည် စာစောင်တစ်ခုလုံးတွင် ဤအရာကိုလေးကြိမ်တိုင်တိုင်ပြောထားပါသည်။ (၁း၄၊ ၂း၁၊ ၂၆၊ ၅း၁၃ နောက်ဆုံးသုံးကြိမ်သည် ဤအရာကိုမပြောမီ ရှင်ယောဟန်က ရှေ့၌တစ်ဆက်တည်း ပြောကြားထားသောအရာကို ရည်ညွှန်းထားကြသည်) ရှင်ယောဟန်က "ဤအရာများကိုငါတို့သည်ရေးလိုက်ကြ၏" ဟု စာစောင်၏အစတွင် ပြောဆိုထားမှုသည် အရေးကြီးပါသည်။ အကြောင်းမှာ၊ မိမိ၏ရည်ရွယ်ချက်ကို စာစောင်၏အစပိုင်းတွင်ဖော်ပြခြင်းက ရှင်ယောဟန်အတွက် ပုံမှန်ရေးနေကျအရာဖြစ်ခဲ့မည်ဖြစ်သောကြောင့် ဖြစ်သည်။ အချို့က ရှင်ယောဟန်သည် မိမိရေးသားပြုစုခဲ့သောခရစ်ဝင်ကျမ်း၏ရည်ရွယ်ချက်ကို အဆုံးပိုင်းရှိ ယောဟန် ၂၀း၃၀–၃၁ တွင်ဖော်ပြထားသည်ဟုငြင်းခုံခြင်းဖြင့် ဤအချက်ကို ကန့်ကွက်ကောင်းကန့်ကွက်ကြပါလိမ့်မည်။ သို့သော်၊ ရှင်ယောဟန်ခရစ်ဝင်ကျမ်း၌ ထိုသို့နေရာချရေးသားခဲ့ခြင်းက အဓိပ္ပါယ်ရှိပါသည်။ အကြောင်းမှာ ထိုနေရာသည် ရှင်ယောဟန်က "... အကြောင်း၊ ဤမျှလောက်ရေးထားလျှက်ရှိသတည်း"ဟုပြောဆိုထားသည့် တစ်ခုတည်းသောနေရာဖြစ်သောကြောင့်ဖြစ်သည်။ ရှင်ယောဟန်သည် မိမိ၏ရပ်တည်ချက်ကို တင်ပြဆွေးနွေးပြီး နောက်ကောက်ချက်ကိုချသည့် တူးဖော်လေ့လာခြင်းအားဖြင့်ချဉ်းကပ်နည်း (inductive approach) ကို အသုံးပြုထားပါသည်။ ထို့အပြင်၊ အခန်းငယ် ၃၁ သည် ရှင်ယောဟန်မှ မိမိ၏ရေးသားချက်တွင် အဖြစ်အပျက်များကို အဘယ့်ကြောင့်သီးသန့်ရွေးချယ်ရခြင်းကို ရှင်းပြသည့် အခန်းငယ် ၃၀ ၏ရှင်းပြချက်သက်သက်သာဖြစ်သည်။

ရှင်ယောဟန်ဩဝါဒစာပထမစောင်ကို အမှန်တကယ်သဘောပေါက် နားလည်

နိဂုံးရန်အတွက် ရှင်ယောဟန် **က** ရေ့မှသူရေးသာပြုစုထားသည့် ခရစ်ဝင်ကျမ်းရှိ ယောဟန် ၁၃–၁၇ တွင် မည်သည့်အရာများအားရေးသားခဲ့ကြောင်းကို ကျွန်ုပ်တို့ သဘောပေါက်နားလည်ထားကြရမည်ဖြစ်သည်။ ကိုယ်တော်ရှင်သည် မိမိနှင့်တပည့် တော်များ၏ ဆက်ဆံရင်းနှီးမှုကို ပိုမိုကောင်းမွန်လာစေရန်အတွက် ထိုသမ္မာတရားကို တပည့်တော်များထံ၌သာ သွန်သင်ပေးခဲ့ပါသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းနှင့် ရှင်ယောဟန်ဩဝါဒစာကို အကျဉ်းချုပ်တင်ပြဖို့ နည်းလမ်းကောင်းတစ်ခုမှာ ဤသို့ဖြစ်သည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် **ခ** သမ္မာတရားအချို့ပါဝင်သော **က** သမ္မာတရားဖြစ်ပြီး၊ ရှင်ယောဟန်ဩဝါဒစာပထမစောင်သည် **က** သမ္မာတရားအချို့ပါဝင်သော **ခ** သမ္မာတရားဖြစ်သည်။



ဤအချက်ကိုစိတ်၌ရည်မှတ်လျက်၊ အလွယ်တကူ အဓိပ္ပါယ်ကောက်မှားနိုင်သည့် သတ်သတ်မှတ်မှတ်ရှိသောကျမ်းချက်အချို့ကို ကျွန်ုပ်တို့လေ့လာသုံးသပ်သွားကြပါမည်။

ငါတို့သည် မှောင်မိုက်၌ကျင်လည်လျှင် (If we walk in darkness)
၁ယော ၁း၆၊ ၈၊ ၁၀

> ၆ *ငါတို့သည်ဘုရားသခင်နှင့်မိသဟာယဖွဲ့ပြီဟုဆိုလျက်ပင်၊မှောင်မိုက်၌ကျင်လည်လျှင်၊ သစ္စာတရားကိုမကျင့်၊ မုသာကိုသုံးသောသူ ဖြစ်ကြ၏။*
> ၈ *ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင်၊ ကိုယ်ကိုကိုယ်လှည့်ဖြားကြ၏။ ငါတို့၌သစ္စာတရားမရှိ။*
> ၁၀ *ဒုစရိုက်ကိုမပြုပြီဟု ငါတို့သည်ဆိုလျှင်၊ ဘုရားသခင်ကို မုသာအပြစ်တင်ကြ၏။ နှုတ်ကပတ်တော်လည်း ငါတို့၌မရှိ။*

က သမ္မာတရား အနက်ဖွင့်ဘာသာပြန်ဆိုချက် –မိမိတို့သည် ကယ်တင်ခြင်းခံထားရသောသူများဖြစ်သည်ဟု ပြောဆိုသော်လည်း ဒုစရိုက်၌ ကျင်လည်နေလျှင် (သို့) မိမိတို့၌အပြစ်ရှိကြောင်းကို ငြင်းပယ်

သောသူများသည် ကယ်တင်ခြင်းမခံကြရပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ကယ်တင်ခြင်းခံရသော်လည်း ဒုစရိုက်၌ကျင်လည်သောသူ (သို့) မိမိတို့၌အပြစ်ရှိကြောင်းကို ငြင်းပယ်သောသူများသည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းမရှိကြပါ။

မှောင်မိုက်၌ကျင်လည်ခြင်းနှင့်အပြစ်ရှိကြောင်းကို ငြင်းပယ်ခြင်းတို့သည် ကယ်တင်ခြင်းအား စမ်းသပ်စစ်ဆေးပေးသောအရာများ ဖြစ်ကြပါသလား (သို့) မိတ်သဟာယဖွဲ့ခြင်းကို စမ်းသပ်စစ်ဆေးပေးသောအရာများ ဖြစ်ကြပါမလား။ ရှင်ယောဟန်သည် အခန်းငယ် ၆ တွင် ဤသုံးကြောင်းပါထုတ်ဖော်ပြောဆိုမှုကို မိတ်သဟာယဖွဲ့ခြင်းအကြောင်း အာဘော်နှင့်အတူ အစပြုထားပါသည်။ အမှန်ဆိုရလျှင် ရှင်ယောဟန်သည် "ငါတို့"ဟူသော ပြောသူနာမ်စားအများကိန်းကို အသုံးပြုခြင်းဖြင့် မိမိကိုလည်းပါဝင်ထည့်သွင်းထားပါသည်။ ဤအရာများသည် ရှင်ယောဟန်က **ခ** သမ္မာတရားကို ပေးကမ်းထားသည်ဟူသောအချက်အတွက် ခိုင်မာသောညွှန်ပြချက်များဖြစ်ကြသည်။ အထူးသဖြင့်၊ ဤစာစောင်သည် ယုံကြည်သူများထံ လိပ်မူရေးပို့ထားသောကြောင့်လည်းဖြစ်သည်။

လူတို့ကို **က** သမ္မာတရား အနက်ဖွင့်ဘာသာပြန်ဆိုခြင်းဆီသို့ တွန်းပို့ပေးသောအရာမှာ မှောင်မိုက်၌ ကျင်လည်ခြင်းနှင့်အပြစ်ဒုစရိုက်ကို ငြင်းပယ်ခြင်းတို့ဖြစ်နိုင်ချေရှိသောအရာများဖြစ်သည့်အကြောင်း ပြောဆိုထားသည့် ထုတ်ဖော်ပြောဆိုချက်ဖြစ်သည်။ ယုံကြည်သူတစ်ယောက်သည် မှောင်မိုက်၌ကျင်လည်နိုင်ပါသလား (သို့) အပြစ်ရှိကြောင်းကို ငြင်းပယ်နိုင်ပါသလား။ နောက်ပိုင်းတွင် ရှင်ယောဟန်က "မိမိညီအစ်ကိုကိုမုန်းသောသူသည် ယခုတိုင်မှောင်မိုက်၌ရှိသေး၏" ဟုဆိုထားသည်။ (၂း၉၊ ၂း၁၁) သို့သော်လည်း၊ မှောင်မိုက်၏အကျိုးဆက်မှာသည် ယုံကြည်သူ သွားရာလမ်းကိုကွယ်စေ၍၊ မရှင်းမလင်းနှင့်ဝေဝါးနေစေရန်ဖြစ်သည်။ ယုံကြည်သူကို အပါယ်ငရဲသို့ပို့ဆောင်ရန်မဟုတ်ပါ။ (၂း၁၁) ရှင်ယောဟန်သည် ယုံကြည်သူ၏ "ကျင်လည်ရှင်သန်ပုံ" (သို့) ဘုရားသခင်၏ရှေ့တော်၌ရှိသော ၄င်းတို့၏အသက်တာအကြောင်းကို လိပ်မူပြောဆိုနေခြင်းဖြစ်သည်။ သူတို့၏ ဓမ္မအယူဝါဒ (သို့) ယုံကြည်ခြင်းအကြောင်းကို လိပ်မူပြောဆိုနေခြင်း မဟုတ်ပါ။ ဘုရားသခင်၏ရှေ့တော်၌ ပွင့်လင်းမှု၊ ရိုးသားမှုတို့နှင့်အတူ ရှင်သန်လျှောက်လှမ်းသောယုံကြည်သူများသည် အလင်း၌ကျင်လည်ကြ၍ သခင်ခရစ်တော်သွန်းလောင်းခဲ့သော အသွေးတော် (အပြစ်အတွက်ကိုယ်တော်၏ယဇ်ပူဇော်ခံခြင်း)၏သန့်ရှင်းစင်ကြယ်စေသောအစွမ်းအားဖြင့် သန့်စင်ဆေးကြောခြင်းခံကြရပါသည်။ ဘုရားသခင်၏ရှေ့တော်၌လည်းကောင်း၊ လူအများ၏ရှေ့၌လည်းကောင်း၊ မရိုးမသား ရှင်သန်သောသူများသည် မိမိတို့၏အပြစ်ကိုငြင်းပယ်ကြပါလိမ့်မည်။ ဒါဝိဒ်မင်းသည် မိမိ၏

အပြစ်ကို ပရောဖက်နာသန်ထံ၌လည်းကောင်း၊ ဘုရားသခင်ထံ၌လည်းကောင်း မဝန်ခံမီတွင် ဤအရာကို တစ်နှစ်ခန့်ပြုလုပ်ခဲ့ပါသည်။ (၁ရာ ၁၂း၁–၄၊ ဆာလံ ၅၁ ကိုလည်းကြည့်ပါ) သို့သော် မိမိ၏အပြစ်ကိုမဝန်ခံမီတွင် သူ၏အတွေ့အကြုံခံစားချက်များသည် ဝိညာဉ်ရေးအရ မှောင်မိုက်နေခဲ့ပါသည်။ (ဆာလံ ၃၂း၁–၅)

မှောင်မိုက်၌ကျင်လည်သောယုံကြည်သူများသည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းကို ရှိထားသောသူများ ပျော်မွေ့ခံစားရသည့် ဘဝဦးတည်ချက်မျိုးကို ပျော်မွေ့ခံစားရခြင်းမရှိဘဲ၊ စမ်းတဝါးဝါးနှင့်ခလုတ်ထိဆူးငိုခဲ့ကြပါလိမ့်မည်။ ခရစ်ယာန်များသည် အလင်းဖြစ်တော်မူသော ဘုရားသခင်ကို ကျောခိုင်းကြသောအခါတွင်၊ မိမိတို့၏အရိပ်ကိုပင် တချိန်လုံးခလုတ်တိုက်မိကြပါလိမ့်မည်။ ထိုသို့ဖြစ်သောကြောင့် ၁း၁၉ ရှိအပြစ်ကို ဖော်ပြတောင်းပန်ခြင်းသည် အလွန်အရေးပါနေရခြင်းဖြစ်သည်။

ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင် (If we confess our sins) ၁ယော ၁း၉

ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်ငင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ငင်း ပြည့်စုံတော်မူ၏။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူတို့သည် ကယ်တင်ခြင်းကိုခံရ၍ အပြစ်လွှတ်ခြင်းခံရန်အတွက် မိမိတို့၏အပြစ်များကို ဖော်ပြတောင်းပန်ကြရပါမည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်သူများသည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်း၌ ပြန်လည်သွတ်သွင်းခြင်းခံရန်အတွင် မိမိတို့၏အပြစ်များကို ဖော်ပြတောင်းပန်ရပါမည်။

ရှင်ယောဟန်သြဝါဒစာပထမစောင်၏ရည်ရွယ်ချက်သည် ကယ်တင်ခြင်းအားစမ်းသပ်စစ်ဆေးမှုများအကြောင်းမဟုတ်၊ မိတ်သဟာယဖွဲ့ခြင်းအကြောင်းကို ခရစ်ယာန်များထံ ရေးသားပေးပို့ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့နားလည်သဘောပေါက်သည်နှင့် ဤကျမ်းပိုဒ်၏ဆိုလိုရင်းကို ကျွန်ုပ်တို့နားလည်သဘောပေါက်နိုင်ကြပါသည်။ ရှင်ယောဟန်မှ တရားဝင်ကြေငြာထားသည့် ၁း၃ ရှိ **ခ** သမ္မာတရားရည်ရွယ်ချက်နှင့် ၁း၆၊ ၈၊ ၁၀ တို့ရှိ **ခ** သမ္မာတရား သဘောပေါက်နားလည်မှုတို့အရ၊ အပြစ်ကိုဖော်ပြတောင်းပန်ခြင်းသည်လည်း **ခ** သမ္မာတရားဖြစ်ရပါမည်။ အလင်း နှင့်မှောင်မိုက်၌ကျင်လည်ခြင်းဟူသော အနီးစပ်ဆုံးကျမ်းစကားအဆက်အစပ်၌ အပြစ်ကို ဖော်ပြတောင်းပန်ခြင်းဆိုသည်မှာ ယုံကြည်သူတစ်ယောက်အလင်း၌ မည်သို့ဆက်လက်ကျင်လည်နိုင်မည့်အကြောင်း ဖြစ်

သည်။ အပြစ်ကို ဖော်ပြတောင်းပန်ခြင်းသည် ဘုရားသခင်၏ ရှေ့တော်၌ ယုံကြည်သူ တစ်ယောက်၏ ရိုးသားမှုကိုပြသပြီး၊ ၄င်းသည် ထိုယုံကြည်သူအား ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းကို ပျော်မွေ့ရန်ခွင့်ပြုပေးပါသည်။ "ဖော်ပြတောင်းပန်သည်" (confess, *homologeô* မှ) ဟူသောစကားလုံးသည် *သဘောတူသည်* ဟုအဓိပ္ပါယ်ရသည်။ အပြစ်ကို ကျူးလွန်မိ၍ ထိုအပြစ်ကိုဘုရားသခင်ထံ၌ ဖော်ပြတောင်းပန်သော ယုံကြည်သူသည် မိမိအမှန်တကယ်အပြစ်ကျူးလွန်ခဲ့သည့်အကြောင်း ဘုရားသခင်နှင့်သဘောတူခြင်းဖြစ်သည်။

အပြစ်ကိုဖော်ပြတောင်းပန်ခြင်းအားဖြင့် တစ်ဦးတစ်ယောက်၏ ကယ်တင်ခြင်းကို ကန့်သတ်ဘောင်ခတ်ခြင်းသည် အလွန်ထူးခြားရာရောက်ခဲ့ပါလိမ့်မည်။ ဤဘာသာစကားအသုံးအနှုန်းသည် ခမ္မာသစ်ကျမ်းတွင် ကယ်တင်ခြင်းနှင့်ဆိုင်သောအဓိပ္ပါယ်မျိုးကို မဆောင်ပါ။ ကနဦး၌ဆွေးနွေးခဲ့ကြသည့်အတိုင်း *ဝန်ခံသည် (confess)* ဟူသော စကားလုံးကို ရောမ ၁၀း၉–၁၀ ၌ ယုံကြည်ခြင်းကို ထုတ်ဖော်ပြသခြင်းအဖြစ် ဖော်ပြထားပါသော်လည်း၊ ထိုဝန်ခံခြင်းသည် သခင်ယေရှု မည်သူမည်ဝါဖြစ်သည်ဟူသောအချက်ကို ဝန်ခံခြင်းဖြစ်သည်။ အပြစ်ဝန်ခံခြင်း မဟုတ်ပါ။

ဆက်ဆံရင်းနှီးမှုတိုင်းတွင် နှစ်ဖက်သောအုပ်စုက တစ်ဦးအပေါ် တစ်ဦးပွင့်လင်း၍ ရိုးသားမှသာလျှင် ထိုဆက်ဆံရင်းနှီးမှုကို ပျော်မွေ့ကြရပါသည်။ လူသားချင်းဆက်ဆံရင်းနှီးမှုအဆင့်တွင် မိဘများသည် ၄င်းတို့၏သားသမီးများကို ချစ်မြတ်နိုး၍ လိုလိုလားလား ခွင့်လွှတ်ပေးလိုကြပါသော်လည်း သားသမီးတစ်ဦးက ၄င်းတို့ကိုမနာခံခဲ့လျှင်၊ ထိုသားသမီးက အပြစ်ကိုဝန်ခံတောင်းပန်၍ "ရင်းနှီးပွင့်လင်းစွာဆွေးနွေးခြင်းဖြင့် ပြေလည်မှုရရှိအောင်" မလုပ်မချင်း ထိုဆက်ဆံရင်းနှီးမှုမှာ ထိခိုက်နစ်နာနေပါသည်။ အလားတူပင်၊ ဘုရားသခင်၏မိသားစုအတွင်းရှိ ကျွန်ုပ်တို့၏ဖြစ်တည်မှုကို အပြစ်ဒုစရိုက်ကြောင့်လက်မလွှတ်ရသော်လည်း၊ ကျွန်ုပ်တို့၏အပြစ်ကို ဘုရားသခင်ထံ၌ ဝန်ချတောင်းပန်ခြင်းမရှိသောအခါ ဆက်ဆံရင်းနှီးမှု (မိတ်သဟာယဖွဲ့ခြင်း) ကိုကျွန်ုပ်တို့ ပျော်မွေ့ခံစားရခြင်းတွင် ထိခိုက်နစ်နာရပါသည်။

ထိုသူ၌သစ္စာမရှိ (The Truth is not in him) ၁ယော ၂း၃–၄၊ ၉၊ ၁၁

> *၃ ထိုသခင်ကို ကိုယ်တိုင်သိကျွမ်းသည်ကို အဘယ်သို့သိရသနည်း ဟူမူကား၊ ပညတ်တော်တို့ကို စောင့်ရှောက်လျှင်သိရသတည်း။ ၄ ထိုသခင်ကိုငါသိ၏ဟု ပညတ်တော်တို့ကိုမစောင့်ဘဲလျက်ဆိုသော သူသည်မုသာကိုသုံးသောသူဖြစ်၍ ထိုသူ၌သစ္စာမရှိ။*
> *၉ မိမိညီအစ်ကိုကိုမုန်းလျက်ပင်၊ ငါသည်အလင်း၌ရှိ၏ဟုဆိုသော သူသည် ယခုတိုင်အောင် မှောင်မိုက်၌ရှိသေး၏။*

၁၁ *မိမိညီအစ်ကိုကိုမုန်းသောသူသည် မှောင်မိုက်၌ရှိ၏။ မှောင်မိုက်၌ လည်း ကျင်လည်သွားလာ၏။ မှောင်မိုက်ကြောင့်သူ၏ မျက်စိမမြင် နိုင်သဖြင့်၊ အဘယ်အရပ်သို့ကိုယ်သွားသည်ကို ကိုယ်မသိ။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်– မိမိတို့ကယ်တင်ခြင်း ခံရသည်ဟုဆိုကြသော်လည်း ဘုရားသခင်၏ပညတ်ချက်များကို လိုက်နာစောင့်ထိန်းခြင်းမရှိလျှင် (သို့) အခြားသူများကိုမုန်းလျှင် သူတို့သည် ကယ်တင်ခြင်းမခံကြရပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – မိမိတို့သည် သခင် ယေရှုခရစ်နှင့်မိတ်သဟာဖွဲ့ခြင်းကို ရှိထားကြသည်ဟု ဆိုကြသော်လည်း ဘုရားသခင်၏ပညတ်ချက်များကို နာခံစောင့်ထိန်းခြင်း မရှိသော (သို့) မိမိတို့၏ညီအစ်ကိုတို့ကို မုန်းသောယုံကြည်သူများသည် ကိုယ်တော်နှင့်မိတ်သဟာဖွဲ့ခြင်း မရှိကြပါ။

ပထမဆုံးဖြေရှင်းရမည့်ပြဿနာမှာ ဘုရားသခင်ကို "သိကျွမ်းသည်" ဆိုသည်မှာ မည်သည့်အရာကိုဆိုလိုပါသနည်းဟူသောအချက်ဖြစ်သည်။ အကြောင်းမှာ ကျမ်းချက်၌ ဖော်ပြထားသည့်အခြေအနေတွင် ထိုပြောဆိုချက်ကို ငြင်းခုံဆွေးနွေးထားသောကြောင့်ဖြစ်သည်။ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က ဤအရာကို ကယ်တင်ခြင်းရရှိကြောင်းပြောဆိုချက်အဖြစ်နှင့် မှတ်ယူထားသည်။ **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကမူ ဤအရာကို သခင်ယေရှုခရစ်နှင့် ရင်းနှီကျွမ်းဝင်သောမိတ်သဟာယဖွဲ့ခြင်းရှိထားကြောင်း ပြောဆိုချက်အဖြစ်မှတ်ယူထားသည်။

"Him" (ယုဒသန်ကျမ်းတွင် သခင်ဟုပြန်ဆိုထားသည်) သည် သခင်ယေရှုခရစ်ကို ရည်ညွှန်းထားသည်မှာ ကျမ်းစကားအဆက်အစပ်အားဖြင့် ထင်ရှားသိသာနေပါသည်။ ထိုကျမ်းစကားအဆက်အစပ်က အခန်းငယ် ၁ နှင့် ၂ တွင် သခင်ယေရှုခရစ်ကို ကျွန်ုပ်တို့၏ အမှုဆောင်ဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့၏အပြစ်ဖြေစရာအကြောင်းဟူ၍လည်းကောင်းခေါ်ဝေါ်ထားသည်။ ထိုအပြင်၊ အခန်းငယ် ၆ ကလည်း ယုံကြည်သူသည် "သခင်ကျင့်တော်မူသည် နည်းတူကျင့်ရမည်"ဟုဆိုထားသည်။ သခင်ယေရှုသည် ဤလောက၌ သာသနာပြုစဉ်တွင် ဖြောင့်မတ်သောအသက်တာ ဖြင့်ရှင်သန်နေထိုင်ခဲ့ပါသည်။

"သိကျွမ်းသည်"၏အဓိပ္ပါယ်ကို သိနိုင်ဖို့သဲလွန်စတစ်ခုမှာ အခန်းငယ် ၆ ရှိ "တည်၏" ဟူသောယှဉ်လျက်ရှိသည့် အသုံးအနှုန်းကို အသုံးပြုထားပုံဖြစ်သည်။ ယုံကြည်ခြင်းနှင့်တည်ခြင်းတို့၏ကွဲပြားခြားနားချက်ကို ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ (ယောဟန် ၈း၃၁–၃၂ ကိုကြည့်ပါ) *တည်သည်* (*menó* ဟူသောစကားလုံးမှ) ဟူသောစကားလုံးသည် *စောင့်ထိန်းလိုက်နာသည်၊ ဆက်လက်၍လုပ်ဆောင်သည်၊ ဆက်လက်၍*

*တည်ရှိသည်*ဟူ၍ဆိုလိုသည်။ ယုံကြည်သည်ဟု မဆိုလိုပါ။ အထက်၌ဖော်ပြခဲ့သည့် အတိုင်း စာဖတ်သူတို့သည် ယုံကြည်သူများဖြစ်နေခဲ့ကြပြီးဖြစ်သည်။ *တည်သည်* ဟူသောစကားလုံးသည် ဘုရားသခင်နှင့်မိတ်သဟာရဖွဲ့ခြင်းကို ရည်ညွှန်းသည့် ယုံကြည် သူများအတွက် အသုံးပြုသောစကားလုံးဖြစ်သည်။ အလားတူပင်၊ "သိကျွမ်းသည်"ဟူ သောစကားလုံးသည် တစ်စုံတစ်ခုကိုအသိအမြင်အားဖြင့် သိကျွမ်းခြင်း၊ တစ်စုံတစ်ခုကို အတွေ့အကြုံအားဖြင့်သိကျွမ်းခြင်း၊ တစ်စုံတစ်ခုကို အတွင်းကျကျ သိကျွမ်းခြင်းစသည့် ကျယ်ပြန့်သောအဓိပ္ပါယ်ကိုရှိထားသည်။ ယောဟန် ၁၇း၇–၉ တွင် ဖိလိပ္ပုသည် သခင်ယေရှုခရစ်ကို အတိုင်းအတာတစ်ခုအထိ သိကျွမ်းခဲ့သော်လည်း၊ သူသည်ကိုယ် တော်ကို အမှန်တကယ်သိကျွမ်းခြင်းမရှိခဲ့ပါ။ နောက်ပိုင်းတွင် သခင်ယေရှုက ကယ်တင် ခြင်းခံထားရသောတပည့်တော်များအတွက် ၎င်းတို့သည်ဘုရားသခင် နှင့်သခင်ယေရှု ခရစ်ကိုပို၍ သိကျွမ်းကြမည့်အကြောင်း ဆုတောင်းပေးခဲ့သည်။ (ယောဟန် ၁၇း၃)

သခင်ခရစ်တော်၏ပညတ်ချက်များကို နာခံလိုက်လျောက်ခြင်းသည် သခင် ခရစ်တော်နှင့် အတွင်းကျကျရင်းနှီးကျွမ်းဝင်ခြင်းအတွက်နည်းလမ်း ဖြစ်သည်ဟု ရှင်ယောဟန်က သွန်သင်ပေးနေပါသည်။ ဤအရာသည် အထက်အခန်း သွန်သင်ချက်၌ သခင်ယေရှုက သွန်သင်ပေးခဲ့သည့် သမ္မာတရားကို ဖော်ညွှန်းချက်ဖြစ်သည်။ (ယောဟန် ၁၄း၂၁) သခင်ခရစ်တော်ကို နာခံခြင်းဆိုသည်မှာ ကိုယ်တော့်ကိုအတွင်းကျကျ ချစ် ကြောင်းပြသခြင်းဖြစ်သည်။ (ယောဟန် ၁၄း၁၅) ယုံကြည်သူတစ်ယောက်သည် သခင် ခရစ်တော်၏ပညတ်ချက်များကိုနာခံခြင်းမရှိလျှင် ကိုယ်တော်ကို အတွင်းကျကျ သိကျွမ်း ပါသည်ဟု မပြောနိုင်ပါ။ ယုံကြည်သူသည် ထိုကဲ့သို့သော မထီလေးစားပြုသည့် ပြော ဆိုမှုမျိုးကိုပြုလုပ်လျှင်၊ သူသည်မုသားကို သုံးနေခြင်းသာဖြစ်သည်။ သခင်ယေရှုက မိမိတပည့်တော်များထံ၌ မိန့်မှာခဲ့သည့် အကြီးမြတ်ဆုံးပညတ်ချက်မှာ အချင်းချင်းချစ် ကြရန်ဖြစ်သည်။ (ယောဟန် ၁၃း၃၅) မိမိတို့၏ညီအစ်ကိုချင်းကို ချစ်ခြင်းသည် ယုံကြည်သူများက ဘုရားသခင်အား မိမိတို့အတွင်းကျကျသိကျွမ်းကြောင်းကို ပြသခြင်း ဖြစ်သည်။ (၁ယော ၄း၇–၈) အကြောင်းမှာ၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော် မူသောကြောင့်ဖြစ်သည်။ (၁ယော ၄း၁၆) အခန်းကြီး ၁ တွင် ရှင်ယောဟန်က မိမိ၏ ယုံကြည်သူစာဖတ်သူများထံ၌ အလင်းနှင့်မှောင်မိုက်မှ တစ်ခုခုတွင် ကျင်လည်ရန် ရွေး ချယ်ခြင်းအကြောင်းကို ပြောပြခဲ့ပါသည်။ ရှင်ယောဟန်သည် ယခုတွင်ထိုသမ္မာတရားကို ယုံကြည်သူတို့က မိမိတို့၏ညီအစ်ကိုချင်းမည်သို့ချစ်နိုင်သည် (သို့) မုန်းနိုင်သည့် အကြောင်းကိုပြောပြခြင်းဖြင့် လက်တွေ့ပြသထားသည်။

ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာကို မာနထောင်လွှားခြင်းအားဖြင့် အတည်မပြုပါ။ နာခံခြင်းအားဖြင့်သာ အတည်ပြုရပါသည်။ သခင်ခရစ်တော်၏ပညတ်ချက်များ၊ အထူး သဖြင့် သူတစ်ပါးကိုချစ်ရန် ပညတ်ချက်ကို ကျွန်ုပ်တို့နာခံလိုက်လျောက်ခြင်းသည်

တည်မြဲသောဆက်ဆံရင်းနှီးမှုတစ်ခုခု ကိုယ်တော်ကို ကျွန်ုပ်တို့အတွင်းကျကျသိကျွမ်းခြင်း၏အထောက်အထားဖြစ်သည်။ ကိုယ်တော်ရှင်နှင့်အတူ ကျွန်ုပ်တို့လျှောက်လှမ်းရှင်သန်ခြင်းကို ပို၍နက်နဲစေလိုဆိုလျှင် ဤသွန်သင်ချက်ကို နားလည်သဘောပေါက်ထားရန် အလွန်အရေးကြီးသည်။

ဒုစရိုက်ပြုတတ်သောသူသည် ကိုယ်တော်ကိုမသိ (Whoever Sins does not know God) ၁ယော ၃း၆၊ ၉–၁၀

> ၆ *ကိုယ်တော်၌လည်းအပြစ်မရှိ၊ ကိုယ်တော်၌တည်နေသောသူ မည်သည်ကား၊ ဒုစရိုက်ကိုမပြုတတ်။ ဒုစရိုက်ကိုပြုတတ်သောသူမည်သည်ကား၊ ကိုယ်တော်ကိုမသိမမြင်ရသေး။*
>
> ၉ *ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူမည်သည်ကား၊ ဒုစရိုက်ကိုမပြုတတ်။ အကြောင်းမူကား၊ ထိုသူ၌မျိုးစေ့တော်တည်လျက်ရှိ၏ ထိုသူသည် ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူဖြစ်သောကြောင့် ဒုစရိုက်ကိုမပြုနိုင်။* ၁၀ *ထိုသို့သောလက္ခဏာအားဖြင့် ဘုရားသခင်၏သားတို့နှင့် မာရ်နတ်၏သားတို့သည်ထင်ရှားကြ၏။ ဖြောင့်မတ်ခြင်းတရားကိုမကျင့်သောသူ၊ မိမိညီအစ်ကိုကို မချစ်သောသူမည်သည် ကား၊ ဘုရားသခင်နှင့်မဆိုင်။*
>
> **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဒုစရိုက်ကို ဆက်လက်၍ပြုနေသောသူများ (သို့) သူတစ်ပါးကို မချစ်သောသူများသည် ကယ်တင်ခြင်းမခံကြရပါ။
>
> **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဒုစရိုက်ကို ဆက်လက်၍ပြုနေသောသူများ (သို့) မိမိတို့၏ညီအစ်ကိုချင်းကို မချစ်သောယုံကြည်သူများသည် ဘုရားသခင်နှင့်အတွင်းကျကျ မိတ်သဟာယဖွဲ့ခြင်းမရှိကြပါ။

ခရစ်ယာန်အားလုံးသည် အခါအားလျော်စွာ ဒုစရိုက်ကိုပြုကြသည့်အချက်ကို ခရစ်ယာန်အများစုက ဝန်ခံသဘောတူကြပါသော်လည်း၊ ခရစ်ယာန်များသည် အပြစ်ဒုစရိုက်ကို အဆက်မပြတ်မကျူးလွန်နိုင်၊ ထိုသို့ကျူးလွန်လျှင် ဆက်လက်၍ ခရစ်ယာန်မဖြစ်နိုင်ဟူသောအချက်ကို အလေးအနက်တိုက်တွန်းရန် ဤကျမ်းချက်ကိုအသုံးပြုသောသူအချို့ရှိသည်။ အထူးသဖြင့်၊ ကယ်တင်ခြင်းနှင့်စပ်လျဉ်၍ ယုံမှားသံသယပွါးဖွယ်ကောင်းသောသူများသည် ၎င်းတို့၏ ကယ်တင်ခြင်းကိုဆုံးရှုံးကြရကြောင်း (သို့) ကယ်တင်ခြင်းလုံးလုံးမရရှိခဲ့ကြကြောင်း သက်သေအဖြစ်နှင့် သူတစ်ပါးအပေါ်၌ချစ်ခြင်းမေတ္တာမရှိခြင်းကို ကိုးကားကြသည်။

က သမ္မာတရားအနက်ဖွင့် ဘာသာပြန်ဆိုချက်သာမှန်ကန်ခဲ့လျှင် ဤကျမ်းပိုဒ်များသည် ၁း၈ နှင့် ၉ ၌ ရှင်ယောဟန်ဆိုထားသည့် "ကိုယ်အပြစ်မရှိဟု ငါတို့ဆိုလျှင် ကိုယ်ကို ကိုယ်လှည့်ဖြားကြ၏။ ငါတို့၌သစ္စာတရားမရှိကိုယ်အပြစ်ကို ဖော်ပြတောင်းပန်လျှင် .."ဟူသောအချက်နှင့် ဆန့်ကျင်နေခဲ့ပါလိမ့်မည်။ ယုံကြည်သူများသည် အပြစ်ဒုစရိုက်ကို ပုံမှန်ကျူးလွန်ရင်း ကျူးလွန်နေကြပါသည်။ ထိုသို့ဖြစ်သောကြောင့်၊ အပြစ်ဒုစရိုက်ကို ဝန်ချတောင်းပန်ခြင်းအားဖြင့် ကိုင်တွယ်ဖြေရှင်းရန် ဘုရားသခင်ကလမ်းစတစ်ခုပေးထားရခြင်းဖြစ်သည်။

တစ်ဖန်၊ ဤနေရာ၌ အဓိကပြောကြားလိုသောအချက်မှာ သခင်ခရစ်တော်ကို *ယုံကြည်ခြင်း*မဟုတ်ပါ။ သခင်ခရစ်တော်၌ *တည်ခြင်း* ဖြစ်ကြောင်းကို ကျွန်ုပ်တို့မှတ်သားကြရပါမည်။ တည်ခြင်းသည် အတွင်းကျကျသိရှိခြင်းနှင့်နီးစပ် ကျမ်းဝင်သောဆက်ဆံရင်းနှီးခြင်းအကြောင်းကို ပြောပြနေသောကြောင့် သခင်ခရစ်တော်၌တည်သောသူ (သခင်ခရစ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်း၌ ဆက်လက်တည်နေသည်ဟုဆိုလိုသည်) သည် အပြစ်ဒုစရိုက်ကိုမပြုဟု ရှင်ယောဟန် မည်သို့ပြောဆိုခဲ့နိုင်ကြောင်းကို အလွယ်တကူမြင်တွေ့နိုင်ပါသည်။ ရှင်ယောဟန်က ဒုစရိုက်ကိုပြုသောသူ (သခင်ခရစ်တော်၌ မတည်သောသူဟုဆိုလိုသည်) သည် "ကိုယ်တော်ကိုမသိမမြင်ရသေး" ဟုပြောထားသည်။ ဤအသုံးအနှုန်းကို ကယ်တင်ခြင်းအတွေ့အကြုံ (**က** သမ္မာတရား) နှင့်ဆက်စပ်၍ အသုံးပြုနိုင်ပါသော်လည်း၊ ရှင်ယောဟန်သည် ဤအသုံးအနှုန်းကို ယုံကြည်သူတို့၏ အတွေ့အကြုံနှင့်ဆက်စပ်၍ မကြာခဏအသုံးပြုထားပါသည်။ *မြင်သည်* (*horaô* ဟူသောစကားလုံးမှ) ဟူသောစကားလုံးသည် တစ်စုံတစ်ခုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏ သိမြင်နားလည်ခြင်းနှင့်တွေ့ကြုံခံစားမှုကို ရည်ညွှန်းနိုင်သည်။ (ယောဟန် ၆း၃၆၊ ၁၂း၄၅၊ ၁၄း၉၊ ၁၅း၂၄၊ ၃ ယော ၁၁) *သိကျွမ်းသည်* (*epiginôskô* ဟူသောစကားလုံးမှ) ဟူသောစကားလုံးသည် ပုဂ္ဂလအကျွမ်းဝင်မှု (သို့) ရင်းနှီးမှုကို ရည်ညွှန်းနိုင်သည်။ ထိုအရာကိုမိတ်သဟာယဖွဲ့ခြင်းဟု ကျွန်ုပ်တို့ခေါ်ဆိုကြသည်။

လူအချို့က ကျမ်းချက်များ၌တွေ့ရသည့် ပစ္စုပ္ပန်ကာလပြကြိယာပုံစံအားအသုံးပြုထားသည်ကို ထောက်ပြငြင်းခုံခြင်းဖြင့် **က** သမ္မာတရား အနက်ဖွင့်ဘာသာပြန်ဆိုချက်ကို ထောက်ခံအားပေးထားကြသည်။ ဤသို့ထောက်ပြ ငြင်းခုံသောသူများကကြိယာများကို "အပြစ်ဒုစရိုက်ကိုဆက်လက်၍ပြုနေသည်" (သို့) "အပြစ်ဒုစရိုက်လိုက်စားခြင်းအမှုကို ဆက်လက်၍ပြုနေသည်" ဟူ၍အနက်ဖွင့်ဘာသာပြန်ဆိုလိုကြသည်။ ဤကဲ့သို့အနက်ဖွင့်ဘာသာပြန်ဆိုပုံများကို ကျမ်းစာများတွင် ထင်ဟပ်ထားကြသည်။ (NIV, NET, ESV, NASB) ထွက်ပေါ်လာသောအနက်ဖွင့်ဘာသာပြန်ဆိုချက်မှာ ဤစကားလုံးသည် အပြစ်ဒုစရိုက်ကို အလေ့အထတစ်ခုကဲ့သို့ ပြုလုပ်ကျူးလွန်နေသောသူ (သို့) အပြစ်ဒုစရိုက်ကို အဆတ်မပြတ်ကျူးလွန်နေသောသူကို ဖော်ကျူးထားခြင်း

လာဖြစ်သည်။ ဤအယူအဆနှင့်ပတ်သက်၍ ပြဿနာအချို့ရှိနေပါသည်။ ပထမအနေဖြင့်၊ ပစ္စုပ္ပန်ကာလပြကြိယာပုံစံ၏အဓိပ္ပါယ်မှာ ထိုသို့သာဖြစ်ခဲ့လျှင် အကျင့်ပါနေသော လုပ်ဆောင်ချက်၏အဓိပ္ပါယ်ကို ရှင်းလင်းပြတ်သားလာစေရန် လုပ်ဆောင်ပေးမည့် နောက်ထပ်အရန်စကားလုံးများ လိုအပ်ခဲ့ပါလိမ့်မည်။ ("သူကျိန်ဆဲနေတယ်" ဟူသော ထုတ်ဖော်ပြောဆိုချက်ကို "သူတစ်ချိန်လုံး ကျိန်ဆဲနေတယ်" ဟူသောစကားလုံးများနှင့် အတူ ကျွန်ုပ်တို့ရှင်းလင်းပြတ်သားစေသကဲ့သို့) ထိုကဲ့သို့ ရှင်းလင်းလာစေသည့် စကားလုံးများမပါရှိလျှင်၊ ရှင်ယောဟန်၏စာဖတ်သူတို့က ဤပစ္စုပ္ပန်ကာလပြကြိယာပုံစံအတွက် အကျင့်ပါနေသော လုပ်ဆောင်မှုအဓိပ္ပါယ်မျိုးကို မှတ်ယူခဲ့ကြမည်မဟုတ်ပါ။ အကျင့်ပါနေသောလုပ်ဆောင်မှုမျိုးဖြင့် အနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ဓမ္မတွေးခေါ်ယူချက်နှင့်ဆိုင်သော ဘက်လိုက်ခြင်းမှရောက်ရှိလာပြီး၊ ထိုဘက်လိုက်မှုက ခရစ်ယာန်များသည် ဒုစရိုက်၌အပတ်တကုတ် ကြိုးစားအားထုတ်ကြမည် မဟုတ်သကဲ့သို့၊ ထိုသို့လည်း မလုပ်ဆောင်နိုင်ကြပါဟု ယူဆထားသည်။ ဤကသမ္မာတရား အနက်ဖွင့်ဘာသာပြန်ဆိုခြင်းမှ ထွက်ပေါ်လာသောအခြား ပြဿနာတစ်ခုမှာ အကျင့်ပါနေသော လုပ်ဆောင်မှုအဖြစ်မည်သည့်အရာက ဘောင်ဝင်စေကြောင်းကို မည်သို့တိုင်းတာမည်နည်းဟူသောအချက်ဖြစ်သည်။ ၄င်းတွင် ဒေါသထွက်ခြင်း၊ တပ်မက်ခြင်း၊ မာနထောင်လွှားခြင်း၊ ဆုတောင်းသော အသက်တာကင်းမဲ့ခြင်းစသည်တို့ ပါဝင်ခဲ့ပါမည်လား။ အကျင့်ပါနေသောအရာတစ်ခုအဖြစ် မှတ်ယူရန် အကြိမ်မည်မျှ ကျူးလွန်ရပါမည်နည်း။ တစ်နေ့တစ်ကြိမ်လား။ တစ်ပတ်တစ်ကြိမ်လား။ တစ်လတစ်ကြိမ်လား။ နှစ်စဉ်နှစ်တိုင်းလား။

အပြစ်ဒုစရိုက်နှင့်စပ်လျဉ်း၍ ဤထုတ်ဖော်ပြောဆိုချက်များကို သဘောပေါက်နားလည်ရန်သော့ချက်မှာ ၃း၅ ၌ သခင်ယေရှုအကြောင်း ရှင်ယောဟန်ပြောဆိုထားချက်ဖြစ်သည်။ "ကိုယ်တော်၌လည်းအပြစ်မရှိ။" အခန်းငယ် ၆ က ယုံကြည်သူများသည် သခင်ယေရှုခရစ်၌တည်နေကြသောအချိန်တွင် ကိုယ်တော်၌အပြစ်ဒုစရိုက်မရှိသောကြောင့် အပြစ်ကျူးလွန်ရန်မဖြစ်နိုင်ဟု ပြောဆိုထားပါသည်။ အခန်းငယ် ၉ ကလည်း သူတို့သည် ဒုစရိုက်ကိုမပြုတတ်ကြဟု ဆိုထားသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ *သခင်ခရစ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်းသည် အပြစ်ဒုစရိုက်ပြုခြင်းကို လုံးလုံးမဖြစ်ပေါ်စေပါ*။ ခရစ်ယာန်တို့တွင် ဘုရားသခင်ထံမှရောက်လာသည့် အသစ်သော အသက်တာကိုပိုင်ဆိုင်ထားသည်။ သို့မဟုတ် အခန်းငယ် ၉ က ပြောဆိုထားသည့်အတိုင်း ကျွန်ုပ်တို့၌ကိုယ်တော်၏ "မျိုးစေ့တော်" ကိုရှိထားကြပါသည်။ အပြစ်ကင်းသောဓိဘများက အပြစ်ကင်းသောသားသမီးများကို ဖွားမြင်ကြသည်။ ကျွန်ုပ်တို့အထဲ၌ရှိနေသော ဤဘုရားအသက်တာသည် ၄င်းကိုယ်ကိုအပြစ်ဒုစရိုက်ပြုခြင်းအားဖြင့် မထင်ရှားစေနိုင်ပါ။ ထို့ကြောင့် အပြစ်ဒုစရိုက်ကိုပြုသောသူများသည် သခင်ခရစ်တော်၌

မတည်၊ မိမိတို့၏အိုဟောင်း၍ဖောက်ပြန်ပျက်စီးနေသည့် အပြစ်ရှိသောတောင့်တမှုများကိုသာ အလုပ်အကျွေးပြုနေကြပါသည်။ ကျွန်ုပ်တို့၌ရှိနေသော ဘုရားအသက်တာနှင့် ကျွန်ုပ်တို့၏အပြစ်ရှိသော တောင့်တမှုများကြားရှိ ဆန့်ကျင်အားပြိုင်မှုကို ရောမ ၇း၁၄–၂၅ နှင့် ဂလာတိ ၅း၁၆–၂၅ တို့တွင် ဖော်ပြပြောဆိုထားပါသည်။ ၁း၈ တွင် ရှင်ယောဟန်က ခရစ်ယာန်များအကြောင်းကို ၄င်းတို့၏ယေဘူယျတွေ့ကြုံခံစားမှုမှနေ၍ ပြောဆိုထားပြီး ၃း၉ တွင် ခရစ်ယာန်များအကြောင်းကို ၄င်းတို့၏ အပြစ်အနာအဆာကင်းသည့် အသစ်သောအသက်တာမှ ရှုမြင်၍ပြောဆိုထားပါသည်။

စစ်မှန်သောခရစ်ယာန်များလည် ဒုစရိုက်ကိုပြုကြပါသည်။ တစ်ခါတစ်ရံတွင် လေးနက်ပြင်းထန်စွာဖြင့် အကြိမ်ကြိမ်အဖန်ဖန်ပြုကြပါသည်။ ဤအချက်ကိုကျွန်ုပ်တို့၏ အတွေ့အကြုံမှလည်းကောင်း၊ သမ္မာကျမ်းစာ၏ သက်သေခံချက်မှလည်းကောင်း ကျွန်ုပ်တို့သိကြရပါသည်။ သို့သော်၊ အပြစ်ဒုစရိုက်ကိုရှောင်ကြဉ်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကို လမ်းစတစ်ခုပေးထားပါသည်။ ထိုလမ်းမှာ သခင်ခရစ်တော်၌တည်ခြင်းဖြစ်သည်။ သခင်ယေရှုသည် လောကကြီး၏အပြစ်ကိုယူဆောင်သွားရန် ဆင်းကြွခဲ့ပါသည်။ ကိုယ်တော်သည် ထိုအမှုကို အခိုက်အတန့်အားဖြင့် လူများအားလုံးအတွက် ကားတိုင်ထက်၌ အသေခံချိန်တွင်လုပ်ဆောင်ခဲ့ပြီး ကိုယ်တော်ရှင်အသေခံခြင်း၏ အကျိုးကျေးဇူးကို ကိုယ်တော်ရှင်အား ကယ်တင်ရှင်အဖြစ် ကျွန်ုပ်တို့ယုံကြည်သောအချိန်၌ အပိုင်ရယူကြပါသည်။ သို့သော်၊ ကိုယ်တော်ရှင် ယဇ်ပူဇော်ခံခြင်း၏အကျိုးကျေးဇူးနှင့် အပြစ်ဒုစရိုက်အားရှောင်ရှားနိုင်ခြင်းကို ကိုယ်တော်ရှင်၌ကျွန်ုပ်တို့ တည်သောအချိန်၌ မိတ်သဟာယဖွဲ့ခြင်းအားဖြင့် ကြုံတွေ့ခံစားကြရပါသည်။

အပြစ်ဒုစရိုက်ကိုပြုသောသူသည် မာရ်နတ်နှင့်ဆိုင်၏ (Whoever sins is of the Devil) ၁ယော ၃း၈၊၁၀

> ၈ *မာရ်နတ်သည်ရှေ့ဦးစွာမှစ၍ ဒုစရိုက်ကိုပြုသောသူဖြစ်သော ကြောင့်၊ အကြင်သူသည် ဒုစရိုက်ကို ပြု၏၊ ထိုသူသည် မာရ်နတ်နှင့်ဆိုင်၏။ မာရ်နတ်အမှုတို့ကိုပယ်ဖျက်ခြင်းငှါ၊ ဘုရားသခင်၏သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူ၏။*
>
> ၁၀ *ထိုသို့သောလက္ခဏာအားဖြင့် ဘုရားသခင်၏သားတို့နှင့် မာရ်နတ်၏ သားတို့သည် ထင်ရှားကြ၏။ ဖြောင့်မတ်ခြင်းတရားကို မကျင့်သောသူ၊ မိမိညီအစ်ကိုကိုမချစ်သောသူ မည်သည်ကား၊ ဘုရားသခင်နှင့်မဆိုင်။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အပြစ်ဒုစရိုက်ကိုပြုသောသူတို့သည် မာရ်နတ်နှင့်ဆိုင်ကြ၍၊ ၄င်းတို့သည် ကယ်တင်ခြင်းမရရှိကြပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အပြစ်ဒုစရိုက်ကို ပြုသော ယုံကြည်သူများသည် ၄င်းတို့အားထိုသို့ပြုရန် စေ့ဆော်အား ပေးသောအရင်းအမြစ်မှာ ဘုရားသခင်မဟုတ်၊ မာရ်နတ်ဖြစ်ကြောင်း ကိုပြသနေကြပါသည်။

မြင်မြင်ချင်းတွင် ဤကျမ်းချက်၏ ပြင်းထန်လေးနက်သော ဘာသာစကား အသုံးအနှုန်းက အပြစ်ဒုစရိုက်ကို ပြုသောသူတိုင်းသည် ကယ်တင်ခြင်းမခံရဟု ပြောနေသယောင်ထင်မှတ်စေပါသည်။ ဘုရားသခင်၏သားသမီးများကို မာရ်နတ်၏သားသမီး များဟု မည်သို့ခေါ်ဆိုနိုင်မည်နည်း။ သို့သော်၊ အခြားကျမ်းချက်များနှင့် ကျွန်ုပ်တို့နှိုင်း ယှဉ်လေ့လာသောအခါတွင် ထိုကဲ့သို့သောဘာသာစကားအသုံးအနှုန်းသည် ခရစ်ယာန် များနှင့်လည်း အမှန်ကိုက်ညီနေကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ရပါသည်။

- သခင်ယေရှုသည် ရှင်ပေတရုကို "အချင်းစာတန် ငါ့နောက်သို့ဆုတ်လော့"ဟု ပြောခဲ့သည်။ (မဿဲ ၁၆း၂၃)
- စာတန်သည် အာနာနိ၏စိတ်နှလုံးကိုပြည့်စေခဲ့သောကြောင့် သူသည် သန့်ရှင်းသောဝိညာဉ်တော်ကို လှည့်စားခဲ့ပါသည်။ (တမန်တော် ၅း၃)
- ခရစ်ယာန်များသည် စာတန်၏အလိုကိုဖြည့်ဆည်းပေးကြရန် စာတန်၏ဖမ်းချုပ်ကျွန်ပြုခြင်းခံရနိုင်ကြောင်း ရှင်ပေါလုက ရေးသားခဲ့ပါသည်။ (၂တိ ၂း၂၆)
- ယုံကြည်သူများသည် ဘုရားသခင်၏ပညာထက် နတ်ဆိုး၏ပညာကို ရွေးချယ်နိုင်ကြကြောင်း ရှင်ယာကုပ်ကပြောဆိုထားပါသည်။ (ယာကုပ် ၃း၁၅–၁၇)

ထို့ကြောင့် ရှင်ယောဟန်သည် အထက်ပါအသုံးအနှုန်းများနှင့် ထပ်တူညီမျှသော လေးနက်ပြင်းထန်သည့် ဘာသာစကားအသုံးအနှုန်းကို ရှေ့အစဉ်အလာအတိုင်း အသုံးပြုထားခြင်းဖြစ်သည်။

အပြစ်ဒုစရိုက်ကိုပြုသသောသူများသည် ကယ်တင်ခြင်းမခံရသောသူများ ဖြစ်သည်ဟု ဤကျမ်းချက်က သွန်သင်ပေးနေလျှင် ခရစ်ယာန်များအဖြစ် ဝန်ခံထားသောသူများအားလုံးသည် ကယ်တင်ခြင်းမခံရသောသူများ ဖြစ်ကြပါသည်။ အကြောင်းမှာ၊ ခရစ်ယာန်အားလုံးက အပြစ်ဒုစရိုက်ကိုပြုကြသောကြောင့်ဖြစ်သည်။ (၁း၇–၁၀တွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။) ၃း၆ နှင့် ၉ တွင် ကနဦး၌တွေ့မြင်ခဲ့ကြသည့် အတိုင်း အခန်းငယ် ၈ ရှိ ပစ္စုပ္ပန်ကာလပြကြိယာပုံစံကို "အပြစ်ဒုစရိုက်များကို ကျင့်ကြံအားထုတ်သည်" (သို့) "အပြစ်ဒုစရိုက်ကိုဆက်လက်၍ လုပ်ဆောင်သည်" ဟု အနက်ဖွင့်

ဘာသာပြန်ဆိုခြင်းသည် သင့်တင့်ကောင်းမွန်သော ငြင်းခုံမှုမဟုတ်ပါ။ အကြောင်းမှာ၊ ၄င်းသည် သိမ်မွေ့နက်နဲသော သဘောပေါက်နားလည်မှုတွင် အမှီပြုနေပြီး၊ ၄င်းသည် ပုံမှန်မဟုတ်သကဲ့သို့၊ ကျမ်းချက်၌ ပေါ်လွင်ထင်ရှားနေသောအရာလည်း မဟုတ်သောကြောင့်ဖြစ်သည်။ ခရစ်ယာန်များသည် အပြစ်ဒုစရိုက်ကိုပြုကြ၍ အပြစ်ဒုစရိုက်ကို ပုံမှန်လည်း ပြုကောင်းပြုကြပါလိမ့်မည်။ ကယ်တင်ခြင်းကို လက်လွှတ်ဆုံးရှုံးစေသော ပုံမှန်လုပ်နေကျအပြစ်ဒုစရိုက်၌ ပါဝင်ဖွဲ့စည်းထားသည့်အရာများကို တိုင်းတာဆုံးဖြတ်ခြင်းသည် မိမိ၏အသိစိတ်တွင်းဖြစ်ပေါ်သောခံစားမှုတွင်အခြေခံထားပြီး၊ သမ္မာကျမ်းစာကလည်း အသေးစိတ်ချပြထားခြင်းမရှိပါ။

ဘုရားသခင်၏သားသမီးများနှင့် မာရ်နတ်၏သားသမီးများကြားတွင် ရှင်ယောဟန်ပြုလုပ်ထားသည့် နှိုင်းယှဉ်ချက်ကိုသဘောပေါက်နားလည်ရန်အတွက် ရှင်ယောဟန်သည် ဤသြဝါဒစာစောင်၌ အကြွင်းမဲ့ဆန့်ကျင်သောအရာများအား ဖော်ပြရခြင်းအားမည်မျှနှစ်သက်သဘောကျကြောင်းကို လေ့လာအကဲခတ်ခြင်းက အကူအညီဖြစ်စေပါသည်။ ရှင်ယောဟန်သည် မှောင်မိုက် (သို့) အလင်း၌ကျင်လည်ခြင်း၊ မိမိ၏ညီအစ်ကိုချင်းကိုချစ်ခြင်း (သို့) မုန်းခြင်း၊ အသက်ရှင်ခြင်းနှင့်သေခြင်း၊ သခင်ခရစ်တော်နှင့် အန္တိခရစ်စသည်တို့အကြောင်းကို ပြောပြထားပါသည်။ ရှင်ယောဟန်သည် ဝိညာဉ်ရေးရာ ကိုင်းညွတ်မှု၌ကြုံတွေ့ရသည့် ဆန့်ကျင်ဘက်အရင်းအမြစ်နှစ်ခုကို မြင်ထားပါသည်။

၃း၈ နှင့် ၁၀ တွင် ရှင်ယောဟန်သည် ခရစ်ယာန်ပြုမူနေထိုင်ပုံအတွက် ဆန့်ကျင်ဘက်အရင်းအမြစ်နှစ်ခုကို ခွဲခြားပြသနေပါသည်။ ၃း၉ တွင် ရှင်ယောဟန်က သခင်ယေရှုခရစ်သည် အပြစ်ဒုစရိုက်ကိုမပြုနိုင်သောကြောင့် ယုံကြည်သူသည် ၄င်း၏ပြန်လည်ပြုပြင်ပေါက်ဖွားလာသောလူသစ်တွင် အပြစ်ဒုစရိုက်ကိုမပြုနိုင်ပါဟု ဖော်ပြချိန်တွင် အပြစ်ဒုစရိုက်သည် အခြားအရင်းမြစ်တစ်ခုမှရောက်ရှိလာခြင်းဖြစ်ရမည်ဟု သွယ်ဝိုက်၍ ညွှန်းဆိုနေပါသည်။ ၃း၈ တွင် ရှင်ယောဟန်က ထိုအရင်းအမြစ်ကို “ရှေးဦးစွာမှစ၍ ဒုစရိုက်ကိုပြုသောသူ” မာရ်နတ်ဖြစ်သည်ဟု ပြောဆိုထားသည်။ မာရ်နတ်သည် လူသားတို့ကို အပြစ်ဒုစရိုက်ထဲသို့လှည့်ဖြားခဲ့ပြီး၊ အပြစ်ဒုစရိုက်၏ထိန်းချုပ်ခံရခြင်းကိုဖြစ်စေခဲ့သည်။ စာတန်နှင့် သခင်ယေရှုခရစ်သည် မိမိတို့၏ရည်ရွယ်ချက်များနှင့် စရိုက်လက္ခဏာတို့တွင် ဆန့်ကျင်ကွဲလွဲနေကြသောကြောင့် သခင်ယေရှုသည် မာရ်နတ်၏အလုပ်ကိုဖျက်ဆီးရန် ဆင်းကြွလာခဲ့ခြင်းဖြစ်သည်။ (ငယ် ၈)

အခန်း၃ယ် ၈ နှင့် ၁၀ က ယုံကြည်သူများအပြစ်ဒုစရိုက်ကိုပြုသောအချိန်တွင် သူတို့သည် အပြစ်ဒုစရိုက်ကိုပြုရန် စာတန်ကစေ့ဆော်ထားသော မိမိတို့၏ စိတ်တိမ်းညွတ်မှုကို ထင်ရှားပြသနေကြသကဲ့သို့၊ ယုံကြည်သူများ ကောင်းမြတ်မှန်ကန်သောအရာကိုပြုကြသောအချိန်တွင် သူတို့သည် ဘုရားသခင်ပေးထားသော မိမိတို့၏ဘုရားအသက်တာကို ထင်ရှားပြသနေကြကြောင်း (ငယ် ၉) ကျွန်ုပ်တို့ကို အသိပေးထားပါ

သည်။ "သားတို့" (*tekna*) ဟူသောစကားလုံးသည် အသွေးသားနှင့်စပ်ဆိုင်သော (သို့) မျိုးရိုးဗီဇနှင့်စပ်ဆိုင်သော ပတ်သက်ဆက်နွယ်မှုကို မညွှန်ပြပါ။ ၄င်းစကားလုံးကို အခြားသူတစ်ဦးထံမှ ဆင်းသက်ရောက်ရှိလာသည့် ထူးခြားသောစရိုက်လက္ခဏာများကို ပိုင်ဆိုင်ထားပြီး ထိုသူနှင့်အမျိုးအစားတူ (သို့) အတန်းအစားတူဖြစ်လာမည့်သူများကို ဖော်ကျူးရန် မကြာခဏအသုံးပြုပါသည်။ (မဿဲ ၁၁း၁၉/လုကာ ၇း၃၅၊ ဂလာတိ ၄း၃၁၊ ဧဖက် ၂း၃၊ ၅း၈ ၁ပေ ၃း၆ တို့ကိုကြည့်ပါ) အပြစ်ဒုစရိုက်ကိုပြုသော ယုံကြည်သူများသည် ၄င်းတို့လုပ်ရပ်များ၏အခြေခံအရင်းအမြစ်မှာ သခင်ခရစ်တော်မဟုတ်၊ မာရ်နတ်သာဖြစ်ကြောင်းကို ပြသနေကြသည်ဟု ရှင်ယောဟန်ပြောဆိုခြင်းသာဖြစ်သည်။

ရှင်ယောဟန်သည် ဤဝိညာဉ်ရေးသမ္မာတရား၏ ရုပ်ပိုင်းဆိုင်ရာသက်သေသာဓကအဖြစ်နှင့် ကာကွယ်နက အာဇေလအား သတ်ခဲ့ခြင်းကိုဆက်လက်၍ အသုံးပြုထားသည်။ (၃း၁၂) ဤပုံသာဓကသည် ကာကွယ်နကယ်တင်ခြင်းခံရသည် မခံရသည် အကြောင်းကိုပြောပြသောထုတ်ဖော်ပြောဆိုချက်မဟုတ်ပါ။ ကာကွယ်နနှ၏ မနာလိုတတ်သောစိတ်သဘောထားနှင့် ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်သည် စာတန်၏စေ့ဆော်ခြင်းမှဖြစ်လာကြခြင်းဖြစ်ကြောင်းကိုသာ ပြသထားပါသည်။ မိမိပြုစုခဲ့သော ခရစ်ဝင်ကျမ်းတွင် ရှင်ယောဟန်က မာရ်နတ်သည် "ရှေ့ဦးစွာမှစ၍ လူ့အသက်ကို သတ်သောသူဖြစ်၏"ဟူသော သခင်ယေရှု၏ထုတ်ပြန်ကြေငြာချက်ကို မှတ်တမ်းတင်ခဲ့ပါသည်။ (ယောဟန် ၈း၄၄)

သမ္မာကျမ်းစာနှင့် မျက်မှောက်အတွေ့အကြုံများက ခရစ်ယာန်များသည် မာရ်နတ်၏ အလုပ်ကိုလုပ်ဆောင်နိုင်ကြပါသည်ဟုသွန်သင်ပေးထားသည်မှာ ကံအကြောင်းမလှသော ခ သမ္မာတရားနှင့်ဆိုင်သည့်လက်တွေ့ဖြစ်ရပ်မှန် ဖြစ်သည်။ ကာမဂုဏ်ဖောက်ပြန်ခြင်း၊ အသင်းတော်ပြိုကွဲခြင်းများ၊ ကလေးသူငယ်များကို မတရားဖိနှိပ်ညှင်းပန်းခြင်းများ၊ သာသနာလုပ်ငန်း၏ငွေကြေးများကို အလွဲသုံးစားပြုခြင်းများ၌ ပါဝင်ပတ်သက်နေသော ခရစ်ယာန်များကိုမြင်တွေ့ခဲ့ရသောသူများက ထိုအပြစ်ပြုသူ၏နောက်ကွယ်တွင် စာတန်၏ဩဇာလွှမ်းမိုးမှုရှိနေကြောင်းကို အသိအမှတ်ပြုလက်ခံရပါမည်။ ဤပြစ်မှုကျူးလွန်သူများကို ကယ်တင်ခြင်းမခံရသောသူများအဖြစ် သဘောထားခြင်းသည် လွယ်သယောင်ပြုထားမှုတစ်ခုသာဖြစ်သည်။ ထိုသို့သာဆိုလျှင် ဘုရားသခင်သည် အသင်းတော် စည်းမျဉ်စည်းကမ်းများကိုကျင့်ကြံခြင်းနှင့် ပြန်လည်မွမ်းမံပေးခြင်းအမှုတော်များကို ဓမ္မသစ်ကျမ်း၌ အဘယ်ကြောင့်လမ်းညွှန်ခဲ့ပါမည်နည်း။ အပြစ်ဒုစရိုက်သည် တစ်စုံတစ်ယောက်မှာ ခရစ်ယာန်မဟုတ်ကြောင်းကို သက်သေမပြပါ။ ယုံကြည်သူ၏သစ္စာခံခြင်းကိုရရှိဖို့ ယှဉ်ပြိုင် နေကြသောဆန့်ကျင်ကွဲလွဲသည့် လက်တွေ့အမှန်တရားနှစ်ခုရှိကြောင်းကိုသာ ပြသနေပါသည်။ ခရစ်ယာန်များဖြစ်ကြသည့်အလျောက်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ပေးသနားတော်မူသော ဘုရားအသက်တာကိုသော်လည်းကောင်း၊ စာတန်

ကစ့ေဆော်ထားသည့် လွဲမှားယုတ်မာမှုကိုသော်လည်းကောင်း အသက်တာ၌ပြသရန် ရွေးချယ်နိုင်ကြပါသည်။

သေပြစ်သင့်သောဒုစရိုက် (Sin leading to death) ၁ယော ၅း၁၆

ညီအစ်ကိုချင်းသည် သေပြစ်မသင့်သောဒုစရိုက်ကိုပြုမိသည်ကို တစုံတယောက်သောသူသည် မြင်လျှင်၊ ထိုသူသည်ဆုတောင်းရမည်။ သေပြစ်ကိုမပြုသောသူတို့အဘို့အလိုငှါ၊ ဘုရားသခင်သည် ထိုသူ အားအသက်ကိုပေးတော်မူမည်။ သေပြစ်သင့်သောဒုစရိုက်ရှိ၏။ ထိုဒုစရိုက်အပြစ်ကိုလွှတ်စေခြင်းငှါ ဆုတောင်းရမည်ဟုငါဆို။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အချို့သော အပြစ်ဒုစရိုက်များသည် ယုံကြည်သူ၌ကယ်တင်ခြင်းကို ဆုံးရှုံးစေကာ အပွါယ်ငရဲသို့ကျစေပါသည် (သို့) ၄င်းတို့ကယ်တင်ခြင်း လုံးလုံးမရရှိခဲ့ကြောင်းကို သက်သေပြပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အချို့သောအပြစ်ဒုစရိုက်များသည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းတွင် ယုံကြည်သူ၌ တုန့်ပြန်နိုင်စွမ်းကင်းမဲ့ခြင်းကိုဖြစ်စေကာ၊ အချိန်မတန်မီ အသက်သေဆုံးခြင်းကိုပင် ဖြစ်စေပါသည်။

ဤကျမ်းချက်က အချို့သောအပြစ်ဒုစရိုက်များ၏ လေးနက်ပြင်းထန်မှုကို ပြသနေပါသည်။ ရှင်ယောဟန်သည် သေခြင်းကိုမဖြစ်စေသော အပြစ်ဒုစရိုက်နှင့်သေခြင်းကိုဖြစ်စေသော အပြစ်ဒုစရိုက်အကြောင်းကို ရေးသားပြောဆိုထားပါသည်။ အထက်၌ဖော်ပြထားသော သေခြင်း၏အဓိပ္ပါယ်ကို သဘောပေါက်နားလည်ထားပုံက ဤခက်ခဲသောကျမ်းချက်နှင့်စပ်လျဉ်း၍ **က** သမ္မာတရားအမြင် (သို့) **ခ** သမ္မာတရားအမြင်ဆီသို့ ဆောင်ယူသွားပါလိမ့်မည်။

"တစ်စုံတစ်ယောက်သောသူ"သည် ခရစ်ယာန်ဖြစ်ရမည်ဟူသောအချက်မှာ ကျွန်ုပ်တို့၏ပထမလေ့လာအကဲခတ်မှုဖြစ်သည်။ အကြောင်းမှာ "တစ်စုံတစ်ယောက်သောသူ"သည် စာဖတ်သူ၏"ညီအစ်ကိုချင်း"နှင့်စပ်လျဉ်း၍ ရှင်ယောဟန်လိပ်မူရေးသားထားသည့် စာဖတ်ပရိတ်သတ်ဖြစ်နေသောကြောင့်ဖြစ်သည်။ သေခြင်းဟူသောစကားလုံးတွင် ဝိညာဉ်ရေးရာ၌သေခြင်း၊ ထာဝရသေခြင်း၊ ဝိညာဉ်ရေး၌ခံစားတုန့်ပြန်နိုင်စွမ်းကင်းမဲ့ခြင်း၊ ရုပ်ခန္ဓာသေခြင်းစသည့် အဓိပ္ပါယ်များရှိကြောင်းကိုလည်း ကျွန်ုပ်တို့ပြန်လည်မှတ်မိနေရပါမည်။ သို့သော် ဤနေရာ၌ပြောဆိုထားသည့်သေခြင်းသည် မည်သည့် သေခြင်းဖြစ်သနည်း။

ထာဝရသခြင်းအဓိပ္ပါယ်ကို စာရင်းမှပယ်ဖျက်ခြင်းဖြင့် ကျွန်ုပ်တို့စတင်နိုင်ပါသည်။ အကြောင်းမှာ၊ ရှင်ယောဟန်သည် စစ်မှန်သောခရစ်ယာန်များဖြစ်ကြသည့် စစ်မှန်သောညီအစ်ကိုများထံရေးသားခဲ့ပြီး၊ ၄င်းတို့သည် ကယ်တင်ခြင်းရရှိထားကြသောကြောင့် ကယ်တင်ခြင်းကို မဆုံးရှုံးနိုင်သောသူများဖြစ်ကြသည်ဟု ၄င်းကမှတ်ယူထားသောကြောင့်ဖြစ်သည်။ အလားတူအကြောင်းပြချက်ကြောင့် သခြင်းကိုဝိညာဉ်ရေးရာ၌သခြင်းဟူသော ဘုရားသခင်နှင့်ဝိညာဉ်ရေးအရ ကင်းကွာရခြင်းအဓိပ္ပါယ်ကိုလည်း စာရင်းမှပယ်ဖျက်လိုက်ပါသည်။ ထိုသို့ပယ်ဖျက်ခြင်းက ဖြစ်နိုင်ချေရှိသော ဝိညာဉ်ရေးရာ၌တုန့်ပြန်နိုင်စွမ်းမရှိခြင်းနှင့် ရုပ်ခန္ဓာသခြင်းကိုကြွင်းချန်ထားပါသည်။ သို့တည်းမဟုတ် ဝိညာဉ်ရေးရာ၌တုန့်ပြန်နိုင်စွမ်းမရှိခြင်းသည် ရုပ်ခန္ဓာသခြင်းကိုလည်း ဖြစ်စေနိုင်သောကြောင့် ၄င်းတို့နှစ်ခုလုံးလည်းဖြစ်နိုင်ပါသည်။

၃း၁၄ တွင် ရှင်ယောဟန်က သခြင်းမှအသက်ရှင်ခြင်းသို့ ကူးပြောင်းခြင်းနှင့် သခြင်း၌ ဆက်၍တည်နေခြင်းအကြောင်းကို ပြောထားပါသည်။ ဤအရာများသည် မိမိတို့၏ညီအစ်ကိုချင်းကို မချစ်သောသူများအတွက် ဝိညာဉ်ရေး၌ဖြတ်လတ် တက်ကြွ၍ အသက်ပါမှုမရှိခြင်း (သို့) ဝိညာဉ်ရေးတုန့်ပြန်နိုင်စွမ်းမရှိခြင်းတို့ကို ရည်ညွှန်းထားကြဟန်ရှိသည်။ သို့သော်၊ အသင်းတော်အပေါ်၌ လေးနက်ပြင်းထန်သောဒုစရိုက်ကိုပြုမိသောကြောင့် ရုပ်ခန္ဓာ၌သေဆုံးခဲ့သည့် ယုံကြည်သူများရှိကြောင်း သမ္မာကျမ်းစာအထောက်အထားများရှိပါသည်။ (တမန်တော် ၅း၁–၁၁၊ ၁ကော ၁၁း၂၇–၃၀) ၅း၁၆ တွင် ရှင်ယောဟန်သည် မိမိလိပ်မူရေးသားနေသည့် ဧဖက်အသင်းတော်ထဲ၌ မိစ္ဆာဒီဋ္ဌိများက ကျူးလွန်နေကြသည့် လေးနက်ပြင်းထန်သောအပြစ်ဒုစရိုက်များကို စိတ်ကူးရည်မှတ်ထားခြင်းဖြစ်နိုင်သည်။ (၁း၈၊၁၀၊ ၂း၁၈–၁၉၊၂၂–၂၃၊၃း၇၊၄း၁–၃ တို့ကိုကြည့်ပါ) ဧဖက်မြို့မှယုံကြည်သူများသည် ဤမိစ္ဆာဒီဋ္ဌိများ၏သွန်သင်ချက်များကို နာခံလိုက်လျောက်လျှင် (သို့) မိမိတို့၏ညီအစ်ကိုချင်းများထံ၌ ချစ်ခြင်းမေတ္တာပြသရန်ငြင်းဆိုလျှင်၊ ထိုအရာသည် သူတို့အပေါ်တွင် ဝိညာဉ်ရေး၌ တုန့်ပြန်နိုင်စွမ်းကင်းမဲ့ခြင်းကို ဖြစ်စေသည့်အပြင် ရုပ်ပိုင်းဆိုင်ရာသခြင်းကိုလည်း ဖြစ်စေကောင်းဖြစ်စေပါခဲ့လိမ့်မည်။ အပြစ်ဒုစရိုက်အားလုံးသည် သခြင်းကိုဖြစ်စေပါသော်လည်း၊ ၄င်းသည် ဝိညာဉ်ရေးရာသခြင်းမှ ရုပ်ပိုင်းဆိုင်ရာသခြင်းဆီသို့ အဆင့်ဆင့်တိုးတက်သွားခြင်းဖြင့်အလုပ်လုပ်ပါသည်။ ထိုကဲ့သို့သော အပြစ်ဒုစရိုက်သည် အလွန်ပြင်းထန်သောကြောင့် ထိုအပြစ်ကိုကျူးလွန်သောအပြစ်သားအတွက် ဆုတောင်းပေးရန် ယုံကြည်သူကိုမိန့်မှာထားခြင်း မရှိသော်လည်း၊ ယုံကြည်သူက ဆုတောင်းပေးဖို့ ရွေးချယ်ကောင်းရွေးချယ်ခဲ့ပါလိမ့်မည်။

ဤဆုံးမသွန်သင်ချက်သည် အခန်းကြီး ၃–၅ မှ ညီအစ်ကိုချင်းကို ချစ်ခြင်း၏အရေးပါပုံအကြောင်း ရှင်ယောဟန် ၏ကနဦးသွန်သင်ချက်နှင့် ဘုရားသခင်ထံ မျှော်လင့်ကြီးစွာဖြင့် ဆုတောင်းရန်ဟူသော ကပ်လျက်ရှိသည့်သွန်သင်ချက် (၅း၁၄–၁၅) တို့ကို

ဆက်လက်ပြောဆိုထားခြင်းဖြစ်သည်။ အလွန်ဆိုးရွားသောအပြစ်ဒုစရိုက်များသည် အလွန်ဆိုးရွားသော အကျိုးဆက်များကိုဖြစ်စေပါသည်။ ၄င်းတို့သည် ယုံကြည်သူနှင့် ဘုရားသခင်ကြားခွဲကွဲကွာခြင်းကိုဖြစ်စေ၍ ဝိညာဉ်ရေးခွဲ တုန့်ပြန်နိုင်စွမ်းမရှိခြင်းကို ဖြစ်စေကာ၊ ဘုရားသခင်၏အစွန်ဆုံးဆုံးမကြပ်မတ်ခြင်းဟူသော ရုပ်ခန္ဓာသေခြင်းကိုပင် ဖြစ်စေနိုင်ပါသည်။ အချို့သောအပြစ်ဒုစရိုက်များကို ကျူးလွန်နေကြသည့်သူများအတွက် စိတ်ချယုံကြည်မှုရှိရှိဖြင့် ကျွန်ုပ်တို့ဆုတောင်းပေးနိုင်ပါသော်လည်း အလွန်လေးနက်ပြင်းထန်သောအပြစ်ဒုစရိုက်ကို ကျူးလွန်နေသူများအတွက်မူ ဆုတောင်းပြည့်ဖို့ အာမခံချက် ကျွန်ုပ်တို့၌မရှိပါ။ ဤ **ခ** သမ္မာတရားအမြင်သည် လေးနက်ပြင်းထန်သော အပြစ်ဒုစရိုက်များကို ကျူးလွန်ခြင်းနှင့်ပတ်သက်၍ သတိပေးချက်တစ်ခုဖြစ်သင့်ပြီ၊ အပြစ်ဒုစရိုက်ကို ကျူးလွန်နေသောသူများအတွက် ဆုတောင်းပေးရန် ခွန်အားပေးမှုတစ်ခု ဖြစ်သင့်ပါသည်။

မကောင်းသောအကျင့်ကိုကျင့်သူသည် ဘုရားသခင်ကိုမသိမမြင် (Whoever does evil has not seen God) ၃ ယော ၁၁

အချင်းချစ်သူ၊ မကောင်းသောနည်းကိုမလိုက်နှင့်၊ ကောင်းသောနည်းကိုသာလိုက်လော့။ ကောင်းသောအကျင့်ကို ကျင့်သောသူသည် ဘုရားသခင်နှင့်စပ်ဆိုင်၏။ မကောင်းသောအကျင့်ကိုကျင့်သောသူမူ ကား၊ ဘုရားသခင်ကိုမသိမမြင်ရပြီ။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – မကောင်းသော အကျင့်ကို ကျင့်သောသူများသည် ကယ်တင်ခြင်းမခံရကြပါ။

ခ သမ္မာတရာအနက်ဖွင့်ဘာသာပြန်ဆိုချက် – မကောင်းသော အကျင့်ကိုကျင့်သောယုံကြည်သူများတွင် ဘုရားသခင်ကို အတွင်းကျကျသိကျွမ်းခြင်းမရှိကြောင်း ထင်ရှားနေပါသည်။

ဤကျမ်းချက်ကို အနက်ဖွင့်ဘာသာပြန်ဆိုရန်အတွက် အဓိကသော့ချက်မှာ "ဘုရားသခင်ကိုမသိမမြင်ရ" ဟူသောစကားစု၏အဓိပ္ပါယ်ဖြစ်သည်။ ဤစကားစုသည် အစဉ်ထာဝရကယ်တင်ခြင်းမခံရသောသူကို ရည်ညွှန်းပါသလား (သို့) ကယ်တင်ခြင်းခံရသော်လည်း ဘုရားသခင်၏စစ်မှန်သော စရိုက်လက္ခဏာများအား မသိမမြင်နိုင်သောသူကိုရည်ညွှန်းပါသလား။ ရှင်ယောဟန်သည် မိမိ၏ဩဝါဒစာများ၌ မကြာခဏ အသုံးပြုခဲ့သည် "ငါတို့" ဟူသော ပြောသူနာမ်စား အများကိန်းကိုသာ အသုံးပြုထားလျှင် ကျွန်ုပ်တို့အတွက် အကူအညီဖြစ်ခဲ့ပါလိမ့်မည်။ ထိုသို့သာ အသုံးပြုခဲ့လျှင် ရှင်ယောဟန်သည် ဘုရားသခင်၏စစ်မှန်သောစရိုက်လက္ခဏာကို "မတွေ့မမြင်" သောခရစ်ယာန်များ၏တွေ့ကြုံခံစားမှုကို လိပ်မူပြောဆိုနေခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ကောက်ချက်ချနိုင်ခဲ့ပါမည်။ သို့သော်၊ ရှင်ယောဟန်သည် အပြောခံနာမ်စား "သူ" (he) ကို အသုံးပြုထား

သည်။ ရှင်ယောဟန်သည် ဆိုးဆိုးရွားရွားပြုမူလုပ်ဆောင်နေသော ဒယောတရပ်ကို ရှေ့ကျမ်းပိုဒ်တွင်ဖော်ပြထားပြီး (ငယ် ၉–၁၀)၊ ကောင်းမွန်စွာပြုမူလုပ်ဆောင်နေသော ဒေမေတရိ ဆက်လက်ကိုဖော်ပြထားသောကြောင့် (ငယ် ၁၂)၊ အထက်ပါအသုံးအနှုန်းသည် အဓိပ္ပါယ်ရှိပါသည်။

ရှင်ယောဟန်သည် ဧဖက်အသင်းတော်၏ခေါင်းဆောင်ဖြစ်ဟန်ရှိသည့် "ချစ်အပ်သော" ခရစ်ယာန်ဂါယုအား ဒယောတရပ်ကဲ့သို့သောသူများကို အတုမယူဘဲ ဒေမတရိကဲ့သို့သောသူများကို အတုယူဖို့တိုက်တွန်းနှိုးဆော်ထားပါသည်။ ခရစ်ယာန်တစ်ဦးအဖြစ်နှင့်ဂါယုသည် တစ်ခုမဟုတ်တစ်ခုကို ရွေးချယ်နိုင်သည်မှာ သေချာပါသည်။ ရှင်ယောဟန်၏တိုက်တွန်းနှိုးဆော်ချက်သည် ကောင်းသောအကျင့်ကို ကျင့်သောသူမှာ ဘုရားသခင်နှင့်စပ်ဆိုင်၍ မကောင်းသောအကျင့်ကိုကျင့်သောသူမှာ ဘုရားသခင်ကို မသိမမြင်ရဟူသောအချက်တွင် အခြေခံထားသည်။ ၁ယော တွင် ကျွန်ုပ်တို့တွေ့မြင်ခဲ့ကြသည့်အတိုင်း "ဘုရားသခင်နှင့်စပ်ဆိုင်သောသူ" ဖြစ်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့လုပ်ဆောင်ချက်များကို စေ့ဆော်ပေးသောအရင်းမြစ်မှာ ဘုရားသခင်ဖြစ်ကြောင်းကို ပြသခြင်းဖြစ်သည်။ (၁ယော ၃း၁၀) အခြားတစ်ဖက်တွင် "ဘုရားသခင်ကိုမတွေ့မမြင်ရ" သောသူသည် မှောင်မိုက်တွင်ကျင်လည်နေပြီး (၁ယော ၁း၆)၊ ဝိညာဉ်ရေးမျက်စိကွယ်လျက် ကျင်လည်လှုပ်ရှားနေသူဖြစ်သည်။ အပြစ်ဒုစရိုက်အားလုံးသည် ဘုရားသခင်ကို မျက်ခြေပြတ်သွားခြင်းမှ အစပြုလာကြပါသည်။ (၁ယော ၃း၉) ဘုရားသခင်ကို မြင်တွေ့ခြင်းဟူသော အယူအဆသည် တစ်စုံ တစ်ခုကိုသိမြင်နားလည်ခြင်းနှင့် ကြုံတွေ့ခံစားခြင်းကိုရည်ညွှန်းသည်။ (နှိုင်းယှဉ် ၊ လုကာ ၃း၆၊ ယောဟန် ၆း၃၆၊ ၁၂း၄၅၊ ၁၄း၉၊၁၄း၂၄ နှင့်ဟေဗြဲ ၁၂း၁၄ အား ဆွေးနွေးချက်ကိုကြည့်ပါ) ထို့ကြောင့်၊ ဘုရားသခင်ကိုမသိမမြင်ခြင်းဆိုသည်မှာ မှုန်ဝါးဝါးသာသိမြင်နားလည်ခြင်းကို ရည်ညွှန်းပြီး၊ ၎င်းသည် ဘုရားသခင်ကို အတွင်းကျကျ သိကျွမ်းမှုမရှိခြင်းဖြစ်သည်။

အချို့က ဖြစ်ဆဲပြကြိယာသဏ္ဌာန် (ကောင်းသော/မကောင်းသောအကျင့်ကိုကျင့်သူ)သည် အဆက်မပြတ်သောလုပ်ဆောင်မှု (သို့) အကျင့်ပါနေသောလုပ်ဆောင်မှုကို အကြံပြုထားခြင်းဖြစ်သည်ဟု ငြင်းခုံကောင်းငြင်းခုံကြပေလိမ့်မည်။ သို့သော်၊ ၁ယော ၃း၆ နှင့် ၉ ၌ ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသည့်အတိုင်း ဤငြင်းခုံချက်သည် ပစ္စုပ္ပန်ကာလပြကြိယာပုံစံကို ၎င်း၏ရည်ရွယ်ရင်းထက် တစ်ဖက်အလွန်အထိ ဆွဲဆန့်ခြင်းသာဖြစ်သည်။ ပစ္စုပ္ပန်ကာလပြကြိယာပုံစံ၏ ရည်ရွယ်ချက်မှာ လုပ်ဆောင်ချက်တစ်ခုကို ဖော်ပြခြင်းသက်သက်သာဖြစ်သည်။ (နှိုင်းယှဉ် ၆း၃၃)

ဤကျမ်းချက်မှ ကျွန်ုပ်တို့ရယူထားသည့် အရေးပါသော **ခ** သမ္မာတရားမှာ ဘုရားသခင်ကို မျက်စိအောက်မှ အပျောက်ခံလျှင် ကျွန်ုပ်တို့သည်လည်း မကောင်းသောအကျင့်ကိုကျင့်၍ ဘုရားသခင်၏စရိုက်လက္ခဏာနှင့်လည်းကောင်း၊ ပင်ကိုသဘောသ

ဘဝနှင့်လည်းကောင်း သိကျွမ်းရင်းနှီးမှုမရှိကြကြောင်းကို အသက်တာ၌ ပြသနိုင်ကြသည် ဟူ၍ဖြစ်သည်။ သို့သော်၊ ကောင်းသောအကျင့်ကို ကျွန်ုပ်တို့ကျင့်သောအခါ ကျွန်ုပ်တို့ လုပ်ဆောင်ချက်၏အရင်းအမြစ်သည် ဘုရားသခင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ ပြသကြပါသည်။ ဂါယုကဲ့သို့ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ၌ မျက်စိကန်းနေသောသူများအတိုင်း ကျင့်ကြံနေထိုင်ခြင်းကိုရှောင်ရှားရမည်ဖြစ်ပြီး၊ ဘုရားသခင်ကို အတွင်းကျကျသိကျွမ်းခြင်းကို အသက်တာ၌ပြသသောသူများအား အတုယူကြရပါမည်။

ကိုယ်တော်သည် သင်တို့ကိုထိမိ၍လဲခြင်းမှ စောင့်ရှောက်နိုင်၏ (He is able to keep you from stumbling) ယုဒ ၂၄

ထိမိ၍လဲခြင်းနှင့်ကင်းလွတ်စေမည်အကြောင်း သင်တို့ကိုစောင့်ရှောက်ခြင်းငှါ၊ အပြစ်မရှိဘဲ ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံလျက်ရှိ သော သင်တို့ကိုဘုန်းအသရေတော်ရှေ့၌ဆက်သခြင်းငှါ

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဘုရားသခင်သည် စစ်မှန်သောခရစ်ယာန်များကို ဆုံးခန်းတိုင်အောင် ထိမိ၍လဲခြင်းကို ခွင့်ပြုမည်မဟုတ်သောကြောင့် ၄င်းတို့သည်ကောင်းကင်ဘုံကို ဝင်စားဖို့အာမခံချက်ရှိထားကြပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဘုရားသခင်သည် ခရစ်ယာန်များကိုထိမိ၍လဲခြင်း မှကာကွယ်ပေးနိုင်ပါသည်။ ထိုသို့အားဖြင့် သူတို့သည် ခရစ်တော်၏တရားပလ္လင်တွင် ကောင်းသောဆက်သခြင်းကို ခံရကြမည်ဖြစ်သည်။

ဤကျမ်းချက်ကို **က** သမ္မာတရားအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုသူများကသန့်ရှင်းသူတို့ အဆုံးတိုင်ကြိုးစားအားထုတ်ခြင်း (စစ်မှန်သောခရစ်ယာန်အားလုံးသည် အသက်တာအဆုံးတိုင် ယုံကြည်ခြင်း၌လည်းကောင်း၊ ကောင်း သောအကျင့်ကျင့်ခြင်း၌လည်းကောင်း ဆက်လက်ကြိုးစား အားထုတ်ကြပါလိမ့်မည်)ဟူသော ဓမ္မအယူဝါဒအတွက် အားပေးထောက်ခံချက်တစ်ခုကို ရှာတွေ့ထားကြသည်။ ဘုရားသခင်သည် စစ်မှန်သောခရစ်ယာန်တိုင်းအား အပြစ်ဒုစရိုက်ကို အဆုံးတိုင်မလွန်ဆန်နိုင်ခြင်းမှ ကာကွယ်စောင့်ရှောက်ပေးသည်ဟု ၄င်းတို့ကယုံကြည်ထားကြသည်။ ဤအချက်က ၄င်းတို့ကယ်တင်ရာရောက်ကြောင်းကို သက်သေပြ၍ ၄င်းတို့ကောင်းကင်ဘုံဝင်စားရခြင်းကို အာမခံပေးထားသည်ဟုလည်း ၄င်းတို့ကယုံကြည်ထားကြသည်။

သို့သော်၊ အသုံးပြုထားသော ဘာသာစကားအသုံးအနှုန်းကို ကျွန်ုပ်တို့

ဂရုတစိုက် လှလာမှတ်သားလျှင် ဤကျမ်းချက်က ဘုရားသခင်သည် "သင်တို့ကို ထိမိ၍ လဲခြင်းမှစောင့်ရှောက်လိမ့်မည်"ဟုမဆိုထားပါ။ ဘုရားသခင်သည် "သင်တို့ကိုထိမိ၍ လဲခြင်းမှစောင့်ရှောက်ခြင်းငှါ တတ်နိုင်တော်မူသည်" ဟုဆိုထားပါသည်။ ဘုရားသခင်သည် *တတ်နိုင်တော်မူသည်* ဟုဆိုခြင်းသည် ကိုယ်တော်ရှင်က တစ်စုံတစ်ရာကို လုပ်ဆောင်*လိမ့်မည်*ဟု ကတိပြုခြင်းနှင့်ကွဲပြားပါသည်။ ယုဒသြဝါဒစာကို ဖတ်ရှုသောသူများသည် ၄င်းတို့အလယ်၌ရှိနေသော မိစ္ဆာဆရာများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သတိပေးခြင်းခံကြရပါပြီး (ငယ် ၄–၁၆)၊ ကြိုတင်ကာကွယ်မှုများကို လုပ်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်ခံကြရသည်။ (ငယ် ၁၇–၂၃) အခန်းငယ် ၂၄ ၏သွယ်ဝိုက်ညွှန်းဆိုထားချက်မှာ သူတို့သည် ထိုကြိုတင်ကာကွယ်မှုများကို လုပ်ဆောင်ထား*လျှင်* ဘုရားသခင်သည် ၄င်းတို့ကို အမှားနှင့်အပြစ်ဒုစရိုက်တို့၌လဲခြင်းမှ စောင့်ရှောက်ပေးနိုင်သည်ဟူ၍ဖြစ် သည်။

အပြစ်မရှိဘဲ၊ ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံလျှက်ရှိသည့် ဆက်သခြင်းကို ကောင်းကင်ဘုံဝင်စားခြင်းအဖြစ် မကြာခဏမှတ်ယူထားကြသည်။ ယုံကြည်သူတို့၏ ဖြောင့်မတ်ရာသို့ရောက်ခြင်းသည် ၄င်းတို့ကို အပြစ်လုံးလုံးမရှိတော့ဘဲ သခင်ခရစ်တော်၏ ဖြောင့်မတ်ခြင်းနှင့်အတူ ကောင်းကင်ဘုံဝင်စားခွင့်ကိုပေးခဲ့မည့်အကြောင်း ကျွန်ုပ်တို့သိရှိထားကြပါသည်။ သို့သော်၊ ဤနေရာ၌ပြဋ္ဌာန်းထားသည့် ထိုသမ္မာတရားသည် ယုံကြည်သူကို ထိမိ၍လဲခြင်းမှ ဘုရားသခင်စောင့်ရှောက်ခြင်းအကြောင်း ပြောဆိုချက်ကို ဥပေက္ခာပြုထားပါသည်။ "အပြစ်မရှိ" သောအခြေအနေက ယုံကြည်သူသည် အမှား၌ပြိုလဲခြင်းမှလည်းကောင်း၊ မိစ္ဆာဆရာများ၏နည်းလမ်းများ၌ ပြိုလဲခြင်းမှလည်းကောင်း ကာကွယ်စောင့်ရှောက်ခံရမည့်အဖြစ်ကို ဆိုလိုရပါမည်။ "အပြစ်မရှိ" ခြင်းသည် ထာဝရကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်မဟုတ်ပါ။ ခရစ်တော်၏တရားပလ္လင်ရှေ့၌ ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံလျှက်ရှိသော ဆက်သခြင်းအတွက် အခြေအနေသတ်မှတ်ချက်သာဖြစ်သည်။ ခရစ်ယာန်များအားလုံးသည် ခရစ်တော်၏တရားပလ္လင်တွင် မိမိတို့အကြောင်း ရှင်းလင်းချက်ကို တင်ပြကြရမည်ဟူသော ဤအရေးပါသည့် **ခ** သမ္မာတရားကို ကျွန်ုပ်တို့ ယခုရင်းနှီးနေသင့်ပါသည်။ (ရောမ ၁၄:၁၀၊ ၂ကော ၅:၁၀) တမန်တော်ပေါလု ဖော်ပြခဲ့သည့်အတိုင်း ရည်မှန်းချက်ပန်းတိုင်မှာ ထိုတရားစီရင်ခြင်း၌ ယုံကြည်သူတိုင်းကို "သန့်ရှင်းစင်ကြယ်လျက်၊ အပြစ်တင်ခွင့်နှင့်ကင်းလွတ်လျက် (ကောလောသဲ ၁း၂၂) "ပြည့်စုံလျက်" ဆက်သရန်ဖြစ်ကြောင်းကိုလည်း ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြပြီးဖြစ်သည်။ ယုဒသြဝါဒစာ၌ သွယ်ဝိုက်၍ညွှန်းဆိုထားသည့်နည်းတူ၊ ရှင်ပေါလုကလည်း ထိုဆက်သခြင်းအတွက် အခြေအနေတစ်ခုကို သတ်မှတ်ထားပြီး၊ ၄င်းသည် ယုံကြည်ခြင်းတွင် မြဲမြံခြင်းနှင့်သမ္မာတရား၌ တိုက်မြစ်ကျတည်ကြည်ခြင်းတို့ဖြစ်သည်။ (ကောလောသဲ ၁း၂၃) ရှင်ပေတရုသည်လည်း ဤနေရာတွင်အထောက်အကူဖြစ်စေပါ

သည်။ ၂ပေ ၁း၁၀–၁၁ တွင် ရှင်ပေတရုက ကျွန်ုပ်တို့၏ဝိညာဉ်ရေးကြီးထွားခြင်း (၂ပေ ၁း၅–၉) သည် ကျွန်ုပ်တို့ကိုထိမိ၍လဲခြင်းမှ ကာကွယ်ပေး၍ (၂ပေ ၁း၁၀)၊ သခင်ဘုရား၏နိုင်ငံတော်ထဲသို့ ကြွယ်ဝသောဝင်စားရခြင်းကို ကျွန်ုပ်တို့အားပေးလိမ့်မည်(၂ပေ ၁း၁၁) ဟုဖော်ပြထားသည်။ သစ္စာတရား၌တည်သောခရစ်ယာန်များသည် ကောင်းကင်ဘုံသို့ ဝင်စားရခြင်းကိုသာ ပေးအပ်ခံရမည်မဟုတ်၊ ၄င်းတို့သည် ထိုဝင်စားရခြင်းကို "ကြွယ်ဝစွာ" ပေးအပ်ခံရမည်ဖြစ်ပြီး၊ ၄င်းသည်အရည်အသွေးပြည့်ဝသော ဝင်စားရခြင်းကို ပြောနေပါသည်။

ခရစ်ယာန်များအတွက်သင်ခန်းစာမှာ ဘုရားသခင်၏ ရန်သူများပြုသောအမှား၌လည်းကောင်း၊ ပြုမူကျင့်ကြံပုံ၌လည်းကောင်း ထိမိ၍လဲခြင်းမှ ကျွန်ုပ်တို့ကိုကာကွယ်ပေးရန် ဘုရားသခင်နှင့်ဘုရားသခင်၏တန်ခိုးတော်၌လည်းကောင်း၊ သမ္မာတရားအပေါ်၌လည်းကောင်း မှီခိုအားထားရန်ဖြစ်သည်။ ထိုအတိုင်းကျွန်ုပ်တို့ပြုလုပ်လျှင် ကိုယ်တော်ရှင်၏တရားပလွှင့်၌ကိုယ်တော်ရှင်ထံ အရည်အသွေးနှင့်ပြည့်စုံသော ဆက်သခြင်းကို ကျွန်ုပ်တို့ ပျော်မွေ့ခံစားကြရမည်ဖြစ်သည်။

❐

ဗျာဒိတ်ကျမ်း

၁၁

ဗျာဒိတ်ကျမ်း၌ **က** သမ္မာတရားကို **ခ** သမ္မာတရားမှခွဲခြားခြင်းသည် ထူးခြားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ အကြောင်းမှာ ဗျာဒိတ်ကျမ်းကိုယ်၌က ထူးခြားသောကျမ်းစောင်ဖြစ်နေသောကြောင့်ဖြစ်သည်။ ပထမဦးဆုံးဆင်ခြင်သုံးသပ်ရမည့်အချက်မှာ ထုံးစံအတိုင်း သင်္ကေတများ၊ ရူပါရုံများ၊ ကြောက်မက်ဖွယ်ကပ်ဘေးကြီးများ၊ စကားအလင်္ကာများဖြင့်ပြည့်နှက်နေသည့် နောက်ဆုံးသောကာလနှင့်ဆိုင်သောစာပေအမျိုးအစားအဖြစ် ဓမ္မသစ်ကျမ်း၌ ၄င်း၏တစ်ခုတည်းသောရပ်တည်မှုကို ရယူထားခြင်းဖြစ်သည်။ ဤအရာများသာမက၊ ကျွန်ုပ်တို့အနေဖြင့် အချို့သောကျမ်းချက်များအား အနာဂတ်အဖြစ်အပျက်များရှုထောင့်မှ အနက်ဖွင့်ဘာသာပြန်ဆိုကြရမည်ဖြစ်သည်။

အောင်မြင်သောသူများ (The overcomers) ဗျာဒိတ်ကျမ်းအခန်း ၂-၃

> "အကြင်သူသည် အောင်မြင်၏ ...." (သို့) "အောင်မြင်သောသူ ...." (ဗျာဒိတ် ၂း၇၊ ၁၁၊ ၁၇၊ ၂၆၊ ၃း၅၊ ၁၂၊ ၂၁)

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အောင်မြင်သောသူများသည် ကောင်းကင်ဘုံဝင်စားရခြင်းကိုဖော်ကျူးသည့် ထာဝရအသက်၏လက္ခဏာသွင်ပြင်တစ်ခုကို ကတိပြုခံထားရသော ယုံကြည်သူအားလုံးဖြစ်ကြသည်။

ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အောင်မြင်သောသူများသည် မိမိတို့ ကယ်တင်ခြင်းအမှန်တကယ်ရရှိကြောင်းကို သက်သေပြရန်အပြစ်ဒုစရိုက်ကိုအောင်နိုင်၍ ယုံကြည်ခြင်း၌ အပတ်တကုတ် ကြိုးစားအားထုတ်သော ယုံကြည်သူများဖြစ်ကြပြီး၊ ကောင်းကင်ဘုံဝင်စားရခြင်းကို ဖော်ကျူးပြသသည့် ထာဝရအသက်၏လက္ခဏာသွင်ပြင်တစ်ခုကိုလည်း ကတိပြုခြင်းခံထားရသောသူများဖြစ်ကြသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အောင်မြင်သောသူများသည် စုံစမ်းနှောင့်ယှက်ခြင်းခံ့ သစ္စာတရားခံ့တည်သော ယုံကြည်သူများဖြစ်ကြပြီး၊ နိုင်ငံတော်ခံ့လည်းကောင်း၊ ထာဝရကာလခံ့လည်းကောင်း ဆုလာဘ်များကို ကတိပြုထားခံရသောသူများလည်းဖြစ်ကြသည်။

ဤအခန်းကြီးနှစ်ခန်းရှိ အသင်းတော်ခုနှစ်ပါးထံသို့ ပေးပို့ထားသောစာများသည် တည်ဆောက်ပုံခြင်း တူကြသည်။ စာတစ်စောင်ချင်းသည် အသင်းတော်၏ "တမန်" ကို လိပ်မူချက်နှင့်အစပြုထားပြီး၊ အခန်းကြီး ၁ မှ သခင် ဘုရား၏ပင်ကိုအရည်အချင်းတစ်ပါးကို ပြန်လည်အသိပေးကာ၊ ချီးကျူးစကားဆိုခြင်း၊ သတိပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းပြီးနောက်တွင် "အောင်မြင်သောသူ" အတွက် ကတိတော်တစ်ပါးကို ဖော်ပြထားပါသည်။ ဤကတိတော်များကို **က** သမ္မာတရား (သို့) **ခ** သမ္မာတရားအဖြစ် ကျွန်ုပ်တို့၏ သဘောပေါက်နားလည်မှုကို စိန်ခေါ်နေသောအရာမှာ အောင်နိုင်သောသူ၏ ထင်ရှားသောကိုယ်ပိုင်လက္ခဏာနှင့် သူ့ထံ၌ပေးထားသောကတိတော်များပင် ဖြစ်ကြသည်။ ဤစာတစ်စောင်စီကို သီးသန့်လေ့လာမည့်အစား ခုနှစ်စောင်လုံးကို တစ်စုတစည်းတည်း ကျွန်ုပ်တို့ဆင်ခြင်သုံးသပ် သွားကြမည်ဖြစ်သည်။ ထူးထူးခြားခြား နားလည်ရန်ခက်ခဲသောကျမ်းချက်များကိုမူ သီးသန့်ခွဲ၍ ဆင်ခြင်သုံးသပ်သွားပါမည်။

အချို့သော ပဏာမအချက်အလက်များသည် ဝေဖန်သုံးသပ်ခြင်းနှင့် ထိုက်တန်ကြသည်။ အသင်းတော်ထံသို့ ရေးသားထားသော စာခုနှစ်စောင်သည် ရှင်ယောဟန်မှ ဤစာစောင်ကိုရေးသားခဲ့ချိန်၌ အမှန်တကယ်ရှိခဲ့သည့် သမိုင်းဝင်အသင်းတော်များကို ကိုယ်စားပြုထားပါသလား (သို့) ခေတ်ကာလအသီးသီးမှအသင်းတော်အားလုံးကို ကိုယ်စားပြုထားပါသလား (သို့) သီးခြားသမိုင်းကာလများမှ အသင်းတော်များကို ကိုယ်စားပြုထားပါသလားဟူ၍ အခြေအတင်ငြင်းခုံဆွေးနွေးခဲ့ကြပါသည်။ နောက်ဆုံးအချက်ကို အတိအကျသတ်မှတ်ပြောဆိုရန်မှာ လူတစ်ယောက်၏ အသိစိတ်တွင်းဖြစ်ပေါ်ခံစားနေမှုတွင် မူတည်နေသောကြောင့် ၄င်းကိုကျွန်ုပ်တို့ ဖယ်ထုတ်ထား၍ရပါသည်။ ရှင်ယောဟန်သည် ထိုခေတ်ထိုကာလမှ မိမိနှင့်အကျွမ်းတဝင်ရှိသော အသင်းတော်များထံ၌ ၄င်းအသင်းတော်များနှင့်လည်းကောင်း၊ ခေတ်ကာလအသီးသီးမှ အသင်းတော်များနှင့်လည်းကောင်း ဆီလျော်အပ်စပ်မှုရှိသော ပြဿနာအကြောင်း အရာအချို့ကို ရေးသားပေးပို့ခဲ့သည်ဟု ထင်မြင်ယူဆရပါသည်။ အခြားဆွေးနွေးရမည့်အရာမှာ စာတစ်စောင်စီ၏ အစပိုင်း၌ဖော်ပြထားသည့် "တမန်"၏ (မည်သူမည်ဝါဖြစ်ကြောင်းကိုပြသည့်) ထင်ရှားသော ကိုယ်ပိုင်လက္ခဏာဖြစ်သည်။ အချို့က ဤ "တမန်" သည်အသင်းတော်ကို စောင့်ရှောက်သော ကောင်းကင်တမန်ဖြစ်သည် ဟူ၍လည်းကောင်း၊ အခြားသူများကလည်း အသင်းတော်၏ သင်းအုပ်ဆရာဖြစ်သည်ဟူ၍လည်းကောင်း ယူထားကြသည်။

Angelos ဟူသော စကားလုံးသည် ယေဘုယျအားဖြင့် *တမန်/ဆက်သား* ကိုဆိုလို နိုင်ပြီး၊ အထူးသဖြင့်၊ ကောင်းကင်တမန်ဆိုလိုနိုင်သည်။ လက်တွေ့အခြေအနေအရ အသင်းတော်၏သင်းအုပ်တစ်ပါးအား ထိုအသင်းတော်၏တမန်တစ်ပါးအဖြစ်နှင့် စာရေးသားပေးပို့ခြင်းသည် ပုံမှန်လုပ်ရိုးလုပ်စဉ်နှင့်ပို၍တူသည်။ သို့သော်၊ တမန်၏ မည်သူမည်ဝါဖြစ်ကြောင်းပြသော ကိုယ်ပိုင်အထောက်အထားကက သမ္မာတရားဖြစ် သည် (သို့) ခ သမ္မာတရားဖြစ်သည်ကို အပြီးသတ်မဆုံးဖြတ်ပေးပါ။

ဒေသန္တရအသင်းတော်များအတွက် အသုံးပြုထားသည့် "အသင်းတော်" ဟူသောရွေးချယ်သုံးနှုန်းမှုက ၄င်းတို့သည် သခင်ယေရှုယေရှုခရစ်တော်နှင့် ထပ်တူပြု သဘောထားနေကြသည့် ဒေသန္တရလူအုပ်စုများဖြစ်ကြသည်ဟု မှတ်ယူထားသည်။ ဤလူအုပ်စုများကို အသင်းတော်များအဖြစ် လိပ်မူရေးပို့ထားသည့်အတွက် အသင်းတော် တစ်ပါးစီတွင် အနည်းဆုံးကယ်တင်ခြင်းခံရသူအချို့ရှိခဲ့ကြလိမ့်မည်ဟု မှတ်ယူခြင်းသည် အန္တရာယ်ကင်းသောမှတ်ယူမှု ဖြစ်သည်ဟုယူဆရသည်။ သခင်ဘုရားက ပြင်းထန်စွာ အပြစ်တင်ခြင်း၊ သတိပေးခြင်း၊ နောင်တရဖို့ဆင့်ခေါ်ခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းတို့ဖြင့် သူ၏စိုးရိမ်ပတ်သက်ပေးမှုကိုဖော်ပြခြင်းက မယုံကြည်သူတို့ကို ကယ်တင်ခြင်းဆီသို့ ဆင့်ခေါ်လိုသောသူ၏စိတ်ဆန္ဒထက် ပေါ့ပေါ့ဆဆနေထိုင်သော ယုံကြည်သူများကို မူလအတိုင်းပြန်ဖြစ်လာစေလိုသည့် မိမိ၏စိတ်ဆန္ဒကိုပြသနေပါသည်။

လူအမြောက်အများက ဗျာဒိတ် ၂–၃ ရှိ အောင်မြင်သောသူ (*nikaô* မှရောက်ရှိလာပြီး၊ *နိုင်သည်၊ အောင်မြင် သော* ဟူ၍အဓိပ္ပါယ်ရသောကြောင့် *အောင်နိုင်သူ* ဟုဆိုလိုသည်) သည် သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်သောသူအတွက် အခြားအမည်နာမတစ်ခုဖြစ်သည်ဟု ယုံကြည်ကြပြီး (ပထမ **က** သမ္မာတရာအနက်ဖွင့် ဘာသာပြန်ဆိုချက်)၊ ၁ယော ၅း၄–၅ ကို အမြဲလိုလိုရည်ညွှန်းကိုးကားကြသည်။

> *ဘုရားသခင်၏သားဖြစ်သောသူမည်သည်ကား၊ လောကကိုအောင်တတ်၏၊ လောကကိုအောင်ခြင်း အကြောင်းမူကား၊ ငါတို့၏ယုံကြည်ခြင်းပေတည်း။ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်ကို ယုံကြည်သောသူမှတစ်ပါး အဘယ်သူသည်လောကကို အောင်နိုင်သနည်း။*

သို့သော်၊ ရှင်ယောဟန်ဩဝါဒစာ၏ ကျမ်းစကားအဆက်အစပ်သည် ဗျာဒိတ်၏ကျမ်းစကားအဆက်အစပ်နှင့် အလွန်ကွဲပြားပါသည်။ မိမိ၏ဩဝါဒစာတွင် ရှင်ယော ဟန်သည် သခင်ခရစ်တော်ကိုယုံကြည်ခြင်းက ယုံကြည်သူများကိုပေးသည့် ဤလောက၏ပြစ်တင်ရှုတ်ချမှုများအပေါ်၌ နောက်ဆုံးသောအပြီးအပြတ်အောင်နိုင်ခြင်းနှင့် ယုံကြည် ခြင်း၌ဆက်လက်ရှင်သန်ခြင်းဖြင့်ရရှိနိုင်သည့် အောင်နိုင်ခြင်းတို့အကြောင်းကို ပြောပြ

ထားပါသည်။ (ပစ္စုပ္ပန်ကာလပြကြိယာပုံစံကိုသတိပြုပါ)။ အထက်ပါအယူအဆနှင့် အနည်းငယ်ကွဲပြားသော ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်က အောင်မြင်သောသူများသည် မိမိတို့၏အသက်တာအဆုံးတိုင် သစ္စာတရား၌တည်သော နာခံခြင်းအားဖြင့် မိမိတို့၏ကယ်တင်ခြင်းကို သက်သေပြခဲ့ကြသော ယုံကြည်သူများ ဖြစ်သည်ဟု ရှုမြင်ထားသည်။ သို့သော်၊ ဗျာဒိတ်ကျမ်းတွင် ရှင်ယောဟန်သည် ယုံကြည်သူအုပ်စုနှစ်စုအကြောင်းကို ပြောထားပါသည်။ ၄င်းတို့မှာ ကယ်တင်ခြင်း လက်ဆောင်ကို အခမဲ့ရရှိခဲ့ကြသောသူများအုပ်စု (ဗျာဒိတ် ၂၁း၆)နှင့် အောင်မြင်ခြင်းအားဖြင့် အမွေခံဖြစ်ရခြင်းနှင့်သားဖြစ်ရခြင်း အခွင့်ထူးအပြည့်အဝကို လက်ခံရသောသူများအုပ်စု (၂၁း၇) တို့ဖြစ်ကြသည်။ ဗျာဒိတ် ၂–၃ တွင် အောင်နိုင်သောသူများသည် သက်ဆိုင်ရာ ဒေသန္တရအသင်းတော်တစ်ပါးစီမှရင်ဆိုင်ခဲ့ရသော စစ်ကြောခြင်းအမျိုးမျိုးတွင် သစ္စာရှိစွာဖြင့် ရှင်သန်ခဲ့ကြပါသည်။ အောင်မြင်သောသူသည် ဤစစ်ကြောခြင်းကို အောင်အောင်မြင်မြင် ဖြတ်သန်းရှင်သန်ခဲ့သည့် ယုံကြည်သူဖြစ်သည်။ ၂း၂၆ တွင် သခင်ယေရှုက အောင်မြင်သောသူသည် "အဆုံးတိုင်အောင် ငါ့အကျင့်ကိုကျင့်"သောသူဖြစ်သည်ဟု သတ်မှတ်ထားသည်။

အောင်နိုင်သောသူကျမ်းချက်များကို **က** သမ္မာတရားအဖြစ် မှတ်ယူခြင်းကြောင့် ဖြစ်လာသောပြဿနာမှာ ထင်ရှားသိသာလာပါသည်။ *အောင်နိုင်သောသူ*သည် ယုံကြည်သူတစ်ယောက်အတွက် အခြားအမည်နာမဖြစ်လျှင် ကယ်တင်ခြင်းသည် အကျင့်အားဖြင့် ဖြစ်တည်ခဲ့ရပါမည်။ အကြောင်းမှာ၊ ကျမ်းစကားအဆက်အစပ်တစ်ခုစီတွင် အကျင့် (လုပ်ဆောင်မှုများ)သည် အောင်နိုင်ခြင်းတွင် သွယ်ဝိုက်၍သော်လည်းကောင်း၊ အတိအလင်းသော်လည်းကောင်း ပါဝင်ပတ်သက်နေသောကြောင့်ဖြစ်သည်။ ထို့အပြင်၊ ယုံကြည်သူများအားလုံးသည် အောင်မြင်သောသူများဖြစ်ကြလျှင် အသက်တာ၌ကျရှုံး၍ မိမိတို့၏အပြစ်ဒုစရိုက်၌ပင်သေဆုံးခဲ့ကြရသည့် ယုံကြည်သူများအတွက် နေရာရှိတော့မည်မဟုတ်ပါ။ (၁ကော ၁၁း၃၀၊ ၁ယော ၅း၁၆) (ကျွန်ုပ်တို့နှင့်ထိုသူတို့သည် အမှန်တကယ်ကယ်တင်ခြင်းမရရှိခဲ့ကြပါဟု လိုလိုလားလားဝန်ခံခြင်းကို မပြုခဲ့လျှင်) ဤအရာသည် ကျွန်ုပ်တို့၏ကိုယ်တွေ့ခရစ်ယာန်အတွေ့အကြုံနှင့်လည်းကောင်း၊ အခြားယုံကြည်သူများ၏အတွေ့အကြုံမှ ကျွန်ုပ်တို့လေ့လာအကဲခတ်မိခြင်းနှင့်လည်းကောင်း ရှေ့နောက်မညီဖြစ်နေပါသည်။ အသင်းတော်များထဲသို့ ရေးပို့ထားသောစာများကို ဖတ်ရှုသောသူများသည် မိမိတို့ဖြောင့်မတ်ရာသို့ရောက်ခြင်းကိုအကြောင်းပြု၍ အောင်မြင်သောသူများဖြစ်လာရန် အာမခံချက်ရှိထားကြလျှင် (သို့) ၄င်းတို့သည် ဘုရားသခင်၏စစ်မှန်သောရွေးချယ်ခံရသူများဖြစ်ကြသောကြောင့် သစ္စာတရား၌တည်ခြင်းတွင် အဆုံးတိုင်တည်ကြည်ခဲ့ကြမည့်အကြောင်း အာမခံချက်ရှိထားကြလျှင် ဤပေးစာများ၌ တွေ့ရသောပညတ်ချက်များနှင့် သတိပေးချက်များမှာ အဓိပ္ပါယ်ရှိကြမည်မဟုတ်ပါ (သို့)

လိုအပ်ခဲ့မည်မဟုတ်ပါ။ သခင်ယေရှုခရစ်ကိုယ်တိုင်က "ငါသည် အောင်မြင်၍ ငါ့ခမည်းတော်၏ပလ္လင်ပေါ်မှာ ခမည်းတော်နှင့်အတူထိုင်နေတော်မူ၏" (၃း၂၁) ဟုပြောဆိုချက်က အောင်မြင်ခြင်းဟူသောရည်ညွှန်းပြောဆိုချက်မှာ ကယ်တင်ခြင်းနှင့်မသက်ဆိုင်ကြောင်း၊ ခက်ခဲကြပ်တည်းသော ပတ်ဝန်းကျင်အခြေအနေနှင့်သာသက်ဆိုင်ကြောင်း သက်သေပြနေပါသည်။

ယုံကြည်သူတို့သည် သခင်ယေရှုခရစ်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းအားဖြင့် ဤလောက၏အပြစ်တင်ရှုတ်ချခြင်းကို အောင်မြင်ကြသော်လည်း အချို့သော ယုံကြည်သူများသည် ဗျာဒိတ် ၂–၃၌ တွေ့ရသောသူများကဲ့သို့ မိမိတို့၏အသက်တာ၌ လည်းကောင်း၊ အသင်းတော်များ၌လည်းကောင်း ခက်ခဲကြပ်တည်းသော ပတ်ဝန်းကျင်အခြေအနေကိုအောင်မြင်ရန် စိန်ခေါ်ခြင်းခံကြရပါသည်။ အောင်မြင်သောသူထံ၌ ဆုလာဘ်များကို ကတိပြုထားပါသည်။

- ထိုသူသည် ဘုရားသခင်၏ ပရဒိသုဥယျာဉ်မှ အသက်ပင်၏အသီးကို စားရသောအခွင့်ရရှိပါလိမ့်မည်။ (၂း၇) အသက်ပင်မှ အသီးကိုစားသုံးရခြင်းဟူသော အထူးအခွင့်အရေးတွင် အခြေခံ၍ အောင်မြင်သောသူသည် ပရဒိသုဘုံ၌ရှိနေသည်ဟု ယူဆရပါသည်။
- ထိုသူသည် ဒုတိယသေခြင်း၏ညှင်းဆဲခြင်းကို ခံရမည်မဟုတ်ပါ။ (၂း၁၁) ၄င်းတို့သည် မိမတို့အစဉ်ထာဝရလုံခြုံစွာရှိနေခြင်းအတွက် ခိုင်မာသောစိတ်ချယုံကြည်မှုကို ရှိထားကြသည်။
- ထိုသူသည်ဝှက်ထားသောမန္နကို စားသုံးရန်အတွက် လည်းကောင်း၊ အမည်နာမသစ်ကို အကွဲရာတင်ထားသော ကျောက်ဖြူလက်ဖွဲ့ကို လည်းကောင်း ပေးအပ်ခြင်းခံရမည်ဖြစ်သည်။ (၂း၁၇) ဤအရာများသည် ကောင်းကင်ဘုံဝင်စားရခြင်း သက်သက်ထက်ပိုသော အခွင့်ထူးများဖြစ်ကြသည်မှာထင်ရှားနေပါသည်။
- ထိုသူသည်လူမျိုးတို့ကို အုပ်စိုးရခြင်းအာဏာစက်နှင့် မိုးသောက်ကြယ်ကို ပေးအပ်ခံရမည်ဖြစ်သည်။ (၂း၂၆–၂၈) ယုံကြည်သူအားလုံးသည် သခင်ခရစ်တော်နှင့်အတူ အုပ်ချုပ်စိုးစံရမည်ဖြစ်သော်လည်း အချို့သည်သာ၍ ကြီးသော အာဏာစက်ကိုလည်းကောင်း၊ သခင်ခရစ်တော်နှင့်

အတွင်းကျကျ ရင်းနှီးကျွမ်းဝင်ခြင်းကိုလည်းကောင်း ရှိထားကြပါလိမ့်မည်။ (မဿဲ ၂၅း၂၁၊၂၃)

- ထိုသူသည် ဖြူသောအဝတ်ဖြင့်လွှမ်းခြုံခြင်းကိုခံရ၍ သူ၏အမည်ကိုလည်း အသက်စာစောင်မှ နှုတ်ပယ်ခံရမည် မဟုတ်သည့်အပြင် ဘုရားသခင်နှင့် ကောင်းကင်တမန်တို့ရှေ့၌ ၄င်း၏အမည်နာမကို ဝန်ခံခြင်းခံရပါမည် (၃း၅)။ အဝတ်သည် မိမိတို့၏အဝတ်ကိုညစ်ညူးစေကြသော အသင်းတော်မှလူများ (၃း၄) နှင့်ဆန့်ကျင်ဘက်ဖြစ်သည့် သန့်ရှင်းစင်ကြယ်ခြင်း (သို့) ဂုဏ်ပြုခံရခြင်းကို ပြည်ွန်းနိုင်ပေသည်။ ၄င်း၏အမည်ကို အသက်စာစောင်မှနှုတ်ပယ်ခြင်းမပြုဟူသော ကတိက ထာဝရကယ်တင်ခြင်းကို စိတ်ချမ်းမြေ့ဖွယ်ထပ်မံအတည်ပြုပေးခြင်းဖြစ်သည် (အောက်မှဆွေးနွေးချက်ကို ကြည့်ပါ)။ ထိုအပြင်၊ ဘုရားသခင်နှင့် ကောင်းကင်တမန်တို့၏ ရှေ့၌၄င်း၏နာမည်ကို ဝန်ခံခြင်းသည်လည်း သစ္စာရှိနှင့်ပြည့်စုံသည့်အောင်မြင်သောသူအား ဂုဏ်ပြုခြင်းတစ်မျိုးဖြစ်သည်။
- ထိုသူသည် ဘုရားသခင်၏ဗိမာန်တော်၌ တိုင်အဖြစ်ပြုလုပ်ခြင်းခံရ၍ ၄င်းအပေါ်၌ ဘုရားသခင်၏နာမတော်ကိုလည်းကောင်း၊ ယေရုရှလင်မြို့သစ်၏ နာမကိုလည်းကောင်း၊ ခရစ်တော်သခင်ခရစ်တော်၏ နာမသစ်ကိုလည်းကောင်း အက္ခရာတင်ရေးသားခံရမည်ဖြစ်သည်။ (၃း၁၂) ဤကတိတော်သည်လည်း အောင်မြင်သောသူသည် ဘုရားသခင်၏မျက်မှောက်တော်၌ရှိနေရခြင်းဖြင့် အထူးအခွင့်အရေးများကို လည်းကောင်း၊ ဘုရားသခင်နှင့် အတွင်းကျကျရင်းနှီးရခြင်းကိုလည်းကောင်းပျော်မွေ့ရသည်ဟု မှတ်ယူရပါသည်။
- ထိုသူသည် သခင်ခရစ်တော်၏ပလ္လင်၌ သခင်ခရစ်တော်နှင့်အတူ ထိုင်ရသောအခွင့်ကိုလည်း ပေးအပ်ခြင်းခံရမည်ဖြစ်သည်။ (၃း၂၁) ဤအရာသည် သခင်ခရစ်တော်နှင့်အတူရှိရခြင်းသက်သက်မဟုတ်ပါ။ သခင်ခရစ်တော်၏ နိုင်ငံတော် အုပ်စိုးခြင်းအမှုတွင်ပါဝင်ရခြင်းကို ပြောဆိုထားပါသည်။

အကုန်ပေါင်းလိုက်ပါက၊ ဤကတိတော်များသည် ကောင်းကင်ဘုံဝင်စားခြင်း သက်သက်ကိုသာပြောဆိုနေခြင်းဖြစ်လျှင် ပဟေဋ္ဌိဆန်သောအသုံးအနှုန်းများကို အသုံးပြုထားသည်ဟုဆိုရမည်ဖြစ်သည်။ သို့သော်၊ ဤကတိတော်များသည်နိုင်ငံတော်၌ လည်းကောင်း၊ ထာဝရကာလ၌လည်းကောင်းပေးအပ်မည်ဆုလာဘ်အမျိုးမျိုးအကြောင်း ကိုပြောပြနေလျှင် အချို့သောစာပန်းချီပုံရိပ်များသည် နားလည်ရန်ခက်ခဲပါသော်လည်း အမျိုးအမည်များနှင့်စာပန်းချီပုံရိပ်တို့မှာ အဓိပ္ပါယ်ရှိလာပါသည်။

အခြားအကြောင်းအရာတစ်ခုမှာ ဘုရားသခင်၏တရားမျှတခြင်းဖြစ်သည်။ ယုံကြည်သူများအားလုံးသည် အောင်မြင်သောသူများဖြစ်ကြ၍ ဤအကျိုးကျေးဇူးများအားလုံးကို တန်းတူရရှိခံစားကြရလျှင် ဤအရာသည် စစ်ကြောခြင်းများ၌ အခြားသူများက သစ္စာမရှိကြသောချိန်တွင် သစ္စာရှိရှိဖြင့် ရှင်သန်ခဲ့ကြသောများအတွက် သင့်တင့်မျှတမှုရှိပါသလား။ သခင်ယေရှုခရစ်က ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့ကိုအခိုင်အမာပြောဆိုထားသည့်အရာမှာ ခက်ခဲကြပ်တည်းသော ပတ်ဝန်းကျင်အခြေအနေများ၌ သစ္စာရှိစွာအသက်ရှင်ခြင်းသည် ပေးဆပ်ရသောအမှုဖြစ်သည်ဟူ၍ဖြစ်သည်။

ထိုသူ၏နာမကိုငါအလျှင်းမရေ (I will not blot out his name)
ဗျာဒိတ် ၃:၅

ထိုသူ၏နာမကို အသက်စာစောင်မှ ငါသည်အလျှင်းမရေ။ ငါ့ခမည်းတော်ရှေ့၌၄င်း၊ ကောင်းကင်တမန်တော်တို့ရှေ့၌၄င်း၊ သူ၏နာမကို ငါဝန်ခံမည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – စစ်မှန်သော ယုံကြည်သူသည် မိမိ၏ကယ်တင်ခြင်းကို ဆုံးရှုံးရလိမ့်မည်မဟုတ် (သို့) သစ္စာတရား၌မတည်မြဲသော ယုံကြည်သူသည် မိမိ၏ ကယ်တင်ခြင်းကို ဆုံးရှုံးနိုင်ပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – အောင်မြင်သော ယုံကြည်သူ၌ လုံခြုံစိတ်ချရသော အနာဂတ်တစ်ခုကို အာမခံထားသည်။

ဤအခန်းငယ်တွင် ကတိတော်သုံးခုရှိသော်လည်း၊ တိုက်ရိုက်ကိုးကားခြင်းကို အခံရဆုံးသော ကတိတော်မှာ ကယ်တင်ခြင်းခံရသောသူအားလုံး၏ မှတ်ပုံတင်စာရင်းစာအုပ်အဖြစ်မှတ်ယူကြထားသည့် အသက်စာစောင်နှင့်ပတ်သက်သော အာမခံချက်

ဖြစ်သည်။ ယုံကြည်သူအားလုံးသည် အောင်မြင်သောသူများဖြစ်ကြသည်ဟု မှတ်ယူထား သောသူများက ဤအရာသည် ယုံကြည်သူများအနေဖြင့် မိမိတို့၏ကယ်တင်ခြင်းကို ဘယ်သောအခါတွင်မျှ ဆုံးရှုံးရလိမ့်မည်မဟုတ်ဟူသော သခင်ဘုရား၏ကတိတော်ဖြစ် သည်ဟုဆိုကြသည်။ ခရစ်ယာန်များသည် မိမိတို့၏ကယ်တင်ခြင်းကို ဆုံးရှုံးနိုင်သည်ဟု မှတ်ယူထားသောသူအများ၌တွေ့ရသည့် အခြားအနက်ဖွင့်ဘာသာပြန်ဆိုချက်မှာ ယုံ ကြည်သူများသည် သစ္စာတည်မြဲနေသ၍ မိမိတို့၏ကယ်တင်ကို ဆုံးရှုံးကြလိမ့်မည် မ ဟုတ်ဟူ၍ဖြစ်သည်။ သို့သော်၊ ဤအရာက ထိုသူတို့သည် အောင်နိုင်သောသူများအဖြစ် မှရပ်စဲသွားကြလျှင် မိမိတို့၏ကယ်တင်ခြင်းဆုံးရှုံးနိုင်သည်ဟုလည်း ဆိုလိုခဲ့ပေလိမ့် မည်။ ဤ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်နှစ်ခုလုံးက အပြိုင်ကတိ တော်များဖြစ်ကြသည့် ဖြူသောအဝတ်ဖြင့်ခြုံလွှမ်းခံရခြင်းနှင့် အမည်နာမကို ဘုရား သခင်နှင့် ကောင်းကင်တမန်တို့၏ရှေ့၌ ဝန်ခံရခြင်းတို့ကို ထာဝရကယ်တင်ခြင်းအတွက် ကတိတော် (သို့) ထာဝရကယ်တင်ခြင်းနှင့်တစ်ချိန်တည်း ဖြစ်ပျက်သောအဖြစ်အပျက် များနှင့် ထပ်တူပြုထားကြသည်။

ဤကတိတော်များအား ကယ်တင်ခြင်းကိုရည်ညွှန်းသော ကတိတော်များအဖြစ် သာ မှတ်ယူခြင်း၌တွေ့ရသောပြဿနာများကို ကျွန်ုပ်တို့ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ၄င်းတို့၏အဓိကဆိုလိုချက်အရ ကယ်တင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်၌ တည်မှီမည့်အစား ကျွန်ုပ်တို့၏စွမ်းဆောင်မှုတွင် မူတည်ခဲ့ပါလိမ့်မည်။ ဖြူသောအဝတ် ဖြင့် လွှမ်းခြုံဝတ်ဆင်ခံရခြင်းကို ယုံကြည်သူတို့ ဖြောင့်မတ်ရာသို့ရောက်ခြင်းကို ပြည့်နှဲ မှုတစ်ခုဖြစ်သော ယုံကြည်သူများ သခင်ယေရှုခရစ်၏ဖြောင့်မတ်ခြင်းဖြင့် လွှမ်းခြုံဝတ် ဆင်ခံရခြင်းအဖြစ် တစ်ခါတစ်ရံအနက်ဖွင့်ဘာသာပြန်ဆိုကြ သည်။ ကပ်လျှက်ရှိသော ကျမ်းစကားအဆက်အစပ် (၎ယ် ၄) တွင် မိမိတို့၏အဝတ်ကို မညစ်ညူးစေသောသူ များနှင့်အဖြူဝတ်လျှက် သခင်ဘုရားနှင့်အတူသွားလာရန်ထိုက်တန် သောသူများ အကြောင်းကိုပြောထားသည်။ ဤအရာသည် အဖြူဝတ်လျှက် ခရစ်တော်နှင့်အတူသွား လာရခြင်းဟူသော ဆုလာဘ်ကိုထိုက်ထိုက်တန်တန်ရရှိစေသည့် ၄င်းတို့၏ လုပ်ဆောင် ချက်များနှင့် သစ္စာရှိခြင်းကိုပြောထားသည်မှာ ထင်ရှားနေပါသည်။ အဖြူဝတ်လျှက် ခရစ်တော်နှင့်အတူ သွားလာရခြင်းသည် သာမန်ထက်ထူးသောမိတ်ဆွေဖြစ်ခြင်း (သို့) အထူးအခွင့်အရေးကို အမှတ်အသားပြုထား ဟန်ရှိသည်။ ဗျာဒိတ်ကျမ်း၏ နောက်ပိုင်း တွင် ဖြူသောအဝတ်သည် ဖြောင့်မတ်ရာသို့ရောက်ခြင်းကို မရည်ညွှန်းပါ။ ဖြောင့်မတ် သောလုပ်ရပ်များကိုသာ ရည်ညွှန်းထားပါသည်။ (၁၉း၈၊ ၁၄) တစ်ဦးတစ်ယောက်၏ အမည်နာမကို ခမည်းတော်နှင့်ကောင်းကင်တမန်တို့၏ ရှေ့၌ဝန်ခံခြင်းဆိုသည်မှာ ဖြောင့်မတ်ရာသို့ရောက်ခြင်းကိုပြောဆိုခြင်းမဟုတ်၊ ချီးကျူးခံရခြင်းဆုလာဘ်ကို ပြောဆို ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ပြသခဲ့ပြီးဖြစ်သည်။ (မဿဲ ၁၀း၃၂–၃၃ မှဆွေးနွေးချက်ကို

ကြည့်ပါ။) ကောင်းကင်တမန်များသည် လူတစ်ဦးတစ်ယောက်၏ ဖြောင့်မတ်ရာသို့ ရောက်ခြင်းနှင့် မည်သို့ပတ်သက်စရာရှိမည်နည်း။

ထိုသို့ဆိုလျှင်၊ သခင်ဘုရားက မိမိသည်အောင်မြင်သောသူ၏အမည်နာမကို အသက်စာစောင်မှ ပယ်ဖျက်မည်မဟုတ်ဟုပြောဆိုချိန်တွင် မည်သည့်အရာကို ဆိုလိုပါသနည်း။ *ဧဖြာသည့်အတိုင်းအတိအကျဆိုလိုထားပါသည်။* ဤအရာက ထိုသို့ပယ်ဖျက်ခြင်းသည် မည်သည့်အချိန်တွင်မျှမဖြစ်နိုင်သည့်အကြောင်း အာမခံချက်တစ်ခုဖြစ်သည်။ ဒံယေလ ၁၂း၁ အရ၊ အသက်စာစောင်ကို ဘုရားသခင်၏ရွေးကောက်ခြင်းခံရသော လူတို့၏အမည်မှတ်တမ်းတစ်ခုအဖြစ်နှင့် သဘောပေါက်နားလည်ရပါမည်။ ဟုတ်ကြောင်းကိုပြောဆိုရန်မဟုတ်ဝါကျကိုအသုံးပြုခြင်းဟုသိထားကြသော စကားအလင်္ကာတစ်ခုကို သခင်ယေရှုအသုံးပြုထားပါသည်။ ထိုစကားအလင်္ကာသည် အပြုသဘောဆောင်ခြင်းကိုပြောဆိုပြသရန် အနှုတ်သဘောဆောင်ခြင်းကို အသုံးပြုသော လျော့ပေါ့ပြောဆိုခြင်းတစ်ခုဖြစ်သည်။ ထိုအသုံးအနှုန်းသည် ဤသို့ဖြစ်သည်။ လူတစ်ယောက်သည် အတိုင်းအတာတစ်ခုအထိရှိသော ငါးများကိုဖမ်းမိရာတွင် အခြားသူတစ်ယောက်အခြေအနေ မည်သို့ရှိကြောင်းကိုမေးခွန်းပါသည်။ ထိုသူကလည်း "မဆိုးပါဘူး" ပြန်ပြောခဲ့ပေမည်။ ထိုသို့ပြန်ပြောခြင်းသည် "တအားကောင်းတယ်"ဟုဆိုလိုပါသည်။ သို့မဟုတ်၊ တစ်စုံတစ်ယောက်က မိတ်ဆွေတစ်ယောက်ကို သူမ၏ အိမ်၌ပြုလုပ်သောကျေးဇူးတော်ချီးမွမ်းခြင်းစားပွဲ၌ဖိတ်ခေါ်ပြီး "မင်းဗိုက်ဆာပြီး၊ အစာငတ်နေမှာ မဟုတ်ဘူး" ဟုပြောခဲ့သည်။ ဆိုလိုရင်းကို သဘောပေါက်ပြီးဟုထင်ပါသည်။ (ဤအသုံးအနှုန်းအတွက် သမ္မာကျမ်းစာမှ သာဓကများတွင် ယောဟန် ၆း၃၇၊ တမန်တော် ၂၀း၁၂၊ ၁ကော ၁၀း၅၊ ဟေဗြဲ ၆း၁၀၊ ဗျာဒိတ် ၂း၁၁ တို့ပါဝင်သည်)။ ဤကတိတော်သည် ဤလောက၌ဘေးဆိုးဒုက္ခများ (သေခြင်းပင် ၂း၁၀) ကို ရင်ဆိုင်ရလင့်ကစား ခက်ခဲကြပ်တည်းသော ပတ်ဝန်းကျင်အခြေအနေကို အောင်နိုင်သောသူများက ပျော်မွေ့ခံစားရသည့် အလွန်ထူးကဲသော အာမခံချက်ဖြစ်သည်။ ၄င်းတို့သည် ထာဝရကယ်တင်ခြင်းခံရသော သူများအုပ်စုထဲမှ လုံးလုံးထုတ်ပယ်ခံကြရမည် မဟုတ်ပါ။ သခင်ခရစ်တော်သည် ယုံကြည်သူတစ်ယောက်၏အမည်နာမကို အသက်စာစောင်မှ ပယ်ဖျက်ခဲ့နိုင်သည်ဟူသော ဆန့်ကျင်ဘက်သွယ်ဝိုက်ညွှန်းဆိုမှုကို ကျွန်ုပ်တို့ မပြုလုပ်သင့်ပါ။ ဤကတိတော်၏ရည်ရွယ်ချက်မှာ ချီးကျူးစကားဆိုရန်နှင့် နှစ်သိမ့်ပေးရန်ဖြစ်သည်။ ခြိမ်းခြောက်ရန်မဟုတ်ပါ။ အထူးဂုဏ်ပြုခံခြင်းကို အရိပ်အမြွက်ပြထားမှုတစ်ခုပင် ရှိနေပါသည်။ အကြောင်းမှာ လူတစ်ယောက်၏ "နာမ"သည် ထိုသူ၏ "ဂုဏ်သတင်း"ကို ကိုယ်စားပြုထားပြီး၊ ဤကျမ်းချက်ရှိအပြိုင်ကတိတော်မှာ ခမည်းတော်နှင့်ကောင်းကင်တမန်များရှေ့၌ ထိုအမည်နာမကို သခင်ယေရှုဝန်ခံခြင်းဖြစ်သည်။ ထိုအသက်စာစောင်၌ အစဉ်ထာဝရစာရင်းသွင်းခံရသည့်အပြင်၊ သစ္စာရှိသောအောင်မြင်သော သူများသည် စာဖြင့်ရေးသား

ဖော်ပြခံရခြင်းနှင့်နှုတ်ဖြင့် ထုတ်ဖော်ပြောဆိုခံရခြင်းဟူသောဂုဏ်ပြုခြင်းကို ခံကြရသည်ဟု ကျွန်ုပ်တို့ထပ်လောင်းပြောဆိုနိုင်ပါသည်။

ငါ၏ခံတွင်းသည် သင့်ကိုထွေးလုပြီ (I will vomit you out of my mouth)။ ဗျာဒိတ် ၃း၁၅–၁၆

သင်သည်အအေးမဟုတ်၊ အပူမဟုတ်သည်ကိုငါသိ၏။ အေးခြင်း ဖြစ်စေ၊ ပူခြင်းဖြစ်စေ၊ တခုခုကို ငါအလိုရှိ၏။ ထိုသို့ အအေးမဟုတ်၊ အပူမဟုတ်၊ နွေးရုံရှိသောကြောင့် ငါ၏ခံတွင်းသည် သင့်ကို ထွေးလုပြီ။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဝိညာဉ်ရေးရာ၌ မိမိကိုယ်ကို အားရကျေနပ်နေသော နှုတ်ဖြင့်ဝန်ခံခြင်းကို ပြုထားသည့် ခရစ်ယာန်များသည် ကယ်တင်ခြင်းကိုမခံကြရသောကြောင့် ၄င်းတို့ကို ထာဝရအသက်ရရှိခြင်းမှ သခင်ခရစ်တော်၏ ငြင်းပယ်ခြင်းကို ခံကြရပါလိမ့်မည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဝိညာဉ်ရေးရာ၌ မိမိကိုယ်ကိုအားရကျေနပ်နေကြသော ခရစ်ယာန်များသည် သခင်ခရစ်တော်အတွက် အသုံးမဝင်ကြသကဲ့သို့ ကိုယ်တော်အတွက်လည်း နှစ်သက်လိုလားဖွယ်မဖြစ်ကြပါ။

အရသာရှိသောကော်ဖီ၊ လက်ဖက်ရည်၊ ချော့ကလက် ပူပူတစ်ခွက်ကိုသောက်ရမည်ဟူသော မျှော်လင့်ချက်ဖြင့် ကော်ဖီတစ်ခွက်သောက်လိုက်ရာ ထိုကော်ဖီမှာဖျော်ချိန်ကြာမြင့်နေခဲ့ပြီဖြစ်ပြီး၊ အခန်းအပူချိန်အတိုင်းဖြစ်နေသည့် အဖြစ်ကိုသိလာရသည့် အတွေ့အကြုံကို ကျွန်ုပ်တို့အားလုံးရှိခဲ့ဖူးကြပါမည်။ အလားတူပင်၊ နေသာသောနေ့တစ်နေ့၌ ကားထဲတွင် အလုံပိတ်ခံထားရသောကြောင့် ပူနွေးနေသည့်အအေးသည်လည်း နှစ်သက်လိုလားဖွယ်မကောင်းပါ။ ကျွန်ုပ်တို့သည် ထိုသောက်စရာများကို ထွေးထုတ်လိုက်ပါသည် (သို့) သွန်ပစ်ကြပါသည်။ နှစ်သက်လိုလား ဖွယ်မကောင်းပါ။ စက်ဆုပ်ဖွယ်ဖြစ်ကြသည်။ လူကိုလုံးလုံးမလန်းဆန်းစေကြပါ။

သခင်ယေရှုသည် ဤစကားလုံးများကို အသင်းတော်တစ်ပါးထံ ပြောဆိုနေခြင်းဖြစ်ကြောင်း ကျမ်းစကားအဆက်အစပ်က ကျွန်ုပ်တို့ကိုအသိပေးထားပါသည်။ ထို့ကြောင့်၊ ဤအရာက သခင်ယေရှုသည် ထိုအသင်းတော်၌ရှိနေသော ယုံကြည်သူအချို့ကို လိပ်မူပြောဆိုနေသည်ဟု မှတ်ယူစေပါသည်။ သို့သော်၊ ၄င်းတို့အားလုံးသည် ခရစ်ယာန်များဖြစ်ကြသည်ဟု သတ်မှတ်ပြောဆိုခြင်းကပို၍ အဓိပ္ပါယ်ရှိစေပါသည်။ သခင်ယေရှုက ၄င်းတို့ကိုအအေး (သို့) အပူဖြစ်စေချင်ကြောင်းပြောထားပါသည်။ "အပူ" သည် ဝိညာဉ်သဘောရှိသောခရစ်ယာန်များကို ရည်ညွှန်းသည်ဟု မကြာခဏမှတ်ယူထားကြပါသည်။

ထိုသို့သာဆိုလျှင် "အအေး" သည် မည်သူတို့ကိုရည်ညွှန်းခဲ့ပါမည်နည်း။ ၄င်းသည် ကယ်တင်ခြင်းမခံရသောသူများကို မရည်ညွှန်းနိုင်သကဲ့သို့၊ သစ္စာမရှိသော ယုံကြည်သူများကိုလည်း မရည်ညွှန်းနိုင်ပါ။ အကြောင်းမှာ၊ သခင်ယေရှုသည် ၄င်းတို့ကိုမပူမအေးနှင့်နွေးရုံသာဖြစ်ခြင်းထက် အေးနေကြခြင်းကို အလိုရှိကြောင်း ပြောခဲ့သောကြောင့် ဖြစ်သည်။

အနက်ဖွင့်ဘာသာပြန်ဆိုခြင်းဆိုင်ရာ ဝေခွဲမရဖြစ်ခြင်းသည် အဓိကပြောကြားလိုသောအချက်ကိုစူးစိုက်မည့်အစား နှိုင်းယှဉ်ဆင်ခြင်မှုတစ်ခုမှ အသေးစိတ်အချက်အလက်များကို အရေးတယူပြုလုပ်နေခြင်းကြောင့်ဖြစ်သည်။ သခင်ယေရှုက ရှင်းရှင်းလင်းလင်းပြောနေသောအရာမှာ မိမိသည်လောဒိကိမြို့မှယုံကြည်သူများကို နှစ်သက်လိုလားဖွယ်မကောင်း၍ အသုံးမဝင် (နွေးရုံသာ) ဖြစ်ကြမည့်အစား၊ ပြန်လည်လန်းစေ၍ အသုံးဝင် (အပူ သို့မဟုတ် အအေး) ကြရန် အလိုရှိကြောင်းပြောနေခြင်းဖြစ်သည်။ လောဒိကိအသင်းသားများသည် ချမ်းသာကြသော်လည်း ၄င်းတို့သည် မျက်စိကန်း၍ ကိုယ့်အတွက်သာသိကြသောကြောင့် မည်သူအတွက်မျှခွန်အား မဖြစ်ပါ။ ကိုယ်တော်ရှင်အတွက်ဆိုလျှင် သာ၍ပင် ဆိုးသေးသည်။ ထွေးထုတ်ခြင်းဟူသော စာပန်းချီပုံရိပ်သည် ဝိညာဉ်ရေးခဲ့မိမိကိုယ်ကို အားရကျေနပ်နေကြ၍ ကိုယ့်အတွက်သာသိနေကြသည့် လောဒိကိမြို့မှယုံကြည်သူများမှာ အသုံးမဝင်ကြသောကြောင့် မနှစ်မြို့ဖွယ်ဖြစ် နေကြခြင်းကိုပြသရန်အသုံးပြုထားခြင်းဖြစ်သည်။ သခင်ယေရှုက၄င်းတို့ကို ထွေးထုတ်ခြင်း၏ အဓိပ္ပါယ်ကိုလည်း လွန်လွန်ကျူးကျူး မဖွင့်ဆိုသင့်ပါ။ ကျမ်းစကားအဆက်အစပ်၌ ထိုထွေးထုတ်ခြင်းသည် မနှစ်မြို့ခြင်းကိုသာ ပြောထားပါသော်လည်း၊ ၄င်းသည် ငြင်းပယ်ခြင်းတစ်မျိုးမျိုး (ဆုလာဘ်ငြင်းပယ်ခံရခြင်းလား)နှင့် ပြစ်ဒဏ်ခတ်ခြင်းတို့ကို သွယ်ဝိုက်ရည်ညွှန်းနိုင်ပါသည်။ အပယ်ငရဲတော့ မဟုတ်ပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ဤနေရာတွင် အဓိပ္ပါယ်အရှိဆုံးဖြစ်ပြီး ၄င်းသည် ကျွန်ုပ်တို့ ကိုယ့်ကိုယ်ကို အားရကျေနပ်၍မနေသင့်ကြောင်း၊ ယနေ့ခေတ်ခရစ်ယာန်များအတွက် သတိပေးချက်တစ်ခုလည်းဖြစ်သည်။ မိမိတို့၏ ဝိညာဉ်ရေးဦးစားပေးအရာများကို လစ်လျူရှုထားသောသူများသည် ဘုရားသခင်၏ အမှုတော်၌ အသုံးမဝင်သည့်အပြင် ဘုရားသခင်အတွက် အလွန်ဆိုးဝါး၍ မနှစ်မြို့ဖွယ်လည်း ဖြစ်နေကြပါသည်။

တံခါးကိုခေါက်လျက်နေ၏ (Knocking at the door) ဗျာဒိတ် ၃း၂၀

ငါသည်တံခါးရွေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍တံခါးကိုဖွင့်ခဲ့၊ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်းငါနှင့်အတူ စားသောက်ရလိမ့်မည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုသည် လူတို့၏စိတ်နှလုံးထဲသို့ဝင်ရောက်၍ ၄င်းတို့ကိုကယ်တင်ရန် ၄င်းတို့၏စိတ်နှလုံးတံခါးကို ခေါက်နေပါသည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုသည် အသင်းတော်တစ်ပါး၏အလယ်၌ရှိနေ၍ ထိုအသင်းတော်မှယုံကြည်သူများနှင့်မိတ်သဟာယဖွဲ့လိုနေပါသည်။

"သခင်ယေရှုကို သင့်ရဲ့စိတ်နှလုံးထဲဝင်ရောက်လာဖို့ တောင်းဆိုလိုက်ပါ"ဟူသောအရာသည် နေရာတိုင်း၌ အသုံးပြုနေကြသည့် ကယ်တင်ခြင်းအတွက် ပုံမှန်ဖိတ်ခေါ်ခြင်းဖြစ်သည်။ ထိုဖိတ်ခေါ်ခြင်းသည် ဤကျမ်းချက်၌ အခြေပြုထားပါသည်။ "သခင်ယေရှုက ခင်ဗျာရဲ့နှလုံးသားတံခါးကိုခေါက်နေပါတယ်။ ခင်ဗျားကိုယ်တော့်ကို ဝင်ခွင့်မပြုဘူးလား။" သို့သော်၊ ဤကျမ်းချက်သည် က သမ္မာတရားအဖြစ် ကယ်တင်ခံရခြင်းအကြောင်းကို ပြောဆိုနေပါသလား။

ကနဦးဆွေးနွေးမှု၌ ကျွန်ုပ်တို့မှတ်သားခဲ့ကြသည့်အတိုင်း သခင်ယေရှုသည် အသင်းတော်တစ်ပါးကို စကားပြောဆိုနေခြင်းဖြစ်သည်။ ထိုအသင်းတော်သည် ဗျာဒိတ် ၂–၃ ရှိ အသင်းတော်ခုနှစ်ပါးအနက်မှ မည်သည့်အရာအတွက်နှင့်မျှ ခရီးကျူးခြင်းမခံရသည့် အသင်းတော်တစ်ပါးဖြစ်သည်။ သို့သော်၊ ၄င်းတို့သည် မိမိတို့ကိုယ်ကိုအားရကျေနပ်ကြသော်လည်း အသင်းတော်တစ်ပါးဖြစ်နေကြဆဲဖြစ်သည်။ သခင်ယေရှု၏ဖိတ်ခေါ်ချက်မှာ မိမိထံမှ "မီးနှင့် ချွတ်ပြီးသောရွှေကိုလည်းကောင်း၊ ဖြူသောအဝတ်ကိုလည်းကောင်းဝယ်" ရန်ဖြစ်သည်။ ဤအရာသည် ကယ်တင်ခြင်းမခံရသောသူများထံ၌ သခင်ယေရှုပေးသနားတော်မူသည့် ကယ်တင်ခြင်းအခမဲ့လက်ဆောင်ကို ပြောဆိုခြင်းမဖြစ်နိုင်ပါ။ (၂၂း၁၇) ဖြူသောအဝတ်သည် ယုံကြည်သူတို့၏ ဖြောင့်မတ်သောလုပ်ရပ်များကို မည်သို့ပြောဆိုထားသည်ကို ကျွန်ုပ်တို့တွေ့ရှိခဲ့ကြပြီးဖြစ်သည်။ (ဗျာဒိတ် ၃း၅ ၏ဆွေးနွေးချက်ကိုကြည့်ပါ) ၄င်းတို့၏မျက်လုံးများပြန်မြင်နိုင်ရန်အတွက် မျက်စဉ်းခတ်ရန်သတိပေးဆုံးမမှုသည် မိမိတို့၏တကိုယ်ကောင်းဆန်သော အခြေအနေကိုလည်းကောင်း၊ ဘုရားသခင်၏အလိုတော်ကိုလည်းကောင်း မမြင်မတွေ့နိုင်သောခရစ်ယာန်များနှင့်ကိုက်ညီနေပါသည်။ (၂ပေ ၁း၉) ဤသူတို့သည် သခင်ယေရှုက မိမိ၏သားသမီးများ သဖွယ်ချစ်မြတ်နိုးတော်မူ၍ ဆုံးမခြင်းခံရသောသူများဖြစ်ကြသည်။ (၃း၁၉၊ နှိုင်းယှဉ် ဟေဗြဲ ၁၂း၅–၇) ထို့ကြောင့်၊ **ခ** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် အဓိပ္ပါယ်အရှိဆုံးဖြစ်သည်။ ဤယုံကြည်သူများနှင့် ဗျာဒိတ် ၂ နှင့် ၃ မှ နာခံခြင်းမရှိသော အခြားယုံကြည်သူများထံ၌ ပြောထားသောတရားဒေသနာမှာ ကယ်တင်ခြင်းခံရဖို့ မဟုတ်ပါ။ သခင်ဘုရားမနှစ်မြို့သောအရာကို နောင်တရဖို့ဖြစ်သည်။

သခင်ယေရှုသည် လူတို့၏နှလုံးသားကို "ခေါက်လျှက်" မနေပါ။ ကိုယ်တော်

သည်အသင်းတော်ထံ၌ နောင်တရခြင်းအားဖြင့် မိမိကိုင်းတို့၏အလယ်၌ ဝင်ရောက်ခွင့်ပြုရန်ပန်ကြားနေခြင်းဖြစ်သည်။ (ငယ် ၁၉) "ကိုယ်စိတ်ကို နှိုးဆော်လော့၊" "နောင်တရလော့" ဟူသည့်ပညတ်ချက်ကို အခန်းငယ် ၂၀ ဖြင့် ပုံဖော်ပြသထားပါသည်။ ထိုကျမ်းပိုဒ်သည် သခင်ယေရှုက မိမိနှင့်မိတ်သဟာယဖွဲ့ခြင်းကို ပြန်လည်စတင်ကြရန် ဖိတ်ခေါ်ခြင်းကို ဤယုံကြည်သူများက နောင်တရခြင်းဖြင့် မည်သို့တုန့်ပြန်နိုင်ကြောင်းကို ပြသထားသည်။ သခင်ယေရှုသည် ဤအသင်းတော်၏ မိတ်သဟာယဖွဲ့ခြင်းထဲမှ ဖယ်ထုတ်ခံထားရပါသည်။ ထို့ကြောင့်၊ တံခါးကိုခေါက်ခြင်းဖြင့် ပြန်လည်ဝင်ရောက်ဖို့ ရှာကြံနေပါသည်။ အသင်းတော်တစ်ပါးသည် လူအသီးသီးဖြင့်ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် ဖိတ်ခေါ်ခြင်းသည် အသင်းတော်ထဲမှ "အသံကိုကြား၍ တံခါးကိုဖွင့်အံ့"သော မည်သူမဆိုကို ရည်ရွယ်ထားသည်။ ၄င်းသည် နာခံရန်အဆင်သင့်ရှိမှု၏ပုံလွှာဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းအတွက် ကတိပြုထားသည့်အရာမှာ သခင်ယေရှုသည်ထိုသူ "ထံသို့ဝင်ရောက်သွား" ခြင်းဖြစ်သည်။ သခင်ယေရှုအသုံးပြုထားသည့် မူရင်းဘာသာစကားအသုံးအနှုန်းကို သိရှိထားရန် အရေးကြီးသည်။ သခင်ယေရှုက *ထိတွေ့မှု* ကိုဆိုလိုရန် "အထဲသို့" (into) ဟုမပြောခဲ့ပါ (ထိုသို့သာပြောခဲ့လျှင် ဂရိစကားလုံး *eis* ကို အသုံးပြုခဲ့ပါလိမ့်မည်)။ သို့သော်၊ သခင်ယေရှုကတစ်ခုခု*ဆီသို့ ရွှေ့လျားမှု* ကိုဆိုလိုရန် "ထံသို့" (in to) ဟုပြောခဲ့ပါ သည် (ဂရိစကားလုံး *pros* ကိုအသုံးပြုထားပါသည်)။ ဤဝိဘတ်နှစ်ခုကြားရှိကွဲပြားခြားနားသော အလေးထားမှုကို ယောဟန် ၆း၃၅ တွင် တွေ့ရသည်။ "ငါ့ထံသို့ (*pros*) လာသောသူသည် နောက်တစ်ဖန်အဆာအမွတ်မခံရ။ ငါ့ကို (*eis*-အထဲ၌) ယုံကြည်သောသူသည် နောက်တစ်ဖန်ရေငတ်မခံရ။" သခင်ယေရှုသည် လက်ခံရန် အသင့်ရှိနေသောသူနှင့်အတူစားသောက်ရန် (ထိုသူ့အထဲကိုမဟုတ်) ထိုသူရှိရာနေရာဆီသို့ဝင်ရောက်လာမည်ဖြစ်သည်။



အတူတကွစားသောက်ခြင်းစာပန်ချီပုံရိပ်သည် မိတ်သဟာယဖွဲ့ခြင်းကိုပြသသည့် သမ္မာကျမ်းစာ၌လည်းကောင်း၊ ယဉ်ကျေးမှုအစဉ်အလာ၌လည်းကောင်း ပုံမှန်တွေ့နေရသည့်ပုံရိပ်ဖြစ်သည်။ အခန်းငယ် ၂၂ ရှိ သခင်ယေရှုနှင့်အတူကိုယ်တော်၏

ပလ္လင်တော်ထက်၌ထိုင်ရခြင်းဆုလာဘ်သည် ကယ်တင်ခြင်း၏ ရလဒ်တစ်ခု မဟုတ်ပါ။ အောင် နိုင်သူခရစ်ယာန်တစ်ယောက်အတွက် ဆုလာဘ်တစ်ခုသာဖြစ်သည်။

ပို၍ကျယ်ပြန့်သောကျမ်းစကားအဆက်အစပ်တွင် ဗျာဒိတ်ကျမ်းသည် ရှင်ယောဟန်၏ခရစ်ဝင်ကျမ်းကဲ့သို့ ထာဝရအသက်အားမည်သို့ရရှိနိုင်ကြောင်းကို လူတို့ထံ၌ပြောကြားရန်ဟူသော ရှင်းလင်းပြတ်သားသည့် ရည်ရွယ်ချက်နှင့်အတူရေးသားထားသည့်ကျမ်းမဟုတ်ပါ (ယောဟန် ၂၀း၃၁)။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် *နောင်တရသည် (repent)* ဟူသော စကားလုံးကိုလုံးလုံးအသုံးမပြုထားပါ။ *ယုံကြည်သည် (believe)* ဟူသော စကားလုံးကိုအကြိမ်တစ်ရာနီးနီးအသုံးပြုထားပြီး၊ အကြိမ်အများစုတွင် ကယ်တင်ခြင်းအတွက်အခြေအနေသတ်မှတ်ချက်အဖြစ်အသုံးပြုထားသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ဧဝံဂေလိဟောပြောခြင်းများမှ ဖိတ်ခေါ်မှုများကို ဗျာဒိတ်ကျမ်းမှစကားလုံးများအတိုင်းနမူနာယူပုံစံမထုတ်ကြရန်အတွက် အထက်ပါအချက်ကိုယ်၌ ကပင်လုံလောက်သောအကြောင်းပြချက်ဖြစ်နေပါသည်။ ဗျာဒိတ်ကျမ်းတွင် ကယ်တင်ခြင်းအတွက် ရှင်းလင်းပြတ်သားသော ဖိတ်ခေါ်ခြင်းကို ၂၂း၁၇ ၌တွေ့ရသော်လည်း၊ ၎င်းသည် "လာခဲ့ပါ" နှင့် "အသက်ရေကိုယူပါစေ" ဟူသောစကားလုံးများနှင့်အတူ ရှင်ယောဟန်ခရစ်ဝင်ကျမ်းမှ ဖိတ်ခေါ်ခြင်းများကို သံယောင်လိုက်ထားခြင်းဖြစ်သည် (ယောဟန် ၄း၁၀၊ ၆း၃၇၊၄၄၊၆၅)။

ကယ်တင်ခြင်းမခံရသေးသောသူများထံ၌ ၎င်းတို့၏စိတ်နှလုံးထဲသို့သခင်ယေရှုကိုဝင်ရောက်လာရန်တောင်း လျှောက်ဖို့မပြောပါနှင့်။ သခင်ယေရှုသည် ၎င်းတို့၏အပြစ်ဒုစရိုက်အတွက်အသေခံကာ၊ သေခြင်းမှထမြောက်ပြီး၊ ၎င်းတို့အတွက် ထာဝရအသက်ကိုအာမခံထားကြောင်းကိုသာပြောပါ။ သို့သော်၊ သင်နှင့်သင် တို့၏အသင်းတော်သည် ဝိညာဉ်ရေး၌ကိုယ့်ကိုယ်ကိုအားရကျေနပ်နေကြလျှင်မူနောင်တရ၍ သင်တို့ကိုချစ်၍သင်တို့နှင့်ရင်နှီးသော မိတ်သဟာယဖွဲ့ခြင်းကိုအလိုရှိနေသည် ကယ်တင်ရှင်နှင့်သင်တို့မိတ်သဟာယဖွဲ့ခြင်းကို နဂိုအတိုင်းပြန်ဖြစ်စေရန်မွမ်းမံပါ။

မဟာပလ္လင်ဖြူတရားစီရင်ခြင်း (The Great White Throne Judgment)။ ဗျာဒိတ် ၂၀း၁၁–၁၅

> *၁၁ တဖန်တုံ၊ ဖြူသောပလ္လင်ကြီးကိုငှင်း၊ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူကိုငှင်း ငါမြင်၏။ ကောင်းကင်နှင့်မြေကြီးသည် မျက်နှာတော်ရှေ့မှပြေးလွှင့်၍ သူတို့နေစရာအရပ်မရှိ။ ၁၂ သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေကြသည်ကို ငါမြင်၏။ စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတပါးသောစာစောင်ကိုလည်းဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊*

စာစောင်တို့၌ရေးထားချက်များနှင့်အညီတရား စီရင်ခြင်းကိုခံရကြ၏။[၁၃] *သမုဒ္ဒရာသည် မိမိ၌ရှိသောလူသေတို့ကိုအပ်ပေး၏။ မရဏာနှင့် မရဏာနိုင်ငံသည်လည်း မိမိတို့၌ရှိသောလူသေတို့ကိုအပ်ပေးကြ၏။လူအသီးသီးတို့သည် မိမိတို့အကျင့်အတိုင်းတရားစီရင်ခြင်းကိုခံရကြ၏။*[၁၄] *ထိုအခါ၊ မရဏာနှင့်မရဏာနိုင်ငံကို မီးအိုင်ထဲသို့ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်းဖြစ်သတည်း။*[၁၅] *အသက်စာစောင်စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ချပစ်လေ၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – လူသားအားလုံးသည် မဟာပလ္လင်ဖြူတရားစီရင်ခြင်းတွင် နောက်ဆုံးတရားစီ ရင်ခံရမည်ဖြစ်ပြီး၊ ထိုနေရာတွင် ၄င်းတို့ကယ်တင်ခြင်းရ၊ မရကို ၄င်းတို့၏အကျင့်/အလုပ်များကသက်သေထူပါလိမ့်မည်။

ဒုတိယ **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – မဟာပလ္လင်ဖြူတရားစီရင်ခြင်းတွင် မယုံကြည်သူများသာနောက်ဆုံး ဒဏ်ခတ်စီရင်ခံရမည်ဖြစ်ပြီး၊ ထိုနေရာတွင် ၄င်းတို့ခံရမည့်ပြစ်ဒဏ်၏ပြင်းထန်မှုကို ၄င်းတို့၏အကျင့်/အလုပ်များကတိုင်းတာဆုံးဖြစ်ပါလိမ့်မည်။

က သမ္မာတရား၊ **ခ** သမ္မာတရားခွဲခြားခြင်းများမှ အရေးကြီးဆုံးအချက်တစ်ခုအဖြစ်နှင့် ဘုရားသခင်၏နှုတ်ကပတ်အားတော်လေ့လာသင်ယူနေသောသူကလက်ခံအသိအမှတ်ပြုထားရမည့်အချက်မှာ သမ္မာကျမ်းစာ၌ မတူကွဲပြားသောတရားစီရင်ခြင်းနှစ်ခုရှိသည်ဟူသောအချက်ဖြစ်သည်။ လူသားအားလုံးသည် ဘုရားသခင်ရှေ့တွင်တရားစီရင်ခြင်းကိုရင်ဆိုင်ကြမည် (ဟေဗြဲ ၉း၂၇) ဖြစ်သော်လည်း၊ ယုံကြည်သူများအတွက်တရားစီရင်ခြင်းနှင့် မယုံကြည်သူများအတွက်တရားစီရင်ခြင်းတို့မှာ မတူပါ။ ယုံကြည်သူများသည် ခရစ်တော်၏တရားပလ္လင်ကိုရင်ဆိုင်ကြ မည်ဖြစ်ပြီး၊ ထိုနေရာတွင် ၄င်းတို့၏အကျင့်/အလုပ်များမှာချင့်တွက်သုံးသပ်ခြင်းကိုခံရ၍ စစ်ကြောခြင်းကိုလည်းခံရပါသည် (ရောမ ၁၄း၁၀–၁၂၊ ၁ကော ၃း၁၁–၁၅၊ ၂ကော ၅း၁၀)။ ဤတရားစီရင်ခြင်းသည် နှစ်တစ်ထောင်အုပ်စိုးခြင်းကာလမတိုင်မီ (သို့) အစပိုင်းတွင်ဖြစ်ပျက်မည့်ဟန်ရှိသည်။ ဤတရားစီရင်ခြင်းသည် ယုံကြည်သူတို့၏ ကယ်တင်ခြင်းကို တရားစီရင်ခြင်းမဟုတ်ပါ။ အကြောင်းမှာ၊ ယောဟန် ၅း၂၄တွင် သခင်ယေရှုက “ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကိုနားထောင်၍၊ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရသည်ဖြစ်၍၊ အပြစ်စီရင်ခြင်းကိုမခံရ။ သေခြင်းမှအသက်

ရှင်ခြင်းသို့ကူးပြောင်းသောသူဖြစ်၏" ဟု ကတိပြုထားသောကြောင့်ဖြစ်သည်။

ဗျာဒိတ် ၂၀း၁၁–၁၅ ရှိ တရားစီရင်ခြင်းသည် ခရစ်တော်၏တရားပလ္လင်နှင့် ကွဲပြားပါသည်။ ဤတရားစီရင် ခြင်းကို မဟာပလ္လင်ဖြူတရားစီရင်ခြင်းဟုခေါ်ပြီး၊ နှစ်တစ်ထောင်အုပ်စိုးခြင်းကာလအဆုံးတွင်ဖြစ်ပျက်ပါလိမ့်မည်။ ဤတရားစီရင်ခြင်းသည် မယုံကြည်သူများအတွက်သာဖြစ်သည်။ ဤတရားစီရင်ခြင်းကို က သမ္မာတရားအဖြစ် ရွေးချယ်သတ်မှတ်ထားပါသော်လည်း၊ ၄င်းတွက် ခ သမ္မာတရားနှင့်ဆိုင်သောလက်တွေ့ရယူကျင့်သုံးရန်အချက်များရှိနေပါသည်။ အကြောင်းမှာ၊ ယုံကြည်သူများသည် ဤတရားစီရင်ခြင်းမှခြွင်းချန်ခံကြရမည့်အဖြစ်ကိုသိရှိရခြင်းသည် နှစ်သိမ့်ခြင်းကိုပေးသောကြောင့်ဖြစ်သည်။ ယုံကြည်သူများအားလုံးသည် ဗျာဒိတ် ၂၀း၁၀ မတိုင်မီတွင် ရှင်ပြန်ထမြောက်ခဲ့ကြပြီးဖြစ်သည်။ အချို့မှာအသင်းတော်ချီဆောင်ခြင်းတွင် ရှင်ပြန်ထမြောက်ကြ၍၊ အချို့မှာ သခင်ယေရှုခရစ်၏နှစ်တစ်ထောင်အုပ်စိုးခြင်း အစတွင် ရှင်ပြန်ထမြောက်ခဲ့ကြပါသည်။(ဗျာ ၂၀း၄) နှစ်တစ်ထောင်အုပ်စိုးခြင်းကာလအတွင်း၌ ယုံကြည်လက်ခံလာကြသောသူများ (နှစ်တစ်ထောင်အုပ်စိုးခြင်းကာလအတောအတွင်း၌ မွေးလာသောသူများမှအချို့) သည် ယုံကြည်လျှင်ယုံကြည်ချင်းအသွင်ပြောင်းလဲခြင်းကိုခံကောင်းခံရပါလိမ့်မည်။ အကြောင်းမှာ "လူ့အသွေးအသားသည် ဘုရားသခင်၏နိုင်ငံတော်ကိုအမွေမခံနိုင်"သောကြောင့်ဖြစ်သည် (ကိုရိန္သု ၁၅း၅၀–၅၄)။ ၄င်းတို့သည် အသွင်ပြောင်းလဲသွားသောအသက်တာဖြင့်ရှင်သန်ခဲ့ကြမည်ဖြစ်သောကြောင့် ၄င်းတို့မည်သည့်အချိန်၌တရားစီရင် ခြင်းခံရမည့်အကြောင်းကိုလည်းကောင်း၊ တရားစီရင်ခြင်းခံရန်လိုအပ်မှုရှိ၊ မရှိကိုလည်းကောင်း၊ သမ္မာတရားကျမ်း စာကမပြောပြထားပါ။ ဤအတွက်ကြောင့် ကျန်ရှိနေသောသူများမှာ နှစ်တစ်ထောင်အုပ်စိုးခြင်းနိုင်ငံတော်၏အဆုံး၌ အသက်ပြန်ရှင်လာကြမည့် "ကြွင်းသောလူသေ"တို့သာဖြစ်ကြသည် (ဗျာဒိတ် ၂၀း၅)။ ဤသူများသည် ဘုရားသခင် ၏ရှေ့တော်တွင်ရပ်ကြရမည်ဖြစ်သည်။ ထိုနေရာတွင် ၄င်းတို့၏အကျင့်/အလုပ်မှတ်တမ်းကိုပြန်လည်စစ်ဆေးကြည့်ရှုကာ အသက်စာစောင်၌၄င်းတို့၏အမည်မပါရှိကြောင်းမှာ မှန်ကန်ကြောင်းကိုအတည်ပြုပြီး (၂၀း၁၂) မီးအိုင်ထဲသို့ ပစ်ချခြင်းကိုခံကြရပါလိမ့်မည်။

အဓိကလေ့လာအကဲခတ်ရမည်အချက်မှာ မဟာပလ္လင်ဖြူတရားစီရင်ခြင်း၌တရားစီရင်ခံရသောသူများကို ယုံကြည်သူများအဖြစ်လျာထားခြင်းလုံးလုံးမခံခဲ့ကြရပါ(သို့) ယုံကြည်သူများအဖြစ်သတ်မှတ်ခြင်းမခံခဲ့ကြရပါ။ ၄င်းတို့ အားလုံးသည်မီးအိုင်ထဲသို့ပစ်ချခြင်းကိုခံကြရပါသည်။ သို့သော်၊ ထိုသို့ပစ်ချခြင်းမတိုင်မီတွင် ၄င်းတို့၏အကျင့်အလုပ်များကို တရားစီရင်ပါသည်။ ၄င်းတို့ကိုထို မီးအိုင်ထဲ၌ဒဏ်ခတ်စီရင်ခြင်းကိုဖြစ်စေသည့်အရာမှာ သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်မယုံကြည်ခြင်း ဖြစ်ခဲ့ပါသော်လည်း၊ အတိတ်မှ၄င်းတို့၏လုပ်ရပ်များက ထိုထာဝရအပြစ်ဒဏ်၏ပြင်းထန်မှုကိုတိုင်း

တာသတ်မှတ်ပေးသည်မှာထင်ရှားနေပါသည်။ အကြောင်းမှာ၊ ကျမ်းချက်က "မိမိတို့၏ အကျင့်အတိုင်း" တရားစီရင်ခြင်းခံကြရသည်အကြောင်းကို နှစ်ကြိမ်တိုင်တိုင်ပြောဆိုထားသောကြောင့်ဖြစ်သည်။ လူကိုအဓမ္မကျင့်၍ အသေသတ်ခဲ့သောသူသည်မယုံကြည်သူအိမ်ထောင်ရှင်ယောကျ်ားကောင်းထက်ပို၍ ပြင်းထန်သောတရားစီရင်ခြင်းကိုကြုံတွေ့ခံစားရမည်မှာ အဓိပ္ပါယ်ရှိပါသည်။

ဗျာဒိတ် ၂၀း၁၁–၁၅ ရှိ တရားစီရင်ခြင်းကို မှန်ကန်စွာအနက်ဖွင့်ဘာသာပြန်ဆိုခြင်းက ခရစ်ယာန်များအတွက်နှစ်သိမ့်မှုတစ်ခုကိုရစေပါသည်။ အကြောင်းမှာ၊ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များနှင့်ထာဝရကံကြမ္မာမှာ တရားစီရင်ခြင်းခံခဲ့ပြီးသောကြောင့်ဖြစ်သည်။ မယုံကြည်သူများသာ နောက်ဆုံးတရားစီရင်ခြင်း၏ကြောက်မက်ဖွယ်အလားအလာနှင့် မီးအိုင်ထဲသို့ပစ်ချစီရင်ခံရခြင်းကို ရင်ဆိုင်ကြရပါသည်။ လူတိုင်း၏အသက်တာ၌ အကျင့်/အလုပ်များ၏အရေးပါပုံကိုလည်း ကျွန်ုပ်တို့မြင်တွေ့ရပါသည်။ ခရစ်ယာန်များအတွက် အကျင့်/အလုပ်သည် ၄င်းတို့၏ထာဝရဆုလာဘ်ရရှိခြင်း (မရရှိခြင်း) ကိုတိုင်းတာဆုံးဖြတ်ပေးကြပြီး၊ ခရစ်ယာန်မဟုတ်သောသူများအတွက်မူ ၄င်းတို့ရရှိမည် ထာဝရဆင်းရဲဒုက္ခ၏ပြင်းထန်မှုကို တိုင်းတာဆုံးဖြတ်ပေးပါသည်။ တစ်ဦးတစ်ယောက်၏အကျင့်/အလုပ်သည် ထိုသူ၏ကယ်တင်ခြင်းကိုသက်သေပြသောအရာ (သို့) တိုင်းတာဆုံးဖြတ်ပေးသောအရာဖြစ်သည်ဟု ဤကျမ်းချက်အား မည်သည့်နည်းနှင့်မျှ မပြောဆိုစေသင့်ပါ။

အပြစ်သားနှင့်ဒုတိယသေခြင်း (Sinners and the second death)။ ဗျာဒိတ် ၂၁း၈

> *ကြောက်တတ်သောသူ၊ မယုံကြည်သောသူ၊ စက်ဆုပ်ရွံရှာတွယ်သောသူ၊ လူအသက်ကို သတ်သောသူ၊ မတရားသောမေထုန်၌မှီဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တုကိုကိုးကွယ်သောသူ၊ သစ္စာဖျက်သောသူအပေါင်းတို့မူကား၊ ဒုတိယသေခြင်းတည်းဟူသော ကန့်နှင့်လောင်သောမီးအိုင်ထဲ၌ မိမိတို့အဘို့ကိုရကြလိမ့်မည်ဟူ၍၄င်း ငါအား မိန့်တော်မူ၏။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ခရစ်ယာန်ဟုဝန်ခံထားသော်လည်း ဤအပြစ် ဒုစရိုက်များကိုကျူးလွန်သောသူ (သို့) ဤအပြစ်ဒုစရိုက်များကိုကျူးလွန်၍ ကယ်တင်ခြင်းဆုံးရှုံးရသော ခရစ်ယာန်များအပါအဝင် ကမ်းကုန်ဆိုးသောအပြစ်သားများသည် အပယ်ငရဲသို့သွားရပါလိမ့်မည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ယုံကြည်သူများ၊ ဘုရားသခင်၏ မျက်မှောက်၌သစ္စာရှိပြီး အောင်မြင်သောယုံကြည်သူများနှင့် မယုံကြည်သူတို့၏ခြားနားချက်မှာ မယုံကြည်သူ အပြစ်သားများအားလုံးသည် မီးအိုင်ထဲ၌ပျက်စီးရမည်ဖြစ်သည်။

ဤကျမ်းချက်၌ဖော်ပြထားသောသူများ၏ ကံကြမ္မာနှင့်ပတ်သက်၍မေးခွန်းထုတ်စရာမရှိပါ။ ၄င်းတို့အားလုံးသည် မီးအိုင်ထဲ၌ထာဝရပြစ်ဒဏ်ခံရန်အတွက် လွှဲအပ်ခြင်းကိုခံထားရပါသည်။ ဤအိုင်သည် ကယ်တင်ခြင်းမခံရသောသူများအားလုံး၏နောက်ဆုံးသွားရာလမ်းဖြစ်ကြောင်း ကနဦး၌ကျွန်ုပ်တို့ဖတ်ရှုခဲ့ကြပြီးဖြစ်သည်။ သို့သော်လည်း၊ ကမ်းကုန်ဆိုးသောအပြစ်သားများသာလျှင် ထိုနေရာ၌ပျက်စီးကြသယောင် (သို့) ၄င်းတို့၏အပြစ်ဒုစရိုက်များက ၄င်းတို့ပြစ်ဒဏ်ခံရခြင်း၏အဓိကအကြောင်းအရင်းဖြစ်နေသယောင် ဤကျမ်းချက်က ဖန်တီးနေပါသည်။ အချို့ကလည်း ထိုကဲ့သို့သော ကမ်းကုန်ဆိုးသည့်အပြစ်ဒုစရိုက်များကို ကျူးလွန်သောခရစ်ယာန်များသည် မိမိတို့၏ကယ်တင်ခြင်းဆုံးရှုံးရ၍မီးအိုင်၌အဆုံးသတ်မည့် ကံကြမ္မာ၏စီရင်မှုကိုခံထားကြရသည်ဟု ငြင်းခုံကောင်းငြင်းခုံခဲ့ကြပါလိမ့်မည်။

ဤကျမ်းချက်ကို ရိုးရိုးသားသားဖတ်ရှုခြင်းက ဖော်ပြပါအပြစ်ဒုစရိုက်များသည် အဆုံးဝါးဆုံးသော ဒုစရိုက်အမျိုးအစားများမဟုတ်ကြကြောင်းကို ဝန်ခံခဲ့ပါလိမ့်မည်။ ဤအပြစ်ဒုစရိုက်များစာရင်းတွင် "ကြောက်တတ်သောသူ" (*deilos ရှက်ကြောက်တတ်သောသူ၊ ကြောက်ရွံ့တတ်သောသူ*ဟုဆိုလိုသည်) နှင့် သစ္စာပျက်သူ (လိမ်ပြောသောသူ) တို့ပါဝင်သည်။ ထို့ကြောင့်၊ ဤအရာများကိုကျူးလွန်နိုင်သောသူများတွင် ခရစ်ယာန်အများစု (သို့) ခရစ်ယာန်အားလုံးပင်ပါဝင်နိုင်ပါသည်။ ထို့ကြောင့်၊ တစ်ဦးတစ်ယောက်သည် ကယ်တင်ခြင်းမခံရကြောင်းကိုသော်လည်းကောင်း၊ မိမိ၏ကယ်တင်ခြင်းဆုံးရှုံးနိုင်ကြောင်းကိုသော်လည်းကောင်းသက်သေပြသည့်အရာမှာ ဤအပြစ်ဒုစရိုက်များမဖြစ်နိုင်ပါ။

ဤကျမ်းချက်၌မယုံကြည်သူများနှင့် ၄င်းတို့၏အပြစ်ဒုစရိုက်များကို ဖော်ပြထားရခြင်း၏အဓိကအချက်မှာ ၄င်းတို့၏ကံကြမ္မာနှင့်ယုံကြည်သူများအားလုံး၏ကံကြမ္မာကို နှိုင်းယှဉ်ကြည့်ရန်အတွက်ဖြစ်သည် (အခန်းငယ် ၈ သည် "သို့သော်" နှင့်အစပြုထားသည်)။ အသက်စမ်းရေကိုအခမဲ့ရရှိခဲ့သောယုံကြည်သူများရှိကြောင်းကိုလည်းကောင်း (ငယ် ၆)၊ အချို့သောယုံကြည်သူများမှာ ၄င်းတို့၏သစ္စာရှိမှုကြောင့် ဆုလာဘ်ချီးမြှင့်ခံရကြောင်းကိုလည်းကောင် ("အောင်မြင်သောသူများ – ငယ် ၇) ကျမ်းချက်ကသွယ်ဝိုက်၍ညွှန်ပြထားပါသည်။ ဤလူအုပ်သုံးစု၏ကံကြမ္မာသည် အခန်းငယ် ၆ မှ လူအားလုံးထံ၌ ထာဝရအသက်ကိုသခင်ယေရှုကအခမဲ့ပေးသနားခြင်း၏အရေးပါမှု၊ အခန်းငယ် ၇ မှ သခင်ယေရှုထံ၌အစေခံခြင်းအတွက် ဆုလာဘ်ကို

ထိုက်ထိုက်တန်တန်ရှိခဲ့သောသူအချို့၊ အခန်းငယ် ၈ မှ သခင်ယေရှုကိုငြင်းပယ်ခြင်း၏ အကျိုးဆက်စသည်တို့ကို ခွဲခြားသိမြင်စေပါသည်။ ဆုလာဘ်ချီးမြှင့်ခံရသောယုံကြည်သူများနှင့်မယုံကြည်သူများအား နှိုင်းယှဉ်ကြည့်ခြင်းကို ၂၂း၁၁–၁၅ တွင်လည်းတွေ့ရပါသည်။

ဗျာဒိတ်ကျမ်း၏ ဤနောက်ဆုံးစကားလုံးများကိုဖတ်ရှုသောသူများအတွက် ထင်ရှားသိသာနေသောအချက်မှာ လူသားမျိုးနွယ်အားလုံးအတွက်ကံကြမ္မာနှစ်ခုသာရှိကြောင်း၊ တစ်ခုမှာဘုရားသခင်၏ မျက်မှောက်တော်၌ကောင်းကြီး မင်္ဂလာနှင့်ပြည့်စုံသောထာဝရကာလဖြစ်၍၊ အခြားတစ်ခုမှာဘုရားသခင်၏ မျက်မှောက်တော်မှပိတ်ဆို့ထားသည့်အလွန်ဆိုးရွားသောထာဝရကာလတို့ဖြစ်သည်ဟူသောအချက်ဖြစ်သည်။

> *ငါသည်အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏။ အစနှင့်အဆုံးလည်းဖြစ်၏။ ရေငတ်သောသူအား အသက်စမ်းရေကိုအခမဲ့မယူဘဲ ငါပေးမည်။* (ဗျာဒိတ် ၂၁း၆)

> *ဝိညာဉ်တော်နှင့်မင်္ဂလာဆောင်သတို့သမီးက၊ လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်း၊ လာခဲ့ ပါဟုဆိုပါစေ၊ ရေငတ်သောသူသည်လာပါစေ။ အလိုရှိသောသူသည် အဖိုးကိုမပေးဘဲ အသက်ရေ ကိုယူပါစေ* (ဗျာဒိတ် ၂၂း၁၇)။

ထာဝရအသက်သည်အဖိုးမပေးရသောအခမဲ့လက်ဆောင်တစ်ပါးဖြစ်သည်။ ထိုလက်ဆောင်ကိုရရှိခြင်းသည် ငရဲမီးအိုင်ကိုရှောင်လွှဲနိုင်မည့်တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။

မိမိတို့၏အကျင့်အတိုင်းဆုပေးခြင်း (Rewards given according to one's work)
ဗျာဒိတ် ၂၂း၁၂

> *ငါသည်အလျင်အမြန်လာမည်။ ငါသည်အကျိုးအပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍၊ လူအသီးသီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုပြန်လည်ကြွဆင်းလာချိန်တွင် ကိုယ်တော်သည် လူတို့ကိုငှင်းတို့၏အကျင့် အတိုင်းပြန်လည်ပေးဆပ်စေပါမည်။ မိမိတို့၏စွမ်းဆောင်ချက်တွင်အရင်းခံ၍၊ လူအချို့သည် ငရဲမီးအိုင်ထဲသို့သွားရလိမ့်မည်ဖြစ်ပြီး လူအချို့မှာ ယေရုရှလင် မြို့သစ်ထဲသို့ဝင်ကြရမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – သခင်ယေရှုပြန်လည်ကြွဆင်းလာချိန်တွင် ကိုယ်တော်သည် ယုံကြည်သူတစ်ဦးချင်းကိုင်းတို့၏အကျင့်အတိုင်း ဆုလာဘ်ချီးမြှင့်မည်ဖြစ်သည်။

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် အကျင့်/အလုပ်ကိုလူတစ်ယောက်၏ထာဝရကြွမွာအား ဆုံးဖြတ်ပေးသောအခြေခံအကြောင်းအရင်းအဖြစ်ဖန်တီးထားပါသည်။ ဤအချက်သည် ဧဖက် ၂း၈–၉ နှင့်လည်းကောင်း၊ အကျင့်အားဖြင့်မည်သူမျှ ကယ်တင်ခြင်းမခံရကြောင်းကိုသွန်သင်ပေးထားသည့်အခြားရှင်းလင်းပြတ်သားသောကျမ်းချက်များနှင့်လည်းကောင်းဆန့်ကျင်နေသောကြောင့် ငြင်းပယ်ရပါမည်။ ဤကျမ်းချက်သည် ကယ်တင်ခြင်းသမ္မာတရားကိုသွန်သင်ပေးနေခြင်းမဟုတ်ပါ။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်သည် ခိုင်မာသည့်အခြားသောဆန့်ကျင်ကွဲလွဲချက် (ငယ် ၁၁) ကိုလည်းကောင်း၊ သခင်ယေရှုသည် သစ္စာရှိသောထိုယုံကြည်သူများကိုဆုလာဘ်ချီးမြှင့်ပါမည် ဟူသောခရစ်ယာန်များအတွက်နှစ်သိမ့်စကားကိုလည်းကောင်း လက်ခံအသိမှတ်ပြုထားပါသည်။ ။ ဤဆုလာဘ်များကိုအခန်းငယ် ၁၄တွင် အသေးစိတ်ပြောပြထားပါသည်။ ၄င်းတို့မှာ အသက်ပင်မှစားသောက်မှီဝဲရခြင်းနှင့်ယေရှုရှင်မြို့သစ်၏မြို့တံခါးများမှ ဝင်ရောက်ရခြင်းတို့ဖြစ်ကြသည်။ ဤအရာများသည် အခန်းကြီး ၂ နှင့် ၃ မှ အောင်မြင်သောသူများထံ၌ကတိပြုထားသောဆုလာဘ်များကိုပြန်၍သတိရစေပါသည်။ ၄င်းတို့သည် ဘုရားသခင်၏မျက်မှောက်တော်၌ရောက်ရှိနေကြသောသူများအတွက် အထူးအခွင့်အရေးများအကြောင်းကိုပြောပြနေခြင်းဖြစ်သည်ဟု ထင်ရသည်။

အမှန်ဆိုရလျှင် "အကျင့်"သည် အနည်းကိန်းဖြစ်နေသည်။ အများကိန်းမဟုတ်ပါ။ ထိုသို့အနည်းကိန်းဖြစ်နေခြင်းသည် လူတစ်ယောက်အသက်တာ၏စရိုက်လက္ခဏာကိုပေါင်းရုံး၍ဖော်ပြပေးပါသည်။ ခရစ်ယာန်များသည် အသက်တာသက်တမ်းတစ်ခုလုံးကိုခြုံ၍ဆုချီးမြှင့်ခံရမည်ဖြစ်သည်။ ဤကျမ်းပိုဒ်သည် မယုံကြည်သူများကိုလည်း လိပ်မူပြောဆိုခဲ့နိုင်ပါသည်။ အကြောင်းမှာ၊ ၄င်းတို့၏ကံကြမ္မာကိုယုံကြည်သူတို့၏ကံကြမ္မာနှင့်ဆန့်ကျင်ဘက်ပြု လျက် ဖော်ပြထားသောကြောင့်ဖြစ်သည် (ငယ် ၁၅)။ "အကျိုးအပြစ်" (ဆု၊ reward) ဟု ဘာသာပြန်ထားသည့် *mithos* ဟူသောစကားလုံးသည် *ပေးချေမှု (payment)* ဟု ရှင်းရှင်းဆိုလိုသည်။ မဟာပလ္လင်ဖြူတရားစီရင်ခြင်းတွင် မယုံကြည်သူများသည် "မိမိတို့အကျင့်အတိုင်း" အပြစ်ပေးခံရမည် (ပေးဆပ်စေမည်) ဖြစ်ကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးဖြစ်သည် (၂၂း၁၁–၁၃)။ သို့သော်၊ ဗျာဒိတ်ကျမ်းသည် အသင်းတော်များထံသို့ရေးပို့ထားခြင်းဖြစ်သည် ဟူသောအချက်က ဆုလာဘ်နှင့်သက်ဆိုင်သည့်ကတိတော်များသည် အခြေခံအားဖြင့်ယုံကြည်သူ

များအတွက်ဖြစ်စေပါ သည်။ (နိဒါန်းယှဉ် ၂ယော ၈ တွင် ယုံကြည်သူ များနှင့်ပတ်သက်၍ "ဆုလာဘ်" (အကျိုး)ကို ရှင်ယောဟန် ကသုံးပြုထားပုံ)။

သခင်ယေရှုက "ငါသည်အလျင်အမြန်လာ"နေသည်ဟု ပြောဆိုထားချက်က တရားမျှတမှုနှင့်ဆုလာဘ်များကိုစောင့်ဆိုင်းနေသည့် ကျွန်ုပ်တို့အတွက်နှစ်သိမ့်ခြင်း စကားလုံးများဖြစ်ကြသည်။ ထိုဆုလာဘ်သည် ကိုယ်တော့်နောက်သို့လိုက်လျှောက်ခြင်း၌ပြုလုပ်ခဲ့ရသောပေးဆပ်အနစ်နာခံမှုများကို လုပ်ရကျိုးနပ်စေပါလိမ့်မည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဆုလာဘ်များကိုသတ်မှတ်ထားသောအချိန်တွင်လက်ခံရရှိကြပါလိမ့်မည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကိုအသစ်သွင်း (သို့) နှုတ်ပယ်သောမည်သူမဆို (Whoever adds or subtract from God's word) ဗျာဒိတ် ၂၂း၁၈–၁၉

> ၁၈ *ဤစာစောင်၏အနာဂတ္တိစကားကိုကြားသောသူအပေါင်းတို့အား ငါသက်သေခံသည်ကား၊ အကြင်သူသည် ဤအရာတို့၌ထပ်၍ အသစ်သွင်း၏။ ဤစာစောင်၌ရေးထားသောဘေးဒဏ်တို့ကိုထို သူအပေါ်သို့ ဘုရားသခင်သက်ရောက်စေတော်မူမည်။* ၁၉ *အကြင်သူသည် ဤစာစောင်၏အနာဂတ္တိစကားအချို့ကိုနှုတ်ပယ်၏။ ဤစာစောင်၌ရေးထားသောအသက်ပင်နှင့်ဂင်း၊ သန့်ရှင်းသောမြို့တော်နှင့်ဂင်းထိုသူစပ်ဆိုင်သောအခွင့်ကို ဘုရားသခင်နှုတ်ပယ်တော်မူမည်။*

က သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဘုရားသခင်၏နှုတ်ကပတ်တော်ကိုပြောင်းလဲသောသူတို့သည် မိမိတို့၏ကယ်တင်ခြင်းကိုဆုံးရှုံးကြရမည်ဖြစ်သည်။

ခ သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက် – ဘုရားသခင်၏နှုတ်ကပတ်တော်ကိုပြောင်းလဲသောသူတို့သည် ထာဝရကောင်းကြီးမင်္ဂလာကိုဆုံးရှုံးကြရပါသည်။

အခန်းငယ် ၁၈ ရှိ လေးနက်ပြင်းထန်သောဘာသာစကားအသုံးအနှုန်းသည် ဓမ္မဟောင်းကျမ်းမှ ဆာလံဆရာ ကရေးသားခဲ့သည် ကျိန်ဆဲခြင်းသဘောဆောင်သည့် ဆန္ဒပြုချက်များကိုပြန်လည်သိပေးနေပါသည်။ ဗျာဒိတ်ကျမ်း၌ဖော်ပြထားသည့်ဘေးဒဏ်ကပ်ဆိုးကြီးများ၏သဘောသဘာဝကိုစဉ်းစားသုံးသပ်သောအခါ ဤအရာသည် တကယ်ခြိမ်းခြောက်မှုမဖြစ်နိုင်ပါ။ ကျမ်းပြုဆရာ၏ရည်ရွယ်ချက်မှာ ဘုရားသခင်၏

သမ္မာတရားကိုပြောင်းလဲခြင်း၏ပြင်းထန် လေးနက်မှုကိုချဲ့ကားရှင်းပြရန်ဖြစ်သည်။

New king James version တွင် အခန်းငယ် ၁၉ က အသက် "စာစောင်" ဟူသောစကားလုံးကိုအသုံးပြုထားသော်လည်း မူရင်းလက်ရာစာမူအထောက်အထား အများအပြားက အသက် "ပင်" ကိုအားပေးထောက်ခံထားကြသည်။ ထိုသို့နားလည်ထားခြင်းနှင့်အတူ အခန်းငယ် ၁၉ သည် ယုံကြည်သူများနှင့်သက်ဆိုင်ကြောင်းကို ကျွန်ုပ်တို့တွေ့ရသည်။ အကြောင်းမှာ၊ ယုံကြည်သူများသာ "အသက်ပင်" နှင့်လည်းကောင်း၊ ယေရှုရှင်လင်မြို့သစ်၏ "သန့်ရှင်းသောမြို့တော်"နှင့် လည်းကောင်းပတ်သက်မှုရှိကြသောကြောင့်ဖြစ်သည်။ ထို့အပြင်၊ ဗျာဒိတ်ကျမ်းကိုဖတ်ရှု သောသူများ၊ သွန်သင်ပေးသောသူများ၊ ကိုင်တွယ်သောသူများမှာ အခြေခံအားဖြင့် ယုံကြည်သူများသာဖြစ်ခဲ့ကြမည်ဖြစ်သည်။ ခြိမ်းခြောက်မှုမှာ ဤသန့်ရှင်းသောနှုတ်ကပတ်တော်များကို ကလီကမာလုပ်သောသူများထံမှ ကယ်တင်ခြင်းကိုပြန်လည်ရုပ်သိမ်းမည်ဟူ၍ မဟုတ်ပါ။ ပြစ်မှုကျူးလွန်သူများထံမှ အထူးအခွင့်အရေးများကို ဘုရားသခင်က ငြင်းပယ်မည်ဟူ၍ဖြစ်သည်။

ဤသတိပေးချက်သည် မှားကောင်းမှားနိုင်သည့်အမျိုးမျိုးသော သမ္မာကျမ်းစာအနက်ဖွင့်ဘာသာပြန်ဆို ခြင်းကိုပြုလုပ်သောသူများကိုလိပ်မူပြောဆိုထားခြင်းမဟုတ်ကြောင်းမှာသေချာသည်။ ၄င်းသည် မသမာသောစိတ်ထားနှင့်အတူ ဘုရားသခင်၏ဗျာဒိတ်တော်ကိုခြယ်လှယ်ခြင်း (သို့) တလွဲအသုံးပြုခြင်းကိုမပြုရန် ပြင်းထန်သော သတိပေးချက်တစ်ခုပို၍ဖြစ်နေပါသည်။ ထိုကြောင့်၊ သန့်ရှင်းစင်ကြယ်သောစိတ်နှလုံးနှင့်အတူကောင်းမွန်သင့်တင့်သော သမ္မာကျမ်းစာလေ့လာခြင်းသည် အလွန်အရေးကြီးပါသည်။

❐

အပိုင်း

၃

က သမ္မာတရားနှင့် ခ သမ္မာတရားကို အသက်တာနှင့် သာသနာလုပ်ငန်း၌ အသုံးပြုခြင်း

ဤစာအုပ်တစ်အုပ်လုံးတွင် လက်တွေ့ရယူကျင့်သုံးရမည့်အချက်များ ကိုဖော်ပြထားပြီးဖြစ်ပါသော်လည်း၊ ဤအပိုင်းသည် လက်တွေ့ရယူကျင့်သုံးရမည့်အချက်များကိုပေါင်းစည်းရန် ကျွန်ုပ်တို့ကို အခွင့်ပေးထားပါသည်။ ထိုအပြင်၊ ကယ်တင်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်းကို ခွဲခြားသိမြင်ခြင်းသည် ကျွန်ုပ်တို့၏အသက်တာ ၌လည်းကောင်း၊ အခြားသူများ၏အသက်တာ၌လည်းကောင်း၊ အသင်းတော်၌လည်းကောင်း၊ သာသနာလုပ်ငန်း၌လည်းကောင်း မည်သို့ထူးခြားပြောင်းလဲမှုရှိစေသည်ကိုလည်း တွေ့မြင်ရန်အခွင့်ပေးပါသည်။ပါသည်။

အခန်း

သမ္မာကျမ်းနှင့်ခပ်ဆိုင်းသောကွဲပြားခြားနားခြင်းများကိုအကျိုးရှိရှိအသုံးချခြင်း

၁၂

ယခုအချိန်တွင် ကောင်းမွန်သင့်တင့်သောအနက်ဖွင့်ဘာသာပြန်ဆိုချက် (သို့) မှားယွင်းသောအနက်ဖွင့်ဘာသာပြန်ဆိုချက်တို့က ထူးခြားပြောင်းလဲမှုကို မည်သို့ပြုလုပ်နိုင်ကြောင်း သင်တွေ့မြင်ကောင်းတွေ့မြင်နေပါတော့မည်။ အနက်ဖွင့်ဘာသာပြန်ဆိုခြင်းများရှိ မတူညီမှုများသည် ပညာပါရမီသဘောတရားသက်သက် (သို့) ဓမ္မတွေးခေါ်ယူဆမှုနှင့်ဆိုင်သောအရာသက်သက်မဟုတ်ပါ။ ဓမ္မတွေးခေါ်ယူဆချက်သည် လက်တွေ့လုပ်ဆောင်မှုကိုသတင်းပို့ အကြောင်းကြားပေးပြီး၊ ယုံကြည်ချက်သည် အပြုအမူကိုဩဇာလွှမ်းပါသည်။ ကျွန်ုပ်တို့သည် မိမိတို့တွေးထင်သည့်အတိုင်းဖြစ်လာကြပါသည်။ ဤနေရာတွင် က သမ္မာတရား ခ သမ္မာတရားရွေးချယ်မှုများက အသက်တာကိုလည်းကောင်း၊ သာသနာလုပ်ငန်းကိုလည်းကောင်းဩဇာလွှမ်းမိုးနိုင်ကြောင်းကို နည်းလမ်းအချို့ဖြင့်ကျွန်ုပ်တို့ဆွေးနွေးထားပါသည်။

ကျွန်ုပ်တို့ကိုယ်ကိုယ်ကိုရှုမြင်သုံးသပ်ပုံ (How we view ourselves)

ကျွန်ုပ်တို့သိရှိထားကြသည့်အတိုင်း၊ **ခ** သမ္မာတရားသည် ခရစ်ယာန်အသက်တာ ရှိလုပ်ဆောင်မှုအကြောင်း ဖြစ်သည်။ ဤလုပ်ဆောင်မှုတွင် တပည့်တော်ဖြစ်ခြင်းနှင့်စပ်ဆိုင်သည့်အားသွန်ခွန်စိုက်လုပ်ရသော ပြဋ္ဌာန်းချက်များပါဝင်သည်။ ဘုရားသခင်၏လက်တော်အောက်၌ကျွန်ုပ်တို့လုပ်ဆောင်ချက်များကို သုံးသပ်ဆင်ခြင်သောအချိန်တိုင်းတွင် ကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ်ခြင်းအတွက်နေရာရှိနေပါသည်။ သင့်တင့်ကောင်းမွန်သောဆန်းစစ်ခြင်းရှိသကဲ့သို့ အန္တရာယ်မကင်းသော ဆန်းစစ်ခြင်းလည်းရှိသည်။ သင့်တင့်ကောင်းမွန်သောမိမိ ကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်းက "ကျွန်ုပ်ဟာ တပည့်တော်ဖြစ်ခြင်းနှင့် ဘုရားဝတ်၌မွေ့လျော်တဲ့အသက်တာတို့ရဲ့ပြဋ္ဌာန်းထားချက်များနဲ့လျော်ညီအောင်နေထိုင်နေပါသလား" ဟူသောမေးခွန်းကိုမေးပါသည်။ ကိုယ့်ကိုယ်ကိုချင့်တွက်သုံးသပ်ခြင်းသည် အသက်တာမှချို့ယွင်းအားနည်းနေသည့်အပိုင်းကဏ္ဍများနှင့်

ပျက်ကွက်မှုများကိုပင် ထုတ်ဖော်ပြသပေးနိုင်ပါသည်။ ဤသို့ဆန်းစစ်ခြင်းက ဘုရားသခင်ပို၍စိတ်ကျေနပ်စေရန် အခြေခံအကြောင်းရင်းနှင့်စေ့ဆော်မှုများကိုပေးပါသည်။

ကျန်းမာခြင်းမရှိသောကိုယ့်ကိုယ်ကိုဆန်းစစ်ခြင်းမျိုးသည် မနှစ်မြို့ဖွယ်အကျိုးဆက်များကိုဖြစ်ပေါ်စေနိုင်ပါသည်။ အဆိုးရွား၊ အပြင်းထန်ဆုံးသောအကျိုးဆက်မှာ လူတစ်ယောက်ကမိမိ၏ကယ်တင်ခြင်းကို သံသယပွါးမေးခွန်းထုတ်ခြင်းဖြစ်ခဲ့ပါလိမ့်မည်။ ဘုရားသခင်သတ်မှတ်ပြဋ္ဌာန်းထားသည်ဟု စိတ်၌တွေးဆမိထားသည့်စံချိန်စံညွှန်းထက် စွမ်းဆောင်မှုများလျော့နည်းနေသောအချိန်တွင် ထိုသို့မေးခွန်းထုတ်ကြပါသည်။ အခြားပြင်းထန်သောအကျိုးဆက်မှာ အပြစ်ရှိနေသည်ဟုလိပ်ပြာမလုံဖြစ်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏စွမ်းဆောင်မှုများတွင်အခြေခံ၍ ဘုရားသခင်က ကျွန်ုပ်တို့ကိုတန်ဖိုးသတ်မှတ်သည်ဟူသော ထင်မြင်ချက်အောက်တွင် ထိုသို့ခံစားကောင်းခံစားပါမည်။

မိမိတို့၏ကယ်တင်ခြင်းကိုသံသယဖြစ်နေခြင်း (သို့) ဘုရားသခင်ကိုမိမိတို့စိတ်ကျေနပ်စေမှုရှိ၊ မရှိကိုသံသယဖြစ်နေခြင်း၌အဆုံးသတ်သွားသောသူများသည် ဝိညာဉ်ရေးကြီးထွားခြင်းတွင် ကိုယ့်ကိုယ်ကိုရှုံးနိမ့်စေသည့်ပတ်ဝန်းကျင် အခြေအနေတစ်ခုခု၌သွတ်သွင်းထားကြပါသည်။ *သင်သည်အမြဲတမ်းနောက်ပြန်ကြည့်နေလျှင်ရှေ့သို့တိုး၍ကြီးထွားနိုင်မည် မဟုတ်ပါ*။ လုပ်ဆောင်ချက်များသည် အသွားနှစ်ဖက်ထက်သောခါးတစ်လက်ဖြစ်သည်။ ကျွန်ုပ်တို့သည် အချို့သောခရစ်ယာန်များထက်အမြဲတမ်း ပို၍ကောင်းမွန်သေသပ်စွာလုပ်ဆောင်နိုင်ပါက မာနထောင်လွှားခြင်းကိုဖြစ်စေနိုင်ပြီး၊ ကျွန်ုပ်တို့သည်အခြားသောခရစ်ယာန်များထက်ပို၍ဆိုးရွားစွာအမြဲလုပ်ဆောင်နေပါက လိပ်ပြာမသန့်ခြင်းနှင့်သံသယစိတ်တို့ကို ဖြစ်စေနိုင်ပါသည်။

ဤသို့မကျန်းမာသောအခြေအနေမျိုးနှင့်ပတ်သက်၍ အချက်နှစ်ချက်ကိုဖော်ပြပေးထားပါသည်။ ပထမမှာ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏လုပ်ဆောင်မှု၌အခြေမခံပါ။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ကျွန်ုပ်တို့ ကိုယ်စားလုပ်ဆောင်ပေးခဲ့သောသခင်ခရစ်တော်၏လုပ်ဆောင်ချက်အပေါ်၌ အခြေခံနေပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်တိုင်ကြိုးစားအားထုတ်မှုများနှင့်ကိုယ်တိုင်လုပ်ဆောင်မှုများတွင်အခြေခံ၍ ဘုရားသခင်လက်ခံနိုင်သော သူများမဖြစ်နိုင်ကြသကဲ့သို့၊ မည်သည့်အခါတွင်မျှလည်းဖြစ်နိုင်ကြ မည် မဟုတ်ပါ။ **က** သမ္မာတရားကို **ခ** သမ္မာတရား မှခွဲခြားသိမြင်ခြင်းသည် ခရစ်ယာန်အသက်တာနှင့်တပည့်တော်ဖြစ်ခြင်းတို့၏တောင်းဆိုချက်များကိုဘုရားသခင်၏အခြေအနေပေါ်မူတည်သောကျေးဇူးတော်နှင့်ယှဉ်သည့် ဧဝံဂေလိတရားကိုအကျင့်/လုပ်ဆောင်မှုဖြင့်မှောက်လှန် ဖျက်စီးခြင်းမှကာကွယ်ပေးပါသည်။ ထိုသို့မှောက်လှန် ဖျက်ဆီးရာတွင် အကျင့်/အလုပ်ကိုဧဝံဂေလိတရား၏အရှေ့ ထိပ်စီး၌ လည်းကောင်း၊ နောက်ပိတ်၌လည်းကောင်းထားရှိကြသည်။ တစ်နည်းအားဖြင့်ဆို ရလျှင်၊ အကျင့်/လုပ်ဆောင်မှုအကြောင်းကိုလိပ်မူပြောဆိုထားသည့်ကျမ်းချက်များကို ကနဦး၌ကယ်

တင်ခြင်းရရှိခြင်းအတွက် အခြေအနေသတ်မှတ်ချက်အဖြစ်မဖန်တီးနိုင်သကဲ့သို့၊ နောက်ဆုံး၌ကယ်တင်ခြင်းသက်သေပြရန်အတွက် သတ်မှတ်ချက်တစ်ခုအဖြစ် မဖန်တီးနိုင်ပါ။ သခင်ခရစ်တော်၌ ဘုရားသခင်သည် ကျွန်ုပ်တို့ကို မိမိ၏တရားမျှတမှုမှတောင်းဆိုပြဌာန်းထားသည့် ဖြောင့်မတ်ခြင်းတရားအားလုံးကို ဖြည့်ဆည်းပြည့်စုံစေခဲ့ပြီး သောသူများအဖြစ်ရှုမြင်ထားပါသည်။

ဘုရားသခင်၏ ရှေ့တော်၌ကျွန်ုပ်တို့၏ ဖြောင့်မတ်သောရပ်တည်မှုအတွက် အခြေအနေသတ်မှတ်ချက်အဖြစ်မှအကျင့်/အလုပ်ကိုပယ်ထားလျှင် ၄င်းသည်ကျွန်ုပ်တို့ကို ကျေးဇူးတော်ကဆောင်ယူလာပေးသောစိတ်ချယုံကြည်မှုနှင့်အတူ ကျန်ရစ်စေပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ဘုရားသခင်၏ကတိတော်အပေါ်တွင် တည်မြဲနေပါသည်။ ကျွန်ုပ်တို့၏စွမ်းဆောင်မှုများတွင် မဟုတ်ပါ။ ကြင်နာတတ်သောဖခင်တစ်ယောက်ကမိမိ၏သား (သို့) သမီးကိုလက်ခံထွေးပွေ့သကဲ့သို့ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏လက်ခံထွေးပွေ့ခြင်းကိုခံရကြောင်းသဘောပေါက်ရပါသည်။ ကျွန်ုပ်တို့အား ထိုသို့လက်ခံထွေးပွေ့ခြင်း၏ အခြေခံအကြောင်းအရင်းမှာ ဘုရားသခင်၏သားသမီးများအဖြစ်နှင့် ကျွန်ုပ်တို့မည်မျှကောင်းမွန်စွာ ပြုမူကျင့်ကြံကြသည်ဟူသော အချက်မဟုတ်ပါ။ ဘုရားသခင်၏ မိသားစု၌ ဘုရားသခင်နှင့်စပ်ဆိုင်ရသောသားသမီးများဖြစ်ကြသောကြောင့်သာဖြစ်သည်။

အခြေအနေပေါ်မမူတည်သော ကယ်တင်ခြင်းကျေးဇူးတော်နှင့်စပ်ဆိုင်သည့် ဤသမ္မာတရားနှင့်အပြိုင်ဖြစ်နေသောအရာမှာ ထိုအခြေအနေပေါ်မမူတည်သည့် ကျေးဇူးတော်အားဖြင့်ရှင်သန်ပြီး၊ ဘုရားသခင်နှင့်လည်း ထိုကျေးဇူးတော်အားဖြင့်နီးနွယ်ကြရမည် ဟူသောအချက်ဖြစ်သည်။ ကျွန်ုပ်တို့ပြဿနာရှာမိသောအချိန်တွင် (အမှန်လည်းပြဿနာရှာနေကြပါသည်) ကျွန်ုပ်တို့ကိုအပြစ်ပေးဖို့ရှာကြံ သည့်ဖခင်တစ်ယောက်ကဲ့သို့ ဘုရားသခင်ကိုကြောက်ရွံ့မနေကြ ပါ။ ထိုအစား "အဗ္ဗ၊ အဘ" ဟုအကြင်နာကြီးစွာဖြင့် လွတ်လွတ်လပ်လပ်ဟစ်ခေါ် နိုင်ကြပါသည်။ အိမ်ဖြူတော်ရှိ သမ္မတကြီးရုံးခန်းမမှ John. F. kennedy ၏စားပွဲအောက်၌ ကလေးငယ်တစ်ဦးအဖြစ်ဆော့ကစားနေသော John kennedy, Jr. ၏ဓါတ်ပုံတစ်ပုံကိုနာမည်ကြီးဓါတ်ပုံဆရာတစ်ဦးကပြသခဲ့ဖူးပါသည်။ သူသည် မိမိ၏ဖခင်ရှေ့၌ ကြောက်ရွံ့ထိတ်လန့်စိတ် မရှိပါ။ စစ်မှန်သောပျော်ရွှင်ကြည်နူးမှုသာရှိပါသည်။

အလုပ်မှအိမ်သို့ပြန်ရောက်လာပြီး ဆယ်နှစ်နှစ်အရွယ်သားဖြစ်သူနှင့် ဤအပြန်အလှန်စကားပြောခဲ့သည့် ဖခင်တစ်ယောက်ကိုစိတ်ကူးကြည့်ပါ။

" သား၊ ငါမင်းကိုမှာထားခဲ့သလို မင်းရဲ့အိမ်စာတွေကိုလုပ်လား။"

" ဟုတ်ကဲ့၊ ဖေဖေ။ "

"ကောင်းပါပေ့၊ မင်းဟာလိမ္မာတဲ့သားဘဲ။ ဒါပေမယ့်၊ ငါပြောခဲ့သလို ပုဂံတွေကိုရော

ဆေးထားလား။"

"ဟုတ်ကဲ့ဖေဖေ။ သားသေသေချာချာလုပ်ထားပါတယ်။"

"ဒါမှငါ့သားကွ။ မင်းဟာတော်တော်လိမ္မာတဲ့သားပဲ။ ဒါပေမယ့်၊ ငါပြောခဲ့သလို မင်းရဲ့အခန်းကိုရောသန့်ရှင်းရေလုပ် ထားလား။"

"အဲဒါတော့မလုပ်ရသေးဘူးဖေဖေ"

"မင်းကငါပြောတဲ့စကားကိုတော့ နားမထောင်ဘဲ၊ မင်းကိုမင်းငါ့သားလို့ခေါ်နေတယ် ဟုတ်လား။ ငါ့သားဆိုရင်တော့ ငါပြောထားတာကိုနားထောင်မှာဘဲ။ မင်းကိုငါ့သားလို့ ခေါ်ဖို့ထိုက်တန်တယ်လို့ ငါမထင်ဘူး။"

ထိုကလေးသည် မိမိ၏စွမ်းဆောင်မှုပေါ်တွင်အခြေခံ၍ အခြေအနေအရ လက်ခံကြည်ဖြူခံရခြင်းဟူသော ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ကြီးပြင်းလာရပါသည်။ သူသည် ဖခင်ဖြစ်သူအားဒေါသထွက်စေမည်လား၊ မိသားစု ထံ၌မိမိ၏နေရာကိုဆုံးရှုံးရမည်လားဟူသည့်စိုးရိမ်ကြောက်ရွံ့ခြင်း၌ရှင်သန်ခဲ့ပါလိမ့်မည်။ ဤအရာသည်ကြီးထွားခြင်းအတွက်လည်းကောင်း၊ ဖခင်ဖြစ်သူနှင့်အတွင်းကျကျဆက်ဆံရင်းနှီးခြင်းအတွက်လည်းကောင်း သင့်တင့်ကောင်းမွန်သောပတ်ဝန်းကျင် မဟုတ်ပါ။ သူသည် ဖခင်ဖြစ်သူ၏ချစ်ခြင်းမေတ္တာကို အပြောင်းအလဲမြန်၍၊ မတည်မတံ့နှင့်အခြေအနေအပေါ်တွင်မူတည်နေသောချစ်ခြင်းမေတ္တာအဖြစ် ရှုမြင်ပါလိမ့်မည်။ ထိုသူငယ်သည် သူမည်သူမည်ဝါဖြစ်သည် ဟူသောအချက်တွင် အခြေခံ၍တန်ဖိုးသတ် မှတ်ခံရသည်မဟုတ်၊ သူ့လုပ်ဆောင်သောအရာအားဖြင့်သာတန်ဖိုးသတ် မှတ်ခံရပါသည်။

ကျေးဇူးတော်နှင့်ယှဉ်သောဧဝံဂေလိတရားနှင့် က သမ္မာတရားကိုတစ်သမတ်တည်းဖြစ်နေစေခြင်းသည် ကျွန်ုပ်တို့၏ပျက်ကွက်ကျရှုံးမှုများကြောင့် လက်လွှတ်ဆုံးရှုံးခြင်းမရှိနိုင်သည့် ထင်ရှားသောကိုယ်ပိုင်ဖြစ်တည်မှုတစ်ခုကိုပေးပါသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်၏အသေခံခြင်း နှင့်ရှင်ပြန်ထမြောက်ခြင်းတွင် ကိုယ်တော်နှင့်ချွင်းချက်မရှိတလုံးတဝတည်းပေါင်းစည်းခံကြရပြီး၊ ကျွန်ုပ်တို့အထဲ၌ကိန်းဝပ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်အားဖြင့် ကိုယ်တော်ရှင်၏ဝိညာဉ်ရေးကိုယ်ခန္ဓာတော်၌သွတ်သွင်းထားရှိခြင်းကိုခံကြရပါသည်။ သင့်ရဲ့အကောင်းဆုံးနေ့ရက်အချိန်အခါများတွင် သင့်ရဲ့ထင်ရှားသောကိုယ်ပိုင်ဖြစ်တည်မှုမှာ "သခင်ယေရှုနှင့်ကျွန်ုပ်" ဖြစ်၍ အဆိုးဝါးဆုံးနေ့ရက်အချိန်ခါများတွင်လည်း "သခင်ယေရှုနှင့်ကျွန်ုပ်" သာဖြစ်နေပါသည်။ ခ သမ္မာတရားကလုပ် ဆောင်သောအရာမှာ မိဘများ၏စည်းကမ်းဥပဒေ (သို့) မိဘများပေးသောဆုတို့၏စေ့ဆော်မှုများအားဖြင့်သားသမီးများအဖြစ်မည်သို့ပြုမူနေထိုင်ကြသည်ကို တာဝန်ခံမှုတာဝန်ယူမှုရှိစေခြင်းဖြစ်သည်။

လူမြောက်များစွာက ကိုယ့်ကိုယ်ကိုခံယူထားချက် (အတ္တစိတ်ထား)

နှင့်လည်းကောင်း၊ ကိုယ့်ကိုယ်ကိုတန်ဖိုး ထားခြင်းနှင့်လည်းကောင်း လုံးပန်းနေကြသည့် ခေတ်ကာလကြီးတွင် ကျွန်ုပ်တို့ရှင်သန်နေထိုင်ကြရပါသည်။ ခမ္မသစ်ကျမ်း၏ **က** သမ္မာတရားက ကျွန်ုပ်တို့ကို မိသားစုထဲမှ မည်သည့်အခါတွင်မျှမောင်းထုတ်ခြင်းကို မပြုမည့် ဘုရားသခင်၏ချစ်ခြင်းကိုကျွန်ုပ်တို့ခံကြရကြောင်း ပြောပြနေကြပါသည်။ ကျွန်ုပ်တို့၏အစွမ်းအစဖြင့် မည်သည့်အခါတွင်မျှ လုပ်ဆောင်နိုင်ခြင်းမရှိမည့် ဘုရားသခင်၏သားတော်က ကျွန်ုပ်တို့အတွက်လုပ်ဆောင်ပေးခဲ့သည့်အမှုတော်ကြောင့် ကျွန်ုပ်တို့မှာလုံခြုံစွာရှိနေကြရပါသည်။ ကျွန်ုပ်တို့အပေါ်၌ထားရှိသော မိမိ၏ကျေးဇူးတော်၌ခင်းကျင်းပြသခဲ့သည့်ဘုရားသခင်၏ချွင်းချက်မရှိသောချစ်ခြင်းမေတ္တာ၌ကျွန်ုပ်တို့နားခိုကြပါသည်။

ဧဝံဂေလိတရားကို ကျွန်ုပ်တို့ဟောပြောတင်ပြပုံ (How we present the Gospel)

ခ သမ္မာတရားကို ကယ်တင်ခြင်းနှင့်စပ်ဆိုင်သောဧဝံဂေလိတရား၏ **က** သမ္မာတရားအားကျူးကျော်ဝင်စွက်ဖက်ခြင်းမှ ကာကွယ်ခြင်းသည် ကျွန်ုပ်တို့အား *သတင်းကောင်းသက်သက်*ကိုသာပေးသည်မဟုတ်၊ *အလွန်ကောင်းသော သတင်း*ကိုလည်းပေးပါသည်။ ဧဝံဂေလိတရားနှင့်ကျွန်ုပ်တို့၏ကယ်တင်ခြင်းအကြောင်း က သမ္မာတရားများက ကယ်တင်ခြင်းသည် အကြွင်းမဲ့အဖိုးအခမပေးရကြောင်းကို အာမခံထားသည်။ ထို့အပြင်၊ ၄င်းသည် မြောက်များစွာသော ခရစ်ယာန်များက မယုံကြည်သူအပေါ်၌ သွတ်သွင်းတင်စီးထားသော ပြဋ္ဌာန်းချက်များနှင့်အတူ ဧဝံဂေလိတရားကိုဝန် ထုပ်ဝန်ပိုးဖြစ်စေသောအခါတွင်လည်း ဧဝံဂေလိတရားကိုဆက်လက်၍ အခမဲ့ဖြစ်စေရုံသာမကနှင့် ရှိုးရှိုးရှင်းရှင်းလည်းဖြစ်စေပါသည်။ ကယ်တင်ခြင်းခံရန်အတွက် လူတစ်ယောက်လုပ်ဆောင်ရမည့်အရာများနှင့်ပတ်သက်၍ခရစ်ယာန်များအကြား မတူကွဲပြားသောအယူအဆများစွာရှိနေခြင်းကိုကျွန်ုပ်အံ့သြ၍မဆုံးဖြစ်နေရပါသည်။ အာဖရိကလူမျိုးဧဝံဂေလိဆရာတစ်ပါးသည် ကျေးဇူးတော်နှင့်ယှဉ်သောဧဝံဂေလိတရားအကြောင်းသွန်သင်ဟောပြောသည့် ကျွန်ုပ်တို့၏ခမ္မာညီလာခံကိုတက်ရောက်ပြီးနောက်တွင် ကျွန်ုပ်ထံ၌ "ကျွန်တော်နောင်တရဖို့လိုတယ်။ ကျွန်တော်ဟာ လူတွေကို ကယ်တင်ခြင်းခံရဖို့ဆိုပြီး သူတို့လုပ်ရမယ့်အရာတွေကိုပြောပြခြင်းအားဖြင့် သူတို့ကိုကောင်းကင်ဘုံကိုဝင်စားရခြင်းကနေတားဆီးနေခဲ့တယ်လို့ကျွန်တော်ထင်တယ်" ဟုဝန်ခံခဲ့သည်။ စိတ်ရင်းစေတနာကောင်းရှိသော ဤဧဝံဂေလိဆရာသည် ဧဝံဂေလိတရား၏ ခ သမ္မာတရားကို က သမ္မာတရားနှင့်မှားယွင်းရောထွေးနေခဲ့ပါသည်။ ထို့ကြောင့်၊ သူသည်လူများကို ၄င်းတို့၏ထာဝရကာလနှင့်ယှဉ်သော အလွန်ကြောက်ရွံ့ဖွယ်အန္တရာယ်နှင့်ရင်း၍မှားယွင်းရောထွေးစေခဲ့ပါသည်။ ဤသို့ဖြစ်သောကြောင့်၊ ဧဝံဂေလိတရားကို ပြောင်းလဲမှောက်လှန်

သောသူများအတွက် ပြင်းထန်သောသတိပေးချက်များရှိနေသည်မှာ အံ့သြဖွယ်ရာမဟုတ်ပါ။ ဂလာတိ ၁း၈–၉ က ဤသို့ပြောထားသည်။

> *သို့သော်လည်း၊ သင်တို့အားငါတို့ဟောပြောသော ဧဝံဂေလိတရားမှတပါး၊ အခြားသောဧဝံဂေလိ တရားကိုငါတို့သည် ဟောပြောသော်ငင်း၊ ကောင်းကင်ဘုံမှလာသော ကောင်းကင်တမန်ဟောပြောသော်ငင်း၊ ဟောပြောသောသူသည် ကျိန်တော်မူခြင်းကိုခံစေ။ တဖန်တုံ၊ သင်တို့ခံယူပြီးသော ဧဝံဂေလိတရားမှတပါး အခြားသောဧဝံဂေလိတရားကို တစုံတယောက်သောသူဟောပြောလျှင်၊ ထိုသူသည်ကျိန်မူခြင်းကို ခံစေဟုငါတို့ဆိုခဲ့ပြီးသည်အတိုင်း ယခုငါထပ်၍ဆိုသေး၏။*

ဤကျမ်းပိုဒ်များသည် ပွင့်လင်းစွာမှောက်မှားနေကြသည့် မိစ္ဆာဒိဋ္ဌိနှင့်သက်ဆိုင်သည်ဖြစ်စေ၊ ဧဝံဂေလိတရား ကိုအမှုမဲ့အမှတ်မဲ့ရောထွေးမှားယွင်းနေစေကြသောသူများနှင့်သက်ဆိုင်သည်ဖြစ်စေ၊ ဘုရားသခင်သည် ဧဝံဂေလိတရားကိုပြောင်းလဲမှောက်လှန်ခြင်း(သို့)ဇဝေဇဝါဖြစ်စေခြင်းကို ပြင်းထန်သောပြစ်မှုတစ်ခုအဖြစ်ယူဆထားသည်။

ဝမ်းနည်းဖွယ်ရာမှာ က သမ္မာတရားနှင့် ခသမ္မာတရားကိုရောထွေးစေခြင်းဖြင့် ယနေ့၌ဧဝံဂေလိတရားကို တလွဲအနက်ဖွင့်ဘာသာပြန်ဆိုသူများစွာကကျွန်ုပ်တို့ကို သတင်းကောင်းသိပ်မဖြစ်လှသော သတင်းကောင်းတရားနှင့် ချန်ရစ်ခဲ့ကြပါသည်။ ကယ်တင်ခြင်းမခံရသေးသောသူများထံ၌ပြုလုပ်သည် ဤပန်ကြားချက်များသည်သင့်အနေဖြင့် သတင်းကောင်းဟုထင်ရပါသလား။

> “ထာဝရအသက်ကိုခင်ဗျားဘယ်လိုရနိုင်သလဲဆိုတာ ကျွန်တော်ပြောပြနိုင် တယ် – ဘုရားသခင်ရဲ့ တောင်းဆိုပြဋ္ဌာန်းချက်တွေအပေါ်မှာ ခင်ဗျားဆက်ကပ်အပ်နှံမယ်ဆိုရင်ပေါ့”
>
> “ထာဝရအသက်ကို ခင်ဗျားဘယ်လိုရနိုင်သလဲဆိုတာ ကျွန်တော်ပြောပြနိုင်တယ် – ခင်ဗျားအပြစ် ဒုစရိုက်ကိုမလုပ်၊ အပြစ်ဒုစရိုက်ကိုလည်းစွန့်လွှတ်နိုင်မယ်ဆိုရင်ပေါ့”
>
> “ထာဝရအသက်ကိုခင်ဗျား ဘယ်လိုရနိုင်သလဲဆိုတာ ကျွန်တော်ပြောပြနိုင်တယ် – ခင်ဗျားသေတဲ့အချိန်အထိသစ္စာရှိရှိနဲ့ဘုရားဝတ်ကိုမွေ့လျော်တဲ့အသက်တာနဲ့အသက်ရှင်ခဲ့ရင်ပေါ့”

ဘုရားသခင်တောင်းဆိုပြဋ္ဌာန်းထားသောအရာများအပေါ်၌ ဆက်ကပ်အပ်နှံမှုအားလုံးကို မည်သူလုပ်နိုင်ပါမည်နည်း။ အပြစ်ဒုစရိုက်အပေါ်၌ အမြဲတမ်းအောင်နိုင်သောအသက်တာဖြင့် မည်သူရှင်သန်နိုင်ပါမည်နည်း။ အသက်တာတစ်လျှောက်လုံးသစ္စာတရား၌ အမြဲတည်တံ့နေခဲ့ကြောင်းကို မည်သူသိနိုင်ပါမည်နည်း။ တစ်ရာရာခိုင်နှုန်းထက်လျော့နည်းသောအမှတ်စာရင်းထုတ်ပြန်ချက်များသာရရှိလျှင် ကယ်တင်ခြင်းအတွက် သေချာသောမျှော်လင့်ချက် ကို မည်သူကရှိထားနိုင်ပါမည်နည်း။

အပြစ်ဒုစရိုက်မပြုလုပ်တော့ပါဟူသော ကျွန်ုပ်တို့၏ဆက်ကပ်အပ်နှံမှုနှင့်ဆုံးဖြတ်ချက်များကို ဘုရားသခင်အလွန်အလေးအနက်ထားသောကြောင့် ထိုဆက်ကပ်အပ်နှံမှုနှင့်ဆုံးဖြတ်ချက်များအပေါ်၌ ကျွန်ုပ်တို့၏ထာဝရကံကြမ္မာကိုတည်မှီစေခဲ့လိမ့်မည်ဟုမည်သူကများစဉ်းစားခဲ့ပါမည်နည်း။ မည်သည့်မိဘကမျှမိမိ တို့၏သားသမီးများအပေါ်တွင် ထိုကဲ့သို့သော် မျှော်မှန်းချက်ကို မထားပါ။ ဘုရားသခင်သည် နံအသောမိဘမဟုတ်သကဲ့သို့ ရူးမိုက်သောသူတစ်ယောက်လည်းမဟုတ်ပါ။

ပွင့်ပွင့်လင်းလင်းဆိုရလျှင် ထိုကဲ့သို့သောအခြေအနေသတ်မှတ်ချက်အောက်၌ "ထာဝရ" အသက်ဟုခေါ်ထား သည့်မည်သည့်အရာကိုမဆိုပေးကမ်းခြင်းသည် လှည့်ဖြားခြင်းအမှုသာဖြစ်သည်။ ထာဝရနှင့်စပ်ဆိုင်သောမည်သည့်အရာမျှ ကျွန်ုပ်တို့၏ကိုယ်တိုင်ကြိုးစားအားထုတ်မှုအပေါ်တွင် မတည်မမှီပါ။ ထိုကဲ့သို့ချည့်နဲ့အားနည်းသောတရားဒေသနာကိုဟောပြောသော ဧဝံဂေလိဆရာတစ်ပါးသည် ရဲရင့်သောသူထက်မိုက်မဲသောသူပို၍ဖြစ်နေသည်။

အခြားတစ်ဖက်တွင် မယုံကြည်သူတစ်ယောက်၏မျက်နှာကိုစေ့စေ့ကြည့်၍ "ဘုရားသခင်ကအာမခံထားပြီး ဘယ်တော့မှမဆုံးရှုံးနိုင်တော့တဲ့အခမဲ့လက်ဆောင်တစ်ပါးအဖြစ်နဲ့ပေးထားတဲ့ထာဝရအသက်ကို သင်ဘယ်လိုရရှိနိုင်သလဲဆိုတာကို ကျွန်တော်ပြောပြနိုင်တယ်" ဟုပြောဆိုနိုင်သောချိန်တွင် ကျွန်ုပ်တို့၌သာကြီးသောစိတ်ချယုံကြည်မှုရှိပါသည်။

ထိုသို့ရိုးရှင်းလှသည်တရားဒေသနာကို "လွယ်လွယ်ယုံဝါဒ" (easy believism) ဟူ၍လည်းကောင်း၊ "ဆုံးဖြတ်ချက်သာပဓာနကျဝါဒ" (decisionism) ဟူ၍လည်းကောင်းခေါ်ဆိုခြင်းဖြင့် ကန့်ကွက်ကြပါသည်။

- ကျွန်ုပ်၏မကောင်းမှုဒုစရိုက်သည် ဘုရာသခင်ထံမှအစဉ်ထာဝရကင်းကွာရခြင်းနှင့် တိုက်ထန်သည်ဟုယုံကြည်ရန်မှာ မလွယ်ကူပါ။
- ကျွန်ုပ်၌အပြစ်ရှိလင့်ကစား ဘုရားသခင်က ကျွန်ုပ်ကိုချစ်မြတ်နိုးပါသည်ဟုယုံကြည်ရန်မှာ မလွယ်ကူပါ။
- ဘုရားသခင်သည် မိမိ၏သားတော်ကို ကျွန်ုပ်ကိုယ်စားရှင်သန်၍အသေခံရန်စေလွှတ်ခဲ့မည့်အကြောင်းကို ယုံကြည်ရန်မှာမလွယ်ကူပါ။
- သခင်ယေရှုသည် ကျွန်ုပ်၏အပြစ်ဒုစရိုက်များအားလုံးအတွက်အဖိုးအခကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းကပေးဆပ်ခဲ့ပြီဖြစ်ကြောင်းကိုယုံကြည်ရန်မှာမလွယ်ကူပါ။
- သခင်ယေရှုခရစ်သည် သေခြင်းမှထမြောက်ခဲ့ပြီး ယခုတွင်အသက်ရှင်တော်မူကြောင်းကိုယုံကြည်ရန်မှာ မလွယ်ကူပါ။

- သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်၌ထာဝရအသက်ကိုပေးသနားခဲ့လိမ့်မည့်အကြောင်းကိုယုံကြည်ရန်မှာမလွယ်ကူပါ။
- ကျွန်ုပ်သည် ဤလက်ဆောင်ကိုအဖိုးအခမပေးရဘဲ ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့်အခမဲ့လက်ခံရရှိနိုင်ကြောင်းကို ယုံကြည်ရန်မှာမလွယ်ကူပါ။

ရိုးရိုးလေးပါဘဲ၊ *မလွယ်ကူပါဘူး*၊ *ရိုးရှင်းသည်* ဆိုသည်မှာ *တစ်ခုတည်း*၊ *ရှုပ်ထွေးမှုမရှိခြင်း*ကို ဆိုလိုသည်။ *လွယ်ကူသည်*ဆိုသည်မှာ *အခက်အခဲမရှိခြင်း* ကိုဆိုလိုသည်။ ရိုးရှင်းသောဧဝံဂေလိတရားဆိုသည်မှာ ကလေး (သို့) လူရိုးတစ်ယောက်ကသဘောပေါက်နားလည်၍ ယုံကြည်နိုင်သောဧဝံဂေလိတရားဖြစ်သည်။

ဧဝံဂေလိတရား၏ ယနေ့ခေတ်လူသိများရေးပန်းစားနေသောပုံစံမှာ အရှင်သခင်ဖြစ်ခြင်း၌ ဝန်ခံအပ်နှံခြင်း ကယ်တင်ခြင်း (Lordship Salvation) ဟုခေါ် သည်။ ဤအယူအဆက လူတစ်ယောက်သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရသော်လည်း ထိုယုံကြည်ခြင်းသည် သခင်ယေရှုကို မိမိတို့၏အသက်တာတစ်ခုလုံး၏ အရှင်သခင်အဖြစ် ဆက်ကပ်မြုပ်နှံ၍ ဝန်ခံအပ်နှံထားသော ယုံကြည်ခြင်းဖြစ်သည်ဟု ပြဋ္ဌာန်းထားသည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ဆက်ကပ်မြုပ်နှံခြင်းနှင့် ဝန်ခံအပ်နှံခြင်းတို့သည် ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်များဖြစ်ကြသည်။ ဤအစပြုအမှတ်မှထွက်ပေါ်လာသောအရာမှာ ခရစ်ယာန်တစ်ယောက်သည် ကောင်းသောအကျင့်ကျင့်ခြင်းအသက်တာ ၌ ဆက်ကပ်မြုပ်နှံခြင်းနှင့်ဝန်ခံအပ်နှံခြင်းတို့ကို ထင်ရှားစေသောသူဖြစ်သည်ဟူသော ယုံကြည်ချက်ဖြစ်သည်။ **က** သမ္မာတရားနှင့် **ခ** သမ္မာတရားကို ဝမ်းနည်းဖွယ်မှားယွင်းစွာတင်ပြရောထွေးစေခြင်းတွင် ဧဝံဂေလိတရားမှာ ခက်ခဲ၍ အဖိုးအခကြီးသောအရာဖြစ်လာပြီး၊ ဖြစ်နိုင်ချေမရှိသောအရာဟုပင် ငြင်းခုံ၍ရနိုင်သောအရာဖြစ်လာသည်။ ဘုရားသခင်၏ကျေးဇူးတော်မှာလည်း အခမဲ့ရရှိသောအရာဖြစ်မဟုတ်တော့သကဲ့သို့၊ ယုံကြည်ခြင်းသည်လည်း လုပ်ဆောင်မှုများဖြစ်လာပါသည်။ မယုံကြည်သူသည် ၄င်းကို ဘုရားသခင်ကလက်ခံလာရန်အတွက် လုပ်ဆောင်မှုကို အခြေပြုရပါတော့သည်။ အရှင်သခင်ဖြစ်ခြင်း၌ဝန်ခံအပ်နှံခြင်း ကယ်တင်ခြင်းအကြောင်းကို ဤထက်မက ကျွန်ုပ်ပြောဆိုရန်ရှိနေပါသော်လည်း၊ ၄င်းတို့ကိုအခြားတစ်နေရာ၌ ကျယ်ကျယ်ပြန့်ပြန့်အသေးစိတ်ဖော်ပြထားပါသည်။[၁၄]

---

၁၄ Lordship Salvation: A Biblical Evaluation and Response, 2nd GraceLife Edition (Burleson, TX: Xulon Press, 2014) သိထားကြသည့်ကျွန်ုပ်၏စာအုပ်အပြင် Freely by His Grace: Classical Free Grace Theology, eds. J. B. Hixton, Rick Whitmire, and Roy B. Zuck (Duluth, MN: Grace Gospel Press, 2012), pp. 97-118 ရှိ "What about Lordship Salvation" ဟုကျွန်ုပ်ခေါင်းစဉ် တပ်ထားသည့်အခန်းကိုကြည့်ပါ။ Lordship အယူအဆနှင့် ဆက်စပ်သောအကြောင်းအရာများနှင့် ကျမ်းချက်များအကြောင်းဆောင်းပါးများ၊ လေ့လာချက်တိုများသည် GraceLife.org/Resources/Gracenote တွင်ရှိသည်။

ဧဝံဂေလိတရားကို အခြားသူများထံ၌ ကျွန်ုပ်တို့တင်ပြဟောပြောပုံနှင့် ကြေငြာမြွှင့်တင်ပုံတို့နှင့်စပ်လျဉ်း၍ ပို၍ဂရုစိုက်ကြပါစို့။ ဧဝံဂေလိတရားနှင့်စပ်ဆိုင်သော စာပေများ၊ စာအုပ်များ၊ လက်ကမ်းဝေစာများကို ဆန်းစစ်သုံးသပ်လျှင် အထူးသဖြင့် ၄င်းတို့၏ အဆုံးပိုင်းရှိ ကယ်တင်ခြင်းဆီသို့ ဖိတ်ခေါ်ခြင်းအပိုင်းတွင် မတူကွဲပြားသော ဧဝံဂေလိတရားတင်ပြဟောပြောပုံများကိုတွေ့ရပါမည်။ ၄င်းတို့အားလုံးမမှန်နိုင်ပါ။ ကျွန်ုပ်တို့ အသုံးပြုသောစာပေများ၊ ကျွန်ုပ်တို့ ထောက်ပံ့ထားသောသာသနာပြုများ၊ အခြားသူများအား ဩဇာလွှမ်းဖို့ ကျွန်ုပ်တို့ခွင့်ပြုထားသောဆရာများက ဧဝံဂေလိတရားအား မည်သို့တင်ပြဟောပြောကြသည်ကို ကျွန်ုပ်တို့ကောင်းစွာသိမြင်နားလည်နိုင်ဖို့လိုအပ်သည်။ လူတစ်ယောက်၏ဧဝံဂေလိတရားအား သဘောပေါက်နားလည်ထားပုံကို စမ်းသပ်စစ်ဆေးရန် ကျွန်ုပ်အသုံးပြုသောမေးခွန်းတစ်ခုမှာ ဤကဲ့သို့ဖြစ်သည်။ "ခင်ဗျာ သေဆုံးပြီး၊ ဘုရားသခင်ရှေ့ရပ်တဲ့အခါမှာ ဘုရားသခင်က 'မင်းကိုငါ့ရဲ့ကောင်းကင်ဘုံထဲ ဘာလို့ဝင်ရောက်ခွင့်ပြုရမှာလဲ' ဟု မေးတဲ့အခါ ခင်ဗျားဘယ်လိုဖြေမလဲ။" သခင်ယေရှုခရစ်၏ ပကတိပြည့်စုံလုံလောက်တော်မူသောအမှုဌ ယုံကြည်ခြင်းမှလွဲ၍ အခြားအဖြေများသည် လှိုက်လဲစွာလက်ခံခံရမည့်အဖြေများ ဖြစ်ခဲ့ကြမည်မဟုတ်ပါ။

ကျွန်ုပ်တို့၏ ဧဝံဂေလိတရားတင်ပြဟောပြောခြင်းတွင် ကျွန်ုပ်တို့အားလုံးသည် အပြစ်ဒုစရိုက်ကိုပြုကြ၍ ဘုရားသခင်နှင့် အစဉ်ထာဝရကင်းကွာရခြင်းနှင့် ထိုက်တန်သည်ဟူသောသတင်းဆိုးအကြောင်းကို ရဲရင့်စွာထုတ်ဖော် ကြေငြာခြင်းဖြစ်ရမည်ဖြစ်သကဲ့သို့၊ ကားတိုင်တော်ထက်၌ ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်အတွက် အဖိုးအခကိုပေးဆပ်ခဲ့၍ သေခြင်းမှထမြောက်ခဲ့သူအဖြစ် ဘုရားသခင်သည် မိမိ၏သားတော် သခင်ယေရှုခရစ်ကိုစေလွှတ်ခဲ့ပြီး၊ ထာဝရကယ်တင်ခြင်းအတွက် ထိုသားတော်တစ်ပါးတည်းကိုသာယုံကြည်လျှင် ထိုထာဝရကယ်တင်ခြင်းကို ကျွန်ုပ်၌အာမခံထားပြီးဖြစ်သည်ဟူသောသတင်းကောင်းကို ရဲရင့်စွာ ထုတ်ဖော်ကြေငြာခြင်းဖြစ်သည်။ ဧဝံဂေလိတရား၏သတင်းကောင်းမှာ ကျွန်ုပ်တို့သည် ကျေးဇူးတော်တစ်ပါးတည်းကြောင့်၊ သခင်ခရစ်တော်တစ်ပါးတည်း၌ ယုံကြည်ခြင်းတစ်ပါးတည်းအားဖြင့် ကယ်တင်ရာသို့နောက်နိုင်ကြသည်ဟူ၍ ဖြစ်သည်။

ကယ်တင်ခြင်းအာမခံချက်ကို ကျွန်ုပ်တို့ပေးပုံ

(How we give assurance of salvation)

ကျွန်ုပ်တို့သည် အစဉ်ထာဝရကယ်တင်ခြင်းခံကြရကြောင်းကို သိရှိခြင်းသည် ကိုယ့်ကိုယ်ကိုယုံကြည်မှုလွန်ကဲ နေခြင်းမဟုတ်ပါ။ သမ္မာကျမ်းစာတစ်လျှောက်လုံး၌ အမှန်အဖြစ်မှတ်ယူထားသော အခွင့်ထူးတစ်ရပ်ဖြစ်သည်။

သမ္မာကျမ်းစာထဲမှ မည်သည့်ကျမ်းပြုဆရာက မိမိ၏ကယ်တင်ခြင်းအပေါ်၌

လည်းကောင်း၊ မိမိ၏စာကိုဖတ်ရှုကြသည့် စာဖတ်သူတို့၏ကယ်တင်ခြင်းအပေါ်၌လည်းကောင်း သံသယဖြစ်ခဲ့ပါသနည်း။ တစ်ယောက်မျှမရှိပါ။ သံသယဖြစ်ခြင်းသည် ကောင်းသောအရာဖြစ်သည်ဟု အကြံပြုတိုက်တွန်းရန်အတွက် အသုံးပြုထားသော ကျမ်းချက်များက ထိုကဲ့သို့သော အရာများကိုသွန်သင်ပေးခြင်းမရှိကြောင်း ကျွန်ုပ်တို့မြင်တွေ့ခဲ့ကြပြီးဖြစ်သည်။ (မဿဲ ၇း၂၁–၂၃၊၂၄း၁၁၊ ၂ကော ၁၃း၅ မှဆွေးနွေးချက်များကိုကြည့်ပါ။) ထို့အပြင်၊ မိမိတို့၏ကယ်တင်ခြင်းနှင့်စပ်လျဉ်း၍သံသယဖြစ်ခြင်း (သို့) လုံခြုံစိတ်ချမှုမရှိခြင်းတို့သည် ဝိညာဉ်ရေးကြီးထွားခြင်းအတွက် အခြေခံအကြောင်းရင်းမဟုတ်သကဲ့သို့၊ ကောင်းသောပတ်ဝန်းကျင် အခြေအနေတစ်ခုလည်းမဟုတ်ပါ။

> ၁ယော ၅း၁၁–၁၃ တွင်ကျွန်ုပ်တို့ကိုဤသို့ပြောထားသည်။
>
> ၁၁ *သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကိုပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ပါ၏။* ၁၂ *သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရား သခင်၏သားတော်ကိုမရသောသူ မူကားအသက်ကိုမရ။* ၁၃ *ဘုရားသခင်၏သားတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟုသိမြင်စေခြင်းငှါ၊ ဤအရာများကို သင်တို့အားငါရေး၍ပေးလိုက်၏။*

ဤကျမ်းချက်က ကျွန်ုပ်တို့၌ထာဝရအသက် ကိုယ်တိုင်ရရှိထားကြသည်ကို ကျွန်ုပ်တို့သိရှိနိုင်ကြောင်းကိုလည်းကောင်း၊ ထိုထာဝရအသက်သည် သားတော်သခင်ယေရှုခရစ်ကိုရရှိထားခြင်းရှိ၊ မရှိတွင်အခြေခံကြောင်းကိုလည်းကောင်း ပြောပြထားပါသည်။ ကျွန်ုပ်တို့သည် သားတော်၏ဧဝံဂေလိတရားကို ယုံကြည်လက်ခံကြသောအချိန်၌ထိုသားတော်ကို ရရှိကြပါသည်။ သားတော်၏ဧဝံဂေလိတရားက ထာဝရကယ်တင်ခြင်းကို ကတိပြုထားပါသည်။ ကျွန်ုပ်တို့ ယုံကြည်သောအချိန်တွင် ကိုယ်တော်ရှင်၏ကတိတော်များအပါအဝင်၊ ကိုယ်တော်ရှင်၏ဧဝံဂေလိတရားမှာ မှန်ကန်ကြောင်း အခိုင်အမာယုံကြည်ရန် သိမ်းသွင်းခံကြရပါသည်။ ဘုရားသခင်၏ကတိတော်အပေါ်၌ ဤသို့ယုံကြည်ခြင်းသည် ဘုရားသခင်မိန့်တော်မူခဲ့သောအရာများမှာ မှန်ကန်သောကြောင့် ကျွန်ုပ်တို့မှာ ကယ်တင်ခြင်းခံကြရပါသည်ဟူသော ယုံကြည်စိတ်ချမှုဖြစ်သည်။ ဤယုံကြည်ခြင်းသည် ကျွန်ုပ်တို့ကိုယ်ကိုယ်ကိုယုံကြည်ခြင်းမဟုတ်သကဲ့သို့၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအပေါ်၌ ယုံကြည်ခြင်းလည်း မဟုတ်ပါ။ သခင်ယေရှုခရစ်အပေါ်၌လည်းကောင်း၊ သခင်ယေရှုခရစ် လုပ်ဆောင်ပံ့ပိုးပေးထားသောအမှု၌လည်းကောင်း၊ သခင်ယေရှုခရစ်၏ကတိတော်၌လည်းကောင်း ယုံကြည်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် မိမိတို့၏အသိစိတ်တွင်းဖြစ်ပေါ်မှုတွင် အခြေခံသောခံစားချက်များ (သို့) လုပ်ဆောင်ချက်များတွင်မဟုတ်၊ အရှိအတိုင်းမှန်ကန်နေ၍ ခမ္မာဓိဌာန်ကျသောအမှန်တရားအပေါ်၌ဖြစ်သောကြောင့် ကျွန်ုပ်တို့ကယ်တင်ခြင်းခံကြရကြောင်းကို ကျွန်ုပ်တို့သိနိုင်ကြပါသည်။

အနှစ်သာရအားဖြင့်ဆိုရလျှင် သခင်ခရစ်တော်ကို ယုံကြည်သောသူများ အားလုံးအပေါ်၌ ထာဝရအသက်ကို ကတိပြုထားသည့် ဘုရားသခင်၏ နှုတ်ကပတ်တော်က ကျွန်ုပ်တို့ကို အာမခံချက်ပေးထားပါသည်။ ကောင်းသောအကျင့်ကို ကျင့်ခြင်းသည် အရေးပါသော သက်သေအထောက်အထားဖြစ်ပါသော်လည်း၊ ပြည့်စုံခိုင်လုံသော အထောက်အထားမဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်၏ သက်သေခံခြင်းသည် အခြားသက်သေတစ်ပါးဖြစ်သော်လည်း၊ ပြည့်စုံခိုင်လုံသောသက်သေမဟုတ်ပါ (လူများစွာက သန့်ရှင်းသောဝိညာဉ်တော်၏ မျက်မှောက်ပြုခြင်းနှင့်စပ်လျဉ်း၍ မိမိတို့၏ အသိစိတ်တွင်းမှဖြစ်ပေါ်သောခံစားချက်များတွင် မှီခိုအားထားကြသည်။) အရှိအတိုင်းမှန်ကန်နေ၍ ဓမ္မဓိဋ္ဌာန်ကျပြီး၊ နောက်ဆုံးဆုံးဖြတ်ချက်ကိုပေးပိုင်သည့် တစ်ခုတည်းသောအရာမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်။

ကယ်တင်ခြင်းအာမခံချက် (စိတ်ချယုံကြည်မှု) ကို ဓမ္မသစ်ကျမ်း၏ **ခ** သမ္မာတရားများ၌ ရှာကြံဖို့ကြိုးစားလျှင် ကျွန်ုပ်တို့၏ ရှာဖွေမှုမှာ အချည်းနှီးသာဖြစ်ပါလိမ့်မည်။ တပည့်တော်ဖြစ်ခြင်းနှင့်လည်းကောင်း၊ ခရစ်ယာန်အသက်တာနှင့်လည်းကောင်း စပ်ဆိုင်သောသမ္မာတရားများသည် ဘုရားသခင်ကို စိတ်ကျေနပ်စေရန်အတွက် ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာများကို လိပ်မူပြောဆိုထားကြသည်။ ၄င်းသည် ကျွန်ုပ်တို့၏လုပ်ဆောင်ချက်ဖြစ်သည်။ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်တွင် အပြီးသတ်အာမခံချက် မရှိပါ။

အခြားတစ်ဖက်တွင်၊ **က** သမ္မာတရားများသည်ကျွန်ုပ်တို့ကိုယ်စား သခင်ယေရှုခရစ် လုပ်ဆောင်သွားသောအရာများနှင့် ကျွန်ုပ်တို့မှတစ်ခုတည်းသောလုပ်ဆောင်မှုဖြစ်သည့် ယုံကြည်ခြင်းတို့အကြောင်းတွင် စူးစိုက်ထားကြသည်။ လုပ်ဆောင်ချက်များသည် ကိုယ်တော်ရှင်၏လုပ်ဆောင်ချက်များဖြစ်၍ ထိုလုပ်ဆောင်ချက်၏ အကျိုးကျေးဇူးကို ယုံကြည်ခြင်းသက်သက်အားဖြင့် ကျွန်ုပ်တို့လက်ခံရရှိကြသည်။ တရားမျှတမှုအတွက် ဘုရားသခင်၏တောင်းဆိုပြဋ္ဌာန်းထားချက်များကို သခင်ယေရှုခရစ်က ကျွန်ုပ်တို့ကိုယ်စားဖြည့်ဆည်းခဲ့ပြီးဖြစ်သောကြောင့် ကိုယ်တော်ရှင်လုပ်ဆောင်ခဲ့သောအမှုတော်တွင်အခြေခံ၍ ကျွန်ုပ်တို့ကယ်တင်ခြင်းခံကြရကြောင်းကို ကျွန်ုပ်တို့သိကြပါသည်ဟူသော အကြွင်းမဲ့အာမခံချက် (စိတ်ချယုံကြည်မှု) ကို ကျွန်ုပ်တို့ရှိထားနိုင်ကြပြီဖြစ်သည်။

ခ သမ္မာတရားကို **က** သမ္မာတရားအဖြစ်သွန်သင်ပေးခြင်းသည် ခရစ်ယာန်များစွာ၌ မိမိတို့၏ကယ်တင်ခြင်းအား သံသယဖြစ်စေခဲ့ပါသည်။ ထိုသို့လည်းဖြစ်ခဲ့ရပါမည်။ ကျွန်ုပ်တို့လုပ်ဆောင်ခဲ့သောအရာများကို တစ်ချိန်လုံး စုံစမ်းစစ်ဆေးနေမည့်အစား သခင်ယေရှုခရစ်လုပ်ဆောင်ခဲ့သောအရာကို သတိရနေရန်လိုအပ်သည်။ ကယ်တင်ခြင်းစိတ်ချမှုသည် ဘုရားသခင်နှင့် သင့်တင့်ကောင်းမွန်သောဆက်ဆံရင်းနှီးခြင်း၌ ကြီးထွားရန်အတွက်အစပြုအမှတ်ဖြစ်သကဲ့သို့ ဆက်လက်၍ကြီးထွားနေရန်အတွက် အရေးပါသော စေ့ဆော်မှုတစ်ခုလည်းဖြစ်သည်။

ဘုရားဝတ်၌မွေ့လျော်ခြင်းအတွက် ယုံကြည်သူများကို ကျွန်ုပ်တို့လှုံ့ဆော်အားပေးပုံ (How we motivate believers to godliness)

က သမ္မာတရားနှင့် **ခ** သမ္မာတရားကိုခွဲခြားသိမြင်ခြင်းသည် ဘုရားသခင်ထံ၌ အစေခံရန်အတွက်လည်းကောင်း၊ ဘုရားဝတ်၌မွေ့လျော်သောအသက်တာကို ရှင်သန်ရန် အတွက်လည်းကောင်း အမြင့်ဆုံးသောစေ့ဆော်တိုက်တွန်းမှုများကို ဖြစ်စေပါသည်။ ကျွန်ုပ်တို့၏စိတ်ခါတ်လှုံ့ဆော်မှုများသည် ကျွန်ုပ်တို့ဝိညာဉ်ရေး သဘောရှိခြင်း၏အချက်အချာနေရာအထိရောက်ရှိသွားကြသောကြောင့် အရေးပါကြသည်။ ယုံကြည်သူများကို အပြင်ပိုင်းအပြုအမူအနေအထိုင်အတွက် စေ့ဆော်တိုက်တွန်းပေးခြင်းနှင့် ၄င်းတို့ကို ဘုရားဝတ်၌မွေ့လျော်ခြင်းဆီသို့ စေ့ဆော်တိုက်တွန်းပေးခြင်းသည် တူချင်မှတူခဲ့ကြပေလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်နှင့် ညီညွတ်သောစေ့ဆော် တိုက်တွန်းမှုများကို ထိုးထွင်းသိမြင်တတ်ကြဖို့လိုအပ်သည်။

အပြုအမူများသည် ဝိညာဉ်ရေးသဘောရှိခြင်းကို တိုင်းတာပေးသည့် သင့်တင်ကောင်းမွန်သောအတိုင်းအတာ မဟုတ်သကဲ့သို့၊ ကယ်တင်ခြင်းကိုလည်းကောင်း၊ တကိုယ်ရေ သန့်ရှင်းစင်ကြယ်ခြင်းအသက်တာကိုလည်းကောင်း စီရင်ဆုံးဖြတ်ပေးသည့် စိတ်မချရသော တရားသူကြီးတစ်ဦးလည်းဖြစ်သည်။ ဖာရိရှဲများသည် မိမိတို့ပြည္ဆန်းထားသည့် အပြင်ပိုင်းအပြုအမူများတွင် လိုအပ်ချက်မရှိခဲ့ကြသော်လည်း၊ ၄င်းတို့ကိုဟန်ဆောင်တတ်သောသူများအဖြစ် သခင်ယေရှုက ပြစ်တင်ရှုံ့ချခဲ့သည်။ (မဿဲ ၂၃း၂၃–၃၀) အပြင်ပိုင်းမှကောင်းသောအပြုအမူများသည် အတွင်းပိုင်းရှိဆိုး ညစ်သောစေ့ဆော်မှုများမှ ရောက်ရှိလာနိုင်ကြပါသည်။ ကောင်းသောအကျင့်ကိုကျင့်ကြံကြရန် လူတို့အားဟောပြောခြင်း၊ သွန်သင်ပေးခြင်းနှင့် အတင်းအကျပ်တိုက်တွန်းခြင်းတို့သည် ဖာရိရှဲတစ်ယောက်ကို မွေးထုတ်ပေးနိုင်ပါသည်။

သင့်တင့်မှန်ကန်သောအရာများကိုပြုရန်အတွက် သမ္မာကျမ်းစာနှင့်လည်းမညီညွတ်သကဲ့သို့ အန္တရာယ်လည်းမကင်းသည့် စေ့ဆော်တိုက်တွန်းမှုအချို့ရှိသည်။ ထိုကဲ့သို့သော စေ့ဆော်တိုက်တွန်းမှုများအနက်မှတစ်ခုသည် ဝိညာဉ်သဘောဆောင်ခြင်းကို ဥပဒေပညတ်များအတိုင်း လိုက်ပါလွန်းသောရှုထောင့်ဖြင့်ရှုမြင်ခြင်းမှ ရောက်ရှိလာပါသည်။ ၄င်းသည် **ခ** သမ္မာတရားကို **က** သမ္မာတရားအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုခြင်း၏ရလဒ်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင်၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်သည် ဘုရားသခင်၏သဘောတူလက်ခံခြင်းကို ရှာကြံရန်နည်းလမ်းတစ်ခုအဖြစ် အပြင်ပန်းလုပ်ဆောင်ချက်များကို စူးစိုက်လုပ်ဆောင်ပါလိမ့်မည်။ ဤစိတ်နေသဘောထားသည် မိမိတို့၏ကယ်တင်ခြင်းကို မိမိတို့ထိုက်ထိုက်တန်တန်ကြိုးစားရယူရမည်ဟု ထင်မှတ်နေသောသူများ၏နောက်ကွယ်တွင်ရှိနေပြီး၊ ကယ်တင်ခြင်းခံရပြီးသောသူများကိုလည်း ရောဂါကူးစက်စေပါသည်။ လူအမြောက်အများက “ခရစ်ယာန်ကောင်း”တစ်ယောက်ဆို

သည်မှာ အလုပ်များနေသော ခရစ်ယာန်တစ်ယောက်ဖြစ်သည်ဟု ယုံကြည်ထားကြပြီး၊ အစေခံခြင်းသည် ဘုရားဝတ်၌မွေ့လျော်ခြင်းဖြစ်လာသည်။ အပြင်ပန်း၌ ကောင်းသော အကျင့်ကိုကျင့်ခြင်း၊ ဘုရားသခင်၏ပညတ်ချက်များကိုနာခံခြင်း၊ အသေခံခြင်းတို့သည် မမှားပါ။ သို့သော်၊ ထိုလုပ်ရပ်များ၏နောက်ကွယ်ရှိနေသော စိတ်နေသဘောထားမှာ အရေးကြီးသည်။ ခရစ်ယာန်များလုပ်ဆောင်သောအရာများ၏အရေးပါပုံကို ကျွန်ုပ်တို့ အားပေးမြှင့်တင်သောအခါ ဘုရားသခင်ပြုလုပ်ခဲ့သောအရာနှင့် ပြုလုပ်နေသောအရာများ၏အရေးကြီးပုံကို ကျွန်ုပ်တို့တန်ဖိုးလျော့ချလိုက်ကြပါသည်။ ခရစ်ယာန်များ၏လုပ်ဆောင်ချက်များကို ကျွန်ုပ်တို့စူးစိုက်ထားကြသောအခါ ကျွန်ုပ်တို့သည် ၄င်းတို့ကို မာနထောင်လွှားခြင်းအန္တရာယ်ထဲသို့ သွတ်သွင်းထားရှိလိုက်ကြပါသည်။ ဥပဒေပညတ်အတိုင်းလိုက်ပါလွန်းခြင်းဝါဒသည် ဘုရားဝတ်၌မွေ့လျော်ခြင်းကို မမွေးထုတ်ပေးနိုင်ပါ။ အကြောင်းမှာ၊ ၄င်းသည်အတွင်းပိုင်းရင့်ကျက်ခြင်းကို သွန်သင်ပေးမည့်အစား အပြင်ပိုင်းလိုက်လျောညီထွေမှုရှိခြင်းကိုသာ သွန်သင်ပေးသောကြောင့်ဖြစ်သည်။ စစ်မှန်သောရင့်ကျက်ခြင်းသည် ကျွန်ုပ်တို့အားလွတ်လပ်ခြင်းအခွင့် –ဘုရားသခင်ထံအစေခံဖို့ ရွေးချယ်ရန်လွတ်လပ်မှု (သို့) ကိုယ်ကျိုးအတွက်သာကြည့်ခြင်း၌ အစေခံဖို့ရွေးချယ်ရန် လွတ်လပ်မှုကိုပေးသည့် ကျေးဇူးတော်တစ်ပါးတည်းမရောက်ရှိလာပါသည်။ သို့သော်၊ ဘုရားသခင်၏ခွင်းချက်မရှိသော အခမဲ့ကျေးဇူးတော်ကိုသွန်သင်ပေးခြင်းသည် ဘေးအန္တရာယ်များနိုင်သကဲ့သို့၊ ကြောက်စရာလည်းကောင်းနိုင်ပါသည်။ ခရစ်ယာန်များသည် ကျေးဇူးတော်ကိုအလွဲသုံးစားပြု၍၊ ဥပဒေပညတ်အတိုင်းလိုက်ပါလွန်းသောဝါဒီများက သတ်မှတ်ထားသည့်စည်းကို ကျော်သွားနိုင်ပါသည်။ သို့သော်၊ ၄င်းသည် သမ္မာကျမ်းစာအားကျွန်ုပ်တို့အနက်ဖွင့်ဘာသာပြန်ဆိုခြင်းကို အကျိုးယုတ်လျော့ထိခိုက်နစ်နာစေမည့် အကြောင်းရင်းမဖြစ်စေသင့်ပါ။ တမန်တော်ပေါလုသည် ကျေးဇူးတော်နှင့်စပ်လျဉ်း၍ မကောင်းသောရလဒ်များဖြစ်ပေါ်လာနိုင်သည့် အခြေအနေရှိနေလင့်ကစား၊ ထိုကျေးဇူးတော်ကိုဟောပြောခဲ့ပြီး၊ ထိုကျေးဇူးတော်ကြောင့်ပင် ပြစ်တင်ဝေဖန်ခြင်းခံခဲ့ရပါသည်။ (ရောမ ၆း၁–၁၄)

ဤအချက်နှင့်ပတ်သက်ပြီး၊ ခရစ်ယာန်တစ်ယောက်သည် ကိုယ့်ကိုယ်ကိုသိသော စိတ်မကြည်လင်ခြင်းကြောင့် ဘုရားသခင်ထံ အစေခံကောင်းခံပါလိမ့်မည်။ အချို့က အပြစ်ဒုစရိုက်ကိုဝန်ခံတောင်းပန်ခြင်းနှင့် ဘုရားသခင်၏ခွင့်လွှတ်ခြင်းကို အခမဲ့လက်ခံရရှိခြင်းသည် အလွန်လွယ်ကူသောအရာဖြစ်သည်ဟု ထင်မှတ်ကောင်းထင်မှတ်ခဲ့ကြပေမည်။ ဘုရားသခင်၏အမျက်တော်ကိုကျေနပ်စေရန်အတွက် မိမိစိတ်တွင်း၌တွေးဆမိထားသည့်ထပ်လောင်းဖြည့်စွက်လုပ်ဆောင်မှုအချို့ကိုပြုလုပ်ခြင်းသည် ဇာတိပကတိစိတ်၏ပင်ကိုစရိုက်ဖြစ်သည်။ ဤအရာသည် အာပတ်ဖြေခြင်း (သို့) ဆုတောင်းခြင်း၊ ကောင်းမှု ကုသိုလ်ပြုခြင်းတို့အားဖြင့် မိမိတို့၏အပြစ်ကို လျော့ချဖယ်ရှားခြင်းဟူသော ရိုမန်ကတ်

သလစ်အယူအဆနှင့်ဆင်တူသည်။ သို့သော်၊ ဤကဲ့သို့သော်စိတ်နေသဘောထားသည် သမ္မာကျမ်းစာရှိ ကျေးဇူးတော်ကို ဆန့်ကျင်နေပါသည်။ ကျေးဇူးတော်သည် အခမဲ့လက်ဆောင်တစ်ပါးအဖြစ် ပေးအပ်ခြင်းမခံရလျှင်၊ ၄င်းသည်ကျေးဇူးတော်မမည်ပါ။ (ရောမ ၁၁း၆) ကျွန်ုပ်တို့သည် အပြစ်ဒုစရိုက်ကိုပြုမိရာတွင် ထိုအပြစ်ဒုစရိုက်ကိုဝန်ချတောင်းပန်သောအခါ ကျွန်ုပ်တို့ကယ်တင်ခြင်းအတွက် သခင်ယေရှုခရစ်အပြီးသတ်လုပ်ဆောင်သွားခဲ့သည့်အမှုတော်တွင် ခိုနားကြပြီး၊ ၄င်းသည် မိတ်သဟာယဖွဲ့ခြင်းကို ခွင့်ပြုပေးသည့် ဆက်လက်ခွင့်လွှတ်ခံရခြင်းကိုလည်း ပေးပါသည်။ ကျွန်ုပ်တို့သည် လူတစ်ယောက်ခံစားနေရသည့် ကိုယ်ကိုသိသောစိတ်မကြည်လင်ခြင်း (လိပ်ပြာမသန့်ခြင်းစိတ်) ကိုပို၍မဆိုးဝါးသွားစေသင့်ပါ။ ထိုအစား၊ ထိုသူကိုကျေးဇူးတော်က ပေးသနားထားသည့် အပြစ်လွှတ်ခြင်းအား ပျော်မွေ့ခံစားခြင်းဆီသို့ ဦးဆောင်လမ်းပြရပါမည်။ ၈ သမ္မာတရားသည် အပြစ်လွှတ်ခြင်းကို သခင်ခရစ်တော် အပြီးသတ်လုပ်ဆောင်ခဲ့သော အမှုတော်တွင် အခြေခံထားသည့် အခမဲ့လက်ဆောင်တစ်ပါးအဖြစ် တင်ပြထားပါသည်။

အချို့သောအစေခံခြင်း၏နောက်ကွယ်တွင် အပြစ်ရှိ၍ အတ္တဆန်သောစေ့ဆော်မှုများရှိနေပါသည်။ အချို့သောခရစ်ယာန်များသည် ငွေကြေးအကျိုးအမြတ်အတွက်သော်လည်းကောင်း၊ အခြားသူများအလယ်၌အရေးပါ အရာရောက်သောသူဖြစ်ရန်အတွက်သော်လည်းကောင်း၊ အခြားသူများအပေါ်၌ဩဇာရှိရန်အတွက်လည်းကောင်း၊ မိမိ၏ဩဇာအာဏာချဲ့ထွင်ရန်အတွက်သော်လည်းကောင်း အမှုတော်ဆောင်ခဲ့ကြပါလိမ့်မည်။ လူတို့၏ချီးမွမ်းခြင်းကို ရှာကြံသောသူများ၏ သူတော်ကောင်းဟန်ဆောင်၍ပေးကမ်းစွန့်ကြဲခြင်းနှင့် ဆုတောင်းခြင်းတို့ကို သခင်ယေရှုကဖော်ထုတ်ခဲ့ပါသည်။ (မဿဲ ၆း၁–၆) ထို့အပြင်၊ လူတို့၏အသိအမှတ်ပြုခြင်းနှင့် အခွင့်အရေးများကို မြတ်နိုးသောကြောင့် ဘုရားသခင်ကိုနာခံလိုက်လျောက်သယောင်ဟန်ဆောင်ခဲ့ကြသည့် ယုဒကျမ်းတတ်ပုဂ္ဂိုလ်များကိုလည်း ပြစ်တင်ရှုံ့ချခဲ့ပါသည်။ (မာကု ၁၂း၃၈–၄၀)

ထိုသို့ဆိုလျှင် ဘုရားသခင်ထံအစေခံခြင်းနှင့် ဘုရားဝတ်၌မွေ့လျော်စွာ ရှင်သန်ခြင်းအတွက် သမ္မာကျမ်းစာနှင့်ညီညွတ်သော သင့်တင့်ကောင်းမွန်သည့် စေ့ဆော်မှုများမှာအဘယ်နည်း။ ကောင်းမြတ်ခြင်းပါရမီတရားများအားလုံးထဲမှ အမြင့်ဆုံးဖြစ်သော *ချစ်ခြင်းမေတ္တာပါရမီ* ဖြင့် ကျွန်ုပ်တို့စတင်ရပါလိမ့်မည်။ ပထမဆုံးနှင့်အကြီးမြတ်ဆုံးပညတ်ချက်မှာ ဘုရားသခင်ကိုချစ်ခြင်းနှင့်အတူ သူတစ်ပါးတို့ကိုချစ်ခြင်းဖြစ်သည် (မဿဲ ၂၂း၃၇–၃၉) ကျွန်ုပ်တို့သည် ဘုရားသခင်ကိုသော်လည်းကောင်း၊ အခြားသူများကိုသော်လည်းကောင်းချစ်သောအခါ ၄င်းတို့၏အမြင့်ဆုံးသော ကောင်းရာကောင်းကျိုးကို ရှာကြံကြပါသည်။ ကျွန်ုပ်တို့သည် ၄င်းတို့ကို စိတ်ကျေနပ်စေလိုကြသည်။ သို့သော်၊ ချစ်ခြင်းမေတ္တာသည်သာ၍ကြီးမားနက်ရှိုင်းသော အတွင်းကျကျရင်းနှီးခြင်းကို တောင့်တခြင်းတွင်လည်း ၄င်းကိုယ်ကိုဖော်ပြပါသည်။ ချစ်ခြင်း၊ နာခံမှုရှိခြင်း၊ တည်နေခြင်းတို့တွင်

တိကျသေချာသောဆက်နွယ်မှုတစ်ခုရှိသည်။ သခင်ယေရှုက ဤသို့ဆိုခဲ့သည်။

> *"ခမည်းတော်သည်ငါ့ကိုချစ်တော်မူသကဲ့သို့ ငါသည်သင်တို့ကို ချစ်၏။ ငါ၏ချစ်ခြင်းမေတ္တာ၌တည်နေကြလော့။ ငါသည်ငါ့ခမည်းတော်၏ပညတ်ကိုစောင့်ရှောက်၍ ခမည်းတော်၏မေတ္တာ၌ တည်နေသကဲ့သို့၊ သင်တို့သည်ငါ့ပညတ်ကို စောင့်ရှောက်လျှင် ငါ့မေတ္တာ၌ တည်နေကြလိမ့်မည်။" (ယောဟန် ၁၅း၉–၁၀၊ နှိုင်းယှဉ် ၁ယော ၄း၁၆)*

သခင်ယေရှုခရစ်ကို ပို၍အတွင်းကျကျသိကျွမ်းလိုခြင်းသည် ရင့်ကျက်ခြင်းဆီသို့ ရှင်ပေါလုကိုတွန်းတိုက်၍ သွားစေခဲ့သည့် တောင့်တမှုဆန္ဒဖြစ်သည်။ (ဖိလိပ္ပိ ၃း၁၀–၁၄) ဘုရားသခင်သည် ကျွန်ုပ်တို့ကိုရှေးဦးစွာချစ်တော်မူ၍ အကြီးမြတ်ဆုံးလက်ဆောင်အဖြစ်နှင့် မိမိ၏သားတော်ကိုပေးသနားခဲ့ကြောင်း ခရစ်ယာန်များကိုအသိပေးခြင်းဖြင့် ဘုရားသခင်ကိုပို၍ချစ်မြတ်နိုးကြရန် ကျွန်ုပ်တို့ခွန်အားပေးတိုက်တွန်းကြပါသည်။ (၁ယော ၄း၁၉) ဘုရားသခင်ကိုချစ်သော ဤချစ်ခြင်းသည် အလားတူလိုက်လျောညီထွေသောချစ်ခြင်းကို အခြားသူများအပေါ်၌ထားရှိစေပါသည်။ အပြန်အလှန်ဆက်စပ်မှုရှိ၍ တစ်ခုနှင့်တစ်ခုခွဲထား၍မရသောပညတ်ချက်တွင် "ထိုမှတစ်ပါးကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှချစ်လော့"ဟု သခင်ယေရှုကပြောထားသည်။ (မဿဲ ၂၂း၃၇–၃၉) သခင်ယေရှုက "ဒုတိယ" ပညတ်သည် ပထမပညတ်နှင့် သဘောချင်းတူသည်ဟုဆိုရာတွင် ကိုယ်တော်သည် အရေးကြီးမှုအဆင့်ကို မရည်ညွှန်းပါ။ ကျိုးကြောင်းဆီလျော်မှုရှိသော တစ်ခုပြီးတစ်ခုလာသည့်ဖြစ်ရပ်အစဉ်ကိုသာ ရည်ညွှန်းပါသည်။ လူတစ်ယောက်သည် အခြားသူတစ်ယောက်ကို ချစ်သောအချိန်တွင် ထိုသူသည်မိမိချစ်ရသောသူက ဂရုစိုက်အလေးထားပေးသောအရာများကိုလည်း ဂရုစိုက်အလေးထားပါလိမ့်မည်။ ဘုရားသခင်သည် လူတို့ကိုအလေးထားသောကြောင့် ဘုရားသခင်ကိုချစ်သောသူတို့သည်လည်း လူတို့ကို ချစ်ကြပါလိမ့်မည်။ အထူးသဖြင့် ဘုရားသခင်၏သားသမီးများကို ချစ်ကြပါလိမ့်မည်။ (၁ယော ၄း၂၁)

ချစ်ခြင်းမေတ္တာပြီးနောက် (သို့မဟုတ်၊ နှင့်အတူ) *ကျေးဇူးတင်သောစိတ်*သည် အစေခံခြင်းနှင့် ကောင်းသောအကျင့်ကျင့်ခြင်းအတွက် အရေးပါသောအခြားစေ့ဆော်မှုဖြစ်သည်။ ကျေးဇူးတင်သောစိတ်သည် ကျေးဇူးတော်ကို မြည်းစမ်းခံစားခြင်း၏ရလဒ်တစ်ခုဖြစ်သည်။ ရောမဩဝါဒစာအခန်းကြီး ၁–၁၁ တွင်ဖော်ပြထားသည့် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများအားလုံးကို ကျေးဇူးတင်သောအားဖြင့် ရှင်ပေါလုသည် မိမိ၏စာဖတ်ပရိတ်သတ်တို့အား ၄င်းတို့ "ပြုအပ်သောဝတ်" ဖြစ်သည့် မိမိတို့၏ကိုယ်ခန္ဓာကို အသက်ရှင်ခြင်းလက္ခဏာနှင့် ပြည့်စုံသောယဇ်အဖြစ်ပူဇော်ကြရန် တိုက်တွန်းထားပါသည်။ (ရောမ ၁၂း၁–၂) လူတို့၌ ကျေးဇူးတင်သောစိတ်ကိုဖြစ်ပေါ်စေရန် ၄င်းတို့အတွက်

ဘုရားသခင်လုပ်ဆောင်ပေးခဲ့သောအရာကို ၄င်းတို့အား ထပ်တလဲလဲအသိပေးရမည်ဖြစ်ပြီး ၄င်းတို့ပြုအပ်သည့်ပြုမူအတိုင်း ၄င်းတို့ကိုတုန့်ပြန်စေရပါမည်။

ထာဝရထူးခြားအရေးပါမှု (သို့) ဘုရားသခင်၏အစဉ်ထာဝရတည်သော ရည်ရွယ်ချက်ကိုဖြည့်ဆည်းရန် တောင့်တမှုသည် ခရစ်ယာန်အတွက်အရေးပါသော အခြားစေ့ဆော်မှုတစ်ခုဖြစ်သည်။ ကယ်တင်ခြင်းဆိုသည်မှာ လုံခြုံစိတ်ချခြင်းသက်သာမဟုတ်ပါ။ ၄င်းသည် အခွင့်အရေးတစ်ခုလည်းဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာနှင့်ယှဉ်၍ ယနေ့၌ပြုလုပ်လိုက်သောအရာသည် မနက်ဖြန် (ထာဝရကာလ) အတွက်အရေးပါသည်။ ကျွန်ုပ်တို့လေ့လာဆွေးနွေးခဲ့ကြသည့် ပုံဥပမာအချို့က သစ္စာရှိသောသူများကို စောင့်စားနေသည့် နိုင်ငံတော်ရှိအခန်းကဏ္ဍများအကြောင်းကို သွန်သင်ပေးထားကြသည်။ သို့သော်၊ ဘုရားသခင်ကို သစ္စာရှိစွာဖြင့် အလုပ်အကျွေးပြုခြင်းသည် ယခုမျက်မှောက်အသက်တာ၌လည်း ထူးခြားအရေးပါမှုကို ဆောင်ယူလာပေးပါသည်။ သခင်ယေရှုခရစ်က ရှင်ပေတရုအား ငါးကိုသာမျှားသောအသက်တာမှ လူကိုမျှားသောအသက်တာဆီသို့ ဆင့်ခေါ်ခဲ့ချိန်တွင် ကိုယ်တော်သည် ရှင်ပေတရု၏အသိတရား၌ ထာဝရအရေးပါမှုကို ဖျောင်းဖျပေးခဲ့ပါသည်။ (လုကာ ၅း၁၀) မိမိတို့၏အသက်တာကို အဓွန့်ရှည်တည်တံ့သော (သို့) ထာဝရတည်သောတန်ဖိုးရှိသည့်အရာတွင် ရင်းနှီးမြုပ်နှံရန် လူအများစု၌အားကြီးသောပြင်းပြသည့် ဆန္ဒတစ်ခုရှိထားကြသည်။ ယခုမျက်မှောက်အသက်တာကို ထာဝရတည်သော အရေးပါမှုနှင့်တန်ဆာဆင်နိုင်ပါသည်။ ထို့သို့အားဖြင့်၊ သခင်ယေရှုအတွက် မိမိအသက်ကိုရှုံးသော ခရစ်ယာန်များသည် မိမိတို့၏စစ်မှန်သောအသက်ကို ကယ်တင်ပေးမည် (သို့) ရှာတွေ့မည်ဖြစ်သည်။ (မဿဲ ၁၀း၃၈–၃၉၊ ၁၆း၂၄– ၂၇၊ မာကု ၈း၃၄–၃၈၊ လုကာ ၉း၂၃–၂၆၊ ယောဟန် ၁၂း၂၄–၂၆)။ ဤအရာသည် ထာဝရကယ်တင်ခြင်းကို မရည်ညွှန်းပါ။ ဘုရားသခင်၏ ထာဝရတည်သောရည်ရွယ်ချက်ကို ပျော်မွေ့ခြင်းမှရောက်ရှိလာသည့် တစ်ဦးတစ်ယောက်၏ပဓာနကျသော အသက်တာကို ထိန်းသိမ်းထားရှိခြင်း (သို့) ဖြည့်ဆည်းပြည့်စုံစေခြင်းကို ရည်ညွှန်းပါသည်။ ရည်ရွယ်ချက်သည် သစ္စာရှိခြင်း၊ နာခံခြင်း၊ အစေခံခြင်းတို့အပေါ်တွင်မူတည်သောကြောင့် ၎င်းသည်ယုံကြည်သူများကို ကောင်းမြတ်ခြင်းပါရမီများဆီသို့ စေ့ဆော်ပေးပါသည်။

*ဆုလာဘ်များ*သည် အစဉ်ထာဝရအရေးပါမှုနှင့် အလားတူသော စေ့ဆော်မှုတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ လေ့လာခဲ့ကြသည့် ကျမ်းချက်များစွာက ဤအသက်တာ၌လည်းကောင်း၊ ထာဝရကာလ၌လည်းကောင်း၊ ပေးအပ်ချီးမြှင့်မည့်ဆုလာဘ်များအကြောင်းကို ပြောပြထားကြပါသည်။ ထို့ကြောင့်၊ အကျယ်တဝင့်ရှင်းပြသွားမည်မဟုတ်ပါ။ ခရစ်တော်၏တရားပလ္လင်သည် ဓမ္မသစ်ကျမ်းတွင် အဓိကကျသော အာဘော်တစ်ခုဖြစ်ပြီး၊ ၎င်းသည် **က** သမ္မာတရား တရားစီရင်ခြင်းကို **ခ** သမ္မာတရားတရားစီရင်ခြင်းမှ မှန်မှန်ကန်ကန်ခွဲခြားသောအခါတွင် ပေါ်ထွက်လာခြင်းဖြစ်ကြောင်းကို ယခု

တွင် သင်သိသင့်နေပြီဖြစ်သည်။ ထိုတရားစီရင်ခြင်း၌ အပြုသဘောဆောင်သည့် ဆုလာဘ်ကို မျှော်လင့်ထားခြင်းနှင့်အတူ ဆုလာဘ်များကို ဆုံးရှုံးရမည့်မျှော်လင့်ချက်လည်းရှိလာပါသည်။ ဆုလာဘ်များကိုရရှိခြင်းသည် အပြုသဘောဆောင်သော စေ့ဆော်မှုဖြစ်လျှင် ၎င်းတို့ကိုဆုံးရှုံးရခြင်းသည် အပျက်သဘောဆောင်သော စေ့ဆော်မှုတစ်ခုဖြစ်ပါလိမ့်မည်။ ယုံကြည်သူများသည် ထိုအရာနှစ်ခုလုံးကို အမှတ်ရနေရပါမည်။ တစ်ခါတစ်ရံတွင် ဆုလာဘ်များကို သတ်သတ်မှတ်မှတ်ဖော်ပြထားခြင်းမရှိသော်လည်း ၎င်းတို့သည် ဘုရားပေးဆုလာဘ်များဖြစ်ကြသောကြောင့် ဘုရားသခင်အတွက်လည်းကောင်း၊ ဘုရားသခင်၏သားသမီးများအတွက်လည်းကောင်း ကောင်းမြတ်သောအရာများဖြစ်ကြသည်ဟု သိရှိထားခြင်းက လုံလောက်နေပါသည်။ ဆုလာဘ်များထံမှရောက်လာသည့် အမြင့်မားဆုံးစေ့ဆော်မှုမှာ အနာဂတ်တစ်ချိန်တွင် ထိုဆုလာဘ်များကို ကယ်တင်ရှင်အားကိုးကွယ်ခြင်းအပြည့်နှင့်တကွ ပြန်လည်ဆက်သရခြင်းသည့် အခွင့်အရေးဖြစ်ဖွယ်ထင်ရသည်။ (ဗျာဒိတ် ၄း၁၀)

*တာဝန်ဝတ္တရား*သည်လည်း သမ္မာကျမ်းစာ၌တွေ့ရသည့် စေ့ဆော်မှုတစ်ခုဖြစ်သည်။ တစ်ခါတစ်ရံ ဘုရားသခင်ကို ချစ်ခြင်းနှင့်ကျေးဇူးတင်စိတ်ရှိခြင်းတို့ အားနည်းကျဆင်းနေချိန်တွင် တာဝန်ဝတ္တရားကလူတစ်ယောက်ကို သင့်တင့်မှန်ကန်သောအရာများအားလုပ်ဆောင်ဖို့ တွန်းအားပေးပါသည်။ အကြောင်းမှာ၊ ၎င်းတို့သည် မိမိတို့၏ဆက်ကပ်အပ်နှံမှု၊ လုပ်ဆောင်ရန်ဝတ္တရားရှိမှုများက မျှော်လင့်ထားသည့်အတိုင်း လုပ်ဆောင်ရန် ပြင်းထန်သောစေ့ဆော်မှုတစ်ခုကို ရှိထားကြသောကြောင့်ဖြစ်သည်။ သခင်ယေရှုသည်လည်း တာဝန်ရှိစိတ်နှင့် ရည်ရွယ်ချက်တို့၏စေ့ဆော်ခြင်းကို ခံရပါသည်။ မိမိ၏တရားဟောပြောခြင်းအမှုတော်မှလမ်းလွဲသွားရန် စုံစမ်းနှောင့်ယှက်ခြင်းခံခဲ့ရသောအချိန်တွင် “ဤရည်ရွယ်ချက်အတွက် ငါကြွလာခဲ့ခြင်းဖြစ်သောကြောင့် ” မိမိမလျော့တမ်းလုပ်ဆောင်ခဲ့မည်ဖြစ်ကြောင်း ကိုယ်တော်ရှင်ကရှင်းပြခဲ့ပါသည်။ (မာကု ၁း၃၈) ခမည်းတော်၏ရည်ရွယ်ချက်ကိုဖြည့်ဆည်းရန် ကားတိုင်ပေါ်၌လည်း ကိုယ်တော်အသေခံခဲ့ပါသည်။ (ယောဟန် ၁၂း၂၇) ထိုသို့အားဖြင့်၊ မိမိအသက်တာ၏အဆုံးတွင် “အကျွန်ုပ်ဆောင်ရွက်စရာဖို့ အကျွန်ုပ်၌အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ” ဟု ခမည်းတော်ထံ၌ ပြောဆိုခဲ့ပါသည်။ (ယောဟန် ၁၇း၄) အလားတူပင်၊ ယုံကြည်သူတစ်ယောက်သည် သတ်သတ်မှတ်မှတ်ရှိသော သာသနာလုပ်ငန်းတစ်ခုကို လုပ်ဆောင်ရန် ဘုရားသခင်၏ဆင့်ခေါ်ခြင်းကို သိရှိမှတ်မိနိုင်၍ ၎င်းကိုဖြည့်ဆည်းရန် လိုချင်တောင့်တနိုင်ပါသည်။ တမန်တော်ပေါလုသည်လည်း တပါးအမျိုးတို့ထံ စေလွှတ်ခံရသည့်တမန်တော်ဖြစ်လာရန် ဆင့်ခေါ်ခံရခြင်းအားဖြင့် အလွန်စေ့ဆော်ခြင်းကိုခံခဲ့ရပြီး သခင်ဘုရားအတွက်ဖြစ်သော မိမိ၏သာသနာလုပ်ငန်းကို အဆုံးတိုင်လုပ်ဆောင်ဖို့ ဤဆင့်ခေါ်ခြင်း၏ဆက်လက်၍ စေ့ဆော်ခြင်းကိုခံခဲ့ရပါသည်။ (၁တိ ၁း၁၊ ၂း၇၊ ၂တိ ၁း၁၁၊ ၄း၇ ;

တမန်တော် ၂၀း၂၄) မိမိတို့၏ တာဝန်ကိုလုပ်ဆောင်ခြင်းတွင် သစ္စာရှိခြင်းလိုအပ်ပါသည်။ တာဝန်ကိုလုပ်ဆောင်ရာတွင် သစ္စာရှိခြင်းကို သခင်ယေရှုကမိန့်မှာခဲ့သကဲ့သို့ (မဿဲ ၂၄း၄၅၊ ၂၅း၂၃၊ လုကာ ၁၆း၁၀–၁၂)၊ ရှင်ပေါလုကလည်းမိန့်မှာခဲ့ပါသည်။ (၈ဖက် ၆း၂၁၊ ကောလော သဲ ၁း၇၊ ၄း၇၊၉) ဘုရားသခင်သည် ထိုသို့သောအရာများကို မျှော်လင့်ထား၍ မိမိတို့ပြုလုပ်ထားသည့်ဆက်ကပ်အပ်နှံမှုကိုဖြည့်ဆည်းကြရန် သခင်ယေရှုခရစ်၏ တပည့်တော်များကို အသိပေးခြင်းသည် ကောင်းသောအရာဖြစ်သည်။

*ကြောက်ရွံ့ခြင်း*သည် မရင့်ကျက်သေးသောချစ်ခြင်း (သို့) မဖွံ့ဖြိုးသေးသော ချစ်ခြင်းမှရောက်ရှိလာသောကြောင့် ၎င်းသည် စေ့ဆော်မှုများအနက်မှ ရင့်ကျက်မှုအနည်းဆုံးစေ့ဆော်မှုဖြစ်ကောင်းဖြစ်နိုင်ပါသော်လည်း၊ ၎င်းသည် ဘုရားဝတ်၌မွေ့လျော်ခြင်းဆီသို့စေ့ဆော်ပေးသည့် သမ္မာကျမ်းစာနှင့်လည်းညီညွတ်၍ နောက်ဆုံးစေ့ဆော်မှုလည်းဖြစ်သည်။(၁ယော၊ ၄း၁၈၊ နှိုင်းယှဉ် ၁ပေ ၁း၁၇) ခရစ်ယာန်များသည် ဤဘဝဤအသက်တာတွင်း ဘုရားသခင်၏ စည်းကမ်းဥပဒေနှင့် (သို့မဟုတ်) ခရစ်တော်၏ တရားပလွှင့်၌ ၎င်းတို့၏ အကျင့်နှင့်ရည်ရွယ်ရင်းတို့အား အပျက်သဘောဆောင်သော ချင့်ချိန်ဆုံးဖြတ်ခံရခြင်းတို့ကို ကြောက်ရွံ့နိုင်ပါသည်။ ခွန်အားပေးတိုက်တွန်းခြင်း၊ ဆုံးမလမ်းညွှန်ခြင်းစကားလုံးများနှင့် ထာဝရအရေးပါအရာရောက်မှုဟူသော မျှော်လင့်ချက်တို့အလယ်တွင် ဟေဗြဲဩဂဒစာကို ပြုစုရေးသားသူသည် သခင်ခရစ်တော်၏သမ္မာတရားကို ကျော်ခိုင်းစွန့်ပစ်သော (သို့) မိမိတို့၏ဝိညာဉ်ရေးကြီးထွား မှုကိုလျစ်လျူရှုသော ယုံကြည်သူများအပေါ်၌ရောက်ရှိလာနိုင်သည့် ကြောက်မက်ဖွယ်အကျိုးဆက်များကို ရှိထားကြသည့် သတိပေးချက်များကို အသုံးပြုထားပါသည်။ ဤအရာသည် အပယ်ငရဲကိုကြောက်ရွံ့ခြင်း (**က** သမ္မာတရား) မဟုတ်ပါ။ ဘုရားသခင်စည်းကမ်းဥပဒေကိုကြောက်ရွံ့ခြင်း (**ခ** သမ္မာတရား) ဖြစ်သည်။

ဤစေ့ဆော်မှုများကို အကျဉ်းချုပ်ရာတွင် အောက်ပါပုံဆောင်ပြသခြင်းသည် သင့်အတွက် အသုံးဝင်ကောင်း ဝင်ပေမည်။

- ချစ်ခြင်း – ကိုးနှစ်အရွယ် Ashley သည် သူမ၏မိဘများကိုချစ်၍ ၎င်းတို့ကို စိတ်ကျေနပ်စေလိုသောကြောင့် သူမ၏အရုပ်များကို ကောက်ယူလိုက်ပါသည်။
- ကျေးဇူးတင်စိတ် – Ashley သည် သူမ၏မိဘများက သူမအတွက်လုပ်ဆောင်ပေးခဲ့သောအရာများအားလုံးကို သဘောပေါက်နားလည်၍ ၎င်းတို့ထံ၌ သူမ၏ကျေးဇူးတင်ခြင်းကိုပြသလိုသောကြောင့် သူ၏အရုပ်များကိုကောက်ခြင်းဖြစ်သည်။
- ထာဝရအရေးပါအရာရောက်မှု – Ashley သည် မိသားစု

အတွင်းမှ သူမ၏အရေးပါအရာရောက်မှုနှင့် ထိုအရာက အနာဂတ်တွင် သူမအတွက်ပို၍ ထူးကဲသောအခန်းကဏ္ဍာတစ်ခုအား ယူဆောင်ကောင်းယူဆောင်လာပေးမည်ကို သဘောပေါက်နားလည်ထားသောကြောင့် သူမ၏ အရုပ်များကို ကောက်ယူခြင်းဖြစ်သည်။

- ဆုလာဘ် – အရုပ်များကိုကောက်ပြီးလျှင် ဒိန်ချဉ်ရေခဲမုန့် ဝယ်ကျွေးမည်ဟု သူမ၏မိဘများက ကတိပေးသောကြောင့် Ashley သည် သူမ၏အရုပ်များကို ကောက်ယူခြင်းဖြစ်သည်။
- ကြောက်ရွံ့ခြင်း – အရုပ်များကို မကောက်ယူလျှင် သူငယ်ချင်း၏မွေးနေ့ပွဲကို သွားခွင့်မပြုဟု မိဘများက ခြိမ်းခြောက်နေသောကြောင့် Ashley သည် သူမ၏အရုပ်များကို ကောက်ယူခြင်းဖြစ်သည်။

အချို့သောစေ့ဆော်မှုများသည် အခြားစေ့ဆော်မှုများထက်ပို၍ အသိအမှတ်ပြုထိုက်ကြသည်မှာ ထင်ရှားသိသာနေပါသော်လည်း၊ စေ့ဆော်မှုအားလုံးသည် သင့်တင့်မှန်ကန်သောလုပ်ဆောင်ချက်များကို ဖော်ဆောင်ပေးနိုင်ကြပါသည်။

ဘုရားဝတ်၌မွေ့လျော်ခြင်းအတွက် ဤစေ့ဆော်မှုများကို အဘယ်ကြောင့် ကျွန်ုပ်တို့ဆွေးနွေးကြပါသနည်း။ အကြောင်းမှာ၊ ခရစ်ယာန်လုပ်ဆောင်မှုနှင့်စပ်ဆိုင်သော **ခ** သမ္မာတရားကို ကယ်တင်ခြင်းနှင့်စပ်ဆိုင်သော **က** သမ္မာတရားအဖြစ် အနက်ဖွင့်ဘာသာပြန်ဆိုသောအခါတွင် ကျွန်ုပ်တို့သည် စစ်မှန်သောခရစ်ယာန်များဖြစ်ကြောင်းကို သက်သေပြန်ရန် ကျွန်ုပ်တို့ကိုစိတ်ခါတ်လှုံ့ဆော်တွန်းအားပေးသောအရာသည် လုပ်ဆောင်ရမည်ဟူသော အသွင်ကိုဆောင်လာနိုင်သည်။ (အဖြစ်နိုင်သောအရာဟု ကျွန်ုပ်တို့ပြောဆိုခဲ့သောအရာ) ထိုအမှားသည် သံသယဖြစ်ခြင်း၊ စိုးရိမ်ကြောက်ရွံ့ခြင်း၊ လိပ်ပြာမလုံခြင်းတို့အတွက်လမ်းကိုဖောက်ပေးပြီး၊ ဥပဒေပညတ်အတိုင်းလိုက်ပါလွန်းခြင်းဝါဒကို ခရစ်ယာန်တစ်ယောက်၏အသက်တာအား တွန်းပို့မောင်းနှင်သောအရာ ဖြစ်လာစေပါသည်။ ဤအရာများသည် စစ်မှန်သောဘုရားဝတ်၌မွေ့လျော်ခြင်းကို လုံးလုံးဖော်ဆောင် ပေးနိုင်ကြမည်မဟုတ်ပါ။ လူတို့ကိုဝိညာဉ်ရေးကြီးထွားခြင်း၌ မပြင်ဆင်ပေးနိုင်သကဲ့သို့၊ အရှက်တရားရပြီး အလိုတော်နှင့်ညီသော အစေခံခြင်းကို မလုပ်ဆောင်စေနိုင်ပါ။ ထို့အပြင် သခင်ခရစ်တော်နှင့်သဏ္ဌာန်တူသော ရင့်ကျက်ခြင်းအတွက် မခြိမ်းခြောက်နိုင်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုချစ်ခြင်း၊ ဘုရားသခင်ကလုပ်ဆောင်ပြီးသွားခဲ့သော အရာများအားလုံးအတွက် ကိုယ်တော်အပေါ်၌ ကျေးဇူးတင်စိတ်ရှိခြင်းစသည့် အမြင့်ဆုံးသောအရင်းခံအကြောင်းများဖြင့် အခြားသူများကို ဘုရားဝတ်၌မွေ့လျော်သောအသက်တာနှင့်

အစေခံခြင်းတို့ဆီသို့ စေ့ဆော်ပေးရန်သင်ယူကြရပါမည်။ မိမိ၏ကျေးဇူးတော်အားဖြင့် ဘုရားသခင်က ကျွန်ုပ်တို့၌ပေးသနားထားသည့်အရာများအားလုံးကို အချင်းချင်းတစ်ယောက်နှင့် တစ်ယောက်အမြဲမပြတ်အသိပေးကြရပါမည်။ ရင့်ကျက်ခြင်းဆီသို့ ဆွဲယူသိမ်းသွင်းခံရသော နှလုံးသားမှလှိုက်လှိုက်လဲ့လဲ့ခံစားရသည့် စေ့ဆော်မှုများမရှိလျှင် ယုံကြည်သူတို့၏အသက်တာရှိ တပည့်တော်ဖြစ်ခြင်း စည်းကမ်းဥပဒေများမှာ မှေးမိန်ပျောက်ကွယ်သွားပါလိမ့်မည်။ ဤခြားနားချက်များနှင့် ထွက်ပေါ်လာသောစိတ်ဓာတ်လှုံ့ဆော်မှုများသည် **က** သမ္မတရားနှင့် **ခ** သမ္မတရားကို ကောင်းမွန်စွာ ထိုးထွင်းသိမြင်ခြင်းမှ ရောက်ရှိလာကြပါသည်။

လွတ်လပ်ခွင့်အားအလွဲသုံးစားပြုခြင်းကိုကျွန်ုပ်တို့ဟန့်တားပုံ
(How we discourage License)

ကျေးဇူးတော်နှင့်ယှဉ်သောဧဝံဂေလိတရားသည် ယုံကြည်သူ၏ထာဝရလုံခြုံရေးကို အာမခံပေးသည့် ယုံကြည်ခြင်းသက်သက်မှတစ်ပါး အခြားအခြေအနေ သတ်မှတ်ချက်များနှင့် လွတ်ကင်းသည်ဟူ၍ သွန်သင်ပေးရာရောက်သောနည်းလမ်းဖြင့် **က** သမ္မာတရားနှင့် **ခ** သမ္မာတရားကို ကျွန်ုပ်တို့ခွဲခြားသောအခါ အပြစ်ဒုစရိုက်ကို အားပေးအားမြှောက်ပြု (လိုင်စင်ထုတ်ပေး) နေသည်ဟု မလွဲဧကန်စွပ်စွဲကြပါလိမ့်မည်။ အမှန်ဆိုရလျှင်၊ သင်သည် ဤစွပ်စွဲချက်နှင့်မဆုံဆည်းမကြုံတွေ့ရသေးလျှင်၊ သင်သည် ကျေးဇူးတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို မဟောပြောခဲ့သောကြောင့် ဖြစ်နိုင်ပေလိမ့်မည်။ တမန်တော်ပေါလုသည် ဤစွပ်စွဲချက်ကို ရင်ဆိုင်ခဲ့ရပါသည်။ (ရောမ ၆း၁၊၁၅) သို့သော်လည်း၊ ရှင်ပေါလုသည် ထိုစွပ်စွဲချက်ကို မိမိ၏ဧဝံဂေလိတရားအား အလျော့ပေးအထိခိုက်ခံခြင်းမရှိဘဲ တုန့်ပြန်ခဲ့ပါသည်။

ခရစ်ယာန်များသည် ဓမ္မဟောင်းပညတ်တရားဆီသို့ပြန်မသွားဘဲ၊ လွတ်လပ်ခွင့်ကို အလွဲသုံးစားပြုခြင်းကို ဟန့်တားနိုင်ကြောင်း ရှင်ပေါလုက သွန်သင်ပေးခဲ့ပါသည်။ ဓမ္မသစ်ယုံကြည်သူများသည် "ပညတ်တရားလက်၌မရှိ" ကြပါ။(ရောမ ၁၀း၄၊ ၈ လာတိ ၃း၁၉–၂၅) ကျွန်ုပ်တို့သည် ထာဝရကယ်တင်ခြင်းရရှိရန်အတွက်သော်လည်းကောင်း၊ ခရစ်ယာန်အသက်တာကို ရှင်သန်ရန်အတွက်လည်းကောင်း ထိုပညတ်တရား၏တောင်းဆိုထားချက်များကို ဖြည့်ဆည်း ရန်မလိုအပ်တော့ပါ။ သို့သော်၊ ဤသို့ပြောဆိုခြင်းဖြင့် ပညတ်ချက်များမရှိတော့ဟု ကျွန်ုပ်တို့မဆိုလိုပါ။ ဓမ္မသစ်ကျမ်းသည် ခရစ်ယာန်များအတွက် အပြုအမူအနေထိုင်နှင့်ဆိုင်သော ကျင့်ဝတ်စည်းကမ်းအသစ်ကြောင်းကိုပြောပြထားပြီး၊ ၎င်းသည် သခင်ခရစ်တော်၏ပညတ်တရားဖြစ်၍ ဓမ္မဟောင်းမှပညတ်ချက်အချို့နှင့် ဆင်တူသည်။ (၁ ကော၊ ၉း၂၁၊ ဂလာတိ ၆း၂) သို့သော်၊ ဓမ္မဟောင်းပညတ်တရားနှင့်မတူသောအချက်မှာ ဤပညတ်တရားသည် "လွတ်ခြင်းနှင့်စပ်

ဆိုင်၍စုံလင်သောတရား” (ယာကုပ် ၁း ၂၅၊ ၂း ၁၂) ဖြစ်ပြီး၊ ကျွန်ုပ်တို့၏နှလုံးသားထဲ၌ ရေးသားထားပါသည်။ (ဟေဗြဲ ၈း ၁၀) ပညတ်တရားမရှိခြင်းသည် ဓမ္မဟောင်းနှင့် ဓမ္မသစ်နှစ်ကျမ်းလုံးမှပညတ်ချက်များအားလုံးကို ငြင်းပယ်သောသူနှင့်သာ သက်ဆိုင်ပါသည်။

ကျေးဇူးတော်အောက်ရှိ အသက်တာတစ်ခုခု လွတ်လပ်ခွင့်အား အလွဲသုံးစားပြုခြင်းကိုဟန့်တားရန်၊ ယုံကြည်ခြင်းအားဖြင့်အသက်ရှင်ခြင်းနှင့် ဝိညာဉ်ပကတိအတိုင်းကျင့်ခြင်းကို ကျွန်ုပ်တို့သွန်သင်ပေးကြပါသည်။ (ဂလာတိ ၅း ၁၆– ၂၅) ဝိညာဉ်ပကတိအတိုင်း ကျွန်ုပ်တို့ကျင့်ကြံကြသည်နှင့်အမျှ ကျွန်ုပ်တို့သည်သခင်ခရစ်တော်၏ ပညတ်တရားကိုလည်းကောင်း၊ ပညတ်တရား၏ဖြောင့်မတ်သော တောင်းဆိုပြဋ္ဌာန်းချက်များကိုလည်းကောင်း ဖြည့်ဆည်းပြည့်စုံစေကြပါသည်။ (ဧရာမ ၈း ၁– ၁၁) ဝိညာဉ်ပကတိအတိုင်းကျင့်ကြံခြင်း၏ပထမဆုံးအကျိုးမှာ ချစ်ခြင်းဖြစ်သည်။ (ဂလာတိ ၅း ၂၂) ဘုရားသခင်နှင့်အခြားသူတို့ကိုချစ်သောသူများသည် ပညတ်တရား၏အနှစ်သာရကို ဖြည့်ဆည်းပြည့်စုံစေကြပါသည်။ (ဂလာတိ ၅း ၁၄)

၈ဝံဂေလိတရားကို **ခ** သမ္မာတရားလုပ်ဆောင်ချက်ထဲမှ လွတ်လွတ်ကင်းကင်းထားရှိခြင်းကလည်း လွတ်လပ်ခွင့်အား အလွဲသုံးစားပြုခြင်းကို ဟန့်တားပေးပါသည်။ အကြောင်းမှာ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဘက်မှဖြည့်ဆည်း လုပ်ဆောင်သောအရာများကြောင့်မဟုတ်၊ ကျေးဇူးတောင်သက်သက်ကြောင့် ကယ်တင်ခြင်းခံကြရလျှင် ဘုရားသခင်က ကျွန်ုပ်တို့အတွက်ပြီးမြောက်စေခဲ့၍ ကျွန်ုပ်တို့အတွက်စီစဉ်ထားရှိပေးထားသောအရာအတွက် ပို၍နက်နဲသောကျေးဇူးတင်စိတ်ကို ခံစားသင့်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကိုကြုံတွေ့ခံစားရခြင်းနှင့် သဘောပေါက်နားလည်ခြင်းတို့သည် ဘုရားသခင်ပေးသနားတော်မူသည့် မထိုက်မတန်အခမဲ့ရရှိသောလက်ဆောင်အတွက် ကိုးကွယ်ဆည်းကပ်ခြင်းစိတ်နှလုံးနှင့် အသက်တာကိုလည်းကောင်း၊ ဘုရားသခင်အား ကျေးဇူးတင်စိတ်ကိုလည်းကောင်း ဖြစ်ပေါ်စေရပါမည်။ (ဧရာမ ၁၂း ၁– ၂၊ ဧဖက် ၄း ၁) နက်နက်နဲနဲကျေးဇူးသိတတ်သောစိတ်သည် ဘုရားသခင်ကိုစိတ်အ နှောက်အယှက်ဖြစ်စေမည်မဟုတ်ပါ။

လွတ်လပ်ခွင့်အား အလွဲသုံးစားပြုခြင်းကိုရှောင်ကျဉ်ရန် အခြားစိတ်ခါတ်နှိုးဆောင်တိုက်တွန်းပေးသောအရာမှာ (က) သမ္မာတရားနှင့် (ခ) သမ္မတရားကိုခွဲခြားသိမြင်ခြင်းမှရောက်လာသည့် ကနဦး၌ကျွန်ုပ်တို့ဆွေးနွေးခဲ့ကြသည့်အာဘော်ဖြစ်သည်။ ၄င်းမှာ ခရစ်တော်၏တရားပလ္လင်တွင် မိမိတို့၏အသက်တာနှင့်စပ်လျဉ်း၍ ရှင်းလင်း ချက်များကိုတင်ပြရမည်ဖြစ်ပြီး၊ အပြုသဘောဆောင်သောအကျိုးဆက်များနှင့် အပျက်သဘောဆောင်သောအကျိုးဆက်များရှိလာမည့်အကြောင်းကို သွန်သင်ပေးကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သေဆုံးပြီးနောက် (သို့) အသင်းတော်အတွက် သခင်ခရစ်တော်ပြန်လည်ကြွ

ဆင်းလာပြီးနောက်တွင် ထာဝရကာလအထိတိုင် အကျိုးဆက်များကိုဖြစ်စေမည့် အမှား အမှန်အတွက် ဤဆုံးဖြတ်ချက်ချမှတ်ခြင်းကို ကျွန်ုပ်တို့တစ်ယောက်ချင်း ရင်ဆိုင်ကြရပါလိမ့်မည်။ (ရောမ ၁၄း ၁၀– ၁၂၊ ၁ကော ၃း ၁၁– ၁၅၊ ၂ကော ၅း ၁၀) ယခုပစ္စုပ္ပန်မှ ကျွန်ုပ်တို့၏ပြုမူနေထိုင်ပုံများသည် ထာဝရအထိတိုင် အကျိုးဆက်ရှိစေမည့်ဆုလာဘ်များ (သို့) ဆုလာဘ်များကို ငြင်းပယ်ခံရခြင်းများနှင့်စပ်ဆိုင်နေကြောင်းကို သိရှိထားခြင်းသည် ဘုရားဝတ်၌မွေ့လျော်သော အသက်တာကိုရှင်သန်ရန် ကျွန်ုပ်တို့ကို စေ့ဆော်ပေးရပါမည်။

လွတ်လပ်ခွင့်အားအလွဲသုံးစားပြုခြင်းကို ရှောင်ကြဉ်ရန်အတွက် စိတ်ဓာတ်နှိုးဆော်တိုက်တွန်းပေးသောအခြားအရာမှာ ထိုအပြစ်ဒုစရိုက်မှဆောင်ယူလာနိုင်သည့် ယခုပစ္စုပ္ပန်အကျိုးဆက်များဖြစ်သည်။ ကယ်တင်ခြင်းနှင့်စပ်ဆိုင်သော သမ္မာတရားကို ခရစ်ယာန်အသက်တာနှင့်စပ်ဆိုင်သော သမ္မာတရားမှ ခွဲခြားသိမြင်ရန် ကျွန်ုပ်တို့ သင်ယူသောအခါ ဘုရားသခင်၏စည်းကမ်းဖြင့်ကြပ်မတ်ခြင်းအကြောင်း သမ္မာကျမ်းစာမှ သွန်သင်ချက်များကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိရပါသည်။ အပြစ်ဒုစရိုက်ကိုပြုသော ယုံကြည်သူများသည် ထာဝရပြစ်ဒဏ်ခတ်ခံရခြင်းကို မရင်ဆိုင်ရသော်လည်း ဘုရားသခင်၏စည်းကမ်းဖြင့် ကြပ်မတ်ဆုံးမခြင်းကို ရင်ဆိုင်ရပါသည်။ ကောင်းမြတ်၍ ကြင်နာတတ်သော ဖခင်တစ်ဦးပမာ၊ ဘုရားသခင်သည် မိမိ၏သားသမီးများအား စည်းလွတ်ဘောင်လွတ် ဖြစ်ခွင့်ပေးမည်မဟုတ်ပါ။ (ဟေဗြဲ ၁၂း၅–၁၁) ဘုရားသခင်၏ပြင်းပြင်းထန်ထန် ဒဏ်ခတ်ဆုံးမခြင်းသည် မရေမတွက်နိုင်သော ပုံသဏ္ဌာန်များဖြင့်ရှိနေနိုင်ပြီး၊ စိတ်ဓါတ်ကျဆင်းခြင်း၊ ဖျားနာခြင်း၊ ငွေကြေးဆုံးရှုံးခြင်းမှစ၍ ရုပ်ခန္ဓာသေဆုံးရခြင်းစသည်တို့ ပါဝင်ပါသည်။ (ယောကုပ် ၅း၂၀ နှင့် ၁ ယော ၅း၁၆ ရှိ သေမှုကိုထိုက်သောအပြစ်)။

ဤအရာနှင့်ဆက်စပ်နေသောအရာမှာ အပြစ်ကျူးလွန်နေသော ယုံကြည်သူများအတွက် အသင်းတော်၏ စည်းကမ်းဥပဒေအကြောင်း သမ္မာကျမ်းစာ၏သွန်သင်ချက် ဖြစ်သည်။ အသင်းတော်ကိုယ်ထည်တွင် အပြစ်ဒုစရိုက်ကို လျစ်လျူရှုမထားသင့်ပါ။ သင့်တင့်လျောက်ပတ်စွာ ကိုင်တွယ်ဖြေရှင်းရပါမည်။ ဤအရာသည် ဘုရားသခင်က မိမိ၏ စည်းကမ်းဖြင့်ကြပ်မတ်ဆုံးမခြင်းကို လက်တွေ့ကျင့်သုံးနိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ မဿဲ ၁၆း၁၅–၂၀ က အသင်းတော်၏စည်းကမ်းဥပဒေနှင့် စပ်လျဉ်းသော သမ္မာတရားများကို သွန်သင်ပေးထားပါသည်။

- အသင်းတော်၏ စည်းကမ်းဥပဒေဖြင့် အရေးယူခြင်းသည် နောင်တမရသောအပြစ်သားကို လုပ်ဆောင်ချက်တစ်ခုမှ တစ်ခုသို့ပြောင်း၍ တဖြည်းဖြည်းကြီးထွာလာသည့် ထိပ်တိုက်ရင်ဆိုင်ခြင်းဖြင့် ကိုင်တွယ်ခြင်းဖြစ်သည်။ (၎ယ် ၁၅–၁၇)
- ဤသို့လုပ်ဆောင်ခြင်း၏ရည်ရွယ်ချက်မှာ အပြစ်ကျူးလွန်နေသော ခရစ်ယာန်ကို မူလအခြေအနေ၌ ပြန်လည်မွမ်းမံထားရှိ

ရန်ဖြစ်သည်။ (ငယ် ၁၅၁)

- အသင်းတော်သည် ဘုရားသခင်၏ကိုယ်စားလုပ်ဆောင်နေခြင်းဖြစ်သည်။ (ငယ် ၁၈–၂၀)။

အပြစ်ကျူးလွန်နေသော အပြစ်သားနှင့်စပ်လျဉ်း၍ ၎င်းသည်ကယ်တင်ခြင်းမခံရပါဟူသော **က** သမ္မာတရားအနက်ဖွင့်ဘာသာပြန်ဆိုချက်ကို အမှန်အဖြစ်ယူဆလျှင် အသင်းတော်၏စည်းကမ်းဥပဒေကျင့်သုံးခြင်းမှာ အဓိပ္ပါယ်အနည်းငယ်သာရှိနေပါသည်။ ထိုသို့ကယ်တင်ခြင်းမခံရသောအခြေအနေတွင် ထိုသူကိုအသင်းတော်၏စည်းကမ်းဥပဒေဖြင့်အရေးယူမည့်အစား ထာဝရအသက်အတွက် သခင်ယေရှုခရစ်ထံ ပြန်လည်အနိုင်ယူသိမ်းသွင်းဖို့သာ လိုအပ်ခဲ့ပါမည်။ သို့သော်၊ သမ္မာကျမ်းစာက ထိုသို့သွန်သင်မထားပါ။ အသင်းတော်တစ်ခုလုံး၏လူသိရှင်ကြား ဖိအားပေးမှုက ထိုအပြစ်ကျူးလွန်နေသော ယုံကြည်သူကို နောက်တရခြင်းဆီသို့ ဆွဲဆောင်သိမ်းသွင်းနိုင်သည့်နည်းလမ်းတစ်ခုဖြစ်နိုင်ပါသည်။

ကျိုးကြောင်းမစဉ်းစားသော အသက်ရှင်သန်ပုံက အခြားသူများအား မည်သို့ထိခိုက်အနာတရဖြစ်စေနိုင်ကြောင်းကို ယုံကြည်သူထံ၌ပြသပေးခြင်းဖြင့် အပြစ်လုပ်ခွင့်လိုင်စင်ရခြင်းကို ကျွန်ုပ်တို့ဟန့်တားနိုင်ပါသည်။ ပထမအနေဖြင့်၊ ၎င်းသည် ဘုရားသခင်ကို ထိခိုက်နာကျင်စေပြီး၊ ကိုယ်တော်ရှင်၏ဘုန်းတော်ကို ညှိုးနွမ်းပျက်စီးစေပါသည်။ ဒုတိယအနေဖြင့်၊ ၎င်းသည် တစ်ဦးတစ်ယောက်၏အပြစ်ဒုစရိုက်က ထိခိုက်မည့်အခြားသူကိုလည်းထိခိုက်နာကျင်စေပါသည်။ တတိယအနေဖြင့်၊ ၎င်းသည် အပြစ်ကျူးလွန်နေသောယုံကြည်သူကို အထက်၌ဖော်ပြထားသောနည်းများအားဖြင့်သာ ထိခိုက်နာကျင်စေသည်မဟုတ်၊ ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းတို့ကို နှောင့်နှေးစေခြင်းဖြင့်လည်း ထိခိုက်နာကျင်စေပါသည်။

ကျေးဇူးတော်သည် အခမဲ့ဖြစ်၍ လွပ်လပ်ခွင့်ကိုပေးပါသော်လည်း ၎င်းသည်ကိုယ်ကျင့်တရားဆိုင်ရာတာဝန်ဝတ္တရားကိုလည်း သွန်သင်ပေးပါသည်။ ဘုရားတရားမဲ့ခြင်းကိုငြင်းပယ်၍ ဘုရားဝတ်၌မွေ့လျော်သောအသက်ကို ရှင်သန်ရန် ကျေးဇူးတော်က ကျွန်ုပ်တို့ကိုသွန်သင်ပေးပါသည်။ (တိတု ၂း၁၁–၁၄) ကျေးဇူးတော်အောက်၌ အသက်ရှင်ခြင်းဆိုသည်မှာ ဖြောင့်မတ်၍သန့်ရှင်းသောအသက်တာဖြင့် ကျွန်ုပ်တို့ရှင်သန်ကြရမည်ဟုဆိုလိုသည်။ (ရောမ ၆–၈၊ ဧဖက် ၂း၈–၁၀) ကျေးဇူးတော်ကို သဘောပေါက်နားလည်ထားသည့် သမ္မာကျမ်းစာကို သွန်သင်ပေးသူအားလုံးသည် သမ္မာကျမ်းစာရှိကိုယ်ကျင့်တရားနှင့်ဆိုင်သော သွန်သင်ဆုံးမချက်များကို သွန်သင်ပေးကြရပါမည်။

ကျေးဇူးတော်ကိုအလွဲသုံးစားပြုနိုင်ကြောင်းမှာ မှန်ပါသည်။ ၎င်းသည် လွတ်လပ်မှု၏အန္တရာယ်တစ်ခု ဖြစ်သည်။ သို့သော်၊ ကျေးဇူးတော်ကို အလွဲသုံးစားပြုသောသူများသည် ဘုရားသခင်၏စည်းကမ်းဖြင့် ကြပ်မတ်ဆုံးမခြင်းကိုလည်းကောင်း၊ အပျက်

သဘောဆောင်သည့် အခြားအကျိုးဆက်များကို လည်းကောင်း ဖိတ်ခေါ်နေကြပါသည်။ သို့သော်၊ အခမဲ့လက်ဆောင်ဖြစ်သောထာဝရအသက်အတွက် ဘုရားသခင်ပေးဆပ်ခဲ့သည့် မိမိ၏သားတော်တည်းဟူသော အလွန်အဖိုးကြီးသောအဖိုးအခကို အသိအမှတ်ပြု၍ ကျေးဇူးတင်ကြသောအခါ ဝိညာဉ်ရေးဠဉ်ရင့်ကျက်ခြင်းနှင့် ဘုရားဝတ်ဠဉ်မွေ့လျော်သောအသက်ရှင်ခြင်းတို့ကိုဖြစ်စေသည့် ကိုးကွယ်ဆည်းကပ်ခြင်းနှင့်ကျေးဇူးသိတတ်ခြင်းစိတ်နှလုံးကို ရှိလာကြရပါမည်။ ယုံကြည်သူများကို လွတ်လပ်ခွင့်အား အလွဲသုံးစားပြုခြင်းမှ ဟန့်တားနိုင်သည့်နည်းလမ်းများတွင် ဤနည်းလမ်းသည် အဖြူစင်ဆုံးသောကျွန်ုပ်တို့၏ မေတ္တာရပ်ခံချက်ဖြစ်သည်။

အသင်းတော်၏ပတ်ဝန်းကျင်ကို ကျွန်ုပ်တို့ဖန်တီးပုံဖော်ပုံ
(How we shape Church enviroment)

တစ်ခါတစ်ရံတွင် သိသာမြင်သာနေရသည်ထက် ပိုမိုသိမ်မွေ့နေတတ်ပါသည်။ သို့သော်၊ **က** သမ္မာတရားနှင့် **ခ** သမ္မာတရားကြားရှိ သမ္မာကျမ်းစာနှင့် ညီညွတ်သောခွဲခြားသိမြင်ခြင်းကို မသင်ယူသောအသင်းတော်သည် ဝိညာဉ်ကျန်းမာရေးနှင့် မညီညွတ်သောပတ်ဝန်းကျင်တစ်ခုကို အစဉ်မပြတ်ဖြစ်စေပါသည်။ ဤကွဲပြားခြားချက်များကို သင်ယူခြင်းက လွတ်လပ်ခြင်းနှင့်ကြီးထွားခြင်းကိုဖြစ်စေသည့် ဝိညာဉ်ကျန်းမာရေးနှင့် ညီညွတ်သောပတ်ဝန်းကျင်ကိုဖြစ်စေသည်ဟူသည့် ဆန့်ကျင်ဘက်ကလည်း မှန်ကန်ပါသည်။ ကျေးဇူးတော်ကိုအလေးပေးသော အသင်းတော်သည် ဘုရားသခင်၏ကျေးဇူးတော်မှာအခမဲ့ဖြစ်ခြင်းကို ခွဲခြားသိမြင်နိုင်၍ ၎င်း၏သွယ်ဝိုက်ညွှန်းဆိုထားသောအချက်ကို လူတို့၏အသက်တာနှင့် အသင်းတော်၏ လက်တွေ့ကျင့်ကြံမှုများတွင် ကျင့်သုံးပါသည်။

အသင်းတော်၏ပတ်ဝန်းကျင်သည် အသင်းတော်ထဲ၌လည်းကောင်း၊ အသင်းတော်အားဖြင့်လည်းကောင်း ခေါင်းဆောင်များက သွန်သင်ပေးသည့် ဧဝံဂေလိတရားနှင့် အတူအစပြုပါသည်။ ကယ်တင်ခြင်းသည် ကျေးဇူးတော် တစ်ပါးတည်းအားဖြင့်ဖြစ်သည်ဟူသောအချက်ကို ရှင်းလင်းနေလျှင် လူတစ်ယောက်ကယ်တင်ခံရခြင်းရှိ၊ မရှိကို စီရင်ဆုံးဖြတ်ရန် အချင်းချင်း၏အကျင့်ကိုထိခိုက်စေနိုင်သော စိစစ်ခြင်းမျိုးရှိလာတော့မည်မဟုတ်ပါ။ အခြားတစ်ဖက်တွင်၊ ဆက်ကပ်အပ်နှံမှု (သို့) အကျင့်ကိုကယ်တင်ခြင်း၏သက်သေသက္ကာယအဖြစ်ရှုမြင်လျှင် ဝေဖန်စီရင်မှုများ ရှိလာမည်ဖြစ်ပြီး၊ ၎င်းတို့သည် တစ်ခါတစ်ရံမှန်ကန်၍ တစ်ခါတစ်ရံ ဝမ်းနည်းဖွယ်ကောင်းစွာမှားယွင်းကြပါသည်။ ကျေးဇူးတော်နှင့်ယှဉ်သော ဧဝံဂေလိတရားမှရောက်ရှိလာသည့် ကယ်တင်ခြင်းစိတ်ချမှုသည် လူတို့၏ပြည့်စုံမှုမရှိသောအကျင့်တွင် စူးစိုက်ထားမည့်အစား၊ သခင်ယေရှုခရစ်နှင့် ကိုယ်တော်ရှင်အပြီးပြတ်လုပ်ဆောင်ခဲ့သောအမှုတွင် စူးစိုက်ထားပါသည်။ ဤအာမခံ

ချက်သည် သခင်ဘုရား၌ယုံကြည်စိတ်ချမှုရှိသော ကြီးထွားခြင်းအတွက် ခိုင်ခံ့မြဲမြံသော အုတ်မြစ်ကိုပေးကမ်းပါသည်။

ပြည့်စုံမှုမရှိသော လုပ်ဆောင်ချက်တွင်အခြေခံ၍ လူတို့၏ကယ်တင်ခြင်းကို အဆက်မပြတ်မေးခွန်းထုတ်နေကာ သံသယစိတ်များကိုဖြစ်စေမည့်အစား၊ **က** သမ္မာတရားနှင့် **ခ** သမ္မာတရားတို့၏ကွဲပြားခြားနားချက်ကို သဘောပေါက်နားလည်သော အသင်းတော်တစ်ပါးသည် ကြီးထွားခြင်းနှင့်ပြောင်းလဲခြင်းအတွက် လူတို့ကိုနေရာဖန်တီးပေးပါသည်။ ယုံကြည်သူတို့၏အသက်တာမှ အပြစ်ဒုစရိုက်ကို သမ္မာကျမ်းစာနှင့်အညီ ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သော်လည်း၊ ပို၍အရေးကြီးသောအချက်များမှာ ထိုပုဂ္ဂိုလ်ကို ချွင်းချက်မရှိကြိုဆိုလက်ခံခြင်းက လူတို့ကိုသခင်ခရစ်တော်နှင့် သဏ္ဌာန်တူခြင်းထဲ၌ ရင့်ကျက်လာရန် လွတ်လပ်မှုကိုပေးပါသည်။ ထိုကဲ့သို့သော အသင်းတော်၏ အလေးထားမှုသည် လူတို့လုပ်ဆောင်သောအရာတွင်မဟုတ်၊ သခင်ခရစ်တော်၌ လူတို့၏ဖြစ်တည်မှုတွင်ဖြစ်သည်။ လုပ်ဆောင်မှုတွင်မဟုတ်၊ ဖြစ်တည်မှုတွင်လေးထားပါသည်။ ကျွန်ုပ်တို့သည် လူတို့ကြီးထွားနိုင်မည့်အရာကို ပေးကမ်းကြပါသည်။ သခင်ခရစ်တော်ကို ယုံကြည်သောသူများဖြစ်ကြသည့်အားလျော်စွာ၊ လူတို့ကို ၎င်းတို့၏ဖြစ်တည်မှုအတိုင်း ကြိုဆိုလက်ခံကြရပါမည်။ ထိုရှုထောင့်မှကြည့်လျှင်၊ အသင်းတော်တစ်ပါးသည် ယဉ်ကျေးမှု၊ ပင်ကိုစရိုက်၊ သဘောထား၊ အထုံပါရမီရှိခြင်း၊ သံသယဖြစ်ဖွယ်အလေ့အထ၊ ပုဂ္ဂလနှစ်သက်စိတ်ဝင်စားမှုစသည့် မတူကွဲပြားမှုများကို လက်ခံရပါလိမ့်မည်။ အကြောင်းမှာ ဘုရားသခင် ထိုပုဂ္ဂိုလ်လက်ခံသောကြောင့်ဖြစ်သည်။

ကယ်တင်ခြင်း၏အခမဲ့ဖြစ်ခြင်းကို တပည့်တော်ဖြစ်ခြင်း၏ တာဝန်ဝတ္တရားများမှ ခွဲခြားသိမြင်သည့် ကျန်းမာသောအသင်းတော်တစ်ပါးသည် လွတ်လပ်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ဥပဒေပညတ်အတိုင်း လိုက်ပါလွန်းခြင်းတို့၏ အစွန်းရောက်မှုများကို ရှောင်ရှားနိုင်ပါလိမ့်မည်။ ဘုရားသခင်၏ချွင်းချက်မရှိသော ကျေးဇူးတော်နှင့် ယုံကြည်သူ၏တာဝန်ယူမှုတာဝန်ခံမှုရှိခြင်းတို့ကို သွန်သင်ပေးခြင်းသည် လူတို့ကိုကိုယ်ကျင့်သိက္ခာကင်းမဲ့ခြင်းမှ ကာကွယ်ပေးပါလိမ့်မည်။ အသင်းတော်တစ်ပါးသည် အတုယောင်လည်းဖြစ်၊ သမ္မာကျမ်းစာနှင့်လည်းမကိုက်ညီသည့် စံချိန်စံညွှန်းများ၌ အပေါ်ယံပုံသဏ္ဌာန်ပြောင်းလဲရန် သိမ်မွေ့မှုကို အသုံးပြုနိုင်သကဲ့သို့၊ ဗြောင်ကျကျဖိအားပေးခြင်းကိုလည်းအသုံးပြုနိုင်ပါသည်။ သို့သော်၊ ကျေးဇူးတော်ကို အလေးပေးထားသော အသင်းတော်တစ်ပါးသည် သမ္မာကျမ်းစာ၏ရှင်းလင်းပြတ်သားသော သွန်သင်ချက်များကို ဆုပ်ကိုင်ထား၍၊ မရှင်းလင်းသောအကြောင်းအရာများတွင် ပြောင်းလွယ်ပြင်လွယ်ရှိပြီး၊ သမ္မာကျမ်းစာ၏လုပ်ပိုင်ခွင့်အာဏာကို လူသားတို့၏စည်းမျဉ်းနည်းဥပဒေတို့ဖြင့် အစားထိုးခြင်းကို မည်သည့်အခါတွင်မျှ ခွင့်ပြုမည်မဟုတ်ပါ။

ဘုရားသခင်၏ကျေးဇူးတော်ကို ရှင်းလင်းစွာသဘောပေါက်နားလည်ခြင်းက

ဘုရားသခင်ကိုချစ်၍ ဘုရားသခင်ထံအစေခံရန်အတွက် ကျွန်ုပ်တို့ကိုလွတ်မြောက်စေသကဲ့သို့၊ အခြားသူများကိုချစ်၍ အလုပ်အကျွေးပြုရန်လည်း လွတ်မြောက်စေပါသည်။ ကျေးဇူးတော်ကို အလေးပေးထားသောအသင်းတော်သည် ခရစ်ယာန်အသက်တာ၏ ဝမ်းမြောက်ဖွယ်လွတ်လပ်ခြင်းနှင့် ဘုရားသခင်နှင့်အခြားသူတို့ကို ချစ်ခြင်းတို့အား ဟန်ချက်ညီစွာ ထိန်းထားပါသည်။ ဆိုလိုသည်မှာ၊ ဩတ္တာပ္ပစိတ်နှင့်စပ်ဆိုင်သောပိုင်းကဏ္ဍ (သို့) သံသယဖြစ်ဖွယ်အကြောင်းကိစ္စများတွင်၊ ယုံကြည်သူတို့သည် မိမိတို့၏လုပ်ဆောင်ချက်က အခြားသူများကို မည်သို့ထိခိုက်စေမည်ကို စဉ်းစားသုံးသပ်ခြင်းဖြင့်လည်းကောင်း၊ ချစ်ခြင်းမေတ္တာအားဖြင့်သာ လုပ်ဆောင်ခြင်းဖြင့်လည်းကောင်း၊ မိမိတို့၏လှုပ်ရှားလုပ်ဆောင်မှုများကို အချိုးကျရောစပ်ထားရပါမည်။ ခရစ်ယာန်တို့သည် အခြားသူများကို အလုပ်အကျွေးပြုရန် မိမိတို့၏လွတ်လပ်မှုကိုအသုံးပြုကြဖို့ တိုက်တွန်းကြရပါမည်။ (ရောမ ၁၄၊ ၁ ကော ၈၊ ၁၀း၂၃–၃၃၊ ဂလာတိ ၅း၁၃–၁၄)

အသင်းတော်တစ်ပါးသည် ဧဝံဂေလိတရားကို ရှင်းရှင်းလင်းလင်းထားရှိသော အခါ ကျေးဇူးတော်အကြောင်းတရားဒေသနာကို လောကီသားများထံ၌ဝေငှရန် ရိုးသားစစ်မှန်သောတောင့်တမှုတစ်ခုရှိလာရပါမည်။ အဖိုးခပေးရဘဲ၊ ရက်ရက်ရောရောကောင်းကြီးမင်္ဂလာပေးသနားခံရသောသူများသည် ထိုကောင်းကြီးမင်္ဂလာကို အခြားသူများနှင့်ဝေမျှရန်လိုလိုလားလားရှိကြရပါမည်။ “ခပ်သိမ်းသောကျေးဇူးကို ပြုတော်မူသောဘုရားသခင်သည်” သခင်ခရစ်တော်၌ မိမိပြင်ဆင်ပံ့ပိုးပေးထားသည့်အရာအားဖြင့် လူအပေါင်းတို့ကို ကယ်တင်ခြင်းသို့ရောက်စေလိုပါသည်။ (၁ တိ ၂း၃–၄၊ ၁ ပေ ၅း၁၀) အသင်းတော်တစ်ပါးသည် ဘုရားသခင်၏စိတ်တော်ကို ကြိုးစားရှာဖွေလျှင်၊ ၎င်းတို့သည် ကျေးဇူးတော်နှင့်ယှဉ်သောဧဝံဂေလိတရားအားဖြင့် လောကီသားများထံအရောက်သွား၍ ဝေငှခြင်းတွင်တက်ကြွနေပါလိမ့်မည်။ အကြောင်းမှာ၊ ၎င်းသည်ဘုရားသခင်၏ စိတ်တော်ကတောင့်တနေအရာဖြစ်သောကြောင့်ဖြစ်သည်။

ကနဦး၌ဖော်ပြခဲ့သည့်အတိုင်း၊ **က** သမ္မာတရားနှင့် **ခ** သမ္မာတရားကိုခွဲခြားသိမြင်သောအသင်းတော်တစ်ပါးသည် အပြစ်ဒုစရိုက်ကို ပြုသောသူများအား မည်သို့ ကိုင်တွယ်ရမည်ကို နားလည်ပါသည်။ အသင်းတော်သည် ခရစ်ယာန်တို့၌ရှိသော အပြစ်ဒုစရိုက်၏လက်တွေ့အမှန်ကြောင်းကို သမ္မာကျမ်းစာနှင့်အညီ သဘောပေါက်နားလည်၍လိပ်မူပြောဆိုရပါမည်။ အပြစ်ကျူးလွန်နေသောသူသည် ဧဝံဂေလိတရားကို သဘောပေါက်နားလည်၍ ယုံကြည်ခြင်းရှိမရှိကို အသင်းတော်ခေါင်းဆောင်များက ရှေးဦးစွာတိုင်းတာဆုံးဖြတ်ကြရပါလိမ့်မည်။ အပြစ်ကျူးလွန်နေသောသူတွင် ကယ်တင်ခြင်းရရှိကြောင်း ထင်ရှားသည့်သက်သေခံချက်ရှိနေလျှင် ဒုတိယအဆင့်မှာ၊ စည်းကမ်းဖြင့်ကြပ်မတ်ခြင်းနှင့် မူလနေရာ၌ပြန်လည်မွမ်းမံထားရှိခြင်းဟူသော ရည်ရွယ်ချက်နှင့် အတူ ထိုသူကိုမေတ္တာစိတ်ဖြင့် ထိပ်တိုက်ရင်ဆိုင်ခြင်းဖြစ်သည်။ (မဿဲ ၁၈း၁၅–၂၀၊

၂ကော ၂း၆–၈၊ ဂလာတိ ၆း၁၊ ၂သက် ၃း၆–၁၅)။ ဒုစရိုက်ကိုပြုနေ သည့်ခရစ်ယာန်များသည် ကယ်တင်ခြင်းမခံရသောသူများဖြစ်ကြသောကြောင့် ၄င်းတို့ထံ၌ဧဝံဂေလိတရားဟောပြော ရမည်ဟုအလိုအလျောက်မမှတ်ယူသင့်ပါ။ ကျေးဇူးတော်ကိုအလေးပေးထားသောအသင်းတော်သည် အပြစ်မြင်၍ရှုတ်ချတတ်သောစိတ်ဓါတ်အစား၊ အနာငြိမ်းခြင်းကိုဖြစ်စေသည့် ပတ်ဝန်းကျင်တစ်ခုကို ထင်ဟပ်ထားပါသည်။

သင့်တင့်ကောင်းမွန်သော အသင်းတော်ပတ်ဝန်းကျင်တစ်ခုကို ရှေ့နောက်ညီညွတ်၍ မှန်ကန်တိကျသော သမ္မာကျမ်းစာ၏သွန်သင်ချက်များအားဖြင့် ဖန်တီးဖော်ဆောင်၍ ထိုသွန်သင်ချက်များအားဖြင့် ထိန်းသိမ်းစောင့်ရှောက်ရသည်ဟု မှတ်ယူထားကြသည်။ ဖွင့်ဆိုရှင်းပြနည်းဖြင့်ဟောပြောခြင်း (expository preaching – ကျမ်းပိုဒ်များကို ကျမ်းစကားအဆက်အစပ်အတွင်း၌ နည်းစနစ်တကျကိုင်တွယ်ခြင်း) သည် **က** သမ္မာတရားနှင့် **ခ** သမ္မာတရား သင့်တင့်လျောက်ပတ်စွာ ခွဲခြားပေးမည့် အကောင်းဆုံးအာမခံဖြစ်သည်။ လူတို့အနေဖြင့် ကျမ်းချက်များစွာကိုသာ၍ ရှင်းလင်ပြတ်သားစွာသဘောပေါက်နားလည်လာခြင်းကိုသာရရှိကြသည်မဟုတ်၊ သင့်တင့်မှန်ကန်သော နည်းလမ်းဖြင့် သမ္မာကျမ်းကိုအနက်ဖွင့်ဘာသာပြန်ဆိုရန်၊ အထူးသဖြင့်နားလည်ရန်ခက်ခဲသောကျမ်းချက်များကို အနက်ဖွင့်ဘာသာပြန်ဆိုရန် သင်ယူကြရပါလိမ့်မည်။ သမ္မာကျမ်းစာကိုမှန်မှန်ကန်ကန်သဘောပေါက်နားလည်ခြင်းသည် အသက်တာပြောင်းလဲခြင်းကိုဆောင်ယူပေးပါလိမ့်မည်။

အနာဂတ်ကို ကျွန်ုပ်တို့ရှုမြင်ပုံ (How we view the future)

ထာဝရကယ်တင်ခြင်း၊ အနာဂတ်တရားစီရင်ခြင်းများ၊ အနာဂတ်ဆုလာဘ်များအကြောင်းသမ္မာကျမ်းစာ၏သွန်သင်ချက်နှင့်စပ်လျဉ်းသောအရေးကြီးသည့် **က** သမ္မာတရား၊ **ခ** သမ္မာတရားခြားနားခြင်းကိုပြုလုပ်ခြင်းသည် ကျွန်ုပ်တို့၏အနာဂတ်ကို ကျွန်ုပ်တို့ရှုမြင်ပုံအား တိုင်းတာဆုံးဖြတ်ပေးပါလိမ့်မည်။

ကျေးဇူးတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို သဘောပေါက်နားလည်ခြင်းကယုံကြည်သူတို့အား ၄င်းတို့၏အနာဂတ်၌ ခိုင်မြဲသောစိတ်ချယုံကြည်ခြင်းကိုပေးပါသည်။ ကယ်တင်ခြင်းသည် မည်သည့်လုပ်ဆောင်မှု မှတ်ကျောက်စံနှုန်းများမပါဘဲ၊ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ပေးသနားထားသောကြောင့်၊ ကျွန်ုပ်တို့ထာဝရကယ်တင်ခြင်းခံရကြောင်းကို ကျွန်ုပ်တို့သိနိုင်ကြပါသည်။ ကယ်တင်ခြင်းကတိတော်များသည် ထာဝရကာလတွင် လက်တွေ့အကောင်အထည်ပေါ်လာကြမည်ဖြစ်သည်။ ယုံကြည်သူများအဖြစ်နှင့်ကျွန်ုပ်တို့သိရှိနိုင်၍ ထာဝရကြိုတွေ့ခံစားရမည့်အရာအချို့ကို ဤနေရာတွင်ဖော်ပြလိုက်ပါသည်။

- ကျွန်ုပ်တို့သည် ထာဝရအသက်ကို ရှိထားကြပါသည်။ ထို

ကယ်တင်ခြင်းသည် အစဉ်ထာဝရတာရှည်ခံမည်ဖြစ်သည်ဟု ဆိုလိုသည်။ (ယောဟန် ၃း ၁၆၊ ၆း ၄၇)

- ကျွန်ုပ်တို့သည် ဘုရားသခင်၏ထာဝရနိုင်ငံတော်ထဲသို့ ပြောင်းရွှေ့သွတ်သွင်းခြင်းကို ခံကြရပါသည်။ (ကောလောသဲ ၁း၁၃)
- ကျွန်ုပ်တို့၏အပြစ်ဒုစရိုက်များသည် အစဉ်ထာဝရခွင့်လွှတ်ခြင်းကို ခံကြရပါသည်။(ကောလောသဲ ၂း ၁၃ – ၁၄)
- ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်အတူ ထာဝရဂုဏ်သန်ရန်သေခြင်းမှထမြောက်စေခြင်းကိုခံကြရပါလိမ့်မည်။ (ဒံယေလ ၁၂း ၂၊ ၁သက် ၄း ၁၃ – ၁၇)
- သခင်ခရစ်တော်က ကျွန်ုပ်တို့ကို ထမြောက်စေမည့်အချိန်ဖြစ်သော ရွှေးနှုတ်ခြင်းနေ့ရက်တိုင်အောင် သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကိုခံကြရပါသည်။ (ဧဖက် ၁း ၁၃ – ၁၄၊ ၄း ၃၀)
- ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်အတူ ကိုယ်တော်ရှင်၏နိုင်ငံတော်တွင် စိုးစံကြရပါလိမ့်မည်။ (ဗျာဒိတ် ၂၀း ၆)
- ကျွန်ုပ်တို့သည် ထာဝရဆုလာဘ်များကို ခံစားရရှိကြရပါလိမ့်မည်။ (ဗျာဒိတ် ၂၂း ၁၂)

ကျွန်ုပ်တို့သည် လုံခြုံသောအနာဂတ်တစ်ခုကို မျှော်လင့်ထားကြသည်။ မျှော်လင့်ချက်ဆိုသည်မှာ ခရစ်ယာန်အသက်တာ၌ အရေးကြီးသောအခရာတစ်ခုဖြစ်သည်။ သမ္မာကျမ်းစာနှင့်ညီညွတ်သော မျှော်လင့်ခြင်းသည် ဆန္ဒပြုခြင်း၊ တောင့်တမိခြင်းနှင့်ခြားနားပါသည်။ ထိုအရာသည် အနာဂတ်ကောင်းကြီးမင်္ဂလာကို ယုံကြည်စိတ်ချမှုရှိရှိဖြင့် ယုံကြည်မျှော်လင့်ခြင်းဖြစ်သည်။ သို့သော် မိမိတို့သည် လူ့ကောင်းမှုကုသိုလ်မပါဘဲ၊ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းကိုခံရကြသည်ကို သိရှိထားသောများကသာလျှင် ဤမျှော်လင့်ချက်ကို အပြည့်အဝတွေ့ကြုံခံစားနိုင်ကြပါသည်။ မျှော်လင့်ခြင်းဆိုသည်မှာ အခမဲ့ကျေးဇူးတော်နှင့်ဆိုင်သည့် ဧဝံဂေလိတရားနှင့်ခိုင်ခိုင်မာမာဆက်စပ်နေပါသည်။ ကောလောသဲ ၁း၂၁–၂၃ အား ဆွေးနွေးထားချက်ကိုကြည့်ပါ)

ကျွန်ုပ်တို့သည်သခင်ဘုရားနှင့်အတူ ကောင်းကင်ဘုံ၌လည်းကောင်း၊ နိုင်ငံတော်၌လည်းကောင်း ထာဝရကာလပတ်လုံး ရှင်သန်ကြရမည်ဟူသောမျှော်လင့်ချက်ကို ကျွန်ုပ်တို့၏အသက်တာရှင်သန်ပုံအပေါ်၌ ချင့်တွက်သုံးသပ်ခံရခြင်းက မမှေးမိန်စေနိုင်ပါ။ ကယ်တင်ခြင်း၏အခြေအနေပေါ်မတည်သောသဘောသဘာဝနှင့် ကျွန်ုပ်တို့၏အနာဂတ်တာဝန်ယူမှု၊ တာဝန်ခံမှု၏အခြေအနေပေါ်မူတည်သော သဘောသဘာဝတို့ကြားတွင် ခြားနားချက်ကိုပြုလုပ်ကြရပါမည်။

လူတစ်ယောက်သည် မယုံကြည်သူများအတွက်ဖြစ်သော မဟာပလ္လင်ဖြူတရားစီရင်ခြင်းနှင့် ယုံကြည်သူများအတွက်ဖြစ်သောခရစ်တော်၏တရားပလ္လင်တို့ကို ရောထွေးမှားယွင်းသွားသောအခါ၊ အကျင့်သည် ထာဝရကယ်တင်ခြင်းအတွက် လိုအပ်သည်ဟုထိုသူကောက်ချက်ချပေလိမ့်မည်။ ထိုသို့မရေရာမသေချာသော အနာဂတ်အလားအလာတစ်ခုသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကျွန်ုပ်တို့အတွက် သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းနှင့် စပ်လျဉ်း၍လည်းကောင်းထားရှိရမည့် ကျွန်ုပ်တို့၏စိတ်ချယုံကြည်မှုကို လျော့ပါးထိခိုက်စေပါသည်။

ခရစ်တော်၏တရားပလ္လင်နှင့် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအား တရားစီရင်ခြင်းကို မှန်ကန်စွာ ခွဲခြားသိမြင်သောအခါတွင် အကျင့်သည်ယုံကြည်သူ၏အသက်တာနှင့် စိတ်ဓာတ်လှုံ့ဆော်ပေးခြင်းတွင် ၄င်း၏သင့်လျော်သောနေရာကို ရှာတွေ့ပါလိမ့်မည်။ နိုင်ငံတော်၌ ဘုရားသခင်နှင့်ရှိလာမည့် ခရစ်ယာန်တို့၏အနာဂတ်အတွေ့အကြုံအရည်အသွေးသည် သစ္စာရှိခြင်း၌လည်းကောင်း၊ ဤအသက်တာ၌ပြုလုပ်သည့် ရွေးချယ်မှုများတွင်လည်းကောင်း မူတည်နေပါသည်။ သစ္စာရှိရှိရှင်သန်နေထိုင်သော ယုံကြည်သူတစ်ယောက်သည် အောက်ပါအနာဂတ်အလားအလာတို့ကို မျှော်လင့်နိုင်ပါသည်။

- ကောင်းကင်ဘုံ၌လည်းကောင်း၊ နိုင်ငံတော်၌လည်းကောင်း ဆုလာဘ်များနှင့် ဘဏ္ဍာ။ (၁ကော ၃း ၁၁– ၁၅)
- သခင်ယေရှု၏ ချီးကျူးခြင်းနှင့် ခမည်းတော်၏ချီးမွမ်းခြင်း (မဿဲ ၁၀း ၃၂၊ ၂၅း ၂၃၊ သကော ၄း ၅)။
- သခင်ခရစ်တော်နှင့်အတူ ပူးတွဲအုပ်ချုပ်စိုးစံရသော အခွင့်ထူးများ (ရောမ ၈း ၁၇၊ ၂တိ ၂း ၁၂)။
- ထူးခြားသော ပန်းရစ်သရဖူးများ၊ ကောင်းကြီးမင်္ဂလာများ၊ အခွင့်ထူးများ (သကော ၉း ၂၅၊ ၂တိ ၄း ၈၊ ယာကုပ် ၁း ၁၂၊ ၁ပေ ၅း ၄၊ ဗျာဒိတ် ၂– ၃)။

ခရစ်တော်၏ တရားပလ္လင်နှင့်စပ်လျဉ်း၍ အပျက်သဘောဆောင်သော အကျိုးဆက်များ၏အတိုင်းအတာပမာဏနှင့်လည်းကောင်း၊ ကြာမြင့်ချိန်နှင့်လည်းကောင်း ပတ်သက်၍ မေးခွန်းအချို့ရှိသည်။ နိုင်ငံတော်နှင့်စပ်ဆိုင်သော ဤကောင်းကြီးမင်္ဂလာများကို

လွဲချော်ရခြင်းအတွက် အကြီးအကျယ်နောင်တခြင်းရှိခဲ့မည့်ကြောင်းကို ပုံဥပမာများအား ကျွန်ုပ်တို့ဆွေးနွေးမှုအချို့က ပြသထားပါသည်။ ထို့အပြင်၊ ၁ယော ၂း ၂၈ ကလည်း သခင်ခရစ်တော်၌မတည်သောသူများသည် သခင်ခရစ်တော်ပြန်လည်ကြွဆင်းလာချိန်တွင် အရှက်ရခြင်းရှိနိုင်ကြောင်းကို ညွှန်ပြထားသည်။ ခရစ်တော်၏ တရားပလ္လင်တွင် မိမိတို့၏ အလုပ်များ "ကျွမ်းလောင်"ခံရမည့်အဖြစ်သည် နှစ်လိုဖွယ်အတွေ့အကြုံ မဖြစ်သည်မှာသေချာသည်။ (၁ယော ၃း ၁၅) အပျက်သဘောဆောင်သော အကျိုးဆက်များရှိကြောင်းမှာ သေချာနေပါသော်လည်း၊ အခွန့်ရှည်ကြာသောနောင်တရခြင်း၊ အရှက်ရခြင်း၊ နာကျင်ခြင်းတို့ရှိမည့်အရေးမှာ စဉ်းစားရခက်ခဲပါသည်။ ဗျာဒိတ် ၂၁း ၄ ရှိကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ဖန်ဆင်းချိန်၌ ဘုရားသခင်၏လူတို့ (၎ယ် ၃) အကြောင်းကို ဤသို့ဖတ်ရှုရသည်။

> *ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တစ်ဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား ရှေးဖြစ်ဖူးသောအရာတို့သည် ရွှေ့သွားကြပြီ။*

ရေရှည်နောင်တရခြင်း (သို့) အရှက်ရခြင်းကိုညွှန်ပြသည့် ခိုင်မာသော အထောက်အထားရှိသည်ဟု ကျွန်ုပ်မထင်ပါ။ သခင်ဘုရားနှင့်အတူရှိနေရခြင်းကို ထာဝရကာလ၌ဝမ်းမြောက်ဖွယ်၊ နှစ်လိုဖွယ်အတွေ့အကြုံအဖြစ် ထူးထူးကဲကဲတင်ပြ ပြောဆိုထားပါသည်။ ဘုရားသခင်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့၏အနာဂတ်ကိုလည်းကောင်း၊ အတိတ်ကိုလည်းကောင်း လွမ်းခြုံထားကြောင်းကို ကျွန်ုပ်တို့ သတိရကြရပါမည်။ ၁ပေ ၁း ၁၃ က အနာဂတ်၌ ခရစ်တော်တို့ကို စောင့်စားနေသည့်ကျေးဇူးတော်အကြောင်းကို ပြောပြထားသည် " သို့ဖြစ်၍၊ သင်တို့စိတ်နှလုံးကို ခါးပန်းစည်း၍သမ္မာသတိရှိကြလော့။ ယေရှုခရစ်ပေါ်ထွန်တော်မူသောအခါ သင်တို့ဆီသို့ရောက်လတ္တံ့သောကျေးဇူးတော်ကို အဆုံးတိုင်မျှော်လင့်ကြလော့။"

နိုင်ငံတော်ကိုဝင်စားရခြင်းအတွက် သတ်မှတ်ပြဋ္ဌာန်းထားချက် (သခင်ခရစ်တော်ကိုယုံကြည်ခြင်း၊ **က** သမ္မာတရား) နှင့် နိုင်ငံတော်၌ ဆုလာဘ်ရရှိခြင်းအတွေ့အကြုံအတွက် သတ်မှတ်ပြဋ္ဌာန်းထားချက်များ (သခင်ခရစ် တော်ထံ၌သစ္စာရှိခြင်း၊ **ခ** သမ္မာတရား) တို့အား ခွဲခြားသိမြင်ထားခြင်းသည် ခရစ်ယာန်တို့၌ ခိုင်မာသောကယ်တင်ခြင်းစိတ်ချမှုတစ်ခုကိုသာပေးမည်မဟုတ်၊ ဘုရားသခင်၌မွေ့လျော်သောအသက်တာကို ရှင်သန်ရန်အတွက် စေ့ဆော်မှုကိုလည်းပေးပါလိမ့်မည်။ ဤအသက်တာ၌ ကျွန်ုပ်တို့ယနေ့ပြုလုပ်သောအရာသည် ထာဝရကာလအထိ ထူးခြားမှုရှိသော မနက်ဖြန်ကို ဖန်းတီးပေးသည့်အကြောင်း ကျွန်ုပ်တို့သွန်သင်ပေးကြရပါမည်။ စစ်မှန်သောဘုရာဝတ်၌ မွေ့လျော်

ခြင်းအတွက် လူတို့ကို စိတ်ခါတ်လှုံ့ဆော်ပေးသောအရာမှာ အပယ်ငရဲဖြင့်ခြိမ်းခြောက်ခြင်း မဟုတ်ပါ။ ထာဝရကာလတစ်လျှောက်၌ သခင်ဘုရားကို ကျေနပ်အားရစေမည်ဟူသော မျှော်လင့်ချက်သာဖြစ်သည်။ ချင့်တွက်တန်ဖိုးဖြတ်ခြင်းနှင့် ဆုလာဘ်ချီးမြှင့်ခြင်းအတွက် သခင်ယေရှုခရစ်ထံ၌ ယုံကြည်သူတို့ ကူညီကြရပါမည်။ (၂ ကော ၄း၁၄၊ ၁၁း၂၊ ဧဖက် ၅း၂၇၊ ၁ သက် ၅း၂၃၊ ယုဒ ၁၄)။

က သမ္မာတရားနှင့် **ခ** သမ္မာတရားကို ခွဲခြားသိမြင်ခြင်းသည် ဤအသက်တာ၌ ကျွန်ုပ်တို့ကို ငြိမ်သက်ခြင်း နှင့် အာမခံချက်တို့ကိုသာပေးသည်မဟုတ်၊ သခင်ဘုရားနှင့် အတူ သေချာသောအနာဂတ်တစ်ခုရရှိမည်ဟူသော စိတ်ချယုံကြည်မှုကိုလည်းပေးပါသည်။ ဘုရားသခင်၏အခွန့်ရှည်တည့်တံ့သောကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့သည် ယနေ့တွင် မနက်ဖြန်အတွက်ရှင်သန်နိုင်ကြပြီ၊ သခင်ဘုရားပြန်လည်ကြွဆင်းလာခြင်းကိုလည်း မျှော်လင့်စောင့်စားနိုင်ကြပါသည်။

❐

ထာဝရလုံခြုံစိတ်ချမှုရှိခြင်း[၁၅]

တစ်ကြိမ်ကယ်တင်ခြင်းခံထားသောသူတစ်ယောက်သည် ထိုကယ်တင်ခြင်းကို ဆုံးရှုံးနိုင်ပါသလား (သို့) လက်လွှတ်အဆုံးခံရနိုင်ပါသလား။ "မဆုံးရှုံးနိုင်ပါ၊" တစ်ကြိမ်တစ်ခါ ကယ်တင်ခြင်းခံရသောသူသည် ထာဝရကာလတစ်လျှောက်လုံးတွင် ဆက်လက်၍ ကယ်တင်ခြင်းခံရမြဲဖြစ်သည်ဟု သမ္မာကျမ်းစာကပြောကြားထားပါသည်။ ဤအရာကို ထာဝရလုံခြုံစိတ်ချမှုရှိခြင်း (eternal security) အယူဝါဒဟူ၍ အမြဲလိုလို ခေါ်ဆိုကြပြီး၊ ၎င်းကို "တစ်ကြိမ်ကယ်တင်ခြင်းခံရလျှင် အမြဲကယ်တင်ခြင်းခံရ၏" ဟူ၍ မကြာခဏ(နှင့်တစ်ခါတစ်ရံတွင် နိမ့်ကျစွာဖြင့်) ရည်ညွှန်းထားကြသည်။

မေးခွန်းကို ကျွန်ုပ်တို့အခြားနည်းလမ်းဖြင့်မေးလျှင် ထာဝရလုံခြုံစွာရှိနေခြင်းမည်သို့အဓိပ္ပါယ်ရှိသည်ကို ပို၍လွယ်ကူစွာမြင်တွေ့နိုင်ပါသည်။ ဥပမာ– ဤသို့မေးကြည့်ကြပါစို့။ အစဉ်ထာဝရကယ်တင်ခြင်းခံရသောသူသည် ထိုထာဝရကယ်တင်ခြင်းကို ဆုံးရှုံးနိုင်ပါသလား။ ဝိညာဉ်ရေးအရ တစ်ဖန်မွေးဖွားခြင်းကိုခံရသောသူသည် မဖွားမြင်ဘဲရှိနိုင်ပါသလား။ ထာဝရအသက်ဟူသောလက်ဆောင်ကို အခမဲ့ပေးအပ်ခြင်းခံရသော သူတစ်ယောက်သည် အခြေအနေသတ်မှတ်ချက်အချို့တွင် အခြေခံ၍ ထိုထာဝရအသက်ကို ဆုံးရှုံးနိုင်ပါသလား။

ထာဝရလုံခြုံခြင်းကိုယုံကြည်သောသူများကို ယေဘုယျအားဖြင့် ကယ်လ်ဗင်ဝါဒီများ (Calvinism) ဟု ခေါ်ဝေါ်ကြပါသည်။ ကယ်တင်ခြင်းဆုံးရှုံးနိုင်သည်ဟုယုံကြည်သောသူများကို ယေဘုယျအားဖြင့် အာမေးနီးယပ်စ်ဝါဒီများ (Arminians) ဟုခေါ်ဝေါ်ကြသည်။

သမ္မာကျမ်းစာကပြောပြထားသည်မှာ (What the Bible Says)

သမ္မာကျမ်းစာသည် ထာဝရလုံခြုံခြင်းကို ကွဲပြားသောနည်းလမ်းများစွာဖြင့် သွန်သင်ပေးထားပါသည်။

၁။ သခင်ခရစ်တော်ကိုကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်း သက်သက်တွင်အခြေခံ၍ အသစ်သောအသက်တာ ပိုင်

---

၁၅ http://www.gracelife.org/resources/gracenotes no. 24) ရှိ Charles Bing ၏ GraceNotes no. 24 မှ "Eternal Security" ကို လိုက်ဖက်အောင်ပြုပြင်ထားသည်။

ဆိုင်ရခြင်းအကြောင်းကို သမ္မာကျမ်းစာက အသေအချာ ပြောဆိုထားပါသည်။ (ယောဟန် ၃း၁–၁၆၊ ၅း၂၄၊ ၁၀း၂၈၊ ၂၀း၃၁)

၂။ သမ္မာကျမ်းစာသည် ဤအသက်တာကို " ထာဝရ " ဟု ရည်ညွှန်းထားပြီး၊ ၎င်းသည် အစဉ်အမြဲဟုဆိုလိုကာ၊ကြား၌အဆက်ပြတ်ရပ်တန့်မှုမရှိခြင်းကို သွယ်ဝိုက်ညွှန်းဆိုနေပါသည်။ (ယောဟန် ၁၀း၂၈၊ ၁၁း၂၅–၂၆)

၃။ ကျေးဇူးတော်ကြောင့် ကယ်တင်ရာသို့ ရောက်ခြင်းဟူသော အချက်က ကယ်တင်ခြင်းသည် အခြေခံအားဖြင့် လက်ဆောင်တစ်ပါးဖြစ်သည်ဟု ဆိုလိုနေသောကြောင့်၊ ထိုလက်ဆောင်သည် အခြေအနေပေါ်၌မမူတည်သော လက်ဆောင်တစ်ပါးဖြစ်ကာ၊ ၎င်းသည် ကယ်တင်ခြင်းခံရပြီးနောက်လူတစ်ယောက်၏အကျင့်၊ အပြုအမူ၊ အခြေအနေပေါ်တွင် မမူတည်တော့ပါ။ (ဧရာမ ၃း၂၄၊ ၄း၅၊ ဧဖက် ၂း၈–၉)

၄။ ဘုရားသခင်၏ကြိုတင်ခွဲခန့်မှတ်သားခြင်း ရည်ရွယ်ချက်နှင့် ကနဦးမှသန့်ရှင်းရာသို့ရောက်ခြင်းတို့သည် နောက်ဆုံး၌ ဘုန်းအသေရေတင့်ခြင်းသို့ ရောက်ခြင်းကို ယုံကြည်သူတိုင်း၌ ချွင်းချက်မရှိဖြစ်ပေါ်စေသည်ဟု သမ္မာကျမ်းစာက သွန်သင်ပေးထားပါသည်။ (ဧရာမ ၈း၂၉–၃၀၊ ဧဖက် ၁း၄–၅)

၅။ ထာဝရ ကယ်တင်ရာသို့ရောက်ခြင်းသည် ဥပဒေအကြောင်းအရ ဘုရားသခင်နှင့်ဆက်ဆံရင်းနှီးမှု၌ ပေါင်းစည်းခံရခြင်းသဖွယ်ဖြစ်၍၊ ထိုပေါင်းစည်းခြင်းကို (ကျွန်ုပ်တို့အပါအဝင်) မည်သူ (သို့) မည်သည့်အရာကမျှ မခွဲနိုင်ကြောင်း သမ္မာကျမ်းစာက သွန်သင်ပေးထားသည်။ (ရောမ ၈း၁၊ ၃၁–၃၉)

၆။ ထာဝရကယ်တင်ရာသို့ရောက်ခြင်းကို မွေးစားခြင်းအားဖြင့် ပြန်လည်ပယ်ဖျက်၍မရသော ဘုရားသခင်နှင့် သား

သမီးတို့၏ ဆက်ဆံရင်းနှီးမှုသဖွယ်တင်ပြထားပြီး၊ ၎င်းသည် ထာဝရကောင်းကြီးမင်္ဂလာများအား ရရှိခြင်းကိုဖြစ်စေပါသည်။ (ယောဟန် ၁၇း၃၊ ရောမ ၈း၁၅–၁၇၊ ဂလာတိ ၃း၂၆)

၇။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဘုန်းအသရေတင့်ခြင်းသို့ ရောက်ခြင်းကို အာမခံပေးသော သန့်ရှင်းသောဝိညာဉ်တော်ဖြင့် တံဆိပ်ခတ်ခြင်းကိုခံထားကြရပါသည်။ (၂ ကော ၁း၂၂၊ ဧဖက် ၁း၁၃–၁၄၊ ၄း၃၀)

၈။ ကျွန်ုပ်တို့သည် ခမည်းတော်နှင့် သားတော်နှစ်ပါးလုံး၏ တန်ခိုးတော်အားဖြင့် ဆက်လက်၍ လုံခြုံလျှက်ရှိနေကြပါသည်။ (ယောဟန် ၁၀း၂၈–၃၀၊ ၁၇း၉–၁၂၊ ယုဒ ၂၄)

၉။ ကျွန်ုပ်တို့၏ (အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်မှ) အပြစ်ဒုစရိုက်အားလုံးသည် သခင်ယေရှုခရစ်နှင့် ကိုယ်တော်၏အစဉ်ထာဝရပြည့်စုံလုံလောက်သော ယဇ်ပူဇော်ခြင်းအားဖြင့် ခွင့်လွှတ်ခြင်းကိုခံရသောကြောင့် ကိုယ်တော်ရှင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရင်းနှီးမှုကို ဆုံးရှုံးစေနိုင်သည့် အပြစ်ဒုစရိုက်ဟူ၍ မရှိတော့ပါ။ (ကောလောသဲ ၂း၁၃–၁၄၊ ဟေဗြဲ ၁၀း၁၂–၁၄)

၁၀။ ကျွန်ုပ်တို့အပြစ်ကျူးလွန်မိသောအခါ၌ သခင်ယေရှုခရစ်၏ ကြားဝင်ကိုယ်စား ဆုတောင်းပေးခြင်းနှင့် ရှေ့နေလိုက်ပေးခြင်းတို့က ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် အစဉ်ထာဝရပြည့်စုံသွားမည့်အကြောင်းကို အာမခံထားကြပါသည်။ (ယောဟန် ၁၇း၉–၁၂၊ ၂၄၊ ဟေဗြဲ ၇း၃၅၊ ၁ ယော ၂း၁)

၁၁။ သမ္မာကျမ်းစာသည် ကယ်တင်ခြင်းကို ပြောဆိုရာတွင် ပြုလုပ်ခြင်းခံပြကြိယာပုံစံ (passive voice) ကို အသုံးပြုထားပြီး၊ ၎င်းက အကြောင်းနှင့်အကျိုးဆက်စပ်မှုသည် ကျွန်ုပ်တို့တွင်မတည်၊ ဘုရားသခင်၌သာတည်ကြောင်း၊ ကယ်တင်ခြင်းအမှုသည် အကျွန်ုပ်တို့၏အမှုမဟုတ်၊ ဘုရားသခင်အမှုဖြစ်ကြောင်း ညွှန်ပြထားပါသည်။ (ဧဖက် ၂း၅၊ ၈၊ ၂ သက် ၂း၁၀၊ ၁ တိ ၂း၄)

၁၂။ ကျွန်ုပ်တို့၌သစ္စာတရားမရှိသောအချိန်တွင် ဘုရားသခင်သည် မိမိ၏ထာဝရကတိတော်များအပေါ်၌ သစ္စာရှိနေကြောင်းကိုပုံသာဓက (အာဗြဟံ၊ ဒါဝိဒ်၊ ဣသရေလအမျိုး) အားဖြင့်လည်းကောင်း၊ အထုံးအဖွဲများအားဖြင့်လည်းကောင်း သမ္မာကျမ်းစာက သရုပ်ပြထားပါသည်။ (ဆာလံ ၈၉း၃၀–၃၇၊ ရောမ ၃း၃–၄၊ ၄း၁၆၊ ၂ တိ ၂း၁၃)

ထာဝရလုံခြုံခြင်းကိုငြင်းပယ်ခြင်းမှ ပြဿနာအချို့

(Some problems with denying eternal security)

ထာဝရလုံခြုံစိတ်ချမှုရှိခြင်းကိုငြင်းပယ်ခြင်းသည် ပြဿနာများစွာကို ရင်ဆိုင်စေပါသည်။ ထိုပြဿနာများမှာ အပြစ်ဒုစရိုက်ပမာဏမည်မျှက (သို့) မည်သည့်အပြစ်ဒုစရိုက်များက ကယ်တင်ခြင်းကိုဆုံးရှုံးစေပါသနည်း။ လူတစ်ယောက်သည် အကြိမ်ရေမည်မျှတစ်ဖန်ဖွားမြင်ခြင်းကို ခံနိုင်ပါသနည်း။ ဘုရားသခင်၏လက်ခံခြင်း (သို့) ငြင်းပယ်ခြင်းအပြင် ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်မှုတွင် အတိုင်းအတာပမာဏ မရှိတော့ဘူးလား။ ယုံကြည်သူတစ်ဦး၏အပြစ်ဒုစရိုက်အတွက် အပယ်ငရဲမှလွဲ၍ အခြားအကျိုးဆက်များမရှိတော့ဘူးလား။ လူတစ်ယောက်သည် သခင်ခရစ်တော်ကို ယုံကြည်ပြီး၊ ကယ်တင်ခြင်းခံရသော်လည်း၊ ဒုစရိုက်ကိုပြုသောကြောင့် ထိုကယ်တင်ခြင်းကို ဆုံးရှုံးရလျှင်၊ ကယ်တင်ခြင်းသို့ပြန်လည်ရောက်ရှိဖို့ ထိုသူမယုံကြည်ခဲ့သေးသည့် မည်သည့်ယုံကြည်ရမည့်အရာကျန်ရှိနေပါသနည်း။ ယုံကြည်ခြင်းတစ်ပါးတည်းအပြင် အခြေအနေသတ်မှတ်ချက်တစ်ခုလည်း လိုအပ်လာပါသည်။ ထာဝရလုံခြုံခြင်းမရှိဘဲ၊ ကယ်တင်ခြင်းစိတ်ချမှုမှာ မဖြစ်နိုင်သောအရာဖြစ်လာပြီး၊ ခရစ်ယာန်ကြီးထွားခြင်းအတွက်လည်း ခိုင်ခံ့သောအခြေခံအုတ်မြစ်မရှိတော့ကြောင်း အလွယ်တကူမြင်တွေ့နိုင်ပါသည်။

အခြားကျမ်းချက်များမှာမည်သို့နည်း (What about those other passages?)

ထာဝရလုံခြုံစိတ်ချခြင်းကို မယုံကြည်သောသူများက အများအားဖြင့် အကိုးအကား ပြုကြသောကျမ်းချက်များစွာ ရှိပါသည်။ ၎င်းတို့ကို ဤနေရာတွင် တခုချင်းလိပ်မူပြောဆိုရန်မှာ မဖြစ်နိုင်ပါ။ ရှေ့နောက်ညီညွတ်စွာနှင့် မှန်မှန်ကန်ကန်အနက်နှင့် ဘာသာပြန်ဆိုသောအခါတွင် ထိုကျမ်းချက်တစ်ချက်စီကို ထာဝရလုံခြုံခြင်းနှင့် လိုက်ဖက်ညီသင့်မြတ်စေသောနည်းလမ်းဖြင့် သဘောပေါက်နားလည်နိုင်ပါသည်။ ပထမအနေဖြင့်၊ ထိုကျမ်းချက်များကို စာဖတ်သူတို့၏ ထာဝရကာလ၌ရှိမည့်အခြေအနေနှင့် ကျမ်းပြု

ဆရာ၏ ရည်ရွယ်ချက်ကို ထည့်သွင်းစဉ်းစားသော ကျမ်းစကားအဆက်အစပ်အပေါ်၌ သစ္စာရှိစွာ အနက်ဘာသာပြန်ဆိုရပါမည်။ ဒုတိယအနေဖြင့်၊ မိမိ၏ ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့ကို အစဉ်ထာဝရကောင်းကြီးပေးရန်ဟူသော ဘုရားသခင်၏ အကြံအစည်တော်များနှင့် ကိုက်ညီနေရန် လိုအပ်ပါသည်။ တတိယအနေဖြင့်၊ ဖြောင့်မတ်ရာသို့ရောက်ခြင်းသည် အကျင့် (သို့) မည်သည့် ကောင်းမှုကုသိုလ်ကြောင့်မျှမဟုတ်၊ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြစ်တည်သည်ဟူသော သွန်သင်ချက်နှင့် ၎င်းတို့လိုက်ဖက်ညီသင့်မြတ်နေရပါမည်။ စတုတ္ထအနေဖြင့်၊ ကျမ်းချက်များအနက်မှအချို့သည် ထာဝရအသက်ဆုံးရှုံးခြင်းကိုမဟုတ်၊ ဆုလာဘ်များဆုံးရှုံးခြင်းကို ရည်ညွှန်းထားကြပါသည်။ ပဉ္စမအနေဖြင့်၊ ဤကျမ်းချက်များအနက်မှ အချို့သည် ထာဝရအသက်တွက် အခြေအနေသတ်မှတ်ချက်များမဟုတ်ကြ၊ တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်ဖြစ်ကြသည်။

အပြစ်လုပ်ခွင့်လိုက်စင်ထုတ်ပေးခြင်းမှာမည်သို့နည်း။

(What about providing a license to sin?)

ထာဝရလုံခြုံစိတ်ချမှုရှိခြင်းကို ငြင်းပယ်ထားချက်များမှ တွေ့နေကျအဖြစ်ဆုံးငြင်းပယ်ချက်မှာ ၎င်းသည်အပြစ် ဒုစရိုက်ကိုပြုရန် အဆင်ပြေသောအကြောင်းပြချက်တစ်ခုဖြစ်သည်ဟူ၍ဖြစ်သည်။ နောက်ဆုံးတွင်၊ ငြင်းပယ်သော သူက လူတစ်ယောက်၌ ထာဝရအသက် အာမခံချက်ကို ရရှိထားလျှင် ထိုသူသည် အကျိုးဆက်ကို ကြောက်ရွံ့ခြင်းမရှိဘဲ မိမိလုပ်လိုသောအရာမှန်သမျှကို လုပ်နိုင်ပါသည်ဟု ပြောခဲ့ပါလိမ့်မည်။ သို့သော်၊ ဤငြင်းခုံချက်သည် အကြောင်းပြချက်များစွာကြောင့် အားနည်းချွတ်ယွင်းနေပါသည်။ ပထမအနေဖြင့်၊ ဖြစ်နိုင်ဖွယ်ရာဟုမှန်းဆရသော သို့မဟုတ် (ရှားပါသော်လည်း) စစ်မှန်သော ဘဝအတွေ့အကြုံမှရောက်ရှိလာသော ငြင်းခုံချက်တစ်ခုသည် အယူဝါဒတစ်ခု၏မှန်ကန်မှုကိုမဆုံးဖြတ်ပေးပါ။ ဒုတိယအနေဖြင့်၊ ထာဝရလုံခြုံခြင်းကို ယုံကြည်ဆုပ်ကိုင်ထားသောသူများသည် အပြစ်လုပ်ကြပြီး ဆင်ခြေပေးကြသကဲ့သို့၊ ထာဝရလုံခြုံခြင်းကို ငြင်းပယ်ထားသောသူများမှာလည်း အလားတူပင်ဖြစ်ကြပါသည်။ တတိယအနေဖြင့်၊ ကျေးဇူးတော်ကြောင့် ကယ်တင်ရာသို့ရောက်ခြင်း၏သဘောသဘာဝမှာ ၎င်းသည် ယုံကြည်သူများအား ဘုရားမဲ့၊ တရားမဲ့ဖြစ်ခြင်းကိုငြင်းပယ်၍ ဘုရားသခင်အတွက် အသက်ရှင်ရန် သွန်သင်ပေးခြင်းဖြစ်သည်။ (တိတု ၂း ၁၁–၁၂) စတုတ္ထအနေဖြင့်၊ အသစ်သောမွေးဖွားခြင်းသည် ဝိညာဉ်သဘောဆောင်အရာများအတွက် အသစ်သော အစွမ်းအစနှင့်အတူ လူသစ်ကိုဖြစ်ပေါ်စေပါသည်။ ဘုရားသခင်နှင့်အသစ်သော ဆက်ဆံ

ရင်းနှီးမှုရှိလာပြီး (ရောမ ၆း၁–၅)၊ အပြစ်မကျူးလွန်ရန် အသစ်သောလွတ်လပ်မှု ရှိလာကာ (ရောမ ၆း၆–၁၄)၊ အသစ်သော အသက်တာရှိလာခြင်းနှင့်အတူ (ရောမ ၆း ၁၁၊ ဧဖက် ၂း၂)၊ အသစ်သောအမြင်နှင့် အသစ်သောဦးတည်ချက်များလည်း ရှိလာ ကြပါသည်။ (၂ ကော၊ ၅း၁၇)၊ ပဋိမအနေဖြင့်၊ အပြစ်ဒုစရိုက်ပြုခြင်း၌ ကျင်လည်နေ သောယုံကြည်သူများအတွက် ပြင်းထန်သောအကျိုးဆက်များနှင့် ဆုလာဘ်ဆုံးရှုံးရခြင်း တို့ ရှိကြောင်းကို သမ္မာကျမ်းစာက သွန်သင်ပေးထားပြီး (၁ ကော ၃း၁၂–၁၅၊ ၅း၅၊ ၉း၂၇၊ ၂ ကော ၅း၁၀)၊ ၎င်းသည် ဘုရား၀တ်၌ မွေ့လျော်သောအသက်တာဖြင့်ရှင်သန်ရန် စေ့ဆော်ပေးမှုတစ်ခုဖြစ်သည်။

သွယ်ဝိုက်ညွှန်းဆိုချက်အချို့ (Some implicalions)

ယုံကြည်သူ၏ ထာ၀ရလုံခြုံစိတ်ချမှုရှိခြင်း (ထာ၀ရအသက်ကိုပိုင်ဆိုင်ပါသည် ဟူသော ဓမ္မဓိဋ္ဌာန်ကျသည့် လက်တွေ့အမှန်တရား) နှင့် ယုံကြည်သူ၏ စိတ်ချယုံကြည်မှု (ထာ၀ရအသက်ပိုင်ဆိုင်ပါသည်ဟူသော အသိစိတ်တွင်းမှ ဖြစ်ပေါ်သောခံစားမှုတွင် အခြေခံသည့် နားလည်သဘောပေါက်မှု) တို့သည် ကွဲပြားသောအရာများဖြစ်ကြသည်။ သို့သော်၊ လူတစ်ယောက်သည် ထာ၀ရလုံခြုံခြင်းကိုမယုံကြည်ပါက ထိုပုဂ္ဂိုလ်သည် မိမိ၏စိတ်ချယုံကြည်မှုကို ဆုံးရှုံးရမည့်အခြေအနေများ မလွဲမသွေရှိလာပါလိမ့်မည်။ သခင်ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် သိကျွမ်းကြောင်း နှုတ်ဖြင့်ဝန်ခံထားကြသော်လည်း ထာ၀ရအသက်ကို မပိုင်ဆိုင်ရသောသူများ ရှိကောင်းရှိပါလိမ့်မည်။ ထို့ကြောင့်၊ ၎င်းတို့သည် ထာ၀ရလုံခြုံခြင်းကို မရကြဘဲ၊ မှားယွင်းသောစိတ်ချယုံကြည်မှုကိုသာ ရှိထားကြပါသည်။ သခင်ခရစ်တော်၌ယုံကြည်သူတို့ ထာ၀ရလုံခြုံစွာရှိနေခြင်း အယူ၀ါဒ သည် အခြေခံအားဖြင့် မိမိ၏နှုတ်ကပတ်တော်အပေါ်၌ သစ္စာစောင့်သိတော်မူသော ဘုရားသခင်၏ကြန်အင်လက္ခဏာများတွင်လည်ကောင်း၊ ကိုယ်တော်ရှင်၏အဖိုးမပေး ရသောကျေးဇူးတော်၌လည်ကောင်း တည်မှီနေပါသည်။

❐

"အခမဲ့ကျေးဇူးတော် ဓမ္မတွေးခေါ်ယူဆချက်" ဆိုသည်မှာအဘယ်နည်း။[၁၆]

ဓမ္မတွေးခေါ်ယူဆက်ချက်နှင့်ဆိုင်သောအညွှန်းနာမည်များသည် ယုံကြည်မှုနည်းစနစ်များကိုအကျဉ်းချုပ်တင်ပြရန် အဆင်ပြေသောနည်းလမ်းတစ်ခုဖြစ်သည်။ အညွှန်းနာမည်များသည် ဓမ္မတွေးခေါ်ယူဆချက်နှင့်စပ်ဆိုင်သောအပြန်အလှန်ဆွေးနွေးခြင်းများတွင် အခြေခိုင်သောအစိတ်အပိုင်းတစ်ခု ဖြစ်လာကြသည်။ ဥပမာ Arminianism, Calvinism, amillennialism, premillennialism။ "အခမဲ့ကျေးဇူးတော် ဓမ္မတွေးခေါ်ယူဆချက်" (Free Grace Theology) ကိုကြားသိသောသူများစွာက ၎င်း၏ဆိုလိုရင်းကို သိချင်နေခဲ့ကြပါသည်။ အတိုချုပ်ပေါင်းရုံးဖော်ပြချက်ကို အောက်တွင် တွေ့ရပါသည်။

၁။ **Free Grace က ကယ်တင်ခြင်းကျေးဇူးတော်သည် လုံးလုံးအခမဲ့ဖြစ်သည်ဟုသွန်သွင်ပေးပါသည်။** *ကျေးဇူးတော်* (ဂရိဘာသာစကား *charis*) ဟူသောစကားလုံးသည် အနှစ်သာရအားဖြင့်အခမဲ့ဖြစ်၍၊ မထိုက်မတန်ရရှိသောလက်ဆောင်ကိုဆိုလိုသောကြောင့်၊ အထက်ပါအရာမှာ ပြောဆိုရန်လိုအပ်ခဲ့မည်မဟုတ်သော်လည်း၊ ၎င်းသည် အစပြုဖို့ ထင်ရှားမြင်သာသောအချက်ဖြစ်နေသည်။ သို့သော်လည်း၊ အချို့သောသူများက *အဖိုးအခကြီးသော* (သို့) *အပေါစား* ကျေးဇူးတော်ဟုပြောဆိုတတ်ကြသောကြောင့်၊ ကျေးဇူးတော်သည် လုံးဝဥသုံ*အခမဲ့*ဖြစ်ကြောင်းကို အလွယ်တကူနားလည်ရန် ရှင်းပြဖို့လိုအပ်ပါသည်။ ဤသို့ပြောဆိုရာတွင် အခမဲ့ကျေးဇူးတော်သည် ပေးသနားသူဖြစ်သောဘုရားသခင်အတွက် အခမဲ့ဖြစ်သည်ဟု မဆိုလိုပါသော်လည်း လက်ခံရရှိသောသူများဖြစ်ခဲ့မည့် ကယ်တင်ခြင်းမခံရသောသူများနှင့် မထိုက်

---

၁၆ http://www.gracelife.org/resources/gracenotes, no.67) ရှိ Charles Bing ၏ GraceNotes no. 67 မှ "What is Free Grace Theology" ကိုလိုက်ဖက်အောင်ပြုပြင်ထားသည်။

တန်သောသူအပြစ်သားများဘက်မှပေးချေမှု (သို့) ကောင်းမှုကုသိုလ်မလိုအပ်ဟုဆိုလိုပါသည်။ (ရောမ ၃း၂၄ ကလက်ခံရရှိသောသူများအတွက် အခမဲ့လက်ဆောင်ဖြစ်ပြီး၊ ပေးသနားသောသူအတွက် အဖိုးအခကြီးကြောင်းကို ခွဲခြားပြသထားသည် "ယေရှုခရစ်၌ ရွေးနှုတ်တော်မူသောအားဖြင့် အဖိုးမပေးရဘဲ၊ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ရကြ၏")

၂။ **Free Grace ကဆိုလိုထားသည်မှာ ကယ်တင်ခြင်းကျေးဇူးတော်ကို ယုံကြည်ခြင်းအားဖြင့်သာ လက်ခံရရှိနိုင်သည်ဟူ၍ဖြစ်သည်။**

အပြစ်သားများဖြစ်သည့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကိုထိုက်ထိုက်တန်တန်ရရှိရန် မည်သည့်အရာမျှမလုပ်ဆောင်နိုင်သောကြောင့် ၎င်းကို လက်ဆောင်တစ်ပါးအဖြစ်နှင့်ပေးသနားဖို့လိုအပ်ပြီး၊ ၎င်းကိုယုံကြည်ခြင်းအားဖြင့်သာ လက်ခံရရှိနိုင်ပါသည်။ *ယုံကြည်ခြင်း* (*faith* နှင့် *believing* တို့သည် တူညီသောဂရိစကားလုံးမှရောက်ရှိလာကြပါသည်) ဟုဆိုရာ၌ ကျွန်ုပ်တို့ဆိုလို သောအရာမှာ တစ်စုံတစ်ရာကိုမှန်ကန်သောအရာ (သို့) ယုံကြည်စိတ်ချရလောက်သောအရာအဖြစ်လက်ခံခြင်းဖြင့် လူသားတို့ဘက်မှတုံ့ပြန်မှုဖြစ်သည်။ ၎င်းသည် ခိုင်မာသောခံယူချက်ဖြစ်၍ အတွက်ဘက်မှဆွဲဆောင်ဖျောင်းဖျမှုတစ်ခုဖြစ်သည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်က အကျင့်၊ လုပ်ဆောင်ချက်၊ ကောင်းမှုကုသိုလ်စသည့်အခြားမည်သည့်အခြေအနေသတ်မှတ်ချက်များကိုမဆိုတားဆီးပိတ်ပင်ထားပါသည် (ရောမ ၄း၄–၅)။ ယုံကြည်ခြင်းကို ခရစ်ယာန်ပညတ်ချက်များကို နာခံခြင်း၊ ဗတ္တိဇံခံခြင်း၊ ဝန်ခံအပ်နှံခြင်း၊ မိမိ၏အသက်တာကို ဘုရားသခင်ထံ၌ဆက်ကပ်အပ်နှံခြင်း၊ အပြစ်ဒုစရိုက်များမှ ပြန်လှည့်လာခြင်းစသည်တို့အားဖြင့် အဓိပ္ပါယ်မဖွင့်ဆိုနိုင်ပါ။ ဤအရာများသည် ယုံကြည်ခြင်း၏ရလဒ်များဖြစ်နိုင်သကဲ့သို့ ဖြစ်လည်းဖြစ်ရပါမည်။ သို့သော်၊ ၎င်းတို့သည် ယုံကြည်ခြင်းကိုယ်တိုင်နှင့် ကွဲပြားပါသည်။ ထိုသို့သာမဟုတ်လျှင် ကျေးဇူးတော်သည် ကျေးဇူးတော်အဖြစ်မှ ရပ်စဲသွားပါသည် (ရောမ ၁၁း၆)။ ဧဖက် ၂း၈ က "ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏... ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်"ဟုပြောထားပါသည်။ ယုံကြည်ခြင်းသည် ရိုးရှင်းသောတုံ့ပြန်

မှုတစ်ခုဖြစ်သော်လည်း၊ ၎င်းသည် လွယ်ကူသောအရာတစ်ခုဖြစ်သည်ဟု မဆိုလိုပါ။ အခမဲ့ကျေးဇူးတော်ကို ယုံကြည်စွဲကိုင်ထားသောသူများက နောင်တရခြင်းကို စိတ် (သို့) စိတ်နှလုံးပြောင်းလဲခြင်းအလားယုံကြည်ခြင်း၏ လက္ခဏာသွင်ပြင်တစ်ခုကိုဖော်ကျူးရန် တစ်ခါတစ်ရံအသုံးပြုနိုင်သည်ဟု ယုံကြည်ကြသည်။ ထိုယုံကြည်ခြင်းတွင် တစ်စုံတစ်ခုနှင့်ပတ်သက်၍ခိုင်မာသောခံယူချက် (သို့) ဆွဲဆောင်ဖျောင်းဖျမှုတစ်ခုဆီသို့ ကျွန်ုပ်တို့ရောက်လာကြပါသည်။ အခမဲ့ကျေးဇူးတော်ကို ထောက်ခံအားပေးသောအခြားသူများကမူ (အပြစ်ဒုစရိုက်များမှ ပြန်လှည့်ခြင်းအလား) နောင်တရခြင်းသည် ကယ်တင်ခြင်း (သို့) ကယ်တင်ခြင်းကိုဖြစ်စေသော ယုံကြည်ခြင်းတွင် မည်သည့်အခန်းကဏ္ဍမျှမရှိဟုမှတ်ယူထားကြသည်။

၃။ **Free Grace က ယုံကြည်ခြင်းမှ ဦးတည်ရည်မှန်းသောပုဂ္ဂိုလ်မှာ သခင်ယေရှုခရစ်ဖြစ်သည်ဟု ယုံကြည်ထားသည်။** ယုံကြည်ခြင်းတွင် ဦးတည်ရန်မှန်းထားသောပုဂ္ဂိုလ် (သို့) အရာတစ်ခုရှိရမည်ဖြစ်သည်။ အကြောင်းမှာ၊ ယုံကြည်ခြင်းကိုယ်၌က ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ထိရောက်သောအကြောင်းရင်းမဟုတ်သောကြောင့် ဖြစ်သည်။ (ကျွန်ုပ်တို့သည် "ကျေးဇူး တော်ကြောင့်" ကယ်တင်ရာသို့ရောက်ကြရပါသည်) သို့သော်၊ ယုံကြည်ခြင်းသည် အခရာကျသောနည်းလမ်းတစ်ခုဖြစ်ပြီး၊ ထိုနည်းလမ်းအားဖြင့် ကျွန်ုပ်တို့ကယ်တင်ရာသို့ရောက်ကြရပါသည်။ ("ယုံကြည်သော အားဖြင့်") ကျွန်ုပ်တို့ကို အမှန်တကယ်ကယ်တင်ပေးသောသူမှာ သခင်ယေရှုခရစ်ဖြစ်သည်။ သို့သော်၊ အခြားယေရှုမဟုတ်ပါ။ ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်အတွက် အသေခံခဲ့၍၊ သေခြင်းမှထမြောက်ခဲ့ကာ၊ ယုံကြည်သူတိုင်းထံ၌ ထာဝရကယ်တင်ခြင်းကိုအာမခံတော်မူသော ဘုရားသခင်၏သားတော်သခင်ယေရှုဖြစ်သည်။

၄။ **Free Grace သည် သခင်ခရစ်တော်၏အပြီးသတ်လုပ်ဆောင်သွားခဲ့သောအမှုကိုဆွဲကိုင်ထားသည်။** ကျေးဇူးတော်သည်အခမဲ့ဖြစ်သည်။ အကြောင်းမှာ၊ သခင်ယေရှုခရစ်က ကျွန်ုပ်တို့ကိုယ်စားလုပ်စရာများအားလုံးကို လုပ်ဆောင်သွားခဲ့ပြီးသောကြောင့်ဖြစ်သည်။ "ဤအမှုပြီးပြီ" ဟူသော သခင်ယေရှုခရစ်၏ ကားတိုင်ထက်မှထုတ်ဖော်ကြေငြာချက်၏ဆိုလိုရင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့

အပြစ်ဒုစရိုက်များ၏ အဖိုးအခကို အပြီးသတ်အပြည့်အဝပေးခဲ့သည် ဟူ၍ဖြစ်သည်။ ၎င်းသည် သခင်ယေရှုကအထမြောက်ပြီးပြည့်စုံစေခဲ့သောအရာ၌ မည်သည့်အရာကိုမျှ ကျွန်ုပ်တို့ထပ်လောင်းပေါင်းထည့်၍မရနိုင်ပါဟုလည်း ဆိုလိုပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို ထိုက်ထိုက်တန်တန်ရရှိဖို့ မည်သည့်အရာကိုမျှ ကျွန်ုပ်တို့မလုပ်နိုင်သကဲ့သို့၊ ထိုကယ်တင်ခြင်းကို ဆက်လက်ထိန်းသိမ်းရန်အတွက်လည်း မည်သည့်အရာကိုမျှ ကျွန်ုပ်တို့ မလုပ်ဆောင်နိုင်ကြပါ။ ထို့ကြောင့်၊ အခမဲ့ကျေးဇူးတော်သည် ယုံကြည်သူ၏ထာဝရလုံခြုံစွာရှိနေခြင်းကို သွန်သင်ပေးနေပါသည်။

၅။ **Free Grace သည် ကယ်တင်ခြင်းစိတ်ချယုံကြည်မှုအတွက် တစ်ခုတည်းသောအခြေခံအကြောင်းရင်းကို ပံ့ပိုးပေးပါသည်။** ကျွန်ုပ်တို့၏လုပ်ဆောင်ချက်ကို တောင်းဆိုပြဋ္ဌာန်းထားသည့်မည်သည့်စနစ် (သို့) ယုံကြည်မှုကမျှ ကယ်တင်ခြင်း စိတ်ချယုံကြည်မှုကို မပေးနိုင်ပါ။ လူသားတို့၏လုပ်ဆောင်ချက်များသည် အသိစိတ်တွင်းမှဖြစ်ပေါ်သောခံစားမှုတွင်အခြေခံပြီး၊ ပုံသေမဟုတ်သောအရာ၊ ကြိုတင်မပြောနိုင်သောအရာဖြစ်၍ အမြဲတမ်းအနာအဆာပါသောအရာလည်းဖြစ်ကြသည်။ ကျွန်ုပ်တို့၏ယုံကြည်ချက်သည် သခင်ယေရှုခရစ်၌လည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်၌ ထုတ်ဖော်ပြောပြထားသည့် ကိုယ်တော်၏ကတိတော်၌လည်းကောင်းတည်မှီနေရပါမည်။ သခင်ခရစ်တော်၊ သခင်ခရစ်တော်လုပ်ဆောင်သွားခဲ့သောအမှု၊ ဘုရားသခင်၏နှုတ်ကပတ်တော်တို့သည် မပြောင်းလဲနိုင်သည့်ခမ္ဘာမြဲဌာန်ကျသော သမ္မာတရားများဖြစ်ကြသည်။ ထို့ကြောင့်၊ အခမဲ့ကျေးဇူးတော်သည် ကယ်တင်ခြင်းစိတ်ချမှုအတွက် တစ်ခုတည်းသောအခြေခံအကြောင်းရင်းကို ပံ့ပိုးပေးထားပါသည်။

၆။ **Free Grace သည် ကယ်တင်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်းကို ခွဲခြားသိမြင်ထားသည်။** အချို့သော ခမ္ဘာ့ကွေးခေါ်ယူဆမှုစနစ်များက ခရစ်ယာန်အားလုံးသည် တပည့်တော်များဖြစ်ကြသည်ဟု ယုံကြည်ထားပါသော်လည်း၊ Free Grace ကမူ ထာဝရကယ်တင်ခြင်းအတွက်အခြေအနေသတ်မှတ် (ယုံကြည်ခြင်း) သည် တပည့်တော်ဖြစ်ခြင်းအတွက် အခြေအနေသတ်မှတ်ချက် (ကိုယ့်ကိုယ်ကို ငြင်းပယ်ခြင်း၊ မိမိ၏လက်ဝါးကပ်တိုင်ကိုထမ်းခြင်း၊ သခင်ခရစ်တော်နောက်

သို့လိုက်ခြင်း၊ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်တွင် တည်ခြင်း၊ မိသားစုထက် သခင်ခရစ်တော်ကို ပို၍ချစ်ခြင်းစသည်တို့)နှင့် ကွဲပြားသည်ဟု သဘောပေါက်ထားသည်။ ကျေးဇူးတော်သည် လုံးဝဥ္ဇာသုန်အခမဲ့ဖြစ်သောကြောင့် ဤအခြေအနေသတ် မှတ်ပြဋ္ဌာန်းချက်များကို မပြဋ္ဌာန်းနိုင်ပါ။ ထိုသို့သာမဟုတ်လျှင် ကျေးဇူးတော်အဖြစ်မရပ်စဲသွားပါသည်။ Free Grace က တ ပည့်တော်ဖြစ်ခြင်းအတွက် ဆက်ကပ်အပ်နှံမှုသည် ကယ်တင်ခြင်း၏ရလဒ်ဖြစ်ရမည်၊ ကယ်တင်ခြင်းအတွက် ပြဋ္ဌာန်းချက်မဖြစ်ရဟု ယုံကြည်ထားသည်။ ၎င်းတို့ကို ကယ်တင်ခြင်းအတွက် အခြေအနေသတ်မှတ်ချက်များအဖြစ် ဖန်တီးခြင်းသည် ကျေးဇူးတော်နှင့်ယှဉ်သော ဧဝံဂေလိတရားခံ၌ အကျင့်နှင့် လူတို့၏ကောင်းမှုကုသိုလ်များကို ထည့်ပေါင်းနေခြင်းသာဖြစ်သည်။

၇။ **Free Grace က ခရစ်ယာန်အသက်တာသည်လည်း ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့်ဖြစ်တည်ရသည်ဟု သွန်သင်ပေးပါသည်။** ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ခံစားရသောကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းခံရကြသကဲ့သို့၊ ထိုကျေးဇူးတော်ကြောင့် ဆက်လက် ကယ်တင်ခြင်းခံရပြီး၊ ထိုကျေးဇူးတော်အားဖြင့်လည်း ကျွန်ုပ်တို့ကြီးထွားကြရပါသည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့မထိုက်တန်သောအရာမှန်သမျှကိုပေးကမ်းသကဲ့သို့ ကျွန်ုပ်တို့ထပ်၍လိုအပ်မည့်အရာများအားလုံးကိုလည်း ပေးကမ်းထားပါသည်။ ကယ်တင်ခြင်းမှာကဲ့သို့၊ ကြီးထွားခြင်းအတွက် ကျေးဇူးတော်ကို ယုံကြည်ခြင်းအားဖြင့် အသင့်ရနိုင်ပါသည်။ "ထိုကျေးဇူးတော် ကိုခံစားရသည့်အကြောင်းမှာ ယုံကြည်ခြင်းရှိ၍ ထိုသခင်အားဖြင့်သာခံစားရသောအခွင့်ကိုရကြ၏။" (ရောမ ၅း၂၊ နှိုင်းယှဉ်၊ ဂလာတိ ၂း၂၀)။

၈။ **Free Grace က ဘုရားဝတ်၌မွေ့လျော်သော အသက်ရှင်ခြင်းအတွက် အကောင်းဆုံးစိတ်ဓါတ်စေ့ဆော်မှုကို ပေးကမ်းထားသည်။** ကယ်တင်ခြင်းသည် လူသား၏လုပ်ဆောင်ချက်အားဖြင့်ဖြစ်တည်လျှင် ထိုကယ်တင်ခြင်းသည် အာမခံချက်မရှိပါ။ ထိုသို့ အာမခံချက်မရှိလျှင် ကောင်းသောပြုမူနေထိုင်မှုအတွက် စိတ်ဓာတ်လှုံ့ဆော်မှုသည် ကျွန်ုပ်တို့ကယ်တင်ခြင်းခံရ ကြောင်းကိုသက်သေပြရန် (သို့) အပယ်ငရဲကိုရှောင်ရှားရန် လုပ်ဆောင်သည့်အရာအလွယ် တကူဖြစ်လာသည်။ စိတ်မသန့်လိပ်ပြာမလုံခြင်း၊ စိုးရိမ်ကြောက်ရွံ့ခြင်း၊ သံသ

ယစိတ်ရှိခြင်းတို့သည် ကောင်းသောပြုမူနေထိုင်ခြင်းကိုဖြစ်စေနိုင်သော်လည်း ဘုရားဝတ်၌မွေ့လျော်သောပြုမူနေထိုင်ခြင်းကိုသေချောပေါက်ဖြစ်စေသည်ဟု မပြောနိုင်ပါ။ အလိုတော်နှင့်ညီသောပြုမူနေထိုင်ပုံတွင်ချစ်ခြင်း၊ ကျေးဇူးတင်စိတ်ရှိခြင်းဟူသော အတွင်းမှစေ့ဆော်မှုများပါဝင်သည်။ ဘုရားသခင်၏ကျေးဇူးတော်၌စိတ်ချမှုရှိခြင်း၊ သခင်ခရစ်တော်၏အပြီး သတ်လုပ်ဆောင်ခဲ့သောအမှုတို့က ခရစ်ယာန်များကို လွတ်လပ်၍၊ ချွင်းချက်မရှိသောချစ်ခြင်းမေတ္တာပတ်ဝန်းကျင်တွင် ကြီးထွားရန်ခွင့်ပြုပေးပါသည် (တိတု ၂း၁၁–၁၂)။

၉။ **Free Grace က ခရစ်ယာန်များသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြရမည်ဟုဆွဲကိုင်ထားသည်။** Free Grace အရ၊ ယုံကြည်သူတို့သည် ထာဝရကယ်တင်ခြင်းအတွက် အခြေခံအကြောင်းရင်းအဖြစ် ပညတ်တရားနှင့် အကျင့်တို့မှ တောင်းဆိုပြဋ္ဌာန်းချက်များအားလုံးမှ လွတ်ခြင်းကိုခံကြရပါသည်။ သို့သော်၊ Free Grace က ခရစ်ယာန်များသည်အလိုတော်နှင့်ညီသောအသက်တာဖြင့်ရှင်သန်ကြ ရမည်။ အကြောင်းမှာ (၁) ကျွန်ုပ်တို့သည် ဘုရားသခင်က လုပ်ဆောင်ပေးသွားသောအရာအပေါ်၌ကျေးဇူးတင်စိတ်ရှိကြရမည် (ရောမ ၁၂း၁–၂)။ (၂) ဘုရား သခင်က ကျွန်ုပ်တို့အားကောင်းသောအကျင့်ကိုကျင့်စေလိုသည် (ဧဖက် ၂း၁၀)။ (၃) ကျွန်ုပ်တို့သည် သခင်ခရစ်တော်၌ အသစ်သောဖြစ်တည်မှုအနေအထားတစ်ခုကိုရရှိထားကြသည် (ရောမ ၆း၁–၁၄)။ (၄)ကျွန်ုပ်တို့၌ သခင်ယေရှုတည်းဟူသော အရှင်သခင်အသစ်ကိုရှိထားကြသည်။ (ရောမ ၆း၁၅–၂၃)။ (၅) ကျွန်ုပ်တို့၌ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောတန်ခိုးတော်အသစ်ကိုရှိထားကြသည်ဟု သွန်သင်ပေးထားသည်။ ဤအရာများကြောင့် ကျွန်ုပ်တို့၏အသက်တာ ရှင်သန်ပုံနှင့်စပ်လျဉ်း၍ ဘုရားသခင်ကကျွန်ုပ်တို့အား တာဝန်ယူတာဝန်ခံစေပါလိမ့်မည်ဟု Free Grace က သွန်သင်ပေးသည်။ ဤအသက်တာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစည်းကမ်းဖြင့်ကြပ်မတ်ဆုံးမနိုင်ဖြီး (ဟေဗြဲ ၁၂း၅–၁၁)၊ ကျွန်ုပ်တို့သည်အနာဂတ်တွင် ခရစ်တော်၏တရားပလ္လင်ကိုရင်ဆိုင်ကြရမည်ဖြစ်ကာ၊ ထိုနေရာတွင် ယုံကြည်သများသည် ဘုရားသခင်ထံရှင်းလင်းချက်များကိုတင်ပြကြရ ပါလိမ့်မည်။ (ရောမ ၁၄း၁၀–၁၂၊ ၁ ကော ၃း၁၁–၄း၅၊ ၂

ကော ၅း၁၀)။ ဤတရားစီရင်ခြင်းတွင် ယုံကြည်သူများသည် ဆုလာဘ်များချီးမြှင့်ခံရမည် (သို့) ဆုလာဘ်များကို ငြင်းပယ်ခြင်းခံရမည်ဖြစ်သည်။ ခရစ်ယာန်များသည် အကျိုးဆက်ခံစားရခြင်းမရှိဘဲ အပြစ်ဒုစရိုက် ကိုကျူးလွန်နိုင်သည်ဟု Free Grace ကမည်သည့်နည်းနှင့်မျှသွန်သင်ပေးထားခြင်းမရှိပါ။

၁၀။ **Free Grace က သမ္မာကျမ်းစာကို တိကျမှန်ကန်စွာအနက်ဖွင့်ဘာသာပြန်ဆိုခြင်းတွင် ရှေးဦးစွာဆက်ကပ်အပ်နှံထားသည်။** ဤအရာကို ပြောစရာမလိုပါသော်လည်း၊ လူမြောက်များစွာက ငင်းတို့၏ ခမ္မတွေးခေါ်ယူဆချက်စနစ်ကို ငင်းတို့၏ အနက်ဖွင့်ဘာသာပြန်ဆိုချက်တွင် အတင်းအကျပ်တင်စီးသွတ်သင်းနေကြသောကြောင့်၊ ဤသို့ပြောဖို့ဖြစ်လာပါသည်။ အမှန်ဆိုရ လျှင်၊ သမ္မာကျမ်းစာကို ငင်းကိုယ်တိုင်ထုတ်ဖော်ပြောဆိုစေရမည်ဖြစ်သည်။ Free Grace ၏နည်းစနစ်သည် ခေတ်ကာလတစ်လျှောက်၌ ဤလောကအတွက်ထားရှိသော မိမိ၏အကြံအစည် ကို ဘုရားသခင်ကအမျိုးမျိုးသောနည်းလမ်းဖြင့် စီမံခန့်ခွဲပုံကိုလည်းကောင်း၊ ပေးထားသောကျမ်းချက်များ၏သင့်တင့်လျောက်ပတ်သော ကျမ်းစကားအဆက်အစပ်ကိုလည်းကောင်း၊ ထည့်သွင်းစဉ်းစားသုံးသပ်သည့်သမ္မာကျမ်းစာအား အရှိအတိုင်းတိုက်ရိုက်နှင့် ရိုးရှင်းသော အဓိပ္ပါယ်မျိုးဖြင့် ချဉ်းကပ်ခြင်း၏ရလဒ်ဖြစ်သည်။ Free Grace ၏ နည်းစနစ်သည် သမ္မာကျမ်းစာနှင့်ကိုက်ညီမှုကို အခြားအရာများအားလုံးထက်ရှာပါသည်။ ငင်း၏ပထမဆုံး ဆက်ကပ်အပ်နှံမှုသည် ခမ္မတွေးခေါ်ယူဆမှုစနစ်တွင်မဟုတ်ပါ။ သမ္မာကျမ်းစာကပြောဆိုထားချက်တွင်ဖြစ်သည်။ အချို့သော အချက်အလက်များသည် အခြားသောသွန်သင်ချက်များ (သို့) အစဉ်အလာအရအနက်ဖွင့် ဘာသာပြန်ဆိုချက်များနှင့် အံဝင်ခွင်ကျဖြစ်အောင်လုပ်ဆောင်၍ မရနိုင်လျှင်ပင် သမ္မာကျမ်းစာမှပြောဆိုထားသောအရာတွင်သာ ဆက်ကပ်ထားပါသည်။ ထို့ကြောင့်၊ သမ္မာကျမ်းစာမှ ကျမ်းချက်အချို့၏အမျိုးမျိုးသောအနက်ဖွင့် ဘာသာပြန်ဆိုချက်များသည် သမ္မာကျမ်းစာအနက်ဖွင့် ဘာသာပြန်ဆိုခြင်းနှင့်စပ်ဆိုင်သော သင့်တင့်ကောင်းမွန်သည့်စည်းမျဉ်းဥပဒေများနှင့်လည်းကောင်း၊ ဘုရားသခင်၏အခမဲ့ကျေးဇူးတော် သွန်သင်ချက်နှင့် လည်းကောင်း ရှေ့နောက်ညီနေသမျှ

ကာလပတ်လုံး၊ ၎င်းတို့ကို Free Grace ရပ်တည်ချက်က ခွင့်ပြုထားပါသည်။

နိဂုံးချုပ်

အခမဲ့ကျေးဇူးတော် ဓမ္မတွေးခေါ်ယူဆချက်ကို ကျေးဇူးတော်သည် လုံးဝဥဿုန် အခမဲ့ဖြစ်သည်ဟူသော သမ္မာကျမ်းစာ၏ရိုးရှင်း၍ ရှင်းလင်းပြတ်သားနေသော သွန်သင်ချက်နှင့်အတူ အစပြုထားပါသည်။ ဤအချက်မှ ကယ်တင်ခြင်း၊ ယုံကြည်ခြင်း၊ လုံခြုံစွာရှိနေခြင်း၊ စိတ်ချမှုရှိခြင်း၊ ခရစ်ယာန်အသက်တာ၊ တပည့်တော်ဖြစ်ခြင်းတို့နှင့် ဆက်စပ်နေသော သမ္မာကျမ်းစာ၏သွန်သင်ချက်များကို အခြေအနေပေါ်မမူတည်သော သဘောသဘာဝကိုရှိထား သည့်ကျေးဇူးတော်နှင့် ညီညွတ်စွာရှုမြင်သုံးသပ်ထားပါသည်။ ဘုရားသခင်၏အခမဲ့ကျေးဇူးတော်သည် ခရစ်ယာန် များကို ကိုးကွယ်စည်းကပ်ဖို့၊ အလုပ်အကျွေးပြုဖို့နှင့် "ငါတို့ကို ရှေးဦးစွာချစ်တော်မူသော" (၁ ယော ၄း၁၉)၊ "ခပ်သိမ်းသောကျေးဇူးကိုပြုတော်မူသောဘုရားသခင်" (၁ ပေ ၅း၁၀) အတွက်အလိုတော်နှင့်ညီညွတ်စွာရှင်သန်ဖို့စေ့ဆော်ပေးရပါမည်။

❐

သမ္မာကျမ်းစာအညွှန်း

ကမ္ဘာဦးကျမ်း

၂း၁၇ ၆၃၊ ၇၅၊ ၇၇
၃း၉–၁၀ ၆၃
၁၂း၃ ၁၈၁
၁၅း၆ ၃၉၊ ၃၇၀
၁၅း၈–၂၁ ၂၅

ထွက်မြောက်ရာကျမ်း

၂၂း၂၀–၂၂ ၃၃၈
၃၃း၂၀ ၃၅၆

တောလည်ရာကျမ်း

၁၁း၁–၃ ၃၃၈
၁၂း၇ ၃၄၃
၁၅း၂၂–၂၉ ၃၅၀
၁၅း၃၀–၃၁ ၃၅၂၊ ၃၅၃
၂၁း၃ ၂၈၅

တရားဟောရာကျမ်း

၄း၂၄ ၃၃၈၊ ၃၅၈
၆း၆ ၆၇
၁၃း၁–၆ ၁၀၉
၁၈း၂၀–၂၂ ၁၀၉
၂၁း၃–၁၄ ၂၆၂
၃၀း၁၂–၁၄ ၃၅၃
၃၂း၃၅–၃၆ ၃၅၃

ယောရှုမှတ်စာ

၆း၁၇ ၂၈၅
၇း၁၂ ၂၈၅
၁၁း၂၃ ၃၄၂

ဓမ္မဟောင်းကျမ်း

တရားသူကြီးမှတ်စာ

၁း၁၇ ၂၈၅
၃း၁၁ ၃၄၂
၅း၃၁ ၃၄၂

၁ ဓမ္မရာဇဝင်

၂း၁၂ ၅၁
၁၂း၁–၁၄ ၃၉၇

၆ ဓမ္မရာဇဝင်

၇း၁၄ ၁၈၇

ဆာလံကျမ်း

၇း၁ ၇၂
၁၈း၃ ၇၂
၃၂း၁–၅ ၃၉၇
၄၅း၇ ၃၄၂
၆၆း၁၂ ၃၃၈
၇၈း၂ ၃၃၈
၇၉း၅ ၃၃၈
၈၉း၃၀–၃၇ ၄၇၂

သုတ္တံကျမ်း

၁၀း၂၇ ၃၆၁
၁၁း၂၉ ၃၆၁

ဟေရာယ

၉း၁၉ ၃၃၈
၆၆း၁၆ ၂၆၉

ယေရမိ

၁၁း၁၆ ၃၃၈

ယေရမိမြည်တမ်း

၂း၃–၄ ၅၃၊ ၃၃၈
၄း၁၁ ၅၃

ယေဇကျေလ

၁၈း၄ ၁၂
၃၆း၂၅–၂၇ ၁၉၇

ဒံယေလ

၉း၂၇ ၁၆၁
၁၂း၁ ၄၃၂

ယောလ

၂း၃၂ ၂၆၂၊ ၂၆၄

အာမုတ်

၂း၅ ၅၃၊ ၃၃၈

ယောနာ

၄း၃ ၃၅၃

ဟဗက္ကုတ်

၂း၄ ၇၉

ဇေဖနိ

၁း၁၈ ၃၃၈

ဇာခရိ

၁၂း၂–၉ ၁၄၄
၁၂း၁၀ ၁၆၈
၁၃း၉ ၂၆၉
၁၄း၁၁ ၂၈၅

ဓမ္မသစ်ကျမ်း

ရှင်မဿဲခရစ်ဝင်

၃း၁–၁၂	၁၈၆
၃း၇–၉	၁၈၇
၃း၈	၁၀၆၊
၃း၁၀–၁၇	၆၈
၃း၁၁–၁၄	၁၀၇
၃း၁၅–၁၆	၁၀၄
၃း၁၆	၁၀၁
၃း၁၇	၈၆
၄း၁–၆	၁၀၄
၄း၂–၃	၁၀၁
၄း၄	၁၀၁
၄း၅	၆၆
၄း၆	၁၀၄
၄း၇–၁၁	၁၀၁
၄း၁၂–၁၇	၁၀၄
၄း၁၈–၂၀	၁၀၄
၄း၂၁	၆၂၊ ၆၈၊ ၁၀၀
၄း၂၂	၁၀၈
၄း၂၃–၂၅	၁၀၀
၄း၂၆	၁၀၄
၄း၂၇–၂၉	၁၀၆
၄း၃၀	၁၀၀
၅း၁–၂	၁၀၄
၅း၃–၄	၁၀၄
၅း၅–၆	၁၀၄
၅း၇–၈	၁၀၄
၅း၉–၁၀	၁၀၄
၅း၁၁–၁၂	၁၀၄
၅း၁၃–၁၄	၁၀၄
၅း၁၅–၁၆	၁၀၄

৩৭৫	৩৭–৭৯ : ৮৫	৯৯৫	৩৮–৯৩ : ৮৫
৯৩৫	৮৯ : ৮৫	৮৯৮	৯ : ৯৫
৯৮৫	৯–৯ : ৮৫	৮৬৫	২৫ : ২৫
২৯৫	৮৫ : ৩৫	২৫৯	৮–২ : ২৫
৯৫৮	৩৫ : ৩৫	৫৫৫	৩৯–৫৫ : ৮৫
৩৫৮	৩৫ : ৩৫	৫৫৫	৫৫–৫৮

၄၄၄	၉၆၀	၉၃၄	၃၆၄–၄၀၁
၁၀၄	၃၄၁	၃၄	၁၀၄–၁၂၄

ဓါဂဂ ၎ါ–ပင : ၈
ပ၂၂ ၈၀–၎င : ၈
ဝ၎ါ ၉င : ၈
ဝ၎ါ ၂င : ၈
ငဒါ၎၈ ပ : ၆
ဝ၎ါ ၂င–ဝင : ၆
ဓါဂဂ ၎–ဂ : ၆
ဂဝ၎ ၆–ပ : ၆
ဝ၎ါ၈ဝ၂ဝ၎ါ ၎ဂ–၎ပ : ၆
ဝ၎ါ ၎ဂ–၎ပ : ၆
ဝ၎ါ ၎ဂ–၎ပ : ၆

๑๗๕	๓	๒๐๒๑
๒๐๒๑	๓	๒๐๒๒
๒๐๒๒	๓	๒๐๒๓
๒๐๒๓	๓	๒๐๒๔
๒๐๒๔	๓	๒๐๒๕
๒๐๒๕	๓	๒๐๒๖

๑๒๓๔	๑ : ๑๑	๑๗๙	๑๑ : ๑๕	๑๗๓	๑๓ : ๑๔–๑๕
๒๙๑	๑๓ : ๒๕–๒๙	๑๓๔	๑๓ : ๑๕	๑๗๕	๑๔ : ๑๓–๑๔
๑๒๒๓๓๘	๒๓ : ๑๒	๒๒๒๕๓๒๔	๑๓ : ๑๕	๑๗๗	๑๔ : ๑๔–๑๕
๒๒๒	๒๓–๓๕ : ๑	๑๓๕	๑๕ : ๑๙	๑๗๘	๑๔ : ๑๕–๑๖
๒๓๕	๑๓ : ๑๔	๑๓๖	๑๕ : ๑๙	๑๗๙	๑๔ : ๑๖–๑๗
๒๓๗	๑๓ : ๑๕	๑๓๗	๑๕ : ๑๙	๑๗๙	๑๔ : ๑๗–๑๘
๒๓๘	๑๓ : ๑๖	๑๓๘	๑๕ : ๑๙	๑๗๙	๑๔ : ๑๘–๑๙
๒๓๙	๑๓ : ๑๗	๑๓๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๙–๒๐
๒๔๐	๑๓ : ๑๘	๑๔๐	๑๕ : ๑๙	๑๗๙	๑๔ : ๒๐–๒๑
๒๔๑	๑๓ : ๑๙	๑๔๑	๑๕ : ๑๙	๑๗๙	๑๔ : ๒๑–๒๒
๒๔๒	๑๓ : ๒๐	๑๔๒	๑๕ : ๑๙	๑๗๙	๑๔ : ๒๒–๒๓
๒๔๓	๑๓ : ๒๑	๑๔๓	๑๕ : ๑๙	๑๗๙	๑๔ : ๒๓–๒๔
๒๔๔	๑๓ : ๒๒	๑๔๔	๑๕ : ๑๙	๑๗๙	๑๔ : ๒๔–๒๕
๒๔๕	๑๓ : ๒๓	๑๔๕	๑๕ : ๑๙	๑๗๙	๑๔ : ๒๕–๒๖
๒๔๖	๑๓ : ๒๔	๑๔๖	๑๕ : ๑๙	๑๗๙	๑๔ : ๒๖–๒๗
๒๔๗	๑๓ : ๒๕	๑๔๗	๑๕ : ๑๙	๑๗๙	๑๔ : ๒๗–๒๘
๒๔๘	๑๓ : ๒๖	๑๔๘	๑๕ : ๑๙	๑๗๙	๑๔ : ๒๘–๒๙
๒๔๙	๑๓ : ๒๗	๑๔๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๙–๓๐
๒๕๐	๑๓ : ๒๘	๑๕๐	๑๕ : ๑๙	๑๗๙	๑๔ : ๓๐–๓๑
๒๕๑	๑๓ : ๒๙	๑๕๑	๑๕ : ๑๙	๑๗๙	๑๔ : ๓๑–๓๒
๒๕๒	๑๓ : ๓๐	๑๕๒	๑๕ : ๑๙	๑๗๙	๑๔ : ๓๒–๓๓
๒๕๓	๑๓ : ๓๑	๑๕๓	๑๕ : ๑๙	๑๗๙	๑๔ : ๓๓–๓๔
๒๕๔	๑๓ : ๓๒	๑๕๔	๑๕ : ๑๙	๑๗๙	๑๔ : ๓๔–๓๕
๒๕๕	๑๓ : ๓๓	๑๕๕	๑๕ : ๑๙	๑๗๙	๑๔ : ๓๕–๓๖
๒๕๖	๑๓ : ๓๔	๑๕๖	๑๕ : ๑๙	๑๗๙	๑๔ : ๓๖–๓๗
๒๕๗	๑๓ : ๓๕	๑๕๗	๑๕ : ๑๙	๑๗๙	๑๔ : ๓๗–๓๘
๒๕๘	๑๓ : ๓๖	๑๕๘	๑๕ : ๑๙	๑๗๙	๑๔ : ๓๘–๓๙
๒๕๙	๑๓ : ๓๗	๑๕๙	๑๕ : ๑๙	๑๗๙	๑๔ : ๓๙–๔๐
๒๖๐	๑๓ : ๓๘	๑๖๐	๑๕ : ๑๙	๑๗๙	๑๔ : ๔๐–๔๑
๒๖๑	๑๓ : ๓๙	๑๖๑	๑๕ : ๑๙	๑๗๙	๑๔ : ๔๑–๔๒
๒๖๒	๑๓ : ๔๐	๑๖๒	๑๕ : ๑๙	๑๗๙	๑๔ : ๔๒–๔๓
๒๖๓	๑๓ : ๔๑	๑๖๓	๑๕ : ๑๙	๑๗๙	๑๔ : ๔๓–๔๔
๒๖๔	๑๓ : ๔๒	๑๖๔	๑๕ : ๑๙	๑๗๙	๑๔ : ๔๔–๔๕
๒๖๕	๑๓ : ๔๓	๑๖๕	๑๕ : ๑๙	๑๗๙	๑๔ : ๔๕–๔๖
๒๖๖	๑๓ : ๔๔	๑๖๖	๑๕ : ๑๙	๑๗๙	๑๔ : ๔๖–๔๗
๒๖๗	๑๓ : ๔๕	๑๖๗	๑๕ : ๑๙	๑๗๙	๑๔ : ๔๗–๔๘
๒๖๘	๑๓ : ๔๖	๑๖๘	๑๕ : ๑๙	๑๗๙	๑๔ : ๔๘–๔๙
๒๖๙	๑๓ : ๔๗	๑๖๙	๑๕ : ๑๙	๑๗๙	๑๔ : ๔๙–๕๐
๒๗๐	๑๓ : ๔๘	๑๗๐	๑๕ : ๑๙	๑๗๙	๑๔ : ๕๐–๕๑
๒๗๑	๑๓ : ๔๙	๑๗๑	๑๕ : ๑๙	๑๗๙	๑๔ : ๕๑–๕๒
๒๗๒	๑๓ : ๕๐	๑๗๒	๑๕ : ๑๙	๑๗๙	๑๔ : ๕๒–๕๓
๒๗๓	๑๓ : ๕๑	๑๗๓	๑๕ : ๑๙	๑๗๙	๑๔ : ๕๓–๕๔
๒๗๔	๑๓ : ๕๒	๑๗๔	๑๕ : ๑๙	๑๗๙	๑๔ : ๕๔–๕๕
๒๗๕	๑๓ : ๕๓	๑๗๕	๑๕ : ๑๙	๑๗๙	๑๔ : ๕๕–๕๖
๒๗๖	๑๓ : ๕๔	๑๗๖	๑๕ : ๑๙	๑๗๙	๑๔ : ๕๖–๕๗
๒๗๗	๑๓ : ๕๕	๑๗๗	๑๕ : ๑๙	๑๗๙	๑๔ : ๕๗–๕๘
๒๗๘	๑๓ : ๕๖	๑๗๘	๑๕ : ๑๙	๑๗๙	๑๔ : ๕๘–๕๙
๒๗๙	๑๓ : ๕๗	๑๗๙	๑๕ : ๑๙	๑๗๙	๑๔ : ๕๙–๖๐
๒๘๐	๑๓ : ๕๘	๑๘๐	๑๕ : ๑๙	๑๗๙	๑๔ : ๖๐–๖๑
๒๘๑	๑๓ : ๕๙	๑๘๑	๑๕ : ๑๙	๑๗๙	๑๔ : ๖๑–๖๒
๒๘๒	๑๓ : ๖๐	๑๘๒	๑๕ : ๑๙	๑๗๙	๑๔ : ๖๒–๖๓
๒๘๓	๑๓ : ๖๑	๑๘๓	๑๕ : ๑๙	๑๗๙	๑๔ : ๖๓–๖๔
๒๘๔	๑๓ : ๖๒	๑๘๔	๑๕ : ๑๙	๑๗๙	๑๔ : ๖๔–๖๕
๒๘๕	๑๓ : ๖๓	๑๘๕	๑๕ : ๑๙	๑๗๙	๑๔ : ๖๕–๖๖
๒๘๖	๑๓ : ๖๔	๑๘๖	๑๕ : ๑๙	๑๗๙	๑๔ : ๖๖–๖๗
๒๘๗	๑๓ : ๖๕	๑๘๗	๑๕ : ๑๙	๑๗๙	๑๔ : ๖๗–๖๘
๒๘๘	๑๓ : ๖๖	๑๘๘	๑๕ : ๑๙	๑๗๙	๑๔ : ๖๘–๖๙
๒๘๙	๑๓ : ๖๗	๑๘๙	๑๕ : ๑๙	๑๗๙	๑๔ : ๖๙–๗๐
๒๙๐	๑๓ : ๖๘	๑๙๐	๑๕ : ๑๙	๑๗๙	๑๔ : ๗๐–๗๑
๒๙๑	๑๓ : ๖๙	๑๙๑	๑๕ : ๑๙	๑๗๙	๑๔ : ๗๑–๗๒
๒๙๒	๑๓ : ๗๐	๑๙๒	๑๕ : ๑๙	๑๗๙	๑๔ : ๗๒–๗๓
๒๙๓	๑๓ : ๗๑	๑๙๓	๑๕ : ๑๙	๑๗๙	๑๔ : ๗๓–๗๔
๒๙๔	๑๓ : ๗๒	๑๙๔	๑๕ : ๑๙	๑๗๙	๑๔ : ๗๔–๗๕
๒๙๕	๑๓ : ๗๓	๑๙๕	๑๕ : ๑๙	๑๗๙	๑๔ : ๗๕–๗๖
๒๙๖	๑๓ : ๗๔	๑๙๖	๑๕ : ๑๙	๑๗๙	๑๔ : ๗๖–๗๗
๒๙๗	๑๓ : ๗๕	๑๙๗	๑๕ : ๑๙	๑๗๙	๑๔ : ๗๗–๗๘
๒๙๘	๑๓ : ๗๖	๑๙๘	๑๕ : ๑๙	๑๗๙	๑๔ : ๗๘–๗๙
๒๙๙	๑๓ : ๗๗	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๗๙–๘๐
๒๙๙	๑๓ : ๗๘	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๘๐–๘๑
๒๙๙	๑๓ : ๗๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๘๑–๘๒
๒๙๙	๑๓ : ๘๐	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๘๒–๘๓
๒๙๙	๑๓ : ๘๑	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๘๓–๘๔
๒๙๙	๑๓ : ๘๒	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๘๔–๘๕
๒๙๙	๑๓ : ๘๓	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๘๕–๘๖
๒๙๙	๑๓ : ๘๔	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๘๖–๘๗
๒๙๙	๑๓ : ๘๕	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๘๗–๘๘
๒๙๙	๑๓ : ๘๖	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๘๘–๘๙
๒๙๙	๑๓ : ๘๗	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๘๙–๙๐
๒๙๙	๑๓ : ๘๘	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๙๐–๙๑
๒๙๙	๑๓ : ๘๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๙๑–๙๒
๒๙๙	๑๓ : ๙๐	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๙๒–๙๓
๒๙๙	๑๓ : ๙๑	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๙๓–๙๔
๒๙๙	๑๓ : ๙๒	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๙๔–๙๕
๒๙๙	๑๓ : ๙๓	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๙๕–๙๖
๒๙๙	๑๓ : ๙๔	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๙๖–๙๗
๒๙๙	๑๓ : ๙๕	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๙๗–๙๘
๒๙๙	๑๓ : ๙๖	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๙๘–๙๙
๒๙๙	๑๓ : ๙๗	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๙๙–๑๐๐
๒๙๙	๑๓ : ๙๘	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๐๐–๑๐๑
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๐๑–๑๐๒
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๐๒–๑๐๓
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๐๓–๑๐๔
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๐๔–๑๐๕
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๐๕–๑๐๖
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๐๖–๑๐๗
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๐๗–๑๐๘
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๐๘–๑๐๙
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๐๙–๑๑๐
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๑๐–๑๑๑
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๑๑–๑๑๒
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๑๒–๑๑๓
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๑๓–๑๑๔
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๑๔–๑๑๕
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๑๕–๑๑๖
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๑๖–๑๑๗
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๑๗–๑๑๘
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๑๘–๑๑๙
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๑๙–๑๒๐
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๒๐–๑๒๑
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๒๑–๑๒๒
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๒๒–๑๒๓
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๒๓–๑๒๔
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๒๔–๑๒๕
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๒๕–๑๒๖
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๒๖–๑๒๗
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๒๗–๑๒๘
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๒๘–๑๒๙
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๒๙–๑๓๐
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๓๐–๑๓๑
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๓๑–๑๓๒
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๓๒–๑๓๓
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๓๓–๑๓๔
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๓๔–๑๓๕
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๓๕–๑๓๖
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๓๖–๑๓๗
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๓๗–๑๓๘
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๓๘–๑๓๙
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๓๙–๑๔๐
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๔๐–๑๔๑
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๔๑–๑๔๒
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๔๒–๑๔๓
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๔๓–๑๔๔
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๔๔–๑๔๕
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๔๕–๑๔๖
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๔๖–๑๔๗
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๔๗–๑๔๘
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๔๘–๑๔๙
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๔๙–๑๕๐
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๕๐–๑๕๑
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๕๑–๑๕๒
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๕๒–๑๕๓
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๕๓–๑๕๔
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๕๔–๑๕๕
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๕๕–๑๕๖
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๕๖–๑๕๗
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๕๗–๑๕๘
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๕๘–๑๕๙
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๕๙–๑๖๐
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๖๐–๑๖๑
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๖๑–๑๖๒
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๖๒–๑๖๓
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๖๓–๑๖๔
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๖๔–๑๖๕
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๖๕–๑๖๖
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๖๖–๑๖๗
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๖๗–๑๖๘
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๖๘–๑๖๙
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๖๙–๑๗๐
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๗๐–๑๗๑
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๗๑–๑๗๒
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๗๒–๑๗๓
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๗๓–๑๗๔
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๗๔–๑๗๕
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๗๕–๑๗๖
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๗๖–๑๗๗
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๗๗–๑๗๘
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๗๘–๑๗๙
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๗๙–๑๘๐
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๘๐–๑๘๑
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๘๑–๑๘๒
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๘๒–๑๘๓
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๘๓–๑๘๔
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๘๔–๑๘๕
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๘๕–๑๘๖
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๘๖–๑๘๗
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๘๗–๑๘๘
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๘๘–๑๘๙
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๘๙–๑๙๐
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๙๐–๑๙๑
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๙๑–๑๙๒
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๙๒–๑๙๓
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๙๓–๑๙๔
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๙๔–๑๙๕
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๙๕–๑๙๖
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๙๖–๑๙๗
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๙๗–๑๙๘
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๙๘–๑๙๙
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๑๙๙–๒๐๐
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๐๐–๒๐๑
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๐๑–๒๐๒
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๐๒–๒๐๓
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๐๓–๒๐๔
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๐๔–๒๐๕
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๐๕–๒๐๖
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๐๖–๒๐๗
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๐๗–๒๐๘
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๐๘–๒๐๙
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๐๙–๒๑๐
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๑๐–๒๑๑
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๑๑–๒๑๒
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๑๒–๒๑๓
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๑๓–๒๑๔
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๑๔–๒๑๕
๒๙๙	๑๓ : ๙๙	๑๙๙	๑๕ : ๑๙	๑๗๙	๑๔ : ๒๑๕–๒

ဆေးရုံ ၁၀၃၇ – ၁၀၇၃

ဆေးခန်းဖွင့်ချိန် ၈:၀၀ – ၁၆:၀၀

ဆေးခန်းပိတ်ရက် တနင်္လာ၊ ဗုဒ္ဓဟူး

ဆေးခန်းဖုန်း ၀၁၇၃၂၂၄၄

ဆေးခန်းတည်နေရာ ၁၂ လမ်း၊ ၅ ရပ်ကွက်

ဆရာဝန် ဒေါက်တာ ဇော်ဇော်ထွန်း (အထွေထွေကုဆရာဝန်)

ဆရာဝန် ဒေါက်တာ နီလာဝင်း (သွားဆရာဝန်)

ဆရာဝန် ဒေါက်တာ မြတ်သူဇာ (မျက်စိဆရာဝန်)

ဆရာဝန် ဦးကျော်မင်းဦး (ကလေးသူနာပြုဆရာ)

ဆရာဝန် ဒေါ်ခင်ခင်ဝေ (မိခင်နှင့်ကလေးသူနာပြုဆရာ)

ဆရာဝန် ဦးဘုန်းလွင် (ဓာတ်မှန်နည်းပညာရှင်)

ဆရာဝန် ဒေါ်သီရိမာ (ဓာတ်ခွဲခန်းနည်းပညာရှင်)

ဆရာဝန် ဦးမင်းထက် (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဒေါ်ခိုင်ခိုင်ဦး (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဦးနေမျိုးသစ် (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဒေါ်ရွှေဆုမြတ် (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဦးကိုကိုလတ် (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဒေါ်ဝေဝေသန်း (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဦးသိန်းဇော်ဦး (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဒေါ်နန်းခင်မာလေး (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဦးမြင့်ဆွေ (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဒေါ်သဇင်ဖြူ (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဦးလှိုင်ဇော်ထွန်း (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဒေါ်ကြူကြူမြင့် (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဦးအောင်ကိုကို (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဒေါ်ပုလဲဝင်းမြင့် (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဦးစိုးမင်းသူ (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဒေါ်ခင်မေသီတာ (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဦးဇော်ဝင်းထွန်း (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဒေါ်ရီတာဦး (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဦးကျော်ဇင်ဦး (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဒေါ်ဝေဝေခိုင် (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဦးမင်းလွင်ဦး (ဆေးဝါးကိုယ်စားလှယ်)

ဆရာဝန် ဒေါ်သီတာမြင့်

၄၆၃	၀၉–၁၄
၈၂	၁၄
၁၄၄	၁၆–၂၀
၂၂	၁၆–၂၁
၂၂	၁၇–၂၁
၄၄၄	၁၈–၂၁
၁၄၀	၁၈–၂၂
၂၂၉	၁၈–၂၃
၂၄၄	၁၉–၂၃
၂၄၂	၁၉–၂၄
၂၄၂	၂၀–၂၄
၂၄၂	၂၀–၂၅
၂၄၂	၂၀–၂၆
၂၄၂	၂၁–၂၆
၂၄၂	၂၁–၂၇
၂၄၂	၂၂–၂၇
၂၄၂	၂၂–၂၈
၂၄၂	၂၃–၂၈
၂၄၂	၂၃–၂၉
၂၄၂

ဝဝ၄	၀၆–၈ : ၃
၄၁၄	၅ : ၃
၆၀၄	၈ : ၃
၀၀၄	၅ : ၃
၀၆ဂ၊၃၉၀	၃ : ၃
၁၆၃	၈ : ၈
၁၄၆၊၉၀၄	၈၆ : ၈
၆၉၃	၈ : ၈
၆၀၄	၁၀ : ၈
၆၆၃	၅ –၃ : ၈
၆၆၃	၁

၂၀၂၁	၁၈ – ၂၄
၁၉၄	၁၂ – ၁၆
၁၈၆	၁ – ၅
၁၆၄	၁၀ – ၁၄
၁၄၇၂	၂၄ – ၂၈
၁၄၆	၂၀ – ၂၂
၁၃၉	၂၆ – ၂၈
၁၃၄	၂၀ – ၂၂
၁၃၀	၂၃ – ၂၅
၁၂၈	၂၆ – ၂၈
၁၂၄	၂၀ – ၂၂
၁၂၀	၂၃ – ၂၅
၁၁၆	၂၆ – ၂၈
၁၁၂	၂၀ – ၂၂
၁၀၈	၂၃ – ၂၅
၁၀၄	၂၆ – ၂၈
၁၀၀	၂၀ – ၂၂
၉၆	၂၃ – ၂၅
၉၂	၂၆ – ၂၈
၈၈	၂၀ – ၂၂
၈၄	၂၃ – ၂၅
၈၀	၂၆ – ၂၈
၇၆	၂၀ – ၂၂
၇၂	၂၃ – ၂၅
၆၈	၂၆ – ၂၈
၆၄	၂၀ – ၂၂
၆၀	၂၃ – ၂၅
၅၆	၂၆ – ၂၈
၅၂	၂၀ – ၂၂
၄၈	၂၃ – ၂၅
၄၄	၂၆ – ၂၈
၄၀	၂၀ – ၂၂
၃၆	၂၃ – ၂၅
၃၂	၂၆ – ၂၈
၂၈	၂၀ – ၂၂
၂၄	၂၃ – ၂၅
၂၀	၂၆ – ၂၈
၁၆	၂၀ – ၂၂
၁၂	၂၃ – ၂၅
၀၈	၂၆ – ၂၈
၀၄	၂၀ – ၂၂
၀၀	၂၃ – ၂၅
၉၆	၂၆ – ၂၈
၉၂	၂၀ – ၂၂
၈၈	၂၃ – ၂၅
၈၄	၂၆ – ၂၈
၈၀	၂၀ – ၂၂
၇၆	၂၃ – ၂၅
၇၂	၂၆ – ၂၈
၆၈	၂၀ – ၂၂
၆၄	၂၃ – ၂၅
၆၀	၂၆ – ၂၈
၅၆	၂၀ – ၂၂
၅၂	၂၃ – ၂၅
၄၈	၂၆ – ၂၈
၄၄	၂၀ – ၂၂
၄၀	၂၃ – ၂၅
၃၆	၂၆ – ၂၈
၃၂	၂၀ – ၂၂
၂၈	၂၃ – ၂၅
၂၄	၂၆ – ၂၈
၂၀	၂၀ – ၂၂
၁၆	၂၃ – ၂၅
၁၂	၂၆ – ၂၈
၀၈	၂၀ – ၂၂
၀၄	၂၃ – ၂၅
၀၀	၂၆ – ၂၈
၉၆	၂၀ – ၂၂
၉၂	၂၃ – ၂၅
၈၈	၂၆ – ၂၈
၈၄	၂၀ – ၂၂
၈၀	၂၃ – ၂၅
၇၆	၂၆ – ၂၈
၇၂	၂၀ – ၂၂
၆၈	၂၃ – ၂၅
၆၄	၂၆ – ၂၈
၆၀	၂၀ – ၂၂
၅၆	၂၃ – ၂၅
၅၂	၂၆ – ၂၈
၄၈	၂၀ – ၂၂
၄၄	၂၃ – ၂၅
၄၀	၂၆ – ၂၈
၃၆	၂၀ – ၂၂
၃၂	၂၃ – ၂၅
၂၈	၂၆ – ၂၈
၂၄	၂၀ – ၂၂
၂၀	၂၃ – ၂၅
၁၆	၂၆ – ၂၈
၁၂	၂၀ – ၂၂
၀၈	၂၃ – ၂၅
၀၄	၂၆ – ၂၈